www.burmeseclassic.com



မောင်ပေါ်ထွန်း

# သေခြုံးရှင်ပြေး

# PIGEON PROJECT

IRVING WALLACE

BURMESE CLASSIC .com

www.burmeseclassic.com

စာအုပ်အမှတ် ( ၁၆၁ )

**Quality Publishing House**
အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၈၀၆၄၁၄၊ ၈၂၁၀၆၈၊ ၂၈၂၆၀၄။

BURMESE CLASSIC .com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး — **ဒို့အရေး**
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — **ဒို့အရေး**
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — **ဒို့အရေး**

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရက်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

# သေပြေးရှင်ပြေး

မောင်ပေါ်ထွန်း

The Pigeon Projrect

Irving Wallace

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၈၃၄/၂၀၀၂ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈၅/၂၀၀၃ (၄)

❖

**ပုံနှိပ်ခြင်း**

တတိယအကြိမ် - (၂၀၀၄၊ ဇန်နဝါရီလ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်

ကွန်ပျူတာစာစီ - Quality

အတွင်းဖလင် - Quality

❖

ပုံနှိပ်သူ

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ

ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)

၁၅၃၊ ၅(လွှာ)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၁၈၀၀ ကျပ်

www.burmeseclassic.com

(၁)

ကျွန်တော့် စာအုပ်တိုင်းတွင် 'အမှာစာ' ထည့်ခဲ့သည့် အစဉ်အလာအတိုင်း ဤစာအုပ်အတွက်လည်း အမှာရေးမည်ဟု စာရွက်ပေါ် ဖောင်တိန်တင်လိုက်ပါသည်။

ဘာရေးမည်ဟု ကြိုတင် စဉ်းစားမထားခဲ့သောကြောင့် ဘာရေးရမှန်း မသိဘဲ ကြောင်နေမိပါသည်။

အတန်ကြာအောင် ငိုင်နေပြီးမှ တစ်နေ့တုန်းက ပုံနှိပ်တိုက်တွင် ကြုံခဲ့ရသော ဖြစ်ရပ်ကလေးတစ်ခုကို ရုတ်တရက် သတိရပြီး ပြုံးလိုက်မိပါသည်။

ယင်းအဖြစ်အပျက်မှာ အမှာစာတွင် တကူးတက ထည့်ရေးရလောက်အောင် အရေးပါသော ဖြစ်ရပ်မဟုတ်ဟု ဆိုချင်လျှင် ဆိုနိုင်ပါသည်။ သို့သော်လည်း ကျွန်တော်တို့ စာပေလုပ်သားများ၏ လုပ်ငန်းဆိုင်ရာ ပျော်စရာဘဝကလေးတစ်ကွက် ဖြစ်၍ ကြုံကြိုက်တုန်း အမှတ်တရ ပြောပြလိုက်ချင်ပါသည်။ သည်းခံပြီး နားထောင်ရန် တောင်းပန်ပါသည်။

ဤဝတ္ထုပုံနှိပ်နေတုန်း တစ်နေ့တွင် ပုံနှိပ်တိုက်သို့ ကျွန်တော် ရောက်သွားပါသည်။

ပုံနှိပ်တိုက်မှာ ၃၃ လမ်းမှ 'စာလုပ်ငန်းပုံနှိပ်တိုက်' ဖြစ်ပါသည်။ ကျွန်တော်တို့ စာအုပ်များကို ထုတ်ဝေနေသော 'ဘဝတက္ကသိုလ်' စာအုပ်တိုက်၏ 'လက်စွဲတော်' (ဝါ) 'ဖောက်သည်' ပုံနှိပ်တိုက် ဆိုလျှင်လည်း မမှားပါ။

ယင်းပုံနှိပ်တိုက်တွင် ယခင် ကျွန်တော် ပြန်ဆိုခဲ့သော စာအုပ်နှစ်အုပ်ကို ရိုက်နှိပ်ခဲ့ပြီးသည့် အပြင် 'ဘဝတက္ကသိုလ်' ထုတ် အခြားစာအုပ်များကိုလည်း အဆက်မပြတ် အပ်နှံရိုက်နှိပ်လာခဲ့ပါသည်။

သို့ဖြင့် လွန်ခဲ့သော ၁၉၈၁ ခု၊ မတ်လထုတ်ဆရာ မောင်မိုးသူ မြန်မာပြန် **'ကျားကုတ်ကျားခဲ'**၊ မေလထုတ် ဆရာမောင်မြင့်ကြွယ် မြန်မာပြန် **'ရွှေကုန်သည်'** (နှစ်တွဲ)၊ ဇွန်လထုတ် ဆရာတက္ကသိုလ် နန္ဒမိတ် မြန်မာပြန် **'သေမင်းနောက်သို့ ခြေရာကောက်သော်'** (နှစ်တွဲ) တို့ကိုလည်း စာလုပ်ငန်းပုံနှိပ်တိုက်တွင်ပင် ရိုက်နှိပ်ခဲ့ပါသည်။

ထို့နောက် ... ကျွန်တော် မြန်မာပြန် **'သေပြေးရှင်ပြေး'** (နှစ်တွဲ)နှင့် **'ကျေးရာကျေးကြောင်း'** (နှစ်တွဲ) တို့ကိုလည်း တစ်ပြိုင်တည်း စက်တင်ရိုက်နှိပ်နေဆဲ ကာလတွင် ပုံနှိပ်တိုက်သို့ ကျွန်တော် ရောက်သွားခြင်း ဖြစ်ပါသည်။

ကျွန်တော် တိုက်ထဲဝင်သွားတော့ စက်ဆရာ ကိုကြည်အေးက သူ့ပင်ကိုဟန်အတိုင်း သွက်လက်မြူးကြွစွာဖြင့် –

www.burmeseclassic.com

"ဟော ... ဆရာ ကိုပေါ်ထွန်းလာပြီ။ အတော်ပဲ ...။ ကျွန်တော် မရှင်းတာကလေးတစ်ခု ဆရာ့ကို မေးရဦးမယ်။ ဆရာတို့ 'ဘဝတက္ကသိုလ်' က ထုတ်တဲ့စာအုပ်တွေက ဘယ်လိုလဲ ဆရာရဲ့။ ကျွန်တော်တို့ တိုက်က လူတွေတော့ ဖတ်ဖတ်ကို မောနေတာပဲဗျ"

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ ဆရာရဲ့။ ဆရာသိတဲ့ အတိုင်းပဲပေါ့။ ကြည့်လေ ... ဒီလပဲ စထွက်တဲ့ 'ပေဖူးလွှာ မဂ္ဂဇင်း' ကလည်း တစ်ဖက်၊ ဆရာတို့ စာအုပ်တွေကလည်း တစ်ဖက်ဆိုတော့ ကျွန်တော်တို့ စာစီနဲ့ စက်သမားတွေမှာ ဒေါင်ချာစိုင်းနေတော့တာပေါ့။ ပြီးတော့ စာအုပ်တွေကလဲ နှစ်တွဲချည့်ပဲ။ လော လိုက်တာကလဲ နောက်က ကျားလိုက်လာတာ ကျနေတာပဲ။ ဒီကြားထဲ အလုပ်သမားတွေက အချိန်ပိုင်း လုပ်သားတွေဆိုတော့ ပိုဆိုးတော့တာပေါ့။ အဲဒါ ကျွန်တော်တို့အဖြစ်ကို ကြည့်ပြီး တစ်နေ့ကတောင် စာပြင်ဆရာ ဦးချစ်သိန်းကြီးက ပြက်လုံးထုတ်နေသေးတယ်"

"ဘယ်လိုထုတ်လို့လဲဗျ။ ကြားပါရစေဦး"

"ဒီလိုဗျ၊ သူက 'အင်း' တဲ့။ 'အင်း ... ကျုပ်တို့တော့ အိမ်က မိန်းမ **'ရွှေ ...'** တစ်ဆင်စာ ဆင်ရအောင်လို့ **'ကျားကုတ်ကျားခဲ့'** နဲ့ **'သေပြေးရှင် ပြေး'** လုပ်လိုက်ကြရတာ ... **'သေမင်းနောက်ခြေရာ** (လိုက်) **ကောက်'** ရ တာကျနေတာပဲ" တဲ့။ ဟုတ်တယ် ဆရာရဲ့။ ကျွန်တော်တို့ လုပ်နေရတာကလဲ သူပြောတဲ့ အတိုင်းပဲ ဟဲ ... ဟဲ ... ဟဲ"

ဤတွင် ကြားကြရသမျှ တစ်တိုက်သားလုံး တဟားဟားနှင့် ပွဲကျသွားပါသည်။

ကျွန်တော်က အရယ်ရပ်ကာ မျက်နှာပိုးသတ်ပြီး ပြန်ပြောလိုက်ပါသည်။

"အေးဗျာ ... အခုလို ခင်ဗျားတို့ကို ဒုက္ခလာပေးသလို ဖြစ်ရတာ ကျွန်တော်တို့ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ... အလုပ်သဘောအရ လုပ်ရတာဆိုတော့ ဘယ်လိုမှလဲ မတတ်နိုင်တော့ဘူး။ အဲဒီတော့ ကျွန်တော်တို့ ဘက်က မှားတာရှိရင် ခွင့်လွှတ်ပါလို့ ... **'ကျေရာကျေကြောင်း'** တောင်းပန်ပါတယ်ဗျာ"

အားလုံး သဘောကျသွားပြီး ဝါးခနဲ ရယ်လိုက်ကြပြန်ပါသည်။ ယခုမှ ပြောစရာတွေ ဆက်တိုက်ပေါ်လာပါသည်။ ဆက်ပြောပါဦးမည်။

www.burmeseclassic.com

## (၂)

မနှစ်က စက်တင်ဘာလဆန်းလောက်တွင် ရန်ကုန်မြို့တွင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ စာပေမိတ်ဆွေတစ်ယောက်နှင့် သွားဆုံမိပါသည်။

စားပွဲတွင် ထိုင်လျှင် သူက "အခုဘာစာအုပ်ပြန်နေသလဲ" ဟု မေးပါသည်။

"အာဗင်ဝါလေ့ (Irving Wallace) ရဲ့ နောက်ဆုံးထုတ်စာအုပ်ပဲဗျ။ နာမည်က The Pigeon Projecct ... တဲ့ 'ခိုစီမံကိန်း' ဒါမှမဟုတ် 'ခိုစေတမန်' ဆိုပါတော့'

"ဘာလဲ ... နိုင်ငံရေးနောက်ခံ ဝတ္ထုလား"

"မဟုတ်ပါဘူး။ 'ဟောကိန်းထုတ် ဝတ္ထု' (Prophetic Novel) ဆိုရင် ရမယ် ထင်တယ်"

"ဒီလိုဆို ... စိတ်ကူးယဉ် ဝတ္ထုဆိုပါတော့"

"ဆိုနိုင်ပါတယ်။ ဒါပေမယ့် လောကမှာ တကယ်ဖြစ်ပေါ်လာနိုင်တဲ့ အကြောင်းအရာကို အခြေခံပြီး အမှန်တကယ်ရှိနေတဲ့ နေရာဒေသတွေမှာ ဇာတ်လမ်း တည်ဆောက်ထားတယ်"

"ဘာအကြောင်းအရာလဲဗျ"

"အကြောင်းအရာက ရိုးရိုးမဟုတ်လား။ ရိုးရိုး မဟုတ်ပေမယ့် ဆန်းတယ်လို့တော့ မပြောနိုင်ပါဘူး။ ဆင်တူယိုးမှား အကြောင်းအရာတွေအပေါ် အခြေခံတဲ့ ဝတ္ထုတွေထွက်ခဲ့ဖူးလို့ပါ။ ဒါပေမယ့် ဒီဝတ္ထုက ဇာတ်လမ်းဆင်ပုံ၊ ဇာတ်ခုံတည်ဆောက်ပုံ တော်တော်ဆန်းတယ်။ ရည်ရွယ်ချက်လဲ ကောင်းတယ်"

"ပြောစမ်းပါဦး"

"အသက် ၇၀ ကျော် ဗြိတိသျှအမျိုးသား ဆေးသိပ္ပံပညာရှင်ကြီးတစ်ယောက်က လူသားတွေ သက်တမ်း ၁၅၀ အထိ ရှည်နိုင်တဲ့ 'သက်ရှည်နုပျို ဆေးနည်း'ကို ရှာဖွေတွေ့ရှိတယ်။ သူက အဲဒီဆေးနည်းကို တစ်ကမ္ဘာလုံး သုံးနိုင်အောင် ဖြန့်ဖြူးချင်တယ်။ ဒါပေမယ့် နိုင်ငံရေးသမားတွေ၊ သာသနာ့ဝန်ထမ်းတွေ၊ သူဌေးသူကြွယ်တွေက အဲဒီဆေးနည်းကို သူတို့ ကိုယ်ကျိုးအတွက် 'မောင်ပိုင်စီး' ချင်ကြတယ်။

"ဒါနဲ့ ဆရာကြီးခမျာ အိုကြီးအိုမနဲ့ အသက်ရှည်ဆေးနည်းကို ပိုက်ပြီး သက်စွန့်ဆံဖျား ထွက်ပြေးရတယ်။ ဆေးနည်းက စာရွက်ပေါ်မှာ ရေးထားတာ မဟုတ်ဘူး။ သူ့ခေါင်းထဲမှာပဲ မှတ်သားထားတာ။ ကမ္ဘာ့ဆေးသိပ္ပံ ပညာရှင်များအဖွဲ့ ညီလာခံမှာ စာတမ်းဖတ်ပြီး တစ်ကမ္ဘာလုံးကို မကြေညာခင်



BURMESE CLASSIC .com

www.burmeseclassic.com

မသမာသူတွေ လက်ထဲရောက်သွားမှာ စိုးလို့ အဲဒီလို ခေါင်းထဲမှာပဲ မှတ်ထားတာ ဖြစ်တယ်။

"အဲဒီလို ထွက်ပြေးလာတော့ သူ့ကို အီတလီနိုင်ငံ ဗင်းနစ်မြို့လေဆိပ်မှာ ဖမ်းမိသွားတယ်။ ပြီးတော့ ဗင်းနစ်မြို့နားက ကျွန်းတစ်ကျွန်းမှာ အစောင့်အရှောက် ထူထပ်စွာနဲ့ အကျယ်ချုပ်သဘောချုပ်ထားပြီးတော့ ဆေးနည်းကို တောင်းကြတယ်။ ဒီအခါမှာ ဆရာကြီးက ပုဂ္ဂလိက သဘောမျိုးဆိုရင် ဘယ်နိုင်ငံ၊ ဘယ်ပုဂ္ဂိုလ်ကိုမှ မပေးဘူး။ အသက်သာ အသေခံမယ်ဆိုပြီး လုံးဝတင်းခံနေတယ်။

"ဒီအတောအတွင်း တစ်နေ့မှာ သူ့အခန်းထဲ အမြဲတမ်း အစာလာစားတဲ့ ခိုးကလေးတစ်ကောင်ကို ယဉ်ပါးအောင် လုပ်ပြီးတော့ သူ့ကို မတရားချုပ်နှောင်ထားကြောင်း၊ ဖြစ်နိုင်ရင် အမြန်ဆုံး လာကယ်ကြဖို့အကြောင်း စတဲ့ စာတစ်စောင်ရေးပြီး ခိုကလေးရဲ့ ခြေထောက်မှာချည်ပြီး လွှတ်လိုက်တယ်။

"အဲဒီစာကို ဗင်းနစ်မြို့မှာ အလုပ်လုပ်နေတဲ့ အမေရိကန် အမျိုးသား အင်ဂျင်နီယာ စာရေးဆရာ လူငယ်တစ်ယောက်က စာထဲမှာပါတဲ့အတိုင်း ပြင်သစ်ပြည် ပါရီမြို့မှာ ညီလာခံတက်ဖို့ ရောက်နေတဲ့ (ဆရာကြီးရဲ့ လက်ထောက်တပည့်မ) ဒေါက်တာမကလေးနဲ့ အမြန်ဆုံး ဆက်သွယ်ပူးပေါင်းပြီး ဆရာကြီးကို အချုပ်ထဲက သက်စွန့်ဆံဖျား ခိုးထုတ်ကြတယ်။

"အဲဒီနောက်ပိုင်း သူတို့သုံးယောက်သား အသက်ရှည် ဆေးကြီးပိုက်ပြီး **'သေပြေးရှင်ပြေး'** လျှောက်ပြေးနေကြရပုံတွေကို အသည်းတယားယားနဲ့ ဖတ်ရလိမ့်မယ်။ ဒါလောက်ဆိုလုံလောက်ရောပေါ့။ ကျန်တာတွေကိုတော့ စာအုပ်ထွက်တော့မှပဲ ဖတ်ပါတော့"

မိတ်ဆွေက အားမလို အားမရဟန်ဖြင့် –

"ဒါပဲလားဗျ။ ဒီလိုဆို ဒီဝတ္ထုရဲ့ Theme က ဘာလဲ၊ ဘာကိုဆိုလိုတာလဲ"

"ဆိုလိုတာကတော့ လူသားတွေအသက် ၁၅၀ အထိရှည်လာရင် အကျိုးရှိလာမလား၊ အကျိုးယုတ်လာမလား ဆိုတဲ့ ပြဿနာကို တင်ပြထားတာပဲ။ အဲဒီပြဿနာရဲ့ အဖြေကိုလဲ ဆွေးနွေးတင်ပြထားတယ်။ အချုပ်သဘောကတော့ အံ့ဖွယ်တီထွင်မှုအမျိုးမျိုးကို တီထွင်ဖော်ထုတ်နေကြတဲ့ ကနေ့သိပ္ပံပညာရှင်တွေကို 'စိန်ခေါ်' လိုက်တဲ့စာအုပ်ဆိုရင် မမှားဘူး။ တစ်နည်းအားဖြင့်လည်း သင်္ခါရတရားနဲ့လူသားတို့ရဲ့တိုက်ပွဲ၊ ဒါမှမဟုတ် သဘာဝတရားနဲ့ လူသားတို့ရဲ့ တိုက်ပွဲအခြေအနေကို ဝေဖန်ဆန်းစစ်ထားတဲ့ ဝတ္ထုလို့လဲ ပြောနိုင်တယ်။

www.burmeseclassic.com

"အကောင်းဆုံးကတော့ ကိုယ်တိုင်ဖတ်ပြီး ဝေဖန်သုံးသပ်တာ အကောင်းဆုံးပဲ။ ဝတ္ထုနာမည်ဖတ်ပြီး လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ်လို့ ထင်လိမ့်မယ်။ ဟုတ်ပါတယ်။ ရင်တမမနဲ့ ဖတ်ရမယ့် လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ်ပါပဲ။ ဒါပေမယ့် **လျှို့ဝှက်သည်းဖိုပုံစံနဲ့ရေးထားတဲ့ လူမှုရေးပြဿနာဝတ္ထု** ဆိုမှ ပိုမှန်လိမ့်မယ်။

"ဇာတ်ခုံ တည်ထားတဲ့ နေရာတွေက ရုရှ၊ အီတလီ၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်။ ဝတ္ထုဖတ်နေရင်း ကိုယ်လဲ အဲဒီနေရာတွေ ရောက်နေရသလို ခံစားနေရတယ်။

"ဒီဝတ္ထုရဲ့ ဆွဲအားကောင်းပုံကို 'ကော့စမိုပိုလီတန်' မဂ္ဂဇင်းကြီးက ဘယ်လို ထောက်ခံထားသလဲဆိုတော့ 'A page turner with the pace of a runnaway train' (အမြန်ရထားသွားနှုန်းနဲ့ တစ်မျက်နှာပြီး တစ်မျက်နှာလှန်ဖတ်သွားရမယ့် စာအုပ်) တဲ့။ အဲဒါဟုတ်မဟုတ် စာအုပ်ထွက်လာရင် ကိုယ်တိုင်ဖတ်ကြည့်ပါတော့"

## (၃)

စာဖတ်သူသိပြီးသည့်အတိုင်း စာရေးဆရာ အာဗင်ဝါလေ့သည် ယနေ့ အနောက်တိုင်း စာအုပ်လောကတွင် လျှမ်းလျှမ်းတောက် အောင်မြင်နေသော စာရေးဆရာတစ်ဦး ဖြစ်ပါသည်။ ယနေ့အထိ ဝတ္ထုမဟုတ် သုံးအုပ်၊ ဝတ္ထု ကိုးအုပ်ရေးသားခဲ့ပြီးပါပြီ။ အချို့ဝတ္ထုများကို ရုပ်ရှင်လည်း ရိုက်ခဲ့ရပါသည်။

သူ့ဝတ္ထုများကို ယနေ့အထိ အုပ်ရေ စုစုပေါင်း သန်း ၁၀၀ ကျော် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယင်းအနက် The Prize (တင်ထွေးမြန်မာပြန် 'ကမ္ဘာကျော်ဆု')၊ The Man (တင်ထွေးမြန်မာပြန် 'လူဆိုမှလူ')၊ The Three Sirens (တင်ထွေးမြန်မာပြန် 'မာယာရှင်သုံးဦး')၊ The 'R, Document (သောင်းစု မြန်မာပြန် 'ကိုယ်ပျောက်မှတ်တမ်း') ဝတ္ထုများကို စာဖတ်ပရိသတ်များ ကျေနပ်နှစ်ခြိုက်စွာ ဖတ်ရှုခဲ့ကြရပြီး ဖြစ်ပါသည်။

ယခု ကျွန်တော် ပြန်ဆိုသော ဝတ္ထု (The Pigeon Project) မှာ အာဗင်ဝါလေ့၏ နောက်ဆုံးထုတ် ဝတ္ထု ဖြစ်ပါသည်။

ဤဝတ္ထုသည် ရေးသားဆဲ ကာလကတည်းကပင် သတင်းကြီးခဲ့ပါသည်။ အာဗင်ဝါလေ့ ကိုယ်တိုင်က ကမ္ဘာကျော် စာရေးဆရာကြီးတစ်ယောက်



BURMESE CLASSIC .com

www.burmeseclassic.com

ဖြစ်ပြီး သူရေးလိုက်သော ဝတ္ထုတိုင်းကို လူကြိုက်များသောကြောင့်လည်းကောင်း၊ ဤဝတ္ထုမှာ ဇာတ်ကွက်ဇာတ်လမ်းနှင့် ရည်ရွယ်ချက် ထူးခြားနေသောကြောင့်လည်းကောင်း မထွက်ခင်ကပင် သတင်းကြီးနေခဲ့ရခြင်း ဖြစ်ပါသည်။

ဤဝတ္ထုကို ရေးသားနေတုန်း စာအုပ်တိုက်ပေါင်းများစွာတို့က သူ့ ပေးပါ။ ငါ့ပေးပါနှင့် လူကိုယ်တိုင် တစ်မျိုး၊ တယ်လီဖုန်းဖြင့်တစ်ဖုံ၊ အလု အယက် တောင်းကြသဖြင့် အာဗင်ဝါလေ့မှာ စာရေးပျက်မည်စိုး၍ ဘယ်သူမှ မသိအောင် တစ်နေရာတွင် လျှို့လျှို့ဝှက်ဝှက် သွားနေပြီး 'ကိုယ်ရောင်ဖျောက်' ကာ ရေးသားခဲ့ရသည်ဟု ဆိုပါသည်။

သို့သော် ယင်းအချက်က အကြောင်းမဟုတ်ပါ။

ဤဝတ္ထုကို ဘာသာပြန်ဆိုပြီးသောအခါ ကျွန်တော်အဖို့အားရခြင်း၊ အားကျခြင်းစိတ်တွေ တဖွားဖွားပေါ်ပေါက်မိပါသည်။

တခြားကြောင့် မဟုတ်ပါ။

ဤဝတ္ထုတွင် စာရေးဆရာကြီး အာဗင်ဝါလေ့သည် လူတိုင်းမကိုင်ရဲသော အကြောင်းအရာကို ဇာတ်လမ်းဆင်ပြီးသကာလ အမှန်တကယ်ရှိနေသော နေရာဒေသများတွင် ဇာတ်ခုံတည်ဆောက်ကာသဘာဝ မိမိ၊ ယုတ္တိရှိရှိဖြင့် ရေးသားထားပါသည်။

ယင်းသို့ ရေးသားရာတွင် မိမိရေးသားသည့် အကြောင်းအရာကို ပိုင်နိုင်ခြင်း၊ ဇာတ်ကွက်တည်ရာ နေရာဌာနများအကြောင်းကို အပ်ကျတာက အစ ချေးခါးအူမသိနေခြင်းတို့ကြောင့် ဝတ္ထုကို ဖတ်ရာတွင် လက်က မချနိုင်အောင် ဆွဲဆောင်ဖြားယောင်းမှု ခံရပါသည်။

စာရေးဆရာကြီး အာဗင်ဝါလေ့၏ ယင်းစွမ်းရည်ကို ကျွန်တော် အားရခြင်း၊ အားကျခြင်းဖြစ်မိပါသည်။

စာဖတ်သူလည်း ကျွန်တော့်လို ခံစားရသည်ဆိုပါလျှင် ဤဝတ္ထုကို ကျွန်တော် ဘာသာပြန်ရကျိုးနပ်ပါပြီ။

**အားလုံးကို ကျေးဇူးတင်လျက်ပါ**
**မောင်ပေါ်ထွန်း**

www.burmeseclassic.com

[ ၁ ]

ဖောင်တိန်ကို ကောက်ကိုင်လိုက်သည်။

သူသည် ဩဂုတ်လ ၁၅ ရက်နေ့စွဲတပ်ထားသော နေ့စဉ်မှတ်တမ်း စာမျက်နှာပေါ်တွင် လက်ကို တင်ကာ ချီတုံချတုံ ဖြစ်နေသည်။ ဖောင်တိန်ကိုင်ထားသော လက်တွင် ယှက်ဖြာရက်ခြယ်နေသော သွေးကြောများနှင့် အရေပြားပေါ်မှ နူးညံ့သေးငယ်သောအရေးအကြောင်း ကလေးများက ဇရာ၏လက္ခဏာကို ထင်ရှားစွာ ဖော်ပြနေကြသည်။ သူသည် ထူးထူးခြားခြား တုံ့နှေးနေသော မိမိ၏အဖြစ်ကို သတိပြုမိပြီး အံ့ဩစိတ်ပင် ဝင်လာမိသည်။

စိတ်လှုပ်ရှားမှုကြောင့် လက်တွေ တုန်နေသည်။ ရင်လည်း တုန်နေသည်။ တကယ်တော့ သူသည် စိတ်ရောကိုယ်ပါ တစ်ကိုယ်လုံး တုန်နေခြင်း ဖြစ်သည်။

ခရစ်တော်မပေါ်မီ (ဘီစီ) နှစ်ရာစုခေတ်က ဂရိသိပ္ပံပညာရှင်ကြီး အာခီမီးဒီးသည် ရေချိုးကန်ထဲတွင် ထိုင်ကာ ရေချိုးနေရင်း ရေတွေလျှံတက်လာခြင်းကို ဆင်ခြင်မိရာမှ 'ဖလှယ်ထုတ်နိယာမ' (ဝါ) 'အရွေ့နိယာမ' သဘောကို ရုတ်တရက် ရှာဖွေတွေ့ရှိလိုက်သဖြင့် ဝမ်းသာလုံးဆို့ပြီး ရေကန်ထဲမှ ကမန်းကတန်း ခုန်ထွက်လျက် "ယူရေးကား၊ ယူရေးကား" (အောင်ပြီ၊ အောင်ပြီ) ဟု အော်ဟစ်ကာ အဝတ်မပါ ဗလာကိုယ်ထီးဖြင့် ဆိုင်ရာကျူးမြို့တော် လမ်းမကြီးပေါ်တွင် သွေးရူးသွေးတန်း လျှောက်ပြေးနေခဲ့သည်ဟု အဆိုရှိခဲ့ဖူးသည်။

www.burmeseclassic.com



သို့တမူ … ယခု သူ့အဖြစ်က အာခီမီးဒီး၏ အဖြစ်နှင့် လုံးဝမတူ။ အာခီမီးဒီးက သူ၏ ကမ္ဘာကျော် သိပ္ပံသဘောတရားကို အမှတ်မထင် မမျှော်လင့်ဘဲ ရုတ်တရက် ရှာဖွေတွေ့ရှိခဲ့ခြင်းသာ ဖြစ်သည်။

သူ့မှာကား ယင်းသို့ မဟုတ်။

သူသည် သမိုင်းတွင် အမြင့်မားဆုံး အကြီးကျယ်ဆုံးအဖြစ် မော်ကွန်းတင်ရမည့် သူ၏ ရှာဖွေတွေ့ရှိမှုကြီး၏ အဆင့်ဆင့်တိုးတက် ဖြစ်စဉ်များကို မိနစ်မလပ်၊ နာရီမလပ်၊ မျက်ခြည်မပြတ် မြင်တွေ့နေခဲ့ရသည်။ အစပထမတွင် ဟုတ်မှ ဟုတ်ပါရဲ့လား၊ ဖြစ်မှဖြစ်ပါ့မလား ဟူ၍ သံသယစိတ်တွေ ဝင်မိခဲ့သော်လည်း နောက်ပိုင်းတွင်မူ တရွေ့ရွေ့ တဖြည်းဖြည်းဖြင့် ကိုယ့်ကိုယ် ကို ယုံကြည်လာခဲ့သည်။ အမှန်တကယ် ဖြစ်ပေါ်တိုးတက်နေသည်ကို ဒိဋ္ဌ မျက်မြင် ဖြစ်ခဲ့ရသည်။

နောက်ဆုံး လွန်ခဲ့သော ၁၅ မိနစ်ကာလ အပိုင်းအခြားတွင်ကား ထိုအရာသည် မျက်ဝါးထင်ထင် တကယ်ပင် ဖြစ်ပေါ်လာခဲ့သည်။ လုံးဝဥဿုံ ပေါ်ပေါက်လာခဲ့သည်။ အမှန်တကယ် ဖြစ်မြောက်လာခဲ့သည်။

ယူရေးကား၊ ယူရေးကား။ အောင်ပြီ၊ အောင်ပြီ။

သူသည် ဖောင်တိန်ကို တင်းတင်းကိုင်ကာ သမိုင်းဝင် အောင်မြင်မှုကြီးကို စာရွက်ပေါ်တွင် ခပ်မြန်မြန်ပင် မှတ်တမ်းတင် ရေးချလေတော့သည်။ သူ၏ အောင်မြင်မှုသည် လူ့သမိုင်းတွင် အကြီးကျယ်ဆုံး အောင်မြင်မှုကြီး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

၁၅ ရာစုနှစ် ဘီမိနီကျွန်းတွင် စပိန်အမျိုးသား ရှာဖွေစွန့်စား ခရီးသွား ပုဂ္ဂိုလ်ကြီး ပွန်ပွန်သာဒါလာယွန် အငမ်းမရ ရှာဖွေခဲ့သော အရာကို ကျွန်ုပ် သည် ဆိုဗီယက် ရုရှားနိုင်ငံ၊ ကော်ကေးဆပ်ဒေသတွင် ရှာဖွေတွေ့ရှိခဲ့ပြီ။ ကျွန်ုပ် ၏ ဇာတိဌာနေ လန်ဒန်မြို့တော်တွင် လည်းကောင်း၊ ပဝတ္တိဌာနေ နယူးယောက်မြို့တော်တွင် လည်းကောင်း၊ ထိုမှတစ်ဖန် ဝေးလံသော ပီရူးနိုင်ငံ၊ ဗီလ်ကာဘမ်ဘာဒေသနှင့် ပါကစ္စတန်နိုင်ငံ၊ ဟန်ဇာဒေသများတွင်လည်းကောင်း ၁၂ နှစ်တာမျှသော ကာလပတ်လုံး မရပ်မနား စူးစမ်းရှာဖွေလေ့လာစမ်းသပ်ခဲ့ပြီးနောက်တွင်မှ ဂျော်ဂျီယာ ပြည်နယ်၊ အဘာခါဇီးယားဒေသရှိ ဆူခူမီမြို့ပြင်ရှိ ကျွန်ုပ်၏ ဓာတ်ခွဲခန်းတွင် ကျွန်ုပ်သည် ထိုအရာကို လက်ဝယ်ပိုင်ပိုင် ထုတ်ဖော်ရရှိနိုင်ခဲ့ခြင်း ဖြစ်သည်။ ယနေ့ညနေ ၅ နာရီ ၁၅ မိနစ်တွင် ကျွန်ုပ်သည် ထိုအရာကို အတိအကျ ပြည့်ပြည့်ဝဝ ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့သည်။

ကျွန်ုပ်သည် လူသားအပေါင်းတို့ အိုခြင်း၊ နာခြင်း ကင်းပြီး နုပျိုကျန်းမာစွာဖြင့် အသက်ရှည်ကြာစွာ နေထိုင်သွားနိုင်မည့် အာယုဩသဓဆေး



BURMESE CLASSIC .com

www.burmeseclassic.com



နည်းကို လက်ဆုပ်လက်ကိုင် ဖော်စပ်နိုင်ပြီဖြစ်သည်။ ‘စီ – ၉၈’ ဟူ၍ ကျွန်ုပ် အမည်ပေးထားသော ဤအာယုဩသဓ အသက်ရှည်ဆေးကို မှီဝဲခြင်းဖြင့် ဤကမ္ဘာမြေပြင်ရှိ လူသားအပေါင်းတို့သည် လက်ရှိပျမ်းမျှသက်တမ်း ၇၂ နှစ်မှ သည် ပျမ်းမျှသက်တမ်း ၁၅၀ အထိ အသက်ရှည်စွာ နေထိုင်သွားကြပေတော့ မည်။ ဤဆေးနည်းကို ဖော်ထုတ်လိုက်နိုင်ခြင်းသည် နောင်အနာဂတ်ကာလ တွင် အမတဩသဓ မသေဆေးကို ဆက်လက်ဖော်ထုတ်နိုင်ရေးအတွက် ပထမ ခြေလှမ်းပင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် ယခုလောလောဆယ်ဆယ် ကာလအတွက်မူကား ဤအာယုဩသဓဆေးနှင့်ပင် လူသားတို့အဖို့ လုံ လောက်ပေပြီ။

ဤကမ္ဘာမြေပေါ်ရှိ မိန်းမ၊ ယောက်ျား၊ ကလေးသူငယ်တစ်ယောက် မကျန် လက်ရှိ ပျမ်းမျှ သက်တမ်းထက် နှစ်ဆတိုးတက်အောင် စွမ်းဆောင် နိုင်ခြင်းသည် လူသားတို့အတွက် အလိုလားအပ်ဆုံးလည်း ဖြစ်၏။ အဓိပ္ပာယ် အရှိဆုံးလည်း ဖြစ်၏။ ထို့ပြင် ဆေးသိပ္ပံပညာသမိုင်းတွင် အကြီးကျယ်ဆုံး သော ရှာဖွေတွေ့ရှိမှုကြီး (ဝါ) အောင်မြင်မှုကြီးလည်း ဖြစ်ပေ၏။

တကယ်သော်ကား ဤသို့ မကြုံစဖူး ထူးကဲစွာဖော်ထုတ်နိုင်သော ရှာဖွေတွေ့ရှိမှုကြီး၏ ကြီးကျယ်လှသော ပမာဏကြောင့် ကျွန်ုပ်သည် စိတ်ရော ကိုယ်ပါ လွန်စွာပင်ပန်းနွမ်းနယ်ခဲ့ရ၏။ ထို့ကြောင့် ကျွန်ုပ်သည် လောလော ဆယ်တွင် သည်အကြောင်းကို ဆက်လက်စဉ်းစားနေရန်မသင့်။ စိတ်နှင့်ကိုယ် ကို အပန်းဖြေရမည်။

ဤအချိန်သည် ကျွန်ုပ်၏အောင်မြင်မှုအတွက် ကိုယ့်ကိုယ်ကို ဂုဏ်ပြု ပွဲကလေးတစ်ခု လုပ်ရမည့် အချိန်ဖြစ်သည်။ ဤနေ့ ဤရက်အတွက် တမင်ရည် စူးကာ ရက်လတာရှည်စွာ ကျွန်ုပ်သိမ်းဆည်းထားခဲ့သော ရှန်ပိန်အရက်ပုလင်း ကို ‘ဗားစီလီ’ အား ဗီရိုထဲမှ ယူခိုင်းရမည်။ ထို့နောက် အောင်မြင်မှု အထိမ်း အမှတ်အဖြစ် ‘လီယိုနစ်’ နှင့်အတူ ဝိုင်းဖွဲ့မည်။

ပြီးလျှင် … လာမည့်ရက်သတ္တပတ်အတွင်း ပါရီမြို့တော်၌ ကျင်းပ မည့် ‘နိုင်ငံတကာ ဇရာဗေဒ လေ့လာရေးသိပ္ပံအသင်း’ ညီလာခံတွင် ကျွန်ုပ်၏ ရှာဖွေတွေ့ရှိချက်ကို တင်ပြပြီး ကမ္ဘာသိအောင် ထုတ်ဖော်ကြေညာလိုက်မည်။

သူ့လက်သည် တုန်နေတုန်းဖြင့်ပင် ရှိသေးသည်။ စိတ်လှုပ်ရှားနေ တုန်းပင် ရှိသေးသည်။ တုန်တုန်ယင်ယင်ဖြင့်ပင် ဖောင်တိန်ကို ပြန်ချလိုက် သည်။

သူ့အသက်သည် ၇၄ နှစ်ရှိနေပြီ။ လူတစ်ယောက်အနေဖြင့် သည် အသက်အရွယ်သည် အိုမင်းလှပေပြီ။ ဇရာ၏ နောက်ဆုံးပိုင်းအရွယ်သို့ ရောက်

www.burmeseclassic.com



နေပြီ။ သည်ကြားထဲက နူရာဝဲစွဲဆိုသလို ဒူးဆစ်ကိုက် ရောဂါကလည်း စွဲကပ်နေလိုက်သေးသည်။

သို့သော် ယခုလောလောဆယ် အချိန်ကာလတွင်မူ သူသည် အသက်အရွယ်ကိုလည်း ဂရုမစိုက်၊ ရောဂါ ဝေဒနာကိုလည်း ပဓာနမထား၊ လူငယ်လူရွယ်တစ်ယောက်ပမာ အားမာန်အပြည့်ဖြင့် ကုလားထိုင်မှ ရုတ် တရက် ထရပ်လိုက်သည်။ သူ့ဦးခေါင်းထဲတွင် အားသွေးမာန်သွေးတွေ စီးဝင်ပျံ့နှံ့သွားသလို ထင်လိုက်ရသည်။ သူသည် ကိုယ်ရောစိတ်ပါ ရွှင်လန်းနေသည်။ သည်လိုခံစားမှုမျိုးကို သူသည် တစ်ခါရံထူး မခံစားခဲ့ရစဖူး။

'လီယိုနစ်' သူက ဧည့်ခန်းကို ဖြတ်ပြီး အတွင်းဘက်သို့ လှည့်ခေါ်လိုက်သည်။ "လီယိုနစ် ... အောင်ပြီကွယ့်၊ ငါအောင်ပြီ ငါအောင်ပြီ"

*

ဆေးသိပ္ပံပညာရှင်ကြီး ပါမောက္ခ ဒေးဗစ်မက္ကဒေါ်နယ်သည် ဝိုင်အရက်ခွက်ကို လက်ထဲတွင်ကိုင်ရင်း ဆိုဖာကုလားထိုင်ပေါ်တွင် စိမ်ပြေနပြေ ထိုင်နေသည်။ သူသည် သူ့ရှေ့စားပွဲတစ်ဖက်ရှိ လက်တင်ကုလားထိုင်တွင် ထိုင်နေသော လီယိုနစ်၏မျက်နှာကို ရွှန်းရွှန်းစားစား စူးစိုက်ကြည့်နေသည်။ သူ့မျက်စိထဲတွင် လီယိုနစ်နှစ်ယောက်ကို မသဲမကွဲ ဝိုးတဝါး မြင်နေရသည်။

သူသည် ယခုလို မူးယစ်ရီဝေနေသော ခံစားမှုမျိုးကို မခံစားရသည်မှာ နှစ်ပေါင်း ငါးဆယ်ခန့်ရှိခဲ့ပြီ။ အောက်စဖို့ တက္ကသိုလ်မှ လန်ဒန်မြို့တော်သို့ ပြောင်းရွှေ့လာသော ညတုန်းကသာ သည်လိုခံစားမှုမျိုးကို သူနောက်ဆုံး အကြိမ် ခံစားခဲ့ဖူးသည်။ ဦးနှောက်ထဲသို့ အတွေးပေါင်း ထောင်သောင်းဝင်လာ ပြီး ယစ်ရွှေရည်နှင့် ရောထွေးပြေလွင့်သွားသော အရသာတစ်မျိုးကို ခံစားရသည် မှာ သူ့အဖို့ လောလောဆယ်အချိန်တွင် ဘဝင်ခွေ့စရာလို ထင်မှတ်မိသည်။

"လီယိုနစ်"

သူက သူ၏ဓာတ်ခွဲခန်း လက်ထောက်ကို စိုက်ကြည့်လိုက်သည်။

"ဟုတ်ကဲ့ ... ဆရာကြီး"

ဆရာကြီးက မျက်လုံးကို ထောင့်ကပ်ပြီး တစောင်းကြည့် စွေကြည့်နေသည်။ အခုမှ သူ့အမြင်သည် ကြည်လင်လာသည်။ ပီပြင်လာသည်။ စောစောက မြင်နေရသော လီယိုနစ်နှစ်ယောက်သည် တစ်ယောက်တည်း ဖြစ်လာသည်။ လီယိုနစ် လက်ထဲတွင်လည်း အရက်ခွက် ကိုင်ထားသည်။ သူ သည် သူ့ဆရာကြီး၏ စကားဆက်ကို စိတ်ဝင်စားစွာ နားစွင့်နေသည်။

ဆရာကြီးက ဘာစကားမှ မပြောဘဲ သူ့တပည့်၏ မျက်နှာကိုသာ

www.burmeseclassic.com



စိုက်ကြည့်နေသည်။ သူ့မျက်လုံး၊ သူ့မျက်နှာတွင် မေတ္တာရိပ် မေတ္တာငွေ့များ ယှက်ခြယ်အုံ့ဆိုင်းနေသည်။

လီယိုနစ်မှာ ရုရှ – ဂျူးကပြားဖြစ်သည်။ အသက်က ၃၂ နှစ် နဖူး ကျယ်ကျယ်၊ မျက်ခုံးထူထူနှင့် နှုတ်ခမ်းကတွဲတွဲ။ ဆရာကြီးသည် သူ့တပည့်၏ သစ္စာရှိမှု၊ ကျိုးနွံမှုကို အကြွင်းမဲ့ ယုံကြည်သည်။ အရာရာတွင် စိတ်ချသည်။

လွန်ခဲ့သော ခြောက်နှစ်က ဆိုဗီယက်ပြည်ထောင်စု၊ ယူကရိန်းပြည်နယ် ကိဗ်မြို့ရှိ 'ဇရာဗေဒ လေ့လာရေး သိပ္ပံကျောင်း' တွင် သင်ကြားပို့ချရန် ဖိတ်ကြားချက်အရ ပါမောက္ခ မက္ကဒေါနယ်သည် ရုရှနိုင်ငံသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ထို့နောက် သူသည် အဘာခါဇီးယားပြည်နယ်တွင် ဆေးသိပ္ပံပညာဆိုင်ရာ စူးစမ်းလေ့လာမှုများ ပြုလုပ်ခွင့်ရရန် ရုရှအစိုးရထံ ခွင့်တောင်းခဲ့သည်။

သူလေ့လာခဲ့ဖူးသော ဆေးပညာ သုတေသန စာအုပ်စာတမ်းများ အရဆိုသော် စုစုပေါင်း လူဦးရေ ငါးသိန်း (၅၀၀,၀၀၀) ရှိသော ယင်းပြည်နယ်တွင် လူပေါင်းငါးထောင် (၅၀၀၀) ခန့်မှာ အသက်တစ်ရာအထိ ရှည်သူများ ဖြစ်ကြသည်။

သူခွင့်တောင်းခဲ့သည့်အတိုင်း အစိုးရကလည်း ရှောရှောရှူရှူပင် ခွင့်ပြုခဲ့သည်။ စင်စစ် ... မိမိတို့၏ လေ့လာတွေ့ရှိချက်များကို ရုရှအစိုးရနှင့်သော်လည်းကောင်း၊ အခြားသော နိုင်ငံများမှ သိပ္ပံပညာရှင်များနှင့် သော်လည်း ကောင်း အကျိုးတူ ခွဲဝေခံစားပါမည်ဟု ကတိဝန်ခံချက်ပေးလျှင် မည်သည့် နိုင်ငံခြားသား သိပ္ပံပညာရှင်ကိုမဆို ရုရှအစိုးရက ခွင့်ပြုသည်သာ ဖြစ်သည်။

သို့ဖြင့် ပါမောက္ခ မက္ကဒေါနယ်သည် အဘာခါဇီးယားပြည်နယ်မြို့တော်ဖြစ်သော ဆူခူမီမြို့တော်ဝန်းကျင်တစ်ခွင်တွင် ဆေးပညာ လေ့လာမှုများကို အနှံ့အပြား ပြုလုပ်ခွင့်ရရှိခဲ့သည်။ ဆူခူမီမြို့သည် တိတ်ဆိတ်အေးချမ်းသော ဆိပ်ကမ်းမြို့ဖြစ်သည်။ လူဦးရေ တစ်သိန်း (၁၀၀,၀၀၀) ခန့်ရှိသည်။

သူသည် မြို့ပြင်တွင် ကျယ်ဝန်းသော အိမ်တစ်ဆောင်ငှားရမ်းပြီး အိမ်တစ်ခြမ်းကို ဓာတ်ခွဲခန်းအဖြစ် အသုံးပြုသည်။ ပထမ ရက်သတ္တပတ်အတွင်း ဆူခူမီမြို့ရှိ 'ဇရာဗေဒသိပ္ပံကျောင်း' သို့ သွားရောက်လေ့လာရာမှ လီယိုနစ်ကို  တွေ့ရှိခဲ့သည်။ သူသည် လီယိုနစ်အား တွေ့လျှင်တွေ့ချင်း သဘောကျသွားသည်။ ထို့ကြောင့် သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး လီယိုနစ်အား သူ၏ဓာတ်ခွဲခန်း လက်ထောက်အဖြစ် ငှားရမ်းလိုက်သည်။ ထို့အပြင် သူ့အနေဖြင့် ဓာတ်ခွဲခန်း လက်ထောက်တစ်ယောက်တည်းနှင့် မလုံလောက်၊ အထွေထွေ အိမ်မှုကိစ္စများကို ကူညီလုပ်ကိုင်ပေးရန် အိမ်ဖော်တစ်ယောက် လည်း မရှိမဖြစ်လိုအပ်ချက်သည်ဟု အချို့သော အစိုးရအရာရှိများ၏ အကြံ



BURMESE CLASSIC .com

www.burmeseclassic.com



ပေးချက်အရ မကြာမီတွင် ဗာဆီလီရောက်လာခဲ့သည်။ ဗာဆီလီမှာ ပိန်ပိန်သွယ်သွယ်နှင့် အသက် ၂၀ ဝန်းကျင်သာ ရှိသေးသည်။ သူသည် လီယိုနစ်ကဲ့သို့ပင် အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်သည်။

သို့သော် ဗာဆီလီနှင့် လီယိုနစ်တို့၏ မတူညီသော ခြားနားချက်ကတော့ ဗာဆီလီမှာ ရုရှအစိုးရအရာရှိများက ရွေးချယ်ခန့်ထားပေးသူဖြစ်ပြီး၊ လီယိုနစ်ကတော့ ပါမောက္ခ မက္ကဒေါ်နယ်ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ် ခန့်ထားသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူက လီယိုနစ်အား အစကတည်းကပင် အရာရာတွင် ယုံကြည်စိတ်ချခဲ့ခြင်းဖြစ်သည်။

"ဟုတ်ကဲ့၊ ဆရာကြီး"

သူ့ဆရာ ပါမောက္ခကြီးက စကားမဆပ်ဘဲ ယစ်မွေ့ရည် ထွေထွေဖြင့် အတွေးနက်နေသဖြင့် လီယိုနစ်က မအောင့်နိုင်တော့ဘဲ ထပ်ပြီး အသံပြုလိုက်ခြင်း ဖြစ်သည်။

ဆရာကြီးသည် ဖျတ်ခနဲ သတိဝင်လာပြီး သူ့တပည့်မျက်နှာကို စိုက်ကြည့်လိုက်သည်။

ငါ သူ့ကို ဘာပြောချင်တာလဲ။

သူက ကြိုးစားပြီး စဉ်းစားကြည့်သည်။

ဟုတ်ပြီ။ မှတ်မိပြီ။

"အေး ... ရှန်ပိန်၊ ရှန်ပိန် ... လီယိုနစ်။ နောက်ထပ် ရှန်ပိန် ကျန်သေးသလားကွယ့်"

လီယိုနစ်က ရုတ်တရက် ထိုင်ရာမှ ထရပ်ပြီး စားပွဲပေါ်မှ ရှန်ပိန်အရက်ပုလင်းကို အပေါ်မြှောက်ကြည့်လိုက်သည်။

"ဟုတ်ကဲ့ ... နောက်ထပ် တစ်ယောက်တစ်ခွက်စာတော့ ကောင်းကောင်း ကျန်ပါသေးတယ် ဆရာကြီး"

ဆရာကြီးက ဖန်ခွက်ကို မြှောက်လိုက်သည်။ လီယိုနစ်က အရက်ထပ်ဖြည့်ပေးပြီး ပုလင်းကို စားပွဲပေါ် ပြန်ချလိုက်သည်။ ဆရာကြီးက အရက်ပုလင်းကို စိုက်ကြည့်ရင်း –

"ဂျီ၊ အိပ်ချ်မွမ်းအင် ကုမ္ပဏီ။ အင်း ... တော်တော် ကောင်းတဲ့အရက်ပဲ"

"ဟုတ်တယ် ဆရာကြီး၊ သိပ်ကောင်းတဲ့အရက်"

ပါမောက္ခကြီးသည် အရက်ခွက်ကို နှုတ်ခမ်းတွင် တေ့ရင်း ဖြည်းဖြည်းချင်း စုပ်သောက်နေသည်။ သူက လက်ပတ်နာရီကို ကြည့်လိုက်သည်။ အမြင်က ဝါးနေသဖြင့် ဂဏန်းစာလုံးများကို အတော်ကြီး စိုက်ကြည့်နေရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဆရာတပည့်နှစ်ယောက် အရက်ထိုင်သောက်ရင်း နှစ်နာရီလောက်ကြာသွားပြီ။

ပါမောက္ခကြီး၏မျက်နှာသည် ရွှင်မြူးနေရာမှ တည်သွားသည်။ သူ့ခေါင်းထဲ အတွေးဝင်လာသည်။ လွန်ခဲ့သော နာရီပိုင်းကာလအတွင်း ဘာတွေဖြစ်ပျက်ခဲ့သည်ကို သူက ကြိုးစားပြီး ပြန်လည်တွေးကြည့်သည်။

သူ၏ဓာတ်ခွဲခန်းတွင် စမ်းသပ်ခံ တိရစ္ဆာန်ကလေးများနှင့်အတူ အလုပ်များနေခဲ့သည်။ လွန်ခဲ့သော လေးနှစ်လောက်က ‘စီ-၉၈’ ထိုးဆေးထိုးပေးထားခဲ့သော ကြွက်ကလေးများနှင့် ပူးကလေးတွေ နေ့လယ်ပိုင်းက သေသွားကြသည်။ စင်စစ် ကြွက်တစ်ကောင်၏ ပျမ်းမျှသက်တမ်းမှာ တစ်နှစ်ကျော်ကျော်၊ နှစ်နှစ်နီးပါးခန့်သာဖြစ်ပြီး ပူးတစ်ကောင်၏ ပျမ်းမျှသက်တမ်းက နှစ်နှစ်ဖြစ်သည်။

ယခုမူ ထိုတိရစ္ဆာန်ကလေးများသည် သက်တမ်း လေးနှစ်အထိ ခံခဲ့ကြသည်။ သူတို့၏ ပျမ်းမျှသက်တမ်းထက် နှစ်နှစ်ပို၍ အသက်ရှည်ခဲ့ကြသည်။ တစ်နည်းဆိုသော် သက်တမ်းနှစ်ဆတိုး၍ နေခဲ့ကြရသည်။ ဤသည်မှာ တခြားကြောင့် မဟုတ်။ ပါမောက္ခကြီး တီထွင်လိုက်သော ‘စီ-၉၈’ ဆေးသတ္တိကြောင့်ပင် ဖြစ်သည်။

အံ့သြစရာကောင်းသည်မှာ နာမကျန်းဖြစ်နေသော တိရစ္ဆာန်ကလေးများ၊ ကင်ဆာနှင့် နှလုံးရောဂါစွဲကပ်နေသော တိရစ္ဆာန်ကလေးများပင် သူတို့၏ ပုံမှန်သက်တမ်းထက် နှစ်ဆတိုး၍ အသက်ရှည်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဤဆေးသည် ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် အခြားသော နာမကျန်းမှုဝေဒနာ ပေါင်းစုံကို ပျောက်ကင်းစေနိုင်သည်မှာ ထင်ရှားနေပြီ။ သည်အတိုင်းဆိုသော် အသက် ၇၀၊ သို့မဟုတ် ၇၂ ရှိသော လူအိုများအား ဤဆေးကို ထိုးပေးလျှင် (မတော်တဆ ထိခိုက်အန္တရာယ်နှင့်သာ မသေဆုံးပါက) အသက် ၁၅၀ အထိနေနိုင်မည်မှာ သေချာနေတော့သည်။

ပေါမောက္ခကြီးသည် သူရှာဖွေ တွေ့ရှိလိုက်သော တီထွင်အောင်မြင်မှုကြီး၏ အတိုင်းအတာ ပမာဏကို နေ့စဉ်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ပြီးသောအချိန်တွင်မှ ပြည့်ပြည့်ဝဝ လေးလေးနက်နက် သဘောပေါက်မိခဲ့သည်။ ထိုအချိန်တွင်မှ သူသည် ဝမ်းသာမှုကြောင့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားမိသည်။ ထို့နောက် သူသည် ဝမ်းမြောက်ဝမ်းသာဖြင့် လီယိုနစ်ကို လှမ်းခေါ်သည်။ ပြီးတော့ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာသည်။ လီယိုနစ်ကို တွေ့တော့ “အောင်ပြီ၊ အောင်ပြီ” ဟူ၍ ကြွေးကြော်လိုက်သည်။ တစ်ချိန်တည်းတွင် သူသည် သူ၏သမိုင်းဝင် အောင်မြင်မှုကြီးအတွက် သူ့အား တစ်

www.burmeseclassic.com



ကမ္ဘာလုံးက ဝိုင်းပြီး မချီးကျူးကြခင် ကိုယ့်ဘာသာကိုယ် သီးသန့်ကျိတ်ဝိုင်းကလေးဖြင့် ဂုဏ်ပြုပွဲကလေးတစ်ခု လုပ်လိုက်ချင်စိတ်ပေါ်လာမိသည်။

သို့ဖြင့် သူသည် မီးဖိုခန်းထဲ ဝင်လာပြီး ဗာတီလီအား ရှန်ပိန်အရက်ပုလင်းကို ထုတ်ခိုင်းသည်။ ထိုအရက်ပုလင်းမှာ တစ်ချိန်က သူ ပါရီမြို့တော်မှ ဝယ်လာခဲ့ခြင်း ဖြစ်သည်။ သူသည် ယင်းအရက်ပုလင်းကို သူသွားလေရာသို့ ယူသွားခဲ့သည်။ ရည်ရွယ်ချက်ကတော့ သူ့တီထွင်မှုကြီး အောင်မြင်လျှင် အောင်မြင်မှု အထိမ်းအမှတ်ကလေးတစ်ခု ကျင်းပရန်ဖြစ်သည်။ ဤတီထွင်မှုကြီးသည် အလွန့်အလွန် ခက်ခဲသည်မှန်သော်လည်း သူမသေမီတွင် အောင်ကိုအောင်မြင်ရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်နေခဲ့သည်။

လူ့ကိုယ်ခန္ဓာအတွင်းရှိ ကလာပ်စည်းတိုင်းတွင် မှီတွယ်နေကြသော 'ဒီအင်အေ' ခေါ် ဒီအောက်ဇီရီဘိုညူကလိုင်းအက်စစ်မော်လီကျူးများ၏ သဘောသဘာဝနှင့် ဗီဇမျိုးစေ့များ ရင့်ရော်ပျက်စီးသွားခြင်းကြောင့် လူသား များ အိုမင်းသေဆုံးကြရခြင်းသဘောကို ပါမောက္ခကြီးက ကောင်းစွာနားလည် သည်။ ထို့ကြောင့် သူသည် ပျက်စီးသွားသော ဗီဇမျိုးစေ့များနေရာတွင် အစား ထိုးရန် ဓာတ်ပေါင်းမျိုးစေ့တုတစ်မျိုးကို တီထွင်ယူခဲ့သည်။ ကော်ကေးဆပ်တောင်တန်းများနှင့် ပင်လယ်နက်အကြားတွင် ရှိသော အဘာခါဇီးယားပြည်နယ်တွင် အချို့သော လူအိုများသည် အသက် ၁၀၀ မှ ၁၃၅ နှစ်အထိ ရှည်ကြာသောကြောင့် ယင်းထူးခြားချက်ကို ပါမောက္ခကြီးသည် အထူးတလည် စူးစမ်းလေ့လာခဲ့ခြင်း ဖြစ်သည်။

သူသည် ကော်ကေးဆပ်ဒေသရှိ သောက်ရေများတွင် ပါဝင်သော ထူးခြားသည့် ဓာတ်သဘာဝတစ်မျိုးကို ခွဲထုတ်ပြီးလျှင် 'စီ-၉၈' ဟူ၍ နာမည်ပေးထားသော သူ၏ဆေးနည်းနှင့် ပေါင်းစပ်ကာ ဓာတ်ခွဲစမ်းသပ်သည်။ သူသည် ဤစမ်းသပ်မှု၏ အဖြေကို လေးနှစ်တိုင်တိုင် စိတ်ရှည်စွာ စောင့်ဆိုင်းလေ့လာခဲ့ရသည်။ အမှားပေါင်းများစွာကို ထပ်တလဲလဲ ကြုံတွေ့ခဲ့ရပြီးနောက်တွင်မှ ယခုကဲ့သို့ အောင်မြင်ထမြောက်ခဲ့ရခြင်း ဖြစ်သည်။

ယနေ့သည်ကား သူ၏တီထွင်မှုကြီးအတွက် အောင်ပွဲခံသော နေ့ပင်ဖြစ်တော့သည်။ သူသည် လူ့သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးသေးသော အလွန်တရာမှ ခက်ခဲလှသော အသက်ရှည်ဆေးကြီးကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

သူ၏သမိုင်းဝင် တီထွင်အောင်မြင်မှုကြီးကို မကြာမီရက်ပိုင်းအတွင်း တစ်ကမ္ဘာလုံးက ဝိုင်းပြီး ဂုဏ်ပြုချီးကျူးကြပေတော့မည်။ တစ်ကမ္ဘာလုံးက အုတ်အော်သောင်းတင်း ဝိုင်းပြီးဂုဏ်ပြုချီးကျူးခြင်းကို မခံယူမီ သူသည် မိမိ၏



BURMESE CLASSIC .com

www.burmeseclassic.com



အောင်မြင်မှုအတွက် အကြိုဂုဏ်ပြုပွဲကလေးတစ်ခုကို ကိုယ့်ဘာသာကိုယ် ပြုလုပ်လိုက်ချင်သော အာသီသဖြစ်ပေါ်လာမိသည်။ ထို့ကြောင့်လည်း အိမ်ဖော် ဗာဆီလီအား ရှိန်ပိန်အရက်ပုလင်းကို ထုတ်ခိုင်းခြင်းဖြစ်သည်။ ပါမောက္ခကြီး၏ ထူးခြားသော အမူအရာကြောင့် ဗာဆီလီက သံသယမကင်း ဖြစ်မိသည်။ သူ့မျက်နှာတွင် တစ်စုံတစ်ရာကို မေးချင်မြန်းချင်သော အမူအရာမျိုး ပေါ်လွင်နေသည်။

သို့သော် ပါမောက္ခကြီးက သူ့ကိုမယုံ၊ သူ့ကိုစိတ်မချ။ ထို့ကြောင့် ယခုလိုတာရှည်လများ သိမ်းဆည်းထားသော ရှန်ပိန်အဖိုးတန် အရက်ပုလင်းကို ဘာကြောင့် ယူခိုင်းရသည့်အကြောင်းရင်းကို ဗာဆီလီအား သူက အရိပ်အမြွက်မျှပင် မပြော။ ဗာဆီလီသည် သူ့ထံတွင် အမှုထမ်းနေခဲ့သော်လည်း သူ့စိတ်ကြိုက်ရွေးချယ်ခန့်ထား၍ ရောက်လာသူမဟုတ် ဟူသော အချက်ကို သူက စိတ်ထဲအမြဲတမ်း စွဲမှတ်ထားသည်။

ပါမောက္ခကြီးသည် ဧည့်ခန်းသို့ ပြန်လာခဲ့ပြီး လီယိုနစ်အား အရက်ပုလင်းကို ဖွင့်ခိုင်းသည်။

ထို့နောက် သူတို့ဆရာတပည့်နှစ်ယောက်သည် ဖန်ခွက်ကို မြှောက်ကာ အောင်ပွဲခံကြသည်။

အာယုဩသဓ ဆေးတန်ခိုးကြောင့် ယနေ့မှစ၍ လူသားအပေါင်းကို အသက် ၁၅၀ အထိ နေထိုင်သွားကြရတော့မည်ကို စိတ်မှန်းဖြင့်တွေးပြီး ဝမ်းသာမဆုံး ဖြစ်မိကြသည်။

ပထမတွင် ပါမောက္ခကြီးက အောင်ပွဲအထိမ်းအမှတ်အဖြစ် စတိသဘောဖြင့် အရက်တစ်ခွက် နှစ်ခွက်မျှသာ သောက်ရန် ရည်ရွယ်သည်။ သို့သော် ယခုမူ အရက်ပုလင်းမှာ ဖင်ကပ်သာ ကျန်တော့သည်။

ပါမောက္ခကြီးသည် ယစ်ရွှေရည်တန်ခိုးကြောင့် အတော်ပင် မြူးကြွလာသည်။ စကားလည်း သွက်လာသည်။ များများလည်း ပြောလာသည်။ သူ့တစ်သက်တာတွင် ဤအကြိမ်သည် စကားအများဆုံးပြောသော အကြိမ်ဟုပင် ဆိုနိုင်သည်။ သူ့လက်ထောက် လီယိုနစ်ကတော့ သူ့ဝါသနာအတိုင်း စကားများများ ပြောသူမဟုတ်၊ အရက်ဝင်သွားတော့မှ ပို၍ပင် နှုတ်ထိန်းလာသည်။ သူသည် အပြောသမား မဟုတ်၊ နားထောင် သူသာဖြစ်သည်။ ထို့ကြောင့် သူ့ဆရာကြီး၏ စကားကိုသာ ရိုသေကျိုးနွံသော အမူအရာဖြင့် တိတ်ဆိတ်စွာ နားထောင်လျက်ရှိသည်။

ပါမောက္ခကြီးသည် လီယိုနစ်အပေါ်တွင် အကြွင်းမဲ့ယုံကြည်မှုရှိသည်။ သို့သော် သူ၏လျှို့ဝှက်တီထွင်မှုကိုမူ စိတ်မချ။ တစ်နေ့နေ့တွင် တစ်

www.burmeseclassic.com



နည်းနည်းဖြင့် ပေါက်ကြားသွားတတ်သည်မှာ လျှို့ဝှက်လုပ်ငန်းတို့၏ ဓမ္မတာပင် မဟုတ်ပါလား။

ထို့ကြောင့်လည်း သူသည် သူ့လုပ်ငန်းအကြောင်းကို လီယိုနစ်အား ဘယ်တုန်းကမှ ထုတ်ဖော်မပြောပြခဲ့ခြင်း ဖြစ်သည်။ အခြားမည်သည့်ပုဂ္ဂိုလ်ကို မျှလည်း မပြောခဲ့။ သို့သော် လီယိုနစ်အား သူသည် အသက်ရှည်ဆေးကို ရှာဖွေနေကြောင်းကိုကား အမြွက်မျှ ပြောခဲ့ဖူးသည်။ ဘယ်ပုံဘယ်နည်း ရှာဖွေစမ်းသပ်နေသည်ဟူသော အသေးစိတ်လုပ်ငန်းများကိုမူ လုံးဝမပြောခဲ့။

အဆုံးစွန်ပြောရလျှင် သူသည် သူ၏ဆေးနည်းကို စာရွက်ပေါ်တွင်ပင် လုံးဝရေးမှတ်ခြင်းမပြု၊ ခေါင်းထဲတွင်သာ သိမ်းဆည်းထားခဲ့သည်။

လာမည့်ရက်သတ္တပတ် အတွင်းတွင်ကား သူ၏တီထွင်အောင်မြင်မှုကြီးကို တစ်ကမ္ဘာလုံးက ရင်သပ်ရှုမော သိရှိကြရပေတော့မည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ကျင်းပမည့် 'နိုင်ငံတကာ ဇရာဗေဒ လေ့လာရေးအသင်းကြီး' ၏ညီလာခံတွင်မှ သူ၏ဆေးနည်းကို စာရွက်ပေါ်တွင် ရေးချပြီး ကမ္ဘာကသိအောင် ထုတ်ဖော်ကြေညာလိုက်မည်။ ထိုအချိန်တွင်မှ တစ်ကမ္ဘာလုံး အုတ်အော်သောင်းတင်းဖြစ်ကာ သူ့ဆီသို့ သူ့ထက်ငါ အလုအယက် ဝိုင်းအုံရောက်ရှိလာကြမည်မှာ မြေကြီးလက်ခတ်မလွဲ။

ပါမောက္ခကြီးသည် လူသားတို့၏ အိုမင်း ရင့်ရော်ခြင်း သဘောကို စိတ်ဝင်စားပြီး ဦးစူးမက္က လေ့လာစူးစမ်းလာခဲ့ခြင်းမှာ အကြောင်းရင်းခံရှိသည်။ သူ၏ချစ်မြတ်နိုးလှစွာသော မိခင်ကြီး ကွယ်လွန်သွားပြီးသည့် နောက်ပိုင်းကာလမှစ၍ ဇရာဗေဒ သိပ္ပံပညာရပ်ကို သူသည် စိုက်လိုက်မတ်တတ် လေ့လာစူးစမ်းခဲ့ခြင်းဖြစ်သည်။ တကယ်လို့သာ ယခုအချိန်တွင် မိခင်ကြီး အသက်ထင်ရှား ရှိနေသေးလျှင် ဘယ်လောက် ကောင်းလိမ့်မည်နည်း။ မိခင်ကြီးက ကံဆိုးလေစွ။ အလာ ကောင်းသော်လည်း အချိန်က နှောင်းခဲ့လေပြီတကား။

'ဒီပညာရပ်နှစ်ခုက လုံးဝမတူဘူးကွယ့်။ တစ်ခုက လူတွေရဲ့ အိုမင်းခြင်းသဘောသက်သက်ကိုပဲ လေ့လာတယ်။ တစ်ခုက အိုမင်းခြင်းက ဘယ်လိုတားဆီးရမလဲဆိုတာကို လေ့လာတယ်။ အဲဒီလို ခြားနားမှုရှိတယ်' ပါမောက္ခကြီးက မလိုအပ်ဘဲနှင့် လီယိုနစ်အား သူ့ဘာသာသူ ရှင်းပြနေသည်။

သူသည် ဇရာတားဆီးရေးနှင့် ပတ်သက်သော သိပ္ပံပညာရပ်မှန်သမျှကို နှစ်ပေါင်း ၅၀ လုံးလုံး နေ့မအား ညမအား စူးစမ်းရှာဖွေလာခဲ့သည်။ လွန်ခဲ့သော ခြောက်နှစ်ကာလအတွင်း ကော်ကေးဆပ်ရှိ သူ၏ဓာတ်ခွဲခန်းကို ခွာ၍ အပြင်သို့ ခရီးထွက်ခဲ့သည်မှာ သုံးကြိမ်မျှသာ ဖြစ်သည်။ နောက်ဆုံးခရီးကို လွန်သော ၂၅ လခန့်က ထွက်ခဲ့သည်။ သူသည် စိတ်စေတနာကောင်း

www.burmeseclassic.com



ပြီး အသက်ရှည်ကြသော အဘာခါဇီးယား နယ်သားတို့နှင့်အတူ နေထိုင်ရသည်ကို အလွန်နှစ်သက်သည်။ ဤနယ်သားတို့မှာ မိရိုးဖလာ တောင်သူလယ်သမားများ ဖြစ်ကြသည်။ အိမ်တိုင်းလိုလိုတွင် စပျစ်ခြံများရှိသည်။ သူတို့သည် ဝိုင်အရက်နှင့် စပျစ်ဖော်ဒကာအရက်ကို သောက်ကြသည်။ ဆိတ်နို့မှ ထွက်သော ဒိန်ခဲ၊ မုယောဆန်နှင့် လုပ်သော ပလာတာ၊ နွားနို့စစ်စစ်မှ ဖြစ်သော ထောပတ်နှင့် နှစ်ပေလောက်ရှည်သော ပေါင်မုန့်ကြမ်းများကို စားကြသည်။ သူတို့သည် ပင်ကို သဘောအားဖြင့် ငြိမ်းချမ်းမှုကို ခုံမင်ကြသည်။ အိမ်နီးချင်းရန်ခိုက်ပဋ္ဌာဖြစ်ပွားခြင်း မရှိသလောက် နည်းပါးသည်။ မိသားစု အချင်းချင်း အလွန်ချစ်ခင်ကြသည်။ သူတို့၏ဘဝသည် ကျီးလန့်စာစားဘဝမျိုးမဟုတ်၊ နောက်မှ ကျားလိုက်ခံနေရသလို ဖုတ်ပူမီးတိုက် အရူးမီးဝိုင်း ဘဝမျိုးမဟုတ်၊ ပကတိ အေးချမ်းတည်ငြိမ်သော ဘဝဖြစ်သည်။ ထူးဆန်းသည်မှာ သူတို့၏ ဘာသာစကားတွင် 'အငြိမ်းစားယူခြင်း' 'အိုခြင်းနာခြင်း' ဟူသော ဝေါဟာရ လုံးဝမရှိ၊ ထို့ပြင် ဤဒေသတွင် အမေရိကန်ပြည်ထောင်စုမှာထက် အသက်ရှည်သောလူတွေ ငါးဆခန့်ပို၍ ရှိသည်။ သူတို့၏ ပျမ်းမျှသက်တမ်းမှာ ၁၀၀ မှ အထက်တွင် ရှိနေသည်။

ပါမောက္ခကြီး ဒေးဗစ်မက္ကဒေါ်နယ်သည် အဘာခါဇီးယားပြည်နယ်သားတို့ကို အကြောင်းပြု၍သာ လူသားတို့အတွက် 'နုပျိုဆေး' (ဝါ) 'အသက်ရှည်ဆေး' ကို ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်သည်။ သူတို့၏ ကျေးဇူးတရားကား ကြီးမားလှပါဘိတော့သည်။

သူတို့၏ကျေးဇူးကြောင့် ကမ္ဘာသူကမ္ဘာသားများ လူ့လောကတွင် သက်တမ်းရှည်ရှည်နှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားနိုင်ကြပေတော့မည်။

'အင်း ... ဒီနေ့ ငါတော်တော်များများ စကားပြောမိတာပဲ'

ပါမောက္ခကြီးက ရုတ်တရက် သတိရလာသလို ပြောလိုက်သည်။

ဘေးနားရှိ စာအုပ်ဗီရိုမှန်ထဲတွင် သူ့ရုပ်ရည်ကို ရုတ်ချည်း မြင်လိုက်မိသည်။ သူသည် ပင်ကိုအားဖြင့် မိမိရုပ်သွင်ကို လုံးဝ ဂရုစိုက်သူ မဟုတ်။ ကိုယ့်ကိုယ်ကို အလှဆင်ပြုပြင်ဖို့ဆိုသည်ကတော့ ဝေလာဝေး။ သူ့ဘဝတွင် သူစိတ်ဝင်စားသည်မှာ ဆေးသိပ္ပံပညာ၊ ဆေးသိပ္ပံပညာတွင်လည်း အသက်ရှည်ဆေးကို ဖော်ထုတ်နိုင်ရေးသည်သာ သူ၏တစ်သက်တာလုပ်ငန်း။

သူ့အသက်ကိုသူ သတိပြုမိသည်။ သူ့အသက်မှာ မငယ်တော့၊ ခု ခေတ်သက်တမ်းအရဆိုရင် ဇရာပိုင်းအရွယ်ကုန်ဆုံး၍ မရဏပိုင်း အရွယ်သို့ပင် ရောက်နေပြီ။ ခေတ်စကားဖြင့် ပြောရလျှင် သင်္ချိုင်းကုန်း ခြေတစ်ဖက်လှမ်းနေသော အရွယ်သို့ပင် တိုင်ခဲ့ပြီ။ သူ့အသက်သည် ၇၄ နှစ် တင်းတင်းပြည့်ခဲ့ပြီ။

www.burmeseclassic.com



သို့သော် ပါမောက္ခကြီးသည် အရွယ်နှင့် မလိုက်အောင်ပင် ကျန်းမာနေတုန်းရှိသေးသည်။ သူ့မျက်နှာက ဝိုင်းသည်။ ဆံပင်ကို တိုတိုညှပ်ထား သည်။ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေပြီ။ မတိုမရှည် အဖျားခပ်ကော့ကော့ နှာခေါင်းပေါ်တွင် သံမဏိကိုင်းမျက်မှန်ကို ခပ်လျော့လျော့ တပ်ထားသည်။ နှုတ်ခမ်းမွေးနှင့်ပါးမြိုင်းမွေးများလည်း အားလုံးဖြူဖွေးနေကြပြီ။ သူ့အရပ်က ၅ ပေနှင့် ၉ လက်မ၊ ကိုယ်အလေးချိန်က ၁၅၈ ပေါင်။

သူသည် ဆိုဖာပေါ်တွင် ခါးကိုဆန့်ပြီး တောင့်တောင့်ရောင့်ရောင့် ထိုင်နေသည်။

သို့သော် စာအုပ်ဗီရိုမှန်ထဲတွင် အမှတ်မထင်မြင်လိုက်ရသော သူ့ရုပ်သွင်မှာ အသက်ထက်ပို၍ မသိမသာ အိုစာနေသလို ထင်ရသည်။ ဤသည်မှာ အလုပ်ပင်ပန်းမှုကြောင့်လည်း ဖြစ်နိုင်သည်။ အရက်ရေချိန်လွန်သွားသောကြောင့် မျက်နှာအမူအရာ ပြောင်းသွားခြင်းလည်း ဖြစ်နိုင်သည်။

အပြာရောင် သူ့မျက်လုံးများမှာ အရည်ရွှန်းပြီး အနည်းငယ် မှိုအစ်နေသလို ထင်ရသည်။

သူသည် ကိုယ့်စိတ်ကူးနှင့်ကိုယ် အတွေးနက်နေရာမှ လီယိုနစ် ဘက်သို့ လှည့်လိုက်သည်။

“တို့ ခရီးထွက်ဖို့အတွက် ဒီအပတ်အတွင်း အဆင်သင့်ပြင်ရလိမ့် မယ်။ နောက်အပတ်ဆိုရင် ပါရီကို သွားပြီး ငါရဲ့ ရှာဖွေတွေ့ရှိချက်ကို ကမ္ဘာ က သိအောင် တင်ပြမယ်။ မင်းလဲလိုက်ခဲ့ပေါ့ ဟုတ်လား’

လီယိုနစ်က မျက်နှာ မသာမယာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

“ဆရာကြီး မေ့နေပြီထင်တယ်၊ ကျွန်တော်က ဂျူးလူမျိုးပါ ဆရာ ကြီး။ သူတို့က ကျွန်တော့်ကို လွှတ်မှာ မဟုတ်ဘူး”

“ငါ မမေ့ပါဘူး ... လီယိုနစ်၊ မင်းသာ မေ့နေတာပါ။ ငါက သာမန်လူမှ မဟုတ်ဘဲ။ လူ့လောက ကယ်တင်ရှင်ပဲ။ ငါက တောင်းဆိုရင် သူတို့က ဘာမဆို လိုက်လျောပါလိမ့်မယ်”

“ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်လဲ အဲဒီလိုပဲ ယူဆပါတယ်”

“ဟုတ်ပါတယ်။ နောက်အပတ်ဆိုရင် တို့ဆရာတပည့်နှစ်ယောက် ပါရီကို သွားကြမယ်” သူက ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချပြီး ထိုင်ရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်သည်။ “ကိုင်း ... ဒီလောက်ဆို တော်သင့်ပါပြီ။ တို့ အိပ်ရာဝင်ကြမယ်။ တမေးလောက်ဖြစ်ဖြစ် အိပ်လိုက်ကြတာပေါ့။ ဒါမှ စိတ်ထဲမှာ ပေါ့ပြီး လန်းသွားမယ်။ ငါ ညစာမစားတော့ဘူးလို့ ဗာဆီလီကို ပြောလိုက်တော့။ နောက်မှ ဆာရင်လဲ ဆင်းဒွစ်မုန့်ပဲ စားတော့မယ်’

Quality Publishing House

www.burmeseclassic.com



ပါမောက္ခကြီးသည် အိပ်ခန်းဘက်သို့ လျှောက်သွားရင်းမှ ရုတ်တရက် သမင်လည်ပြန်လှည့်ပြီး .... "ဒီမှာ လီယိုနစ်၊ ဒီနေ့ဟာ လူ့သမိုင်းမှာ အထူးခြားဆုံး နေ့တစ်နေ့ပဲကွယ်"

"ဟုတ်ပါတယ် ... ဆရာကြီး၊ ဆရာကြီးရဲ့ အောင်မြင်မှုအတွက် ကျွန်တော့်အနေနဲ့ သည်းလှိုက်အူလှိုက် ဂုဏ်ယူမိပါတယ်"

"လူသားအားလုံးအတွက် ဂုဏ်ယူပါတယ် လီယိုနစ်"

သူသည် အိပ်ခန်းတံခါးဝသို့ ရောက်လာသည်။ တံခါးရွက်ကို တွန်းဖွင့်လိုက်သည်။ ထိုအခိုက် သူ့ဦးနှောက်ထဲသို့ အတွေးတစ်ခု ရုတ်တရက် ဝင်ရောက်လာခဲ့သည်။

သူသည် မကြာမီက 'အဏုမြူသိပ္ပံပညာရှင်များမဂ္ဂဇင်း' တွင် ဆောင်းပါးတစ်စောင် ဖတ်မိခဲ့သည်။ ဆောင်းပါးရှင်မှာ သိပ္ပံပညာရှင် ကက်နက်ဘော်လဒင် ဖြစ်သည်။ ဘော်လဒင်၏ တင်ပြချက်များကို ပါမောက္ခကြီးမှာ သဘောမကျနိုင်အောင် ဖြစ်နေခဲ့သည်။

ထိုဆောင်းပါးတွင် ဘော်လဒင်က "ယခုခေတ် လူသားတို့၏ အကြီးဆုံး အန္တရာယ်သည် အဏုမြူချုံကလီယားလက်နက် မဟုတ်၊ လူသားတို့၏ သဘာဝအတိုင်း အိုမင်းခြင်းကို တားဆီးရန် ကြိုးစားနေသော လုပ်ရပ်သာလျှင် အကြီးမားဆုံး အန္တရာယ်ဖြစ်ပေသည်" ဟူ၍ ရေးသားထားသည်။

ယခု ပါမောက္ခကြီးသည် ထိုဆောင်းပါးကို သွား၍ သတိရမိသည်။ သူ့စိတ်ထဲက အတော်ကလေး ကသိကအောက်ဖြစ်သွားသည်။ ဘဝင်မကျနိုင်သလို ဖြစ်သွားသည်။

ယင်းအဆိုကို လောလောဆယ်တွင် သူ့အနေဖြင့် အနုလုံပဋိလုံ မစဉ်းစားနိုင်သေး။ သူသည် အလုပ်ပန်း၍ ကိုယ်စိတ်နှစ်ပါးစလုံး နွမ်းနယ်နေသည်။

သို့သော် ဘယ်လိုပင်ပြောပြော သူသည် ယခုအချိန်တွင် ကမ္ဘာ့လူသားတိုင်းတောင့်တနေကြသော 'အသက်ရှည်ဆေး' ကို လူသားအားလုံး အကျိုးအတွက် ဖော်စပ်နိုင်ခဲ့ပြီ။ သူ့အနေဖြင့် သေပျော်ပြီ။ သိပ္ပံပညာရှင် တစ်ယောက်အနေဖြင့် ကြိုးစားရကျိုးနပ်ပြီ။ လောကတွင် သည်ထက်မြင့်မြတ်သော လုပ်ငန်း ရှိပါဦးမည်လား။

သည်တော့ လောလောဆယ် အေးအေးလူလူ တစ်ရေးအိပ်လိုက် တာပဲ ကောင်းသည်။

သူသည် အပေါ်အင်္ကျီကို ချွတ်လိုက်သည်။ ထို့နောက် ခုတင်ပေါ် တွင် ခြေပစ်လက်ပစ်လှဲလိုက်သည်။ မျက်လုံးများကို မှိတ်လိုက်သည်။ သူ့စိတ်

www.burmeseclassic.com



သည် သူ၏ အံ့ဖွယ်တီထွင်မှုကြီးအကြောင်းကို တနံ့နံ့ တငွေ့ငွေ့ တွေးနေမိသည်။

*

ပခုံးပေါ်တွင် အလေးတစ်ခုခုလာတင်သလို ခံစားလိုက်ရသဖြင့် ရုတ်တရက် လန့်နိုးလာသည်။ သူသည် အိပ်မက် မက်နေရာမှ လန့်နိုးလာသည်။

အိပ်မက်ထဲတွင် သူသည် နတ်ပြည်နှင့် လူ့ပြည်အကြားရှိ ထူးဆန်းသော တစ်နေရာသို့ ရောက်နေသည်။ သူ့ရှေ့တွင် နဝရတ်ကိုးပါးဖြင့် အဆန်းတကြယ် စီခြယ်ထားသော ပလ္လင်ရှည်ကြီးတစ်ခုရှိသည်။ ပလ္လင်ပေါ်တွင် လူသားတို့၏ ကျေးဇူးရှင် သိပ္ပံပညာ ရှင်ကြီးများဖြစ်ကြသော အိုင်စတိုင်း၊ ပါစချားနှင့် နယူတန်တို့သည် ဣန္ဒြေအပြည့်ဖြင့် ထိုင်နေကြသည်။ သူက ပလ္လင်ရှေ့တွင် ဒူးနှစ်ဖက်ကိုထောက်ကာ ခေါင်းငုံ့နေသည်။ အိုင်စတိုင်း၏လက်လား၊ ပါစချား၏လက်လား၊ နယူတန်၏လက်လား မည်သူ၏လက်ဟူ၍ ခွဲခြားမရသော လက်တစ်ဖက်သည် ရှေ့သို့ဆန့်တန်းလာပြီး ရတနာမျိုးစုံ စီခြယ်ထားသော သရဖူကို ပါမောက္ခမဏ္ဍဒေါ်နယ်၏ ဦးခေါင်းပေါ်တွင် ဆောင်းပေးလိုက်သည်။ သို့သော် သရဖူသည် ချက်ချင်းပင် ဦးခေါင်းပေါ် လျှောကျသွားပြီး လဟာပြင်ထဲတွင် လေနှင့်အတူ လွင့်မျောပါသွားတော့သည်။ ဤတွင် ပါမောက္ခမဏ္ဍဒေါ်နယ်သည် ထိုင်ရာမှ ထခုန်ကာ သရဖူကို သွေးရူးသွေးတန်းလိုက်ဖမ်းသည်။ သို့သော် အချည်းနှီးသာ။ မရနိုင်တော့။

ထိုအခိုက် သူ့ပခုံးတွင် လေးလံသော အရာတစ်ခုလာထိသလို ခံစားလိုက်ရပြီး အိပ်ရာမှ လန့်နိုးလာခဲ့လေသည်။

ပထမတွင် သူ့ပခုံးပေါ်၌ တစ်စုံတစ်ရာ တင်ထားသလို ထင်လိုက်ရသည်။ သို့သော် မကြာမီတွင်ပင် ထိုအရာသည် လူသား၏ လက်တစ်ချောင်းဖြစ်ကြောင်း ချက်ချင်း သတိပြုလိုက်မိသည်။ ထိုလက်သည် သူ့ပခုံးကို ဆုပ်ကိုင်ကာ လှုပ်နှိုးနေသည်။ ဆက်တိုက်လိုပင် လေသံတိုးတိုးကြားရသည်။

"ဆရာကြီး ... ဆရာကြီး။ မြန်မြန်ထ ... မြန်မြန်ထ"

သူသည် အိပ်ချင်မူးတူးဖြင့် မျက်လုံးကို အနိုင်နိုင် ဖွင့်၍ကြည့်လိုက်သည်။ သူ့မျက်နှာပေါ်တွင် လီယိုနစ်၏မျက်နှာက စီးမိုးထားသည်။

လီယိုနစ်က မျက်ကလူးဆန်ပျာ အမူအရာဖြင့် ဆရာကြီး၏နားနားသို့ ကပ်ပြီး ပြောသည်။

"ရှူး ... ရှူး ...။ ဆရာကြီး စကားမပြောနဲ့ ဘာသံမှ မပြုနဲ့။ သူကြားသွားရင် ပိုဆိုးသွားမယ်။ ဆရာကြီး ... ဆရာကြီး ...။ နိုးပြီလား၊ သတိရပြီလား"

www.burmeseclassic.com



ပါမောက္ခကြီးက ခေါင်းကို ညိတ်ပြသည်။

"ကျွန်တော် ပြောတာ သေသေချာချာ နားထောင်ပါ။ ဗာဆီလီက သူတို့ကို လက်ထောက်ချလိုက်ပြီ။ ဆေးနည်းကို ဆရာကြီးတွေ့ရှိတာ သူသိသွားပြီ။ သူက ကေဂျီဘီကို သတင်းပို့လိုက်ပြီ"

'ကေဂျီဘီ' ဆိုသည်မှာ ဆိုဗီယက် ရုရှနိုင်ငံ၏ နိုင်ငံတော် စုံစမ်းထောက်လှမ်းရေးအဖွဲ့ဖြစ်သည်။ 'ကေဂျီဘီ' ဟူသော စကားကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ပါမောက္ခကြီးသည် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

သူသည် လီယိုနစ်၏ စကားကို နားရွက်မခတ် နားထောင်နေသည်။

"ကျွန်တော်က အစကတည်းက ဗာဆီလီကို မသင်္ကာခဲ့ဘူး။ ဒီကောင်ဟာ ကေဂျီဘီက လွှတ်ထားတဲ့ သူလျှိုပဲ။ ဒီနေ့ညနေ ဆရာကြီးနဲ့ ကျွန်တော်တို့ အရက်သောက်ပွဲလုပ်တာ ဒီကောင် သံသယဝင်မိပုံရတယ်။ ဆရာကြီး အိပ်ရာဝင်တော့ ကျွန်တော်က ဓာတ်ခွဲခန်းဘက် ထွက်သွားတယ်။ အဲဒီအချိန်မှာ သူက ဧည့်ခန်းထဲဝင်ပြီး ဆရာကြီး နေ့စဉ်မှတ်တမ်း ခိုးကြည့်တာဖြစ်မယ်။ ဒါနဲ့ ကျွန်တော် ထမင်းစားခန်းထဲဝင်သွားတော့ သူက သူ့ဆရာတွေဆီ တယ်လီဖုန်းဆက်နေတာ တွေ့ရတယ်။ ကျွန်တော်က တံခါးနား အသာကပ်ပြီး နားထောင်နေလိုက်တယ်။ သူဆက်တာက အိုအက်ဆာက ကေဂျီဘီ ဌာနချုပ်ကိုပဲ။ အဲဒီက တစ်ယောက်ယောက်ဆီဆက်နေတာ။ ကျွန်တော့် အထင်တော့ အဲဒီက တာဝန်ခံဗိုလ်မှူး ဘောရစ်ကီဒရော့ဆီ ဆက်တယ်လို့ ထင်တယ်။ သူက ဆရာကြီး အသက်ရှည်ဆေးကို ရှာဖွေတွေ့ရှိပြီဆိုပြီး ပြောပြလိုက်ပြီ။ ကီဒရော့က ဆရာကြီး ဘယ်မှာရှိနေသလဲလို့ မေးပုံရတယ်။ ဗာဆီလီက အိပ်ရာထဲမှာ အိပ်နေတယ်လို့ ပြောလိုက်တယ်။ ဆရာကြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတယ်လို့ သူက ပြောလိုက်တယ်။ သူပြောနေပုံကြည့်ရင် သူတို့ ခုချက်ချင်း လိုက်လာကြလိမ့်မယ်။ ဗာဆီလီက သူစောင့်နေမယ်လို့ ပြောလိုက်တယ်။ သူက ဆရာကြီးဘယ်မှ ထွက်မပြေးနိုင်အောင် စောင့်ကြည့်ထားမယ်တဲ့။ အဲဒါနဲ့ ကျွန်တော်လဲ ချက်ချင်းပြေးလာပြီး ဆရာကြီးကို လာနှိုးတာပဲ'

"ဒါနဲ့ သူတို့ ဒီကိုဘာဖြစ်လို့ လာမှာတဲ့လဲ။ သူတို့က ငါ့ဆီက ဘာလိုချင်လို့လဲ"

"ဘာလိုချင်ရမှာလဲ၊ ဆရာကြီးရဲ့ ဆေးနည်းပဲပေါ့။ ဆေးနည်း ... ဆေးနည်း။ သူတို့က အဲဒီဆေးနည်းကို သူတို့တစ်နိုင်ငံတည်း လက်ဝါးကြီးအုပ် ထားနိုင်အောင်ပေါ့"

ပါမောက္ခကြီး၏ မျက်နှာအမူအရာ ရုတ်ခြည်းပျက်သွားသည်။

www.burmeseclassic.com



"ဘယ့်နှယ် မဟုတ်တာဘဲ။ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ ဘယ်တော့မှ မဖြစ်နိုင်ဘူး"

"ဟုတ်ပါတယ်။ ကျွန်တော့် စကား နားထောင်ရင် သူတို့လုပ်သလို ဘယ်တော့ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ ဆရာကြီး အခုချက်ချင်းသာ အမြန်ဆုံး ထွက်ပြေးပါတော့။ ကျွန်တော် အားလုံးစဉ်းစားကြည့်ပြီးပြီ" သူက လက်ပတ်နာရီကို ကြည့်ရင်း "မြန်မြန်လုပ်မှ ဖြစ်မယ်။ အချိန်မရှိတော့ဘူး။ ဆူခူမီလေယာဉ်ကွင်းကို ကျွန်တော် စုံစမ်းကြည့်ခဲ့ပြီးပြီ။ ဒီကွင်းက တပ်မတော်လေယာဉ်ကွင်း။ ဒီက သိပ်မဝေးဘူး။ ဒီည လေယာဉ်သုံးစင်း ထွက်ဖို့ရှိတယ်။ နှစ်စင်းက ပြည်တွင်း၊ တစ်စင်းက ပြည်ပ၊ လေယာဉ်က အထူးလေယာဉ်၊ တူ ၁၅၄၊ တူပိုလက်ဗ် အမျိုးအစား၊ ယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့ကို တင်ပြီး အီတလီကို ထွက်မယ်။ ဗင်းနစ်မြို့ကို ဒါရိုက်သွားမယ်။ အဲဒါနဲ့ ဆရာကြီး လိုက်သွားရင် ဖြစ်တယ်။ ဒါနဲ့ နိုင်ငံကူးလက်မှတ်တွေ အဆင်သင့်ရှိရဲ့လား"

"အေး ... ရှိတယ်၊ ရှိတယ်။ အားလုံး အဆင်သင့်ပဲ။ ငါက သုတေသန လုပ်ငန်းအတွက် အချိန်မရွေးသွားခွင့်ရထားတာပဲ။ သူတို့က ငါသွားချင်တာကို အချိန်မရွေးသွားနိုင်အောင်ဆိုပြီး အထူးဗီဇာ ထုတ်ပေးထားတယ်"

"ကဲ ...မြန်မြန်လုပ်ပါ ဆရာကြီး၊ အချိန် ၄၅ မိနစ်ပဲ ကျန်တော့တယ်"

ပါမောက္ခကြီးသည် ခုတင်ပေါ်မှကမန်းကတန်း ဆင်းရပ်လိုက်သည်။ သူသည် ခေတ္တမျှတွေ ဝေနေသည်။ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။

"ငါ့ပစ္စည်းတွေ"

သူက အခန်းတံခါးဘက် ထွက်သွားမည်လုပ်သည်။ လီယိုနစ်က လက်ကို လှမ်းဆွဲလိုက်သည်။

"နေပါစေ ထားခဲ့ပါ"

"ဒါပေမယ့် ငါ့မှတ်တမ်းနဲ့ စမ်းသပ်ကတ်ပြားတွေ၊ ပြီးတော့"

"ကိစ္စမရှိဘူး၊ အဲဒါတွေ မလိုတော့ပါဘူး။ အရေးအကြီးဆုံးက ဆရာကြီး ခေါင်းရှိနေဖို့ပဲ။ ခေါင်းထဲမှာရှိရင် အားလုံးရှိပြီ။ ကျွန်တော် ပြောတာက ဆရာကြီးကို ဗာဆီလီ မမြင်စေချင်လို့ ပြောတာ။ ဆရာကြီး ထွက်ပြေးမယ်ဆိုတာသိရင် ဒီကောင်က ဆရာကြီးကို သေနတ်နဲ့ တော့ပြီးတားထားလိမ့်မယ်။ အဲဒီလိုမလုပ်တောင် လေယာဉ်ကွင်းကို ကြိုပြီး ဖုန်းဆက်ထားနိုင်တယ်။ အဲဒီတော့ ဆရာကြီး ဘယ်ပြေးနိုင်တော့မလဲ။ ကျွန်တော် ပြောတာယုံပါ ဆရာကြီး။ အချိန် မရှိတော့ဘူး"

ပါမောက္ခကြီးက သဘောပေါက်သွားသည်။ သူက ကုတ်အင်္ကျီကို ကမန်းကတန်း ကောက်ဝတ်လိုက်သည်။

www.burmeseclassic.com



"ဆရာကြီးလက်မှတ်တွေ ဘယ်မှာလဲ၊ ဒီအခန်းထဲမှာပဲလား"

"ဟုတ်တယ်၊ ဟုတ်တယ်"

ပါမောက္ခကြီးက အခန်းထောင့်ရှိ ဗီရိုဆီသို့ လျှောက်သွားပြီး အံဆွဲကို ဖွင့်သည်။ ဗီဇာစာအုပ်၊ အထူးခရီးသွားခွင့် လက်မှတ်နှင့် ခရီးသွား ချက်လက်မှတ်စာအုပ် နှစ်အုပ်ကို ယူသည်။

"နောက်ဘက်က ပြတင်းပေါက်ကို ကျွန်တော် ဖွင့်ပေးမယ်။ အဲဒီက ဆရာကြီး ခုန်ချလိုက်၊ သိပ်မမြင့်ပါဘူး၊ အနိမ့်ကလေးပါ။ ကျွန်တော် အပေါ်က ထိန်းပေးမယ်။ သစ်ခွခြံဘေးမှာ ထားရစ်ထားတယ်။ လမ်းမကြီးနဲ့ ကပ်ရက်ပဲ။ ဗာဆီလီ မသိပါဘူး။ သူက ဆရာကြီး အိပ်နေတယ်လို့ပဲ ထင်နေမယ်"

ပြတင်းနား ရောက်တော့ ပါမောက္ခကြီးက ရုတ်တရက် ရပ်လိုက်သည်။ သူ့မျက်နှာတွင် စိုးရိမ်စိတ်ပေါ်လွင်နေသည်။

"ဒါနဲ့ လီယိုနစ်အခုလို ငါထွက်ပြေးသွားရင် မင်းအနေနဲ့ တစ်ခုခု များ ဖြစ်နေမလား'

"ကိစ္စမရှိပါဘူး၊ မပူပါနဲ့ ဆရာကြီး။ ကျွန်တော် ကြည့်လုပ်ပါ့မယ်။ ကျွန်တော် လိမ်ပြောမယ်။ လောလောဆယ် အရေးကြီးတာက ဆရာကြီး ဒီနေရာက အမြန်ဆုံး ထွက်ပြေးဖို့ပဲ။ သူတို့မလာခင် ထွက်ပြေးရမယ်။ ဒီနေ့ မိုးမလင်းခင် ဆရာကြီး ဗင်းနစ်မြို့ကို ရောက်သွားမယ်။ အဲဒါဆိုရင် ဆရာကြီး အန္တရာယ် ကင်းသွားပြီ။ မနက်ဖြန် ပါရီကိုရောက်။ ပြီးရင် ဇရာဗေဒ ညီလာခံမှာ တင်ပြ။ အဲဒီအချိန်ကျတော့ ဆရာကြီးကို ဘယ်သူမှ အန္တရာယ် မပြုနိုင်တော့ဘူး။ ဆရာကြီး ဆေးနည်းကိုလဲ ကမ္ဘာက ပိုင်သွားပြီ"

ပါမောက္ခကြီးက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

"ငါငယ်ငယ်တုန်းက ဘုရားသခင်ဆီမှာ အမြဲတမ်းဆုတောင်းလေ့ရှိတယ်။ အခုလဲ ငါ့ဆုတောင်းကို ဘုရားသခင် ကြားပါလိမ့်မယ်"

လီယိုနစ်က ပြတင်းတံခါးကို အသံမကြားအောင် အသာကလေး ဖွင့်လိုက်သည်။

"လာပါ … ဆရာကြီး၊ မြန်မြန်ဆင်းတော့။ အချိန်က တစ်စက္ကန့် တောင် နောက်ကျခံလို့ မဖြစ်တော့ဘူး"

*

နောက်သုံးနာရီအကြာ။

အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ဗာဆီလီသည် ကမန်းကတန်း ပြေးထွက်သွားပြီး တံခါးကို ဖွင့်ပေးသည်။

လူငါးယောက် ဝင်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ယောက်သောသူက ခေါင်းဆောင်နှင့်တူသည်။ ကိုယ်လုံး ကိုယ်ပေါက် တုတ်တုတ်ခိုင်ခိုင်နှင့် ယူနီဖောင်းဝတ်ထားသည်။ အရပ်က မတိုမရှည်။ အရွယ်က ၅၀ ခန့်။ ခေါင်းတွင် ဦးထုပ်မရှိ။ ဆံပင်ကို ကရုကတ်ညှပ်ထားသည်။ မျက်ပေါက်က ကျဉ်းကျဉ်း၊ နှာခေါင်းက ပြားပြား၊ နှုတ်ခမ်းထူသည်။ လူပုံကြည့်ရတာ မွန်ဂိုသွေးစပ်ပုံရသည်။

ထိုသူသည် အိမ်ခန်းထဲတွင် ဝင်လျှင်ဝင်ချင်း တစ်ခန်းလုံးမျက်လုံးကစားကြည့်လိုက်သည်။ ထို့နောက် ဗာဆီလီကို စိုက်ကြည့်ပြီး –

"ဗာဆီလီ ဆိုတာ မင်းလား"

"ဟုတ်ပါတယ် ခင်ဗျား" သူက ဦးခေါင်းကိုငုံ့ပြီး ရိုရိုသေသေ ပြောလိုက်သည်။

"ကောင်းတယ်၊ တာဝန်ကျေတဲ့ လူငယ်ပဲ။ ငါက ဗိုလ်မှူး ဘောရစ်ကီဒရော့။ အခု ဒီမှာ ထိပ်တန်း သိပ္ပံပညာရှင် နှစ်ယောက်လဲပါတယ်။ ဒီပုဂ္ဂိုလ်က ဂရီဂိုရီကက်ပီတင်။ ဒီက ဗလာဒီမာ ပီထရော့စကီ။ နှစ်ယောက်စလုံး 'ဆူဗူမီဇရာဗေဒ လေ့လာရေးသိပ္ပံ' က ချည်းပဲ။ သူတွေတော ညာတာလား။ တကယ်လားဆိုတာ ဒီပုဂ္ဂိုလ်တွေက စစ်ဆေးကြည့်လိမ့်မယ်။ ပြီးတော့ ဒီက နှစ်ယောက်က ကေဂျီဘီက စုံထောက်တွေ။ သူက ယာဂိုဒါ။ သူက ရှဗားနစ်။ ဒါနဲ့ ဘယ်မှာလဲ။ ပါမောက္ခကြီး အိပ်နေတုန်းပဲလား"

"ဟုတ်ပါတယ် ခင်ဗျား" ဗာဆီလီက အိပ်ခန်းဘက် ဘက်ညွှိုးထိုးပြသည်။

"ဟန်ကျတာပဲ။ ကဲ ... အချိန်ဖြုန်းလို့ မဖြစ်ဘူး။ လုပ်စရာရှိတာ မြန်မြန်ထက်ထက် လုပ်လိုက်ကြရအောင်။ ဒီတော့ ပါမောက္ခကြီးကို အိပ်ရာကနိုးပြီး အနှောင့်အယှက် မပေးခင် အရင်လုပ်ရမှာက သူ့တီထွင်မှုဟာ တကယ်မှန်သလားဆိုတာ အထောက်အထားရှာရလိမ့်မယ်။ အဲဒီတော့ သူဟာ အသက်ရှည်ဆေးကို တကယ်တွေ့ရှိတယ်ဆိုတာ မင်းက ဘာကို အထောက်အထားပြမလဲ ဘာကိုသက်သေပြမလဲ"

"သူ့ရဲ့ လျှို့ဝှက်နေ့စဉ် မှတ်တမ်းပါ ဗိုလ်မှူး။ ဒါကို ကျွန်တော် စောစောက ဖုန်းနဲ့လဲ ပြောလိုက်ပါတယ်"

"ဟုတ်ပြီး သူ့နေ့စဉ်မှတ်တမ်း၊ ဘယ်မှာလဲ အဲဒါ"

"စာရေးစားပွဲပေါ်မှာ ရှိပါတယ်။ ညနေကပဲ သူမှတ်တမ်းရေးပါတယ်။ အခုအထိ စားပွဲပေါ်မှာ ဖွင့်ရက်ကြီးရှိနေပါတယ်"

ဗိုလ်မှူး ကီဒရော့က နှာခေါင်းရှုံ့လိုက်သည်။

"နောက် ဘာကျန်သေးသလဲ။ ဘာအထောက်အထားရှိသေးသလဲ"

www.burmeseclassic.com



ဗာဆီလီက ဧည့်ခန်းအပြင်ဘက် ဝရန်တာဆီသို့ လက်ညှိုးထိုးပြယင်း – "အဲဒီမှာ သူ့ဓာတ်ခွဲခန်းရှိပါတယ်။ အဲဒီအထဲမှာ သူစမ်းသပ်တဲ့ တိရစ္ဆာန်ကလေးတွေရှိပါတယ်။ ကြွက်တွေရော၊ ပုးတွေရော။ မှတ်တမ်းကိုတော့ လီယိုနစ်က သိမ်းပါတယ်"

"ဘယ်သူတဲ့ လီယိုနစ် ဟုတ်လား။ အဲဒီ လီယိုနစ်က ဘယ်သူလဲ"

"သူက ဓာတ်ခွဲခန်းလက်ထောက်၊ ဂျူးကပြားပါ"

"သူ ဒီအိမ်မှာပဲ ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ဘယ်မှာလဲ"

"သူ့အခန်းထဲမှာ ရှိမယ်ထင်ပါတယ်။ ကျွန်တော့် အခန်းနဲ့ ကပ်ရက်ပါ" သူက လက်ညှိုးထိုးပြရင်း "အဲဟို ... မီးဖိုခန်းအလွန်ကလေးက အခန်းဟိုဘက်ခန်းပါ"

ဗိုလ်မှူး ကီဒရော့က သူ့လူများကို လှည့်ကြည့်လိုက်ပြီး –

"ကိုင်း ... ယာရိုဒါနဲ့ ရှဗားနစ် ... မင်းတို့နှစ်ယောက် သူ့ကို လိုက်ရှာကြစမ်း"

စုံထောက်နှစ်ယောက် မီးဖိုခန်းဘက် လျှောက်ထွက်သွားကြသည်။ ဗိုလ်မှူး ကီဒရော့က သိပ္ပံပညာရှင်များ ဘက်သို့လှည့်ပြီး –

"ဒေါက်တာ ကက်ပီတင်က အင်္ဂလိပ်စာ တတ်ပုံရတယ်။ အဲဒီတော့ ခင်ဗျားက နေ့စဉ်မှတ်တမ်း သွားဖတ်ကြည့်စမ်းပါ။ ပြီးတော့ ခင်ဗျား ထင်မြင်ချက်သိပါရစေ။ ဒေါက်တာ ပက်ထရော့စကီတော့ ဓာတ်ခွဲခန်းသွားကြည့်ပါ။ ဗာဆီလီလိုက်ပြလိမ့်မယ်။ အဲဒီမှာ ဘာတွေ့မလဲ ရှာကြည့်စမ်းပါ။ အထောက်အထားရမယ့်ဟာ တစ်ခုခုရှိမလား ကြည့်ပေါ့"

ဒေါက်တာ ကက်ပီတင်သည် စားပွဲဆီသို့ လျှောက်သွားသည်။ ဒေါက်တာ ပက်ထရော့စကီးက ဗာဆီလီနောက်က လိုက်ပြီး ဝရန်တာဘက်ထွက်သွားသည်။ ဗိုလ်မှူး ကီဒရော့သည် နေရာတွင်ရပ်ကျန်ရစ်ပြီး သူတို့ကို အကဲခတ်ကြည့်နေသည်။ ထို့နောက် သူသည် သူတို့ကို စောင့်ရင်း ဧည့်ခန်းထဲတွင် ဟိုဟိုသည်သည် လျှောက်ကြည့်နေသည်။

နောက် သုံးမိနစ်ခန့်အကြာတွင် ဒေါက်တာ ကက်ပီတင် ပြန်လျှောက်လာသည်။ သူ့လက်ထဲတွင် ပါမောက္ခမက္ကဒေါ်နယ်၏ နေ့စဉ်မှတ် တမ်းပါလာသည်။ သူက မှတ်တမ်းစာအုပ်ကို အပေါ်မြှောက်ပြရင်း –

"ဟောဒီမှာ မှတ်တမ်းစာအုပ်။ ပါမောက္ခကြီးက အဲဒီဆေးနည်းကို သူတွေ့ပြီဆိုတာရေးထားတယ်။ သူကတော့ အပိုင်ပြောထားတာပဲ" ထို့နောက်

www.burmeseclassic.com



မှတ်တမ်းစာအုပ်ကို ဖွင့်ပြီး အသံထွက်ဖတ်ပြသည်။ ‘ယနေ့ညနေပိုင်း ၅ နာရီ ၁၅ မိနစ်တိတိတွင်တဲ့။ ပြီးတော့ ‘စီ– ၉၈’ ဟူ၍ ကျွန်ုပ် အမည်ပေးထားသော ဤအာယုဩသဓ အသက်ရှည်ဆေးကို မှီဝဲခြင်းဖြင့် ဤကမ္ဘာမြေပေါ်ရှိ လူသားအပေါင်းတို့သည် လက်ရှိ ပျမ်းမျှ သက်တမ်း ၇၂ နှစ်မှသည် ပျမ်းမျှသက်တမ်း ၁၅၀ အထိ အသက်ရှည်စွာ နေထိုင်သွားနိုင်ပေတော့မည်’ … တဲ့”

“ဒါ တကယ်ဖြစ်နိုင်ပါ့မလား”

ဗိုလ်မှူးကီဒရော့က အံ့ဩသံဖြင့် မေးသည်။

ဒေါက်တာ ကက်ပီတင်က မျက်ခုံးတစ်ချက်ချီလိုက်ပြီး –

“အဲဒါတော့ ကျွန်တော်လဲ ကျိန်းသေပေါက် မပြောနိုင်ဘူး။ ဒီပညာရပ်ပိုင်းဆိုင်ရာမှာ ကြီးကျယ်တဲ့ တိုးတက်မှုတွေ ပေါ်ပေါက်ခဲ့တာတော့ အမှန်ပဲ။ ဒါပေမယ့် အခုလို ဆေးနည်းမျိုးကို ရှာဖွေတွေ့ရှိဖို့ ဆိုတာကတော့ လာမယ့် နှစ်ပေါင်း လေးဆယ်၊ ငါးဆယ်အတွင်းမှာတောင် ဖြစ်နိုင်မှာ မဟုတ်သေးဘူး ဆိုတာ သိပ္ပံပညာရှင်တွေက ယူဆကြတယ်” သူက မှတ်တမ်းစာအုပ်ကို လက်နှင့်ပုတ်ပြရင်း –

“ကျွန်တော့် အထင်တော့ ဒီအဘိုးကြီးစိတ်ကူးယဉ်ပြီး ထင်ရာလျှောက်ရေးထားတယ် ထင်တာပဲ။ အမှန်က သူက ဆန္ဒစောပြီး အချိန်မတန်သေးဘဲနဲ့ အရမ်းနိဂုံးဆွဲလိုက်ပုံရပါတယ်” သူက ခေတ္တရပ်လိုက်ပြီး ဆက်ပြောသည်။ “တကယ်ဆိုရင် ပါမောက္ခမက္ကဒေါနယ်ရဲ့ လုပ်ရပ်နဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဘာမှ မသိသေးပါဘူး။ သူ ဒီကို ရောက်လာလို့ ရင်းနှီးသိကျွမ်းတာလောက်ပဲ ရှိပါတယ်။ သူရေးတဲ့ သိပ္ပံဆောင်းပါးတွေကိုတော့ ကျွန်တော် ဖတ်ဖူးတယ်။ သူဟာ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးတစ်ဦးဆိုတာတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒီပညာရပ်မှာ အများကြီး ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးပါ။ ဒါပေမယ့် အခုကိစ္စနဲ့ ပတ်သက်လို့တော့” သူက မှတ်တမ်းစာအုပ်ကို ပြန်ပိတ်ပြီး အဖုံးကို နှိုင်းနှိုင်းချိန်ချိန် ပွတ်သပ်နေရင်းမှ “တကယ်တော့ သူ ဒီ ဆေးနည်းကို တကယ်တွေ့ရှိတာ ဟုတ်မဟုတ်ကို ရုတ်တရက် ပြောလို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ အနေနဲ့ ဆက်ပြီး လေ့လာစရာတွေ အများကြီး ကျန်ပါသေးတယ်”

“မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်တော်တို့ ဘာမှ ထပ်ပြီး လေ့လာစရာ မရှိတော့ဘူး။ ဒီမှာ အားလုံးတွေ့ထားပြီးပြီ’

သည်စကားကို ပြောလိုက်သူမှာ ဒေါက်တာ ပက်ထရော့စကီးဖြစ်သည်။ သူသည် ဖိုက်ဘာပြားပေါ်တွင် ကလစ်နှင့် ညှပ်ထားသော မှတ်တမ်းစာရွက်များကို ယူလာသည်။ သူ့နောက်မှ ဗာဆီလီက ကပ်လိုက်လာသည်။

www.burmeseclassic.com



"ဒါတွေက တိရစ္ဆာန်တွေကို စမ်းသပ်ပြီး တွေ့ရှိချက်တွေကို အသေးစိတ် မှတ်တမ်းပြုစုထားတဲ့ စာရင်းဇယားတွေပဲ" ဒီမှတ်တမ်းအရဆိုရင် 'စီ-၉၈' ထိုးဆေးထိုးပေးထားတဲ့ တိရစ္ဆာန်ကလေးတွေဟာ မူလသက်တမ်းထက် နှစ်ဆတိုးပြီး အသက်ရှည်ခဲ့ကြတယ်ဆိုတာ အတိအကျ သိရတယ်။ ကျွန်တော့်အနေနဲ့တော့ လုံးဝ သံသယမရှိတော့ဘူး။ ပါမောက္ခ မက္ကဒေါ်နယ်ဟာ သမိုင်းဝင်တီထွင်မှုကြီးတစ်ခုကို အမှန်တကယ် တွေ့ရှိလိုက်ပြီဆိုတာ ထင်ရှားပါတယ်။ တကယ်ဆိုရင် ဒီတီထွင်မှုကြီးဟာ လူ့သမိုင်းမှာ အကြီးကျယ်ဆုံး တီထွင်မှုကြီးလို့ ပြောနိုင်ပါတယ်။ လူသားတွေအတွက် တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရှိမယ့် တီထွင်မှုကြီးပါပဲ"

"လူသားတွေအတွက် ကျုပ် စိတ်မဝင်စားဘူး" ဗိုလ်မှူး ကီဒရော့က ပြတ်ပြတ်ပင် ပြောလိုက်သည်။ "ဒါအရေးအကြီးဆုံးက ကျုပ်တို့နိုင်ငံအတွက် အကျိုးရှိဖို့ပဲ။ ဒါကိုပဲ ကျုပ် စိတ်ဝင်စားတယ်"

"ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဒါပဲ ပိုအရေးကြီးပါတယ်" ဒေါက်တာ ကက်ပီတင်က သံယောင်လိုက်လိုက်သည်။

ဗိုလ်မှူးကီဒရော့က အိပ်ခန်းဘက် မျက်စောင်းထိုးပြရင်း "ကိုင်း … ဒီတော့ ကျုပ်ကို ပိုပြီးသိရအောင် လုပ်စရာရှိတာ ဆက်လုပ်ကြတာပေ့ါ၊ အခုလောက်ဆို ပါမောက္ခကြီးကို အိပ်ရာက နှိုးပြီး ဂုဏ်ပြုနှုတ် ဆက်ဖို့ အချိန်တန်ပါပြီ'

ဗာဆီလီက ဦးဆောင်ကာ သူတို့အားလုံး ပါမောက္ခကြီး၏ အိပ်ခန်းဆီသို့ လျှောက်လာကြသည်။

ဗာဆီလီက တံခါးဘုကို လှည့်ပြီးဖွင့်လိုက်သည်။ ပြီးတော့ သူက ဘေးသို့ကပ်ပေးသည်။ ဗိုလ်မှူးနှင့် သိပ္ပံပညာရှင်များက အရင်ဝင်ကြသည်။

အခန်းထဲဝင်ဝင်ချင်း ဗိုလ်မှူး ကီဒရော့၏ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။ သူသည် လူမရှိသော ခုတင်ကြီးကို မျက်လုံးပြူးကြီးနှင့် တအံ့တဩ ကြည့်နေမိသည်။ ထို့နောက် တစ်ခန်းလုံး မျက်လုံးကစားကြည့်လိုက်သည်။ ဗီရိုဆီသို့ လျှောက်သွားသည်။ ဗီရိုကို ဖွင့်ကြည့်သည်။ ပြန်ပိတ်လိုက်သည်။ ပြီးတော့ ဗီရိုနားမှာ တံခါးပေါက်ကို ဖွင့်ကြည့်ပြန်သည်။ ရေချိုးခန်းထဲ ချောင်းကြည့်လိုက်သည်။ ဘာမှမတွေ့။

သူနောက်သို့ ပြန်လှည့်လာသည်။ တစ်ခန်းလုံး စေ့စေ့စပ်စပ် ကြည့်ပြန်သည်။ ပွင့်နေသော ပြတင်းပေါက်ကို လှမ်းမြင်လိုက်သည်။

သူက ကိုယ်တစ်ဝက်လှည့်ပြီး ဗာဆီလီအား မျက်လုံးစွေကြည့်ယင်း

"သူ အိပ်ရာထဲ တကယ်ဝင်တယ်ဆိုတာ သေချာရဲ့လားကွ"



BURMESE CLASSIC .com

www.burmeseclassic.com



"သူအိပ်ရာထဲ ဝင်သွားတယ်လို့ လီယိုနစ်က ကျွန်တော့်ကို ပြောပါတယ် ဗိုလ်မှူး" ဗာဆီလီ အသံက အနည်းတုန်နေသည်။

"သူ တခြားတစ်နေရာရာမျှား ရောက်နေမလား"

"မဖြစ်နိုင်ဘူး ခင်ဗျ။ တစ်ချိန်လုံး ကျွန်တော် စောင့်ကြည့်နေပါ တယ်။ သူဘယ်မှ မထွက်ပါဘူး"

"ဟို ပြတင်းပေါက်က ဘယ်လိုလဲ။ သူ အိပ်ရင် ဒီလိုပဲ ပြတင်းပေါက်ဖွင့် အိပ်တတ်သလား"

"အဲဒါတော့ ကျွန် ... ကျွန်တော် သတိမထားဘူး ခင်ဗျာ။ ဒါပေမယ့် ပြတင်းပေါက်ဖွင့် အိပ်မယ်တော့ မထင်ပါဘူး"

ထိုအခိုက် အိပ်ခန်းတံခါးဝသို့ စုံထောက်ရှုဗားနစ် ရောက်လာသည်။

"ဗိုလ်မှူး"

"ဆို"

"လီယိုနစ်ကို ကျွန်တော်တို့တွေ့တယ်။ သူ့အခန်းထဲမှာ သူအိပ်မလို့ အဝတ်လဲနေတုန်းပဲ။ ကျွန်တော်တို့က သူ့ကို မေးတော့ သူဘာမှ မသိဘူးလို့ ပြောတယ်။ ပါမောက္ခကြီး လုပ်နေတာ သူဘာမှ မသိဘူးတဲ့။ သူ့တာဝန်က ဓာတ်ခွဲခန်း ထိန်းသိမ်းတာနဲ့ စမ်းသပ်တိရစ္ဆာန်တွေကို စောင့်ကြည့်တာလောက်ပဲလို့ ပြောပါတယ်"

"သူညာပြောတာ" ဗာဆီလီက ဖြတ်ပြောသည်။ "ညဦးပိုင်းကပဲ သူနဲ့ ပါမောက္ခကြီးနဲ့အတူ ထိုင်ပြီး အရက်သောက်ကြသေးတာပဲ။ အဲဒါ သူတို့ အောင်ပွဲခံကြတာ။ ပါမောက္ခကြီး ဘာတွေလုပ်နေတယ်ဆိုတာ သူသိကို သိရမယ်"

ဗိုလ်မှူး ကီဒရော့က ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်တယ် မင်းပြောတာ မှန်နိုင်တယ်။ အဲဒီတော့ လီယိုနစ် အားလုံး သိရမယ်" သူက စုံထောက်ရှုဗားနစ်ဘက်သို့ လှည့်ပြီး ... "ဒါ ... ထားဦး၊ အခု လောလောဆယ် ပါမောက္ခကြီး ဘယ်ရောက်နေသလဲ မသိဘူး။ သူ ပျောက်နေတယ်။ သူဘယ်ရောက်နေတယ်ဆိုတာ အမြန်ဆုံးသိမှ ဖြစ်မယ်။ အဲဒီတော့ ... မင်းနဲ့ ယာဂိုဒါ လီယိုနစ်ဆီ ချက်ချင်းပြန်သွား။ ဒီကောင်ကို ခပ်ကြမ်းကြမ်းကလေး စစ်လိုက်စမ်း။ နောက်ငါးမိနစ် အတွင်းမှာ ငါအဖြေမှန် သိချင်တယ် ဒါပဲ"

စုံထောက် ရှုဗားနစ် ပြန်လှည့်ထွက်သွားသည်။ ဗိုလ်မှူးကီဒရော့ သည် ခုတင်နားသွားပြီး ခေါင်းအုံး၊ စောင်နှင့် အိပ်ရာခင်းများကို လှည့်ကြည့် သည်။ ထို့နောက် ဗီရိုကို ထပ်ဖွင့်ပြန်သည်။ အံဆွဲတွေ တစ်ခုပြီးတစ်ခု ဆွဲဖွင့်

www.burmeseclassic.com



ကြည့်သည်။ အဝတ်အစားတွေ အားလုံး ဆွဲထုတ်ပြီး ဖြန့်ခါကြည့်သည်။ ဘာမှ မတွေ့။ ခုတင်ကို ကျော်တက်ပြီး ခုတင်ဘေးမှ ဗီရိုကလေးကို ဖွင့်ကြည့် သည်။ ဘာမှမရှိ။

"သူ့ နိုင်ငံကူးလက်မှတ် ဘယ်မှာရှိမလဲ မသိဘူး။ ဒီအခန်းထဲ မထား ဘူးနဲ့ တူတယ်"

ဗိုလ်မှူး ကီဒရော့သည် ခေတ္တမျှ ခေါင်းကုတ်ပြီး စဉ်းစားနေသည်။ ထို့နောက် အခန်းထဲမှ ပြန်ထွက်သည်။ ဧည့်ခန်းထဲသို့ ပြန်ဝင်လာသည်။ ကျန်သုံးယောက်က သူ့နောက်မှ လိုက်လာကြသည်။

ထမင်းစားပွဲနားရောက်တော့ ဗိုလ်မှူးက ရုတ်တရက် ရပ်လိုက် သည်။ အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးထုတ်ပြီး တစ်လိပ်နှိုက်လိုက်သည်။ ဒေါက်တာ ပက်ထရော့စကီးက သူ့မီးခြစ်ထုတ်ပြီး ကမန်းကတန်း မီးညှိပေး လိုက်သည်။

ဗိုလ်မှူးက စီးကရက်ကို အားပါးတရ ဖွာရှိုက်လိုက်ပြီး မီးခိုးတွေကို မှုတ်ထုတ်လိုက်သည်။ ပြီးနောက် လေသံ အေးအေးဖြင့် ပြောသည်။

"ကျုပ်တို့က မလိုအပ်ဘဲနဲ့ စိုးရိမ်လွန်နေတာမျိုးဖြစ်နိုင်တယ်။ အမှန် က ပါမောက္ခကြီး ခြေဆန့်လက်ဆန့် အပြင်ထွက်သွားတာ ဖြစ်ပါလိမ့်မယ်။ အဲဒီလိုဆိုရင် မကြာခင် ပြန်လာမှာပါ"

မီးဖိုခန်းဘက်မှ အော်ညည်းသံများ ကြားရသည်။ ဗိုလ်မှူးကီဒရော့ က တစ်ချက်လှမ်းကြည့်ပြီး ဆေးလိပ်ဆက်ဖွာနေသည်။ ညည်းသံများ ထပ် ကြားရပြန်သည်။ တွန်းသံ၊ ရုန်းသံများ၊ ရိုက်သံ ပုတ်သံများ ဆက်တိုက်ကြား နေရသည်။ ဗိုလ်မှူးကီဒရော့က မျက်နှာပျက်နေသော သိပ္ပံပညာရှင်နှစ်ယောက် ကို ကြည့်ပြီး ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီကိစ္စက ... ခင်ဗျားတို့သိတဲ့အတိုင်းပဲ ... ကျုပ်အတွက် အကြီးဆုံး တာဝန်ပဲ။ ပါမောက္ခ မက္ကဒေါ်နယ်နဲ့ သူ့ဆေးနည်း 'စီ-၉၈' ကို လက်ဆုပ် လက်ကိုင် မရနိုင်ရင် မလွယ်ဘူး။ ထုခြေလွှာတင်လို့ မရတဲ့ လုပ်ငန်းကြီး။ ဒီ ဆေးနည်းကို ကျုပ်တို့ နိုင်ငံသာ ပိုင်လိုက်ယင် တစ်ခါတည်း သမိုင်းပါ ပြောင်း လဲသွားနိုင်တယ်။ ပြီးတော့ အခုဆိုယင် ကျုပ်တို့ ဝန်ကြီးချုပ်ဟာ အသက်တော် တော်ကြီးနေပြီ။ ၇၅ နှစ်တောင်ရှိနေပြီ။ ကျန်းမာရေးကလဲ သိပ်မကောင်းလှဘူး။ ဒီဆေးသာထိုးလိုက်မယ်ဆိုရင် သူ့အနေနဲ့ နောက်ထပ် ၇၅ နှစ်လောက် အသက်ရှည်နိုင်မယ်။ အဲဒီတော့ ... ဒီကိစ္စ ဘယ်လောက်အရေးကြီးတယ် ဆိုတာ ခင်ဗျားတို့သာ တွေးကြည့်ကြတော့" သူက ဆေးလိပ်တစ်ဖွာ ထပ်ဖွာ ပြီး ဆက်ပြောသည်။

www.burmeseclassic.com



"အဲဒါထက် အရေးကြီးတာက ဒီဆေးနည်းကို ကျုပ်တို့နိုင်ငံတစ်နိုင်ငံကသာ ပိုင်မယ်ဆိုရင် ဘယ်လိုနေမလဲ။ တွေးကြည့်စမ်းပါ။ ဘယ်ပြောကောင်းမလဲ။ တစ်ကမ္ဘာလုံးမှာ ကျုပ်တို့နိုင်ငံကို ဘယ်နိုင်ငံကမှ မော်ကြည့်ဝံ့တော့မှာ မဟုတ်ဘူး။ ဒီဆေးနည်းကိုရရင် ကျုပ်တို့ နိုင်ငံခေါင်းဆောင်တွေ၊ သိပ္ပံပညာရှင်တွေ၊ ဗိုလ်ချုပ်ကြီးတွေ၊ စီးပွားရေး ပညာရှင်တွေ၊ ပြီးတော့ အနုပညာရှင်တွေအားလုံး အသက် ၁၅၀ အထိ အသက်ရှည်ကြမယ်။ အဲဒီအချိန်မှာ ကျုပ်တို့ရဲ့ပြိုင်ဘက် အမေရိကန်က အသိပညာရှင်တွေနဲ့ နိုင်ငံခေါင်းဆောင်တွေကတော့ သာမန် သက်တမ်းအတိုင်းပဲ နေသွားကြရမှာပေါ့။ ဒီတော့ ဒီကမ္ဘာမှာ ကျုပ်တို့ပဲ လူစွာဖြစ်လာမယ်။ ဒါကြောင့် ဒီဆေးနည်းကို မရရတဲ့နည်းနဲ့ အရယူရမှာပဲ"

မီးဖိုခန်းဘက်မှ နောက်ထပ် အော်သံညည်းသံများ ကြားရပြန်သည်။ ဗိုလ်မှူးက ခေတ္တမျှနားစွင့်နေလိုက်သည်။ အသံတွေ ပြန်တိတ်သွားသည်။

ဗိုလ်မှူးက သဘောကျသလို ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူက သိပ္ပံပညာရှင်နှစ်ဦး၏ မျက်နှာကို အကဲခတ်သလို တစ်လှည့်စီကြည့် လိုက်သည်။ ပြီးတော့ –

"ဘာမှ မပူပါနဲ့။ ဒါက လုပ်ရမယ့်အလုပ်ပါ။ ကျုပ် လုပ်ငန်းမှာ အဖြေထွက်ဖို့သာ အဓိက။ ဘာပဲလုပ်လုပ် ဘယ်လိုပဲ လုပ်လုပ် အဖြေထွက်ယင်ပြီးတာပဲ။ တွေးကြည့်ရင် ရှင်းနေတယ်။ ဒီဆေးနည်းကို ရှာဖွေတွေ့ရှိတာဟာ ကျုပ်တို့ နိုင်ငံထဲမှာ ကျုပ်တို့နိုင်ငံရဲ့ ဥဿုံဝတ်ကျေပွန်မှုကြောင့် အခုလို အောင်မြင်နိုင်တာ၊ ဒီတော့ ဒီဆေးနည်းကို ဘယ်သူပိုင်သင့်သလဲ။ ရှင်းနေတယ်။ ကျုပ်တို့ နိုင်ငံကပဲ ပိုင်ရမှာပေါ့၊ ဒါမှ သဘာဝကျမှာပေါ့၊ ဒါကြောင့်မို့လို့"

"ဗိုလ်မှူး"

စုံထောက်ရှဗားနစ်က အခန်းထဲသို့ ခပ်သုတ်သုတ် လျှောက်လာရင်း လှမ်းခေါ်လိုက်သည်။ သူက ကမန်းကတန်း ဆက်ပြောသည်။

"သူ ဖြောင့်ချက်ပေးပြီ ... ဗိုလ်မှူး။ ပါမောက္ခကြီး ထွက်ပြေးသွားပြီတဲ့။ ပါမောက္ခကြီး ဒီမှာ မရှိတော့ဘူး။ သူ ကျွန်တော်တို့နိုင်ငံမှာ မရှိတော့ဘူး"

"ဟင် ... သူ မရှိတော့ဘူး ... ဟုတ်လား။ သူ ဒီနိုင်ငံက ထွက်ပြေးသွားပြီ၊ ဟုတ်လား" ဗိုလ်မှူး ကီဒရော့က မယုံနိုင်စိတ်ဖြင့် ထပ်ပြီးမေးလိုက်သည်။

"ဟုတ်ပါတယ် ... ဗိုလ်မှူး" စုံထောက် ရှဗားနစ်က အသက်ပင်မရှူနိုင်သလို ပြောနေပါသည်။ "လီယိုနစ် ပြောတဲ့အတိုင်းဆိုရင် ပါမောက္ခကြီး



BURMESE CLASSIC .com

www.burmeseclassic.com



က ဒီနေ့ည အထူးလေယာဉ် ထွက်မယ်ဆိုတာ ကြိုသိထားတယ်တဲ့။ အဲဒီမှာ သူ တစ်နေရာရသွားတယ်။ ပါမောက္ခကြီးက လီယိုနစ်ကို သေနတ်နဲ့ တေ့ပြီး ဆူရှူဟီလေယာဉ်ကွင်း လိုက်ပို့ခိုင်းတယ်။ သူက ပထမတော့ ဖြောင့်ချက်မပေးဘဲ လုံးဝ ဘူးကွယ်ခံနေတယ်။ နောက်မှ ခပ်ကြမ်းကြမ်းကလေးစစ်တော့မှ ဖွင့်ပြောတယ်။ သူ့ကို သေနတ်တေ့ပြီး လိုက်ပို့ခိုင်းတယ်ဆိုတာ ကျွန်တော်တို့ မယုံမှာစိုးလို့တဲ့ ... အဲဒါကြောင့် သူက ပထမကတည်းက ဖွင့်မပြောတာပါတဲ့။ သူက ပြောပါတယ်"

"ကိစ္စမရှိဘူး။ ဒီအဘိုးကြီး ဘယ်ပြေးမလဲ။ ပြေးစမ်းပါစေ။ ဒါနဲ့ လေယာဉ်က ဘယ်ကို ထွက်သွားတာလဲ" ဗိုလ်မှူးကီဒရော့၏ အသံသည် ခါတိုင်းထက် မာသည်။ မြန်လည်း မြန်သည်။

"ဗင်းနစ်မြို့ကို ထွက်သွားတယ်"

"ဟုတ်လား ... အဲဒီမှာ တို့လူတွေ ရှိသလား"

"အဲဒီမှာ အီတာလျံ ကွန်မြူနစ်ပါတီ အာဏာရနေတာပဲ"

"အေး ဟုတ်ပြီ။ မြို့တော်ဝန်ရွေးတာ သိပ်မကြာသေးဘူး။ ငါ မှတ်မိပြီ။ ဒီလူက တို့ဘက်သား။ ကိုင်း ... ဒီတော့ ရုဗားနစ် မင်း လေဆိပ်ကို မြန် မြန် ဖုန်းဆက်စမ်း။ လေယာဉ် ထွက်ဖြစ်သလား။ ထွက်ဖြစ်ရင် ပါမောက္ခ မက္ကဒေါ်နယ်ဆိုတာ ပါသွားသလား။ အတိအကျ ငါ သိချင်တယ်"

စုံထောက်ရုဗားနစ်က တယ်လီဖုန်းစားပွဲသို့ ချက်ချင်းပြေးသွားသည်။ ဖုန်းကို ကမန်းကတန်း ကောက်ကိုင်ပြီး သူ့နာမည်နှင့် အလုပ်အကိုင်ကို ပြောလိုက်သည်။

"ဒီနေ့ ညဦးပိုင်း ဗင်းနစ်မြို့သို့ လေယာဉ်ထွက်ဖြစ်သလား"

ထွက်ဖြစ်သည်။ လေယာဉ်အမှတ် အက်စ်ယူ –၅၀၉။ တူပိုလက်ဗ် အမျိုးအစား။

"အင်္ဂလိပ်လူမျိုး၊ ဒါမှမဟုတ် အမေရိကန်လူမျိုး ပါမောက္ခ မက္ကဒေါ်နယ် ဆိုတဲ့လူ ပါသွားသလား"

ပါသွားသည်။ သူ့နိုင်ငံကူး ဗီဇာလက်မှတ်တွေ အချက်အလက်အားလုံး ပြည့်စုံသည်။

"ဟေ့ ဖုန်းမချလိုက်နဲ့၊ ကိုင်ထားဦး" ဗိုလ်မှူး ကီဒရော့က လှမ်းအော်လိုက်သည်။ "တစ်ခု ထပ်မေးကြည့်ဦး။ အခု လေယာဉ် ဘယ်ရောက်နေပြီလဲ။ ပြန်ခေါ်လို့ရမလား ... မေးကြည့်စမ်း"

ရုဗားနစ်က ဖုန်းခွက်ထဲ ထပ်ကာ ထပ်ကာ မေးနေသည်။ သူက ခဏစောင့် နားထောင်နေသည်။ ပြီးတော့မှ –"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါ

www.burmeseclassic.com



တယ်” သူက ဖုန်းပြန်ချလိုက်ပြီး “ဆောရီးပဲ … ဗိုလ်မှူး။ လေယာဉ်က အီတလီမြောက်ပိုင်းနယ်စပ်ထဲ ဝင်သွားပြီတဲ့။ မိနစ်ပိုင်းအတွင်းမှာ ဆင်းတော့မယ်တဲ့။ ပြီးတော့ ဓာတ်ဆီသိပ်ပြီး နည်းနေပြီ တဲ့။ ပြန်ခေါ်လို့ မဖြစ်နိုင်တော့ဘူးတဲ့”

ဗိုလ်မှူးကီဒရော့က စားပွဲကို လက်ဝါးနှင့် တအားရိုက်လိုက်သည်။

“အဲဒါမှ တစ်ခါတည်း သေတာပဲ။ နင့်အမေလွှားတဲ့မှ”

သူက စားပွဲကို ပတ်လာသည်။ ခေါင်းကို အောက်စိုက်ထားသည်။ တစ်စုံတစ်ရာကို အလေးအနက် တွေးနေသည်။ ခဏ ကြာတော့မှ ခေါင်းပြန်ထောင်လိုက်ပြီး –

“လေယာဉ်က ဗင်းနစ်မြို့ ရောက်သွားပြီ။ အဲဒီတော့ ဘာလုပ်ရမလဲ။ အင်း … ဟုတ်ပြီ။ ဗင်းနစ်မြို့ကို အီတာလျံကွန်မြူနစ်ပါတီက အုပ်ချုပ်ထားတယ်။ အေး … ဒီအချက်က အရေးကြီးတယ်။ ဒါက အဓိကအချက်ပဲ”

ထို့နောက် တယ်လီဖုန်းစားပွဲသို့ လျှောက်သွားသည်။ ဖုန်းကို ကောက်ကိုင်လိုက်သည်။

“ကျုပ် ဗိုလ်မှူး ဘောရစ်ကီဒရော့ပါ။ ကေဂျီဘီကပါ။ အရေးတကြီးကိစ္စ။ အဝေးဖုန်းခေါ်ပေးပါ”

*

အင်ဂျင်စက် သုံးလုံးတပ် ‘တူပိုလက်ဗ်’ ဂျက်လေယာဉ်သည် မာကိုပိုလို လေယာဉ်ကွင်းပေါ်သို့ ငြိမ့်ခနဲ ထိုးဆင်းလိုက်ပြီး လေယာဉ်ပြေးလမ်းပေါ်တွင် အရှိန်ဖြင့် ရှပ်တိုက်ပြေးသွားနေသည်။ မကြာခင်မှာပင် စက်ရှိန်သတ်ပြီး လေယာဉ်ရပ်သွားသည်။

သည်တော့မှပင် ပါမောက္ခ ဒေးဗစ်မက္ကဒေါ်နယ်သည် ဟင်းခနဲ သက်မကြီး ချနိုင်ပေတော့သည်။ သူ့ရင်ထဲ တစ်ဆို့နေသော အလုံးကြီး ကျသွားသလို ပေါ့ပါးသွားပေတော့သည်။

စောစောပိုင်းက လေယာဉ်ပေါ်တွင် ရှိနေစဉ်ကမူ သူသည် စိုးရိမ်စိတ်ကြောင့် တစ်ကိုယ်လုံး အကြောဆိုင်းကာ မာတောင့်နေသလို ခံစားနေခဲ့ရသည်။ သူသည် ဗင်းနစ်မြို့ကို လေယာဉ်ပေါ်မှ အပေါ်စီးမှ ငုံ့ကြည့်လိုက်သည်။ တိမ်စင်သော ကောင်းကင်အောက်တွင် မီးရောင်စုံဖြင့် တစ်မြို့လုံး ထိန်ထိန်းလင်းလျက်ရှိသည်။ အလွန်တရာမှ စိတ်ကြည်နူး ပျော်ရွှင်ဖွယ်ရာ ကောင်းသော ရှုခင်းပါပေ။

သို့သော် … ယင်းရှုခင်းသည် ပါမောက္ခကြီးအား ပျော်ရွှင်မှုကို စိုးစဉ်းမျှမပေးနိုင်ခဲ့။ သူ့ စိတ်သည် တင်းကျပ်နေသည်။ သူသည် လိပ်ပြာမလုံဖြစ်နေသည်။ အလိုလို တွေးကြောက်နေမိသည်။

www.burmeseclassic.com



သူသည် ရုရှားအမျိုးသား လေယာဉ်မှူး နှစ်ယောက်နှင့် လေယာဉ် အင်ဂျင်နီယာ တစ်ယောက် ဦးစီးသော ရုရှားပိုင် လေယာဉ်ထဲ ရောက်နေသည်။ သူ့နီးနားဝန်းကျင်မှ ခရီးသည်များမှာလည်း အားလုံးပင် ရုရှားအမျိုးသားတွေချည်း ဖြစ်နေကြသည်။ သူတို့သည် ဝေဟင်တွင် လေဟုန်စီးကာ ယစ်ရွှေရည်ကို ဇိမ်ခံမော့နေကြသည်။ တစ်ယောက်တစ်ပေါက် သူ့ထက်ငါလုပြီး စကားပြောသံများကလည်း လက်ပံပင်ပေါ် ဆက်ရက်အုပ်ကျနေသလား ထင်ရသည်။

လေယာဉ်သည် ခရီးသည် ၁၂၈ ယောက်ဆံ့သော်လည်း ထိုင်ခုံ လေးပုံတစ်ပုံခန့်သာ ပြည့်သည်။ ပါမောက္ခမက္ကဒေါ်နယ်၏ ရှေ့နှင့်နောက် ထိုင်ခုံသုံးလေးခုံတွင် လူမရှိ။ ထို့ကြောင့် သူ့မှာ တစ်ယောက်တည်း ငေါင်းစင်းစင်းဖြစ်နေခဲ့သည်။ တခြား ခရီးသည်များနှင့် တမင်ခွဲခြားထားသလို ဖြစ်နေခဲ့သည်။ ထို့ကြောင့်လည်း သူ့အနေဖြင့် အကျဉ်းသားတစ်ယောက်ပမာ ခံစားနေခဲ့ရခြင်း ဖြစ်သည်။

သို့သော် ... ယခုအချိန်တွင်တော့ သူ့တွင် စိုးရိမ်စိတ် လုံးဝမရှိတော့။ သူသည် လေယာဉ်ပေါ်မှ ဆင်းရန် အသင့်ဖြစ်နေပြီ။ လေယာဉ်အလယ်လမ်းမြောင်ပေါ်တွင် တခြားခရီးသည်များ နောက်ဆုံးမှ နေရာယူရပ်နေပြီးပြီ။

မိနစ်ပိုင်းအတွင်းတွင်ပင် သူသည် လေယာဉ်ပျံတံခါးပေါက်သို့ ရောက်လာသည်။

လေယာဉ်မယ်ကလေးက အပြုံးချိုချိုဖြင့် နှုတ်ဆက်စကား ဆိုသည်။

"မင်္ဂလာညပါ ... ဆီညော်* ...။ ဗင်းနစ်မြို့က ကြိုဆိုလျက်ပါ"

"မင်္ဂလာညပါ မိန်းကလေး။ ကျေးဇူးတင်ပါတယ်"

ထို့နောက် ပါမောက္ခကြီးသည် သံလှေကားပေါ်သို့ ခြေလှမ်းလိုက်သည်။ လှေကား လက်ရန်းတန်းကို ကိုင်ကာ တစ်ထစ်ချင်း ဆင်းလာသည်။

နောက်တစ်ထစ်။ ပြီးတော့ နောက်တစ်ထစ်။

လွတ်ပြီ။ ကျွတ်ပြီ။

အီတာလျံ မြေပေါ်သို့ ခြေချမိပြီ။

သူ့ရင်သည် တဖျတ်ဖျတ် ခုန်လာသည်။ သူ ရင်ခုန်မြန်လာသည်။ နောက်ဆုံးတော့ လွတ်လွတ်ကျွတ်ကျွတ် စိတ်ချလက်ချ ဖြစ်ခဲ့ရပြီ။ တစ်ကမ္ဘာလုံးကို အံ့အားသင့်စေမည့် သူ၏ လျှို့ဝှက်တီထွင်မှုကြီးအတွက် စိတ်ချခဲ့ရပြီ။

သူ့ရှေ့တွင် အဝါရောင် ဘတ်စ်ကားတစ်စီး အသင့်စောင့်နေသည်။ ရုရှားယဉ်ကျေးမှုအဖွဲ့ဝင်တွေ ကားပေါ်သို့ အလျှိုလျှို တက်ကြသည်။ နောက်

* Signore - အင်္ဂလိပ်စကား 'Mister'(မစ္စတာ)နှင့်တူညီသော အီတာလျံ နှုတ်ဆက်စကား။

www.burmeseclassic.com



ဆုံးသူလည်း ကားပေါ်တက်ပြီး ခုံလွတ် တစ်နေရာတွင် ဝင်ထိုင်လိုက်သည်။ သူက ဘေးဘီမှ တခြားခရီးသည်တွေကို မသိကျိုးကျွန်လုပ်ပြီး ခပ်တည်တည် နှင့် ထိုင်နေသည်။

မကြာမီ ကားတံခါးပိတ်သွားသည်။ ကားသည် လေယာဉ်ကွင်းသို့ တစ်ပတ်ကွေ့ပြီး မောင်းထွက်လာခဲ့သည်။ မိနစ်ပိုင်းလောက်အကြာတွင် မီး ရောင်ထိန်ထိန်လင်းနေသော အဆောက်အအုံတစ်ခုခုရှေ့၌ ကားရပ်သွားသည်။

ပါမောက္ခမက္ကဒေါ်နယ်သည် အနီးဆုံး တံခါးပေါက်သို့ လျှောက် လာခဲ့သည်။ ကားပေါ်မှ ပထမဆုံး ဆင်းလာသူမှာ သူပင်ဖြစ်သည်။

တခြားခရီးသည်တွေက အသီးသီး ထွက်သွားကြသည်။ သူက တော့ ကားအနီးတွင်ရပ်ကာ နောက်ချန် ကျန်ရစ်သည်။

စိတ်လက်ရွှင်လန်းစွာဖြင့် လေဆိပ် အဆောက်အအုံကို လှေ့လာ ကြည့်ရှုနေမိသည်။ ဖြူပြာရောင် နှစ်ထပ်အဆောက်အအုံ။ ဒုတိယထပ်မှာ ပထမ ထပ်နှင့် ဆက်နေသော်လည်း သီးသန့်လွတ်ထွက်နေသည်။ အပေါ်ထပ်တစ် နေရာတွင် အပြာရောင်နောက်ခံ အဖြူရောင်ဆလိုက်မီး ဆိုင်းဘုတ်ကို ချိတ်ဆွဲ ထားသည်။ **'ဗင်းနစ်မြို့'**။

ငါတော့ ကျွတ်ပြီ၊ လွတ်ပြီ။ စိတ်ချရပြီ။ ဘုရားသခင် ဂုဏ်ကျေးဇူး ပါပဲ။

ပါမောက္ခကြီးသည် နေရာတွင် ရပ်နေတုန်းရှိသေးသည်။ သူ့စိတ် သည် အတိတ်ဆီသို့ ပြေးရောက်သွားသည်။

တစ်ချိန်က သူသည် သည်နေရာသို့ ရောက်သွားခဲ့ဖူးသည်။ သို့ သော် သည်လေယာဉ်ကွင်းတော့ မဟုတ်။ ဗင်းနစ်မြို့ထဲမှ တစ်နေရာကို ဖြစ် သည်။ ထိုအချိန်ထိုကာလသည် အလွန်ကြာရှည်လှပြီဟု ထင်မိသည်။ နှစ် ပေါင်း ၅၀ ပင်ကျော်ခဲ့ပြီ။

ထိုအချိန်က သူသည် ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ဘဝ။ နွေရာသီကျောင်းပိတ်ရက် အပန်းဖြေခရီးထွက်ခဲ့ခြင်းဖြစ်သည်။ တစ်နည်း အားဖြင့် ဘွဲ့ရပြီးလျှင် ဘယ်ပညာရပ် ဆက်လိုက်မလဲဆိုတာကို ခေါင်းအေး အေးနှင့် ဆုံးဖြတ်ရန် ထွက်လာခဲ့ခြင်း ဆိုလျှင်လည်း မမှား ....

သို့သော် သူတစ်ယောက်တည်းတော့ မဟုတ်။ သူ၏ မိခင်အိုကြီး လည်း ပါသည်။ ထိုခေတ်က မိခင်နှင့်အတူ အပျော်ခရီးထွက်ခြင်းမှာ အစဉ် အလာတစ်ခုလို ဖြစ်ခဲ့သည်။

ထို့ကြောင့်လည်း သူတို့သားအမိကို လူကုံထံ အသိုင်းအဝိုင်းက လှိုက်လှဲဝမ်းသာ ကြိုဆိုဧည့်ခံခဲ့ကြခြင်း ဖြစ်သည်။

www.burmeseclassic.com



ဒိုဇာတို့ကလေးစ်လမ်းဆုံးကလေးကို ဖြတ်ပြီး လန်ဒန်မှ ပါရီသို့ ရထားစီးသည်။ ပါရီတွင် တစ်ပတ်နေပြီး အစုံအလျှောက် ကြည့်ခဲ့သည်။ ထို့နောက် ဗင်းနစ်မြို့သို့ ညရထားဖြင့် လာခဲ့သည်။ ဗင်းနစ်မြို့တွင် သုံးညရထားဖြင့် လာခဲ့သည်။ ဗင်းနစ်မြို့တွင် သုံးရက်နေသည်။ ထိုမှတစ်ဆင့် ဖလောရင့်မြို့၊ ပြီးတော့ ရောမမြို့သို့ လာခဲ့ကြသည်။

သူ၏စိတ်မျက်စိထဲတွင် ဗင်းနစ်မြို့၏ ရှုခင်းသည် ဘယ်တော့မှ ပျောက်မသွားခဲ့။

ဘူတာရုံမှ လှမ်းကြည့်လိုက်လျှင် နွေးထွေး၍ နေရောင်ခြည် ဆမ်းထားသော မြင်ကွင်းမှာ စိတ်ကြည်လင်စရာ ကောင်းလှပါဘိ။ ပြီးတော့ လှိုင်းဂယက်များဖြင့် တလက်လက် တဖျပ်ဖျပ် လွန့်လူးနေသော မြင်ကွင်းကျယ်တူးမြောင်း။ ကျယ်ပြောသော မဲနယ်ရောင် ရေလွှာပေါ်တွင် ကူးလူးသွားလာနေကြသော 'ဂွန်ဒိုလာ' ခေါ် အီတာလျံ သမ္ဗန်ကလေးများနှင့် မော်တော်ဘုတ်ကလေးများ။

မျက်စိပသာဒ လှလိုက်သည့် ရှုခင်း၊ ရေလွှာပေါ်မှ ရှုမဝသည့် အံ့ဖွယ်နတ်ဘုံနတ်နန်းကလေး တစ်ခုပါတကား။

ပါမောက္ခကြီး၏ စိတ်ကူးသည် တစ်နေရာသို့ ပျံသန်းသွားပြန်သည်။ သည်ဖြစ်ရပ်ကို သူဘယ်တော့မှ မမေ့။ တစ်သက်တာတွင် မေ့မရနိုင်သော ဖြစ်ရပ်။

ဗင်းနစ်မြို့ရောက်ပြီး နှစ်ရက်မြောက်နေ့တွင် သူ့မိခင်ကြီး ကောက်ကာငင်ကာ နေမကောင်းဖြစ်လာသည်။ နေမကောင်းသည့်ကြားကပင် ဖလော့ရင့်သို့ ခရီးဆက်ခဲ့ကြသည်။ ဖလောရင့် ရောက်တော့ ရောဂါပိုသည်းလာသည်။ သို့ဖြင့် ရောမမြို့မှတစ်ဆင့် လန်ဒန်သို့ ကမန်းကတန်း ပြန်လာခဲ့ရတော့သည်။

လန်ဒန်သို့ ပြန်ရောက်ပြီး ရက်သတ္တပတ် နှစ်ပတ်အကြာတွင် မိခင်ကြီးသည် ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့လေသည်။ နောက်နှစ်လခန့်အကြာတွင် ဆေးကျောင်းသားကလေး မက္ကဒေါ်နယ်သည် သူ၏ဘဝတာဆုံးဖြတ်ချက်ကြီးတစ်ခုကို အပြီးအပိုင် ချမှတ်လိုက်တော့သည်။

တခြားမဟုတ်၊ ဆေးတက္ကသိုလ်မှ ဘွဲ့ရပြီးလျှင် ဇရာတားဆီးရေးပညာရပ်ကို စိုက်လိုက်မတ်တတ် ဆက်လက် လေ့လာသွားမည်ဟူသော ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ တကယ်တော့ သည်ဆုံးဖြတ်ချက်သည် မိခင်ကြီးအသေစောသွားရခြင်းကို ယူကျုံးမရဖြစ်မိရာမှ လူသားတိုင်း အနာရောဂါကင်းရှင်းပြီး အသက်ရှည်ရှည် နေထိုင်သွားနိုင်မည့် အာယုဩသဓဆေးကို မဖြစ်မနေ ရှာဖွေရန် စိန်ခေါ်လိုက်ခြင်းပင် ဖြစ်တော့သည်။

www.burmeseclassic.com



တကယ်လို့သာ သူ့အနေဖြင့် ဗင်းနစ်မြို့သို့ မိခင်ကြီးနှင့်အတူ ခရီး မထွက်မီကာလကပင် 'စီ-၉၈' ဆေးကို ရှာဖွေတွေ့ရှိမည်ဆိုလျှင် မိခင်ကြီး သည် သူ့အား သည်နေ့လယ်အချိန်တွင် ဗင်းနစ်လေဆိပ်မှ ဆိုက်ဆိုက်မြိုက် မြိုက် ကြိုဆိုနေနိုင်ခဲ့မည်ဖြစ်သည်။

သို့သော် အတိတ်ဆိုသည်ကား တားထား၍ ရစကောင်းသောအရာ မဟုတ်။ ရှိစေတော့။ အတိတ်ကို အတိတ်မှာပဲ ထားလိုက်ပါတော့။

အရေးကြီးသည်က မနက်ဖြန်။ မနက်ဖြန်သည် အနာဂတ်။ သူ့တွင် အနာဂတ်အတွက်၊ လူ့လောကတစ်ခုလုံးအတွက် တန်ဖိုးဖြတ်နိုင်သော လက် ဆောင်မွန်ကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိထားပြီ မဟုတ်ပါလား။

ယနေ့မှ စ၍နောက်ကာလအဖို့တွင် သူ့မိခင်ကြီးလို မိခင်ပေါင်းစွာ တို့သည် အိုခြင်း၊ နာခြင်း ကင်းပြီး သက်တမ်း ၁၅၀ အထိ နုပျိုရွှင်လန်းစွာ နေထိုင်သွားနိုင်ကြပေတော့မည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ မိခင်အပေါင်းတို့သည် သားသမီး၊ မြေး၊ မြစ်၊ တီ၊ ကျွတ်ပေါင်းများစွာတို့၏ အလယ်တွင် ပျော်ရွှင်စွာ ဖြင့် လူ့ဘဝသက်တမ်းကို အကြာကြီး ဖြတ်ကျော်သွားနိုင်ကြပေတော့မည်။ ဝမ်းသာစရာ ကောင်းလေစွ။

ပါမောက္ခကြီးသည် ရုတ်တရက် သတိပြန်ဝင်လာသည်။ သူသည် လေဆိပ် အဆောက်အအုံဆီသို့ လျှောက်သွားနေသည်။ တံခါးကို ဖွင့်ပြီး အဆောက်အအုံထဲ ဝင်လာခဲ့သည်။

အဝင်ဝကောင်တာတွင် နောက်ဆုံးအသုတ် ရှုရှခရီးသည် တချို့ တန်းစီ နေကြသည်။ ကောင်တာအလယ် ခွေးခြေပေါ်တွင် အီတာလျံ အရာရှိ တစ်ဦး ထိုင်နေသည်။ သူသည် ခရီးသည်များ၏ ခရီးသွားလက်မှတ်များကို စစ်ဆေး နေသည်။ အားလုံး လူရှင်းသွားသောအခါ ပါမောက္ခမက္ကဒေါ်နယ်က ကောင် တာရှေ့ ရပ်လိုက်သည်။

"နိုင်ငံကူးလက်မှတ်နဲ့ လေယာဉ်ဆင်း လက်မှတ် ကျေးဇူးပြုပါ" အရာရှိက တောင်းသည်။

ပါမောက္ခကြီးက အပေါ် အင်္ကျီအိတ်ထဲမှ နှစ်ခုစလုံးကို ထုတ်ပေး လိုက်သည်။ အရာရှိက လေယာဉ်ဆင်းလက်မှတ်ကို တစ်နေရာတွင် သိမ်း လိုက်သည်။ ထို့နောက် နိုင်ငံကူးလက်မှတ်စာအုပ်ကို ဖွင့်ကြည့်သည်။ မှတ်ပုံ တင်ဓာတ်ပုံကို တစ်လှည့် ပါမောက္ခကြီး၏ မျက်နှာကို တစ်လှည့် ကြည့်သည်။

သူက နိုင်ငံကူးလက်မှတ်ပြန်ပေးရင်း အင်္ဂလိပ်စကားဖြင့် –

"လေဆိပ်က မထွက်ခင် ဟိုဘက်တံခါးဝက အမျိုးသမီးကလေး ဆီမှာ ပြပါဦး"

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်'

ပါမောက္ခကြီးသည် ဆက်လျှောက်လာခဲ့သည်။ တစ်နေရာရောက်တော့ လက်ဝဲဘက်ချိုးလိုက်သည်။ အခန်းကျယ်ကြီးတစ်ခန်းသို့ ရောက်လာသည်။ အခန်းကို သံလက်ရန်တန်းများဖြင့်ကာ ထားသည်။ ခပ်လှမ်းလှမ်းတွင် လက်ဆွဲတန်ဆာရွေးဌာနရှိသည်။ ရုရှခရီးသည်တွေ ပြွတ်သိပ်နေကြသည်။

ပါမောက္ခကြီးက သူတို့ဆီသို့ လျှောက်သွားသည်။ နောက်မှ ရုတ်တရက် သတိရမိသည်။ သူ့မှာ ဘာပစ္စည်းမှ မပါတာဘဲ။

သူ့ရှေ့ မလှမ်းမကမ်း စားပွဲတစ်လုံးတွင် ယူနီဖောင်းဝတ် အီတာလျံအရာရှိနှစ်ယောက် ရပ်နေကြသည်။ စားပွဲပေါ်တွင် 'အကောက်ခွန်' ဟူ၍ စာတန်းကပ်ထားသည်။ သူတို့အလွန်ကလေးက ကောင်တာတစ်ခုတွင် အပြာရောင် ဘလောက်စ်ဝတ်ထားသော အီတာလျံ အမျိုးသမီးကလေးတစ်ယောက် ရပ်နေသည်။ အပေါ်မှ စာတန်းက 'ပြန်ကြားရေးဌာန'။

ပါမောက္ခကြီးက ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်ကို ကမန်းကတန်း စဉ်းစားကြည့်သည်။

အမျိုးသမီးကလေးထံတွင် သည်နေ့ည ပါရီသို့ လေယာဉ် ရှိမရှိ စုံစမ်းမည်။ သိပ်တော့ မသေချာ။ အချိန်က နှောင်းနေပြီ။ ဒါပေမယ့် လိုရမည်ရ မေးတော့ မေးကြည့်ရမည်။ တကယ်လို့ လေယာဉ်မရှိလျှင် မြို့ထဲဝင်မည်။ ဂရင်း ဟိုတယ်မှာ တည်းမည်။ ဂရင်းဟိုတယ်မရလည်း တခြားရရာ ဟိုတယ် တစ်ခုခုပေါ့။ အဲဒီမှာ အခန်းငှားပြီး တစ်ညအိပ်မည်။ ပြီးတော့ မနက်ထွက်တဲ့ အစောဆုံးလေယာဉ်နှင့် ပါရီကို လိုက်မည်။ ပါရီမှာ ဒေါက်တာ အက်ဒွပ် ရှိနေသည်။ ဒေါက်တာ အက်ဒွပ်က သူ့လက်ထောက်တပည့်။ သူ့အလာကို စောင့်နေသည်။

ပါရီရောက်ရောက်ချင်း ဒေါက်တာ အက်ဒွပ်ဆီ သွားပြီး သူ၏ သမိုင်းဝင် တွေ့ရှိချက်ကြီးကို ဖွင့်ပြောလိုက်မည်။ ဝမ်းသာလိုက်မည့်ဖြစ်ခြင်း။

ပြီးတော့မှ အခန်းထဲ ညစာမှာစားမည်။ ညစာစားပြီးတော့ ဘာမှ မတွေးတော့ဘဲ တစ်ခါတည်း အိပ်ရာထဲပဲ လှဲချလိုက်တော့မည်။ အိပ်ရေးဝဝ မအိပ်ခဲ့ရတာ ကြာလှပြီ။ သူ့အတွက် လောလောဆယ် အိပ်ရေးဝဖို့ထက် တခြား ဘယ်အရာမျှ မလိုအပ်တော့။ သူသည် သမိုင်းဝင် စံချိန်တင်ရမည့် ရှာဖွေတွေ့ရှိမှုကြီးကြောင့် ဝမ်းသာလွန်းပြီး စိတ်လှုပ်ရှားခဲ့ရသည်။ ရှန်ပိန်အရက်နှင့် အောင်ပွဲကလေးတစ်ပွဲ ခံခဲ့သောကြောင့်လည်း စိတ်လှုပ်ရှားခဲ့ရသည်။ ပြီးတော့ ညကြီးမင်းကြီး အချိန်မတော် သက်စွန့်ဆံဖျား ထွက်ပြေးလာခဲ့ရခြင်းနှင့် လေယာဉ်ခရီးတို့ကြောင့်လည်း ရင်တဖိုဖို ဖြစ်ခဲ့ရသည်။

www.burmeseclassic.com



ထို့ကြောင့် သူသည် ကိုယ်ရော စိတ်ရော နားခွင့်မရခဲ့။ တစ်ကိုယ်လုံး တောင့်တင်းနေသလို ခံစားနေရသည်။ ဒါကြောင့် အေးအေးဆေးဆေး အနား ယူရမည်။ လာမည့် ရက်သတ္တပတ်အတွင်း ကြုံရဦးမည့် အောင်ပွဲကြီးအတွက် အားမွေးထားရမည်။ နောက် ခြောက် ရက် အကြာမှာလား။ ခုနစ် ရက် အကြာ မှာလား။ (အတိအကျတော့ မသိရသေး) ပါရီမြို့တွင် 'ဇရာဇေဒ လေ့လာရေး အသင်း' ညီလာခံကြီး ကျင်းပလိမ့်မည်။ အဲဒီမှာ သူ့တွေ့ရှိချက်ကို စာရွက်ပေါ် အဖြူအမည်းအတိအကျ အက္ခရာတင်ပြီး စာတမ်းဖတ်မည်။ ကမ္ဘာသို့ ကြေ ငြာမည်။ အဲဒီအခါကျတော့ သူ့အနေဖြင့် ထပ်ပြီး သည်ထက်သည် အလုပ် များပေဦးမည်။ တကယ်တော့ သူ့အဖို့ ရှေ့ဆက်ပြီး မရပ်မနား အလုပ်များနေ ဦးမည်သာ ဖြစ်သည်။ သူ့တစ်သက်တွင် ဘယ်တော့မှ အေးအေးလူလူ နေနိုင် စရာ မရှိတော့။

ပါမောက္ခကြီးသည် နိုင်ငံကူးလက်မှတ်ကို ကိုင်ပြီး အကောက်ခွန် အရာရှိများရှိရာသို့ လျှောက်လာခဲ့သည်။ သူတို့က သူ့ကို စိတ်ဝင်စားဟန်ဖြင့် ကြည့်နေကြသည်။ သူ့မှာ ဘာပစ္စည်းမှ ပါမလာသောကြောင့် ဖြစ်နိုင်သည်။ အကောက်ခွန်အရာရှိတစ်ဦးက သူ့ကို မပြုံးမရယ်ဖြင့် ခေါင်းညိတ်ပြသည်။ သူက ဘယ်လိုမှ မတုံ့ပြန်ဘဲ ဖြတ်လျှောက်လာခဲ့သည်။ အမျိုးသမီးကလေးရှေ့ ရောက်လာသည်။

အမျိုးသမီးကလေးက ပြုံးပြီး –

"နိုင်ငံကူးလက်မှတ် ကျေးဇူးပြုပါ။ ဆီညော်"

သူက ကမ်းပေးလိုက်သည်။ သူမက လက်မှတ်ကို လှန်ကြည့် သည်။ ဓာတ်ပုံကို ကြည့်သည်။ လူကို ကြည့်သည်။

"လူကြီးမင်းက ဒေးဗစ်မက္ကဒေါ်နယ်လား"

"ဟုတ်ပါတယ်"

"ကောင်းပါပြီ သွားနိုင်ပါပြီရှင်"

ပါမောက္ခက နိုင်ငံကူးလက်မှတ် အိတ်ထဲပြန်ထည့်ရင်း တုန့်ဆိုင်း ဆိုင်း လုပ်နေသည်။ ပြီးတော့မှ – "ဒါနဲ့ မသိလို့ တစ်ခုလောက် မေးပါရစေ မိန်းကလေး ဒီည ပါရီသွားမယ့် လေယာဉ်များ ရှိပါသေးသလား"

"မရှိပါဘူး မရှိတော့ပါဘူး။ ဒီအချိန်မှတော့ ဘာလေယာဉ်မှ မရှိ တော့ ပါဘူး။ ခရီးစဉ်အားလုံး ပိတ်သွားပါပြီ။ မနက်ကျတော့မှ အေးအေးသက် သာ စီးတာပေါ့"

"ကျေးဇူးတင်ပါတယ်။ ဒါနဲ့ လေယာဉ်ကွင်းက မြို့ထဲ ဘာနဲ့ သွားရ မလဲ။ အပြင်မှာ တက္ကစီများရနိုင်မလား"



BURMESE CLASSIC .com

www.burmeseclassic.com



"ကုန်းတက္ကစီတော့ မရှိတော့ပါဘူး။ ရေတက္ကစီတော့ အပြင်မှာ အဆင်သင့်ပါပဲ။ ရေတက္ကစီဆိုတာ ကူးတို့ မော်တော်ဘုတ်ကိုပြောတာပါ။ မိနစ် ၂၀ ဆယ်စီးရင် ဗင်းနစ်မြို့ထဲ ရောက်ပါတယ်" သူမက လက်ဝဲဘက်သို့ မေးထိုးပြရင်း "ဟိုအပြင်ဘက်မှာ ကူးတို့ ဆရာတွေ ရှိပါတယ်။ သူတို့က မြို့ထဲရောက်အောင် ပို့ပေးပါလိမ့်မယ်"

ပါမောက္ခကြီးသည် အနီးဆုံး တံခါးပေါက်မှ ထွက်လိုက်သည်။ နောက်ထပ် အခန်းကျယ်ကြီးတစ်ခန်းထဲ ရောက်လာသည်။ တံခါးဝတွင် လူငယ်နှစ်ယောက်နှင့် ရင်ဆိုင်တိုးသည်။ တစ်ယောက်က ပုပုသေးသေး။ သူ့ဝတ်စုံက အပြာရောင်။ တွန့်ကြေနေပြီ။ တခြားတစ်ယောက်က ထွားထွား ကျိုင်းကျိုင်း။ သူက ကက်ဦးထုပ် အနွမ်းကလေး ဆောင်းထားသည်။ အဖြူရောင်ရှပ်အင်္ကျီနှင့် မီးခိုးရောင်ဝတ်စုံဝတ်ထားသည်။

"မြို့ထဲသွားမှာလား ခင်ဗျာ"

အရပ်ပုပု လူငယ်က မေးသည်။

"ဟုတ်ပါတယ်"

"ကျွန်တော်တို့မှာ မော်တော်ဘုတ်ရှိပါတယ်။ ကျွန်တော်နဲ့ လိုက်ခဲ့ပါ။ ဘာပစ္စည်းတွေ ပါပါသေးသလဲ ခင်ဗျား"

"ဘာမှ မပါဘူး"

လူငယ်နှစ်ယောက်က ရှေ့က သွားသည်။ ပါမောက္ခကြီးက နောက်မှ လိုက်လာသည်။ သူတို့သည် ကူးတို့ဆိပ်သို့ လျှောက်လာကြသည်။

"ကျုပ်က ဂရင်းဟိုတယ်မှာ တည်းချင်တယ်။ ဂရင်းဟိုတယ်ဆိုတာ မြို့ထဲမှာ ရှိသလား" ပါမောက္ခကြီးက သွားရင်းမတ်တတ်စုံစမ်းလိုက်သည်။

"ဟုတ်ပါတယ် … ဟုတ်ပါတယ်။ ဂရင်းဟိုတယ်ရှိပါတယ်။ ဂရင်းတူးမြောင်းနဲ့ နီးနီးကလေးပါ။ အရမ်းကောင်းတဲ့ ဟိုတယ်"

"ဒါပေမယ့် ကျုပ်က ကြိုတင်ပြီး ဘွတ်ကင်လုပ်ထားတာ မဟုတ်ဘူး။ ဟိုရောက်မှ ဖြစ်သလို ကြည့်လုပ်ရမှာပဲ"

မကြာမီ ကူးတို့ဆိပ်ရောက်လာကြသည်။ ကူးတို့ဆိပ်တွင် နီညိုရောင် မော်တော်ကလေးတစ်စီး ဆိုက်ထားသည်။ မော်တော်ကလေးသည် ရေစပ်တွင် ဘယ်လူးညာပြန်လူပ်ရှားနေသည်။

အရပ်ပုပုလူငယ်က မော်တော်ထဲ အရင် ဆင်းလိုက်သည်။ ပြီးတော့ ပါမောက္ခကြီးဆီသို့ လက်ကမ်းပေးသည်။ ပါမောက္ခကြီးက လူငယ်၏လက်ကို လှမ်းဆွဲပြီး မော်တော်ထဲသို့ ဒယီးဒယိုင်နှင့် ဆင်းလိုက်သည်။ နောက်လူငယ်က မော်တော်ကျောက်ဆူးကြိုးကို ဖြုတ်ပြီးမှ မော်တော်ပေါ်သို့ တက်သည်။

www.burmeseclassic.com



"ဟိုအထဲကို သွားပါခင်ဗျာ" အရပ်ပုပုလူငယ်က ပါမောက္ခကြီးကို လှမ်းပြောသည်။

"အဲဒီမှာ အေးအေးထိုင်နိုင်တာပေါ့။ မကြာခင် မြို့ထဲရောက် သွားမှာပါ"

ပါမောက္ခကြီးက ခေါင်းငုံ့ပြီး မော်တော်ခန်းထဲသို့ ဝင်လိုက်သည်။ အခန်းက အတော်ကလေး ကျယ်သည်။ မီးရောင်လည်း ထိန်းလင်းနေသည်။ သူသည် ဆိုဖာခုံရှည်တစ်ခုပေါ်တွင် ထိုင်ချလိုက်သည်။

ထို့နောက် အပြင်သို့ လှမ်းကြည့်လိုက်သည်။ ထွားထွားကျိုင်းကျိုင်း လူငယ်က မော်တော်စက်နောက်တွင် ရပ်နေသည်။ အရပ်ပုပုလူငယ်က သူ့ဘေးနားတွင် ရပ်လျက်။

လူနာချောင်းဆိုးသံကို စက်သံတဟွတ်ဟွတ် မြည်လာသည်။ ခဏကြာတော့ ရေပေါ်တွင် တစ်ပတ်လည်ပြီး ရှေ့တူရူသို့ မောင်းထွက်လာခဲ့သည်။

ပါမောက္ခကြီးက စိတ်စောနေသည်။ ဟိုတယ်သို့ ရောက်ချင်လှပြီ၊ မနက်အစောဆုံးလေယာဉ် မီအောင် အစီအစဉ် ချရဦးမည်။ ပြီးတော့ ပါရီသို့ ဖုန်းဆက်ချင်သည်။ ဒေါက်တာ အက်ဒွပ်နှင့် တွေ့ချင်လှပြီ။ မနက်ဖြန်အထိ မစောင့်ချင်တော့။ ဒေါက်တာ အက်ဒွပ်နှင့် ဖုန်းအဆက်အသွယ်ရလျှင် ကမ္ဘာကျော်မည့် သတင်းဦး သတင်းထူးကြီးကို ဖွင့်ပြောလိုက်တော့မည်။

ရေလှိုင်းကိုခွဲပြီး လွန်းထိုးပြေးနေသော မော်တော်ကလေး၏ အရှိန်နှင့် ထပ်တလဲလဲ ကြားနေရသော အင်ဂျင်စက်သံကြောင့် မကြာမီတွင်ပင် ပါမောက္ခကြီး၏ အတွေးများ ငြိမ်သွားသည်။ သူသည် ကိုယ်ကို နောက်ပစ်ထိုင်ချလိုက်သည်။ ရုတ်တရက် သတိရသလို အပေါ်အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်သည်။ ဆေးပြင်းလိပ် သုံးလိပ် စမ်းမိသည်။ တစ်လိပ်ယူပြီး ဆေးလိပ်စွပ်တွင် စွပ်သည်။ ပြီးတော့ ငွေရောင်မီးခြစ်ကို ထုတ်ပြီးမီးညှိသည်။

ဆေးလိပ်ဖွာရင်းမှ အခန်းပြတင်းဘက် စောင်းကြည့်လိုက်သည်။ ပြတင်းတွင် အပြာရောင်လိုက်ကာကို တင်ထားသည်။ ပြတင်းကိုဖြတ်ပြီး ခပ်ဝေးဝေးတွင် မီးရောင်များ ရေးရေးမြင်ရသည်။ ဗင်းနစ်မြို့ပင်ဖြစ်ပေလိမ့်မည်။

အချိန် ငါး မိနစ်လောက် ကြာသွားပြီ။ ၁၀ မိနစ်လည်း ဖြစ်နိုင်သည်။ ပါမောက္ခကြီးသည် နေရာပြင် ထိုင်လိုက်ပြီး ရှေ့တည့်တည့် ပြတင်းပေါက်မှ အပြင်ဘက်သို့ စိုက်ကြည့်လိုက်သည်။ မီးရောင်တွေ ပိုများလာသည်။ ပိုလင်းလာသည်။ အဆောက်အအုံတွေကို ပီပီပြင်ပြင် မြင်လာရသည်။ လူနေတိုက်တာများ၊ ကုန်တိုက်များ၊ ဂိုဒေါင်များ ဧကန္တဗင်းနစ်မြို့ပြင်ရပ်ကွက်ပဲ ဖြစ်မည်။ ပါမောက္ခကြီးက ကျိန်းသေပေါက်တွက်လိုက်မိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ရှေ့တွင် တူးမြောင်းသည် တဖြည်းဖြည်း ကျယ်၍ကျယ်၍ လိုက်လာသည်။ ကမ်းခြေအိုင်ကြီးထဲ ဝင်လာသည်။ လက်ဝဲဘက်တွင် ကျွန်းကလေးတစ်ကျွန်းကို မှိုင်းညို့ညို့ မြင်ရသည်။ လက်ယာဘက်တွင် ကမ်းခြေ၊ အိုးအိမ်တိုက်တာတွေ ပို၍ပို၍ မြင်လာရသည်။ အချို့က မီးရောင်လင်းနေသည်။ အချို့က အမှောင်ရိပ်ထဲ ရေးရေးမျှသာ ထင်သည်။

မော်တော်ဘုတ်သည် တံတားအောက်က ဖြတ်သွားသည်။ တံတားတွင် 'ပွန်တီဗီဗာရီနီ' ဟူ၍ ဆိုင်းဘုတ်ချိတ်ထားသည်။

တူးမြောင်းဝမှ ထွက်ပြီး ရေပြင်ကျယ်ကြီးထဲသို့ ရောက်လာသည်။ လက်ယာဘက် ခပ်လှမ်းလှမ်းတွင် ကုန်းမြေကို လှမ်းမြင်လိုက်ရသည်။ မီးတွေ ထိန်ထိန်လင်းနေသည်။ ညဘက်နှင့်ပင် မတူ။ နေ့ဘက်လို့ ထင်ရသည်။

အဲဒါ ဗင်းနစ်မြို့ရဲ့ ဗဟိုချက်ချာ သမိုင်းဝင်နေရာဖြစ်မည်။ ပါမောက္ခကြီးက စိတ်မှန်းဖြင့် ရော်ရမ်းကြည့်သည်။

ရောက်တော့မည်။ သူ မျှော်မှန်းခဲ့သော ခရီးပန်းတိုင်ကို ခဏအကြာတွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တော့မည်။

ကွေ့တော့မည်။ ကွေ့တော့မည်။ ဗင်းနစ်မြို့ ဘက်ကို မော်တော်ကွေ့တော့မည်။

သူက ရောက်ဖော့နှင့် စိတ်ထဲမရိုးမရွ ဖြစ်နေသည်။ ဖင်တကြွကြွ ဖြစ်နေသည်။ မျှော်တလင့်လင့် ဖြစ်နေသည်။

သို့သော် မော်တော်က လက်ယာဘက်ကို လုံးဝမကွေ့။

ရှေ့တည့်တည့်သို့သာ ဖြတ်ကျော်တက်လာခဲ့သည်။ မော်တော်သည် ကမ်းခြေအိုင်ကြီး အလယ်ဆီသို့ စက်ရှိန်မြှင့်ပြီး တစ်ဟုန်ထိုး ခုတ်မောင်းနေသည်။

နောက်ဆုံးတော့ ပါမောက္ခကြီးသည် သူ ဘယ်နေရာသို့ ရောက်နေမှန်း လုံးဝမသိတော့။

ဒီသူငယ်တွေ သူတို့လမ်း သူတို့သိပါလိမ့်မည်။ သူတို့ လုပ်ပုံကြည့်ရတာ အတွင်းက ပတ်ပြီး မြို့ထဲလှည့်ဝင်မယ် ထင်ပါရဲ့။

သူက ယင်းသို့ တွေးပြီး ထိုင်ခုံပေါ်တွင် အေးအေးဆေးဆေး ပြန်ထိုင်သည်။

ဆေးပြင်းလိပ်ကို ဖွာရှိုက်ရင်း စိတ်ကို လျှော့ထားလိုက်သည်။

နောက်မိနစ်ပိုင်းတွင် မော်တော်စက်သံ တိုးသွားသည်။ အရှိန်လည်း နှေးသွားသည်။ ဆက်တိုက်လိုပင် မော်တော်သည် တစ်စုံတစ်ရာနှင့် ခပ်ဖော့ဖော့ ထိမိပြီး လုံးဝရပ်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ပေါမောက္ခကြီးက လက်ပတ်နာရီကို ကြည့်လိုက်သည်။ စုစုပေါင်း ၃၂ မိနစ်ကြာသည်။ လေယာဉ်ကွင်းမှ သူငယ်မက ပြောတော့ မိနစ် ၂၀ ခရီးတဲ့။ အင်း ... မဆန်းပါဘူးလေ။ အီတလီမှာ ဘယ်နေရာမှာမဆို အချိန်မှန်ဆိုတာ မရှိဘဲ။ သူက စာထဲဖတ်ဖူးသည့်အတိုင်း ကောက်ချက်ချလိုက်သည်။

ကူးတို့လူငယ်နှစ်ယောက်က အီတလီ စကားဖြင့် လှမ်းခေါ်လိုက်သည်။ ဘယ်သူ့ကို ခေါ်လို့ ဘာကိုပြောမှန်းမသိ။

ပါမောက္ခကြီးက ပြတင်းပေါက်ဘက် တစ်ချက်စောင်းကြည့်လိုက်သည်။ ဆိပ်ခံတံတားကို မြင်ရသည်။ တံတားနှင့် မလှမ်းမကမ်းတွင် နှစ်ထပ်တိုက်တစ်လုံး၊ ကြီးလည်းကြီးသည်။ အတော်လည်း ဟောင်းနေပြီ။ ပြတင်းပေါက်တွေအားလုံး ဖွင့်ထားသည်။ အဝါရောင်မီးလုံးတွေ ဝင်းထိန်နေသည်။

'ဆီညော်'

တစ်စုံတစ်ယောက်၏ ခေါ်သံကြားလိုက်ရသည်။ အရပ်ပုပု လူငယ်၊ သူက အခန်းတံခါးဝတွင် ရပ်နေသည်။

ပါမောက္ခကြီးသည် ထိုင်ရာမှ ထသည်။ ကိုယ်ကို ကုန်းပြီး အခန်းထဲမှ ထွက်လိုက်သည်။ သူမော်တော်အပြင်ဘက်သို့ ရောက်လာခဲ့ပြီ။ ကိုယ်ထည် ထွားထွား လူငယ်က လက်ကမ်းပေးပြီး ဆိပ်ခံတံတားဘက်သို့ တွဲခေါ်လာသည်။

ကုန်းပေါ်ရောက်ရန် လှေကားထစ် ခြောက်ထစ် ခုနစ်ထစ်လောက် တက်ရမည်။

ပါမောက္ခကြီးက ကုန်းပေါ်လှမ်းကြည့်လိုက်သည်။ အပေါ်တွင် လူနှစ်ယောက်ရပ်နေသည်။ တစ်ယောက်က အရပ်ဝတ်နှင့် ကျန်တစ်ယောက်က ယူနီဖောင်းနှင့်။

အရပ်ဝတ်နှင့် လူက ပါမောက္ခကြီးအား နှုတ်ဆက်သလို ခေါင်းကို မသိမသာ ညိတ်ပြသည်။

ပါမောက္ခကြီးတွေ သွားသည်။ ဇဝေဇဝါ ဖြစ်သွားသည်။ ဘယ့်နှယ် သဘောပါလိမ့်။

သူက ကူးတို့ လူငယ်များဘက်ပြန်လှည့်ပြီး –

"အခု ဒါ ဘယ်ရောက်နေတာလဲ။ ဒါ ဗင်းနစ်မြို့ မဟုတ်ပါဘူး"

"ဟုတ်ပါတယ် ခင်ဗျား၊ ဒါ ဗင်းနစ်မြို့ မဟုတ်ပါဘူး"

ထွားထွားကျိုင်းကျိုင်း လူငယ်က ပြန်ပြောလိုက်သည်။ ပြီးတော့ သူက မော်တော်ကို ရေထဲပြန်တွန်းလိုက်သည်။ မော်တော်သည် ကမ်းနှင့် ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီ။

www.burmeseclassic.com



ပါမောက္ခကြီးသည် ပါးစပ်အဟောင်းသားနှင့် ကမ်းပေါ်သို့ ကြည့်လိုက်ပြန်သည်။

သူသည် နေရာတွင် မလှုပ်မယှက် ရပ်နေသည်။

"လာပါ၊ အပေါ်တက်ခဲ့ပါ။ ဘာမှလုပ်လို့ မရတော့ပါဘူး။ ဒီက သေနတ်နဲ့ ချိန်ထားပြီးသားပါ"

ကမ်းပေါ်မှ တစ်ယောက်က လှမ်းအော်ပြောလိုက်ခြင်းဖြစ်သည်။

ပါမောက္ခကြီးသည် ခြေထောက်တွေ ထုံကျဉ်ပြီး လေးသွားသလို ခံစားလိုက်ရသည်။

ကမ်းပေါ်သို့ တစ်လှမ်းချင်း တက်လာခဲ့သည်။ အပေါ်မှ လူနှစ်ယောက်ရှေ့သို့ ရောက်လာသည်။

ကာကီယူနီဖောင်းဝတ် ပုဂ္ဂိုလ်က အီတာလျံအမျိုးသား၊ အဖြူရောင် အဝတ်ပြားကို စလွယ်သိုင်းထားသည်။ မြို့စောင့်ရဲ အရာရှိဖြစ်ကြောင်း မပြောဘဲနှင့် သိလာသည်။ သူ့ခါးတွင် ပစ္စတိုအသေးစားကလေး ချိတ်ထားသည်။

ကျန်တစ်ယောက်က ဆံပင်ကောက်ကောက်၊ မျက်ပေါက်ကျဉ်းကျဉ်း၊ နှာခေါင်းက ချွန်ချွန်၊ မျက်နှာက ဆလပ်သွေးပါသော မျက်နှာမျိုး၊ လေးထောင့်စပ်စပ်၊ သူက အပြာရင့်ရောင်ဝတ်စုံကို ဝတ်ထားသည်။ မျက်နှာ အမူအရာကတော့ ခပ်ချိုချို။

"ဒါက ဘယ်လိုလုပ်ကြတာလဲ" ပါမောက္ခကြီးက အသံတုန်တုန်ဖြင့် မေးလိုက်သည်။ "ကျုပ်က ဗင်းနစ်မြို့ကို လာတာ အခု ဒါ ဘယ်ရောက်နေတာလဲ"

"ဆရာကြီး ရောက်နေတာက ဆန်လက်ဇာရိုကျွန်းပါ ခင်ဗျား" အရပ်ဝတ်နှင့် ပုဂ္ဂိုလ်က ပြန်ပြောသည်။ သူ့အသံက ရှရှသံဝဲနေသည်။ "ဒီနေရာက ဗင်းနစ်မြို့ရဲ့ ရှစ်မိနစ်ခရီးပါ ဆရာကြီး"

"အဲဒီတော့ ဒါက ဘာသဘောလဲ။ ကျုပ်က ဒီနေရာ ဘာဖြစ်လို့ ရောက်လာရတာလဲ"

"ဆရာကြီးရဲ့ လုံခြုံရေးအတွက်ပါ။ ဆရာကြီးကို တခြားနေရာမှာ စိတ်မချရပါဘူး။ ဒီနေရာမှာပဲ စိတ်ချရလို့ပါ။ ဆရာကြီးက အင်မတန် တန်ဖိုးကြီးတဲ့ ပုဂ္ဂိုလ်ကြီးပါ"

ပါမောက္ခကြီးသည် အကြီးအကျယ် စိတ်ညစ်သွားသည်။ တစ်ကိုယ်လုံးလည်း ကြက်သီးမွေးညင်း တဖြန်းဖြန်းထသွားသည်။

"အဲဒီတော့ ခင်ဗျားတို့က ကျုပ်တို့ ဒီနေရာကို ဘာလုပ်မလို့ ခေါ်လာရတာလဲ"



BURMESE CLASSIC .com

www.burmeseclassic.com



"ကျွန်တော်တို့က ဆရာကြီးကို ဒီမှာခဏ စောင့်ရှောက်ထားတာပါ။ အမြဲတမ်း မထားပါဘူး။ စိတ်ချပါ။ မကြာခင်မှာ ဆရာကြီးကို အိမ်ပြန်ပို့ပေးပါမယ်။ ဟုတ်ပါတယ်၊ အိမ်ကို ပို့ပေးမှာပါ။ ဆရာကြီးကို ဆိုဗီယက်ယူနီယံကို အမြန်ဆုံး ပို့ပေးပါမယ်"

*

နောက်တစ်နေ့နံနက်။

သံတိုက်စိုက် ပြတင်းပေါက်များမှ တစ်ဆင့် နွေးထွေးသော နေခြည်များ ဖြာကျနေသည်။ လွန်ခဲ့သော နာရီဝက်ခန့်က လာပေးထားသော နံနက်စာ စားဖွယ်သောက်ဖွယ်များကလည်း စားပွဲပေါ်တွင် ပူပူနွေးနွေး အဆင်သင့်။

သို့ပေမယ့် ယင်းအရာများကား ပါမောက္ခမက္ကဒေါ်နယ်၏ စိုးရိမ်ပူပန်မှုကို စိုးစဉ်းမျှ မဖြေဖျောက်နိုင်ကြ။ သူသည် ကိုယ်ရောစိတ်ပါ ထုံထိုင်းအေးစက်လျက်ပင် ရှိသေးသည်။ သူကား ထွက်ပေါက်မရှိတော့၊ ထွက်ပေါက် မမြင်တော့။ သူကား အကျဉ်းသားဘဝသို့ ရောက်ခဲ့ရလေပြီ။

ပါမောက္ခကြီးသည် နွမ်းကြေနေသော အဝတ်အစားများကို ဝတ်လျက် စားပွဲရှေ့တွင် ငူငူကြီးထိုင်နေသည်။ သူ့စိတ်သည် ဝေခွဲမရ ဖြစ်နေသည်။ အားငယ်နေသည်။ သူသည် ပင်ကိုသဘာဝအားဖြင့် အေးဆေးတည်ငြိမ်သူဖြစ်သည်။ အရာရာကို ယုတ္တိယုတ္တာဖြင့် နှိုင်းချိန်ဆင်ခြင်ပြီးမှ လက်ခံတတ်သူဖြစ်သည်။ ယခု သူကြုံတွေ့နေရသော ဘဝသည် သူ၏ပင်ကို ဗီဇနှင့် ဘယ်လိုမှ ဆက်စပ်၍ မရအောင်တခြားစီဖြစ်နေသည်။ သူ့တစ်သက်တာတွင် သည်လိုသည်းထိတ်ရင်ဖိုစိတ်လှုပ်ရှားရသော အတွေ့အကြုံမျိုးကို သည်တစ်ကြိမ်သာ ခံစားရဖူးသေးသည်။

သူသည် သူ၏သုတေသနလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံများစွာသို့ အခေါက်ခေါက်အခါခါ ခရီးထွက်ဖူးပါ၏။ ထို့ပြင် ဆူခူမီမြို့ဝန်းကျင်ရှိ ဘိုးသက်ရှည်၊ ဘွားသက်ရှည်များထံ သွားရောက်၍လည်း သိချင်တာတွေကို အကြိမ်ကြိမ် အလီလီ မေးမြန်းခဲ့ဖူးပါ၏။ သို့သော် ယင်းလုပ်ငန်းအားလုံးမှာ စိတ်အေးလက်အေးနှင့် ပျော်ပျော်ရွှင်ရွှင်လုပ်ရသော လုပ်ငန်းများသာ ဖြစ်သည်။ ယခုလို ရင်တုန်ပန်းတုန် ကြုံဆုံခံစားရသော အခြေအနေမျိုးနှင့် လားလားမျှ မဆိုင်ပါချေ။

လွန်ခဲ့သော ၁၆ နာရီကာလအတွင်း သူ၏သမိုင်းစံချိန်တင်မည့် 'စီ–၉၈' အသက်ရှည်ဆေးနည်းကို ရှာဖွေတွေ့ရှိခြင်း၊ ညကြီးမင်းကြီး အချိန်မဟုတ်အခါမဟုတ် ဆူခူမီမြို့မှ ထွက်ပြေးခဲ့ရခြင်းနှင့် ဗင်းနစ်မြို့သို့အလာ လမ်းခုလတ်တွင် ပြန်ပေးဆွဲခံရခြင်းတို့ကို ပြန်တွေးကြည့်လိုက်လျှင် ယင်းဖြစ်ရပ်



BURMESE CLASSIC .com

www.burmeseclassic.com



များမှာ ရုပ်ရှင်နှင့် လျှို့ဝှက်သည်းဖိုဝတ္ထုများတွင်သာ ကြုံတွေ့ရတတ်သော ဖြစ်ရပ်များဟူ၍ ထင်မှတ်စရာပင်ဖြစ်၏။ ယခုသော်ကား ယင်းဖြစ်ရပ်များသည် အမှန်တကယ် ဖြစ်ပျက်ပေါ်ပေါက်ခဲ့ပြီးဖြစ်၏။ သူ့ဘဝတွင်၊ ကမ္ဘာလူသားအား လုံးတို့ဘဝတွင် မျက်မြင်ဒိဋ္ဌဖြစ်ပျက်ပေါ်ပေါက်ခဲ့ပြီဖြစ်၏။ ဩော် ... ဘယ်လို ပင် တွေးကြည့်တွေးကြည့် တကယ်ပင် မယုံနိုင်စရာပါတကား ....။

သို့သော် ... အပြစ် ကင်းစင်သော၊ စိတ်ကောင်း စိတ်မြတ်ရှိသော သိပ္ပံပညာရှင်ကြီးကား သမိုင်းဝင်လျှို့ဝှက်ချက်ကြီးကို ဦးနှောက်ထဲတွင် သိမ်း ဆည်းလျက် နိုင်ငံရပ်ခြားတိုင်းတစ်ပါးတွင် အကျဉ်းသားဘဝသို့ ရောက်ရှိနေ သည်ကတော့ တကယ့်ဘဝ။ အမှန်ဘဝ၊ လက်တွေ့ဘဝပင်ဖြစ်၏။

ယခုအခါ သူသည် အီတလီနိုင်ငံရှိ ကျွန်းကလေးတစ်ကျွန်းပေါ်မှ အလယ်ခေတ် ခရစ်ယာန်ဘုန်းကြီးကျောင်းအိုကြီးတစ်ကျောင်းထဲတွင် အကျဉ်း သားဘဝဖြင့် ရောက်ရှိနေခြင်းဖြစ်သည်။ သည်အတိုင်းသာဆိုလျှင် သူ့အတွက် အနာဂတ်ခရီးသည် မှောင်အတိသာပြီးနေတော့သည်။ မတွေးဝံ့လောက်အောင် ပင် ကြောက်စရာကောင်းလှတော့သည်။

သူသည် ယမန်နေ့ညက ဖြစ်ရပ်များကို ပြန်တွေးမိသည်။ သူ့အား ဆိပ်ခံတံတားမှ ကမ်းပေါ်သို့ တက်ခိုင်းသည်။ ထို့နောက် သေနတ်နှင့် တေ့ပြီး ခြံဝင်းတစ်ခုကို ဖြတ်ကာ ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုသို့ ခေါ်လာ သည်။ ထိုအဆောက်အအုံမှာ ဘုန်းကြီးကျောင်းဖြစ်ကြောင်း သူတို့ပြော၍သိရ သည်။ ကျောင်းထဲရောက်တော့ ကျောက်လှေကားအတိုင်း ဒုတိယထပ်သို့ အတင်းတွန်းထိုးတက်ခိုင်းသည်။ ရှည်လျားသော စင်္ကြံဆောင်ထဲသို့ ရောက် လာသည်။ နံရံများတွင် ရှေးဟောင်းပန်းပုလက်ရာများကို ပေါင်ခတ်၍ ချိတ်ဆွဲ ထားသည်။ အတန်ကြာလျှောက်ရပြီးနောက် အခန်းတစ်ခန်းရှေ့တွင် ရပ်လိုက် ကြသည်။ အခန်းဝတွင် လက်နက်ကိုင် အီတာလျံ ရဲသားတစ်ယောက် ရပ် စောင့်နေသည်။ ရဲသားမှာ ပါးမြိုင်းမွေးထူလပျစ်ဖြင့် မြင်ရသည်နှင့်ပင် ကျော ချမ်းစရာ ကောင်းလှသည်။

အခန်းတံခါးကို ဖွင့်လိုက်သည်။ သူ့ကို အခန်းထဲ ဝင်ခိုင်းသည်။ သူ့နောက်မှ အရပ်ဝတ်နှင့် ရုရှအမျိုးသားလည်း လိုက်ဝင်လာသည်။ ရုရှအမျိုး သားက ပြောသည်။

"ဒီအခန်းက ပိဋကတ်တိုက်ပါ။ ရှေးဟောင်းအမေရိကန် စာမူတွေ ရော၊ တခြားရှားပါး စာပေမှတ်တမ်းတွေရော အစုံရှိပါတယ်။ အခန်းက မဆိုးပါ ဘူး။ အတော်ကလေး ကျယ်ပါတယ်။ သက်သောင့်သက်သာ နေနိုင်တာပေါ့။ ဆရာကြီး အိပ်ဖို့ ခေါက်ခုတင်ကလေးတစ်လုံးလဲ အဆင်သင့် ပြင်ထားပါ



BURMESE CLASSIC .com

www.burmeseclassic.com



တယ်။ ထမင်းဟင်းလဲ ဒီအခန်းထဲမှာပဲ စားရမယ်။ လိုအပ်တာအားလုံး ကိုယ်တော်ကလေးတစ်ပါးက စီစဉ်ပေးပါလိမ့်မယ်။ ရေချိုးခန်းသွားချင်ရင် ဟောဟိုထောင့်က ဆည်းလည်းခေါင်းလောင်းကြိုး ဆွဲလှုပ်လိုက်ပါ။ ကိုယ်တော်ကလေး ရောက်လာ လာပြီး လိုက်ပို့ပါလိမ့်မယ်။ ဆရာကြီး ကျန်းမာရေးအတွက် ကျွန်တော်တို့ အထူးအလေးထားပါတယ်။ ဒါကြောင့် တစ်နေ့ နှစ်ကြိမ်စီ မှန်မှန်လမ်းလျှောက်ထွက်ပြီး လေကောင်းလေသန့် ရှူပေးပါ။ ထွက်ပြေးမယ်တော့ မကြံလိုက်ပါနဲ့၊ ဘယ်နည်းနဲ့မှ မလွတ်နိုင်ပါဘူး။ ကမ်းမြောင်ရေအိုင်တွေ ပတ်လည်ဝိုင်းနေတဲ့ ကျွန်းပေါ် ရောက်နေတယ်ဆိုတာ သတိရစေချင်ပါတယ်။ အစောင့်တွေလဲ လုံလုံလောက်လောက်ချထားတယ်။ အားလုံးပေါင်း အီတာလျံရဲသား ရှစ်ယောက်၊ လေးယောက်က ဒီကျောင်းထဲမှာ ရှိတယ်။ ကျန်လေးယောက်က ကျောင်းဝင်းထဲမှာ၊ ပြတင်းပေါက်နှစ်ပေါက်စလုံးကို သံတိုင်တွေနဲ့ ပိတ်ထားတယ်။ တံခါးနှစ်ပေါက်ကိုလဲ အပြင်က သော့ခတ်ထားတယ်။ အဲဒီတော့ အဓိပ္ပာယ် မရှိတာတွေလုပ်ဖို့ စိတ်မကူးပါနဲ့၊ ကျွန်တော်တို့နဲ့ ပူးပေါင်းမယ်ဆိုရင် ဆရာကြီးဟာ ဆိုဗီယက်သူနီယံရဲ့ သူရဲကောင်း ဘွဲ့ကိုရမှာ သေချာပါတယ်။ ကဲ ... ဒါပါပဲ။ ဆရာကြီးကို ဆန်လက်ဇာရိုကျွန်းက လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်။ အိပ်ရေးဝအောင် အိပ်လိုက်ပါ။ မနက်ဖြန်မှ တွေ့ကြသေးတာပေါ့'

ယနေ့သည် သူပြောသွားသော 'မနက်ဖြန်' ဖြစ်သည်။ သို့သော် ဆရာကြီးက အိပ်ရေးဝဖို့ မဆိုထားဘိ။ တစ်မှေးကလေးမျှပင် အိပ်မပျော်ခဲ့။

ပါမောက္ခကြီးသည် ကုလားထိုင်မှ ထရပ်လိုက်သည်။ ပိဋကတ်တိုက်ခန်းကို စေ့စေ့စပ်စပ် လေ့လာကြည့်ရှုနေသည်။ မျက်နှာကြက်တွင် အဆန်းတကြယ် မွမ်းမံပြုလုပ်ထားသော မီးပဒေသာ ပန်းဆွဲတစ်ခုကို တွဲလဲချိတ်ထားသည်။ ဒုတိယတံခါးပေါက် တစ်ဖက်တစ်ချက်တွင် ရှေးဟောင်းစာပေများကို မှန်ဗီရိုနှင့် ထည့်ထားသည်။ တစ်ဖက်မှ ပလ္လင်ခုံပေါ်တွင် ကိုယ်တစ်ပိုင်းပုံ စကျင်ကျောက်ဖြူရုပ်တုတစ်ခုရှိသည်။

ယင်းအနားတွင် အလှပြမှန်ဗီရိုထဲ၌ ၈ ရာစုခေတ်ရေး ကိုရမ်ကျမ်းစာမူကို ထည့်ထားသည်။ ထိုစာမူမှာ နပိုလီယန်ဘိုနာဘတ်၏ သိပ္ပံပညာရှင်တစ်ဦးက ဆန်လက်ဇာရိုပိဋကတ်တိုက်သို့ လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ အလှပြမှန်ဗီရိုဘေးနားတွင် ပါမောက္ခကြီး အိပ်ခဲ့သော အနိမ့်စား ခေါက်ခုတင်ကလေးရှိသည်။

သူ့မျက်လုံးများသည် ပြတင်းပေါက်များဆီသို့ ရောက်သွားသည်။ နှစ်ပေါက်စလုံးကို သံတိုင်များဖြင့် ကာထားသည်။ ပြတင်းတစ်ပေါက်၏

www.burmeseclassic.com



အပေါ်ပေါင်တွင် နီညိုရောင်ဝဝကစ်ကစ် ခိုကလေးလေးကောင် နားနေကြသည်။ သူ ဗင်းနစ်မြို့သို့ ပထမဆုံးအကြိမ် အလည်ရောက်စဉ်က ပိုင်ယက်ဇာဆန်မာကို ရပ်ကွက်တွင် ရာပေါင်းများစွာသော ခိုအုပ်ကြီးက ကောက်နှံများ စားနေကြသည်ကို မြင်ခဲ့ရဖူးသည်။ ယခု ခိုလေးကောင်မှာ ဆန်လက်ဇာရိကျွန်းသို့ အပျော်ခရီး ထွက်လာခဲ့ကြဟန်တူသည်။

သူက အလကားထိုင်နေမည့်အစား အပျင်းပြေ တစ်ခုခုလုပ်ရန် စိတ်ကူးရလာသည်။ ထို့ကြောင့် စားပွဲသို့ သွားပြီး ပေါင်မုန့်တစ်လုံးယူသည်။ ပေါင်မုန့်အတုံးကလေးတွေ ဖြစ်အောင် လက်နှင့် ဖဲ့ရင်း ပြတင်းပေါက်နားသို့ ပြန်လာခဲ့သည်။ သူက ပြတင်းပေါက် မင်းတုပ်ကို ဆွဲဖွင့်လိုက်သည်။ ခိုကလေးများမှာ လူနှင့် ယဉ်ပါးနေ၍ ပျံမသွားဘဲ နားမြဲနားနေကြသည်။ သူသည် လက်ဝါးပြင်တွင် ပေါင်မုန့်ပိုင်းကလေးများ တင်ကာ လက်ကို ဆန့်တန်းပေးလိုက်သည်။ ခိုကလေးတွေ ဖျတ်ခနဲ ပျံဆင်းလာပြီး သူ့လက်ပေါ်တွင် နားကာ ပေါင်မုန့်ကို အလုအယက် စားကြသည်။ ပေါင်မုန့်ကုန်တော့ ခိုကလေးတွေ အတောင် တဖျပ်ဖျပ် ခတ်ပြီး ပျံထွက်သွားကြသည်။

ပါမောက္ခကြီးသည် ပြတင်းပေါက်တွင် စိုက်ထားသော သံတံခါးများကို အသေအချာ လေ့လာကြည့်သည်။ တံခါးပေါင်တွင် အပေါက်ဖောက်ပြီး အခိုင်အခံ့ စိုက်ထားခြင်းဖြစ်သည်။ လက်နှင့် ကိုင်လှုပ်တာတောင်မှ လုံးဝမလှုပ်။ သူသည် သံတိုင်များတွင် နဖူးကပ်ပြီး အောက်သို့ ချောင်းကြည့်လိုက်သည်။ မြက်ခင်းပြင်တစ်ခုကို မြင်ရသည်။ ဘုန်းကြီးကျောင်းနောက်ဘက်ပိုင်းဖြစ်သည်။ လက်ယာဘက်တွင် ဗွက်ပေါက်နေသော လမ်းကလေး ရှိသည်။ လမ်းထိပ်တွင် တောင်ပူစာကလေးတစ်ခုရှိသည်။ တောင်ပူစာကလေး ခြေရင်းရှိ သံလွင်ပင်ကြီးအောက်မှ ခုံတန်းလျားကလေးပေါ်တွင် ယူနီဖောင်းဝတ် အစောင့်နှစ်ယောက် ထိုင်နေကြသည်။ နှစ်ယောက်စလုံးပင် အဖြူရောင် အဝတ်ပြားကို စလွယ်သိုင်းထားပြီး ရိုင်ဖယ်သေနတ် ကိုယ်စီနှင့် ဖြစ်သည်။ပါမောက္ခကြီးသည် ပြတင်းပေါက်မှ ပြန်လှည့်လာခဲ့သည်။ သူ တော်တော် စိတ်ဓာတ်ကျသွားသည်။ ထွက်ပြေးရန် လမ်း လုံးဝမမြင်။ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။

တံခါးဆီမှ တဂျစ်ဂျစ် မြည်သံကြားလိုက်ရသည်။ တံခါးကို တစ်ယောက်ယောက် ဖွင့်နေပုံရသည်။ ကြည့်နေရင်း တံခါးပွင့်သွားသည်။ ကလေးမျက်နှာနှင့် ပိန်ပိန်သွယ်သွယ် ကိုယ်တော်လေးတစ်ပါးဝင်လာသည်။ ဆံပင်က အညိုရောင်။ ဝတ်ရုံနက်ကြီးကို ဝတ်ထားပြီး ခါးတွင် သားရေခါးပတ်ပါးကလေး စည်းထားသည်။ သူသည် စောစောပိုင်းက နံနက်စာလာပို့သွားသော ကိုယ်တော်ကလေး မဟုတ်။

www.burmeseclassic.com



သူက ပါမောက္ခကြီးအနီးသို့ လျှောက်လာပြီး အင်္ဂလိပ်စကားဖြင့် ပြောသည်။

“မနက်စာဇွန်းကို လာယူတာပါ။ ကျုပ်နာမည်က ပါရှယ်နူရီခန်လို့ ခေါ်ပါတယ်။ ခေါ်ရလွယ်အောင် ပါရှယ်လို့ပဲ ခေါ်ပေါ့။ ဒကာကြီးကို ထမင်းကျွေးဖို့၊ လမ်းလျှောက်ခေါ်ဖို့ ကျုပ်ကို တာဝန်ပေးထားပါတယ်။ တခြား လိုအပ်တာရှိရင်လဲ ခေါင်းလောင်းသာ တီးလိုက်ပါ”

ကိုယ်တော်ကလေး၏ အမူအရာမှာ အတော်ကလေး ပျော့ပျော့ပျောင်းပျောင်းရှိသည်။ မိတ်ဖွဲ့လွယ်မည့်ပုံမျိုး ဖြစ်သည်။

“တပည့်တော် တစ်ခုလျှောက်ပါရစေ။ တပည့်တော် အခု ဘယ်ကိုရောက်နေတာပါလဲ။ ဒီနေရာက ဘယ်နေရာလဲ။ နောက်ထပ် ဘယ်လိုဖြစ်လာဦးမှာလဲ။ ကိုယ်တော့်အနေနဲ့ ပြောနိုင်ပါသလား”

“ပြောနိုင်ပါတယ်။ ဒါပေမယ့် အများကြီးတော့ ပြောလို့ မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆို ကျုပ်က ဘာမှ သိသေးတာ မဟုတ်ဘူး။ ဒကာကြီးကို ဒီ မှာလာပြီး ချုပ်ထားတာလောက်ပဲ သိတယ်။ ဒါနဲ့ ဒကာကြီးက တရားခံ လား၊ ဘာပြစ်မှုများ ကျူးလွန်ခဲ့လို့လဲ”

“တပည့်တော် တရားခံ လုံးဝ မဟုတ်ပါဘူး။ ဘာပြစ်မှုမှလဲ မကျူးလွန်ခဲ့ပါဘူး။ တပည့်တော် ဂုဏ်သိက္ခာရှိတဲ့ သိပ္ပံပညာရှင်တစ်ယောက်ပါ။ ဇာတိကတော့ အင်္ဂလိပ်ပါ။ ဒါပေမယ့် အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားတယ်။ တပည့်တော်ဟာ ဆိုဗီယက်ယူနီယံမှာ သွားပြီး သုတေသနလုပ်ရင်း အရေးကြီးတဲ့ စမ်းသပ်မှုတစ်ခုကို တီထွင်အောင်မြင်ခဲ့ပါတယ်။ အဲဒီတီထွင်မှုကို ရုရှတွေက သူတို့ပဲ လုံးဝအပိုင် သိမ်းယူချင်ကြတယ်။ တပည့်တော်က အဲဒါကို တစ်ကမ္ဘာလုံးက ပိုင်တယ်လို့ ယုံကြည်တယ်။ ဒါနဲ့ မနေ့ညက တပည့်တော် ရရာလေယာဉ်နဲ့ ဆိုဗီယက်ယူနီယံက ထွက်ပြေးလာခဲ့ပါတယ်။ တပည့်တော် လေယာဉ်ပေါ်က ဆင်းတော့ သူတို့က စောင့်ဖမ်းပြီး ဒီကို ခေါ်လာကြတာပဲ။ သူတို့က တပည့်တော်ကို မကြာခင် ဆိုဗီယက်ယူနီယံကို ပြန်ပို့မယ်လို့ ပြောပါတယ်။ တကယ်တော့ … သူတို့သာ တရားခံပါ။ တပည့်တော်မှာ ဘာအပြစ်မှ မရှိပါဘူး။ ကိုယ်တော့်ရုပ်ရည်ကြည့်ရတာ သိက္ခာ သီလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရယ်လို့ တပည့်တော်ခန့်မှန်းမိပါတယ်။ ဒါနဲ့များ ကိုယ်တော်က သူတို့နဲ့ ဘယ်လိုလုပ်ပြီး ဆက်စပ်နေရတာလဲ။ ကိုယ်တော်လည်း သူတို့နဲ့အတူ ကြံရာပါပဲလား”

“မဟုတ်ပါဘူး။ ကျုပ်က သူတို့နဲ့ ဘာမှ မပတ်သက်ပါဘူး။ မနေ့ညက မြင်ရသလောက်နဲ့ ဒီနေ့မနက် ကြားရသလောက်ပဲ ကျုပ်သိတာပါ။ သူတို့

www.burmeseclassic.com



ကျုပ်တို့ဆရာတော်ဆီ တယ်လီဖုန်း ဆက်တယ်။ နောက်တော့ ရဲတပ်ဖွဲ့မှူး ဗိုလ်မှူးကြီး ကက်ရှိနီရယ်၊ ဒေသပါတီခေါင်းဆောင် မစ္စတာရာဂါဇီရယ်၊ ပြီးတော့ အရာရှိ မစ္စတာ အလက်ဇန္ဒာဗက်ဆလာရယ် ရောက်လာကြတယ်။ သူတို့နဲ့အတူ ရဲသားရှစ်ယောက်လဲ ပါလာတယ်။ သူတို့က သူတို့လုပ်ငန်း မှာ တစ်ပတ်လောက် အကူအညီပေးဖို့ ဆရာတော်ကို လျှောက်ကြတယ်။ သူတို့ပြောတဲ့ အတိုင်းဆိုရင် နိုင်ငံခြားသား တစ်ယောက်က ဆိုဗီယက်ယူယံနီက အဖိုးတန်ပစ္စည်းတစ်ခု ခိုးယူပြီး ဗင်းနစ်မြို့ကို ထွက်ပြေးသွားတယ်လို့ သိရတယ်။ အဲဒီလူကို သူတို့ မကြာခင် မိမယ်လို့ ပြောတယ်။ အဲဒီ လူကိုဖမ်းမိရင် ဒီကျောင်းမှာ ခဏ ထိန်းသိမ်းထားပြီး မကြာခင် ဆိုဗီယက်ယူနီယံကို ပြန်ပို့မယ်လို့ ပြောတယ်။ ဒီကျောင်းရဲ့ နာမည်ရင်းက စိန့်လာဇရပ်ကျောင်းတဲ့။ ဒါပေမယ့် ကျွန်းနာမည်ကို အစွဲပြုပြီး ဆန်လက်ဇာရို ကျောင်းလို့ပဲ အခေါ်များတယ်။ နောက်ပြီး အဲဒီအကျဉ်းသားကို ပြန်ပို့တဲ့အချိန်အထိ မစ္စတာဗက်ဆလာနဲ့ ရဲသားရှစ်ယောက်ကို ဒီမှာ နေခွင့်ပြုဖို့လဲ ဆရာတော်ဆီမှာ ခွင့်တောင်းကြသေးတယ်။ ကျုပ်တို့ ဘုန်းကြီးတွေကိုလဲ အဲဒီရက်အတွင်း ကျွန်းပေါ်ကနေပြီး ဘယ်ကိုမှ သွားခွင့်မပြုဘူး။ ဒီမှာ စုစုပေါင်း ဘုန်းကြီး ၄၅ ပါးရှိတယ်။ ဘုန်းကြီးကျောင်းကို အကျဉ်းထောင်လုပ်ရမှာလားဆိုပြီး ကျုပ်တို့ ဆရာတော်က တော်တော် စိတ်မချမ်းမသာ ဖြစ်နေတယ်။ ဒါပေမယ့် သူလဲ ဘာမှ မတတ်နိုင်ပါဘူး။ ကျုပ် သိတာကတော့ အဲဒါပါပဲ။ ဆရာကြီးအတွက် ကျုပ် စိတ်မကောင်းပါဘူး"

"ကျေးဇူးတင်ပါတယ် ကိုယ်တော်။ အမှန်ကတော့ ကိုယ်တော်တို့လည်း တပည့်တော်နဲ့ ဘဝတူပါပဲ။ ဒါနဲ့ တပည့်တော်ကို ဗင်းနစ်မြို့သွားနိုင်အောင် ကိုယ်တော် ကူညီနိုင်ပါ့မလား"

"ကျုပ်က ကူညီနိုင်တောင်မှ အလကားပါပဲ ဒကာကြီး။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ကျုပ်တို့လဲ ဘယ်မှ ထွက်လို့ မရပါဘူး"

ပါမောက္ခကြီးက သတ်မချလိုက်ပြီးနောက် –

"အဲဒါလဲ ဟုတ်ပါတယ်လေ။ ဒါပေမယ့် တပည့်တော် အဆိုးထဲက အကောင်းကိုတော့ ရအောင်ရှာရမှာပဲ"

ကိုယ်တော်လေးက ဘာမှ ပြန်မပြောဘဲ နံနက်စာ ဗန်းတင်ထားသော စားပွဲဆီသို့ ခြေလှမ်းပြင်လိုက်သည်။ ပါမောက္ခကြီးက ကိုယ်တော်ကလေး၏ လက်ကို ရုတ်တရက် လှမ်းဆွဲလိုက်သည်။

"နေပါဦး၊ တပည့်တော် တစ်ခုမေးပါရစေဦး၊ ဒီဆန်လက်ဇာရို ကျောင်းသမိုင်း တပည့်တော်ကို နည်းနည်းပြောပြပါလား"



BURMESE CLASSIC .com

www.burmeseclassic.com



"သြော် … ဒါလား၊ ဒါကတော့ ဖြစ်ပါတယ်။ ဒီကျောင်းက အာမေနီယံ ကက်သလစ်ကျောင်းပါ။ မက်ချီတာလို့ ခေါ်တဲ့ ဆရာတော်ကြီးက ၁၇၀၁ ခုနှစ်မှာ ကွန်စတန်တင်နိုပယ်မြို့မှာ တည်ထောင်ခဲ့တယ်။ နောက် ၁၄ နှစ်ကြာတော့ တူရကီတွေက ဘာသာရေး နှိပ်ကွက်မှုလုပ်တာကြောင့် ဗင်းနစ်မြို့ကို ပြောင်းရွှေ့လာခဲ့တယ်။ နောက်တော့ ဗင်းနစ်အစိုးရက ဆရာတော်ကြီး မက်ချီတာကို ဆန်လက်ဇာရိုကျွန်းကို လှူခဲ့တယ်။ အဲဒီတုန်းကတည်းက ဒီအဆောက်အအုံလဲ ရှိခဲ့တယ်။ အဲဒီအဆောက်အအုံကို ၁၂ ရာစုတုန်းက ဘုန်းကြီးကျောင်းတိုက်အနေနဲ့ တည်ထောင်ခဲ့တယ်။ နောက်ပိုင်း ကုဋ္ဌနူနာ ဆေးရုံဖြစ်လာခဲ့တယ်။ အဲဒီနောက်ပိုင်း ဆရာတော်ကြီး မက်ချီတာရောက်လာတော့ တစ်ခါ ဘုန်းကြီးကျောင်းပြန်ဖြစ်လာပြန်တယ်။ ဒီကျောင်းကို လူသိနည်းပေမယ့် လွန်ခဲ့တဲ့ နှစ်ရာစုအတွင်းကတော့ ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေ လာရောက်နေထိုင်သွားခဲ့ဖူးပါတယ်။ အထင်ရှားဆုံး တစ်ယောက်ကတော့ အင်္ဂလိပ် ကဗျာရှင်ကြီး လောဒ့်ဘိုင်ရွန်ပါပဲ။ သူဟာ အာမေနီယံ ဘာသာစကားကို လေ့လာဆည်းပူးပြီး ဒီကျောင်းပေါ်မှာပဲ အာမေနီယံ အင်္ဂလိပ်သဒ္ဒါကျမ်းကို ပြုစုသွားခဲ့ပါတယ်"

"ဒီကျွန်းပေါ်မှာ ကိုယ်တော်တို့ ဘာလုပ်နေကြပါသလဲ"

"ကျုပ်တို့ကျောင်းဟာ အာမေနီယံ ကက်သလစ်ဘာသာရေးဂိုဏ်း မှာ ဗဟိုဌာနချုပ်ပဲ။ ကျုပ်တို့မှာ ကျမ်းစာသင်ကျောင်းလဲ ရှိတယ်။ ဘုရားရှိခိုးကျောင်းလဲ ရှိတယ်။ ပြီးတော့ ကိုယ်တော်လေးပါး စီမံအုပ်ချုပ်တဲ့ ခေတ်မီ ပုံနှိပ်စက်ရုံလုံးလဲ ရှိတယ်။ အဲဒီစက်တွေနဲ့ အီတာလျံခရီးသွား လမ်းညွှန်စာအုပ်တွေ ရိုက်နှိပ်ထုတ်ဝေတယ်။ အင်း … ရယ်စရာတော့ ကောင်းမှာပဲ။ ကျုပ်တို့က သာသနာ့ ဝေယျာဝစ္စဝတ္တုငွေရဖို့အတွက် အီတာလျံကာတွန်းရုပ်စုံစာအုပ်တွေလဲ ထုတ်ဝေဖြန့်ချိတယ်။ ကုန်ကုန်ပြောရရင် ကျုပ်တို့ ကျောင်းဟာ ကမ္ဘာပေါ်မှာ အေးချမ်းသာယာဆုံး သာသနာ့ဗိမာန် တစ်ခုပါပဲ။ ၁၇၁၇ ခုနှစ်မှာ တစ်ကျွန်းလုံးကို သာသနာ့ဝတ္တုက မြေအဖြစ် သိမ်းယူခဲ့တယ်။ ဟိုတုန်းကဆိုရင် ကျွန်းတစ်ခုလုံးရဲ့ မျက်နှာပြင်အကျယ်အဝန်းဟာ စတုရန်း မီတာ ၆၀၀၀ လောက်ပဲရှိတယ်။ ဒါပေမယ့် အဲဒီတုန်းက ဗင်းနစ်မြို့ကိုပါအုပ်စိုးတဲ့ သြစတြီယ ဧကရာဇ် မင်းမြတ်က ၁၈၅၀ ပြည့်နှစ်မှာ ကျွန်းကို မြေဖို့ပြီး တိုးချဲ့တာကြောင့် အခုရှိနေတဲ့ စတုရန်းမီတာ ၃၀၀,၀၀ အထိ ကျယ်လာခဲ့တယ်။ အဲဒီတော့…"

ထိုအခိုက် သံရုံးယဉ်ကျေးမှုအရာရှိ အလက်ဇန္ဒားဗက်ဆလာ ဝင်လာသည်။ သူသည် ယမန်နေ့ညကလိုပင် ဘောင်းဘီအနက် ဝတ်ထားသည်။ အင်္ကျီကတော့ ပန်းရောင်စပို့ရှပ်။

www.burmeseclassic.com



သူဝင်လာ၍ စကားပြော ရပ်သွားကြောင်း အကဲခတ်မိသဖြင့် ဗက်ဆလာက မျက်ခုံးချီလိုက်သည်။

"ကိုယ်တော် သွားနိုင်ပါပြီ။ တပည့်တော် ဧည့်သည်နဲ့ ပြောစရာကိစ္စရှိတယ်။ နှစ်ယောက်ချင်း ပြောချင်လို့"

ဗက်ဆလာက အခန်းတံခါး ပြန်ပိတ်သွားသည်အထိ စောင့်နေသည်။ ထို့နောက် ကုလားထိုင်ကို မေးထိုးပြရင်း – "ဆရာကြီး ထိုင်ပါ။ အဲဒါ ပိုကောင်းပါတယ်။ ကျွန်တော် နည်းနည်း ပြောစရာရှိလို့ပါ"

ပထမတော့ ပါမောက္ခကြီးက သူခိုင်းသလို မလုပ်ဘဲ ရပ်မြဲရပ်နေမည်ဟု စိတ်ကူးမိသည်။ နောက်တော့မှ ဒီစိတ်ကူး ကလေးဆန်ပါတယ်ဆိုပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ဗက်ဆလာကလည်း ပြတင်းပေါက်နားမှ ကုလားထိုင်တစ်လုံး ဆွဲယူပြီး ဆရာကြီးနှင့် မျက်နှာချင်းဆိုင်ထိုင်သည်။

"ဆရာကြီးအတွက် အင်မတန် ရက်ရောတဲ့ ကမ်းလှမ်းချက်တစ်ခုကို တင်ပြဖို့ ကျွန်တော့်ကို သက်ဆိုင်ရာက တာဝန်ပေးပါတယ်"

သည်အချိန်တွင်မှ ဗက်ဆလာ၏ လက်ထဲတွင် စာရွက်တစ်လိပ်နှင့် ဖောင်တိန်တစ်ချောင်းပါလာသည်ကို ပါမောက္ခကြီးက သတိပြုလိုက်မိသည်။

"ကျွန်တော် စာရွက်နဲ့ဖောင်တိန် ယူလာပါတယ်" သူက စာရွက် လိပ်နှင့် ဖောင်တိန်ကိုပါ ပါမောက္ခကြီး၏ ဘေးမှ စားပွဲပေါ်တွင် တင်လိုက် သည်။ "ဒါတွေကို ဒီမှာပဲ ကျွန်တော် ထားပစ်ခဲ့ပါမယ်။ ဆရာကြီးအတွက် ကမ်းလှမ်းချက်ကတော့ ..."

ဗက်ဆာလာက ကုလားထိုင်ကို ပါမောက္ခကြီး အနားသို့ ရွှေ့ပြီးထိုင်လိုက်သည်။ ပြီးတော့မှ လေသံအေးအေးဖြင့် – "ဒီစာရွက်ပေါ်မှာ ဆရာကြီးရဲ့ 'စီ–၉၈' ဆေးနည်းကို ချရေးဖို့ပါ။ ဆရာကြီးက အဲဒီလို ရေးပြီးရင် မကြာခင် ရက်ပိုင်းအတွင်း ကျွန်တော်တို့ သိပ္ပံပညာရှင်တွေက ကွန်ပျူတာနဲ့ စစ်ဆေးကြည့်ကြမယ်။ တကယ်လို့ ဒီနည်းဟာ အလုပ်ဖြစ်မယ်ဆိုရင်၊ ဆရာကြီး မှတ်တမ်းထဲမှာ ရေးထားသလို လူသက်တမ်းကို နှစ်ဆတိုးစေမယ်ဆိုရင် ကျွန်တော်တို့က ဆရာကြီးကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုပါ့မယ်။ ဆရာကြီး တစ်သက်တာမှာ ဖိမ်နဲ့နေသွားရမယ်။ ဂုဏ်ထူးဘွဲ့ထူးတွေ ချီးမြှင့်မယ်။ နိုင်ငံအတွင်းမှာ လွတ်လွတ်လပ်လပ် သွားချင်ရာ သွားလာခွင့်ပြုမယ်။ ဒါဟာ ဆရာကြီးအတွက် ကျွန်တော်တို့က ကတိဝန်ခံ စကားပဲ"

"ဆိုဗီယက်ယူနီယံအတွင်းမှာ သွားချင်တာ သွားခွင့်ပြုမယ် မဟုတ်လား။ ဒါ ခင်ဗျားက တကယ်ပြောတာလား"

www.burmeseclassic.com



“ဆရာကြီးနဲ့ ဆရာကြီးရဲ့ တွေ့ရှိချက်ကို ကျွန်တော်တို့ ဝန်ကြီးချုပ်က သိပ်ပြီး စိတ်ဝင်စားနေပါတယ်။ ကျွန်တော် ပြောခဲ့တဲ့ စကားတွေဟာ သူကိုယ်တိုင် ပြောတဲ့စကားတွေပါ”

“ကျုပ်က အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားတဲ့ ဗြိတိသျှလူမျိုးပါ။ ကျုပ်ဟာ နယူးယောက်မှာ အလုပ်လုပ်ခဲ့တယ်။ ကျုပ်အိမ်က မြို့ပြင်မှာ ကားနဲ့ တစ်နာရီခရီး၊ အဲဒီနေရာကို ကျုပ် စိတ်ကြိုက်ရွေးခဲ့တာဖြစ်တယ်။ ဒါကြောင့်မို့ ကျုပ်ဘဝကို အဲဒီမှာပဲ အရိုးထုတ်မယ်။ ဆိုဗီယက်ယူနီယံမှာ နေဖို့ မရည်ရွယ်ပါဘူး”

ဗက်ဆာလာက နှာခေါင်းရှုံ့လိုက်သည်။

“ကျွန်တော် ပြောရတာ အားတော့နာပါရဲ့။ တကယ်တော့ ဆရာကြီးမှာ ရွေးစရာတစ်လမ်းပဲ ရှိပါတယ်။ ဆရာကြီးဟာ ဒီဆေးနည်းကို ကျွန်တော်တို့ နိုင်ငံမှာ ရှာဖွေတွေ့ရှိတာ ဖြစ်တယ်။ အဲဒီတော့ အဲဒီဆေးနည်းကို ကျွန်တော်တို့နိုင်ငံကပဲ ပိုင်ဆိုင်တယ်ဆိုတာ သဘာဝကျပါတယ်။ ကျွန်တော်တို့က ကြိုက်သလို အသုံးချနိုင်ခွင့်ရှိပါတယ်”

ပါမောက္ခကြီးက ဒေါသံပါပါဖြင့် –

“အဲဒါကတော့ သက်သက်ရူးတာပဲ။ လူသားတိုင်းအတွက် ရှာဖွေရရှိတဲ့ တီထွင်မှုကြီးတစ်ခုကို နိုင်ငံတစ်နိုင်ငံတည်းက လက်ဝါးကြီးအုပ်ထားမယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ တစ်ကမ္ဘာလုံးက ပိုင်တယ်။ လူသားအားလုံးက ပိုင်တယ်။ ကျုပ်တော့ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး”

ဗက်ဆာလာ၏ မျက်နှာအမူအရာမှာ စောစောကလို မဟုတ်တော့။ သိသိသာသာ တင်းမာလာသလို ထင်ရသည်။ သူက အသံမာမာဖြင့် ပြောသည်။

“ကျွန်တော်သာ ဆရာကြီးနေရာမှာ ရှိရင်တော့ အခုလို စကားကို လက်လွတ်စပယ် ပြောမှာ မဟုတ်ဘူး။ လေးလေးနက်နက် စဉ်းစားပြီးမှ ပြောမှာပဲ။ ဆရာကြီးအနေနဲ့ ခေါင်းမာနေမယ်ဆိုရင် … ကျွန်တော်တို့နဲ့ မပူးပေါင်းဘူး ဆိုရင်တော့ … ဆရာကြီးအတွက် အများကြီးအကျနာလိမ့်မယ်။ အဲသလိုသာဆိုရင်တော့ ဆရာကြီးကို ဟိုကိုပြန်ခေါ်သွားပြီး ဆရာကြီး ဦးနှောက်ထဲက ဆင်ခြင်တုံတရားတွေ လမ်းမှန်ကမ်းမှန် ဖြစ်လာအောင် ဖြစ်တဲ့နည်းနဲ့ ကြိုးစားရတော့မှာပဲ’

အင်း၊ ဒီလူတော့ ငါ့ကို မကြောက် ကြောက်အောင် ဖြဲခြောက်နေပြီ။ ဒီတော့ ဟိုရောက်သွားရင် သူတို့က ငါ့ကို ဘာလုပ်ကြမလဲ။ ထမင်းမကျွေးဘဲထားမှာလား။ ရိုက်နှက်ညှဉ်းဆဲကြမှာလား။ တစ်ခါတည်း အသေသတ်

www.burmeseclassic.com



ပစ်ကြမှာလား။ မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး။ သူတို့က ဒီလောက်ထိမမိုက်ပါဘူး။ ငါ့ကို မသတ်တဲ့အပြင် အရင်ထက်ပိုပြီး ကျန်းမာအောင်တောင် အထူးဂရုစိုက်ပြီး ကျွေးမွေးကြလိမ့်မယ်။ ဖြစ်နိုင်တာကတော့ ငါ့ကို အခုလို အကျယ်ချုပ်နဲ့ထားပြီး တဖြည်းဖြည်းနဲ့ စိတ်ဓာတ်ကျလာအောင်လုပ်မှာပဲ။ နောက်ဆုံးငါက စိတ်ပျက်လက်လျှော့ပြီး သူတို့တောင်းတဲ့ ဆေးနည်းကို မလွဲမသေပေးကိုပေးရမယ်လို့ သူတို့က ကျိန်းသေပေါက်တွက်ထားဟန်တူပါရဲ့။

ပါမောက္ခကြီးက ယင်းသို့တွေးမိပြီး နောက်တည်ငြိမ်စွာပင် ပြန်ပြောလိုက်သည်။

"ကျုပ်ကို ခြောက်လို့ မရပါဘူး။ ဆေးနည်းက ကျုပ်ခေါင်းထဲမှာပဲရှိတယ်။ ကျုပ်အသက်နဲ့ကိုယ် မြဲနေသမျှ ဒီဆေးနည်းလဲ ရှိနေမယ်။ ဒါမှမဟုတ်ခင်ဗျားတို့က ကျုပ်ကို သတ်ပစ်လိုက်စမ်းပါ။ အဲဒီလိုလုပ်ရင် ခင်ဗျားတို့ အတွက်အကျိုးယုတ်သွားလိမ့်မယ်။ ကမ္ဘာသူ – ကမ္ဘာသားတွေ အားလုံး အတွက်အကျိုးယုတ်သွားလိမ့်မယ်"

"ဆရာကြီး အံ့အားသင့်သွားရလိမ့်မယ်"

"ကြိုက်သလိုလုပ်ပါ။ ကျုပ်ကတော့ ကိုယ့်အခွင့်အရေးကိုယ် အရယူရမှာပဲ"

ဗက်ဆလာက ထိုင်ရာမှ ထရပ်လိုက်သည်။ ထို့နောက် စားပွဲပေါ်မှစာရွက်နှင့် ဖောင်တိန်ကို လက်ညှိုးထိုးပြယင်း –

"ပြန်ပြီးစဉ်းစားပါဦး ဆရာကြီး။ ဆရာကြီးဟာ ပညာရှိပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ။ ဒီတော့ လုပ်သင့်တဲ့အလုပ် အချိန်ဆွဲမနေဘဲ အခုချက်ချင်းလုပ်လိုက်တာ ပိုကောင်းပါလိမ့်မယ်။ ဟိုပြန်ခေါ်ပြီးတော့မှ ဆိုရင် ဆရာကြီးအတွက် ကျွန်တော်တို့အနေနဲ့ ဒီလောက်ထိစိတ်ရှည်နိုင်တော့မှာ မဟုတ်ဘူး။ အဲဒီလိုဆိုရင် ဆရာကြီးအတွက် အများကြီးဆိုးသွားပါလိမ့်မယ်"

ပါမောက္ခကြီးက ကုလားထိုင်မှ ထလိုက်သည်။

"ဒီဘုန်းကြီးကျောင်းထဲမှာ ကျုပ်ကို ဘယ်လောက်ကြာကြာ ထားမတဲ့လဲ"

"ခြောက်ရက်၊ အလွန်ဆုံး ခြောက်ရက်တည်းပါ။ ပထမတော့ မနက်ဖြန်မှာ အထူးလေယာဉ်နဲ့ ပြန်ပို့မလို့ပဲ။ ဒါပေမယ့် အဲဒါအစီအစဉ် ဖျက်လိုက်ကြတယ်။ အဲဒီလို ပြန်ခေါ်သွားရင် ဆရာကြီးက လေယာဉ်ကွင်းမှာ တစ်ယောက်ယောက်ကို တစ်ခုခု ထုတ်ဖော်ပြောလိုက်မှာ စိုးရတယ်။ ဒါကြောင့် လေယာဉ်နဲ့မပို့တော့ဘဲ သင်္ဘောနဲ့ပို့တော့မယ်လို့ စီစဉ်ထားတယ်။ သင်္ဘောကို ရေနက်ပိုင်းမှာ ရပ်ထားပြီးမှ ဆရာကြီးကို မော်တော်နဲ့ ဒီကခေါ်သွားမယ်" သူက တံခါးဝ

www.burmeseclassic.com



လျှောက်သွားပြီးမှ နောက်ပြန်လှည့်၍ "လွယ်တာကို ခက်အောင် လုပ်မနေပါနဲ့ ဆရာကြီး။ စာရွက်ပေါ်မှာသာ မြန်မြန်ထက်ထက် ရေးချလိုက်ပါတော့။ ကျွန် တော် ပြောသလိုသာ လုပ်လိုက်စမ်းပါ။ ဆရာကြီး နှောင့်တမရစေပါဘူး။ ကျွန်တော် နောက်တစ်ရက်နှစ်ရက်ကျမှ ပြန်လာခဲ့ပါဦးမယ်"

ဗက်ဆလာ ပြန်ထွက်သွားသည်။ အခန်းထဲတွင် ပါမောက္ခကြီးတစ် ဦးတည်းသာ ကျန်နေရစ်ခဲ့တော့သည်။

သူ့စိတ်သည် အတိတ်ဆီသို့ ရောက်သွားသည်။ ကြာတော့ကြာခဲ့ပါ ပြီ။ သို့ပေမယ့် မိခင်ကြီးကွယ်လွန်သွားခဲ့သော နေ့ကို သူသည် ဘယ်တော့မှ မမေ့။ ထိုနေ့သည် သူ့အတွက် မျှော်လင့်ချက်တောင်ကြီး ပြိုသောနေ့ဖြစ်သည်။ ယခုလည်း သူ့အတွက် အနာဂတ်သည် မှောင်အတိပြီးနေသည်။ အလားတူ ဆုံးရှုံးမှုကြီးတစ်ရပ်ကို ထပ်တူထပ်မျှ ခံစားလိုက်ရပြန်ပြီ။ အနာဂတ် ... အနာ ဂတ် ...။ သူ့အတွက် အနာဂတ်သည် မရှိတော့ ...။

*

တတိယမြောက်နေ့။

ကိုယ်တော်ကလေး ပါရှယ်နူရီခန်သည် နေ့လယ်စာ လင်ဗန်းကို ကိုင်ကာ အခန်းထဲသို့ ဝင်လာသည်။

"အစာမစားခင် လမ်းလျှောက်ထွက်ကြရအောင်။ တပည့်တော် လေ ကောင်းလေသန့် နည်းနည်း ရှူလိုက်ချင်တယ်"

"ကောင်းပါတယ်။ ဒါပေမယ့် ... ဟင်းတွေ အေးကုန်လိမ့်မယ်"

"ကိစ္စမရှိပါဘူး။ တပည့်တော် မဆာသေးပါဘူး။ လမ်းလျှောက်ပြီး မှ ဆာလာလိမ့်မယ်"

သူတို့သည် လွန်ခဲ့သော နှစ်ရက်အတွင်းက ခရီးစဉ်အတိုင်းပင် လျှောက်လာခဲ့ကြသည်။ လှေကားမှ ဆင်း၊ တံခါးတစ်ခုကို ဖြတ်ပြီး ဘုန်းကြီး ကျောင်း အလယ်ကွက်လပ် ပန်းခြံထဲသို့ ရောက်လာကြသည်။ ပန်းခြံထဲတွင် ရောင်စုံပန်းများ ဖူးပွင့်ဝေဆာနေသည်။ မကြာမီတွင် ဘုန်းကြီးကျောင်း အပြင် ဘက်သို့ ထွက်ခဲ့ကြသည်။

လေငြိမ်၍ နေသာသောနေ့၊ နေရှိန်က အတော်ကလေး ပြင်းသည်။ ပါမောက္ခကြီးက လတ်ဆတ်သော အပြင်လေကို အားရပါးရ ရှူရှိုက်လိုက် သည်။ သို့သော် သူ့ရင်ထဲလေးလံနေသော ဝေဒနာကတော့ ပျောက်မသွား။

"တော်တော် သာယာတဲ့ နေ့ပဲ" ကိုယ်တော်ကလေးက ကောက်ကာ ငင်ကာ ပြောလိုက်သည်။

www.burmeseclassic.com



"ဒါပေမယ့် … တပည့်တော်အတွက်တော့ မဟုတ်ပါဘူး"

ကိုယ်တော်ကလေးက အရှေ့ဘက်သို့ လက်ညှိုးညွှန်ပြပြီး –

"ဟိုမှာ မြင်ရတာ လီဒိုကျွန်းဆိုတာပေါ့"

"လီဒိုကျွန်း ဟုတ်လား"

"ဟုတ်ပါတယ်။ ဗင်းနစ်မြို့နဲ့ မျက်နှာချင်းဆိုင် အကြီးဆုံး ကျွန်းတစ်ကျွန်းပေါ့။ အဲဒီမှာ လူဦးရေ နှစ်သောင်းလောက်ရှိတယ်။ အိမ်ကြီးသာယာတွေလဲ အများကြီးပဲ။ အထက်တန်းလွှာ ပုဂ္ဂိုလ်တွေ အေးအေးလူလူနေကြတဲ့ ကျွန်းပေါ့။ လောင်းကစားဝိုင်းတွေ၊ ဟိုတယ်ကြီးတွေ၊ အပန်းဖြေ ရိပ်သာတွေ လဲ ရှိတယ်။ အိတ်ဆယ်စီယာဟိုတယ်ဆိုရင် ကမ္ဘာလှည့်ခရီးသည်တွေ အများ ဆုံး တည်းခိုကြတဲ့ ဟိုတယ်ကြီးပေါ့"

ကိုယ်တော်ကလေးက အမျှင်မပြတ်ပြောပြနေသော်လည်း ပါမောက္ခကြီးကတော့ သူ့စကားကို လုံးဝစိတ်မဝင်စား၊ သူသည် စိတ်ဓာတ်ကျပြီး ဘာကိုမျှ စိတ်မဝင်စားနိုင်အောင် ဖြစ်နေသည်။

သူတို့သည် ကျောင်းကြီးဘေးမှ ကျိုးတိုးကျဲတဲ ပေါက်နေသော သစ်ပင်တွေ အောက်မှ ဖြတ်ပြီး ကျွန်း၏ အနောက်ဘက်သို့ လျှောက်ခဲ့ကြ သည်။ သစ်ပင်ရိပ်တွင် လက်နက်ကိုင်ရဲသားနှစ်ယောက် ရပ်စောင့်နေကြသည်။ သူတို့က ပါမောက္ခကြီးအား မျက်လုံးဒေါက်ထောက်ကြည့်နေကြသည်။

အတန်ကြာလျှင် ပင်လယ်ကမ်းစပ်သို့ ရောက်လာကြသည်။ ပင်လယ်ကမ်းစပ်ကို ခြောက်ပေခန့် မြင့်သော အုတ်တံတိုင်းဖြင့် ကာရံထားသည်။ ခပ်လှမ်းလှမ်းမှ ကျွန်းပေါ်တွင် ပုံပျက်ပန်းပျက် အဆောက်အအုံကြီးတစ်ခုကို မြင်ရသည်။ ထိုကျွန်းသည် ဆန်ဆာဗိုလိုကျွန်းဖြစ်ပြီး အဆောက်အအုံကြီးမှာ စိတ်ရောဂါကု ဆေးရုံဖြစ်ကြောင်း ပါမောက္ခ မက္ကဒေါနယ်က မှတ်မိနေသည်။

ပါမောက္ခကြီးက ထိုအဆောက်အအုံကြီးကို လက်ညှိုးထိုးပြီး –

"အမှန်တော့ ကျုပ်သွားရမယ့်နေရာက အဲဒီနေရာပဲ"

ကိုယ်တော်ကလေး ပါရှယ်က ပျော်စေပျက်စေ သဘောမျိုးဖြင့် –

"ကျုပ်တော့ မယုံပါဘူး။ ဒါပေမယ့် အနေးနဲ့အမြန် ဆရာကြီး အဲဒီနေရာသွားရမှာပါ"

"ကိုယ်တော် မယုံမရှိပါနဲ့။ ဒီပုံအတိုင်းသာဆိုရင် တပည့်တော် အဲဒီ ရောက်ရမှာ သေချာပါတယ်"

ကိုယ်တော်ကလေးက ဆရာကြီးအတွက် စိတ်မကောင်းဖြစ်သွားမိသည်။ ထို့ကြောင့် သူက အာရုံပြောင်းစေရန် ရည်ရွယ်ပြီး ခေါင်းစဉ်ပြောင်းလိုက်သည်။

www.burmeseclassic.com



"ဟိုမှာ ကြည့်လိုက်ပါဦး ... ဆရာကြီး။ ဗင်းနစ်မြို့ကို ထင်ထင်ရှားရှား မြင်နေရတယ်"

ဟုတ်ပါသည်။ အနောက်မြောက်ဘက် အတော်လှမ်းလှမ်းတွင် ဗင်းနစ်မြို့မှ 'ကင်ပါနယ်လီ' ခေါင်းလောင်းမျှော်စင်ကြီးနှင့် တရားလွှတ်တော်ချုပ် တို့ကို လှမ်းမြင်နေရသည်။

ဗင်းနစ်မြို့ကို ရုတ်တရက် မြင်လိုက်ရတော့ ပါမောက္ခကြီး၏စိတ်ထဲတွင် ဝမ်းသာဝမ်းနည်း ဖြစ်သွားမိသည်။ ဗင်းနစ်မြို့သည် သူ၏ လွတ်လပ်မှုဗိမာန်၊ မျှော်လင့်ချက် ပန်းတိုင်ပင် မဟုတ်ပါလား။ ယခု ဗင်းနစ်မြို့ကို မျက်ဝါးထင်ထင်မြင်နေရပြီ၊ မော်တော်ဖြင့် ကူးလျှင် ခဏကလေး၊ ရှစ်မိနစ်မျှသာ ဝေးသည်။ သို့သော် တကယ့်အဖြစ်ကတော့ သူ့အဖို့ ဗင်းနစ်မြို့မှာ နီးလျက်နှင့် ဝေးကွာလှသော ဒေသတစ်ခုပင် ဖြစ်တော့သည်။

သူက ကိုယ်တော်ကလေးဘက်သို့ ဆတ်ခနဲလှည့်ပြီး လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒီမှာ ကိုယ်တော်၊ ဖြစ်နိုင်ရင် တပည့်တော်ကို ကူညီစေချင်ပါတယ်။ လူသားအားလုံးအကျိုးအတွက် ထောက်ထားပြီး တပည့်တော်ကို ဒီနေရာက လွတ်အောင် ဆောင်ကြဉ်းပေးပါလား"

ကိုယ်တော်ကလေးက နောက်ပြန်လှည့်ပြီး ကမန်းကတန်း အမူအရာဖြင့် – "ဘယ်လိုမှ လမ်းမမြင်ဘူး ဆရာကြီး။ ကျုပ်လည်း ဆရာကြီးလိုပဲ ဘာမှ မတတ်နိုင်ပါဘူး"

"ကြိုးစားရင် ဖြစ်နိုင်ပါတယ်။ ကိုယ်တော်က မော်တော်ဘုတ်တစ်စီးသာ ရအောင်ရှာပါ။ နောက်တစ်ကြိမ် လမ်းလျှောက်ထွက်ယောင်ဆောင်ပြီး တပည့်တော် မော်တော်ဘုတ်နဲ့ ထွက်ပြေးမယ်"

"မဖြစ်နိုင်ပါဘူး ဆရာကြီး။ သူတို့က ချက်ချင်းလိုက်ဖမ်းလိမ့်မယ်။ အဲဒါဆိုယင် ကျုပ်လဲ သက်သာမှာ မဟုတ်ဘူး။ တစ်သက်တစ်ကျွန်း အပြစ်ပေးခံရမှာ သေချာတယ်။ မလုပ်ပါနဲ့ ဆရာကြီး။ မဖြစ်နိုင်တာ မကြံပါနဲ့။ ကျုပ်တောင်းပန်ပါတယ်"

"ဒါဖြင့် တပည့်တော်ကို တစ်ယောက်ယောက်နဲ့ ဆက်သွယ်ပေးပါလား။ ဒီမှာ တယ်လီဖုန်းရှိတယ် မဟုတ်လား။ သူတို့ သုံးနေတာ တွေ့ရတယ်။ သူတို့အလစ်မှာ ဗင်းနစ်မြို့က အမေရိကန်သံရုံး ကောင်စစ်ဝန်ဆီကို ဖုန်းဆက်ပြီး တပည့်တော်အခြေအနေကို ပြောပြလိုက်ရင် ဖြစ်ပါတယ်။ သူက တစ်ခုခုတော့ ဝီထိပေါက်အောင် လုပ်မှာ သေချာတယ်။ ဒါလောက်တော့ ကိုယ်တော့်အနေနဲ့ တတ်နိုင်ပါတယ်"

www.burmeseclassic.com



"မဖြစ်နိုင်လို့ ပြောတာပါ ဆရာကြီးရယ်။ ဖြစ်နိုင်ရင် ဆရာကြီးကို ကျုပ်ကူညီချင်ပါတယ်။ အဲဒီလို လုပ်ရင် သူတို့ ကျုပ်ကို မိလိမ့်မယ်။ အဲဒါဆို ရင်ကျုပ်ဘဝပျက်ပါပြီ"

"စိတ်မရှိပါနဲ့ ကိုယ်တော်။ တပည့်တော် သဘောပေါက်ပါတယ်။ ကဲ ... တပည့်တော်တို့ ပြန်လှည့်ကြပါစို့လား"

ကျောင်းပြန်ရောက်တော့ ကိုယ်တော်ကလေးက ပွင့်နေသော အခန်းတံခါးကို တွန်းဖွင့်ရင်းမှ –

"ဟင်းတွေ အေးကုန်ပြီ။ ကျုပ် ယူသွားပြီး ပြန်နွေးလိုက်ဦးမယ်"

ပေါမောက္ခကြီးက ခေါင်းညိတ် သဘောတူလိုက်သည်။ ထို့နောက်အခန်းထဲဝင်ကြသည်။ ကိုယ်တော်ကလေးက ရှေ့က သူကနောက်က။

အခန်းထဲတွင် ဇက်ဆလာ ရောက်နှင့်နေသည်။ သူသည် ပြတင်းပေါက်နားတွင် လက်ကို နောက်ပစ်ရပ်နေသည်။ ကိုယ်တော်ကလေး ပါရှယ်ကနေ့လယ်စာဇွန်းကို ယူပြီး ခပ်သုတ်သုတ်ကလေး ပြန်ထွက်သွားသည်။ ဇက်ဆလာက ပါမောက္ခကြီး ထိုင်နေသော စားပွဲနားသို့ တစ်လှမ်းချင်း လျှောက်လာသည်။

သူက ပြုံးတစ်ဝက် မဲ့တစ်ဝက်ဟန်ဖြင့် –

"ဆရာကြီး ကြည့်ရတာ အတော်ကလေး နေလို့ ထိုင်လို့ ကောင်းလာပုံပဲ"

ပါမောက္ခကြီးက ရေငုံနေသည်။

ဇက်ဆလာက ထပ်ပြောသည်။

"ကျွန်တော်တို့နဲ့ ပူးပေါင်းရင်တော့ ဆရာကြီးအနေနဲ့ အခုလို လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ရမှာပဲ။ သွားချင်တဲ့နေရာသွား၊ တွေ့ချင်တဲ့လူနဲ့ တွေ့။ ဆရာကြီး စိတ်ချမ်းသာသလို နေရမယ်"

ပါမောက္ခကြီးက ငုတ်တုတ် ငုတ်တုတ်။

ဇက်ဆလာက ပါမောက္ခကြီးမျက်နှာကို ဆတ်ခနဲ တစ်ချက် ကြည့်လိုက်သည်။

ထို့နောက်သည် သူသည် စားပွဲနား လျှောက်လာပြီး လွန်ခဲ့သောသုံးရက်က သူထားပစ်ခဲ့သည့် စာရွက်လိပ်တွင် စည်းထားသော သားရေကွင်းကို ဖြုတ်လိုက်သည်။

"စာရွက်တွေကလဲ ဒီအတိုင်းပါပဲလား။ ဆရာကြီး ဘာမှ မရေးသေးဘူး ထင်တယ်"

"ဟုတ်တယ်။ ကျုပ် ဘာမှ မရေးချင်ဘူး"

www.burmeseclassic.com



"ခေါင်းမာတာဟာ သိပ္ပံပညာရှင် တစ်ယောက်အတွက် ကောင်းပါတယ်။ ဒါပေမယ့် အကျဉ်းသားတစ်ယောက်အတွက်တော့ အသက်အန္တရာယ်တောင် ဖြစ်နိုင်ပါတယ်"

"ကျုပ်သေဖို့ မကြောက်ပါဘူး။ ကျုပ် ဆေးနည်းကို ကျုပ် ဦးနှောက်ထဲမှာ သိမ်းထားသမျှ ကျုပ်ကို ခင်ဗျားတို့ နှိပ်စက်လို့ မရပါဘူး"

"ကိုယ့်ကိုယ်ကို သိပ်ပြီးလဲ အထင်ကြီးမနေပါနဲ့လေ။ ကျွန်တော်တို့မှာ တရားခံတစ်ယောက်ကို ဖြားယောင်းစစ်ဆေးနည်းတွေ အများကြီး ရှိပါတယ်။ ဒီအတိုင်းသာဆက်ပြီး ခေါင်းမာနေမယ်ဆိုရင်တော့ ဆရာကြီး အသက်အန္တရာယ်နဲ့ လုံခြုံရေးအတွက် ကျွန်တော်တို့က အာမခံချက် ပေးနိုင်မှာ မဟုတ်ပါဘူး"

"ကျုပ်ကတော့ အာမခံချက် တစ်ခုပေးနိုင်တယ်။ အဲဒါက တခြားမဟုတ်ဘူး။ ခင်ဗျားတို့ ဘယ်လိုပဲလုပ်လုပ် ကျုပ် ဆေးနည်းကိုတော့ ဘယ်တော့မှ ရမှာ မဟုတ်ဘူးဆိုတာပဲ။ ခုလဲ မရဘူး။ နောင်လဲ ရမှာ မဟုတ်ဘူး"

ဗက်ဆလာက ပခုံးကို တွန့်လိုက်ပြီး –

"ကြည့်ကြသေးတာပေါ့လေ"

ထို့နောက် သူသည် တံခါးဝသို့ လျှောက်သွားသည်။ တံခါးပွင့်လာသည်။ ကိုယ်တော်ကလေး ပါရှယ် ဝင်လာသည်။ လက်ထဲတွင် နေ့လယ်စာဗန်းနှင့်။

ဗက်ဆလာက ကိုယ်ရှိန်သတ်ကာ ဗန်းကို ကြည့်လိုက်သည်။

"အင်း ... ပဲဟင်းထင်တယ်။ ပြီးတော့ ဘာတွေလဲ။ ကြက်သားကင်၊ ဆလတ်ကြော်၊ ပေါင်မုန့်ဖြူဖြူဖွေးဖွေး လတ်လတ်ဆတ်ဆတ် ထောပတ်။ မဆိုးဘူး။ ကောင်းတယ် ... ကောင်းတယ်" တစ်ဆက်တည်းပင် ပါမောက္ခကြီးဘက်ကြည့်ပြီး –

"ဒါနဲ့ ဆရာကြီးအတွက် သင်္ဘောက တစ်ရက်စောပြီး ထွက်လာလိမ့်မယ်။ ဆရာကြီး ကြိုတင်သိထားရအောင်လို့ ပြောရတာပါ။ သန်ဘက်ခါဆိုရင် သင်္ဘောရောက်လာတော့မယ်။ ဆန်လက်ဇာရိကျွန်းနားမှာ ဆိုက်လိမ့်မယ်။ အဲဒီတော့ ဆရာကြီးကို ကျွန်တော့်ဘက်က ဘယ်လို ပြုစုရမယ်ဆိုတာကိုလဲ အချိန်ရှိတုန်း စဉ်းစားထားပါဦး"

ပါမောက္ခကြီးက အားတက်သရော အမူအရာဖြင့် –

"ကျုပ်က ဆေးနည်းကို စာရွက်ပေါ်ရေးပေးရင် ခင်ဗျားတို့ သင်္ဘောကို ပြန်လွှတ်ပြီး ကျုပ်ကို ပြင်သစ်သွားခွင့်ပြုမှာလား"

"ဆရာကြီးက ဈေးဆစ်နိုင်တဲ့နေရာမှာ မရှိပါဘူး"

www.burmeseclassic.com



“ခင်ဗျားတို့လဲ ဆစ်လို့ မရပါဘူး”

“ဆရာကြီးက တော်တော် ရှော်သေးတာပဲ။ ရှော်ရုံမဟုတ်ဘူး။ မိုက်တာက ပိုဆိုးသေးတယ်”

ဇက်ဆလာက ယင်းသို့ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။ ကိုယ်တော်ကလေး ပါရှယ်လည်း သူ့နောက်မှ လိုက်ထွက်သွားသည်။

တံခါးရွက်များ စေ့သွားသည်။ တစ်ချိန်တည်းတွင် တံခါးရွက်ချင်း ထိသံနှင့် သောခတ်သံများ ကြားရသည်။

ပါမောက္ခကြီးသည် စားပွဲသို့ မလျှောက်ချင် လျှောက်ချင် လျှောက်လာပြီး ကုလားထိုင်တွင် လေးလေးလံလံ ထိုင်ချလိုက်သည်။

ထို့နောက် ပေါင်မုန့်တစ်ဖဲ့ယူပြီး ပဲဟင်းရည်ပျစ်ပျစ်ထဲ နှစ်ကာ မစားချင်စားချင်နှင့် တစ်လုပ်နှစ်လုပ်သာ စားသည်။ ဆာလည်း မဆာ၊ စားချင်စိတ်လည်း လုံးဝမရှိ။ သူသည် စိတ်တခြား လူတခြား ဖြစ်နေသည်။ ဆိုဗီယက်ယူနီယံသို့ ပြန်ရောက်သွားလျှင် ဘယ်လို ကံကြမ္မာနှင့် ကြုံရဦးမည်ဆိုတာကိုသာ စိတ်ကရောက်နေသည်။

ဖြစ်နိုင်လျှင် ထွက်သာပြေးလိုက်ချင်သည်။ ယခုလို ငုတ်တုတ်ထိုင်နေရတာထက် တစ်ခုခု လုပ်လိုက်တာကမှ ပို၍ အဓိပ္ပာယ်ရှိဦးမည်။ သူသည် ထွက်ပြေးရန် လမ်းစကိုသာ အချိန်ရှိတိုင်း စိတ်ကူးကြံဆနေခဲ့သည်။ သို့သော် ဘယ်လိုမှ ထွက်ပေါက်မမြင်။ ဘယ်နည်းနှင့်မျှ အလုပ်မဖြစ်နိုင်သည့် ထွက်ပြေးရန် အကြံအစည်ပေါင်းများစွာတို့သည် (အခန်းထဲတွင် ပိတ်လှောင်ခံနေရသည့် သူကဲ့သို့ပင်) သူ့ဦးနှောက် အကျဉ်းခန်းထဲတွင် ပိတ်လှောင်ခံနေကြရသည်။

သူသည် သံတိုင်ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။ ပြတင်းပေါက်ပေါင်ပေါ်တွင် မြင်နေကျ ခိုကလေးများသည် တဂုဂု မြည်ရင်း ဂနာမငြိမ် တဖျပ်ဖျပ် လှုပ်ရှားနေကြသည်။

ပါမောက္ခကြီးသည် ခိုကလေးများကိုကြည့်ရင်း အတွေးနက်နေမိသည်။ သည်ခိုကလေးများမှာ အသိဉာဏ်ကင်းမဲ့သော အပဂိတ်တိရစ္ဆာန်များပင် ဖြစ်ကြသော်လည်း အသိဉာဏ်ရှိသော လူသားတစ်ယောက်ဖြစ်သည့် မိမိထက် လွတ်လပ်မှုရှိကြသည်။ သူတို့သည် လေကဲ့သို့ လွတ်လပ်မှုရှိပြီး သွားလိုရာသွားနိုင်ကြသည်။ သူ့မှာကား အကျဉ်းခန်းထဲတွင် ပိတ်လှောင်ခံနေရ သည်။ ဘာမှ မလုပ်နိုင်။ ငုတ်တုတ်။

သည်ခိုကလေးတွေလို လွတ်လပ်ခွင့်ရလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။ သူတို့လို ပျံလိုရာ ပျံသွားနိုင်လျှင် ကောင်းလေစွ။ ငါ့ဒုက္ခ၊ ငါ့အခြေအနေကို အပြင်လောကက သိသွားအောင် တစ်ခုခုလုပ်နိုင်လျှင် ကောင်းလေစွ။



BURMESE CLASSIC .com

www.burmeseclassic.com



ငါ့ရဲ့ အကူအညီ တောင်းသံကို တစ်ယောက်ယောက်က တစ်နည်းနည်းနဲ့ သိသွားအောင် လုပ်နိုင်လျှင် ကောင်းလေစွ။

ခိုကလေးတွေ၊ ခိုကလေးတွေ၊ ခိုစေတမန်၊ ခိုစေတမန်။ ဟုတ်ပြီ၊ အကြံရပြီ။ အကြံရပြီ။ ခိုစေတမန် လွှတ်ပြီး ငါ့အသံကို အပြင်လောကက ကြားသွားအောင် လုပ်မည်။

သူသည် တဒင်္ဂ ကြည်နူးမှုကြောင့် ကိုယ်ရော စိတ်ပါရွှင်လန်းသွားသည်။

ခိုကလေးတွေသည် သူနှင့် အကျွမ်းဝင်နေပြီ။ သူ့ကို ချစ်ချင်နေကြပြီ။ သူက သူတို့အား တစ်နေ့နှစ်ကြိမ်စီ အချိန်မှန် အစာကျွေးခဲ့သည်။ ဘာပဲပြောပြော သူတို့အပေါ်တွင် သူ့ကျေးဇူးရှိနေပြီ။

တကယ်တော့ သည်စိတ်ကူးမှာ ထင်သလောက် မလွယ်လှ။ မဖြစ်နိုင်သည့်ဘက်မှသာ အများဆုံး အလေးသာနေသည်။ သို့သော် သည်အတိုင်း ဘာမှ မလုပ်ဘဲ ငုတ်တုတ်ထိုင်နေခြင်းထက်တော့ ကောင်းမည်။ ဘာပဲပြောပြော တစ်ခုခုတော့ ဖြစ်လာနိုင်သည်။

အဲဒီတော့ သည်ခိုကလေးတွေက ဗင်းနစ်မြို့က လာကြတာလား။ ပိုင်ယက်ဇာဆန်မာကို ရပ်ကွက်က ခိုကလေးတွေလား။ သူတို့က သည်လိုပဲ နီးနားဝန်းကျင်က ကျွန်းတွေဆီ လာတတ်ကြသလား။

အဲသလို လာတတ်ကြသည်ပဲထားဦး။ သူတို့က သူခိုင်းသလို လုပ်နိုင်ကြပါ့မလား။ သူ့အကြောင်းကို ဗင်းနစ်မြို့သားတွေ သိသွားအောင် သတင်းပို့ပေးနိုင်ကြပါ့မလား။

တကယ်တော့ သူ့အကြံက စိတ်ကူးယဉ်လွန်းလှသည်။ လေဖမ်းဒန်းစီးသော စိတ်ကူးမျိုး၊ လေထဲတိုက်ဆောက်သော စိတ်ကူးမျိုး။ တစ်ဖက်က ကြည့်လျှင် ကြံရာမရဘဲ ဆောက်တည်ရာမရဘဲ သွေးရူးသွေးတန်းဖြစ်နေသော အကျဉ်းသားတစ်ယောက်၏ သနားစရာကောင်းလှသည့် စိတ်ကူးမျိုး။ သို့ သော် ဤသည်မှာ အလကား စိတ်ကူးတော့မဟုတ်။ အကြံအစည်တစ်ခု၊ လုပ်ရပ်တစ်ခုတော့ ဖြစ်သည်။ တစ်ခုခုတော့ ဖြစ်လာနိုင်သည်။

သူက ခိုကလေးတွေကို စောင်းငဲ့ကြည့်လိုက်သည်။ စုစုပေါင်းလေးကောင်၊ ပြတင်းပေါင်ပေါ်တွင် နားလိုက်တက်ပျံလိုက်ဖြင့် ဂနာမငြိမ်ဘဲ တရှုရှု ဖြစ်နေကြသည်။

သူ့ဆီမှာ အစာတောင်းနေကြသည်။

သူတို့တွေ ပျံမသွားခင် လုပ်စရာရှိတာ ခပ်မြန်မြန် လုပ်မှ ဖြစ်မည်ဟု သူက ဆုံးဖြတ်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



သူသည် စာရွက်လိပ်တွင် ပတ်ထားသော သားရေကွင်းကို ဖြုတ်သည်။ သားရေကွင်းကို စားပွဲပေါ်တွင် ချထားသည်။ အပေါ်ဆုံး စာရွက်ကို ယူပြီး စာရွက်အောက်ပိုင်းမှ လက်မဝက်ခန့် ခေါက်ချိုးကာ ဖြတ်ယူသည်။ စာရွက်က ရှည်လွန်းနေသည်။ ထို့ကြောင့် တစ်ဝက်ထပ်ဖြတ်သည်။

စာရွက်ပိုင်းကလေးကို စားပွဲပေါ်မှာ တင်ကာ သူ၏အသက်ကယ်စာကို ရေးရန် ပြင်တော့သည်။

စားလုံးသေးသေး စာကြောင်း သုံးလေးကြောင်းဖြင့် အဓိပ္ပါယ်ပြည့်စုံအောင် ဘာကို ရေးရမလဲ။ ဘယ်လိုရေးရမလဲ။ သူက စိတ်ကူးသည်။

မိမိ ဘယ်သူဘယ်ဝါ ဖြစ်သည်ဆိုတာလည်း ပါရမည်။ မိမိယခု ဘာဖြစ်နေသည် ဆိုတာလည်း ပါရမည်။ အချိန်အတိုင်းအတာကိုလည်း ဖော်ပြရသည်။ စာကိုတွေ့ရှိသူသည် ပါရီမြို့ရှိဒေါက်တာ အက်ဒွပ်ထံ ချက်ချင်း သတင်းပို့ဖို့ ကိစ္စလည်း ပါရမည်။

သည်အချက်တွေ အားလုံးပါအောင် အသေးဆုံးလက်ရေး၊ အနည်းဆုံး စာကြောင်းရေဖြင့် ရေးလို့ရပ့ါမလား။ ကြိုးစားပြီး ရေးကြည့်ရမှာပေ့ါ။

စာရွက်ပေါ် ဖောင်တိန်တင်ကာ စတင်ရေးသားတော့သည်။

**"ဗြိတိသျှ သိပ္ပံပညာရှင်။ ဆန်လက်ဇာရီတွင် မတရား အဖမ်းခံနေရ"**

သူသည် ခဏရပ်လိုက်သည်။ ဘာဆက်ရေးရမလဲ စဉ်းစားနေသည်။

ဟုတ်ပြီ။

စာကို ဆက်ရေးသည်။

ပြီးသွားပြီ။

ပြန်ဖတ်ကြည့်သည်။ မပြည့်စုံသေး၊ လိုနေသေးသည်။

သူဘာကြောင့် အဖမ်းခံနေရကြောင်း၊ သူ့ကိုဘာကြောင့် ကယ်တင်စေလိုကြောင်း ကျန်နေသေးသည်။

စာရွက်က ရေးစရာသိပ်မကျန်တော့။ အတိုဆုံး စကားလုံးသုံးမှ ဖြစ်တော့မည်။ နောက်ဆုံး ... နေရာလပ်တွင် လိုအပ်ချက်တွင် ဖြည့်ရေးလိုက်သည်။ အံကိုက်ဝင်သွားသည်။ အားလုံး ပြည့်စုံသွားပြီ။

စာရွက်ကလေးကို ကမန်းကတန်း နှစ်ခေါက် ခေါက်လိုက်သည်။ နောက်ထပ်တစ်ခေါက် ထပ်ခေါက်သည်။

ပြီးလျှင် စာရွက်ခေါက်နှင့် သားရေကွင်းကို အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။

www.burmeseclassic.com



ဗန်းထဲမှ ပေါင်မုန့်ပွဲကလေးတွေကို ဖြန့်တင်လိုက်သည်။

ချက်ချင်းပဲ ခိုကလေးနှစ်ကောင်က အစာကိုအလုအယက် ကောက်စားကြသည်။ တတိယကအကောင်က တောင်ပံတဖျပ်ဖျပ် ခတ်ကာ ပထမနှစ်ကောင်အပေါ်မှ ပျံဝဲနေသည်။ ဝဝကစ်ကစ်နှင့် မီးခိုးရောင်စတုတ္ထအကောင်ကမူ ပါမောက္ခကြီး၏ လက်ကိုသာ မလှုပ်မယှက် စိုက်ကြည့်နေသည်။ ပါမောက္ခကြီးက သူ့လက်ကို ခိုရှေ့သို့ ရွှေ့ပေးလိုက်သည်။ ခိုကလေးသည် ပါမောက္ခကြီး၏ လက်ဝါးထဲမှ ပေါင်မုန့်ပွဲများကို အားရပါးရ ထိုးဆိတ်စားသည်။

ပါမောက္ခကြီးက ဗယ်ဘက်လက်ကို သံတိုင်အပြင်သို့ ထုတ်ကာ ခိုကလေးကို လက်ဝါးနှင့် အုပ်ဖမ်းလိုက်သည်။ ခိုကလေးက တစ်ချက်နှင့်ချက် သာရုန်းပြီး ခဏကြာတော့ ငြိမ်သွားသည်။

ပါမောက္ခကြီးက လက်ကိုရုပ်၍ ခိုကလေးကို အခန်းထဲသို့ သွင်းယူလိုက်သည်။ ပက်လက်လှန်လိုက်တော့ ခြေထောက်ကလေးနှစ်ချောင်း ထွက်လာသည်။ ပြီးတော့ ညာဘက်ဖြင့် အင်္ကျီအိတ်ကို နှိုက်ကာ စာရွက်ခေါက်နှင့် သားရေကွင်းကို ယူလိုက်သည်။

နောက်အဆင့်ကတော့ အခက်ဆုံးအဆင့်ဖြစ်သည်။ သို့သော် ပါမောက္ခကြီးက စိတ်ရှည်ရှည်ဖြင့် စေ့စေ့စပ်စပ် လုပ်သည်။ သူသည် စာရွက်ခေါက်ကို ခိုခြေထောက်တွင် ပတ်ပြီး အပေါ်မှ သားရေကွင်းနှင့် တစ်ရစ်ချင်း တစ်ပတ်ချင်း စည်းလိုက်သည်။

သူ့လုပ်ငန်းပြီးသွားပြီ၊ ခိုစေတမန်ရပြီ။ ပိုင်ဇက်ဇာဆန်မာကို ရင်ပြင်မှ ခိုဖြစ်ပါစေဟု သူက စိတ်ထဲမှ ဆုတောင်းလိုက်သည်။

ထို့နောက် သူသည် ပြတင်းပေါက်သို့ ပြန်လာခဲ့သည်။ လက်ကို မြှောက်ကာ ခိုကလေးကို ပြတင်းပေါက်အပြင်သို့ ထုတ်လိုက်သည်။

ထိုအခိုက် အောက်ဘက်မှ လှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။ တခြားမဟုတ်၊ အစောင့်ရဲသား၊ လက်ထဲတွင်လည်း ရိုင်ဖယ်သေနတ်ကြီးနှင့်။

ဘုရား ... ဘုရား ... သူများမြင်သွားပြီလား။

ပါမောက္ခကြီးရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။ သူသည် ခိုကလေးကို တင်းတင်းဆုပ်ကိုင်ထားရာမှ ဖြုတ်ခနဲလွှတ်ထုတ်လိုက်သည်။ ခိုကလေးသည် တဖျပ်ဖျပ် တောင်ပံ ခတ်ကာ အောက်သို့ ခေတ္တထိုးစိုက်သွားပြီးမှ အပေါ်သို့ ပျံတက်သွားသည်။

အောက်ဘက်မှ အသင့်စောင့်နေသော ရဲသားက ပခုံးမှ ရိုင်ဖယ်ကို ကမန်းကတန်း ဖြုတ်ကာ ခိုကလေးဆီသို့ လှမ်းချိန်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



အဖြစ်အပျက်က မြန်ဆန်လှသည်။

'ဒိုင်း'

တစ်ချိန်တည်းတွင်ပင် ခိုကလေးသည် လဟာပြင်ထဲတွင် လမ်းကြောင်းလွဲကာ ယိမ်းထိုးသွားပြီး သူ့ကိုယ်မှ အမွေးများ ကျွတ်ထွက်သွား သည်။ သူသည် တောင်ပံကို နှုတ်သီးဖြင့် ကိုက်ရင်း အောက်စိုက်ပြီး သွေးရူး သွေးတန်း ပျံသွားသည်။

ပါမောက္ခကြီးက ရင်တဖိုဖိုဖြင့် မျက်တောင်မခတ်ကြည့်နေရင်းမှပင် ခိုကလေးသည် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ပါမောက္ခကြီးက အောက်မှ ရဲသားကို ငုံ့ကြည့်လိုက်သည်။ ရဲသားက ပါမောက္ခကြီးအား လက်သီးဆုပ်ဖြင့် နှစ်ချက်လှုပ်ပြသည်။ တစ်ချက်က 'ဘယ်ရမလဲ' ဟူသော အထိမ်းအမှတ်။ နောက်တစ်ချက်က သတိထား ဟူသော အထိမ်းအမှတ်။

ပါမောက္ခကြီးသည် ရင်ထဲတွင် ဆို့နင့်သွားပြီး စိတ်ပျက်ညှိုးငယ်စွာဖြင့် ပြန်လှည့်လာခဲ့ကာ ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

သူ့မျက်လုံးများက တံခါးဆီသို့ ရောက်သွားသည်။ သူ့နားက တံခါးဖွင့်သံကို ကြားယောင်နေသည်။ ဘယ်သူများ ဝင်လာဦးမှာလဲ။

သူ့အဖို့ အနာဂတ်ခရီးကတော့ ပိန်းပိတ်အောင် မှောင်ကြီးကျနေပေတော့သည်။

***

www.burmeseclassic.com

[ ၂ ]

တီမိုသီဂျော်ဒန်သည် ဗင်းနစ်မြို့ထဲမှ ဒင်နီယယ်လီဟိုတယ် အဝင် အဝတွင် ရပ်နေသည်။

သူ့ရှေ့တည့်တည့်မှ တူးမြောင်း ဖောတံတားတွင် ကူးတို့သမ္ဗန် ကလေးများနှင့် မော်တော်ဘုတ်ကလေးများ အစီအရီဆိုက်ကပ်ထားကြသည်။

ကြည့်နေရင်းပင် လူအပြည့်နှင့် သမ္ဗန်တစ်စင်း ဆိုက်လာသည်။ ဖောတံတားကလေးသည် ရေပေါ်တွင် လှုပ်ရှားသွားသည်။ ဗင်းနစ်မြို့သူမြို့ သားများ၊ အမေရိကန်၊ ဂျာမန်၊ ပြင်သစ်စသည့် ကမ္ဘာလှည့်ခရီးသည်များ အလျှိုအလျှို ဆင်းလာကြသည်။ ကူးတို့မော်တော်တစ်စင်း ဆိပ်ကမ်းမှ စတင် ထွက်ခွာသည်။ ဒင်နီယယ်လီဟိုတယ်မှ ကမ္ဘာလှည့်ခရီးသည်များ လီဒိုကျွန်း အပန်းဖြေစခန်းသို့ နေ့လယ်စာအမီ ထွက်ခွာသွားကြခြင်းဖြစ်သည်။

ဂျော်ဒန်သည် ယနေ့ အိပ်ရာထ တော်တော်နောက်ကျခဲ့သည်။ ယမန်နေ့ညက အသောက်လွန်သွားသည်။ သည်လိုနေ့မျိုးတွင် သူသည် မွန်းလွဲတစ်နာရီတွင်မှ အလုပ်ခွင်သို့ ဝင်လေ့ရှိသည်။

သူသည် လွန်ခဲ့သော တစ်နာရီခန့်ကမှ အိပ်ရာက ထနိုင်ခဲ့သည်။ အိပ်ရေးလည်း မဝခဲ့၊ အရက်ရှိန်လည်း မပြေသေး၊ ခေါင်းထဲတွင် ရီဝေမူးနောက် နေသည်။ ကိုယ်လက်တွေ နုံးချည့်နေသည်။ ခြေထောက်ကို မသယ်ချင်အောင် ဖြစ်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အိပ်ရာမှ ထပြီး မှတ်ဆိတ်ရိတ်ရေချိုးခဲ့သေးသည်။ မှတ်ဆိတ်ရိတ်ရင်း သူ့ရုပ်ကို သူမှန်ထဲတွင် အတော်ကြာကြာ ကြည့်နေခဲ့မိသည်။ သူ့ရုပ်သွင်သည် ယခင်ကလို မဟုတ်တော့။ ပြောင်းလဲသွားခဲ့ပြီ။

လွန်ခဲ့သော ခြောက်နှစ်လောက်က ကလျာနှင့် လက်ထပ်ခဲ့တုန်းက ရုပ်သွင်မျိုးမရှိတော့။ အဲဒီတုန်းက သူ့ရုပ်သွင်သည် အသားအရေကျစ်ကျစ်လျစ်လျစ်နှင့် အားကစားသမားပုံမျိုးပေါက်နေသည်။ ယခုတော့ မသိမသာ ခါးကိုင်းပြီး ဗိုက်ရွှဲလာသည်။ မျက်နှာကလည်း ဖောသွပ်သွပ် ဖြစ်လာသည်။ မျက်လုံးတွေက နီနေပြီး မျက်ခွံတွေက မို့အစ်နေသည်။ နဖူးက အဆီပြန်ပြီး ပြောင်လက်နေသည်။

သူသည် လက်ပိုက်ပြီး ရပ်နေသည်။ လက်တွေက ဆုပ်အား သိပ်ပြီး မမြဲချင်တော့။ တုန်ချင်သလိုဖြစ်လာပြီ။ တကယ်တော့ သူ့အသက်အရွယ်နှင့်သည် အခြေအနေအထိ မရောက်သင့်သေး။ သူ့အရွယ်က သန်တုန်း မြန်တုန်း အရွယ်၊ အသက် ၃၈ နှစ်သာ ရှိသေးသည်။

ယမန်နေ့ညက ကော့ညက်အရက် ခုနစ်ပက်တိတိသောက်ခဲ့သည်။ သည်နှုန်းအတိုင်း စွဲစွဲမြဲမြဲသောက်လာတာ သုံးနှစ်သုံးမိုး ရှိခဲ့ပြီ။ တစ်ခါတလေ ခုနစ်ပက်ထက် ပိုသောက်ခဲ့သည့် အကြိမ်ပေါင်းလည်း မနည်းတော့။ သည်ပုံအတိုင်းဆိုလျှင် မကြာခင်မှာ သူ့ကို အရက်က အနိုင်ယူတော့မည်။

'ဗင်းနစ်မြို့ ကယ်တင်ရေးအဖွဲ့' မှ သူ့အလုပ်ရှင် ဒါရိုက်တာ လူကြီးများကို ပြောရဦးမည်။

"လူကြီးမင်းများ ခင်ဗျား၊ ပထဆုံးလုပ်ရမယ့် အလုပ်ကိုသာ အရင်လုပ်ကြပါ။ ဗင်းနစ်မြို့ကို ရေဘေးက မကယ်တင်ခင် ကျွန်တော့်ကို အရက်ဘေးက အရင်ကယ်တင်ကြပါ" ဟူ၍ ပြောရဦးမည်။

သူသည် သူ့စိတ်ကူးနှင့် သူ ပြုံးလိုက်မိသည်။ ပြီးတော့ ထုံးစံ အတိုင်း ဟိုတယ်ရှေ့မှ လျှောက်ထွက်လာခဲ့သည်။

သူသည် ရုံးမတက်မီ နာရီဝက်၊ တစ်နာရီပါးခန့်စီ မြို့ထဲလျှောက်ပြီးမှ ဆန်မာကို ရင်ပြင်မှ ကဖေးဆိုင်တွင် နံနက်စာ စားလေ့ရှိသည်။ သည်အတိုင်း လုပ်လာခဲ့သည်မှာ နှစ်နှစ်လောက် ရှိခဲ့ပြီ။

တစ်လမ်းဝင် တစ်လမ်းထွက်နှင့် လမ်းသွားလမ်းလာ လူအုပ်ထဲဝင်တိုးသွားလာနေရသည်ကို သူနှစ်သက်သည်။ ရှေးဟောင်း ဘိုင်ဇန်တိုင် အဆောက်အအုံများနှင့် အလယ်ခေတ် ပန်းပုလက်ရာများကို လျှောက်ကြည့်ရင်း ကြည်နူးရသည်။ ဗင်းနစ်မြို့မှ အသိမိတ်ဆွေများနှင့် လမ်းသွားရင်း ဟိုအကြောင်း သည်အကြောင်း မေးမြန်းစပ်စုရတာကို သဘောကျသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သူသည် တရားလွှတ်တော်ချုပ် အဆောက်အအုံနှင့် ဆက်ထားသော 'မိုးထိတံတား' ကြီး အနီးသို့ ရောက်လာသည်။ တရားလွှတ်တော်ချုပ် အဆောက်အအုံပေါ်တွင် ခိုတွေ ပြွတ်ခဲနေသည်။

ထိုမှတစ်ဆင့် ပိုင်ယာဇက်တာ ကွက်လပ်ကို ဖြတ်၍ ကူးတို့သမ္ဗန်ဆိပ်သို့ ရောက်လာသည်။ သူ့အပေါင်းအသင်း သမ္ဗန်သမားကြီး လူဂျီစီပိုလာ တေးကို တွေ့လိုတွေ့ငြားရှာကြည့်သည်။

"ဟေး ... တီမိုသီ၊ ဒီနေ့အစောကြီးပါလား"

လူဂျီက သမ္ဗန်ပေါ်မှ လှမ်းအော်နှုတ်ဆက်သည်။ ဂျော်ဒန်က လက် ဝှေ့ယမ်းပြီး ပြန်လည်နှုတ်ဆက်လိုက်သည်။ ပြီးတော့ ဆန်မာကို ရင်ပြင်သို့ ဆက်လျှောက်ခဲ့သည်။

မာစီရီ လမ်းမကြီးတစ်နေရာတွင် ဘုန်းတော်ကြီးပီယက် ထရိုနှင့် ပက်ပင်းတွေ့သည်။

ပီယက်ထရိုမှာ ဂျော်ဒန်နှင့် ဆွေးနွေးဖက်ဖြစ်ပြီး မြို့စွန် ဆန်ဂီယာကို ဗို ရပ်ကွက်မှ ဘုရားရှိခိုးကျောင်းတွင် သီတင်းသုံးသည်။

"ဘာကိစ္စများပါလဲ ဘုရား၊ အဝေးကြီးကတောင် ကြွလာပါကလား"

ဘုန်းတော်ကြီးက လက်ထဲမှ 'ဗင်းနစ်ဂေဇက်' သတင်းစာ မြှောက်ပြယင်း – "တို့အတွက် ဗင်းနစ်မြို့များ ကျန်နေသေးသလားလို့ လာကြည့်တာကွယ်။ ဒါနဲ့ မြူနီစီပါယ်ခွန် တိုးကောက်တာ မင်းဖတ်ပြီးပြီလား။ လက်ဆောင်ပစ္စည်းတောင်မကျန် အခွန်တိုးကောက်မယ်ဆိုပါလား။ ဒီအတိုင်းသာဆိုရင် ဗင်းနစ်မြို့တော် ပျက်ပါပြီ။ ကမ္ဘာလှည့် ခရီးသည်တွေ တစ်ယောက်မှ လာတော့မှာ မဟုတ်ဘူး။ မင်းတို့ အဖွဲ့ကလဲ ဘာမှ မလုပ်ဘူးလား။ ဒီလိုပဲ လိပ်သွားသလို သွားနေတော့မှာလား"

"တပည့်တော်တို့အဖွဲ့က နေးတော့နေးတယ် ဘုရား။ ဒါပေမယ့် အလုပ်တော့ အရှိန်မပျက် လုပ်နေပါတယ်။ ပြီးခဲ့တဲ့ ဆောင်းတွင်းကစပြီး ပင်လယ်နဲ့ လီဒိုကျွန်းဝကို ဖြတ်ပြီး ပီရယ်လီဆည်ကြီးကို တည်ဆောက်နေခဲ့ပါတယ်"

"ဒါပေမယ့် ဒီရေကို မတားနိုင်သေးတာပဲ။ ဇန်နဝါရီလတုန်းက ရေ တွေ အကြီးအကျယ် လျှံခဲ့သေးတယ် မဟုတ်လား"

"ဆည်ကြီးပြီးသွားရင် စိုးရိမ်စရာ မရှိတော့ပါဘူး ဘုရား။ လာမယ့် ဆောင်းတွင်းဆိုယင် ပြီးပါပြီ"

"အဲဒီအချိန်အထိ ငါနေရဦးမှာလား"



BURMESE CLASSIC .com

www.burmeseclassic.com



"နေပါတယ် ဘုရား၊ မကြာခင်ပြီးတော့မှာပါ"

"အေး ... အေး ... အားတဲ့အခါ ကျောင်းဘက် လှည့်ခဲ့ပါဦး။ မတွေ့ရ တာကြာပြီ။ အေးအေး ဆေးဆေး ငြင်းရတာပေါ့ ဟုတ်လား"

"မှန်ပါ့ ဘုရား"

ဘုန်းတော်ကြီးက ရှေ့ဆက် ကြွသွားသည်။ ဂျော်ဒန်က အလုပ်ခွင်သို့ မဝင်ချင်သေး။ ဗိုက်လည်း ကောင်းကောင်း မဆာသေး။ သို့ဖြင့် 'နူရီခန်မုန့်ဆိုင်' လောက်အထိ နည်းနည်းဆက်လျှောက်ရန် ဆုံးဖြတ်လိုက်သည်။

နူရီခန်မုန့်ဆိုင်မှာ ဗင်းနစ်မြို့တွင် လူသိများသော ခေတ်မီမုန့်ဆိုင်ဖြစ်သည်။ ဆိုင်ရှင် ဆင်းဘတ်နူရီခန်က အာမေနီယံလူမျိုး။ ဂျော်ဒန်ဗင်းနစ်မြို့သို့ ရောက်စကတည်းက သိကျွမ်းရင်းနှီးခဲ့သော မိတ်ဆွေဟောင်းတစ်ဦးဖြစ်သည်။ ဂျော်ဒန်သည် ချီကာဂိုနှင့် လော့စ်အိန်ဂျလိစ်မြို့များရှိ ဆွေမျိုးသားချင်းများအတွက် လက်ဆောင်ပေးရန် ကြည့်မှန်များ ဝယ်ခဲ့ရာမှ ခင်မင်ရင်းနှီးခဲ့ကြခြင်းဖြစ်သည်။ အဘိုးကြီးက အသက် ၅၀ ကျော်ပြီ။ သူ့မိန်းမ အီဂျစ်သူ၊ အလွန်ချောသည်။ ဂျော်ဒန်က သူတို့လင်မယားနှင့်အတူ မကြာခဏ ထမင်းသွားစားသည်။

ဆိုင်ရှေ့တွင် ဝယ်သူတွေ ဝိုင်းနေသည်။ နူရီခန်က ဂျပန်ခရီးသည်တွေ အလယ်တွင် လက်မလည်အောင် အလုပ်များနေသည်။ ဂျော်ဒန်ကို မြင် တော့ အဘိုးကြီးက ဝယ်သူတွေ ကြားမှ ပြုံးပြသည်။

"မဝင်တော့ဘူး။ နှုတ်ဆက်ရုံကလေးတွင်ပါ"

ဂျော်ဒန်က အလိုက်သိစွာဖြင့် ပြောပြလိုက်သည်။ အဘိုးကြီးက ဆိုင်ရှေ့သို့ လှမ်းပြီး –

"ဝင်ခဲ့ပါ၊ ငါးမိနစ်လောက်ဆိုရင် အားပါပြီ"

"နေပါစေတော့။ အလုပ်သွားစရာရှိသေးတယ်။ ဘယ့်နှယ်လဲ၊ အားလုံး အဆင်ပြေတယ် မဟုတ်လား"

"ကျုပ်ကတော့ အဆင်ပြေပါတယ်။ ကျုပ်ညီတစ်ယောက်သာ မပြေလည်တာပါ။ ခုထက်ထိ နာလန်မထူသေးဘူး။ အချိန်ရယင် နေ့လည်စာလာ စားပါဦးလေ"

"ဟုတ်ကဲ့ ... လာခဲ့ပါဦးမယ်"

ထို့နောက် ပိုင်ယက်ဇာရင်ပြင်ဘက် ပြန်လျှောက်ခဲ့သည်။ လမ်းတွင် သတင်းစာ လက်ပွေ့ရောင်းသမား ဂျီနိုနှင့် တွေ့၍ 'အင်တာနယ်ရှင်နယ် ဟယ်ရယ်လ်ဒ် ထရီဗြွန်း' သတင်းစာတစ်စောင် ဝယ်လာခဲ့သည်။ ရင်ပြင်အလယ်သို့ ရောက်တော့ 'ကွာဒရီကဖေးဆိုင်' ထဲဝင်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဆိုင်ထဲတွင် ကမ္ဘာလှည့် ခရီးသည်တွေနှင့် ပြည့်ကျပ်နေသည်။ နေ ရောင်ရသော စားပွဲလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ စားပွဲထိုး ရောက်လာ ပြီး ရင်းရင်းနှီးနှီး လေသံဖြင့် မေးသည်။

"ထုံးစံအတိုင်းပဲလား ... ဆီညော်ဂျော်ဒန်"

"မဟုတ်ဘူး၊ ဒီနေ့တော့ တစ်မျိုးစားကြည့်မယ်။ လိမ္မော်ရည်၊ လက်ဖက်ရည်ပူပူ၊ သံပရာမယူတော့ဘူး။ ပြီးတော့ ပေါင်မုန့်လိပ်၊ ထောပတ်"

စားပွဲထိုး ပြန်ထွက်သွားသည်။

ဂျော်ဒန်က သတင်းစာကို စားပွဲပေါ် ဖြန့်ဖတ်သည်။ ယနေ့မျက်နှာဖုံးသတင်းမှာ ဗရင်ဂျီသာသနာပိုင်ပုပ်ရဟန်းမင်းကြီးက ခရစ်ယာန် သာသနာ သန့်ရှင်းရေးနှင့် ပြန့်ပွားရေးကောင်စီ ဥက္ကဋ္ဌအဖြစ် ဂိုဏ်းချုပ်ကြီးဘက်ချီအား ရွေးချယ်တင်မြှောက်လိုက်ကြောင်း သတင်းဖြစ်သည်။ ဤသတင်းသည် သာသနာပြုပြင်ရေးဒါနများအတွက် သတင်းဆိုးဖြစ်သည်။ ဂိုဏ်းချုပ်ကြီး ဘက်ချီသည် အစဉ်အလာ ရှေးရိုးအယူအဆကို တရားသေစွဲကိုင်ပြီး ခေတ်သစ် အယူအဆကို အပြင်းအထန် ဆန့်ကျင်သူဖြစ်သည်။

ဂျော်ဒန်က သူ့နာမည်ကို တစ်ယောက်ယောက် ခေါ်သလို ကြားလိုက်ရသည်။ နောက်သို့ လှည့်ကြည့်လိုက်တော့ အိုရက်စတေမီမို သူ့စားပွဲသို့ လျှောက်လာသည်ကို တွေ့ရသည်။ မီမိုက ကွာဒရီသံစုံတီးဝိုင်းမှ တယောသမား လူငယ်တစ်ဦး ဖြစ်သည်။ သူနှင့် ဂျော်ဒန်တို့သည် ကွာဒရီကဖေးဆိုင်တွင် တစ်ပတ်တစ်ခါ အမြဲတမ်းဆုံပြီး အရက်သောက်လေ့ရှိကြသည်။

"ဟေ ... မီမို။ လာပါ လက်ဖက်ရည်သောက်ပါဦး"

"နေပါစေ ... ကျေးဇူးပဲ။ ကျွန်တော် နှစ်နာရီလောက်တောင် နောက်ကျသွားပြီ" သူက မောကြီး ပန်းကြီးဖြင့် ပြောသည်။ "အလုပ်သွားရဦးမယ်။ နို့မဟုတ်ရင် အလုပ်ဖြုတ်ခံရမှာ သေချာတယ်။ အဖြစ်က ညတုန်းက နည်းနည်း အပျော်လွန်သွားလို့ဗျ။ ခင်ဗျားတို့ အမေရိကန် ကျောင်းသူကလေးတစ်ယောက်နဲ့ပေါ့။ မဆိုးဘူးဗျ တော်တော်လာတဲ့ ကောင်မလေးပဲ။ ဒါကြောင့်ပေါ့၊ မနက် ၁၁ နာရီထိုးမှ အိပ်ရာက နိုးလာတာ။ ကဲ ... အဘိုးကြီး ဒေါကန်နေမှာ စိုးရတယ်။ သွားမယ်နော် ... နောက်မှ ဆုံကြတာပေါ့"

စားပွဲထိုး ပြန်ရောက်လာသည်။ စားစရာတွေကို စားပွဲပေါ်ချသည်။ ဂျော်ဒန်က သတင်းစာ ပြန်ခေါက်ပြီး ဘေးမှ ကုလားထိုင်အလွတ်ပေါ်တွင် တင်ထားလိုက်သည်။

ထို့နောက် လိမ္မော်ရည်ကို အရင်သောက်သည်။

လိမ္မော်ရည် ကုန်သွားတော့ ပေါင်မုန့်လိပ်ကို ထောပတ်သုတ်သည်။

www.burmeseclassic.com



သူ့စိတ်သည် အတိတ်ကာလသို့ ရောက်သွားသည်။ သူ့မိန်းမ ကလျာကို သွား၍ သတိရမိသည်။ ကလျာရှိတုန်းက သည်လိုပင် သူ့အား နံနက်စာအတွက် ပေါင်မုန့်ကို အမြဲတမ်း ထောပတ်သုတ်ပေးလေ့ရှိသည်။ ကလျာသည် သေမည့်နေ့ကလည်း သူ့ကို ပေါင်မုန့်ထောပတ်သုတ်နဲ့ နံနက်စာ ကျွေးခဲ့သေးသည်။

ဂျော်ဒန်က ခေါင်းကို ငုံ့ပြီး မျက်လုံးကို မှိတ်လိုက်သည်။ စိတ်မျက်စိ ထဲတွင် ကလျာကို ပိုးတဝါးသာ မြင်ရသည်။ ရွှေရောင်ဆံပင်၊ အပြာရောင်မျက်လုံး၊ နှာတံစင်းစင်း၊ နှုတ်ခမ်းချိုချိုနှင့် ချစ်စရာကောင်းသူကလေး ဖြစ်သည်။

ထိုနေ့ကို သေသေချာချာ မှတ်မိနေသေးသည်။ ကလျာတွင် ကိုယ်ဝန်သုံးလပြည့်သောနေ့ ဖြစ်သည်။

ထိုစဉ်က သူတို့ဇနီးမောင်နှံ အလွန်ပျော်ခဲ့ကြသည်။ မျှော်လင့်ချက်နှင့် ကြည်နူးနေခဲ့ကြသည်။ ကလျာမျက်နှာမြင်ပြီးလျှင် ချီကာဂိုမြို့တွင်းရှိ အငှားအိမ်ခန်းမှ ပြောင်းပြီး မြို့ပြင်တွင် ကိုယ်ပိုင်အိမ်ဝယ်မည်။ ကလေးကို ကျကျနန မွေးမည်။ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် မွေးမည်။

ပြီးတော့ ဂျော်ဒန်၏ အလုပ်ကိစ္စနှင့် ပတ်သက်၍လည်း ဇနီးမောင်နှံ ဆွေးနွေးခဲ့ကြသည်။ ဂျော်ဒန်သည် ချီကာဂိုမြို့မှ ကုမ္ပဏီကြီးတစ်ခုတွင် အင်ဂျင်နီယာလုပ်နေသည်။ သည်အလုပ်ကို သူငြီးငွေ့နေပြီ။ အလုပ်ပြောင်းချင်နေပြီ။ သူသည် စနေ၊ တနင်္ဂနွေရက်အားများတွင် စာနယ်ဇင်းမျိုးစုံအတွက် သိပ္ပံဆောင်းပါးများ ရေးနေသည်။ သည်အလုပ်သည် အတော်အောင်မြင်သည်။ သူ့အနေနှင့် ဝါသနာလည်းပါသည်၊ အပိုဝင်ငွေလည်း ရသည်၊ လူသိလည်း များလာသည်။ ထို့ကြောင့် တစ်နေ့တွင် အလုပ်မှ ထွက်ပြီး အချိန်ပြည့် စာရေးဆရာလုပ်နေမည်ဟု စိတ်ကူးထားသည်။

ထိုနေ့က သူ့အလုပ်ရောက်ပြီး တစ်နာရီလောက် ကြာတော့ သူ့ဆီ ရဲစခန်းမှ တယ်လီဖုန်းဆက်သည်။

ကလျာသည် မီချီကန်အဲဗင်းနယူးထောင့်တွင် လမ်းဖြတ်ကူးရန် ရပ်စောင့်နေခိုက် ကားတစ်စီးက ဘရိတ်ပြုတ်ပြီး ကလျာကို ဝင်တိုက်သည်။ တစ်ခါတည်း ပွဲချင်းပြီး သေဆုံးသွားသည်။

ထိုနေ့မှစ၍ သူ့ဘဝလည်း ပျက်ခဲ့သည်။ သူ့ရည်မှန်းချက်တွေ အားလုံး ရေစုန်မျောသွားခဲ့သည်။

သူသည် အလုပ်မှ နုတ်ထွက်လိုက်သည်။ နယူးယောက်မြို့သို့ ပြောင်းလာခဲ့သည်။ သူသည် အရက်မသောက်ချင်သော်လည်း သောက်မိသည်။ စာမရေးချင်သော်လည်း ရေးမိသည်။ သူ့ဆောင်းပါးတွေ စာနယ်ဇင်း

ပေါင်းစုံတွင် အဆက်မပြတ်ပါလာသည်။ ချီးကျူးလည်း ခံရသည်။ ဝင်ငွေလည်း ကောင်းလာသည်။ သို့သော် သူသည် ပဲ့ကိုင်မရှိသော လှေလို ဖြစ်နေသည်။ စိတ်ထင်ရာ စွတ်လုပ်နေသည်။ အရက်သောက်သည်၊ ပါတီပွဲ တက်သည်၊ တွေ့ရာမိန်းမနှင့် တွဲသည်။

သည်လိုနှင့် တစ်နေ့တော့ 'ဗင်းနစ်မြို့ကယ်တင်ရေးအဖွဲ့' မှ ပြုလုပ်သော ပါတီပွဲတစ်ခုသို့ အမျိုးသမီးကြီးတစ်ယောက်နောက်မှ အဖော်အဖြစ် လိုက်ပါသွားသည်။

သူသည် ဗင်းနစ်မြို့သို့ တစ်ခါမှ မရောက်ဖူး။ ဘယ်နေရာမှာ ရှိမှန်းပင် ကောင်းကောင်းမသိ။ ပင်လယ်ရေ လျှံခြင်းကြောင့် တစ်နေ့တွင် ဗင်းနစ်မြို့ ရေထဲမြုပ်သွားနိုင်ကြောင်းကိုတော့ ဝေလာဝေး။ ထိုနေ့မှ ကော်မတီဒါရိုက်တာ ပြောပြတော့မှ ဂျော်ဒန်က ယင်းအကြောင်းတွေကို သိရှိရ ခြင်းဖြစ်သည်။

သည်အတိုင်းသာဆိုလျှင် ဗင်းနစ်မြို့၏ သမိုင်းဝင် အနုပညာလက်ရာများသည် သမိုင်းပြတိုက်ထဲသို့ ရောက်ရှိသွားနိုင်ကြောင်း၊ ယခုပင်လျှင် အချို့သော သမိုင်းဝင် အဆောက်အအုံများနှင့် အထိမ်းအမှတ်ရုပ်တုများမှာ ရေလွှမ်းဒဏ်ကြောင့် ပြိုကွဲပျက်စီးစပြုနေပြီး ဖြစ်ကြောင်း ကော်မတီမှ ဒါရိုက်တာက ပြောပြသည်။

ထို့နောက် သူ့အား ဒေါက်တာ ရီနယ်ဒိုဆိုသူနှင့် မိတ်ဆက်ပေးသည်။ ထိုပုဂ္ဂိုလ်က သူ့ကို ကောင်းကောင်းသိသည်။ သူ့ဆောင်းပါးများကို ဖတ်ပြီး သိနေခြင်းဖြစ်သည်။ ဒေါက်တာ ရီနယ်ဒိုက ဂျော်ဒန်ကို သဘောကျနေသည်။ ထို့ကြောင့် သူ့အလုပ်အကိုင်ကို မေးသည်။ လုပ်ငန်းနှင့် ပတ်သက်၍ နှိုက်နှိုက်ချွတ်ချွတ်မေးသည်။ ဂျော်ဒန်က အရေးမကြီးသလို လွယ်လွယ်ကလေးနှင့် ပြန်ဖြေလိုက်သည်။

နောက်ဆုံးတော့ ဒေါက်တာရီနယ်ဒိုက သူ့ကို အလုပ်ပေးတော့သည်။

"မောင်ရင် ဗင်းနစ်မြို့ကိုလာပြီး ကျုပ်တို့အဖွဲ့မှာ လုပ်ပါလား။ ကျုပ်တို့မှာ ပြန်ကြားဆက်သွယ်ရေး အရာရှိတစ်ဦးလိုနေတယ်။ မောင်ရင့်မှာ လိုအပ်တဲ့ အရည်အချင်းတွေ အားလုံး ပြည့်စုံတယ်လို့ ကျုပ်ထင်တယ်။ လခကောင်းကောင်းပေးပါ့မယ်။ အိပ်ခန်းလဲရမယ်။ သုံးလလောက် လာလုပ်ကြည့်ပါလား။ မောင်ရင် ဗင်းနစ်မြို့မှာ ပျော်သွားမှာပါ"

အဲဒီတုန်းကတော့ သုံးလလောက်သာ မှန်းခဲ့သည်။ ယခုတော့ သူ ဗင်းနစ်မြို့တွင် ရောက်နေခဲ့တာ ၂၂ လ ပင်ပြည့်ခဲ့ပြီ။ ဗင်းနစ်မြို့ကို သူစွဲနေပြီ။ ဗင်းနစ်မြို့မှာ သူပျော်နေပြီ။

www.burmeseclassic.com



ပို၍ပျော်စရာကောင်းတာက ၁၁ လမြောက်တော့ ချစ်စရာ ကောင်းသော လက်ထောက်တစ်ယောက် ရောက်လာခဲ့ခြင်းပင် ဖြစ်သည်။ သူ့လက်ထောက်က အမျိုးသားမဟုတ်၊ အမျိုးသမီး။

စုစုပေါင်း အမျိုးသမီး ခြောက်ယောက် လျှောက်လွှာတင်သည်။ ထိုအထဲမှ အလှဆုံး၊ အချောဆုံး၊ အတောင့်ဆုံး အမျိုးသမီးကို သူက ရွေးချယ်လိုက်သည်။ သူမနာမည်က မာရီဆာ၊ အသက် ၂၆ နှစ်၊ ခေတ်ပညာတတ် တက္ကသိုလ်ဘွဲ့ရ အမျိုးသမီးကလေး။ သူကလေးက ရုပ်ချောသလောက် သွက်လက်သည်၊ ဉာဏ်ကောင်းသည်၊ လုပ်ငန်းကျွမ်းကျင်သည်။

နောက်ဆုံးတော့ မာရီဆာမှာ သူ၏ တရားမဝင်သော အပျော်မယားကလေးဘဝသို့ ရောက်လာခဲ့တော့သည်။ မာရီဆာကို သူ အလွန်ချစ်သည်။ မေတ္တာချစ်ထက် တဏှာချစ်က ပိုသည်။

သည်လိုနှင့် သူသည် ဗင်းနစ်မြို့ကို မခွဲနိုင်တော့။

ဂျော်ဒန်က မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။ သူသည် အတိတ်အိပ်မက်မှ လန့်နိုးလာသည်။

စားပွဲပေါ်မှ လက်ဖက်ရည်ခွက်ကို မော့သောက်လိုက်သည်။ ပြီး တော့ ပေါင်မုန့်လိပ်ကို တစ်ပိုင်းစားသည်။ တစ်ပိုင်းကို ထုံးစံအတိုင်း ခိုစာ ကျွေးရန် ချထားလိုက်သည်။ ခိုကလေးတွေက သူနှင့် ကျွမ်းဝင်နေကြပြီ။ သူ့ကို မိတ်ဆွေရင်းလို ချစ်ခင်နေကြပြီ။ အချိန်တန်လျှင် သူ့စားပွဲသို့ ရောက်လာကြစမြဲဖြစ်သည်။

သူက ပေါင်မုန့်ကို စားပွဲခြေရင်းသို့ တစ်ဖဲ့စီခြွေချသည်။ မကြာမီပင် ခိုတွေ တစ်ကောင်ပြီးတစ်ကောင် တဖျပ်ဖျပ်တောင်ပံခတ်ပြီး ရောက်လာကြသည်။ စုစုပေါင်း ၁၃–၄ ကောင်လောက် ရှိသည်။ အားလုံးလိုလို မီးခိုးရောင်တွေချည်းဖြစ်သည်။ ရင်အုံနှင့် အမြီးပိုင်းကလေးကတော့ နည်းနည်းကလေး အဖြူရောင် သမ်းနေကြသည်။ ခိုကလေးတွေက ပေါင်မုန့်ပဲ့ကလေးများကို အလုအယက် ဝိုင်းအုံကောက်စားကြသည်။ ဂျော်ဒန်သည် ခိုကလေးတွေကို အလွန်ချစ်သည်။ သူတို့ကိုကြည့်ပြီး ကြည်နူးနေမိသည်။

အတော်ကလေးကြာတော့ ပေါင်မုန့်ကုန်သွားသည်။ ခိုတွေ တစ်ကောင်ပြီးတစ်ကောင် ထပျံသွားကြသည်။ တချို့လည်း တခြားစားပွဲများသို့ လှုပ်တုတ်လှုပ်တုတ်ဖြင့် လျှောက်သွားကြသည်။ နောက်ထပ် အစာကျွေးမည့်သူကို လိုက်ရှာကြတာ ဖြစ်သည်။

နောက်ဆုံး သူ့ခြေရင်းတွင် သုံးကောင်သာ ကျန်တော့သည်။ ခဏကြာတော့ နှစ်ကောင် ထပျံသွားသည်။ တစ်ကောင်သာ ကျန်တော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com



သည်အကောင်က တစ်မျိုးပါလား။ နောက်ထပ် အစာတောင်းနေတာလား။ မဟုတ်သေးပါဘူး။ သူ့ကြည့်ရတာ ဒယီးဒယိုင် ဖြစ်နေသလိုပဲ။ ဟောတဆတ်ဆတ် တုန်နေပါရော့လား။ အလို … လဲသွားပြီ … လဲသွားပြီ။ ဘာများဖြစ်သွားတာပါလိမ့်။ ဂျော်ဒန်က ခိုကလေးကို ကမန်းကတန်း ကောက်ယူကြည့်သည်။ မလှုပ်နိုင်တော့၊ အသက်မရှိတော့၊ ခိုကလေးသေသွားပြီ။

ချက်ချင်းပင် သူ့လက်တွင် သွေးစများပေနေသည်ကို မြင်လိုက်ရ သည်။ ခိုကလေးကို ပက်လက်လှန်ကြည့်သည်။ ဝမ်းဗိုက်မှာ ဒဏ်ရာကြီးနဲ့ ပါလား။ တစ်ဆက်တည်းတွင် ခြေထောက်ကို မြင်မိပြန်သည်။ ခြေထောက် တွင် စက္ကူလိပ်ကလေးနှင့် သားရေကွင်းနှင့် ပတ်စည်းထားသည်။ အဆန်းပါပဲ လား။ ဘာသလာပါလိမ့်။ ဒါမျိုး မတွေ့ဖူးပါဘူး။ အေး … ဒါနဲ့ ခိုဆက်သား ဆိုတာများ ဖြစ်လေမလား။

သူက ခိုခြေထောက်မှ သားရေကွင်းကို ဆွဲဖြုတ်လိုက်သည်။ စက္ကူလိပ်ကလေး ပြုတ်ကျလာသည်။

ကုလားထိုင်တွင် ကျကျနနပြန်ထိုင်ပြီး စက္ကူလိပ်ကလေးကို တစ်လွှာချင်းဖြေသည်။ ပြီးတော့ စားပွဲပေါ်တွင် လက်နှင့်ဖိပြီး ဖြန့်ကြည့်သည်။ စာလုံးသေးသေးမွှားမွှားကလေးတွေ ရေးလို့ပါကလား။ စာရွက်နား မျက်နှာအပ်ပြီး စေ့စေ့စပ်စပ်ကြည့်ပြန်သည်။ တော်တော်ဆန်းတာပဲ။ အီတာလျံစာမဟုတ် အင်္ဂလိပ်စာ။

**“ဗြိတိသျှသိပ္ပံပညာရှင် ဆန်လက်ဇာရိုမှာ မတရား အဖမ်းခံနေရ။ ၂ ရက်အတွင်း ရှုရှပို့မည်။ ကျုပ်ကို ကယ်ပါ။ အားလုံးသိအောင် ပါရီမြို့ ပလာဇာ အက်သင်နီးမှ ဒေါက်တာ အက်ဒွပ်ကို သတင်းပို့။ ပါမောက္ခဒေးဗစ်မက္ကဒေါ်နယ်။ ဩဂုတ် ၁၈။ အသက်ရှည်ဆေးတွေ့ရှိ။ ရှုရှတွေလိုချင်”**

ဂျော်ဒန်က မျက်လုံးကို မှေးကြည့်လိုက်၊ ဖွင့်ကြည့်လိုက်ဖြင့် ဇဝေ ဇဝါ ဖြစ်နေမိသည်။ အလွမ်းအဆွေးနှင့် စွန့်စားခန်းများပါ အစုံပါဝင်သော သည်စာကို ဘယ်လိုယူဆရမလဲ။ သူက ဘယ်လိုမှ မယူဆတတ်အောင် ဖြစ် နေသည်။ ထို့ကြောင့် စာကို နောက်တစ်ကြိမ် ထပ်ဖတ်ပြန်သည်။

“ဩဂုတ် ၁၈ ရက်” ဟူ၍ ရက်စွဲတပ်ထားသည်။ သည်နေ့ပင် ဖြစ်သည်။ သည်နေ့သည် ဩဂုတ်လ ၁၈ ရက်။

ပါမောက္ခ ဒေးဗစ်မက္ကဒေါ်နယ် ဆိုတာက ဆန်လက်ဇာရိုကျွန်းမှာ တကယ်ရှိသလား။ လီဒိုကမ်းခြေသို့ အပန်းဖြေသွားရင်း သည်ကျွန်းသို့ အကြိမ်ပေါင်းများစွာ ရောက်ဖူးသည်။ သူ့မှတ်ဉာဏ်ထဲတွင် ပါမောက္ခ ဒေးဗစ်မက္ကဒေါ်နယ်ဆိုတာ လုံးဝမရှိ။



BURMESE CLASSIC .com

www.burmeseclassic.com



ဒါဖြင့် သူဘယ်သူလဲ။ သူရှာဖွေတွေ့ရှိတဲ့ အသက်ရှည်ဆေးဆို တာက ဘာလဲ။ သူ့ကို ရှာပို့ဖို့ လုပ်နေကြတာက ဘယ်သူတွေလဲ။

ဒါက ဘာပတ်သက်လို့လဲ။ သူ့စာထဲ ရှင်းနေပြီပဲ။ ဗြိတိသျှသိပ္ပံ ပညာရှင်တစ်ယောက်ကို ဆန်လက်ဇာရိကျွန်းမှာ ဖမ်းထားကြတယ်။ သူက အသက်ရှည်ဆေးကို ရှာဖွေတွေ့ရှိတယ်။

တကယ်တော့ ဒါမဖြစ်နိုင်ဘူး။ ရုပ်ရှင်ဇာတ်လမ်းဖြစ်ရပ်မျိုးပဲ ဖြစ်ပါ လိမ့်မယ်။ စိတ်ကူးယဉ်ကြည့်တာမျိုးပဲ ဖြစ်ပါလိမ့်မယ်။

ဒါမှမဟုတ် တစ်ယောက်ယောက်က လက်ကမြင်းပြီး နောက်လိုက် တာလည်း ဖြစ်နိုင်တယ်။ ငါက အဲဒါကိုပဲ တကယ်အထင်နဲ့ အလေးအနက်လုပ် ပြီး အချိန်ဖြုန်းမိတာ ရှက်စရာကောင်းပါရဲ့။

သူ ကိုယ့်အဖြစ်ကိုယ် တွေးပြီး တကယ်လည်း ရှက်သွားမိသည်။ တစ်ချိန်တည်းတွင် ဒေါသလည်း ထွက်မိသည်။

ထို့ကြောင့် အဓိပ္ပာယ်မရှိတဲ့ အလုပ်နဲ့ အချိန်ဖြုန်းမနေတော့ဘဲ ပိုက်ဆံ ရှင်းပြီး စားပွဲမှ ထလိုက်သည်။ ခိုစေတမန် စာရွက်ကလေးကိုလည်း အင်္ကျီ အိတ်ထဲ ကောက်ထည့်လိုက်သည်။ ရုံးရောက်တော့ မာရီဆာကို ပြရင်း ရယ် စရာမောစရာ လုပ်ရန် ဖြစ်သည်။

ထို့နောက် ခိုသေကောင်ကလေးကို ရုတ်တရက် သတိရလိုက်မိ သည်။ သို့ဖြင့် ကြမ်းပြင်တွင် ဆန့်ဆန့်ကြီး သေနေသော ခိုကလေးကို ကောက် ယူလိုက်သည်။ ပြီးတော့ ကွာဒရီကဖေးဆိုင်မှ သံစုံတီးဝိုင်း ဇာတ်ခုံဘက်သို့ လျှောက်လာခဲ့သည်။ ဟိုဟိုသည်သည် မျက်လုံးကစားကြည့်လိုက်သည်။ အဆင်သင့်ပင် တွေ့ရသည်။ တယောဆရာကလေး မီမိုသည် တစ်ထောင့်တွင် ထိုင်ကာ သူ့တယောကို ပွတ်တိုက်နေသည်။

"ဟေး ... မီမို" ဂျော်ဒန်က လှမ်းခေါ်လိုက်သည်။

မီမိုက ကုလားထိုင်မှထပြီး ဂျော်ဒန်ဘက်သို့ လျှောက်လာသည်။

"ဒီမှာ ကြည့်ပါဦးကွာ။ ခိုကလေးတစ်ကောင် အသေရလို့။ အဲဒါ ငါ ဘာလုပ်ရမှန်းမသိဘူး"

"ကျွန်တော့်ကို ပေးခဲ့လေ။ ကျွန်တော် တစ်နေရာသွားပစ်လိုက်ပါ့ မယ်"

ဂျော်ဒန်က ခိုသေကောင်ကို ကမ်းပေးလိုက်သည်။

"မင်းလက် သွေးပေကုန်ဦးမယ်။ သူ့ ဗိုက်ထဲမှ ဒဏ်ရာကြီးနဲ့ကွ။ ဘယ်ခွေးမသား ပစ်ထည့်လိုက်တယ် မသိဘူး"

မီမိုက ခိုကလေးကို လှမ်းယူရင်း –

www.burmeseclassic.com



"ဟာ … ဟုတ်ပါရဲ့ဗျာ၊ သနားစရာပါလား။ ဒီအလုပ်မျိုး ရက်ရက်စက်စက် လုပ်ရဲတဲ့ ကောင်တော့ သတ်ပစ်ဖို့တောင် ကောင်းတယ်"

"ဘုရားသခင်က ဒဏ်ခတ်ပါလိမ့်မယ်ကွာ။ ကဲ … ငါ သွားလိုက်ဦးမယ်။ ရုံးနောက်ကျနေပြီ"

ထို့နောက် သူခပ်သုတ်သုတ် ပြန်လျှောက်လာခဲ့သည်။ ရုံးဘက်သို့ လျှောက်လာရင်း သူ့ခေါင်းထဲ အတွေးတစ်ခုက ထက်ကြပ်မကွာ လိုက်ပါလာခဲ့သည်။

စာတစ်စောင်နဲ့ ခိုတစ်ကောင် …။ ဒါ တစ်ယောက်ယောက် တကယ် နောက်လိုက်တာလား။ နောက်လိုက်တယ်ဆိုရင် ဘာဖြစ်လို့ သေနတ်ဒဏ်ရာ ပါလာရတာလဲ။

နောက်တာ လုံးဝမဖြစ်နိုင်ဘူး။ ဒါဟာ တစ်ခုခုတော့ တစ်ခုခုပဲ။

*

ဂျော်ဒန်က တံခါးကို ဖွင့်ပြီး ရုံးခန်းထဲ ဝင်လိုက်သည်။

သူ့လက်ထောက်အရာရှိ မာရီဆာသည် စားပွဲတွင် ထိုင်ကာ စာရွက်စာတမ်းတွေနှင့် အလုပ်များနေသည်။ သူမသည် ပန်းရောင် ဆွယ်တာအင်္ကျီ ကျပ်ကျပ်နှင့် အပြာရောင် စကတ်ပျော့ပျော့ကို ဝတ်ထားသည်။ သူမ၏ ပြောင်လက်နေသော ပိတုန်းရောင် ကေသာတွေက ပခုံးတစ်ဖက်တစ်ချက်တွင် ပုံကျနေသည်။

"မင်္ဂလာပါ … ဒါလင်" ဂျော်ဒန်က နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ … တင်"

ပြီးတော့ သူမက ခေါင်းကို နောက်သို့လှန်ကာ မျက်နှာကို မော့ပေးလိုက်သည်။ ဂျော်ဒန်က သူမ၏ နီတျာတျာ ပျော့အိအိ နှုတ်ခမ်းအစုံကို ရွရွကလေး ငုံပြီး စုပ်နမ်းလိုက်သည်။

ထို့နောက် ဂျော်ဒန်သည် သူ၏ ဝက်သစ်ချသား စားပွဲကြီးတွင် ဝင်ထိုက်လိုက်သည်။ သူ့ရုံးခန်းတွင် ပြတင်းပေါက် သုံးပေါက်ရှိသည်။ ပြတင်းပေါက်များမှ လှမ်းကြည့်လိုက်လျှင် ပိုင်ယက်ဇာရင်ပြင်ကို မြင်နေရသည်။

ဂျော်ဒန်သည် တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးနေပုံရ သည်။ သူ့မျက်လုံးသည် ရင်ပြင်ဘက်သို့ လှမ်းကြည့်နေသည်။

မာရီဆာက သူ့ကို စောင်းငဲ့ကြည့်လိုက်ပြီး –

"နေကောင်းရဲ့လား၊ ဘာတွေများ တွေးနေတာလဲ"

"အတွေးကတော့ ခေါင်းထဲအမြဲရှိနေတာပဲ" သူက စားပွဲပေါ်မှ မှတ်တမ်းစာရွက်ကို ဆွဲယူရင်း ခပ်ပေ့ါပေ့ါပင် ပြန်ပြောလိုက်သည်။

www.burmeseclassic.com



မာရီဆာက သူ့အနားသို့ ထလာသည်။

"တစ်ခါတလေ ကျွန်မ အကြောင်းကိုလဲ တွေးနေမယ် ထင်တယ်"

"ဆောရီး မာရီဆာ၊ ငါ အလုပ်တွေ သိပ်ရှုပ်နေလို့ပါ။ မင်းကို အမြဲ သတိရပါတယ် ... တကယ်ပါ"

"အဲဒီတော့ ... ဘယ်တော့ တွေ့ကြမလဲ"

"ဘယ်တော့ ... ဟုတ်လား၊ ဘယ်တော့ရမလဲ၊ ဒီနေ့ညပဲပေါ့။ အားတယ် မဟုတ်လား။ ဟယ်ရီ ဟိုတယ်မှာ သွားစားကြရအောင်"

"ရှင့်အတွက်ဆိုရင် ကျွန်မ အမြဲတမ်း အားနေပါသတဲ့ ရှင်"

"ကောင်းတယ်။ ရုံးဆင်းခါနီးမှ ထပ်ချိန်းကြတာပေါ့။ ရှင်နဲ့ အရေးကြီးတာ ဘာများရှိသလဲ"

"အရေးကြီးတာတော့ မရှိပါဘူး။ လန်ဒန်က 'နယူးယောက်တိုင်း' သတင်းထောက် ဖုန်းလှမ်းဆက်တယ်။ သူက "ပီရယ်လီ ဖာလာနစ်" ဆည်နဲ့ ပတ်သက်တဲ့ ဓာတ်ပုံတွေ လိုချင်သတဲ့ ဆည်တည်ဆောက်နေတဲ့ ပုံတွေရရင် ပိုကောင်းတယ်လို့ ပြောတယ်။ ကျွန်မ အခု အဲဒီဓာတ်ပုံတွေ လိုက်ရှာနေတာပဲ။ ဘာအတွက် သုံးမယ်ဆိုတာတော့ သူက ပြောမသွားဘူး"

"ကောင်းပြီလေ၊ ဆက်သာရှာပါ"

မာရီဆာက သူ့ကိုတွေကြည့်နေသည်။ ပြီးတော့မှ ...

"ရှင့်မှာ ဘာအခက်အခဲ ကြုံနေရလဲ။ ရှင့်ကြည့်ရတာ တစ်မျိုးကြီးမို့ပါ။ ဖြစ်နိုင်ရင် ကျွန်မလဲ ကူညီရတာပေါ့"

"ကျေးဇူးတင်ပါတယ်၊ နေပါစေ၊ နောက်မှ ဆုံကြတာပေါ့"

မာရီဆာက သူ့စားပွဲမှ ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

"အို ... ခဏ ... ခဏ မာရီဆာ၊ ဂလိုယာကို ပြောလိုက်စမ်းပါ။ ငါ့ဆီကို အပြင်က ဖုန်းခေါ်တာရော ဧည့်သည်လာတာရော တစ်နာရီလောက် တားထားပါလို့၊ ငါ ဘယ်သူနဲ့မှ မတွေ့ချင်လို့ပါ"

ရုံးခန်းထဲတွင် ဂျော်ဒန် တစ်ယောက်တည်းသာ ကျန်တော့သည်။ သူ့စိတ်က ခိုကလေး ယူလာသော စာရွက်ကလေးအကြောင်းကိုသာ တွေးနေမိသည်။ သေသေချာချာ တွေးကြည့်လျှင် သည်ကိစ္စမှာ ပေါ့ပေါ့တန်တန် ကိစ္စထက် တကယ့်သေရေးရှင်ရေး ကိစ္စဖြစ်ဖို့က ပိုများသည်။

သူက အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး စာရွက်ကလေးကို ထုတ်လိုက်သည်။ ပြီးတော့ ကိုယ်ကို ရှေ့သို့သိုင်းကာ စာရွက်ကို စားပွဲပေါ်သို့ ဖြန့်ဖတ်ပြန်သည်။

**"ဗြိတိသျှ သိပ္ပံပညာရှင်။ ဆန်လက်ဇာရိတွင် မတရားအဖမ်းခံနေရ"**



BURMESE CLASSIC .com

www.burmeseclassic.com



သူ့မျက်လုံးများက စာကြောင်းကျော်ပြီး ဖတ်သွားသည်။

**"... အားလုံးသိရအောင် ပါရီမြို့ပလာဇာအက်သင်နီးမှ ဒေါက်တာ အက်ဒွပ်ကို သတင်းပို့"**

ဟုတ်တယ်။ သတင်းပို့ရမယ်။ ဘာဖြစ်လို့ မပို့ရမှာလဲ။ မဟုတ်တော့ကော ဘာဖြစ်မလဲ။ ဘယ်သူသိမှာမို့လဲ၊ ကိုယ့်ဟာကိုယ် ကျိတ်ပြီး ရယ်ပစ်လိုက်ရုံပေါ့။ တကယ်လို့ ဒီကိစ္စ မှန်ရင် မခက်ပါရောလား။

တစ်ခုခုကို ချက်ချင်းလုပ်ရန် သူ့အတွင်းစိတ်က ဆုံးဖြတ်ချက်ချလိုက်သည်။

သူက ရုံးတွင်းဖုန်းခလုတ်ကို နှိပ်လိုက်ပြီး အတွင်းရေးမှူးစာရေးမ ဂလိုရီယာဆီ ဆက်လိုက်သည်။

"ဂလိုရီယာ။ ငါ့ကို ပါရီက 'ပလာဇာအက်သင်နီး' ဟိုတယ်ကို ခေါ်ပေးစမ်းပါ"

"ဘယ်သူ့ဆီ ဆက်မလို့ပါလဲ"

"အဲဒီပဲ ခေါ်ပေးစမ်းပါ။ ငါ နောက်မှ အဲဒီက မေးယူမယ်"

ဂျော်ဒန်က စာရွက်ကလေးကို လက်နှင့် ပွတ်ရင်း အတွေးနက်နေသည်။

သူ့တယ်လီဖုန်းမှ မီးခလုတ် လင်းလာသည်။ သူက စောင့်ကြည့်နေသည်။ ဆက်တိုက်လိုပင် အသံချဲ့ခွက်မှ ဂလိုရီယာ၏ အသံပေါ်ထွက်လာသည်။

"မစ္စတာဂျော်ဒန် ... ပလာဇာအက်သင်နီးကို ရပါပြီ"

ဂျော်ဒန်က မီးလင်းနေသော ခလုတ်ကို နှိပ်လိုက်သည်။ ပြီးတော့ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"အော်ပရေတာ ... ကျွန်တော် အီတလီက စကားပြောနေပါတယ်။ ခင်ဗျားတို့ ဟိုတယ်မှာ ဒေါက်တာ အက်ဒွပ်ဆိုတဲ့ ပုဂ္ဂိုလ်များ တည်းနေပါသလား။ ကျေးဇူးပြုပြီး ရှာကြည့်ပေးပါ ခင်ဗျား။ ကျွန်တော် သူနဲ့ စကားပြောချင်လို့ပါ"

"ခဏ စောင့်ပါရှင်" သူမအသံ ခေတ္တ ရပ်သွားသည်။ ပြီးတော့မှ ... "ကျွန်မ သူ့ကို ဆက်နေပါတယ်"

ဖုန်းမြည်သံ ကြားရသည်။ တစ်ကြိမ် ... နှစ်ကြိမ် ... သုံးကြိမ် ... လေးကြိမ် ... ဘယ်သူမှဖုန်းမကိုင် ... ငါးကြိမ် ... တစ်ဖက်မှ မိန်းမသံ တိုးတိုးကလေး ပေါ်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ဟယ်လို"

"ဟယ်လို"

ဂျော်ဒန်က ပြန်ခေါ်လိုက်သည်။

"ကျွန်တော် ဒေါက်တာ အက်ဒွပ်နဲ့ စကားပြောချင်လို့ပါ။ ကျွန်တော် ရုပ်ဝေးဖုန်းက ခေါ်နေပါတယ်။ သူရှိပါသလား ခင်ဗျား"

"ရှင် အခုပြောနေတာ ဒေါက်တာအက်ဒွပ်ပဲပေါ့"

မိန်းမသံမှ မိန်းမသံ စစ်စစ်။ ဒေါသသံပင် နည်းနည်း ပါနေသေးသည်။

"ကျွန်မ ဒေါက်တာ အယ်လီဆင်အက်ဒွပ်ပဲ"

ဂျော်ဒန်က ရုတ်တရက် တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။ သူက တောင်းပန်လိုက်သည်။

"ခွင့်လွှတ်ပါ ခင်ဗျာ ... ကျွန် ... ကျွန်တော် မသိလို့ပါ။ ကျွန်တော်က ဒေါက်တာ အက်ဒွပ်ဆိုတာ ယောကျ်ားတစ်ယောက်လို့ပဲ ထင်နေလို့ပါ။ ပါမောက္ခမက္ကဒေါနယ်ဆီက စာမှာ ခင်ဗျားရဲ့ရှေ့နာမည်ကို ဖော်ပြမထားလို့ပါ"

"ဘယ်လို ... ဘယ်လို။ ပါမောက္ခ မက္ကဒေါနယ် ဟုတ်လား"

"ဟုတ်ပါတယ်။ ခင်ဗျားအတွက် သူ့ဆီက စာတစ်စောင် ကျွန်တော် ရထားပါတယ်။ ပါမောက္ခမက္ကဒေါနယ်ကို ခင်ဗျား သိပါသလား"

"သိတာပေါ့၊ သူက ကျွန်မ ဆရာပဲ။ သူနဲ့အတူ ကျွန်မ အလုပ်လုပ်နေတယ်။ ကျွန်မက သူ့ရဲ့ ဓာတ်ခွဲခန်း သုတေသနလက်ထောက်ပါ။ သူ့ကို ရုရှမှာ ရှင်တွေ့ခဲ့ရသလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး" ဂျော်ဒန်က အလောတကြီး ပြောလိုက်သည်။

"ကျွန်တော် အခုပြောနေတာ အီတလီက ပြောနေတာပါ။ ဗင်းနစ်မြို့က ပြောနေတာ။ ကျွန်တော် ပါမောက္ခ မက္ကဒေါနယ်ကို တစ်ခါမှ မမြင်ဖူးပါဘူး။ ဒါပေမယ့် သူ့ဆီက စာကို ကျွန်တော် ရထားတယ်။ သူ့ဆီက စာလို့ပဲ ကျွန်တော် ထင်တာပဲ။ ဒါပေမယ့် ကျွန်တော် သေချာပေါက်တော့ မပြောနိုင်ဘူး"

"ဒီမှာ ... မစ္စတာ၊ ရှင်ဘာတွေ ပြောနေတာလဲ။ ကျွန်မ ဘာမှ နားမလည်တော့ဘူး"

သူမ၏အသံတွင် စိတ်မရှည်သံပါနေသည်။

"ကျွန်တော့်နာမည် ... တီမိုသီဂျော်ဒန်ပါ။ အဖြစ်က နည်းနည်းတော့ ရှုပ်နေတယ်။ ကျွန်တော် ရှင်းပြပါ့မယ်။ ဒီနေ့ပဲ ... သိပ်မကြာသေးပါဘူး၊ လွန်ခဲ့တဲ့ ၁၅ မိနစ်လောက်ကပါ။ ကျွန်တော် စာတစ်စောင် အမှတ်မထင် ရ



BURMESE CLASSIC .com

www.burmeseclassic.com



ပါတယ်။ ပါမောက္ခ မက္ကဒေါ်နယ်ဆီက စာပါ။ သူ့စာထဲမှာ အဲဒီစာကို တွေ့တဲ့ လူက ပါရီမြို့က 'ပလာဇာအက်သင်နီးဟိုတယ်' မှာရှိတဲ့ ဒေါက်တာ အက်ဒွပ်ဆီကို အကြောင်းကြားပေးပါလို့ ရေးထားတယ်"

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ ... မစ္စတာ ဂျော်ဒန်။ ရှင်ပြောတာ ကျွန်မဘာယ်လို နားလည်ရမလဲ"

"အဲဒါကတော့ ... ခင်ဗျား ယူဆချင်သလို ယူဆနိုင်ပါတယ်။ ကျွန်တော်က ကျွန်တော် သိရတဲ့ အဖြစ်မှန်ကို အမှန်အတိုင်း ပြောပြတာပါ။ အမှားအမှန် ဆုံးဖြတ်ဖို့ တာဝန်က ခင်ဗျားပါပဲ။ ခင်ဗျားပဲ တရားသူကြီး လုပ်ပါတော့။ ဖြစ်ပုံက ဒီလိုပါ။ ကျွန်တော်က အမေရိကန်သား။ ဗင်းနစ်မြို့မှာ အလုပ်လုပ်နေတယ်။ 'ဗင်းနစ်မြို့ ကယ်တင်ရေးအဖွဲ့' မှာ ပြန်ကြားဆက်သွယ်ရေး အရာရှိ"

"ဘာ ... ဘာ ... ဘာအဖွဲ့"

"ဗင်းနစ်မြို့ကို ရေလွှမ်းမိုးခြင်း အန္တရာယ်က ကယ်တင်ဖို့အတွက် ဖွဲ့ထားတဲ့အဖွဲ့ပါ။ ဒါနဲ့ ဒီနေ့ နေ့လယ် ကျွန်တော် ရုံးလာတော့ ကဖေးဆိုင်တစ်ဆိုင်ကို လက်ဖက်ရည် သောက်မလို့ ဝင်တယ်။ ပြီးတော့ ... ခိုကလေးတွေကို အစာကျွေးပါတယ်"

"ဒီမှာ မစ္စတာ ဂျော်ဒန်၊ ရှင်ဘယ်သူပဲ ဖြစ်ဖြစ်၊ အရေးမဟုတ်ပါဘူး။ ရှင် ... ဒါ ... နောက်နေတာလား၊ ရယ်စရာလုပ်နေတာလား။ ကျွန်မမှာ အချိန်မရှိဘူး ... ကျ ... ဖုန်းချ"

"အို ... အို ... မ ... မ မဟုတ်ပါဘူးဗျာ၊ မနောက်ပါဘူး။ တကယ်ပြောနေတာပါ။ ကျေးဇူးပြုပြီး ခဏနားထောင်ပါဦး။ ကျွန်တော် ဆုံးအောင်ပြောပါရစေဦး။ ဒီကိစ္စက သေရေးရှင်ရေးကိစ္စ ဖြစ်နိုင်ပါတယ်။ ခင်ဗျား ဆရာကြီး ဒုက္ခ တစ်ခုခု တွေ့နေတာလဲ ဖြစ်နိုင်တယ်။ အဲဒီတော့ ... ခဏ နားထောင်ပါဦး" တစ်ဖက်မှ ဘာသံမှ မကြားရ။ ဂျော်ဒန်က ဆက်ပြောသည်။ "အဲ ... ကျွန်တော် ခိုကလေးတွေ အစာကျွေးတယ်။ ဟုတ်ပါတယ်၊ ဗင်းနစ်မှာက ခိုတွေ တင်းကျမ်းပြည့်နေတယ်။ ဒါနဲ့ ခိုကလေးတစ်ကောင်က ကျွန်တော့် မျက်စိရှေ့မှာ ဆိုင်းမဆင့် ဗုံမဆင့် ဗုန်းခနဲ လဲသေသွားတယ်။ ကျွန်တော်က ကောက်ပြီး ကြည့်လိုက်တော့ ခြေထောက်မှာ စာချည်ထားတာ တွေ့ရတယ်။ အဲဒီစာကို ပါမောက္ခ မက္ကဒေါ်နယ်လက်မှတ်ထိုးတယ်။ ခင်ဗျား သူ့ဆီမှာ အလုပ်လုပ်နေတယ် ပြောတယ်။ အဲဒါ အမှန်ပဲနော်"

"ဟုတ်တယ် ... အမှန်ပဲ။ သူက ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးတစ်ယောက်ပါ။ ဒါပေမယ့် ရှင်ပြောတာ ကျွန်မ နားမလည်နိုင်သေးဘူး။ ခိုသေတစ်ကောင်၊ သူ့ဆီက စာ၊ ဗင်းနစ်မှာ အဲဒါက ဘာတွေလဲ ... ကျွန်မ"



BURMESE CLASSIC .com

www.burmeseclassic.com



"အဲဒါ အမှန်ပါပဲ ဒေါက်တာ။ ကျွန်တော် တကယ်တွေ့တာကို အမှန် အတိုင်းပြောနေတာပါ။ ကျွန်တော့်ကို ယုံပါ။ ဒါနဲ့ စာကို ဖတ်ကြည့်တော့ ဒီစာ အခု ကျွန်တော့် အင်္ကျီညာဘက်အိတ်ထဲမှာ အဆင်သင့်ရှိပါတယ်။ ကျွန်တော် ဖတ်ပြမယ်။ ခင်ဗျား နားထောင်ကြည့်ပါ"

"ကဲ ... လုပ်ပါ။ ဖတ်ပြစမ်းပါ"

ဂျော်ဒန်က တယ်လီဖုန်းကို နားဝသို့ကပ်ပြီး စာရွက်ကို ပါးစပ်နား ကပ်လိုက်သည်။

"စာက မင်နဲ့ ရေးထားတာ။ သူက ဒီလို ရေးထားတယ် ... ဒါ သူ့ စာထဲက အတိုင်းပဲ။ ဗြိတိသျှ သိပ္ပံပညာရှင်။ ဆန်လက်ဇာရိုမှာ မတရား အဖမ်းခံနေရ"

"ဘယ်လို ... ဘယ်လို။ မတရားအဖမ်းခံနေရ၊ ဟုတ်လား ... ဘယ်မှာ၊ အဲ ... ဆန်လက်ဇာရိုမှာ ဟုတ်လား။ အဲဒါက ဘာလဲ၊ ဘယ်နေရာမှာလဲ"

"ဗင်းနစ်မြို့ပြင်က သိပ်မဝေးတဲ့ ကျွန်းကလေး တစ်ကျွန်း၊ အဲဒီမှာ ကက်သလစ် ဘုန်းကြီးကျောင်းရှိတယ်။ နေပါဦး၊ ကျွန်တော် ဆက်ဖတ်ပြပါရစေဦး။ အဲ ... ၂ ရက်အတွင်း ရှရှပို့မည်။ ကျုပ်ကိုကယ်ပါ။ အားလုံးသိအောင် ပါရီမြို့ပလာဇာအက်သင်နီးမှ ဒေါက်တာ အက်ဒွပ်ကို သတင်းပို့။ လက်မှတ်က ပါမောက္ခဒေးဗစ် မက္ကဒေါနယ်။ ဩဂုတ် ၁၈ တဲ့။ ပြီးတော့"

"ဒါ ... အဓိပ္ပာယ်မရှိဘူး၊ လုံးဝအဓိပ္ပာယ် မရှိဘူး။ ပါမောက္ခမက္ကဒေါနယ်က အခု ရှရှမှာ ရှိနေတယ်။ မကြာခင်ကပဲ သူပြင်သစ်ကို လာမယ်ဆိုတာ ကျွန်မဆီ စာရေးခဲ့သေးတယ်။ ကျွန်မတော့ လုံးဝ မတွေးတတ်အောင် ဖြစ်နေပြီ ... မစ္စတာ ဂျော်ဒန်"

"ခဏစောင့်ပါဦး ဒေါက်တာ၊ သူ့စာက မဆုံးသေးပါဘူး။ ဝါကျနှစ်ကြောင်း ကျန်သေးတယ်။ ကျွန်တော် ဖတ်ပြမယ်။ သူက ရေးထားတယ်။ အဲ ... တစ်ယောက်ယောက်ပဲ ဆိုပါတော့။ ဘာတဲ့။ အဲ ... ဟုတ်ပြီ။ အသက်ရှည်ဆေးတွေရှိ၊ ရှရှတွေက လိုချင်တဲ့" ဂျော်ဒန်က ခေတ္တ နားနေလိုက်သည်။ ပြီးတော့မှ –

"အဲဒါ ကျွန်တော် တွေ့ရတဲ့စာပဲ။ ဒါကြောင့် ခင်ဗျားဆီ ကျုပ်ဖုန်းဆက်တာ"

"အသက်ရှည်ဆေး။ အဲဒီအကြောင်း ကျွန်မကို တစ်ခေါက် ထပ်ဖတ်ပြပါဦး"

"အသက်ရှည်ဆေးတွေ့ရှိ"

"ဘုရားရေ၊ တကယ်လို့သာ ဒါဟာ လိမ်လည်မှု မဟုတ်ရင်တော့

www.burmeseclassic.com



... ဒီရှာဖွေမှုကြီးကို သူတကယ်တွေ့ပြီးပြီ ဖြစ်မှာပဲ ... အဲဒါကိုပဲ သူပြောချင်တာ ဖြစ်မှာပဲ"

"ဘာ ... ဘာ ... ရှာဖွေမှုကြီး ဟုတ်လား၊ ဘာရှာဖွေမှုကြီးလဲဗျ။ ခုတော့ ... စောစောက ခင်ဗျားလိုပဲ ကျွန်တော်လဲ နားရှုပ်သွားပြီဗျ။ ဘာမှ နားမလည်တော့ဘူး"

"လူ့သက်တမ်းရှည်ရေးအတွက် လူသားတွေ နုပျိုကျမ်းမာစွာနဲ့ အသက်ရှည်ရှည် နေနိုင်ရေးအတွက် ရှာဖွေမှုကြီး။ သူက နာမည်ကျော် ဇရာတားဆီးရေးဗေဒ သိပ္ပံပညာရှင်ကြီး၊ ရှင် သူ့အကြောင်း တစ်ခါမှ မကြားဖူးဘူးလား။ ဒီရှာဖွေမှုကြီးအတွက် စမ်းသပ်သုတေသန လုပ်နေတာ ၁၂ နှစ်ရှိနေပြီ။ သူဟာ လောလောဆယ် ဆိုဗီယက်ယူနီယံမှာ ရောက်နေတယ်။ ပင်လယ်နက် အနီးက ကော်ကေးဆပ် တောင်တန်းဒေသမှာ သွားပြီး လေ့လာနေတယ်။ အခု ... သူ့စာမှာ ရေးထားတယ်။ ဘုရားရေ ... ဒီသတင်းဟာ သမိုင်းဝင်သတင်းကြီး၊ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး သတင်းကြီးပါလား။ ဒီစာကို သူရေးတာ တကယ်အမှန်ဆိုရင်တော့ ... ဘုရား ... ဘုရား ... ဝမ်းသာစရာ ကောင်းလိုက်တာ"

"ဒီစာကို သူရေးတာ တကယ်မှန်ရင် ... အဲဒါ ပြဿနာပဲဗျ။ ဒါနဲ့ သူ ဒီလုပ်ငန်းအတွက် သုတေသန လုပ်နေတယ်ဆိုတာ သူနဲ့ ခင်ဗျားကလွဲပြီး တခြားလူတွေ သိသလား"

"သြော် ... ဟုတ်ကဲ့၊ အများကြီး သိကြတာပေါ့။ ဆရာကြီးက သိပ္ပံဂျာနယ် မဂ္ဂဇင်းတွေမှာ ဒီအကြောင်း ဆောင်းပါးစာတမ်းတွေ အများကြီး ရေးခဲ့တာပဲ"

"အဲဒီလိုဆိုရင် တစ်ယောက်ယောက်က နောက်တဲ့ သဘောနဲ့ ဒီစာကို ရေးလိုက်တာ ဖြစ်နိုင်တယ်"

"ဟုတ်ပါတယ်။ အဲဒါ ... အများကြီး ဖြစ်နိုင်စရာ ရှိပါတယ်" သူမက ခေတ္တတုံ့ဆိုင်းနေသည်။ ပြီးတော့မှ "ဒီမှာ ... မစ္စတာ ကျွန်မက သိပ္ပံပညာရှင် တစ်ယောက်ပါ။ ကျွန်မဟာ ဘယ်ကိစ္စမှာမဆို တိကျတယ်၊ စေ့စပ်သေချာတယ်။ ဆင်ခြင်တုံတရားနဲ့ ကျိုးကြောင်း ဆက်စပ်ပြီး တွေးဆတတ်ပါတယ်။ အဲဒီစာကို ကျွန်မတို့ သေသေချာချာ မစစ်ဆေးသေးခင် ... ဆရာကြီး အဲဒီလို ဘာဖြစ်လို့ ရေးရသလဲဆိုတာ စဉ်းစားကြည့်ကြရအောင်။ သူတကယ် ရေးတယ်ဆိုတာကို ယုံကြည်တဲ့ဘက်က ကြည့်ပြီးပေါ့၊ သူမအသံ ခေတ္တရပ်သွားသည်။ 'ဟုတ် ပြီ။ ကျွန်မ စဉ်းစားမိပြီ။ ပါမောက္ခကြီးဟာ ဆိုဗီယက်ယူနီယံမှာ ရှိတယ်။ အဲဒီမှာပဲ သူအသက်ရှည် နုပျိုဆေးကို ရှာဖွေတွေ့ရှိတယ်။ အဲဒါကို

www.burmeseclassic.com



ရုရှတွေက မောင်ပိုင်စီးချင်တယ်။ တကယ်တော့ သူ့စာထဲမှာလဲ ဒီအတိုင်းပဲ ရေးထားတယ်။ ဒါကို ကျွန်မတို့ စဉ်းစားလို့ ရပါတယ်။ ပါမောက္ခကြီးကတော့ ဒီဆေးနည်းကို တစ်ကမ္ဘာလုံးကို ဖြန့်ဝေချင်တယ်။ ဒါ အဓိကအချက်ပဲ။ တကယ်ဆိုရင် သူဟာ ဆိုဗီယက်ယူနီယံက ဘယ်အချိန်မဆို ထွက်သွားနိုင်ခွင့် ရှိပါတယ်။ အခု သူက အီတလီကို ထွက်ခွာလာတယ်။ ရုရှတွေက ဒါကိုသိတယ်။ ဒါ ကြောင့် သူ့နောက်လိုက်ပြီး သူ့ကို ဖမ်းဆီးလိုက်ကြတယ်။ သူတို့က အဲဒီကျွန်းမှာ သူ့ကို ချုပ်ထားတယ်။ ပြီးရင် ရုရှပြန်ပို့မယ်။ ဒီတော့ ဗင်းနစ်မြို့မှာ ရုရှတွေရှိသလား။ ဒါ ... သဘာဝကျသလား။ ကျိုးကြောင်း ညီညွတ်သလား"

"နည်းနည်းပါးပါးတော့ ရှိမှာပေါ့။ အခု သူတို့ဘက်တော်သားတွေ အာဏာရနေတာပဲ"

"ဒီလိုဆိုရင် ဆရာကြီးကို ရုရှဘက်တော်သား အီတာလျံတွေက ဖမ်းထားတာလား"

"ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တော့ အတတ်မပြောနိုင်ပါဘူး။ အီတာလျံတွေက အဲဒီလိုလုပ်မယ် မထင်ပါဘူး"

"ဒါပေမယ့် စဉ်းစားစရာ တစ်ခုရှိတယ်။ ရုရှတွေက ပြောမယ်။ သူ့ကို ဖမ်းထားပေးပါ၊ ခင်ဗျားတို့ကိုလဲ ဒီဆေးနည်း ဝေစုပေးမယ်လို့ကော ကတိပေးတာ မဖြစ်နိုင်ဘူးလား"

"ဒါ ... ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့တော့ ယုံရခက်နေတယ်။ ဖြစ်ရပ်ကလဲ မယုံနိုင်လောက်အောင် ဆန်းနေတယ်။ ကျွန်တော်တော့ တစ်ယောက်ယောက်က ဝင်နှောက်လိုက်တာလို့ပဲ ထင်နေတုန်းပဲဗျ"

"ကျွန်မကတော့ အဲဒီလို မထင်ဘူး။ သူ့စာအတိုင်း ဖြစ်ရပ်မှန်လို့ပဲ ယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာပါအချက်အလက်တွေ အားလုံး မှန်နေလို့ပဲ။ သူက ကျွန်မ နာမည်ကို ရေးထားတယ်။ ကျွန်မ ပါရီရောက်ရင် ဒီဟိုတယ်မှာတည်းမယ်ဆိုတာ သူသိတယ်။ သူက သူ့ရှာဖွေမှုကြီးကို တွေ့ပြီလို့ ရေးထားတယ်။ မကြာခင်က ကျွန်မဆီရေးတဲ့စာမှာလဲ အံ့သြစရာတွေ တစ်နေ့ထက်တစ်နေ့ တွေ့လာရပြီလို့ ရေးခဲ့တယ်။ ဒီတော့ အများကြီး ဆက်စပ်မှုရှိတယ်။ ဖြစ်နိုင်စရာရှိတယ်။ ဒါကြောင့် ရှင့်လက်ထဲက စာဟာ ပါမောက္ခကြီး တကယ် ရေးလိုက်တဲ့စာ ဖြစ်နိုင်တယ်။ ကျွန်မ ဒီလိုပဲ ယုံကြည်တယ်"

ဂျော်ဒန်ကတော့ သံသယဝင်နေတုန်းပင်။

"အဲဒီတော့ ကျွန်တော် မရှင်းတာက သူ့စာထဲက အချက်အလက်တွေလို တခြားလူတစ်ယောက်က သိနိုင်မလား။ ကျွန်တော် ဆိုလိုတာက ခင်ဗျား နာမည်၊ ပြီးတော့ ခင်ဗျား ပလာဇာအက်သင်နီး ဟိုတယ်မှာ တည်းနေ



BURMESE CLASSIC .com

www.burmeseclassic.com



တယ်ဆိုတာကို တခြားလူတစ်ယောက်ယောက်က သိနိုင်မလား။ နောက်ပြီး လဲ ခင်ဗျား စောစောက ပြောသလို ဒီရှာဖွေမှုကြီးဟာ တွေ့ရှိအောင်မြင်ခါနီး အဆင့်ကို ရောက်နေပြီဆိုတာ တခြားသိတဲ့လူတစ်ယောက်ယောက်များ ရှိနိုင်သလား။ အဲဒါ ကျွန်တော် သိပ်မရှင်းဘူး”

“ဟုတ်ပါတယ်။ အဲဒါတွေ အားလုံး သိနိုင်တဲ့ လူတွေ အများကြီး ရှိပါတယ်”

“အဲဒီလိုဆိုရင် အဲဒီ လူတွေထဲက တစ်ယောက်ယောက်က ဒီစာကို ရေးလိုက်တာလို့ မဆိုနိုင်ဘူးလား”

ဒေါက်တာ ခဏ စဉ်းစားနေပြီးမှ … “ကျွန်မလဲ အဲဒီလို တွေးကြည့်မိပါတယ်။ ဒါပေမယ့် ဒီလိုကိစ္စမျိုးမှာ ဘယ်သူကများ အခုလို နောက်နောက်ပြောင်ပြောင် လုပ်ပါလိမ့်မလဲလို့ တွေးနေမိတယ်”

“လူ့သဘောဆိုတာ ပြောလို့မရဘူး ဒေါက်တာ၊ လုပ်ချင်ရင် စွတ်လုပ်ကြတာပဲ။ သင့်မသင့် တော်မတော် စဉ်းစားနေတာ မဟုတ်ဘူး”

“ရှင် အယူအဆမှန်တယ်လို့ ကျွန်မ ထင်ပါတယ်”

ဂျော်ဒန်က စားပွဲပေါ်မှ စာရွက်ကလေးကို တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီး … “ဒါပေမယ့် တစ်ခုတော့ စဉ်းစားစရာ ရှိတယ်။ သူ့ကို ၂ ရက်အတွင်း ရှာပြန်ပို့တော့မယ်လို့ သူ့စာက ဆိုထားတယ်။ သန်ဘက်ခါဆိုရင် သူပြောတဲ့နေ့ပဲ။ အဲဒါ ခင်ဗျား ဘယ်လိုလုပ်မလဲ၊ ဘယ်လိုသဘောရလဲ”

“ကျွန်မ ဘာလုပ်ရမှန်း မသိတော့ဘူး’ သူမ တကယ်လဲ ဝေခွဲမရဖြစ်နေသည်။ ‘ဒါနဲ့ ဗင်းနစ်မြို့က သက်ဆိုင်ရာရဲစခန်း တိုင်လိုက်ရင် ဖြစ်မလား။ သူတို့သွားပြီး ဟုတ်မဟုတ် စစ်ဆေးနိုင်ပါစေပေါ့”

ဂျော်ဒန်က နှိုင်းနှိုင်းချိန်ချိန် အမူအရာဖြင့် ပြောသည်။

“မဖြစ်ဘူး၊ အဲဒီလို လုပ်လို့ မဖြစ်ဘူး။ အကြီးအကျယ် မှားသွားနိုင်တယ်။ တကယ်လို့ ဒီကိစ္စဟာ အမှန်မဟုတ်ဘဲ လိမ်လည်နောက်ပြောင်တာ ဖြစ်နေရင် ကျွန်တော် အရှက်ကွဲမှာပေါ့။ နောက်ပြီး ဆရာကြီးက ရှားရှားမှာ သူ့အလုပ် အေးအေးလူလူလုပ်ပြီး ရှိနေတယ်ဆိုတာတောင်မှ အခုလို မဟုတ်မမှန် သတင်းထွက်လာတာကြောင့် သူ့အလုပ်ကို အများကြီး ထိခိုက်စရာရှိတယ်။ သက်ဆိုင်ရာက သူ့အပေါ် သံသယဝင်စရာ ဖြစ်နိုင်တယ်။ ပြီးတော့ ဒီဖြစ်ရပ်က တကယ်မှန်နေတယ်ပဲထားဦး။ ကျွန်တော်က ပြင်သစ်က ‘ဆူရတီ’ စုံထောက်အဖွဲ့ကို ဖြစ်ဖြစ်၊ နိုင်ငံတကာ မှုခင်းထောက်လှမ်းရေး ‘အင်တာပို’ အဖွဲ့ကိုပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဆရာကြီးနဲ့သိတဲ့ ကုလသမဂ္ဂကတစ်ယောက်ယောက်ကိုပဲဖြစ်ဖြစ်၊ သွားပြောလိုက်ပြန်ရင်လဲ သတင်းပေါက်ကြားသွား

www.burmeseclassic.com



နိုင်တယ်။ အဲဒါဆိုရင် ဆန်လက်ဇာရီကျွန်းက ဖမ်းထားတဲ့ လူတွေက သိသွားပြီး ဆရာကြီးကို ချက်ချင်း ရှရှားပြန်ပို့ပစ်နိုင်တယ်။ အဲဒီလိုဆိုယင် ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး။ သူတို့ကလဲ သူတို့ ဘာမှမသိပါဘူး၊ ငြင်းပစ်နိုင်တယ်။ ဒီတော့ အခြေအနေကတော့ ဘယ်လိုမှ ထွက်ပေါက်ရှာမရတဲ့ အခြေအနေပဲ ဒေါက်တာ"

"အဲဒီစာ တကယ်မှန်မမှန် သိရရင်တော့ အဖြေတစ်ခုခု ထွက်လာနိုင်မယ် ထင်ပါတယ် မစ္စတာ ဂျော်ဒန်" သူမ၏ အသံသည် ရုတ်တရက် ကျယ်လာသည်။ "ဟုတ်ပြီ၊ ကျွန်မ သိပြီ၊ ဒီစာဟာ ဆရာကြီးရေးတဲ့ စာ ဟုတ်မဟုတ် ကျွန်မ စစ်ဆေးကြည့်မယ်"

"ဘယ်လို စစ်ဆေးမှာလဲ"

"မျက်စိနဲ့ကြည့်ပြီး … စစ်ဆေးမှာပေါ့။ သူ့လက်ရေးကို ကျွန်မ ကောင်းကောင်း သိပါတယ်။ အဲဒီစာကို ကျွန်မ တွေ့ရရင် သူရေးတာ ဟုတ်မဟုတ် ကျွန်မ ချက်ချင်းပြောနိုင်တယ်။ သူ့လက်ရေး မဟုတ်ဘူးဆိုရင်တော့ … ဒါဟာ ဘာမှ အဓိပ္ပာယ် မရှိတဲ့စာပဲ။ ဒီကိစ္စလုံးဝ မေ့ပစ်လိုက်ရုံပေါ့။ ဒါပေမယ့် သူ့လက်ရေးလဲ မှန်တယ်၊ သူ့စာအတိုင်း တကယ်ဖြစ်နေတာလဲ မှန်တယ်ဆိုရင်တော့ … ကျွန်မတို့က ဘာမှကြောက်စရာ မလိုဘူး။ တစ်ခုခု အမြန်ဆုံး လုပ်ကြရမှာပဲ။ အချိန်က သိပ်ပြီး အရေးကြီးတယ်။ အဲဒီတော့ … ကျွန်မ ကြုံရာလေယာဉ်နဲ့ ဗင်းနစ်ကို အမြန်ဆုံး လိုက်လာခဲ့မယ်။ ခဏ ဖုန်းကိုင်ထားပါဦး။ ကျွန်မ စုံစမ်းကြည့်လိုက်မယ်။ တခြားဖုန်းက ဟိုတယ်မန်နေဂျာဆီ ဆက်ကြည့်လိုက်မယ်"

ဂျော်ဒန်က တယ်လီဖုန်းကိုင်ရင်း စောင့်နေသည်။ ထူးဆန်းသော ဖြစ်ရပ်တစ်ခုတွင် ထူးဆန်းသော အမျိုးသမီးတစ်ဦးနှင့် ရှေ့ဆက်ပြီး ဘယ်လို များ စခန်းသွားရဦးမည်နည်း။

ခဏကြာတော့ ဖုန်းပြန်မြည်လာသည်။

"ဟယ်လို … ရှင် ရှိနေသလား"

"ရှိပါတယ်"

"နောက် နှစ် နာရီအကြာမှာ လေယာဉ်တစ်စင်း ထွက်မယ်။ ဒီဂေါ လေဆိပ်က ထွက်မယ်။ အေလစ်တာလိယ လေကြောင်းကုမ္ပဏီက လေယာဉ်တဲ့၊ ဗင်းနစ်ကို တစ်နာရီခွဲလောက်ကြာမယ်။ အဲဒီတော့ … အဲဒီစာ ရှင်ယူလာပြီး ကျွန်မကို လေဆိပ်က စောင့်နေပါ။ ရှင့်စေတနာကို အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်မ အဲဒီရောက်တော့မှ နှစ်ယောက်ကြည့် တိုင်ပင်ကြတာပေါ့။ ဆရာကြီးက အဲဒီစာကို တကယ်ရေးတာလဲ မှန်တယ်၊ ပြီးတော့ အဲဒီဆေးနည်းကို

www.burmeseclassic.com



ရှာဖွေတွေ့ရှိတာလဲ တကယ်မှန်မယ်ဆိုရင်တော့ ... ဒီကိစ္စဟာ သာမညောင်ည ကိစ္စ မဟုတ်တော့ဘူးရှင့်၊ တစ်ကမ္ဘာလုံးရဲ့ သေရေးရှင်ရေး ကိစ္စကြီးလို့သာ မှတ်ပေတော့”

“ကောင်းပြီလေ၊ ကျွန်တော် လေဆိပ်က ကြိုနေပါ့မယ်။ ဒါနဲ့ ... ကျွန်တော်က ခင်ဗျားကို ဘယ်လိုလုပ် မှတ်မိပါ့မလဲ”

“ဂျက်လေယာဉ်ပေါ်က ဆင်းလာတဲ့ အချောဆုံး အမျိုးသမီးကလေး ကိုသာ ရှာကြည့်ပါ” သူမက ... တယ်လီဖုန်းချသွားသည်။

ဂျော်ဒန်သည် တယ်လီဖုန်းစကားပြောခွက်ကို ပုခက်ထဲ ပြန်ချလိုက်သည်။ ခဏမျှ တယ်လီဖုန်းကို ငေးကြည့်နေမိသည်။ ထို့နောက် ဖုန်းကို ပြန်ကောက်ကိုင်လိုက်သည်။ ရုံးတွင်းဖုန်းခလုတ်ကို နှိပ်လိုက်ပြီး မာရီဆာထံ ဆက်သည်။

“မာရီဆာလား၊ ဒီနေ့ညစာကိစ္စ ပြောမလို့ပါ။ အခုဒီမှာ အရေးပေါ် ကိစ္စတစ်ခုပေါ်လာလို့ ... ငါ ... အားမှာ မဟုတ်ဘူး။ လေယာဉ်ကွင်းသွားစရာ ရှိတယ်။ မီးသတ်သမား လာလည်တာလား။ အဲဒီအကြောင်း ငါနောက်မှ ပြောပြမယ်။ လောလောဆယ်တော့၊ အရေးကြီးတဲ့ ကိစ္စဆိုတာလောက်ပဲ ပြောပါရစေ။ ကဲ ... ဒါပါပဲ ... အိုကေနော်”

*

သူမသည် လေယာဉ်ပေါ်မှ ဆင်းလာသည်။ တကယ်ပင် အချောဆုံး မိန်းကလေးတစ်ယောက် ဖြစ်နေသည်။

တယ်လီဖုန်းဆက်တုန်းက သူမသည် သိပ္ပံပညာရှင်တစ်ဦးဖြစ်ကြောင်း၊ ပါမောက္ခ မက္ကဒေါ်နယ်၏ လက်ထောက်ဖြစ်ကြောင်း ပြောခဲ့သည်။ သည်အချက်တွေကို အထောက်အထားပြု၍ ဂျော်ဒန်က သူမ၏ရုပ်ပုံလွှာကို စိတ်မျက်စိထဲတွင် မှန်းဆပြီး ပုံဖော်ကြည့်ခဲ့သည်။ အေးစက်စက်နှင့် ဉာဏ်ထက်မည်။ အသက် ၄၀ ခန့် အပျိုကြီးဖြစ်မည်။ ဆံပင်အုပ်လုံးနှင့် ကျွဲကော်ကိုင်း မျက်မှန်တပ်ထားမည်။ နှုတ်ခမ်းစေ့စေ့နှင့် ပါးရိုးကားမည်။

သို့သော် ... သူမ ‘ရုပ်ချောပါတယ်’ ဟု ဗြောင်ဖွင့်ပြောပြီး တယ်လီဖုန်းကို ပြန်ချသွားချိန်တွင်မှ ဂျော်ဒန်၏ မှန်းဆချက်သည် ပြောင်းပြန်ဖြစ်သွားခဲ့ရသည်။ နောက်ပိုင်း ရုံးခန်းထဲထိုင်ပြီး သူမ၏ ရုပ်ရည်ကို မှန်းကြည့်သော်လည်း ပီပီပြင်ပြင် မမြင်။ ဝိုးတဝါးသာထင်သည်။

သို့ဖြင့် မာကိုပိုလို လေယာဉ်ကွင်းသို့ ထွက်လာခဲ့သည်။ မျက်နှာကြောတင်းတင်းနှင့် အေးစက်စက် အမျိုးသမီးတစ်ဦးကို တွေ့ရလိမ့်မည်ဟု ဂျော်ဒန်က မှန်းကြည့်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သူသည် ပါရီမှ ဆိုက်လာမည့် လေယာဉ်ကိုသာ ခေါင်းတမော့မော့ဖြင့် စောင့်မျှော်ရင်း ဂနာမငြိမ် ဖြစ်နေသည်။ ပါးစပ်တွင် ဆေးတံကိုက်ထားပေမယ့် သူ့ စိတ်က မငြိမ်။ တစ်ခါမှ မမြင်ဖူးသေးသော အချောဆုံးဟုဆိုသော အမျိုးသမီးကို မြင်ချင်စိတ်က တရွရွဖြစ်နေသည်။

ဟော ...။ သူမလေယာဉ်ပေါ်က ဆင်းလာပြီ။

အမှန်ပါပဲ။ သူမပြောတဲ့အတိုင်း တကယ်လည်း ချောပါသည်။ တစ်ကြိမ်မြင်ရလျှင် နောက်ထပ်အကြိမ်ကြိမ် ထပ်ကြည့်ချင်သည့် ရုပ်မျိုးပင်ဖြစ်သည်။

သူမအရပ်က တော်တော်ရှည်သည်။ အနည်းဆုံး ငါးပေခြောက်လက်မတော့ ရှိမည်။ သူမသည် ဟန်ပါပါနှင့် ဣန္ဒြေရရ လျှောက်လာသည်။ အညိုရောင် ဆွယ်တာအင်္ကျီကို လက်မောင်းတွင် တင်ထားသည်။ စကတ်က ခပ်တိုတို၊ ခပ်ကျပ်ကျပ် ဘလောက်အင်္ကျီက သူမ၏ ဖွံ့ထွားအိစက်သော ရင်သားအလှကို သဘာဝအတိုင်း လှစ်ပြထားသည့်နှယ်။ သူမရုပ်သွင်က အေးစက်စက်ပုံမျိုးမဟုတ်၊ သွက်လက်ဖျတ်လတ်သည့်ပုံမျိုး။ ဆံပင်ကလည်း ရွှေဝါရောင်မဟုတ်၊ အညိုရင့်ရောင်၊ ယောကျာ်းကလေးလို ခပ်တိုတိုညှပ်ထားသည်။ မျက်ခုံးက မထူမပါး၊ အနေအတော်ကလေး၊ မျက်လုံးက သမင်မမျက်လုံး၊ ဝိုင်းစက်နေသည်။ သူမက ခရမ်းနုရောင် လှည်းဘီးမျက်မှန်ကြီး တပ်ထားသည်။

နှာခေါင်း ခပ်ချွန်ချွန်၊ နှုတ်ခမ်းတွေက ရဲတွတ်ပြီး ပြည့်ဖောင်းနေသည်။ အလွန်ဆုံးရှိမှ ၂၅ နှစ်ပတ်ဝန်းကျင်လောက်ပဲ ရှိဦးမည်။

သည်ရုပ်သွင်မျိုးကို ၁၇ ရာစု ပြင်သစ်ပန်းချီကျော် ဖရန့်ဆွာဘူးရှား၏ ပန်းချီကားများတွင် ဂျော်ဒန် မြင်ဖူးသည်။

သူမသည် သူ့ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်။ လက်တစ်ဘက်က လက်ဆွဲ အဝတ်သေတ္တာကလေးကို ကိုင်ထားပြီး အညိုရောင် သားရေပိုက်ဆံအိတ်ကို တစ်ဖက်ပခုံးတွင် လွယ်ထားသည်။

'မစ္စတာ ဂျော်ဒန်' သူမက ခရီးရောက်မဆိုက် နှုတ်ဆက်လိုက်သည်။ "ကျွန်မ အယ်လီဆင်အက်ဒွပ်ပါ"

"ဟုတ်ကဲ့ ... ကျွန်တော် သိပါတယ်။ ဒါနဲ့ ခင်ဗျားက ကျွန်တော့်ကို ဘယ်လိုလုပ်သိတာလဲ"

သူမက သူ့တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး -

"ကျွန်မ သိတာပေါ့၊ ရှင်က ကျွန်မ မှန်းထားတဲ့ ရုပ်မျိုးပဲ။ အရိုးအခြင်ကြီးကြီးနဲ့ ခပ်ပျော့ပျော့"

www.burmeseclassic.com



"ခင်ဗျားကတော့ ကျွန်တော်မှန်းထားတာနဲ့ တခြားစီပဲ" သူက ရယ်ပြီးပြောသည်။ "ကျွန်တော်ထင်ထားတဲ့ ရုပ်နဲ့ ဘယ်လိုမှ ဆက်စပ်လို့ မရဘူး"

"လူတွေက ကျွန်မကို 'ဒေါက်တာ အက်ဒွပ်' 'ဒေါက်တာအက်ဒွပ်' နဲ့ ဒေါက်တာတပ်ပြီး အမြဲတမ်း ခေါ်ကြတယ်။ အဲဒါ တော်တော် ကြောက်စရာကောင်းတယ်။ ဒါကြောင့်မို့ ကျွန်မ 'ဒေါက်တာ' ဆိုတာ မသိစေချင်ဘူး"

"ဒီအတွက် မပူပါနဲ့၊ ခင်ဗျား လက်ဆွဲသေတ္တာ ကျွန်တော်ပေးပါ" သူက သေတ္တာကို လှမ်းယူလိုက်ပြီး "ကူးတို့မော်တော် အဆင်သင့် စောင့်နေတယ်။ ကျွန်တော်တို့ ခပ်မြန်မြန် သွားကြရင် ကောင်းမယ် ထင်တယ်"

မော်တော်ဘုတ်အခန်းထဲ ရောက်သွားတော့ ဂျော်ဒန်က အခန်း တံခါးပိတ်လိုက်သည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်ကြသည်။

မော်တော်စက်နှိုးပြီး မကြာခင်မှာပင် စထွက်သည်။ မော်တော် တစ်ပတ်လည်သွားပြီး ရေလှိုင်းကို ထက်ခြမ်းခွဲလျက် ဗင်းနစ်မြို့ဆီသို့ ဦးတည် မောင်းထွက်လာခဲ့သည်။

"ဒါနဲ့ ... ရှင် ဟိုစာကို ယူခဲ့သလား"

"ကျွန်တော့် အခန်းထဲမှာ ထားခဲ့တယ်။ ဒီကိုယူလာလို့ မသင့်တော်ဘူး။ ဟိုရောက်တော့မှ အေးအေးဆေးဆေး ကြည့်တာပေါ့"

"ရှင် ဘာတွေ စဉ်းစားထားသေးလဲ"

ဂျော်ဒန်က မော်တော်စက်ဆရာကို တစ်ချက်စောင်းကြည့်လိုက်ပြီးမှ

"ကျွန်တော် စဉ်းစားထားတာ ရှိရင်လဲ ဒီမှာ ပြောလို့ မကောင်းဘူး။ တကယ်တော့ ကျွန်တော်လဲ ဘာမှ နောက်ထပ် အဖြေမရသေးပါဘူး။ ဒီကိစ္စက ခင်ဗျားအပေါ်မှာပဲ အားလုံးတည်နေတယ်။ လက်ရေးကို သိပြီးမှ လုပ်စရာရှိတာ ဆက်လုပ်ကြရမှာပဲ"

"ဟုတ်ပါတယ်။ အဲဒါမှ ဖြစ်မှာပါ"

"ခင်ဗျား အရင် ဗင်းနစ်ကို ရောက်ဖူးသလား"

"ဟင့်အင်း ... ကျွန်မ ဒီကိုလာချင်တဲ့စိတ် အမြဲတမ်းရှိနေခဲ့ပါတယ်။ ဒါပေမယ့် အကြောင်းကြောင်းကြောင့် မရောက်နိုင်ခဲ့ပါဘူး။ ဒီအကြိမ်ဟာ ပထမအကြိမ် ရောက်ဖူးတာပဲ။ အမှန်ဆိုရင် ကျွန်မ ဘယ်ကိုမှ ခရီးမထွက်ဖူးပါဘူး။ ဒါ ကျွန်မရဲ့ ပထမဆုံး နိုင်ငံခြား ခရီးပါ" သူမက မော်တော်ဘုတ်ဝမ်းဗိုက်ဘက် ချောင်းကြည့်လိုက်ပြီး ... "ဒါနဲ့ ကျွန်မတို့ အခုဘယ်သွားနေတာလဲ"

"ဒင်နီယယ်လီဟိုတယ်ကို သွားမယ်။ ဗင်းနစ်မြို့ထဲမှာပဲ။ အဲဒီမှာ ကျွန်တော့် အခန်းရှိတယ်။ တစ်နှစ်စာ တစ်ခါတည်း ငှားထားတယ်။ ခင်ဗျား အတွက်လဲ ကျွန်တော် ငှားထားခဲ့ပြီးပြီ။ ကျွန်တော့် အခန်းနဲ့ ကပ်ရက်ပဲ"

www.burmeseclassic.com



"အို ... ကျွန်မက ကြာကြာနေလို့ ဖြစ်မှာ မဟုတ်ပါဘူး။ နောက်ဆုံး လေယာဉ်နဲ့ ဒီနေ့ချက်ချင်း ပါရီကိုပြန်ဖို့ ဘွတ်ကင်လုပ်ထားခဲ့ပြီးပါပြီ"

"ဒါဖြင့် ခင်ဗျားက ဒီကိစ္စဟာ လိမ်ညာမှုလို့ ထင်တယ်ပေါ့။ ခင်ဗျား ဆရာကြီးဟာ ရှရှားပြည် တစ်နေရာရာမှာ ကျန်းကျန်းမာမာနဲ့ ရှိနေတယ်လို့ ထင်တယ်ပေါ့ ဟုတ်လား"

သူမက ပါးနပ်စွာဖြင့် မေးခွန်းကို ရှောင်၍ ဖြေလိုက်သည်။

"ကျွန်မ သူ့ဆီကို တယ်လီဖုန်းဆက်ကြည့်ခဲ့တယ်။ အဲဒီမှာ သူ တကယ်ရှိ မရှိ သိရအောင်လို့ပါ။ သူနေတာက ဂျော်ဂျီယာပြည်နယ်အနောက် ပိုင်းက ဆူခူမီမြို့ပြင်မှာပဲ။ ဒါပေမယ့် ဖုန်းဆက်လို့ မရပါဘူး။ ဘယ်တော့မှ လဲ မရပါဘူး။ အရင်တုန်းကလဲ ကျွန်မ ဆက်ဖူးပါတယ်။ သူ့ကို ဆက်လို့ ဘယ်တော့မှ မရခဲ့ဘူး။ ကျွန်မတို့ စာနဲ့ပဲ ဆက်သွယ်ခဲ့ကြတယ်"

သူမသည် လှည့်ဘီးမျက်မှန်နောက်မှ မျက်လုံးညိုကြီးများဖြင့် သူ့ကို အကဲခတ်ကြည့်နေသည်ဟု ဂျော်ဒန်က ထင်မိသည်။

"ဒီကိစ္စဟာ တကယ်လား၊ ညာတာလား၊ ကျွန်မတော့ မတွေးတတ် တော့ပါဘူး"

"နောက်မိနစ် ၂၀ ဆိုရင် သိရတော့မှာပေါ့"

ထို့နောက် သူက ကိုယ်ကိုနောက်မှီပြီး ဆေးတံကို မီးညှိလိုက်သည်။ ငါဟာ အရိုးအခြင်များများကြီးပြီး နည်းနည်းပဲ ပျော့ရင် သိပ်ကောင်းမှာပဲ ဟု သူ့စိတ်က တွေးနေသည်။

ဂျော်ဒန်ပြောခဲ့သည့်အတိုင်း နောက်မိနစ် ၂၀ ကြာတော့ ဒင်နီယယ်လီ ဟိုတယ်သို့ ရောက်လာကြသည်။ အမှန်တရားကို သိရတော့မည်။ သူတို့သည် ဟိုတယ်အေးရှိ ကူးတို့ဆိပ်တွင် ရပ်ထားသော မော်တော်ပေါ်မှ ဆင်းကြသည်။

ထို့နောက် ဧည့်ခန်းသို့ဝင်လာကြသည်။ ကော်ဇောနီခင်း ကျောက် သလင်းလှေကားအတိုင်း ပထမထပ်သို့ တက်ခဲ့ကြသည်။ လက်ယာဘက်ကို ကွေ့ပြီး ဒုတိယ လှေကားကို တက်သည်။ လှေကားထိပ်မှ အခန်းနံပါတ် ၂၂၆ ထဲ ဝင်လာခဲ့ကြသည်။

အခန်းက တော်တော်ကျယ်သည်။ ကြမ်းပြင်တစ်ခုလုံး အညိုရောင် ကော်ဇောအပြည့် ခင်းထားသည်။ နံရံများက ပြာမှိုင်းမှိုင်းအရောင်၊ အစိမ်းရောင် ကူရှင်ဆိုဖာ ကုလားထိုင်ရှည်သုံးလုံး။ ယင်းတို့ရှေ့မှ အစိမ်းရောင် လက်တင် ကုလားထိုင်နှစ်လုံး၊ အညိုရောင် ရေခဲသေတ္တာကလေးတစ်လုံး၊ ရေခဲသေတ္တာ ထဲတွင် အရက်ပုလင်းများနှင့် ဖန်ခွက်များ ...၊ ပြီးတော့ ရေခဲသေတ္တာရှေ့တွင် သားရေခင်း စားပွဲတစ်လုံး၊ ဆိုဖာကုလားထိုင်တစ်လုံး။

www.burmeseclassic.com



တစ်ခန်းလုံး အေးစိမ့်ပြီးမှောင်နေသည်။ ပြတင်းပေါက်များတွင် အစိမ်းရောင် တရုတ်ကတ်များကို ဆွဲပိတ်ထားသည်။

အယ်လီဆင်က ရေဇလားတွင် မျက်နှာသစ်နေတုန်း ဂျော်ဒန်က သူမ၏ အဝတ်သေတ္တာကို တစ်ဖက်ခန်းရှိ ခုတင်ပေါ်တွင် သွားတင်ထားလိုက်သည်။ ပြီးတော့ ... သူသည် ဧည့်ခန်းဖြတ်ပြီး သူ့အခန်းသို့ ပြန်လာသည်။ သူ၏ နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှ လက်ဆွဲအိတ်ကိုဖွင့်ပြီး ပါမောက္ခ မက္ကဒေါ်နယ်၏ စာကိုယူလိုက်သည်။

ဧည့်ခန်းသို့ ပြန်လာသည်။ ပြတင်းပေါက်မှာ တရုတ်ကတ်များကို ဘေးသို့ ဆွဲကပ်လိုက်သည်။ အခန်းထဲသို့ ဆည်းဆာနေရောင်များ ဝင်လာသည်။

ပြီးတော့ သူသည် ပြတင်းပေါက်တွင် ရပ်ရင်း မျက်လုံးများကို မှေးပြီး အဝေးသို့ လှမ်းကြည့်နေသည်။ သူသည် ဆည်းဆာမြူခိုးတွေကို ထိုး ဖောက်ပြီး ဆန်လက်ဇာရှိဘုန်းကြီးကျောင်းကို လှမ်းကြည့်နေသည်။ ဘုန်းကြီးကျောင်းကိုတော့ မမြင်ရ၊ ကျွန်းကိုသာ ခပ်မှိုင်းမှိုင်း မြင်နေရသည်။

ကမ္ဘာကို ကိုင်လှုပ်မယ့် တီထွင်မှုကြီးတစ်ခုကို တွေ့ရှိထားတဲ့ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးတစ်ယောက်ဟာ ရေအိုင်တွေ ပတ်လည် ဝိုင်းနေတဲ့ ဒီကျွန်းကလေးပေါ်မှာ တကယ်ပဲ အချုပ်ခံနေရလေသလား၊ ဖြစ်ရပ်ကတော့ ဘယ်လိုမှ မယုံနိုင်စရာပင်။

အယ်လီဆင် အခန်းထဲဝင်လာသည်။ ဂျော်ဒန်က စားပွဲသို့ လျှောက်လာသည်။ သူမအား ကုလားထိုင်တွင် ဝင်ထိုင်ရန် မျက်ရိပ်ပြလိုက်သည်။

"ကိုင်း ... စာကတော့ ဒါပဲ" သူက ရုတ်တရက် ပြောလိုက်သည်။

ထို့နောက် သူက စာရွက်ကို စားပွဲပေါ်သို့ ဖြန့်တင်လိုက်သည်။ အယ်လီဆင်က နေကာမျက်မှန်ချွတ်ပြီး သူ၏အညိုရောင်မျက်လုံးဝိုင်းကြီးများဖြင့် ဂျော်ဒန်၏ လက်ကို စိတ်ဝင်စားစွာ လိုက်ကြည့်သည်။

သူမသည် စိတ်ညို့ခံရသလို စာရွက်ကို ကြောင်ကြောင်ကြီး စိုက်ကြည့်နေသည်။ ထို့နောက် ... စာရွက်ကို လက်နှစ်ဖက်ဖြင့် တစ်စွန်းစီကိုင်ပြီး မျက်စိနားသို့ ကပ်ကြည့်သည်။ စာရွက်ကို သေသေချာချာ ကြည့်နေသည်။ သူမတစ်ကိုယ်လုံး အကြောတွေ ဆိုင်းနေသလို ထင်ရသည်။ အတော်ကလေးကြာတော့မှ ဂျော်ဒန်၏မျက်နှာကို မော့ကြည့်လိုက်သည်။

သူမ၏မျက်နှာသည် သွေးဆုတ်သွားသလို ဖြူရော်သွားသည်။

"ဒါ ... ဒါ ... သူ ... သူ"

သူမ အသံကို လေသံမျှသာ ကြားရသည်။

www.burmeseclassic.com



"သူ့လက်ရေးပဲ။ သူ့လက်ရေးမှ သူ့လက်ရေးအစစ်၊ လက်မှတ်က လဲ သူ့လက်မှတ်အစစ်၊ သူ့လက်ရေးကို ကျွန်မ အများကြီး မြင်ဖူးပါတယ်။ လုံးဝမမှားပါဘူး။ ဒီစာကို ပါမောက္ခကြီး မက္ကဒေါ်နယ် ကိုယ်တိုင် သူ့လက်နဲ့ ရေးတာ သေချာပါတယ်။ တခြားဘယ်သူမှ မရေးပါဘူး။ ဒါ ... တကယ် အမှန်ပါပဲ"

သူမက စာရွက်ကို လက်တစ်ဖက်ဖြင့် ကိုင်ထားသည်။ လက်တုန်နေသည်။ မျက်နှာအမူအရာကတော့ ငိုတော့မည့် ပုံမျိုး။

ဂျော်ဒန်က သူမလက်မှ စာကို အသာကလေး ပြန်ယူသည်။ ပြီးတော့ သူ့အင်္ကျီအိတ်ထဲ ပြန်ထည့်လိုက်သည်။

အယ်လီဆင်က ကုလားထိုင်မှ ထရပ်လိုက်သည်။

"ဒီအတိုင်းဆိုရင် သူဆန်လက်ဇာရိုးကျွန်းမှာ အချုပ်ခံနေရတာ မှန်နေပြီ။ နောက်နှစ်ရက်ဆိုရင် သူ့ကို ရုရှကို ပြန်ပို့ကြတော့မယ်။ အဲဒါဆိုရင် သူ့ကိုဘယ်တော့မှ တွေ့ကြရတော့မှာ မဟုတ်ဘူး။ ဒီတီထွင်မှုကြီးကိုလဲ ဘယ်သူမှရတော့မှာ မဟုတ်ဘူး။ မစ္စတာ ဂျော်ဒန် ... ဆရာကြီးကို ကျွန်မတို့ ကယ်တင်ရလိမ့်မယ်" သူမက ဂျော်ဒန်၏ လက်ကို တင်းတင်းကလေး ဆုပ်ကိုင်လိုက်သည်။ ပြီးတော့မှ တောင်းပန်သံမျိုးဖြင့် "ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ... ဟင်"

*

နောက်နာရီဝက် ကြာသွားသည့်တိုင်အောင် အယ်လီဆင်၏ မေးခွန်းသည် ဂျော်ဒန်၏ ဦးနှောက်ထဲတွင် ပဲ့တင်ရိုက်ခတ်နေဆဲဖြစ်သည်။

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ဟင်"

ကျွန်မတို့ ... တဲ့။

သူ့အနေဖြင့် အယ်လီဆင်နှင့်အတူ ပူးပေါင်းပြီး ထူးခြားဆန်းကြယ်သော၊ အန္တရာယ်မကင်းသော သည်ကိစ္စတွင် ပါဝင်ပတ်သက်လို့ ဖြစ်ပါ့မလား။

ဂျော်ဒန်က သူ့ကိုယ်သူ ပြန်ပြီးမေးခွန်းထုတ်ခဲ့သည်။ အဖြေအတိအကျ ထွက်မလာ၊ သူ ဝေခွဲမရဖြစ်နေသည်။ မတင်မကျ ဖြစ်နေသည်။

အမှန်ဆိုရလျှင် သည်ကိစ္စမျိုးကို သူလုံးဝ စိတ်မဝင်စား၊ အခုလို အတည်မကျ အနည်မထိုင်သေးသော သူ့ဘဝအခြေအနေမျိုးတွင် သည်လိုကိစ္စမျိုး ပါဝင်ပတ်သက်ရန်လည်း လုံးဝမသင့်လျော်။ သူသည် သည်လိုအရှုပ်အထွေးကိစ္စမျိုး၌ ဘုမသိဘမသိနှင့် လက်ဝင်မလျှို့သင့်။ သို့ပေမယ့် သူ၏ အတွင်းစိတ်တစ်နေရာတွင်တော့ မသိစိတ်တစ်ခုက သိသိသာသာ ပုန်းအောင်းနေဆဲ။ သူ့အနေဖြင့် ပါဝင်ပူးပေါင်းသင့်သည် ဟူသော စိတ်။

www.burmeseclassic.com



"ဒီမှာ ဒေါက်တာ အက်ဒွပ်၊ ဒီကိစ္စကို ကျွန်တော် ချက်ချင်း အဖြေ မပေးပါရစေနဲ့ဦး၊ ကျွန်တော်တို့ အချိန်ပေးပါဦး။ ကျွန်တော် ခေါင်းအေးအေး ထားပြီး စဉ်းစားပါရစေဦး။ အခု ကျွန်တော် အောက်ထပ် ခဏဆင်းလိုက်ဦး မယ်။ ဆေးတံသောက်ဆေးကုန်နေလို့ပါ။ သိပ်မကြာပါဘူး၊ အလွန်ဆုံးကြာ ရင်နာရီဝက်ပါပဲ။ ကျွန်တော် ပြန်ရောက်တော့မှ နှစ်ယောက်ထိုင်ပြီး အကောင်း ဆုံး အဖြေရအောင် စဉ်းစားကြတာပေါ့"

သူက ယင်းသို့ပြောပြီး သူမကို အခန်းထဲတွင် တစ်ယောက်တည်း ထားပစ်ခဲ့သည်။ သူက ယင်းအတွက် လိပ်ပြာမလုံဖြစ်မိသည်။ သစ္စာဖောက် သူ၊ သတ္တိကြောင်သူများ ဖြစ်သွားမလား ဟု တွေးပြီး စိုးရိမ်လိုက်မိသည်။

ပါမောက္ခ မက္ကဒေါ်နယ်၏ ကံကြမ္မာသည် သူ့လက်ထဲတွင် ရှိနေ သည် မဟုတ်လား။ ပြီးတော့ သူ့ကို အားကိုးတကြီးဖြင့် အကူအညီ တောင်းခံ နေသူ အမျိုးသမီးကလေးတစ်ဦးအား ပေါ့ပေါ့တန်တန် သဘောထားပြီး လျစ် လျူရှုထားရာ မကျပေရော့လား။ စင်စစ် သည်ပြဿနာတွင် အယ်လီဆင်သာ အခက်ကြုံနေရသည် မဟုတ်။ သူကိုယ်တိုင်လည်း ဘာမဆိုင် ညာမဆိုင်နှင့် ရောယောင်ပါဝင်ပြီး စိတ်ညစ်နေရသည်ပင်။

သူက လှေကားမှ ဆင်းပြီး ဟိုတယ်ဧည့်ခန်းကို ဖြတ်ကာ အပြင်သို့ ထွက်လာခဲ့သည်။ ပြီးတော့ မလိုအပ်ဘဲနှင့် ဆေးတံသောက်ဆေးတစ်ဘူး ဝယ် လိုက်သည်။ သူပြောခဲ့သည့်အတိုင်း ယုတ္တိရှိအောင်လို့ ဖြစ်သည်။ ပိုင်ယာဇက် တာ ရင်ပြင်မှ ဂရင်းကဖေးဆိုင်ကို ဆက်လျှောက်ခဲ့သည်။ တရားလွှတ်တော်ချုပ် နှင့် မျက်နှာဆိုင်တစ်နေရာတွင် တစ်ယောက်တည်း ထိုင်လိုက်သည်။ ဆည်း ဆာနေရိုန်က အတော်ကလေးပြင်းနေသေးသည်။ ဗင်းနစ်မြို့၏ အာရုံပျံ့လွင့် စရာ မြင်ကွင်းများကို မျက်နှာလွှဲလိုက်ပြီး သူ့စိတ်ကို တစ်နေရာတည်းတွင် စုစည်းလိုက်သည်။

သူ့စိတ်မျက်စိထဲတွင် အယ်လီဆင်ကို မြင်ရသည်။ သူ့အမြင်ကို သူသဘောကျသည်။ ရုပ်ပုံလွှာက မပီမပြင် ဝိုးတဝါးမျှသာ။ ဒါပေမယ့် သူ့ကို ဆွဲဆောင်နိုင်စွမ်းတော့ ရှိသည်။ ရုပ်ရည်ချောမောပြီး အကူအညီ လိုနေသော မိန်းကလေးတစ်ယောက်ကို ကူညီလိုက်ချင်စိတ် ဖြစ်ပေါ်မိသည်မှာ အမှန်ပင်။

သို့သော် ပါမာက္ခ မက္ကဒေါ်နယ်နှင့် ပတ်သက်လို့တော့ အမြင်က မပြတ်သား။ ရုပ်သွင်ကို လုံးဝခန့်မှန်း၍မရ၊ အိုင်စတိုင်း၊ ရွိုက်ဇာတို့လို ကမ္ဘာ ကျော်ပညာရှင်ကြီးတစ်ယောက်၊ လူ့သက်တမ်းပြောင်းလဲစေနိုင်သော တီထွင်မှု ကြီးတစ်ရပ်ကို ဖော်ထုတ်နိုင်သူ ပုဂ္ဂိုလ်ကြီးတစ်ယောက်၊ ယင်းတီထွင်မှုကြီး အတွက် အကျဉ်းခံနေရသဖြင့် လွတ်ရာလွတ်ကြောင်းအတွက် မရေမရာသော

www.burmeseclassic.com



နည်းဖြင့် ခိုဆက်သားစေလွှတ်ခဲ့သူ ဆိုတာကိုတော့ ဂျော်ဒန်က ကောင်းစွာ သဘောပေါက်မိသည်။

အဲသည်တော့ ... သူ့ဘဝကို တစ်မျိုးတစ်မည် အန္တရာယ်ဖြစ်စေနိုင်တဲ့ သည်လုပ်ငန်းမှာ သူ့အနေနှင့် ပါဝင်ပတ်သက်လို့ အကျိုးရှိပါ့မလား။

ဂျော်ဒန်က သူ့ကိုယ်သူ မေးခွန်းထုတ်ကြည့်သည်။ သူ့အတွင်းစိတ်က ချက်ချင်း ငြင်းပယ်လိုက်သည်။ မပါဝင်သည်။ တစ်ကိုယ်ကောင်းဆန်သည်ဟုပင် ဆိုဆို ကိုယ်နှင့်မသိသော သူစိမ်းတစ်ရံဆန် ပုဂ္ဂိုလ်နှစ်ယောက်နှင့် မည်သို့မျှ မပတ်သက်ချင်၊ သူက အပြောင်းအလဲကို မလိုချင်၊ ဘာမျှမသိတဲ့ ကိစ္စတွင် စွန့်စားမှု မပြုလုပ်ချင်၊ ဗင်းနစ်မြို့ပေါ်တွင် သူ့ကို သည်ထက်သည်လူသိများစေမည့် အလုပ်မျိုးကို မကြိုက်၊ သူ့ဘဝ အခြေအနေကို ပြောင်းလဲစေမည့် လုပ်ရပ်များကို အလိုမရှိ၊ စင်စစ်တော့ ... တခြားလူတွေက သူ့အပေါ် အားကိုးအားထားပြုနေရသည့် ဆုံးဖြတ်ပိုင်ခွင့်ရှိနေသူ နေရာမျိုးတွင် သူဝင်မထိုင်လို။

သို့သော် အရေးအကြီးဆုံးက ပါမောက္ခကြီး၏ တီထွင်မှု၊ အဲဒါကို သူက သူ့စာထဲမှာ 'အသက်ရှည်နှုပ်ဆေး' ဟု ရေးထားသည်။ တခြားဘာမှ ရေးမထား။ ဘာမှ ရှင်းလင်းချက် မပါ။ လူသက်တမ်း ရှည်ကြာရေး ဆေးနည်းဆိုတာလောက်ပဲ သိရသည်။ ဒီဆေးနည်းက လူ့လောကအတွက် ဘယ်လောက် အရေးကြီးသလဲ။ ဘယ်လောက်တန်ဖိုးရှိမလဲ။

ကောင်းကင်ဘုံက ဘုရား၊ ဒါမှ မဟုတ် သဘောဝတန်ခိုးရှင်တစ်ဦးဦးက သည်ကမ္ဘာပေါ်မှ လက်ရှိလူသားတွေကို ပျမ်းမျှသက်တမ်း ၇၀ အထိသာ အသက်ရှည်နေထိုင်ကြရန် ဖန်ဆင်းပေးထားခဲ့သည်။ အဲသည်တော့ ... ဘုရားပေး သက်တမ်းကို ဆန့်ကျင်ပြီး လူ့သက်တမ်းကို ဆွဲဆန့်၍ ရနိုင်ပါ့မလား။

အဲသည်ဆေးနည်းက သင်္ချိုင်းထဲ ထာဝရအိပ်ပျော်နေသူ ကလျာကို အသက်ပြန်ရှင်လာအောင် လုပ်နိုင်လျှင်တော့ တစ်မျိုးပေါ့။

ငါ့အတွက်ကော ဘယ်လိုလဲ။ အဲသည်ဆေးနည်း ငါ့အတွက် အဓိပ္ပာယ်ရှိပါ့မလား။

သူက အဖြေချက်ချင်းရသည်။ သူ့အတွက် လောလောဆယ် အခြေအနေအရ အဖြေ။ ယနေ့အတွက် အဖြေ။

သူ့အနေဖြင့် သက်တမ်းရှည်ခြင်းသည် ဒုက္ခရှည်ခြင်းပင် ဖြစ်သည်။ သူက အသက် ၁၀၀၊ ၁၇၀ အထိ မနေချင်။ ၇၀ လောက်နေရလျှင်ပင် ကျေနပ်ပြီ။ တကယ်တော့ သည်ဆေးနည်းသည် သွားကျိုးဆံကြွေ အဘိုးအို အမေအိုတွေကို ပို၍ အိုအောင်လုပ်တဲ့ ဆေးပဲဖြစ်မည်။ ဒါပေမယ့် သူ့အဖေလို လူအိုတွေအတွက်ဆိုလျှင်တော့ မဆိုးဘူးပေါ့။

www.burmeseclassic.com



သြော် ... အဖေ၊ အဖေ။

ဂျော်ဒန်၏ တစ်ကိုယ်ကောင်းဆန်သော အတွေးများ ရုတ်ခြည်း ပြေလွင့်သွားကြပြီး ခံစားချက်တစ်ခု၊ အသည်းထဲစွဲနေသော ဝေဒနာတစ်ခုက အစားဝင်ရောက်လာသည်။ သူက အဖေ့သား၊ ငယ်ငယ်ကတည်းက အဖေမွေး၍ ကြီးခဲ့ရသည့် သား။ သူ့ကို ချီကာဂိုမြောက်ပိုင်းရှိ အေးချမ်းသာယာသော ဝစ္စကွန်ဆင်မြို့ ကလေးတွင် မွေးဖွားခဲ့သည်။

သူ့အဖေ မိုက်ကယ်ဂျော်ဒန် သူ့အတွက် အမေဆိုလည်း ဟုတ် သည်။ သူ့အမေမှာ သူအခါလည်သားအရွယ်တွင် အဆုတ်အအေးမိရောဂါဖြင့် ဆုံးသွားခဲ့ရှာသည်။ အမေ သေပြီးတဲ့နောက် အိမ်တွင် မိန်းမနှစ်ယောက်ကျန်ခဲ့ သည်။ တစ်ယောက်က သူ့အစ်မကြီး၊ နောက်တစ်ယောက်က သူ့အဒေါ်၊ သူ့အဖေရဲ့ ညီမ၊ အလွန်အလုပ်ကောင်းသည်။ အိုးတိုက်အဝတ်နှင့် တံမြက် စည်းကို လက်ထဲက ဘယ်တော့မှမချ။

သူက နွားအိုနောက်ကျသားဖြစ်သည်။ သူ့အဖေ အသက် ၅၀ ကျော်မှ သူ့ကို မွေးသည်။ သူတက္ကသိုလ် ရောက်တော့ အဖေကြီးက အရွယ် တော်တော်လွန်နေပြီ။ အဖေ့အကြောင်းကို တွေးပြီး ဂျော်ဒန်က ပြုံးမိသည်။ အမေကြီးက ခေသူမဟုတ်၊ ထင်ရှားတဲ့ အထက်တန်းပြဆရာ၊ အင်္ဂလိပ်စာပြ ဆရာ၊ ဒါပေ မယ့် ... သင်္ချာကို မသင်၊ ဂန္ထဝင်စာပေကိုသာ သင်သည်။

အဘိုးကြီးသည် ကျောင်းအားချိန်တွင်လည်း အငြိမ်မနေ၊ စာအုပ် ရေးသည်။ သူ့စာအုပ်နာမည်က 'ထာဝရနိုင်ငံ' လူသားတို့ နေထိုင်ရမည့် အနာဂတ်သာယာရွှေပြည်အကြောင်း၊ ထိုစာအုပ်ကို ခုနစ်ရက်တစ်ပတ်မှာ ခုနစ် ညလုံးမပြတ် အပတ်တကုတ်ပြုစုသည်။ သူ လူမှန်းမသိတတ် သိတတ်အရွယ် နှင့် ကောင်းကောင်းမှတ်မိသည့် လူပျိုဖြန်းအရွယ်တွင် သူ့အဖေကြီးစားပွဲတွင် တကုပ်ကုပ် ထိုင်ပြီး မှတ်စုများထုတ်နေပုံကို ဂျော်ဒန်က မြင်ယောင်လာမိသည်။

ဂျော်ဒန် ဆယ်တန်းအောင်လို့ တက္ကသိုလ်စတက်တော့မှ အဖေအို ကြီးက သူ့စာအုပ်ကို ဝတ္ထုစာအုပ်လို ကျကျနန ပုံစံချပြီး စတင်ရေးသားသည်။ ဂျော်ဒန်တက္ကသိုလ်မှ မဆင်းမီစပ်ကြား ရေးပြီးသမျှ စာမူကို ဖတ်ကြည့်ချင်၍ ဖတ်ကြည့်ပါရစေဟု အဖေကြီးထံ အကြိမ်ကြိမ်တောင်းခံခဲ့ဖူးသည်။ ပထမတွင် စာမူက ဖတ်လို့ရတဲ့ အဆင့်ထိ မရောက်သေးဟူ၍ အဖေကြီးက အကြောင်းပြ သည်။ နောက်တော့ သူ့စာအုပ်ကို မဖတ်ခင် အကြိုသဘောဖြင့် ဂရိတွေးခေါ် ပညာရှင်ကြီး ပလေတို၏ 'သမ္မတ နိုင်ငံတော်'၊ အင်္ဂလိပ်နိုင်ငံရေးခေါင်းဆောင် ကြီး သောမတ်မိုး၏ 'သာယာရွှေပြည်'၊ အီတာလျံတွေးခေါ် ရှင်ကြီး သော မတ်ဆိုကမ်ပါနယ်လာ၏ 'သူရိယာမြို့တော်' နှင့် အင်္ဂလိပ်နိုင်ငံရေးကျမ်းပြု

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီး ဂျိမ်းဟာရင်တန်၏ 'မဟာသမုဒ္ဒရာ' စာအုပ်များကို ဖတ်ထားရန် အဖေကြီးက သားဖြစ်သူကို ညွှန်ကြားခဲ့သည်။ ဂျော်ဒန်ကလည်း အဖေကြီး ညွှန်ကြားသည့်အတိုင်း စိတ်ပါလက်ပါ ဆောင်ရွက်ခဲ့သည်။ သူ့အဖေကြီး ရေးနေသော စာမူကို ဖတ်ခွင့်ရရေးအတွက် သူသည် အဆိုပါ စာအုပ်များကို စိတ်ဝင်စားစွာ ဖတ်ခဲ့သည်။

တစ်နေ့တော့ သန်းခေါင်လောက် သူစာဖတ်နေတုန်း အချိန်မတော် ညကြီး မင်းကြီး တယ်လီဖုန်း မြည်သံ ထွက်ပေါ်လာသည်။

ကြားရသည့်သတင်းက အမင်္ဂလာသတင်း။

ဆရာအိုကြီး မိုင်ကယ်ဂျော်ဒန်သည် ကျောင်းမှ အိမ်အပြန် ကား မောင်းလာရင်း သတိလစ်သွားပြီး ကားကို မထိန်းနိုင်တော့ဘဲ သစ်ပင်ကို ဝင်တိုက်သည်။ သူသည် သေကံမရောက်၍ အသက်မပျောက်ခဲ့။ သို့သော် နဂိုအတိုင်းတော့ လူကောင်းပကတိ ဖြစ်မလာတော့။ ဦးနှောက်သွေးကြော ပြင်းထန်စွာ ထိခိုက်သွားသည်ဟု ဆရာဝန်၏ ဆေးစစ်ချက်အရ သိရသည်။

သို့ဖြင့် ကျောင်းဆရာအလုပ်မှလည်း နုတ်ထွက်လိုက်ရသည်။ သူ၏ ရေးလက်စ စာမူကိုလည်း ဆက်မရေးနိုင်တော့။ ထို့အချိန်တွင် ဂျော်ဒန်အနေနှင့် လည်း ယင်းစာမူကို ဖတ်ချင်စိတ် လုံးဝမရှိတော့။ ထို့နောက်တော့ ဒုက္ခိတအဖေ အိုကြီးသည် နာတာရှည် ဆေးရုံတွင် တက်ရောက်ကုသနေရာမှ တစ်နေ့သော အခါ အိပ်ပျော်နေရင်း ၇၄ နှစ်အရွယ်တွင် ကွယ်လွန်သွားလေသည်။

အဖေကြီးကို သင်္ဂြိုဟ်ပြီးတော့ ဂျော်ဒန်သည် အစ်မကြီးနှင့် အဒေါ် ဖြစ်သူတို့၏ ပရိဒေဝမီးကို ဖြေသိမ့်ရင်း အိမ်တွင် တစ်ပတ်လောက် နေခဲ့သေး သည်။ ထိုရက်အတွင်း တစ်နေ့တွင် သူသည် အဖေကြီးလက်စမသတ်ခဲ့သော စာမူကို ယူပြီး ဝရန်တာမှ ခေါက်ခုတင်တွင် လှဲကာ စိမ်ပြေနပြေဖတ်သည်။

နေဝင်ချိန်ရောက်တော့ ရေးထားသမျှ လက်ရေးအကုန်လုံး ဖတ်ပြီး သွားသည်။ သူသည် အဖေကြီး၏ လေ့လာမှု ဗဟုသုတဉာဏ်ပညာနှင့် တီထွင်မှုစွမ်းရည်တို့ကို တွေးမိပြီး ရင်သပ်ရှုမော အံ့ဩမဆုံးဖြစ်မိရသည်။ သည် စာမူကား နှယ်နှယ်ရရ သာမညစာမူ မဟုတ်၊ ကမ္ဘာလောကကြီးတစ်ခုလုံးကို ပြောင်းလဲပစ်နိုင်သည့် ကြီးကျယ်သော ဂန္ထဝင်ကျမ်းကြီးပင် ဖြစ်သည်။ သို့သော် စာမူမှာ လက်စသတ်ဆုံးခန်းမတိုင်ခဲ့။ လေးပုံတစ်ပုံမျှသာ ပြီးသေးသည်။ သည် စာမူကို သူ့ဖခင်ကြီး ဉာဏ်ရည်မျိုးဖြင့် ဆက်ရေးနိုင်မည့်သူ ဤကမ္ဘာတွင် မည်သူမျှ ရှိလိမ့်မဟုတ်။

ဂျော်ဒန်အဖို့ မည်သည့်အရာနှင့်မျှ တိုင်းတာမရနိုင်သော အရှုံးကြီး နှစ်ရပ်ကို ရင်ကွဲမတတ်ခံစားလိုက်ရသည်။ ယင်း အရှုံးကြီးနှစ်ခုသည် တစ်ခု



BURMESE CLASSIC .com

www.burmeseclassic.com



နှင့်တစ်ခု အတိုင်းအတာပမာဏချင်း အတူတူပင် ဖြစ်သည်ဟု သူက ယူဆသည်။ ထို့ကြောင့်လည်း သူ့အနေဖြင့် အသည်းခိုက်မျှ ယူကျုံးမရ အပူလုံးကြွခဲ့ရခြင်း ဖြစ်သည်။

အဖေကြီးသာ ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းနှင့် သက်ဆိုးရှည်ခဲ့မည်ဆိုလျှင် ကမ္ဘာကြီးကို ပြောင်းလဲစေမည့် သူ၏ လူမှုပြုပြင်ရေး ဂန္ထဝင်ကျမ်းကြီးကို အပြီးတိုင်ရေးသားနိုင်ခဲ့မည်မှာ မြေကြီး လက်ခတ်မလွဲ။

ဂျော်ဒန်က ဆက်စပ်တွေးကြည့်သည်။

အလားတူပင် ပါမောက္ခ မက္ကဒေါ်နယ်၏ ရှာဖွေတွေ့ရှိချက်ကြီးသည်လည်း လူ့လောကကို ပြောင်းလဲပစ်နိုင်သည့် ဧရာမ စွမ်းဆောင်ချက်ကြီးဖြစ်သည်။ ကမ္ဘာ့လူသားအပေါင်း အထောင်အသောင်း၊ အသိန်းအသန်းတို့အား အသက်ရှည်စွာ အနာမဲ့ကြောင်း ပြုပြင်ဖန်တီးနိုင်မည့် အတုမရှိ ဆေးစွမ်းကောင်းကြီးဖြစ်သည်။

ပြီးတော့ သူ့ကိုယ်ကျိုးအတွက် သက်သက်ကို ကြည့်မည်ဆိုလျှင်လည်း လူ့ဘဝတွင် အသက်ရှည်ရှည်နေပြီး မိမိမျှော်မှန်းရာ ဘဝပန်းတိုင်အရောက် ချီတက်နိုင်မည်။ အသက်ရှည်ရှည်နေရလျှင် သူ့ဖခင်ကြီးလို ကမ္ဘာကျော် စာရေးဆရာကြီးတစ်ယောက် ဖြစ်အောင်လည်း ကြိုးစားနိုင်မည်။

သင့် တော်ရာ ပါရမီဖြည့်ဖက် ကြင်ဖက်သက်လျာတစ်ဦး ရွေးချယ်ကာ သားသမီး မြေးမြစ်စုံလင်စွာဖြင့် လူ့လောကစည်းစိမ်ကို အချိန်အကြာကြီး ခံစားနိုင်မည်။

ထို့ကြောင် သူ့အနေဖြင့် တစ်ခုခုကို ယတိပြတ် ဆုံးဖြတ်ချက်ချရတော့မည်။ လမ်းနှစ်သွယ်တွင် တစ်သွယ်ကို ရွေးချယ်ရတော့မည်။

ပထမလမ်းက ဟိုတယ်သို့ ပြန်သွားပြီး သည်အရှုပ်အထွေးကြီးတွင် သူ မပါဝင်လိုကြောင်း ဒေါက်တာ အယ်လီဆင်အက်ဒွပ်အား ပြတ်ပြတ်ပင် ပြောလိုက်ရမည်လား။ သူမအနေဖြင့် ကိုယ့်လမ်းကိုယ်သာ ဆက်လျှောက်ပါတော့ ဟုပင် အလိမ္မာသုံး၍ ပြောလိုက်ရမည်လား။ ပါမောက္ခကြီး၏ စာကိုရဲစခန်းသွားပြပြီး သူတို့အနေနှင့် ရိုးရိုးသားသား ကူညီချင်လျှင် ပါမောက္ခကြီးအတွက် မျှော်လင့်ချက် ရှိနိုင်သည်ဟုပင် အကြံပေးလိုက်ရမည်လား။ သို့သော်ရဲကို တိုင်လျှင် အကျိုးထက် အပြစ်သာ ပိုကြီးလာမည်ဟူသော အချက်ကိုသူက အလိုလို စိတ်ထဲက ကြိုသိထားပြီးဖြစ်သည်။

ဒုတိယလမ်းကတော့ အယ်လီဆင်ထံ ပြန်သွားပြီး သူ့အနေဖြင့် အများအကျိုးအတွက် စေတနာအပြည့်ဖြင့် အစွမ်းကုန်ကူညီပါတော့မည် ဟူ၍ပင် ပြောလိုက်ရမည်လား။ ဂျော်ဒန်သည် စားပွဲမှထလိုက်သည်။ စားသောက်ခ

www.burmeseclassic.com



ပိုက်ဆံရှင်းပေးသည်။ ထို့နောက် အယ်လီဆင်ရှိရာ ဟိုတယ်သို့ ပြန်ရန် ကဖေးဆိုင်မှ ထွက်လာခဲ့သည်။

ဘယ်လို အခက်အခဲမျိုးပင် ရင်ဆိုင်ရ ရင်ဆိုင်ရ သည်အရှုပ်အထွေးကြီးတွင် သူပါဝင်တော့မည်ဟုလည်း အပြီးအပိုင် ဆုံးဖြတ်ချလိုက်သည်။

*

နှစ်ယောက်သား ဧည့်ခန်းတွင် ထိုင်ကာ ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံကို အကြံထုတ်ကြသည်။ ဘယ်လမ်းက ဖြစ်နိုင်ခြေရှိပြီး ဘယ်လမ်းက ဖြစ်နိုင်စရာမရှိ စသည်တို့ကို အကြိတ်အနယ် ညှိနှိုင်းဆွေးနွေးကြသည်။

ယခုအချိန်တွင် အယ်လီဆင်မှာ စောစောပိုင်းကလို စိတ်လှုပ်ရှားမှု မရှိတော့ဘဲ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဖြစ်နေပြီ။ ရှန်ပိန်အရက်နှင့် မက်မန်းဝိုင်ရောပြီး တစ်ယောက်နှစ်ပက်စီ သောက်ထားပြီး၍လည်း အတော်ကလေး သွေးကြွနေပြီဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက်တည်း 'မစ္စတာ ဂျော်ဒန်'၊ 'ဒေါက်တာ အက်ဒွပ်' ဟူ၍ မခေါ်ကြတော့။ ဂျော်ဒန်ကို 'တင်' ဟု လည်းကောင်း၊ ဒေါက်တာ အက်ဒွပ် 'အယ်လီဆင်' ဟု လည်းကောင်း အကျွမ်းတဝင် ရင်းရင်းနှီးနှီး ခေါ်ဝေါ်ပြောဆိုနေကြပြီဖြစ်သည်။

အယ်လီဆင်က ဆိုဖာပေါ် ထိုင်နေသည်။ ဂျော်ဒန်က သူမနှင့် မျက်နှာချင်းဆိုင်ကာ လက်တက်ကုလားထိုင်တွင် ထိုင်နေသည်။

"အင်း ... ရှင့်အဖြစ်က တော်တော် သနားစရာကောင်းတာပဲ။ ခိုကလေးကို သနားမိတာနဲ့ ဘာမှ မဆိုင်တဲ့ ကိစ္စထဲ ရောယောင်ပါနေရပြီ မဟုတ်လား"

"ဒါပေါ့ ... ဒါလဲ စွန့်စားမှု တစ်မျိုးပဲပေါ့။ ငါ့ဘဝအတွက် လိုအပ်နေတာနဲ့ အဆင်သင့်ပါပဲ"

"ဒီလို စွန့်စားမှုမျိုး ဘယ်သူမှ လိုချင်မှာ မဟုတ်ပါဘူးရှင်၊ ဒါက သိပ်ပြီး တန်ဖိုးကြီးတဲ့ စွန့်စားမှုမျိုးပဲ"

သူက စကားမပြောဘဲ သူမကို စိုက်ကြည့်နေသည်။ သူ့အနေဖြင့် သူမအကြောင်းကို ဘာမှ မည်မည်ရရ မသိရသေး။ သို့ပေမယ့် လွန်ခဲ့သော နာရီပိုင်းအတွင်း သိမြင်ခဲ့ရသလောက်နှင့်ပင် ရုပ်ရည်ချောမောသော သည်မျက်နှာစိမ်း အမျိုးသမီးကလေးကို သူက တမ်းတမ်းစွဲမိနေပြီဖြစ်သည်။

သူမက ဆိုဖာပေါ်တွင် ခါးဆန့်၍ ပြင်ထိုင်လိုက်သည်။ ယခုတော့မှ သူမအနေဖြင့် ဇာတိရုပ်ပေါ်လာသည်။ အယ်လီဆင်ရုပ်မဟုတ်ဘဲ ဒေါက်တာ အက်ဒွပ်ရုပ် ပေါ်လာသည်။ အရည်အချင်းရှိသော၊ ဉာဏ်ရှိသောရုပ်မျိုး။

www.burmeseclassic.com



"အခု ကျွန်မတို့ ဖြစ်နိုင်သမျှ နည်းလမ်းတွေကို အကုန်စဉ်းစားကြပြီး ပြီ။ အဲဒီတော့ ဆုံးဖြတ်ချက်ချဖို့ပဲ ရှိတော့တယ်။ စိတ်ကူးယဉ်နည်းလမ်းတွေကို ဖယ်ထုတ်လိုက်ပြီးတော့ ဖြစ်နိုင်မယ့် နှစ်လမ်းပဲ ကျန်တော့တယ်။ အဲဒါကို ရှင်စဉ်းစားမိရဲ့လား ဟင်"

"ဆက်ပြောပါ။ တို့နှစ်ယောက် တစ်လမ်းတည်း လျှောက်နေ သလား၊ တစ်လမ်းစီ လျှောက်နေသလားဆိုတာ ကြည့်ကြတာပေါ့"

"ကျွန်မ စဉ်းစားမိတာက ဒီလိုပါ။ ဒီကိစ္စ ရဲကို သွားတိုင်ရင်လဲ ဖြစ်နိုင်တယ်။ သူတို့အနေနဲ့ ဒီမှုခင်းမှာလဲ လုံးဝမပတ်သက်ဘူး။ ကျွန်တော်တို့ ကိုလဲ ကူညီချင်တယ်ဆိုလို့ ရှိရင်ပေါ့။ နောက်တစ်ချက်ကတော့ ဆန်လက် ဇာရိကျောင်းက ဘုန်းကြီးတွေဆီ ချဉ်းကပ်ပြီး ဆရာကြီးရဲ့ စာကို ပြဖို့ပါပဲ။ နှစ်နည်းစလုံး အဖြေတစ်ခုခုတော့ရမှာပဲ။ အဲဒီတော့ ရှင့်အနေနဲ့ ဘယ်နည်း ကြိုက်သလဲ"

"ဘယ်နည်းမှ မကြိုက်ဘူး"

"ဟင် ... ဘာဖြစ်လို့"

"အဲဒီလို တိုက်ရိုက်ဆက်သွယ်တာ အလုပ်မဖြစ်ဘူးလို့ ငါယူဆ တယ်။ 'အင်တာပို' ရဲအဖွဲ့လို အဖွဲ့အစည်းတွေ အကူအညီ တောင်းရင်လဲ အလကားပဲနေမှာပဲ။ အဲဒီလိုလုပ်ယင် သူတို့က ဒီကို လိုက်လာပြီး ကျွန်းပေါ် တက်မွှေကြမှာပဲ။ ဒါပေမယ့် သူတို့ ကျွန်းပေါ်တက်မမွှေခင် သတင်းပေါက်ကြား သွားနိုင်တယ်။ အဲဒီတော့ ပါမောက္ခကြီးကို ဖမ်းထားတဲ့ လူတွေက အချိန်မီ နေရာရွှေ့ထားနိုင်တယ်။ ဒါမှ သူတို့က ဘာမှမသိပါဘူးလို့ လွယ်လွယ်ကလေး နဲ့ ငြင်းလိုက်နိုင်တော့မပေါ့။ ပြီးတော့ ရဲနဲ့ ဘုန်းကြီးတွေဆီ သွားရင်လဲ ဒီ အတိုင်းပဲနေမှာပဲ။ ပါမောက္ခ မက္ကဒေါ်နယ်လို ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို ရဲ အဖွဲ့နဲ့ ဘုန်းကြီးတွေရဲ့ အကူအညီမပါဘဲ ဘယ်သူကမှ အခုလို ဖမ်းဆီးမထား နိုင်ပါဘူး။ ဘုန်းကြီးတွေအနေနဲ့ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ အကြောင်း မဟုတ်ဘူး။ အဲဒီတော့ တို့က သူတို့ဆီ စာရွက်သွားပြလဲ ဘာမှ အကြောင်းထူးမှာ မဟုတ်ဘူး။ မထူးတဲ့အပြင် တို့ကို လူလိမ်လူညာတွေလို့ တောင် ပြန်ပြီးစွပ်စွဲ ကြလိမ့်ဦးမယ်။ ဒီစာက လုပ်ကြံရေးသားထားတဲ့ စာပါ။ မက္ကဒေါ်နယ်ဆိုတာ သူတို့ လုံးဝမသိဘူးဆိုပြီး ပြောကြလိမ့်မယ်။ ပြီးတော့ ပါမောက္ခကြီးကို သူတို့က နေရာပြောင်းမယ်။ အဲဒီတော့မှ တို့ကို မယုံရင် ကြိုက်သလို လာစစ်ဆေး ကြည့်နိုင်ပါတယ်လို့ ဖိတ်ခေါ်ကြလိမ့်မယ်။ နောက် ဆုံး သူတို့က မတတ်သာလို့ လုပ်မယ်ဆိုရင်လဲ ရဲအဖွဲ့က ကျွန်းပေါ်စစ်သလိုလို လုပ်ပြီး ပါမောက္ခ မက္ကဒေါ်နယ်ဆိုတဲ့ ပုဂ္ဂိုလ်ကို မတွေ့ပါဘူးလို့ ပြောမှာ



BURMESE CLASSIC .com

www.burmeseclassic.com



သေချာတယ်။ ဒါကြောင့် သူတို့နဲ့ တိုက်ရိုက်ဆက်သွယ်တာ အလုပ်မဖြစ်နိုင်ဘူး အယ်လီဆင်”

“အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ။ အချိန်ကလဲ မရှိတော့ဘူး”

ဂျော်ဒန်က မျက်မှောင်ကြုတ်ပြီး လေးလေးနက်နက် စဉ်းစားကြည့်သည်။ အတန်ကြာတော့ သူ အကြံပေါ်လာသည်။

“ရဲကို တိုင်ဖို့ ကိစ္စကတော့ ဘေးချိတ်လိုက်ပါတော့။ ဒါပေမယ့် ဘုန်းကြီးတွေဆီသွားဖို့ ကိစ္စတော့ ဆက်စဉ်းစားရမယ်။ အလုပ်ဖြစ်နိုင်စရာရှိတယ်။ ဒီဘုန်းကြီးတွေအကြောင်း ငါသိတယ်။ အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့ ဘုန်းကြီးတွေပါ။ ငါအဲဒီကို အလည်ရောက်ဖူးတယ်။ ဘုန်းကြီးတွေနဲ့လဲ စကားပြောဖူးတယ်။ ပြီးတော့ ဗင်းနစ်မြို့မှာနေတဲ့ ငါ့မိတ်ဆွေ မှန်ဆိုင်ပိုင်ရှင် အာမေးနီးယန်းတစ်ယောက်ရဲ့ တူတစ်ယောက်က အဲဒီကျောင်းမှာ ဘုန်းကြီးဝတ်နေတာရှိတယ်။ သူအမြဲတမ်း ပြော...”

ဂျော်ဒန်က ပြောလက်စဖြင့် စကားကို ရုတ်တရက် ရပ်ပစ်လိုက်သည်။ သူက အယ်လီဆင်မျက်နှာကို စိုက်ကြည့်ယင်း –

“ဟုတ်ပြီ ... ဘုရားမ တာပဲ။ ငါ အကြံရပြီ၊ ဒီနည်းပဲ ဖြစ်မှာပဲ။ ဆင်းဘတ်၊ ဆင်းဘတ်နူရီခန်၊ ဟုတ်ပြီ။ အလုပ်ဖြစ်ပြီ”

အယ်လီဆင်က ဘာမှ နားမလည်သည့် အမူအရာဖြင့် –

“ရှင် ဘာပြောနေတာလဲ ဟင်”

“အေး ... ငါပြောမယ် နားထောင်” သူက စိတ်အား ထက်သန်စွာဖြင့် ပြောလိုက်သည်။ “ငါ့မှာ ဒီမြို့မှာ မိတ်ဆွေတစ်ယောက်ရှိတယ်။ သိပ်ပြီး ရင်းနှီးတဲ့ မိတ်ဆွေ၊ သူ့နာမည်က ဆင်းဘတ်နူရီခန်တဲ့။ သူ့အစ်ကိုကြီးက မတ်စထရီမြို့မှာ နေတယ်။ ဒီကနေ သိပ်မဝေးဘူး။ အဲဒီလူက တော်တော် မကျန်းမမာဖြစ်နေတယ်။ သူ့သားက ဆန်လက်ဇာရိုကျောင်းမှာ ဘုန်းကြီးဝတ်နေတယ်။ ဒါနဲ့ ငါ့မိတ်ဆွေဆင်းဘတ်က သူ့အစ်ကိုကြီးကို ငဲ့လို့ တစ်ကြောင်း၊ သူကိုယ်တိုင်လဲ သူ့တူကို ချစ်ခင်လို့ တစ်ကြောင်းကြောင့် သူ့တူအတွက် ပစ္စည်းလေးပါး အမြဲတမ်း ထောက်ပံ့နေတယ်။ ဒါဆိုအားလုံး အဆင်ပြေနေပြီပေါ့။ မင်း မစဉ်းစားမိဘူးလား အယ်လီဆင်။ ဘုန်းကြီးတွေနဲ့ ဆက်သွယ်လို့ရပြီပေါ့” သူက ထရပ်လိုက်ပြီး ဆက်ပြောသည်။ “ဆင်းဘတ်က သူ့တူဆီကို အပတ်တိုင်း သူ့အဖေရဲ့ ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်ပြီး ဖုန်းဆက်တာ ငါတွေ့တယ်။ အဲဒါထောက်ရင် ဘုန်းကြီးကျောင်းကို ဖုန်းဆက်လို့ရတယ်ဆိုတာ သေချာနေပြီ။ အဲဒီတော့ ငါဆင်းဘတ်ဆီသွားပြီး အခြေအနေကို ပြောပြမယ်။ ပြီးတော့ သူ့ဆီက အကူအညီတောင်းမယ်”

www.burmeseclassic.com



"သူ့ကို ယုံကြည်လို့ ဖြစ်ပါ့မလား။ ပြီးတော့လဲ" အယ်လီဆင်က စိတ်မချဟန်ဖြင့် ဖြတ်မေးလိုက်သည်။

"အို သိပ်ဖြစ်တာပေါ့။ မပူနဲ့၊ စိတ်ချစမ်းပါ။ ဆင်းဘတ်ကို သူ့တူဆီ ဖုန်းဆက်ခိုင်းမယ်။ ဟိုမှာ ဘယ်လိုအခြေအနေ ရှိတယ်ဆိုတာနဲ့ တို့ကို အကူအညီ ပေးနိုင် မပေးနိုင်ဆိုတာရယ် အတိအကျသိရအောင် မေးခိုင်းမယ်"

သည်အချိန်အထိ အယ်လီဆင်က စိတ်မချသေး။

"အဲဒီကိုယ်တော်ကလေးက တယ်လီဖုန်းနဲ့ စကားပြောလို့ ဖြစ်နိုင်ပါ့မလား"

"အဲဒါတော့ စုံစမ်းကြည့်ရမှာပေါ့"

"ဘယ်တော့လဲ"

"အခုပဲပေါ့" သူက သူမ၏ လက်ကို လှမ်းဆုပ်လိုက်သည်။

*

ဂျော်ဒန်နှင့် အယ်လီဆင်တို့ စကားတို့ အာမေနီးယန်း အမျိုးသား မှန်ဆိုင်ပိုင်ရှင်ကြီး ဆင်းဘတ်နူရီခန်က မယုံကြည်နိုင်အောင် ဖြစ်နေသည်။

"ကျုပ်တော့ လုံးဝ မယုံနိုင်ဘူး။ ခင်ဗျားတို့ မှားနေပြီ ထင်တယ်။ ကျုပ်က ကျုပ်တူ ကိုယ်တော်ကလေးဆီ သွားလည်ရင်း အဲဒီကို ခဏခဏ ရောက်နေတာ၊ အဲဒီဘုန်းကြီးတွေ ကျုပ်အားလုံး သိပါတယ်။ သူတို့က သိက္ခာ သမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ တရားဓမ္မကလွဲရင် ဘာကိုမှ စိတ်ဝင်စားကြတာ မဟုတ်ဘူး။ အဲဒီတော့ သူတို့က ဘယ်လိုလုပ်ပြီး လူတစ်ယောက်ကို ပြန်ပေးဆွဲ အကျဉ်းချထားပါ့မလဲ"

"ကျွန်တော် ပြောပါရစေဦး မစ္စတာ နူရီခန်" ဂျော်ဒန်က ဖြတ်ပြောသည်။ "ကျွန်တော်က ပါမောက္ခကြီးကို ဘုန်းကြီးတွေ ပြန်ပေးဆွဲထားတယ်လို့ မဆိုလိုပါဘူး။ ဗင်းနစ်ရဲအဖွဲ့နဲ့ ဒီကအာဏာပိုင်တွေက သူတို့ ဘက်တော်သား ရှုရှားတွေကို မျက်နှာလုပ်တဲ့ သဘောနဲ့ အခုလို ဝင်ကူတာဖြစ်မယ်လို့ ကျွန်တော်က တွက်ကြည့်တာပါ။ ကျွန်တော်တို့က အဲဒီမှာ ဘာဖြစ်နေတယ်ဆိုတာ အတိအကျ မသိရသေးဘူး။ သူတို့က ပါမောက္ခကြီးကို ရုရှားကို ပြန်မပို့ခင် စပ်ကြား တစ်နေရာမှာ ဖုက်ထားချင်တယ်။ ဒါနဲ့ လူအရောက်အပေါက်နည်းတဲ့ အဲဒီကျွန်းကို ရွေးလိုက်ကြတယ်။ ပြီးတော့ ဘုန်းကြီးတွေကို အဓမ္မစည်းရုံးပြီး တော့ အခုလို လုပ်လိုက်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျောင်းထိုင်ဆရာ တော်ကြီးက အာဏာပိုင်တွေကို မှီခိုနေရတာ လူတိုင်းအသိပဲ မဟုတ်လား"

"ခင်ဗျား ပြောတာ တစ်ပိုင်းတော့ မှန်နိုင်တယ်" နူရီခန်က ယုံချင် သလိုလို ဖြစ်လာသည်။ "ဒါပေမယ့် အခုလို နာမည်ကျော် သိပ္ပံပညာရှင်ကြီး

www.burmeseclassic.com



တစ်ယောက်ကို ဖမ်းဆီးထားတာကိုတော့ ကျုပ်အနေနဲ့ ဘယ်လိုမှ မတွေးတတ်အောင် ဖြစ်မိတယ်”

ပါမောက္ခကြီးက အသက်ရှည်ဆေး ဖော်စပ်နည်းကို ရှာဖွေတွေ့ရှိကြောင်း နူရီခန်အား ပြောပြရန် ဂျော်ဒန်က မရည်ရွယ်ခဲ့။ ထို့ကြောင့် တုံ့ဆိုင်းဆိုင်း ဖြစ်နေမိသည်။ သည်ကိစ္စကို မလိုအပ်ဘဲနှင့် ဖွင့်မပြောဖို့ သူက ဆုံးဖြတ်ထားခဲ့သည်။

သူက အယ်လီဆင်၏ မျက်နှာကို ကြည့်လိုက်သည်။ သူ့စိတ်ကူးကို သူမ သိပုံရသည်။ သူနှင့် တစ်သဘောတည်း ခံယူပုံလည်း ပေါ်နေသည်။ ထို့ကြောင့် နူရီခန်၏ အမေးကို ဆင်ဝှေ့ရန်ရှောင်သဘောဖြင့် ပြန်ဖြေရန် ဂျော်ဒန်က ဆုံးဖြတ်လိုက်သည်။

“ဆရာကြီးကို သူတို့ ဖမ်းထားရတာက ဒီလိုပါ။ ဆရာကြီးက ဇီဝဗေဒသိပ္ပံပညာရပ်နဲ့ ပတ်သက်ပြီး လျှို့ဝှက်ချက်တစ်ရပ်ကို ရှာဖွေတွေ့ရှိခဲ့ တယ်။ အဲဒါကို ရုရှတွေက သူတို့အတွက်လိုချင်တာနဲ့ ဆရာကြီးကို အခုလို ဖမ်းထားကြတာပဲ”

ဂျော်ဒန်၏ အဖြေကို နူရီခန်က အတော်ကလေး ကျေနပ်သွားသည်။

“အဲဒီတော့ … ဒီကိစ္စမှာ ကျုပ်က ဘာလုပ်ပေးရမှာလဲ”

“ဆရာကြီး လွတ်အောင်လုပ်ပေးနိုင်မယ့်လူ လိုနေတယ်။ ကျွန်တော်တို့က ရဲသွားတိုင်လို့လဲ မဖြစ်ဘူး။ သူတို့လဲ ရုရှားတွေနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း နေမှာပဲ။ ပြီးတော့ … ပြင်ပအဖွဲ့အစည်းတွေကို အကူအညီ တောင်းလို့လဲ မဖြစ်ပြန်ဘူး။ အဲဒီလိုလုပ်တာကို သူတို့သိသွားရင် ဆရာကြီးကို တစ်နေရာရွှေ့ထားကြလိမ့်မယ်။ အဲဒီတော့ အဲဒီကျောင်းက အကူအညီ ပေးနိုင်မယ့် ဘုန်းကြီးတစ်ပါးပါးနဲ့ ဆက်သွယ်နိုင်ရင် အကျိုးရှိမယ်လို့ ကျွန်တော်တို့ တွေးမိပါတယ်။ ဆရာကြီးအပေါ် မေတ္တာထားနိုင်မယ့် ဘုန်းကြီးတစ်ပါးပါး ဆိုပါတော့။ ကျွန်တော်က ဘယ်ဘုန်းကြီးနဲ့မှ မသိဘူး။ ဒါကြောင့် မစ္စတာ နူရီခန်ဆီ အခုလို ရောက်လာရတာပါပဲ”

“ဒီတော့ ခင်ဗျားက ကျုပ်တူ ကိုယ်တော်ကလေး ပါရှယ်ရဲ့ အကူအညီ လိုချင်တယ်ပေါ့။ အဲဒီလို မဟုတ်ဘူးလား”

“ဟုတ်ပါတယ်။ အဲဒီအချက်ပါပဲ”

နူရီခန်က သူ၏အင်္ကျီလည်စည်းကို လက်တုန်တုန်ဖြင့် ဆွဲစည်းနေသည်။ ခဏကြာတော့မှ –

“အဲဒီတော့ ကျုပ်က ဘုန်းကြီးကျောင်း တယ်လီဖုန်းဆက်ရမှာပေါ့။ ကျုပ်တူဆီဆက်ပြီး အဲဒီက အခြေအနေ မေးရမှာပေါ့။ ဒါပဲ မဟုတ်ဘူးလား”



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်က ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်။ အဲဒီသဘောပါပဲ သူနဲ့ စကားပြောလို့ရရင် ဆရာကြီးကို အဲဒီမှာချုပ်ထားတာ ဟုတ်မဟုတ် မေးပေးပါ။ ဟုတ်တယ်ဆိုရင် သူနဲ့ ဆရာကြီး တွေ့နိုင်သလား။ ဒါမှမဟုတ် တခြားတွေ့နိုင်တဲ့ လူ ဘယ်သူရှိသလဲ ... အဲဒါတွေ သိချင်ပါတယ်"

ဂျော်ဒန်က နူရီခန်၏လက်ကို ရင်းနှီးစွာ လှမ်းဆုပ်ကိုင်လိုက်ပြီး–

"ဒီကိစ္စဟာ အရေးကြီးတဲ့ ကိစ္စပါ ... မစ္စတာ နူရီခန်။ ထင်သလောက်တော့ မလွယ်ပါဘူး။ ဒါပေမယ့် တခြားနည်းလမ်းမရှိလို့ ဒီနည်းပဲ သုံးရတာပဲ"

အယ်လီဆင်က ကိုယ်ကိုရှေ့ကိုင်းပြီး –

"ကျေးဇူးတင်လှပါတယ် ... မစ္စတာ နူရီခန်"

"ကိစ္စ မရှိပါဘူး။ တတ်နိုင်တဲ့ဘက်က ကူညီရမှာပေါ့။ ကဲ ... ခင်ဗျားတို့ ကျုပ်နောက်လိုက်ခဲ့ကြ"

ထို့နောက်က သူက ဧည့်သည်နှစ်ယောက်အား မှန်ဆိုင်နောက်ဘက်ရှိ သူ့ရုံးခန်းထဲ ခေါ်လာခဲ့သည်။ သူက မှန်အိမ်ကို မီးစာမြှင့်ပြီး စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ တယ်လီဖုန်းကို သူ့အနီးသို့ ဆွဲယူလိုက်သည်။ ဂျော်ဒန်နှင့် အယ်လီဆင်တို့က စိတ်ဝင်စားစွာဖြင့် မျက်တောင်မခတ် ကြည့်နေကြသည်။ နူရီခန်က ဂျော်ဒန်၏မျက်နှာကို မော်ကြည့်လိုက်သည်။

"ခင်ဗျား ပြောတဲ့အတိုင်း မှန်ရင်တောင် ဒီကိစ္စက မလွယ်လှဘူး" သူက ပခုံးကို မသိမသာတွန့်လိုက်ပြီး "ဒါပေမယ့် ကြိုးစားကြည့်ကြတာပေါ့လေ"

သူက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ပြီးတော့ ဖုန်းနံပါတ်ကို ဖြည်းဖြည်းချင်း လှည့်သည်။

ဖုန်းကို နားဝသို့ ကပ်လိုက်သည်။

"မြည်နေတယ်"

ဟု ပြောပြီး စောင့်နေလိုက်သည်။

ရုပ်။ တစ်ဖက်မှ တစ်ယောက်ယောက်က ဖုန်းကိုကိုင်ပြီး –

"ဟဲလို။ ဗင်းနစ်က ဆင်းဘတ်နူရီခန် ဆက်နေပါတယ်" သူက အင်္ဂလိပ်ကို ပြောလိုက်သည်။ "အား ... ဟုတ်ပါတယ်။ အဆင်သင့် ကြုံတာဝမ်းသာပါတယ် ကိုယ်တော်။ တပည့်တော် တူ ကိုယ်တော်ကလေး ပါရှယ်နဲ့ စကားပြောချင်လို့ပါ။ သူ့အဖေ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ပြောပြချင်လို့ပါ။ ကျေးဇူးတင်ပါတယ် ... ဘုရား၊ တင်ပါ့။ တပည့်တော် ကိုင်ထားပါ့မယ်"



BURMESE CLASSIC .com

www.burmeseclassic.com



နူရီခန်က စကားပြောခွက်ကို လက်ဝါးနှင့် အုပ်လိုက်ပြီး –

"သူက ကိုယ်တော်ပါရှယ်ရဲ့ သူငယ်ချင်းတစ်ပါးပါးပါ။ အခု သွားခေါ်နေတယ်။ ဖုန်းက လက်ခံပြောတာပဲ ကျေးဇူးတင်စရာ"

ဂျော်ဒန်နှင့် အယ်လီဆင်တို့က တစ်ပြိုင်တည်း ခေါင်းညိတ်လိုက်ကြသည်။

နူရီခန်က တယ်လီဖုန်းကို နားနားကပ်ပြီး တင်းတင်းကြီး ဆုပ်ကိုင်ထားသည်။ သူက ရုတ်တရက် ထရပ်လိုက်သည်။

"အား ... ကိုယ်တော်လား။ ကျန်းမာရဲ့လား"

တစ်ဖက်မှ နားထောင်သူမှာ သူ့တူကိုယ်တော်ကလေးပါရှယ် ဖြစ်သည်။ နူရီခန်က ဂျော်ဒန်အား သူ့အနားကပ်ပြီး နားထောင်ရန် မြက်ရိပ်မျက်ခြည် ပြလိုက်သည်။ သူတို့နှစ်ယောက်ပါးချင်းကပ်ပြီး ရပ်နေကြသည်။

"ဒါနဲ့ တပည့်တော် ဖုန်းဆက်တာ တခြားကြောင့် မဟုတ်ဘူး။ ကိုယ်တော့်အဖေကိစ္စနဲ့ ပတ်သက်ပြီး ဒေါက်တာ စကာပါနဲ့ တပည့်တော် ဆွေးနွေးကြည့်တယ်။ နှလုံးရောဂါကို ထပ်ကုရဦးမယ်လို့ သူက ပြောတယ်။ အဲဒါ ကိုယ်တော်နဲ့အသေးစိတ် ဆွေးနွေးရအောင် မနက်ဖြန် တပည့်တော် လာခဲ့ပါမယ်"

"ဟာ ... မဖြစ်ဘူး။ လာလို့ မဖြစ်ဘူး ဒကာကြီး၊ ဆရာတော်ကြီးက ဧည့်သည်တွေ ဘယ်သူမှ မလာရဘူးလို့ တားမြစ်ထားတယ်။ ဒါကြောင့် မနက်ဖြန်နဲ့ သန်ဘက်ခါ မလာပါနဲ့။ လာခွင့်ရတဲ့နေ့ကျမှ ကျုပ်ဖုန်းဆက်ပြီး ပြောပါ့မယ်"

"ဘယ့်နှယ် ... မနက်ဖြန် ဧည့်သည်မလာရဘူး ဟုတ်လား။ ဒါမျိုး တစ်ခါမှ မကြားဖူးပါဘူး၊ ဘာကြောင့်ပါလိမ့်"

"ပြောလို့ မဖြစ်လို့ပါ ဒကာကြီး"

နူရီခန်က ဂျော်ဒန်ကို ဘေးတိုက် စောင်းကြည့်လိုက်သည်။ ဂျော်ဒန်က ခေါင်းညိတ်သည်။ နူရီခန်က ဆက်ပြောသည်။

"အမှန်က အဲဒီကိစ္စ တပည့်တော်မေးမလို့ပါပဲ။ ကိုယ်တော်အနေနဲ့ ဟုတ်မဟုတ် ပြောပြနိုင်ရင် တော်ပါပြီ။ မိတ်ဆွေတစ်ယောက်ဆီက တပည့်တော် သိရတယ်။ ဆန်လက်ဇာရိကျွန်းမှာ လူတစ်ယောက်မှာ ချုပ်ထားတယ်ကြားတယ်။ အဲဒါ တကယ်ပဲလား"

တစ်ဖက်မှ အသံတိတ်နေသည်။ အတန်ကြာမှ စကားတစ်ခွန်းတည်း ပေါ်ထွက်လာသည်။

"ဟုတ်ကဲ့"



BURMESE CLASSIC .com

www.burmeseclassic.com



"ဗြိတိသျှပါမောက္ခဆို"

"ဟုတ်ကဲ့"

"ဒီကိစ္စ ရဲကသိသလား"

"ဟုတ်ကဲ့"

"ဒီလိုဆို သူတို့လဲ အလိုတူပေါ့"

ဘာသံမှ မကြားရ။ ခဏကြာတော့မှ –

"ဟုတ်ကဲ့"

"ခဏ ... ခဏ ... ကိုယ်တော်၊ ဖုန်းကိုင်ထားပါဦး" သူက စကားပြောခွက်ကို လက်နှင့်အုပ်ပြီး ဂျော်ဒန်ဘက်လှည့်ရင်း .... "ခင်ဗျားကြားတယ်မဟုတ်လား။ ဖြစ်ရပ်ကတော့ မှန်နေပြီ။ နောက် ဘာပြောဦးမလဲ"

"ပါမောက္ခကြီးကို ကိုယ်တော့်အနေနဲ့ တွေ့ခွင့်ရသလား မေးကြည့်ပါ။ ဒါမှမဟုတ် ဘယ်သူတွေ့ခွင့်ရသလဲဆိုတာ"

နူရီခန်က ဖုန်းကို နားဝသို့ တင်ပြီး ပြန်မေးလိုက်သည်။

"ဒါနဲ့ သူ့ကို ကိုယ်တော် တွေ့ခွင့်ရသလား"

အတန်ကြာတော့မှ –

"တစ်ခါတစ်လေ ရပါတယ်" ခဏရပ်သွားပြီးမှ "ကျုပ်နဲ့ တခြားတစ်ယောက်"

ဂျော်ဒန်က ဖြတ်ပြီး လေသံဖြင့် –

"ဒီည သူနဲ့တွေ့ဖို့ ရှိသလားလို့ မေးကြည့်ပါ"

နူရီခန်က ဂျော်ဒန်ပြောသည့်အတိုင်း မေးလိုက်သည်။ တစ်ဘက်မှ ပြန်ဖြေသံ ကြားရသည်။

"မရှိဘူး။ ကျုပ်မှာ ဒီည တခြားတာဝန်ရှိတယ်"

"မနက်ဖြန် ညတော့ကော တွေ့နိုင်မလား" ဂျော်ဒန်က နူရီခန်အား မေးလိုက်ပြန်သည်။ နူရီခန်က စကားပြောခွက်ထဲ ပြန်မေးလိုက်သည်။ တစ်ဘက်မှ – "ဟုတ်ကဲ့" ဟု ပြန်ဖြေသည်။

ဂျော်ဒန်က နူရီခန်၏ ပခုံးကို ဆုပ်ကိုင်လိုက်သည်။

"မနက်ဖြန်ညမှာ ကျွန်တော် တိတ်တိတ်ကလေး လာလို့ရမလားလို့ မေးကြည့်ပါဦး၊ သူ့အနေနဲ့ ဆရာကြီးကို ခေါ်ထုတ်လာပြီး အပြင်တံခါးဝမှာပဲဖြစ်ဖြစ် ဒါမှမဟုတ် ကူးတို့ဆိပ်မှာပဲဖြစ်ဖြစ်။ ကျွန်တော့်ဆီ ခေါ်လာလို့ ရမလားလို့ မေးကြည့်ပါ"

နူရီခန်က မျက်လုံးပြူးသွားသည်။ နောက်ဆုံးတော့ သူက တယ်လီဖုန်းခွက်ထဲ လှမ်းပြောလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ဒီမှာ ကိုယ်တော်" သူ့အသံက တိုးတိုးကလေး။ "မနက်ဖြန်ည အဲဒီကို တစ်ယောက်ယောက် လာရင် ကိုယ်တော်အနေနဲ့ ပါမောက္ခကြီးကို အပြင်ခေါ်ထုတ်လာလို့ ဖြစ်မလား"

ဂျော်ဒန်က အယ်လီဆင်ကို ကြည့်လိုက်သည်။ အယ်လီဆင်မှာ အသက်ပင် မရှူဝံ့အောင် ဖြစ်နေသည်။ ထို့နောက် ဂျော်ဒန်သည် နူရီခန် အနားသို့ ကပ်ပြီး တစ်ဖက်မှ ပြန်ပြောသံကို နားစွင့်လိုက်သည်။

"မဖြစ်နိုင်ဘူး။ ဒါတော့ ကျုပ်မတတ်နိုင်ဘူး။ အန္တရာယ် အများကြီး ရှိတယ်" ဟု ကိုယ်တော်ကလေးက ပြန်ပြောသည်။

သည်အချိန်တွင် ဂျော်ဒန်က နူရီခန်ထံမှ တယ်လီဖုန်းကို လှမ်းယူပြီး ကိုယ်တော်ကလေးနှင့် သူကိုယ်တိုင်ပင် စကားပြောလိုက်ချင်စိတ် ဖြစ်ပေါ်မိသည်။ ပါမောက္ခကြီး၏ အသက်ရှည်ဆေးအကြောင်းကို ပြောပြပြီး သည်ဆေးကြောင့် လူ့လောကကြီးတစ်ခုလုံး အကြီးအကျယ် ပြောင်းလဲသွားနိုင်ကြောင်း၊ အယုတ်ဆုံးဆိုရသော် ကိုယ်တော်ကလေးအတွက်သော် လည်းကောင်း၊ ကိုယ်တော်ကလေး၏ လူမမာ ဖခင်ကြီးအတွက်သော် လည်းကောင်း အများကြီး အကျိုးရှိနိုင်ကြောင်း အတည့်အလင်း ဖွင့်ပြောလိုက်ချင်သည်။

သို့သော် သူက နူရီခန်၏ ပခုံးကိုသာ လှမ်းကိုင်ပြီးနောက် –

"မစ္စတာ နူရီခန်၊ ကျွန်တော် တစ်ခုပြောပါရစေ၊ မစ္စတာ နူရီခန်ရော ကိုယ်တော်ကလေးရော မသိသေးတဲ့ အချက်တစ်ခုရှိသေးတယ်။ အဲဒါ သိပ် အရေးကြီးတယ်။ အဲဒါက ဒီလိုပါ။ အခု မစ္စတာ နူရီခန်က အစ်ကိုကြီးအတွက် စိုးရိမ်နေတယ် မဟုတ်လား။ ဒီအတွက် လုံးဝမပူပါနဲ့၊ သူ ဘာမှ မဖြစ်စေရပါဘူး။ သူ့အသက်ကို မစ္စတာ နူရီခန် ကယ်နိုင်ပါတယ်။ အသက်ကို ကယ်နိုင်ရုံတင် မကပါဘူး။ နှစ်ဆတိုးပြီး အသက်ရှည်အောင်လဲ လုပ်နိုင်ပါသေးတယ်"

ဂျော်ဒန်က အယ်လီဆင်အား မလုံမလဲ လှည့်ကြည့်လိုက်သည်။

"နောက်ထပ် နှစ်ပေါင်း ၇၀ ဆက်နေနိုင်ဦးမယ်" အယ်လီဆင်က ခပ်မြန်မြန်ကလေး ဝင်ပြောလိုက်သည်။ "အဲဒါ ပါမောက္ခကြီးရဲ့ လုပ်ရပ်ပါပဲ။ လူ့သက်တမ်း နှစ်ဆတိုးရေးနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေလဲ အများကြီး ရေးခဲ့တယ်"

"သူပြောတာ ကြားတယ် မဟုတ်လား" ဂျော်ဒန်က နူရီခန်အား မေးလိုက်သည်။

"သူက ပါမောက္ခ မက္ကဒေါ်နယ်ရဲ့ သုတေသန လက်ထောက်ပဲ။ ပါမောက္ခကြီးက ဇရာတားဆီးရေးဗေဒ သိပ္ပံပညာရပ်မှာ ကမ္ဘာကျော်တဲ့ ပုဂ္ဂိုလ်ကြီး။ သူတို့က ဆရာကြီးကို ဘာကြောင့် အခုလို ဖမ်းထားရသလဲဆိုတာ

www.burmeseclassic.com



မစ္စတာ နူရီခန် တွေးမိရဲ့လား။ ဆရာကြီးဟာ အသက်ရှည်ဆေးကို မကြာမီ ရက်ပိုင်းအတွင်းမှာပဲ ရှာဖွေတွေ့ရှိခဲ့တယ်။ အဲဒါကို ရုရှတွေက သူတို့နိုင်ငံ အတွက်ပဲ အပိုင်လိုချင်ကြတယ်။ ပါမောက္ခကြီးကတော့ တစ်ကမ္ဘာလုံးကို ဖြန့်ဝေချင်တယ်။ မစ္စတာနူရီခန်ရဲ့ အစ်ကိုကြီးလို နာတာရှည် ဝေဒနာရှင်တွေ အပါအဝင် ကမ္ဘာလူသားတွေ အားလုံးအတွက် အသုံးချချင်တယ်။ ဆရာကြီး ကိုသာ အချုပ်က လွတ်အောင် ကယ်နိုင်မယ်ဆိုရင် မစ္စတာနူရီခန်ရဲ့ အစ်ကို ကြီးရဲ့ အသက်ကို ကောင်းကောင်းကြီး ကယ်တင်နိုင်ပါတယ်"

နူရီခန်မှာ တယ်လီဖုန်းကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ဂျော်ဒန်ကိုသာ မျက်လုံးအဝိုင်းသားဖြင့် စိုက်ကြည့်နေသည်။

"ဒါ ... တကယ် ဖြစ်နိုင်ပါ့မလား" သူက သံသယဖြင့် ထပ်မေးလိုက်သည်။

"တကယ် ဖြစ်နိုင်ပါတယ်။ ကျွန်တော် ပြောတာ မယုံမရှိပါနဲ့၊ စိတ်ချ လက်ချယုံပါ။ ကိုယ်တော်ကလေးကသာ ကျွန်တော်တို့ကို အကူအညီ ပေးမယ် ဆိုရင် ဆရာကြီး ရှာဖွေတွေ့ရှိတဲ့ဆေးနဲ့ သူ့အဖေကို အရင်ဆုံး ကုသပေးမယ် ဆိုတာ ကျွန်တော် ကတိပေးပါတယ်"

"ခင်ဗျား တကယ်ပြောနေတာလား" နူရီခန်က စိတ်အားထက်သန်စွာ မေးလိုက်သည်။

"တကယ်ပြောနေတာပါ။ ကျွန်တော် အလေးအနက် ကတိပြုပါ တယ်"

ဂျော်ဒန်က အလေးအနက် ကတိပေးလိုက်သည်။

နူရီခန်က အားကိုးတကြီး ဂျော်ဒန်ကိုတစ်လှည့်၊ အယ်လီဆင်ကို တစ်လှည့် အပြန်အလှန် ကြည့်နေသည်။ ခဏကြာတော့မှ တယ်လီဖုန်းကို ပါးစပ်နားသို့ ကပ်လိုက်သည်။

"ဒီမှာ ... ကိုယ်တော်" သူက လေသံဖြင့် ပြောသည်။ "တပည့်တော် ပြောတာ ကြားရဲ့လား။ တပည့်တော်ရဲ့ မိတ်ဆွေက ဂုဏ်သရေရှိ လူကြီးလူ ကောင်းပါ။ သူ့ကို စိတ်ချယုံကြည်ရပါတယ်"

နူရီက တယ်လီဖုန်းကို ကိုင်ပြီး တစ်ဖက်မှ စကားကို နားထောင် နေသည်။ ထို့နောက် သူက အာမေနီယံ ဘာသာစကားဖြင့် ဆက်ပြောသည်။ ဂျော်ဒန်နှင့် အယ်လီဆင်တို့က သူဘာပြောမှန်း လုံးဝနားမလည်။ နူရီခန်က စကားပြောရပ်လိုက်ပြီး တစ်ဖက်မှ စကားကို အာရုံစိုက် နားထောင်နေသည်။ သူက ခေါင်းတညိတ်ညိတ် လုပ်နေသည်။ အာမေနီယံ စကားဖြင့် နောက်ထပ် တစ်ခွန်းနှစ်ခွန်းကို ထပ်ပြောသည်။ ထို့နောက် ဖုန်းကို ပြန်ချလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



သူက ကုလားထိုင်ကို ရွှေ့ပြီး ဂျော်ဒန်ဘက်သို့ မျက်နှာမူကာ ပြန်လိုက်သည်။

'သူကူညီမယ်တဲ့။ မနက်ဖြန်ည ၁၀ နာရီတိတိမှ ဆန်လက်ဇာရိ ကူးတို့ဆိပ်က ဆက်ဆက်စောင့်ပါတဲ့'

*

နောက်နေ့တစ်နေ့လုံး ဂျော်ဒန်သည် ပါမောက္ခ မက္ကဒေါ်နယ်အား ကယ်တင်ရေးကိစ္စများကိုသာ အကြံထုတ်နေမိသဖြင့် ယင်း အတွေးများကို သူ့ခေါင်းထဲမှ ဖယ်ထုတ်ပစ်ရန် အတော်ပင် ကြိုးစားခဲ့ရသည်။

တကယ်တော့ ဂျော်ဒန်သည် ပင်ကိုအားဖြင့် ဟောဟောဒိုင်းဒိုင်း သမား မဟုတ်။ သက်စွန့်ဆံဖျားလုပ်ငန်းများကို နှစ်သက်သူ မဟုတ်။ သူသည် အင်ဂျင်နီယာ ဘဝမှသည် အနုပညာသမား၊ စာရေးဆရာဘဝ၊ လူမှုဆက်ဆံရေး အရာရှိဘဝသို့ ရောက်ရှိလာသူ ဖြစ်သည့်အလျောက် စိတ်ကူးယဉ်သမား တစ်ယောက်၊ ငြိမ်းချမ်းရေးသမားတစ်ယောက်သာ ဖြစ်သည်။

ထို့ကြောင့်ပင်လျှင် ယနေ့ညတွင် သူ လုံးဝမသိသော လူတစ်ယောက်အတွက် သူ လုံးဝ မလုပ်ဖူးသော သက်စွန့်ဆံဖျားလုပ်ငန်းကြီးတစ်ခုကို ဦးဆောင်ပြုလုပ်ရန် တာဝန်ယူလိုက်မိခြင်းကြောင့် သူ့အဖို့ တော်တော်ပင် စိုးရိမ်ပူပန် ဖြစ်ခဲ့ရသည်။

သို့သော် ယခုမူ သူသည် ဟိုတယ်မှ ထွက်ခွာ၍ အယ်လီဆင်၏ အဝတ်သေတ္တာကို ဆွဲကာ မော်တော်ဆိပ်သို့ ထွက်လာခဲ့ရပြီ ဖြစ်သည်။ အယ်လီဆင်လည်း သူ့နောက်မှ လိုက်ပါလာသည်။ မော်တော်ဆိပ်တွင် သူတို့အား ကူးတို့သမားကြီး လူဂျီစီပိုလာတေးက စောင့်နေလိမ့်မည်။ လူဂျီမှာ ဂျော်ဒန်နှင့် ရင်းနှီးသော မိတ်ဟောင်းဆွေဟောင်းတစ်ဦးဖြစ်သည်။ ဂျော်ဒန်က သူ၏ စွန့်စားမှုကြီးအတွက် ကူးတို့မော်တော်တစ်စင်း ငှားပေးရန် လူဂျီအား ကြိုတင်ပြောထားခဲ့သည်။

ဂျော်ဒန်သည် ယခုမှ အဖြစ်မှန်ကို သဘောပေါက်မိသည်။ တကယ့် စွန့်စားမှုကြီးတစ်ခုကို သူကိုယ်တိုင် ဦးဆောင်လုပ်ကိုင်ရတော့မှာပါကလားဟူသော အသိကြောင့် မရိုးမရွဖြစ်မိသည်။ အနာဂတ် အန္တရာယ်ကို ကြိုတွေးမိပြီး ရင်တထိတ်ထိတ် ဖြစ်မိသည်။

သူ့မိတ်ဆွေ ကူးတို့သမားကြီးသည် မော်တော်ဘေးတွင် ရပ်နေသည်ကို လှမ်းမြင်လိုက်ရသည်။

လက်ပတ်နာရီကို ကြည့်လိုက်သည်။

www.burmeseclassic.com



"၉ နာရီ ၄၅ မိနစ်" သူက အယ်လီဆင်အား အသိပေးလိုဟန်ဖြင့် သူ့ကိုယ်သူ ပြောလိုက်သည်။ "အချိန်ကိုက်ပါပဲ။ ဒါပေမယ့် မြန်မြန်လုပ်မှ ဖြစ်မယ်။ တစ်မိနစ်တောင် အလစ်မခံနိုင်ဘူး"

ကူးတို့သမားကြီး လူဂျီအနီးသို့ ရောက်လာကြသည်။ ဂျော်ဒန်က လူဂျီအား တရင်းတနှီး နှုတ်ဆက်သည်။ ပြီးတော့ ... မော်တော်ကို စစ်ဆေးကြည့်ရှုသည်။ မော်တော်က ရှည်မျောမျောနှင့် ဝမ်းဗိုက်တိမ်တိမ် အမျိုးအစားကလေး ဖြစ်သည်။

"ဘယ့်နှယ်လဲ ... သဘောကျရဲ့လား။ ဒီမော်တော်က သေးပေမယ့် သိပ်မြန်တာဗျ။ အဲဒါ ... ကျုပ်အစွမ်းကုန် လိုက်ရှာပြီး ငှားလာခဲ့တာပဲ"

"သဘောကျပါတယ် ... ရဲဘော်ကြီးရာ။ ကဲ ... ကျေးဇူးပါပဲ"

အယ်လီဆင်က လူဂျီ၏လက်ကို လှမ်းဆွဲပြီး မော်တော်ထဲ အရင်ဆုံးဆင်းသည်။ ပြီးတော့ ... လူဂျီက ဂျော်ဒန်အတွက် လက်ကမ်းပေးလိုက်သည်။

"ခင်ဗျား လုပ်ပုံ မဟုတ်သေးပါဘူး ... တီမိုသီ" လူဂျီက ဂျော်ဒန်အား လှမ်းပြောသည်။ "ဘယ့်နှယ်ဗျာ ... ဒီလောက် ချောတဲ့ အမျိုးသမီးကလေးတစ်ယောက်နဲ့ တွဲပြီး ဒီမော်တော်ကြီးနဲ့ အပျော်ခရီးထွက်တာ မနိုပ်ပါဘူး။ လာပါဗျ၊ ကျွန်တော့် သမ္မန်ပေါ် တက်စမ်းပါ"

ဂျော်ဒန်က ပြုံးလိုက်ပြီး –

"နောက်တစ်ခေါက်ပေါ့ ... ရဲဘော်ကြီးရာ"

အယ်လီဆင်က မော်တော်ထဲ ကျကျနန ဝင်ထိုင်နေပြီ။ စီပိုလာတေးက ကျောက်ဆူးကြိုးဖြုတ်ပြီး မော်တော်ပေါ် ပစ်တင်လိုက်သည်။ ဂျော်ဒန်က တက်မကိုင်ဘီးရှေ့ သွားရပ်ပြီး စက်နှိုးလိုက်သည်။

"ခင်ဗျား ဒီကပဲ စောင့်နေ။ တစ်နာရီအတွင်း ပြန်တွေ့ကြမယ်။ အဲဒီထက်စောချင်လဲ စောမယ်''

သူက စီပိုလာတေးကို ပြောလိုက်သည်။

ထို့နောက် မော်တော်ကို ကမ်းမှခွာပြီး ရေလယ်သို့ မောင်းထွက်လိုက်သည်။

မော်တော်သည် စက်ကုန်ဖွင့်ပြီး ဆန်လက်ဇာရိုကျွန်းဆီသို့ ဦးတည်ခုတ်မောင်းလျက် ရှိလေသည်။ သူတို့ရှေ့မှ မော်တော်တစ်စင်း အရှိန်ဖြင့် ဖြတ်ဝင်လာသည်။ ဂျော်ဒန်က သူ့မော်တော်ကို စက်ရှိန်လျှော့လိုက်သည်။ ပြီးတော့ ... မော်တော်ကို ဦးဆောင်ကာ အတင်းဖြတ်ကျော်တက်လိုက်သည်။

ညအချိန်ဖြစ်သော်လည်း ရေထဲတွင် နေရှိန်မကုန်သေး။ သို့သော် ရေပန်းရေမွှားများနှင့် လေကောင်းလေသန့်ကြောင့် ဂျော်ဒန်မှာ စိတ်ရောကိုယ်

www.burmeseclassic.com



ရော လန်းဆန်းနေသည်။ သူသည် စိတ်ဆောင်ပြီး ဖျတ်လတ်တက်ကြွနေ သည်။

အယ်လီဆင်ကို စောင်းကြည့်လိုက်သည်။ သူမလည်း တော်တော် စိတ်တက်ကြွနေပုံရသည်။ ဂျော်ဒန်က ဝမ်းသာသွားသည်။ အရာရာကို ခေါင်း အေးအေးဖြင့် တည်တည်ငြိမ်ငြိမ် သုံးသပ်တတ်ခြင်းသည် သိပ္ပံပညာရှင်တို့၏ အခြေခံ အရည်အချင်းပင် ဖြစ်မည်ဟု ဂျော်ဒန်က တွေးလိုက်မိသည်။

အယ်လီဆင်သည် အပြာရောင် ကက်ဦးထုပ် ပျော့ကလေးကို ဆောင်းထားသည်။ ရှပ်အင်္ကျီက သမ္ဘန်သမားတွေ ဝတ်သော အစင်းဆင်၊ ဘောင်းဘီက ဂျင်းပင်အသစ်စက်စက်၊ ယင်းတို့ကို နေ့လယ်တုန်းက ဂျော်ဒန် အပြင်သွားတုန်း သူမ တစ်ယောက်တည်း မြို့ထဲလျှောက်ကြည့်ရင်း ... ဝယ် လာခဲ့ခြင်း ဖြစ်သည်။ တကယ်တော့ ပါမောက္ခကြီးအား သွားကယ်ရာတွင် ဂျော်ဒန်က သူမကို မခေါ်ချင်။ သို့သော် သည်ပြဿနာကြီးကို သူတို့နှစ် ယောက်စလုံးပင် အစကတည်းက တိုင်တိုင်ပင်ပင် လုပ်ကိုင်လာခဲ့ကြသည်ဖြစ် ၍ သူမလည်း ပါဝင်သင့်သည်ဟု ဆုံးဖြတ်ပြီး ခေါ်လာခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ယောက်သည် သည်အကြံကို နှစ်နာရီ သုံးနာရီခန့် ညှိနှိုင်း တိုင်ပင်ခဲ့ကြသည်။ သည်အချိန်တွင် ပါရီသို့ ထွက်မည့် လေယာဉ်မရှိတော့ သဖြင့် အယ်လီဆင်နှင့် ပါမောက္ခကြီးတို့ကို နောက်ဆုံး ရထားနှင့်ပင် ပို့တော့ မည်ဟု ဂျော်ဒန်က ပထမဆုံးဖြတ်ခဲ့သည်။ သို့သော် ... အလုပ်မဖြစ်။ နောက် ဆုံး ရထားသည် ခပ်စောစောကပင် ပါရီသို့ ထွက်သွားခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အန္တရာယ် ကင်းကင်းနှင့် အမြန်ဆုံး ထွက်ခွာနိုင်ရန် အခြားတစ်နည်းသာ ကျန် တော့သည်။ အခြားမဟုတ်။ ဗီယက်ကားလေး တစ်စီးငှားပြီး ဗင်းနစ်မြို့မှ အမြန်ဆုံးထွက်ခွာသွားရန် ဖြစ်သည်။ အမေရိကတုန်းက အယ်လီဆင်မှာ ကိုယ်ပိုင်ကားရှိသည်ဟု သိရသည်။ ထို့ကြောင့် သူမသည် ကားကို ကျွမ်း ကျွမ်းကျင်ကျင် မောင်းတတ်သည်။

စင်စစ် ... ကားနှင့် ထွက်ပြေးခြင်းသည်သာ အခြေအနေအရ အကောင်းဆုံးဟု ဂျော်ဒန်က ယူဆသည်။ အဘယ်ကြောင့်ဆိုလျှင် အကယ်၍ ရထားနှင့်သာ သွားခဲ့သော် သူတို့အား ရထားပေါ်တွင်ပင် ရဲက အသင့်စောင့် ဖမ်းနိုင်သောကြောင့် ဖြစ်သည်။

စီမံကိန်းကတော့ လွယ်လွယ်ကလေးပင်။ စီမံကိန်း အောင်မြင်ရန်မှာ အချိန်အပေါ်တွင် တည်နေသည်။ အချိန်က စကားပြောသည်။ အစစအရာရာ 'တိုင်မင်' ကိုက်အောင်လုပ်သွားနိုင်မှ ဖြစ်မည်။ ကိုယ်တော်ကလေးပါရှယ်က ပါမောက္ခကြီးကို ဆန်လက်ဇာရို ကူးတို့ဆိပ်သို့ အချိန်မှီ ပို့ပေးနိုင်ရမည်။ သည်

www.burmeseclassic.com



ကြားထဲက ဘာအနှောင့်အယှက်မှ မတွေ့ဖို့လိုသည်။ ဖီးယက်ထားပေါ်သို့ အချိန်မီရောက်ဖို့လိုသည်။ ရဲက မသိခင် အမြန်ဆုံးထွက်ခွာနိုင်ဖို့ လိုသည်။

ဂျော်ဒန်က သူ့စီမံကိန်းကို အသေးစိတ် ပုံစံချထားပြီးဖြစ်သည်။ ပါမောက္ခကြီးအား ကူးတို့ဆိပ်သို့ ခေါ်လာပြီး ဗင်းနစ်မြို့သို့ ပြန်ကူးမည်။ ပိုင်ယာဇလေရိမာ ဆိပ်ကမ်းတွင် ကပ်ပြီး ဖီးယက်ကားပေါ် တက်မည်။ ထိုမှ တစ်ဆင့် ... မက်စထရီမြို့ဘက်သို့ ထွက်ပြေးမည်။

သို့သော် အချိန်အတိုင်းအတာကို အတိအကျ တွက်လို့ မရ။ ဆရာကြီးကို ဘုန်းကြီးကျောင်းမှာ ဘယ်လိုထိန်းသိမ်းထားကြသလဲ။ အစောင့်တွေ ဘယ်နှစ်ယောက်ရှိသလဲ။ ညပိုင်းတွင် သူ့ကိုမည်သူမျှ လာရောက်စစ်ဆေးခြင်း မပြုလျှင် သူမရှိတော့ကြောင်းကို မနက်ကျတော့မှ သိကြလိမ့်မည်။ အဲဒီအချိန်ကျတော့ သူက ပြင်သစ်ပြည် ရောက်နေရော့မည်။ အကယ်၍ ညပိုင်းတွင် သူ့ကို လာစစ်လျှင်တော့ သူထွက်ပြေးသွားကြောင်းကို နာရီပိုင်းအတွင်း သိကြလိမ့်မည်။ ယင်းသို့ဆိုလျှင် သူတို့က ကမ်းစောင့် ရဲတပ်မှ အမြန်ဆုံး မော်တော်များဖြင့် ပိုက်စိပ်တိုက် လိုက်ကြတော့မည်။ သို့သော် ကိစ္စမရှိ။ ထိုအချိန်တွင် ဆရာကြီးက မက်စထရီသို့ ရောက်နေရော့မည်။

အခုံးစွန် သူတို့တတ်နိုင် သည်မှာ ဂျော်ဒန်တို့နှင့် သူ့မော်တော်ကို တားဆီးထားရုံမျှသာ ဖြစ်ပေလိမ့်မည်။ သည်အချက်တွေကို ဂျော်ဒန်က တစ်နေ့လုံး ကြိုတွေးနေခဲ့သည်။

သည်နေ့ မနက်တုန်းက သူပထမဆုံး လုပ်ခဲ့သော အလုပ်မှာ သူ့ရုံးသို့ ဖုန်းဆက်ခြင်းဖြစ်သည်။ သူအလွန် အလုပ်များနေကြောင်း၊ ဒီနေ့တစ်နေ့လုံး အားမည်မဟုတ်ကြောင်း၊ မနက်ဖြန်တော့ ဆက်ဆက် ရုံးတက်မည်ဖြစ်ကြောင်း သူ့လက်ထောက် အရာရှိ မာရီဆာကို ပြောလိုက်သည်။

ထို့နောက် အယ်လီဆင်အား မြို့ထဲထွက်၍ ဈေးဝယ်ရန် နေရာများကို ပြောပြပြီးနောက် ပိုင်ယာဇလေရိမာရပ်ကွက်သို့ မော်တော်နှင့် လာခဲ့သည်။ ယနေ့ည ၁၀ နာရီခွဲ တိတိတွင် ပြင်သစ်သို့ ထွက်ရန် ဖီယက်ကားကလေး တစ်စီး ငှားသည်။

ပြီးလျှင် ဟိုတယ်သို့ ပြန်လာသည်။ အခန်းထဲမှာပဲ နေ့လယ်စာ ကမန်းကတန်းစားရင်း ယမန်နေ့ထုတ် ‘အင်တာနေရှင်နယ် ဟယ်ရယ်လ်ဒ်ထရီဗျွန်း’ သတင်းစာကို ဟိုလှန်သည်လှန်ဖတ်သည်။ နေ့လယ်စာ စားပြီး ချက်ချင်း ဒင်နီယယ်လီဟိုတယ်မှ လီဒိုကျွန်း၊ အိတ်စယ်စီယာ ဟိုတယ်သို့ထွက်သော ကူးတို့မော်တော်ပေါ် ပြေးတက်ခဲ့သည်။ ခရီးတစ်ဝက်လောက် ရောက်တော့ ကျွန်းတစ်ကျွန်းကို အနီးကပ် ကျော်ဖြတ်သည်။ ထိုကျွန်းမှာ ဆန်လက်



BURMESE CLASSIC .com

www.burmeseclassic.com



ဇာရိကျွန်းဖြစ်သည်။ သူသည် မော်တော်ပေါ်မှ ရပ်ကာ ကျွန်းအနေအထားကို သတိကြီးစွာဖြင့် လေ့လာသည်။

ကျွန်းပေါ်တွင် ရှေးဟောင်းနှစ်ထပ်တိုက် ကျောင်းကြီးတစ်ကျောင်း ရှိသည်။ အနီရောင်အုတ်ကြွပ်မိုးထားသည်။ တိတ်ဆိတ်ငြိမ်သက်ပြီး အထီးတည်း ရှိနေသည်။ သက်ဝင်လှုပ်ရှားနေသော အရာဆို၍ ငှက်ကလေးတစ်ကောင်ကိုပင် မမြင်ရ။ ဘုန်းကြီးကျောင်းဝင်ဝနှင့် ကူးတို့ဆိပ်မှ ပေ ၅၀ လောက် ဝေးသည်။ ကူးတို့ဆိပ်တွင် ကမ်းပါးမှ ရေစပ်အထိ သစ်သားတံတား ခင်းထားသည်။

နောက်တစ်နာရီလောက်ကြာတော့ အိတ်စယ်စီယာဟိုတယ်မှ ဒင်နီယယ်လီဟိုတယ်သို့ ပြန်ခဲ့သည်။ ဆန်လက်ဇာရိကျွန်းနားမှပင် ကပ်လျက် မော်တော်ဖြတ်ခုတ်လာသဖြင့် သူက ကျွန်းအနေအထားကို စေ့စေ့စပ်စပ်ထပ်ပြီး လေ့လာပြန်သည်။ မြင်ကွင်းမှ ကျွန်းပျောက်ကွယ်သွားသော အချိန်တွင်ကား သည်ညစွန့်စားခန်းကြီးတွင် သူဘယ်လို လှုပ်ရှားရမည်ဆိုသည့်အချက်ကို သူ့ဦးနှောက်ထဲတွင် ပီပီပြင်ပြင် ပုံစံချပြီး ဖြစ်နေလေပြီ။

ဟိုတယ်ပြန်ရောက်တော့ သူ့ခေါင်းထဲ စဉ်းစားစရာ တစ်ချက် ဝင်လာပြန်သည်။ ယင်းအချက်ကို တွေးပြီး အတော်ကလေး စိတ်လှုပ်ရှားသွားမိသည်။ သည်အချက်သည် သူ့အတွက် အခြေအနေအရ လုပ်ကို လုပ်ရမည်ဟုလည်း သဘောပေါက်မိသည်။

သူသည် ဟိုတယ်မန်နေဂျာ စားပွဲသို့ လာခဲ့သည်။ မန်နေဂျာက ဖုန်းဆက်နေသည်။ ဂျော်ဒန်က စားပွဲရှေ့ ရပ်စောင့်နေသည်။ မန်နေဂျာ ကာလိုဖေးဘရစ်သည် သူ၏မိတ်ဆွေဟောင်းဖြစ်သည်။ တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုလည်း မှန်သည်။

ကာလိုက ဖုန်းကို ပြန်ချလိုက်ပြီး –

“ကိုင်း … ဆိုစမ်းပါဦး မစ္စတာ ဂျော်ဒန်၊ ကျွန်တော် ဘာကူညီရမလဲ”

ဂျော်ဒန်က အနီးအနားမှ လျှောက်သွားနေသော ခရီးသည်တွေ မကြားရအောင် လေသံနှိမ့်၍ ပြောသည်။

“ကျွန်တော် သေနတ်တစ်လက်လောက် ငှားချင်တယ် မစ္စတာ ဖေးဘရစ်။ ခပ်သေးသေးထဲကပေါ့။ အော်တိုမက်တစ် ပစ္စတို ယမ်းတောင့်အပြည့် ပါပါစေ၊ အဲဒါ ခြောက်နာရီ မထိုးခင် လိုချင်တယ်”

ကာလိုဖေးဘရစ်က မည်သို့မျှ အံ့ဩမှုမပြပဲ –

“ဘယ်အမျိုးအစား လိုချင်သလဲ”

“ဘယ်အမျိုးအစားပဲ ဖြစ်ဖြစ်ပေါ့”



BURMESE CLASSIC .com

www.burmeseclassic.com



"ဒါဖြင့် ... ဟုတ်ပြီ၊ ခြောက်နာရီတိတိမှာ ခင်ဗျားအခန်း အရောက် လာပေးမယ်။ စိတ်ချ"

ဂျော်ဒန်က မလိုအပ်သော်လည်း အခြေအနေအရ လိုအပ်သည်ဟု ယူဆပြီး ... "သေနတ်က ပြိုင်ပွဲဝင်မလို့ပါ။ မက်စထရီက ကျွန်တော် မိတ်ဆွေတွေနဲ့ လက်ဖြောင့်ပြိုင်ပွဲလုပ်ဖို့ ချိန်းထားတယ်"

ကာလိုက ပြုံးလိုက်ပြီး –

"အောင်ပွဲခံနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ဗျာ"

တကယ်ပင် ခြောက်နာရီထိုးရန် ၁၅ မိနစ်အလိုတွင် ဂျော်ဒန်၏ အခန်းသို့ သေနတ်ရောက်လာသည်။ သေနတ်ကို အညိုရောင် စက္ကူအိတ်နှင့် သေသေသပ်သပ် ထုပ်ထားသည်။

ဒါတွေက လွန်ခဲ့သော လေးနာရီလောက်က ဖြစ်ခဲ့သော အဖြစ် အပျက်များ ...။

ယခုအချိန်တွင်ကား ဂျော်ဒန်ကိုယ်တိုင် မောင်းလာသော မော်တော် ဘုတ်ကလေးသည် မီးထိန်ထိန်လင်းနေသော ကမ်းလွန်ရေအိုင်ထဲတွင် စက်ကုန် ဖွင့်၍ အရှိန်နှင့် ပြေးလျက်ရှိသည်။

သူက ဂျာကင်အင်္ကျီအိတ်ထဲမှ ပစ္စတိုကလေးကို လက်နှိုက်ပြီး စမ်း ကြည့်လိုက်သည်။ ဒါက အသုံးချဖို့လိုချင်မှ လိုအပ်မှာပါ။ လိုအပ်လျှင်လည်း လိုအပ်သလိုပေါ့။

ဘာပဲပြောပြော မကြာခင်မှာပဲ သူ့အနေဖြင့် လက်နက်ကိုင် အီတာ လျံ ရဲသားတွေနှင့် ရင်ဆိုင်တိုးရမှာကတော့ ဘယ်လိုမှ ရှောင်မရတဲ့ အခြေအနေ ပင် ဖြစ်သည်။ အစစ အရာရာ ချောချောမောမော ဖြစ်သွားလျှင်တော့ သည်သေ နတ်မှာ သာမန် အိတ်ဆောင်ပစ္စည်းတစ်ခုသာ ဖြစ်ပေလိမ့်မည်။ ယင်းသို့ မဟုတ်ဘဲ ပစ်ရခတ်ရမည့် အခြေအနေသို့ ရောက်လာလျှင်တော့ ဒီသေနတ် ကလေးကိုပဲ အားကိုးရတော့မည်။

သူက အယ်လီဆင်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ သူမက ပြုံးပြသည်။ ထို့နောက် နှစ်ယောက်စလုံးပြိုင်တူ ပြုံးလိုက်ကြသည်။ ဒါပေမယ့် သူတို့အပြုံးတွေက အပြုံးနှင့်မတူဘဲ အတွင်းကျိတ် ကြောက်စိတ်ကြောင့် ပါး စပ်ကို မဲ့ပြသလိုသာ ဖြစ်နေမည်ဟု ဂျော်ဒန်က တွေးမိလိုက်သည်။

သူတို့၏ လက်ဝဲဘက်တွင် အဝါရောင်မီး ထိန်ထိန်လင်းနေသော ကူးတို့ဆိပ်ကို မြင်ရပြီ။ ယင်းနောက်တွင် အဆောက်အအုံကြီးတစ်ခုသည် ထီးထီးမားမားကြီး ပေါ်လာသည်။

"အဲဒါ ... ဆန်ဆာဗိုလိုကျွန်းပေါ့''

www.burmeseclassic.com



ဂျော်ဒန်က အယ်လီဆင်ကို ပြောပြလိုက်သည်။ "ဒီကျွန်းနောက်က ဆန်လက်ဇာရိုကျွန်းပဲ။ ခဏဆို ရောက်တော့မယ်"

ဆန်ဆာဗိုလိုကျွန်းတွင် စိတ်ရောဂါကု ဆေးရုံရှိကြောင်း သူ မှတ်မိသည်။ သည်ကျွန်းကို ဖြတ်မောင်းသွားသော ရေယာဉ်မှန်သမျှ စက်ရှိန်လျှော့မောင်းရသည်။ ယင်းမှာ ဗင်းနစ်မြို့၏ ဥပဒေဖြစ်သည်။ ထို့ကြောင့် သူက မော်တော်ဘုတ်ကို စက်ရှိန်လျှော့ချလိုက်သည်။

ဆန်ဆာဗိုလိုကျွန်း လွန်သွားတော့ ဆန်လက်ဇာရိုကျွန်း ပေါ်လာသည်။ မော်တော်ဘုတ်ကို ကျွန်းဘက်သို့ဦးတည်ပြီး စက်ရှိန်လျှော့လိုက်သည်။

လက်ပတ်နာရီကို ကြည့်လိုက်သည်။ ၁၀ နာရီထိုးဖို့ ၆ မိနစ်။

သူက မော်တော်ပေါ်မှ သစ်သားတံတားကို ရေထဲပစ်ချလိုက်သည်။

"ရောက်ပြီ"

ပြီးတော့ မော်တော်ဘုတ်ကို စက်ရပ်ပြီး ရှေ့တည့်တည့်သို့ မျှောသွားသည်။ ထို့နောက် ကမ်းဘေးတွင် ထိုးကပ်လိုက်သည်။

"အိုကေ" သူက အယ်လီဆင်ဘက်သို့ လှည့်ပြောလိုက်သည်။

အယ်လီဆင်က သူ့နောက်တွင် လာရပ်သည်။ ပြီးတော့ ... ကျောက်ဆူးကြိုးကို ယူပြီး သစ်သားတံတားအတိုင်း ကမ်းပေါ်သို့ ပြေးတက်လာခဲ့သည်။

ဂျော်ဒန်က ကူးတို့ဆိပ်ဓာတ်မီးတိုင်မှ မီးရောင်မှိန်မှိန် အောက်တွင် လက်ပတ်နာရီကို ကြည့်လိုက်သည်။

"သုံးမိနစ်ပဲ ကျန်တော့တယ်"

သူ့ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။

"မင်း ဒီက စောင့်ကျန်ရစ်။ မကြာခင် တို့လာခဲ့မယ်"

သူက မော်တော်ပေါ်မှ သစ်သားတံတားပေါ် ဆင်းလိုက်သည်။ ခဏရပ်နေသည်။ နာရီကို ကြည့်သည်။

နှစ်မိနစ်။ အချိန်နည်းနေပြီ။

ကိုယ်တော်ကလေး ပါရှယ်နဲ့ ပါမောက္ခကြီးတို့ ထွက်လာကြပါ့မလား။

သူတို့ ဘယ်လိုလုပ်ကြမလဲ။

တစ်ယောက်ယောက်များ သိသွားရင်တော့ ... သောက်ကျိုးနည်းပြီ။

သူက အသက်ပြင်းပြင်းတစ်ချက် ရှိုက်သွင်းလိုက်သည်။ ဘုန်းကြီးကျောင်းတံခါးမကြီးကို စိုက်ကြည့်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ပုရစ်မြည်သံမှတစ်ပါး အားလုံး တိတ်ဆိတ်နေသည်။

သူ့တစ်ကိုယ်လုံး အေးစက်နေသလို ထင်ရသည်။

ဇောစိတ်ကြောင့် ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။

အဖြူရောင်တစ်ခုကို ဖျတ်ခနဲ မြင်လိုက်ရသည်။ ဆက်တိုက်လိုပင် ဘုန်းကြီးကျောင်းရှေ့ တံခါးပေါက်မှ မီးရောင်တန်းတစ်ခု ထွက်လာသည်။

တံခါး ပွင့်လာပြီ။

အရိပ်တစ်ခု အပြင်ထွက်လာသည်။

နောက်အရိပ်တစ်ခု ထက်ကြပ်မကွာ လိုက်လာသည်။

တံခါးတစ်ဝက် ပြန်ပိတ်သွားပြီ။

ဂျော်ဒန်သည် ဆိပ်ခံတံတားကို ပြေးတက်လာခဲ့သည်။

တံတားထိပ်တွင် သူတို့ ပက်ပင်းဆုံကြသည်။

အရပ် ရှည်ရှည် ပိန်ပိန် ပါးပါး ကိုယ်တော်ကလေးက ရှေ့က။ သူ့လည်ပင်းမှ စလုတ်သည် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။

"ကိုယ်တော် ပါရှယ်လား" ဂျော်ဒန်က တိုးတိုးမေးသည်။

"ဟုတ်ပါတယ်"

"သူ ပါသလား"

"ဒါ ... သူပေါ့၊ ပါမောက္ခ မက္ကဒေါ်နယ်"

သူက နောက်လှည့်ကြည့်ပြီး ပြောလိုက်သည်။ သူ့နောက်ခပ်လှမ်းလှမ်းတွင် အရပ်ပုပုနှင့် အဘိုးကြီးတစ်ယောက်။ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေပြီ။ သံမဏိကိုင်းမျက်မှန် တပ်ထားသည်။ မုတ်ဆိတ်မွေးလည်း ဖွေးဖွေးဖြူနေပြီ။ သူ့မျက်နှာက ကျီးကန်းတောင်းမှောက် ဖြစ်နေသည်။

ဂျော်ဒန်က ပါမောက္ခကြီးကို လက်မောင်းဖမ်းကိုင်ပြီး သူ့အနားသို့ ဆွဲကပ်လိုက်သည်။

"ဒီတံတားအတိုင်း ဆင်းသွားပါ။ သတိနဲ့လည်း ဆင်း၊ ခြေချော်လဲနေဦးမယ်။ ပြီးတော့ ... မော်တော်ပေါ်တက်။ အဲဒီမှာ ဒေါက်တာ အက်ဒွပ် စောင့်နေတယ်။ ကျွန်တော် နောက်က လိုက်လာခဲ့မယ်"

သူက ကိုယ်တော်ကလေးဘက် ဖျတ်ခနဲ လှည့်ရင်း –

"ဘယ်လို ကျေးဇူးတင်ရမယ်ဆိုတာတောင် မသိတော့ပါဘူး ကိုယ်တော်။ ကိုယ်တော် လုပ်လိုက်တာကတော့ အံ့သြစရာပါပဲ။ ဘုရားသခင် စေခိုင်းတဲ့အလုပ်ကို အကောင်းဆုံးလုပ်လိုက်တာလို့ မှတ်ပါ။ ခွင့်ပြုပါဦး"

"ခဏ ... ခဏ" ကိုယ်တော်ကလေးက လေသံဖြင့် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"



BURMESE CLASSIC .com

www.burmeseclassic.com



"သူတို့က မေးရင် အကြောင်းပြစရာလိုမယ်။ ကျုပ်က သူ့ကို ရေချိုးခန်းခေါ်လာတာ။ သူ့အခန်းအပြင်က စောင့်တဲ့ရဲသားကိုကျော်ပြီး ခေါ်လာရတာ။ အခု ပါမောက္ခကြီး မပါဘဲ ပြန်သွားရင် ကျုပ် ဘယ်လိုပြောရမလဲ။ လုပ်ပါဦး။ ကျုပ်ကို ကူညီပါဦး"

"ကိုယ်တော် ဘာစိတ်ကူးသလဲ။ မြန်မြန်ကလေး အချိန်မရှိဘူး"

"ကျုပ်တို့ ရေချိုးခန်းက ထွက်တော့ သေနတ်သမားတစ်ယောက်ရောက်လာပြီး ကျုပ်ကို ဖမ်းချုပ်တယ်။ ကျုပ်က ရုန်းတော့ သူက သေနတ်ဒင်နဲ့ ကျုပ်ကို ရိုက်တယ်။ ပြီးတော့ ... ဆရာကြီးကို ဆွဲခေါ်ပြီး မော်တော်ဆိပ်ပြေးသွားတယ်။ အဲဒီလို ပြောမလို့ စိတ်ကူးထားတယ်။ ဒီတော့...ကဲ...လုပ်စမ်းပါ။ ကျုပ်ကို ရိုက်စမ်းပါ။ ဒါမှ တကယ်ဖြစ်တာနဲ့တူမှာ ... ကဲ ... ရိုက် ... ရိုက်"

"ဟာ ... မဖြစ်ဘူးထင်တယ် ... ကိုယ်တော်"

"မဖြစ်ဘူးလုပ်မနေနဲ့ ရိုက်မှာသာရိုက်စမ်းပါ။ ဒါမှ ယုတ္တိရှိမယ်။ ကျုပ်ကို ကယ်ပါဦး။ ရိုက်ပါ ... ရိုက်ပါ။ ကျုပ်က အော်ပြီး လဲကျသွားယောင်ဆောင်နေလိုက်မယ်"

"အမယ်လေး အဲဒီလိုတော့ မလုပ်ပါနဲ့၊ မအော်ပါနဲ့။ အော်ရင် သူတို့ ကြားသွားပြီး လိုက်လာကြလိမ့်မယ်။ အဲဒီလိုဆို တပည့်တော် ထွက်ပြေးဖို့ အချိန်မရှိတော့ဘူး"

"အဲဒါ ကျုပ် အရေးမဟုတ်ဘူး။ အရေးကြီးတာက ပါမောက္ခကြီးကို ကျုပ်က ကူးတို့ဆိပ်ပို့ပေးရင် ကျုပ်အဖေကို ဆေးကုပေးမယ်ဆိုတာပဲ။ ကတိအတိုင်း တည်ပါစေ။ ကျုပ် တာဝန်ကတော့ ကျေပြီ"

"စိတ်ချပါ၊ တပည့်တော် ကတိပေးပါတယ်။ ဒါပေမယ့် လောလောဆယ် ဗင်းနစ်မြို့ပြင်ရောက်အောင် ထွက်ပြေးဖို့က အရေးကြီးတယ်"

ထိုအခိုက်တွင် ဘုန်းကြီးကျောင်းရှေ့ဘက် တံခါးပေါက်မှ မီးရောင်လင်းလာသည်။ နှစ်ယောက်သား မျက်ကလူးဆန်ပျာ လှမ်းကြည့်လိုက်ကြသည်။

တံခါးဝတွင် လက်နက်ကိုင် ရဲသားတစ်ယောက် ပေါ်လာသည်။ သူက ပါးစပ်တွင် လက်ဝါးအုပ်ပြီး လှမ်းအော်လိုက်သည်။

"အပြင်ဘက်မှာ ဘာဖြစ်နေကြတာလဲဟေ့"

ကိုယ်တော်ကလေးနှင့် ဂျော်ဒန်တို့ နှစ်ဦးစလုံး ရုတ်တရက် သွေးလန့်ပြီး ရင်ဘတ်ချင်း အပ်လျက်သား ဖြစ်သွားကြသည်။

"ရိုက်ပါ ... ကျုပ်ကို ရိုက်လိုက်ပါ" ကိုယ်တော်ကလေးက အလောသုံးဆယ်ပြောသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်က ဂျာကင်အင်္ကျီအိတ်ထဲမှ ပစ္စတိုကို ဆွဲထုတ်ပြီး ကိုယ်တော်ကလေး ဦးခေါင်းကို ဆတ်ခနဲ ရိုက်ထည့်လိုက်သည်။ ကိုယ်တော်ကလေးက တစ်ချက်အော်လိုက်ပြီး ဒူးညွှတ်လဲကျသွားသည်။ သူ့နားထင်မှ သွေးတွေ စီးကျလာသည်။

"ဘယ်သူလဲကွ"

အစောင့်ရဲသားက လှမ်းအော်လိုက်ပြန်သည်။ သူက ရိုင်ဖယ်ကို မောင်းတင်ပြီး ရှေ့သို့ ပြေးထွက်လာသည်။

ဂျော်ဒန်က ပစ္စတိုကို အိတ်ထဲ ကမန်းကတန်း ပြန်ထည့်လိုက်ပြီး ဆိပ်ခံတံတားအတိုင်း ပြေးဆင်းလာခဲ့သည်။ တံတားက ရေစိုပြီး ချောနေသဖြင့် လက်ရန်းတန်းကို ကိုင်ပြီး မနည်းကြီးထိန်းဆင်းလာခဲ့ရသည်။

ရေစပ်တွင် မော်တော်က ဘောင်ဘင်ခတ်ကာ လူးလွန့်နေသည်။ အယ်လီဆင်က ကျောက်ဆူးကြိုးနားတွင် ထိုင်နေသည်။ ပါမောက္ခကြီး ကတော့ မော်တော်ပေါ်တွင် ထိုင်လျက်။

"မြန်မြန် ... မြန်မြန်"

ဂျော်ဒန်က မော်တော်ပေါ်သို့ လွှားခနဲ ခုန်ဆင်းရင်း အော်ပြောလိုက်သည်။

အယ်လီဆင်က ကျောက်ဆူးကြိုးကို အလျင်အမြန် ရုပ်သည်။

အင်ဂျင်စက်သံ တဖုတ်ဖုတ် ပေါ်ထွက်လာသည်။ စက္ကန့်ပိုင်းအတွင်း ဟူးခနဲ အော်မြည်ရင်း မော်တော် စ,ထွက်သည်။ မော်တော်သည် တစ်ပတ်လည်သွားပြီး မီးရောင်မြင်ရသော ဗင်းနစ်မြို့ဘက်သို့ စက်ကုန်ဖွင့်တော့သည်။

မော်တော် ရေလယ်သို့ရောက်ခဲ့ပြီ။ ဂျော်ဒန်က ဆိပ်ကမ်းဘက် လှမ်းကြည့်လိုက်သည်။ ဆိပ်ခံတံတားပေါ်တွင် ရဲသားတစ်ယောက် ရပ်နေသည်။ ပခုံးပေါ်တွင် ရိုင်ဖယ်နှင့် ...။

"ဝပ်ကြ ... ဝပ်ကြ"

ဂျော်ဒန်က ပါမောက္ခကြီးနှင့် အယ်လီဆင်တို့အား အော်ပြောလိုက်သည်။ သူတို့က မော်တော်ဝမ်းထဲ ခေါင်းငုံ့ဝပ်နေလိုက်ကြသည်။

"ဒိုင်း"

ဂျော်ဒန်က ဒူးညွှတ်ထိုင်ချလိုက်သည်။ ကျည်ဆန်က သူ့ဦးခေါင်းပေါ်မှ ဝီခနဲဖြတ်သွားသည်။

"ဒိုင်း"

"ဒိုင်း"

တတိယ ကျည်ဆန်က ဂျော်ဒန်၏ နားရွက်နားမှ ဖြတ်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မော်တော်သည် ရေလှိုင်းကို ခွဲပြီး စက်ကုန်ဖွင့်ကာ ပြေးနေသည်။

ဆန်လက်ဇာရီ ကျွန်းကလေးသည် မျက်စိအောက်တွင်ပင် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့ပြီး စက္ကန့်ပိုင်းအတွင်း လုံးဝပျောက်သွားသည်။

ဂျော်ဒန်က အင်ဂျင်စက်လက်ကိုင်ဘီးနောက်မှ ရုတ်တရက် ထရပ်လိုက်သည်။

"ကိုင်း … အားလုံးထနိုင်ပါပြီ" သူက ဟင်းခနဲ သက်မချလိုက်ရင်း … "အင်း … ဒီတောင်ကိုတော့ ကျော်နိုင်ခဲ့ပြီ။ နောက်ထပ် … ဘယ်လိုကြုံရဦးမယ်ဆိုတာတော့ ဘုရားသခင်ပဲ သိတော့မှာပဲ"

*

အရုဏ်မတက်မီ လေးနာရီအချိန်။

ဗင်းနစ်မြို့၏ မြို့တော်ခန်းမကြီး (ဖာဆက်တီ နန်းတော်) ပထမထပ်ရှိ မြို့တော်ဝန်၏ ရုံးခန်းကျယ်ကြီးထဲတွင် လျှပ်စစ်မီးရောင် ထိန်ထိန်လင်းလျက် ရှိသည်။

ရုံးခန်းထဲတွင် အမျိုးသား ခြောက်ယောက်နှင့် အမျိုးသမီးတစ်ယောက် ရောက်ရှိနေကြသည်။ သူတို့သည် အိပ်ရာထဲမှ ကမန်းကတန်းထကာ အရေးပေါ် အစည်းအဝေး ထိုင်ရန် ရောက်ရှိနေကြခြင်းပင် ဖြစ်သည်။ ရှရှည်ံရုံးမှ ယဉ်ကျေးမှုအရာရှိ အလက်ဇန္ဒာ ဗက်ဆလာနှင့် ကေကျီဘီမှ ဗိုလ်မှူး ဘောရစ်ကက်ဒရော့တို့က နောက်ဆုံးမှ ရောက်လာကြသည်။ ဗိုလ်မှူးကက်ဒရော့သည် အထက်မှ တာဝန်ပေးအပ်ချက်အရ တပ်မတော် အထူးလေယာဉ်ဖြင့် လွန်ခဲ့သောတစ်နာရီခန့်မှ မာကိုပိုလိုလေယာဉ်ကွင်းသို့ ဆိုက်ရောက်လာသူဖြစ်သည်။

မြို့တော်ဝန် ဒက္ကာဒီ၏ ရုံးခန်းမှာ ကျယ်ဝန်းသလောက် ခမ်းနားလှသည်။ ပွင့်ရိုက် သက္ကလတ်ထည်ဖြင့် ကာထားသော ရုံးခန်းနံရံများတွင် ရှေးခေတ်ရောမနိုင်ငံ ခေါင်းဆောင်ကြီးများဖြစ်ကြသော မာကပ်စ်ကာတို၊ မတ်ခ်အင်တိုနီနှင့် အိန်ဂျယ်လိုကော်နာတို့၏ မှန်ပေါင်သွင်း ရုပ်ပုံကားများကို ချိတ်ဆွဲထားသည်။

မြို့တော်ဝန် ဒက္ကာဒီမှာ အရပ်ပုပုပြတ်ပြတ်နှင့် ဝဝဖိုင့်ဖိုင့် ဖြစ်သည်။ အသက် ၅၅ နှစ်ခန့်ရှိပြီ။ သူ့မျက်နှာက ဝိုင်းပြီးပြောင်လက်နေသည်။ မေးစေ့က နှစ်လုံး။ ခပ်ကျဲကျဲ ပေါက်နေသော ဆံပင်များကို နောက်လှန်ပြီး ပြားနေအောင် ဖြီးထားသည်။ သူသည် မပြုံးချင်သော်လည်း အမြဲတမ်း ပြုံးနေတတ်သူဖြစ်သည်။

မြို့တော်ဝန်၏ စားပွဲကြီးများ ပြောင်လက်ချောမွတ်နေသည်။ ၁၉ ရာစုခေတ် စားပွဲကြီးဖြစ်သည်။ မြို့တော်ဝန်သည် စားပွဲနောက်မှ နောက်မှီမြင့်



BURMESE CLASSIC .com

www.burmeseclassic.com



မြင့် ဆုံလည်ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး အခြားပုဂ္ဂိုလ်များက သူ့စားပွဲတွင် စက်ဝိုင်းခြမ်းသဏ္ဍာန် ဝိုင်းထိုင်လိုက်သည်။

လက်ထောက်မြို့တော်ဝန် ဆန်တင်က ထိုင်ရာမှ ရုတ်တရက်ထလိုက်သည်။ ထို့နောက် သူ့လက်ဝဲဘက်ရှိ ထောက်ခုံပေါ်မှ သုံးထပ်ပြားပေါ်တွင် ချိတ်ထားသော ဗင်းနစ်မြို့နှင့် ပတ်ဝန်းကျင်ဒေသ မြေပုံကားချပ်ကြီးကို နေ့သားတကျ ပြန်ချိတ်သည်။ ပြီးလျှင် မြေပုံညွှန်းတုတ်ချောင်းကို ယူပြီး သူ့နေရာတွင် ပြန်ထိုင်သည်။

အားလုံးလူစုံပြီ။

မြို့တော်ဝန်က လက်ဝဲဘက်မှစပြီး တစ်ယောက်ချင်း အကဲခတ်ကြည့်ရှုလိုက်သည်။ အစွန်ဆုံးတွင် သူ၏အတွင်းရေးမှူး မစ္စက် ရီနယ်ဒိုထိုင်နေသည်။ ရွက်ကြမ်းရေကျို မုဆိုးမ။ သူမ၏ လက်ရေးတို မှတ်စုစာအုပ်တွင် ခဲတံ တင်ထားသည်။ နောက်တစ်ယောက်က လက်ထောက်မြို့တော်ဝန် ဆန်တင်။ သူ့ဘေးတွင် ဗိုလ်မှူးကြီး ကတ်ထရုန်း၊ ပြည်ထောင်စု ရဲတပ်ဖွဲ့မှူး။ သူက ဥပမိရုပ် တော်တော်ကောင်းသည်။ ဆံပင်က ရှည်ရှည်၊ တစ်ခေါင်းလုံးဖြီးထားပြီး နက်ပြောင်နေသည်။ သူ့ပုံက စစ်ဗိုလ်ခန်း သရုပ်ဆောင်ရသော ဇာတ်လိုက်မင်းသားနှင့် တူနေသည်။ သူ့ဘေးက ပုဂ္ဂိုလ်ကတော့ ဗင်းနစ်မြို့ ရဲတပ်ဖွဲ့မှ ရဲမှူးကွက်စတိုရီထရီဗီဆန်။ သူက အရုပ်ပုပု၊ မျက်လုံးပြူးပြူး။ နောက်တစ်ယောက်ကတော့ ဗင်းနစ်မြို့မှ ပါတီခေါင်းဆောင်ရာဂက်ဇီ။ သူက ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်း၊ လေးထောင့်မျက်နှာနှင့်။ သူ့ဘေးတွင် ဗက်ဆလာ။ သူက သူ့မျက်ပေါက်ကျဉ်းကျဉ်းဖြင့် မြေပုံကို စိုက်ကြည့်နေသည်။ နောက်ဆုံး ပုဂ္ဂိုလ်က ဗိုလ်မှူးကက်ဒရော့။ သူက အပြာရောင်ရေတပ်ဝတ်စုံကို ကျပ်ကျပ်တည်းတည်း ဝတ်ထားပြီး အနေရအထိုင်ရ ခက်နေပုံရသည်။

မြို့တော်ဝန် အက္ကာဒီသည် စားပွဲတင်မီးတိုင်ကို ဘေးသို့ ရွှေ့လိုက်သည်။ သူက သူ့ရှေ့မှ ပုဂ္ဂိုလ်များကို မျက်လုံးဝင့်၍ ကြည့်လိုက်ပြီးနောက် စတင် စကားပြောသည်။ သူ့လေသံမှာ မိန့်ခွန်းပြောသံနှင့်မတူ။ ဆွေးနွေးသံနှင့်သာ တူနေသည်။

"ကြွရောက်လာတဲ့ လူကြီးမင်းများ ခင်ဗျား … အခုလို စကောစကအချိန်ကြီးမှာ ကျွန်တော်တို့ ဘာဖြစ်လို့ ဒီနေရာကို ရောက် လာကြတယ်ဆိုတာ လူကြီးမင်းများ အားလုံးအသိပါပဲ။ ပါမောက္ခ မက္ကဒေါ်နယ် ထွက်ပြေးသွားခြင်းကိစ္စကို ဆွေးနွေးညှိနှိုင်းဖို့၊ အရေးယူဆောင်ရွက်ခဲ့တာတွေကို ပြန်လည်သုံးသပ်ဖို့၊ ပြီးတော့ ရှေ့ဆက် ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ချက်ချဖို့အတွက်

www.burmeseclassic.com



ကျွန်တော်တို့ အခုလို အရေးပေါ် အစည်းအဝေးကို ခေါ်ယူရတာ ဖြစ်ပါတယ်။ မူလ အစီအစဉ်အရဆိုရင် ဒီအစည်းအဝေးကို တရားသူကြီးချုပ် ဂက်စပါရီနီ ကိုယ်တိုင် ဦးဆောင်ပြီးကျင်းပဖို့ပါပဲ။ ဒါပေမယ့် သူက ချီကာဂိုမြို့မှာ ကျင်းပတဲ့ နိုင်ငံတကာ တရားဥပဒေစိုးမိုးရေး ညီလာခံကို တက်ရောက်ဖို့ အမေရိကကို ထွက်ခွာသွားတဲ့အတွက် ရောမမြို့ပြည်ထဲရေးဝန်ကြီးက ကျွန်တော့်ကိုပဲ တာဝန်ပေးအပ်တာကြောင့် အခုလို ညှိနှိုင်းစည်းဝေးပွဲ ကျင်းပရခြင်း ဖြစ်ပါတယ်။

"ဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆက်စပ်လို့ရနိုင်တဲ့ အချက်အလက်တွေကို ကျွန်တော် အကျဉ်းချုံးပြီး တင်ပြလိုပါတယ်။ လူကြီးမင်းတို့ကို မနေ့ညက ကျွန်တော် ကြိုတင်ဖုန်းဆက်ပြီး ပြောခဲ့တဲ့အတိုင်း ပါမောက္ခ မက္ကဒေါ်နယ်ဟာ အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားတဲ့ ဗြိတိသျှသိပ္ပံပညာရှင်ကြီးတစ်ဦး ဖြစ်ပါတယ်။ သူဟာ တီထွင်မှုတွေ့ရှိမှုကြီးကို ဆိုဗီယက်ယူနီယံရဲ့ ဧည့်သည်အဖြစ်နဲ့ လေ့လာနေရင်း တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ သူရဲ့ တွေ့ရှိမှုကြီးဟာ အံ့ဘနန်းသမိုင်းဝင် တွေ့ရှိမှုကြီးဖြစ်ပါတယ်။ လူ့သက်တမ်းကို နှစ်ဆတိုးပြီး အသက် ၁၅၀ အထိ ရှည်စေနိုင်ပါမယ့် တွေ့ရှိမှုကြီး ဖြစ်ပါတယ်"

ဤတွင် ဗိုလ်မှူးကက်ဒရော့က ကြားဖြတ်ပြီး –

"ဆိုဗီယက်သိပ္ပံပညာရှင်တွေရဲ့ ပူးပေါင်းကူညီမှုကြောင့် အခုလို အောင်မြင်ခဲ့ရတာပါ"

ဟု ပြောလိုက်သည်။

"ဟုတ်ပါတယ်။ အဲဒါ အမှန်ပါပဲ" မြို့တော်ဝန်က ခပ်မြန်မြန် ကလေး ထောက်ခံလိုက်သည်။ "ဒါပေမယ့် ပါမောက္ခမက္ကဒေါ်နယ်ဟာ သူတွေ့ ရှိတဲ့ ဆေးနည်းကို ဆိုဗီယက်ယူနီယံကို ခွဲဝေပေးရမှာ စိုးလို့ နိုင်ငံ့ပြင်ပကို ထွက်ပြေးသွားပါတယ်။ ရည်ရွယ်ချက်ကတော့ အမေရိကန်ကိုသာ ပေးမယ်ဆိုတဲ့ သဘောပါပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ မိတ်ဆွေဆိုဗီယက်ရဲဘော်တွေ အနေနဲ့" သူက ဗက်ဆလာနှင့် ကက်ဒရော့တို့ မျက်နှာကို တစ်လှည့်စီကြည့်လိုက်ရင်း .... "ကျွန်တော်တို့ ရဲဘော်တွေအနေနဲ့ အတော်ပဲစိတ်မကောင်း ဖြစ်ခဲ့ကြရပါတယ်။ ပါမောက္ခကြီးရဲ့ အပြုအမူဟာ တရားမျှတမှု မရှိရုံတင်မက ရန်ပြုရာလဲ ရောက်တယ်လို့ ယူဆကြပါတယ်။ ပါမောက္ခ မက္ကဒေါ်နယ်ဟာ ဆိုဗီယက် အထူးလေယာဉ်ပျံတစ်စင်းနဲ့ ဗင်းနစ်မြို့ကို ထွက်ပြေးသွားတယ်ဆိုတာကိုလဲ သိကြပါတယ်။ ဒါကြောင့် ပါမောက္ခ မက္ကဒေါ်နယ်ကို လေယာဉ်ကွင်းက ဆီးပြီးထိန်းသိမ်းဖို့ သူတို့က ကျွန်တော်တို့ကို မေတ္တာရပ်ခံခဲ့ပါတယ်။ အခုလို ကူညီရတာကို ကျွန်တော်တို့အနေနဲ့ ဂုဏ်လဲ ယူပါတယ်။ ဝမ်းလဲ

www.burmeseclassic.com



သာပါတယ်။ ဒါကြောင့် ... ကျွန်တော်က ပါမောက္ခကြီးကို လေဆိပ်က ဆီးပြီး ထိန်းသိမ်းထားဖို့ ဗိုလ်မှူးကြီး ကက်ထရန်းကို မေတ္တာရပ်ခံခဲ့ပါတယ်”

“ဗိုလ်မှူးကြီး ကက်ထရန်းဟာ သူ့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ပါတယ်။ ပါမောက္ခ မက္ကဒေါ်နယ်ကို ဖမ်းဆီးပြီး ဆန်လက်ဇာရိုကျွန်းမှာ ထိန်းသိမ်းထားခဲ့တယ်။ သူ့ကို ဆိုဗီယက် ယူနီယံကို ပြန်မပို့မချင်း အဲဒီမှာ ထိန်းသိမ်းထားဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ ကျွန်တော်တို့ လုံးဝ မသိနိုင်သေးတဲ့ တစ်နည်းနည်းနဲ့ အပြင်ဘက်က တစ်ယောက်ယောက်ကို ဆက်သွယ်မှုရခဲ့ပါတယ်။ သိရသလောက်ဆိုယင် ခိုကို ဆက်သားလုပ်ပြီး ဆက်သွယ်ခဲ့ကြောင်း ထွက်ဆိုချက်ရှိပါတယ်။ ဒါပေမယ့် ... ဒါဟာ သိပ်ပြီး ယုတ္တိမရှိတဲ့ အချက်ဖြစ်ပါတယ်။ ဒါနဲ့ ... သူဟာ ပြင်ပက လူတစ်ယောက်ရဲ့ အကူအညီနဲ့ ကျွန်းပေါ်က ထွက်ပြေးလွတ်မြောက်သွားခဲ့ပါတယ်။ အဲဒီလို ထွက်ပြေးသွားတာ အခုအချိန်ဆိုရင် ခြောက်နာရီလောက်ကြာသွားပါပြီ။ သူ ထွက်ပြေးသွားချိန်မှာ မစ္စတာ ဗက်ဆလာက ဘုန်းကြီးကျောင်းမှာ ရှိနေခဲ့ပါတယ်’ သူက ဗက်ဆလာကို ခေါင်းညိတ်ပြလိုက်ပြီး ... “ကျန်တဲ့အပိုင်း မစ္စတာ ဗက်ဆလာက ရှင်းပြစေချင်ပါတယ်”

ဗက်ဆလာက ကုလားထိုင်တွင် ကိုယ်ကို ပြင်ထိုင်လိုက်ပြီးနောက်

“ကျွန်တော်တို့က ပါမောက္ခကြီးကို စောင့်ကြည့်နေဖို့အတွက် ကိုယ်တော်ကလေးနှစ်ပါး တာဝန်ချပေးဖို့ အာမေနီယံ ဘုန်းတော်ကြီးကို လျှောက်ထားပါတယ်။ ဒါက ... ဗိုလ်မှူးကြီး ကက်ထရန်းက ပေးတဲ့ လက်နက်ကိုင် အစောင့်ရဲသားတွေ အပြင်ကို ပြောတာပါ။ ဒါနဲ့ ယုံကြည်စိတ်ချရဆုံး ကိုယ်တော်ကလေးနှစ်ပါးကို ဘုန်းတော်ကြီးက တာဝန်ချပေးပါတယ်။ သူတို့က ပါမောက္ခကြီးကို အစားအစာလဲ ကျွေးရတယ်။ လမ်းလျှောက်ထွက်တဲ့အခါမှာလဲ နောက်က လိုက်ရတယ်။ ရေချိုးဖို့လည်း စီစဉ်ပေးရတယ်။ မနေ့ညကတော့ ... ခန့်မှန်းခြေ ၉ နာရီ မိနစ် ၅၀ လောက်မှာ ပါမောက္ခကြီးက ခေါင်းလောင်းလှုပ်ပြီး တာဝန်ကျ ကိုယ်တော်ကလေးကို ခေါ်လိုက်တယ်။ ကိုယ်တော်ကလေး ရောက်လာတော့ ရေချိုးချင်တယ်လို့ သူက ပြောတယ်။ အဲဒီအချိန်မှာ အခန်းတံခါးအပြင်မှာ စောင့်နေတဲ့ အစောင့်ရဲသားက ပါမောက္ခကြီးနဲ့ ကိုယ်တော်ကလေးတို့ ရေချိုးခန်းဘက်သွားတာကို အားလုံး မြင်တယ်။ အဲဒီနောက်တော့ ... ပါမောက္ခကြီးနဲ့ ကိုယ်တော်ကလေးတို့ ရေချိုးခန်းထဲက ပြန်အထွက်မှာ မျက်နှာဖုံးစွပ်ထားတဲ့ လူတစ်ယောက် ရောက်လာပြီး ကိုယ်တော်ကလေးရဲ့ နံကြားကို သေနတ်နဲ့ ထောက်ထားလိုက်တယ်။ သူက ပါမောက္ခကြီးကို ဆွဲခေါ်ပြီး ရဲသားမမြင်နိုင်တဲ့လမ်းက သူတို့ကို အပြင်သို့ ထွက်နိုင်အောင်လမ်းပြဖို့

www.burmeseclassic.com



ကိုယ်တော်ကလေးကို ပြောတယ်။ ပထမတော့ ကိုယ်တော်ကလေးက ငြင်းသေးတယ်။ ဒါပေမယ့် ... သေနတ်သမားက သူပြောတာ မလုပ်ရင် ချက်ချင်းပစ်သတ်လိုက်မယ်ဆိုတာနဲ့ ကိုယ်တော်ကလေးက ကြောက်တာကြောင့် သူတို့ကို ကျောင်းရှေ့တံခါးကနေပြီး ကူးတို့ဆိပ်ကို ခေါ်လာခဲ့တယ်။ ကူးတို့ဆိပ်မှာ မော်တော်တစ်စင်း အဆင်သင့် ဆိုက်ထားတယ်။ အဲဒီအချိန်မှာ အစောင့်ရဲသားက သံသယဖြစ်လာမိတယ်။ ၅ မိနစ် အတွင်း ပြန်လာရမယ်လို့ စည်းကမ်းထုတ်ထားတာ ၁၀ မိနစ်တောင်ကျော်သွားတာကြောင့် သူက ရေချိုးခန်းထဲကို လိုက်ကြည့်တယ်။ ဒါပေမယ့် သူတို့ကို မတွေ့ရတော့ဘူး။ တခြားဟိုဟိုဒီဒီ လိုက်ရှာကြည့်တော့လဲ ဘယ်မှာမှ မတွေ့ရဘူး။ ဒါနဲ့ အောက်ထပ်ဆင်းကြည့်တော့ ကျောင်းရှေ့တံခါး ပွင့်နေတာ တွေ့ရတယ်” ဗက်ဆလာက စကားပြောရပ်ပြီး ဗိုလ်မှူးကြီး ကတ်တရန်းကို မိုးကြည့်ရင်း ... “ကျန်တဲ့အပိုင်း ဗိုလ်မှူးကြီး ဆက်ပြောပါ”

“ဟုတ်ကဲ့ ... ပြောပါ့မယ်” ဗိုလ်မှူးကြီးက ထိန်းထိန်းသိမ်းသိမ်း ဟန်ဖြင့် ... “အစောင့်ရဲသားက အန်တိုနီယိုပါ။ သူက တံခါးဝသွားပြီး အပြင်ကို လှမ်းကြည့်လိုက်တယ်။ ကူးတို့ဆိပ်မှာ ကိုယ်တော်ကလေး ပါရှယ်နဲ့ အခြားသူစိမ်းတစ်ယောက် ရပ်နေတာ မြင်တယ်။ ပါမောက္ခကြီးကိုတော့ လုံးဝမတွေ့ရဘူး။ ဒါနဲ့ သူက သူတို့ဆီလှမ်းမေးလိုက်တယ်။ သူတို့က ဘာမှပြန် မဖြေဘူး။ အဲဒီအချိန်မှာ သူစိမ်းက ကိုယ်တော်ကလေးကို သေနတ်နဲ့ လွှဲရိုက်လိုက်တယ်။ အန်တိုနီယိုက ပခုံးမှ သေနတ်ဖြုတ်ပြီး ပြေးလိုက်သွားတယ်။ သူစိမ်းက တံတားအတိုင်းပြေးဆင်းသွားပြီး မော်တော်ဘုတ်ပေါ် ခုန်တက်လိုက်တယ်။ အန်တိုနီယို ရေစပ်ရောက်တဲ့အချိန်မှာ မော်တော်ဘုတ်က ဗင်းနစ်မြို့ဘက်သို့ ဦးတည်ပြီး အတော်အဝေးဝေးအထိ မောင်းထွက်သွားပြီ”

ဗိုလ်မှူးကက်ဒရော့က ကြားဖြတ်ပြီး –

“မော်တော်က ဗင်းနစ်မြို့ကို သွားတယ်ဆိုတာ သေချာရဲ့လား”

“သေချာပါတယ်။ အန်တိုနီယိုက မော်တော်ကို မြင်နေရတုန်း ရိုင်ဖယ်နဲ့ သုံးချက်တိတိ လိုက်ပစ်ပါသေးတယ်။ နောက်ပြီးတော့ ... မော်တော်ကို မမြင်ရတော့ဘူး”

“တစ်ယောက်ယောက်များ ထိသွားသလား”

“အဲဒါတော့ ... သူမသိလိုက်ဘူးတဲ့။ မော်တော်ပေါ်မှာ လူသုံးယောက် ပါသွားတာကိုတော့ သေသေချာချာ မြင်လိုက်တယ်။ မော်တော်ထွက်သွားတော့ သူတို့အားလုံး မော်တော်ဝမ်းထဲ ဝပ်နေကြတယ်။ ပါမောက္ခကြီး တကယ်ပါသွားတာလဲ သေချာပါတယ်”



BURMESE CLASSIC .com

www.burmeseclassic.com



"ဒါနဲ့ နောက်နှစ်ယောက် ဘယ်သူတွေလဲ"

"ဒါတော့ ... အထပ်မပြောနိုင်ဘူး။ အဖြစ်အပျက်က သိပ်မြန်လွန်းတယ်။ အလင်းရောင်ကလည်း သိပ်မကောင်းဘူး။ မော်တော်ကလည်း မြန်တယ်။ ပြီးတော့ ရေပန်းကြောင့် ဘာမှမသဲကွဲဘူး။ ဒါပေမယ့် ... ကိုယ်တော်ကလေး ပါရှယ်က သတိပြန်ရလာတဲ့အခါ သေနတ်သမားနဲ့ ပတ်သက်လို့တော့ သဲလွန်စ နည်းနည်းပါးပါး ပေးနိုင်ခဲ့ပါတယ်။ သူလည်း ကြောက်လွန်းလို့ သေနတ်သမားမျက်နှာကို သေသေချာချာတောင် မကြည့်ရဲဘူး။ သူ့အပြောအရဆိုရင် သေနတ်သမားက နှာရောင်ကောက်ကောက်၊ နှုတ်ခမ်းထူထူ၊ ဂျာမန်သံဝဲတယ်လို့ ဆိုပါတယ်"

"သူ့အရပ်က တိုသလား၊ ရှည်သလား"

"သူက ကိုယ်တော်ကလေးလောက်တော့ မရှည်နိုင်တော့ဘူးလို့ ပြောတယ်။ သိပ်တော့ မသေချာဘူး။ ဒါပေမယ့် ... အဲဒီ သဘောတော့"

"အဲဒီကိုယ်တော်ပြောတာ ကျုပ် မယုံဘူး' ဗိုလ်မှူး ကက်ဒရောက အသံမာမာနှင့် ပြောလိုက်သည်။ 'အဲဒီတော့ ... သေနတ်သမား လိုက်ရှာရင် အချိန်ကုန်ရုံပဲ ရှိမယ်။ အရေးကြီးတာက ပါမောက္ခကြီးကို အမြန်ဆုံးပြန်ဖမ်းနိုင်ဖို့ပဲ။ သူ့ရုပ်ကို ကျုပ်တို့ ကောင်းကောင်းမှတ်မိတယ်' သူက ကုလားထိုင်ဘေးတွင် ထောင်ထားသော ဖိုင်တွဲကို ငုံ့ယူလိုက်ပြီး ... 'ဟောဒီဖိုင်ထဲမှာ သူ့ဓာတ်ပုံရှိတယ်"

"ဒီပုံကို ကျွန်တော်တို့ အမြန်ဆုံး အသုံးချမှဖြစ်မယ်" ရဲမှူးထရီဗီဆန်က ရုတ်တရက် အကြံရသလို ဝင်ပြောလိုက်သည်။

"ဟုတ်တယ်။ ဒီပုံကို အသုံးပြုရမယ်" ဗိုလ်မှူးကက်ဒရော့က ထောက်ခံလိုက်သည်။ ပြီးတော့ ... ဗိုလ်မှူးကြီး ကတ်ထရုန်းဘက်လှည့်ပြီး "မနေ့ညက နောက်ထပ် ဘာတွေ ဖြစ်သေးသလဲ။ အစောင့်က သေနတ်နဲ့ လှမ်းပစ်လိုက်ပြီး နောက်ပိုင်း"

"လူတိုင်းပဲ  ကိုယ့်တာဝန်ကိုယ် အမြန်ဆုံး လုပ်ကြတာပဲ"

ဗိုလ်မှူးကြီးကတ်ထရုန်းက လေသံအေးအေးဖြင့် ပြောသည်။ အန်တိုနီယိုက ဒဏ်ရာနဲ့လဲနေတဲ့ ကိုယ်တော်ကလေးကို လုံးဝဂရုမစိုက်နိုင်တော့ဘဲ တစ်ခါတည်း ကျောင်းဘက် ပြန်ပြေးလာခဲ့တယ်။ ပြီးတော့ ... မစ္စတာ ဗက်ဆလာကို နှိုးတယ်။  မစ္စတာ ဗက်ဆလာက ကျွန်တော့်ဆီ ချက်ချင်း တယ်လီဖုန်းလှမ်းဆက်တယ်။ ကျွန်တော်လဲ ဒီပြဿနာတော့ မသေးဘူးဆိုတာ ချက်ချင်းပဲ သတိပြုလိုက်မိတယ်။ ဒါနဲ့ ... ရဲစခန်းတွေအားလုံးနဲ့ မက်စထရီ၊ လီဒို၊ ကင်နာရီဂီယို၊ ကယ်ဆယ်လို ... မြို့တွေကို ချက်ချင်း သတင်းပို့လိုက်တယ်။



BURMESE CLASSIC .com

www.burmeseclassic.com



ပြီးတော့ ... ဆန်ဇကာရီယာ ရပ်ကွက်ဘက်က ထွက်ပေါက်မရှိအောင် လည်း အဲဒီက ရဲကင်းကို သတင်းပို့လိုက်တယ်။ ဒါနဲ့ ... ၁၀ မိနစ်အတွင်းမှာပဲ ဗင်းနစ်တစ်မြို့လုံးကို လေးဘက်လေးတန် ကင်းချထားလိုက်နိုင်တယ်။ ၁၀ နာရီခွဲလောက်မှာတော့ ထွက်ပေါက်မှန်သမျှ ပိတ်ထားလိုက်နိုင်တယ်။ ဝရမ်းပြေးဟာ လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်း ... ဘယ်လမ်းကမှ ထွက်ပြေးလို့ မရတော့ဘူး။ ကျွန်တော်တို့ ရေကြောင်း ကင်းတပ်ဖွဲ့ကလဲ အချိန်ပြည့် ကင်းလှည့်နေတယ်။ အဲဒီတော့ ... လူကြီးမင်းများကို ကျွန်တော် အစီရင်ခံချင်တာကတော့ ... ကျွန်တော်တို့ ပါမောက္ခကြီးဟာ ဗင်းနစ်မြို့ထဲမှာပဲ လေးဘက်လေးတန် ညှပ်ပူး ညှပ်ပိတ် ခံနေရပြီဆိုတဲ့ အချက်ပါပဲ"

"ဒီလိုဆို ... သူ့ကို ချက်ချင်း ဖမ်းမှဖြစ်မယ်" ဗိုလ်မှူး ကက်ဒရော့က ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဖမ်းရမယ်။ ဒါကြောင့်လဲ ဒီအရေးပေါ် အစည်းအဝေး ချက်ချင်းခေါ်ဖို့ မြို့တော်ဝန်ကို ကျွန်တော်က အကြံပေးခဲ့တာဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ဝရမ်းပြေးကြီးကိုတော့ ခြောက်ပြီးထောင်ဖမ်းနိုင်ဖို့အတွက် စုပေါင်းညှိနှိုင်းနိုင်အောင်လို့ အခုလို အစည်းအဝေး ခေါ်ယူခြင်း ဖြစ်ပါတယ်"

ဗိုလ်မှူးကက်ဒရော့က ထိုင်ရာမှ ထရပ်ပြီး အခြားပုဂ္ဂိုလ်ကို ကြည့်လိုက်သည်။

"ဒီတော့ ဒီမှာရှိကြတဲ့ ပုဂ္ဂိုလ်အားလုံး ... ပါမောက္ခ မက္ကဒေါနယ် လက်ထဲမှာ ဘာရှိတယ်ဆိုတာ သိကြတယ် မဟုတ်လား"

မြို့တော်ဝန် အက္ကာဒီက ဆံုလည်ကုလားထိုင်ကို စားပွဲနားရွှေ့ထိုင်ရင်း –

"ဟုတ်ပါတယ်။ အားလုံးသိပါတယ် ... ဗိုလ်မှူး။ ဗိုလ်မှူးကြီးကတ်ထရန်းက တစ်ဆင့် မစ္စတာ ဗက်ဆလာက ကျွန်တော်တို့ကို အားလုံးပြောပြပြီးပါပြီ"

"ပါမောက္ခ မက္ကဒေါနယ်ဟာ လူသားတွေကို ဒုက္ခပေးနေတဲ့ အန္တရာယ်အကြီးဆုံး ရောဂါတွေကို ပျောက်ကင်းစေနိုင်တဲ့ ဆေးနည်းကို တကယ် တွေ့ရှိထားပြီးပြီ" ဗိုလ်မှူးကက်ဒရော့က အားရပါးရ ပြောသည်။ "ဒီဆေးကို သူက 'စီ–၉၈' ဆိုပြီး နာမည်ပေးထားတယ်။ ဒီဆေးကို ထိုးပေးခြင်းအားဖြင့် သူ့ကိုယ်ခန္ဓာကိုယ်ထဲက အိုမင်းစေတဲ့ ကလာပ်စည်းတွေကို အားနည်းသွားစေနိုင်တယ်။ ဒီကမ္ဘာမှာ ဒီဆေးမျိုး ဒီတစ်ခါပဲ ပေါ်ဖူးသေးတယ်။ ဒီဆေးကိုရရင် လူကြီးမင်းတို့လဲ အသက် ၁၅၀ အထိ နေနိုင်တယ်။ ဒီတော့ ဒီကိစ္စ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပြောနေစရာတောင် မလိုတော့ဘူး"

www.burmeseclassic.com



"အဲဒီတော့ ... ကျုပ်ပြောချင်တာက ဒီဆေးကိုရရင် ကျုပ်တို့ ခေါင်းဆောင်တွေ သိပ္ပံညာရှင်တွေကို အရင်ထိုးပေးမယ်။ ပြီးတော့ ... မိတ်ဆွေနိုင်ငံတွေက ခေါင်းဆောင်တွေကိုလဲ ထိုးပေးမယ်"

"ဟုတ်ကဲ့ ... အလွန်လျော်ကန်သင့်မြတ်တဲ့ အစီအစဉ်ပါပဲ ဗိုလ်မှူး" မြို့တော်ဝန်က ဝင်၍ထောက်ခံလိုက်သည်။

ဗိုလ်မှူး ကက်ဒရော့က ဆက်ပြောသည်။

"ဒါပေမယ့် ... လောလောဆယ် ဒီပါမောက္ခကြီးကို ဖမ်းမိဖို့က အရေးကြီးနေတယ်။ ဘယ်လို ဖမ်းကြမလဲ။ စိတ်ကူးရှိရင် တင်ပြကြပါ"

"ဟုတ်ကဲ့။ ကျွန်တော် စိတ်ကူးထားတာရှိပါတယ်" ဗိုလ်မှူးကြီးကတ်ထရုန်းက ထိုင်ရာမှ ထ၍ပြောလိုက်သည်။ ထို့နောက် သူက လက်ထောက်မြို့ဝန်ထံမှ တုတ်ချောင်းကို ယူပြီး မြေပုံအနီးသို့ လျှောက်လာသည်။ "ပထမဆုံး လုပ်ရမှာကတော့ ... ဗင်းနစ်မြို့ကို ထွက်ပေါက်မရှိအောင် လေးဘက်လေးတန် အလုံပိတ်ထားဖို့ပဲ။ မနေ့ညက အချိန်လုပြီး လုပ်ခဲ့ရပေမယ့် ... ကျွန်တော်က ထွက်ပေါက်တွေ တတ်နိုင်သမျှ ပိတ်ထားလိုက်တယ်။ ဒါပေမယ့် စဉ်းစားစရာ နှစ်ချက်ရှိပါတယ်။ ပထမအချက်က ဗင်းနစ်မြို့မှာ ထွက်ပေါက်တွေ မရေမတွက်နိုင်အောင် ရှိတယ်ဆိုတာပဲ။ ဒီမှာကြည့်ပါ" သူက မြေပုံပေါ်မှ အစက် ကလေးများကို တုတ်နှင့် ထောက်ပြရင်း ...

"ဒီမှာ ... ဒီမှာ ပြီးတော့ ဒီမှာ။ ကျွန်တော်တို့ကတော့ ပိုက်ထောင်ထား ပြီးပြီ။ ဒါပေမယ့် ထွက်ပေါက်က မလုံသေးဘူး။ ထွက်ပေါက်တွေ ရှိနေသေးတယ်။ ဒုတိယအချက်က ကျွန်တော်တို့ဟာ အလွန်လိမ္မာပါးနပ်တဲ့ သားကောင်နဲ့ ရင်ဆိုင်နေရတယ်ဆိုတာ နားလည်ဖို့လိုတယ်။ မနေ့ညက ပါမောက္ခကြီးကို ဆွဲထုတ်သွားတဲ့ လူတွေဟာ သာမန်လူတွေ မဟုတ်ဘူး။ အင်မတန်လည်တဲ့လူတွေ၊ အဲဒီတော့ ကျွန်တော်တို့ရဲ့ ပိုက်မှာ အပေါက်ရှိနေရင်တော့ ဒီလူတွေ လွယ်လွယ်နဲ့ ထွက်ပြေးလွတ်မြောက်သွားမှာ ကျိန်းသေပေါက်ပဲ" သူက ဗိုလ်မှူး ကက်ဒရော့ကို ကြည့်လိုက်ပြီး "ဒါကြောင့်မို့ ပထမဆုံး လုပ်ရမှာက ပါမောက္ခကြီး ဒီမြို့မှာ ရှိနေသေးသလားဆိုတာ အတိအကျသိဖို့ပဲ။ ဒီကိစ္စသေချာအောင် ဒီနေ့ မိုးလင်းလင်းချင်း လိုအပ်တဲ့လုပ်ငန်းတွေ အမြန်ဆုံး ကျွန်တော်လုပ်ပါ့မယ်။ ရောမမြို့က ပြည်ထဲရေးဝန်ကြီးဆီ ဖုန်းဆက်မယ်။ ပဒူအာ၊ မီလန်စတဲ့မြို့တွေက ပြည်ထောင်စုရဲတပ်ဖွဲ့ဝင်တွေ လုံလုံလောက်လောက် ထပ်ပေးဖို့ တောင်းမယ်။ နေ့လယ်ပိုင်းကျတော့ ကျန်နေသေးတဲ့ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း ထွက်ပေါက်ကလေးတွေ အားလုံးကို ပိတ်လိုက်မယ်။ အဲဒီလိုဆိုရင် ဒီပါမောက္ခကြီး ဘယ်မှာ ထွက်ပြေးစရာ မရှိနိုင်တော့ပါဘူး"



BURMESE CLASSIC .com

www.burmeseclassic.com



ဗိုလ်မှူးကြီး ကတ်ထရန်းက မြေပုံနားမှ ပြန်လာပြီး တုတ်ချောင်းကို လက်ထောက်မြို့ဝန်ထံသို့ ထိုးပေးရင်း စားပွဲနားသို့ လျှောက်လာသည်။ ပြီးတော့ –"မြို့တော်ဝန်မင်း ခင်ဗျား။ ပါမောက္ခကြီးကို ဖမ်းဆီးရမိဖို့ထက် သူ့ဆေးနည်းကို သိမ်းဆည်းရမိဖို့က ပိုအရေးကြီးပါတယ်။ အပြင်က တစ်ယောက်ယောက်နဲ့ ဆက်သွယ်ပြီး တခြားကို ပို့မပစ်ခင် မိလိုက်နိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် မြို့တော်ဝန်မင်း ကိုယ်တိုင်ရော၊ မြို့တော်အုပ်ချုပ်ရေး ကောင်စီဝင်တွေရော၊ ပြီးတော့ ကုန်သည်တွေအနေနဲ့ရော နည်းနည်းတော့ စွန့်လွှတ်မှုပေးရမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒါက တခြားမဟုတ်ပါဘူး။ သူက ခဏရပ်ပြီးမှ ဆက်ပြောသည်။ ကျွန်တော်ဆိုလိုတာက ဒီနေ့မိုးလင်းတာနဲ့ တစ်ပြိုင်နက် ဗင်းနစ်မြို့ကို ယာဉ်အသွားအလာအားလုံး ပိတ်ပစ်ဖို့ ကိစ္စပါပဲ"

ဤတွင် မြို့တော်ဝန်က မျက်လုံးမျက်ဆန် ပြူးသွားပြီး –

"ခင်ဗျား ဘယ်လို ပြောလိုက်တာလဲ၊ ဒါ လုံးဝ မဖြစ်နိုင်ဘူး"

"ဖြစ်ကိုဖြစ်ရမယ် ခင်ဗျာ့" ဗိုလ်မှူးက အားနှင့် ထပ်ပြောသည်။ "ဒီအချိန်မှာ မြို့ထဲကနေ အပြင်သို့ ဘယ်သူမှ မထွက်စေရဘူး။ ကျွန်တော်တို့က ပါမောက္ခကြီးကို ထွက်ပေါက်တိုင်းက စောင့်ဖမ်းလို့ရတယ်။ ဒါပေမယ့် သူ့ဆေးနည်းယူလာတဲ့ တခြားလူတစ်ယောက်ကို ဘယ်လိုလုပ်ပြီး ဖမ်းနိုင်မလဲ။ ဘယ်လိုလုပ် သိနိုင်မလဲ။ လေးငါး ရက်အတွင်း ဘယ်သူ့ကိုမှ မြို့ပြင်ထွက်ခွင့် မပြုသင့်ဘူး။ ဒီနည်းနဲ့ ပါမောက္ခကြီးကို ကျွန်တော်တို့က ထောင်ဖမ်းမယ်။ ဆိုလိုတာက အိမ်ပြန်မယ့်ကမ္ဘာလှည့်ခရီးသည်တွေ၊ မက်စရီမြို့သွားပြီး အလုပ်လုပ်မယ့် စက်ရုံလုပ်သားတွေအားလုံး ဘယ်သူမှ မသွားရဘူး။ ကျွန်တော် တို့ကိစ္စပြီးမှ သွားခွင့်ပြုမယ်"

"အဲဒီလိုဆို အဓိကဂိုဏ်းတွေ ဖြစ်ကုန်လိမ့်မယ်"

"ဖြစ်ချင်တာဖြစ်ပါစေ၊ ကျွန်တော်တို့ သိတဲ့ လူအနည်းအကျဉ်းလောက်ကိုပဲ အထူးပါမစ်ပေးပြီး ထွက်ခွင့်ပြုမယ်။ မြို့တော်ဝန်မင်းကိုယ်တိုင် လက်မှတ်ထိုးထားတဲ့ ပါမစ်နဲ့မှ ထွက်ခွင့်ပေးမယ်။ ဒါပေမယ့် အခြေခံအားဖြင့်တော့ ကျွန်တော်တို့ကိစ္စ မပြီးမချင်း ဘယ်သူမှ မြို့ပြင်မထွက်ရဘူး။ ပြီးတော့ ဒါတင် မကသေးဘူး။ မြို့ထဲဝင်လာမယ့် လူတွေကိုလဲ လုံးဝ ဝင်ခွင့်မပြုဘူး"

မြို့တော်ဝန်က ကုလားထိုင်မှ ဝုန်းခနဲ ထရပ်လိုက်သည်။

"ဒါက အရူးလုပ်ရပ်ပဲ။ ပြန်ပြီးလဲ တွေးကြည့်ကြစမ်းပါဦး။ ဒီရာသီဟာ ကမ္ဘာလှည့်ခရီးသွားတွေ ခြေချင်းလိမ်နေတဲ့ ရာသီ။ ကျုပ်တို့ စီးပွားရေးက ကမ္ဘာလှည့် ခရီးသည်တွေအပေါ်မှာ တည်နေတယ်။ သူတို့မလာရဘူး ဆိုတော့ ကိုယ့်ကိုယ်ကို ပြန်သတ်တာနဲ့ အတူတူပဲပေါ့"



BURMESE CLASSIC .com

www.burmeseclassic.com



'အဲဒီလောက်လဲ မဟုတ်သေးပါဘူး။ လေးငါး ရက်လောက်နဲ့တော့ ကျွန်တော်တို့အတွက် သိပ်မဆိုးနိုင်ပါဘူး"

"ဒါနဲ့ ခင်ဗျားအစီအစဉ်က ဘာကြောင့် လိုအပ်တယ်လို့ ထင်သလဲ။ မြို့ထဲကလဲ မထွက်ရ၊ မြို့ပြင်ကလဲ မဝင်ရဆိုတော့ အဲဒါ ဘယ်လို အကျိုးရှိမှာတဲ့လဲ"

"အများကြီး အကျိုးရှိပါတယ် ခင်ဗျား။ ဒီအတိုင်းဖွင့်ထားရင် ပါမောက္ခရဲ့ မိတ်ဆွေတစ်ယောက်ယောက် မြို့ထဲဝင်လာနိုင်တယ်။ ပြီးတော့ အခြားလူတွေလဲ အများကြီး ဝင်လာမယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့ အနေနဲ့ အများကြီး လက်ဝင်သွားမယ်။ လူတိုင်း လိုက်စစ်နိုင်ဖို့ မလွယ်ဘူး။ ကျွန်တော် ပြောသလိုသာ မလုပ်ရင်တော့ ဘာမှလုပ်လို့ရတော့မှာ မဟုတ်ဘူး"

မြို့တော်ဝန်က ကုလားထိုင်တွေ ခြေပစ်လက်ပစ်ထိုင်နေသည်။ သူက လက်ကိုင်ပဝါထုတ်ပြီး မျက်နှာကို သုတ်လိုက်သည်။

"ကောင်းပြီလေ။ ဒီအတိုင်းပဲ လုပ်ရတော့မှာပေါ့။ အင်း ... အသက် ၁၅၀ ရောက်ဖို့အတွက် တော်တော်ခက်ခဲတဲ့လမ်းပါပဲ"

"ဒီမှာ ... ကတ်ထရန်း" တစ်ယောက်ယောက်က လှမ်းပြောလိုက်သည်။ ပါတီခေါင်းဆောင် ရာဂက်ဇီ။ "ခင်ဗျား စီမံကိန်းကို ဘယ်လို အကောင်အထည် ဖော်မတဲ့လဲ။ ဒီမြို့မှာ လူဦးရေ ငါးသောင်းလောက် ရောက်နေတယ်။ ဒီကိစ္စ သူတို့သိအောင် ဘယ်လိုရှင်းပြမလဲ။ အသက်ရှည်ဆေး ရှာဖွေတွေ့ရှိတဲ့ သိပ္ပံပညာရှင်ကြီးတစ်ယောက်ကို ရှာချင်လို့ပါလို့ ခင်ဗျား မပြောနိုင်ဘူး။ ပြောလို့ မဖြစ်ဘူး၊ အဲဒီလိုပြောလိုက်ရင် အရင်းရှင်နိုင်ငံတွေက ဝိုင်းအုံလာပြီး ကျုပ်တို့ကို အကျပ်ကိုင်လာကြလိမ့်မယ်။ ပါမောက္ခကြီးကို လွှတ်ပေးဖို့ တောင်းဆိုကြလိမ့်မယ်။ အဲဒီတော့ ဒီလူတွေကို ဘယ်လိုပြောမလဲ။ အကြောင်းမလုံလောက်ပဲ လုပ်ထားတဲ့ ကိစ္စတစ်ရပ်ကို အကြောင်းလုံလောက်အောင် ပြရလိမ့်မယ်။ ဒီတော့ ခင်ဗျားက ဘယ်လိုအကြောင်းပြမှာလဲ"

ဗိုလ်မှူးကြီး ကတ်ထရန်းက ခေါင်းညိတ်လိုက်ပြီး –

"ဟုတ်ကဲ့။ ဒီကိစ္စ ကျွန်တော် စဉ်းစားထားပြီးပါပြီ။ သတင်းတစ်ပုဒ် ထုတ်ပြန်ဖို့ ကျွန်တော် စိတ်ကူးထားတယ်။ ပထမ ကျွန်တော်စိတ်ကူးမိတာက ရှေးဟောင်းအဖိုးတန် ပန်းချီကားတစ်ချပ် ... ဆိုပါတော့ ပန်းချီဆရာကြီး တီရှန် ဆွဲခဲ့တဲ့ ကားတစ်ချပ်ပဲ ဆိုပါတော့၊ အဲဒါကို လူတစ်ယောက်ခိုးသွားလို့ သူ့ကို ဖမ်းမိအောင်လုပ်တာလို့ ပြောမယ်ဆိုပြီး စိတ်ကူးခဲ့ပါတယ်။ ဒါပေမယ့် ဒါလဲ မဖြစ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပန်းချီကားတစ်ချပ် ပျောက်တာနဲ့ အခုလို တစ်မြို့လုံးပိတ်ဆို့ရတဲ့ အဖြစ်မျိုးတော့ မလုပ်သင့်ဘူးဆိုပြီး လူထုက

www.burmeseclassic.com



မကျေမနပ် ဖြစ်လာနိုင်တယ်။ ဒါနဲ့ နောက်တစ်ခု ထပ်စဉ်းစားတော့" သူက စားပွဲမှ ပုဂ္ဂိုလ်များကို မျက်လုံးကစားကြည့်လိုက်သည်။ "ခုနည်းက အလုပ်ဖြစ်မယ့်နည်း၊ အဲဒါက တခြားမဟုတ်ဘူး။ အမေရိကန် သူလျှိုတစ်ယောက်က ကျွန်တော်တို့ရဲ့ ဒုံးကျည်ဒုံးခွင်း ကာကွယ်ရေး လက်နက်လျှို့ဝှက်ချက်တွေကို ခိုးယူသွားတယ်ဆိုပြီး"

"ခဏ ... ခဏ" ဗိုလ်မှူးကက်ဒရော့က ကြားဖြတ်ပြောလိုက်သည်။ "အဲဒီလူကို အမေရိကန် သူလျှိုလို့ ပြောတာ ကျုပ် မကြိုက်ဘူး။ အဲဒါဆိုရင် အမေရိကန်အစိုးရနဲ့ စာနယ်ဇင်းတွေက စုံစမ်းလာနိုင်တယ်"

"အမေရိကန်အစိုးရက ဒီအကြောင်း မသိပါဘူး"

"ခင်ဗျားက သတင်းမှောင်ချထားမယ်လို့ ဆိုတာလား"

"သတင်းဆက်သွယ်ရေးဌာနတွေ တစ်ခုမကျန်ပိတ်ထားမယ်။ ပုဂ္ဂလိက သံကြိုးတွေ၊ စာတွေလဲ တစ်ပတ်အတွင်း အပြင်လုံးဝ မပို့ရဘူး။ သံကြိုးသတင်းတွေလဲ လုံးဝမပို့ရဘူး။ ဒီအဆိုကို အားလုံးလက်ခံနိုင်မယ်လို့ ထင်ပါတယ်"

"နေပါဦး။ အရင်မလိုစမ်းပါနဲ့ဦး" ဗိုလ်မှူးကက်ဒရော့က ပြောသည်။ "အနာဂတ်ကိုလဲ ကြိုတွေးပါဦး။ ကျုပ်တို့က အဲဒီ သူလျှိုကို ဖမ်းမိပါပြီ ဆိုပါတော့။ မြို့ဝင် မြို့ထွက်နဲ့ သတင်းဆက်သွယ်ရေးတွေလဲ အားလုံး ပြန်ဖွင့်လိုက်ပြီဆိုပါတော့။ အဲဒီတော့ ကျုပ်တို့ ဖမ်းမိတဲ့သူလျှိုဟာ အမေရိကန် ဖြစ်တယ်ဆိုတာ သတင်းပျံ့သွားတော့မှာပေါ့။ အဲဒီလိုဆိုရင် အမေရိကန်နိုင်ငံ ခြားရေးဌာနနဲ့ ပင်တဂွန် စစ်ဌာနချုပ်က ဒီအတိုင်း လက်ပိုက်ကြည့်နေမတဲ့လား။ ဒါကို ကျုပ်သဘောမတူနိုင်ဘူး"

"ဟုတ်ကဲ့ ... ကောင်းပါပြီ။ ဒီလိုဆိုရင်လဲ နိုင်ငံခြားသူလျှိုတစ်ယောက်လို့ပဲ ရေးလိုက်တာပေါ့။ ဒါမှမဟုတ် အမေရိကန်သိပ္ပံပညာရှင်ယောင်ဆောင်သော နိုင်ငံခြားသူလျှိုပေါ့"

"အဲဒါကောင်းတယ်" ဗိုလ်မှူးကက်ဒရော့က သဘောတူလိုက် သည်။ ဗိုလ်မှူးကြီး ကတ်ထရန်းက ဆက်ပြောသည်။

"အဲဒီတော့ ... ဒီနိုင်ငံခြားသူလျှိုဟာ အီတလီနိုင်ငံရဲ့ အကြီးကျယ်ဆုံး စစ်လက်နက် လျှို့ဝှက်ချက်ကို ခိုးယူသွားတယ်။ သူဟာ ကြိုတင်ဆက်သွယ်ထားတဲ့လူနဲ့ တွေ့ဖို့အတွက် ဗင်းနစ်မြို့ကို ထွက်ပြေးလာခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့က သူလျှိုကို ဖမ်းဖို့အတွက် ဗင်းနစ်မြို့ကို အခြေအနေအရ ခေတ္တပိတ်ထားရခြင်း ဖြစ်တယ်။ ဒီအတွက် ပြည်သူတစ်ရပ်လုံးနဲ့ ကမ္ဘာလှည့်ခရီးသည်များအနေနဲ့ ကျွန်တော်တို့ကို ကူညီကြဖို့ သူလျှိုကို ဖမ်းမိတဲ့



BURMESE CLASSIC .com

www.burmeseclassic.com



အထိ သည်းခံပြီးစောင့်ကြဖို့ အလေးအနက် မေတ္တာရပ်ခံပါတယ်။ အဲဒီလိုဆိုရင် ဘယ့်နှယ်နေမလဲ”

“ဒါကို ကျုပ်ကြိုက်တယ်။ ကျုပ်ယုံကြည်တယ်” ဗိုလ်မှူးကက်ဒရေ့က ထောက်ခံသည်။

“ဟုတ်ကဲ့ … ကောင်းပါတယ်” မြို့တော်ဝန်က ဝင်ပြောသည်။ “နိုင်ငံလုံခြုံရေးအတွက်၊ ဟုတ်ပါတယ်။ သိပ်ပြီးကောင်းပါတယ်” သူက ခဏ မျက်နှာညှိုးသွားပြီး … “ဒါပေမယ့် ကျုပ်စိုးရိမ်မိတာ တစ်ချက်ရှိတယ်။ မြို့ကို လုံးဝပိတ်ထားပြီး သတင်းဆက်သွယ်ရေးတွေလဲ အားလုံး မှောင်ချထားမယ်ဆိုရင် … တခြားနိုင်ငံတွေက ဘယ်လိုထင်မလဲ။ ကျုပ်တို့မှာ အကြောင်းပြချက်တော့ ရှိရမယ်။ ကမ္ဘာ့သတင်းဌာနတွေ၊ တခြားစီးပွားရေးလုပ်ငန်းတွေ၊ အစိုးရအဖွဲ့တွေ၊ သူတို့ကို ဘယ်လိုပြောမလဲ။ ခိုင်လုံတဲ့အကြောင်းပြချက်ရှိဖို့ လိုလိမ့်မယ်”

ဗိုလ်မှူးကြီးကတ်ထရန်းက …

“အဲဒီအချက်ကိုလဲ ကျွန်တော် စဉ်းစားထားပြီးပါပြီ။ ကျွန်တော်တို့က များများမပြောဘူး။ နည်းနည်းပဲ ပြောမယ်။ ဒီနေ့ မိုးလင်းရင် သံကြိုးသတင်းထုတ်ပြန်မယ်။ ခပ်ကျဉ်းကျဉ်းနဲ့ လိုရင်းလောက်ပါ။ သတင်းဆက်သွယ်ရေးဌာနတွေ မပိတ်ခင် မိနစ်ပိုင်းအတွင်း ထုတ်ပြန်မယ်။ နိုင်ငံခြား သူလျှိုကို ဖမ်းမိဖို့အတွက် မြို့ဝင်မြို့ထွက်နဲ့ သတင်းဆက်သွယ်ရေး ဌာနတွေကို ပိတ်ရတဲ့အကြောင်း၊ သူလျှိုကို ဖမ်းမိတဲ့နေ့မှာ ချက်ချင်းပြန်ဖွင့်မယ့် အကြောင်း မြို့တော်ဝန်ကိုယ်တိုင် လက်မှတ်နဲ့ ကြေညာချက်ထုတ်ပြန်မယ်။ အဲဒါဆိုရင် ဘယ်သူမှ မကျေနပ်စရာ မရှိပါဘူး”

“ဘယ်သူမှ မကျေနပ်စရာ မရှိပါဘူး” မြို့တော်ဝန်က ထောက်ခံလိုက်သည်။ “ကမ္ဘာ့သတင်းဌာနတွေကလဲ ကျေနပ်မှာပါ”

“အဲဒီ သမ္ဘာ့သတင်းဌာနတွေ ဘေးချိတ်ထားလိုက်ပါ။ သူတို့က ကျွန်တော်တို့နဲ့ ဘာမှမပတ်သက်ပါဘူး” ဗိုလ်မှူးကြီး ကတ်ထရန်းက ပြောသည်။

“ကျုပ်လဲ သဘောတူတယ်” ဗိုလ်မှူးကက်ဒရေ့က ထောက်ခံသည်။

“အဲဒီတော့ … ခုချက်ချင်းလုပ်ရမယ့်ကိစ္စ ဆက်ဆွေးနွေးကြရအောင်” ဗိုလ်မှူးကြီးက မြေပုံနားလျှောက်သွားရင်း ပြောလိုက်သည်။ “ဒီနေ့ မိုးလင်းလင်းချင်း ဝရမ်းပြေးကို ရှာဖွေရေးလုပ်ငန်းစမယ်။ အဲဒီမှာ လုပ်စရာနှစ်ခုရှိတယ်။ ပထမအချက်က ဒီလုပ်ငန်းမှာ ပြည်သူတွေက ကျွန်တော်တို့နဲ့ ပူးပေါင်းပါဝင်ဖို့

www.burmeseclassic.com



မေတ္တာရပ်ခံမယ်။ စာနယ်ဇင်းတွေကို သတင်းထုတ်ပြန်မယ်။ ဒါမှ ပါးစပ်သတင်းနဲ့ အားလုံးပျံ့သွားမယ်။ အီတလီနိုင်ငံက စစ်လက်နက်လျှို့ဝှက်ချက်ခိုးတဲ့ နိုင်ငံခြားသူလျှို၊ ဒါမှ ပြည်သူတွေအားလုံး မျိုးချစ်စိတ်ကြောင့် မခံမရပ်နိုင်ဖြစ်ကုန်ကြမယ်။ ပြီးတော့ ... ပါမောက္ခကြီး မက္ကဒေါ်နယ်ရဲ့ ဓာတ်ပုံကိုလဲ လက်ကမ်းကြော်ငြာတွေ အများကြီးရိုက်ပြီး ဖြန့်ဝေမယ်။ နောက်ပြီး ... 'အလိုရှိသည်' ဝရမ်းပြေးကြော်ငြာပိုစတာကြီး ရိုက်ပြီးလဲ တစ်မြို့လုံးအနှံ့ လိုက်ကပ်မယ်" သူက ခေတ္တ ရပ်လိုက်ပြီး ... "ဒီတော့ ... ပြဿနာတစ်ခုက"

"ဆိုပါဦး။ ဘာပြဿနာလဲ" ဗိုလ်မှူးကက်ဒရော့က ကမန်းကတန်း လိုက်မေးသည်။

"မက္ကဒေါ်နယ် ကိစ္စပါ။ ပြည်သူတွေကို သူ့အကြောင်း ဘယ်လိုပြောမလဲ။ အဲဒီ သူလျှိုဟာ ပါမောက္ခ ဒေးဗစ်မက္ကဒေါ်နယ် ဆိုသူ ဖြစ်ကြောင်း၊ သူဟာ သူ့ရဲ့ သူလျှိုလုပ်ငန်းကို လူမသိအောင် သူ့ကိုယ်သူ ဇရာ တားဆီးရေး သိပ္ပံပညာရှင် နာမည်ခံယူထားကြောင်း ... အဲဒီလို ဖော်ပြလို့ ဖြစ်ပါ့မလား။ ဒါမှမဟုတ် နောက်နာမည်တစ်ခု လွှဲပြီး ပေးရင် ကောင်းမလား"

အားလုံး ငြိမ်နေကြသည်။ အတန်ကြာတော့မှ ဗိုလ်မှူး ကက်ဒရော့က စပြောသည်။

"နာမည်ရင်းကို သုံးလို့ အကျိုးမထူးဘူး။ အကျိုးယုတ်စရာသာရှိတယ်။ သူ့ကို သိတဲ့လူရှိရင် ကျုပ်တို့ သတင်းဖတ်ပြီး သံသယ ဝင်လာနိုင်တယ်။ ပြီးတော့ ... ကျုပ်တို့ သတင်းလိမ် ပေါက်ကြားသွားရင် အရေးပါတဲ့ ဌာနတွေမှာရှိတဲ့ သူ့မိတ်ဆွေတွေက ကျုပ်တို့ သတင်းကို လုပ်ကြံသတင်းဆိုပြီး ငြင်းနိုင်တယ်"

"ကျွန်တော်တို့ဘက်က သတင်းပေါက်စရာ မရှိပါဘူး။ သတင်းဌာနတွေအားလုံး ပိတ်ထားမှာပဲ" ဗိုလ်မှူးကြီး ကတ်ထရန်းက ထောက်ပြသည်။ "ဒါကြောင့်မို့ ... သူ့ကို တခြားနာမည်လိမ်နဲ့ပဲ ထုတ်ပြန်ရမှာပဲ"

"အဲဒါ မှန်တယ်"

"ကဲ ... ဒီတော့၊ နာမည်ရွေးကြပါ။ နာမည်ရင်းနဲ့ မတူစေရဘူး။ ဒါပေမယ့် ... ခပ်ဆင်ဆင်ဆိုရင် ပိုကောင်းမယ်။ ကျွန်တော့်အသိ အင်္ဂလိပ်ရဲ အရာရှိ တစ်ဦးတော့ရှိခဲ့ဖူးတယ်။ အခုတော့ သေသွားပြီ။ သူ့နာမည်က မဂ္ဂရီဂါတဲ့။ အဲဒီတော့ ... ကျွန်တော်တို့ သူလျှိုကို မဂ္ဂရီဂါလို့ နာမည်ပေးရင် ကောင်းမလား။ အီးမဂ္ဂရီဂါ ... ပေါ့"

သည်အဆိုကို အားလုံးပင် သဘောတူလက်ခံကြသည်။ သို့သော် ရဲမှူးထရီဗီဆန်က သူ့ထင်မြင်ချက်ကို တင်ပြပြန်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ကောင်းတော့ ကောင်းပါတယ်။ ဒါပေမယ့် သူ့ပုံမြင်ရင် သူဟာ ပါမောက္ခ မက္ကဒေါ်နယ်ဆိုတာ မှတ်မိတဲ့လူလည်း ရှိနိုင်သေးတယ်။ ဒီတော့"

ဗိုလ်မှူးကြီး ကတ်ထရန်းက ဖြတ်ပြီး –

"အဲဒီတော့ကော ဘာအကြောင်းထူးမလဲ။ သတင်းဌာနတွေအားလုံး ဖြတ်ထားတာပဲ။ သူတို့က အကျောက်အကန် ပြောလာရင်လဲ တူတာဖြစ်ပါလိမ့်မယ်လို့ ပြောလိုက်ရုံပဲပေါ့"

"ဟုတ်ကဲ့ ... အဲဒီလိုဆိုဖြစ်ပါတယ်" ရဲမှူးထရီဗီဆန်က ကျေနပ်သွားသည်။

ဗိုလ်မှူးကတ်ထရန်းက ဆက်ပြောသည်။

"ဒီတော့ နိဂုံးချုပ်စကား ပြောရရင် ... အခု ဒီမြို့မှာ လူပေါင်း တစ်သောင်းရှိတယ်။ အဲဒီအထဲကမ္ဘာလှည့်ခရီးသည်တွေပါ ထပ်ထည့်ဦး။ သူတို့အားလုံး ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ မေတ္တာရပ်ရမယ်။ မက္ကဒေါ်နယ်ကို တွေ့ရင် ရဲလက်အပ်ဖို့ အကူအညီတောင်းရမယ်။ ဒါဟာ ... ကျွန်တော်တို့ရဲ့ ပထမဆုံး တိုက်စစ်ပဲ။

"ဒုတိယတိုက်စစ်ကတော့ ဒီနေရာပဲ" သူက မြေပုံပေါ်တွင် ဗင်းနစ်မြို့ တစ်ဝိုက်ကို လက်ညှိုးနှင့် ဝိုင်းပြလိုက်သည်။

"မြို့အရှည်က နှစ်မိုင်ရှိတယ်။ အေးအေးဆေးဆေး လမ်းလျှောက်သွားရင် တစ်နာရီခွဲလောက် လျှောက်ရမယ်။ ကျွန်တော်တို့ဘက်က တစ်ပန်းသာတာက ဒီတစ်ဝိုက်မှာ တူးမြောင်းပေါင်း ၁၈၇ ခုရှိတဲ့ အချက်ပဲ။ အားလုံးပေါင်း ၂၈ မိုင်ရှိတယ်။ ဒီလမ်းတွေက သူထွက်ပြေးပေမယ့်လဲ မလွတ်နိုင်ဘူး။ အစောင့်တွေ ထူထူထပ်ထပ် ချပေးထားမယ်။ ပြီးတော့ ... ဗင်းနစ်မြို့မှာ လမ်းကြိုလမ်းကြား လမ်းသေးလမ်းမွှားပေါင်း သုံးထောင်လောက်ရှိတယ်။ အားလုံးပေါင်း မိုင် ၉၀ လောက်ရှည်တယ်။ အဲဒီတော့ ... ကျွန်တော်တို့ဘက်က ဟာကွက်က အချိန်အကန့်အသတ်ပဲ။ အချိန်မီမလုပ်နိုင်ယင် မအောင်မြင်နိုင်ဘူး။ အဲဒီလမ်းကြိုလမ်းကြားတွေ အားလုံး ဝင်ရှာရမယ်။ တစ်မြို့လုံးမှာ အိမ်ခြေပေါင်းသုံးသောင်းလောက် ရှိမယ် ထင်တယ်။ အတိအကျတော့ မသိဘူး" သူက မြေပုံပေါ်တွင် လက်ထောက်ပြရင်း ... "ဒါက ဂရင်းတူးမြောင်းကြီး၊ မြို့ကို နှစ်ပိုင်းပိုင်းထားတယ်။ လူစည်ကားဆုံးနေရာပဲ။ တူးမြောင်းအရှည်ပေ ၁၀,၄၀၀ ရှိတယ်။ ဒီနေရာမှာ တစ်ပေမလပ်ရအောင် အစောင့်ရဲတွေ ချထားရမယ်။ အီတလီမှာ စုစုပေါင်း ပြည်ထောင်စု ရဲတပ်ဖွဲ့ဝင်တစ်သိန်းခွဲရှိတယ်။ မနက်ဖြန် သန်ဘက်ခါဆိုရင် အဲဒီရဲတွေအားလုံး ဗင်းနစ်မြို့ကို ရောက်လာတော့မယ်။ ဒီတော့ ... ဒီအဘိုးကြီး ဘယ်ပြေးမလဲ။ ပြေးစမ်းပါစေ"



BURMESE CLASSIC .com

www.burmeseclassic.com



သူက ခေတ္တရပ်ပြီး စားပွဲမှ ပုဂ္ဂိုလ်များကို ကြည့်လိုက်သည်။ ပြီးတော့ ဆက်ပြောသည်။

"ပြည်ထောင်စု ရဲတပ်ဖွဲ့တွေအပြင် ထရီဗီဆန်ရဲ့ မြို့စောင့်ရဲတွေလည်း ရှိသေးတယ်။ ဒီရဲတွေကို တစ်မြို့လုံးအနှံ့ ဖြန့်ချထားမယ်။ ပြီးတော့ ... ရှာဖွေရေး တပ်ဖွဲ့ဝင်တွေကလဲ အိမ်ခန်းတွေ၊ ဈေးဆိုင်တွေ၊ ကဖီးဆိုင်တွေ၊ ဟိုတယ်တွေ၊ အစိုးရအဆောက်အအုံတွေ အားလုံးတစ်ခုမကျန် လိုက်ရှာကြမယ်။ ရှာဖွေရေးကို တစ်နာရီတစ်ကြိမ်ကျ လုပ်မယ်" သူက ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြီး .... "ကဲ ... မိုးလဲ လင်းနေပါပြီ။ အလုပ် စကြတော့မယ်။ အချိန်ကုန် မခံနိုင်ဘူး"

*

တင်ကျော်ဒန် အိပ်ရာမှ နိုးလာသည်။ တစ်ခန်းလုံး မှောင်မည်းနေသည်။ သန်းခေါင်လောက်ပဲ ရှိလိမ့်ဦးမည်ဟု သူက ထင်မိသည်။

ခုတင်ဘေးရှိ စားပွဲပေါ်မှ နာရီကို ယူကြည့်လိုက်သည်။ နံနက် ၁၀ နာရီထိုးပြီးလို့ ၅ မိနစ်တောင် ကျော်နေပြီ။

သို့ပေမယ့် အခန်းထဲမှာတော့ မှောင်နှင့်မည်းမည်း၊ သူက အိပ်ရာဝင်ခါနီး ပြတင်းတံခါးများမှ တရုတ်ကတ်တွေကို ပိတ်သည့်အပြင် အစိမ်းရောင် လိုက်ကာအထူကြီးတွေကိုလည်း ဆွဲချထားခဲ့သောကြောင့် ဖြစ်သည်။

သူသည် ညတုန်းက အဖြစ်အပျက်ကို ချက်ချင်း သတိရမိသည်။ ပါမောက္ခကြီးသည် သူနှင့် တစ်ခုတင်တည်း အတူအိပ်ခဲ့သည်။ အခု သူ့ဘေးတွင် ပါမောက္ခကြီး မရှိတော့။ သူ စောစောထပြီး တစ်နေရာရာ သွားထိုင်နေတာ ဖြစ်မည်။ တိတ်တိတ်ကလေး ထွက်ပြေးသွားတာတော့ မဟုတ်တန်ရာ။

သို့သော် သူ့စိတ်ထဲကတော့ မသိမသာ စိုးရိမ်လိုက်မိသည်။

အိပ်ရာမှ ကမန်းကတန်း လူးလဲထလိုက်ပြီးတံခါးဆီသို့ လျှောက်လာခဲ့သည်။ တံခါးရွက်ကို ဟရုံဖွင့်ပြီး နားစွင့်လိုက်သည်။ အယ်လီဆင်၏ အသံကို အရင်ကြားရသည်။ ပြီးတော့ ပါမောက္ခကြီးအသံကို ကြားရသည်။

သူက တံခါးရွက်တွန်းဖွင့်ပြီး လှမ်းမေးလိုက်သည်။

"မင်္ဂလာနံနက် ...။ မနက်စာ စားပြီးကြပြီလား"

"မစားသေးဘူး။ ရှင့်ကို စောင့်နေတာ"

"အဲဒီတော့ မှာလိုက်လေ။ မင်းတို့နှစ်ယောက်အတွက်ရော၊ ငါ့အတွက်ရော တစ်ခါတည်းမှာလိုက်ပါ။ ဖုန်းဆက်ပြီး မှာလိုက်ပေါ့။ ဆရာကြီးတော့ ဖုန်းကို လုံးဝမကိုင်ပါနဲ့။ စားပွဲထိုး ဝင်လာတဲ့အခါ ဆရာကြီးကို ရေချိုး

www.burmeseclassic.com



ခန်းထဲ သွင်းလိုက်၊ စားပွဲထိုး မြင်သွားလို့ မဖြစ်ဘူး။ ငါ့အတွက်တော့ လိမ္မော်ရည်၊ ကြက်ဥမွှေ၊ လက်ဖက်ရည်ပူပူ၊ ပြီးတော့ ပေါင်မုန့် ထောပတ်သုတ်"

"ကောင်းပြီလေ၊ ကျွန်မ မှာလိုက်မယ်။ ဒါနဲ့ အပြင်မှာ ဘာတွေဖြစ်နေမယ် ထင်သလဲ။ ကျွန်မတို့ ကျွန်းက ထွက်ပြေးလာကတည်းကပေါ့"

"ငါလဲ ဘာသိဦးမှာလဲ။ ဒါပေမယ့် မှန်းကြည့်ရင်တော့ ဘာတွေဖြစ်နေမယ်ဆိုတာ သိနိုင်ပါတယ်။ ကဲ ... မနက်စာသာ မှာလိုက်ပါ။ ငါရေချိုးလိုက်ဦးမယ်။ သိပ်မကြာပါဘူး။ ပြီးတော့မှ အေးအေးဆေးဆေး ပြောကြတာပေါ့ ဟုတ်လား"

ထို့နောက် ရေချိုးခန်းဘက် ဆက်လျှောက်လာခဲ့ပြီး ခန်းဆီးလိုက်ကာကြီးကို ဆွဲဖွင့်လိုက်သည်။ ပြီးတော့ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

အပြင်ဘက်တွင် တစ်မိုးလုံး အုံ့မှိုင်းနေသည်။ ရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးတွေ တဖျတ်ဖျတ် လူးလွန့်နေကြသည်။ ကူးတို့ဆိပ်တွင် ဆိုက်ကပ်ထားသော မော်တော်ဘုတ်ကလေးတွေက ရေထဲတွင် ယိမ်းကနေကြသည်။ မိုးရေဆေးထားသော လမ်းမကြီးသည် ပြောင်လက်နေသည်။

တင်ကျော်ဒန်သည် ရေချိုးခန်းထဲမှ ရာဘာခင်းပေါ်တွင် ရပ်ရင်း ခေါင်းပေါ်မှ ရေပန်းကို ဖွင့်လိုက်သည်။ မိုးကြီးရွာသလို ရေတွေ တအားပန်းကျလာသည်။ သူသည် အားရပါးရ ရေချိုးရင်း ညတုန်းက ဖြစ်ရပ်တွေကို ပြန်တွေးနေသည်။

ပါမောက္ခကြီးအား သွားရောက်ကယ်တင်ခဲ့သော လုပ်ငန်းမှာ ဝမ်းသာစရာကောင်းသလို စိတ်ညစ်စရာလည်း ကောင်းသည်။ ပါမောက္ခကြီး အား ချောမောအောင်မြင်စွာ ခေါ်ထုတ်လာနိုင်ခဲ့သောကြောင့် ဝမ်းသာခဲ့ရသည်။ အစောင့်ရဲက ချက်ချင်းသိသွားသဖြင့် ပါမောက္ခကြီး ဗင်းနစ်မြို့ပြင်သို့ မထွက်နိုင်အောင် ပိတ်ဆို့ထားမည်ကို တွေးမိပြီး စိုးရိမ်စိတ်ဖြစ်ရသည်။

လွန်ခဲ့သော ညတုန်းက ကျော်ဒန်သည် ပါမောက္ခ မက္ကဒေါ်နယ်နှင့် အယ်လီဆင်တို့အား ဒင်နီယယ်လီ ဟိုတယ်ဘေးမှ ကူးတို့ဆိပ်သို့ ခေါ်လာခဲ့သည်။ ဟိုတယ် ဧည့်ခန်းထောင့်မှ တိတ်တိတ်ကလေး ဖြတ်ဝင်ပြီး အပေါ်ထပ်သို့ တက်လျှင် မည်သူမျှ မမြင်နိုင်ဟု ကျော်ဒန်က တွက်ထားသည်။ ထို့ကြောင့် သူတို့နှစ်ယောက်အား ဟိုတယ်ထဲ ခပ်မြန်မြန် ဝင်ပြီး သူ့အခန်းထဲတွင် သွားနေကြရန် ပြောလိုက်သည်။

သူတို့နှစ်ယောက် ထွက်သွားပြီးနောက် ကျော်ဒန်သည် မော်တော်ဘုတ်ကို တူးမြောင်းထဲမှ ပြန်ထုတ်ပြီး ကူးတို့ သမားကြီး စီမိုလာတေးထံ ပြန်အပ်ခဲ့သည်။ ထို့နောက် ဟိုတယ်သို့ ပြန်လာခဲ့ပြီး သူ့အခန်းထဲတွင်

www.burmeseclassic.com



ပါမောက္ခကြီးနှင့် အယ်လီဆင်တို့နှင့် ပြန်ဆုံသည်။ ထိုအချိန်တွင် ပါမောက္ခ မက္ကဒေါ်နယ်မှာ စိတ်လှုပ်ရှားခြင်း မရှိတော့ဘဲ အေးအေးဆေးဆေး တည်တည် ငြိမ်ငြိမ် ဖြစ်နေပြီ။

ဂျော်ဒန်က ပါမောက္ခကြီးအား ကော့ညက် အရက်နှင့် ဧည့်ခံသည်။ သူက အရက်သောက်ရင်း ပါမောက္ခကြီးအား ဗင်းနစ်မြို့အကြောင်း သိကောင်း စရာတွေကို ပြောပြသည်။ သို့သော် ညတုန်းက စွန့်စားမှုကြီးအကြောင်း၊ ဆက်လက်ရင်ဆိုင်ကြရဦးမည့် အခြေအနေဆိုးများ အကြောင်းကိုမူ စကားဦး ပင် လုံးဝမသန်း။ သဘောကတော့ ပါမောက္ခကြီးအား စိတ်ပြေလက်ပျောက် အေးအေးဆေးဆေး အပန်းဖြေ အနားယူစေလိုသောကြောင့်ပင်။

နောက်ဆုံး ပါမောက္ခကြီးအား အိပ်ရာဝင်ခိုင်းလိုက်သည်။ အယ်လီ ဆင်လည်း ရှေ့ဆင့်နောက်ဆင့်ပင် သူမအခန်းထဲ ဝင်သွားသည်။

ဂျော်ဒန်က မအိပ်သေး။ တစ်ယောက်တည်း ထိုင်ကာ အရက်ဆက် သောက်နေသည်။ သူက သူ့အခြေအနေကို တွေးကြည့်သည်။ မိမိလုံးဝမသိ သော လူတစ်ယောက်ကိစ္စတွင် အန္တရာယ်ကို မကြောက်ဘဲ ယခုလို ဘုမသိ ဘမသိ ပါဝင်ဆောင်ရွက်ခြင်းသည် သူ့အတွက် မှန်ကန်သော လုပ်ရပ်ဟု ဆိုနိုင်ပါမည်လား။

သူသည် တဖြည်းဖြည်းနှင့် အရက်ရှိန်တက်ပြီး အတော်ကလေး ထွေလာသည်။ ထို့ကြောင့် တွေးလက်စအတွေးကို ရပ်ပစ်လိုက်ပြီး အယ်လီ ဆင် အကြောင်းကို ဆက်တွေးနေသည်။

သူမအကြောင်းကိုလည်း သူဘာမျှမသိ။ သို့သော် သူမအား မြင်မြင် ချင်း တန်းတန်းစွဲဖြစ်နေပြီဆိုတာကိုတော့ သူ ကောင်းကောင်းကြီးသိသည်။ သူ့အနေဖြင့် အယ်လီဆင်အား ဘယ်အတိုင်းအတာအထိ စွဲနေမိပြီဆိုတာ ပါး စပ်နှင့် ရှင်းပြ၍ပင် ရနိုင်မည်မဟုတ်ဟု ထင်မိသည်။

အရက်တန်ခိုးကြောင့် မျက်ခွံတွေလေးလံပြီး ငိုက်မျဉ်းလာတော့မှ အိပ်ရာထဲ ဝင်ခဲ့သည်။ ခေါင်းအုံးပေါ် ခေါင်းချလိုက်သည်နှင့် ချက်ချင်းလိုပင် အိပ်ပျော်သွားခဲ့သည်။

*

ယခုတော့ သူသည် ရေချိုးခန်းထဲရောက်နေသည်။ ပါမောက္ခ မက္က ဒေါ်နယ်အား ဗင်းနစ်မြို့မှ အမြန်ဆုံး ထုတ်နိုင်ရေးကိုသာ သူက အလေးအနက် တွေးမိသည်။ လောလောဆယ်တွင်တော့ သူ့အနေဖြင့် ဘယ်လိုမှ စဉ်းစားလို့ မရ။ ဘယ်လိုမှ မတွေးတတ်အောင် အကျပ်ရိုက်နေသည်။ အို … နောင်ခါလာ နောင်ခါချေး။ မီးစဉ်ကြည့်ကရတာပေါ့။



BURMESE CLASSIC .com

www.burmeseclassic.com



ကမန်းကတန်း အခန်းထဲဝင်၊ ကိုယ်လက်သုတ်၊ အဝတ်အစားလဲပြီးနောက် ဧည့်ခန်းသို့ဝင်လာခဲ့သည်။ အယ်လီဆင်က စားပွဲတွင် ထိုင်နေ သည်။ စားပွဲထိုးက နံနက်စာဗန်းကို စားပွဲပေါ် လာချသည်။ ပါမောက္ခကြီး တော့ အခန်းထဲတွင် မရှိ။ ဂျော်ဒန်က အခြေအနေကို နားလည်ကြောင်း အယ် လီဆင်အား မျက်စိတစ်ချက်ပြလိုက်ပြီးနောက် –

"ငါ ... ခုချက်ချင်း ပြန်လာခဲ့မယ်။ သတင်းစာသွားယူလိုက်ဦးမယ်။ ဘာသတင်းတွေများ ထူးမလဲ မသိဘူး"

သူသည် လှေကားမှ ခပ်မြန်မြန်ကလေး ဆင်းပြီး ဟိုတယ်မန်နေဂျာ၏ စားပွဲသို့ လာခဲ့သည်။ မန်နေဂျာ ဖေးဘရစ်နှင့် လက်ထောက်အမှုထမ်းနှစ်ယောက်တို့က အီတာလျံသတင်းစာတစ်စောင်ကို အငမ်းမရ ဝိုင်းဖတ်နေကြသည်။

"မင်္ဂလာနံနက်ပါ ... မစ္စတာ ဖေးဘရစ်။ 'ဘယ်ရယ်လ်ဒ်ထရစ်ဗွန်း" ၄ များ ရနိုင်ပြီလား"

"မင်္ဂလာနံနက်ပါ မစ္စတာ ဂျော်ဒန်။ မလာသေးဘူးဗျ။ ဧကန္တတော့ ဒီနေ့သတင်းစာ နောက်ကျပြန်ပြီနဲ့ တူတယ်။ သတင်းစာ လုပ်သားတွေ သပိတ်များမှောက်ပြန်ပြီလား မသိဘူး" သူက သူ့လက်ထောက်တွေ ဖတ်နေသော သတင်းစာကို မေးငေါ့ပြရင်း "ဒီနေ့တော့ သတင်းထူး သတင်းဦးပဲဗျ။ အီတလီသတင်းစာတွေအားလုံး ဒီသတင်းပဲ အသားပေး ဖော်ပြကြတာပဲ။ ခင်ဗျား 'ဗင်းနစ်ဂေဇက်' ကြည့်ပြီးပြီလား"

"ဟင့်အင်း ... မကြည့်ရသေးဘူး။ ကျွန်တော် ခုနကပဲ အိပ်ရာက ထသေးတယ်"

ဖေးဘရစ်က ကောင်တာအောက်မှ သတင်းစာခေါက်တစ်ခုကို ဆွဲယူပြီး စားပွဲပေါ် တင်လိုက်သည်။ ဂျော်ဒန်က မျက်နှာဖုံးအပေါ်ပိုင်းကို လှမ်းကြည့်လိုက်သည်။ သုံးလက်မလောက်မြင့်သော အီတာလျှံစာလုံးများဖြင့် ခေါင်းစည်းစာတန်းကို ခပ်မြန်မြန် ဖတ်ကြည့်လိုက်သည်။

**ဗင်းနစ်မြို့ထဲ ပုန်းနေသော စစ်သူလျှို**
ဆက်လက်တွေ့ရသော ခေါင်းစဉ်စာတန်းများကတော့ ...
**ရဲအဖွဲ့က အရေးပေါ် ကြေညာချက် ထုတ်ပြန်**
**မြို့တွင်းမြို့ပြင် အဝင်အထွက် ယာဉ်အားလုံး ပိတ်လိုက်ပြီ**
**ကာကွယ်ရေး လျှို့ဝှက်ချက် ခိုးသွားသူ နိုင်ငံခြားသူလျှို တစ်မြို့လုံး ပိုက်စိပ်တိုက် ရှာဖွေနေပြီ**

Quality Publishing House

BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်သည် စစ်သူလျှိုဟူသော စကားလုံးကြောင့် ဇဝေဇဝါ ဖြစ်သွားမိပြီး တစ်ချိန်တည်းတွင် သူတို့၏ စွန့်စားမှုကြီးအကြောင်း လုံးဝဖော်ပြမထားသောကြောင့် ကျိတ်ပြီး ဝမ်းသာလိုက်မိသည်။

သို့ဖြင့် သတင်းစာကို ကောက်ယူပြီး မျက်နှာဖုံးသတင်းကို အပြည့်အစုံ ဖြန့်ကြည့်လိုက်သည်။ စာမျက်နှာအောက်ပိုင်းတစ်နေရာတွင် ပါမောက္ခမက္ကဒေါ်နယ်၏ပုံကြီးချဲ့ဓာတ်ပုံကို ဘွားခနဲ တွေ့လိုက်ရသည်။ ဓာတ်ပုံအောက်မှ စာလုံးမည်းဖြင့် ထင်ထင်ရှားရှား နှိပ်ထားသော စာတန်းကတော့ –

***သူ့ကိုတွေ့လျှင် ရဲကို အကြောင်းကြားပါ။***

**ဤပုံသည် အီတလီနိုင်ငံက တီထွင်လိုက်သော ဒုံးခွင်းဒုံးကျည် လက်နက်နှင့် ပတ်သက်သည့် လျှို့ဝှက်ပုံစံများကို ခိုးယူသွားသူ အီး၊ မဂ္ဂရီဂါဆိုသူ၏ဓာတ်ပုံဖြစ်သည်။ သူသည် အမေရိကန် သိပ္ပံပညာရှင်ယောင်ဆောင်နေသော နိုင်ငံခြားသူလျှို ဖြစ်သည်။ ယခုအခါ သူသည် ဗင်းနစ်မြို့ထဲတွင် ပုန်းအောင်းလျက် ရှိသည်။ သူ့ကို လက်ရဖမ်းမိအောင် ရှာဖွေရေးလုပ်ငန်းသည် အီတလီနိုင်ငံတွင် အကြီးအကျယ်ဆုံး ဝရမ်းပြေးဖမ်းဆီးရေးလုပ်ငန်းကြီး ဖြစ်သည်။**

ဂျော်ဒန်က ဖတ်ရသော သတင်းကို သဘောကျပြီး ခပ်တိုးတိုး ကလေးလေချွန်လိုက်မိသည်။ သူသည် အခြေအနေကို ချက်ချင်း နားလည် လိုက်သည်။ ပါမောက္ခမက္ကဒေါ်နယ် မည်သူမည်ဝါဖြစ်ကြောင်း၊ သူ၏ထူး ဆန်းသော ရှာဖွေတွေ့ရှိမှုကြီးအကြောင်း၊ ယင်းရှာဖွေတွေ့ရှိမှုကို သူတို့က မောင်ပိုင်စီးလိုကြောင်း စသည်တို့ကို အာဏာပိုင်တွေက အမှန်အတိုင်း မဖော်ပြဘဲ မဟုတ်မမှန် 'လန်ကြုတ်' သတင်းတစ်ပုဒ်ကို ထုတ်ပြန်လိုက်ပြီ။

"တွေ့တယ် မဟုတ်လား ... သတင်းထူးကြီး" မစ္စတာဖေးဘရစ်က ဂျော်ဒန်အား မေးလိုက်သည်။

"ဒီသူလျှိုကိစ္စကြောင့် တစ်မြို့လုံးပိတ်လိုက်ရတဲ့ သတင်းကို ခင်ဗျား ပြောတာလား"

"အဲဒါပေါ့၊ စာမျက်နှာကို လှန်ကြည့်စမ်းပါဦး။ ကျုပ်တော့ ကျုပ်အသက် ၅၅ နှစ်အတွင်းမှာ ဒါမျိုးတစ်ခါပဲ ကြုံဖူးသေးတယ်။ ကြားမကြားဖူးပါဘူး။ တော်တော်ဆိုးတဲ့ အရေးပေါ် အခြေအနေပဲ။ မြို့ထဲကိုလဲ ဘယ်သူမှ မဝင်ရဘူးတဲ့။ မြို့ပြင်ကိုလဲ လုံးဝထွက်ခွင့်မပြုဘူးတဲ့။ အဲဒါက ဘယ်လောက်ထိ ကြာမယ်ဆိုတာ ဘယ်သူမှ မသိဘူး။ အဲဒီသူလျှိုကို ဖမ်းမိတဲ့အထိ ဒီလိုပဲ နေကြရမှာ။ အဲဒီတော့ ဒီဂယက်ကြောင့် ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ ခင်ဗျား တွေးမိရဲ့လား။ အခု ကျုပ်တို့ မြို့ထဲမှာ အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊

www.burmeseclassic.com



ဂျာမန်၊ ဂျပန် ပြီးတော့ တခြားနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်တွေ တစ်ပုံကြီး ရှိနေတယ်။ ဒီသတင်း သူတို့ ဖတ်ရရင် ဘယ်လိုနေမယ် ထင်သလဲ။ ဘယ်ပြော ကောင်းမလဲ။ အားလုံး ဒေါသူပုန်ထကုန်ကြလိမ့်မယ်။ သူတို့အနေနဲ့ အပန်းဖြေ စခန်းတွေလည်း သွားလို့မရတော့ဘူး။ အိမ်ပြန်ချင်တဲ့လူတွေလဲ မပြန်နိုင်တော့ ဘူး။ ဒီမှာပဲ ငုတ်တုတ်ကြီး ထိုင်နေကြရတော့မယ်။ ဘယ်လောက်ကြာမယ် ဆိုတာ ဘယ်သူပြောနိုင်ပါ့မလဲ။ ဒီအတိုင်းဆိုရင် ... ဒီအရှုပ်တော်ပုံထဲမှာ ဘာ မဆိုင်ညာမဆိုင်ဘဲနဲ့ အသားလွတ်အချောင်ခံရမှာကတော့ ကျုပ်တို့ပဲ။ သူတို့က ကျုပ်တို့ဆီ ဝိုင်းလာပြီး တစ်ယောက်တစ်ပေါက်နဲ့ အရမ်းကြိမ်းကြတော့မှာ။ အဲဒီတော့ ကျုပ်တို့က သူတို့ကို ဘယ်လိုပြန်ပြောရမှာလဲ"

"တစ်ယောက်မှ မြို့ပြင်မထွက်ရဘူးဆိုတာတော့ ကျွန်တော် မယုံ ဘူး။ ထွက်သင့်တဲ့ လူတွေကိုတော့ ခြွင်းချက်နဲ့ ခွင့်ပြုလိမ့်မယ်။ ထင်တယ်"

"သတင်းကို အစအဆုံး ဖတ်ကြည့်ပါလား။ သူတို့က အဲဒီအတိုင်းပဲ ပြောထားတာပဲ"

ဂျော်ဒန်က သတင်းစာကို ပြန်ခေါက်လိုက်ပြီး ... "ဒီသတင်းစာကို ကျွန်တော် ယူသွားမယ်။ ကျွန်တော့် စာရင်းထဲ မှတ်ထားလိုက်ပါ"

ထို့နောက် သူသည် အပေါ်ထပ်သို့ ခပ်သုတ်သုတ် ပြန်တက်လာခဲ့ သည်။ အခြေအနေတော့ မလွယ်တော့ဘူး ဟူသော အတွေးကြောင့် သူ့ဦး နှောက်ထဲတွင် ဗလောင်ဆူဝေနေသလို ခံစားရသည်။

အခန်းထဲ ဝင်လိုက်သည်။ ပါမောက္ခကြီးနှင့် အယ်လီဆင်တို့သည် မှန်ခင်းစားပွဲတွင် ထိုင်ကာ နံနက်စာ စားနေကြသည်။ သူက ၎င်းတို့အား ဂရုမစိုက်ဘဲ တံခါးဝမှ ပလတ်စတစ်ပြားကို ဆွဲချပြီး မီးခလုတ်ကို နှိပ်လိုက် သည်။ ပလတ်စတစ်ပြားပေါ်တွင် မီးရောင်စာတန်းပေါ်လာသည်။

**အလုပ်လုပ်နေသည်**
**မည်သူမျှ မဝင်ရ**

"စားပွဲထိုးနဲ့ သန့်ရှင်းရေးသမားတွေ မလာနိုင်အောင် လုပ်တာပါ။ ကျွန်တော်တို့အလုပ်ကို ဘယ်သူမှ မသိစေချင်ဘူး"

သူက စားပွဲနား လျှောက်လာရင်း ပြောလိုက်သည်။

အယ်လီဆင်၏မျက်နှာတွင် သံသယအရိပ်အရောင်တွေ ဖြတ်သွား သည်။

"ဘာဖြစ်လို့လဲ ... ဟင်။ ဘာကိစ္စထူးလို့လဲ ... ဟင်"



BURMESE CLASSIC .com

www.burmeseclassic.com



"ဒီကိစ္စထူးတာပေါ့" ဂျော်ဒန်က လက်ထဲမှ သတင်းစာကို မြှောက်ပြလိုက်သည်။

"ဟင် ... ကျုပ် ဓာတ်ပုံ" ပါမောက္ခ မက္ကဒေါ်နယ်က မျက်လုံးပြူးသွားပြီး "သူတို့ ဘယ်လိုလုပ်ရတာလဲ။ အင်း ... ဟုတ်ပြီ၊ ကျုပ်နိုင်ငံကူးလက်မှတ်က ယူတာဖြစ်မယ်။ ကျုပ်ဗီဇာလျှောက်တော့ ... သူတို့ဆီ ဓာတ်ပုံတစ်ပုံပေးလိုက်ရတယ်"

"အလို ... ဆရာကြီးပုံကလဲ အက်ဖ်ဘီအိုင်က 'အလိုအရှိသည်' ဝရမ်းပြေးပိုစတာ ကျနေတာပဲ။ ဒီအီတာလျှံစာတွေက ဘာတဲ့လဲ' အယ်လီဆင်က ဂျော်ဒန်အား မေးလိုက်သည်။

ဂျော်ဒန်က သူတို့ရှေ့မှ လက်တင်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ ... တစ်လုံးချင်း၊ တစ်ပိုဒ်ချင်း ဖြည်းဖြည်းကလေး ဘာသာပြန်ပြသည်။ ထို့နောက် သတင်းစာကို ဘေးမှဆိုဖာပေါ် ပစ်တင်လိုက်ပြီး သူတို့၏ မျက်နှာကို ကြည့်လိုက်သည်။ အယ်လီဆင်မှာ အပြင်ပန်းအားဖြင့် တည်ငြိမ်နေဟန်ရှိသော်လည်း အတွင်းစိတ်ကတော့ တွေးကြောက်နေပုံရသည်။ ပါမောက္ခကြီးမှာလည်း သိသိသာသာ မျက်နှာပျက်နေသည်။

"ဒီတော့ ... ဒါတွေက ဘာသဘောတဲ့လဲ" ပါမောက္ခကြီးက ရုတ်တရက် မေးလိုက်သည်။

"ဘာသဘောရမှာလဲ၊ ဆရာကြီးကို ပြန်ဖမ်းမိအောင် အစွမ်းကုန်ကြိုးစားနေတဲ့သဘောပေါ့"

"ဒါနဲ့ ... တင် ..." အယ်လီဆင်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ "ဒီအတိုင်းသာဆိုရင် ကျွန်မတို့ တစ်ခုခုလုပ်ကြမှ ဖြစ်လိမ့်မယ်။ ဘာလုပ်ကြမလဲ ဟင်"

"ငါလဲ ဘာမှမစဉ်းစားတတ်သေးဘူး။ ငါက ဝမ်းထဲအစာမရှိရင် ဘာမှစိတ်ကူးလို့ မရဘူး။ အဲဒီတော့ ... ဘယ်မလဲ ... ပေး"

အယ်လီဆင်က ကြက်ဥပန်းကန်နှင့် ပေါင်မုန့် ထောပတ်သုတ်ကို ကမ်းပေးလိုက်သည်။

ဂျော်ဒန်သည် နံနက်စာစားရင်း သတင်းစာပါသတင်းကို ပြန်စဉ်းစားနေသည်။ ခဏကြာတော့မှ ... ခေါင်းကိုမော့လိုက်ပြီး –

"ခုနက ကျွန်တော် ဘာမှမစဉ်းစားမိသေးဘူးလို့ ပြောလိုက်မိ သလား။ အခု ကျွန်တော် စဉ်းစားမိပြီ။ နောက်တစ်ဆင့် ဘာလုပ်ရမယ်ဆိုတာ ကျွန်တော်သိပြီ။ ဆရာကြီးကို ဘယ်သူမှ မမြင်အောင် ဝှက်ထားရမယ်။ ဆရာကြီး ဒီမှာ ရှိတယ်ဆိုတာ ဘယ်သူမှသိလို့ မဖြစ်ဘူး" သူက ရုတ်တရက် ရပ်

www.burmeseclassic.com



လိုက်ပြီး နံနက်စာကို စိုက်ကြည့်နေသည်။ ပြီးတော့မှ "ဒါနဲ့ ... အယ်လီဆင်... မင်း ... မနက်စာမှာတာ သုံးယောက်စာ မမှာပါဘူးနော်"

"မမှာပါဘူး။ နှစ်ယောက်စာပဲမှာတာပါ။ ဒီလောက်တော့ ကျွန်မ မအသေးပါဘူး။ ဒီအတွက် ကျွန်မကို ရှင် ဂုဏ်ပြုသင့်ပါတယ်။ ကျွန်မက ကျွန်မစားဖို့ နှစ်ယောက်စာမှာပြီး တစ်ဝက်ကို ဆရာကြီး ခွဲပေးလိုက်တာ"

"မဆိုးဘူး ... မင်း တော်တယ်။ မင်းကို ငါ ဂုဏ်ပြုပါတယ်" သူက ပါမောက္ခ မက္ကဒေါ်နယ်ဘက်သို့ လှည့်ပြီး .... "မြို့ထဲက ထွက်နိုင်ဖို့နည်းလဲ ကျွန်တော်တို့ အမြန်ဆုံးရအောင် ရှာပါမယ်။ ဒီကြားထဲ ဆရာကြီး ဘယ်မှ သွားလို့ မရဘူး။ ဘယ်သူမှ အမြင်ခံလို့ မဖြစ်ဘူး။ ဒီအခန်းထဲမှာပဲ ပုန်းနေရ လိမ့်မယ်"

"ဟုတ်ပါတယ် ... မောင်ရာ။ မောင်ရင်ထားတဲ့အတိုင်း ကျုပ်နေပါ့ မယ်။ မောင်ရင် ကြိုက်သလိုသာ လုပ်ပါ"

"အဲဒီတော့ ... ကျွန်တော်တို့ နှစ်ယောက် နည်းလမ်းရှာဖို့ အပြင် ထွက်မယ်။ ဆရာကြီးက ဒီအခန်းထဲက ဘယ်မှ မထွက်နဲ့။ တံခါးလာခေါက် ရင်လဲ လုံးဝ ဖွင့်မပေးနဲ့။ စားပွဲထိုး တံခါးလာခေါက်ရင်တော့ သူ ဝင်မလာခင် ရေချိုးခန်းထဲ ဝင်ပြီး ပုန်းနေလိုက်။ အဝတ်လျှော်သမားတို့၊ သန့်ရှင်းရေးသမား တို့ကိုတော့ အခန်းထဲ လုံးဝမဝင်ဖို့ ကျွန်တော် ပြောထားလိုက်မယ်။ အပြင်က တံခါးဝမှာ စာတန်းထိုးထားတော့ ဘယ်သူမှလဲ ဝင်မှာ မဟုတ်ဘူး။ ပြီးတော့ ... ကျွန်တော့်အနေနဲ့ အယ်လီဆင်အခန်းကို ဘယ်သူမှ မဝင်စေဖို့ အလုပ် သမားခေါင်းကိုလဲ ကျွန်တော် ပြောထားလိုက်ပါ့မယ်"

"အဲဒီတော့ သူက သံသယဖြစ်နေမှာပေါ့" အယ်လီဆင်က ပြောလိုက် သည်။

"မဖြစ်ပါဘူး။ တို့ 'ဗင်းနစ်မြို့ ကယ်တင်ရေးအသင်း' အတွက် လျှို့ ဝှက် အင်ဂျင်နီယာ ပုံစံတွေ ဆွဲနေတယ်လို့ သူ့ကို ပြောလိုက်မယ်။ မျက်နှာ သုတ်ပဝါနဲ့ အိပ်ရာခင်းတွေကိုလဲ တံခါးအပြင်ဘက်မှာပဲ တင်ထားခိုင်းမယ်"

"ကျွန်မ အခန်းထဲ ဘယ်သူမှ မဝင်ရဘူးဆိုတာကော။ ရှင် ဘယ်လို အကြောင်းပြမလဲ"

"အဲဒါလဲ လွယ်ပါတယ်။ မင်းက ... လင်တရူးမ၊ ဒါကြောင့် မင်း အခန်းထဲ ငါဝင်ရင်ဝင်၊ မဝင်ရင် တခြား တစ်ယောက်ယောက်တော့ ဝင်မှာပဲလို့ ပြောလိုက်မယ် ... ဟဲ ... ဟဲ"

"သြော် ... ရှင်ကလဲ မဟုတ်မဟတ်" အယ်လီဆင်က ရှက်ရှက်နှင့် ပြန်ပြောလိုက်သည်။

www.burmeseclassic.com



"ဟဲ ... ဟဲ ... စိတ်မရှိပါနဲ့ အလကား နောက်တာပါ။ တစ်ချိန်လုံး စိတ်အိုက်နေတာ ပျော်စရာဆိုလို့ ဒီတစ်ခါတည်း တွေ့မိပါသေးတယ်။ မင်းက ငါ့အလုပ်မှာ ကူညီနေတဲ့ ငါ့လက်ထောက်လို့ ပြောလိုက်မယ်။ ဒါကြောင့် ငါ့ အခန်းထဲမှာ ဖြစ်ဖြစ်၊ မင်းအခန်းထဲမှာ ဖြစ်ဖြစ် အဆင်ပြေသလို လုပ်မယ်လို့ ပြောလိုက်မယ်။ အဲဒီတော့ အရေးကြီးဆုံးကတော့ ဒီအခန်းထဲမှာ ဆရာကြီးရှိ နေတယ်ဆိုတာ ဘယ်သူမှ မသိဖို့ပဲ'

ပါမောက္ခ မက္ကဒေါ်နယ်က ကော်ဖီပန်းကန်ကို စားပွဲပေါ်ပြန်ချရင်း

"မောင်ရင်ဟာ ကျုပ်အပေါ်မှာ အများကြီး ကျေးဇူးကြီးလှပါတယ်။ မောင်ရင်က ကျုပ်ကိုလဲ သိတာ မဟုတ်ဘူး။ ကျုပ်ကျေးဇူးလဲ ဘာမှရှိတာ မဟုတ်ဘူး။ ဒါနဲ့တောင်မှ မောင်ရင်က အနစ်နာခံပြီး ကျုပ်ကို ကူညီတာ ဘယ်လိုလုပ်ပြီး ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး" သူက လက်နှစ် ဖက်ကို မြှောက်လိုက်ပြီး ... "မောင်ရင်သာ မကူညီရင်တော့ ကျုပ်တော့ တစ်ခါ တည်း သွားပြီ၊ ကျုပ်ကို သူတို့ နေ့တွင်းချင်း ပြန်မိသွားမှာပဲ။ မောင်ရင်ရဲ့ မြင့်မြတ်တဲ့ စိတ်ထားကို ကျုပ် အများကြီးလေးစားပါတယ်။ ကျေးဇူးလဲ အထူးပဲ တင်ပါတယ်"

ဂျော်ဒန်က ပြုံးပြီး ... "တကယ်တော့ ကျွန်တော်က ဆရာကြီး ထင်သလောက် မတော်ပါဘူး။ ကျွန်တော့် စိတ်ဓာတ်လဲ မမြင့်မြတ်ပါဘူး။ အမှန်အတိုင်း ပြောရရင် ဒီကိစ္စမှာ ကျွန်တော် ပါဝင်ကူညီတာ အကြောင်းသုံး ချက်ကြောင့်ပါ။ ပထမအချက်က ... ကျွန်တော့်ရဲ့လက်ရှိ ဘဝအခြေအနေကို ငြီးငွေ့နေလို့ စွန့်စွန့်စားစား တစ်ခုခု လုပ်ကြည့်ချင်တာကြောင့် ဖြစ်ပါတယ်။ ဒုတိယ အချက်ကတော့ ... ဆရာကြီးရဲ့ လက်ထောက် အမျိုးသမီးကလေးကို မြင်ရတော့ ... သူ့ခြေသလုံးတွေကို ကျွန်တော် သိပ်ပြီး စွဲသွားမိလို့ ဖြစ်ပါတယ်။ အဲ ... တတိယနဲ့ အရေးအကြီးဆုံး အချက်ကတော့ ... ဆရာကြီးရဲ့ တွေ့ရှိချက် က ကမ္ဘာ့လူသားတွေ အားလုံးအတွက်ပဲ ဖြစ်သင့်တယ်လို့ ယုံကြည်တာ ကြောင့်ပါပဲ"

"ကျေးဇူးအများကြီး တင်ပါတယ် ... မောင်ရင်ရာ"

ဂျော်ဒန်က ကြက်ဥမွှေနှင့် လက်ဖက်ရည်ကို လက်စသတ်လိုက်ပြီး နောက် .... "ဒါနဲ့ ... တစ်ခုမေးပါရစေ ... ဆရာကြီး။ အခု ဆရာကြီးအတွက် ကျွန်တော် ပါဝင်ကူညီနေပေမယ့် ... ဆရာကြီး တွေ့ရှိချက်အကြောင်း ကျွန်တော် ဘာမှ ရေရေလည်လည် မသိရသေးပါဘူး။ ညတုန်းက ဆရာကြီး နည်းနည်း ပါးပါး ပြောပြတာနဲ့ အယ်လီဆင် အကြမ်းဖျင်း ပြောပြထားတာလောက်ပဲ သိရသေးတယ်။ ရုရှတွေ ဘာဖြစ်လို့ ဒီလောက်တောင် လိုက်နေရတာလဲ၊



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်နိုင်ရင် ကျွန်တော့်ကို နည်းနည်းလောက် အသေးစိတ်ကလေး ပြောပြစေချင်ပါတယ်"

"'စီ– ၉၈' ဆေးနည်းကို ကျုပ်ဘယ်လို ရှာဖွေတွေ့ရှိတယ်ဆိုတာကို ပြောတာလား"

"မဟုတ်ပါဘူး။ အဲဒီအကြောင်းက ကျွန်တော်တို့လို သာမန်လူ တစ်ယောက်အတွက် နားလည်ဖို့ ခက်လိမ့်မယ် ထင်ပါတယ်"

"ဟုတ်ပါတယ်။ မောင်က ... သိပ္ပံပညာရှင် မဟုတ်တဲ့အတွက် တော်တော်လဲ ခက်ပါတယ်။ နားလည်ဖို့ မလွယ်ပါဘူး"

"ကျွန်တော် သိချင်တာက ဆရာကြီးရဲ့ ဆေးနည်းဟာ ဘယ်အတိုင်းအတာထိ အကျိုးသက်ရောက်မှု ရှိတယ်ဆိုတာလောက်ပါ"

ပါမောက္ခကြီးက ခေတ္တမျှ စဉ်းစားနေသည်။ ပြီးတော့မှ –

"နားလည်လွယ်အောင် ကျုပ်တတ်နိုင်သမျှ ရှင်းပြပါမယ်။ 'စီ– ၉၈' ဆေးကို လူတစ်ယောက်ကို ထိုးလိုက်မယ်ဆိုရင် ... ကင်ဆာ၊ နှလုံးရောဂါ၊ အဆုတ်အအေးမိ ရောဂါ၊ သွေးကြောနဲ့ ပတ်သက်တဲ့ ရောဂါတွေ ... ပြီးတော့ အခြားရောဂါ များစွာကို ပျောက်ကင်းစေနိုင်တယ်။ အဓိကကတော့ ... ဒီဆေးဟာ လူတွေရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အိုမင်းစေတတ်တဲ့၊ သေစေတတ်တဲ့ မျိုးစေ့ကလာပ်စည်းတွေကို ဖျက်ဆီးပစ်နိုင်တယ်။ ဒီဆေးကို တိရစ္ဆာန်တွေကို စမ်းသပ်ကြည့်တဲ့အခါ လက်ရှိ ပျမ်းမျှ သက်တမ်းထက် နှစ်ဆပိုရှည်တာတွေ့ရတယ်။ ဒီတော့ လူတွေကို ထိုးရင်လဲ လက်ရှိသက်တမ်းထက် နှစ်ဆတိုးပြီး ၁၅၀ အထိသွားရမယ်ဆိုတာ ကျုပ် အကြွင်းမရှိ ယုံကြည်တယ်။ ဒါတွင်မကသေးပါဘူး။ ဒီဆေးဟာ လူတွေကို အိုမင်းရင့်ရော်ခြင်းမှ တားဆီးနိုင်တာကြောင့် အသက်ကြီးပေမယ့် အရွယ်တင်စေမယ်။ မအိုသေးတဲ့သူ အပျိုကလေးနဲ့တူဆိုသလို အမြဲတမ်းနုပျိုနေမယ်။ အိုခြင်းနာခြင်းကင်းပြီး အမြဲတမ်း ကျန်းမာရွှင်လန်းနေမယ်။ အရိုးပေါ်အရေတင်ပြီး သွားကျိုးဆံကြွေ အဘိုးအို၊ အမေအို ရှုတ်တွကြီးတွေဘဝမျိုးကို မရောက်စေဘူး။ အဲ ... ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ မတော်တဆ ထိခိုက်မှုကြောင့် သေတာမျိုး၊ သူတစ်ပါးသတ်လို့ သေတာမျိုး၊ ကိုယ့်ကိုယ်ကို သတ်လို့ သေတာမျိုးကိုတော့ ကျုပ်ဆေးက တားဆီးနိုင်မှာ မဟုတ်ဘူး။ ဓမ္မသဘောအရ ဖြစ်လာတဲ့ အနာရောဂါနဲ့ အိုမင်းခြင်းဆိုတဲ့ ဇရာသဘောတွေကို တားဆီးပြီး လူတွေကို အသက် ၁၅၀ အထိနေစေနိုင်မယ့် 'အာယုဩသဓ' အသက်ရှည် နုပျိုဆေးကြီးဆိုရင် မမှားပါဘူး"

ထူးဆန်းသော ဆေးအစွမ်းကို သိရ၍ ဂျော်ဒန်သည် အတော်ကြီးပင် အံ့ဩသွားမိသည်။ ထို့ကြောင့် သူက –



BURMESE CLASSIC .com

www.burmeseclassic.com



"ယုံနိုင်စရာတောင် မရှိပါဘူး ... ဆရာကြီး" ဟု ပြောင်ပြောင်ပင် ဖွင့်ပြောလိုက်သည်။

"မယုံမရှိပါနဲ့၊ ဆရာကြီးရဲ့ ... တွေ့ရှိချက်ဟာဖြင့် လူ့သမိုင်းမှာ အကြီးအကျယ်ဆုံး ဆေးသိပ္ပံ တိုးတက်မှုကြီးပါပဲ" ဟု အယ်လီဆင်က ထောက်ခံလိုက်သည်။

ပါမောက္ခကြီးက ဆက်ပြောသည်။

"တကယ်ဆိုရင် ... ဒီဆေးရဲ့ တန်ခိုးအာနိသင်ကို စာရင်းချပြလို့တောင် မရနိုင်ဘူး။ လူသားတွေအတွက် အကျိုးတရားတွေ အများကြီး ခံစားနိုင်ပါတယ်။ လူ့ဘဝမှာ အနာရောဂါကင်းပြီး ကျန်းမာ သန်စွမ်းစွာနဲ့ အသက်ရှည်ရှည် နေရမယ်။ အပေါင်းအသင်းတွေ၊ မိသားစုတွေ၊ မိတ်သင်္ဂဟတွေနဲ့ ပျော်ပျော်ရွှင်ရွှင် အကြာကြီးနေသွားရမယ်။ ပညာဗဟုသုတတွေကို ဆည်းပူး လေ့လာဖို့၊ စူးစမ်းရှာဖွေဖို့ အချိန်တွေ အများကြီး ပိုလာမယ်။ အခြားလူတွေကို ကူညီဖို့၊ ပတ်ဝန်းကျင်တိုးတက်ရေးအတွက် ဆောင်ရွက်ဖို့ အချိန်ပိုရလာမယ်။ အသိပညာအတတ်ပညာတွေ ပိုမိုပြည့်ဝလာပြီး တီထွင်မှုကြီးတွေကို ဆတက်ထမ်းပိုး ဖော်ထုတ်လာနိုင်မယ်။ ရာစုနှစ်တစ်နှစ်နဲ့ တစ်ဝက်တိတိ နေထိုင်ရတဲ့ ကာလအတွင်းမှာ ပြင်ပကမ္ဘာတွေကို စူးစမ်းလေ့လာဖို့ အချိန်တွေ ပိုရလာမယ်။ အဲဒီအချိန်မှာ ဇရာဒုဗ္ဗလအရွယ် အဘိုးကြီး၊ အမေကြီးတွေဟာ ကုဋ္ဌနူနာရောဂါသည်တွေလို ချောင်ထိုးဝိုင်းပယ်မခံကြရတော့ဘဲ လူငယ်တွေအတိုင်းပဲ နုပျိုဖျတ်လတ်သန်စွမ်းကျန်းမာနေကြမယ်။ ဒီဆေးရဲ့ အာနိသင်ကို လျှောက်ပြောရရင် ဆုံးနိုင်စရာတောင် မရှိပါဘူး" ပါမောက္ခကြီးက ခေတ္တရပ်လိုက်ပြီးမှ "အရေးကြီးဆုံးကတော့ ဒီဆေးနည်းကို အပြင်ရောက်အောင် ထုတ်နိုင်ဖို့ပါပဲ"

ဂျော်ဒန်က မတ်တတ်ထရပ်လိုက်သည်။

"ဒီနေ့ အဖြေပေါ်အောင် ကျွန်တော် အစွမ်းကုန် စဉ်းစားပါ့မယ်"

"ဘယ်လိုလုပ်မလို့လဲ" အယ်လီဆင်က ဝင်မေးလိုက်သည်။

ဂျော်ဒန်က စားပွဲပေါ်မှ ပန်းကန်ခွက်ယောက်များကို ဗန်းထဲပြန်ထည့်လိုက်သည်။ ထို့နောက် –

"ငါ မြို့ထဲထွက်ပြီး အခြေအနေကို စနည်းနာ ကြည့်မယ်။ ရဲတွေ ဘယ်လောက်ချထားသလဲဆိုတာ လေ့လာကြည့်မယ်။ အီတာလျှံတွေက တစ်ခါတစ်ခါ ကရော်ကမည် လုပ်တတ်တယ်။ စီမံကိန်းက ဘယ်လောက်ပဲ ကြီးကျယ်ကြီးကျယ် တကယ်လုပ်တော့ ကရော်ကမည်ပဲ။ သူတို့ တကယ်ပဲ ထိထိရောက်ရောက် လုပ်နေသလားဆိုတာ သွားကြည့်မယ်။ အယ်လီဆင်က လဲ ငါ့ကို ကူညီပါ။ မင်းက ဗင်းနစ်မြို့အကြောင်း ကောင်းကောင်း မသိသေး

www.burmeseclassic.com



ဘူး။ အဲဒီတော့ ငါညွှန်ကြားမယ်။ မင်းက သတင်းထောက်လှမ်းရေးထွက် ရမယ်။ ငါ ... မော်တော်တစ်စင်း ငှားပေးမယ်။ အဲဒါနဲ့ မာကိုပိုလို လေယာဉ်ကွင်းကိုသွား။ အဲဒီမှာ ရဲအစောင့်အကြပ်တွေ ဘယ်လောက်ရှိသလဲဆိုတာ သေသေချာချာ ကြည့်လာခဲ့။ ငါက ဘူတာရုံနဲ့ ပိုင်ယာဇလေရိုမာရပ်ကွက်ကို သွားမယ်။ အဲဒီမှာ အငှားကားတွေ ရှိတယ်။ ဆရာကြီးကို ဒီမြို့ထဲက ထွက်ဖို့ ကိစ္စမှာ ငါ့မိတ်ဆွေတွေဆီက အကူအညီ ယူရလိမ့်မယ်။ ဒီမြို့ထဲမှာ အသိတွေ အများကြီးရှိပါတယ်။ သူတို့ဆီသွားပြီး ငါ အလုပ်ကိစ္စနဲ့ ပါရီကို သွားစရာရှိလို့ မြို့ထဲက ဖြစ်တဲ့နည်းနဲ့ ထွက်နိုင်တဲ့လမ်းကို အကြံပေးဖို့ သွားပြောမယ်”

သူက အစားအသောက်ဗန်းကိုယူပြီး အခန်းပြင်ဘက်တွင် သွားထားလိုက်သည်။

ပြီးနောက် ... စဉ်းစဉ်းစားစားနှင့် ပြန်လျှောက်လာပြီး ပါမောက္ခကြီးကို ပြောလိုက်သည်။

“ဆရာကြီးအတွက် ကျွန်တော်အားလုံး တာဝန်ယူပါ့မယ်။ ဒါပေမယ့် ဘယ်လောက်ကြာမယ် ဆိုတာတော့ အတိအကျ မပြောနိုင်ဘူး။ ဒီကြားထဲ ဆရာကြီးက ဘယ်သူမှ မမြင်အောင် ပုန်းနေရလိမ့်မယ်။ ဒီတော့ ဆရာကြီး မှာ အချိန်တွေအများကြီး ရလိမ့်မယ်။ အဲဒီအချိန်ကို အကောင်းဆုံး အသုံးချဖို့ လိုတယ်။ ဒါကြောင့် ကျွန်တော် အကြံတစ်ခုပေးချင်ပါတယ်”

“ဟုတ်ကဲ့ ... ပြောသာပြောပါ”

“ဒီ ... ‘စီ–၉၈’ အသက်ရှည်ဆေး ဖော်စပ်နည်းကို စာရွက်ပေါ် ရေးထားပြီးပြီလား”

“မရေးသေးဘူး။ အဲဒါ ... မိုက်မဲတဲ့ အလုပ်လို့ ကျုပ် ထင်တယ်”

ဂျော်ဒန်က စားပွဲနားလျှောက်လာသည်။ ပြီးတော့ ဆေးတံတွင် ဆေးစာထည့်ပြီး မီးညှိဖွာလိုက်သည်။

“ကျွန်တော်ကတော့ မိုက်မဲတဲ့အလုပ်ကို မထင်ဘူး။ ဆေးနည်းကို စာရွက်ပေါ်ချရေးတာ ပြောတာပါ။ ပြဿနာကတော့ ရှိသင့်သလောက်ရှိနိုင်တာပေါ့။ ဒါပေမယ့် လောလောဆယ် ဆရာကြီးရင်ဆိုင်နေရတဲ့ အခြေအနေအတိုင်းဆိုရင် အဲဒီအလုပ်ကို လုပ်ကိုလုပ်သင့်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဖဲကစားသလို စွန့်တော့ စွန့်ရမှာပါ။ အနိုင်အရှုံး တစ်ခုခုတော့ ရင်ဆိုင်ရမှာပေါ့”

“ဒီတော့ ... မောင်ရင်က ဆေးနည်းကို စာရွက်ပေါ် ချရေးစေချင်တယ်ပေါ့”

“ဟုတ်ပါတယ်။ ဒါဟာ ... ကောင်းတဲ့အကြံလို့ ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော် နည်းနည်း ရှင်းပြပါရစေ။ ကျွန်တော်တို့က ဆရာ

www.burmeseclassic.com



ကြီးကို မြို့ထဲက အပြင်ထုတ်ချင်တယ်။ အဲဒါကို အခု ကျွန်တော်တို့ အကြံထုတ်နေကြတယ်။ တကယ်လို့ အဲဒီလိုလုပ်လို့ ဆရာကြီးကို ပြန်မိသွားရင် ဘယ်လိုလုပ်မလဲ။ ဆရာကြီးကို သူတို့ပြန်ဖမ်းမိသွားရင် ဆရာကြီး ဘယ်လိုလုပ်မလဲ။ ဆေးနည်းက ဆရာကြီးခေါင်းထဲမှာပဲ ရှိတယ်ဆိုတော့ ဆရာကြီးကို ရရင် သူတို့အနေနဲ့ ဆေးနည်းလဲရတော့တာပေါ့။ အဲဒီတော့ သူတို့က ဆေးနည်းကို မောင်ပိုင်စီးပြီး သူတို့နိုင်ငံအတွက်ပဲ အသုံးချတော့မှာပေါ့။ အဲဒီလို မဟုတ်ဘဲ ဆရာကြီးကသာ စာရွက်ပေါ်မှာ ချရေးလိုက်မယ်ဆိုရင် တကယ်လို့ ဆရာကြီးကို ပြန်မိသွားတောင်မှ မထောင်းတာလှဘူးလို့ ဆိုနိုင်တယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီစာရွက်ကို ကျွန်တော်နဲ့ အယ်လီဆင်တို့က ယူပြီး တစ်ကမ္ဘာလုံးသိအောင် တင်ပြလိုက်မှာပေါ့။ ဒီတော့ သူတို့က ဘာတတ်နိုင်တော့မှာလဲ။ ဆရာကြီးကိုလဲ ဆက်ပြီး ဖမ်းမထားနိုင်တော့ပါဘူး"

ပါမောက္ခကြီး မက္ကဒေါ်နယ်က အတန်ကြာ စဉ်းစားနေမှပြီး –

"အိန်း ... မောင်ပြောတာ အဓိပ္ပာယ်ရှိပါတယ်"

"ဟုတ်ပါတယ်။ အဓိပ္ပာယ်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ နောက်တစ်ရက် နှစ်ရက် အတွင်းမှာ ဘေးကျပ်နံကျပ် အခြေအနေမျိုးရောက်လာရင် ဘယ်လိုလုပ်မလဲ။ သူတို့ကလဲ ဆရာကြီးကို မမိနိုင်ဘူး။ ဆရာကြီးကလဲ မြို့ပြင်မထွက်နိုင်ဘူး။ အဲဒီလိုဆိုရင် ကျွန်တော်က ဒီလို စိတ်ကူးမိတယ်။ ဆရာကြီးကို မြို့ပြင်မထုတ်နိုင်ပေမယ့် အဲဒီဆေးနည်းစာရွက်ကို ဖြစ်တဲ့နည်းနဲ့ အပြင်ရောက်အောင် ပို့မယ်။ ကျွန်တော်ဆိုလိုတာက အဲဒီစာရွက်ကို 'ဇရာတားဆီးရေးအသင်း' ညီလာခံရောက်အောင် ပို့မယ်။ ဒီလိုဆိုရင် ဒီဆေးနည်း တစ်ကမ္ဘာလုံး ပြန့်သွားပြီ။ ဒီတော့ သူတို့က ဆရာကြီးကို ဘာလို့ လိုက်ဖမ်းစရာရှိတော့မှာလဲ။ ကျွန်တော်ပြောတာ ဘယ်လို သဘောရသလဲ"

"မောင် ... ပြောတာ မှန်တယ်။ မောင် ... ပြောသလို ကျုပ်လုပ်ပါ့မယ်"

"ဒီလိုဆိုရင် စားပွဲအံဆွဲထဲမှာ စာရွက်နဲ့ ဖောင်တိန်ရှိပါတယ်။ အဲဒါ ရေးချတာ ဘယ်လောက်ကြာမလဲ"

"အိန်း 'စီ–၉၈' ဖော်မြူလာကို ရေးချမယ်ဆိုရင်လား။ မောင့်ကို ကျုပ်ပြောတဲ့အတိုင်း ဒီဖော်မြူလာက တော်တော့်ကို ရှုပ်ထွေးခက်ခဲတယ်။ သိပ္ပံပညာရှင် တစ်ယောက်တောင် သိပ်မလွယ်လှဘူး။ ဒီတော့ ... အိမ်း ... ဆိုပါတော့ ... အနည်းဆုံး အေးအေးဆေးဆေး စိတ်ကူးပြီးတော့မှ ... သုံးရက် ... လေးရက် ... အိမ်း ... ငါးရက်လောက်တော့ ကြာလိမ့်မယ်"

"အမှန်တော့ ဒါက လိုရမည်ရ သဘောလုပ်တာပါ။ မကြာခင် ကျွန်



BURMESE CLASSIC .com

www.burmeseclassic.com



တော်တို့ မြို့ပြင်ထွက်နိုင်ကောင်းပါရဲ့။ ဒါနဲ့ ... စာရွက်ဘယ်နှစ်ရွက်လောက် ရေးရမလဲ ... ဆရာကြီး"

"တွက်ချက်ဖို့ အကြမ်းစာရွက်တွေတော့ အများကြီးလိုတယ်။ ဒါပေမယ့် တကယ့်ဖော်မြူလာကတော့ တစ်မျက်နှာ နှစ်မျက်နှာလောက်နဲ့ ပြီးပါတယ်"

ဂျော်ဒန်က တော်တော် ဝမ်းသာသွားသည်။

"ကောင်းတယ် ... ဆရာကြီး။ အဲဒီတော့ ... မြန်မြန် စနိုင်ရင် အကောင်းဆုံးပါပဲ။ ကဲ ... ဒါဖြင့် အယ်လီဆင်" သူက လက်ပတ်နာရီကို ကြည့်ရင်း .... "နောက်နာရီဝက်အတွင်းမှာ မင်းအတွက် ငါ မော်တော်တစ်စင်း ငှားပေးမယ်။ ဟိုတယ်ဧည့်ခန်းမဆောင်ရှေ့က တူးမြောင်းထိပ်မှာ ရပ်ထားမယ်။ အဲဒီ မော်တော်စီးပြီး မာကိုပိုလို လေဆိပ်ကိုသွား။ လမ်းမှာ ကင်းလှည့်မော်တော်တွေ ရှိမရှိ သေသေချာချာ ကြည့်ခဲ့။ လေယာဉ်ကွင်းရောက်တော့ ... မော်တော်သမားကို ကူးတို့ဆိပ်က စောင့်နေခိုင်း၊ လေယာဉ်ကွင်းတစ်ဝိုက် လျှောက်ပြီး အကဲခတ်ကြည့်၊ အစောင့်ရဲတွေ ဘယ်နှစ်ယောက်ဆိုတာ မှတ်လာခဲ့။ ပြီးတော့ ... လေယာဉ်အဝင်အထွက် ရှိသလားဆိုတာလဲ သတိထားကြည့်ခဲ့။ အဲဒါတွေအားလုံးကို ငါ့ဆီပြန်ပြီး အတိအကျ သတင်းပို့ရမယ်"

"ဟုတ်ကဲ့ ... ပို့ပါ့မယ်"

"နောက်တစ်ခုက ကျွန်တော်တို့ အပြင်ထွက်နေတုန်း ဆရာကြီးက ဘာအစားအသောက်မှ အပြင်က မမှာပါနဲ့။ ဒီမှာပဲ စားစရာတွေ အဆင်သင့် ဝယ်ထားခဲ့မယ်" သူက ပိုက်ဆံအိတ်ဆွဲထုတ်လိုက်ရင်း .... "အဲဒီတော့ အယ်လီဆင်က အပြင်ထွက်ပြီး သင့်တော်တာကလေးတွေ သွားဝယ်ရင် ကောင်းမယ်ထင်တယ်။ ပြီးတော့ ရေခဲသေတ္တာထဲ ထည့်ထားခဲ့တာပေါ့။ ဟိုတယ်ရှေ့ထွက်လိုက်တော့ ပထမဆုံးတွေ့တဲ့ လမ်းကွေ့ ဝင်လိုက်။ အဲဒီလမ်းကြားထဲမှာ ဈေးဆိုင်တွေ အပြည့်ရှိတယ်။ ကြိုက်တာ ဝယ်ရုံပဲ" သူက ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံထုတ်ပေးသည်။ သို့သော် အယ်လီဆင်က လက်မခံ။ သူက ပိုက်ဆံအိတ်ကို ဘောင်းဘီနောက်အိတ်ထဲ ပြန်ထည့်လိုက်သည်။

"ကဲ ... ဒါဖြင့် ... ကျွန်တော်သွားမယ်။ ညနေမှ ပြန်တွေ့ကြတာပေါ့"

အခန်းထဲမှ အထွက်တွင် သန့်ရှင်းရေး အလုပ်သမားနှင့် တွေ့သည်။ သူ့အခန်းထဲ မဝင်ရန် ပြောပြီး "အလုပ်သမားခေါင်း ဘယ်မှာရှိသလဲ" ဟု မေးလိုက်သည်။ သန့်ရှင်းရေး လုပ်သားက အောက်ထပ်ညွှန်ပြသည်။

သို့ဖြင့် အောက်ထပ် ဆင်းလာခဲ့ပြီး ... အလုပ်သမားခေါင်းမိန်းမကြီးအား အကျိုးအကြောင်း ပြောပြသည်။ ပထမတော့ သူမက တစ်မျိုးတစ်မည်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သွားသည်။ ဒါမျိုးတစ်ခါမှ မကြားဖူး။ ဟိုတယ်စည်းကမ်းနှင့်လည်း ဆန့်ကျင်နေသည်။

ဂျော်ဒန်က စိတ်ရှည်လက်ရှည် ရှင်းပြတော့မှ အလုပ်သမားခေါင်း အမျိုးသမီးကြီးက လက်ခံပြီး ချက်ချင်းပင် အလုပ်သမားတွေကို ဂျော်ဒန်၏ အခန်းထဲ မည်သူမျှ မဝင်ကြရန် ညွှန်ကြားလိုက်သည်။ ဂျော်ဒန်ရင်ထဲ အေးသွားသည်။ ကျောက်သလင်းလှေကားအတိုင်း ဧည့်ခန်းထဲ ဆင်းလာခဲ့သည်။ ဧည့်ခန်းထဲတွင် တစ်ယောက်တစ်ပေါက် စကားပြောသံတွေ ဆူညံနေသည်။

နိုင်ငံလှည့် ခရီးသည်တွေ ဝိုင်းအုံနေကြသည်။ အရွယ်အမျိုးမျိုး၊ အဝတ်အစား အမျိုးမျိုး၊ နိုင်ငံသားအမျိုးမျိုး။

သူတို့သည် ဗင်းနစ်မြို့မှ ထွက်ခွင့်မရ၍ သက်ဆိုင်ရာအာဏာပိုင်များအား ဒေါပွပြီး ပြစ်တင်ဝေဖန်နေကြခြင်းဖြစ်သည်။ မဆီမဆိုင် အသားလွတ် ကြားကခံနေရသူကတော့ ဟိုတယ် မန်နေဂျာနှင့် သူ့လက်ထောက် လေးယောက်တို့ပင် ဖြစ်ကြသည်။ မန်နေဂျာ ကာလိုဖေးဘရစ်၏ စားပွဲတွင် ခရီးသည်တွေ ကြိတ်ခဲပြီး သူတို့ကိုပဲ ဓားစာခံလုပ်ကာ ဝိုင်းထောင်းနေကြသည်။

ဂျော်ဒန်က လူအုပ်ထဲတိုးဝင်ပြီး မန်နေဂျာ စားပွဲနားကပ်လာခဲ့သည်။ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ် စကားများဖြင့် တစ်ယောက်တစ်ပေါက် ပြောနေသံတွေ ပွက်ညံပွက်ညံ နေသည်။

"ကျုပ်တို့ ခရီးစဉ်က အားလုံးစီစဉ်ပြီးသား။ ဒီအတိုင်းသာဆိုရင် တစ်ပတ်အတွင်း ကျုပ်တို့ မြို့ငါးမြို့ကို မရောက်နိုင်တော့ဘူး"

"ကျွန်မက မသွားလို့ မဖြစ်ဘူး။ ဘန်းမြို့မှာ ကျွန်မ ယောကျ်ားက စောင့်နေလိမ့်မယ်"

"ကျုပ်က ... ဒီည ရောမမြို့မှာ ပါတီပွဲတက်ရမှာ"

"ကျုပ်တို့ ဒီမှာ ဘယ်လိုနည်းနဲ့မှ မနေနိုင်ဘူး။ ကျုပ်တို့ စင်းလုံးငှား လေယာဉ်ပျံက မနက်ဖြန် ပါရီကိုထွက်မှာ"

ဂျော်ဒန်က စားပွဲထောင့်တွင် ရပ်လိုက်သည်။ ဖေးဘရစ်က သူ့ကို မော့ကြည့်လိုက်ပြီး –

"မြင်တဲ့အတိုင်းပဲ။ ဒီမှာတော့ ငရဲပွက်နေပြီ"

"သူတို့ကို အပြစ်မတင်သင့်ပါဘူး"

"အို ... မတင်ပါဘူးဗျာ ... မတင်ပါဘူး။ သူတို့ကလဲ ကျုပ်တို့ကို အပြစ်မတင်သင့်ပါဘူး"

"ဒါထက် ... မစ္စတာဖေးဘရစ်၊ ကျွန်တော်နာရီဝက်အတွင်း မော်တော် တစ်စင်းလိုချင်တယ်။ ဒေါက်တာ အယ်လီဆင်အက်ဒွပ်အတွက်ပါ"



BURMESE CLASSIC .com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ရပါတယ်"

"မာကိုပိုလို လေယာဉ်ကွင်း အသွားအပြန်လောက်ပါ"

"သေချာရဲ့လားဗျ။ လေယာဉ် အဝင်အထွက်မှ မရှိတာပဲ၊ လေယာဉ်ကွင်းမှာ ဘယ်သူမှရှိမှာ မဟုတ်ဘူး'

"ဒေါက်တာအက်ဒွပ်မှာ လက်ဆွဲတန်ဆာတစ်ခု ကျန်လိုက်လို့ပါ"

"သြော် ... ဒါဆိုရင်တော့ ဖြစ်ပါတယ်။ ကောင်းပြီလေ ... ကျုပ်ကြည့်စီစဉ်လိုက်ပါ့မယ်။ စိတ်ချပါ"

ထို့နောက် လှည့်ထွက်လာခဲ့ပြီး တယ်လီဖုန်းခန်းထဲ ဝင်လိုက်သည်။

"မာရီဆာလား"

"ဟုတ်ပါတယ် ... ကျွန်မပါ။ ဒါနဲ့ ရှင် ဘာဖြစ်နေတာလဲ။ ဒီအဖြစ်မျိုး ကျွန်မတော့ တစ်ခါမှ မကြုံးဖူးပါဘူး။ လူတွေလဲ အားလုံး ဒေါသူပုန်ထနေကြပြီ"

"ဟုတ်တယ် ... အဲဒါ ငါသိပါတယ်။ ငါ ဘာမှ မဖြစ်ပါဘူး။ ဒင်နီယယ်လီ ဟိုတယ်မှာပဲ ရှိပါတယ်။ အခြေအနေတွေတော့ အားလုံးရှုပ်ကုန်ပြီ"

"ကျွန်မတော့ မစဉ်းစားတတ်တော့ပါဘူးရှင်။ အံ့ပါရဲ့တော် ... သူလျှိုတစ်ယောက်အတွက်များ ဒီလိုလုပ်ရသတဲ့လား။ သူတို့လုပ်ပုံက ခရ ခါးတောင်းကြိုက်ဖမ်းသလို ဖြစ်နေပြီ"

"ဒါပေါ့"

"အဲဒါက အရေးမလုပ်ပါဘူး။ သူတို့ကြောင့် ကျွန်မတို့မှာ သတင်းဆောင်းပါးသုံးလေးပုဒ်လောက် လွတ်သွားရပြီ။ မနက်ဖြန်ဆိုရင် မြူးနစ်မြို့က စာရေးဆရာတစ်ယောက်ရောက်လာဖို့ ရှိတယ်။ နောက်နေ့ဆိုရင်လဲ နယူးယောက်က တစ်ယောက်၊ ပါရီကတစ်ယောက် ဆက်တိုက်လာကြမယ်။ အခုလေယာဉ်တွေ အားလုံး ပိတ်လိုက်ပြီဆိုတော့ ဘယ်လိုလုပ်လာလို့ရတော့မှာလဲ။ ဒီကိုလာတဲ့ လေယာဉ်တွေ အားလုံးမီလန်ကို လှည့်ပြန်ကြရတော့မှာပေါ့"

"သူတို့ မနက်ဖြန်လောက်ဆိုရင် ပြန်ဖွင့်ပေးလိမ့်မယ် ထင်တယ်"

"အဲဒီသူလျှိုကို မဖမ်းမိဘဲနဲ့ ဘယ်လိုလုပ် ဖွင့်ပေးပါ့မလဲ။ ဒါနဲ့ ... ရှင် ဒီနေ့ ရုံးလာမလား"

"မဖြစ်သေးဘူး မာရီဆာ။ ငါအလုပ် သိပ်များနေတယ်။ ဒါကြောင့်မို့ မင်းဆီ ငါဖုန်းဆက်တာ။ မင်းပဲ ကြည့်လုပ်ထားလိုက်ပါဦး"

"ရတော့ရပါတယ်။ ဒါပေမယ့် ရှင့်ကို ကျွန်မ ဘယ်တော့ တွေ့ရမှာလဲ ... ဟင်။ မနေ့ညကလဲ ညစာစားဖို့ ချိန်းတာ ပြန်ဖျက်လိုက်တယ် မဟုတ်လား။ ဒီနေ့ည ဘယ့်နှယ်လဲ"

www.burmeseclassic.com



"ငါ ... ငါ သိပ်မသေချာသေးဘူး မာရီဆာ။ ငါ့မှာ ဒီမှာ သောင်တင်နေတဲ့ နိုင်ငံခြား မိတ်ဆွေတွေ ရှိနေသေးတယ်။ ဒီညလဲ သူတို့နဲ့ပဲ ငါနေရဦးမှာ"

"ဒီလိုဆို သူတို့က တော်တော်နဲ့ ဘယ်ပြန်နိုင်ဦးမှာလဲ။ လူဝင်လူထွက် ပိတ်တာက ရက်တော်တော် ကြာဦးမယ်တဲ့။ မြို့တော်ဝန်က အဲသလိုပဲ ပြောတယ်တဲ့။ ဘရူနိုက ကျွန်မကို ပြောပြလို့ သိရတာ"

ဤတွင် ဂျော်ဒန်က တစ်ခုခုကို ရုတ်တရက် သတိရလိုက်မိသည်။ ဘရူနိုမှာ မာရီဆာ မောင်ဖြစ်သည်။ အသက် ၂၂ နှစ်ခန့်ရှိပြီ။ သူက ဗင်းနစ်မြို့ထုတ် ထိပ်တန်းသတင်းစာကြီးတစ်စောင်ဖြစ်သော 'ဗင်းနင်းဂေဇက်' သတင်းစာတိုက်မှ နာမည်ကျော် ဓာတ်ပုံသတင်းထောက်လဲ ဖြစ်သည်။

"ဘရူနိုက မြို့တော်ဝန်နဲ့ ဘယ်လိုပတ်သက်လို့လဲ"

"သူက မနေ့က တစ်ညလုံးနဲ့ ဒီနေ့တစ်နေ့လဲ မြို့တော်ဝန်တို့၊ ဗိုလ်မှူးကတ်ထရုန်းတို့နဲ့ ရှိနေခဲ့တယ်လေ။ သူ့ သတင်းစာတိုက်က သူလျှိုကိစ္စ အတွက် သူ့ကို အထူးတာဝန်ပေးထားတယ်"

'ဒါဆို သူပြောတာ မှန်နိုင်ပါတယ်။ ငါ့မိတ်ဆွေတွေကလဲ ဒီမှာ တော်တော်ကြာနေရဦးမှာပဲ။ ဒီတော့ ဒီည သူတို့နဲ့ မတွေ့လည်း ကိစ္စမရှိပါဘူး'

သူမက စိတ်အားထက်သန်စွာဖြင့် –

"ဒါဖြင့် ဒီည ကျွန်မတို့ တွေ့ကြမယ်ပေါ့ ... ဟုတ်လား"

"ငါ ... မင်းနဲ့ သိပ်တွေ့ချင်ပါတယ်။ အဲဒီတော့ ဒီလိုလုပ်။ ဒီည ၈ နာရီတိတိမှာ ဟယ်ရီစားသောက်ဆိုင်မှာ တို့ဆုံကြရင် မကောင်းဘူးလား"

"ကျွန်မ ဆက်ဆက်လာခဲ့မယ်"

"ဒါနဲ့ စကားမစပ် ဘရူနိုကိုပါ ဖိတ်လိုက်ရင်ကောင်းမယ် ထင်တယ်။ ဘာတွေဖြစ်နေတယ်ဆိုတာ သူ့ဆီက အမှန်အတိုင်း သိနိုင်တာပေါ့"

"ရှင့်အကြံကောင်းပါတယ် ... တင်။ ဒါပေမယ့် သူလာနိုင်ပါ့မလား။ အလုပ်သိပ်များနေမယ် ထင်တယ်"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ခဏဖြစ်ဖြစ် လာခဲ့ပါလို့ ဖိတ်ကြည့်ပါ"

"ကောင်းပြီလေ၊ ကျွန်မ ကြိုးစားကြည့်ပါ့မယ်"

"ကဲ ... ဒါပါပဲ။ ငါသွားစရာကိစ္စရှိသေးတယ်"

"ကောင်းပါပြီတဲ့ရှင်။ ဒါပေမယ့် အဖမ်းမခံရအောင်လဲ ကြည့်နေပါဦးနော် ... ဟင်း ... ဟင်း"

"အို ... မဟုတ်တာပဲ။ ငါ့ ဘယ်သူက လာဖမ်းမတဲ့လဲ"

သူက တယ်လီဖုန်း ပြန်ချလိုက်သည်။

www.burmeseclassic.com



ညှိ့ခန်းဖြတ်ပြီး ဟိုတယ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အပြင်ဘက်တွင် လေထန်ပြီး မိုးရိပ်တွေညိုနေသည်။

သူသည် မော်တော်ဆိပ်သို့လျှောက်လာပြီး ပိုက်ဆံအိတ်ထဲမှ လိုင်ရာ ၁၀၀၀ တန် စက္ကူတစ်ရွက်ထုတ်ကာ လက်မှတ်ရောင်းစာရေးကို ကမ်းပေးလိုက်သည်။

"ပိုင်ယာဇလေရိုမာကို လက်မှတ်တစ်စောင်ပေးပါ"

"ဆောရီး ... ဆီညော်။ ဒီနေ့ ပိုင်ယာဇလေရိုမာကို ဘယ်မော်တော်မှ မထွက်ပါဘူး"

အင်း ... ဒီလိုဆိုတော့လဲ ဒီတစ်ခါ အီတာလျံ ရဲအဖွဲ့က အတော်ကလေး စေ့စေ့စပ်စပ် လုပ်နိုင်သားပဲဟူ၍ ဂျော်ဒန်က ကျိတ်ပြီး ချီးကျူးလိုက်သည်။

ထို့နောက် ပြန်လှည့်ပြီး ဆိပ်ခံတံတားအတိုင်း လျှောက်လာခဲ့သည်။ မော်တော်သမားများနှင့် သမ္မန်သမားတွေ ညည်းနေကြသည်။ ဒီနေ့ရာသီဥတုကလည်း မသာယာ။ အလုပ်ကလည်း မဖြစ်။

ဂျော်ဒန်က မော်တော်သမား တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ သူက အနီးရှိ မော်တော်ကို လက်ညှိုးထိုးပြပြီး .... "ခင်ဗျား မော်တော်လား"

"ဟုတ်ပါတယ်"

"ကျုပ် မီးရထားဘူတာနဲ့ ပိုင်ယာဇလေရိုမာကို သွားချင်တယ်"

"အလကားပဲ ဆရာ။ ဘယ်သူမှ မြို့ပြင်ထွက်သွားလို့ မရဘူး"

"ကျုပ်က မြို့ပြင်ထွက်မှာ မဟုတ်ဘူး။ ဟိုနားဒီနား လျှောက်ကြည့်ရုံတင်ပါ"

"ဒါဆိုရင် ရပါတယ်။ တက်ပါ ... ဆရာ"

*

နောက်တစ်နာရီခန့်ကြာတွင် ဂျော်ဒန်သည် ဒန်နီယယ်လီ ဟိုတယ်မှ သူ့အခန်းထဲသို့ ပြန်ဝင်လာသည်။ ပါမောက္ခ မက္ကဒေါ်နယ်က ဆိုဖာပေါ်တွင် ငိုက်မျဉ်းနေသည်။ အယ်လီဆင်ကတော့ စားပွဲတွင် စာရေးနေသည်။

"ဟဲလို ... မင်း မာကိုပိုလို လေယာဉ်ကွင်း ရောက်ခဲ့ပြီလား"

"မရောက်တာဘဲ ပိုကောင်းဦးမယ်"

"ဘာဖြစ်လို့လဲ"

"အို ... သိပ်စိတ်ညစ်စရာ ကောင်းတာပဲ။ တစ်လမ်းလုံး ကင်းလှည့် မော်တော်တွေနဲ့ချည်း ဝင်တိုးနေတယ်။ လေယာဉ်ကွင်း ရောက်ပြန်တော့လဲ ဘာမှ အလုပ်မဖြစ်ပါဘူး။ သူတို့က မေးတော့ ကျွန်မမိတ်ဆွေတစ်ယောက်

www.burmeseclassic.com



လာကြိုတာပါလို့ ရုတ်တရက် ပြောလိုက်တယ်။ ဒီတော့ သူတို့က အရေးပေါ် အခြေအနေ ထုတ်ပြန်ထားတယ်။ လေယာဉ်လဲ လုံးဝမရှိဘူးဆိုပြီး ပြန်ပြောတယ်။ တွင်းထဲမှာ 'အေလီတာလီယံ'လေယာဉ် သုံးလေးစင်းတော့ မြင်ခဲ့တယ်။ ဒါပေမယ့် လေယာဉ်အမှုထမ်းတွေတော့ တစ်ယောက်မှ မတွေ့ခဲ့ပါဘူး။ အဲဒီမှာ ရှိနေတဲ့ လူတွေကလဲ အားလုံးလိုလို လက်နက်ကိုင်ရဲတွေချည်းပဲ။ ကျွန်မ ရေကြည့်တော့ ၄၀ အထိပဲ ရေနိုင်တယ်။ စိတ်မရှည်တော့တာနဲ့ ပြန်လှည့်လာခဲ့တယ်။ အဲဒီမှာ ရဲသားအားလုံးပေါင်း ၁၀၀၊ ၁၅၀ လောက်တော့ ရှိလိမ့်မယ်"

"အဲဒီတော့ ... ဗင်းနစ်မြို့က ဘယ်လေယာဉ်မှ မထွက်တာကတော့ သေချာနေပြီ" သူက ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ "ပြီးတော့ ရထားရော ကားရော လုံးဝမထွက်ဘူး။ အဲဒါ ငါအားလုံး စုံစမ်းလာခဲ့ပြီးပြီ"

"အဲဒီတော့ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

"လောလောဆယ်တော့ ငါလည်း ဘာမှ မကြံတတ်သေးဘူး။ ဒါပေမယ့် ငါက ဒီမြို့အကြောင်းရော၊ ဒီမြို့က လူတွေအကြောင်းရော သိပါတယ်။ တစ်နည်းတစ်လမ်းတော့ တွေ့ကောင်းတွေ့နိုင်ပါလိမ့်မယ်"

"ဆရာကြီးကတော့ အပြင်က တစ်ယောက်ယောက်နဲ့ ဆက်မိဖို့ပဲ မျှော်လင့်နေတယ်။ အဲဒါဆိုရင် တစ်ခုခု အလုပ်ဖြစ်နိုင်မယ်လို့ သူက ယုံကြည်နေတယ်"

"ဒါနဲ့ ... ဆရာကြီးနဲ့မင်းမှာ ပိုက်ဆံပါကြရဲ့လား"

"ကျွန်မမှာတော့ ခရီးသွားချက်လက်မှတ်နဲ့ ဒေါ်လာ ၄၀၀၀ ပါ တယ်။ ပြီးတော့ ... နယူးယောက်ဘဏ်မှာ စုငွေရှိသေးတယ်။ အဲဒါလဲ ကျွန်မ ချက်လက်မှတ်နဲ့ထုတ်ရင် ရပါတယ်။ အားလုံးပေါင်းလိုက်ရင်တော့ ဒေါ်လာ ၆၀၀၀ လောက်တော့ရှိမှာပါ။ ဆရာကြီးမှာတော့ ခရီးသွားချက်လက်မှတ်နဲ့ ဒေါ်လာ ၅၀၀၀ နီးပါးပါလာတယ်။ ရှင် ဘာလုပ်မလို့လဲ"

"လိုအပ်ရင် လာဘ်ထိုးမလို့။ ဒါကြောင့် တို့ရဲ့ ကာကွယ်ရေး ဘတ်ဂျက် ဘယ်လောက်ရှိသလဲဆိုတာ သိချင်လို့ မေးကြည့်တာ။ ဆရာကြီး ချက်လက်မှတ်က အလကားပဲ။ ငွေလဲလို့ မဖြစ်ဘူး။ အဲဒီတော့ မင်းမှာရှိတာနဲ့ ငါ့မှာရှိတာပဲ ထည့်ထွက်ရမှာ။ တို့လုပ်ငန်း အောင်မြင်မယ်ဆိုရင် ငါက ဒေါ်လာ ၂၀၀၀၀ အထိ ပေးပစ်လိုက်မှာ"

"ရှင် ပိုက်ဆံကို မသုံးပါနဲ့။ အားနာစရာကြီး"

"မသုံးလို့ မဖြစ်ဘူး။ ပြီးတော့ အသက် ၁၅၀ ရှည်ဖို့အတွက် အဲဒါ လက်ငင်းငွေချေလိုက်တာလို့ ငါက သဘောထားတာ။ ပိုက်ဆံပေးရင် ဆရာကြီးကို အပြင်ထုတ်သွားနိုင်တဲ့ လူတစ်ယောက်လောက်တော့ ရှိနိုင်ပါတယ်"



BURMESE CLASSIC .com

www.burmeseclassic.com



"ကျွန်မလဲ အဲဒီလိုပဲ ယုံကြည်ပါတယ်"

"ဒီနေ့ည လူတစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားတယ်။ ရဲနဲ့ နီးစပ်တဲ့လူပဲ။ သူက တို့သိချင်တာတွေ အားလုံး ပြောပြနိုင်တယ်။ ဒီည ငါဒီမှာ ညစာမစားဖြစ်တာ စိတ်မရှိပါနဲ့"

"စိတ်မရှိပါဘူး။ ကျွန်မလဲ မျှော်လင့်မထားပါဘူး"

"အဲဒီတော့ ... ဒီကြားထဲ မင်းဘယ်လို အချိန်ဖြုန်းမလဲ"

"ကျွန်မ အပြင်ထွက်ပြီး ဈေးဝယ်ရကောင်းမလားလို့ စိတ်ကူးတယ်။ ဆရာကြီးအတွက်လဲ အဝတ်အစားတွေ ဝယ်ရဦးမယ်။ ကျွန်မအတွက်လဲ နည်းနည်းပါးပါး ဝယ်ချင်သေးတယ်"

ဂျော်ဒန်က မတ်တတ်ထရပ်လိုက်သည်။

"ဝတ်ရင်လဲ သိပ်ဈေးကြီးတာတွေကိုတော့ မဝယ်ပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ ဒီကထွက်သွားရတဲ့အခါ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ 'ထွက်သွားရဖို့က ပိုသေချာနေတယ်'

"ဟုတ်ကဲ့ ... ကျွန်မ အဆင်ပြေအောင် ကြည့်ဝယ်ပါ့မယ်။ ဒါနဲ့ ... တင် ... သူတို့မဖမ်းမိခင် ကျွန်မတို့ ထွက်ပေါက်ရနိုင်စရာကောရှိပါရဲ့လားဟင်"

"အဲဒါတော့ ငါလဲ မပြောနိုင်သေးဘူး အယ်လီဆင်။ အဲ ... ငါ ပြောနိုင်တာ တစ်ခုတော့ ရှိတယ်။ အဲဒါက တခြားမဟုတ်ဘူး။ တို့အတွက် အချိန်သိပ်ကပ်နေပြီ၊ သိပ်ကပ်နေပြီ။ အဲဒါပဲ ငါစိုးရိမ်မိတယ်"

ထို့နောက် သူသည် ညစာစားပွဲအတွက် အဝတ်လဲရန် အပေါ်ထပ်သို့ တက်လာခဲ့သည်။

*

ည ၈ နာရီ ၅ မိနစ်တိတိတွင် ဟယ်ရီစားသောက်ဆိုင်ထဲသို့ ဂျော်ဒန် ဝင်လာသည်။

ဆိုင်ထဲတွင် အသံဗလံတွေ ကျွက်ကျွက် ညံနေသည်။ အဓိကရုဏ်းများ ဖြစ်နေသလားဟု ထင်ရသည်။ ဟယ်ရီစားသောက်ဆိုင်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးစားသောက်ဆိုင်တစ်ခု ဖြစ်သည်ဟု ဂျော်ဒန်က သတ်မှတ်ထားခဲ့သည်။ ဒါပေမယ့် ဆိုင်ထဲလာပြီး ကုလားထိုင် တစ်နေရာစာ ရဖို့ အရေးကတော့ တော်တော်တန်တန် ဖွဲ့ရှိရုံနှင့်မဖြစ်။ အမှန်တော့ သည်ဆိုင်က ၁၂ ရာသီ လူကျပ်တတ်သည်မှာ အဆန်းမဟုတ်တော့။

သို့သော် ဒီနေ့တွင်မူ ခါတိုင်းထက်ပိုပြီး လူတွေ ကြိတ်ကြိတ်တိုးနေသလို ထင်ရသည်။ အပြင်တွင် ရာသီဥတု မကောင်းသောကြောင့် ယခုလိုပို၍ လူများနေတာ ဖြစ်မည်။



BURMESE CLASSIC .com

www.burmeseclassic.com



စစ်စေးသုတ်စားပွဲဝိုင်းကလေးများတွင် စားသောက်သူတွေ ခါတိုင်းထက် နှစ်ဆပိုများနေသည်။ စားပွဲထိုးများပင် လမ်းသွားစရာ မရှိသလောက် ဖြစ်နေသည်။ လက်ဝဲဘက်ကောင်တာတွင် လူတွေတသီကြီး တန်းစီနေကြသည်။

အရက်စပ်ဆရာ အယ်လ်ဘာတိုက ကောင်တာတွင် အရက်စပ်နေရာမှ ဂျော်ဒန်အား တစ်ချက်စောင်းကြည့်လိုက်ပြီး –

"မင်္ဂလာညပါ ... မစ္စတာ ဂျော်ဒန်။ ထုံးစံအတိုင်းပဲနော်"

"ထုံးစံအတိုင်းပဲ"

ထို့နောက် လူအုပ်နောက်မှ ဝင်ပြီးတန်းစီလိုက်သည်။ မာရီဆာလဲ ရောက်မလာသေး။ သူက ဆိုင်ထဲမှ ပရိသတ်ကို မျက်လုံးကစားကြည့်လိုက်သည်။ အများစုမှာ နာမည်ကျော်ပုဂ္ဂိုလ်များ၊ သူဌေးကြီးများနှင့် အနုပညာရှင်များသာ ဖြစ်နေကြသည်။ အားလုံးလိုလိုပင် သူနှင့် မျက်မှန်းတန်းမိနေသူများ၊ သူ့မိတ်ဆွေများဖြစ်ကြသည်။ တစ်နေရာတွင် မြို့စားကတော်ကြီး အယ်လ်ဖီရာ ဒီမာချီသည် လူရှစ်ယောက်စာ စားပွဲတစ်လုံးတွင် အမြို့င်သားထိုင်နေသည်။

မြို့စားကတော်ကြီးသည် ဗင်းနစ်မြို့၏ ထင်ရှားသော ရှေးအကျဆုံး မှူးမျိုးမတ်နွယ်မျိုးဆက်မှ ဆင်းသက်လာသူဖြစ်၍ တစ်မြို့လုံးတွင် မသိသူ မရှိသလောက် ဖြစ်သည်။

မြို့စားကတော်က ဂျော်ဒန်အား နမ်း၍ နှုတ်ဆက်သည်။ ဂျော်ဒန်ကလည်း အနမ်းဖြင့် ပြန်လည်နှုတ်ဆက်လိုက်သည်။ နောက်တစ်ယောက်ကတော့ ဂျော်ဒန်၏ မိတ်ဆွေဟောင်းကြီး ဒေါက်တာဂျီအိုဗန်နီစကာပါ။ သူက သူ့အပေါင်းအသင်း သူဌေးကြီးများနှင့် စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့စားသောက်နေသည်။ သူကလည်း ဂျော်ဒန်ကို မြင်တော့ ပြုံး၍ နှုတ်ဆက်သည်။ နောက်စားပွဲတစ်လုံးတွင်တော့ အီတာလျံရုပ်ရှင် လောက၏ အလှဘုရင်မ တီရီဆာဖန်တိုနီ။ သူမသည် အသက်နည်းနည်းကြီးနေပြီဖြစ်ပေမယ့် အလှကတော့ လုံးဝမပျက်သေး။ မြင်ရသူ ကြည့်မဝအောင် လှတုန်း၊ ချောတုန်းပင် ဖြစ်သည်။ ဂျော်ဒန်အနေဖြင့် သူမအား ဟိုတုန်းက တစ်ခါမှ မတွေ့ခဲ့ဘူး။ သို့ပေမယ့် သူမ ပါဝင်သော ရုပ်ရှင်ကားတိုင်းကို မလွတ်တမ်းကြည့်ခဲ့သူဖြစ်၍ မျက်နှာမြင်ချက်ချင်းတန်းခနဲ မှတ်မိခြင်းဖြစ်သည်။

"ဒီမှာ မစ္စတာ ဂျော်ဒန်" အယ်လ်ဘာတိုက ကောင်တာကို ကျော်ပြီး အရက်ခွက်ကမ်းပေးသည်။ ဂျော်ဒန်က သူ့ရှေ့လူတွေအပေါ်မှ လက်ကမ်းပြီး လှမ်းယူလိုက်သည်။ အယ်လ်ဘာတိုက အခန်းနောက်ဘက်သို့ လက်ညှိုးထိုးပြပြီး –"မစ္စမာရီဆာ ရောက်နေပြီ။ ဒီအခန်း ဟိုဘက်မှာ သူ့စားပွဲနဲ့သူ"



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်က အရက်ဖန်ခွက်လက်က ကိုင်လာပြီး အခန်းတစ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ မာရီဆာက စားပွဲမှ လက်မြှောက်ပြသည်။ ဂျော်ဒန်က စားပွဲကုလားထိုင်တွေ ကြားထဲမှ ဖြတ်ပြီး မာရီဆာ စားပွဲသို့လာသည်။ သို့သော် ထင်သလောက် မတွင်။ လူတွေက အရမ်းပိတ်ကျပ်နေသည်။ ပြီးတော့ ... စားပွဲတိုင်းတွင် လူတိုင်းပြောနေသော စကားကိုလည်း သူကတစ်ဖက်မှ အာရုံစိုက်နေရသေးသည်။ သူတို့ပြောနေတာက တခြားမဟုတ် အားလုံးလိုလို ဘာသာရပ်တစ်ခုတည်းကိုပင် ပြောနေကြသည်။ အရေးပေါ် အခြေအနေ ထုတ်ပြန်သည့်အကြောင်း၊ သူလျှိုကို ရဲအဖွဲ့က ပိုက်စိပ်တိုက်၍ လိုက်လံရှာဖွေနေသည့်အကြောင်း။

မာရီဆာနှင့်အတူ သူမ၏မောင် ဘရူနိုလည်း ထိုင်နေသည်ကို မြင်လိုက်ရတော့ ဂျော်ဒန်အလွန်ဝမ်းသာမိသွားသည်။ ဘရူနိုက မာရီဆာနှင့်မတူ။ စိတ်လွယ်သည်။ ကြီးပွားချင်စိတ် ရှိသည်။ ဒါကြောင့် သူ့လုပ်ငန်းအတွက် စည်းရုံးလို့ ရနိုင်သည်။ အလုပ်ဖြစ်နိုင်သည်။

"ညတုန်းက မင်း အိပ်မက် မမက်မိဘူးလား" ဂျော်ဒန်က ပြုံးပြုံးရွှင်ရွှင်ဖြင့် မာရီဆာကို နမ်းပြီး နှုတ်ဆက်လိုက်သည်။ ပြီးတော့မှ .... "ဟေး ... ဘရူနို၊ နေကောင်းတယ် ... နော်။ ဒါနဲ့ ကင်မရာမတွေ့ပါလား"

"ဟုတ်ကဲ့ ... နေကောင်းပါတယ်။ ကင်မရာက ဒီမှာပါ" ဘရူနိုက စားပွဲခြေရင်းမှ ကင်မရာအိတ်ကို မြှောက်ပြသည်။

ဂျော်ဒန်က စားပွဲတွင် ဝင်ထိုင်လိုက်ပြီး –

"မင်းတို့နှစ်ယောက် နောက် တစ်ခွက်စီ ယူလိုက်ပါဦးလား။ အဲဒါက ဘာလဲ ဘယ်လင်နှစ်လား"

"နေပါစေ ... ကျွန်တော် တော်ပါပြီ။ မကြာခင် အလုပ်သွားစရာ ရှိသေးလို့ပါ"

"ချလိုက်စမ်းပါ ... ညီမောင်ရာ။ တခြားလူတွေ ဖိမ်ပျက်အောင် မလုပ်စမ်းပါနဲ့"

သူက အရက်ခွက်ကို တမော့တည်း သောက်လိုက်ပြီးနောက် စားပွဲထိုးကို လှမ်းကြည့်ပြီး နောက်ထပ် အရက်ထပ်ပေးရန် လက်ပြမှာလိုက်သည်။

"မင်းအကြောင်း မာရီဆာ ပြောပြလို့ ငါသိရတယ်။ သူတို့ကိစ္စနဲ့ အလုပ်ရှုပ်နေလို့ လီဒိုကမ်းခြေက ဘီကီနီ အလှမယ်ကလေးတွေကို ဒီအပတ် ဓာတ်ပုံမရိုက်နိုင်တော့ဘူး ဆို ... ဟဲ ... ဟဲ"

"သူလျှိုသတင်းအတွက် သတင်းစာတိုက်က အချိန်ပြည့် တာဝန်ပေးထားလို့ပါ။ အဲဒါ ... နေ့ရောညရော နှစ်ချိန်တောင် လိုက်နေရတယ်။ မြို့

www.burmeseclassic.com



တော်ခန်းမနဲ့ ပြည်ထောင်စုရဲဌာနချုပ်မှာ တစ်နေ့ ၁၆ နာရီလုံးလုံး အသင့်ရှိနေရတယ်"

"ဒါဖြင့် မင်းတော်တော် ပင်ပန်းမှာပေါ့"

"သိပ်တော့ မဟုတ်ပါဘူး။ ဒီတာဝန်က စိတ်ဝင်စားဖို့လဲ ကောင်းပါတယ်။ ကျွန်တော်ဒီသတင်းစာတိုက်ရောက်ကတည်းက ဒီသတင်းဟာ အကြီးကျယ်ဆုံးသတင်းပါပဲ။ ဆိုးတာတစ်ခုက ကြေးနန်း သတင်းတွေ ပိတ်ထားလို့ ကျွန်တော့် ဓာတ်ပုံတွေ အပြင်မပို့နိုင်တဲ့အချက်ပဲ။ မဟုတ်ဆိုရင် ကျွန်တော့်ပုံတွေကို အင်္ဂလန်၊ ပြင်သစ်၊ အမေရိက ပို့လိုက်ရင် ကျွန်တော်လဲတစ်ခါတည်း နာမည်ကြီးသွားမှာ သေချာတယ်"

"ကြေးနန်းသတင်း မပိတ်တာက ဘာဖြစ်လို့လဲ"

"ဒါတော့ မမှန်ဘူးလို့ ကျွန်တော် ထင်တယ်။ သူတို့က ကြေးနန်းသတင်းကိုရော၊ ကြေးနန်းဓာတ်ပုံကိုပါ ဗင်းနစ်မြို့ကနေပြီး ဘယ်မှ ပို့ခွင့်မရှိဘူးလို့ ပိတ်ထားတယ်။ အဲဒီသူလျှိုကို မသိသမျှ ဘာသတင်းမှ ပို့ခွင့်မရှိဘူးတဲ့"

ဂျော်ဒန်က စားပွဲထိုး လာချပေးသော စကော့ဝီစကီနှင့် ရေကို ရောပြီး တစ်ကျိုက်တည်း မော့သောက်လိုက်သည်။

"ဒါနဲ့ ... အဲဒီသူလျှိုကို မဖမ်းမိရင် ဘယ်လိုဖြစ်နိုင်သလဲ"

"အို ... ဒါကတော့ သူတို့ မိမှာပါ။ တစ်နေ့မဟုတ် တစ်နေ့တော့ မိမှာ သေချာပါတယ်။ သူ့ဓာတ်ပုံတွေလဲ နေရာတိုင်း ကပ်ထားပြီပဲ။ ပြီးတော့ သူတို့လုပ်နေပုံကလဲ စနစ်ကျတယ်။ တစ်ခန်းဝင် တစ်ခန်းထွက် လိုက်စစ်နေတယ်။ ဒီနေ့ မမိရင် နောက်သုံးလေးရက်အတွင်း ကျိန်းသေမိမှာပဲ။ ဒီလို အပူတပြင်း လိုက်ရှာနေရတာကလည်း တခြားကြောင့် မဟုတ်ဘူး။ ပြည်ပက လေကြောင်းကုမ္ပဏီတွေ၊ ခရီးသွားဌာနတွေ၊ သတင်းစာတိုက်တွေနဲ့ ပြည်တွင်း စီးပွားရေးသမားတွေက အာဏာပိုင်တွေကို တော်တော်ဒေါကန်နေကြပြီ။ ဒါကြောင့်မို့ ဒီသူလျှိုကို အမြန်ဆုံးဖမ်းမိအောင် ဒီလောက် ကြိုးစားနေကြတာပေါ့"

"ဒီလိုဆိုရင် ရဲအဖွဲ့အနေနဲ့ အပြင်က ဘာအကူအညီရသလဲ။ အီတလီနိုင်ငံ အပြင်ဘက်က ပြောတာ"

"အီတလီ အပြင်ဘက်က ဟုတ်လား။ အပြင်ဘက်က ဘာအကူအညီ ယူစရာလိုလို့လဲ"

"ငါဆိုလိုတာက ရှရှက အကူအညီ ဘာမှ မပေးဘူးလားလို့ပါ"

"ကျွန်တော်တော့ ဘာမှ မတွေ့ပါဘူး။ ရှရှတွေကိုလည်း မမြင်ပါဘူး" သူက ရှန်ပိန်အရက်ကို တစ်စုပ် စုပ်လိုက်ပြီးနောက် "ဒါပေမယ့် တချို့ ယဉ်ကျေးမှု အဖွဲ့ဝင်တွေအတွက်တော့ ခြွင်းချက်ရှိတာပေါ့"

www.burmeseclassic.com



"ဒါဖြင့် ဒီသုလျှိုထွက်ပြေးသွားနိုင်တယ်လို့ မင်းက မယုံကြည်ဘူးလား"

"ဘယ်လိုလုပ်ပြေးနိုင်မလဲ။ ရဲသားတွေက ခါတိုင်းထက် သုံးဆပိုချထားတာပဲ။ ပြီးတော့ မြို့ဝင်မြို့ထွက်လဲ အားလုံးပိတ်ထားတယ်။ ဘယ်သူ မှ မဝင်ရဘူး။ မထွက်ရဘူး"

"ဒါပေမယ့် ခြွင်းချက်တော့ ရှိဦးမှာပေါ့"

ဘရူနိုက ရုတ်တရက် ပြန်မဖြေဘဲ စဉ်းစားသလို လုပ်နေသည်။

ဤတွင် မာရီဆာက –

"မင်းက ငါ့ကိုပြောတော့ ခြွင်းချက်ရှိတယ်ဆို"

"ဟုတ်ပါတယ် ... ရှိတော့ ရှိပါတယ်။ ဒါပေမယ့် သိပ်တော့ မလွယ်ပါဘူး။ မြို့တော်ဝန် အက္ကာဒီအနေနဲ့ တချို့ ပုဂ္ဂိုလ်တွေအတွက် မြို့ပြင်ထွက်ခွင့် ပေးနိုင်တာတော့ မှန်ပါတယ်။ ဒါကလဲ အင်မတန် အရေးကြီးတဲ့ ကိစ္စအတွက် မှပါ။ နို့မဟုတ်ရင် မလွယ်ပါဘူး"

ဂျော်ဒန်က ဘရူနိုကို ဘယ်လို ချဉ်းကပ်ရကောင်းပါ့မလဲဟု အကြံထုတ်ရင်း စကော့ဝီစကီကို ထပ်မော့လိုက်သည်။

"ဒီမှာ ဘရူနို၊ ငါ့အနေနဲ့ မနက်ဖြန်ဖြစ်ဖြစ် ဒါမှမဟုတ် သန်ဘက်ခါဖြစ်ဖြစ် ပါရီကို သွားချင်ရင် သူတို့က ခွင့်ပြုပါ့မလား"

"မဖြစ်ပါဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ငါက မြို့တော်ဝန်ကို ပါတီပွဲတွေမှာ ဆုံဖူးတာပဲ။ သူက ငါ့ကို ဘာလို့ ခွင့်မပြုရမှာလဲ"

"ဘာလို့ ခွင့်မပြုရသလဲဆိုတော့ ခင်ဗျားက အဲဒီသုလျှိုခိုးသွားတဲ့ လျှို့ဝှက်ပုံစံတွေကို ပြင်ပထုတ်ယူသွားမှာ စိုးလို့ပေါ့"

"ဟုတ်ပါပြီ၊ ငါနားလည်ပြီ။ ဒီတော့ တစ်ခုလောက် မေးပါရစေဦး။ တကယ်လို့ မာရီဆာနဲ့ ငါနဲ့ နိုင်ငံခြားဧည့်သည်တချို့ ခေါ်ပြီး ပီရယ်လီ ဖာလန်နစ်ဆည်ကို သွားပြချင်တယ်ဆိုရင်တော့ သူတို့က ခွင့်ပြုပါ့မလား။ ဒါက တို့အနေနဲ့ အမြဲတမ်း လုပ်နေတဲ့ အလုပ်ပါ"

"ဒါကတော့ တစ်မျိုးစဉ်းစားနိုင်တာပေါ့။ ဗင်းနစ်မြို့နဲ့လဲ နီးတယ်။ ပြီးတော့ ခင်ဗျားတို့ အလုပ်ကိစ္စနဲ့ အမြဲတမ်းသွားနေကျလူ ဖြစ်တယ်။ ဒါပေမယ့် သူတို့ကတော့ ချုပ်ကိုင်ထားဦးမှာပဲ။ ခင်ဗျားတို့ကို ပဒူအာထိ သွားခွင့်ပါမစ် ပေးနိုင်တယ်။ ဒါပေမယ့် ရဲအစောင့်အရှောက်တော့ ထည့်ပေးလိမ့်မယ်"

"ဒီလိုဆိုရင် ပါရီ သို့မဟုတ် တခြားတစ်နေရာကို သွားမယ်ဆိုရင်ကော"

www.burmeseclassic.com



"မဖြစ်ပါဘူး၊ ကျွန်တော် သိရသလောက်တော့ ဘယ်နည်းနဲ့မှ မဖြစ်ပါဘူး။ ပါရီသွားဖို့ကိစ္စတော့ လုံးဝ မစဉ်းစားပါနဲ့"

"ပါရီကိစ္စ မစဉ်းစားလို့ မဖြစ်ဘူး။ ဒီကိစ္စအတွက်ပဲ ဒီည မင်းကို ငါတွေ့အောင် စီစဉ်ရတာ၊ ငါ့မှာ မိတ်ဆွေတစ်ယောက်ရှိတယ်။ ကောလိပ်တုန်းက စာသင်ဘက်ဆိုပါတော့။ အဲဒါ သူက ဒီအပတ်ထဲမှာ ပါရီကို အရောက်သွားရမယ့် ကိစ္စတစ်ခု ရှိနေတယ်။ အဲဒီကိစ္စကလဲ သိပ်အရေးကြီးတယ်။ သေရေး ရှင်ရေး ကိစ္စပဲ"

ဘရူနိုက ခေါင်းခါရင်း ... "ကျွန်တော် ပြောပြီးပြီပဲ"

"ခဏ နားထောင်ပါဦး၊ ငါ့မိတ်ဆွေက လျှို့ဝှက်အသင်းအဖွဲ့တစ်ခုအတွက် ဆက်သားအဖြစ် သွားရမှာ။ ပါရီမှာ ရှိနေတဲ့ သူပုန်ခေါင်းဆောင်ဆီကို ငွေတွေအများကြီး ယူသွားရမှာ။ အဲဒီငွေတွေကို တရားမဝင်တဲ့နည်းနဲ့ ယူသွားရမယ်။ သူပုန်ခေါင်းဆောင်ကလဲ ဒီအပတ်အတွင်းမှာပဲ ပါရီမှာရှိနေမှာ။ ဒါကြောင့် ငါ့မိတ်ဆွေက အချိန်မီ ရောက်မသွားရင် သူပုန်ခေါင်းဆောင်ကလဲ စိတ်ပျက်ပြီး တစ်နေရာထွက်သွားလိမ့်မယ်။ အဲဒီတော့ သူတို့ရဲ လှုပ်ရှားမှုကြီးလဲ တစ်ခါတည်း ပြိုကွဲသွားတော့မှာပဲ။ ဒီလုပ်ငန်းက မြင့်မြတ်တဲ့ တိုင်းပြည်ပြုလုပ်ငန်းပါ။ မင်းက ရဲဘက်နဲ့ အဆက်အသွယ်ရှိတော့ တစ်နည်း တစ်လမ်းနဲ့ ထွက်ပေါက်ရှာပေးနိုင်မယ် ထင်လို့ပါ"

"မဖြစ်နိုင်ပါဘူး"

"ဒီတော့ သူရမယ့် ငွေထဲက ဒေါ်လာ ၁၀,၀၀၀ ခွဲပေးမယ်ဆိုရင်ကော"

ဘရူနိုက ဂျော်ဒန်အား မျက်လုံးပြူးကြည့်နေသည်။

ဂျော်ဒန်က ခပ်မြန်မြန်လေး ဆက်ပြောသည်။

"တကယ်ပြောတာပါ။ အမေရိကန် ဒေါ်လာ ၁၀,၀၀၀ ရမယ်။ အစောင့်ရဲငါးထောင်၊ မင်း ငါးထောင်ခွဲယူပေါ့"

ဤတွင် မာရီဆာက ဂျော်ဒန်၏ လက်မောင်းကို လှမ်းကိုင်လိုက်ပြီး သူမ၏မောင်ကို ကြည့်ရင်း –

"ဘရူနို၊ ဒါကို ... ဒါကို ... မမ ကြောက်တယ်ကွယ်"

သို့သော် မောင်ဖြစ်သူက အစ်မစကားကို လုံးဝ ဂရုမစိုက်။ သူ့မျက်လုံးများက ဂျော်ဒန်၏ မျက်နှာကိုသာ စိုက်ကြည့်နေသည်။

"ပိုက်ဆံကတော့ အများကြီးပဲ"

"ဟုတ်တယ် ... အများကြီးပဲ"

"လက်ငင်းပေးမှာလား"



BURMESE CLASSIC .com

www.burmeseclassic.com



"လက်ငင်းပေးမှာပေါ့"

ဘရူနိုက စားပွဲကို ငုံ့ကြည့်နေရင်းမှ လေသံတိုးတိုးဖြင့် –

"ဖြစ်မဖြစ်တော့ ကျွန်တော် အာမခံနိုင်သေးဘူး။ ကျွန်တော့်မှာ ရဲ အဆက်အသွယ် ရှိတာတော့ အမှန်ပဲ။ ကျွန်တော့် မိတ်ဆွေတွေလဲ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော် တစ်ခုစဉ်းစားနေတယ်။ သူက ပွန်တီဒယ်လာမှာ တာဝန်ကျနေတဲ့ ရဲအုပ်တစ်ယောက်ပါ။ ပွန်တီဒယ်လာဆိုတော့ မက်စထရီနဲ့ သိပ်မဝေးဘူးပေါ့"

"ဒါဆို အတော်ပဲပေါ့။ အဲဒီကနေ ပါရီဆက်သွားရင် ဖြောင့်နေပြီပဲ"

ဘရူနိုက နှုတ်ခမ်းကို ကိုက်လိုက်ပြီး –

"ထင်သလောက်တော့ မလွယ်ဘူး။ ဒါပေမယ့် မဖြစ်နိုင်ဘူးတော့ မဟုတ်ပါဘူး။ အဲဒီ ရဲအုပ်မှာက မိသားစုတော်တော် များတယ်။ ကြွေးကလဲ လည်ပင်းခိုက်နေတယ်။ မိန်းမကလည်း ကိုယ်ဝန်ကြီးနဲ့၊ သူ တော်တော် အကျပ်တွေ့နေတယ်။ ဒီကိစ္စ သူစိတ်ဝင်စားလိမ့်မယ် ထင်တာပဲ"

"ဖြစ်အောင် ကြိုးစားကြည့်စမ်းပါ"

ဘရူနိုသည် ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်သည်။ ပြီးတော့ ကင်မရာကို ပခုံးတွင် ကောက်လွယ်လိုက်ပြီး "ကျွန်တော် အလုပ်သွားရဦးမယ်"

"အဲဒီတော့ မင်း ကံကြည့်နိုင်မှာလား"

"အတိအကျ မပြောနိုင်သေးဘူး။ ကျွန်တော်တို့ ထပ်တွေ့ကြသေးတာပေါ့"

ထို့နောက် သူသည် အခန်းထဲမှ ချာခနဲ လှည့်ထွက်သွားသည်။

အခန်းထဲတွင် ဂျော်ဒန်နှင့် မာရီဆာတို့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့ ကြသည်။ အရက်တစ်ယောက်နှစ်ခွက်စီ ထပ်သောက်ကြသည်။ ပြီးတော့ ညစာ မှာစားကြသည်။

"ကျွန်မတော့ ရှင့်ကိစ္စမှာ ဘရူနိုကို မပါစေချင်ဘူး ... တင်"

မာရီဆာက ထမင်းငုံ့စားနေရာမှ ရုတ်တရက် သတိရလာသလို ဂျော်ဒန်၏မျက်နှာကို မော့ကြည့်ပြီး ပြောလိုက်သည်။

"ဒါ မြင့်မြတ်တဲ့လုပ်ငန်းပါ ... မာရီဆာ"

"အဲဒါတော့ ကျွန်မ မသိဘူး။ ဒါပေမယ့် ကျွန်မ မောင်ကလေး ဒုက္ခ မရောက်စေချင်တာတော့ အမှန်ပဲ"

"မပူပါနဲ့၊ သူကလေး မဟုတ်တော့ပါဘူး။ သူ့ဟာသူ ဆုံးဖြတ်ပါလိမ့်မယ်"

www.burmeseclassic.com



"ဟုတ်ပါတယ်။ သူ ဆုံးဖြတ်မှာပါ။ မျက်စိထဲမှာ ငွေပုံကြီး မြင်နေရပြီ မဟုတ်လား"

"သူ့ အဆက်အသွယ်နဲ့လုပ်ရင် အန္တရာယ်မရှိနိုင်ပါဘူး"

"ဘယ့်နှယ်ပြောပါလိမ့်ရှင်။ လာဘ်ပေး လာဘ်ယူဆိုတာ အမြဲတမ်း အန္တရာယ်ရှိတာပဲ။ ပြီးတော့ ရှင် ပြောတာကိုလဲ ကျွန်မ မယုံချင်ဘူး။ ရှင့်မှာ လျှို့ဝှက်အသင်းမိတ်ဆွေတစ်ယောက် ရှိတယ်ဆိုတာကို ပြောတာပါ။ ရှင် လိမ် ပြောပေမယ့် ကျွန်မ မယုံဘူး။ ရှင့်အကြောင်း ကျွန်မ ကောင်းကောင်းသိပါ တယ်။ ဧကန္တ ရှင်ဟာ လူတိုင်းလိုက်ရှာနေတဲ့ အဲဒီလူလျှိုအတွက် လုပ်ပေးနေ တာများလား"

ဂျော်ဒန်က လက်ဝါးကာလိုက်ရင်း –

"မဟုတ်ရပါဘူး ... မာရီဆာ။ ငါကျိန်ပြောရဲပါတယ်။ ငါ့အလုပ်က အဲဒီ သူလျှိုနဲ့ ဘာမှ မဆိုင်ပါဘူး။ ငါပြောတာ ယုံစမ်းပါ"

"အဲဒီလိုဆိုရင်လဲ ကျွန်မတော့ ဘာမှ နားမလည်တော့ဘူး"

"မင်းကို ငါ ဘာလို့ ညာရမလဲကွ။ ငါ အမှန်တရားကို ပြောနေတာ ပါ။ အရေးကြီးတဲ့ကိစ္စဖြစ်လို့ ဒီလိုလုပ်ရတာပါ။ ရဲကို ရှောင်ရမယ့် လုပ်ငန်းဖြစ် နေလို့ပါ။ ဒီကိစ္စပြီးသွားတော့ မင်းကိုငါ ရှင်းပြပါ့မယ်"

"တကယ်ပြောတာနော်၊ ဒီလိုဆိုရင် ဘရူနိုက ကူညီနိုင်စရာရှိပါ တယ်"

"ကူညီမယ်လို့ မျှော်လင့်ရတာပဲ။ ဒါနဲ့ မင်း ဘာယူဦးမှာလဲ"

"မယူတော့ပါဘူး"

"ဒါဖြင့် ဘာလုပ်ဦးမှာလဲ"

"ဘာမှ မလုပ်ချင်ဘူး။ ရှင့်ကိုပဲ ချစ်ချင်တယ်။ ကျွန်မ ရှင့်ကို မချစ်ရ တာ ကြာပြီ"

"ငါလဲ အတူတူပါပဲကွယ်။ ဒါပေမယ့် ငါ့အခန်းသွားလို့တော့ မဖြစ် ဘူး။ အဲဒီမှာ ငါ့မိတ်ဆွေ ရှိနေတယ်"

"ရှင် မိတ်ဆွေဆိုတာက ဟိုသူလျှိုကို ပြောတာလား" သူမက ရယ် ပြီး ပြောလိုက်သည်။ "ရှင့်အခန်း မသွားရင် ကျွန်မအခန်း သွားလဲ ရပါတယ်။ အဲဒီမှာ ဘယ်သူမှ မရှိဘူး။ မေမေလဲ ဆေးစစ်ဖို့အတွက် ဆေးရုံတက်နေရ တယ်။ ဒီအကြောင်း ရှင့်ကို ကျွန်မ ပြောပြီးပြီပဲ။ မောင်လေးကလဲ အနည်းဆုံး လေးငါး နာရီကြာမှ ပြန်လာမှပါ'

"လာ ... ဒါဖြင့် သွားကြစို့"

"ဒီည ဟိုတယ်မပြန်ပါနဲ့တော့လား မောင်ရယ်။ ဒီမှာပဲ အိပ်လိုက်ပါ



BURMESE CLASSIC .com

www.burmeseclassic.com



တော့လား နော် ... ကျွန်မ မောင့်ကို သိပ်ချစ်လို့ပါကွယ် ... မောင်လေး ပြန်လာ ရင်လဲ သူ့အခန်းထဲ သူ သွားအိပ်ပါလိမ့်မယ်"

"မဖြစ်လို့ပါ အချစ်ရယ်။ ကိုယ့်မိတ်ဆွေက ကိုယ့်ကို မျှော်နေလိမ့်မယ်။ ဘရူနိုနဲ့ကိုယ်နဲ့ ဆွေးနွေးတာတွေကို သူ့ကို ပြန်ပြောပြရဦးမယ်။ ဩော် ... ဘရုနိုကို ပြောစရာတစ်ခု ကိုယ်မေ့သွားတယ်ကွယ်။ ရဲတွေက ဟိုတယ်ကို လဲ လာစစ်ဖို့ အစီအစဉ်ရှိသလားဆိုတာ သူ့ကို မေးကြည့်ပေးစမ်းပါ။ ကိုယ်တော့ သူတို့လာစစ်လိမ့်မယ် ထင်နေတယ်။ လာမယ်ဆိုရင် ဘယ်တော့လာမယ်ဆိုတာ သူ့ကို အတိအကျ မေးပေးပါနော်။ ကိုယ်ပြောတာကြားရဲ့လား ... မာရီဆာ"

"ကျွန်မ ကြားပါတယ်။ စိတ်ချပါ။ မနက်ကျတော့ မေးပေးပါ့မယ်။ ဒါထက် ရှင့်မိတ်ဆွေကို ရပ်ဝေးတယ်လီဖုန်းတွေ ဘာတွေ မဆက်ဖို့လဲ ပြောထားဦး။ သူတို့က ရပ်ဝေးတယ်လီဖုန်း ဆက်တာတွေ ဖြတ်နားထောင်နေတယ်လို့ ကျွန်မကို ဘရူနို ပြောလို့သိရတယ်"

"ကျေးဇူးတင်ပါတယ် အချစ်ရယ်"

ဂျော်ဒန်သည် မာရီဆာ၏ အခန်းမှ ဆင်းလာခဲ့ပြီးနောက် လမ်းပေါ်ရောက်တော့ ရုတ်တရက် ရပ်လိုက်သည်။ သူ့ခေါင်းထဲက တစ်စုံတစ်ရာကို သတိရလိုက်မိသောကြောင့် ဖြစ်သည်။ ညနေတုန်းက ဟိုတယ်မှ ထွက်လာခါနီးတွင် – "ဆရာကြီးကတော့ အပြင်က တစ်ယောက်ယောက်နဲ့ ဆက်မိဖို့ပဲ မျှော်လင့်နေတယ်။ အဲဒါဆိုရင် တစ်ခုခု အလုပ်ဖြစ်နိုင်မယ်လို့ သူက ယုံကြည်နေတယ်" ဟူ၍ အယ်လီဆင်က ပြောခဲ့သည်။

အခု မာရီဆာကလည်း "ဒါထက် ... ရှင့်မိတ်ဆွေကို ရပ်ဝေးတယ်လီဖုန်းတွေ ဘာတွေ မဆက်ဖို့လဲ ပြောထားဦး။ သူတို့က ရပ်ဝေးတယ်လီဖုန်း ဆက်တာတွေကို ဖြတ်နားထောင်နေတယ်လို့ ကျွန်မကို ဘရူနိုက ပြောလို့ သိရတယ်" ဟု ပြောလိုက်ပြန်ပြီ။

တကယ်လို့များ လန်ဒန်မြို့ကဖြစ်ဖြစ်၊ နယူးယောက်ကဖြစ်ဖြစ် တစ်ယောက်ယောက်ဆီကို ဆရာကြီးက တယ်လီဖုန်းများ ဆက်ခဲ့ရင်တော့ ခုလောက်ဆို သူ အချုပ်ခန်းထဲ ပြန်ရောက်နေရော့ပေ့ါ။

အို ... ဒါက ဖြစ်ချင်မှလဲ ဖြစ်မှာပါ။ မဖြစ်ဖို့က ပိုသေချာပါတယ်။

ဂျော်ဒန်က သူ့စိတ်ကို ဖြေသိမ့်ရင်း ... ဟိုတယ်သို့ သုတ်ခြေတင်ခဲ့သည်။ အခန်းထဲဝင်လိုက်တော့ ဆိုဖာပေါ်တွင် အယ်လီဆင် ခွေခွေကလေး တစောင်းထိုင်ပြီး စာဖတ်နေတာကို တွေ့ရသည်။ သူမက အမှတ်မထင်မို့ လန့်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်က မောကြီး ပန်းကြီးဖြင့် ကမန်းကတန်း မေးလိုက်သည်။

"ဆရာကြီးကော။ ဆရာကြီး ... ဒီည သူအပြင်ကို ဖုန်းဆက်သေးသလား။ ရပ်ဝေးဖုန်း ဆက်သေးသလား"

"ဟုတ်တယ် ... သူ တစ်ယောက်ယောက်ဆီ ဆက်ဖို့ လုပ်နေတယ်။ အခု အိပ်ခန်းထဲဝင်ပြီး ဆက်နေ"

"ဟော ... သောက်ကျိုးနည်းပါပြီ။ မဖြစ်ဘူး မဖြစ်ဘူး"

ဂျော်ဒန်သည် အိပ်ခန်းဆီသို့ အတင်းပြေးလာခဲ့ပြီး အခန်းတံခါးကို ကမန်းကတန်း တွန်းဖွင့်လိုက်သည်။

ပါမောက္ခကြီးသည် ခုတင်စွန်းတွင် တင်ပါးလွှဲထိုင်ပြီး တယ်လီဖုန်း ဆက်နေသည်။

"အော်ပရေတာ ကျေးဇူးပြုပြီး ကျုပ်ကို"

ဂျော်ဒန်က ကပျာကယာ ပြေးသွားပြီး ပါမောက္ခကြီးလက်မှ တယ်လီဖုန်းကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

"ဆောရီး ... အော်ပရေတာ။ တယ်လီဖုန်း နံပါတ် မေ့သွားလို့ပါ"

သူက ယင်းသို့ ပြောလိုက်ပြီး ဖုန်းကို ပြန်ချလိုက်သည်။

ဆရာကြီးက ဂျော်ဒန်အား ကြောင်ကြောင်ကြီးကြည့်ပြီး –

"ကျုပ် နယူးယောက်ကို ခေါ်မလို့"

"ရပ်ဝေးဖုန်းမရဘူး ... ဆရာကြီး။ ခုလဲ မရဘူး။ ဘယ်တော့မှလဲ မရဘူး"

"ကျုပ်အနေနဲ့ဘာမှ မကြံတတ်တော့ ဒါပဲလုပ်စရာရှိတော့တာပေါ့။ ကျုပ်မှာ ကုလသမဂ္ဂမှာ မိတ်ဆွေတစ်ယောက်ရှိတယ်။ ကျုပ် ဒီလိုကြုံနေရတာ သူသိသွားရင် တစ်ကမ္ဘာလုံးက ကျုပ်ကို ကယ်တင်ဖို့ ဝိုင်းလာကြလိမ့်မယ်။ အဲဒီလိုဆိုရင် ... သူတို့ ကျုပ်ကို မလွှတ်ချင်လို့ မရတော့ဘူး"

"ကျွန်တော် တောင်းပန်ပါတယ် ... ဆရာကြီး။ ဆရာကြီးအကြံဟာ အလုပ်မဖြစ်ပါဘူး။ သူတို့က ဒီလောက် မမိုက်သေးပါဘူး။ ရပ်ဝေးတယ်လီဖုန်းတွေ အကုန်လုံး ဖြတ်နားထောင်နေတယ်။ ဆရာကြီး အဲဒီလိုလုပ်လိုက်ရင် သူတို့က ခုချက်ချင်း လာဖမ်းသွားလိမ့်မယ်။ အဲဒီလိုဆိုရင် ဆရာကြီးလဲ လောကကြီးနဲ့ တစ်ခါတည်း အဆက်ပြတ်သွားလိမ့်မယ်"

ပါမောက္ခကြီးက မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်သည်။

"ဒါဆိုရင် ကျုပ်အခြေအနေက ရေစုန်မျောနေပြီပေါ့"

"အဲဒီလိုလဲ မဟုတ်သေးပါဘူး ... ဆရာကြီး" ဂျော်ဒန်က ပါမောက္ခကြီး၏လက်မောင်းကို ဆုပ်ကိုင်ပြီး ဆွဲထူလိုက်ရင်း– "လာပါဆရာကြီး။ ဟို

www.burmeseclassic.com



ဘက်ခန်းသွားကြရအောင်၊ အရက်ကလေး တစ်ခွက်လောက် သောက်ပစ်လိုက်စမ်းပါ။ ပြီးတော့ ကျွန်တော် ဘာတွေလုပ်လာခဲ့တယ်ဆိုတာ ပြောပြပါ့မယ်"

"မောင်ရင် အကြံရခဲ့ပြီလား"

"ရခဲ့ပြီဆိုပါတော့။ နေပါဦး၊ အေးအေးဆေးဆေး ပြောပြပါ့မယ်။ ဆရာကြီး ဘာသောက်မလဲ"

"မောင်ရင် သောက်တာပဲ ပေးပါ"

"ကျွန်မလဲ တစ်ခွက်လောက်"

ဂျော်ဒန်က ကော့ညက်သုံးခွက်ထည့်ပြီး ပါမောက္ခကြီးအား တစ်ခွက်ကမ်းပေးလိုက်သည်။ ကျန်နှစ်ခွက်ကို စားပွဲပေါ်တင်လိုက်သည်။ ပြီးတော့ ... သုံးယောက်စလုံး ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြသည်။

"အဲဒီတော့ ... ညဦးတုန်းက ကျွန်တော်တို့ နှစ်ယောက်ဆွေးနွေးတာကိုပဲ ထပ်ပြန်ပြောပါရစေဦး။ ဆရာကြီးကို အယ်လီဆင်က ဘာမှမပြောဘူးလား။ လိုအပ်ရင် တစ်ယောက်ယောက်ကို လာဘ်ထိုးပြီး ဆရာကြီး အပြင်ထွက်နိုင်အောင်လုပ်ဖို့ ကျွန်တော်တို့ တိုင်ပင်ထားကြတယ်"

အယ်လီဆင်က ကြားဝင်ပြီး –

"ဒီအကြောင်း သူ့ကို ကျွန်မ လုံးဝ မပြောမိသေးဘူး"

"စုစုပေါင်း ဒေါ်လာ ၁၀,၀၀၀ လိုတယ်။ အယ်လီဆင်မှာ ၄,၀၀၀ ရှိတယ်။ ကျန်တဲ့ ၆,၀၀၀ ကတော့ ကျွန်တော်ကပဲ စိုက်ပါ့မယ်။ ဒါကို ဘယ်သူ့မှ မကန့်ကွက်ကြပါနဲ့။ ဒါဟာ အသက် ၁၅၀ နေရဖို့အတွက် လက်ငင်းငွေချေတာပဲ ဆိုတာ အယ်လီဆင်ကို ညနေပိုင်းက ကျွန်တော် ပြောခဲ့ပြီးပါပြီ။ အဲဒီတော့ ဒီည ညစားစားပွဲကရလာတဲ့ သတင်းကို ပြောပြမယ်"

ထို့နောက် ဂျော်ဒန်က မာရီဆာကို သူ၏လက်ထောက်အဖြစ် လည်းကောင်း၊ ဘရူနိုကို မာရီဆာ၏မောင်နှင့် 'ဗင်းနစ်ဂေဇက်' ဓာတ်ပုံသတင်းထောက်အဖြစ် လည်းကောင်း သာမန်မျှသာ ပြောပြပြီး သူသိခဲ့ရသမျှ အချက်အလက်တွေကို အပြည့်အစုံ ပြန်လည်ဖောက်သည်ချလိုက်သည်။

ဂျော်ဒန်၏ စကားဆုံးတော့ ဆရာကြီးက မေးသည်။

"ဒီတော့ မောင်က ဖြစ်နိုင်မယ် ထင်သလား"

"ဘရူနိုကတော့ အာမမခံသေးဘူး။ ဒါပေမယ့် ဒီကိစ္စကို သူသိပ်ပြီး စိတ်ဝင်စားနေတယ်။ သူ ငွေလိုချင်နေတယ်။ သူက ရဲအုပ်နဲ့လဲ ရင်းနှီးတယ်။ ရဲအုပ်မှာလဲ ငွေအင်မတန် လိုနေတယ်။ ဘရူနိုက ရဲအုပ်နဲ့ တကယ် သွားတွေ့မယ် မတွေ့ဘူးဆိုတာတော့ အတိအကျ မပြောနိုင်ဘူး။ သူ့အဖြေကို စောင့်ကြည့်ရဦးမှာပဲ"

www.burmeseclassic.com



အယ်လီဆင်က အရက်တစ်ငုံ သောက်လိုက်ရင်း –

"ဘယ်တော့လောက် အတိအကျ သိရမလဲ"

"အဲဒါလဲ မပြောနိုင်သေးဘူး။ အရေးကြီးတယ်ဆိုတာတော့ ဘရူနို လဲ သိသွားပါပြီ။ ငါက ငါ့မိတ်ဆွေဟာ တစ်ပတ်မပြည့်ခင် ပါရီကို ရောက်စေ ချင်တယ် ဆိုတာတော့ သူ့ကို ပြောလိုက်တယ်"

"ရဲအုပ်က ငြင်းရင် ဘယ်လိုလုပ်မလဲ" ပါမောက္ခကြီးက စိုးရိမ် မကင်းသံဖြင့် မေးလိုက်သည်။

"အဲဒီလိုရင်လဲ တခြားနည်း ကြံရမှာပေါ့။ ဒီလိုပဲ ဆက်ပြီး စုံစမ်း ရမှာပေါ့။ တစ်ခုခုတော့ ထူးလာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်နေတယ်။ ဘရူနိုအနေနဲ့ ကူညီနိုင်လိမ့်မယ်လို့လဲ ကျွန်တော် မျှော်လင့်ထားတယ်"

"မကြာခင်မှာလား"

"ဟုတ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ အခြေအနေက သိပ် မဆိုးသေးပါဘူး။ အခုတော့ ဆရာကြီးအနေနဲ့ လုံခြုံနေတာပဲ။ ဆရာကြီး ဒီ မှာ ရှိတယ်ဆိုတာ ဘယ်သူမှ မသိဘူး။ ဒါကြောင့် ဆရာကြီးကို မြို့ပြင် ဘယ် လိုထုတ်ရမယ်ဆိုတာ ကျွန်တော်တို့ အေးအေးဆေးဆေး ထိုင်ပြီး အကြံထုတ် နိုင်သေးတယ်။ ကဲ … နောက်ထပ် တစ်ယောက်တစ်ခွက်စီ သောက်လိုက်ကြဦး စို့"

*

တင်ဂျော်ဒန်သည် အိပ်ရာထဲ တစ်ခြမ်းစောင်းပြီး ခွေခွေကလေး လှဲ နေသည်။ အိပ်ခန်းပြတင်းပေါက်မှ တရုတ်ကတ်များကို မိုးနှင့်လေနှင့် တဖြန်း ဖြန်း တိုက်ခတ်သံ ကြားနေရသည်။ မိုးကလည်း သည်းလိုက်သည့်ဖြစ်ခြင်း၊ ကောင်းကင်တစ်ခုလုံး ပြိုကျနေသလား ထင်ရသည်။ သည်ကြားထဲ တစ်ခါ တစ်ခါ မိုးခြိမ်းသံ ဟိန်းပြီး လျှပ်စီးကလည်း တဖျပ်ဖျပ် လက်လိုက်သေးသည်။

သူ့ဘေးတွင်မူ ပါမောက္ခကြီးသည် တခေါခေါ ဟောက်ပြီး နှစ်နှစ် ခြိုက်ခြိုက် အိပ်မောကျနေသည်။ ခုတင်ဘေးရှိ စားပွဲပေါ်မှ နာရီကလည်း တစ်ချက်ချက် အသံပေးကာ မှန်မှန်သွားလျက်ရှိသည်။ သူက နာရီကို စောင်း ကြည့်လိုက်သည်။ နံနက် ၂ နာရီ ၁၆ မိနစ်။

မျက်လုံးများကို ကြိုးစားပြီး ပိတ်ကြည့်သည်။ အရက်ရှိန်ကြောင့် မျက်ခွံတွေလေးလံပြီး တစ်ကိုယ်နှံ့းချည့်နေသလို ခံစားမိသည်။

သူသည် တောင်တွေး မြောက်တွေးတွေးနေသော စိတ်ကို သတိဖြင့် ချုပ် သည်။ ဘာဆိုဘာမှ မတွေးဘဲနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရန်

www.burmeseclassic.com



ကြိုးစားပြီး အိပ်သည်။ ရုတ်တရက် ပေါ်ထွက်လာသော အသံတစ်သံကြောင့် အာရုံတွေ လွင့်သွားပြန်သည်။

သူက မျက်လုံးကို ကြိုးစားပြီး ဖွင့်သည်။ နားကို စွင့်သည်။ ခေါင်းကို ထောင်သည်။ သူ့ဘေး နှစ်ပေခန့်အကွာမှ တယ်လီဖုန်းသံ ဆက်တိုက်မြည်နေသည်။ စောင်ခြုံထဲမှ လက်ထုတ်ပြီး တယ်လီဖုန်းကို လှမ်းကိုင်လိုက်သည်။ ထို့နောက် လေသံဖြင့် ပြောလိုက်သည်။

"ဟဲလို"

"တင် ... လား၊ မာရီဆာပါ၊ ကျွန်မ ဒုက္ခပေးလို့ အိပ်ရေးပျက်သွားပြီ ထင်တယ်"

"မပျက်ပါဘူး။ ဘာများထူးလို့လဲ"

"ညတုန်းက ရှင် ကျွန်မကို မေးသွားတာ မှတ်မိသေးသလား။ ဟိုတယ်တွေကို ရဲက ဘယ်တော့လာစစ်မလဲဆိုတာ ဘရူနိုကို မေးပေးပါလို့ ပြောသွားတာလေ"

"အဲဒီတော့"

"ဘရူနို ခုနကပဲ အိမ်ပြန်ရောက်တယ်။ သူက ထမင်းဆာလို့ ဆိုပြီး ကျွန်မကို နှိုးတယ်။ ဒါနဲ့ ကျွန်မ အိပ်ရာကထပြီး သူ့ကို ရှိတာလေးတွေ ထုတ်ကျွေးတယ်။ အဲဒီအချိန်မှာ ရှင်မေးသွားတာကို သတိရတာနဲ့ ကျွန်မက သူ့ကို မေးကြည့်တယ်။ အဲဒီကိစ္စ သူအားလုံးသိထားပြီ။ အဲဒါကြောင့် ကျွန်မ ချက်ချင်း ဖုန်းကောက်ဆက်တာ"

"အင်း ... လုပ်စမ်းပါဦး။ သူက ဘယ်လိုပြောသလဲ"

"ရှင့် မိတ်ဆွေအတွက်တော့ စိတ်မကောင်းစရာဘဲ။ ရဲအဖွဲ့က ဟိုတယ်တွေ အားလုံးကို ရုတ်တရက် ဝင်စစ်ဖို့ ဆုံးဖြတ်လိုက်ပြီးပြီ။ အဲဒါ ဒင်နီယယ်ဟိုတယ် အပါအဝင် အဲဒီတစ်ဝိုက်က ဟိုတယ်တွေကို မနက်ဖြန် မနက် ၇ နာရီမှာ ဝင်စစ်မယ်တဲ့"

"မနက်ဖြန်မနက် ဟုတ်လား"

"ကျွန်မက ဒီနေ့မနက်ကို ပြောတာ။ အခုအချိန်က စပြီး နောက်ထပ် ငါး နာရီပဲ ကျန်တော့တယ်"

ဂျော်ဒန်က ခေါင်းအုံးပေါ် နောက်လှန်ပစ်လိုက်သည်။ အတော့်ကို အကျပ်ရိုက်သွားသည်။

"ဘရူနိုပြောတာက သေချာရဲ့လား"

"ထပ်မေးမနေပါနဲ့။ ဗိုလ်မှူးကြီး ကတ်ထရန်းက တော်တော်လောက်ကပဲ သူ့တပ်ဖွဲ့ဝင်တွေကို အမိန့်ပေးလိုက်ပြီ။ သူတို့အရာရှိတွေ ဆွေးနွေးနေတာ



BURMESE CLASSIC .com

www.burmeseclassic.com



ဘရူနိုကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားလာခဲ့တာ။ ဒီနေ့မနက် ၇ နာရီတဲ့။ ရှင်တို့ ဟိုတယ်ကို သူတို့စစ်ဆေးလိမ့်မယ်။ တစ်ယောက်မှ အပြင်ထွက်ခွင့်မပြု ဘူး။ လူတိုင်းတစ်ယောက်စီ စစ်ဆေးလိမ့်မယ်။ အခန်းတိုင်း နေရာမလပ် ရှာကြ လိမ့်မယ်။ အဲဒါ ရှင့်မိတ်ဆွေအတွက် တစ်ခုခု မြန်မြန်လုပ်မှ ကောင်းလိမ့်မယ်"

"ဟုတ်တယ် ... လုပ်ရမယ်။ ကျေးဇူးပဲ မာရီဆာ"

သူက တယ်လီဖုန်းကို ပြန်ချလိုက်သည်။ ပြီးတော့ စောင်ကို ဆွဲခွာ လိုက်ပြီး ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။ ကမန်းကတန်း အဝတ်အစားလဲ သည်။ အပြင်ဘက်မှ မိုးသံတွေ ကြားနေရသည်။

အင်္ကျီကြယ်သီးတပ်ရင်း ခုတင်ခြေရင်းဘက်မှ ပတ်လာပြီး ခုတင် ဘေးမှ စားပွဲတင်မီးလုံးကို ဖွင့်လိုက်သည်။ ပြီးတော့ ပါမောက္ခကြီးကို လှုပ် နှိုးသည်။ ပါမောက္ခကြီးက မျက်လုံး ဖွင့်ကြည့်သည်။

"ဆရာကြီး နိုးပြီလား"

"အိမ်း ... နိုးပြီထင်တာပဲ"

'ကျွန်တော် ပြောတာ ခဏနားထောင်ပါ။ အခုပဲ ကျွန်တော့်ဆီ မိတ် ဆွေတစ်ယောက်ဆီက ဖုန်းဆက်သည်။ ဒီ ဟိုတယ်ကို ရဲတွေလာဝိုင်းတော့မယ် တဲ့။ သိပ်မကြာတော့ဘူး။ အခုနာရီပိုင်းအတွင်း ဝိုင်းကြတော့မယ်။ အဲဒီတော့ နောက် နှစ် နာရီအတွင်း ကျွန်တော်တို့ ဒီက ထွက်ပြေးမှ ဖြစ်တော့မယ်'

ပါမောက္ခကြီးသည် အိပ်ရာမှ လူးလဲ ထလိုက်သည်။ သူ့တစ်ကိုယ် လုံး ဆတ်ဆတ်တုန်နေသည်။

"ဘယ်ပြေးကြမလဲ၊ ဘယ်ပြေးမလို့လဲ"

"မသိသေးဘူး၊ စဉ်းစားကြည့်ရဦးမယ်။ ကဲ ... အဝတ်အစားသာ မြန်မြန်လဲပါ။ ပြီးတော့ ယူစရာရှိတာတွေ သေသေချာချာ သိမ်း၊ ဘာမှ မကျန် စေနဲ့။ ကျွန်တော် ကင်းဘတ်အိတ်တစ်လုံး ပေးမယ်။ အဲဒါထဲမှာ အားလုံးစု ထည့်။ နောက်ပြီး ဆရာကြီး မုတ်ဆိတ်လဲ ရိတ်ပစ်လိုက်ပါဦး။ ကဲ ... အချိန် မရှိတော့ဘူး။ မြန်မြန်လုပ် ... မြန်မြန်လုပ်"

ထို့နောက် သူသည် ခုတင်နားမှ ထွက်လာခဲ့သည်။ အခန်းထဲ ဖြတ် လျှောက်လာပြီး အယ်လီဆင်၏အခန်းတံခါးကို ဖွင့်လိုက်သည်။ အထဲသို့ဝင် လာခဲ့သည်။ ခုတင်ဘေးမှ မီးလုံးဖွင့်လိုက်သည်။ သူမ၏ ညက်စင် ချောမွတ် သော မျက်နှာကလေးကို ခေါင်းအုံးပေါ်တွင် ပုံ့ပုံ့ကလေးတင်ကာ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ စောင်လစ်နေသော ပခုံးသားကလေးက ကြည်စင်ဝင်းမွတ် နေသည်။

သူက သူမ၏ ပခုံးကို အသာကလေးကိုင်လိုက်သည်။ သူမသည်

www.burmeseclassic.com



ချက်ချင်း နိုးလာသည်။ သူ့မျက်နှာကို အိပ်မှုန်စုံမွှားနှင့် စိုက်ကြည့်သည်။ ပြီးတော့ အိပ်ရာပေါ်တွင် ထထိုင်လိုက်သည်။ စောင်ကို လက်နှစ်ဖက်ဖြင့် ကိုင် ပြီး လည်ပင်းအထိ မ ခြုံထားလိုက်သည်။

"ဘာဖြစ်တာလဲ ... တင်။ ဘာထူးလို့လဲ ... ဟင်"

သူက တိုတိုနှင့်လိုရင်းကို ခပ်မြန်မြန်ကလေး ရှင်းပြလိုက်သည်။ သူမက စိုးရိမ်သံဖြင့် –

"ဒီတော့ ကျွန်မတို့ ဘာလုပ်ကြမလဲ ... ဟင်"

"နောက်တစ်နေရာ ရှာရမှာပေ့ါ။ နောက်ထပ် ဟိုတယ်တစ်ခုမှာ သွားနေလို့တော့ မဖြစ်တော့ဘူး။ တခြား သင့်တော်တဲ့ တစ်နေရာရာ ရှာရမယ်။ အပြင်မှာ မိုးတွေသိပ်ကြီးနေတယ်။ မြို့ထဲဖြတ်သွားလို့တော့ အန္တရာယ် မဖြစ်နိုင်ပါဘူး။ ဒီအချိန်ဆိုရင် လူ သွားလူလာလဲ မရှိသေးဘူး။ ဆရာကြီးက ငါ့ မိုးကာအင်္ကျီကို ဝတ်ပါစေ။ ဒါမှ သူ့ကို လူတွေမြင်ရင်လဲ မမှတ်မိမှာ။ မင်း ဒီမှာ ကျန်ရစ်မှာလား"

"ဟင့်အင်း ... ကျွန်မ မနေဘူး။ ရှင်တို့နဲ့အတူ လိုက်မယ်"

"ဒါဖြင့်လဲ အဝတ်အစား မြန်မြန်လဲ။ အိပ်ခန်းရော၊ ဧည့်ခန်းပါ သေသေချာချာ စစ်ဆေးကြည့်၊ ဆရာကြီးနဲ့ ပတ်သက်လို့ သဲလွန်စရမယ့် ပစ္စည်းဆိုရင် ဘာမှ မကျန်ရစ်ပါစေနဲ့"

ထို့နောက် သူသည် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ ဧည့်ခန်းထဲတွင် ခေတ္တရပ်ပြီး အကြံထုတ်သည်။ ဘယ်သူ့ဆီ သွားပြီး အကူအညီ တောင်းရမလဲဟု စိတ်ကူးကြည့်သည်။

ပုန်းစရာ တစ်နေရာ ... ပုန်းစရာ တစ်နေရာ။

ပုန်းစရာဆိုတော့ ဘုရားရှိခိုးကျောင်းမှာ စိတ်ချရသည်။

ဟုတ်ပြီ ... အကြံရပြီ။

ဘုန်းတော်ကြီး ပီယက်ထရိုဗီယာနယ်လို ရှိသည်။ ယမန်နေ့ နေ့ လယ်ကပဲ မာစီရီဈေးထဲတွင် သူနှင့်တွေ့ခဲ့သေးသည်။

ဟုတ်ပြီ ... ဘုန်းတော်ကြီးဆီ အကူအညီတောင်းမည်။

ထို့နောက် သူသည် တယ်လီဖုန်းရှိရာသို့ လျှောက်လာခဲ့သည်။

***

BURMESE CLASSIC .com

www.burmeseclassic.com

# [ ၃ ]

နံနက် ၇ နာရီ၊ ၁၀ မိနစ်။

တင်ကျော်ဒန်သည် ရေမိုးချိုး အဝတ်အစား လဲပြီးနောက် ဒင်နီယယ် လီဟိုတယ်ရှိ သူ့အခန်းထဲတွင် ထိုင်ကာ လက်ဖက်ရည်သောက်ရင်း ရဲတွေ အလာကို စောင့်နေသည်။

သူသည် စိတ်ထဲမှာ မရိုးမရွနှင့် ဂနာမငြိမ် ဖြစ်နေသည်။ ပြတင်းပေါက်သို့ ထလာပြီး အပြင်သို့ လှမ်းကြည့်လိုက်သည်။ အပြင်ဘက်တွင် ကမ်းခြေရေအိုင် မျက်နှာပြင်သည် ငြိမ်သက်လျက်ရှိသည်။ မိုးလည်းစဲသွားပြီ။ မကြာမီတွင် နေပွင့်လာတော့မည်။ တော်တော် နေပူမည့်နေ့ပင် ဖြစ်သည်။

ရှေ့တည့်တည့်တွင် မြင်နေကျမြင်ကွင်းများကို မြင်ရသည်။ ခြောက်ပေကျယ် ဆိပ်ခံတံတား၊ တစ်ဖက်တွင် မော်တော်ဘုတ်နှစ်စင်း၊ တခြားတစ်ဖက်တွင် သမ္ဗန်နှစ်စင်း။ အပေါ်တွင် 'မော်တော်ဘုတ် အငှားစခန်း' ဟူ၍ စာတမ်း ဆွဲထားသည်။ ယင်းအနီးတွင် ရာဇမတ်ကာထားသော လက်မှတ်ရောင်းဌာနရှိသည်။ ဆိပ်ကမ်းတွင် နှစ်ထပ် သင်္ဘောတစ်စင်း ကျောက်ချထားသည်။ ယင်းသင်္ဘောသည် လီဒိုမြို့သို့ မိနစ် ၂၀ လျှင် တစ်ကြိမ်ကျထွက်သည်။ ၁၂ မိနစ်သာ ကြာသည်။

လမ်းပေါ်မှ မီးသုံးပွင့်တပ် ဓာတ်မီးတိုင်အနီးတွင် အဘိုးကြီးတစ်ယောက်က အညိုရောင်ထီးကြီးကို စိုက်ပြီး ကမ္ဘာလှည့်ခရီးသည်များအား ရောင်းချရန် ပန်းချီကားများကို ခင်းကျင်းနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်သည် သူမျှော်လင့်နေသော အရာကို ယခုအချိန်အထိ အရိပ်အယောင်မျှပင် မမြင်ရသေး။ ဝရန်တာ လသာဆောင်ကလေးသို့ လျှောက်လာခဲ့သည်။ သံလက်ရန်းတန်းကို ကိုင်ပြီး အောက်တည့်တည့်သို့ ငုံ့ကြည့်လိုက်သည်။ လာကြပြီ။ သူတို့လာကြပြီ။

ကာကီရောင် ယူနီဖောင်းဝတ် ရဲသားများ၊ စုစုပေါင်း ၁၂ ယောက်လောက်ရှိမည်။ ပခုံးတွင် အဖြူရောင် စလွယ်ပတ်များကို သိုင်းထားကြသည်။ အားလုံးလက်နက်တွင် ကိုယ်စီနှင့်။ သူတို့သည် ဟိုတယ် တံခါးဝသို့ တန်းစီလျှောက်လာခဲ့သည်။

ယခုအချိန်တွင် ဟိုတယ်တွင်းသို့ ဝင်လာခြင်း၊ ဟိုတယ်တွင်းမှ ထွက်သွားခြင်း မလုပ်ရတော့။ ရဲသားတွေက အောက်ထပ်ကို အရင်စစ်ဆေးရှာဖွေပြီးမှ အပေါ်ထပ်သို့ တက်လာကြလိမ့်မည်။ မကြာမီတွင် ဒုတိယထပ်ရှိ ဂျော်ဒန်၏ အခန်းသို့ဝင်လာကြပေတော့မည်။

သူသည် စားပွဲသို့ ပြန်လာခဲ့ပြီး လက်ကျန်လက်ဖက်ရည်ကို သောက်လိုက်သည်။ ထို့နောက် အခန်းတံခါးကို စိုက်ကြည့်နေမိသည်။ အခန်းထဲတွင် သူတစ်ယောက်တည်းသာ ရှိသည်။ ကျန်နှစ်ယောက်တော့ လောလောဆယ်အားဖြင့် လွတ်ရာကျွတ်ရာသို့ ရောက်သွားကြပြီ၊ တော်ပါသေးရဲ့။ ဘုရားသခင် ကျေးဇူးပါပဲ။

လွန်ခဲ့သောညက အတွေ့အကြုံသည် သူ၏ စိတ်အာရုံထဲတွင် ပူပူနွေးနွေးပင် ရှိနေသေးသည်။ ယင်းအတွေ့အကြုံကြောင့် သူသည် စိတ်လှုပ်ရှားနေတုန်းပင် ရှိသေးသည်။

ပထမ ဘုန်းတော်ကြီး ပီယက်ထရိုဗီယာနယ်လိုထံ ဖုန်းဆက်သည်။ အကာလအချိန်မတော် သန်းခေါင်ကျော် အချိန်ကြီးမို့ ဘုန်းတော်ကြီး အိပ်ရာမှ နိုးရန် တော်တော်ကြာကြာစောင့်ခဲ့ရသည်။ သူက ဘုန်းတော်ကြီးအား မကွယ်မဝှက် အမှန်အတိုင်းပင် လျှောက်လိုက်သည်။

သူသည် ရဲအဖွဲ့က ရှာဖွေနေသော မိတ်ဆွေတစ်ဦးအား အကာအကွယ် ပေးလိုကြောင်း၊ ခေတ္တခဏ ခိုအောင်းနေထိုင်ရန် နေရာတစ်နေရာလိုအပ်နေကြောင်း၊ သူ့မိတ်ဆွေသည် လုံးဝအပြစ်မရှိသူဖြစ်ကြောင်း၊ ဤအချက်ကို သူ့အနေဖြင့် သစ္စာဆို၍ ပြောလိုကြောင်း၊ ဘုန်းတော်ကြီးက သနားညှာတာစွာဖြင့် ခေတ္တခိုအောင်းခွင့်ပေးပါက မကြာမီပင် အဖြစ်မှန်ကို သူ့မိတ်ဆွေက အသေးစိတ် လျှောက်ထားမည်ဖြစ်ကြောင်း။

ထို့နောက်တော့ ဘုန်းတော်ကြီးက စကားနှစ်ခွန်းသာ မိန့်ကြားသည်။

www.burmeseclassic.com



"မင်းတကယ် သစ္စာဆိုမလား"

"တကယ်ဆိုပ့ါမယ် ဘုရား"

"ဒါဖြင့် ... သူ့ကို ခေါ်ခဲ့တော့"

*

သူတို့သည် ပြတင်းပေါက်တွင် ရပ်ကာ ကူးတို့မော်တော်ကို တမျှော်မျှော် ဖြစ်နေကြသည်။ မကြာမီပင် မော်တော်တစ်စင်း လာနေသည်ကို မြင်ရသည်။ သုံးယောက်သား အောက်ထပ်သို့ အလောကလေး ဆင်းလာခဲ့ကြသည်။ ဧည့်ခန်းထဲသို့ မဝင်မီ ဂျော်ဒန်က ပါမောက္ခကြီးအား စေ့စေ့စပ်စပ် စစ်ဆေးပြီး မိုးကာအင်္ကျီကို မျက်နှာလုံအောင် ဖုံးပေးသည်။

ယခုအချိန်တွင် ပါမောက္ခကြီးမှာ မှတ်ဆိတ်ကျင်စွယ်များကို ပြောင်နေအောင် ရိတ်ထားသဖြင့် ယခင်ထက်ပို၍ နုပျိုနေသလို ထင်ရသည်။

ထို့နောက် ပါမောက္ခကြီး၏ အဝတ်သေတ္တာကို အယ်လီဆင်က ဆွဲပြီး သတင်းစာ ငုံ့ဖတ်နေသော လုံခြုံရေးညစောင့်ကို အလစ်တွင် ကျော်ဖြတ်ကာ ဟိုတယ်အပြင်ဘက်သို့ ထွက်ခဲ့ကြသည်။ ပြီးတော့ ကူးတို့ဆိပ်သို့ သုတ်ခြေတင်လာခဲ့ကြပြီး မော်တော်ပေါ်တက်ကာ ရီယယ်လတို ဆိပ်ကမ်းသို့ ထွက်ခွာလာခဲ့ကြသည်။ မော်တော်ဆိပ်ရောက်တော့ မော်တော်ကို ဆိပ်ကမ်းတွင်ထားခဲ့ပြီးနောက် ရီယယ်လတို တံတားကို ကျော်ပြီး ဆန်တာကရို့ ရပ်ကွက်သို့ ရောက်အောင် မိုးရေထဲတွင် ခြေကျင်လျှောက်လာခဲ့ကြရသည်။

ဘုန်းတော်ကြီး ပီယက်ထရိုသည် သူတို့အား ကျောင်းတံခါးဝမှ ထွက်ကြိုသည်။ သုံးယောက်စလုံး မိုးရေတွေ ရွှဲရွှဲစိုနေသည်။ ဂျော်ဒန်က ခရီး ရောက်မဆိုက်ပင် ပါမောက္ခကြီးနှင့် အယ်လီဆင်တို့အား ဘုန်းတော်ကြီးနှင့် မိတ်ဆက်ပေးပြီး အယ်လီဆင်အတွက် သီးခြားအခန်း ရနိုင်မရနိုင် ဘုန်းတော် ကြီးအား လျှောက်ထားလိုက်သည်။

"ရှိပါတယ် ... ရှိပါတယ်၊ အခန်းလွတ် နှစ်ခန်းတောင်ရှိတယ်။ ဒါနဲ့ ကျုပ်အဝတ်အစားလဲစရာ သွားယူလိုက်ဦးမယ်။ ဒီက ဒကာမလေး အတွက် ကတော့ ကျုပ် မယ်တော် အဝတ်အစားတွေ ရှိပါတယ်"

"တပည့်တော်ကတော့ ဟိုတယ် ပြန်သွားရဦးမယ်။ ဒီမနက်အစောကြီး လုပ်စရာတွေ ရှိနေလို့ပါ။ တပည့်တော်ကိုပါ ဖိတ်မယ်ဆိုရင်တော့ နေ့လယ်စာ စားချိန်မှ တပည့်တော် ပြန်လာခဲ့ပါမယ်"

"ဖိတ်ပါတယ် ... ဖိတ်ပါတယ်"

"အဲဒီတော့မှ တပည့်တော် အကြောင်းစုံလျှောက်ပ့ါမယ် ဘုရား"

"ကောင်းပါပြီ"

www.burmeseclassic.com



အခုတော့ ဂျော်ဒန်သည် ဟိုတယ်ခန်းထဲတွင် ထိုင်ကာ ရဲသားများ အလာကို စောင့်ရင်း ရင်တဖိုဖို ဖြစ်နေသည်။ သူသည် စိတ်လှုပ်ရှားမှုကို ငြိမ်စေရန် ဆေးတံညှိသောက်နေလိုက်သည်။ သည်နေ့ မနက်ပိုင်း အစစအရာရာ ချောချောမောမော ဖြစ်ခဲ့သောကြောင့် သူက သူ့ကုသိုလ်ကံကို ကျေးဇူးတင်မိသည်။ သူတို့သည် ရဲအစောင့်အရှောက်မရှိသော နေရာများကို ဖြတ်သွားခဲ့ကြရသည်။ စေတနာကောင်းသော ဘုန်းတော်ကြီး၏ လှိုက်လှဲဝမ်းသာ လက်ခံကြိုဆိုမှုကို ရခဲ့ကြသည်။

ဤသို့ဖြင့် ပေါမောက္ခမက္ကဒေါ်နယ်အတွက် လုံခြုံစိတ်ချရသော ယာယီတည်းခိုစရာကို ရခဲ့ခြင်းပင် ဖြစ်သည်။ လုံးဝထွက်ပြေး လွတ်မြောက်သွားနိုင်မည့်နည်းလမ်းကို မကြာမီတွင် ဘုရှုနိုက ဆောင်ကြဉ်းပေးနိုင်ကောင်းပါ၏။

ယခု လောလောဆယ်အချိန်တွင်တော့ ရဲတွေ လာစစ်တာကို ကြည်ကြည်သာသာပင် လက်ခံရပေတော့မည်။ တကယ်တော့ သူ့အနေဖြင့် ဘာမှကြောက်စရာမရှိ၊ သူသည် ဒင်နီယယ်လီ ဟိုတယ်တွင် နှစ်လုံးပေါက် အခန်းငှားနေသူဖြစ်သည်။ ဗင်းနစ်မြို့တော်ကို ရေဘေးအန္တရာယ်မှ ကာကွယ်ရန် စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေသော အသင်းအဖွဲ့ကြီးမှ အမှုဆောင် အရာရှိတစ်ဦးဖြစ်ကြောင်း အများပင် သိကြသည်။

ထို့ကြောင့် သူ့အနေဖြင့် စိတ်ပူပြီး ဂနာမငြိမ်ဖြစ်နေစရာမလို၊ ခပ်တည်တည် နေလိုက်ရုံသာရှိသည်။ ရဲတွေ ဘာလုပ်နေကြောင်း ဘာမှ မသိသူတစ်ယောက်လို ဟန်ဆောင်နေလိုက်ရုံသာ ရှိသည်။

စောင့်နေရတာ အချိန်ကြာလွန်းလှသည်ဟု ထင်မိသည်။ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ၇ နာရီ၊ မိနစ် ၂၀ ရှိသွားပြီ။

လာပါပြီ။ တံခါးခေါက်သံ ကြားရပြီ။ ဆက်တိုက်လိုပင် ဘဲလ်သံပေါ်ထွက်လာသည်။

သူက ကမန်းကတန်းထသွားပြီး တံခါးဖွင့်ပေးလိုက်သည်။ ရဲသုံးယောက် ဝင်လာသည်။ တစ်ယောက်က ရဲအရာရှိ။

ရဲအရာရှိက အင်္ဂလိပ်စကားဖြင့် ပီပီသသ ပြောသည်။

"ကျွန်တော်က ရဲအုပ်ဒိုရီဂိုပါ။ ရှာဖွေမိန့်ဝရမ်း ပါလာတယ်" သူက စာရွက်တစ်ရွက် ထုတ်ပြသည်။ "ကျွန်တော်တို့က ဒီဟိုတယ်မှာ အခန်းတိုင်း ရှာဖွေနေတယ်"

"ဘာအတွက်လဲ" ဂျော်ဒန်က မေးလိုက်သည်။

"အမေရိကန် သူလျှိုတစ်ယောက် လိုက်ရှာနေတာပါ။ သူ့နာမည်က မက္ကရိဂါ"

www.burmeseclassic.com



“ကျွန်တော် သတင်းစာထဲမှာ ဖတ်ရပါတယ်”

“ဒါဖြင့် ခင်ဗျား ကောင်းကောင်း သိတာပေါ့” သူက ပါမောက္ခ မက္ကဒေါနယ်၏ ၅ လက်မ၊ ၇ လက်မ အရွယ်ဓာတ်ပုံကို အပေါ်အင်္ကျီအိတ်ထဲမှ ထုတ်ပြီး မြှောက်ပြရင်း .... “ဟောဒါ သူ့ပုံပဲ။ သူ့ကို ခင်ဗျား သိသလား။ မြင်ကော မြင်ဖူးသလား”

ဂျော်ဒန်က ခေါင်းယမ်းပြလိုက်ပြီး –

“မသိပါဘူး။ မြင်လဲ မမြင်ဖူးဘူး”

“ခင်ဗျားမှာ နိုင်ငံကူးလက်မှတ်ရှိသလား”

ဂျော်ဒန်က ဘောင်းဘီအိတ်ထဲမှ အဆင်သင့် ထုတ်ပေးလိုက်သည်။ ရဲအရာရှိက သုတ်သီးသုတ်ပျာ လှန့်ကြည့်လိုက်ပြီး “တီမိုသီ ဂျော်ဒန်၊ အမေရိကန် အင်ဂျင်နီယာ” ဟူ၍ အသံထွက်ဖတ်သည်။ ပြီးတော့ လက်မှတ်ပြန်ပေးရင်း ‘ဗင်းနစ်မှာ ဘာလာလုပ်တာလဲ”

“အလုပ်လာလုပ်တာပါ။ ဒီမှာ အလုပ်ရှိတယ်။ ကျွန်တော် ဒီရောက်နေတာ နှစ်နှစ်ရှိပါပြီ”

“အင်ဂျင်နီယာအနေနဲ့လား”

“မဟုတ်ပါဘူး။ ကျွန်တော်က ‘ဗင်းနစ်မြို့ ကယ်ဆယ်ရေးအဖွဲ့’မှာ ပြည့်သူဆက်ဆံရေး ညွှန်ကြားရေးမှူး လုပ်နေတာပါ”

“အား ... ဟုတ်လား” သူ့လေသံ အရင်ထက် ပျော့သွားသည်။ “ခင်ဗျားကို ကျွန်တော် မြင်ဖူးသလိုပဲ။ လက်စသတ်တော့ ဒါကြောင့်ကိုး” သူက ဂျော်ဒန်ကို ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ပြီး “ဒါနဲ့ မနက်စောစောကြီး ဝတ်စုံတွေ ပြည့်ပြည့်စုံစုံဝတ်လို့ပါလား။ တခြားဧည့်သည်တွေ အားလုံးက ညဝတ်စုံ တွေနဲ့ချည်းပဲ”

“ကျွန်တော်က အလုပ်ကို စောစောသွားမလို့ပါ။ အပြင်ထွက်လို့ မရတာနဲ့ ဒီမှာ စောင့်နေရတာ”

ရဲအုပ် ဒိုရီဂိုက ဧည့်ခန်းကို မျက်လုံးကစားကြည့်လိုက်သည်။

“ခင်ဗျားက အခန်းနှစ်ခန်းတောင်မှ ပါလား”

“ဟုတ်ပါတယ်။ နှစ်ခန်းငှားထားပါတယ်” သူက အိပ်ခန်းနှစ်ခန်းကို ညွှန်ပြရင်း ပြောလိုက်သည်။

ရဲအုပ်က အခန်းအလယ်သို့ လျှောက်သွားပြီး –

“ဘာဖြစ်လို့ နှစ်ခန်းတောင် ငှားထားတာလဲ”

“အလုပ်ကို ဖြန့်ချင်လို့ပါ။ ဒုတိယအခန်းကို ရုံးခန်းအဖြစ် သုံးပါတယ်။ ပြီးတော့ ကျွန်တော် အမျိုးသမီး မိတ်တွေတွေလဲ စနေ၊ တနင်္ဂနွေ



BURMESE CLASSIC .com

www.burmeseclassic.com



လာနေတတ်ပါတယ်။ ဗီရိုထဲမှာ သူတို့အဝတ်အစားတွေတောင် ရှိပါသေးတယ်”

ရဲအုပ်က ရဲသားနှစ်ယောက်ကို အမိန့်ပေးလိုက်သည်။

“ကဲ … အေလဒို၊ မင်းက အဲဒီအိပ်ခန်းသွားရှာ၊ ပြီးတော့ ဖိလစ်ပိုက ဒီအခန်းရှာကြည့်၊ ငါက ဧည့်ခန်းကြည့်လိုက်မယ်”

အေလဒိုနှင့် ဖိလစ်ပိုတို့ ထွက်သွားကြသည်။ ရဲအုပ်ဒိုရီဂိုက ဧည့်ခန်းထဲ လျှောက်ပြီး ဟိုဆွဲသည်လှန် ကြည့်လိုက်သည်။ သူက မဂ္ဂဇင်းစာအုပ်များကို ဆွဲယူလိုက်သည်။ တချို့ကို လှန်ကြည့်သည်။ တချို့ကို အပေါ်မြှောက်ပြီး လှုပ်ခါကြည့်သည်။ ပြီးတော့ ရေခဲသေတ္တာနား လျှောက်သွားသည်။

ဂျော်ဒန်က တခြားဖက်သို့ လျှောက်လာခဲ့သည်။ အခန်းကို မနေ့ညက အယ်လီဆင်က သေသေချာချာ စစ်ဆေးခဲ့ပြီးပြီ။ ဂျော်ဒန်ကိုယ်တိုင် လည်း ယနေ့မနက် ထပ်ပြီး စစ်ဆေးခဲ့သေးသည်။ အစစအရာရာ ပိပိရိရိ ရှိနေကြသည်။ သူက ကျေနပ်သွားပြီး စာရေးစားပွဲဆီသို့ လျှောက်လာခဲ့သည်။

စားပွဲပေါ်တွင် စာရေးစက္ကူတွေ ပုံနေကြသည်။ အားလုံးပင် စာရွက်လွတ်များ ဖြစ်သည်။ အစွပ် စွပ်ထားသော ခဲတံငါးချောင်းလည်း ရှိသည်။ ‘ဗင်းနစ်မြို့ ကယ်ဆယ်ရေးအဖွဲ့’၏ လုပ်ငန်းဆိုင်ရာ ပြန်ကြားရေး စာရွက်စာတမ်းများလည်း တစ်နေရာတွင် ပုံနေသည်။

ဆက်လက်ပြီး မြင်လိုက်ရသော အရာကြောင့် ဂျော်ဒန် မျက်လုံးပြူးသွားသည်။ ထိုအရာကား တခြားမဟုတ်၊ စားပွဲခြေရင်းမှ ငွေရောင်သတ္တုအမှိုက်ခြင်း။

ခြင်းထဲတွင် တစ်ခုခုရှိနေသည်။ သူက ကမန်းကတန်း စဉ်းစားကြည့်သည်။ အမှိုက်ခြင်းထဲ သူဘာမှ မထည့်ခဲ့။ ပါမောက္ခကြီးများ ထည့်ခဲ့သလား။ ဒါမှ မဟုတ် အယ်လီဆင်များလား။

သူသည် အမှိုက်ခြင်းနားသို့ မသိမသာ ကပ်သွားသည်။ ခြင်းထဲတွင် စက္ကူစုတ်တွေ တွေ့ရသည်။ တချို့ကို တစ်ဝက်ဆုတ်ထားသည်။ တချို့ကို လေးပုံတစ်ပုံ ဆုတ်ထားသည်။ စာရွက်များပေါ်တွင် ဘောပွိုင့်နှင့် ရေးထားသည်။ ဂျော်ဒန်က မျက်လုံးထောင့်ကပ်ပြီး အထင်သေကလေးဖြင့် စောင်းကြည့်လိုက်သည်။ စာရွက်တစ်ရွက်ပေါ်တွင် ‘မက္ကဒေါ်နယ်ဟူသော’ စာလုံးကို တွေ့လိုက်ရသည်။ ကျောဘက်တွင် ဂဏန်းများ၊ အချို့က နှစ်ထပ်ကိန်းဂဏန်းများ။

သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ တစ်ကိုယ်လုံး ထူပူသွားသည်။ သူက ဟန်မပျက်အောင် ကြိုးစားပြီးထိန်းထားသည်။ စင်စစ် သည်စာရွက်များမှာ မနေ့က ပါမောက္ခ မက္ကဒေါ်နယ် ရေးထားခဲ့သော စာရွက်များ ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်၏ မေတ္တာ ရပ်ခံချက်အရ 'စီ – ၉၈' ဆေးနည်းဖော်မြူလာကို စာရွက်ပေါ် ရေးချရာမှ ဆုတ်ပစ်ခဲ့သော စာရွက်များပင် ဖြစ်သည်။ မနေ့က သူတို့ အခန်းရှင်းရာတွင် မျက်စိမှောက်ပြီး ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

ဂျော်ဒန်က ရဲအုပ်ဒိုရီဂိုဘက်သို့ ကျီးကန်းတောင်းမှောက် လှမ်းကြည့်လိုက်သည်။ ရဲအုပ်က အိပ်ခန်းဘက်လှည့်ပြီး သူ့လူများကို အီတာလျံစကားဖြင့် အမိန့်ပေးနေသည်။

ဂျော်ဒန်က ကိုယ်ကို ကုန်းပြီး အမှိုက်ခြင်းထဲမှ စာရွက်များကို ကမန်းကတန်း သိမ်းယူလိုက်သည်။ လက်ထဲ တစ်ဆုပ်ကြီး ပါလာသည်။ ဘောင်းဘီအိတ်ထဲ ကပျာကယာ သိပ်ထည့်လိုက်သည်။ ရဲအုပ်ပြန်လှည့်လာချိန်တွင် သူက ဘောင်းဘီအိတ်ထဲမှ လက်ပြန်ထုတ်ခါစသာ ရှိသေးသည်။

သူက ရဲအုပ်ကို ကတုန်ကယင်ဖြင့် လမ်းဖယ်ပေးလိုက်သည်။ ရဲအုပ်က စားပွဲနားတွင် ရပ်ပြီး စာရွက်တွေကို မွှေနှောက်ရှာဖွေသည်။ ခဲတံစွပ်တွေကို ချွတ်ကြည့်သည်။ ပြန်ကြားရေး သတင်းလွှာများကို ဖတ်ကြည့်သည်။ စားပွဲအံဆွဲတွေကို ဆွဲဖွင့်ပြီး လက်နှင့် လျှောက်မွှေကြည့်သည်။

ထိုအခိုက် အယ်လီဆင် အခန်းမှ ရဲသားအေလဒို ပြန်ရောက်လာသည်။ ရဲအုပ်က သူ့ကို လှမ်းကြည့်သည်။ အေလဒိုက ပခုံးတွန့်ပြလိုက်သည်။ ဆက်လက်ပြီး ဂျော်ဒန်အခန်းမှ ရဲသားဖိလစ်ပို ပြန်လာသည်။ သူက အီတာလျံစကားဖြင့် "နီယန်တေး" ဟူ၍ တစ်ခွန်းသာ ပြောလိုက်သည်။

ရဲအုပ် ဒိုရီဂိုက ဂျော်ဒန်ရှေ့တွင် ရပ်လိုက်ပြီး –

"ကျွန်တော် စစ်ဆေးပြီးပါပြီ။ အခုလို အနှောင့်အယှက်ပေးရတာ တောင်းပန်ပါတယ်။ 'ဗင်းနစ်မြို့ ကယ်ဆယ်ရေးအဖွဲ့' မှာ ကံကောင်းပါစေ"

အခန်းထဲမှ သူတို့အထွက်တွင် ဂျော်ဒန်က လှမ်းပြီး .... "ခင်ဗျားတို့လည်း သူလျှိုကိုရှာတာ ကံကောင်းပါစေလို့ ဆုတောင်းပါတယ်"

အခန်းတံခါး ပြန်ပိတ်သွားသည်။

ဂျော်ဒန်က အောင့်ထားခဲ့ရသော အသက်ကို တဝကြီး ရှူထုတ်လိုက်သည်။ သူ့ရင်ခုန်နှုန်းသည် တဖြည်းဖြည်း နှေးသွားသည်။

သူ့အင်္ကျီတွင် ချွေးတွေစိုနေမှန်း အခုမှ သတိရတော့လေသည်။ သူသည် အိပ်ခန်းထဲဝင်ပြီး အဝတ်အစား ပြန်လဲသည်။ ပြီးတော့ ရေချိုးခန်းထဲဝင်လာပြီး ပါမောက္ခ မက္ကဒေါ်နယ်၏ လက်ရေးစာရွက်များကို အိမ်သာထဲ ပစ်ထည့်လိုက်သည်။

ဂျော်ဒန်သည် ဒင်နီယယ်လီဟိုတယ်မှ ခြေကျင်လျှောက်ပြီး ထွက်လာခဲ့သည်။ လမ်းတွင် ပိုင်ယက်ဇာဆန်မာကို ရင်ပြင်မှ သူ့ရုံးသို့ ခဏဝင်

www.burmeseclassic.com



သည်။ ထို့နောက် ဆန်တာကရုဇ်ရပ်ကွက် ဆန့်ဗင်စင်ဇိုဘုရားရှိခိုးကျောင်းသို့ ဆက်လျှောက်လာခဲ့သည်။ ပါမောက္ခ မက္ကဒေါ်နယ် လွတ်မြောက်ရေးအတွက် အေးအေးဆေးဆေး စိတ်ကူးချင်၍ ယခုလို ခြေကျင်လျှောက်လာခဲ့ခြင်း ဖြစ်သည်။

ကျောင်းရောက်တော့ ဘုန်းတော်ကြီး ပီယက်ထရို၊ ပါမောက္ခကြီးနှင့် အယ်လီဆင်တို့အား ကျောင်းခန်းထဲတွင် အဆင်သင့် တွေ့ရသည်။

"ငါက မင်း မိုးများမိနေသလားလို့ တွေးပူမိသေးတယ်"

ဘုန်းတော်ကြီးက ပြောသည်။

"မမိပါဘူး ဘုရား။ ရဲနဲ့သွားတွေ့နေလို့ မိုးထက်ဆိုးသေးတာပေါ့"

"ဘယ်နှယ့် ... ရဲနဲ့သွားတိုးနေတယ် ဟုတ်လား" ဘုန်းကြီးက စိုးရိမ်သံဖြင့် မေးလိုက်သည်။

"မစိုးရိမ်ပါနဲ့ ဘုရား၊ သူတို့က တပည့်တော်နောက်လိုက်နေတာ မဟုတ်ပါဘူး။ ဒင်နီယယ်လီ ဟိုတယ်တစ်ခုလုံးကို လာပြီး ရှာဖွေကြတာပါ"

ဘုန်းတော်ကြီးက မျက်ခုံးချီလိုက်ပြီး –

"သြော် ... ဒါတော့ ငါလဲ ကြားပါတယ်" သူက ပါမောက္ခကြီးကို ဖြတ်ခနဲ စောင်းကြည့်ရင်း .... "ကိုင်း ... ကျုပ်မယ်တော် မနက်စာ ပြင်နေပြီ။ အပေါ်ထပ် သွားကြရအောင်"

အားလုံး အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။ အခန်းထဲ ရောက်တော့ ရှည်မျောမျော စားပွဲဟောင်းတစ်လုံးတွင် အသီးသီးဝင်ထိုင်ကြသည်။ ချက်ချင်းပင် ဆံပင်ဖြူဖြူ ဝဝဖိုင့်ဖိုင့်နှင့် အဘွားကြီးတစ်ယောက်သည် မုန့်ညက်နှင့် ခရမ်းချဉ်သီးဆော့ဗန်းကို ကိုင်ပြီး အခန်းထဲ ဝင်လာသည်။

ဘုန်းတော်ကြီးက သူ၏မယ်တော် အဘွားကြီး လူစီယာအား ပါမောက္ခ မက္ကဒေါ်နယ်နှင့် အယ်လီဆင်တို့နှင့် လေးလေးစားစား မိတ်ဆက်ပေးသည်။

ထို့နောက် မယ်တော်ကြီးသည် အခန်းထဲမှ ပြန်ထွက်သွားပြီး ခဏ အကြာတွင် ဝက်သည်းကြော်ပွဲကိုယူကာ ပြန်ဝင်လာသည်။ မယ်တော်ကြီး ပြန်ထွက်သွားပြီးနောက် သူတို့ နံနက်စာ စတင်စားကြသည်။

ဘုန်းတော်ကြီးက စားသောက်ရင်း သူ့ဘဝအကြောင်း၊ သူ့မယ်တော် အကြောင်းနှင့် သူ့လုပ်ငန်းအကြောင်းတွေကို ပြောပြသည်။

ဘုန်းတော်ကြီးစကားဆုံးတော့ ဂျော်ဒန်က လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး .... "အခုလို အရှင်ဘုရားက တပည့်တော်တို့အပေါ် စေတနာထားပြီး စောင့်ရှောက်တာကို အထူးပဲ ကျေးဇူးတင်ပါတယ် ဘုရား။ ဒီအတွက်

www.burmeseclassic.com



ကုန်ကျသမျှ စရိတ်စကကိုလဲ တပည့်တော်တို့က ကျခံပါရစေဘုရား။ ဒါမှ ... တရားမျှတမှု ရှိမှာမို့လို့ပါ”

“အို ... ဒီအတွက် ဘာမှ မပူပါနဲ့၊ ကိစ္စ မရှိပါဘူး။ မင်းက ငါ့ဒကာပဲ။ ငါက မေတ္တာနဲ့ ကူညီတာပါ။ မင်းကလဲ ငါ့အပေါ် မေတ္တာထားရင် တော်ပါပြီ။ ဒီအကြောင်း နောက်ထပ် မပြောပါနဲ့တော့။ ဒါနဲ့ ဒီမှာ ဘယ်လောက်ကြာကြာ နေကြမလဲ။ ဒီအကြောင်းမေးရတာက မနက်ဖြန် ကျုပ် ခရီးထွက်စရာရှိလို့ပါ။ ငါးရက်လောက်တော့ ကြာလိမ့်မယ်။ ဒကာတို့က အေးအေးဆေးဆေး နေရစ်ကြပါ။ ကျုပ် မယ်တော်ကြီးက ကျွေးမွေးစောင့် ရှောက်ပါလိမ့်မယ်။ ဒါပေမယ့်”

ဂျော်ဒန်က ဖြတ်ပြီး –

“ကျေးဇူးတင်ပါတယ် ... ဘုရား။ ဒါပေမယ့် တပည့်တော်တို့က ငါးရက်တောင် မနေပါဘူး။ အလွန်ဆုံးကြာရင် တစ်ရက် နှစ်ရက်လောက်ပါ”

ပါမောက္ခ မက္ကဒေါ်နယ်က ကုလားထိုင်ကို ရွှေ့ထိုင်ရင်း –

“တပည့်တော် တော်တော်အစားများသွားတယ်။ မျက်လုံးတွေ တောင်လေးလာပြီ။ အိပ်ရာပေါ်သွားပြီး တစ်မှေးလောက် မှေးလိုက်ပါရစေဦး ဘုရား။ ခွင့်ပြုပါဦး”

“အေး ... အေး၊ သွားပါ၊ သွားပါ။ မှေးလိုက်ချေဦး၊ မှေးလိုက်ချေဦး”

ပါမောက္ခကြီးထွက်သွားတော့ တစ်ခန်းလုံး တိတ်ဆိတ်ကျန်ရစ်သည်။ ဘုန်းတော်ကြီးက ကုလားထိုင်ကို နေရာရွှေ့လိုက်ပြီး ဂျော်ဒန်ကို ကြည့်လိုက်သည်။ ထို့နောက် သူက လေးလေးနက်နက် အမူအရာဖြင့် –

“ကိုင်း ... ဒီတော့ ခုအချိန်ကစပြီး တို့ အလုပ်စကားပြောကြရအောင်၊ မနေ့ညက မင်းကတိပြုခဲ့တာ မှတ်မိမှာပေါ့။ ဒီပုဂ္ဂိုလ်ကြီးကို ဘာကြောင့် အခုလို ဝှက်ထားရတယ်ဆိုတဲ့အကြောင်း မင်းက ငါ့ကို နောက်တော့ ရှင်းပြပါ့မယ်လို့ ကတိပေးခဲ့တယ် မဟုတ်လား။ ဒါပေမယ့် ငါလဲ ဒီမြို့ထဲမှာ လူတိုင်းလိုပဲ ဒီအကြောင်း ရိပ်မိပြီးပါပြီ။ သူဟာ ရဲအဖွဲ့က လိုက်ရှာနေတဲ့ သူလျှိုဖြစ်လိမ့်မယ် ဆိုတာ မြင်ကတည်းက အကဲခတ်မိပါတယ်။ မင်းသိဖို့ ငါတစ်ခု ပြောချင်တာကတော့ ... ငါ့လို သာသနာ့ဝန်ထမ်း ဘုန်းကြီးတစ်ပါးအနေနဲ့ ရာဇဝတ်သားကို အကာအကွယ်ပေးလို့ မဖြစ်ဘူး။ အဲဒါ မင်းသဘောပေါက်ပါလိမ့်မယ်”

“မှန်ပါတယ်ဘုရား။ တပည့်တော် သဘောပေါက်ပါတယ်”

တကယ်တော့ သည်အကြောင်းနှင့် ပတ်သက်ပြီး ဘုန်းတော်ကြီးအား ဘယ်လိုလျှောက်ရမည်ဆိုတာကို သည်နေ့ တစ်မနက်လုံး သူက စဉ်းစားခဲ့ပြီး ဖြစ်သည်။ ပထမတွင် သူက တစ်ခုခုကို လှီးလွှဲလျှောက်ထားရန် စိတ်ကူး

www.burmeseclassic.com



ခဲ့သေးသည်။ သို့သော် ... နောက်တော့ အမှန်အတိုင်း လျှောက်လိုက်ခြင်းသည်သာ အန္တရာယ်အကင်းဆုံးဟု သဘောရပြီး ယင်းအတိုင်း လျှောက်ထားရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် သူက ဆက်လက်ပြီး .... "တပည့်တော်ကို ယုံပါဘုရား ဒီပုဂ္ဂိုလ်ကြီးဟာ ရာဇဝတ်သားလဲ မဟုတ်ပါဘူး။ ဘာအပြစ်မှာလဲ မကျူးလွန်ခဲ့ပါဘူး။ သူသာ ရာဇဝတ်သား တစ်ယောက်ဖြစ်ခဲ့ရင် တပည့်တော်ကလဲ အရှင်ဘုရားဆီခေါ်လာဖို့ အကြောင်းမရှိပါဘူး"

"ဒါဖြင့် သူ့ကို ဘာဖြစ်လို့ ဝှက်ထားရတာလဲ"

ဂျော်ဒန်က "အဲဒီအကြောင်း ပြောပြလျှင် အရှင်ဘုရား ယုံနိုင်စရာတောင် မရှိပါဘူး။ ဒါပေမယ့် တပည့်တော် ကတိပေးခဲ့တဲ့အတိုင်း အဖြစ်မှန်ကို တပည့်တော် လျှောက်ပါ့မယ်။ အဖြစ်က ဒီလိုပါဘုရား"ဟူ၍ နိဒါန်းချီပြီး ဖြစ်ကြောင်းကုန်စင်ကို အစမှလက်ရှိအခြေအနေအထိ လျှောက်ထားလိုက်သည်။

ဘုန်းတော်ကြီးက မယုံနိုင်ဟန်ဖြင့် –

"အသက် ၁၅၀၊ တကယ်ရှည်မတဲ့လား"

"တကယ်ရှည်ပါတယ် ဘုရား။ အဲဒီဆေးကို ထိုးရင် တပည့်တော်လဲ အသက် ၁၅၀ ထိ နေရမယ်။ အရှင်ဘုရားလဲ ၁၅၀ အထိ နေရမယ်"

"ဟုတ်မှလည်း ပြောစမ်းပါ ... ဒကာလေးရာ"

"အဟုတ်ပါ ဘုရား ... မယုံမရှိပါနဲ့။ ဟုတ်သမှ အလွန် ဟုတ်ပါတယ် ဘုရား"

ဘုန်းတော်ကြီးက ဦးခေါင်းကို တယမ်းယမ်း ခါရင်းမှ –

'အင်း ... ယုံပါဆိုလို့သာ ယုံရမယ်ကွာ။ ငါ့စိတ်ထဲကတော့ ငါ့ကို မင်း ပြောင်ပြောနေတယ်လို့ပဲ ယူဆနေတာပဲ'

'အရှင်ဘုရားကို တပည့်တော် ဘယ်လိုလုပ်ပြီး ပြောင်ပြောရဲပါ့မလဲဘုရား။ တပည့်တော် ပြောရင် အားလုံး အမှန်ချည်းပါပဲ ဘုရား'

'ဒီအတိုင်းသာ မှန်ရင်တော့ ဒါဟာ သာမန် တီထွင်မှုကြီး မဟုတ်ဘူးကွယ့်၊ အံ့တစ်ပါးလို့ပဲ ဆိုရတော့မှာပဲ'

'မှန်ပါတယ် ဘုရား ... တကယ့် အံ့တစ်ပါးပါပဲ'

'အေး ... မိုးပေါ်က ကျလာတဲ့ အံ့တစ်ပါးပဲ။ ဒါပေမယ့် တို့အဖေဘုရားသခင်ဟာ သူ့သားသမီးတွေကို အသက်ရှည်ရှည်နေတာ နှစ်သက်တော်မမူဘူးကွယ့်။ ဒါကြောင့် မင်းတို့ ဆရာကြီးလုပ်ရပ်ဟာ ဘုရားသခင်ရဲ့ ဆန္ဒတော်နဲ့ လုံးလုံးလျားလျားကြီး ဆန့်ကျင်နေတယ်။ အေးလေ ... ဘာပဲဖြစ်ဖြစ်၊ အရေးကြီးတာက မင်းတို့ ဆရာကြီးကို ဒီမြို့က အမြန်ဆုံး ခေါ်ထုတ်သွားဖို့ပါပဲ။ ဒီကိစ္စ မင်း ဘယ်လို စိတ်ကူးထားသလဲ'



BURMESE CLASSIC .com

www.burmeseclassic.com



"တစ်ခုတော့ စိတ်ကူးထားပါတယ်။ အောင်မြင်မယ်၊ မအောင်မြင်မယ်တော့ မသိဘူး။ ဒီနေ့တော့ ပြတ်ပြတ်သားသား သိရအောင် တပည့်တော် ကြိုးစားပါ့မယ်"

"အဲဒီ စိတ်ကူးအောင်မြင်ဖို့ ဘယ်လောက် ကြာမယ် ထင်သလဲ"

"မသိသေးဘူး ဘုရား။ အချိန်တော် တော်တော်ယူရလိမ့်မယ် ထင်တာပဲ'

"အင်း ... တော်တော် အန္တရာယ်များတဲ့ အလုပ်ပါလား။ တစ်ခုခုတော့ အမြန်ဆုံးလုပ်မှ ဖြစ်လိမ့်မယ်"

ဘုန်းတော်ကြီးက ထိုင်ရာမှ ထပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ ထို့နောက် ပြတင်းပေါက်နားရပ်ပြီး အပြင်သို့ ကြည့်နေသည်။ သူသည် အပြာရောင် တိမ်လိပ်တွေဖုံးကာ အုံ့ဆိုင်းနေသော ကောင်းကင်ကို ကသိုဏ်းရှုရင်း တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေသည်။

အတန်ကြာတော့မှ သူက ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်သလို ပေါင်ကို ညာလက်နှင့် ဖျတ်ခနဲ ပုတ်လိုက်သည်။ ထို့နောက် ဂျော်ဒန်ရှေ့သို့ ပြန်လျှောက်လာသည်။ ဂျော်ဒန်က မတ်တတ်ထရပ်လိုက်သည်။

"အံ့တစ်ပါးပြီးတော့ အံ့တစ်ပါးပေါ့" ဘုန်းတော်ကြီးက အဆက်အစပ်မရှိ ပြောလိုက်သည်။ "မကြာခင် နောက်ထပ် အံ့တစ်ပါးပေါ်လာလိမ့်ဦးမယ်"

ဂျော်ဒန်က ဇဝေဇဝါ ဖြစ်သွားပြီး –

"အရှင်ဘုရား ... ဘာကို ဆိုလိုတာပါလဲ ဘုရား"

"နောက်တော့ သိရလိမ့်မယ်။ အခု ငါ့အလုပ်များနေသေးတယ်။ ငါ့မှာ လုပ်စရာတွေ တစ်ပုံကြီး ရှိနေတယ်။ မင်းတို့က လုပ်စရာရှိတာ ဆက်လုပ်ကြပေါ့။ ဒီည ၈ နာရီ တိတိမှာ ဒီမှာပဲ ထပ်တွေ့ကြမယ်။ အဲဒီတော့မှ ညစာစားရင်း ဆွေးနွေးကြတာပေါ့"

*

ဂျော်ဒန်နှင့် အယ်လီဆင်တို့သည် ရီယယ်လတို တံတားကို ဖြတ်ကာ ဆန်ဆယ်လဗာဒေါ်ရပ်ကွက်ကို ကျော်ပြီး မာစီရီ လမ်းမကြီးသို့ လျှောက်လာခဲ့ကြသည်။ ထိုနေရာတွင် အယ်လီဆင် ဈေးဝယ်မည်ဖြစ်သည်။

လမ်းတွင် ဂျော်ဒန် ညွှန်ပြသော အဆောက်အအုံများနှင့် မြင်ကွင်းများကို အယ်လီဆင်က ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်ရှု မှတ်သားလာခဲ့သည် မှတစ်ပါး နှစ်ယောက်သား ထွေထွေထူးထူး စကားမပြောဖြစ်ကြ။

"ဒါနဲ့ ဘုန်းတော်ကြီးက 'အံ့တစ်ပါးပြီးတော့ အံ့တစ်ပါးပေါ့' ဆိုတာ



BURMESE CLASSIC .com

www.burmeseclassic.com



က ဘာပြောတာလဲ ဟင်' တစ်နေရာရောက်တော့ အယ်လီဆင်က ကောက်ကာငင်ကာ မေးလိုက်သည်။

"ငါလဲ စဉ်းစားလို့ကို မရသေးဘူး"

"သူက တစ်ခုခုတော့ အမြန်ဆုံးလုပ်မှ ဖြစ်မယ်လို့ ပြောတယ်။ 'အမြန်ဆုံး' ဆိုတဲ့ စကားကို သုံးတယ်။ သူပြောပုံထောက်ရင် ရှင့်အကြံကို စောင့်နေလို့ ဘာမှ အကျိုးမရှိနိုင်ဘူးလို့ ပြောသလိုပဲ။ ကျွန်မတော့ သူ့မှာလည်း အကြံတစ်ခုခု စိတ်ကူးထားတာ ရှိလိမ့်မယ် ထင်တာပဲ"

"ရှိချင်လဲ ရှိမှာပေ့ါ။ ဒါပေမယ့် ငါတော့ သူ့အကြံကို အားမကိုးပါဘူး။ အခု ငါ 'ဗင်းနစ်ဂေဇက်' သတင်းစာတိုက်ကို သွားမယ်။ အဲဒီမှာ ဘရူနို ရှိမယ်ထင်တာပဲ။ သူ့ဘက်က ဘာတွေလုပ်ထားပြီးပြီလဲဆိုတာ မေးကြည့်ရမယ်"

"အခုဆိုရင် ကျွန်မတို့မှာ လုပ်စရာ နည်းလမ်း နှစ်လမ်းတော့ရှိတယ်"

"ဟုတ်တယ် ... ဟောဟိုမှာ သတင်းစာတိုက်၊ ဒီတော့ ဒီလိုလုပ်။ မင်းက ဒီမှာ ငါ့ကို စောင့်နေမယ့်အစား ပိုက်ယက်ဖေဆေန်မာကို ရင်ပြင်ကို သွား။ အဲဒီရောက်တော့ ညာဘက် လှည့်ပြီး အပြင်က ဒုတိယ ကဖေးဆိုင်ထဲ ဝင်သွား ... အစွန်ဆုံးက ဆိုင်ပဲ။ ကွာဒရီကဖေး ... အဲဒီမှာထိုင်ပြီး တစ်ခုခုမှာ စားနေပေ့ါ။ ပြီးတော့ ငါလိုက်ခဲ့မယ် သိပ်မကြာပါဘူး။ အဲဒီတော့မှ မင်းကို ငါဈေးလိုက်ပို့မယ်။ အကောင်းဆုံးဆိုင်တွေ ငါသိပါတယ်"

အယ်လီဆင် နေရာမှ ထွက်သွားသည်။

ဂျော်ဒန်သည် ၁၅ ရာစုခေတ် အဆောက်အအုံ တစ်ခုအတွင်းသို့ ဝင်လာခဲ့သည်။ အဝင်ဝကောင်တာတွင် အစောင့်ဝန်ထမ်းတစ်ယောက် ထိုင်နေသည်။

"ကျွန်တော် ဘရူနိုဂျီရာဒီနဲ့ တွေ့ချင်လို့ပါ။ တင်ဂျော်ဒန်အောက်မှာ စောင့်နေပါတယ်လို့ တဆိတ်လောက် ပြောပေးပါ"

အစောင့်ဝန်ထမ်းက တယ်လီဖုန်း ကောက်ကိုင်ပြီး ခေါ်သည်။ အတော်ကြာတော့မှ တစ်ဘက်မှ လက်ခံစကားပြောသည်။ သူက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး – "မစ္စတာ ဘရူနိုဂျီရာဒီက အပေါ်တက်ခဲ့ပါတဲ့။ ဒုတိယထပ် ဗဟိုခန်းက သူစောင့်နေပါလိမ့်မယ်"

ဂျော်ဒန်သည် ဒုတိယထပ်သို့ ဓာတ်လှေကားဖြင့် တက်၍ ဗဟိုခန်းသို့ လာခဲ့သည်။ ဘရူနိုမရောက်သေး၊ ခန်းမပတ်ပတ်သည် သံခန်းဆီများ နောက်ကွယ်မှ လက်နှိပ်စက်ရိုက်သံများ တဖြောက်ဖြောက် ကြားနေရသည်။

www.burmeseclassic.com



"ဟိုင်း ... တင်"

ဘရူနိုက ပခုံးတွင် ကင်မရာလွယ်ပြီးထွက်လာရင်း နှုတ်ဆက်လိုက်သည်။

"ဒါနဲ့ ... ဟိုကိစ္စကဘယ်လိုလဲ တတိယလူနဲ့ အဆက်အသွယ်ရပြီလား"

"ရပြီပဲဆိုပါတော့ ... ကျွန်တော် သူနဲ့တွေ့ဖို့ ချိန်းထားတယ်။ မနက်ဖြန် အရက်သောက်ရင်း တွေ့ကြမယ်။ ခင်ဗျား ကမ်းလှမ်းချက်တွေတော့ သူ့ကို ကျွန်တော် မပြောသေးဘူး။ သူနဲ့တွေ့မှ အခြေအနေအရ ပြောသင့်မပြောသင့် ဆုံးဖြတ်ရမှာပဲ။ သတိနဲ့ လုပ်ရမယ့် ကိစ္စမဟုတ်လား"

"ဒါပေါ့"

"သူက ဒီအခွင့်အရေးကိုတော့ လက်ခံမှာ မဟုတ်ဘူး။ ဒါမှမဟုတ် ကြောက်ချင်လဲ ကြောက်နေလိမ့်မယ်။ ပြောလို့တော့ မရသေးဘူး"

"အလုပ်ဖြစ်ရင် ဘယ်လောက်ကြာမယ် ထင်သလဲ"

"အလွန်ဆုံး နှစ်ရက်သုံးရက်ပါပဲ"

"အဲဒီတော့ ငါ့ဆီအကြောင်းကြားပေါ့ ဟုတ်လား ... ဒင်နီယယ်ဟိုတယ်ကို ဖုန်းဆက်ပါ။ ငါမရှိရင်လဲ တို့ဘယ်မှာ တွေ့ကြမယ်ဆိုတာကို သတင်းပေးထားခဲ့ပေါ့"

"စိတ်ချပါ။ ကျွန်တော် ချက်ချင်းအကြောင်းကြားပါ့မယ်"

ထို့နောက် သူတို့နှစ်ယောက် လူချင်းခွဲလိုက်ကြသည်။

*

ပိုင်ယက်ဇာဆန်မာကို ရင်ပြင်သည် နေရောင်အောက်တွင် လန်းဆန်းတောက်ပနေသည်။ ဂျော်ဒန်သည် နေရောင်အောက်တွင် ခေတ္တမျှရပ်ပြီး အရသာခံနေလိုက်သည်။ ပြီးတော့မှ ... ဈေးတန်းစကြံလမ်းအတိုင်း လူအုပ်ထဲ ဝင်တိုးပြီး လျှောက်လာခဲ့သည်။ တီးဝိုင်းနောက်ဘက် ရောက်တော့ သူ့မိတ်ဆွေ တယောဆရာနှင့် သီချင်းဆရာ အိုရက်စတီမီမိုကို လက်မြှောက် နှုတ်ဆက်ပြီး လက်ဝဲဘက်ချိုးလိုက်သည်။

အယ်လီဆင်က ရှေ့တန်းစားပွဲတစ်လုံးတွင် ထိုင်ရင်း ခိုကလေးများ အစာကျွေးနေသည်ကို တွေ့ရသည်။ ဂျော်ဒန်က စားပွဲတွင် ဝင်ထိုင်လိုက်သည်။

"ဘယ်နှယ့်လဲ ... ပျော်စရာကောင်းရဲ့လာ"

"ပျော်စရာ ကောင်းပါတယ်။ နောက်တော့သာ မပျော်ရမှာကို တွေးပြီး ကြောက်မိတယ်"

www.burmeseclassic.com



သူမက ပေါင်မုန့်ဖုံကလေးများကို ခြွေပြီး ခိုကလေးများအား ပစ်ပေးနေသည်။

"မင်းနဲ့ ငါဆုံရတာ ဒီခိုကလေးတွေ ကျေးဇူးကြောင့်ပဲပေါ့။ သူတို့ကို အစာကျွေးရင်း မင်းနဲ့ ငါ တွေ့ဖို့ လမ်းစရခဲ့တာ"

"သူတို့ကို အဲဒီနေ့က အစာကျွေးမိတာ မှားလေစွလို့ ရှင်နောင်တမရမိဘူးလား"

"နောင်တ မရတဲ့အပြင် ပျော်တောင်ပျော်နေသေးတယ်"

"ကျွန်မလဲ ရှင်နဲ့တွေ့ရတာ ပျော်ပါတယ်" သူမက ကုလားထိုင်ကို ရှေ့ကပ်လိုက်ရင်း "တကယ်ဆိုရင် ... ကျွန်မ ဘဝက မယုံနိုင်စရာပါပဲလား ... တင်။ အခု ကျွန်မတို့ နှစ်ယောက်ဟာ ကမ္ဘာပေါ်မှာ စိတ်ကူးယဉ်စရာ အကောင်းဆုံး နေရာကို ရောက်နေကြပြီး တစ်ယောက်ကို တစ်ယောက်ကြည့်မဝအောင် ဖြစ်နေကြတယ်။ ဒါပေမယ့် တကယ့် လက်တွေ့ဘဝကတော့ ကျွန်မတို့ဟာ ဗင်းနစ်မြို့ ရဲအဖွဲ့က အလိုအပ်ဆုံး ဝရမ်းပြေးတွေ ဖြစ်နေကြတယ်"

"တို့ကို ဘယ်သူမှ မလိုအပ်ပါဘူး။ တို့ပြဿနာကိုလဲ မုန်ဆိုင်ပိုင်ရှင်နဲ့ ဘုန်းတော်ကြီးကလွဲပြီး ဘယ်သူမှ မသိပါဘူး"

"ကျွန်မဆိုလိုတာ ရှင်သဘောပေါက်ပါတယ်လေ"

"ဟုတ်ပါတယ် ... တို့ဘဝက မင်းပြောသလို မယုံကြည်နိုင်စရာပါပဲ။ တစ်ဖက်က ပျော်စရာကောင်းသလောက် တစ်ဖက်က စိတ်ဆင်းရဲစရာဖြစ်နေရတယ်"

"ဒါနဲ့ သတင်းစာတိုက်သွားတာ ဘာအကြောင်းထူးသလဲ။ အဆက်အသွယ် ရှဲ့ရဲ့လား"

"သိပ်တော့ မထူးသေးဘူး။ ဘရိုနိုက သူ့လူတွေနဲ့ တွေ့ဖို့ ချိန်းထားတယ်။ အခြေအနေက ဆိုးရင် ဆိုးလာနိုင်တယ်။ တစ်ရက် နှစ်ရက်အတွင်း သိရလိမ့်မယ်"

"ဒီနေ့ညမှာလဲ ဘာဖြစ်လာဦးမယ် မသိသေးဘူး"

"ဟုတ်တယ် ... ဘုန်းတော်ကြီးက ဘာပြောဦးမှာလဲ မသိဘူး"

"ရှင်ဟာ ကျွန်မတို့အပေါ်မှာ တော်တော် ကောင်းရှာတာပဲ နော်"

"ဟုတ်လား"

"ရှင် ... လုပ်ခဲ့တာတွေ၊ လုပ်နေတာတွေကို ကြည့်ပြီးပြောရတာပါ။ ဒီစကားကို အရင်လဲ ကျွန်မပြောခဲ့ပြီးပါပြီ။ ဒါပေမယ့် ပြောရတာ အားမရနိုင်သလိုပဲ။ တခြားလူသာ ဆိုရင် အခုလို ကိုယ်ကျိုးစွန့်ပြီး သူစိမ်းလူနှစ်ယောက်အတွက် ဒီလောက်ကူညီလိမ့်မယ်လို့ ကျွန်မ မထင်ဘူး"



BURMESE CLASSIC .com

www.burmeseclassic.com



“စိတ်ကူးမယဉ်စမ်းပါနဲ့ ... အယ်လီဆင်။ ငါက မင်းထင်သလောက် လူကောင်းတစ်ယောက် မဟုတ်သေးပါဘူး။ အမှန်အတိုင်း ပြောရရင် ငါလုပ်နေတာတွေဟာ ငါ့ကိုယ်ကျိုးအတွက် လုပ်နေတာပါ”

“ဟုတ်ပါတယ်။ ဒီစကား ရှင် အရင်တုန်းကလဲ ပြောဖူးပါတယ်။ ဒါပေမယ့် ... ကျွန်မတော့ မယုံဘူး”

သူက ပြုံးသည်။ လက်ကဖန်ခွက်ချလိုက်ပြီး ဆေးတံကို စမ်းနေသည်။

“မင်းက ငါ့အကြောင်း မသိသေးဘူး ... အယ်လီဆင်။ မင်း ငါ့အကြောင်း ဘာမှ မသိသေးဘူး”

“အဲဒါတော့ ဟုတ်ပါတယ်။ ကျွန်မတို့က လွန်ခဲ့တဲ့ နာရီခုနစ်ဆယ်အတွင်းမှာ ရင်ဖိုသည်းဖို လှုပ်ရှားနေခဲ့ကြရတော့ တစ်ယောက်အကြောင်းတစ်ယောက် ဘာမှ သိခွင့်မရခဲ့ကြဘူးပေါ့”

“အဲဒီတော့ ... အခု တို့ စကြရအောင်။ မင်းအကြောင်း အရင်ပြောပြပါ”

“ကျွန်မက ကိုယ့်အတ္ထုပ္ပတ္တိကိုယ်သိပ်မပြောတတ်ဘူး။ ပြောစရာလည်း သိပ်မရှိပါဘူး။ ကျောင်းနေတယ်၊ စာကြည့်တိုက်နဲ့ ဓာတ်ခွဲခန်းတွေမှာ အချိန်ကုန်တယ်၊ ဒါလောက်ပါပဲ။ ကျွန်မအကြောင်း ရှင်နားထောင်ရတာ ပျင်းစရာ ကောင်းမှာပဲ”

“မင်းအသက် ဘယ်လောက်ရှိပြီလဲ”

“၂၇ နှစ်”

“အများကြီး ငယ်သေးတာပဲ”

“ရှင့်အသက်ကရော”

“ဇာတာအရ ပြောတာလား၊ ၃၈ နှစ်။ ခံစားချက်အရတော့ ၉၈ နှစ်”

“ရှင် တော်တော် အရွယ်တင်တာပဲ။ ကျွန်မ တကယ်ပြောတာပါ”

“မင်းနဲ့ တွေ့တော့မှပါ။ အိုမင်း ရင့်ရော်ခြင်းကို ပါမောက္ခ မက္ကဒေါ်နယ်သာ တိုက်ဖျက်နိုင်တာ မဟုတ်ပါဘူး။ မင်းလည်း တိုက်ဖျက်နိုင်တာပဲ။ ဒီလို ပြောရင် မင်းက သဘောကျပါ့မလား”

“ရှင်က စေတနာနဲ့ ပြောရင် ကျွန်မကလဲ သဘောကျပါတယ်”

“ငါက စေတနာနဲ့ ပြောတာပါ။ ငါက ပညာသား ပါပါနဲ့ ပြောတတ်တဲ့ လူညာတစ်ယောက် မဟုတ်ပါဘူး။ ဒါနဲ့ ... မင်းလူတော်တော်များများနဲ့ တွေ့ဖူးသလား”



BURMESE CLASSIC .com

www.burmeseclassic.com



"သိပ်များများတော့ မတွေ့ဖူးပါဘူး။ ဘော့စတွန်နဲ့ ဘာကလေမှာ တုန်းက ရည်းစားထားခဲ့ဖူးပါတယ်။ ဒါပေမယ့် သိပ်မကြာခဲ့ပါဘူး။ နယူးယောက်တုန်းကလဲ နှစ်ယောက်တွေ့ခဲ့ဖူးတယ်။ လွန်ခဲ့တဲ့ လေးနှစ်ကစပြီး အဲဒီကိစ္စတွေ ဘေးချိတ်ပြီး အလုပ်မှာပဲ မြုပ်နှံနေခဲ့တယ်။ ဆရာကြီးဆီမှာ ဝင်လုပ်နေခဲ့တယ်"

"မင်းနောက်ကို ယောက်ျားတွေ တကောက်ကောက်လိုက်နေကြလိမ့်မယ်လို့ ငါစဉ်းစားမိတယ်"

"လိုက်တော့ လိုက်ကြပါတယ်"

"မင်းက တမင်ရှောင်နေတာလား"

"ဟုတ်ပါတယ်"

"အဲဒီတော့ ... ငါ့ကိုလဲ ရှောင်ချင်မှာပေါ့"

"ဟုတ်ပါတယ်"

"အဲဒါ ... ငါ နားလည်ပါတယ်။ မင်းရဲ့ အတွင်းစိတ်ကို ငါ အကဲခတ်မိခဲ့ပါတယ်"

သူမက သူ့ကို အကဲခတ်သလို ကြည့်နေသည်။

"ရှင့်အကြောင်း ကျွန်မကို ဘာမှ မပြောရသေးဘူး။ ရှင်က ဘာဖြစ်လို့ ခံစားချက်အရ အသက် ၉၈ နှစ်တောင် ဖြစ်နေရတာလဲ"

"ဝေဒနာတွေ ခံစားခဲ့ရလို့ပေါ့။ ဒါက တော်တော် စိတ်မချမ်းသာစရာကောင်းပါတယ်။ တကယ်တော့ ... ငါ့ဘဝဟာ ပုပ်ဆွေးနေပါပြီ။ ငါဟာ လူပျိုမဟုတ်ဘူး၊ အိမ်ထောင်ကျခဲ့ဖူးတယ်။ အဲဒါ မင်း မသိသေးဘူး"

"ဟင့်အင်း ... မသိသေးဘူး။ နောက်တော့ ဘယ်လိုဖြစ်သွားသလဲ"

"သူ့ကို ငါသိပ်ပြီး ချစ်တယ်။ သူသေသွားတယ်။ ချီကာဂို မြို့ထဲမှာ ကားတိုက်ခံရတာ။ တစ်ခါတည်း ပွဲချင်းပြီး ... အဲဒီကတည်းက ငါ့ဘဝလည်း သေခဲ့တာပါပဲ"

အယ်လီဆင်က သူမ၏လက်ကို ကျော်ဒန်၏ လက်ပေါ်တင်လိုက်ပြီး

"ကြားရတာ ကျွန်မ စိတ်မကောင်းပါဘူး။ အဲဒါ ... ဘယ်လောက်ကြာပြီလဲ ဟင်"

"လေးနှစ်လောက်ရှိပြီ။ ဗင်းနစ်ကို ရောက်တာက နှစ်နှစ်ရှိပြီ။ ငါ အင်ဂျင်နီယာ လုပ်ခဲ့တယ်၊ မပျော်ဘူး။ ဒါနဲ့ စာကလေး ဘာကလေး ရေးတယ်။ တော်တော် အောင်မြင်တယ်။ အဲဒီအချိန်မှာ ဗင်းနစ်မြို့က အလုပ်ပေးတယ်။ ဗင်းနစ်မြို့ကို ရေလွှမ်းမိုးခြင်း အန္တရာယ်က ကာကွယ်ရေးအတွက် ကြိုးပမ်းနေကြတဲ့ ပုဂ္ဂိုလ်တွေက ငါ့ကို အလုပ်ပေးတယ်။ သူတို့က ဒီရေ တားဆီးရေး

www.burmeseclassic.com



အတွက် ရေအောက်ရေကာတာကြီး ဆောက်လုပ်နေကြတယ်။ ငါက အဲဒီ လုပ်ငန်းအတွက် ဝါဒဖြန့် လှုံ့ဆော်ပေးနေရတယ်"

"ရှင့် မိန်းမသေပြီးတော့ နောက်ထပ် ဘယ်မိန်းမနဲ့မှ မတွေ့တော့ဘူး လား"

"မတွေ့ပါဘူး" သူက ပြောင်ပြောင်ပင် ပြောလိုက်သည်။ ""လိင်ကိစ္စ အတွက် ဆက်ဆံမှုတွေကို ငါက ထည့်မတွက်ပါဘူး။ မင်းက ငါ့မှာ ချစ်သူ ရှိသလားလို့ မေးတာ မဟုတ်လား။ မရှိပါဘူး၊ ဒါပေမယ့်" သူက ခဏရပ်နေ ပြီးမှ "ဒီမြို့မှာတော့ တစ်ယောက်တော့ရှိပါတယ်။ ငယ်ငယ်ပဲ ရှိပါသေးတယ်။ ဗင်းနစ်မြို့သူပဲ။ သူက ငါ့လက်ထောက်။ ဒါပေမယ့် လေးလေးနက်နက်တော့ မဟုတ်ပါဘူး။ အဖော်သဘောမျိုးလောက်ပါ။ ဒါကို တို့နှစ်ယောက်စလုံးလဲ သဘောပေါက်ကြတယ်" သူက ပိုက်ဆံအိတ်ထုတ်ပြီး ပိုက်ဆံကို စားပွဲပေါ် တင်လိုက်သည်။ "အဲဒါ မင်းသိချင်တဲ့ ဂျော်ဒန်ရဲ့ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ပါပဲ။ သိပ်မထူးလှပါဘူး။ အသက် ၁၅၀ နေချင်တဲ့ လူတစ်ယောက်ရဲ့ ဇာတ်လမ်းမျိုး မဟုတ်ပါဘူး။ ဒါပေမယ့် အခုတော့ ငါ စိတ်ပြောင်းသွားပြီ။ အသက် ၁၅၀ ရှည်ချင်နေပြီ"

"ဘာဖြစ်လို့လဲ"

"ငါ မသိဘူး။ ဒီနေ့ … ဒီနေရာမှာ မင်းနဲ့ စကားပြောနေတုန်း အဲဒီ စိတ်ကူးပေါ်လာတယ်ဆိုတာလောက်ပဲ ငါ သိတယ်"

သူက ပြောပြီး သူ့စကားကိုသူ ပြန်တွေးနေမိသည်။ သူသည် ကလျာ သေဆုံးသွားပြီး ကတည်းက သည်လို ခံစားချက်မျိုးတစ်ခါမျှ မခံစားခဲ့ ရစဖူး။ ယခု ယင်းခံစားချက်ပေါ်လာသည်။ အယ်လီဆင်ကို စွဲချစ်မိသော ကြောင့် သည်ခံစားချက်ပေါ်လာရတာလားဟု တွေးကြည့်သည်။ ဟုတ်နိုင် သည်။ သူက သူမကို စွဲနေပြီ။ ကလျာဆုံးပြီးကတည်းက ပထမဆုံးအကြိမ် စွဲမိသော အမျိုးသမီးပင် ဖြစ်သည်။ လွန်ခဲ့သော တစ်ပတ်ခန့်ကတောင်မှ သည်လို ခံစားချက်မျိုး မဖြစ်ပေါ်ခဲ့သေး။

ယခုတော့ … သူခံစားနေရပြီ။

သူက စားပွဲမှ ထလိုက်သည်။

"ကဲ … မင်းကို ဈေးလိုက်ပို့မယ်။ တချို့ ပစ္စည်းတွေတော့ ဝယ်ပြီး ဆိုင်မှာပဲ ပြန်ထားခဲ့တာပေါ့။ မြို့ကို ပြန်ဖွင့်ရင် သူတို့က မင်းလိပ်စာအတိုင်း ရောက်အောင် ပို့ပေးပါလိမ့်မယ်။ ဒီနေ့ဟာ မင်းအတွက် ဗင်းနစ်မြို့မှာ နောက် ဆုံး နေခဲ့ရတဲ့နေ့ ဖြစ်ချင်ဖြစ်နိုင်တယ်။ တကယ်လို့ ဘုန်းတော်ကြီး ပီယက် ထရိုက သူ့ခေါင်းထဲက 'အံ့တစ်ပါး' ကို ဒီနေ့ည ဖွင့်ဟမိန့်ကြားခဲ့ရင် ပြောတာ



BURMESE CLASSIC .com

www.burmeseclassic.com



ပါ။ ဘာပဲဖြစ်ဖြစ် တို့ဝယ်စရာရှိတာတွေ ဝယ်ခြမ်းပြီးတော့ ဘုရားသခင်ရဲ့ အမိန့်တော်ကို စောင့်ပြီး နာခံကြတာပေါ့ ဟုတ်လား'

*

၈ နာရီ ၅ မိနစ်တွင် ဂျော်ဒန်နှင့် အယ်လီဆင်တို့ ဘုန်းကြီးကျောင်းသို့ ပြန်ရောက်လာကြသည်။ မယ်တော်ကြီးက တံခါးဖွင့်ပေးသည်။

"ကိုယ်တော်ကြီး ပြန်မရောက်သေးဘူး။ ဒါပေမယ့် သူလာမှာပါ။ ဧည့်သည်တွေ ညစာ ပြန်စားကြလိမ့်မယ်လို့ သူပြောသွားတယ်။ လာကြပါ။ သူ့စာကြည့်ခန်းထဲက စောင့်နေကြပါ။ အဲဒီမှာ ပါမောက္ခကြီးလဲ ရှိပါတယ်"

သူတို့အား မယ်တော်ကြီးက ဦးဆောင်ကာ စာကြည့်ခန်းထဲ ခေါ်လာသည်။ စာကြည့်ခန်းမှာ ဘုန်းတော်ကြီး၏ ကျက်သရေခန်းနှင့် နံရံတစ်ခုသာ ခြားသည်။ ပါမောက္ခ မက္ကဒေါ်နယ်သည် စားပွဲတွင်ထိုင်ပြီး အင်္ဂလိပ်ဘာသာပြန် ရွှေဇဝါဖုံး 'သမ္မာကျမ်းဟောင်း' စာအုပ်ကို လှန်လှောဖတ်ရှုနေသည်။

သူတို့အားလုံး ကုလားထိုင်တွင် ထိုင်ကြပြီးသောအခါ ပါမောက္ခ မက္ကဒေါ်နယ်က 'သမ္မာကျမ်း' ကို လက်နှင့် ပုတ်ပြရင်း –

"ကျုပ် သမ္မာကျမ်းဟောင်း၊ ကမ္ဘာဦးကျမ်းထဲက မေသုဆီလာ အကြောင်း ဖတ်ကြည့်သည်။ သူဟာ အသက် ၉၆၉ နှစ်အထိ နေခဲ့ရပြီး၊ ရေကြီးလွှမ်းမိုးတဲ့နှစ်မှာမှ ကွယ်လွန်သွားခဲ့တယ်။ ဒဏ္ဍာရီပဲဆိုတဲ့အချက်ကို ထည့်မတွက်ပဲ ပြောရရင် ဒီလောက် အသက်ရှည်ရှည် နေခဲ့ရတာဟာ တော်တော်အံ့သြစရာ ကောင်းတယ်။ မှတ်သားစရာလဲ ကောင်းတယ်။ ဧကန္တ ... ဒီရှေးဟောင်း ဣသရေလလူမျိုးတွေဟာ 'စီ – ၉၈' လို အသက်ရှည်ဆေးတစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ကြလိမ့်မယ်လို့ ကျုပ်တွေးကြည့်မိတယ်။ အဲဒီ ဆေးနည်းဟာ ရေကြီးလွှမ်းမိုးလို့ ပျောက်ဆုံးသွားခဲ့တာဖြစ်နိုင်တယ်။ အဲဒီကတည်းကစပြီး အဲဒီဆေးနည်း ပျောက်ဆုံးသွားခဲ့တာ အခုမှ ကျုပ်က ပြန်တွေ့တယ်။ ဆိုကြပါစို့"

"တစ်ခုခုတော့ ဖြစ်နိုင်ပါလိမ့်မယ်"

ဂျော်ဒန်က ပြောလိုက်သည်။

"ဒါနဲ့ ကျုပ်ကို သူတို့ သဲသဲမဲမဲ ရှာနေကြတုန်းပဲလား"

"ရှာနေတုန်းပဲ။ ဒါပေမယ့် လောလောဆယ် ဘာမှ ကြောက်စရာ မရှိပါဘူး။ ဆရာကြီး ဒီမှာ လုံခြုံပါတယ်။ ခဏဖြစ်ဖြစ်ပေါ့"

"ခဏဖြစ်ဖြစ် ... ဟုတ်လား"

"ဟုတ်ပါတယ်။ ကြာကြာစိတ်မချရလို့ပါ။ နေ့လယ်တုန်းက ကျွန်တော့်မိတ်ဆွေ ခတ်ပုံ သတင်းထောက်ဆီ ကျွန်တော် သွားပါတယ်"



BURMESE CLASSIC .com

www.burmeseclassic.com



"ဘာသတင်းထူးသလဲ"

"သိပ်တော့ မထူးပါဘူး။ သူက အစောင့်ရဲအုပ်နဲ့ တွေ့ဖို့ချိန်းထားတယ်။ သူတို့တွေ့ပြီးရင် ကျွန်တော့်ကို အကြောင်းပြန်လိမ့်မယ်။ မနက်ဖြန်ဆိုရင် အဖြူအမည်းတစ်ခုခုတော့ သိရလိမ့်မယ်။ ဒီကြားထဲ ဘုန်းတော်ကြီးပီယက်ထရိုကလဲ တစ်ခုခုတော့ အဖြေပေးနိုင်မယ် ထင်တာပဲ။ ကျွန်တော်"

"ဟုတ်တယ် … ကျုပ်က အဖြေပေးမှာပေါ့" တံခါးဝမှ ဘုန်းတော်ကြီး အသံ ရုတ်တရက် ပေါ်ထွက်လာသည်။ ဘုန်းတော်ကြီးက စားပွဲသို့ လျှောက်လာပြီး ကုလားထိုင်တွင် ထိုင်သည်။ ပြီးတော့ ပါမောက္ခကြီးဘက်သို့ လှည့်ရင်း …'ဆရာကြီးအတွက် ကျုပ် သတင်းကောင်းရလာခဲ့ပြီ။ အံ့တစ်ပါး ထပ်ပေါ်တာပဲလို့သာ အောက်မေ့ရတော့မှာပဲ။ မနက်ဖြန် ဆရာကြီး ဒီမြို့က ထွက်ရတော့မယ်"

"မနက်ဖြန် ဟုတ်လား" ပါမောက္ခကြီးက ကမန်းကတန်း မေးလိုက်သည်။ "အရှင်ဘုရား … တစ်ခုခု လုပ်ခဲ့ပြီးပြီလား"

"ဟုတ်တယ် … ကျုပ်လုပ်ခဲ့ပြီးပြီ။ ဒီမြို့က အာဏာပိုင်ဆီက ခွင့်ပြုချက်လက်မှတ် တစ်ခုပဲ လိုတော့တယ်"

"အမိန့် ရှိပါဦး ဘုရား" ဂျော်ဒန်က သိချင်ဇောဖြင့် ဖြတ်ပြောလိုက်သည်။

ဘုန်းတော်ကြီးက ဂျော်ဒန်အား ဖြတ်မပြောစေလိုဟန်ဖြင့် လက်ကို ကာပြရင်း –

"ဒီနေ့မနက်က ကျုပ်ခရီးသွားစရာရှိတယ်လို့ ဒကာတို့ကို ကျုပ်ပြောခဲ့တာ မှတ်မိကြမှာပေါ့။ ကျုပ် ငါးရက်လောက် ခရီးထွက်ရလိမ့်မယ်လို့ ပြောခဲ့တယ်။ ဂိုဏ်းအုပ်ကြီး ယူဘာတီနဲ့ သာသနာ့စီရင်စု ဘုန်းတော်ကြီး ငါးပါးပါဝင်မယ်။ အဲဒီအထဲမှာ ကျုပ်လဲ ပါတယ်။ ကျုပ်တို့ကို ခရစ်ယာန် သာသနာပြုပြင်ရေး ကိစ္စနဲ့ ပတ်သက်ပြီး ရောမမြို့တော် ဂိုဏ်းချုပ်ကြီးနဲ့ လာတွေ့ဖို့ ခေါ်ထားတယ်။ ဒီကိစ္စက အရင်ကတည်းက ကြိုတင်သိခဲ့ရတာ မဟုတ်ဘူး။ ဒီမှာ အရေးပေါ် ကြေညာချက် ထုတ်ပြီးမှ သိရတာ။ ဒါကြောင့် ဂိုဏ်းအုပ်ကြီး ယူဘာတီက မြို့တော်ဝန် အက္ကဒီဆီမှာ အထူးခရီးသွားခွင့် တောင်းခံခဲ့တယ်။ မြို့တော်ဝန်က ချက်ချင်းခွင့်ပြုလိုက်တယ်။ မနက်ဖြန် ရထားနဲ့ ခရီးထွက်ကြရမှာ။ ဗင်းနစ်မြို့က ဒီရထားတစ်စင်းပဲ ထွက်ခွင့်ရတယ်။ ဒါကြောင့် ကျုပ်တို့ သာသနာ့ကိုယ်စားလှယ်အဖွဲ့ဟာ မနက်ဖြန်နေ့လယ်မှာ ရောမမြို့ကို ထွက်ခွာကြမယ်။ သို့သော် အပြောင်းအလဲတစ်ခုတော့ ရှိတယ်။ အဲဒါက တခြားမဟုတ်ဘူး။ ကျုပ်လိုက်မသွားဖို့ ဆုံးဖြတ်လိုက်တယ် ဆိုတာပဲ" သူက ပါမောက္ခ

www.burmeseclassic.com



မက္ကဒေါ်နယ်အား လက်ညှိုးထိုးရင်း "ကျုပ်ကိုယ်စား ပါမောက္ခကြီး လိုက်သွားရမယ်"

"အမယ်လေး ... ဝမ်းသာလိုက်တာ ... ဝမ်းသာလိုက်တာ" အယ်လီဆင်က ဆရာကြီး ပခုံးကို ဖက်ပြီး ပျာပျာသလဲ ပြောလိုက်သည်။ "ဟုတ်တယ် ... ကျွန်မဖြင့် ကြားရတာ ဝမ်းသာလို့ မဆုံးနိုင်အောင်ပဲ။ ဆရာကြီး လွတ်လပ်ခွင့်ရတော့မယ်။ ဆရာကြီး ဆေးနည်းကို တစ်ကမ္ဘာလုံးက ခံစားကြရတော့မယ်"

"ကျေးဇူးတင်ပါတယ် ... အယ်လီဆင်" ဆရာကြီးက အယ်လီဆင်၏ လက်ကို ပြန်ဖြုတ်ရင်း ပြောလိုက်သည်။ "ဒါ ... တကယ်ပြောတာလား၊ ဘုရား ... တကယ်စိတ်ချရပါ့မလား ဘုရား"

"ဟုတ်တယ်"

"ဘယ်လိုလုပ် သူ့ကို ခေါ်ထုတ်သွားမှာလဲ ဘုရား" ဂျော်ဒန်က မေးလိုက်သည်။

"မင်းပြောသလို သူ့ကို 'ခေါ်ထုတ်' သွားစရာ မလိုပါဘူး။ တို့မြို့တော်ဝန် ခွင့်ပြုချက်လက်မှတ်နဲ့ တရားဝင် သွားကြမှာပါ။ ဂိုဏ်းအုပ်ကြီးနဲ့ ဘုန်းတော်ကြီး ငါးပါးကို အစောင့်ရဲသားတွေက မနက်ဖြန် မနက် ၁၁ နာရီခွဲမှာ ဘူတာရုံလိုက်ပို့ကြမယ်။ အဲဒီမှာ ခရီးသွားဆိုလို့ ကျုပ်တို့ အဖွဲ့ဝင်တွေပဲ ရှိမယ်။ အဲဒီအဖွဲ့ထဲမှာ ကျုပ်ကိုယ်စား ပါမောက္ခ မက္ကဒေါ်နယ်ကို ထည့်လိုက်မယ်။ ဒါက ထင်သလောက် မခက်ခဲပါဘူး"

"ဒီလိုဆိုရင် ရဲတွေက အရှင်ဘုရား ဘွဲ့နဲ့ ဓာတ်ပုံတွေကို မစစ်ဆေးဘဲ နေမှာလား"

ဂျော်ဒန်က ထပ်မေးလိုက်သည်။

"စစ်စရာ မလိုဘူး။ သူတို့က ဂိုဏ်းအုပ်ကြီးနဲ့ အဖွဲ့ဝင်ဘုန်းကြီး ငါးပါးလောက်ပဲ မှတ်ထားတာ။ ပါမောက္ခကြီး ဝတ်ဖို့အတွက် ဝတ်ရုံ ငါရှာပေးလိုက်မယ်။ သူနဲ့ အရွယ်တော် ဝတ်ရုံတွေ ငှားလို့ရပါတယ်။ အဲဒီတော့ ... ပါမောက္ခကြီးက တခြားဘုန်းကြီးတွေနဲ့အတူ ရောလိုက်သွားရုံပဲ။ ရဲသား တွေကို လုံးဝကြောက်စရာမလိုဘူး။ သူတို့ကလည်း လုံးဝသံသယ မဖြစ်ပါ ဘူး။ ညကျတော့ သာသနာ့ ကိုယ်စားလှယ် အဖွဲ့ဟာ ရောမကို ရောက်သွား ကြမယ်။ အဲဒါ ကျုပ်ပြောတဲ့ 'အံ့တစ်ပါး' ဆိုတာပဲပေါ့"

ဂျော်ဒန်က ဝမ်းမြောက်ဝမ်းသာဖြင့် –

"တပည့်တော်တို့ ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး ဘုရား"

www.burmeseclassic.com



"ကျေးဇူးတင် မစောပါနဲ့ဦး။ ဂိုဏ်းအုပ်ကြီး ယူဘာတီနဲ့ ကျုပ်နဲ့ ဒီညနေ ဗင်းနစ်မြို့ ဂိုဏ်းချုပ်ကြီးဆီသွားပြီး သဘောတူညီချက် တောင်းခံခဲ့ကြတယ်။ ဒါက ထုံးစံမို့ပါ။ သူက ခွင့်ပြုပြီးသားပါ။ ဒါပေမယ့် ဒီအတွက်လည်း ကျေးဇူးမတင်ပါနဲ့ဦး။ ကျုပ်တို့က တူညီတဲ့ ရည်မှန်းချက်နဲ့ ဘုရားသခင်ရဲ့ အမိန့်တော်ကို လိုက်နာတောင်ရွက်တာပါ။ ကျုပ်တို့က ဘာသာမဲ့ မိစ္ဆာကောင်တွေကို အနိုင်ယူကြရမယ်။ ဆရာကြီးတွေ့ရှိတဲ့ အတုမရှိ ဆေးနည်းကို ကမ္ဘာ့လူသားအားလုံး ခံစားနိုင်အောင် ဖြန့်ဝေကြရမယ်" သူက ထိုင်ရာမှ ထရပ်လိုက်ပြီးနောက် "ကိုင်း ... ညစာ အဆင်သင့် ဖြစ်နေပြီ။ မနက်ဖြန် ပေါ်ပေါက်လာမယ့် 'အံ့တစ်ပါး' အတွက် အောင်ပွဲအထိမ်းအမှတ်အနေနဲ့ ပျော်ပျော်ရွှင်ရွှင် စားသောက်လိုက်ကြစို့"

*

ညတုန်းက အိပ်မပျော်မီ တစ်ချိန်လုံးတွင် သော်လည်းကောင်း၊ မနက်ပိုင်း အိပ်ရာမှ နိုးလာချိန်တွင် သော်လည်းကောင်း ... ဂျော်ဒန်အဖို့ စိတ်လှုပ်ရှားမှု ဝေဒနာတစ်ခုကို ပြင်းပြင်းထန်ထန် ခံစားရလေသည်။ အဖိုးအနဂ္ဃထိုက်သော အရာတစ်ခု ဆုံးရှုံးရလေပြီဟူ၍ ခံစားရသော ဝေဒနာမျိုးပင်တည်း။

မနေ့ကညနေ ညစာစားသောက်ကြပြီးနောက် အယ်လီဆင်သည် ဟိုတယ်သို့ ပြန်မလိုက်ဘဲ ဘုန်းကြီးကျောင်းတွင် နေရစ်ခဲ့သည်။ မနက်တွင် ပါမောက္ခ မက္ကဒေါ်နယ် မထွက်ခွာမီ နှုတ်ဆက်ချင်သည်ဟု ပြောသည်။ ထို့ကြောင့် ဂျော်ဒန်မှာ ဘုန်းကြီးကျောင်းမှ တစ်ယောက်တည်း ပြန်လာခဲ့ရသည်။ သူသည် ဟိုတယ်သို့ တန်းမသွားဘဲ ပိုက်ယက်ဇာဆန်မာကို ရင်ပြင်သို့ လာခဲ့ပြီး ကဖေးဆိုင်တွင် ထိုင်ကာ ဆိုင်ပိတ်သည်အထိ ဂီတနားထောင်နေခဲ့လေသည်။

သူသည် သူ၏ အနာဂတ်အခြေအနေကို ပြန်လည်သုံးသပ်ကြည့်သည်။ မဝေးသော အနာဂတ် ကာလအတွင်း သူ့ဘဝအခြေအနေ ဘယ်လိုရှိမည် ဆိုသည်ကို ပြက်ပြက်ထင်ထင် မြင်ယောင်လာမိသည်။

ပါမောက္ခ မက္ကဒေါ်နယ်သည် ပါရီမြို့သို့ ရောက်သောအခါ သူ၏ အံ့ဖွယ် ရှာဖွေတွေ့ရှိချက်ကြီးကို လူသိရှင်ကြား ကြော်ငြာလိမ့်မည်။ ထိုအခါ ဗင်းနစ်မြို့မှ အာဏာပိုင်များက သူတို့အနေဖြင့် တိုက်ပွဲရှုံးခဲ့ပြီဟု သဘောပိုက်ကာ ဗင်းနစ်မြို့ကို ပြန်လည်ဖွင့်ပေးကြလိမ့်မည်။ ဤတွင် အယ်လီဆင်မှာလည်း သွားလိုရာသွားနိုင်ပြီဖြစ်၍ ပါရီမြို့သို့ ပြန်သွားလိမ့်မည်။ ထိုမှ တစ်ဖန် နယူးယောက်သို့ ပြန်လိမ့်မည်။ သည်လိုဆိုတော့ ဂျော်ဒန်မှာ တစ်ကိုယ်တည်း ကျန်နေရစ်ရတော့မှာပါတကား။

www.burmeseclassic.com



တိုက်ပွဲကား အောင်ခဲ့ပါ၏။ သို့သော် … အရှုံးနှင့်အောင်ခဲ့ရသော တိုက်ပွဲမျိုးပါတကား။ ယင်းသို့ တွေးမိပြီး ဆုံးရှုံးမှု ဝေဒနာကို သူ့ရင်ထဲတွင် တငွေ့ငွေ့ တမြေ့မြေ့ ခံစားနေရသည်။

လောလောဆယ်တွင် သူသည် ပါမောက္ခ မက္ကဒေါ်နယ်အား နောက်ဆုံး နှုတ်ဆက်ရန်အတွက် ဘုန်းကြီးကျောင်းသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့သည်။

အယ်လီဆင်သည် ကျောင်းရှေ့ကွက်လပ်တွင် ရပ်ကာ သူ့ကို စောင့်နေသည်။

"စိတ်မကောင်းစရာပဲ … တင်။ သူတို့ ခုတင်ပဲ ထွက်သွားကြပြီ။ ရှင် နှစ်မိနစ်လောက် နောက်ကျသွားတယ်" အယ်လီဆင်က တကယ်ပင် စိတ်မကာင်းဟန်ဖြင့် ပြောသည်။

ဂျော်ဒန်က လက်ပတ်နာရီကို ကြည့်လိုက်ပြီး …. "သူတို့က ၁၀ နာရီခွဲမှ ထွက်မှာပါ။ အခု ၁၀ နာရီ မိနစ် ၂၀ ပဲ ရှိ သေးတယ်"

"သူတို့ မူလအချိန်ထက်စောပြီး ထွက်ကြလိမ့်မယ်ထင်တာပဲ။ ဘုန်းတော်ကြီး ပီယက်ထရိုက ဆရာကြီးကို ဂိုဏ်းအုပ်ကြီးကျောင်းကို ခေါ်သွားတယ်။ သိပ်တော့ မဝေးပါဘူး။ ဒီနားလေးတင်ပါ။ အဲဒီကမှ သူတို့အားလုံး ဘူတာရုံကို သွားကြမယ်"

"အေးလေ။ သူ့အနေနဲ့ လမ်းမှာ လုံလုံခြုံခြုံရှိရင် ပြီးတာပါပဲ"

"ရှင့်ကို အများကြီး ကျေးဇူးတင်ရမှာပဲ"

"ဘုန်းတော်ကြီး ပီယက်ထရိုကတော့ တစ်မျိုးတွက်လိမ့်မယ်။ သူကတော့ ဘုရားသခင်ကိုပဲ ကျေးဇူးတင်မှာပဲ"

"ဆရာကြီးကို ရှင်မြင်လိုက်ရရင် သိပ်ကောင်းမှာပဲ။ ဝတ်ရုံကြီး ဝတ်ထားလိုက်တာ တစ်သက်လုံး ဘုန်းတော်ကြီး ဝတ်လာတဲ့ လူကျနေတာပဲ။ ဒီအတိုင်းသာဆိုရင်တော့ လမ်းမှာပဲ ပြဿနာ မရှိနိုင်တော့ပါဘူး"

သူမက ရှေ့သို့ လက်ညှိုးညွှန်ပြရင်း –

"ဟင် … ဟောဟိုမှာ … ဘုန်းတော်ကြီး ပြန်ကြွလာပြီ"

ဘုန်းတော်ကြီး ပီယက်ထရိုသည် ခေါင်းပေါ်တွင် လက်ကိုင်ပဝါအုပ်ကာ သူတို့အနီးသို့ လျှောက်လာသည်။

"နေက အလွန်ပူတာပဲ၊ လာကြပါ။ အထဲဝင်ကြရအောင် ငါက မင်းတို့ နှစ်ယောက်ကို ရေခဲစိမ် လက်ဖက်ရည်နဲ့ ဧည့်ခံပါမယ်"

ဘုန်းတော်ကြီးက ကျောင်းဘက်သို့ လျှောက်သွားသည်။ ဂျော်ဒန်နှင့် အယ်လီဆင်တို့က သူ့နောက်မှ လိုက်လာကြသည်။

www.burmeseclassic.com



"အခြေအနေ ဘယ်လိုလဲ ဘုရား၊ ပြေပြေလည်လည်ရှိရဲ့လား" ဂျော်ဒန်က နောက်မှ လှမ်းမေးလိုက်သည်။

"ငါ ပြန်ထွက်လာတော့ သူက သမ္မန်ပေါ်တက်နေပြီ၊ ပြဿနာမှ မရှိပါဘူး"

"ရောမကို ဘယ်အချိန်လောက်ရောက်မလဲ ဘုရား"

"ဒီည ၇ နာရီဆိုရင် ရောက်ပါပြီ"

ဂျော်ဒန်က အယ်လီဆင်ဘက်သို့ လှည့်ပြီး –

"ဒီအတိုင်းဆို ပါရီထွက်ဖို့ လေယာဉ်မီချင်မှ မီတော့မှာ။ အေးလေ မထူးပါဘူး။ မနက်ကျတော့မှ အစောကြီး လေယာဉ်နဲ့လိုက်လဲ ဖြစ်ပါတယ်။ နေ့ခင်းလောက်တော့ ပါရီရောက်သွားမှာပါပဲ။ ဒါနဲ့ သူဘယ်မှာတည်းမှာလဲ။ မင်း သိသလား"

"ပလာဇာအက်သင်နီး ဟိုတယ်က ကျွန်မအခန်းမှာပဲ တည်းမှာပါ"

"ဒါဆိုရင် မနက်ဖြန်နေ့လယ်လောက်ကျတော့ ပါရီကို လှမ်းပြီး သူ့ဆီ ဖုန်းဆက်ကြရအောင်။ ဒါမှ ပိုပြီး စိတ်ချရတာပေါ့။ အဲဒီအချိန်ကျတော့ သူတို့က တယ်လီဖုန်းဖြတ်နားထောင်လဲ ဘာမှ ကြောက်စရာ မလိုတော့ပါဘူး"

"အဲဒါ ... ကောင်းပါတယ်။ မနက်ဖြန် ပါရီဆက်ပြီး သူနဲ့ စကားပြောမယ်"

ဘုန်းတော်ကြီးက တစ်ချိန်လုံး ငြိမ်ပြီး နားထောင်နေရာမှ ရုတ်တရက် သတိရလာသလို အသံကျယ်ကျယ်ဖြင့် လည်ချောင်းရှင်းလိုက်သည်။ သူ့ အမူအရာမှာ တစ်မျိုးဖြစ်နေသည်။ သူက ခပ်မြန်မြန်ကလေး ပြောသည်။

"သူ့ကို မနက်ဖြန် ဖုန်းဆက်လို့ အလကားပဲ။ သူ ပါရီမှာ မရှိဘူး"

"ဟင် ... ဘယ်လို။ တပည့်တော် သဘောမပေါက်သေးဘူး ဘုရား။ သူ ဘယ်မှာရှိမှာမို့လဲ ဘုရား"

"မဟမ်း ... သူ ဗာတီကန်မြို့တော်မှာ ရှိမယ်။ သူ့ကို အဲဒီမှာ ခဏ ထိန်းသိမ်းထားမယ်။ ကျုပ်တို့ သာသနာ့ဂိုဏ်းချုပ်ကြီးတစ်ပါးနဲ့ နည်းနည်း ဆွေးနွေးဖို့အတွက်ပါ"

"အရှင်ဘုရား ... ဘာတွေ ပြောနေတာလဲ ဘုရား။ တပည့်တော် တော့ ဘာမှ နားမလည်တော့ဘူး"

"အဲဒါက မနေ့ညက ဂိုဏ်းချုပ်ကြီးရဲ့ ဆုံးဖြတ်ချက်အရ လုပ်ရတာ ပါ။ ငါတို့ ဂိုဏ်းချုပ်ကြီးတို့က သူ့ဆီ သဘောတူညီချက်သွားယူတော့ ဂိုဏ်း ချုပ်ကြီးက အမိန့်ရှိတယ်။ ပါမောက္ခ မက္ကဒေါ်နယ်ကို ဒီမြို့က ထွက်ခွာဖြစ်

www.burmeseclassic.com



အောင် ကူညီတာမှာ ကျောင်းတော်ရဲ့ ကျေးဇူးမကင်းဘူးတဲ့။ ကျောင်းတော်က တာဝန်ယူပြီး ခက်ခက်ခဲခဲ ကြိုးစားရတယ်တဲ့။ ဒါကြောင့်မို့ ကျောင်းတော်ရဲ့ ကျေးဇူးတရားကို တုံ့ပြန်တဲ့အနေနဲ့ ပါမောက္ခကြီးက သူ့ရဲ့ တွေ့ရှိချက်ကို သာသနာပိုင်ဆီမှာ ထုတ်ဖော်လျှောက်တင်သင့်တယ်လို့ ဂိုဏ်းချုပ်ကြီးက ဆုံးဖြတ်လိုက်တယ်"

"ပိုပြီးတောင် နားရှုပ်သွားပြီ ဘုရား။ ပါမောက္ခကြီးရဲ့ တွေ့ရှိချက်ကို ကျောင်းတော်က စိတ်ဝင်စားရအောင် ဘယ်လိုဆက်စပ်မှု ရှိလို့ပါလဲ။ တပည့်တော် သိပ်မရှင်းသေးလို့ပါ"

ဘုန်းတော်ကြီးက မျက်စိမျက်နှာ ပျက်သွားပြီး –

"မရှင်းသေးရင် ရှင်းအောင် ရှင်းပြရတာပေါ့။ ဒီသမိုင်းဝင် ရှာဖွေတွေ့ရှိမှုကြီးအကြောင်းကို သာသနာပိုင် သိတော်မူတော့ ပါမောက္ခ မက္ကဒေါ်နယ် အနေနဲ့ သူ့ရဲ့ 'စီ – ၉၈' ဆေးနည်းကို အခြားတစ်ပါးက ဖြန့်ဝေခြင်းမပြုဘဲ ဗာတီကန်ကျောင်းတော်က တစ်ဆင့် တစ်ကမ္ဘာလုံးကို ဖြန့်ဝေခြင်းသာလျှင် လျော်ကန်သင့်မြတ်ဆုံးဖြစ်မယ်လို့ ယုံကြည်တော်မူတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗာတီကန်သာသာနပိုင် မြို့တော်ဟာ ဘယ်ဘက်ကိုမှ မျက်နှာမလိုက်ဘဲ ကမ္ဘာသူကမ္ဘာသား အားလုံးအတွက် ကောင်းကျိုးကို ဆောင်ရွက်နေတဲ့ အမြင့်မြတ်ဆုံး သာသနာ့ ဗိမာန်ကြီးဖြစ်လို့ပဲ"

"ဒါနဲ့ ခဏနေပါဦး ဘုရား၊ အရှင်ဘုရား အမိန့်ရှိနေတာ တကယ်လား ဘုရား"

"သူ့ဆေးနည်းကို ကမ္ဘာ့လူသားတွေ အားလုံးအတွက် အမှန်ကန်ဆုံး နည်းလမ်းနဲ့ ဖြန့်ချိရေးအတွက် ပါမောက္ခကြီးကလည်း သဘောတူပါလိမ့်မယ်။ စင်စစ် တွေးကြည့်တာလည်း ကျောင်းတော်က တစ်ဆင့် ဖြန့်ချိတာဟာ အကောင်းဆုံးပါပဲ" ရျော်ဒန်က သူ့နားကိုသူ မယုံနိုင်အောင် ဖြစ်နေသည်။

"ကမ္ဘာ့လူသား တစ်ရပ်လုံးအတွက် ဟုတ်လား။ ဒါပေမယ့် ကျောင်းတော်က ဒီကိစ္စကို ခုတုံးလုပ်ပြီး ဘာတစ်ခုမှ အမြတ်မထုတ်ဘူးလို့ ပြောနိုင်ပါ့မလား ဘုရား"

ဘုန်းတော်ကြီးက ပခုံးတစ်ချက် ချီလိုက်ပြီးနောက် –

"ဒီမှာ ဒကာလေး၊ မင်းကို ငါ လိမ်ညာနေစရာ မလိုပါဘူး။ ငါ အမှန်အတိုင်းပဲ ပြောပါ့မယ်။ တစ်နည်းပြောရရင် ဒီ 'စီ – ၉၈' ဆေးနည်းကို အကြောင်းပြုပြီး ကျောင်းတော်က အမြတ်တစ်ခုခုရအောင် လုပ်မှာကတော့ အမှန်ပဲ။ ဒါကလဲ ကျောင်းတော်ရဲ့ ကောင်းကျိုးအတွက်၊ သာသနာတော် စည်ပင် ပြန့်ပွားရေးအတွက် ကောင်းမြတ်တဲ့ စိတ်ထားနဲ့လုပ်တဲ့ ကိစ္စပါ။

www.burmeseclassic.com



အထူးသဖြင့် အခုလို သာသနာတော်ကို အကြည်ညိုမဲ့သူ များပြားနေတဲ့ အချိန်မှာ ကြည်ညိုသူတွေများလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ရခြင်းပါ။ ဒီလို လုပ်လိုက်တော့ ကျုပ်တို့ ကျောင်းတော်ကို လူတိုင်းက ကြည်ညိုသဒ္ဒါပွားများလာကြမှာ ကျိန်းသေပဲ။ နောက်ဆုံးတော့ ဒီဆေးနည်းကို ဘယ်သူကပဲ ဖြန့်ဖြန့်ဝေ ဖြန့်ဝေ ဘာအကြောင်းထူးမှာတဲ့လဲ ဒကာလေးရဲ့။ တစ်ယောက်မဖြန့် တစ်ယောက်ဖြန့်မှာပဲ မဟုတ်လား။ ဒီတော့ ကျောင်းတော်က ဖြန့်တာ ပိုမကောင်းပေဘူးလား"

"ဒါဖြင့် ပါမောက္ခ မက္ကဒေါ်နယ်က ဒီလိုလုပ်တာကို သဘောတူလိမ့်မယ်လို့ အရှင်ဘုရား ယူဆပါသလား"

"ဒါက မေးစရာမလိုတဲ့ ကိစ္စပါ။ သူက သဘောတူမှာ သေချာပါတယ်"

"သူက သဘောမတူရင် ဘယ်လိုလုပ်မလဲ"

"ဘုရားသခင်ရဲ့ မျက်နှာတော်ကို ထောက်ထားပြီး သူ သဘောတူအောင် တရားချမှာပေါ့"

"တရားချလို့ မရရင်ကော ဘယ်လိုလုပ်မလဲ။ သူ့ဆန္ဒအတိုင်း ပါရီကို သွားခွင့်ပြုမှာလား"

"ဒီမှာ ဒကာလေး၊ ဒီကိစ္စအတွက် မပူစမ်းပါနဲ့။ ဂိုဏ်းချုပ်ကြီး ကာဒီနယ် ဘက်ရှီနဲ့ တွေ့ရင် သူက ကြည်ကြည်ဖြူဖြူ သဘောတူမှာပါ"

"ကာဒီနယ်၊ ဘယ်သူ ဘုရား" ဂျော်ဒန်က အသံမာမာဖြင့် မေးလိုက်သည်။

"ဘက်ရှီ"

"အလကား ဖောက်ပြန်ရေးသမား ဂိုဏ်းချုပ်ကြီး။ သူ့အကြောင်း တပည့်တော် အားလုံးသိပါတယ်။ သတင်းစာတွေမှာလည်း ဖတ်ခဲ့ရပြီးပြီ။ သူများတွေ ပြောသံလဲ ကြားခဲ့ရပြီးပြီ။ သူက ခရစ်ယာန်ကျောင်းတော်ကို အလယ်ခေတ် ပုံစံမျိုးနဲ့ ထူထောင်ချင်နေတဲ့ အစဉ်အလာသမားကြီးပဲ။ ဒီလိုဆိုတော့ ... အရှင်ဘုရားက ပါမောက္ခကြီးကို ကျောင်းတော် ဝိနိစ္ဆယရုံးလက်ထဲ ထိုးအပ်လိုက်တာပေါ့"

"ဒေါသမကြီးစမ်းပါနဲ့ ဒကာလေးရာ။ ခေါင်းအေးအေးနဲ့ စဉ်းစဉ်းစားစား လုပ်စမ်းပါ။ ဒကာလေးက စိုးရိမ်လွန်တတ်ရန်ကော"

"တပည့်တော် စိုးရိမ်လွန်တာ မဟုတ်ဘူး ဘုရား" ဂျော်ဒန်က အယ်လီဆင်ဘက်သို့ ချာခနဲ လှည့်လိုက်ပြီး "မင်း တွေ့ပြီမဟုတ်လား။ ဒီအတိုင်းဆိုရင် ငါထင်တာ အားလုံးမှန်နေပြီ။ သူတို့က ပါမောက္ခကြီးကို ဗာတီတန်မြို့

www.burmeseclassic.com



တော်မှာ သာသနာ့ အကျဉ်းသားအဖြစ် ထိန်းသိမ်းထားကြမှာပဲ။ ပါမောက္ခကြီးက သူ တို့ ဆန္ဒလိုက်လျောမှ ပြန်လွှတ်လိမ့်မယ်။ တကယ်တော့ ... ဒါဟာ လုံးဝ မတရားဘူး။ တစ်နည်းအားဖြင့် မသမာတဲ့နည်းနဲ့ အမြတ်ထုတ် တာပဲ။ တရားတော်နဲ့လည်း လုံဝဆန့်ကျင်နေတယ်။ အင်း ... အဖြစ်ကတော့ 'ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး' ဆိုတဲ့ ကိန်းဆိုက်နေပြီ။ အဲဒါမှ ဒုက္ခပါပဲ"

အယ်လီဆင်က မျက်ကလူးဆန်ပျာ ဖြစ်သွားပြီ –

"ဟုတ်တယ် ... တင်။ ရှင်ပြောတဲ့အတိုင်း အားလုံးမှန်နေပြီ။ အဲဒါမှ ဒုက္ခပါပဲ။ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ဟင်"

ဂျော်ဒန်က အယ်လီဆင်၏ ပခုံးပေါ်တွင် လက်တင်လိုက်ပြီး –

"ငါ့ကို ဟိုတယ်က စောင့်ပါ"

သူက တံခါးဆီသို့ ခြေလှမ်းရင်း "ပါမောက္ခကြီးကို ငါသွားပြီး ပြန်ခေါ်မယ်။ သိပ်တော့ နောက်မကျသေးဘူး ထင်တာပဲ"

သူက တံခါးကိုဖြတ်ပြီး ကျောင်းရှေ့သို့ ရေးကြီးသုတ်ပျာ ထွက်သွားသည်။ ဘုန်းတော်ကြီး ပီယက်ထရိက စူးရှရှအသံဖြင့် နောက်မှ လှမ်းပြောလိုက်သည်။

"ဟေ့ ... ဒကာလေး ... ဒကာလေး၊ မလုပ်နဲ့ ... မလုပ်နဲ့။ မနှောင့်ယှက်ပါနဲ့"

*

ကံကောင်းသည်ဟုပင် ဆိုရမည်။

တူးမြောင်းကူးတို့ဆိပ်တွင် မော်တော်တစ်စင်း ဆိပ်ကမ်းမှ ခွာစပြုနေပြီ။ ဂျော်ဒန်က လက်မြှောက်ပြလိုက်ပြီး အမြန်ပြေးသွားသည်။ မော်တော်သမားကို ပိုက်ဆံအပိုပေးပြီး ဘူတာရုံကို မြန်နိုင်သမျှ မြန်မြန်မောင်းရန် ပြောလိုက်သည်။

ချက်ချင်းပင် မော်တော်သည် အရှိန်ပြင်းစွာဖြင့် ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သည်။

ဂျော်ဒန်၏ ရင်ထဲတွင် တဒိတ်ဒိတ် ခုန်နေသည်။ ဂိုဏ်းအုပ်ကြီးနှင့် အဖွဲ့ဝင်များမှာ ရှေ့သို့ ရောက်သွားကြပြီ။ သို့သော် သူတို့ သမ္ဗန်ဖြင့် ထွက်သွားခြင်းဖြစ်၍ စိုးရိမ်စရာတော့ မရှိ။ မီးကောင်း မီနိုင်သေးသည်။ မမီလိုက်လျှင်တော့ အကျိုးနည်းပြီ။ မော်တော်က စက်ကုန်ဖွင့်၍ မောင်းသည်။

မကြာမီတွင် မီးရထားဘူတာကို လှမ်းမြင်ရပြီ။ တဖြည်းဖြည်းနှင့် နီးသည်ထက် နီးလာသည်။

www.burmeseclassic.com



ထို့နောက် မော်တော်သည် ဆိပ်ခံတံတားတွင် ကပ်ပြီး စက်ရပ်သွားသည်။ ဘုန်းကြီးတွေကို လှမ်းမြင်နေရပြီ။ သူတို့သည် ဘူတာရုံရှေ့မှ ကျောက်ဖြူတံတားပေါ်တွင် ရပ်နေကြသည်။ ရဲအရာရှိတစ်ဦးနှင့် ရဲသားတစ်ဦးတို့က ဘုန်းကြီးများ၏ ခရီးသွားလက်မှတ်များကို စစ်ဆေးနေကြသည်။

ဂျော်ဒန်က မော်တော်သမားကို ပိုက်ဆံထုတ်ပေးလိုက်သည်။ သူသည် မော်တော်ပေါ်တွင် ခေတ္တမျှ ရပ်နေသေးသည်။ သူ့ဦးနှောက်သည် စက္ကန့်မလပ် အလုပ်ရှုပ်နေသည်။ ထို့နောက် တစ်စုံတစ်ရာကို ယတိပြတ် ဆုံးဖြတ်လိုက်ပြီးနောက် မော်တော်ပေါ်မှ လွှားခနဲ ခုန်ချကာ ဆိပ်ခံတံတားအတိုင်း ပြေးတက်လာခဲ့သည်။

သူက ရဲအစစ်အဆေးမခံဘဲ ဘူတာရုံထဲသို့ တစ်ခါတည်း ပြေးဝင်သွားလိုက်ချင်သည်။ သို့သော် ပြေးသွား၍ မဖြစ်။ ထို့ကြောင့် တံတားထိပ်ရောက်တော့ ကိုယ်ရှိန်သတ်၍ ရပ်လိုက်သည်။ အနီးအနားတစ်ဝိုက်ရှိ အစောင့်ရဲသားများ သံသယမဝင်အောင် မှင်နှင့် မောင်းနှင့် ပိပိရိရိလုပ်မှ ဖြစ်မည်။

သူသည် စိတ်ကိုထိန်းပြီး ဘူတာရုံရှေ့ ကျောက်လှေကားဆီသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လာခဲ့သည်။ လှေကားနှစ်ထစ်တက်လိုက်သည်။

သူ့ရှေ့တွင် ပါမောက္ခမက္ကဒေါ်နယ်ကို လှမ်းမြင်နေရသည်။ တကယ့်ခရစ်ယာန် ဘုန်းကြီးအတိုင်းပါပေ။

ပါမောက္ခကြီးကို ရဲသားများက စစ်ဆေးပြီးသွားပြီ။ သူ ဘူတာရုံထဲရောက်သွားပြီ။ သူ့နောက်တွင် ဘုန်းကြီးတစ်ပါး ကျန်နေသေးသည်။ ထိုဘုန်းကြီးအား ရဲသားတွေက စစ်ဆေးနေသည်။ ထိုဘုန်းကြီး၏ ဝတ်ရုံမှာ အခြားဘုန်းကြီးများ၏ ဝတ်ရုံထက် ခမ်းနားကောင်းမွန်သည်။ ဂိုဏ်းအုပ်ကြီး ယူဘာတီ ဖြစ်နိုင်သည်။

လှေကားထိပ်ရောက်တော့ ဂျော်ဒန်က ကိုယ်ရှိန်သတ်လိုက်သည်။ ပြီးတော့ ရဲနှစ်ယောက်နှင့် ဂိုဏ်းအုပ်ဘုန်းတော်ကြီးတို့ အနားသို့ ကပ်သွားသည်။ ရဲအရာရှိက ဂိုဏ်းအုပ်ကြီးအား ခရီးသွားလက်မှတ်များကို ပြန်ပေးလိုက်သည်။ ထိုအခိုက် ဂျော်ဒန်က လှမ်းခေါ်လိုက်သည်။

"အရှင်ဘုရား"

ဂိုဏ်းအုပ်ကြီးက နောက်ပြန်လှည့်ပြီး ဂျော်ဒန်ကို စူးစမ်းသလို ကြည့်သည်။

"တပည့်တော် ဝင်လို့ မရလို့ပါဘုရား။ အရှင်ဘုရား ဒီကို ခဏပြန်ကြွခဲ့ပါဘုရား။ သာသနာ့ ကိစ္စအတွက် တပည့်တော် မှာလိုက်စရာတစ်ခု ရှိလို့ပါ"

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးက ဘုမသိ ဘမသိဖြင့် နောက်ပြန်လှည့်ပြီး ရဲများကို ကျော်ကာ ဂျော်ဒန်ဆီသို့ ပြန်လျှောက်လာသည်။

"ကျုပ်တို့ တစ်ယောက်ကို တစ်ယောက်များ သိကြပါရဲ့လား"

ဂျော်ဒန်က ဂိုဏ်းချုပ်ကြီး၏ တံတောင်ကို ဆုပ်ကိုင်ပြီး အနီးသို့ ကပ်လျက် လေသံတိုးတိုးဖြင့် .... "မှန်ပါ။ တပည့်တော်ဟာ ဘုန်းတော်ကြီး ပီယက်ထရိုရဲ့ ဒကာရင်းတစ်ယောက်ပါ ဘုရား။ ပြီးတော့ ပါမောက္ခကြီးရဲ့ မိတ်ဆွေရင်းလဲ ဖြစ်ပါတယ်။ သူ့ကို တပည့်တော်ပဲ ခေါ်လာတာပါ"

"ဒါဖြင့် ... ဒကာလေးက အမေရိကန်အမျိုးသား ဂျော်ဒန်ဆိုတာပေါ့ ... ဟုတ်စ"

"ဟုတ်ပါတယ် ... ဘုရား။ ပါမောက္ခကြီးက သူ့ဆေးနည်းကို စာနဲ့ ရေးပြီး ဟိုတယ်မှာ မေ့ကျန်ခဲ့လို့ပါ။ အခု တပည့်တော် ယူလာပါတယ်။ တပည့်တော် နည်းနည်းနောက်ကျသွားလို့ပါ" သူက ဘောင်းဘီအိတ်ကို လက်နှင့် ပုတ်ပြရင်း ... "ဒီမှာ တပည့်တော်ဆီမှာ ပါပါတယ်။ သူ့ခေါင်းထဲမှာ လဲ မှတ်တော့ မှတ်မိပါတယ်။ ဒါပေမယ့် ... ရေးပြီးသား စာရွက်ယူသွားတာ ပိုလွယ်ကူပါလိမ့်မယ်။ အဲဒါ ရထားမထွက်ခင် သူ့ကို ပြန်ပေးလိုက်ချင်လို့ပါ ဘုရား"

"သည်လိုဖြင့် ... ကျုပ်ကို ပေးလေ။ သူ့ကို ကျုပ် ပေးလိုက်ပါ့မယ်"

ဂျော်ဒန် ကြိုတင် စဉ်းစားပြီးသည့်အတိုင်း –

"ခွင့်လွှတ်ပါဘုရား။ တပည့်တော်ကလွဲပြီး ဘယ်သူမှ မဖြစ်လို့ပါ။ ဆရာကြီးနဲ့ တပည့်တော်တို့ နှစ်ယောက်သာ ဒီဆေးနည်းစာရွက်ကို ကိုင်ခွင့် ရှိပါတယ်။ ဒါဟာ သူထုတ်ထားတဲ့ သံမဏိဥပဒေပါဘုရား။ သူ့ကို အရှင် ဘုရား ပြောလိုက်ရင် တပည့်တော် စာရွက်ပေးလိုက်ရုံပါပဲ ဘုရား"

ဂိုဏ်းအုပ်ကြီးက ခေတ္တတွေသွားသည်။ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ သူက ဂျော်ဒန်၏ ဘောင်းဘီအိတ်ကို စူးစူးစိုက်စိုက် ကြည့်သည်။ ပြီးတော့မှ – "ကောင်းပြီလေ၊ သူ့ကို ကျုပ် ပြောလိုက်မယ်။ မြန်မြန်ကလေးတော့ လုပ်ပါ"

ဂိုဏ်းအုပ်ကြီးသည် ဂျော်ဒန်အနီးမှ ထွက်သွားပြီး ရဲအရာရှိနှင့် တစ်ခွန်းနှစ်ခွန်းပြောသည်။ ထို့နောက် ဘုန်းတော်ကြီးများ ထိုင်နေသော မှန်ကာ အခန်းထဲသို့ ဝင်သွားသည်။ ဂိုဏ်းချုပ်ကြီးက ပါမောက္ခ မက္ကဒေါ်နယ်နှင့် စကားပြောနေသည်ကို ဂျော်ဒန် လှမ်းမြင်နေရသည်။

ပါမောက္ခကြီးက ခေါင်းညိတ်သည်။ ပြီးတော့ ဂျော်ဒန်ဆီသို့ လှမ်း ကြည့်သည်။ ထို့နောက် အခန်းထဲမှ ထွက်လာခဲ့သည်။

www.burmeseclassic.com



ဂျော်ဒန်က ရင်တလှပ်လှပ်နှင့် ရပ်စောင့်နေရင်း ကူးတို့ဆိပ်သို့ မသိမသာ စောင်းကြည့်လိုက်သည်။ ဘူတာရုံအောက်ဘက်မှ ကူးတို့ဆိပ်တွင် မော်တော်တွေ၊ သမ္ဗန်တွေ တလှုပ်လှုပ်နှင့် ရှုပ်ယှက်ခတ်လျက်ရှိသည်။ သို့သော် လူမတက်သေးသော မော်တော်သမ္ဗန်တစ်စင်းမျှ မမြင်၊ ကြည့်နေဆဲ တဒင်္ဂတွင် လူတစ်ဝက်ဖြင့် မော်တော်တစ်စင်း ဝင်လာသည်။ ဂျော်ဒန်က ပြန် လှည့်လိုက်တော့ သူ့ရှေ့တွင် ပါမောက္ခ မက္ကဒေါ်နယ် ရောက်နေပြီ။

“ငါ့ကို တွေ့ချင်တယ်ဆို ... ဂိုဏ်းအုပ်ကြီးက ပြောတယ်။ ဘာကိစ္စလဲ”

“ကျွန်တော် ပြောတာ နားထောင်ပါ။ နားထောင်ပြီးတော့ ကျွန်တော် လုပ်သလို ဆက်လုပ်ပါ’ ’

သူက ပါမောက္ခကြီး၏ ပခုံးပေါ် လက်တင်လိုက်သည်။ ပြီးတော့ ... လုံးဝ မရှိသော ဆေးနည်းစာရွက်ကို ဘောင်းဘီအိတ်ထဲ နှိုက်စမ်းနေသလို လုပ်ရင်း ပါမောက္ခကြီးအား လေ့ကားအတိုင်း အသာဆွဲချလာခဲ့သည်။ “ဆရာ ကြီးကို သူတို့က နောက်ထပ် ထောင်ချောက်တစ်ခုထဲ ဆွဲသွင်းဖို့ ခေါ်လာ ကြတာ။ ဆရာကြီး လုံးဝ လွတ်မြောက်တာ မဟုတ်သေးဘူး။ သူတို့က ရောမ မြို့ကို ခေါ်သွားမယ်။ ဆရာကြီးဆီက ဆေးနည်းကို တောင်းမယ်။ ဗာတီကန် ကျောင်းတော်က မောင်ပိုင်စီးမယ့် အကြံပဲ”

“ဒါ ... မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး။ သူတို့က တကယ်ပဲ ဒီလို ကြံနေကြသတဲ့လား”

“ကျွန်တော် ပြောတာ ယုံပါ။ တကယ့်ကို ကြံနေကြတာပါ။ ဆရာ ကြီးအနေနဲ့ ထွက်ပေါက်မရှိဘဲ ဖြစ်သွားမယ်။ ကျွန်တော်တို့ နောက်တစ်နည်း အကြံထုတ်ရမယ်။ လာပါ။ ဒီက မြန်မြန်ထွက်မှ ဖြစ်မယ်”

ပြောရင်းဆိုရင်း နှစ်ယောက်သား လှေကားခြေရင်းသို့ ရောက်လာ ကြသည်။

“မဖြစ်ဘူး ထင်တယ်။ ဂိုဏ်းအုပ်ကြီး”

ပါမောက္ခကြီး၏ စကားမဆုံးခင် ဂျော်ဒန်က အလျင်အမြန် ဖြတ် ပြောလိုက်သည်။

“လာစမ်းပါ။ သူ ဘာမှ မတတ်နိုင်ပါဘူး။ သူက ရဲတွေကို ပြောလို့ မဖြစ်ပါဘူး။ ပြောရင် သူတို့အားလုံး ဒုက္ခရောက်ကုန်မှာပေါ့။ ဟိုမှာ မော်တော် ထွက်တော့မယ်။ လာ ... မြန်မြန်ပြေးကြစို့။ ဘယ်သူမှ သံသယ မဝင်တော့ဘူး။ မော်တော်မီအောင် ပြေးတာ သဘာဝကျပါတယ်။ ကဲ ... ခပ်မြန်မြန် ... ခပ်မြန်မြန် ကလေး”

www.burmeseclassic.com



ဘူတာ စင်္ကြံပေါ်ရောက်တော့ ဂျော်ဒန်က သုတ်ခြေတင်ပြေးသည်။ ပါမောက္ခကြီးကလည်း နောက်မှ ပြေးလိုက်သွားသည်။

ဆိတ်ကမ်းက မော်တော် စတင်ထွက်ခွာချိန်တွင် သူတို့က ဆိပ်ခံတံတားထိပ်သို့ ရောက်လာကြသည်။

"ခုန်ချ ... ခုန်ချ" ဂျော်ဒန်က အော်ပြောသည်။

ဂျော်ဒန်က ဘေးသို့ ရှဲပေးလိုက်သည်။ ပါမောက္ခကြီးက မော်တော်ပေါ် လှမ်းခုန်လိုက်သည်။ ဝတ်ရုံကြီးတစ်ကားကားနှင့် မော်တော်ပေါ် ဖားလျားကြီး ရောက်သွားသည်။ ပါမောက္ခကြီး ဟန်ချက်ပျက်ပြီး ယိုင်သွားသဖြင့် မော်တော်ပေါ်မှ ခရီးသည်တွေက ဝိုင်းပြီး ထိန်းလိုက်ကြရသည်။ ဆက်တိုက်ပင် ဂျော်ဒန်က မော်တော်ပေါ် ခုန်တက်လိုက်သည်။ ပြီးတော့ ကိုယ်ကို ဟန်မပျက် ထိန်းရင်း ရပ်လိုက်သည်။

"ဆရာကြီး ဘာမှ မဖြစ်ပါဘူးနော်" ဂျော်ဒန်က စိုးရိမ်တကြီး မေးလိုက်သည်။ သူက ပါမောက္ခကြီးအား ခုံရှည်တစ်ခုဆီသို့ ဆွဲခေါ်သွားသည်။ ပါမောက္ခကြီး၏ ခြေထောက်တစ်ဘက်က တရွတ်တိုက်ပါလာသည်။

"ငါ့ ခြေထောက် ... ငါ့ ခြေထောက် ... နာသွားပြီ။ ကျိုးတော့ မကျိုးတန်ကောင်းပါရဲ့" ပါမောက္ခကြီးက မျက်နှာ ရှုံ့မဲ့ပြီး ပြောလိုက်သည်။

ဂျော်ဒန်က ပါမောက္ခကြီးအား ဖေးမပေးပြီး ခုံပေါ်ထိုင်ခိုင်းသည်။ ပြီးတော့ သူက ဘူတာရုံဘက်သို့ ပြန်ကြည့်လိုက်သည်။

ဂိုဏ်းအုပ်ဘုန်းကြီးက ဘူတာရုံလှေကားမှ ပြေးဆင်းလာသည်။ ပါးစပ်ကလည်း တကြော်ကြော် အော်ခေါ်နေသည်။ သူ ကူးတို့ဆိပ်သို့ ရောက်လာပြီ။ ထိုအချိန်တွင် ကူးတို့မော်တော်မှာ ကမ်းခြေရေအိုင်မှ ထွက်ပြီး တူးမြောင်းထဲ ဝင်လာခဲ့ပြီ။ ဂိုဏ်းအုပ်ကြီးအနေဖြင့် ဘယ်လိုမှ မတတ်နိုင်တော့။

ဂျော်ဒန်က ဘူတာရုံမှ မျက်နှာလွှဲလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ဆိပ်ကမ်းရောက်တော့မှ ခြေထောက်ကိစ္စ တစ်ခုခု လုပ်ကြတာပေါ့"

"အဲဒါ ကောင်းပါတယ်။ ဒါနဲ့ ... တို့ အခု ဘယ်သွားကြမှာပဲ"

"လောလောဆယ်ဆယ် ခြေထောက်က အရေးကြီးတယ်။ တခြား ဘယ်မှ မသွားခင် ဆေးခန်းအရင်သွားမှ ဖြစ်မယ်"

"ကျုပ်ကိုသိသွားရင် ဘယ်လိုလုပ်မလဲ"

"ကိစ္စမရှိပါဘူး။ ကျွန်တော့် မိတ်ဆွေ ဆရာဝန်ရှိပါတယ်။ ရှေ့ ကူးတို့ဆိပ်ရောက်ရင် ကျွန်တော်တို့ ဆင်းကြမယ်။ ဘယ့်နှယ်လဲ၊ ဖြစ်မယ်ထင်ပါရဲ့လား ဆရာကြီး"



BURMESE CLASSIC .com

www.burmeseclassic.com

[ ၄ ]

သူတို့သည် ဆန်ဖန်ဒီဂိုလာရပ်ကွက်ရှိ ဆေးခန်းသို့ ဖြည်းဖြည်းချင်း လျှောက်လာရင်း လမ်းတွင် ကင်းလှည့်ရဲများနှင့် ပက်ပင်းတိုးသဖြင့် လမ်းကြို လမ်းကြားထဲသို့ နှစ်ကြိမ်တိတိ သွေးရူးသွေးတန်း ဝင်ပြေးခဲ့ရသေးသည်။

သည်ကြားထဲ ပါမောက္ခကြီးမှာ ခြေထောက်ပိုနာလာပြီး ထော့နင်း ထော့နင်း လျှောက်နေရသောကြောင့် ခရီးမတွင်ဘဲ ဖြစ်နေသည်။ မတတ်သာ တော့သည် နောက်ဆုံး ဂျော်ဒန်က သမ္ဗန်တစ်စီး လိုက်ရှာရတော့သည်။ သို့ဖြင့် တူးမြောင်း ကမ်းမြှောင်အတိုင်း သမ္ဗန်စီးပြီး သက်သောင့်သက်သာ လာနိုင်ခဲ့ ကြခြင်း ဖြစ်သည်။

ခရီးအဆုံးသို့ ရောက်ခါနီးတော့ ဂျော်ဒန်က ပါမောက္ခကြီးအား –

"ဒီသမ္ဗန်က ဆရာဝန်အိမ်ရှေ့တည့်တည့်မှာ ဆိုက်လိမ့်မယ်။ သူက ကျွန်တော် ဗင်းနစ်မြို့ရောက်ကတည်းက ရင်းနှီးနေတာ"

"ဒါနဲ့ သူ့နာမည်က ဘယ်သူတဲ့"

"ဒေါက်တာ ဂျီယိုဗန်နီစကာပါ။ ဒီမြို့မှာတော့ နာမည်ကျော် သမား တော်ကြီးတစ်ယောက်ပေါ့။ 'မက်စထရီ' လို ရပ်ဝေးက လူနာတွေတောင် သူ့ဆီ လာကုကြတာ။ ရာသီဥတု သာသာယာယာရှိရင် စက်ဘီးစီးပြီး လူနာတွေကို အိမ်တိုင်ရာရောက်တောင် လိုက်ကုတယ်။ သူက အသပြာဆရာ မဟုတ်ဘူး။ တကယ့်စေတနာဆရာ။ အဲဒါကြောင့် သူ့ကို လူတိုင်းချစ်ခင်လေး စားကြတယ်။ သူ့ကို မြင်ရင်တော့ ဆရာကြီးက တစ်မျိုးထင်မှာပဲ။ သူက လောကဝတ်

www.burmeseclassic.com



မရှိဘူး။ အေးစက်စက် ခပ်တည်တည်နဲ့ အလုပ်သဘောလောက်ပဲ ဆက်ဆံတယ်။ ဒါပေမယ့် စိတ်ရင်းကတော့ အလွန်ကောင်းတဲ့ ပုဂ္ဂိုလ်ပါ။ ဗဟုသုတကလဲ တော်တော့်ကို ပြည့်ဝတယ်။ သူနဲ့ ကျွန်တော်နဲ့က ဝါသနာ တူကြတယ်။ ရှားပါးရှေးဟောင်း စာအုပ်စာတမ်းတွေဆိုရင် အလွန်စိတ်ဝင်စား တယ်။ ဘုန်းတော်ကြီး ပီယက်ထရိုနဲ့တော့ တခြားစီပဲ။ သူက လွတ်လပ်စွာ တွေးခေါ်မှုကို ကြိုက်တယ်။ ကက်သလစ်ကျောင်းတော်နဲ့တော့ ကမ္ဘာ့ရန်ပဲ။ ပြီးတော့ ပဋိသန္ဓေတားဆီးရေးတို့၊ လူဦးရေတားဆီးရေးတို့ကိုလဲ လေးလေးနက်နက် ထောက်ခံတယ်။ အီတလီ နိုင်ငံအတွက်သာ မကဘူး။ တစ်ကမ္ဘာလုံးအတွက်ပါ လိုအပ်တယ်လို့ သူက ခံယူတယ်။ စာအုပ်တွေလဲ အများကြီးရေးခဲ့တယ်။ နောက်ဆုံးထုတ်တဲ့ စာအုပ်မှာ အီတလီနိုင်ငံအတွက် ပဋိသန္ဓေတားဆီးရေးကို မလုပ်မနေရအဆင့်အထိ တင်းတင်းကျပ်ကျပ်လုပ်ဖို့ လှုံ့ဆော်ထားတယ်။ မနှစ်က အဲဒီစာအုပ်ထွက်တော့ အတော်ကလေး အုတ်တော်သောင်းတင်း ဖြစ်သွားသေးတယ်။ ကဲ ... ကျွန်တော်တို့ ရောက်ပြီ၊ သူတော့ ရှိတန်ကောင်းပါရဲ့"

တူးမြောင်းကမ်းပါးသို့ သမ္ဗန် ထိုးကပ်လိုက်သည်။ သမ္ဗန်သမားက ကျောက်ဆူးကြိုးကို အနီးမှ သံတန်းတွင် ချည်လိုက်သည်။ ဂျော်ဒန်က ထိုင်ရာမှ ထလိုက်သည်။ ပြီးတော့ သမ္ဗန်သမားကို ကူးတို့ခပေးပြီး စောင့်နေစရာ မလို ကြောင်း ပြောလိုက်သည်။

ထို့နောက် ကမ်းတက် အုတ်လှေကားပေါ်သို့ ခုန်ဆင်းလိုက်သည်။

"သတိထား ... သတိထား" ပါမောက္ခကြီးအဆင်းတွင် သူက လက်ကမ်းပြီး ဖေးမ ပေးရင်း သတိပေးလိုက်သည်။

ပါမောက္ခကြီးက ဂျော်ဒန်ရှေ့မှ ထော့နင်း ထော့နင်းနှင့် လှေကားအတိုင်း တက်လာခဲ့သည်။ ဂျော်ဒန်က လက်ဝဲဘက်သို့ လက်ညှိုးထိုးပြီး –

"အဲဒါ ... ဒေါက်တာစကာပါ ဆေးခန်းပဲ။ အိမ်နဲ့တွဲထားတာ"

ဆေးခန်းမှာ လေးထောင့် နှစ်ထပ်တိုက်ဖြစ်သည်။ မျက်နှာစာကို အဝါရောင်သုတ်ထားသည်။ မြေညီထပ် အပေါ်မျက်နှာစာ ဆောင်ဖွင့်စင်္ကြံရှိပြီး ယင်းအပေါ်က အုတ်ကြွပ်မိုးထားသည်။

နှစ်ယောက်သား အနက်ရောင် အိမ်ရှေ့တံခါးအနီးသို့ ချဉ်းကပ်လာကြသည်။

"ဒေါက်တာရဲ့ ရုံးခန်းနဲ့ ဆေးခန်းက အောက်ထပ်မှာ။ နေတာကတော့ အပေါ်ထပ်မှာပဲ။ သူ့မိန်းမအပြင် ကလေးနှစ်ယောက်ရှိတယ်"

"သူ ငါ့ခြေထောက်ကို ကြည့်ပြီးရင် ဒီမှာ နေခွင့်ပြုပါ့မလား"

www.burmeseclassic.com



"ပြုပါလိမ့်မယ် ... ရအောင်တော့ ပြောရမှာပေါ့" ဂျော်ဒန်က အိမ်ရှေ့တံခါးကို ဖွင့်မလိုဟန်ပြင်ပြီးမှ နောက်သို့ ပြန်ဆုတ်ပြီး "ဒါနဲ့ ... ဆရာကြီး"

"ဘာပြောမလို့လဲ"

"ဆရာကြီး ဘယ်သူဘယ်ဝါ ဆိုတာ သူ မသိစေချင်ဘူး ... ဟုတ်ရဲ့လား။ အကြောင်းရှိလို့ပါ"

"ဟုတ်ပြီလေ ... စိတ်ချ"

ထို့နောက် တိုက်ထဲဝင်ပြီး လူနာစောင့်ခန်းသို့ လျှောက်လာကြ သည်။ အခန်းထဲတွင် လက်တင်ကုလားထိုင်နှင့် ဆိုဖာကုလားထိုင်များ ချထား သည်။ သူနာပြုဆရာမစားပွဲတွင် ဘယ်သူမှ မရှိ။

ချက်ချင်းပင် လူနာစမ်းသပ်ခန်း တံခါးဘက်မှ "ဘယ်သူပါလိမ့်" ဟူ၍ မေးသံကြားလိုက်ရသည်။ ဂျော်ဒန်က "မိတ်ဆွေတွေပါ" ဟု ပြန်ပြောလိုက်သည်။

လူနာစမ်းသပ်ခန်းထဲမှာ အပြာရောင်ဝတ်စုံနှင့် သူနာပြုဆရာမကလေး ထွက်လာသည်။ သူမ၏မျက်နှာက ရွှင်ရွှင်ပျပျ မရှိလှ။

"နှစ်နာရီထိုးတော့မှ ဒေါက်တာက လူနာစမ်းသပ်ပါလိမ့်မယ်။ အဲဒီတော့"

သူမက ဂျော်ဒန်ကို မှတ်မိသွားသဖြင့် မျက်နှာပြုံးသွားပြီး –

"အို ... ကျွန်မက ဘယ်သူပါလိမ့်လို့၊ လက်စသတ်တော့ မစ္စတာ ဂျော်ဒန်ကိုး၊ ဒါဆိုရင်တော့ တစ်မျိုးပေါ့"

"ဒေါက်တာ အထဲမှာ ရှိသလား"

"သူ အိမ်ကု လူနာတွေဆီက အခုပဲ ပြန်ရောက်ခါစရှိသေးတယ်။ အခု ရုံးခန်းထဲမှာ မှတ်စုရေးနေပါတယ်။ ကျွန်မ သွားပြောလိုက်ပါ့မယ်"

"ဒေါက်တာကို ပြောပြပါ။ အခုလို လာပြီး အနှောင့်အယှက်ပေးမိတာ စိတ်မကောင်းမဖြစ်ပါနဲ့လို့။ ဒါပေမယ့် အရေးပေါ် ကိစ္စမို့ပါ"

သူနာပြုဆရာမကလေး အခန်းထဲသို့ ပြန်ဝင်သွားသည်။ ခဏကြာတော့ ပြန်ထွက်လာသည်။

"ဒေါက်တာက အထဲကို ကြွခဲ့ပါတဲ့ ... မစ္စတာ ဂျော်ဒန်၊ ကြွပါရှင်"

ဂျော်ဒန်က ပါမောက္ခကြီးအား လက်မောင်းကို ကိုင်ပြီး ဆိုဖာပေါ်တွင် ထိုင်ခိုင်းသည်။

"ကျွန်တော် တစ်ယောက်တည်း အရင်သွားတွေ့လိုက်မယ်။ ဆရာကြီး။ ဒီမှာပဲ ထိုင်နေဦး။ ခြေထောက်ကို ဆန့်ထားပါလား။ သက်သောင့်သက်သာရှိတာပေါ့"

www.burmeseclassic.com



ထို့နောက် ကျော်ဒန်သည် ဒေါက်တာ၏ ရုံးခန်းထဲဝင်လာခဲ့သည်။

ဒေါက်တာ စကာပါသည် စားပွဲတွင် ရပ်နေသည်။ စားပွဲပေါ်တွင် စာရွက်တွေ ပြန့်ကျဲလျက်။ သူ့အရပ်က သာမန်အီတာလျံ အမျိုးသားတစ်ယောက်ထက် ပိုရှည်သည်။ လူက ပိန်နေသောကြောင့် အရပ်လည်း ပိုရှည်နေသလို ထင်ရခြင်းဖြစ်သည်။ ခေါင်းပေါ်မှ ဆံပင်မှာ မဖြူသေးသော်လည်း ဆံပင်ပါး၍ ခေါင်းပြောင်ချင်သလို ဖြစ်နေပြီ။ မျက်နှာ ရှည်ရှည်၊ ပါးရိုးငေါငေါ၊ နှာခေါင်းချွန်ချွန်၊ နှုတ်ခမ်းပါးပါး။

ကျော်ဒန် ဝင်လာသံကြားတော့ သူက ခေါင်းထောင်သည်။

လာ ... တင်” သူက နှုတ်ဆက်ရင်း လက်ကို ကမ်းပေးလိုက်သည်။

ကျော်ဒန်က ဒေါက်တာနှင့် လက်ဆွဲနှုတ်ဆက်ရင်း –

“ဒေါက်တာကတော့ ... တကယ့်မိတ်ဆွေကောင်း တစ်ယောက်ပါပဲ”

ဒေါက်တာ စကာပါက ကျော်ဒန်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးတော့မှ –

“လူပုံကတော့ သန်သန်မာမာကြီးပါလား။ ဒါပေမယ့် လူပုံက ယုံရတာ မဟုတ်ဘူး။ ထိုင် ...။ ပြောပါဦး ... ဘယ်လိုဖြစ်တာလဲ”

ကျော်ဒန်က မထိုင်သေးဘဲ –

“အိုး ... ကျွန်တော်က ဘာမှ မဖြစ်ပါဘူး။ နေကောင်းပါတယ်။ ခုလာတာက ကျွန်တော့် မိတ်ဆွေကြီးတစ်ယောက်အတွက်ပါ။ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေကြီးပါ။ စောစောကပဲ ကျွန်တော်တို့ ကူးတို့ သမ္ဗန်ဆီကို ပြေးဆင်းတော့ သူက ခြေခေါက်ပြီး ခြေထောက်တစ်ချောင်းနာသွားလို့၊ ဒါနဲ့ ဒေါက်တာ့ဆီ ချက်ချင်းခေါ်လာခဲ့ရတာ။ ခဏ ကြည့်ပေးပါဦး ... တော်တော်များ ဒဏ်ရာပြင်းသလား”

“ရပါတယ် ... ကြည့်ပေးပါ့မယ်”

“ဒါဖြင့် ကျွန်တော် သူ့ကို သွားခေါ်လိုက်မယ်”

ကျော်ဒန် အခန်းထဲမှ ပြန်ထွက်ပြီး ပါမောက္ခကြီးထံ ပြန်လာခဲ့သည်။ ပါမောက္ခကြီးက ခြေတစ်ဖက် မသန်မစွမ်းနှင့် နေရာမှ ထမလိုလုပ်ရင်း –

“ဒေါက်တာက ကြည့်ပေးမယ် ပြောသလား”

ကျော်ဒန်က ခေါင်းညိတ်လိုက်သည်။

“ခုပဲ ကြည့်ပေးလိမ့်မယ်။ လာ ... ကျွန်တော် တွဲခေါ်မယ်” သူက ပါမောက္ခကြီး၏ လက်မောင်းကို ကိုင်လိုက်သည်။ ဤတွင် ပါမောက္ခကြီးသည် ဘုန်းကြီးဝတ်ရုံကြီး ဝတ်ထားတုန်းဖြစ်နေသေးသည်ကို ချက်ချင်း သတိရလိုက်သဖြင့် ခဏနေဦး ... ခဏ ... ခဏ။ ဒါကြီးမြင်ရင် မေးနေဦးမယ်။ ဆရာမ

www.burmeseclassic.com



ကလေးကတော့ သတိပြုမိပုံမပေါ်ပါဘူး။ ဒါပေမယ့် ဒေါက်တာကတော့ ဒါကြီး ဝတ်လာတာ မေးမှာပဲ။ အောက်က ဘာဝတ်ထားသေးလဲ”

“ငါ့ ဝတ်စုံရှိတယ်လေ”

“သိပ်ကောင်းတယ် ... သိပ်ကောင်းတယ်။ အဲဒီတော့ ဒီဝတ်ရုံကြီး ပြန်ချွတ်လိုက်တော့” သူက ကူချွတ်ပေးလိုက်ပြီးနောက် ဝတ်ရုံကြီးကို ခေါက်ပြီး ဆိုဖာဘေးတွင် ချထားလိုက်သည်။ “ဟုတ်ပြီ ... ကဲ အထဲဝင်ရအောင်။ ဆရာကြီးကို ပါမောက္ခဒေါ်ဆင်ဆိုပြီး ဒေါက်တာနဲ့ မိတ်ဆက်ပေးမယ်”

ဂျော်ဒန်က ပါမောက္ခကြီးအား တွဲခေါ်ပြီး အခန်းထဲ ဝင်လာခဲ့ကြသည်။ ဒေါက်တာစကာပါက စားပွဲကို ပတ်ပြီး သူတို့ဆီသို့ လျှောက်လာသည်။

“ဒေါက်တာ ... ဒါက ကျွန်တော့် မိတ်ဆွေကြီး ပါမောက္ခ ဒေါ်ဆင်ပါ။ နယူးယောက်က”

ဒေါက်တာ စကာပါက ပါမောက္ခကြီးအား လက်ဆွဲနှုတ်ဆက် သည်။

“ဘယ်လို ပါမောက္ခလဲ”

ပါမောက္ခကြီးက ဂျော်ဒန်အား ဖြတ်ခနဲ ကြည့်လိုက်သည်။ ဂျော်ဒန်က အလိုက်သိစွာဖြင့် –

“သမိုင်းပါမောက္ခပါ။ ‘ရီနေးဆန့်’ သမိုင်းမှာတော့ နာမည်ကျော်ပညာရှင်ကြီးပဲ”

“တွေ့ရတာ ဝမ်းသာပါတယ် ... ဆရာကြီး။ ဆရာကြီး မတော်တဆ ထိခိုက်မိတယ်ဆိုတာ တင် ... ပြောလို့ ကျွန်တော် သိပြီးပါပြီ။ ဘယ်နေရာကများ နာပါသလဲ”

“ဒူးကပါ၊ ဒီဗယ်ဘက်ဒူးပဲ”

ဒေါက်တာ စကာပါက ပါမောက္ခကြီးအား မျက်လုံးမှေးပြီး အကဲခတ် ကြည့်ရှုနေသည်။ ပြီးတော့မှ သူက ခေါင်းတညိတ်ညိတ်လုပ်ရင်း –

“ကောင်းပါပြီ။ ကဲ ... စမ်းသပ်ခန်းထဲ သွားကြရအောင်။ စမ်းသပ်ကြည့်ပြီးတော့မှ ဓာတ်မှန်ရိုက်ကြည့်တာပေါ့”

သူက ပါမောက္ခကြီးအား သူ့ရုံးခန်းနှင့် တွဲလျက် အခန်းကလေးထဲသို့ ခေါ်လာခဲ့ပြီး တံခါးပြန်ပိတ်လိုက်သည်။

ဂျော်ဒန်က ဒေါက်တာ၏ရုံးခန်းထဲတွင် တစ်ယောက်တည်း ကျန်နေခဲ့သည်။ သူက ဆေးတံထုတ်ပြီး မီးညှိသောက်သည်။ ဒေါက်တာစကာပါ၏ ဆေးခန်းတွင် မေ့ဆေးပေး လူနာများအား ညအိပ်ညနေ ကုသပေးနိုင်ရန် တစ်



BURMESE CLASSIC .com

www.burmeseclassic.com



ယောက်အိပ် ခုတင်ကလေးတွေ တော်တော်များများ ရှိသည်ကို ဂျော်ဒန် သတိပြုမိသည်။ ဘရုန်ိုထံမှ စကားပြန်ရသည်အထိ ပါမောက္ခကြီးအား အနည်းဆုံး နှစ်ရက် သုံးရက်ခန့် သည်ဆေးခန်းတွင် ခေတ္တနေထိုင်ခွင့်ပြုရန် ဒေါက်တာ စကာပါထံ မေတ္တာရပ်ခံလျှင် ရနိုင်ပါမည်လားဟု ဂျော်ဒန်က စဉ်းစားနေသည်။

အတော်ကလေးကြာတော့ စမ်းသပ်ခန်းတံခါး ပွင့်လာပြီး ဒေါက်တာ စကာပါ ပြန်ထွက်လာသည်။

"သူ့ဒဏ်ကို ကျုပ်ကြည့်ပြီးပြီ၊ စိုးရိမ်စရာမရှိဘူး။ ပေါ်ယံသဘောလောက်ပါ။ ဒါပေမယ့် ဓာတ်မှန်တော့ ရိုက်လိုက်ပြီး။ ခဏကြာ သိရလိမ့်မယ်။ အခု သူ့ကို အပူဓာတ်ပေးပြီး ထားပစ်ခဲ့တယ်" ဒေါက်တာက ဆိုလည်ကုလားထိုင်ကို စားပွဲနားသို့ ရွှေ့ပြီး ထိုင်လိုက်ပြီးနောက် "ခင်ဗျားနဲ့ ကျုပ် စကားပြောစရာရှိလို့ ပြန်ထွက်လာခဲ့တာ"

ဒေါက်တာ၏လေသံက တစ်မျိုးကြီးပဲဟု ဂျော်ဒန်က တွေးပြီး စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။ သူက စားပွဲရှေ့မှ ခုံတန်းတွင် ဝင်လိုက်ပြီး –

"ဟုတ်ကဲ့ ... ပြောပါ ဒေါက်တာ၊ ဘာများပါလိမ့်"

ဒေါက်တာ စကာပါက ဟန်မပျက် ထိုင်နေရင်း စားပွဲပေါ်မှ စာအိတ်ဖွင့်ဓားကလေးကို ကောက်ယူပြီး လက်နှင့် ပွတ်သပ်နေသည်။ ခဏကြာတော့မှ သူက လေသံ အေးအေးဖြင့် –

"ခင်ဗျား မိတ်ဆွေကြီးကို ကျုပ် စမ်းသပ်ကြည့်တော့ ... ကျုပ်က အမေရိကန်လူမျိုး ဒေါက်တာ မတ်ဆိုတဲ့ ပုဂ္ဂိုလ်ကို သွားပြီး သတိရမိတယ်"

ဂျော်ဒန်က တွေဝေသွားဟန်ဖြင့် –

"ဒေါက်တာ ဘယ်သူ"

"ဒေါက်တာ ဆင်မြူရယ်၊ အေ၊ မတ်။ ၁၈၆၅ ခုနှစ်တုန်းက ဂျွန်ဝီလ်ကီးဒ်ဘုသ်ရဲ့ ကျိုးနေတဲ့ ခြေထောက်ကို ဆေးကုသပေးတဲ့ အမေရိကန် သမားတော်ကြီးပေါ့။ နောက် သူလဲ သမ္မတကြီး အေဘရာဟင်လင်ကွန်းကို လုပ်ကြံမှုမှာ ပါဝင်ကူညီသူအနေနဲ့ ထောင်ကျသွားလေရဲ့။ ကျုပ်လဲ အခု ဒေါက်တာ မတ်လိုဖြစ်နေပြီ"

ဂျော်ဒန်မှာ ရုတ်တရက် အားဖြင့် နှုတ်ဆွံ့သွားသလို ဖြစ်သွားသည်။

ဒေါက်တာ စကာပါက ဆက်ပြောသည်။

"ကျုပ်က ရာဇဝတ်သားတစ်ယောက်ကို ကူညီရာ ရောက်နေပြီ။ နိုင်ငံတော်ရဲ့ ရန်သူကို ကူညီသလို ဖြစ်နေပြီ။ ဟုတ်တယ် ... တင်။ ခင်ဗျားရဲ့ မိတ်ဆွေကြီးကို ကျုပ် မှတ်မိပါတယ်။ သူ့ဓာတ်ပုံတွေက နေရာတိုင်းမှာ ရှိတာပဲ၊

www.burmeseclassic.com



သူဟာ ပါမောက္ခလဲ မဟုတ်ဘူး၊ သမိုင်းပညာရှင်လဲ မဟုတ်ဘူး။ သူက သူလျှို၊ ရဲအဖွဲ့က ပိုက်စိပ်တိုက် ရှာဖွေနေတဲ့ သူလျှို၊ ခင်ဗျားက ကျုပ်ကို ဘာကြောင့် လိမ်ပြောရတာလဲ"

"ခွင့်လွှတ်ပါ ... ဒေါက်တာ။ တခြားဘာပြောရမှန်း မသိလို့ ရုတ်တရက် ပြောလိုက်မိတာပါ။ သူက ကျွန်တော့် မိတ်ဆွေကြီးပါ။ အကူအညီလို အပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ကျွန်တော် လိမ်ပြောမိတာ တောင်းပန်ပါတယ် ... ဒေါက်တာ"

"ဒီကိစ္စဟာ ကျုပ်ကို ခင်ဗျားလာပြီး ချောက်ချသလိုဖြစ်နိုင်တယ်။ အားလုံး ဒုက္ခရောက်သွားနိုင်တယ်"

ဂျော်ဒန်က ခေတ္တ တွေနေပြီးမှ ခပ်မြန်မြန်ကလေး ပြောလိုက်သည်။

"ဒီတော့ ဒေါက်တာက အဖြစ်မှန်ကို သိရက်သားနဲ့ အခု သူ့ကို ဘာဖြစ်လို့ လက်ခံပြီး ကုသပေးရသလဲ။ တယ်လီဖုန်းကောက်ကိုင်ပြီး ဘာဖြစ်လို့ ရဲကို ချက်ချင်းအကြောင်းမကြားတာလဲ"

ဒေါက်တာ စကာပါက မသိမသာ ပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်မိတ်ဆွေ၊ သူက ခင်ဗျားမိတ်ဆွေ၊ ပြီးတော့ ခင်ဗျား အနေနဲ့ ရာဇဝတ်သားတစ်ယောက်ကို အခုလို အကူအညီ မပေးနိုင်ဘူးလို့ ကျုပ်စိတ်ထဲက အလိုလို သိနေသလိုပဲ။ အဲဒါကြောင့် အခုလို လက်ခံကုသ ပေးတာ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ဒေါက်တာ့ စိတ်ထင်မှန်ပါတယ်။ ဒီပုဂ္ဂိုလ်က ရာဇဝတ်သား လုံးဝ မဟုတ်ပါဘူး။ သူလျှိုလည်း လုံးဝ မဟုတ်ပါဘူး။ အဲဒါက ရဲအဖွဲ့က လုပ်ကြံပြီး မတရားစွပ်စွဲလိုက်တာပါ။ ပြီးတော့ ... သူ့ နာမည်ကလည်း ဒေါ်ဆင် မဟုတ်ပါဘူး။ မက္ကဒေါ်နယ်ပါ။ သူက ပါမောက္ခ တစ်ယောက်ပါ။ နယူးယောက်မှာ ဓာတ်ခွဲခန်း ဖွင့်ပြီး အလုပ်လုပ်နေတဲ့ ဗြိတိသျှ သိပ္ပံပညာရှင်ကြီးပါ။ ဒီတော့ ... သူ့ကို ရဲအဖွဲ့က ဘာဖြစ်လို့ လိုက်နေတာလဲ။ ရာဇဝတ်မှုကြောင့် မဟုတ်ပါဘူး။ လုံးဝ မဟုတ်ပါဘူး။

"ရဲ အဖွဲ့ကသာ ရာဇဝတ်မှုလုပ်ရပ်တွေကို ကျူးလွန်နေတာပါ။ ပါမောက္ခ မက္ကဒေါ်နယ်က ဆိုဗီယက် ယူနီယံမှာ သိပ္ပံ စမ်းသပ်မှုတွေ လုပ်နေခဲ့တယ်။ သူက စမ်းသပ်မှုတစ်ခုကို ရှာဖွေတွေ့ရှိတယ်။ အဲဒါကို ရုရှတွေက လိုချင်တယ်။ သူက မပေးချင်ဘူး။ ဒါနဲ့ ဗင်းနစ်မြို့ကို ထွက်ပြေးလာခဲ့တယ်။ ဒီတော့ ... ရုရှတွေက ဒီက ရဲအဖွဲ့ အကူအညီနဲ့ သူ့ကို ဖမ်းဆီးဖို့ ကြိုးစားကြတယ်။ သူ့ကို မဖမ်းသင့်ဘူးလို့ ကျွန်တော် ထင်တယ်။ ဒါကြောင့် သူ ဒီမြို့က ထွက်ပြေးလွတ်မြောက်သွားနိုင်အောင် ကျွန်တော် ကူညီတာဖြစ်ပါတယ်" သူ



BURMESE CLASSIC .com

www.burmeseclassic.com



က ဒေါက်တာ စကာပါအား ခေတ္တစဉ်းစားချိန် ပေးပြီးတော့မှ ဆက်ပြောသည်။ "ကျွန်တော် ပြောတာ ဒေါက်တာ ယုံဖို့ ခဲယဉ်းပါလိမ့်မယ်။ ဒါပေမယ့် ယုံပါ … ဒါ … အမှန်ပါ"

"ခင်ဗျားကို ကျုပ် ယုံပါတယ် … တင်"

သူနာပြုဆရာမကလေး ဝင်လာသည်။ လက်ထဲတွင် ပါမောက္ခ မက္ကဒေါနယ်၏ ဓာတ်မှန်ပါလာသည်။ သူမက ဓာတ်မှန်ကို ဒေါက်တာ ရှေ့တွင် ချထားပြီး ပြန်ထွက်သွားသည်။

ဒေါက်တာက ဓာတ်မှန်ကို ကောက်ယူပြီး မတ်တတ်ထရပ်လိုက်သည်။

"ကိုင်း … ခင်ဗျားရဲ့ ဝရမ်းပြေးကြီး အခြေအနေ ဘယ်လိုနေသလဲ ကြည့်ရအောင်" သူက ဓာတ်မှန်ကို အခန်းအစွန်သို့ ယူသွားပြီး အလင်းရောင်ပေး မှန်အောက်တွင် ထည့်လိုက်သည်။ ပြီးတော့ … မီးခလုတ် ဖွင့်လိုက်သည်။ သူက ဓာတ်မှန်ကို အတန်ကြာမျှ စစ်ဆေးကြည့်ရှုနေသည်။

ကုလားထိုင်ကို ပြန်လျှောက်လာသည်။

"အခြေအနေ ကောင်းပါတယ်။ ကျိုးတာ ပြုတာ မရှိပါဘူး။ ပြင်းပြင်းထန်ထန် ဒဏ်ရာ ဒဏ်ချက် ဘာမှ မရှိဘူး။ အကြောနည်းနည်း လွဲသွားရုံလောက်ပါ။ သုံးလေးရက်ကြာရင် သူ့ဟာသူ အလိုလို ကောင်းသွားပါလိမ့် မယ်။ ဒီကြားထဲ လမ်းမလျှောက်ဘဲ ခြေထောက်ကို အနားပေးထားပါစေ"

"တစ်ခုတော့ ရှိတယ် … ဒေါက်တာ"

"ဆိုပါဦး"

"ဒေါက်တာ့ဆီက ကျွန်တော် သိပ်ပြီး အခွင့်အရေးယူသလို ဖြစ်နေမှာလဲ စိုးရိမ်ပါတယ် … ဒေါက်တာ။ ကျွန်တော်က ပါမောက္ခကြီးကို မြို့ထဲက ထွက်သွားနိုင်အောင် နည်းလမ်း ရှာနေပါတယ်။ ဒီကြားထဲ သူ့ကို လုံခြုံစိတ်ချရတဲ့ နေရာတစ်နေရာမှာ ခဏထားဖို့ လိုနေပါတယ်။ အဲဒီတော့ … ဖြစ်နိုင်ရင် ဒီမှာပဲ နှစ်ရက်သုံးရက်လောက် ခဏနေခွင့်ပြုစေချင်ပါတယ် ဒေါက်တာ။ နောက်ဘက်က အခန်းတစ်ခန်းရရင် ဖြစ်ပါတယ်"

စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည်။ ဒေါက်တာက တယ်လီဖုန်း ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့" သူက အီတာလျံ စကားဖြင့် ပြောသည်။ "သြော် … မြို့တော်ဝန်လား' သူက ဂျော်ဒန်အား မျက်နှာပင့် ကြည့်လိုက်ပြီးမှ … "ဟုတ်ကဲ့ … ကျုပ် သူနဲ့ ပြောပါ့မယ်။ သူ့ဆီ ဆက်ပေးပါ" သူက ခဏစောင့်နေသည်။ ပြီးတော့ "မင်္ဂလာပါ ဝန်မင်း၊ ကျွန်တော် ဘာလုပ်ပေးရပါ့မလဲ။ သြော် …



BURMESE CLASSIC .com

www.burmeseclassic.com



ဟုတ်လား။ ကျွန်တော် စိတ်မကောင်းပါဘူး။ ဒါပေမယ့် ... ပူစရာ မရှိပါဘူး။ တုပ်ကွေးဝင်သွားလို့ ဖြစ်ပါလိမ့်မယ်။ ကျွန်တော် သူ့ကို စမ်းသပ်ကြည့်ချင်ပါသေးတယ်။ ကျွန်တော် တစ်နာရီ နှစ်နာရီအတွင်းမှာ လာပါ့မယ်လို့ ဝန်မင်းကတော်ကို ပြောပြပါ။ မစိုးရိမ်ပါနဲ့။ ကောင်းသွားမှာပါ။ ဝန်မင်းကတော်က ကျွန်တော့်ရဲ့ လက်စွဲလူနာတစ်ယောက်ပါ။ နွေးနွေးထွေးထွေးနေပါလို့ ပြောပါ။ ကျွန်တော် ဆက်ဆက်လာခဲ့ပါမယ်"

ဒေါက်တာက တယ်လီဖုန်း ပြန်ချလိုက်သည်။ သူက ဂျော်ဒန်ကို ကြည့်လိုက်ပြီး –

"မြို့တော်ဝန် အက္ကာဒီဆီက ဆက်တာ၊ သူ့မိန်းမကို ကျုပ်ကုပေးနေရတယ်။ အခု ကျုပ် ဘယ်သူ့ကို ကုပေးနေတယ်ဆိုတာ သိသွားရင် မလွယ်ဘူး" သူက ခဏ ရပ်လိုက်ပြီးမှ "ဒါနဲ့ ... ခင်ဗျား စောစောက မေးတဲ့ ကိစ္စ ပြောရရင် ... ဖြစ်ပါတယ်။ ပါမောက္ခကြီးကို ဒီမှာပဲ ထားခဲ့ပါ။ ကျုပ် ကြည့်ပြီး နေရာချပေးလိုက်ပါ့မယ်"

ဂျော်ဒန်က ဝမ်းပန်းတသာဖြင့် ဒေါက်တာ စကာပါ၏ လက်ကို လှမ်းဆုပ်လိုက်သည်။

"ကျေးဇူးတင်လိုက်တာ ... ဒေါက်တာရယ်" သူက ရုတ်တရက် ထရပ်လိုက်ရင်း ... "အခု ကျွန်တော် ခဏ ပြေးလိုက်ဦးမယ်။ မကြာခင် ပြန်လာခဲ့ပါမယ်။ သူ့အတွက် ... ညစာလဲ ဝယ်လာခဲ့ပါမယ်"

*

ဤခရီးသည် ဂျော်ဒန်အတွက် အထူးခြားဆုံး ခရီးဖြစ်သည်။

ဤခရီးကို သူသည် ယခင်က အကြိမ်များစွာ သွားခဲ့ဖူးသည်။ သို့သော် ... သည်တစ်ကြိမ်မှာလို လေးနက်သော ရည်ရွယ်ချက်ဖြင့် သွားခဲ့ခြင်း မျိုး မဟုတ်။ အပျင်းပြေ အပျော်သဘောဖြင့် သွားခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့်လည်း သည်တစ်ကြိမ် သည်ခရီးကို ထွက်ခဲ့သည်မှာ သူ့အတွက် အထူးခြားဆုံးနှင့် အလေးနက်ဆုံးဖြစ်နေသည်။

ဒင်နီယယ်လီ ဟိုတယ်မှသည် လီဒိုကျွန်းရှိ အိက္ခဆယ်စီယာ ဟိုတယ်သို့ သွားသောခရီးမှာ ပုံမှန်အားဖြင့် ၁၁ မိနစ်ခန့်ကြာသည်။

ယခု လက်ပတ်နာရီကို ကြည့်လိုက်တော့ ၇ မိနစ်ခန့်ကြာခဲ့ပြီဆိုတာ သိရသည်။ မော်တော်သည် ဆန်လက်ဇာရိုကျွန်းကို ဖြတ်ကျော်လာခဲ့ပြီဖြစ် သည်။ တောက်ပနေသော နေရောင်အောက်တွင် ထင်ထင်ရှားရှားကြီး မြင်နေရ သော ဆန်လက်ဇာရိုကျွန်းသည် တဖြည်းဖြည်းနှင့် နောက်တွင် ဝေး၍ဝေး၍



BURMESE CLASSIC .com

www.burmeseclassic.com



ကျန်ရစ်ခဲ့သည်။ ရှေ့မှာ ရှိတာက လီဒိုကျွန်း၊ ခဏကြာလျှင် လီဒိုကျွန်းမှ အိက္ခဆယ်စီယာ ဟိုတယ်နောက်ဘက်တွင် မော်တော်ဆိုက်တော့မည်။

"ဟိုမှာ … ကျွန်းနေမြင်နေရပြီ။ ရောက်တော့မယ်" ဂျော်ဒန်က သူ့အနားတွင် ထိုင်နေသော အယ်လီဆင်အား ကျွန်းကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်ခြင်းဖြစ်သည်။

အယ်လီဆင်က ဂျော်ဒန်၏ ကိုယ်ကို ကန့်ကယမှီကာ ဂျော်ဒန်ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ သူမ၏ နွေးထွေးသော ကိုယ်ငွေ့ကြောင့် ဂျော်ဒန်၏ ရင်ထဲတွင် ဂယက်ရိုက်သွားသည်။ သူ့စိတ်သည် ရိုးတိုးရွတဖြစ်သွားသည်။ အမှန်ကတော့ … သူက အယ်လီဆင်အား ဤခရီးကို ခေါ်လာခဲ့သည်မှာ သူနှင့်အတူ ရှိနေစေချင်သည့် ရိုးရိုးသားသားစိတ်ထားဖြင့် ခေါ်လာခဲ့ခြင်းသာ ဖြစ်သည်။ သို့သော် … ယခုတော့ သူ့စိတ်က မရိုးမသားတော့။ သူ့စိတ်သည် ဖောက်ပြန်ချင်သလိုလို ဖြစ်လာသည်။ သည်အချက်ကို သတိပြုမိပြီး သူက သူ့ဘဝအခြေအနေကို မယုံကြည်နိုင်အောင် ဖြစ်နေသည်။ ယခုလိုနောက်က ကျားလိုက်ခံနေရသလို ဘဝမျိုးတွင် သည်လိုစိတ်မျိုး ရုတ်တရက်ပေါ်ပေါက်လာခြင်းကို သူ့ကိုယ်သူပင် အံ့ဩနေမိသည်။

သည်နေ့တွင် သူသည် လုပ်စရာရှိသည်ကို နေ့တစ်ဝက်မျှသာ လုပ်ခဲ့ရသေးသည်။ သို့သော် … ယင်းနေ့တစ်ဝက်လုပ်ရပ်များသည် သူ့အဖို့ လွန်ခဲ့သော နှစ်က တစ်နှစ်လုံး လုပ်ခဲ့ရသော အလုပ်များထက်ပို၍ စိတ်လှုပ်ရှားစရာ ဖြစ်ခဲ့ရသည်။

သူသည် ပါမောက္ခ မက္ကဒေါ်နယ်အား ဒေါက်တာ စကာပါ၏ ဆေးခန်းတွင် ထားခဲ့ပြီးနောက် ဒင်နီယယ်လီဟိုတယ်သို့ တန်းပြန်လာခဲ့သည်။ ဟိုတယ်တွင် အယ်လီဆင်က သူ့အား လည်တဆန့်ဆန့်နှင့် မျှော်လျက်ရှိနေသည်။ သူမကား ဘုန်းတော်ကြီး ပီယက်ထရိုနှင့်အတူ ထားပစ်ခဲ့ပြီးနောက် ပါမောက္ခကြီးကို ပြန်ခေါ်ရန် ဂျော်ဒန် ထွက်သွားပြီးကတည်းက သူမအနေဖြင့် စိတ်တထင့်ထင့်နှင့် နေမထိ ထိုင်မသာ ဖြစ်နေခဲ့ရသည်။ နေ့လယ်ပိုင်းတွင် ဂျော်ဒန် ပြန်ရောက်လာတော့မှ သူမမှာ ဟင်းခနဲ သက်မကြီးချနိုင်ပေတော့သည်။

ထို့နောက် ဂျော်ဒန်က ပါမောက္ခကြီးကို ဘုတာရုံမှ ပြန်ခေါ်လာခဲ့သည်မှအစ ဆေးခန်းတွင် ထားခဲ့သည်အထိ ဖြစ်ပျက်ခဲ့သမျှကို အယ်လီဆင်အား အစအဆုံး လုံးစေ့ပတ်စေ့ ပြောပြလိုက်သည်။

ဤတွင် အယ်လီဆင်က …. 'တကယ်လို့ ဘရူနိုမလာရင် ဘယ်လိုလုပ်မလဲ။ လာဘ်ထိုးတာကို ရဲအရာရှိက မယူရင် ဘယ်လိုလုပ်မလဲ'

www.burmeseclassic.com



"အဲဒီလို ဆိုတော့လဲ ... နောက်တစ်နည်း ကြံရမှာပေါ့"

"စဉ်းစားထားပြီးပြီလား"

"ခုအချိန်အထိတော့ မစဉ်းစားရသေးဘူး။ ဒီကြားထဲ ဗင်းနစ်မြို့က ထွက်နိုင်တဲ့ ခက်ခက်ခဲခဲလမ်းတွေကို ငါ လိုက်ကြည့်ချင်သေးတယ်။ အဲဒီမှာ ရဲကင်းတွေ ရှိမရှိ သိချင်တယ်။ အထူးသဖြင့် လီဒိုကျွန်း အခြေအနေကို လေ့လာကြည့်ချင်တယ်။ ဒီကျွန်းက ဗင်းနစ်မြို့နဲ့ အေဒရီအာတစ်ပင်လယ်ကြားမှာ ရှိတယ်။ အဲဒီကနေပြီး မက်စထရီမြို့ကို ထွက်ပြေးမယ်ဆိုရင် အကောင်းဆုံး နေရာပဲ။ ဒါကြောင့် ... ငါ အဲဒီကျွန်းကို သွားပြီး ကြည့်ချင်တယ်"

ပထမတော့ ဂျော်ဒန်က သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားကြည့်ရန် ရည်ရွယ်ထားသည်။ သို့ပေမယ့် ... ယခု အယ်လီဆင်၏မျက်နှာ မြင်ရတော့ သူက အမှတ်မထင်ပင် မေးလိုက်မိသည်။

"လိုက်ချင်သလား"

"အနှောင့်အယှက် ဖြစ်နေမလား"

"မဖြစ်ပါဘူး။ ဒါနဲ့ ... ငါ မပြောမိသေးဘူး။ အဲဒီမှာ ငါအပန်းဖြေ ရေချိုးခန်းငှားထားတာရှိတယ်။ အိက္ခဆယ်စီယာ ဟိုတယ်ရှေ့က ပင်လယ် ကမ်းစပ်မှာ တစ်နှစ်လုံးအတွက် ငှားထားတာ။ ငါ ကျွန်းအခြေအနေ ထွက်လေ့လာနေတုန်း မင်းက အဲဒီမှာနေပြီး နေဆာလှုံကျန်ရစ်ပေါ့။ ရေချိုးချင်လဲ ရတယ်"

"ဆရာကြီးက ဟိုတယ်မှာ တစ်ယောက်တည်း သနားစရာ စိတ်ညစ်နေတဲ့ အချိန်မှာ ကျွန်မတို့က ဒီလို ပျော်နေကြလို့ ကောင်းပါ့မလား"

"ကိစ္စမရှိပါဘူး။ ညနေ ၆ နာရီနဲ့ ၇ နာရီအတွင်းမှာ သူနဲ့ ပြန်တွေ့မှာပါ။ သူ့အတွက် စားစရာပါ ယူလာခဲ့မယ်လို့ ငါ ပြောခဲ့တယ်။ ဒီကြားထဲ သူ့အတွက် မင်း ဘာမှ မလုပ်ပေးနိုင်ပါဘူး။ အဲဒီတော့ ... ရတဲ့အချိန်ကလေးမှာ အပန်းဖြေလိုက်ကြတာပေါ့"

အယ်လီဆင်က ပြုံးလိုက်ပြီး –

"အင်း ... ရှင်တော့ တော်တော် တော်တဲ့ လူပဲ၊ မစ္စတာ ဂျော်ဒန်။ ကဲ ... ဒါဖြင့် ကျွန်မလဲ ရှင်နဲ့ လိုက်မယ်"

*

မော်တော်သည် ဟိုတယ်နောက်မှ ကူးတို့ဆိပ်တွင် ထိုးကပ်လိုက်သည်။ ဂျော်ဒန်၏အတွေးသည် အတိတ်မှသည် ပစ္စုပ္ပန်ကာလဆီသို့ ပြန်ရောက်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



နှစ်ယောက်သား မော်တော်ပေါ်မှဆင်းပြီး ဟိုတယ်အပြင်ဘက်မှ စားသောက်ဆိုင်ရှေ့သို့ ရောက်လာခဲ့ကြသည်။

သူတို့က မြစိမ်းရောင် ကမ္ဗလာ ဖြန့်ခင်းထားသလို လှိုင်းယက်ကလေးများ လူးလွန့်နေသော အေဒရီအာတစ် ပင်လယ်ပြင်ကို လှမ်းကြည့်လိုက်ကြသည်။ သူတို့၏ ဝဲယာကမ်းခြေ သောင်ပြင် တစ်ဘက်တစ်ချက်တွင် အညိုရောင် အနားကွပ် ရွက်ထည်တဲဖြူဖြူကလေးတွေကို အစီအရီ မြင်ရ သည်။

"သိပ်ပြီး ... ကြည်နူးစရာကောင်းတာပဲနော်။ ဒီတော့ အခု ကျွန်မတို့ ဘယ်သွားကြမလဲ" အယ်လီဆင်က မေးသည်။

"ငါ့ တဲကို သွားမှာပေါ့၊ ဟိုမှာ ... လက်ဝဲဘက်မှာ၊ နံပါတ် ၅ ရေးထားတဲ့တဲပဲ"

သူတို့သည် သောင်လမ်းအတိုင်း ရေစပ်သို့ ပြေးဆင်းလာကြပြီး ဂျော်ဒန်၏ အပန်းဖြေတဲရှေ့သို့ ရောက်လာကြသည်။

"ဒီတဲပဲ။ ဟိုမှာ နေပူထဲမှာ ခေါက်ခုတင်ရှိတယ်။ ဟိုအရိပ်မှာက ကုလားထိုင်၊ စားပွဲ၊ ရေစည်၊ ခြေထောက်ဆေးလို့ ရတယ်။ တဲထဲမှာ သီးသန့်အဝတ်လဲခန်းရှိတယ်"

"ဒါက သူဌေးတွေ ဇိမ်ခံတဲ့ နေရာပဲ"

"အထူးလျှော့ဈေးနဲ့ ရထားလို့ပါ။ ကဲ ... ဒီတော့ တို့ ဘာလုပ်ရမယ်ဆိုတာ ငါပြောမယ်။ ငါက ဒီမှာ လုပ်နေတဲ့ မိတ်ဆွေတစ်ယောက်ဆီ သွားမယ်။ သူက အသက်ကယ်လှေသမား၊ သူ့နာမည်က ဒန်တီ ... တဲ့။ ဒီကျွန်းအခြေအနေ သူအားလုံး သိတယ်။ ဒီတစ်ဝိုက်မှာ ရဲကင်းတွေ ဘယ်လောက်ရှိတယ်ဆိုတာရော၊ ရဲမသိအောင် ထွက်ပြေးနိုင်တဲ့လမ်းတွေ ဘယ်မှာရှိတယ်ဆိုတာရော သိရအောင် ငါစုံစမ်းလာခဲ့မယ်။ အဲဒီတော့ မင်းက ဒီမှာနေရစ်နေဆာလှုံချင်လှုံ၊ ဒါမှမဟုတ် ပင်လယ်ထဲ ရေဆင်းချိုးချင်လဲ ရတယ်"

"အဝတ်မပါဘဲ ချိုးရမှာလား"

"အဲဒါတော့ မရဘူး။ သူတို့က ခွင့်မပြုဘူး။ ခွင့်ပြုလဲ မလိုအပ်ပါဘူး။ တဲထဲမှာ ရေကူးဝတ်စုံ အဆင်သင့်ရှိပါတယ်"

"တယ်ဟုတ်ပါလား"

"မင်းကို ငါပြောဖူးသားပဲ။ ငါ့မှာ ဗင်းနစ်မြို့သူ မိန်းကလေး အပေါင်းအသင်း တစ်ယောက်ရှိတယ်ဆိုတာ၊ သူက တစ်ခါတစ်ခါ ဒီမှာလာပြီး ရေကူးတယ်။ မင်းနဲ့ အတော်ပဲနေမှာပါ။ ကဲ ... အဲဒါ ကောက်ဝတ်ပြီး ရေထဲခုန်ချလိုက်တော့ ဟုတ်လား။ ငါ မြန်မြန် ပြန်ခဲ့မယ်"



BURMESE CLASSIC .com

www.burmeseclassic.com



တကယ်တော့ သူ မြန်မြန် ပြန်မလာနိုင်ခဲ့။ တစ်နာရီလောက်တောင် ကြာနေခဲ့သည်။

အနီးအနားမှ ကူးတို့ဆိပ်တွင် ဒန်တီကို သွားရှာသည်။ မတွေ့။ သူ့နေရာတွင် လူစားတစ်ယောက် ရောက်နေသည်။ ထိုသူကလည်း ဒန်တီ ဘယ်ထွက်သွားမှန်း လုံးဝမသိ။ သို့ဖြင့် အိကွဲဆယ်စီယာ ဟိုတယ်အောက်မှ ကမ်းခြေအုပ်ချုပ်ရေးရုံးသွားပြီး စုံစမ်းရသည်။

ဒန်တီ လီဒိုမြို့ထဲဝင်ပြီး နေ့လယ်စာ သွားစားနေသည်ဟု သိရ သည်။ မြို့ထဲတွင် စားသောက်ဆိုင်သုံးဆိုင်အနက် တစ်ဆိုင်ဆိုင်တွင် တွေ့နိုင် သည်ဟု လမ်းညွှန်သည်။

ဂျော်ဒန်သည် ဟိုတယ်ရှေ့သို့ ပြေးထွက်လာပြီး အငှားကားတစ် စင်းကို ကမန်းကတန်း လက်ပြလိုက်သည်။

စားသောက်ဆိုင် သုံးဆိုင်စလုံးသို့ ရောက်သည်။ ဒန်တီကို ဘယ် ဆိုင်မှာမှ မတွေ့။ ဟိုတယ်သို့ ပြန်လာခဲ့သည်။

ဒန်တီ ပြန်လာလျှင် ကမ်းခြေတဲသို့ လာခဲ့ရန် မှာထားခဲ့ပြီး အယ်လီ ဆင်ထံ လာခဲ့သည်။

ပထမတွင် သူက သူမကို လုံးဝမှတ်မိ။ သူ တဲမှားပြီး လာမိပြီဟု ထင်လိုက်မိသည်။ သူမအား ပါးလွှာသော ရေကူးဝတ်စုံနှင့် မြင်လိုက်ရတော့ သူက အံ့အားကြီးသင့်ပြီး ကြက်သေသေနေမိသည်။ သူမသည် နေရောင် အောက်မှ ခေါက်ခုတင်ပေါ်တွင် ပက်လက်ကြီးလှန်ပြီး နေဆာလှုံနေသည်။ လှည်းဘီးမျက်မှန်ကြီး တပ်ပြီး မျက်လုံးတွေ မှိတ်ထားသည်။ သူမ၏ ရင်သား နှင့် ခါးအောက်ပိုင်းတစ်ဝိုက်တွင် မို့မောက်နေကြသည်။ သူသည် အယ်လီဆင် ၏ သဘာဝအလှကို တဝကြီးစိုက်ကြည့်နေပြီးမှ ခုတင်ဘေးစွန်တွင် ဝင်ထိုက် လိုက်သည်။ သူမ၏ မျက်လုံးများ ပွင့်လာသည်။

"အံမယ် ... မဆိုးဘူးပဲ။ ဘီကီနီဝတ်စုံက မင်းနဲ့ အနေတော်ပါပဲ လား"

"အို ... တင်၊ ရှင်ပြန်လာပြီလား။ ကျွန်မ နည်းနည်း မှေးခနဲ အိပ်ပျော် သွားတယ် ထင်တယ်" သူမက မလုံမလဲ အမူအရာဖြင့် ဘီကီနီအောက်ပိုင်းမှ စည်းကြိုးများကို လက်ဖြင့် လျှောက်စမ်းနေသည်။ "တကယ်တော့ ရှင်ပြော သလို မတော်ဘူးရှင့်။ သူက ကျွန်မထက် တင်ကြီးတယ်။ ဒါနဲ့ ကျွန်မ ဟိုတယ် သွားစုံစမ်းတော့ တစ်လမ်းကျော်က ဆိုင်ကို ညွှန်လိုက်သည်။ အဲဒီမှာမှ ကျွန်မ နဲ့ တော်တဲ့ဆိုက်ကို ရလာတာ" သူမက ခုတင်ပေါ်မှ လူးလဲထရင်း ရင်သား တစ်ဖက် ပေါ်သွားသဖြင့် ကမန်းကတန်း ပြန်ဖုံးပြီးမှ ခုတင်ပေါ် ထိုင်လိုက်

www.burmeseclassic.com



သည်။ သူမက ဘီကီနီ အောက်ပိုင်းကို ကြည့်လိုက်ပြီး "ဒီဆိုက်တောင် ကျွန်မနဲ့ မတော်သေးဘူး။ ကျွန်မဖြင့် အဝတ်မရှိသလို လိပ်ပြာမလုံတောင် ဖြစ်နေမိတယ်"

"အဲဒါ မကောင်းဘူးလား"

"နှစ်ယောက်စလုံး ဒီလိုပဲဆိုရင်တော့ ကောင်းတာပေါ့"

"ဒါဖြင့် … ငါလဲ အဝတ်သွားလဲလိုက်မယ်လေ" သူက ကုတင် ပေါ်မှ ဆင်းရပ်လိုက်ရင်း "ပြီးတော့ တို့နှစ်ယောက် ရေကူးကြမယ်"

ကျော်ဒန်ထွက်သွားတော့ အယ်လီဆင်က လှမ်းခေါ်လိုက်သည်။

"ဒါနဲ့ … တင်။ ရှင် မိတ်ဆွေဆိုတာ တွေ့ခဲ့သလား"

"သူ ထမင်းစား ထွက်သွားတယ်။ ပြန်လာရင် ငါ့ဆီလာတွေ့ပါလို့ မှာခဲ့တယ်။ ခဏစောင့်နော်။ ငါ … ခုလာခဲ့မယ်"

သူသည် တဲထဲဝင်လာခဲ့ပြီး အဝတ်အစားတွေ ချွတ်ချလိုက်သည်။ ပြီးတော့ ရေကူးဘောင်းဘီ အပြာကလေး ပြန်ဝတ်သည်။

သူ့ကိုယ်သူ ပြန်ကြည့်နေမိသည်။ သည်လို ကိုယ်လုံးကိုယ်ပေါက်မျိုးကို ကိုယ့်ကိုယ်ကိုပင် ကြိုက်ချင်စရာမတွေ့မိ၊ အယ်လီဆင် ကြိုက်ဖို့ဆိုတာက တော့ ဝေးရော့။ တကယ်ပင် … သူ့ခန္ဓာက ပိန်ပိန်ပါးပါးနှင့် သွယ်သွယ်နှောင်းနှောင်းရယ်။ အရှယ်ကြည့်ပြန်တော့လည်း သူမထက် နှစ်ဆလောက်အိုရုပ်ပေါက်နေသည်။ ရေကူးဘောင်းဘီက အသားနှင့် ကပ်နေသဖြင့် ဗိုက်ကို ရှုပ်ပြီး အောက်ကို ဆွဲချလိုက်ရသည်။ ရင်ဘတ်ကလည်း ပြားချပ်နေသည်။ အင်း … ဒီအတိုင်းဆိုရင်တော့ ငါ့တစ်ကိုယ်လုံးမှာ အယ်လီဆင် ကြိုက်စရာဆိုလို့ တစ်ကွက်မှ မရှိပါကလား။

သူက ဗိုက်ရှုပ်သွားအောင် အသက်ပြင်းပြင်း တစ်ချက်ရှိုက်သွင်းလိုက်ပြီးနောက် အပြင်သို့ ထွက်လာခဲ့သည်။

အယ်လီဆင်သည် နေဆာလှုံရင်း သူ့ကို စောင့်နေသည်။ သူ့ကို အယ်လီဆင်က စိုက်ကြည့်နေသလို ထင်မိသည်။ သူ့တစ်ကိုယ်လုံး ဗိုက်ချည့်ပဲ ရှိနေသလို ခံစားမိသည်။

"ရှင်က ဗင်းနစ်တစ်မြို့လုံးမှာ အဆိုးဆုံးလူတစ်ယောက် မဟုတ်ပါဘူး။ အတော်ကလေးကြည့်လို့ ကောင်းပါတယ်" သူမက လှမ်းပြောလိုက်သည်။

တော်ပါသေးရဲ့။ အတော်ကလေး နေသာထိုင်သာရှိသွားသည်။ သူက အသက်အောင့်ပြီး ဗိုက်ကိုရှုပ်ထားရာမှ အသက်ရှူထုတ်လိုက်သည်။

"မင်းက တော်တော် ထူးဆန်းတဲ့ အမျိုးသမီးပဲ"



BURMESE CLASSIC .com

www.burmeseclassic.com



ထို့နောက် အယ်လီဆင်၏ လက်ကို လှမ်းဆွဲလိုက်ပြီး နှစ်ယောက်သား သဲသောင်ရွှရွှကလေးပေါ်မှာ လျှောက်ရင်း ရေစပ်သို့ ဆင်းလာခဲ့ကြသည်။

ကျောက်စရစ်နှင့် ကျောက်ခဲကလေးတွေပေါ် နင်းပြီး ရေထဲဆင်းလာခဲ့ကြသည်။ ရေက ထူးထူးခြားခြား အေးစိမ့်နေသည်။ ဒါပေမယ့် ခါးလယ်လောက်အနက် ရောက်လာတော့ ရေက တဖြည်းဖြည်း နွေးလာသည်။ ကမ်းခြေမှ ကိုက် ၃၀–၄၀ အကွာအဝေးလောက် ရောက်တော့ ရေက အယ်လီဆင်၏ ရင်သားကို ဖုံးသွားပြီ။

"ကျွန်မ ဒီလောက်ပဲ ဆင်းနိုင်တယ်။ ရေမကူးတတ်ဘူး"

"အိုကေ"

ဂျော်ဒန်က ရေထဲနောက်ပြန် လှဲချလိုက်ပြီး အယ်လီဆင်ကို နှစ်ကြိမ်လှည့်ပတ်ကာ ပက်လက်ကူးသည်။ ထို့နောက် ကိုယ်ကို ပြန်မတ်လျက် မျက်စိများကို လက်နှင့်ပွတ်ရင်း အယ်လီဆင်ကို ပြုံးကြည့်နေသည်။ အယ်လီဆင်က ဘယ်လိုမှ တုံ့ပြန်မှုမရှိ။ သူမက စိတ်ပါပုံမရ။ စိတ်တခြား လူတခြား ရောက်နေဟန်တူသည်။ မျက်နှာက တည်တည်ကြီး ဖြစ်နေသည်။

"ဘယ်လိုဖြစ်လို့လဲ … အယ်လီဆင်"

"ကျွန်မ စိတ်ထဲက စိုးရိမ်နေသလိုပဲ။ ကျွန်မတို့က ဒီမှာ ပျော်နေကြတယ်။ ဆရာကြီးကတော့ … အခန်းထဲမှာ တစ်ယောက်တည်း ထိုင်ပြီး ဝေဒနာ ဒဏ်ခံနေရမှာပဲ။ ကျွန်မတို့ ဒီအတိုင်းနေလို့ မဖြစ်သေးဘူး ထင်တယ် … တင်"

"ငါ တတ်နိုင်သမျှ အစွမ်းကုန် လုပ်နေတာပဲ"

"ဟုတ်ပါတယ်။ ရှင်လုပ်နေတာ ကျွန်မ သိပါတယ် …တင်။ ဒါပေမယ့် ဒါလောက်နဲ့ အင်း … ဟိုဒင်း၊ ဘရူနိုတစ်ယောက်တည်းကိုပဲ အားကိုးနေလို့တော့ မဖြစ်သေးဘူးထင်တယ်။ ရှင်ပြောခဲ့သလို နောက်ဖြစ်နိုင်တဲ့ နည်းလမ်းတစ်ခုခုတော့ ရှာကြမှပဲ"

"ငါ့ကို ယုံစမ်းပါ … အယ်လီဆင်။ ဒီကိစ္စ ငါအမြဲတမ်းစဉ်းစားနေပါတယ်။ ဘာပဲလုပ်နေလုပ်နေ ခေါင်းထဲ ဒီကိစ္စကို အမြဲတမ်း ထည့်ထားပါတယ်။ နောက်ထပ် နည်းလမ်းတစ်ခုခုကို တွေ့မှာပါ စိတ်ချပါ"

"ဟုတ်တယ်။ တွေ့ကို တွေ့မှဖြစ်မယ်။ ရဲကလဲ တစ်နေ့ မပြတ် သဲသဲမဲမဲ လိုက်ရှာနေတယ်။ နောက်တစ်ပတ်လောက်ဆိုရင် ကျွန်မတို့ ဘယ်မှ ပြေးလွတ်နိုင်မှာ မဟုတ်တော့ဘူး။ အဲဒီလိုဆိုရင်တော့ … ဆရာကြီးရော၊ သူ့ရဲ့ ရှာဖွေတွေ့ရှိချက်ကြီးပါ ဆုံးရှုံးရတော့မှာပဲ"

"ကောင်းပြီလေ။ အခု တို့ပြန်ရောက်ပြီး ဒန်တီကို တွေ့အောင် ရှာကြမယ်။ လာ … သွားစို့"

www.burmeseclassic.com



နှစ်ယောက်သား ရေစပ်မှ တက်၍ ရွက်ထည်တဲဆီသို့ လျှောက်လာခိုက် တဲရှေ့တွင် အရပ်ပြတ်ပြတ် ဗလကောင်းကောင်း လူတစ်ယောက် ရောက်နေသည်ကို လှမ်းမြင်ရသည်။ ထိုသူသည် မြက်ဦးထုပ်ကို ဆောင်းထားပြီး တီပုံစွပ်ကျယ်အင်္ကျီနှင့် ရေကူးဘောင်းဘီ အနီကို ဝတ်ထားသည်။ ဂျော်ဒန်က ထိုသူကို မြင်လျှင်မြင်ချင်း ဒန်တီ ဖြစ်ကြောင်းသိလိုက်သည်။ ဒန်တီက သူ့ကို လက်မြှောက်ပြသည်။

"အဲဒါ ရှင့်မိတ်ဆွေ အသက်ကယ်လှေသမားလား"

"ဟုတ်တယ်"

"ကျွန်မ တဲထဲဝင်ပြီး အဝတ်လဲလိုက်မယ်။ ရှင်တို့ စကားပြောကြပေါ့"

သူမက ဒန်တီရှေ့မှ ဖြတ်ပြီး တဲထဲဝင်သွားသည်။ ဂျော်ဒန်နှင့် ဒန်တီတို့ လက်ဆွဲနှုတ်ဆက်ကြသည်။

ဒန်တီက တဲထဲသို့ ပခုံးပေါ်မှ လက်မနောက်ပြန် ထိုးပြလိုက်ပြီး

"ဆရာ့မိတ်ဆွေ အမျိုးသမီးကလေး ကျွန်တော်တွေ့ပါတယ်" သူက သွားဖြဲပြီး ပြုံးလိုက်ရင်း –"ဒါက နောက်အသစ်ကလေးတစ်ယောက်လား"

"ဘာမှ မဟုတ်ဘူး" ဂျော်ဒန်က ရင်းရင်းနှီးနှီး လေသံဖြင့် ပြန်ပြောလိုက်သည်။

"လုပ်ဖော်ကိုင်ဖက် တစ်ယောက်ပါ"

"ကျွန်တော် ထမင်းစားသွားနေတုန်း ဆရာ လိုက်ရှာနေတယ်ဆို"

"ဟုတ်တယ်၊ မင်းသွားတတ်တဲ့ ဆိုင်တွေလဲ ရောက်သေးတယ်"

"ကျွန်တော်က အမျိုးသမီး မိတ်ဆွေတစ်ယောက်က ဖိတ်လို့ သူ့အခန်းမှာ သွားစားနေတာပါ။ ဒီလိုနေရာမျိုးသွားစားတော့ ကြာတတ်တယ်ဆရာရဲ့"

"ဟုတ်ပါ့ကွာ ... ဟုတ်ပါ့။ ဒါနဲ့ ... ဒန်တီ၊ မင်းကို ငါတွေ့ချင်တာက သိပ်တော့ အရေးမကြီးပါဘူး။ ဒါပေမယ့် ငါစိတ်ဝင်စားတာနဲ့ မေးကြည့်ချင်လို့ပါ။ မင်းက ပိုတိုဒီလီဒိုကျွန်းမှာပဲ နေသေးသလား"

"ဟုတ်ကဲ့ ... အဲဒီမှာပါပဲ"

"ဒီတော့ အခု အရေးပေါ် ကြော်ငြာထားတော့ အဲဒီမှာ ဘယ်လိုနေသလဲ။ ဘယ်လို အရေးယူဆောင်ရွက်ထားကြသလဲ"

ဒန်တီက ဇဝေဇဝါ ဖြစ်သွားဟန်ဖြင့် –

"ဘယ်လို အရေးယူထားသလဲ ဟုတ်လား"

"ငါ မေးတာက ဗင်းနစ်မြို့က အခြေအနေမျိုး မေးတာပါ။ အဲဒီမှာက



BURMESE CLASSIC .com

www.burmeseclassic.com



ရဲတွေက မြို့ကို ဝိုင်းပြီး ဘယ်သူမှ မထွက်မဝင်နိုင်အောင် ပိတ်ထားတယ်။ မင်းတို့ နယ်မြေတစ်ဝိုက် အထူးသဖြင့် ရေလက်ကြားတစ်ဝိုက်မှာ ဘယ်လို အခြေအနေရှိသလဲလို့ မေးကြည့်တာပါ”

“အောင်မယ်လေး … မေးမနေပါနဲ့တော့ ဆရာရယ်။ ဒါမျိုး ကျွန်တော် တစ်သက်မမြင်ဖူးပါဘူး။ ရေလက်ကြားတစ်လျှောက်မှာ ရဲကင်း မော်တော်တွေ ချထားလိုက်တာ ပွတ်ခဲနေတာပဲ”

“ဒါဖြင့် အဲဒီမှာလဲ လုံးဝ ပိတ်ဆို့ထားတာပဲပေါ့”

“ဘယ်သူမှ ဖြတ်သွားလို့ မရဘူး။ လူတိုင်း လှည့်ပြန်ရတာချည်းပဲ။ ကျွန်တော်တော့ ဒီလိုလုပ် သူလျှိုတစ်ယောက်အတွက် သက်သက်လုပ်တာ မဟုတ်ဘူး ထင်တာပဲ။ သူလျှိုတွေက အများကြီးပါ။ သူတို့ဟာ သူတို့ လုပ်ချင်တာ လုပ်နေကြတာပဲ”

“ဒါပေမယ့် အခုသူလျှိုက အီတလီနိုင်ငံရဲ့ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်ကို ခိုးသွားတဲ့ သူလျှိုမို့လို့ပါ”

“မယုံပါနဲ့ ဆရာရယ်။ ကျွန်တော် သူငယ်ချင်းတစ်ယောက်က ပြောတာ သူတို့က သူခိုးတစ်ယောက် ဖမ်းချင်လို့ လိုက်ရှာနေတာပါတဲ့။ တီရှန်ဆွဲခဲ့တဲ့ ပန်းချီကား ခိုးသွားဆိုလား”

“သတင်းစာထဲမှာ သူလျှိုလို့ ရေးထားတယ်။ ဒါနဲ့ ဒီလို အခြေအနေမှာ တခြား သင်္ဘောကြီးတွေကော အဝင်အထွက် ရှိကြသေးသလား”

“မရဘူး၊ ဘယ်သူမှ မရဘူး။ ဗင်းနစ်မြို့နားကို ဘယ်သင်္ဘောမှ မကပ်ရဘူးလို့ အမိန့်ထုတ်ထားတယ်။ ဒါပေမယ့် ကမ်းခြေရေအိုင်ထဲမှာ အပြင်သင်္ဘောတစ်စင်းရှိတယ်လို့တော့ ပြောသံကြားတယ်။ အဲဒါက ဒီမှာလာပြင်တဲ့ ဂရိသင်္ဘောတစ်စင်းပါ။ နောက်အပတ်ဆိုရင် ပြန်ထွက်လိမ့်မယ်။ ခရီးသည်တွေဆိုရင် သင်္ဘောပေါ်မှာပဲ နေကြရတယ်။ ဘယ်မှ ထွက်ခွင့်မရဘူး။ သင်္ဘောအရာရှိတွေ တချို့လောက်ပဲ နည်းနည်းပါးပါး ထွက်ခွင့်ပြုတယ်”

ဂျော်ဒန်က နောက်ဆုံးအချက်ကို အလေးအနက် စဉ်းစားသည်။ နောက်အပတ်တွင် ဂရိသင်္ဘောတစ်စင်း ထွက်မယ်တဲ့။

ဒါပေမယ့် သင်္ဘော အရာရှိတချို့ကလွဲပြီး ဘယ်သူမှ သင်္ဘောပေါ်က မဆင်းရဘူး။ ဒီလိုဆိုရင် ပါမောက္ခကြီးကို သင်္ဘောပေါ် ခိုးတင်ဖို့ မလွယ်ပါလား။ ဒါပေမယ့် ဒီအချက်ကို ခေါင်းထဲတော့ ထည့်ထားရမယ်။ လိုသော်ရှိ မလိုသော်ရှိပေါ့။

“ကောင်းပြီ ဒန်တီ၊ ဒါလောက်ဆိုရင် တော်ပါပြီ။ ငါက ငါ့မိတ်ဆွေအမျိုးတွေကို ပင်လယ်ထဲ လျှောက်ပြချင်လို့ မေးကြည့်တာပေါ့။ ပိုတိုဒီလီဒို



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်းဖြတ်ပြီး သွားကြည့်မလားလို့။ ဒီအတိုင်းဆိုရင်တော့ မဖြစ်တော့ဘူးပေါ့' သူက အေဒရီအာတစ် ပင်လယ်ဘက်သို့ မေးထိုးပြရင်း 'ဒီကမ်းခြေကနေပြီး အပြင်ထွက်သွားရင် ပြောတာပါ"

"မရဘူး ... ဆရာ။ ဝေးဝေးသွားလို့ မရဘူး။ လက်နက်ကိုင်ရဲတွေ တင်းကြမ်းပြည့်စောင့်နေကြတယ်။ သူတို့ ရိုင်ဖယ်တွေကလည်း ပစ်မလွဲ မှန်ပြောင်းတွေ တပ်လို့ ချည်းပဲ" သူက ပခုံးကို တစ်ချက်တွန့်လိုက်ပြီး "မလွယ်ဘူး ဆရာ၊ ကျွန်တော်တို့ ဗင်းနစ်မြို့ကတော့ အကျဉ်းထောင်လို ဖြစ်နေပါပြီ"

"မင်း ပြောတဲ့အတိုင်းပါပဲ။ အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် ဒန်တီ။ ဒီတော့ ငါလည်း ဗင်းနစ်အကျဉ်းထောင် ပြန်ရုံပဲပေါ့"

"ကျွန်တော်လဲ အလုပ်ပြန်ဝင်ရဦးမယ်။ နောက်မှ တွေ့ကြသေးတာပေါ့"

ဒန်တီ ပြန်ထွက်သွားသည်။ ဂျော်ဒန်၏စိတ်က ပါမောက္ခကြီးဆီ ပြန်ရောက်သွားသည်။

ဒေါက်တာ စကာပါဆီမှာ ထားပစ်ခဲ့တာ ဘယ်လိုများ ဖြစ်နေပြီလဲ။

သူက ချက်ချင်းပင် သိလိုက်သည်။ သေသေချာချာ သိလိုက်ပြီ။

တကယ်တော့ ဗင်းနစ်တစ်မြို့လုံးမှာ ဒေါက်တာ စကာပါလောက် စိတ်မချရတဲ့သူ တခြားဘယ်သူများ ရှိပါဦးမည်နည်း။

*

ရီးရယ်လတိုတံတားမှ များစွာမဝေးသော မြို့တော်ဝန် အက္ကာဒီ၏ တိုက်အိမ်ကြီး ရီနေးဆန့်ခေတ် ပုံစံအတိုင်း ဆောက်လုပ်ထားသဖြင့် ကြီးကျယ်ခမ်းနားလှသည်။

ဒေါက်တာစကာပါသည် ထိုအိမ်ကြီး၏ လှပကျယ်ဝန်းသော အပေါ်ထပ် အိပ်ခန်းဆောင်ထဲသို့ ရောက်ရှိနေသည်။ သူသည် လောလောဆယ်တွင် မြို့တော်ဝန်ကတော် မာဂေ့အက္ကာဒီအား စစ်ဆေးစမ်းသပ်ပြီး၍ နားကျပ်ကို လက်ကိုင်သားရေအိတ်ကလေးထဲသို့ ထည့်နေသည်။

"ဒီလိုဆိုရင် ကျွန်မ မသေနိုင်သေးပါဘူး ... နော် ဒေါက်တာ" မာဂေ့ အက္ကာဒီသည် ပက်လက်လှန် ခေါက်ကုလားထိုင်ကြီးပေါ်မှ လေးလေးလံလံ ထထိုင်လိုက်ပြီးနောက် .... "နောက်ဆုံး ... ကျွန်မ ... တုပ်ကွေး"

"မဟုတ်ပါဘူး။ တုတ်ကွေး မဟုတ်ပါဘူး ... မာဂေ့" ဒေါက်တာ စကာပါက စိတ်မရှည်သံဖြင့် ပြောလိုက်သည်။ "ခင်ဗျားကို ကျုပ်ပြောပြီးပြီပဲ။ အဆုတ်ထဲ နည်းနည်း အအေးဝင်သွားတာကလေးပါ။ နည်းနည်းတော့ ကသိကအောက် ဖြစ်မယ် ... ဒါပေမယ့် အပြင်တော့ မထွက်ပါနဲ့။ အိမ်ထဲမှာပဲ နေ



BURMESE CLASSIC .com

www.burmeseclassic.com



ပါ။ နွေးနွေးထွေးထွေးနေပါ။ အရည်ကို များများသောက်ပေး။ နောက်နှစ်ရက် သုံးရက်ဆိုရင် ခင်ဗျား အကောင်းပကတိ ဖြစ်သွားမှာပါ"

"ကျွန်မ ဘာဆေးတွေ သောက်ရဦးမှာလဲ"

"မလိုပါဘူး … အပိုအလုပ်တွေ လုပ်မနေပါနဲ့။ ကျုပ်ပြောတာသာ လုပ်ပါ။ အရည်များများသောက်ဖို့ပဲ အရေးကြီးတယ်"

စင်စစ် ဒေါက်တာ စကာပါသည် လူနာအတွက် မလိုအပ်ဘဲနှင့် ဆေးထိုးဆေးတိုက်လုပ်တာမျိုးကို လုံးဝ ယုံကြည်သူမဟုတ်။ သူက လူခန္ဓာကိုယ်ထဲရှိ တုံ့ပြန်တိုက်ခိုက်နိုင်သော သဘာဝစွမ်းအားများကို ယုံကြည်သူဖြစ်သည်။ အထူးသဖြင့် သာမန် နေမကောင်းထိုင်မသာ ရောဂါကလေးများအတွက် ဆေးစားဆေးထိုးစရာမလိုဘဲ အစာဖြင့် သက်သောင့်သက်သာ ကုသလျှင် လွယ်လွယ်ကူကူ ပျောက်ကင်းနိုင်သည်ဟု ခံယူထားပြီး၊ ယင်းအတိုင်း လက်တွေ့ကျင့်သုံးနေသူလည်း ဖြစ်သည်။

ဒေါက်တာက သားရေအိတ်ကို ပြန်ပိတ်ပြီး မြို့တော်ဝန်ကတော်ကို ကြည့်လိုက်သည်။ သူမသည် တံခါးဝရှိ လူခေါ်ခေါင်းလောင်းကြိုးဆီသို့ ကယိုင်ကပါးနှင့် လျှောက်သွားနေသည်။

အနာဂတ်တွင် မြို့တော်ဝန် ဖြစ်လာမည့် အင်္ကာဒီနှင့် သူမတို့ လက်ထပ်ခဲ့ကြသည့်ကာလကို ဒေါက်တာ စကာပါက သွား၍ သတိရမိသည်။ ထိုစဉ်က မာဂေ့မှာ သွယ်သွယ်နှောင်းနှောင်းနှင့် ရုပ်ရှည်ချောမောပြီး ပြဇာတ်မင်းသမီးဖြစ်ရန် ကြိုးစားနေသော မိန်းကလေးတစ်ဦးဖြစ်သည်။ သီချင်းဆိုရင် အရူးအမူးဝါသနာပါပြီး စားလိုက်၊ အိပ်လိုက်၊ ဈေးဝယ်လိုက်ဖြင့် ခြေမွေးမီးမလောင် လက်မွေးမီးမလောင် အေးအေးလူလူ နေလာခဲ့ရသူဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀ နှစ်အတွင်း သူမသည် ကိုယ်အလေးချိန်အလွန်အမင်း တိုးလာခဲ့သည်။ မေးစေ့လည်း တစ်လုံးမက နှစ်လုံးဖြစ်လာခဲ့သည်။

"အရည်ဆိုလို့ ကျွန်မတို့ အခုပဲ သောက်လိုက်ကြရအောင်လား" သူမက ခေါင်းလောင်းကြိုးကိုဆွဲရင်း ပြောသည်။

"အန်နာကို လက်ဖက်ရည် အဆင်သင့်လုပ်ထားဖို့ ကျွန်မ ပြောထားပြီးပါပြီ။ လက်ဖက်ရည်သောက်ရင်း ခဏတော့ ထိုင်နိုင်ပါသေးတယ်နော် … ဒေါက်တာ"

ဒေါက်တာ စကာပါက မသိမသာ သက်မတစ်ချက်ချသည်။ အခုလို သူတို့အိမ်သို့ လူနာလာကြည့်သောအခါတိုင်း လက်ဖက်ရည်နှင့် အတင်းအဖျင်းမှာ မရှောင်မလွဲနိုင်သော၊ တစ်ခုနှင့်တစ်ခု ခွဲမရသော နိယာမ လုပ်ငန်းတစ်ရပ်လို ဖြစ်နေသည်။ ဒေါက်တာက ကုလားထိုင်ကို နေရာရွှေ့ထိုင်လိုက်

www.burmeseclassic.com



သည်။ မာဂေ့ါအက္ကာဒီက ပြန်လျှောက်လာပြီး ပက်လက်ကုလားထိုင်တွင် ပြန်ထိုင်သည်။ ထို့နောက် ထုံးစံအတိုင်း အတင်းအဖျင်း ပြောတော့သည်။ လက်ထောက်မြို့တော်ဝန် ဆန်တင်၏ မိန်းမသည် သူမထက် အသက် ၂၀ တိတိငယ်သော အရက်စပ် ဆရာကလေးနှင့် ဖောက်ပြန်နေကြောင်း သူမက စတင်ပြောသည်။

မကြာမီတွင် တွန်းလှည်းကလေးနှင့် လက်ဖက်ရည်ပွဲ ဝင်လာသည်။ ဒေါက်တာ စကာပါက တွန်းလှည်းပေါ် လှမ်းကြည့်လိုက်တော့၊ လက်ဖက်ရည်အိုး သေးသေးကလေးနှင့် ချောကလက်ကိတ်မုန့်တွေ တစ်ပုံကြီး။

မာဂေ့ါက အတင်းအဖျင်း အဆုံးသတ်ပြီး သူမ ပန်းကန်ထဲသို့ လက်ဖက်ရည်ထည့်သည်။ ပြီးတော့ ချောကလက်ကိတ်မုန့်ကို ပလုတ်ပလောင်း စားသည်။ ဒီအချိန်မှာ ခေါင်းစဉ်ပြောင်းလိုက်မှ ဖြစ်လိမ့်မယ်ဟု ဒေါက်တာ စကာပါက တွေးမိသည်။ သို့ဖြင့် .... "ဒါနဲ့ ... စကားမစပ် မြို့တော်ဝန်မင်း အခြေအနေ အဆင်ပြေပါရဲ့လား" သူက ယဉ်ယဉ်ကျေးကျေး မေးလိုက်သည်။ သူကြေညာထားတဲ့ အရေးပေါ် အခြေအနေတွေ ပြေလည်ရဲ့လား"

"ကျွန်မလဲ အခုပဲ အဲဒီအကြောင်းပြောမလို့ စဉ်းစားမိတာ။ ကျွန်မတို့ နှစ်ယောက် အမြင်ပေါက်နေကြပြီ ထင်တယ် ... ဟင်း ... ဟင်း"

"ဒီကိစ္စကြောင့် တစ်မြို့လုံး အကျပ်ရိုက်နေရတာကတော့ ပြဿနာပဲ"

မာဂေ့၏မျက်နှာ လန်းဆန်းသွားသည်။ သူမက ကုလားထိုင်ကို ရှေ့သို့ရွှေ့ထိုင်ပြီး လေသံတိုးတိုးဖြင့် ပြောသည်။

"ဒါပေမယ် ... ပြဿနာက လူတိုင်းထင်သလို မဟုတ်ဘူး ...ဒေါက်တာရဲ့။ ဒီကိစ္စက သိပ်ပြီး အရေးကြီးတဲ့ ကိစ္စ။ တကမ္ဘာနဲ့ ချီပြီး အရေးကြီးတဲ့ ကိစ္စ" သူမက အသံပို၍ တိုးသွားပြီး "ဒါ ... အတွင်းရေးလျှို့ဝှက်စကားလို့ သဘောထားပါ ဒေါက်တာ။ ကျွန်မကတော့ ဒေါက်တာ့ကိုပဲ ယုံကြည်တယ်။ ပြီးတော့ ... ဒေါက်တာက ကျွန်မရဲ့ မိသားစု ဒေါက်တာလဲ ဖြစ်နေတယ် မဟုတ်လား"

"ကျုပ်ကို ယုံပါ ... မာဂေ့ါ"

ဒေါက်တာက သိပ်ပြီး အရေးမကြီးသလို လေသံဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်မ ယုံပါတယ် ဒေါက်တာ။ ဒီကိစ္စကို ကျွန်မ တစ်ယောက်ယောက်ကို ပြောချင်နေတာ ပါးစပ်ကို ယားနေတာပဲ သိလား။ ဘာကိစ္စလဲ ဒေါက်တာ စဉ်းစားမိရဲ့လား" သူမက ဟန်ပါပါဖြင့် ခဏ ရပ်နေလိုက်ပြီးတော့

www.burmeseclassic.com



မှ "ဒီလို ... ဒေါက်တာရဲ့။ တကယ်တော့ ကတ်ထရန်းနဲ့ သူ့ရဲတွေ သူလျှို လိုက်ဖမ်းနေတာကြောင့် တစ်မြို့လုံး ပိတ်ထားရတာ မဟုတ်ဘူး။ အမှန်က ဘာသူလျှိုမှ မရှိပါဘူး"

"ဩော် ... တကယ်မရှိဘူး ... ဟုတ်လား"

"ဟုတ်တယ် ... ဘာသူလျှိုမှ မရှိဘူး။ သူတို့က တမင်လိမ်ထားကြတာပါ။ အဖြစ်မှန်ကို လူတွေမသိအောင် တစ်ဖက်လှည့်နဲ့ လိမ်ထားကြတာ။ ဒီမြို့ထဲမှာ တိမ်းရှောင်နေတဲ့ လူတစ်ယောက်တော့ ရှိတယ်။ အဲဒီလူကို သူတို့ လိုက်ဖမ်းနေကြတာ။ ဒါပေမယ့် အဲဒီလူက သူလျှို လုံးဝ မဟုတ်ဘူး။ တကယ်တော့ သူက ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး"

ဒေါက်တာ စကာပါက အံ့အားသင့်သလို အမူအရာပြလိုက်သည်။ တကယ်တော့ သူ့ဆေးခန်း၌ ဂျော်ဒန်ထားပစ်ခဲ့သူမှာ သိပ္ပံပညာရှင်တစ်ဦး ဖြစ်ကြောင်း သူသိထားပြီ မဟုတ်လား။ ဂျော်ဒန်ပြောတဲ့အတိုင်း မှန်နေပြီဆိုတာ အခိုင်အမာ သိရ၍ သူက ဝမ်းသာသွားသည်။ ထို့ကြောင့် သူက –

"ဟင် ... သိပ္ပံပညာရှင်ကြီး ဟုတ်လား"

"သိပ္ပံပညာရှင်မှ သာမန်သိပ္ပံရှင်မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုဖြစ်ရပ်မျိုး ဒေါက်တာ့တစ်သက် လုံးဝ ကြားဖူးမှာ မဟုတ်ဘူး။ အဲဒီသိပ္ပံပညာရှင်နာမည်က ပါမောက္ခဒေးဗစ်မက္ကဒေါ်နယ် တဲ့။ သူက ... ဇရာ တားဆီးရေး ပညာရှင်ကြီး"

"သက်ကြီးရောဂါဗေဒပညာရှင်ကို ပြောတာလား"

"မဟုတ်ဘူး ... အဘိုးကြီး အဘွားကြီးတွေနဲ့ ဆိုင်တဲ့ ရောဂါကို လေ့လာတဲ့ ပညာရှင် မဟုတ်ဘူး။ ကျွန်မ ပြောတာက ဇရာ တားဆီးရေး ပညာရှင်ကို ပြောတာ။ လူတွေ အသက်ရှည်စေနိုင်တဲ့ ဆေးနည်းကို လေ့လာနေတဲ့ သိပ္ပံပညာရှင်မျိုးကို ပြောတာ။ အခု သူ အဲဒီဆေးနည်းတွေ့ပြီးပြီ။ အဲဒီ ပါမောက္ခမက္ကဒေါ်နယ်က အဲဒီဆေးနည်းကို ရှာဖွေတွေ့ရှိပြီးပြီ။ ကျွန်မတို့ လူသားတွေ အသက် ၁၅၀ အထိ နေနိုင်တဲ့ ဆေးနည်းကို သူတွေ့ပြီးပြီ"

ဒေါက်တာ စကာပါ၏ အမူအရာသည် တည်ငြိမ်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဘယ်နှယ့် ဘယ်နှယ့် ပြောတယ် ... မာဂေ့။ ခင်ဗျား ပြောတာ ကျုပ်ကောင်းကောင်း မရှင်းလိုက်ဘူး။ ခဏ ... ခဏ ... ပြန်ပြောစမ်းပါဦး"

"ဘာကို ပြန်ပြောရမှာလဲ။ သူ့ရှာဖွေတွေ့ရှိမှုကိုလား"

"အဲဒီ ပုဂ္ဂိုလ်က လူတွေ အသက် ၁၅၀ ရှည်စေတဲ့ဆေးနည်း တွေ့ရှိတဲ့အကြောင်းကိုပေါ့။ ဒါက လုံးဝ မဖြစ်နိုင်တဲ့ ကိစ္စပဲ"



BURMESE CLASSIC .com

www.burmeseclassic.com



"မယုံမရှိပါနဲ့ ... ဒေါက်တာ။ ကျွန်မ ပြောတာ အမှန်ပဲ။ မှန်တာမှ သွေးထွက်အောင် မှန်တာ။ ကျွန်မ ယောကျာ်းက ကျွန်မကို အားလုံး ပြောပြပြီးပြီ"

"သူ့ကို ဘယ်သူက ပြောတာလဲ"

"ရှရှတွေက ပြောတာ။ အဲဒီ ပါမောက္ခမက္ကဒေါ်နယ်က ရှရှမှာ သုတေသန လုပ်ရင်းက ဒီဆေးနည်းကို ရှာဖွေတွေ့ရှိတာ။ သူက အင်္ဂလိပ် ဆိုလား၊ အမေရိကန်ဆိုလားပဲ။ သူက သူ့တွေ့ရှိချက်ကို ရှရှတွေကို မပေးချင်ဘူး။ ဒါကြောင့် ထွက်ပြေးလာတာ။ ဗင်းနစ်မြို့ကို ထွက်ပြေးလာတယ်။ ဒါနဲ့ ရှရှတွေက ကျွန်မတို့ဆီက အာဏာပိုင်တွေကို အကြောင်းကြားပြီး ပါမောက္ခကြီးကို ပြန်ဖမ်းဖို့ ကြိုးစားတယ်။ သူတို့က သူ့ကို ရှရှပြန်ခေါ်သွားပြီး အဲဒီဆေးနည်းကို သူတို့ အပိုင်ယူမယ်။ အဲဒါ... ကျွန်မတို့ကိုပဲ အသက်ရှည်အောင် အဲဒီဆေးထိုးပေးမယ်တဲ့ ... သူတို့က အဲဒီလိုပြောတယ်တဲ့"

ဒေါက်တာ စကာပါသည် လက်ဖက်ရည်ခွက်ကို ကိုင်ထားရင်း လက်တုန်နေသည်။

"ဒါဖြင့် ကျွန်တော်တို့ အသက်နှစ်ဆရှည်အောင် လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ် ဒီမှာ ရောက်နေပြီပေါ့"

"ဒါပေါ့ ... သူ့ကို ကျွန်မတို့ ဖမ်းမိရင် ကျွန်မတို့ အသက်ရှည်ဆေး ထိုးလို့ ရပြီပေါ့။ ကျွန်မ ယောကျာ်းက အဲဒီလိုပဲ ပြောတယ်။ အဲဒါဆိုရင် ဘယ်လောက်ကောင်းလိမ့်မလဲ ... နော်"

"ကောင်းမယ် ဟုတ်လား" ဒေါက်တာ စကာပါက သဘောကျ သလို ပြန်မေးလိုက်သည်။ သူ့စိတ်ထဲတွင် အတော်ကြီး ကသိကအောင့် ဖြစ်သွားသဖြင့် ချက်ချင်း ထပြန်ချင်စိတ် ပေါ်လာသည်။ သူက ထိုင်ရာမှ ထလိုက်ပြီး "အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ် ... မာဂေ့။ ကျုပ်အပေါ် ယုံယုံကြည်ကြည် ပြောပြတာကို ကျေးဇူးအများကြီးတင်ပါတယ်"

"ဒီကိစ္စ ဘယ်သူမှ ပြောလို့ မဖြစ်ဘူးနော် ... ဒေါက်တာ"

"ကျုပ်ကို ယုံပါ။ ကိုင်း ... ဒီတော့ ကျုပ်ကို ပြန်ခွင့်ပြုပါဦး။ ဆေးခန်း မြန်မြန် ပြေးလိုက်ဦးမယ်။ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိလို့ပါ။ ဒီညနေ အလွန် အရေးကြီးတဲ့ လူနာတစ်ယောက်ရဲ့ ချိန်းထားလို့ပါ"

*

လီဒိုကျွန်းမှ မော်တာနှင့် ပြန်လာကြပြီး ဒင်နီယယ်ဟိုတယ်ရှေ့မှ ကူးတို့ဆိပ်တွင် ဆင်းကြသည်။ ထို့နောက် ... အစောင့်ရဲတွေ ရှေ့မှ ဖြတ်၍ ဟိုတယ်ထဲ ဝင်လာခဲ့ကြသည်။

www.burmeseclassic.com



ပါမောက္ခ မက္ကဒေါ်နယ်အား ညစာကျွေးရန် မသွားခင် အယ်လီဆင်က ရေမိုးချိုးပြီး တစ်မေးလောက် မေးလိုက်ချင်သေးသည်။ ကျော်ဒန်ကတော့ ပါမောက္ခကြီးအတွက် ထမင်းဝယ်ဖို့မသွားခင် စာတိုက်ပုံးသွားကြည့်ချင်သေးသည်။ ဘရူနိုဆီက စာကလေးများ ရောက်ချင်ရောက်နေတတ်သည်။

စာတိုက်ပုံးတွင် တခြားစာတော့ မတွေ့ရ။ မာရီဆာထံမှ တယ်လီဖုန်း သတင်းတိုကလေး သုံးစောင်သာ တွေ့ရသည်။ သုံးစောင်စလုံးတွင် **"ရုံးသို့ အမြန်လာ အရေးကြီးသည်"** ဟူ၍ ရေးထားသည်။

ဘာကိစ္စများ ဒီလောက် အရေးကြီးနေရတာလဲ။ တခြားကိစ္စတော့ မဖြစ်နိုင်။ ဘရူနိုဆီက သတင်းတစ်ခုခု ရထားလို့ပဲ ဖြစ်မည်။

သို့ဖြင့် ... အယ်လီဆင်အား ညနေ ၅ နာရီခွဲတွင် ပါမောက္ခကြီး ထံသွားရန် လာခေါ်မည်ဟု ပြောခဲ့ပြီး ဟိုတယ်မှ ထွက်လာခဲ့သည်။ လမ်းမပေါ် ရောက်တော့ ပါမောက္ခကြီးအတွက် ညစာသွားမဝယ်မီ ရုံးသို့ အလျင်သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

အထွေထွေရုံးချုပ် ဒုတိယထပ်ကို တက်လာခဲ့ပြီး ဆင်ဝင်ဆောင် ရောက်တော့ အစောင့်များကို နှုတ်ဆက်ပြီးနောက် အတွင်းရေးမှူး စာရေးမ အခန်းထဲ ဝင်လာခဲ့သည်။

"ဂလိုရီယာ၊ မာရီဆာကို ငါ ပြန်ရောက်နေပြီလို့ ပြောလိုက်စမ်းပါ"

ထို့နောက် သူ့ရုံးခန်းထဲလာခဲ့ပြီး စားပွဲတွင် ဝင်ထိုင်လိုက်သည်။

ချက်ချင်းပင် မာရီဆာ ဝင်လာသည်။

သူက မာရီဆာကို အကဲခတ်ကြည့်ရှုနေသည်။

တော်တော် ဆွဲဆောင်မှုရှိတဲ့ သူငယ်မပဲ။ ဒါပေမယ့် အယ်လီဆင် လောက်တော့ ဆွဲဆောင်မှု မရှိ။ မာရီဆာက သူ့အတွက် ရိုးသွားပြီ။ အယ်လီဆင်ကတော့ သစ်ဆန်း နေသည်။

မာရီဆာက စားပွဲကိုပတ်လာပြီး သူ့ကို တစ်ချက်နမ်းလိုက်သည်။ ထို့နောက် သူမက အလုပ်သဘောဆန်သော အမူအရာဖြင့် – "ဒါနဲ့ ... ရှင်က ဒီလောက်တောင် ကြက်ပျောက်ငှက်ပျောက် ဘယ်များ ပျောက်နေတာလဲ"

"ငါ အလုပ်နည်းနည်းများနေလို့ပါ"

"ဒါပေမယ့် ဒီက ရှင့်အလုပ်တွေက ပိုပြီး အရေးကြီးတယ်။ တချို့ကိစ္စတွေ ကျွန်မ ဘာမှ မလုပ်တတ်ဘူး။ ကျွန်မ တယ်လီဖုန်းဆက်တဲ့ ညက တည်းက ရှင့်ကို မမြင်ရတာ အခု ဘယ်နှစ်ရက်ရှိပြီလဲ"

"ဒါတော့ ဟုတ်ပါတယ်။ ပါရီကို ပို့ရမယ် ငါ့မိတ်ဆွေအတွက် ခဏ ပုန်းနေဖို့ နေရာလိုက်ရှာနေရလို့ပါ"

www.burmeseclassic.com



"ရှင်ပြောတာ တကယ်အမှန်ပဲလား"

"မှန်ပါတယ်။ ဒါနဲ့ 'အမြန်လာပါ။ အရေးကြီးသည်' ဆိုတာတွေက ဘာတွေလဲ။ ငါကတော့ ဘရူနိုကိစ္စပဲလို့ ထင်နေတာ၊ ဒီတော့ လုပ်စမ်းပါဦး။ ဘရူနိုဆီက ဘာသတင်းများရသလဲ"

"အဲဒီကိစ္စ ကျွန်မ ဘာမှမသိဘူး။ သိလဲ မသိချင်ဘူး။ ကျွန်မနဲ့ လဲ ဘာမှမဆိုင်ဘူး။ ဒါက ရှင့်ကိုယ်ရေးကိုယ်တာပဲ မဟုတ်လား။ ဘရူနို မျက်နှာ မမြင်ရတာ နှစ်ရက်ရှိပြီ။ အိမ်ရောက်တော့လဲ တစ်ယောက်တစ်ချိန်စီ ဖြစ်နေကြတယ်။ သူက ရဲတွေနောက်လိုက်ပြီး တစ်နေကုန် တစ်နေခန်း အလုပ်များနေတာ ဖြစ်မှာပေါ့"

"ဒီတော့ ဘာကိစ္စကြောင့် အရေးတကြီး ဖုန်းခေါ်ရတာလဲ"

"ကိုယ့်ကိုယ်ကိုလဲ ပြန်စဉ်းစားကြည့်ပါဦး တင်။ ရှင့်မှာ အလုပ်ရှိတယ်။ တာဝန်ရှိတယ်။ ရှင်ဟာ 'ဗင်းနစ်မြို့ ကယ်တင်ရေးအဖွဲ့' အတွက် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်။ ဒီမှာက လုပ်စရာတွေ တစ်ပုံကြီး။ ရှင်မလာလို့ မဖြစ်တဲ့ လုပ်ငန်းတွေ ရှိနေတယ်"

"ဟုတ်ပါပြီလေ။ ကဲ … အရေးတကြီး လုပ်စရာတွေ ဘာတွေရှိသလဲ၊ ပြောစမ်းပါဦး"

"လောလောဆယ် အရေးကြီးတာက ရှုလာမိုးကိစ္စပဲ"

"ဟိုပင်တိုင်ဆောင်းပါးရှင်ကို ပြောတာလား"

"ဟုတ်ပါတယ်။ ဒီပုဂ္ဂိုလ်က အမေရိကမှာ အတော်နာမည်ကြီးတဲ့ သတင်းစာဆရာတစ်ယောက်ဆိုပဲ။ သူပြောပြလို့ ကျွန်မ သိရတာ။ သူက အမေရိကန် သတင်းဖြန့်ချိရေး ဆင်ဒီကိတ်မှာ လုပ်နေတယ်တဲ့။ အဲဒီဆင်ဒီကိတ်က တစ်ဆင့် သူ့ဆောင်းပါးတွေကို နေ့စဉ် သတင်းစာပေါင်း ၁၄၀၀ မှာ ဖော်ပြနေတာတဲ့။ သူကတော့ သူအကြီးဆုံးပဲလို့ ပြောတာပဲ"

"ဟုတ်ပါတယ်။ သူ အကြီးဆုံးပါပဲ"

"သူ ဒီနေ့မနက်တောင် ရောက်လာသေးတယ်။ ရှင့်ကို တွေ့ချင်လို့တဲ့၊ ရှင့်ကို ဘယ်ဆက်ရမှန်းမသိလို့ ကျွန်မပဲ ဧည့်ခံတွေ့ဆုံလိုက်တယ်။ သူက ဘူခါရက်ကို သွားရင်း ဗင်းနစ်မြို့ကို တစ်ရက်ဝင်နားတာတဲ့။ အဲဒါ အရေးပေါ် ပြဿနာနဲ့ ဝင်တိုးနေလို့ ပြန်ထွက်လို့မရဘဲ ဖြစ်နေတာ။ ဒီရောက်နေတုန်း ဆောင်းပါးရေးစရာ ရေးကွက်ရှာတော့ 'ဗင်းနစ်မြို့ ကယ်တင်ရေးအဖွဲ့' အကြောင်းကို တစ်ယောက်ယောက်က ပြောလို့ သိရတာနဲ့ ဆောင်းပါးရေးချင်လို့ လာခဲ့တာတဲ့'

"ဒီတော့ရှုလာမိုးက တို့လုပ်ငန်းအကြောင်းဆောင်းပါးရေးမလို့ပေါ့'"



BURMESE CLASSIC .com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါက လွယ်တော့ မလွယ်ဘူး။ သူက လေမှုတ်ဆည်ကြီး လည်ပတ်နေတာကို ကိုယ်တိုင်ကိုယ်ကြသွားကြည့်ချင်တယ်။ ကျွန်မက အဲဒါတော့ မဖြစ်နိုင်ဘူး။ ဆည်ကြီးက တကယ် မလည်ပတ်သေးဘူးလို့ ပြောလိုက်တယ်။ ဘာဖြစ်လို့ မလည်သေးတာလဲဆိုပြီး သူက သိချင်နေတာ။ အဲဒါ ရှင့်ဆီက အဖြေကို သူသိချင်လို့တဲ့"

"မင်း ပြောပြလိုက်လဲ ပြီးတာပါပဲ"

"ကျွန်မပြောပြလို့ ဘယ်ဖြစ်မလဲ။ ရှင့်လို တာဝန်ရှိတဲ့ပုဂ္ဂိုလ် တစ်ယောက်က ပြောပြမှဖြစ်မှာပေါ့။ ဒါပေမယ့် ကျွန်မကတော့ ကျွန်မသိသလောက် ပြောပြလိုက်ပါတယ်။ ဆည်ကြီးကို အကြိမ်ကြိမ် စမ်းသပ်ကြည့်ပြီးပြီလို့ ပြောပြလိုက်တယ်။ ပြီးတော့ ကျွန်မတို့မှာ ဆည်ကြီးတစ်ခုလုံးနဲ့ ပိုတိုဒီလီဒိုကျွန်းပတ်ဝန်းကျင်ဒေသတွေ ပါဝင်တဲ့ ရုပ်လုံးပုံစံလုပ်တာ ရှိတယ်ဆိုတာလဲ ပြောလိုက်တယ်။ သူက ဆည်ကြီး တကယ်လည်ပတ်နေတာ ကြည့်ပြီး ဓာတ်ပုံရိုက်ယူချင်သတဲ့။ ဒါမှ ဆောင်းပါးရေးလို့ ကောင်းမယ်ဆိုပြီး ပြောတယ်။ ဒါဟာ ကျွန်မတို့အတွက် အခွင့်အရေးပဲ တင်။ တစ်ကမ္ဘာလုံးက သိအောင် ကြော်ငြာပေးသလို ဖြစ်သွားလိမ့်မယ်။ အဲဒါကြောင့် ကျွန်မတော့ ဒီအခွင့်အရေး လက်လွှတ် မခံသင့်ဘူးလို့ စဉ်းစားမိတာပဲ"

"ဟုတ်ပါတယ်။ ဒါဟာ ရခဲတဲ့ အခွင့်အရေးပဲ။ ဒါပေမယ့် တစ်မြို့လုံး ပိတ်ထားတာ သူလဲသိသားပဲ။ ဘယ်လိုလုပ်ပြီး သွားကြည့်လို့ ဖြစ် မတဲ့လဲ"

"အဲဒါ ကျွန်မလဲ သိပါတယ်။ ဒါပေမယ့် ဒီကိစ္စ ကျွန်မကြည့်လုပ်လိုက်တယ်"

"အင်း ... တယ်ဟုတ်ပါလား။ ပြောစမ်းပါဦး၊ ဘယ်လိုများ ကြည့်လုပ်လိုက်လို့လဲ"

"ကျွန်မ ... လက်ထောက်မြို့တော်ဝန် ဆန်တင်ဆီ ဖုန်းဆက်တယ်။ ဒီကိစ္စဟာ ကျွန်မတို့ အဖွဲ့အတွက်ရော၊ ဗင်းနစ်မြို့အနေနဲ့ရော ဂုဏ်တက်မယ့် အလုပ်ဖြစ်လို့ အခွင့်အရေးရခိုက်ဖြစ်အောင် ဆောင်ရွက်သင့်တယ်လို့ သူ့ကို ကျွန်မပြောပြတယ်။ ဒါနဲ့သူက ဗိုလ်မှူးကြီး ကတ်ထရန်နဲ့ ဖုန်းဆက်ပြီး စကားပြောတယ်။ ပြီးတော့ ကျွန်မကို ပြန်ဆက်တယ်။ သူတို့က ရှင့်ကိုလဲ သိတယ်၊ ကျွန်မကိုလဲ သိတယ်။ သူတို့က ရှုလာမိုးအကြောင်းကိုလဲ စုံစမ်းကြည့်ကြတယ်။ ဒီပုဂ္ဂိုလ်က တကယ့်နာမည်ကျော် သတင်းစာဆရာ ဖြစ်တယ်ဆိုတာ သိသွားကြတယ်။ အဲဒါနဲ့ ... အထူးအခွင့်အရေးအနေနဲ့ သူ့ကို ကျွန်မတို့က ဆည်ကြီးကို လိုက်ပြဖို့ သူတို့က ခွင့်ပြုလိုက်ကြတယ်"



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်၏ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားသည်။ သတင်းစာဆရာ ရှုလာမိုးကို မြို့ပြင် ခေါ်သွားခွင့်ရလျှင် ပါမောက္ခ မက္ကဒေါ်နယ်ကိုပါ သူတို့နှင့် အတူ ခေါ်သွားလို့ ဖြစ်နိုင်သည်ဟု သူ ချက်ချင်း စဉ်းစားလိုက်မိသည်။ မာရီဆာက ဆက်ပြောသည်။

"ဒါပေမယ့် ကျွန်မတို့ သက်သက်တော့ သွားခွင့်မရဘူး။ သူတို့က ရဲ အစောင့်အရှောက် နှစ်ယောက် ထည့်ပေးမယ်တဲ့"

ဂျော်ဒန် အတော်ကလေး စိတ်ဓာတ်ကျသွားပါသည်။ ပါမောက္ခ မက္ကဒေါ်နယ်ကို ခေါ်သွားဖို့ မလွယ်တော့။

"ကောင်းပြီလေ။ အဲဒီတော့ ဘယ်တော့ လုပ်ငန်းစမှာလဲ။ ဘယ်နေ့ သွားကြည့်ကြမလဲ"

"သန်ဘက်ခါ သွားမယ်။ မနက် ၉ နာရီ။ ကျွန်မ ကားလဲ စီစဉ် စားပြီးပြီ"

ဂျော်ဒန်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး –

"ငါ့မှာ မနက်ဖြန်မှာရော၊ သန်ဘက်ခါ မှာပါ လုပ်စရာ တခြားကိစ္စ တွေ ရှိသေးတယ်။ ငါလိုက်လို့ ရနိုင်မယ် မထင်ဘူး။ ဒီတော့ ဒီလိုလုပ်ပါလား မာရီဆာ။ ဒီလုပ်ငန်းအကြောင်း ငါသိသလို မင်းလည်း သိသားပဲ မဟုတ်လား။ ဒီတော့ ရှုလာမိုးကို မင်းပဲ ကြည့်ပြီး လိုက်ပြလိုက်ပါတော့လား"

"အို ... ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်မကို ယုံကြည်တာ ကျေးဇူးတင်ပါတယ်။ ဒီစီမံကိန်းအကြောင်း ကျွန်မအနေနဲ့ သိတော့ သိပါ တယ်။ ဒါပေမယ့် ရှင့်လို စီကာ ပတ်ကုံးတော့ ဘယ့်နှယ်လုပ်ပြီး ကျွန်မ ရှင်း ပြတတ်ပါ့မလဲ။ ပြီးတော့ ကျွန်မက ဘယ့်နှယ်လုပ်ပြီး တာဝန်ရှိတဲ့ လူတစ် ယောက်အနေနဲ့ ပြောပြနိုင်မှာလဲ။ ရှင်က အင်ဂျင်နီယာလဲ အင်ဂျင်နီယာ မဟုတ်လား"

"ဒါပေမယ့် မာရီဆာ"

"ဟင့်အင်း ... မရဘူး၊ ရှင် လိုက်မှ ဖြစ်မယ်။ ရှင် မလိုက်ရင် သတင်းစာမှာ မပါဘူးဘဲ"

ဂျော်ဒန်က သက်မတစ်ချက် ချလိုက်သည်။

"ဒါဖြင့်လဲ ကောင်းပြီလေ။ သန်ဘက်ခါ မနက် ၉ နာရီ ဟုတ်လား"

မာရီဆာက ကိုယ်ကိုကုန်းပြီး ဂျော်ဒန်ကို တစ်ချက်နမ်းလိုက်သည်။

'ဒီလိုမှပေါ့'

"ကိုင်း ... ဒါဖြင့် အလုပ်ပြန်လုပ်ချေတော့။ ငါ သွားစရာ ကိစ္စ ကလေးတွေ ရှိသေးတယ်"

www.burmeseclassic.com



မာရီဆာက စားပွဲမှ ထွက်ခွာရန် ခြေလှမ်းပြင်လိုက်သည်။ ထို့နောက် တစ်စုံတစ်ခုကို ရုတ်တရက် သတိရမိသလို လက်ဖျစ်တစ်ချက်တီးလိုက်ပြီး ပြန်လှည့်ရင်း .... "ကျွန်မ မေ့သွားလို့။ ဒေါက်တာ စကာပါက ရှင့်ဆီ တယ်လီဖုန်း ဆက်တယ်။ နှစ်ခါတောင် ဆက်တယ်။ အခု ချက်ချင်း တွေ့ချင်တယ်တဲ့။ အရေးကြီးတယ်လို့ ပြောတယ်"

ဂျော်ဒန်က စိတ်ပျက်လက်ပျက်နှင့် ညည်းလိုက်သည်။

"အင်း ... အားလုံး အရေးကြီးတာချည့်ပါပဲလား။ သူက ပြောသွားသေးသလဲ"

"တခြားတော့ ဘာမှ ပြောမသွားပါဘူး။ ညနေစာစားချိန်ထိ စောင့်မနေပါနဲ့တဲ့။ ခု ချက်ချင်းလာခဲ့ပါတဲ့။ ဒါနဲ့ ... ရှင်က နေမကောင်းလို့လား"

"ဆိုပါတော့။ ဒါပေမယ့် အသေးအဖွဲ့ပါ"

မာရီဆာ ပြန်ထွက်သွားတော့ ဂျော်ဒန်တစ်ယောက်တည်း စားပွဲ တွင် ထိုင်ပြီး တွေးကျန်ရစ်သည်။

ဒေါက်တာ စကာပါက ဘာကြောင့်များ ဒီလောက်အရေးတကြီး တွေ့ချင်ရတာလဲ။ ရဲတွေ လာစစ်လို့လား။ ပါမောက္ခကြီးများ နောက်ထပ် ဒုက္ခတစ်ခုခု တွေ့နေပြီလား။ ဘာများ ဖြစ်နေပါလိမ့်။

သူက ဘယ်လိုမှ စဉ်းစား၍ မရ၊ ကိုယ်တိုင် လိုက်သွားမှပဲ အဖြစ်မှန်ကို သိရတော့မည်။ သို့ဖြင့် ဟိုတယ်ပြန်ပြီး အယ်လီဆင်ကို သွားခေါ်မနေတော့ဘဲ သူတစ်ယောက်တည်းပင် သွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ကိစ္စက အရေးကြီးသည်ဆို မဟုတ်လား။

*

ဒေါက်တာ စကာပါ၏ ဆေးခန်းသို့ ဂျော်ဒန် ရောက်တော့ အချိန်က ညနေ ၄ နာရီခွဲတိတိ။

အပြာရောင် သူနာပြုဆရာမကလေးက သူ့ကို မျှော်နေပုံရသည်။ ဂျော်ဒန်ဆေးခန်းထဲ ဝင်သွားသည်နှင့် ချက်ချင်း ဆရာမကလေးက ဂျော်ဒန်အား ဒေါက်တာ၏ ရုံးခန်းသို့ တန်းခေါ်သွားသည်။ သူမက တံခါးဝတွင် ရပ်လိုက်ပြီး – "ဒေါက်တာ မစ္စတာ ဂျော်ဒန်ကို ရောက်ရောက်ချင်း သူ့အခန်းထဲ လွှတ်လိုက်ပါတဲ့"

"သူတစ်ယောက်တည်းလား"

"ခုနပဲ မစ္စတာ ဂျော်ဒန်ရဲ့ မိတ်ဆွေကြီး ဒူးနာနေတဲ့ ပါမောက္ခကြီး အိပ်ရာက နိုးပါတယ်။ ဒေါက်တာက သူ့ကို စကားပြောချင်တယ်ဆိုလို့ အခု အခန်းထဲရောက်နေပါပြီ" သူမက တံခါးရွက်ကို ဖွင့်ရင်း .... "ဝင်ပါ ... ရှင်"



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်က စိုးရိမ်တကြီးဖြင့် ရုံးခန်းထဲ ဝင်လိုက်သည်။ ပြီးတော့ တံခါးရွက်ကို ပြန်ပိတ်လိုက်သည်။

ဒေါက်တာ စကာပါသည် စားပွဲနောက်တွင် ထိုင်နေသည်။ ပါမောက္ခ မက္ကဒေါ်နယ်ကတော့ စားပွဲရှေ့မှ ခုံတန်းရှည်တွင် ထိုင်လျက်။ ဒေါက် တာ စကာပါတစ်ယောက်တည်းသာ စကားပြောနေသည်။ သူက စားပွဲတွင် တံတောင်ထောက်ပြီး လက်နှစ်ဖက်ကို ယှက်ကာလေသံတိုးတိုးဖြင့် ပြောနေ သည်။ ဂျော်ဒန်ဝင်လာသည်ကို သူတို့နှစ်ယောက်စလုံး သတိမပြုမိကြ။ ဒေါက် တာက သူ့စကားကို လေးလေးနက်နက် ပြောနေသည်။ ပါမောက္ခ မက္ကဒေါ်နယ် ကလည်း လေးလေးနက်နက် နားစိုက်ထောင်နေသည်။

ဂျော်ဒန်သည် ပိတ်ထားသော တံခါးနားတွင် မယောင်မလည် ရပ်နေသည်။ သူက ဒေါက်တာ စကာပါ၏စကားကို နားစွင့်လိုက်သည်။

"ပြီးတော့ … မြို့တော်ဝန်ကတော်က အခု ရဲအဖွဲ့ကလိုက်နေတာ သူလျှိုမဟုတ်ဘူး ဆိုပြီး ကျွန်တော့်ကို ပြောပြတယ်။ သူတို့လိုက်နေတာက သိပ္ပံပညာရှင် တစ်ယောက်တဲ့။ တကယ်တော့ … ဒီအကြောင်း ကျွန်တော်က သိပြီးသားပါ။ ဒါပေမယ့် ဘာမှ မပြောပါဘူး။ သူပြောတာကိုပဲ နားထောင်နေ လိုက်တယ်။ သူပြောတာက ပါမောက္ခ ဒေးဗစ်မက္ကဒေါ်နယ်ဆိုတဲ့ ဇရာတားဆီး ရေး သိပ္ပံပညာရှင်ကြီးတဲ့။ ဒါဟာ အမှန်ပဲလို့ ကျွန်တော် ယုံကြည်တယ်"

"ဒါဟာ အမှန်ပါပဲ"

ပါမောက္ခမက္ကဒေါ်နယ်က ပြန်ပြောသည်။

"ဒီတော့ ဆရာကြီးဟာ လူ့သက်တမ်း ၁၅၀ အထိ ရှည်စေနိုင်မယ့် ဆေးနည်းကို ရှာဖွေတွေ့ရှိတယ်ဆိုတာ တကယ်ဟုတ်တာပေါ့"

"ဟုတ်ပါတယ်။ အဲဒီဆေးနည်းကို 'စီ – ၉၈' ဆိုပြီး ကျုပ်နာမည် ပေးထားတယ်။ ဒီဆေးဟာ လူတွေ သေစေနိုင်တဲ့ ရောဂါအားလုံးကို တားဆီး နိုင်တယ်၊ ဖျက်ဆီးနိုင်တယ်။ ပြီးတော့ ဗီဇမျိုးစေ့ကို ပြုပြင်ပြောင်းလဲပေးနိုင် တယ်"

"အဲဒီ … အဲဒီဆေးနည်းကို ဆရာကြီး အမှန်တကယ် ရှာတွေ့ပြီးပြီ ပေါ့"

"ဟုတ်တယ်။ ကျုပ် အမှန်တကယ် ရှာတွေ့ပြီးပြီ"

"ဒီတော့ … ဒီဆေးနည်းကို ဆရာကြီးဘယ်လို အသုံးချမလို့ ရည် ရွယ်ပါသလဲ"

"ကျုပ် ဒီမြို့က ထွက်ရရင်ထွက်ရချင်း ကမ္ဘာကသိအောင် ကြေညာ လိုက်မယ်လို့ စိတ်ကူးထားတယ်။ လူသားတွေအားလုံး အကျိုးအတွက်ပေါ့"

www.burmeseclassic.com



"လူသားတွေ အကျိုးအတွက် ဟုတ်လား" ဒေါက်တာ စကာပါက မကျေနပ်သံဖြင့် ပြန်မေးလိုက်သည်။ "လူသားတွေ အကျိုးအတွက် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီမှာ ဆရာကြီး၊ အဏုမြူဗုံးကို လူသားတွေ အကျိုးအတွက် တီထွင်ခဲ့တာလား။ ပလိပ်ရောဂါဟာ လူသားတွေ အကျိုးအတွက်လား။ ဒီမှာ ဆရာကြီး။ တကယ်လို့ ဆရာကြီးကသာ အဲဒီ 'စီ – ၉၈' ဆေးနည်းကို တစ်ကမ္ဘာလုံးကို ဖြန့်ချိလိုက်မယ်ဆိုရင်တော့ ဒီကမ္ဘာမှာ ဆရာကြီးထက် အန္တရာယ်ကြီးမားတဲ့သူရှိတော့မှာ မဟုတ်ဘူး။ ဆရာကြီးဟာ ပြိုင်ဘက်မရှိတဲ့ ကမ္ဘာဖျက်သိပ္ပံပညာရှင်ကြီး ဖြစ်သွားမှာ သေချာတယ်။ ဆရာကြီးဆေးက လူတွေကို အသက်ရှည်နိုင်ပေမဲ့ လူတွေအတွက် အကျိုးပြုရာ မရောက်ဘဲ အကျိုးမယုတ်သာ ဖြစ်သွားလိမ့်မယ်"

"ဒါ ... အဓိပ္ပာယ် မရှိပါဘူး"

ဒေါက်တာ စကာပါ၏ စွပ်စွဲချက်ကြောင့် ဂျော်ဒန်သည် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။ သူသည် ခပ်ရှိုရှိုကလေး လျှောက်သွားပြီး ပါမောက္ခကြီး ထိုင်နေသော ခုံတန်းရှည်ရှည်တွင် ဝင်ထိုင်လိုက်သည်။ သူက ဘာမှ မပြောဘဲ ဒေါက်တာ စကာပါ၏ စကားကိုသာ ဆက်လက်နားထောင်နေလိုက်သည်။

"ဒီမှာ ... ကျွန်တော် ပြောမယ် ဆရာကြီး" ဒေါက်တာ စကာပါက အထက်စီးလေသံနှင့် ဆက်ပြောသည်။ "တကယ်ဆိုရင် ဆရာကြီးတွေ့ရှိတဲ့ ဆေးနည်းရဲ့ အကျိုးအပြစ်ကို ဆရာကြီးထက် ကျွန်တော်က ပိုသိပါတယ်။ ဆရာကြီးက သိပ္ပံပညာရှင်၊ ကျွန်တော်က လူသား ဝါဒီ။ ကျွန်တော်ဟာ လူဦးရေပေါက်ကွဲမှုအကြောင်းကို တစ်လျှောက်လုံး လေ့လာခဲ့တယ်။ ပဋိသန္ဓေတားဆီးရေးကို ရှေ့နေလိုက်ခဲ့တယ်။ ဒါဟာ လူသားတွေ အကျိုးကို ရှေးရှုပြီး လုပ်ခဲ့တာ ဖြစ်တယ်။

"ဒါပေမယ့် ... အခု ဆရာကြီးလုပ်ရပ်က ကျွန်တော်တစ်သက်လုံး ကြိုးစားလုပ်လာခဲ့သမျှကို တစ်ခါတည်း အလဲထိုးဖျက်ဆီးပစ်လိုက်သလို ဖြစ်နေပြီ။ ကမ္ဘာ့နိုင်ငံတိုင်းမှာ လူဦးရေ အဆမတန် တိုးပွားနေမှုကြောင့် လူတွေ ဒုက္ခ ရောက်နေကြတာကို အချိန်မီ တားဆီးနိုင်ဖို့အတွက် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကျွန်တော် တစ်လျှောက်လုံး ကြိုးစားလာခဲ့တယ်။ ခုတော့ ဆရာကြီး လုပ်ရပ်ကြောင့် အားလုံး သဲထဲ ရေသွန်ဖြစ်နေတော့မယ်"

"အဲသလို ဖြစ်ရတဲ့အတွက် ကျုပ်ကို ခွင့်လွှတ်ပါ ဒေါက်တာ။ ဒါပေမယ့် ခင်ဗျား ပြောသလို ကျုပ်တော့ တယ်ပြီး သဘောမပေါက်ချင်သေးဘူး။ လူ့သက်တမ်းကို ရှည်အောင်လုပ်ခြင်းဖြင့် ... လူတွေ အနာရောဂါကင်းပြီး

www.burmeseclassic.com



အသက်ရှည်ရှည်နေသွားရခြင်းအားဖြင့် ကျုပ်အနေနဲ့ လူသားတွေကို ကယ်တင်ရာ ရောက်တယ်လို့ပဲ ကျုပ်ယုံကြည်တယ်”

“ဆရာကြီးက အဲဒီလိုပဲ ယုံကြည်သလား။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ လောက်က ကမ္ဘာ့လူဦးရေဟာ သန်းပေါင်း နှစ်ထောင်ရှိခဲ့တယ်။ ဒီကနေ့ဆိုရင် သန်းပေါင်း လေးထောင်ကျော်သွားပြီး နောက်နှစ်ပေါင်း ၃၀ – ၄၀ ဆိုရင် ကမ္ဘာ့လူဦးရေဟာ အနည်းဆုံး သန်းပေါင်း ရှစ်ထောင် (၈၀၀၀) အထိ ဖြစ်လာလိမ့်မယ်။ အခု လက်ရှိအခြေအနေမှာ အခု ကျွန်တော်တို့ရဲ့ လက်ရှိပျမ်းမျှသက်တမ်းအရ ဆိုရင်ပေါ့၊ ဆရာကြီးရဲ့ အဲဒီအသက်ရှည်ဆေး အကူအညီ မယူဘဲနဲ့ဆိုရင်ပေါ့။ အခုလူဦးရေတိုးနှုန်းအတွက်တောင် ကျွန်တော်တို့အတွက် နေထိုင်စရာ နေရာ အခက်အခဲတွေ၊ စားသောက်စရာ ရိက္ခာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရလို့ သွေးရူးသွေးတန်း ဖြစ်နေကြရပြီ။ ဒါပေမယ့် အဲဒီလူပေါင်း သန်းပေါင်း လေးထောင် (၄၀၀၀) ဟာ နောက်နှစ်ပေါင်း ၇၀၊ ဒါမှမဟုတ် အဲဒီပတ်ဝန်းကျင်လောက်ဆိုရင် ရှိကြတော့မှာ မဟုတ်ဘူး။ သက်တမ်းအတိုင်း သေသွားကြလိမ့်မယ်။ အဲဒီလို မဟုတ်ဘဲ အဲဒီလူတွေ အဲဒီ သက်တမ်းမှာ မနေဘဲ ရှိနေရင် ဘာဖြစ်မလဲ။ အဲဒီလူတွေ အသက် ၁၅၀ အထိ ဆက်လက် အသက်ရှင်နေကြပြီး နောက်ထပ်လဲ လူတွေ သန်းပေါင်း ထောင်ပေါင်းများစွာ တိုးလာမယ်ဆိုရင် ဘာဖြစ်ကုန်မလဲ။

“အဲဒီလိုဆိုရင် ဆရာကြီးလို ဇရာဗေဒ သိပ္ပံပညာရှင်တစ်ဦးဖြစ်တဲ့ ဟားဗတ်တက္ကသိုလ်က ဒေါက်တာ အလက်ဇန္ဒလိဖ် ပြောသလို လူသားအားလုံး လူမှုရေးအရရော၊ စီးပွားရေးအရရော အကြီးအကျယ် ကြောက်စရာကောင်းလောက်အောင် ပျက်စီးကုန်မှာ မြေကြီးလက်ခတ်မလွဲပါဘူး။ အလွယ်ဆုံးအချက်တစ်ချက်ကိုပဲ စဉ်းစားကြည့်စမ်းပါ။ အစားအစာကိစ္စကိုပဲ စဉ်းစားကြည့်စမ်းပါ။ ဒီကနေ့ ကျွန်တော်တို့ဟာ လူပေါင်းသန်းပေါင်း လေးထောင် (၄၀၀၀) ကိုတောင် ဝအောင် မကျွေးနိုင်ကြသေးဘူး။

“ဒီတော့ ကျွန်တော်တို့က လူတွေကို အသက် ၁၅၀ အထိလဲ ရှည်အောင်လုပ်ထားမယ်။ နောက်ထပ်လဲ လူတွေသန်းပေါင်း လေးထောင်၊ ရှစ်ထောင်၊ တစ်သောင်းခြောက်ထောင်အထိ ထပ်တိုးလာဦးမယ်ဆိုရင် အဲဒီလူတွေကို ဘယ့်နှယ်လုပ်ပြီး ဝအောင်ကျွေးနိုင်မှာတဲ့လဲ။ လူပေါင်း သန်းပေါင်း သုံးထောင်ကနေပြီး သန်းပေါင်း တစ်သောင်းအထိ ထမင်းငတ်ပြီး သေကုန်ကြလိမ့်မယ်။ ကျွန်တော်ပြောနေတာ ဆရာကြီး ကြားရဲ့လား။ အဲဒီတော့ ရိက္ခာအတွက်ကြောင့် လူတွေ အချင်းချင်း သတ်ကုန်ကြလိမ့်မယ်။ စစ်ပွဲကြီးတွေ ပေါ်လာမယ်။ အဲဒီမှာပဲ သန်းပေါင်းများစွာ သေကုန်ကြလိမ့်မယ်”



BURMESE CLASSIC .com

www.burmeseclassic.com



"စားစရာအတွက် ပူစရာ မလိုပါဘူး" ပါမောက္ခကြီးက ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။ "အဲဒီအချိန်မှာ သိပ္ပံပညာအရ တီထွင်တဲ့ အစားအစာအတုတွေ ပေါ်လာမှာပေါ့"

"အဲဒီတော့ ခုလောလောဆယ် အဲဒီအစားအစာ အတုတွေက ဘယ်မှာလဲ။ ဆရာကြီးက အခုပဲ အသက် ၁၅၀ ရှည်တဲ့ ဆေးကို ထိုးပေးဖို့ အဆင်သင့် ဖြစ်နေပြီ။ ဒီတော့ အဲဒီ အသက်ရှည်လာမယ့် လူတွေအတွက် အစားအစာတွေ ဘယ်မှာလဲ။ တကယ်တော့ ဆရာကြီးဟာ အခုလောလောဆယ်မှာရော၊ နောက်လာမယ့် နှစ်တွေမှာပါ လူတွေအချင်းချင်း တိုက်ခိုက်သတ်ဖြတ်အောင် လုပ်သလို ဖြစ်မနေဘူးလား။ ဒါတောင် ကျွန်တော်က အဲဒီဆရာကြီးရဲ့ အန္တရာယ်ဆေးနည်းရဲ့ တခြားဆိုးကျိုးတွေကို ထည့်တွက်သေးတာ မဟုတ်ဘူး။ တခြား ဆိုးကျိုးတွေထဲမှာ အလုပ်လက်မဲ့ ပြဿနာတွေ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာတွေ၊ တခြားစိတ်သောက ပြဿနာတွေ တစ်ပုံကြီး ရှိနိုင်သေးတယ်။ အခုလောလောဆယ် သက်တမ်းအရ ဒီကမ္ဘာကြီးရပ်တည်နေနိုင်သေးတာက လူတွေ သက်တမ်းတိုတိုနဲ့ သေသွားကြလို့ ဒီလိုနေနိုင်ကြသေးတာ။ အဲဒီလို မဟုတ်ဘဲ ဆရာကြီးက သေခြင်းတရားကို ရွှေ့ဆိုင်းထားမယ်ဆိုရင် ကမ္ဘာပေါ်မှာ ရိက္ခာပြဿနာကြောင့် အချင်းချင်း ခုတ်ထစ်သတ်ဖြတ်ပြီး လူဦးရေတစ်ဝက်လောက် သေကုန်ကြလိမ့်မယ်။

"ဒါကြောင့် ကျွန်တော် တစ်ယောက်တည်းအနေနဲ့ ပြောရရင်တော့ ဆရာကြီးလုပ်ရပ်ကို လုံးဝမထောက်ခံဘူး။ မထောက်ခံရုံတင်မကဘူး။ ပြင်းပြင်းထန်ထန်လည်း ကန့်ကွက်တယ်၊ ရှုတ်ချတယ်။ ဒါကြောင့်မို့ ဆရာကြီးရဲ့ ဆေးနည်းကို ဘယ်တော့မှ မဖြန့်ဖြူးပါနဲ့၊ လုံးဝ မဖြန့်ဖြူးပါနဲ့။ ရေထဲသာ မျှောပစ်လိုက်စမ်းပါ။ လူသားတွေ အကျိုးကို ရှေးရှုပြီး ကျွန်တော် လေးလေးနက်နက် တောင်းပန်ပါတယ်"

"ဒီလိုလုပ်လို့ ဘယ်ဖြစ်နိုင်မလဲ။ သိပ္ပံပညာ တီထွင်မှုကြီး တစ်ခုကို အခုလို သွေးရူးသွေးတန်း ပိတ်ပင်ထားဆီးလို့ ဘယ်ဖြစ်ပါ့မလဲ။ သိပ္ပံပညာတွေ့ရှိမှုတိုင်းဟာ လူတွေအတွက် အကျိုးရှိသလို တစ်ဖက်က အကျိုးယုတ်တာတွေလဲ ရှိတာပဲ။ ဒါဟာ အဆန်းမဟုတ်ဘူး၊ သဘာဝပဲ။ မလွဲမသွေကြုံရမယ့် နိယာမ ဖြစ်စဉ်ပဲ။ ဒါကြောင့် အဲဒီအခက်အခဲတွေကို ဖြေရှင်းဖို့အတွက် နောက်ထပ် တန်ပြန်သိပ္ပံတီထွင်မှုတွေ ပြုလုပ်ကြရတာပေါ့။ ဘာပဲဖြစ်ဖြစ် ကျုပ်တီထွင်တွေ့ရှိတဲ့ ဆေးအစွမ်းကြောင့် လူသားတွေ အိုခြင်း နာခြင်း ကင်းပြီး ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းနဲ့ လူ့ဘဝအရသာကို ပျော်ပျော်ကြီး ခံစားနိုင်ကြမှာကတော့ သေချာပါတယ်"

www.burmeseclassic.com



ဒေါက်တာ စကာပါက တစ်ခွန်းမှ ပြန်မပြော။ မတုန်မလှုပ် ထိုင်နေသည်။ သူ့မျက်နှာတွင် ပါမောက္ခကြီးအား မနှစ်မြို့သော၊ မုန်းတီးသော အမူအရာတွေ သိသိသာသာ ပေါ်လွင်နေသည်။

အတန်ကြာမှ သူက ပြောသည်။

"ဆရာကြီးက တော်တော် တုံးသေးတာပဲ။ တုံးရုံတင်မကဘူး၊ မိုက်တွင်းလည်း နက်တယ်။ တစ်ကိုယ်ကောင်းလည်း ဆန်တယ်။ ဆရာကြီးမျက်နှာ ကျွန်တော် လုံးဝ မကြည့်ချင်တော့ဘူး။ အဲဒီတော့ ဆရာကြီး ဒီနေရာက ချက်ချင်းထွက်သွားပါ။ ကိုယ့်အခန်းကိုယ် ပြန်သွားပါ။ ကျွန်တော် တင်ဂျော်ဒန်နဲ့ပဲ နှစ်ယောက်တည်း စကားပြောချင်တယ်"

ပါမောက္ခကြီးက မချင့်မရဲ အမူအရာဖြင့် ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးတော့ ဂျော်ဒန်ကို တစ်ချက်စောင်းကြည့်လိုက်ပြီးနောက် အခန်းထဲမှ ထော့နင်း ထော့နင်း ပြန်ထွက်သွားသည်။

ဂျော်ဒန်က ကုလားထိုင်ကို ရှေ့သို့ရွှေ့ပြီး ပြန်ထိုင်သည်။

"ဒေါက်တာ ... ဆရာကြီးကို ဒေါက်တာ ပြောလိုက်တာ တော်တော်ကြမ်းတာပဲ"

"အကြမ်းတောင် နည်းသေးတယ်။ အမှန်ဆိုရင် ဒီထက်တောင် ပိုကြမ်းသင့်သေးတယ်"

"ဒီပုဂ္ဂိုလ်ကြီးက ရှာမှရှားတဲ့ ပါရမီရှင်ကြီးပါ ဒေါက်တာ။ သူ့ဆေးနည်းနဲ့ ပတ်သက်လို့ ဒေါက်တာ ပြောတာတွေ မှန်ပါတယ်။ ဒါပေမယ့် ဒီလုပ်ရပ်ကြီးဟာ သမိုင်းမှာ တစ်ခါသာ ပေါ်ပေါက်လာတဲ့ လုပ်ရပ်မျိုးပါ။ သူ့လုပ်ရပ်ဟာ မှန်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီဆေးကြောင့် ဖြစ်ပေါ်လာမယ့် အကျိုးယုတ်မှုတွေကို သိပ္ပံပညာရှင်တွေက နောက်ထပ် အဖြေရှာကြပါလိမ့်မယ်။ ရှာလို့လဲ ရနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

"ခင်ဗျားလဲ အရူးပဲ။ ကျုပ်က ရဲအဖွဲ့က အလိုရှိနေတဲ့ အပြစ်မဲ့ လူတစ်ယောက်ကို အကာအကွယ်ပေးပါ့မယ်လို့ ကတိပေးခဲ့တယ်။ တကယ့်ရာဇဝတ်ကောင်တစ်ယောက်ကို ကာကွယ်ပေးဖို့ ကတိမပေးခဲ့ဘူး။ ဒီတော့ ... ဒီမှာ ကျုပ် တိုတိုပဲပြောမယ် ... တင်။ ဒီလို လူတစ်ယောက်ကို ကျုပ် အိမ်ခေါင်မိုးအောက်မှာ ဝှက်မထားနိုင်ဘူး။ ဒါပါပဲ။ ခင်ဗျားအတွက် စိတ်တော့ မကောင်းပါဘူး ဒါပေမယ့် မတတ်နိုင်ဘူး"

ဂျော်ဒန်က ပျာပျာသလဲ ဖြစ်သွားပြီး – "နည်းနည်း ပြန်စဉ်းစားကြည့်ပါဦး ဒေါက်တာ။ ကျွန်တော့်မှာ သူ့ကို ထားစရာ တခြား ဘယ်နေရာမှ မရှိတော့လို့ပါ။ အနည်းဆုံး တစ်ရက်နှစ်ရက်တော့"



BURMESE CLASSIC .com

www.burmeseclassic.com



"မဖြစ်ဘူး ... ကိုယ်လှူ၊ လုံးဝ မဖြစ်ဘူး။ ကျုပ် လိပ်ပြာမလုံတော့ဘူး။ အဲဒီတော့ ... ခင်ဗျား လူကို အမြန်ဆုံးသာ ပြန်ခေါ်သွားပေတော့"

"ဒေါက်တာက ဒီလိုနှင်ထုတ်လိုက်ရင် ကျွန်တော်တို့ကို ရဲလက်ထိုးအပ်လိုက်သလို ဖြစ်သွားတော့မှာပေါ့။ ကျွန်တော်တို့မှာက ဘယ်မှ သွားပုန်းစရာ နေရာမရှိတော့ဘူး။ ဆရာကြီးကို ရဲက မိသွားရင် ဆေးနည်းကိုလဲ သူတို့ရသွားတော့မှာပေါ့"

"အဲဒါဆိုလဲ ပိုကောင်းတာပေါ့။ သူရော သူ့ဆေးနည်းရော တစ်ခါတည်း ဖမ်းမိသွားတော့ ပိုတောင် ကောင်းသေးတယ်။ ဒါမှ လာမယ့် ၁၀ နှစ်၊ ၁၅ နှစ်အတွင်းမှာ ရုရှတစ်နိုင်ငံလုံးသောက်သောက်လဲ ဒုက္ခရောက်ကုန် မယ်။ လူဦးရေ အရမ်းတိုးတက်လာပြီး ငတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ကုန်မယ်။ အဲဒီတော့မှ သူတို့ စနစ်ကြီး ပျက်ကုန်မယ်။ ဒါကြောင့် သူ့ကို သူတို့ဖမ်းကြပါစေ။ သူ့ရဲ့ ကမ္ဘာ့ဖျက် 'ချိန်ကိုက်ဗုံး' ကြီးကို သူတို့ရကြပါစေ"

ဂျော်ဒန်သည် ခြေကုန်လက်ပန်းကျသွားသည်။

"နည်းနည်း ပြန်စဉ်းစားပါဦး ... ဒေါက်တာ။ နည်းနည်းဖြစ်ဖြစ် သနားပါဦး။ သူ့ကို ရဲလက် ထိုးအပ်လိုက်သလို ဖြစ်တော့မယ်"

'မြန်မြန်ဖမ်းလေ ကောင်းလေပဲ'

'ဒေါက်တာနဲ့ ကျွန်တော် စကားအငြင်းအခုံ မပြောချင်ပါဘူး'

"မပြောလေ ကောင်းလေပဲ"

ဂျော်ဒန်က မတ်တတ်ထရပ်လိုက်သည်။

"ဒီလိုဆိုရင်လဲ ... ဒါကလေးတစ်ခုတော့ ကူညီပါဦး ဒေါက်တာ။ ကျွန်တော်တို့ရဲ့ မိတ်ဆွေဘဝကို ထောက်ထားပြီး ပြောတာပါ။ သူ့ကို ဒီတစ်ညတော့ ဆက်ပြီး နေခွင့်ပြုပါဦး။ ဒီကြားထဲ ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်တော်စဉ်းစားချင်လို့ပါ"

ဒေါက်တာ စကာပါက စကားမပြောဘဲ အကြာကြီး ငြိမ်နေသည်။ တော်တော်ကြာတော့မှ သူက မျက်နှာပင့်ပြီး ကြည့်ရင်း –

'ကောင်းပြီ ... ခင်ဗျား အခုပြန်သွားတော့။ အဖြေရအောင် အမြန်ဆုံးရှာပါ။ ပြီးတော့ မနက်ဖြန် မနက် ၉ နာရီတိတိမှာ သူ့ကို လာခေါ်ပါ။ ဘာမှ မပူပါနဲ့။ သူက အခြားလူတွေကို လုပ်မယ့်အတိုင်း ကျုပ်က သူ့ကို မလုပ်ပါဘူး။ သူ့ကို ကျုပ်က အငတ်မထားပါဘူး။ ဒီကြိုးကျတရားခံကို ကျုပ်က နောက်ဆုံး ညစာတော့ ကျွေးလိုက်ပါ့မယ်"

***



BURMESE CLASSIC .com

www.burmeseclassic.com

## [ ၅ ]

နံနက် ၁၀ နာရီ။ နေပူပြင်းသော နံနက်ပိုင်း။

ဂျော်ဒန်သည် ပါမောက္ခ မက္ကဒေါ်နယ်ကို ဒေါက်တာ စကာပါ၏ ဆေးခန်းမှ ပြန်ခေါ်လာခဲ့သည်မှာ နာရီဝက်ခန့်ရှိပြီ။

ယခုအချိန်တွင် သူတို့နှစ်ယောက်သည် မာစီရီ လမ်းမကြီးပေါ်မှ လူအုပ်ကြီးကြားထဲ မဝင်ရဲဘဲ ခပ်လှမ်းလှမ်း လမ်းဘေးမှ ခိုးကြောင်ခိုးဝှက် လျှောက်နေကြရသည်။ တကယ် တွေးကြည့်လျှင် သူတို့ လုပ်နေပုံသည် အလွန် အန္တရာယ်များသော လုပ်ရပ်ဖြစ်သည်။ သည်ကြားထဲ မကြာခဏဆို သလို လက်နက်ကိုင်ရဲသားများနှင့် ဝင်တိုးနေသေးသည်။ ရဲတွေက လမ်းသွား လမ်းလာများ၏ မျက်နှာများကို ကြည့်ရင်း ကင်းလှည့်နေခြင်းဖြစ်သည်။ ဂျော်ဒန်နှင့် ပါမောက္ခမက္ကဒေါ်နယ်တို့အား ရဲတွေက မျက်စိလျှမ်းပြီး သေသေ ချာချာ မကြည့်မိ၍ တော်ပါသေး၏။

“တကယ်တော့ ဒီအလုပ်က မလွယ်တဲ့အလုပ်ပဲ။ ဒါပေမယ့် ကျွန် တော်လည်း ဘာမှ မတတ်နိုင်တော့ဘူး။ ဒီနည်းကလွဲပြီး တခြားဘာမှ စဉ်းစား လို့ မရတော့ဘူး”

ဂျော်ဒန်က ကျိုးကန်းတောင်းမှောက် လမ်းလျှောက်လာရင်း ပါမောက္ခကြီးကို ပြောသလို ညည်းပြောပြောလိုက်ခြင်း ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယခု သူက ပါမောက္ခကြီးကို ခေါ်သွားမည့်နေရာသို့ ရောက်တောင်မှ အန္တရာယ်က မကင်းသေး။ မတော်လျှင် တစ်ခါတည်း ငါးပါးမှောက်သွားနိုင်သေးသည်။

ဂျော်ဒန်သည် ညတုန်းကလည်း တစ်ညလုံး အိပ်မပျော်ခဲ့။ ပါမောက္ခကြီးအား ဝှက်ထားရန် နေရာကို စဉ်းစားရင်း မိုးစင်စင် လင်းသွားခဲ့သည်။ ယနေ့မနက် တစ်မနက်လုံးလည်း သည်ကိစ္စကိုပင် အကြံထုတ်ရင်း အချိန်ကုန်ခဲ့သည်။ သူက ပါမောက္ခကြီးအား ခေတ္တခဏ လက်ခံထားနိုင်မည့် အသိမိတ်ဆွေများ ရှိလိုရှိငြား စိတ်ကူးရသမျှ လျှောက်ပြီးတွေးကြည့်သည်။ ယုံယုံကြည်ကြည်နှင့် လုံလုံခြုံခြုံ လက်ခံထားနိုင်သည့်နေရာဟူ၍ တစ်နေရာမှ မတွေ့။ နောက်ဆုံးဘယ်လိုမှ အကြံထုတ်မရသေးဘဲနှင့်ပင် ပါမောက္ခကြီးကို သွားခေါ်ရန် အချိန်ကို ရောက်လာခဲ့သည်။ ဤတွင် ဘယ်လိုမှ စဉ်းစားလို့ မရတော့သဖြင့် စိတ်ကူးပေါ်ရာ နည်းလမ်းတစ်ခုကို ဇွတ်မှိတ်ပြီးဆုံးဖြတ်လိုက်ရတော့သည်။

သူ့အကြံမှာ အခြားမဟုတ်။ ပါမောက္ခကြီးအား သူ့ရုံးခန်းသို့ ခေါ်သွားရန်ဖြစ်သည်။ ဤအကြံကိုလည်း သူက သဘောတော့မကျ။ သို့သော် တခြားလည်း ဘယ်လမ်းမှ မမြင်တော့။ ယခု သူ့နည်းလမ်းအရဆိုလျှင် စိတ်မချသည့် အကြောင်းအချက်တွေက မရေမတွက်နိုင်အောင် ရှိနေသည်။

သူ့အတွင်းရေးမှူး စာရေးမ ဂလိုရီယာကလည်း ပါမောက္ခကြီးကို မှတ်မိနိုင်သည်။ မာရီဆာကလည်း မှတ်မိနိုင်ပါသည်။ ပြီးတော့ ရုံးသို့ လာကြသော တခြားဧည့်သည်တွေကလည်း ပါမောက္ခကြီးကို မြင်သွားနိုင်သည်။

သို့သော် ဂျော်ဒန်အဖို့ လောလောဆယ် ရင်ဆိုင်နေရသည်မှာ ပါမောက္ခကြီးအားဘယ်နေရာမှာ သွားဝှက်ထားမလဲ။ အဲဒီနေရာက ဘယ်လောက် စိတ်ချရမလဲ ဟူသော အချက်မဟုတ်။

ယင်းနေရာသို့ ရောက်အောင် ပါမောက္ခကြီးကို ဘယ်လိုခေါ်သွားရမလဲ ဟူသော ပြဿနာသာ ဖြစ်သည်။

သူသည် မာစီရီလမ်းမကြီးပေါ်တွင် ဥဒဟို လျှောက်သွားနေကြသော လူအုပ်ကြီးကို အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် ကမ်းနားတန်းဘက်တွင် ရဲကင်းများရှိမရှိ သိနိုင်ရန် လမ်းမကြီးကို ဖြတ်ပြီး အရဲစွန့်သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

"ဆရာကြီး … ဒီက ခဏစောင့်နေ။ ကျွန်တော်တို့ ဘယ်လိုဆက်သွားရမယ်ဆိုတာ ကျွန်တော် သွားကြည့်လိုက်ဦးမယ်"



BURMESE CLASSIC .com

www.burmeseclassic.com



သို့ဖြင့် သူသည် လမ်းကြီးထိပ်ဘက်သို့ လျှောက်သွားပြီး ပိုင်ယက်ဇာဆန်မာကို ရင်ပြင်ဆီသို့ လှမ်းကြည့်လိုက်သည်။ ရဲသားတစ်ယောက်မျှ မတွေ့။ လက်ယာဘက်လှည့်ပြီး အကဲခတ်လိုက်ပြန်သည်။

မြင်နေကျ မျက်နှာတစ်ခုကို ရုတ်တရက် မြင်လိုက်ရသည့် ရင်းနှီးသော အမျိုးသမီးမိတ်ဆွေတစ်ယောက်ဖြစ်သည်။ သူမသည်ပေ ၄၀ – ၅၀ လောက် အဝေးမှ လာနေသည်။

သူမသည် အရပ်ရှည်ပြီး ကိုယ်ထည်ပြားသည်။ လက်ထဲက ထီးကို ခပ်လှမ်းလှမ်းမှ လူအုပ်ဘက်သို့ ဝှေ့ယမ်းပြနေသည်။

သူမသည် ဖဲလစ်ဟူးဘားဖြစ်နေသည်။ အသက် ၃၀ ကျော် ဆွစ်အမျိုးသမီး။ ဗင်းနစ်မြို့မှ စီအိုင်စီ ခရီးသွား ကုမ္ပဏီတွင် လမ်းပြစကားပြန်အဖြစ် လုပ်ကိုင်နေသူဖြစ်သည်။ ဂျော်ဒန်သည် မာရီဆာနှင့် မတွေ့ခင်တုန်းက ဖဲလစ်နှင့် တော်တော်ကလေး တွဲခဲ့သည်။ သမီးရည်းစားလည်းမက လင်မယားလည်း မကျသော ဆက်ဆံရေးမျိုးဖြင့် ရင်းရင်းနှီးနှီးဆက်ဆံခဲ့ကြသည်။

နောက်ပိုင်း တစ်ယောက်နှင့် တစ်ယောက် အဆက်အသွယ်ပြတ်သွားခဲ့ကြသော်လည်း မိတ်ဆွေအဖြစ်ဖြင့် ခင်ခင်မင်မင် နေခဲ့ကြသည်။ တစ်ခါတစ်ရံ အကြောင်း တိုက်ဆိုက်သောအခါ နှစ်ယောက်ချိန်းပြီး စားသောက်ကြသည်။ နှစ်ယောက်စလုံး ဝါသနာပါသော ပန်းချီ အနုပညာအကြောင်း ဆွေးနွေးကြသည်။ ဂျော်ဒန်က ဖဲလစ်ဆီသို့ လျှောက်သွားပြီး –

"ဖဲလစ်" ဟု လှမ်းခေါ်လိုက်သည်။

သူမက ဖျတ်ခနဲ လှည့်ကြည့်သည်။ ဂျော်ဒန်ကို မြင်တော့ အဆွေးရိပ်သမ်းနေတတ်သော သူမ၏ မျက်နှာတွင် အပြုံးရိပ်လွှမ်းသွားသည်။ ဖဲလစ်က ဂျော်ဒန်ရှေ့တွင် ရပ်လိုက်သည်။ သူမ နောက်တွင်တော့ ကမ္ဘာလှည့် ခရီးသည်တစ်အုပ်။

ဖဲလစ်က ဂျော်ဒန်အား အနမ်းဖြင့် နှုတ်ဆက်သည်။

"မင်းတော်တော် လှနေတာပဲ။ ဘယ်လိုလဲ ... အခြေအနေ ကောင်းတယ် မဟုတ်လား"

ဂျော်ဒန်က ရင်းရင်းနှီးနှီးလေသံဖြင့် မေးသည်။

"မကောင်းပါဘူး၊ ခါတိုင်းလိုပါပဲ။ ပြီးတော့ ... အလုပ်ကလဲ ခါတိုင်းလိုပဲ များတာပဲ။ ရှင်မြင်တဲ့ အတိုင်းပေါ့။ ဒီနေ့လဲ ဒီအင်္ဂလိပ်ခရီးသည်တွေ လီဗာပူးနဲ့ မန်ချက်စတာက လာကြတာ သူတို့ကို လျှောက်ပြီး ပြနေတာလေ" သူမက ပြောင်သလို နောက်သလိုဟန်ဖြင့် ခရီးစဉ် စာရွက်ကို ကြည့်ပြီး ဖတ်ပြသည်။ "အစီအစဉ် (၁)။ မနက်ပိုင်း ခြေကျင်လျှောက်ပြ။ ဗင်းနစ်မြို့လယ်

www.burmeseclassic.com



ရှိ အနုပညာနှင့် သမိုင်းဝင်နေရာဌာနများ ပြသရန်။ ဗင်းနစ်မြို့၏ အစိုးရရုံးများ တည်ရှိရာ အချက်အချာ ဖြစ်သော စိန့်မတ်ခ် ရင်ပြင်တစ်ဝိုက်ပြရန်။ ထို့ပြင် ဘာစီလီကာ ကျောင်းတော်၊ တရားလွှတ်တော်ချုပ်၊ ကုန်းမြင့် တံတားကြီးနှင့် အကျဉ်းထောင်များပြသရန်။ အစီအစဉ်ကတော့ အဲဒါပါပဲ။ အဲဒါမှ တစ်ယောက်ကို အီတာလျံငွေလိုင်ရာ ငါးထောင်စီပဲ ရတယ်။ စကားပြန်ကြေး၊ ဝင်ကြေးနဲ့ ဘောက်ဆူးတွေအားလုံး အပါအဝင်ပေါ့။ ဒီတော့ ဒီပိုက်ဆံက ဘယ်လောက်လို့ရှိလဲ"

"အဲဒီတော့ ငါလဲ တစ်ယောက်လိုက်ပါရစေလား။ မင်းအတွက် နည်းနည်းတော့ ပိုသုံးရတာပေါ့"

"ရှင်ပါလိုက်မယ် ... ဟုတ်လား။ ရှင်က ကျွန်မကို လာပြီး နောက်နေပြန်ပြီ။ ရှင်က ဗင်းနစ်ကြမ်းပိုးပဲဟာ။ ကျွန်မ လိုက်ပြစရာ မလိုပါဘူး"

"ငါ ... တကယ်ပြောတာပါ။ ငါ့ မိတ်ဆွေတစ်ယောက်အတွက်ပါ။ ဟိုမှာ လမ်းထောင့်မှာ ကျန်နေခဲ့တယ်။ သူက ဒီတစ်ခေါက်ပဲ ရောက်ဖူးသေးတာ။ အခု ငါ သူ့ကို မြို့ထဲလျှောက်ပြီး ပြနေတာ။ မင်းနဲ့ တွေ့တာ ကံကောင်းတာပဲ။ မင်းနဲ့ဆိုရင် သူ့အတွက်ပိုပြီး အကျိုးရှိတာပေါ့။ ငါက သိပ်ပြီး သိတာ မဟုတ်ဘူး။ သူသိချင်တာတွေ အကုန်လုံး ငါရှင်းပြနိုင်မှာ မဟုတ်ဘူး" သူက ပိုက်ဆံကို ထုတ်ရင်း "ကျေးဇူးပြုပြီး ကူညီစမ်းပါ။ ငါ ... မင်းကို လိုင်ရာတစ်သောင်း ပေးပါရစေ"

"ရှင့်ပိုက်ဆံ ထားလိုက်စမ်းပါ။ ကဲ ... ရှင့်မိတ်ဆွေ မြန်မြန်လုပ်၊ အခုဟာက ကုမ္ပဏီစရိတ်နဲ့ လိုက်ပြရတာ" သူမက နောက်ပြန်လှည့်ကာ ထီးကို ဝှေ့ယမ်းရင်း အော်ပြောလိုက်သည်။ "ကဲ ... ကဲ မိတ်ဆွေများရှင့်။ လူအုပ်မကွဲပါစေနဲ့။ တစ်စုတည်းစုပါ။ ပြီးတော့ ကျွန်မ နောက်ကို လိုက်ခဲ့ကြပါ။ အခုဆိုရင် ကျွန်မတို့ စိန့်မတ်ခ် ရင်ပြင်ကို ရောက်ပါတော့မယ်"

ဂျော်ဒန်မှာ ရင်ထဲအေးသွားပြီး ပါမောက္ခကြီးအား သွားခေါ်ရန် အလောကလေး ထွက်လာခဲ့သည်။ အခုမှ သူအတော်ကလေး စိတ်သက်သာရာရသွားသည်။ ပိုင်ယက်ဇာဆန်မာကို အရောက်သွားရမည့် ခရီးမှာလည်း အခုတော့ စိုးရိမ်စရာ မရှိတော့။ ကမ္ဘာလှည့် ခရီးသည်တွေကြားထဲ ရောက်နေသော ပါမောက္ခကြီးအား မည်သူမျှ မှတ်မိတော့မည် မဟုတ်။

ဂျော်ဒန်က ပါမောက္ခကြီး၏ လက်မောင်းကို လှမ်းဆွဲလိုက်ပြီး ....

"ကျွန်တော့် မိတ်ဆွေ အမျိုးသမီးတစ်ယောက် ပိုင်ယက်ဇာတစ်ဝိုက်မှာ ကမ္ဘာလှည့်ခရီးသည်တွေကို လိုက်ပြီး ပြသနေတယ်။ ကျွန်တော်တို့ သူတို့နဲ့ ရောပြီး လိုက်သွားကြမယ်။ ဒါမှ ကျွန်တော့် ရုံးကို စိတ်ချလက်ချသွားလို့ရမယ်"



BURMESE CLASSIC .com

www.burmeseclassic.com



သူက ပါမောက္ခကြီးအား ဖေးမခေါ်ဆောင်လာပြီး လှုအုပ်ထဲရော သွင်းလိုက်သည်။ သူကိုယ်တိုင်လည်း ပါမောက္ခကြီး၏ ဘေးမှ ကပ်လိုက်လာခဲ့သည်။

နောက် ငါးမိနစ်လောက်ကြာတော့ ခရီးသည် အုပ်ထဲမှ ရှေ့သို့ ကျွံထွက်နေသော သူတို့နှစ်ယောက် အနီးသို့ ရဲတွေ နှစ်ကြိမ်တိုင်တိုင် ဖြတ်လျှောက်သွားကြသေးသည်။ သို့သော် သူတို့အား စစ်လားဆေးလား မလုပ်သည်သာမက မျက်နှာကိုပင် သေသေချာချာ ကြည့်မသွားကြ။ ဂျော်ဒန်က သူ့နည်းဗျူဟာအောင်မြင်၍ အတော်ကြီး ဝမ်းသာနေမိသည်။

သူတို့သည် လူသွားလူလာ ထူထပ်သော မာစီရီ လမ်းမကြီးမှ ထွက်ကာ ပိုင်ယက်ဇာရင်ပြင်သို့ ရောက်ရှိလာကြသည်။

ဂျော်ဒန်သည် သူ့ရှုံးဘက်သို့ လှမ်းကြည့်လိုက်ပြီး ခရီးသည်အုပ်ထဲမှ ခွဲထွက်ရန်ဟန်ပြင်သည်။ သို့သော် သည်လိုလုပ်၍ မဖြစ်သေးကြောင်း ချက်ချင်း သိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ရှုံးရှေ့ခပ်လှမ်းလှမ်းတွင် ရဲတွေ ရပ်နေသည်ကို မြင်လိုက်ရတာကြောင့် ဖြစ်သည်။ ရဲတွေ ရှေ့က အတင့်ရဲစွာဖြင့် ဖြတ်လျှောက်သွားလျှင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားနိုင်သည်။

ပိုင်ယက်ဇာရင်ပြင်ထဲသို့ ဝင်လာရင်း ဂျော်ဒန်က သူ့ပါးစပ်ကို ပါမောက္ခကြီး၏ နားဝသို့ ကပ်ကာ နှစ်ကိုယ်ကြား တိုးတိုးကလေး ပြောလိုက်သည်။

"အမှန်ကတော့ ကျွန်တော်တို့ ဒီနေရာမှာ ခွဲထွက်ကျန်ရစ်ဖို့ပဲ။ ဒါပေမယ့် ကျွန်တော်တို့ ရှုံးရှေ့မှာ ရဲတွေ ရှိနေတယ်။ ဒီတော့ သူတို့နဲ့ ဆက်လိုက်သွားတာပဲ ကောင်းမယ်။ သူတို့ ပြန်လှည့်လာတော့မှ အခြေအရ ကြည့်လုပ်တာပေါ့"

ပါမောက္ခကြီးက စိတ်မချဟန်ဖြင့် "အဲဒီအချိန်မှာလဲ ရဲတွေ ရှိနေသေးရင် ဘယ်လိုလုပ်မှာလဲ"

"ဒါတော့ ... ကျွန်တော်လဲ မသိတော့ဘူး။ ဒါပေမယ့် ... ကြည့်ကြသေးတာပေါ့။ အဲဒီအချိန်ကျတော့ ရဲတွေက ရှိချင်မှ ရှိတော့မှာပေါ့"

သူတို့သည် ဘာစီလီကာ ကျောင်းတော်ရှေ့သို့ ရောက်လာကြ သည်။ ဖဲလစ်ဟူးဘားက သူမ၏ ထီးကလေးကို အပေါ်မြှောက်ပြီး ခရီးသည် တွေကို ရပ်ရန် အချက်ပြလိုက်သည်။ အားလုံးလူစုံတော့ သူမ၏ သီချင်းဆိုသံ လို အသံသာသာကလေးဖြင့် ကျောင်းတော် သမိုင်းကြောင်းကို ခရီးသည်များ အား စတင်ရှင်းပြတော့သည်။ သည်အကြောင်းမှာ ဂျော်ဒန်အဖို့တော့ ဘာမှ မထူးတော့။ ကြားဖူးနားဝ များလှပြီ။ ထို့ကြောင့် သူက ဖဲလစ်၏ 'လက်ချာ'



BURMESE CLASSIC .com

www.burmeseclassic.com



ကို နားထောင်မနေတော့ဘဲ လူအုပ်အပြင်သို့ တိုးထွက်လာခဲ့ပြီး ကွာဒရီကဖေး ဆိုင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အနီးအနားတစ်ဝိုက်တွင် ရဲတွေ ရပ်နေသည်ကို မြင်လိုက်ရသည်။

ခရီးသည်များ အုပ်စုကွဲသွားပြီး ဖဲလစ်၏ ထီးညွှန်ပြရာသို့ ဆက်လက် လျှောက်သွားကြသည်။ သူတို့သည် ဘာစီလီကာ ကျောင်းတော်ဂိတ်ဝသို့ ရှေးရှုချီတက်နေကြသည်။ ဂျော်ဒန်သည် လူအုပ်ထဲသို့ ပြန်ဝင်လာပြီး ပါမောက္ခကြီး ဘေးတွင် ဝင်ကပ်လိုက်သည်။

ဖဲလစ်က ခရီးသည်များအား ကျောင်းတော်ကြီးထဲ ဦးဆောင်ခေါ်သွားပြီး ကျောင်းတော်ကြီးသမိုင်းနှင့် အဖိုးတန်ရှေးဟောင်းပစ္စည်းများ အကြောင်း ရှင်းလင်းပြောပြသည်။

နောက် ၁၅ မိနစ်အတွင်း ကျောင်းတော်ကြီးထဲမှ ပြန်ထွက်လာကြပြီး ကမ်းခြေရေအိုင်ဘက်သို့ လျှောက်လာခဲ့ကြသည်။ စိန့်မတ်ခ် နှင့် စိန့်သီအိုဒိုဘုရားရှိခိုးကျောင်းများကို ကြည့်ရှုလေ့လာကြပြီးနောက် ရေစပ်နားသို့ ဆင်းလာခဲ့ကြသည်။ ဖဲလစ်က တစ်ဖက်ကမ်းသို့ ထီးနှင့် ညွှန်ပြပြီး –

"ဟိုဘက်ကမ်းခြေ ရေအိုင်အပြင်ဘက်ကို ငေါ်ထွက်နေတဲ့ ကျွန်းကလေးက ဆန်ဂျော်ဂျီကျွန်းတဲ့။ ခရစ်သက္ကရာဇ် ၉၈၂ ခုနှစ်မှာ ...."

ဂျော်ဒန်က ဖဲလစ်ရှင်းပြနေသည်ကို စိတ်မဝင်စားနိုင်ဘဲ သူ့အတွေးနှင့် သူ အလုပ်ရှုပ်နေသည်။ သူက လူအုပ်ထဲမျက်လုံး ကစားကြည့်လိုက် သည်။ အမူအရာ ထူးခြားသော အင်္ဂလိပ်ခရီးသည်ကြီးတစ်ဦးကို ရုတ်တရက် သတိပြုလိုက်မိသည်။ အဘိုးကြီးမှာ အရပ်ပုပု တုတ်တုတ်ခိုင်ခိုင်ဖြင့် အသက် ၆၀ ကျော်ခန့်ရှိပြီ။ သူသည် ပါမောက္ခ မက္ကဒေါ်နယ်၏မျက်နှာကို စိုက်ကြည့်နေသည်။ ဒီအဘိုးကြီး ဘာကြောင့်များ ဒီလောက်တောင် စူးစူးဝါးဝါး ကြည့်နေတာပါလိမ့်။ ဂျော်ဒန်က စိုးရိမ်စိတ်ဖြင့် ဂနာမငြိမ်ဖြစ်နေမိသည်။

ထိုအခိုက် ဖဲလစ်၏ အသံက စူးစူးရှရှ ပေါ်ထွက်လာသည်။

"ဟောဟို ... ဆန်ဂျော်ဂျီ လက်ယာဘက်မှာ မြင်ရတဲ့ ရှည်မျောမျော ကျွန်းကတော့ 'ဂျူဒက္ကာ' လို့ ခေါ်ပါတယ်။ ၁၃၇၃ ခုနှစ်မှာ ဗင်းနစ်မြို့ကို ဂျူးလူမျိုးတွေ ဝင်လာတုန်းကတည်းက ဒီနာမည်တွင်ခဲ့တာဖြစ်ပါတယ်။ ဂျူးတွေကို အဲဒီကျွန်းပေါ်မှာပဲ သီးသန့်နေရာချပေးခဲ့တယ်။ ဒီကျွန်းရဲ့ ထူးခြားချက်ကတော့ လှပတဲ့ ပန်းဥယျာဉ်တွေ၊ သင်္ဘောကျင်းတွေရှိတဲ့အပြင် ၁၆ ရာစုအစပိုင်းမှာ ဆောက်ခဲ့တဲ့ ခရစ်ယာန်ဘုရားလဲ ရှိပါတယ်။ အဲဒီကျောင်းကို ၁၅၇၇ ခုနှစ်မှာ ပလိပ်ကပ်ရောဂါဆိုးကြီး ပြီးဆုံးသွားတဲ့ အထိမ်းအမှတ်နဲ့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီကပ်ကြီးကြောင့် ဗင်းနစ်မြို့သူမြို့သားပေါင်း

www.burmeseclassic.com



ငါးသောင်းလောက် သေဆုံးခဲ့ကြရပါတယ်။ ပန်းချီကျော်ကြီး တီရှန်လဲ အဲဒီကပ်ကြီးနဲ့ပဲ ပါသွားခဲ့ရှာပါတယ်။

"ဂျူဒက္ကာကျွန်းဟာ တစ်ချိန်တုန်းကဆိုရင် သူကောင်းမျိုး အထက်တန်းလွှာတွေအတွက် အကောင်းဆုံး အပန်းဖြေကမ်းခြေတစ်ခုပေါ့။ အခုအထိ တချို့ မူးမျိုးမတ်နွယ်တွေ ဒီကျွန်းမှာ ရှိနေတုန်းပါပဲ။ အထင်ရှားဆုံး မိသားစုကတော့ မာချီမိသားစုပဲ ဖြစ်ပါတယ်။ မာချီမိသားစု နန်းတော်ကြီးဟာ အင်မတန် ခမ်းနားကြီးကျယ်တယ်။ အခုထိ ရှိနေတုန်းပါပဲ။ တစ်ချိန်တုန်းမှာ အင်္ဂလိပ် ကဗျာစာဆို ဘိုင်ရွန်ဟာ အဲဒီနန်းတော်မှာ ဧည့်သည်တော်အဖြစ်နေထိုင်သွားခဲ့ဖူးပါတယ်။ 'ပလာဇိုဒီမာချီ' နန်းတော်ကြီးကို မာချီမိသားစု အနွယ်တော်တစ်ဦးဖြစ်တဲ့ မြို့စားကတော်ကြီး အယ်လ်ဗီရာဒီမာချီက အမွေရလိုက်ပါတယ်။ မြို့စားကတော်ကြီးဟာ အဲဒီနန်းတော်မှာ အခုအထိ နေထိုင်ဆဲပါပဲ"

ဤတွင် ဂျော်ဒန်၏ ခေါင်းထဲသို့ အတွေးတစ်ခု ရုတ်ခြည်းဝင်ရောက်လာသည်။ သူသည် တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရလိုက်မိသည်။

အယ်လ်ဗီရာ ....။ မြို့စားကတော်ကြီး အယ်လ်ဗီရာဒီမာချီ။

ဗင်းနစ်မြို့သို့ ဂျော်ဒန်ရောက်လာပြီး မကြာခင်မှာပင် ပါတီပွဲများတွင် မြို့စားကတော်နှင့် တွေ့ဆုံရင်းနှီးခဲ့ရသည်။ မြို့စားကတော်ကြီးသည် အလွန်အပေါင်းအသင်း ဆံ့သည်။ တစ်ဖက်သားအပေါ် ကြင်နာစိတ်လည်း ရှိသည်။ စေတနာ သဒ္ဓါတရားလည်း အလွန်ကောင်းသည်။ သူမသည် ဂျော်ဒန်အား ခင်မင်စွာဖြင့် တီမိုသီဟူ၍ ခေါ်တတ်သည်။ ဂျော်ဒန်အနေဖြင့် သည်အဘွားကြီးထံတွင် မည်သည့်အကူအညီမျှ မတောင်းခဲ့စဖူး။ တစ်ကြိမ်တစ်ခါလောက် တောင်းလျှင်တော့ ရကောင်းရနိုင်မည်ဟု ဂျော်ဒန်က တွေးမိသည်။

ဟုတ်ပြီ။ သည်စိတ်ကူး မဆိုးဘူး။ အလုပ်ဖြစ်နိုင်သည်။ ပါမောက္ခ မက္ကဒေါ်နယ်အား မြို့စားကတော်၏ အိမ်သို့ ခေါ်သွားပြီး ခေတ္တပုန်းအောင်းနေထိုင်ခွင့် တောင်းမည်။

သို့သော် လောလောဆယ်တွင် ဂျော်ဒန်မှာ အနီးကပ်ရန်သူတစ်ဦးနှင့် ပက်ပင်းတိုးနေပြန်ပြီ။ ပါမောက္ခကြီးအား မကြာခဏ စိုက်ကြည့်တတ်သော အင်္ဂလိပ်ကြီးကို သူက မသင်္ကာ ဖြစ်နေသည်။ လူအုပ်ထဲ ရှာကြည့်လိုက်သည်။ အင်္ဂလိပ်ကြီးကို ယခင်နေရာတွင် မတွေ့။ ခဏကြာတော့မှ လှမ်းမြင်လိုက်ရသည်။ အင်္ဂလိပ်ကြီးသည် လူအုပ်ထဲမှ တိုးဝှေ့ယင်း ပါမောက္ခ မက္ကဒေါ်နယ်ဆီသို့ ဦးတည်လာနေသည်။ ဂျော်ဒန်က လူအုပ်ထဲ မသိမသာ တိုးဝင်သွားပြီး ပါမောက္ခကြီးဘေးတွင် ဝင်ရပ်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ထိုအချိန်တွင် အင်္ဂလိပ်ကြီးက ပါမောက္ခကြီး အနီးသို့ ကပ်လာပြီး

"ခွင့်ပြုပါ ခင်ဗျား၊ ကျွန်တော် စိုက်ကြည့်မိတာ တောင်းပန်ပါတယ်။ လူကြီးမင်းကို ကျွန်တော် မြင်ဖူးသလို ထင်မိလို့ပါ။ ကျွန်တော်တို့ တစ်နေရာမှာများ တွေ့ခဲ့ဖူးသလားလို့ ကျွန်တော် စဉ်းစားနေပါတယ်"

"အို ... မဟုတ်နိုင်ဘူး။ ဟုတ်မယ် မထင်ပါဘူး" ပါမောက္ခကြီး မက္ကဒေါ်နယ်က ခပ်ပေ့ါပေ့ါပင် ပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင် လူကြီးမင်းဓာတ်ပုံကို ကျွန်တော် တစ်နေရာရာမှာ မြင်ဖူးတယ် ထင်ပါတယ်။ ကျွန်တော်က လီဗာပူးက ဆရာဝန် တစ်ယောက်ပါ။ လူကြီးမင်းလဲ ဆရာဝန်တစ်ယောက်ပဲလား။ နာမည်ကြီး ဆရာဝန်ကြီး တစ်ယောက်များ ဖြစ်နေမလားလို့ပါ"

"မဟုတ်ပါဘူး။ ဝမ်းနည်းပါတယ်။ မဟုတ်ပါဘူး"

ဂျော်ဒန်က ပါမောက္ခကြီး၏ လက်မောင်းကို ဖမ်းဆုပ်လိုက်သည်။

"ခွင့်လွှတ်ပါ ခင်ဗျား" သူက အင်္ဂလိပ်ကြီးဘက်သို့ လှည့်ပြီး .... "ကျွန်တော့်တို့က သွားစရာ ရှိသေးလို့ပါ"

ထို့နောက် သူက ပါမောက္ခကြီးအား လူအုပ်ထဲမှ ဆွဲထုတ်ပြီး အပြင်ဘက်သို့ ခွဲထွက်လာခဲ့သည်။ သူတို့သည် မော်တော်ဆိပ်ဘက်သို့ ခပ်သုတ်သုတ်ကလေး လျှောက်သွားနေကြသည်။

ပါမောက္ခကြီးက သက်မတစ်ချက် ဟင်းခနဲ ချလိုက်ပြီးနောက် –

"တော်ပါသေးရဲ့။ ကျေးဇူးပါပဲ ... မောင်ရာ။ နို့မဟုတ်ရင် ဒီလူနဲ့ မလွယ်ဘူး။ သူက ငါ့ကို သိပ္ပံဂျာနယ်တွေထဲ မြင်ဖူးဟန်တူပါရဲ့"

"ဝရမ်းပြေး ပိုစတာထဲမှာ မြင်ဖူးတာလည်း ဖြစ်ချင်ဖြစ်မှာပေ့ါ။ ကဲ ... ဆရာကြီး၊ အဲဒါ ... ထားလိုက်တော့။ လောလောဆယ် ကျွန်တော်တို့ မော်တော်ဆိပ်ကို ရောက်နိုင်ရင် ဆရာကြီးအတွက် ပုန်းစရာနေရာရပြီ။ အခု ... ကျွန်တော်တို့ ဟိုတံတားကို ကျော်မယ်။ သတင်းစာတစ်စောင်ဝယ်မယ်။ ပြီးတော့ ... ကူးတို့ မော်တော်စီးပြီး ဆန်ဂျော်ဂျီကျွန်းကို ကူး၊ အဲဒီက တစ်ဆင့် ဂျူဒက္ကာကျွန်းကို သွားမယ်။ ဒီကြားထဲ ဆရာကြီးကို တခြားခရီးသည်တွေ မမှတ်မမိဖို့ အရေးကြီးတယ်။ အဲဒီတော့ ... မော်တော်ပေါ်မှာ သတင်းစာဖတ်သလို ဟန်ဆောင်ပြီး မျက်နှာကို ကွယ်ထား။ ဂျူဒက္ကာကျွန်းကို ရောက်ရင် မာချီနန်းတော်ကို နည်းနည်းပဲ လျှောက်သွားရတော့မယ်"

"ဘာ ... ဘာနန်းတော်"

"စေတနာရှင် မြို့စားကတော်ကြီး တစ်ယောက်ရဲ့ စံအိမ်တော်ကို ပြောတာပါ။ လောလောဆယ်မှာတော့ ဒီနေရာက လွဲပြီး တခြားဘာမှ မမြင်မိ

www.burmeseclassic.com



တော့ဘူး။ ကိုင်း ... ဒီတော့ ... ခေါင်းကိုငုံ့။ ခပ်မြန်မြန်လျှောက်။ ကျွန်တော်တို့ ပြေလည်နိုင်ကောင်းပါရဲ့"

သူတို့နှစ်ယောက်သည် မော်တော်ဆိပ်မှ ခြေကျင်လျှောက်ကာ မာချီ နန်းတော်သို့ ရောက်လာခဲ့ကြသည်။ လမ်းမကြီးပေါ်တွင် လူသူကင်းမဲ့နေသဖြင့် ဂျော်ဒန်သည် အတော်ကလေး ဝမ်းသာသွားသည်။ ပါမောက္ခကြီး၏ ခြေ ထောက်နာက ခွင့်ပြုသလောက် ခပ်သုတ်သုတ်ကလေး လျှောက်လာခဲ့ကြ သည်။

ရသမျှ အချိန်ပိုင်းကလေးအတွင်း မြို့စားကတော်ကြီးအကြောင်း ပါမောက္ခကြီးအား ပြောပြထားလျှင် ကောင်းမည်ဟု ဂျော်ဒန်က စိတ်ကူးမိ သည်။

"ဆရာကြီး ကြိုတင်သိထားရအောင် မြို့စားကတော်ကြီးအကြောင်း နည်းနည်းပြောပြပါရစေ။ ကံကောင်းရင် ဆရာကြီးက သူ့အိမ်တော်မှာ ဧည့် သည်အဖြစ် နေနေရဦးမယ် ... မဟုတ်လား"

"ကောင်းပါတယ် ... ပြောပြပါ။ ကျုပ်က နိုင်ငံရေးသမားတွေနဲ့ သူဌေးတွေပဲ တွေ့ဖူးတယ်။ သူတို့က ကျုပ်တို့အတွက် သုတေသနရန်ပုံငွေတွေ ထောက်ပံ့ကြတာကိုး။ ဒါပေမယ့် အခုလို မူးမျိုးမတ်နွယ်တွေနဲ့တော့ တစ်ခါမှ မဆုံးဖူးသေးဘူး"

"အဲဒီတော့ ဗင်းနစ်မြို့က မူးမတ်မျိုးနွယ်တွေကတော့ ... တခြား ပဒေသရာဇ် ဧကရာဇ်တွေနဲ့တော့ မတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗင်းနစ်နိုင်ငံ က အမြဲတမ်း သမ္မတနိုင်ငံဖြစ်ခဲ့တယ်။ တရားသူကြီးချုပ်ဟာလည်း အမြဲတမ်း ပဲ သမ္မတဖြစ်ခဲ့တယ်။ ပြီးတော့ ... အုပ်ချုပ်သူလူတန်းစားဆိုတာကလည်း အစကတည်းက ငွေကြေးချမ်းသာတဲ့ ကုန်သည်တွေပဲ ဖြစ်ခဲ့ကြတယ်။ အထူး သဖြင့် သင်္ဘောကုမ္ပဏီပိုင်ရှင်ကြီးတွေပေါ့။ ဘာပဲဖြစ်ဖြစ်၊ အခုမြို့စားကတော် ကြီးဟာလဲ အဲဒီအုပ်ချုပ်သူလူတန်းစားမိသားစုကြီးတစ်ခုရဲ့ အနွယ်တော်ပါ ပဲ။ သူတို့မျိုးဆက်မှာဆိုရင် ဒီမာချီဆိုတဲ့ သမ္မတတစ်ယောက်နဲ့ ၁၅ ရာစုခေတ် သူတော်စင်ကြီးတစ်ယောက် ပေါ်ပေါက်ခဲ့ဖူးတယ်။ မြို့စားကတော်ကြီးဟာ သူရဲ့ ဘိုးဘွားဘီဘင်တွေလိုပဲ ချမ်းလဲ အလွန်ချမ်းသာတယ်။ ဘာသာရေးကို လဲ သိပ်ပြီး ကိုင်းရှိုင်းတယ်"

"သူ့အသက်က ဘယ်လောက်ရှိပြီလဲ"

"အိုး ... အသက်လား။ ကျွန်တော့် စိတ်အထင်တော့ ၇၅ နှစ်လောက် တော့ ရှိရှာမယ် ထင်တယ်။ တကယ်တော့ သူ့အရွယ်က တောင်ဝှေးကိုင်ရမယ့် အရွယ်ပဲ။ ဒါပေမယ့် အဘွားကြီးက စိတ်ဓာတ်ရော၊ ရုပ်ရော တော်တော်ကြံ့ခိုင်

www.burmeseclassic.com



သေးတယ်။ တော်တော်ကြီးကို ဖျတ်ဖျတ်လတ်လတ်နဲ့ တက်တက်ကြွကြွရှိတုန်းပဲ။ ဗဟုသုတလဲ ရှိတယ်။ တစ်နှစ်တစ်ခါ လန်ဒန်ကို သွားလည်တယ်။ သူက မိတ်ဆွေသစ်တွေနဲ့ ပေါင်းသင်းဆက်ဆံရတာ အလွန်ဝါသနာပါတယ်။ ကျွန်တော်နဲ့လဲ ဒီနည်းနဲ့ပဲ ရင်းနှီးခဲ့တာပဲ။ သူက နာမည်ကျော် ပုဂ္ဂိုလ်တွေကို သိပ်ပြီး အထင်ကြီးတယ်။ အထူးသဖြင့် အမေရိကန်နဲ့ အင်္ဂလိပ်တွေကို ပိုပြီး သဘောကျတယ်။ အင်္ဂလိပ်စကားပြော ဘယ်လောက်ကောင်းသလဲဆိုတာတော့ မေးနေစရာ မလိုတော့ပါဘူး။ ဒီတော့ … နောက်ပြီးဘာပြောရဦးမှာလဲ။ အဲ … သူဟာ အီတာလျံအမတ်ကြီးတစ်ယောက်ရဲ့ သမီး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်ကတည်းက မုဆိုးမဘဝနဲ့ နေလာခဲ့တာ၊ သားသမီး နှစ်ယောက်ရှိတယ်။ တစ်ယောက်က ထရီဗီဆိုအနားက ခွေရာသီစံအိမ်တော် အိမ်မှာနေတယ်။ နောက်တစ်ယောက်ကတော့ … ကော်တီနာကျွန်းက အိမ်တော်မှာ အနေများတယ်”

“ဒီတော့ … သူက ဘာလုပ်သလဲ”

“ဟုတ်တယ် … ဒါမေးသင့်တဲ့မေးခွန်းပဲ။ ကျွန်တော် သိရသလောက်တော့ … နေ့တိုင်း မနက်ရှစ်နာရီမှာ ဘုရားရှိခိုးကျောင်းသွားတယ်။ ရီယယ်လတိုဈေးထဲလျှောက်ပြီး ကိုယ်တိုင်ဈေးဝယ်တယ်။ အိမ်ဖော်အဖြစ် ပြင်သစ်အမျိုးသမီး တစ်ယောက်ရှိတယ်။ ထမင်းချက် လင်မယားနှစ်ယောက်လဲ ခန့်ထားတယ်။ သူပါဝင်တဲ့ အဖွဲ့အစည်းတွေကတော့ ကုလသမဂ္ဂယူနစ်စကိုတို့လို၊ ကြက်ခြေနီတို့လို။ ပြီးတော့ … ကက်သလစ် ဆင်းရဲသားစောင့်ရှောက်ရေးအသင်းတို့လို၊ ယဉ်ကျေးမှုနဲ့ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်တယ်။ ဒီအဘွားကြီးက ချမ်းသာပေမယ့် ပိုက်ဆံကိုတော့ အရမ်းမသုံးဘူး။ သူသာ မဟုတ်ပါဘူး။ ဗင်းနစ်မြို့က သူဌေးသူကြွယ် အများစုဟာ ငွေသုံးတဲ့နေရာမှာတော့ အတော်ကလေး ချွေတာကြတယ်။ သူတို့က ငွေကို မပေးဘူး။ အချိန်ကိုပဲ ပေးကြတယ်။ ကျွန်တော်တို့ မြို့စားကတော်ကြီးလဲ ချွေတာရေးမှာတော့ နာမည်ကြီးပဲ။ ဒါပေမယ့် … ညှော်ခံပွဲတွေမှာကျတော့ မတွန့်တိုပါဘူး။ ရက်ရက်ရောရော ကျွေးမွေးဧည့်ခံတတ်ပါတယ်။ သူ့အိမ်တော်မှာဆိုရင် နာမည်ကျော် ဧည့်သည်ကြီးတွေ ဘယ်တော့မှ ပြတ်တယ်မရှိဘူး။ သူက ဧည့်သည်တွေကိုလဲ ရက်ရက်ရောရော ပြုစုပါတယ်။ ဆရာကြီးဟာ နာမည်ကျော်ပုဂ္ဂိုလ်ကြီးတစ်ဦးဆိုတာ သိသွားရင် သူက ဝမ်းသာအားရ ကြိုဆိုမှာပါ”

“ဒီလိုဆိုရင် … ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မောင်က ဖွင့်ပြောလိုက်မလို့လား”

“ကျွန်တော်က မပြောချင်ပါဘူး။ ဒါပေမယ့် … အခြေအနေအရ



BURMESE CLASSIC .com

www.burmeseclassic.com



ပြောမှ ဖြစ်တော့မယ်။ ဆရာကြီးကို တွေ့တွေ့ချင်း အထင်ကြီးသွားဖို့လိုတယ်။ အဲဒီလိုမှ မဟုတ်ရင် ကျွန်တော်တို့အတွက် အားလုံး ခက်ကုန်လိမ့်မယ်။ နောက်ထပ် ဘယ်သွားရမှန်း ကျွန်တော်လဲ မသိတော့ဘူး။ ကျွန်တော်တို့ အခြေအနေက နောက်က ကျားလိုက်သလို ဖြစ်နေပြီ။ ဒါကြောင့် မြို့စားကတော်ကြီးနဲ့ ပြေလည်အောင် ကြိုးစားမှ ဖြစ်တော့မယ်။ ဟော ... ပြောရင်းဆိုရင်း အိမ်ရှေ့တောင် ရောက်လာပါရောလား"

စံအိမ်တော်ကြီး၏ အိမ်ရှေ့မျက်နှာစာ မုခ်ဝကို ၁၆ ရာစု ရီနေးဆန်း ခေတ်ပုံစံအတိုင်း ပြာလဲ့ရောင် နှမ်းဖတ်ကျောက်တုံးကြီးများဖြင့် အခိုင်အမာ တည်ဆောက်ထားသည်။ ဂျော်ဒန်က လူခေါ်ခေါင်းလောင်းကို ခလုတ်နှိပ်လိုက်သည်။

အနက်ရောင် ရှပ်အင်္ကျီပေါ်တွင် အနီရောင် လက်ပြတ်ကိုယ်ကျပ် အင်္ကျီနှင့် ဘောင်းဘီအနက် ဝတ်ထားသော ပုပုသေးသေး၊ အသားအရေ နီကြန်ကြန်နှင့် လူတစ်ယောက်က တံခါးလာဖွင့်သည်။

ဂျော်ဒန်က အီတာလျံစကားဖြင့် ပြောလိုက်သည်။

"မြို့စားကတော်နဲ့ တွေ့ချင်လို့ပါ။ မိတ်ဟောင်းဆွေဟောင်း တစ်ယောက်ပါ"

"သခင်မ အားသလား ကျွန်တော် ကြည့်လိုက်ပါဦးမယ်။ ဘယ်သူလို့ ပြောလိုက်ရပါ့မလဲ"

"ဆီညော်တီမိုသီ ဂျော်ဒန်လို့ ပြောပါ။ မြို့စားကတော်ကြီးနဲ့ ခဏလေး တွေ့ချင်လို့ပါ"

"ဝင်ပါ"

ဂျော်ဒန်က အလျင်ဝင်သည်။ ပါမောက္ခကြီးက နောက်မှ လိုက်ဝင်သည်။ သူတို့သည် မြေညီထပ် ခန်းမကျယ်ကြီးတစ်ခုထဲသို့ ရောက်လာကြသည်။ အခန်းတစ်ခုလုံးတွင် စားပွဲကုလားထိုင်များ မရှိ။ နံရံနားကပ်ထားသော သစ်သားခုံတန်းရှည် တစ်ခုသာရှိသည်။ နံရံပေးတွင်မူ ဒီမာချီမိသားစု၏ အထိမ်းအမှတ် တံဆိပ်ဖြစ်သော လင်းယုန်ငှက် ရုပ်တုကြီးကို ချိတ်ဆွဲထားသည်။ ခန်းမကြီးနှင့် တစ်ဆက်တည်း လှေကားနှစ်ခုရှိသည်။ တစ်ခုက အိမ်တော်စေများ နေထိုင်သော အခန်းသို့သွားရာ လှေကားကလေး။ နောက်တစ်ခုက ပထမထပ်သို့ တက်သော လှေကားကြီး။။ လှေကားကြီးထိပ်တွင် ကလေးငယ်ကို ရင်ခွင်ပိုက်ထားသော မယ်တော်မာရီ ကျောက်သလင်းရုပ်တုရှိသည်။ ရုပ်တုရှေ့တွင် လျှပ်စစ်မီးတစ်လုံး ထွန်းကားသည်။

အိမ်တော်စေက ခုံတန်းလျားကို ညွှန်ပြပြီး ....



BURMESE CLASSIC .com

www.burmeseclassic.com



"ဒီက ခဏစောင့်ပါ။ သခင်မကြီးကို ကျွန်တော် သွားကြည့်လိုက်ပါဦးမယ်"

အိမ်တော်စေသည် လှေကားကြီးအတိုင်း အပေါ်ထပ်သို့ တက်သွားသည်။

ပါမောက္ခကြီးက ခုံတန်းရှည်ပေါ်တွင် ညည်းညည်းညူညူဖြင့် ထိုင်ချလိုက်သည်။

"အင်း ... ဒီအတိုင်းဆိုရင်၊ ကျုပ်တော့ ... နာမည်ကျော် ပါမောက္ခကြီး မက္ကဒေါ်နယ်ရဲ့ 'စီ – ၉၈' ဆေးနဲ့ ဆက်တို့ ထိုးတော့မှပဲ ဒီရောဂါ သက်သာတော့မှ ထင်ပါရဲ့"

ပါမောက္ခကြီးက နောက်သလို ပြောင်သလိုဖြင့် ပြောလိုက်သည်။

ဂျော်ဒန်က ပြုံးလိုက်ပြီး –

"ဆရာကြီး ဘာမှ မဖြစ်ပါဘူး။ အခြေအနေ ကောင်းပါတယ်"

"ဒါပေမယ့် ... ငါ့ရင်ထဲမှာ တလှပ်လှပ် ခံစားနေရတာ ငရဲရောက်နေရတဲ့ လူလို ဖြစ်နေတယ်။ ငါ အဖမ်းခံရမှု ကြောက်တယ်"

"ဘာမှ ကြောက်စရာမရှိပါဘူး ဆရာကြီး။ ကျွန်တော့်ကို အားကိုးစမ်းပါ။ ဆရာကြီး အဖမ်းမခံရအောင် ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်"

"ကျေးဇူးကြီးလှပါတယ် မောင်ရာ။ ကျုပ်အတွက် မောင်ဒုက္ခခံပေါင်းလဲ များလှပါပြီ။ ကျုပ်က ထွက်ပေါက်မရှိတော့ဘဲ ပိတ်မိနေမှာကို တွေးပြီး ကြောက်နေလို့ပါ။ တကယ်လို့သာ ကျုပ်ရော၊ ကျုပ်ဆေးနည်းရာ သူတို့လက်ထဲ ရောက်သွားရင်တော့ ... ကျုပ်ကိုယ်ကျုပ် သတ်သေမိလိုက်မယ် ထင်တာပဲ"

"ဒီလို မပြောပါနဲ့ ဆရာကြီးရယ်။ ကောင်းတဲ့ဘက်ကလဲ လှည့်တွက်ဦးမှပေါ့။ ဘာပဲဖြစ်ဖြစ် အခုအထိတော့ ဆရာကြီးကို သူတို့ အဖမ်းနိုင်သေးဘူး မဟုတ်လား" သူက ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်လိုက်ပြီးနောက် စကားဦးလှည့်ရန် ရည်ရွယ်ချက်ဖြင့် "ဒီမြေညီထပ်က တခြားအိမ်တော်တွေ အတိုင်းပါပဲ။ ဒီမှာ လူမနေဘူး။ ရှေးတုန်းက ဗင်းနစ်ကုန်သည်ကြီးတွေဟာ နိုင်ငံရပ်ခြားက ကုန်တင်လာတဲ့ သင်္ဘောကြီးတွေကို သူတို့ရဲ့ အိမ်တော်ဆိပ်ကမ်းမှာပဲ ဆိုက်ကပ်ပြီး ကုန်တင်ကုန်ချ လုပ်ကြတယ်။ အဲဒီကုန်တွေကို အိမ်တော်မြေညီထပ်မှာပဲ စုပုံပြီး လှောင်ထားကြတယ်။ မြို့စားကတော်ကြီးရဲ့ အိပ်ခန်းနဲ့ တခြားအခန်းတွေကတော့ အပေါ်ထပ်မှာပဲ ရှိတယ်"

"ဆီညော်ဂျော်ဒန်"

လှေကားမှဆင်းလာသော အိမ်တော်စေကို လှမ်းမြင်လိုက်ရသည်။ သူ့မျက်နှာ အမူအရာမှာ စောစောကထက် ပြုံးရွှင်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ကျေးဇူးပြုပြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါ ခင်ဗျာ။ သခင်မကြီးက လူကြီးမင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေပါတယ်"

"ကျေးဇူးပါပဲ" ဂျော်ဒန်က ပါမောက္ခမက္ကဒေါ်နယ်ဘက်သို့ လှည့်ပြီး "ဆရာကြီးက ဒီမှာ ခဏနေဦး၊ ကျွန်တော် သိပ်မကြာပါဘူး။ အလွန်ဆုံး ငါးမိနစ်၊ ၁၀ မိနစ်ပါပဲ။ ဒီအတောအတွင်း အပြတ်ဆုံးဖြတ်ရမယ်"

"လုပ်ပါ၊ လုပ်ပါ။ ငါစောင့်နေခဲ့ပါမယ်" ပါမောက္ခကြီးက မဲ့ပြုံးပြုံး လိုက်ပြီး "စိတ်မချမ်းသာစွာနဲ့ပေါ့..."

ဂျော်ဒန်သည် လေ့ကားတက်ကာ အိမ်တော်စေနောက်သို့ လိုက်သွားသည်။ သူတို့သည် အခန်းကျယ်ကြီးတစ်ခန်းသို့ ရောက်လာကြသည်။ သရွတ်နုအခန်း နံရံများမှာ ချောမွတ်နေပြီး ပန်းချီကျော် နီကိုလို ဘမ္ဘိနီ၏ ပန်းချီလက်ရာများဖြင့် အလှဆင်ထားသည်။ ထိုအခန်းကို ဖြတ်လာပြီးနောက် ခေတ်မီစွာ အလှဆင်ထားသော ဧည့်ခန်းထဲသို့ ရောက်လာသည်။ နံရံတစ်ဘက်တွင် အလယ်ခေတ် မြင်းသည်တော်များအား သရုပ်ဖော်ထားသော ရုပ်လုံးပေါ် သစ်ထွင်းပန်းချီကားကြီးကို ချိတ်ဆွဲထားသည်။ နောက်နံရံတစ်ခုတွင် ရွှေဇဝါဖုံး စာအုပ်ထူကြီးများ ထည့်ထားသော စာအုပ်ဗီရိုတစ်လုံး ရှိသည်။ ဒုတိယနံရံတွင် မူ ၁၇ ရာစု ဗင်းနီးရှန်းပန်းချီဆရာကြီး ကနာလက်တို ရေးဆွဲသော ဗင်းနစ်မြို့၏ ဆည်းဆာ ရှုခင်းဆီဆေးပန်းချီကားကြီးကို တခမ်းတနား ချိတ်ဆွဲထားသည်။ အဆိုပါ ခမ်းနားကြီးကျယ်လှသော ဆီဆေးပန်းချီကားကြီးဘေးတွင် ပိုး၍ခမ်းနားသော ပိုး၍ကျက်သရေရှိသော ဣန္ဒြေ၊ နန်းဆန်သော အမူအရာ၊ တောက်ပသော စိမ်းပြာနုဝတ်စုံပွကြီးတို့ဖြင့် အညိုရောင် ခြသေ့ခေါင်းတပ် တောင်ဝှေးကို ကိုင်လျက် ရပ်နေသူကတော့ အရပ်ရှည်ရှည်၊ ပိန်ပိန်သွယ်သွယ်နှင့် မြို့စားကတော်ကြီး အယ်လ်ဗီရာဒီမာချီပင် ဖြစ်သည်။

မြို့စားကတော်ကြီးသည် ဂျော်ဒန်ကို မြင်တော့ ရှေ့သို့ သုံးလေးလှမ်း လျှောက်လာပြီးနောက် –

"အခုလို တွေ့ရတာ ဝမ်းသာပေါ့ တီမိုသီ။ မလာတာ ကြာလှပေါ့ နော်"

ဂျော်ဒန်က မြို့စားကတော်ကြီး၏ နန်းဆန်သော လက်ကို လှမ်းဆုပ်လိုက်ရင်း .... "ဟုတ်ပါတယ် မယ်တော်ကြီး။ ကျွန်တော်တို့ မတွေ့ကြတာ အတော်ကလေး ကြာသွားပါပြီ။ ပိုင်ယက်ဇာ ရောက်တိုင်း မယ်တော်ကြီးကို တွေ့မလားလို့ ကျွန်တော် အမြဲတမ်းရှာကြည့်ပါတယ်"

"ကျုပ်က အပြင် သိပ်မထွက်ဖြစ်ဘူး။ အခုတလော ပိုပြီး မထွက်ဖြစ်ဘူး။ ထိုင်ပါ"

www.burmeseclassic.com



မြို့စားကတော်ကြီးက ပန်းမွေ့ရာခင်း ခုံရှည်ပေါ်တွင် ဖြည်းဖြည်းကလေး ထိုင်လိုက်သည်။ ဂျော်ဒန်က မြို့စားကတော်ကြီးနှင့် မျက်နှာချင်းဆိုင်ရှိ လက်တင် နောက်မှီကုလားထိုင်တွင် ဝင်ထိုင်သည်။

"ကဲ ထိုင်စမ်းပါဦး။ ကျုပ်ဆီ အခုလိုလာလည်တာ ကျုပ်က ဘာများ ဆောင်ကြဉ်းပေးရမှာလဲ တီမိုသီ။ မောင့် အမူအရာကြည့်ရတာ ရေးကြီးသုတ်ပျာနဲ့ သာမန်ကိစ္စတော့ ဟုတ်မယ် မထင်ဘူး"

ပွင့်ပွင့်လင်းလင်း ပြောတတ်သော မြို့စားကတော်ကြီး၏ စရိုက်ကို သိထားသဖြင့် ဂျော်ဒန်က ပြုံးလိုက်ပြီး –

"မယ်တော်ကြီးက အလွန်အမြင်စူးရှလှပါတယ်။ ဟုတ်ပါတယ် မယ်တော်ကြီး၊ လောလောဆယ် ကျွန်တော့်မှာ အခက်အခဲတစ်ခု ကြုံနေရလို့ပါ။ အဲဒါ မယ်တော်ကြီး ကူညီမှ ဖြစ်ပါလိမ့်မယ်"

မြို့စားကတော်ကြီးက အံ့သြဟန် လုံးဝမပြဘဲ –

"ဆိုပါဦး၊ ဘယ်လိုနည်းနဲ့ ကူညီရမှာလဲ"

ဂျော်ဒန်က ခေတ္တနှုတ်ဆွံ့နေမိသည်။ ဘယ်လိုပြောရပါ့မလဲဟု စဉ်းစားနေမိသည်။ အခန်းထဲ ဝင်လာတုန်းကတော့ မြို့စားကတော်ကြီးအား အမှန်အတိုင်းဖွင့်ပြောလိုက်မည်ဟု စိတ်ကူးလာခဲ့သည်။ သို့သော် ယခုအခိုက်အတန့်တွင် သူစဉ်းစားမိတာကတော့ အမှန်ကိုမပြောဘဲ နောက်တစ်နည်းနည်းဖြင့် ရည်မှန်းချက်ပေါက်မြောက်လျှင် ပါမောက္ခကြီးအတွက် ပို၍လုံခြုံမှုရှိသည်ဟု တွေးလိုက်မိသည်။ သို့ဖြင့် သူက –

"ဒီလိုပါ … မယ်တော်ကြီး၊ ကျွန်တော့်မှာ အမေရိကက ရောက်လာတဲ့ မိတ်ဆွေတစ်ယောက်ရှိပါတယ်။ အင်္ဂလိပ်အမျိုးသား၊ နာမည်ကျော် သိပ္ပံပညာရှင်တစ်ယောက်ပါ။ သူက နယူးယောက်မှာနေပြီး အလုပ်လုပ်နေပါတယ်။ အခု … ဗင်းနစ်မြို့ကို တစ်နေ့တာလာလည်ရင်း အရေးပေါ် ကိစ္စကြောင့် မြို့ထဲက ပြန်မထွက်နိုင်ဘဲ ဖြစ်နေပါတယ်'

"အင်း … ဟုတ်ပါရဲ့။ အာဏာပိုင်တွေလုပ်ပုံက တော်တော်တော့ ရယ်စရာကောင်းပါတယ်"

"ဟုတ်ပါတယ် … မယ်တော်ကြီး။ ကျွန်တော့် မိတ်ဆွေက အဒီလို အခက်အခဲ ကြုံနေရပါတယ်။ သူက လူမသိအောင် လျှို့ဝှက်ပြီး ခရီးထွက်လာတာ ဖြစ်ပါတယ်။ ဘာကြောင့် လျှို့ဝှက်ရတယ်ဆိုတာတော့ ကျွန်တော့်အနေနဲ့ ပြောခွင့်မရှိလို့ သည်းခံပါ ခင်ဗျား။ အဖြစ်ကတော့ သူ့ကို ဘယ်သူမှ မမှတ်မိအောင် လုံခြုံစိတ်ချရတဲ့ တစ်နေရာမှာ ရက်တော်တော်ကြာကြာ ထားချင်လို့ပါပဲ။ ဒါကြောင့်မို့ မယ်တော်ကြီးက ငဲ့ညှာစွာနဲ့ ကျွန်တော့်မိတ်ဆွေကို သုံးလေး



BURMESE CLASSIC .com

www.burmeseclassic.com



ရက်လောက်စံအိမ်တော်မှာ ဧည့်သည်အဖြစ်နဲ့ လက်ခံပါဆိုတာကို ကျွန်တော်က အားနာစွာနဲ့ပဲ တောင်းပန်ရတော့မှာပါပဲ"

မြို့စားကတော်ကြီး၏မျက်နှာ ချက်ချင်းပျက်သွားပြီး –

"စိတ်မကောင်းပါဘူး တီမိုသီ။ ကျုပ်ဟာ ဧည့်သည်လာတာကို အမြဲတမ်း ဝမ်းပန်းတသာ ကြိုဆိုလက်ခံခဲ့တယ်ဆိုတာ မောင်အသိဆုံးပါ။ မိတ်ဆွေတွေကို ကူညီရမှာကိုလည်း အမြဲတမ်း စိတ်ထက်သန်တယ်ဆိုတာ မောင် အသိဆုံးပါ။ ဒါပေမယ့် အခုတော့ ကျုပ်ဆီကို မောင်လာတာ အလာကောင်းပေမယ့် အခါနှောင်းသွားပြီ။ အခုလောလောဆယ် ကျုပ် အိမ်တော်မှာ ဧည့်သည်တွေ ပြည့်နေတယ်။ မနေ့ကပဲ စီးဒရစ်ဖော်စတာလည်း ရောက်လာတယ်။ သူ့အကြောင်း မောင်ကြားဖူးမှာပေါ့"

"ဟို ... နာမည်ကျော် စာရေးဆရာလား"

"ဟုတ်ပါတယ်။ သူ့နောက်ကလဲ သူ့ရဲ့စာမူကိုယ်စားလှယ်နဲ့ သူ့မိတ်ဆွေတွေ အပါအဝင် လေးယောက်တောင် ပါလာသေးတယ်။ အဲဒီတော့ ... မောင့်မိတ်ဆွေအတွက် အခန်းတစ်ခန်းရအောင်။ စီးဒရစ်ဖော်စတာလို ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ယောက်ကို ပြောရမှာ အားနာစရာ ကောင်းလှပါတယ်။ သူ့မိတ်ဆွေတစ်ယောက်ယောက်ကို အခန်းပြောင်းပေးဖို့ ပြောရမှာဆိုတော့ မောင်ပဲ တွေးကြည့်ပါဦး"

ဂျော်ဒန်က သူ့ချဉ်းကပ်ပုံ မှားသွားပြီဆိုတာ ချက်ချင်း သိလိုက်သည်။ ထို့ကြောင့် အမှန်ကို ဖွင့်ပြောမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီးနောက် –

"မယ်တော်ကြီးရဲ့ အခက်အခဲကို ကျွန်တော် စာနာမိပါတယ် ခင်ဗျာ။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ မပြောမဖြစ်တော့တဲ့အတွက် အမှန်ကို အမှန်အတိုင်းပဲ ဖွင့်ပြောပါတော့မယ်။ ကျွန်တော် ပြောနေတဲ့ ပုဂ္ဂိုလ်က သာမန်ပုဂ္ဂိုလ်မဟုတ်ပါဘူး။ သူ့ပညာရပ်မှာ ကမ္ဘာကျော်တဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ တကယ်လို့ သူ့ရဲ့ ရှာဖွေတွေ့ရှိချက်ကြီးကို ကမ္ဘာကသိအောင် တင်ပြလိုက်နိုင်မယ်ဆိုရင် ကမ္ဘာပေါ်မှာ ကမ္ဘာအကျော်ဆုံး ပုဂ္ဂိုလ်ကြီးဖြစ်သွားမှာ သေချာပါတယ်။ အဆုံးစွန်ပြောရရင် အမေရိကန် သမ္မတနဲ့ ရုရှဝန်ကြီးချုပ်တို့ထက်တောင် ကမ္ဘာကျော်သွားပါလိမ့်မယ်။ ဒီတော့ မယ်တော်ကြီးလည်း သူ့ရဲ့ ကျော်ကြားမှုအတွက် ပတ်သက်ရာ ပတ်သက်ကြောင်း ဂုဏ်ယူစရာဖြစ်ပါလိမ့်မယ်"

မြို့စားကတော်ကြီးက မျက်လုံးကျယ်သွားပြီး –

"မောင်ပြောတာ ကျုပ် နားမရှင်းပါလား။ ရှင်းအောင် ထပ်ပြောပါဦး တီမိုသီ"



BURMESE CLASSIC .com

www.burmeseclassic.com



မြို့စားတော်ကြီးသည် သူ့ဘက်ပါလာပြီ ဆိုသည်မှာ ဂျော်ဒန်က အပိုင်တွက်လိုက်သည်။ အဘွားကြီးက အစာကို လာဟပ်နေပြီ။ ကြိုးကို ဆွဲယူလိုက်ရုံသာရှိတော့သည်။

"ဟုတ်ကဲ့၊ ရှင်းအောင် ကျွန်တော် ပြောပါ့မယ်ခင်ဗျား။ ကျွန်တော့် မိတ်ဆွေဆိုတာက နာမည်ကျော်သိပ္ပံပညာရှင်ကြီး ပါမောက္ခဒေးဗစ် မက္ကဒေါ်နယ်ကို ပြောတာပါ။ အခု သူ့လုံခြုံရေးအတွက် ကျွန်တော်က လုံးဝ တာဝန်ယူထားရပါတယ်။ သူဟာ နှစ်ပေါင်းများစွာ စမ်းသပ်လုပ်ကိုင်ခဲ့ပြီးတော့မှ ... လူသားတွေ အသက် ၁၅၀ အထိ ရှည်စေနိုင်တဲ့ဆေးနည်းကို ရှာဖွေတွေ့ရှိပါတယ်။ ကျွန်တော်ပြောတာ ရှင်းပါသလား ခင်ဗျား"

မြို့စားကတော်ကြီးက ဘာမှ ပြန်မပြော။ မျက်တောင်ကလေး ပုတ်ခတ် ပုတ်ခတ်ဖြင့်သာ ဂျော်ဒန်ကို စိုက်ကြည့်နေသည်။

"ဒါ တကယ်အမှန်ပဲ ... မယ်တော်ကြီး"

"အံ့သြစရာပါလား။ ဒါနဲ့ ဘယ်လိုကြောင့်"

"ဘယ်လိုကြောင့်ဆို ... အဲဒါကြောင့်ပေါ့။ သူ့ကို လုံလုံခြုံခြုံ ထားဖို့ နေရာလိုနေတာကြောင့် အခုလို မယ်တော်ကြီးဆီလာပြီး အကူအညီတောင်းရတာပါပဲ"

ထို့နောက် ဂျော်ဒန်က ဖြစ်ပျက်ပုံ အလုံးစုံကို အစအဆုံး အသေးစိတ် ပြန်လည်ပြောပြလိုက်သည်။ မြို့စားကတော်ကြီးက ဂျော်ဒန် ပြောသမျှကို နားရွက်မခတ် နားထောင်သည်။ သို့သော် မျက်နှာအမူအရာကတော့ လုံးဝ မပြောင်း။

ဂျော်ဒန် စကားဆုံးတော့မှ မြို့စားတော်ကြီးက –

"စီးဒရစ် ဖော်စတာလို ကမ္ဘာကျော် စာရေးဆရာတောင်မှ ဒီလို ဇာတ်လမ်းမျိုး တစ်ခါမှ မရေးဖူးပါလား"

"ဟုတ်ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော် ဇာတ်သိမ်းခန်းကောင်းစေချင်လို့ အခုလို ပါဝင်ကူညီနေရတာ ဖြစ်ပါတယ် ခင်ဗျား။ လောလောဆယ်တော့ အဲဒီတာဝန်ကို မယ်တော်ကြီးကလွဲပြီး ဘယ်သူမှ မတတ်နိုင်တော့ပါဘူး။ ကျွန်တော်လဲ တခြားဘယ်နည်းကိုမှ တွေးလို့မရတော့ပါဘူး။ မယ်တော်ကြီးသာ မကူညီရင်တော့ ၂၄ နာရီအတွင်းမှာ သူတို့ပြန်ဖမ်းကြတော့မယ်"

"သူတို့ မဖမ်းရဘူး" မြို့စားကတော်ကြီးက အသံကျယ်ကျယ်ဖြင့် အားပါးတရ ပြောလိုက်သည်။ "သူတို့ လက်ဖျားနဲ့တောင် မတို့စေရဘူး။ ပါမောက္ခ မက္ကဒေါ်နယ်ဟာ နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်ဘူး။ ကမ္ဘာကျော် ပါရမီရှင်ကြီး၊ သူရှာဖွေတွေ့ရှိတဲ့ ဆေးနည်းကိုလည်း ကမ္ဘာသူ ကမ္ဘာသားတွေ အား

www.burmeseclassic.com



လုံး ပိုင်ဆိုင်တယ်။ ကမ္ဘာသူ ကမ္ဘာသားတွေ အကျိုးအတွက် ကျုပ် ကူညီမယ်’ အဘွားကြီးက ကုလားထိုင်မှ ထလိုက်ပြီး .... “ကဲ ... ဒီတော့ ဘယ်မှာလဲ။ အဲဒီပါရမီရှင် ပုဂ္ဂိုလ်ထူးကြီး ...။ အခု သူဘယ်မှာရှိနေသလဲ”

ဂျော်ဒန်ကလည်း ထိုင်ရာမှ ကမန်းကတန်း ထလိုက်သည်။

“ဝမ်းသာလိုက်တာ မယ်တော်ကြီး။ မယ်တော်ကြီးဟာ မြင့်မြတ်တဲ့ စိတ်ထားပိုင်ရှင်ပါပဲ။ ကျွန်တော် ဘယ်လိုလုပ်ပြီး ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး။ အခု ပါမောက္ခကြီးဟာ အောက်ထပ်မှာ ထိုင်စောင့် ကျန်ရစ်ပါတယ် ... မယ်တော်ကြီး”

“ဘုရားရေ၊ ဒီကမ္ဘာကျော် ပုဂ္ဂိုလ်ထူးကြီးကိုမှ အောက်ထပ်မှာ ထားခဲ့ရသလား။ ကဲ ... လုပ်ပါဦး၊ လုပ်ပါဦး၊ မြန်မြန်ခေါ်ပါဦး။ ဆရာကြီးခမျာ သက်သောင့်သက်သာနဲ့ နေရအောင်။ ဒီလိုဆိုရင် ကျုပ်က စီးဒရစ်ဖော်စတာရဲ့ အချော့တော် တစ်ယောက်ယောက်ကို အခန်းပြောင်းခိုင်းမှဖြစ်မယ်။ တခြားတစ်ယောက်နဲ့ ပေါင်းနေပါစေ။ ပါမောက္ခကြီးကိုတော့ အကောင်းဆုံးအခန်း ပေးရမယ်။ လွတ်လွတ်လပ်လပ်နဲ့ စိတ်ချမ်းချမ်းသာသာ နေနိုင်အောင် စီစဉ်ပေးရမယ်”

“ကျွန်တော်တစ်ခု တောင်းပန်ပါရစေဦး ... မယ်တော်ကြီး။ ဆရာကြီး ဒီမှာရှိတယ်ဆိုတာ တခြားဘယ်သူမှ မသိပါစေနဲ့ ခင်ဗျား။ အထူးသဖြင့် တခြားဧည့်သည်တွေ လုံးဝမသိဖို့အရေးကြီးပါတယ် ခင်ဗျား”

“အို ... ဒီအတွက် စိတ်ချ၊ စိတ်ချ။ ဘယ်သူမှ မသိစေရဘူး”

“ကျွန်တော်တော့ မနက်ဖြန်ညနေမှ ပြန်လာခဲ့ပါမယ်။ ထွက်ပြေးနိုင်မယ့် နည်းလမ်းတွေ သွားရှာကြည့်ပါဦးမယ်”

“မောင်က မနက်ဖြန်ညနေမှ ပြန်လာမှာလား။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ မနက်ဖြန်ညနေမှာ စီးဒရစ်ဖော်စတာအတွက် ဂုဏ်ပြုညစာစားပွဲလုပ်ဖို့ စီစဉ်ထားတယ်။ အဲဒါ ဖြစ်နိုင်ရင် မောင်ပါ ဆက်ဆက်တက်စေချင်တယ်။ မောင်ရဲ့ အချစ်တော် အမျိုးသမီးတွေထဲက တစ်ယောက်ကိုလဲ ခေါ်ချင်ခေါ်လာနိုင်ပါတယ်။ ညစာစားပွဲကို မောင်တက်မယ်ဆိုရင် ကျုပ် အများကြီး ဝမ်းသာရမှာပဲ”

“မယ်တော်ကြီးရဲ့ စေတနာကို ကျွန်တော် လေးစားပါတယ် ခင်ဗျား။ ဂုဏ်လည်း ယူပါတယ်။ ဒါပေမယ့် လောလောဆယ် ကျွန်တော် ပါတီပွဲတက်ချင်စိတ် မရှိသလို ...”

“အို ... တက်ဖြစ်အောင်သာ ကြိုးစားပါလေ။ အပြောင်းအလဲသဘောပေါ့”



BURMESE CLASSIC .com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဒီလိုဆိုလဲ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ် မယ်တော်ကြီး။ ပါမောက္ခကြီးရဲ့ လက်ထောက် ဒေါက်တာ အယ်လီဆင်အက်ဒွပ်ကိုလဲ ခေါ်လာခဲ့ပါမယ်။ ကျွန်တော်တို့ နည်းနည်းတော့စောပြီး လာခဲ့ပါမယ်။ ဒါမှ ပါမောက္ခကြီးနဲ့ အရင်တွေ့ပြီး ပြောသင့်ပြောထိုက်တာတွေ ပြောကြရတာပေါ့။ ကဲ ... ဒီတော့ အခု ကျွန်တော်တို့ရဲ့ ကမ္ဘာကျော် ဝရမ်းပြေးကြီးကို မယ်တော်ကြီးနဲ့ မိတ်ဆက်ပေးရအောင်"

*

နောက်တစ်နေ့နံနက် ဒင်နီယယ်လီဟိုတယ်တွင် အိပ်ရာမှ နိုးလာသည့်အချိန်မှစ၍ ဂျော်ဒန်သည် ပါမောက္ခ မက္ကဒေါ်နယ်အကြောင်းကို အခိုက်အတန့်အားဖြင့် လုံးဝ မေ့ထားလိုက်ပြီး တစ်ပတ်ကျော်ကျော် ပေယျာလကန် ပစ်ထားခဲ့သော သူ့အလုပ်ကိုသာ ပြန်လည်အာရုံစိုက်မိသည်။

'ဗင်းနစ်မြို့ ကယ်တင်ရေးအဖွဲ့' အနေဖြင့် အမေရိကန် သတင်းစာ ပေါင်း ၁၄၀၀ တွင် သတင်းဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြခံရဖို့ ဆိုသည်မှာ ရတောင့်ရခဲသော အခွင့်အရေးကြီး တစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် သည်နေ့ တစ်နေ့လုံးကို ပင်တိုင်ဆောင်းပါးရှင် ရှုလာမိုးအတွက်သာ အသုံးချမည်ဟူ၍ ဆုံးဖြတ်လိုက်သည်။

မနေ့ကတော့ ပါမောက္ခမက္ကဒေါ်နယ်အား မြို့စားကတော်ကြီး၏ စံအိမ်တော်တွင် စိတ်ချလက်ချ ထားပစ်ခဲ့ပြီးသည့်နောက်ပိုင်း ဘရူနို၏ အဆက်အသွယ်ရအောင် ကြိုးစားခဲ့သည်။ 'ဗင်းနစ်ဂေဇက်' သတင်းစာတိုက်သို့ ဖုန်းဆက်သည်။ ဘရူနိုမရှိ။ သတင်းပေးထားခဲ့သည်။ ပြီးတော့ ... မြို့တော်ဝန်ရုံးသို့ ဆက်ကြည့်ပြန်သည်။ မရှိ။ သတင်းပေးထားခဲ့ရပြန်သည်။ နောက်ပြီး ဘရူနိုသွားနေကျ စားသောက်ဆိုင်နှစ်ဆိုင်သို့ ဆက်ကြည့်ပြန်သည်။ ယင်းနေရာများတွင်လည်း ဘရူနို မရှိ။ တယ်လီဖုန်းဆက်တိုင်းတွင်လည်း သတင်းရလျှင်ရချင်း ဘရူနိုအနေဖြင့် မိမိအား ဒင်နီယယ်လီဟိုတယ်သို့ ဆက်သွယ်ရန် သတင်းပေးထားခဲ့သည်ချည်းပင်။

ယနေ့ညနေ လှေလှော်ရေးခရီးမှ ပြန်ရောက်ပြီးနောက် မြို့စားကတော်ကြီး၏ ညစာစားပွဲကို မသွားမီ ဘရူနိုထံမှ သတင်းတစ်ခုခုတော့ ရနိုင်ကောင်းပါ၏ဟု မျှော်လင့်မိသည်။

ယင်းကြားကာလအတွင်းမှာတော့ စာရေးဆရာ သတင်းစာဆရာ ရှုလာမိုးနှင့် ပီရယ်ပီ – ဖာလန်နီ ဆည်အကြောင်းကို အဓိက အာရုံစိုက်ထားမည်။ လှေလှော်ရေး အဖွဲ့ဝင်များအနက် ငါးဦးမှာ ပိုင်ယာဇလေမာရှိ ဗဟိုကားစခန်းတွင် ဆုံကြရန်ဖြစ်သည်။

www.burmeseclassic.com



ဂျော်ဒန်နှင့် မာရီဆာတို့က ရှုလာမိုးအား 'ဘော (ဝါး) ဂရန်ဝေါလ်' ဟိုတယ်တွင် ကားနှင့်သွားခေါ်ပြီး ယင်းမှတစ်ဆင့် ပိုင်ယာဇလေရီမာသို့ မော်တော်ဖြင့် လာခဲ့ကြသည်။

ပိုင်ယာဇလေရီမာတွင် အစောင့်ရဲသားနှစ်ယောက်က သူတို့အား အသင့်စောင့်နေကြသည်။ ၎င်းတို့မှာ ဗိုလ်မှူးကြီး ကတ်ထရုန်းက စီစဉ်ပေးလိုက်သော အစောင့်ရဲသားများ ဖြစ်သည်။ အီတာလျံ ပြည်သူ့လုပ်ငန်းဌာနမှ စီစဉ်ပေးလိုက်သော မာစီးဒီးကားတစ်စီးကိုလည်း အသင့်တွေ့ကြရသည်။

ဂျော်ဒန်က မာစီးဒီးကို မောင်းကာ ခရီးဆက်ခဲ့ကြသည်။ ရှုလာမိုးက ရှေ့ခန်းတွင် သူ့ဘေးမှ ထိုင်လိုက်လာသည်။ မာရီဆာကတော့ နောက်ပိုင်းတွင် အစောင့်ရဲသားနှစ်ယောက်ကြားမှ လိုက်ပါလာသည်။ ပဒူအာသို့ ကားနှင့်သွားလျှင် မိနစ် ၄၀ သာကြာသည်။ ဂျော်ဒန်သည် သတင်းစာဆရာများအား လိုက်ပြရင်း သည်ခရီးကို အကြိမ်ကြိမ် သွားရောက်ခဲ့ဖူးသည်။

ပဒူအာရောက်တော့ ဂျော်ဒန်က ကားကို ပြည်သူ့လုပ်ငန်းဌာနရုံးခွဲ ရှေ့တွင် ထိုးရပ်လိုက်သည်။

ထို့နောက် ဂျော်ဒန်သည် အစောင့်ရဲတစ်ယောက်နှင့်အတူ ရုံးထဲသို့ ဝင်လာခဲ့ပြီး ဌာနခွဲတာဝန်ခံထံမှ 'အထူးပါမစ်' ကို ယူသည်။ ယင်းပါမစ်မှာ ဗင်းနစ်ကမ်းခြေ ရေအိုင်ကြီးနှင့် ရေအောက်ဆည်ကြီးတို့၏ လုပ်ငန်းဆောင်ရွက်မှု ပုံစံကို ကြည့်ရှုလေ့လာခွင့်ပြုသော ပါမစ်ပင်ဖြစ်သည်။

ယင်းမှတစ်ဆင့် ပဒူအာမြို့ပြင်ရှိ ဇော်လတာဘာရိုဇိုသို့ ဆက်လက် ထွက်ခွာလာခဲ့ကြသည်။ ဇော်လတာဘာရိုဇိုတွင် ဟိုက်ဒရောလစ် ဇဟိုစက်ရုံကြီး တည်ရှိသည်။

တစ်လမ်းလုံးတွင် မာရီဆာက ရှုလာမိုးအား နယ်မြေအကြောင်းနှင့် ပတ်သက်သော သိအပ်ဖွယ်ရာများကို ပြောပြလာသည်။ ဂျော်ဒန်ကတော့ ကားမောင်းလာရင်းမှာ တစ်ချက်တစ်ချက် မသိမသာ ဘေးသို့လှည့်ပြီး ရှုလာမိုးကိုသာ အကဲခတ်လျက်ရှိသည်။

"သိပ်ပြီး စိတ်ဝင်စားစရာကောင်းတာပဲ။ ကျုပ်အတွက်တော့ ရေးကွက်တွေ အတော်ရနေပြီ။ ဒါပေမယ့် အခု ... ကျုပ်တို့ သွားကြည့်မယ့် ရေလွှမ်းဒဏ် ကာကွယ်ရေး စက်ရုံကြီး အကြောင်းတော့ ဘာမှ မသိရသေးပါလား" ရှုလာမိုးက ဂျော်ဒန်ဘက်သို့ လှည့်ပြီးမေးလိုက်သည်။

"ဟုတ်ပါတယ်။ အဲဒီအကြောင်းမပြောသေးတာက တမင်မပြောဘဲ ချန်ထားလို့ပါ" ဂျော်ဒန်က လက်ကိုင်ဘီးကို ထိန်းရင်း ပြန်ပြောလိုက်သည်။ "ဒီစက်ရုံကြီးအကြောင်းကို အခု ပြောလို့ သိပ်မကောင်းပါဘူး။ မျက်မြင်ကိုယ်



BURMESE CLASSIC .com

www.burmeseclassic.com



တွေ့ ရှင်းပြမှ ပိုကောင်းပါတယ်။ စက်ရုံကြီးပုံစံကိုကြည့်ပြီး ကျွန်တော် ရှင်းပြပါ့မယ်။ မစ္စတာမိုးအနေနဲ့ ပိုပြီး ရှင်းရှင်းလင်းလင်း နားလည်နိုင်အောင်လို့ပါ"

"အဲဒါ ကောင်းပါတယ်"

"ဟော ... ပြောရင်း ဆိုရင်း စက်ရုံကိုတောင် မြင်ရပြီ" ဂျော်ဒန်က ကားပြတင်းမှ အပြင်သို့ ညွှန်ပြရင်း "ဟောဟို လက်ဝဲဘက်က အစွန်ဆုံး အဆောက်အအုံကို ကြည့်လိုက်ပါ မစ္စတာ မိုး။ တြိဂံပုံစံအဆောက်အအုံကို မြင်ရပါလိမ့်မယ်။ အဲဒီ တြိဂံအဆုံးမှာက နှစ်ထပ်တိုက်ရှိုး အဆောက်အအုံ။ ဘေးချင်းကပ်အဆောက်အအုံကတော့ စမ်းသပ်ရေး အလုပ်ရုံပါပဲ။ အဲဒီနား ကကပ်လျက် အဆောက်အအုံကြီးကတော့ ဗဟိုစက်ရုံကြီး။ လေယာဉ်ပျံထားတဲ့ ဂိုဒေါင်ကြီးနဲ့ မတူဘူးလား။ အဲဒီအထဲမှာ ဗင်းနစ်မြို့နဲ့ ကမ်းခြေရေအိုင်ကြီးရဲ့ ပုံစံရှိတယ်။ မကြာခင် မြင်ရပါလိမ့်မယ်"

လမ်းမကြီးကွေ့ ရောက်တော့ ကားကို ရပ်လိုက်သည်။ အားလုံး ကားပေါ်မှ ဆင်းကြသည်။ ဂျော်ဒန်က ရှူလာမိုးအား ဦးဆောင်ပြီး ရှေ့ဆုံးမှ လျှောက်လာသည်။ လေယာဉ်ပျံဂိုဒေါင်ကြီးလို အဆောက်အအုံကြီးဆီသို့ လျှောက်လာကြသည်။ လျှောက်လာရင်း ဂျော်ဒန်က နောက်ခံ အကြောင်းအရာများကို ရှင်းပြလာသည်။ ရှူလာမိုးက မှတ်စုစာအုပ်ထုတ်၍ ကမန်းကတန်းရေးမှတ်သည်။

"ဗင်းနစ်မြို့ဟာ တဖြည်းဖြည်းနဲ့ ပင်လယ်ထဲ နစ်မြုပ်သွားနိုင်တယ်။ အကြောင်းတွေကတော့ အများကြီးပဲ" ဂျော်ဒန်က ပြောသည်။ "အဲဒီလို နစ်မြုပ်မသွားနိုင်အောင် ကာကွယ်နိုင်တဲ့ နည်းလမ်းတွေကလဲ အများကြီးပဲ ရှိပါ တယ်။ ဒါပေမယ့် ကျွန်တော်တို့က အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးနည်းလမ်း တစ်ခုကိုပဲ လုပ်ကိုင်နေကြတယ်။

"ဗင်းနစ်မြို့ ရေထဲမြုပ်သွားနိုင်တဲ့အကြောင်းကို အရင်ပြောပါရစေ။ ကမ္ဘာ့မြေပြင်က ရေခဲထုကြီးဟာ တဖြည်းဖြည်း အရည်ပျော်နေတယ်။ သမုဒ္ဒရာ ရေမျက်နှာပြင်က မြင့်တက်လာတယ်။ ဒါကြောင့်မို့ ဗင်းနစ်မြို့မှာ ရေမျက်နှာပြင် အနေအထားဟာ ငါးနှစ်ကြာတိုင်းတစ်လက်မစီမြင့်တက်လာနေတယ်။ ဖြစ်ပုံက ဒီမြို့ရဲ့ အောက်ခံမြေသားက ရွှံ့မြေ ဖြစ်နေတယ်။ ပြီးတော့ အရေးကြီးတဲ့ အချက်တစ်ချက်က မာဂီရာနဲ့ မက်စထရီတစ်ဝိုက်မှာ ရှိတဲ့ ပုဂ္ဂလိက စက်မှုလုပ်ငန်းတွေက ကမ်းခြေရေအိုင်က ရေတွေနဲ့ ရွှံ့ရေတွေကို စုပ်ထုတ်ပစ်နေကြလို့ ကုန်းမြေဟာ နိမ့်ဆင်းလာတယ်။ ဒါပေမယ့် မြို့ရဲ့မြေမျက်နှာပြင်နိမ့်ဆင်းသွားရတဲ့ အဓိက အကြောင်းရင်းကတော့ တဖြည်းဖြည်းနဲ့ ရေတိုက်စားခြင်းကြောင့်ပဲ ဖြစ်တယ်။ အာဒရေယာတစ်ပင်လယ်က ဒီရေတွေဟာ ရေလက်ကြားသုံးခု

www.burmeseclassic.com



အတိုင်း ဖြတ်ဝင်လာပြီး ကမ်းခြေ ရေအိုင်ကြီးကို ရေလျှံစေတယ်။ ဒါကြောင့်မို့ မြို့တွင်းကို ရေလျှံခြင်းဖြစ်ရတယ်။

"နှစ်စဉ် ဆောင်းရာသီမှာဆိုရင် ပိုင်ယက်ဇာဆန်မာကို ရပ်ကွက်ကို သုံးလက်မအထိ ရေတက်လာတတ်ပါတယ်။ ၁၉၆၆ ခုနှစ်ကဆိုရင် ခြောက်လက်မအထိ ရေတက်ခဲ့တယ်။ လှေတွေ၊ သင်္ဘောတွေ၊ အိုးအိမ်အဆောက်အအုံတွေ၊ ဈေးဆိုင်တွေ ပျက်စီးပြီး လူပေါင်း ၅၀၀၀ ကျော် ဒုက္ခရောက်ခဲ့ရတယ်။ တစ်နာရီမှာ မိုင် ၆၀ နှုန်း လေပြင်းတိုက်တဲ့အခါ တစ်မြို့လုံး ရေအောက်ကို ကိုးလက်မအထိ ရောက်သွားတယ်။ အဲဒီလို နှစ်စဉ်ကြုံနေရတဲ့ ကပ်ဆိုးကို ဘယ်လို ကာကွယ်မှာလဲ။ ကျွန်တော်တို့က နည်းလမ်းတစ်ရပ်တွေ့ထားပြီးပါပြီ။ အဲဒါကို အခုပဲ ကိုယ်တိုင်ကိုယ်ကြမြင်ရပါလိမ့်မယ်"

မွဲပြာရောင် အဆောက်အအုံကြီး ရှေ့သို့ ရောက်လာကြသည်။ ဂျော်ဒန်က ဂိတ်ဝင်လက်မှတ်ကို အစောင့်လက်သို့ ကမ်းပေးလိုက်သည်။

အဆောက်အအုံထဲသို့ ဝင်လာကြသောအခါ ဗင်းနစ်မြို့ကို ပုံစံတူ ပြုလုပ်ထားသည့် အင်္ဂတေ ပုံစံကြီးကို တပြန့်တပြော မြင်တွေ့ကြရသည်။ အင်္ဂတေပုံစံတွင် တူးမြောင်းများကိုလည်း ပကတိအတိုင်း ရေသွင်းထားသည်။

"ဒီပုံစံကို ဆောက်လုပ်တာပဲ နှစ်နှစ်တိတိ ကြာပါတယ်" ဂျော်ဒန်က ဆက်လက် ရှင်းပြသည်။ 'ပါရဂူအဖွဲ့ လေးဖွဲ့က ပင်လယ်ရေတိုင်းတာတဲ့ မြေပုံတွေ သုံးပြီး အမြဲတမ်းကြီးကြပ်လုပ်ကိုင်နေကြတယ်။ ဒီအဆောက်အအုံ အကျယ်အဝန်းက စတုရန်းမီတာ ၁၆,၀၀၀ ရှိပြီး ဗင်းနစ်မြို့ပုံစံအကျယ်အဝန်းက (ကမ်းခြေရေအိုင်အပါအဝင်) စတုရန်းမီတာ ၁၂,၀၀၀ ရှိပါတယ်"

မြို့ပုံစံရှိ တူးမြောင်းများထဲတွင် ရေတွေ တသွင်သွင်စီးနေပုံကို ကြည့်ပြီး ရှုလာမိုးက အထူးသဘောကျနေသည်။ သူက ခေါင်းတညိတ်ညိတ်ဖြင့်

"တကယ်လဲ အံ့သြစရာပါပဲဗျာ" ဟု ပြောလိုက်သည်။ ထို့နောက် မှတ်စုတွင် ရေးမှတ်ပြန်သည်။

ဂျော်ဒန်က တစ်နေရာသို့ လက်ညှိုးထိုးပြပြီး –

"ဒါက ပိုင်ယက်ဇာဆန်မာကို ရပ်ကွက်ပါ။ ဒါကတော့ တရားလွှတ်တော်ချုပ်။ ဟောဒီက ဂရင်းတူးမြောင်းကြီး။ ပြီးတော့ ဒါက ရီရယ်လတို တံတား၊ ဟိုဘက်က အစွန်ဆုံးက ဥစ္စာကတော့ အာဒရေယာတစ် ပင်လယ်နဲ့ ဆက်သွယ်ထားတဲ့ လှေလှောင်ကန်ကြီး။ ကဲ … ကျွန်တော်တို့ အဲဒီဘက်သွားကြည့်ကြရအောင်။ ဒါမှ မစ္စတာမိုးအနေနဲ့ ဗင်းနစ်မြို့ရဲ့ ပြဿနာကို အတိအကျ သိရမယ်။ ကျွန်တော်တို့က ဘယ်လို ဖြေရှင်းဖို့ လုပ်ကိုင်ထားတယ်ဆိုတာကိုလည်း ကိုယ်တိုင်မြင်ရပါလိမ့်မယ်"

www.burmeseclassic.com



ထို့နောက်တွင် ရှုလာမိုး၊ မာရီဆာနှင့် အစောင့်နှစ်ယောက်တို့အား ဂျော်ဒန်က ဦးဆောင်ကာ အင်္ဂတေပုံစံကြီး နောက်ဘက်သို့ ပတ်၍ခေါ်လာခဲ့သည်။ ထိုနေရာတွင် အခန်းလေးခန်းရှိ အီလက်ထရွန်နစ် စက်ရုံရှိသည်။ အခန်းတစ်ခန်းတွင် အင်ဂျင်နီယာတစ်ဦးက ကွန်ပျူတာစက်ရုံတွင် အလုပ်လုပ်နေသည်။

"ဒီစက်က ဆီးမင်း – ၃၀၀ အမျိုးအစား၊ အီတာလျံ လိုင်ယာငွေသန်း ၁၀၀ တန် စက်ပါပဲ" ဂျော်ဒန်က ရှင်းပြသည်။ "သူက အနီးအနားက ရေစုပ်စက်တွေကို လည်ပတ်စေတယ်။ မြို့တွင်းသို့ ဝင်လာတဲ့ရေနဲ့ မြို့ပြင်ကို ထုတ်တဲ့ ရေကို ထိန်းပေးတဲ့ စက်ပါပဲ။ တကယ်ရေတက်လာတဲ့အခါ ခြောက်နာရီကြာတယ်။ ဒီပုံစံမှာတော့ ခြောက်မိနစ်ပဲ ကြာပါတယ်"

သူက တစ်နေရာသို့ လက်ညှိုးထိုးပြရင်း "ဟိုမှာ ရေလက်ကြားသုံးခု ရှိတယ်။ အာဒရေယာတစ် ပင်လယ်က ရေတွေဟာ အဲဒီတူးမြောင်းတွေထဲ လျှောက်ဝင်လာပြီး ဗင်းနစ်မြို့ထဲရောက်လာတယ်။ အနီးဆုံး ရေလက်ကြားက လီဒိုရေလက်ကြား၊ သူနဲ့ ကပ်လျက် မလာမိုကို ရေလက်ကြား၊ အဝေးဆုံးကတော့ ချီယိုဂျီယာ ရေလက်ကြား။

"အဲဒီရေလက်ကြားသုံးခုက ရေတွေ လျှံလာလို့ ဗင်းနစ်တစ်မြို့လုံး ရေထဲနစ်မြုပ်မသွားအောင် ကျွန်တော်တို့က ကာကွယ်ရေးလုပ်ငန်းတွေ လုပ်ခဲ့ကြတယ်။ အဲဒီလိုလုပ်နိုင်ဖို့အတွက် ပီရယ်လီကုမ္ပဏီနဲ့ ဖာလန်နီကုမ္ပဏီကို ငှားရမ်းတာဝန်ပေးခဲ့တယ်။ ပီရယ်လီကုမ္ပဏီက ရာဘာပစ္စည်းထုတ်လုပ်ကုမ္ပဏီ၊ ဖာလန်နီကတော့ ဆောက်လုပ်ရေးကုမ္ပဏီ ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီနှစ်ခု ပူးပေါင်းပြီး ရေအောက်ရာဘာဆည် ဆောက်လုပ်ခဲ့ကြတယ်။ အခုဆိုရင် လီဒိုရေလက်ကြားထဲမှာ ရာဘာဆည်ကြီးတစ်ခု ဆောက်လုပ်ပြီးစီးသွားပါပြီ။ ရာဘာဆည်ဆိုတာကတော့ အတိုးအလျှော့ ပြုလုပ်နိုင်တဲ့ ရေလှောင်ကန်ကြီးပဲ ဆိုပါတော့။

"အဲဒီဆည်ကြီးကို နိုင်လွန်ချည်နဲ့ ရာဘာရောစပ်ပြီး ပိုက်လုံးရှည်ကြီးတစ်ခုလို ပြုလုပ်ထားပါတယ်။ ဒါကြောင့် ရေထုတ်လိုက်တဲ့အခါ ဆည်ပိုက်လုံးကြီး ပိန်သွားပြီး ရေဖြည့်လိုက်တဲ့အခါ ဖောင်းလာပါတယ်။ သဘောကတော့ မီးသတ်ရေပိုက်လိုပေါ့။ အဲဒီဆည်ကို လီဒိုရေလက်ကြားအဝမှာ ဖြတ်ပြီး တည်ဆောက်ထားတယ်။ အစွန်းတစ်ဖက်တစ်ချက်ကိုလဲ အင်္ဂတေကိုင်ပြီး အခိုင်အမာစိုက်ထားတဲ့ သံတိုင်ကြီးတွေနဲ့ ထိန်းချုပ်ထားတယ်။

"တစ်နည်းအားဖြင့်တော့ ဒီဆည်ကြီးဟာ ဧရာမ ရှည်လျားကြီးမားတဲ့ ရေအိုင်ကြီးတစ်ခု၊ ဒါမှမဟုတ် ရေပိုက်လုံးကြီးတစ်ခုပါပဲ။ သူ့ကို ရေမသွင်း



BURMESE CLASSIC .com

www.burmeseclassic.com



ဘဲ ထားတဲ့အခါ ရေအောက်မှာ မြုပ်နေပါတယ်။ ဒီလိုထားတာကလည်း ကမ်းခြေရေအိုင်ထဲ သင်္ဘောတွေ ဝင်လာတဲ့အခါ အနှောင့်အယှက် မဖြစ်နိုင်အောင်လို့ပါပဲ။ အဲဒီတော့ တကယ်လို့ ဗင်းနစ်မြို့ကို ရေလျှံလာတဲ့အခါ ဒီဆည်ကြီးကို ဘယ်လိုအသုံးချမလဲဆိုတာ ကြည့်ကြရအောင်"

ဂျော်ဒန်က ကွန်ပျူတာစက်ရုံမှ အင်ဂျင်နီယာကို အချက်ပြလိုက်သည်။ အင်ဂျင်နီယာက ခေါင်းတစ်ချက်ညိတ်ပြပြီး အီလက်ထရွန်နစ် စက်ခလုတ်များကို နှိပ်လိုက်သည်။ ဂျော်ဒန်က ဆက်ပြောသည်။

"ဟိုဘက်က လီဒိုရေလက်ကြားပုံစံကို ကြည့်လိုက်ပါ။ ပင်လယ်ရေတွေ တက်လာနေကြပြီ။ တဖြည်းဖြည်းနဲ့ ကမ်းခြေရေအိုင်ကြီးပါ ရေလျှံလာပြီး တစ်မြို့လုံး ရေထဲနစ်မြုပ်သွားတော့မယ်။ ဟော ... ပြောရင်းဆိုရင်းပဲ တစ်မြို့လုံး ရေတွေလျှံလာနေပြီ။

"ဒီအချိန်မှာ အင်ဂျင်နီယာက ဟိုက်ဒရောလစ် ရေစုပ်စက်ကို ဖွင့်ပြီး ရေအောက်မှာ ဝပ်နေတဲ့ နိုင်လွန်ရာဘာရေပိုက်ကြီးကို ရေဖြည့်လိုက်သည်။ ရေပိုက်ကြီးမှာ တဖြည်းဖြည်း ရေပြည့်လာတော့ ရေအောက်ကကြွပြီး အပေါ် ရေမျက်နှာပြင်သို့ ပေါ်တက်လာတယ်။ ဟာ ... ဟိုမှာ ... ကြည့် ... ကြည့်"

သူတို့ရှေ့မှ ပုံစံတွင် တပ်ဆင်ထားသော ရေပိုက်ကလေးတစ်ခုသည် ရေလက်ကြားနှင့် ကမ်းခြေရေအိုင်တစ်လျှောက် ရေထဲမှ ပေါ်တက်လာသည်။ တစ်ချိန်တည်းတွင် ကမ်းခြေရေအိုင် ရေမျက်နှာပြင်အနေအထားမှာ သိသိသာသာကြီး လျော့ဆင်းသွားသည်။ သဘောကတော့ တက်လာသော ဒီရေများကို ရေပိုက်ရေလှောင်ကန်ကြီးထဲ စုပ်သွင်းလိုက်ခြင်းပင် ဖြစ်သည်။

"မြင်ရတဲ့အတိုင်းပါပဲ" ဂျော်ဒန်က ပြောသည်။ "ရေတွေ စုပ်ယူလိုက်တဲ့ ရေပိုက်က ရေပေါ်တက်လာပြီ။ ဒီနည်းအားဖြင့် ဗင်းနစ်မြို့ကို ရေလျှံဖုံးလွှမ်းသွားနိုင်တဲ့ အန္တရာယ်က ကယ်တင်လိုက်ခြင်းပါပဲ။ ဒီရေတွေ လျော့ဆင်းသွားတာနဲ့ တစ်ပြိုင်နက် လေမုန်တိုင်းလည်း တစ်ခါတည်း စဲသွားမယ်။ လေမုန်တိုင်း စဲသွားတော့ ကမ်းခြေရေအိုင်နဲ့ ပင်လယ်ပြင်ထဲက ရေတွေလဲပြန်ပြီး ဝပ်ဆင်းသွားမယ်"

"တကယ်ထူးဆန်းတဲ့ လုပ်ရပ်ပါပဲ" ရှုလာမိုးက တအံ့တသြ မှတ်ချက်ချသည်။

"တကယ့် ရေပိုက်ကြီးကို ရေသွင်းတဲ့အခါ ရေမျက်နှာပြင်ပေါ် တက်လာဖို့အတွက် အချိန်ဘယ်လောက်ကြာမလဲ"

"ငါးမိနစ်ပဲကြာမယ်"

"ဒီနည်းနဲ့ ဗင်းနစ်မြို့ကို တကယ် ကာကွယ်နိုင်ပါ့မလား"

www.burmeseclassic.com



"တကယ် ကာကွယ်နိုင်ပါတယ်"

'အခု ဒီဆည်ကြီးကို လုံး၀ တည်ဆောက်ပြီးသွားပြီဆိုပါတော့"

"လီဒိုရေလက်ကြားက ဆည်ကြီးကို တည်ဆောက်ပြီးသွားပါပြီ။ နောက်ရေလက်ကြားနှစ်ခုမှာတော့ မဆောက်ရသေးပါဘူး။ အဲဒီနှစ်ခုအတွက် စရိတ်ကလဲ မသေးပါဘူး။ အနည်းဆုံး ဒေါ်လာသန်း ၂၀ လောက် ကုန်မယ်"

"အခုလို သိရတာ အများကြီး ကျေးဇူးတင်ပါတယ် မစ္စတာဂျော်ဒန်'

"ဟုတ်ကဲ့၊ ကျွန်တော်တို့ကလဲ ပြန်ပြီး ကျေးဇူးတင်ရမှာပေါ့ မစ္စတာ မိုး။ ကဲ ... နောက်ထပ် ကြည့်စရာကလေးတွေ ဆက်ပြီး လျှောက်ကြည့် လိုက်ကြရအောင်"

သို့ဖြင့် ... သူတို့သည် စက်ရုံအတွင်းအပြင်ရှိ အခြားလေ့လာကြည့် ရှုစရာ ဌာနများကို နာရီဝက်ကြာမျှ ဆက်လက်၍ လှည့်လည် ကြည့်ရှုကြ သည်။

ထို့နောက် စက်ရုံဝင်းကြီးထဲမှ ပြန်ထွက်လာကြပြီး ကားရပ်ထား သော နေရာသို့ လျှောက်လာကြသည်။

"ဒီလောက်ဆိုတော့ တခြားပြစရာ မကျန်တော့သလောက်ပါပဲ။ မစ္စတာမိုးအတွက် သတင်းဆောင်းပါးကောင်းတစ်ပုဒ်တော့ သေချာသွားပြီပေါ့"

"ဟုတ်ပါတယ်။ အလွန်ကောင်းတဲ့ ရေးကွက်ပါပဲ။ အခုလို အချိန် ကုန်ခံပြီး စိတ်ရှည်ရှည်နဲ့လိုက်ပြတာ အများကြီး ကျေးဇူးတင်ပါတယ် ... မစ္စတာ ဂျော်ဒန်။ ကျွန်တော် ဒီမြို့က ထွက်ခွင့်ရရင်ရချင်း ဒီဆောင်းပါးကို သတင်းဌာနကို ချက်ချင်းပို့လိုက်ပါမယ်။ ဒါနဲ့ ... ဒီမှာ ဘာတွေဖြစ်နေတာလဲ ဗျ။ အခုလို ကမ္ဘာလှည့် ခရီးသွားရာသီမှာ တိုင်းပြည်စီးပွားရေးအတွက် အလွန် အားကိုးနေရတဲ့ မြို့တစ်မြို့ကို ဘာမှမဟုတ်တဲ့ ဒုတိယတန်းစား သူလျှိုတစ် ယောက်ကြောင့် ပိတ်ထားတာ ကျွန်တော်တော့ မယုံနိုင်အောင်ပါပဲဗျာ။ ဒီနောက် ကွယ်မှာ ဘာအကြောင်းများ ရှိသေးလို့လဲဗျ"

"တကယ်တော့ နောက်ကွယ်မှာ ဘာအကြောင်းမှ ရှိမယ် မထင်ပါ ဘူး။ သူတို့က အဲဒီသူလျှိုကို လက်ရဖမ်းဖို့အတွက် မလိုအပ်ဘဲနဲ့ သိပ်ကြီး အကျယ်ချဲ့ လုပ်နေကြတာပါ။ သဘောကတော့ ခရုခါးတောင်းကျိုက် ဖမ်းနေ တဲ့ သဘောပါပဲ"

"ဒါပေမယ့် ကျွန်တော်ကတော့ ဖြစ်နိုင်ရင် ဒီအကြောင်းကို အတွင်း နှိုက်ပြီး သေသေချာချာ လေ့လာကြည့်ချင်တယ်ဗျ။ စိတ်ဝင်စားစရာ ဆောင်း ပါးကောင်းတစ်ပုဒ်တော့ ကျိန်းသေရမှာပဲ။ ဒါပေမယ့် သတင်းလိုက်ရင်းနဲ့ အချိန်တွေ သိပ်ပြီး ကုန်သွားမှာစိုးလို့ ဒီသတင်းခေါက်ထားလိုက်ရတာ"



BURMESE CLASSIC .com

www.burmeseclassic.com



"တခြားရေးစရာ ဘာအကြောင်းတွေများ ရထားသေးသလဲ"

"တစ်ခုပဲ ရပါသေးတယ်။ သန်ဘက်ခါဆိုရင် ခရီးသွားကိုယ်စားလှယ်ဌာန တစ်ခု၊ အမေရိကန်နဲ့ အင်္ဂလိပ် စက်မှုလုပ်ငန်းရှင် တစ်ဒါဇင်လောက်ကို မက်စထရီမြို့က ရေနံဓာတုစက်ရုံသစ် လိုက်ပြဖို့ စီစဉ်ထားတယ်။ အဲဒီအကြောင်း ဆောင်းပါးရေးဖို့အတွက် ကျွန်တော့်ကိုလဲ ဖိတ်ထားတယ်။ စိတ်ဝင်စားစရာအကြောင်းတော့ မဟုတ်ပါဘူး"

ဤတွင် ဂျော်ဒန်က တစ်စုံတစ်ရာကို ဖြတ်ခနဲ သတိရလိုက်မိသဖြင့်

"ခင်ဗျားတို့ မက်စထရီကို ဘယ်လိုသွားကြမှာလဲ"

"အခု ကျွန်တော်တို့ လာတဲ့နည်းအတိုင်းပဲပေါ့။ မြို့တော်ဝန်ဆီက အထူးခရီးသွားခွင့် လက်မှတ်တောင်းပြီး လာရမှာပေါ့။ သူက အခု ကျွန်တော်တို့ လာတဲ့အတိုင်း အစောင့်ရဲနှစ်ယောက်လောက်တော့ ထည့်ပေးလိုက်မှာ သေချာပါတယ်"

"အဲဒီ ခရီးသွားကိုယ်စားလှယ်ဌာနဆိုတာက ဘယ်ဌာနပါလဲ"

"စီအိုင်တီ ဆိုလားပဲ"

"ဟုတ်ပါတယ်၊ အကောင်းဆုံးနဲ့ အကြီးဆုံး ဌာနတစ်ခုပါပဲ"

ထို့နောက် သူက အမှတ်မထင် မေးသလိုဟန်ဖြင့် ... "ဒီလိုဆိုတော့ သူတို့က လမ်းညွှန်စကားပြန် မပေးဘူးလား။ ကျွန်တော်က ဒီမြို့က လမ်းညွှန်စကားပြန်တွေ အားလုံးလိုလိုကို သိတာ။ လမ်းညွှန်ကောင်းကောင်း လိုချင်ရင် ကျွန်တော် ရှာပေးမလို့ပါ"

"အမျိုးသမီးတစ်ယောက်တော့ ရထားပြီးပါပြီ။ ဘာတဲ့ ... သူ့နာမည်တောင် မမှတ်မိတော့ဘူး။ နေပါဦး ... လိပ်စာရေးထားလိုက်တယ် ထင်တာပဲ" သူက ကုတ်အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး စာရွက်အတိုအစကလေးတွေ တစ်ထပ်ကြီး ဆွဲထုတ်လိုက်သည်။ ပြီးတော့ စာရွက်တစ်ရွက်ကို ယူလိုက်ပြီး "ဟော ... ဒီမှာ တွေ့ပြီ။ စီအိုင်တီတဲ့။ လမ်းညွှန်အမျိုးသမီးနာမည်က ဖဲလစ်ဟူးဘား၊ ဘယ့်နှယ်လဲ ... ဒီအမျိုးသမီးတော်ရဲ့လား"

"သိပ်တော်တာပေါ့။ ခင်ဗျားတို့ ကံကောင်းတာပဲ"

ရှုလာမိုးက ရပ်ထားသော မာစီဒီးကားထဲ ဝင်တော့ ဂျော်ဒန်က နောက်မှ ရပ်ကြည့်နေရင်းမှ သူကိုယ်တိုင်လည်း ကံကောင်းပါစေဟု စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်းလိုက်သည်။ သည်အတိုင်းဆိုလျှင် ပါမောက္ခကြီး လွတ်မြောက်ရေးအတွက် အားကိုးရမည့်သူတစ်ယောက်တော့ ရထားပြီ၊ တစ်ယောက်က ဘရူနို။ နောက်တစ်ယောက်က ဖဲလစ်ဟူးဘား။

ဂျော်ဒန် တော်တော် စိတ်ချမ်းသာသွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဒင်နီယယ်လီ ဟိုတယ်သို့ ညနေပိုင်းမှ ပြန်ရောက်လာသည်။ ဧည့်ခန်းထဲသို့ ဂျော်ဒန်ဝင်သွားတော့ အယ်လီဆင်က ခြေသံကျက်မိပြီး သူမ၏ အိပ်ခန်းထဲမှ ချက်ချင်းထွက်လာသည်။ သူမ၏မျက်နှာတွင် စိုးရိမ်ရိပ်ပေါ်နေသည်။

"တင် … ရှင့်ကို အရေးတကြီး ဖုန်းခေါ်တယ်" သူမက ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်သည်။ "ဘရူနိုက ရှင် ဖုန်းဆက်တာသိလို့ ပြန်ဆက်တာ၊ သူက ရှင်နဲ့ စကားပြောချင်တယ်တဲ့ … အခု ၆ နာရီထိုးတဲ့အထိ သူ သတင်းစာတိုက်မှာပဲ ရှိနေမယ်လို့ ပြောသွားတယ်"

"ဟုတ်ပြီ၊ ငါ မျှော်လင့်နေတဲ့ သတင်းပဲဖြစ်မယ်" သူက လက်ပတ်နာရီကြည့်လိုက်ရင်း …

"အတော်ပဲ၊ အချိန်မီသေးတယ်"

"ဒါနဲ့၊ ဒီနေ့ကိစ္စတွေ ပြေလည်ရဲ့လား"

"ခဏနေဦး။ အဲဒီအကြောင်း ပြီးတော့မှ ပြောပြမယ်။ အခု ငါ ဘရူနိုဆီ ဖုန်းဆက်လိုက်ဦးမယ်"

"ကျွန်မ နားထောင်နေလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်။ တို့အားလုံး ကိစ္စပဲဟာ"

ထို့နောက် သူက ဆိုဖာပေါ်ထိုင်လိုက်ပြီး တယ်လီဖုန်းကို သူ့အနီးသို့ ရွှေ့ယူလိုက်သည်။ အယ်လီဆင်က စားပွဲတွင် သွားထိုင်သည်။

ဂျော်ဒန်က တယ်လီဖုန်း ကောက်ကိုင်ပြီး သတင်းစာတိုက်သို့ ဆက်သည်။ ခဏကြာတော့ ဘရူနိုနှင့် အဆက်အသွယ်ရသည်။

"ဘရူနိုလား၊ ငါ တင်ဂျော်ဒန်ပါ"

"ဟုတ်ပါတယ် … ကျွန်တော်ပါ။ ခင်ဗျားဆီ ကျွန်တော် အမြန်ဆုံး အကြောင်းပြန်မလို့ပဲ။ ဒါပေမယ့် အကြောင်းကြောင်းကြောင့် အခုလို နှောင့်နှေးသွားရတယ်။ ကျွန်တော်တို့ လူက နောက်ဆံတင်းနေပုံရတယ်။ ကျွန်တော်နဲ့ နှစ်ခါချိန်းတာ နှစ်ခါစလုံး သူမလာဘူး။ ဒါနဲ့ … သူနဲ့ ပြန်ပြီး အဆက်ရအောင် စောင့်နေခဲ့ရတာ"

"သူက နှစ်ခါချိန်းတာ နှစ်ခါစလုံး မလာဘူး ဟုတ်လား" ဂျော်ဒန်က အယ်လီဆင်ပါ ကြားရအောင် ပြန်မေးလိုက်ခြင်းဖြစ်သည်။ "အခုကော သူနဲ့ တွေ့ရပြီလား"

"တွေ့ရပြီ … တွေ့ရပြီ။ ဒီနေ့ နေ့လယ်စာစားရင်း ပိုင်ယာဇလေရီမာမှာ ဆုံကြတယ်" ခဏ အသံပြတ်သွားသည်။ ဘရူနိုတစ်ယောက်ယောက်နှင့် စကားပြောနေသံလို ကြားရသည်။ သူ့အသံပြန်ပေါ်လာသည်။ "ရုံးထဲ လူတစ်

www.burmeseclassic.com



ယောက်ဝင်လာလို့ပါ။ ခု သူထွက်သွားပါပြီ။ ဘယ်သူမှ မရှိတော့ပါဘူး။ ကျွန်တော်တစ်ယောက်တည်းပဲ ရှိတော့တယ်"

"အဲဒီတော့ … တို့လူနဲ့ ဟိုကိစ္စ မင်း ဆွေးနွေးပြီးပြီလား"

"ဆွေးနွေးပြီးပြီ။ ကျွန်တော်က အားလုံးပြောပြတယ်။ သူကလဲ သိပ်ပြီး စိတ်ဝင်စားတယ်။ ဒါပေမယ့် … သူက ပိုက်ဆံပိုလိုချင်နေပုံပဲ။ အခု ပိုက်ဆံက အလုပ်တာဝန်နဲ့ မကာမိဘူးလို့ သူက ထင်တယ်"

"ဒီတော့ သူက ပိုက်ဆံပိုတောင်းတယ်ပေါ့"

"တောင်းတော့ မတောင်းသေးပါဘူး။ သူက တစ်ဖက်ကလဲ စိုးရိမ်နေပုံရတယ်။ အလုပ်မဖြစ်မှာ စိုးရိမ်နေသလိုပဲ"

"အဲဒီတော့ … သူ့ဆုံးဖြတ်ချက်က ဘာတဲ့လဲ" ဂျော်ဒန်က စိတ်မရှည်သံဖြင့် မေးလိုက်သည်။ "သူက ဒီအလုပ် ပယ်ချလိုက်သလား"

"မဟုတ်ပါဘူး … မဟုတ်ပါဘူး။ မပယ်ချပါဘူး။ သူ စဉ်းစားနေတုန်းပါ။ သူက ဒီကိစ္စကို သူ့မိန်းမနဲ့ တိုင်ပင်ချင်သေးတယ်တဲ့"

"မိန်းမနဲ့ တိုင်းပင်ချင်သေးတယ် … ဟုတ်လား။ သူ့မိန်းမကို မင်း သိသလား"

"မသိဘူး၊ ဒီမိန်းမက ကြောက်တတ်ရင်တော့ … သူ့ကို တားမှာပဲ။ ဒါပေမယ့် တစ်ဖက်ကကြည့်ရင် သူတို့မှာ ပိုက်ဆံလိုနေတယ်။ အဲဒီတော့ သူ့ယောက်ျားကို လက်ခံဖို့ တိုက်တွန်းနိုင်တယ်။ ကျွန်တော်ကတော့ သေချာပေါက်ပြောနိုင်တယ် … တင်။ အဲဒါက တခြားမဟုတ်ဘူး။ သူတို့လင်မယား ပိုက်ဆံအကြီးအကျယ်လိုနေတာဆိုတာပဲ။ ဒီတော့ စောင့်ကြည့်ကြသေးတာပေါ့"

"ဘယ်လောက်ကြာမလဲ"

"ဘာကိုပြောတာလဲ"

"သူ့ဆီက စကားပြန်ရဖို့ ဘယ်လောက်ကြာကြာ စောင့်ရမလဲ"

"ဩော် … ဒါလား။ တစ်ရက်နှစ်ရက်ပေါ့။ ဒီထက် မပိုနိုင်ပါဘူး"

"ဒါဖြင့် … သူနဲ့ အဆက်မပြတ်ပါစေနဲ့။ မြန်မြန် သိရအောင် လုပ်စမ်းပါ။ ငါ သိပ်ကြာကြာ မစောင့်နိုင်တော့ဘူး"

"ကျွန်တော့် တာဝန်ထားပါ။ သူ့ဆီက သိရသိရချင်း ကျွန်တော် အကြောင်းပြန်ပါ့မယ်"

"စိတ်ချနေမယ် … ဘရူနို။ ကဲ … ကံကောင်းပါစေ"

ဂျော်ဒန်က တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် ဘရူနိုထံမှ သိရသမျှကို အယ်လီဆင်အား ပြန်လည်ဖောက်သည်ချလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် အယ်လီဆင်ကတော့ သိပ်ပြီး စိတ်ချပုံမရ။

"ဒီတော့ ရှင်ဘယ်လိုသဘောရသလဲ ... ဟင်"

"ငါ နောက်ထပ်တစ်ယောက်ဆီ ဖုန်းဆက်ကြည့်ဦးမယ် လိုရမည်ရ သဘောပေါ့"

"ရှင် ... ဘာကိုဆိုလိုတာလဲ"

"ဩော် ... ဒါက ဒီလိုပါ။ ဒီနေ့သတင်းစာဆရာ ရှူလာမိုးကို ဗင်းနစ်မြို့နဲ့ပတ်သက်ပြီး တခြားဆောင်းပါးရေးစရာ ဘာအကြောင်းတွေရပြီးပြီလဲလို့ ငါ မေးကြည့်တယ်။ သူက ဘာပြောသလဲဆိုတော့ မက်စထရီမြို့က စက်ရုံသစ်တစ်ခုကို နိုင်ငံခြား စက်မှုလုပ်ငန်းပိုင်ရှင်တွေ သန်ဘက်ခါသွားပြီး လေ့လာခွင့် ရထားတယ်တဲ့။ အဲဒီအကြောင်း သူက ဆောင်းပါးရေးမယ်တဲ့"

ဂျော်ဒန်က တယ်လီဖုန်းကို လှမ်းကိုင်လိုက်ပြီးနောက် –

"အဲဒါလမ်းညွှန်စကားပြန် အမျိုးသမီးက ငါ့အသိဖြစ်နေတယ်"

"ဒီတော့ ... ရှင်က အလုပ်ဖြစ်နိုင်စရာ မြင်လို့လား"

"အဲဒါ ... ကြိုးစားကြည့်မလို့ပေါ့။ ဒါနဲ့ ... ငါ့လိပ်စာ မှတ်စုစာအုပ်ကလေး အဲဒီညာဘက် အံဆွဲထဲမှာရှိတယ်။ ခဏ ကမ်းလိုက်စမ်းပါ"

အယ်လီဆင်က စားပွဲအံဆွဲထဲမှ လိပ်စာစာအုပ်ယူပြီး ကမ်းပေးလိုက်သည်။

ဂျော်ဒန်က ဖဲလစ်ဟူးဘား၏ ဖုန်းနံပါတ်ကို ရှာပြီး တယ်လီဖုန်းဆက်သည်။

တစ်ဖက်မှ ဖုန်းမြည်သံနှစ်ချက် ကြားလိုက်ရပြီးနောက် ဖဲလစ်က တယ်လီဖုန်းကို လာကိုင်သည်။

"ဟဲလို ... ဒါလင် ... ဖဲလစ်လား။ ငါ ... တင်ဂျော်ဒန်ပါ"

"အမယ်လေး ရှင်ရယ်၊ ကျွန်မကဖြင့် ရှင်တို့အတွက် တွေးပူလိုက်ရတာ။ ဒါနဲ့ ရှင်တို့နှစ်ယောက် ဘယ်လိုပျောက်သွားကြတာလဲ။ ဘာမပြော ညာမပြောနဲ့။ ကျွန်မလဲ ဘာမှ မသိလိုက်ရဘူး။ ကုန်းမြင့်တံတားရောက်တော့ ရှင်တို့ကို ကျွန်မ လိုက်ကြည့်တာ ဘယ်မှာမှ မတွေ့ရတော့ဘူး"

"ဆောရီးပဲ ဒါလင်။ ငါ့မိတ်ဆွေကြီးက အိမ်သာဝင်ချင်တာနဲ့ ကမန်းကတန်း ထွက်လာခဲ့ရလို့ပါ"

"တော်ပါသေးရဲ့။ အခုလို သိရတာပဲ ဝမ်းသာလှပြီ။ ဒါနဲ့ ကျွန်မ ဘာများလုပ်ပေးရမလဲ"

"နေ့လယ်စာ အတူစားချင်တယ်"

"ကြိုက်ပြီ။ အလုပ်သဘောလား၊ အပျော်လား"

www.burmeseclassic.com



"နှစ်ခုစလုံးပေါ့။ မင်းနဲ့ဆို အမြဲပျော်ရတာပဲ မဟုတ်လား။ ဒါပေမယ့် အလုပ်ကိစ္စကလေးလဲ နည်းနည်းရှိလို့ပါ"

"ဒါဖြင့် ... ဘယ်တော့လဲ၊ ဘယ်မှာလဲ"

"မနက်ဖြန် ၁၂ နာရီတိတိဆိုရင် ဘယ့်နှယ်လဲ။ ကွာဒရီကဖေးမှာ ဆုံကြရအောင်၊ အားတယ် မဟုတ်လား"

"နေပါဦး ... ကျွန်မ အစီအစဉ် ခဏ ကြည့်လိုက်ပါရစေဦး။ အင်း ... ဟုတ်ပြီ။ လေ့လာရေးခရီးထွက်မှာက ၂ နာရီ၊ အဲဒီတော့ ၁၂ နာရီ ဖြစ်ပါတယ်"

"ဟုတ်ပါပြီ၊ ဒါပါပဲ။ မနက်ဖြန်မှ တွေ့ကြစို့"

ထို့နောက် ဂျော်ဒန်က တယ်လီဖုန်းကိုပြန်ချလိုက်ပြီး ဆိုဖာပေါ်တွင် နောက်မှီထိုင်ချလိုက်သည်။ အတော်ကလေး စိတ်မောလူမော ဖြစ်သွားသည်။

"သူက ဘာပြောသလဲ။ ကူညီမယ်ထင်သလား" အယ်လီဆင်က မေးလိုက်သည်။

"သူတို့အဖွဲ့မှာ လုံခြုံရေးအစောင့်က ဘယ်လို အခြေအနေ ရှိမယ် မသိရသေးဘူး။ ငါက အကူအညီတောင်းရင် ဖဲလစ်ကတော့ ကျိန်းသေကူညီမယ်ထင်တာပဲ"

"ဖြစ်နိုင်မယ် ထင်သလား"

'ဗင်းနစ်မြို့ပြင် ထွက်လို့ရရင် ပြီးပါတယ်။ ဘရူနိုဆီက ဘာမှ အကြောင်းမပြန်တဲ့ အတူတူ ရတဲ့အခွင့်အရေးယူရတော့မှာပေါ့။ ဒီနည်းက လွယ်တော့ မလွယ်ပါဘူး။ အရေးကြီးတာကတော့ ဆရာကြီးကိုယ်တိုင်က စိတ်ပါလက်ပါရှိဖို့ပဲ။ ဘယ့်နှယ်လဲ သူ့အနေနဲ့ သဘောတူမယ် ထင်သလား"

"ရှင်ကိုယ်တိုင်က သူ့ကိုမေးကြည့်တာ ပိုကောင်းပါတယ်"

ဂျော်ဒန်က ထိုင်ရာမှ ထရပ်လိုက်ပြီးနောက် .... "ဒီကိစ္စ ခုချက်ချင်း လုပ်မှဖြစ်မယ်။ မြို့စားကတော်ကြီး ညစာစားပွဲက နောက်နှစ်နာရီမှာ စမယ်။ ဒီတော့ တို့က စံအိမ်တော်ကို တစ်နာရီစောပြီး သွားကြမယ်။ ဒါမှ ဆရာကြီးကို အကျိုးအကြောင်းပြောပြပြီး လိုအပ်တဲ့ အစီအစဉ် ဆွဲနိုင်မယ်။ အဲဒီတော့ နောက် ၄၅ မိနစ်အတွင်းမှာ မင်းအနေနဲ့ ညစာစားပွဲအတွက် အဆင်သင့် ဖြစ်နိုင်မလား"

"ကျွန်မ ရေးချိုးရဦးမယ်။ ဝတ်စရာကလဲ အတွင်းဝတ်စုံပဲ ရှိတယ်။ အပေါ်ဝတ်စုံ ဘာဝတ်သွားရမလဲ။ ကျွန်မ အခုလို ဗင်းနစ်ရှန်းနန်းတော် ပါတီပွဲမျိုး တစ်ခါမှ တက်ဖူးတာ မဟုတ်ဘူး"

"သိပ်အရေးမကြီးပါဘူး။ သာမန် မိတ်ဆုံပွဲမျိုးပါ။ ဒါနဲ့ မင်းမှာ ကောက်တဲလ်ဝတ်စုံရှိတယ် မဟုတ်လား"

www.burmeseclassic.com



"ဟုတ်သားပဲ။ မာစီရီဈေးက ဝယ်လာတာ တစ်စုံရှိတယ်"

"အဲဒါဆို အိုကေပဲပေါ့။ ကဲ ... ဒါဖြင့် ရေသွားချိုးချေတော့။ နောက် ၄၅ မိနစ်ဆိုရင် ဒီမှာ ပြန်ဆုံကြမယ်"

*

သူတို့သည် တခြားဧည့်သည်တွ မရောက်ခင် နာရီဝက်လောက်စော ပြီး စံအိမ်တော်သို့ ရောက်သွားကြသည်။ မြို့စားကတော်ကြီးကိုယ်တိုင် ဝမ်း သာ လှိုက်လှဲကြိုဆိုပြီးနောက် အပေါ်ထပ်သို့ ခေါ်လာခဲ့သည်။

"ပါမောက္ခကြီးက အလွန်တော်တဲ့ ပုဂ္ဂိုလ်ကြီးပဲ" မြို့စားကတော်ကြီး က လျှောက်လာရင်းမတ်တတ်က ပြောလိုက်သည်။ "မနက်တုန်းက ပါမောက္ခ ကြီးနဲ့ ကျုပ်တို့နှစ်ယောက် တစ်နာရီလောက်တောင် စကားပြောဖြစ်ကြတယ်။ ကျုပ်က သူဖတ်ရအောင် အင်္ဂလိပ်စာအုပ်တွေ ထုတ်ပေးတယ်။ ပြီးတော့ ကျုပ်တို့စကားပြောကြတယ်။ သူက ကျုပ်ရဲ့ မျိုးရိုးရာဇဝင်ကို မေးတယ်။ ကျုပ်ကလဲ မှတ်မိသလောက် ပြောပြလိုက်တယ်။ ကျုပ်ပြောပြတာ သူတော် တော်ပဲ စိတ်ဝင်စားပုံရပါတယ်။ ကျုပ်ကလဲ သူ့အကြောင်းကို မေးကြည့်တယ်။ 'စီ – ၉၈' ဆေးနည်းကို ဘယ်လိုလုပ်ပြီး ရှာဖွေတွေ့ရှိခဲ့သလဲလို့ မေးကြည့် တယ်။ ပထမတော့ သူက သိပ်ပြီး ပြောချင်ပုံမရဘူး။ နောက်တော့မှ သူက စိတ်ရှည်လက်ရှည် ပြောပြတယ်။ ကျုပ်က နားလည်ဟန်ဆောင်ပြီး နားထောင် နေတယ်။ ဒါပေမယ့် မလွယ်ဘူး။ သိပ္ပံဝေါဟာရတွေကို လုံးစေ့ပတ်စေ့ နား မလည်ပါဘူး"

"ဒါပေမယ့် မယ်တော်ကြီးက သူဘာကို ရှာဖွေတွေ့ရှိတယ် ဆိုတာ တော့ နားလည်ပါတယ်" ဂျော်ဒန်က ပြောလိုက်သည်။

"အဲဒီအကြောင်းတော့ သိတာပေါ့။ လူသားတွေ ကျန်းမာရွှင်လန်းစွာ နဲ့ အသက်နှစ်ဆရှည်နိုင်မယ် မဟုတ်လား။ တစ်ကမ္ဘာလုံး သိမ့်သိမ့်တုန်သွား မယ့် အောင်မြင်မှုကြီးပေါ့"

"တစ်ကမ္ဘာလုံးက သိသွားရင်တော့"

"တစ်ကမ္ဘာလုံးက သိသွားအောင် ကျုပ်အစွမ်းကုန် ကူညီမယ်။ သူ့ကို ဒီမြို့က အန္တရာယ်ကင်းရှင်းစွာနဲ့ ခေါ်ထုတ်သွားနိုင်အောင် ကျုပ်ကူညီမယ်။ ကျုပ် အိမ်တော်မှာ စိတ်ချမ်းချမ်းသာသာနဲ့ လုံလုံခြုံခြုံနေပါစေ"

"အများကြီး ကျေးဇူးတင်ပါတယ် မယ်တော်ကြီး"

အိပ်ခန်းတံခါးဝသို့ ရောက်လာကြသည်။ မြို့စားကတော်ကြီးက ဂျော်ဒန်နှင့် အယ်လီဆင်တို့အား ပို၍ ယုံကြည်စေလိုဟန်ဖြင့် –



BURMESE CLASSIC .com

www.burmeseclassic.com



"တွေ့တယ် မဟုတ်လား၊ သူ့အခန်းက သီးသန့်ခန်း။ ဘယ်သူမှ မမြင်နိုင်အောင် တမင်လုပ်ပေးထားတာပဲ"

"ဒီမှာ လောလောဆယ် လူဘယ်နှစ်ယောက်များရှိပါသလဲ ခင်ဗျား"

"စီးဒရစ်ဖော်စတာတို့ အဖွဲ့က ငါးယောက်၊ အိမ်ဖော်လင်မယား နှစ်ယောက်၊ ပြီးတော့ ကျုပ်ရဲ့ အတွင်းရေးမှူးတစ်ယောက်။ ဒါပေမယ့် စိုးရိမ်စရာ မရှိပါဘူး။ သူဒီမှာ ရှိနေတယ်ဆိုတာ ဘယ်သူမှ မသိပါဘူး။ ကျုပ် အိမ်ဖော်တွေကိုတောင် သူ့အတွက်အစားအသောက် မပြင်ခိုင်းဘူး။ ကျုပ်ကိုယ်တိုင်ပဲ ပြင်ပြီး ကျွေးမွေးတယ်။ ကဲ ... ဝင်သွားကြတော့"

"မယ်တော်ကြီးကတော့ စံပြအိမ်ရှင်ကောင်း တစ်ယောက်ပါပဲ' ဂျော်ဒန်က ချီးကျူးစကားဆိုလိုက်သည်။

"ဟုတ်ပါတယ်၊ စံပြအိမ်ရှင်ကောင်းတွေဟာ ညစာကိုလဲ အချိန်နဲ့ ကျွေးတတ်ပါတယ်။ ဒီတော့ ညစာစားပွဲအတွက် နောက်မကျအောင်လဲ ဂရုစိုက်ကြပါ'

ဂျော်ဒန်နှင့် အယ်လီဆင်တို့သည် အိပ်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။

အိပ်ခန်းခပ်သေးသေးနှင့် အထက်တန်းကျကျ ပြင်ဆင်ခင်းကျင်းထားသည်။

ပါမောက္ခကြီး မက္ကဒေါ်နယ်သည် ခုတင်ပေါ်တွင် ပက်လက်ကြီး အိပ်နေသည်။ သူ့ရင်ဘတ်ပေါ်တွင်လည်း စာအုပ်တစ်အုပ်ကို ဖွင့်လျက်တင်ထားသည်။ သူအိပ်ပျော်နေဟန်တူသည်။

သို့သော် သူတို့ ဝင်သွားတော့ သူ ချက်ချင်းနိုးလာသည်။

ပါမောက္ခကြီးသည် အိပ်ရာမှထကာ ကုတင်စွန်းတွင် ထိုင်သည် ဂျော်ဒန်နှင့် အယ်လီဆင်တို့က ကုလားထိုင်ဆွဲ၍ ထိုင်ကြသည်။

"သတင်းကောင်းပါလာတယ်လို့တော့ မပြောလိုဘူး ဆရာကြီး" ဂျော်ဒန်က နိဒါန်းမချီဘဲ လိုရင်းကို တဲ့တိုးကြီးပြောလိုက်သည်။ "ဒါပေမယ့် မျှော်လင့်ချက် ရောင်ခြည်တော့ မြင်နေရပါသေးတယ်။ အခု ဆရာကြီး အခြေအနေက အရင်ကထက်တော့ အများကြီး ကောင်းပါတယ်။ ဆရာကြီး ဘယ်မှာရှိတယ် ဆိုတာ ဘယ်သူမှ မသိကြပါဘူး။ မြို့စားကတော်ကြီးကလဲ ဆရာကြီးကို လေးစားပါတယ်။ စေတနာလဲ ရှိပါတယ်။ ဆရာကြီး ဒီမှာရှိတာ သူသိပ်ပြီး ဂုဏ်ယူနေတယ်။ သူက ယုံကြည်ရပါတယ်။ ပြီးတော့ ကြိုက်သလောက်နေပါလို့လဲ ခွင့်ပြုတယ်"

"အဲဒီအတွက် ကျုပ် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် သိပ်ကြာမယ် မထင်ပါဘူး"

www.burmeseclassic.com



"ဆရာကြီး … ဆရာကြီးကို ဒီည ချက်ချင်း မြို့ပြင်ထုတ်လို့ ဖြစ်မယ် ဆိုရင် ဖြစ်တဲ့နည်းနဲ့ ကျွန်တော်လုပ်မှာပါ။ အရေးကြီးတာက ထွက်ပေါက် မတွေ့သေးခင်မှာ အခုလို လုံလုံခြုံခြုံနေရဖို့ပဲ မဟုတ်လား။ ဒီကြားထဲ အကြံ ထုတ်ဖို့ အချိန်ရတာပေါ့"

"တင်က နောက်ထပ်ဖြစ်နိုင်မယ့် နည်းလမ်းတစ်ခုလဲ တွေ့ထားပါ သေးတယ် ဆရာကြီး" အယ်လီဆင်က ဝင်ပြောသည်။

ပါမောက္ခကြီးက ဂျော်ဒန်၏ မျက်နှာကို ကြည့်လိုက်ပြီး –

"တကယ်ပြောတာလား"

"စိတ်ကူးတစ်ခုပဲ ဆိုပါတော့။ ဖြစ်နိုင် မဖြစ်နိုင်တော့ စောင့်ကြည့်ရ ဦးမယ်။ အခု ဘယ်လို အခြေအနေရှိတယ်ဆိုတာ ကျွန်တော် ပြောပြမယ်။ ဓာတ်ပုံသတင်းထောက် ဘရူနိုနဲ့ အဆက်အသွယ်ရတယ်။ သူက ရဲအရာရှိနဲ့ ဆွေးနွေးတယ်။ ရဲအရာရှိက စိတ်ပါတယ်။ ပိုက်ဆံလဲ လိုချင်တယ်။ ဒါပေ မယ့် သူက စွန့်ရမှာကို တွေးကြောက်နေတယ်။ သူ့မိန်းမနဲ့ တိုင်ပင်ကြည့်ဦးမယ် လို့ ပြောတယ်။ အဲဒီတော့ အဖြေက ဘယ်လိုလာမယ်ဆိုတာ မပြောနိုင်သေး ဘူး။ သူ့မိန်းမက သဘောတူရင်တော့ ဆရာကြီးအတွက် မကြာခင် အဆင်ပြေ သွားမှာပဲ"

"မပြောလည်ရင် စောစောက အယ်လီဆင်ပြောတဲ့ ဒုတိယနည်း လမ်းကို စမ်းကြည့်ရဦးမှာပေါ့"

ပါမောက္ခကြီးက စိတ်ဝင်စားစွာဖြင့် နားစိုက်နေသည်။ သူက ဂျော်ဒန် ၏ စကားကို မျှော်လင့်တကြီး ဖြစ်နေသည်။

ဂျော်ဒန်က သတင်းစာဆရာ ရှုလာမိုးအား ဆည်ကြီးကို လိုက်ပြ ရာမှ စကားစပ်မိကြောင်း ဖဲလစ်ဟူးဘားနှင့် အဆက်အသွယ်ရခဲ့ကြောင်း အကြောင်းစုံ ပြောပြလိုက်သည်။ ပြီးတော့ ဂျော်ဒန်က ဆက်လက်၍ …. 'အဲဒါ ကြောင့် ဖဲလစ်ကို မနက်ဖြန် ကျွန်တော်နဲ့ နေ့လယ်စာစားရအောင် ဖိတ်ထား လိုက်တယ်။ သူနဲ့ တွေ့ပြီးရင် အဖြူအမည်း အတိအကျ သိရမှာပဲ'

ပါမောက္ခကြီးက မျက်နှာညှိုးသွားပြီး –

"မောင်ရင် ဘာတွေကို ဘယ်လိုလုပ်နေမှန်း ကျုပ်တော့ လုံးဝ မစဉ်း စားတတ်တော့သလောက် ဖြစ်နေပြီ"

"စိတ်မပျက်ပါနဲ့ … ဆရာကြီး၊ မျှော်လင့်ချက်တွေ ရှိပါသေးတယ်။ သူတို့အဖွဲ့နဲ့ လိုက်သွားရင် မက်စထရီကို ရောက်မယ်။ အဲဒီရောက်ရင် ဆရာ ကြီး လွတ်ပြီ … ကျွတ်ပြီ"

"ဖြစ်ကော ဖြစ်နိုင်ပါ့မလား"



BURMESE CLASSIC .com

www.burmeseclassic.com



“အဲဒါတော့ ကြိုပြောလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဘရူနိုနဲ့ ဆက်သွယ်တဲ့ နည်းလမ်းလောက်တော့ မလွယ်ဘူး။ ဆရာကြီးကို ခရီးသည်တွေထဲ ရောခေါ်သွားဖို့ ဖဲလစ်ကို ပြောရမယ်။ သူ သဘောတူရင် ဗင်းနစ်မြို့ထဲက မြို့ပြင်ရောက်အောင် ထွက်ဖို့ ကိစ္စက သိပ်မခက်တော့ဘူး။ ဆရာကြီးက လူအုပ်ထဲရောနေမယ်ဆိုတော့ ဘယ်သူမှ သံသယဝင်စရာ မရှိဘူး။ ပြီးတော့ အထူးခွင့်ပြုချက်ရထားတဲ့ ‘ဗွီအိုင်ပီ’ ပုဂ္ဂိုလ်ကြီးတွေလဲ ဖြစ်တယ်ဆိုတော့ ထင်သလောက်စိုးရိမ်စရာ မရှိပါဘူး။ အဓိကပြဿနာကတော့ မက်စထရီစက်ရုံကို ရောက်တဲ့အချိန်ပဲ။ အဲဒီမှာ လုံခြုံရေးရဲတွေက ဆရာကြီးကို မြင်သွားမှာ စိုးရတယ်။ အဲဒီရောက်တော့ သူတို့ မမြင်အောင် တစ်နေရာမှာ သွားရှောင်နေရမယ်။ သူတို့အားလုံး ပြန်ကုန်တော့မှ မက်စထရီ ဘူတာရုံကို ဖြစ်ဖြစ်၊ ဒါမှမဟုတ် အငှားကား ဌာနတစ်ခုခုကိုဖြစ်ဖြစ် သွားရမယ်။ ဆရာကြီးအနေနဲ့ လမ်းသိမှာ မဟုတ်ဘူး။ ဒါပေမယ့် ကိစ္စမရှိဘူး။ ကျွန်တော်အားလုံး မြေပုံနဲ့တကွ အတိအကျရေးပေးလိုက်မယ်။ အဲဒီတစ်ဝိုက်မှာက အားလုံးလိုလို အင်္ဂလိပ်စကားပြောတတ်ကြတယ်။ ဒါကြောင့် ဘာသာစကား အခက်အခဲအတွက်တော့ မပူရတော့ဘူး။ အခု ကျွန်တော် ပြောနေတာက အားလုံး ချောချောမောမောဖြစ်လိမ့်မယ်လို့ အတိအကျ ပြောနေတာ မဟုတ်ဘူး။ အခက်အခဲတွေ ရှိနိုင်သေးတာပဲ။ ဒါပေမယ့် ဘရူနိုဆီက ဘာမှ အကြောင်းမထူးရင်တော့ ဒီနည်းစမ်းကြည့်တာ အကောင်းဆုံးပဲ”

“ကျုပ် ကြောက်သလို ခံစားနေရတယ်။ တစ်ယောက်တည်း စွန့်စားရမှာကို တွေးကြောက်မိတယ်”

ဤတွင် အယ်လီဆင်က ဖြတ်ပြီး .... “ဘာကြောက်စရာ လိုလို့လဲ ဆရာကြီး၊ ရှုရှုကတောင်မှ ထွက်ပြေး လာခဲ့ပြီးပြီပဲ”

“အဲဒါက တစ်မျိုးပါ။ အဲဒီတုန်းက ကျုပ်ကို ဘယ်သူမှ စောင့်ကြည့်နေတာမှ မဟုတ်ဘဲ။ ခုတော့ ရဲတွေ ထောင်သောင်းချီပြီး ကျုပ်နောက်ကို လိုက်နေကြတာ”

ဂျော်ဒန်က မတ်တတ်ရပ်လိုက်ပြီး အခန်းထဲ လျှောက်ရင်းမှ –

“တစ်ခုတော့ ကျွန်တော် စဉ်းစားမိတယ်။ အဲဒါက တခြား မဟုတ်ဘူး။ သတင်းစာဆရာ ရှုလာမိုးကို စည်းရုံးပြီး သူ့အကူအညီယူဖို့ပဲ။ အကျိုးအကြောင်း ပြောပြရင် သူ့အနေနဲ့ ဒီကိစ္စ စိတ်ဝင်စားနိုင်တယ်။ သူ့အတွက်လည်း အကျိုးရှိနိုင်တယ်။ ဆရာကြီးအကြောင်းကို သူသတင်းဆောင်းပါးရေးနိုင်ရင် သူ့အနေနဲ့ ဒီရာစုနှစ်မှာ အထူးချွန်ဆုံး သတင်းစာ ဆရာကြီး ဖြစ်သွားနိုင်တယ်”

www.burmeseclassic.com



"သူက ဘယ်လိုကူနိုင်မှာတဲ့လဲ"

"နှစ်နည်းတော့ရှိတယ်။ ပထမနည်းက သူ့ကို ကျွန်တော်က အကြောင်းစုံ ပြောပြမယ်။ သူသဘောတူရင် အလုပ်ဖြစ်နိုင်တယ်။ အဲဒီလိုဆိုရင် ဆရာကြီးတစ်ယောက်တည်း မဟုတ်တော့ဘူး။ အတော်ဆုံး သတင်းစာဆရာ တစ်ယောက်ကို အားကိုးရသွားပြီ။ တကယ်လို့ သူတို့လူအုပ်ထဲက ဆရာကြီး တို့နှစ်ယောက်စလုံး ထွက်ပြေးဖို့ အခြေအနေ မပေးရင်လဲ ရှုလာမိုးတစ်ယောက် တည်း လုပ်လို့ဖြစ်နိုင်သေးတယ်။ ကျွန်တော်ဆိုလိုတာက ဒီလိုပါ။ ဆရာကြီး တစ်ယောက်တည်း ဖြစ်ဖြစ်၊ ဆရာကြီးနဲ့ သူနဲ့ နှစ်ယောက်စလုံး ဖြစ်ဖြစ် ထွက် ပြေးလို့ မဖြစ်နိုင်ဘူးဆိုရင် သူတစ်ယောက်တည်း ဖြစ်တဲ့နည်းနဲ့ ထွက်ပြေးပါ စေ။ သူ အပြင်ရောက်သွားတဲ့အခါ ဆရာကြီးအကြောင်း သတင်းစာတွေက ဖွင့်ချလိုက်မယ်။ အဲဒီအချိန်မှာ တစ်ကမ္ဘာလုံးက ဝိုင်းအုံပြီး ဆရာကြီးကို ချက် ချင်းလွှတ်ပေးဖို့ တောင်းဆိုကြလိမ့်မယ်။ ကျွန်တော် ပြောတာ ဖြစ်နိုင်မယ် ထင်သလား"

"မထင်ဘူး။ အဲဒီသတင်းစာ ဆရာကို ကျုပ် မယုံဘူး။ သူက သူ့ အကျိုးကိုကြည့်ပြီး အာဏာပိုင်တွေနဲ့ အပေးအယူလုပ်သွားနိုင်တယ်"

"အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး"

"ဖြစ်နိုင်တယ်။ ဒီအကြံလက်လျှော့လိုက်စမ်းပါ။ ဖြစ်နိုင်ရင် ကျုပ်ဟာ ကျုပ်တစ်ယောက်တည်း စက်ရုံက ထွက်ပြေးတာပဲ ပိုကောင်းဦးမယ်"

"အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"အကောင်းဆုံးက ဘရူနိုဆီက အဖြေရအောင် စောင့်ကြည့်တာပေါ့။ ခရီးသည်အဖွဲ့နဲ့ လိုက်သွားပြီး ထွက်ပြေးဖို့ ကိစ္စကိုတော့ အရန်သဘောပဲ ထားလိုက်ပါ"

ဤတွင် အယ်လီဆင်က ထိုင်ရာမှထကာ လက်ပတ်နာရီကို လက် နှင့် ပုတ်ပြရင်း – "ကဲ … ဒီကိစ္စ ဒီတင်ပဲ ရပ်လိုက်ကြပါစို့။ အောက်ထပ်မှာ ညစာ စားပွဲ အချိန်နီးနေပြီ"

ဂျော်ဒန်က သူမကို ပြုံးပြီး ကြည့်လိုက်သည်။ သူမသည် အဖြူရောင် ပိုးသားနုနု ဘလောက်အင်္ကျီနှင့် ပွင့်ရိုက်စကတ်တိုဖြင့် ထူးထူးခြားခြား အလှ တိုးနေသလို ထင်ရသည်။

"ဆရာကြီးက အေးအေးသက်သာ နေရစ်ပါ။ ကျွန်တော်က အခက် အခဲကြုံရင် စိတ်ဓာတ်ကျတတ်တဲ့ လူစားမျိုးမဟုတ်ပါဘူး။ မနက်ဖြန်ကျတော့ ထူးခြားချက်ကို ပြောပြပါ့မယ် … လာ … သူငယ်မ … သွားကြစို့"

ထို့နောက် သူက အယ်လီဆင်၏ လက်ကို လှမ်းဆွဲလိုက်သည်။

www.burmeseclassic.com



ညစာ စားပွဲမှာ ခမ်းနားကြီးကျယ်သည်နှင့်အမျှ စားစရာတွေက လည်း စုံလင်လှသည်။ အလင်းရောင်မှိန်မှိန် ပန်းဆွဲမီးပဒေသာ အောက်မှ စားပွဲရှည်ကြီးပေါ်တွင် စားသောက်စရာတွေက လက်နှိုက်၍ မစုံနိုင်အောင် ဖြစ်နေသည်။

ဧည့်သည်များမှာ စားကောင်းသောက်ဖွယ်များကို မြိန်မြိန်ရှက်ရှက် စားရင်းသောက်ရင်း ရောက်တတ်ရာရာအကြောင်းစုံကို တစ်ယောက်တစ် ပေါက် ပြောဆိုနေကြသည်။ ကမ္ဘာ့ရေးရာအကြောင်း၊ အရှေ့ဖျားနိုင်ငံများသို့ ခရီးထွက်ခြင်းအကြောင်း၊ လန်ဒန် စာပေလောကအကြောင်း၊ နယူးယောက်မြို့မှ စားသောက်ဆိုင်များအကြောင်း။

ညစာ စားပြီးသွားတော့ မြို့စားကတော်ကြီးက ဧည့်သည်တော်များ အား အနီးရှိ အခြားအခန်းတစ်ခန်းသို့ ပြောင်းကြရန် မေတ္တာရပ်ခံသည်။ သို့ဖြင့် ဂျော်ဒန်သည် အယ်လီဆင်အား လက်ဆွဲကာ မြို့စားကတော်ကြီး နောက်မှ လိုက်လာခဲ့သည်။

ဧည့်ခန်း၏ အလှအပကို မြင်ရတော့ အယ်လီဆင်မှာ တအံ့တသြ ဖြစ်နေမိသည်။ တစ်ခန်းလုံးကို အဖိုးတန် ကော်ဇောကြီးများ အပြည့်ခင်းထား သည်။ ပြင်သစ်၊ ဟော်လန် စသည့်နိုင်ငံခြားဖြစ် စားပွဲကုလားထိုင်များမှာလည်း ဒီဇိုင်းပုံစံအမျိုးမျိုးဖြင့် ဖိတ်ဖိတ်တောက်နေသည်။ အခန်းနံရံပေါ်မှ သူတော်စင် မျိုးစုံ၏ ဆီဆေးပန်းချီကားကြီးများက ဧည့်ခန်းကို ပို၍ထည်ဝါခန့်ညားစေ သည်။

ဧည့်သည်များ အသီးသီး နေရာယူကြသည်။ ဂျော်ဒန်က အယ်လီ ဆင်နှင့်အတူ ဆိုဖာခုံရှည်တစ်ခုပေါ်တွင် ထိုင်သည်။ အိမ်တော်စေများက လင်ဗန်းများပေါ်တွင် အရက်ခွက်များတင်၍ ဧည့်သည်တော်များအား လိုက် ပေးနေကြသည်။ ဂျော်ဒန်က အခန်းထဲမှ ပရိသတ်ကို အကဲခတ်ကြည့်လိုက် သည်။

မြို့စားကတော်ကြီးနှင့် ကပ်လျက် ထိုင်နေသူက စီးဒရက်ဖော်စတာ။ သူက နာမည်ကျော် ရောင်းမလောက် ထုတ်တိုင်းစွံ စာရေးဆရာကြီး။ နယူး ယောက်မြို့ မင်ဟတ်တန်ရပ်ကွက်တွင် ကိုယ်ပိုင်တိုက်ခန်း ကျယ်ကြီးနှင့် နေ ထိုင်သူ။ ပြီးတော့ မိန်းပြည်နယ်တွင်လည်း ၁၂ ခန်းတွဲ နွေရာသီအပန်းဖြေရိပ် သာတစ်ခုကို ပိုင်ဆိုင်သူ။

သူသည် အရပ်ရှည်၍ ကိုယ်လုံးကိုယ်ထည် ဝသည်။ အသက်က ၅၀ ကျော်လောက်ရှိပြီ။ အရွယ်ကောင်းတုန်းက ဆိုလျှင် လူချောလူလှတစ် ယောက်ဖြစ်သည်ဟု ဂျော်ဒန်က မှန်းဆကြည့်သည်။ သို့သော် ယခုလည်း



BURMESE CLASSIC .com

www.burmeseclassic.com



အသက်အရွယ်နှင့် အရက်သောက်များ၍ အသားအရေ မသိမသာ တွန့်နေသည်မှတစ်ပါး ချောတုန်း လှတုန်းပင်ဖြစ်သည်။ သူ့ရုပ်ရည်မှာ ထွားထွားကျိုင်းကျိုင်းနှင့် ယောကျ်ားပီသသည်။ သူ့စာတွေကလည်း တက်တက်ကြွကြွ ရှိသည်။ သို့သော် စကားပြောသောအခါ၊ ကိုယ်လက်အမူအရာ လှုပ်ရှားသောအခါ၊ သူ့အချစ်တော် လူငယ်ကလေးအား မျက်စိအောက်မှ အပျောက်မခံနိုင်သလို ပျာပျာသလဲ ဖြစ်နေသောအခါများတွင်တော့ ယောကျ်ားရုပ်မရှိတော့ဘဲ မိန်းမလျာရုပ်ပေါက်လာတတ်သည်။

စောစောက ညစာ စားနေစဉ်တွင် စီးဒရစ်ဖော်စတာသည် သူ့အချစ်တော်ကလေးအတွက် ဂနာမငြိမ်ဖြစ်ကာ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေခဲ့သည်။ ယခုလည်း စောစောကအတိုင်း သူစိတ်ကယောင်ချောက်ချား ဖြစ်နေသည်ကို ဂျော်ဒန် မြင်နေရပြန်ပြီ။

သူ့အချစ်တော်ကလေးက သူနှင့် နှစ်ခုံကျော်တွင် ထိုင်နေသည်။ နာမည်က အီယံ ... တဲ့။ ဂျော်ဒန်က သည်လောက်ပဲ မှတ်မိသည်။ အရပ်သွယ်သွယ်နှင့် တော်တော်ချောသည်။ သူ့ရုပ်က မိန်းမတွေ တော်တော်သဘောကျမည့် ရုပ်မျိုး။ အသက်က ၂၀ ကျော်ကျော်ပဲ ရှိဦးမည်။

ညစာ စားနေတုန်းက အီယံသည် သူ့ဘေးမှ ထုတ်ဝေသူ လူငယ်တစ်ဦးနှင့် 'အဖွဲ့ကျ' နေခဲ့သည်။ ထုတ်ဝေသူ လူငယ်က ဆံပင်ရှည်ရှည်နှင့် ရုပ်ရည်ကလည်း တော်တော် ချောသည်။ သူက မီလန်မြို့မှ နာမည်ကြီး စာအုပ်ထုတ်ဝေသူ တစ်ယောက်။ အသက်က ၃၀ လောက်ရှိပြီ။ သူ့နာမည်က ... ဆာဂျီယို။

အင်္ဂလိပ်စကားကို မပီကလာ ပီကလာပြောပေမယ့် အီတာလျံသံဝဲဝဲဖြင့် နားထောင်လို့တော့ တော်တော် ကောင်းသည်။ သူကလည်း စာရေးဆရာကြီးလိုပင် မိန်းမလျာတစ်ယောက်။

ဒါကြောင့်လည်း စာရေးဆရာကြီးက သူ့အချစ်တော် အီယံအတွက် ဂနာမငြိမ်ဖြစ်နေခြင်းဖြစ်သည်။ အီယံက သူ့ကို ဘေးဖယ်ထားပြီး ဆာဂျီယိုနှင့် 'အကြည်ဆိုက်' နေသည်ကို သူက မနာလိုဝန်တိုဖြစ်နေသည်။

ဇာတ်ခုံနောက်ကွယ်တွင် သည်ဖြစ်ရပ်တွေ ဖြစ်ပျက်နေတာကို အယ်လီဆင်အနေဖြင့် သတိမပြုမိပါရဲ့လား။ ပြုမိမည်မထင်။ ဘာကြောင့်လဲဆိုတော့ သူမသည် အချိန်တိုင်း တီရီဆာဖန်တိုနီဆီသို့သာ မျက်စိရောက်နေသည် မဟုတ်လား။

ဂျော်ဒန်အဖို့တော့ တီရီဆာဖန်တိုနီကို ထွေထွေထူးထူး ဂရုစိုက်နေစရာ မလိုတော့။ သူမက ကမ္ဘာကျော် အမျိုးသမီးပဲ သူမသည် ရုပ်ရှင်လောက

www.burmeseclassic.com



အတွက် အီတလီနိုင်ငံ၏ မိုးကျနတ်မိမယ်တစ်ပါး။ ဖိုသတ္တဝါတိုင်း ရင်တုန်ပန်းတုန် ဖြစ်ရသော သူမ၏အလှကြောင့် ကမ္ဘာ့ရုပ်ရှင်လောကတွင် နှစ်ပေါင်း ၂၀ တိုင်တိုင် သရဖူဆောင်းခဲ့သော အနုပညာ သောက်ရှူးကြယ်တစ်ပွင့်။

"ဘုရားရေ ... အံ့တစ်ပါး ပါပဲလား"

အယ်လီဆင်က ဖန်တိုနီကို ကြည့်ပြီး ဂျော်ဒန်ကြားလောက်ရုံမျှ တိုးတိုးကလေး ရေရွတ်လိုက်သည်။

"ဟိုတုန်းကတည်းက အံ့တစ်ပါးပါပဲ" ဂျော်ဒန်က အယ်လီဆင်၏ စကားကို ပြင်ပြောလိုက်သည်။

"ရှုမဝတဲ့ ရွှေရုပ်သွင်ဆိုတာ ဒါမျိုးပဲထင်ပါရဲ့။ ဒါနဲ့ ... သူ့အသက် ဘယ်လောက်ရှိမလဲ ... ကျွန်မ အထင် ၄၀ လောက်တော့ ရှိပြီထင်တာပဲ"

"မင်း ထင်တာ မမှားပါဘူး။ 'စီ – ၉၈' တစ်လုံး ထိုးလိုက်ရင် ဇမ္ဗူတစ်ခွင်မှာ ယှဉ်စရာမရှိတဲ့ အလှဘုရင်မတောင် ဖြစ်သွားနိုင်သေးတယ်"

ဂျော်ဒန်က တီရီဆာဖန်တိုနီအား ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။ သူမသည် တကယ်လည်း လှပါပေသည်။ သို့သော် ဘာကြောင့်မှန်းမသိ။ နှုတ်ခမ်းကို စူထားပြီး မျက်နှာကလည်း သုန်သုန်မှုန်မှုန် ဖြစ်နေသည်။ သူမ၏ လက်ယာဘက်ဘေးတွင် ထိုင်ကာ တတွတ်တွတ်နှင့် စကားပြောနေသူကို လည်း သိပ်ပြီး အလေးမထားသလိုဟန်မျိုးနှင့်။ ထိုသူကား အခြားသူမဟုတ်။ ဂျော်ဒန်၏မိတ်ဆွေ ဗင်းနစ်မြို့သားတယောဆရာကလေး အိုရက်စတီမီမို ဖြစ်သည်။ စောစောကတည်းက သည်ဧည့်ခံပွဲတွင် မီမိုကိုတွေ့လိုက်ရတော့ ဂျော်ဒန်က အတော်ကလေး အံ့သြသွားမိခဲ့သည်။ သာမန်ပျော်ပွဲစားရုံတစ်ခုမှ သာမန် ဂီတပညာသည်ကလေး တစ်ဦးအနေဖြင့် ယခုလို စံအိမ်တော်၌ ပြုလုပ် သော အထက်တန်းလွှာ မင်းပွဲစိုးပွဲသို့ တက်ရောက်နိုင်ဖို့ ဆိုသည်မှာ လွယ်ကူ လှသည် မဟုတ်။ သို့သော် ... တစ်ခုတော့ ရှိသည်။ ယင်းတစ်ခုကို ဂျော်ဒန်က စဉ်းစားမိသည်။

မီမိုသည် အနာဂတ်တွင် ကျော်ကြားနိုင်သည့် အလားအလာ ရှိသော ဂီတစာဆိုတစ်ဦးလည်း ဖြစ်သည်။ လောလောဆယ်တွင် လူကြိုက်များမည့် တေးသံစုံပြဇာတ်တစ်ပုဒ်ကိုလည်း ရေးသားနေသည်။ ထို့ကြောင့် မီမို၏ အနာဂတ်အလားအလာကို မြင်ပြီး မြို့စားကတော်ကြီးက ပျိုးထောင်ပေးနေသည်မှာ သေချာသည်။

အခန်းထဲရှိ ဧည့်သည်များအနက် တချို့ကို ဂျော်ဒန်က နာမည် မှတ်မိသည်။ တချို့ကိုတော့ မျက်မှန်းတန်းမိရုံမျှသာ သိသည်။ တချို့ကိုတော့ လုံးဝမသိ။ ဂျော်ဒန်သိသူများတွင် စီးဒရစ်ဖော်စတာ၏ အမေရိကန် အမျိုးသား



BURMESE CLASSIC .com

www.burmeseclassic.com



စာမူကိုယ်စားလှယ်တစ်ယောက်၊ ပြီးတော့ စကားကြီးစကားကျယ်တွေကို အထက်လေဖြင့် ပြောတတ်သော မြို့စားကတော် တစ်ယောက်၊ နောက်ပြီး ဗင်းနစ်မြို့တွင် အထင်ရှားဆုံး သူကောင်းမျိုး မိသားစုကြီးတစ်စုဖြစ်သော ဘရိုဇီ မိသားစုမျိုးနွယ်ဝင် ဇနီးမောင်နှံ။ ကျန်သုံးယောက်ကတော့ သင်္ဘော ကုမ္ပဏီ ပိုင်ရှင်သဌေးကြီးများ ....။

အိမ်တော်စေတွေ အခန်းထဲမှ ထွက်သွားတော့ ဧည့်သည်တွေချည်း ကျန်ရစ်ခဲ့သည်။ ဤတွင် မြို့စားကတော်ကြီးက ဧည့်သည်တွေ ရွှင်ရွှင်မြူးမြူး ဖြစ်စေရန် သူ့ဝါသနာအတိုင်း စကားမရှိ စကားရှာပြီး ပြောတော့သည်။

"ခုနက ထမင်းစားပွဲက မထခင်ကလေးမှာ စီးဒရစ်နဲ့ ကျုပ်နဲ့စကား တစ်ခု ပြောဖြစ်ကြတယ်။ တခြားမဟုတ်ပါဘူး၊ မကြာခင် ကာလအတွင်း ကျုပ်တို့ တွေ့ဖူးတဲ့ လူထူးလူဆန်းတွေ အကြောင်းပါပဲ။ အဲဒီလို ပုဂ္ဂိုလ်မျိုးက များများစားစားလည်း မရှိပါဘူး။ ဟုတ်တယ်နော် ... စီးဒရစ်"

"ဟုတ်တာပေါ့၊ တော်တော့်ကို နည်းတာပေါ့" စီးဒရစ် အော်စတာက အီယံနှင့် ဆာဂျီယိုတို့အား စိတ်မချသလို မျက်စောင်းတစ်ချက် ထိုးကြည့်ရင်း ... ဝတ်ကျေ တန်းကျေ ပြောလိုက်သည်။

မြို့စားကတော်ကြီးက ဆက်လက်၍ –

"ဒီတော့ ... ကျုပ် အတွေ့အကြုံကလေးတစ်ခုကို ပြောပြပါရစေ။ မကြာခင် တစ်ပတ်နှစ်ပတ်အတွင်းက အလွန့်လွန် ထူးဆန်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ကျွန်မ တွေ့ခဲ့ရတယ်။ သူက သူ့ဘဝနဲ့ သူ့အလုပ်အကြောင်းကို ကျုပ်ကို ပြောပြတော့ ... ကျုပ်မှာ ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်ခဲ့ရတယ်။ အဲဒီ ပုဂ္ဂိုလ်က ဗင်းနစ်မြို့ အလည်ရောက်နေတဲ့ အမေရိကန် သိပ္ပံပညာရှင်ကြီး တစ်ယောက်ပါ။ သိပ္ပံပညာရှင်မှာတောင် သာမန်သိပ္ပံပညာရှင်မျိုး မဟုတ်ပါဘူး။ လူသားတွေ အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးနည်းကောင်းကို ရှာဖွေစူးစမ်းနေတဲ့ ဇရာတားဆီးရေး သိပ္ပံပညာရှင်ကြီး ဖြစ်ပါတယ်"

ဘုရားရေ ... ငါးပါးတော့ မှောက်ကုန်ပါပြီ။

ဂျော်ဒန်က ရင်တဒိတ်ဒိတ်နှင့် အတွင်းကျိတ် ညည်းလိုက်မိသည်။

ပါမောက္ခမက္ကဒေါ်နယ်အကြောင်း ဒီအဘွားကြီး တကယ်များ ဖွင့်ပြောတော့မှာလား။ ဒီလိုတော့ လုပ်မယ် မထင်ပါဘူး။ ပျော်စေပြက်စေသဘောနဲ့ ဉာဏ်ဆင်ပြီး ပြောတာနဲ့ တူပါရဲ့။

ဂျော်ဒန်က ကိုယ့်အတွေးနှင့်ကိုယ် ပြန်ဖြေပြီး အယ်လီဆင်၏ မျက်နှာကို စိုးရိမ်တကြီး လှည့်ကြည့်လိုက်သည်။ အယ်လီဆင်လည်း မျက်လုံးမျက်ဆံပြူးကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မြို့စားကတော်ကြီးက ဂျော်ဒန်နှင့် အယ်လီဆင်တို့အပြင် တခြားဧည့်သည်တွေ၏ မျက်နှာတွေကို ပြုံးပြုံးကြီး ကြည့်လိုက်ပြီးနောက် ဆက်ပြောပြန်သည်။

"အဲဒီ ပုဂ္ဂိုလ်ကြီးက အခု သူ ဒီနေရာမှာ ထိုင်နေပါတယ်။ သူက ကျုပ်ကို ဘာပြောသလဲဆိုတော့ ... သူဟာ မကြာခင်မှာ အဲဒီ အသက်ရှည်ဆေးနည်းကို ဖော်ထုတ်နိုင်တော့မယ်။ အဲဒီလို ဖော်ထုတ်နိုင်ခဲ့ရင် ဒီကမ္ဘာပေါ်မှာ ရှိရှိသမျှ လူသားအားလုံး အသက် ၁၅၀ အထိ မအိုမနာ ဘာရောဂါမှ မဖြစ်ဘဲ နုနုပျိုပျို နေထိုင်သွားနိုင်မယ်လို့ ပြောတယ်"

"ကျွန်တော်တော့ လုံးဝ မယုံပါဘူး" စီးဒရစ်ဖော်စတာက ဝင်ပြောသည်။

"တကယ်တော့ ... သူက မြို့စားကတော်ကြီးကို စိတ်ကူးယဉ် သိပ္ပံဝတ္ထုတစ်ပုဒ်ကို ပြောပြတာပါ"

"ဒါပေမယ့် ... သူကတော့ တကယ့်ကို အမှန်ဖြစ်တယ်ဆိုတာ လေးလေးနက်နက် ပြောပါတယ်။ ဒီသိပ္ပံဆရာကြီးက ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးပါ။ ကမ္ဘာ အရပ်ရပ်က ဆုတံဆိပ်တွေ အမျိုးမျိုး ရရှိထားတဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ သူ့ရဲ့ ရှာဖွေတွေ့ရှိမှုဟာ ကမ္ဘာ့သိပ္ပံလောကမှာ အနက်နဲဆုံး၊ အလျှို့ဝှက်ဆုံး၊ အကြီးကျယ်ဆုံး အောင်မြင်မှုကြီးဖြစ်လို့ သူက အတိအလင်း ဝန်ခံပါတယ်"

"သူက မယ်တော်ကြီးကို နောက်ပြောင်ပြီး ပြောတာဖြစ်ပါလိမ့်မယ်" တီရီဆာ ဖန်တိုနီက ပြောသည်။

"မဟုတ်ဘူး။ နောက်တာ မဟုတ်ဘူး ... တီရီဆာ။ သူက တကယ့်ကို မှန်ပါတယ်ဆိုတာ ကျုပ်ကို အခိုင်အမာ ပြောတာ"

"သူ့ ဆေးကို ဘယ်တော့ အသုံးပြုနိုင်မှာတဲ့လဲ"

"နောက်ဆုံး စမ်းသပ်မှုလုပ်ပြီးရင် ... မကြာခင်မှာ အသုံးပြုနိုင်မယ်လို့ ပြောတယ်။ နောက် နှစ်နှစ် သုံးနှစ်အတွင်းမှာ တစ်ကမ္ဘာလုံး အသုံးပြုနိုင်ကြတော့မယ်"

စီးဒရစ်ဖော်စတာက မြို့စားကတော်ကြီး၏ နောက်ဆုံးစကားကို စိတ်ဝင်စားသွားပြီး –

"မြို့စားကတော်ကြီးက သူ့စကားကို တကယ်ယုံပါသလား"

"သူ ဘယ်သူဘယ်ဝါဆိုတာ သိရင် လူတိုင်းယုံလိမ့်မယ်"

"ဒီလိုဆို သူ့နာမည်က ဘယ်သူလဲ။ ကျွန်တော်လဲ ယုံသင့် ယုံပါရစေ"

ဂျော်ဒန်မှာ အသက်မရှူနိုင်အောင်ဖြစ်နေပြီ။ သူက မြို့စားကတော်

www.burmeseclassic.com



ကြီးကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။ မြို့စားကတော်ကြီးက ဂျော်ဒန်၏ အခြေအနေကို သတိပြုမိကာ တစ်ချက်ပြုံးပြလိုက်ပြီးနောက် –

"သူ့နာမည်ကို ကျုပ်ပြောခွင့်ရှိရင် ပြောပြချင်ပါတယ်။ ဒါပေမယ့် ... သူက ဘယ်သူ့ကိုမှ မပြောပြစေချင်သေးဘူး။ အဲဒီလို ပြောပြလိုက်ရင် သတင်းစာတွေက ဝိုင်းအုံပြီးလိုက်လာကြလိမ့်မယ်။ ဒါကြောင့်မို့ ကျုပ် တောင်းပန်ပါတယ်။ အချိန်ရောက်အောင် သည်းခံပြီး စောင့်စေချင်တယ်"

"မြို့စားကတော်ကြီး လုပ်လိုက်ရင်ဖြင့် ဒီအတိုင်းချည်းပါပဲ။ သတင်းကောင်းတစ်ခုရရင် ဘယ်တော့မှ ဖွင့်မပြောဘူး။ အမြဲတမ်း ထိန်ချမ်ထားတတ်တယ်"

"ထိန်ချမ်ထားတာ မဟုတ်ပါဘူး၊ လျှို့ဝှက်ချက်မို့လို့ပါ။ အချိန်တန်တော့ တစ်ကမ္ဘာလုံးက သိရပါလိမ့်မယ်။ အခုလို အံ့ဖွယ်ရာဖွေတွေ့ရှိမှုကြီး တစ်ခုကို မောင်တို့မယ်တို့အနေနဲ့ ဘယ်လို သဘောထားကြမလဲဆိုတာ သိချင်လို့ ကျုပ်က အစဖော်ကြည့်တာပါ"

ဤတွင် စီးဒရစ်ဖော်စတာ၏ အချစ်တော် လူချောကလေးအီယံက ဝင်တဲ့ပြီး –

"ကျွန်တော်တို့က ဘယ်လို သဘောထားကြမလဲ ဆိုတာ သိချင်လို့ ဟုတ်လား။ ဘယ်လို သဘောထားကြမလဲ ... မယ်တော်ကြီး၊ အားလုံး ဝမ်းသာကြဖို့ပဲ ရှိတော့တာပေါ့ ... လောကမှာ ပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည်နေရတာဟာ အလွန်တရာမှ ရခဲတဲ့ ဒုလ္လဘတရားတစ်ရပ်ပဲ မဟုတ်လား။ အဲဒီတော့ ... အသက်ရှည်ရှည် မနေချင်သူရယ်လို့ ဘယ်သူများ ရှိပါဦးမှာလဲ ခင်ဗျား"

"မောင် ပြောတာ ဟုတ်ပါတယ်။ ကျုပ် မေးချင်တာလ အဲဒီ မေးခွန်းပါပဲ။ ဒါပေမယ့် ... ဒီပြဿနာကို ပေါ့ပေါ့တွေးလို့တော့ မဖြစ်ဘူး။ တစ်ဖက်က ကောင်းတာရှိသလို ဆိုးတာတွေလဲ ရှိနိုင်သေးတယ်။ လူတွေ အသက် ၁၅၀ အထိ နေရရင် လူမှုရေးပြဿနာတွေ အများကြီး ပေါ်ပေါက်လာ နိုင်သေးတယ်။ ဥပမာပြောရရင် လူကြီးတွေက အသက်ရှည်လို့ အကျိုးရှိနိုင်ပေမယ့် လူငယ်တွေအတွက်ကျတော့ အကျိုးယုတ်နိုင်စရာတွေ ဖြစ်ပေါ်လာနိုင်တယ်"

"ဘယ်လိုများပါလိမ့်"

"တစ်ခုပဲ တွေးကြည့်ပါ။ လူငယ်တွေမှာ အရွယ်အလျောက် အားမာန်ရှိတယ်၊ နုပျိုမှုရှိတယ်၊ တက်ကြွမှုရှိတယ်။ ဒီတော့ သူတို့ဟာ အရွယ်အလျောက် ပျော်ပါးကြမယ်၊ ကစားကြမယ်၊ အလုပ်လုပ်ကြမယ်။ ဒါပေမယ့် လူကြီးတွေကို သက်တမ်းနှစ်ဆတိုးအောင်လုပ်ပြီး လူငယ်တွေလိုပဲ နုပျိုသန်စွမ်း



BURMESE CLASSIC .com

www.burmeseclassic.com



အောင် ဖန်တီးလိုက်တဲ့ အခါကျတော့ လူကြီးနဲ့လူငယ် အားပြိုင်ပြီး ပဋိပက္ခတွေ ဖြစ်ပေါ်လာတော့မယ်။ လူကြီးတွေက လက်ရှိအလုပ်တွေမှာ အသက် ၁၅၀ အထိ ဆက်လုပ်နေကြတော့ လူငယ်တွေအတွက် လုပ်စရာမရှိ ဖြစ်ကုန်လိမ့်မယ်”

တီရီဆာ ဖန်တိုနီက ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး –

“ကျွန်မကို ခွင့်ပြုပါ မယ်တော်ကြီး။ တကယ်တော့ မယ်တော်ကြီး ပြောတာတွေက အဓိက ပြဿနာတွေ မဟုတ်ပါဘူး။ သာမန် ကိစ္စကလေးတွေပါ။ လူ့ဘဝမှာ သက်တမ်းနှစ်ဆ တိုးနေတာဟာ မိုးပေါ်ကျ အခွင့်အရေးကြီး တစ်ခုပါ။ လူကြီးတွေနဲ့ လူငယ်တွေ ပြဿနာဖြစ်စရာလဲ မရှိပါဘူး။ လူကြီးတွေက အချိန်တန်တော့ သေကုန်ကြပြီး သူတို့နေရာမှာ လူငယ်တွေ ဝင်လာကြမှာပါ။ အလျင်လူနဲ့ နောက်လူ ဦးစားပေး အစီအစဉ်အတိုင်း သွားရမှာကတော့ ဓမ္မတာတရားပါပဲ”

မြို့စားကတော်ကြီးက အတော်ကြီးကို ဝမ်းသာသွားပုံရသည်။ ပရိသတ်တွေလည်း စောစောကထက် တက်တက်ကြွကြွ ဖြစ်လာကြသည်။ မြို့စားကတော်ကြီးက စိတ်အားထက်သန်စွာဖြင့် ဆက်ပြောသည်။

“ဟုတ်ပါတယ်၊ မိုးပေါ်ကျ အခွင့်အရေးကြီး တစ်ရပ်ပါပဲ။ ဒီတော့ ဒီကိစ္စအမှန်လို့ပဲ ယူဆလိုက်ကြပါစို့။ အဲဒီတော့ ... နောက်ထပ် စဉ်းစားစရာ တစ်ချက် ပေါ်လာပြန်တယ်။ အဲဒါက ဘာလဲဆိုတော့ ... အဲဒီလို အသက် ၁၅၀ ရှည်လာရင် မောင်တို့ မယ်တို့အနေနဲ့ အဲဒီအခွင့်အရေးကြီးကို ဘယ်လို အသုံးချကြမလဲ။ ကဲ ... အိုရက်စတီ ... ဒီမေးခွန်းကို ဖြေစမ်းပါ”

အိုရက်စတီမီမိုက သူ၏ ရှည်မျောမျော လက်ချောင်းများဖြင့် ဆံပင်ကို ထိုးဆွလိုက်ပြီးနောက် –

“ကျွန်တော်လဲ ဒီအချက်ကိုပဲ စဉ်းစားနေပါတယ်။ မစ္စဖန်တိုနီပြောတာကို ကျွန်တော့်အနေနဲ့ အကြွင်းမရှိထောက်ခံပါတယ်။ မိုးပေါ်ကျ အခွင့်အရေးကြီးဆိုတာ တကယ်မှန်ပါတယ်။ အထူးသဖြင့် တီထွင်ဖန်တီးနိုင်စွမ်းရှိတဲ့ ဝိဇ္ဇာပညာရှင်၊ သိပ္ပံပညာရှင်တွေအတွက် ပိုပြီး မှန်ပါတယ်။ ပမာအားဖြင့် မိုက်ကယ် အိန်ဂျလို၊ ဘက်ချ်၊ ဘီသိုဗင်၊ ရှိတ်စပီးယား၊ ပီကာဆို၊ ဂါရှဝင်းတို့လို အနုပညာရှင်ကြီးတွေသာ အသက် ၁၅၀ အထိ နေခဲ့ရရင် ကျွန်တော်တို့ လူ့လောကကြီးဟာ အခုထက်ပိုပြီး တိုးတက်နိုင်မှာ သေချာပါတယ်”

“မောင်ကိုယ်တိုင် အတွက်ကိုလဲ ပြောပါဦး။ ဘယ်လိုများ အကျိုးရှိနိုင်မလဲ’

“ပြိုင်ဘက်ကင်းတဲ့ ပုဂ္ဂိုလ်ကျော်ကြီးတွေအကြောင်း ပြောပြီးတော့မှ

www.burmeseclassic.com



ကိုယ့်အကြောင်းပြောရမှာကို ကျွန်တော့်အနေနဲ့ လိပ်ပြာမလုံသလို ဖြစ်မိပါတယ်။ ဒါပေမယ့် ပြောမှဖြစ်မယ်ဆိုရင်တော့ ပြောရတော့မှာပါပဲ။ ကျွန်တော့်အဖို့ ပြောရရင် အချိန်သာ အဓိကပါပဲ။ လောကမှာ ကျွန်တော်အများဆုံးလိုချင်တာ အချိန်ပဲဖြစ်ပါတယ်။ ဆိုကြပါစို့၊ ကျွန်တော့် ခေါင်းထဲမှာ ရေးချင်စပ်ချင်တဲ့ သီချင်းတွေ၊ ပြဇာတ်တွေ တစ်ပုံကြီးရှိပါတယ်။ ဒါပေမယ့် အချိန်က နည်းနေပါတယ်။ အသက်ရှည်ခြင်းဟာ အချိန်ကာလရှည်ခြင်းပါပဲ။ ဒါကြောင့်မို့ အသက်ရှည်ရှည်နေရဖို့ဟာ ကျွန်တော်ရဲ့ အဓိက ဘဝဆန္ဒကြီးပဲ ဖြစ်ပါတယ်”

“ပြီးတော့ … အလှမယ်ကလေးတွေကို တစ်ယောက်ပြီး တစ်ယောက် ခေါင်းခေါက်လိုက်ရှာပြီးတွဲခုတ်ဖို့အချိန်လဲ ပိုရသွားမှာပေါ့ မဟုတ်ဘူးလား”

အိုရက်စတီမီမိုက ရှက်သွားပြီး တီရီဆာဖန်တိုနီ၏ မျက်နှာကို မဝံ့မရဲ လှည့်ကြည့်လိုက်သည်။

“အဲဒါက … အသေးအဖွဲ့ကိစ္စ၊ ခရီးသွားဟန်လွှဲ ကိစ္စပါ … မယ်တော်ကြီး။ ကျွန်တော်က တစ်ဘဝမှာ မိန်းမတစ်ယောက်ကိုပဲ လိုချင်ပါတယ်။ ကျွန်တော် အသက် ၁၅၀ ကာလအတွင်းမှာ ပါရမီဖြည့်ဖက် ဖြစ်နိုင်မယ့် ဘဝကြင်ဖက်ကိုပဲ လိုချင်ပါတယ်”

“အင်း … မောင်ပြောတာ ကောင်းတယ်။ ကောင်းတယ်။ ဒါနဲ့ … တီရီဆာကကော ဘယ့်နှယ်လဲ။ အသက် ၁၅၀ နေရမယ်ဆိုရင် မယ်မင်းကြီးမအတွက် ဘယ်လို ထူးခြားချက်တွေ ရှိလာနိုင်မှာလဲ ပြောပြစမ်းပါဦး”

တီရီဆာက ခေတ္တစဉ်းစားနေပြီးတော့မှ –

“ကျွန်မက ရုပ်ရှင်မင်းသမီးတစ်ယောက်ပါ။ ရုပ်ရှင်မင်းသမီးတစ်ယောက်အဖို့ နုပျိုခြင်းဟာ အကြီးဆုံး လာဘ်တစ်ပါးပါပဲ”

“ကျုပ်တို့ မင်းသမီးကြီး ဆာရာဘန်းဟတ်ကို ဘယ်လိုပြောမှာလဲ။ သူဆိုရင် အသက် ၇၀ မှာတောင် ရုပ်ရှင်တွေ တစ်ကားပြီးတစ်ကား ရိုက်နေတုန်းပဲ မဟုတ်လား”

“နောက်ပိုင်း သူ့ကားတွေ ကျွန်မကြည့်ဖူးပါတယ်။ သရုပ်ဆောင်ကောင်းပေမယ့် အလှကတော့ ကျနေပါပြီ။ အဘွားကြီးက အသက် ၇၀ မှာ ကာတွန်းရုပ်ရှင်ပေါက်နေပါပြီ။ မင်းသမီးဆိုတာ ပရိသတ်ရဲ့ မျက်စိထဲမှာ အမြဲတမ်းလှနေမှ၊ နုပျိုနေမှ အနုပညာသက်တမ်းလဲ ရှည်နိုင်ပါတယ်။ ကျွန်မသဘောပြောရရင် ‘ရိုမီယိုနဲ့ ဂျူလိယက်’ ကားထဲက ဂျူလိယက်နေရာမှာ နောက်ထပ်နှစ်ပေါင်း ၅၀–၆၀ အထိ ကျွန်မ ပါဝင် သရုပ်ဆောင်နိုင်တဲ့ ဘဝမျိုးကို တောင့်တမိတာ အမှန်ပါပဲ

တစ်ခန်းလုံး ငြိမ်သက်နေသည်။ အလှဘုရင်မ၏ စကားကို လူတိုင်း

www.burmeseclassic.com



အလေးအနက် စဉ်းစားနေကြဟန် တူသည်။ အတန်ကြာမှ စီးဒရစ်ဖော်စတာက စတင်ပြောသည်။

"သူပြောတာ အမှန်ချည်းပါပဲ။ လောကမှာ အိုချင်တဲ့လူရယ်လို့ ဘယ်သူရှိပါ့မလဲ"

"ဒါပေမယ့် ဒီလိုရှိတယ် စီးဒရစ်။ ရှင်တို့လို စာရေးဆရာတွေအတွက် ဆိုရင် အသက်ကြီးလေ ကောင်းလေပဲလို့ ပြောရလိမ့်မယ် ထင်တယ်။ ဘာကြောင့်လဲဆိုရင် ရှင်တို့ စာရေးဆရာတွေဟာ အသက်ကြီးမှ ပိုပြီးတန်ဖိုးရှိတဲ့ စာတွေကို ထုတ်လုပ်နိုင်တဲ့ အစဉ်အလာရှိတယ်။ လီယိုတော်စတွိုင်းကစပြီး ဆမ္မားဆက်မွမ်အထိ ကမ္ဘာကျော် စာရေးဆရာကြီးတွေ အများစုဟာ အသက်ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်အရွယ်ရောက်တော့မှ ဂန္ထဝင်ဝတ္ထုကြီးတွေကို ရေးနိုင်ခဲ့ကြတယ် မဟုတ်လား။ နောက်ဆုံးတော့ အသက်ကြီးလာလေလေ ပညာကြီးလာလေပဲ၊ အတွေ့အကြုံ ရင့်ကျက်လာလေပဲ၊ ဆုံးဖြတ်ချက်မှန်ကန်လာလေပဲ"

"မြို့စားကတော်ကြီးပြောတာ အဓိပ္ပာယ်မရှိပါဘူး။ တကယ်ဆိုရင် အိုမင်းရင့်ရော်ခြင်းဟာ အသက်ရှင်လျက် ပုပ်ဆွေးခြင်းပဲ။ အကြင်နာတရားကင်းမဲ့တဲ့ ဘုရားသခင်ရဲ့ နောက်ဆုံး ကျိန်စာသင့်ခြင်းပဲ။ ကျုပ်တို့ဟာ နုပျိုတက်ကြွတဲ့ ဘဝမှာ ခဏကလေး နေလိုက်ရပြီး မကြာခင်မှာပဲ ဘာမှ အသုံးမကျတော့ဘဲ ဇရာဒုဗ္ဗလအရွယ်ကို ရောက်သွားကြရတော့တယ်။ ကျွန်တော်က စာရေးဆရာတွေအတွက်ကိုသာ ပြောတာ မဟုတ်ပါဘူး။ အဘွားကြီး ရုပ်ရှင်မင်းသမီးတွေဟာ ကာတွန်းရုပ်တွေပါဆိုတဲ့ မစ္စဖန်တိုနီရဲ့ အယူအဆကို ကျွန်တော် သဘောတူပါတယ်။ အလားတူပဲ အဘိုးကြီး စာရေးဆရာတွေဟာလဲ အလကား စာရေးဆရာတွေပါ။ သူတို့တစ်တွေဟာ ကြော်ငြာစာရွက်လောက်ပဲ တန်ဖိုးရှိတယ်။ စကားပြေ အရေးအသားမှာ ဘာမှပညာသား မပါဘူး။ ကလေးရေးတဲ့စာလို ဖြစ်နေကြတယ်။ သူတို့မှာ ဝယဝုမ္မဆိုတဲ့ ဂုဏ်တစ်ခုပဲ ရှိတယ်။ ဒါပေမယ့် အသက်ကြီးလာရင် တီထွင်ဖန်တီးမှု မရှိဘူးလို့တော့ ကျွန်တော်က မပြောလိုပါဘူး။ အသက်ကြီးလာရင် တက်ကြွမှုနဲ့ အားမာန် လျော့နည်းသွားတာကတော့ ဘယ်သူမှ မငြင်းနိုင်တဲ့အချက်ပဲ။ စကားပြောတာ နှေးလာတယ်။ လမ်းလျှောက်တာ တုန်တုန်ယင်ယင် ဖြစ်လာတယ်။ "မှတ်ဉာဏ် ဆုတ်ယုတ်လာတယ်။ လက်တွေ တုန်လာတယ်။ ကုန်ကုန်ပြောရရင် ကာမဆန္ဒစိတ်တွေ ခေါင်းပါးသွားတယ်။ အဲဒီတော့ အသက်ကြီးတာဟာ ဘာကောင်းတာရှိလို့လဲ"

မြို့စားကတော်ကြီးသည် စီးဒရစ်ဖော်စတာ၏ ပြောပြချက်ကို ကြားရ၍ စိတ်ထဲတွင် အတော်ကလေး ထိထိခိုက်ခိုက်ခံစားမိရသည်။ ထို့ကြောင့်

www.burmeseclassic.com



သူက စာရေးဆရာကြီးအား ထပ်မံ၍ မေးခွန်းထုတ်လိုက်ချင်သေးသည်။ သို့သော် လေးနက်သော အကြောင်းအရာများကြောင့် ပရိသတ်များ၏ ပျော်ရွှင်မှုကို ဖျက်ဆီးပစ်ရာ ရောက်လေမည်လားဟု စိတ်ကူးမိကာ ခေါင်းစဉ်ပြောင်းရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် မြို့စားကတော်ကြီးက မတ်တတ်ရပ်၍ လက်ခုပ်တီးလိုက်ပြီး

"ကိုင်း ... ဒီလောက်ဆိုရင် ဒီအကြောင်းတော်လောက်ပါပြီ။ ဒီတော့ နည်းနည်းကလေး မြူးမြူးကြွကြွ ဖြစ်သွားအောင် ပျော်စရာတေးဂီတနဲ့ ဧည့်ခံပါ့မယ်။ ပြီးတော့ မနှစ်က နွေတုန်းက လန်ဒန်မြို့တော်မှာ ကျူပ် ကြုံခဲ့ရတဲ့ စွန့်စားခန်းတစ်ခုကို ပြောပြပါ့မယ်"

သည်လိုနှင့် တေးဂီတ အစီအစဉ် ပြီးဆုံးသွားတော့ မြို့စားကတော်ကြီးက စိတ်ဝင်စားစရာ မကောင်းသော ပြက်လုံးတစ်ခုကို ဆက်လက်ပြောပြသည်။ သို့သော် ပရိသတ်၏ အာရုံကို ဆွဲငင်စုစည်း၍ မရနိုင်တော့။ တေးဂီတနှင့် ပြက်လုံးကိုလည်း ဘယ်သူမှ စိတ်မဝင်စားကြတော့။ ဧည့်သည်တော် တစ်ယောက်စီ တစ်ယောက်စီ၏ စိတ်ခုတ်များမှာ ကိုယ့်အတွေးနှင့်ကိုယ် တွေးရင်း ရောက်ချင်ရာ ရောက်နေကြသည့် အခြေအနေမျိုးသာ ဖြစ်နေတော့သည်။

ဂီတပညာရှင်ကလေး အိုရက်စတီမီမိုကမူ ခပ်လှမ်းလှမ်းတွင် ထိုင်ရင်း စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ် သောက်နေသော တီရီဆာဖန်တိုနီကိုသာ မျက်တောင်မခတ် ငေးကြည့်လျက်ရှိသည်။ စာရေးဆရာကြီး စီးဒရစ်ဖော်စတာကလည်း မျက်နှာကြီး ပုပ်သိုးသိုးဖြင့် အိမ်ရှင်မြို့စားကတော်ကြီး၏ ပြက်လုံးကို လျစ်လျူရှုကာ သူ့အချစ်တော်ကလေး အီယံနှင့် ထုတ်ဝေသူ ဆာဂျိုယိုတို့ဆီသို့သာ မျက်လုံးရောက်နေသည်။

နောက်နာရီဝက်လောက်ကြာတော့ ဂျော်ဒန်က အယ်လီဆင်၏ လက်ကို လှမ်းဆွဲလျက် တံခါးဝသို့ မေးငေါ့ပြလိုက်သည်။ ဧည့်ပရိသတ်တိုင်း ပြန်ချင်နေကြပြီဆိုတာ အကဲခတ်မိသဖြင့် သူတို့နှစ်ယောက်က အရင်ထပြီး အခန်းထဲမှ ထွက်လာခဲ့ကြသည်။ မြို့စားကတော်ကြီးလည်း သူတို့နောက်မှ လိုက်ပါလာသည်။

"အများကြီး ကျေးဇူးတင်ပါတယ် မယ်တော်ကြီး။ အလွန်ပျော်စရာကောင်းတဲ့ ပွဲပါပဲ"

"မောင်တို့ တကယ်ကော ပျော်ရဲ့လား"

"တကယ် ပျော်ပါတယ် ... မယ်တော်ကြီး" အယ်လီဆင်က ဝင်ဖြေလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်ကတော့ သူ့ရင်ထဲ မရှိးမရွ ဖြစ်နေသောကြောင့် နောက်ဆုံး ပိတ် ပြောဖြစ်အောင် ပြောလိုက်သည်။

"မယ်တော်ကြီးကတော့ တကယ့်စွန့်စားခန်းကြီးတစ်ခုကို သရုပ်ဆောင်လိုက်တာပဲ မဟုတ်ဘူးလား။ တကယ့် အန္တရာယ်ကြီးထဲ ဝင်တိုးလိုက်သလို ဖြစ်မနေဘူးလား"

"သြော် ... အဲဒါလား၊ မပူပါနဲ့ တီမိုသီ။ ကျုပ် ပြောတာ ဘယ်သူမှ မယုံကြပါဘူး။ ဒါဟာ အဖြစ်အပျက်မှန်ဆိုတာ ဘယ်သူမှ စိတ်တောင် မကူးမိကြပါဘူး။ သိပ္ပံပညာရှင်ကြီး ဒီအိမ်မှာရှိနေတယ်ဆိုတာ ယုံဖို့တော့ ဝေးပါလေရော့။ ကျုပ်က ပျော်စရာအဖြစ်နဲ့ ပြောပြတာပါ။ ပျော်စရာတစ်မျိုးပေါ့ ... ဟုတ်ဘူးလား"

"အမှန်အတိုင်းပြောရရင် ... ဟိုဒင်းပြောသလို 'ရယ်ဖွယ်မဟုတ် ... လွမ်းခန်း၊ လွမ်းခန်း' မယ်တော်ကြီး"

"ကျုပ်က အိုရမှာကို မကြောက်ပါဘူး။ အခုမှပဲ သူများတွေ ဘယ်လောက်ကြောက်ကြတယ်ဆိုတာ သိရတော့တယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ကတိတစ်ခုတော့ပေးပါ ... မယ်တော်ကြီး။ နောက်ထပ် ဒီကိစ္စနဲ့ပတ်သက်ပြီး ပျော်စရာ မလုပ်ပါနဲ့တော့။ အန္တရာယ်များလွန်းလို့ပါ"

"ကျုပ် ကတိပေးပါတယ်။ ဘယ်တော့မှ မပြောတော့ပါဘူး"

"ဘယ်သူမှ မတွေ့အောင်လဲ သတိပြုပါဦး"

"စိတ်ချပါ။ ဘယ်သူမှ မတွေ့စေရပါဘူး"

"ဆရာကြီးရဲ့ စေတနာကို မယ်တော်ကြီး သဘောပေါက်ပါတယ်။ သူက လူသားအားလုံးအတွက် စေတနာထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်လေ ... စိတ်ချပါ။ ကျုပ် သတိထားပါ့မယ်"

"ကျွန်တော် နောက် ၄၈ နာရီအတွင်း ပြန်လာခဲ့ပါ့မယ်။ ကျွန်တော် ပြန်လာတဲ့အချိန်ဟာ ဆရာကြီးအတွက် ထွက်ပေါက်ရမယ့် အချိန်ပဲ ဖြစ်ပါလိမ့်မယ်" သူက မြို့စားကတော်ကြီးလက်ကို ကိုင်လိုက်ပြီး "ကျွန်တော်တို့အတွက် ဆုတောင်းနေပါ ... မယ်တော်ကြီး"

"စိတ်ချ ... စိတ်ချ။ အားလုံးအတွက် ဆုတောင်းနေပါ့မယ်' '

*

နောက်တစ်နေ့နံနက် ၁၀ နာရီ၊ မိနစ် ၄၀။

မြို့စားကတော်ကြီး အယ်လ်ဗီရာဒီမာချီသည် အိစက်သော ပိုးသားဝတ်စုံကို ဝတ်လျက် စံအိမ်တော် ပထမထပ်ရှိ နံနက်စာ စားသောက်ခန်းထဲ



BURMESE CLASSIC .com

www.burmeseclassic.com



မှ ကျောက်သလင်း စားပွဲဝိုင်းတွင် ထိုင်ကာ ကော်ဖီသုံးဆောင်ရင်း 'ဗင်းနစ်ဂေဇက်' သတင်းစာကို အမှတ်မထင် လှန်လှော ကြည့်ရှုလျက်ရှိသည်။

သူသည် လွန်ခဲ့သောညက အိပ်ရာဝင် နောက်ကျခဲ့သည်။ ညစာစားပွဲမှာ ချောချောမောမော၊ ပျော်ပျော်ရွှင်ရွှင်နှင့် ပြီးဆုံးသွားခဲ့သဖြင့် အတော်ကလေး ဝမ်းသာကျေနပ်ခဲ့ရသည်။

ယနေ့ နံနက်တွင် ခါတိုင်းထက် အိပ်ရာထနောက်ကျခဲ့သော်လည်း ပါမောက္ခ မက္ကဒေါ်နယ်အား အချိန်မီ နံနက်စာ ပြင်ဆင်ကျွေးမွေးနိုင်ရန်အတွက် ဧည့်သည်များထက်တော့ အလျင်အိပ်ရာထခဲ့ရသည်။

ပါမောက္ခကြီးအခန်းသို့ နံနက်စာပို့ခဲ့ပြီးနောက် ရေမိုးချိုးပြီးလျှင် နံနက်စာ စားသောက်ခန်းသို့ ဝင်လာခဲ့ခြင်းဖြစ်သည်။

မြို့စားကတော်ကြီးသည် သူလျှိုဖမ်းမိရေးကိစ္စနှင့် ပတ်သက်၍ ရဲဘက်မှ ဆောင်ရွက်ချက်များကို သတင်းစာတွင် စိတ်ပါဝင်စားစွာ ဖတ်ရှုနေသည်။ ထိုအခိုက် အခန်းတံခါးဝမှ ခြေသံကြားလိုက်ရသဖြင့် မျက်နှာကို လှန်ကြည့်လိုက်သည်။ တံခါးဝတွင် စာရေးဆရာကြီး စီးစရစ်ဖော်စတာ ရပ်နေသည်။ သူသည် စပို့ရှပ် ဂျာကင်အင်္ကျီပွနှင့် ဘောင်းဘီပွတို့ကို ဝတ်ထားသည်။

"မင်္ဂလာနံနက်ပါ … စီးဒရစ်။ ကော်ဖီ သုံးဆောင်ပါလား"

"ကျေးဇူးတင်ပါတယ်"

မြို့စားကတော်ကြီးသည် ထိုင်ရာမှထကာ ကော်ဖီပန်းကန်တစ်စုံ ယူပြီး စားပွဲတွင် ပြန်ထိုင်သည်။

"မလိုင် … သကြား"

"ကော်ဖီကြမ်းပဲ သောက်ပါ့မယ်"

မြို့စားကတော်ကြီးက သတင်းစာကို ပြန်ကောက်ကိုင်ရင်း –

'ဒီနေ့ သတင်းခေါင်းစဉ်တွေကို ကျုပ် ဖတ်ပြမယ်။ နားထောင်မလား'

ဖော်စတာက ကော်ဖီတစ်ကျိုက် သောက်လိုက်ပြီး –

"ကျေးဇူးတင်ပါတယ် … နေပါစေ။ ညတုန်းက ကျွန်တော် မအိပ်နိုင်ဘူး"

"သြော် … ဖြစ်မှဖြစ်ရပလေ"

"မြို့စားကတော်ကြီး စနက်ပဲပေါ့။ အဲဒီအကြောင်း ကျွန်တော့် ခေါင်းထဲက ဖယ်ထုတ်လို့ မရဘူး။ တစ်ညလုံး စဉ်းစားနေမိတယ်"

"ဘယ်အကြောင်းများပါလိမ့်"

"ဘာအကြောင်းဆိုတာ မြို့စားကတော်ကြီး သိပါတယ်။ အဲဒီ အသက်ရှည်ဆေးကို ရှာဖွေနေတဲ့ သိပ္ပံပညာရှင်ကြီး အကြောင်းပဲပေါ့။ အဲဒီ



BURMESE CLASSIC .com

www.burmeseclassic.com



အကြောင်း ကျွန်တော် အိပ်ရာထဲမှာ တစ်ညလုံး စဉ်းစားနေမိတယ်။ ဒါပေမယ့် ယုံတော့ လုံးဝမယုံနိုင်ဘူး။ နောက် ရာစုနှစ်တစ်နှစ်မှာတောင် ဒီလိုဖြစ်ရပ်မျိုး ပေါ်ပေါက်နိုင်ဦးမှာ မဟုတ်သေးဘူး"

"အဖြစ်မှန်ပါ ... စီးဒရစ်"

"သစ္စာဆိုရဲပါ့မလား"

"ကျုပ်ရဲ့ သားသမီး၊ မြေးမြစ်တွေရဲ့ အသက်ကို သက်သေထားပြီး ဆိုရဲပါတယ်"

ဖော်စတာက ခေါင်းတဆတ်ဆတ်ညိတ်ရင်း –

"ဒီလိုဆိုရင် ... ကျွန်တော် ယုံပြီ။ ဒီတော့ သူ့ကို ဘယ်မှာ တွေ့ခဲ့တာလဲ"

"အဲဒီအကြောင်း ကျုပ်ပြောခဲ့ပြီးပါပကော။ ဒီမြို့မှာပဲ တွေ့ခဲ့တာလေ"

"ဘယ်တုန်းကလဲ"

မြို့စားကတော်ကြီးက ခေတ္တ တုံ့ဆိုင်းနေပြီးမှ –

"မကြာသေးဘူး၊ သိပ်မကြာသေးဘူး"

"ဒီတော့ ... သူက မကြာခင်မှာ လူသားတွေ ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည်နေရမယ့် အာယုဩသဓဆေးကြီးကို ဖော်ထုတ်တော့မှာပေါ့ ဟုတ်လား"

"ဒီမှာ ... စီးဒရစ်၊ ဒီမှာ ဘယ်သူမှ မရှိဘူး။ ကျုပ်တို့ နှစ်ယောက်ပဲ ရှိတယ်။ ဒီတော့ ... ကျုပ် နည်းနည်းပိုပြီး ပြောပါရစေ။ တကယ်တော့ သူက အဲဒီဆေးနည်းကို ဖော်ထုတ်မလို့ ကြံစည်နေတဲ့ အဆင့် မဟုတ်တော့ဘူး။ အဲဒီဆေးနည်းကို သူရှာဖွေတွေ့ရှိပြီးပြီ။ လောလောဆယ် ဖော်စပ်ပြီး တစ်ကမ္ဘာလုံးကို ဖြန့်ဝေဖို့အဆင့်ကို ရောက်နေပြီ"

ဖော်စတာ၏ မျက်လုံးတွေ ပြူးကျယ်သွားပြီး –

"တကယ်လား ... ဒါ ... တကယ်ပြောတာလား"

"ဟုတ်တယ်။ အဲဒီဆေးနည်းကို သူရှာဖွေ တွေ့ရှိပြီးပြီ"

"ဒါဖြင့် ... ဘယ်မှာလဲ။ ဘာဖြစ်လို့ မဖြန့်သေးတာလဲ"

"စိတ်မစောပါနဲ့လေ ... အချိန်တန်တော့ရမှာပေါ့။ ဒါပေမယ့် လောလောဆယ်မှာက အဲဒီပုဂ္ဂိုလ်ကြီး ဒီမြို့က ထွက်ပြေးလွတ်မြောက်နိုင်အောင် လုပ်ဖို့ ပိုပြီး အရေးကြီးနေတယ်"

"ဟင် ... ဒီမြို့က လွတ်မြောက်ဖို့ ဟုတ်လား။ အဲဒါ ... ဘာကို ပြောတာလဲ"

"ကျုပ် ဒီထက်ပိုပြောလို့ မဖြစ်ဘူး"



BURMESE CLASSIC .com

www.burmeseclassic.com



"ဒါဖြင့် မြို့စားကတော်ကြီး ပြောခဲ့တဲ့လူဟာ ရဲအဖွဲ့က လိုက်ရှာနေတဲ့ လူပေါ့ ဟုတ်လား။ ဒါကြောင့်မို့လို့ တစ်မြို့လုံးကို ပိတ်ထားရတာပေါ့ ဟုတ်လား"

"တော်ပါတော့ စီးဒရစ်ရယ်။ ကျုပ်က ကတိပေးထားရလို့ပါ"

"ကျွန်တော်တို့ဟာ ရင်းနှီးတဲ့ မိတ်ဆွေတွေပါ ... မြို့စားကတော်ကြီး။ ကျွန်တော့်ကို ယုံပါ။ ဒီသိပ္ပံပညာရှင်ကြီးဟာ မြို့ထဲမှာပဲ ရှိရမယ်။ မြို့စားကတော်ကြီးက သူနဲ့ တွေ့ပြီးပြီ၊ စကားလဲ ပြောပြီးပြီ"

"ဟုတ်ပါတယ် ... ကျုပ် သူနဲ့ စကားပြောပြီးပါပြီ"

"ဒါဖြင့် ... သူ ဒီမှာရှိရမယ်၊ ဒီအနီးအနားမှာပဲ ရှိရမယ်"

"ဟုတ်ပါတယ် ... ဒီအနီးအနားမှာပဲ ရှိပါတယ်"

"ဘယ်မှာလဲ။ ကျွန်တော်သူနဲ့ စကားပြောချင်တယ်။ ကျွန်တော် သူ့ကို တွေ့မှ ဖြစ်မယ်"

"အဲဒါတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။ သူ့ကိုဘယ်သူမှ မတွေ့စေရဘူးလို့ ကျုပ်က ကတိပေးထားပြီးပြီ"

"ဒီတော့ ... မြို့စားကတော်ကြီးက သူ့ကို ဝှက်ထားတာပေါ့ ဟုတ်လား။ သူ့ကို မြို့စားကတော်ကြီး စောင့်ရှောက်ထားရတာပေါ့ ... ဟုတ်လား"

"ဒီလောက်ဆို ကျေနပ်ပါတော့ စီးဒရစ်ရယ်။ ကျုပ်ပြောတာ လွန်တောင် လွန်နေပါပြီ"

"ဒီမှာ မြို့စားကတော်ကြီး။ ကျွန်တော်ပြောတာ ကျေးဇူးပြုပြီး နားထောင်စေချင်ပါတယ်။ ကျွန်တော်တို့ဟာ သူစိမ်းတွေ မဟုတ်ပါဘူး။ ရင်းနှီးတဲ့ မိတ်ဆွေတွေပါ။ တစ်ယောက်တစ်ယောက် ယုံကြည်ကြတဲ့ မိတ်ဆွေတွေပါ။ နှစ်ပေါင်းများစွာ ပေါင်းလာကြတဲ့ မိတ်ဆွေတွေပါ။ ဒါဟာ ကျွန်တော့်အတွက် အင်မတန် အရေးကြီးပါတယ်။ မြို့စားကတော်ကြီးပြောတာတွေဟာ ကျွန်တော့် ဘဝအတွက် သေရေးရှင်ရေးတမျှ အရေးကြီးပါတယ်။ ဒီပုဂ္ဂိုလ်ကြီးဟာ ကျွန်တော်ရဲ့ အသက်သခင် ကျေးဇူးရှင်ကြီး ဖြစ်မှာပါ။ ကျွန်တော့်ကို သူ ကယ်တင်ပါမှ အသက်ချမ်းသာရာ ရတော့မှာပါ။ နို့မဟုတ်ရင် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို သတ်သေမိတော့မှာ ကျိန်းသေပါပဲ"

"အလို ... ဘယ့်နှယ်ပြောလိုက်တာပါလိမ့် ... စီးဒရစ်ရယ်။ ကြံကြီးစည်ရာ မပြောသင့် မပြောထိုက်တဲ့ စကားတွေပါလား။ မောင် ... ဘယ့်နှယ်များ ဖြစ်နေပြီလဲ"

"ကျွန်တော့်မှာ ဒုက္ခတွေ့နေရလို့ပါ ... မြို့စားကတော်ကြီးရယ်။ ကျွန်တော့်မှာ သေရေးရှင်ရေး အကျပ်အတည်းထဲ ရောက်နေလို့ပါ။ ဒီစကားကို

www.burmeseclassic.com



ကျွန်တော် ဘယ်သူ့ကိုမှ မပြောဖူးပါဘူး။ မြို့စားကတော်ကြီးမို့လို့ ပြောတာပါ။ တခြားမဟုတ်ပါဘူး။ အီယံ ... ကိစ္စပေါ့။ ကျွန်တော်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် ခွဲမရအောင် ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါ။ ဒါကို မြို့စားကတော်ကြီး ကောင်းကောင်းသိပါတယ်။ ကျွန်တော် ... ကျွန်တော်ဟာ ဒီလောကမှာ သူ့ကို အချစ်ဆုံးပါ။ တခြားဘယ်သူ့ကိုမှ သူ့လောက် မချစ်ပါဘူး။ သူဟာ ကျွန်တော့် အသက်၊ ကျွန်တော့် ဘဝပါပဲ။ ဒါပေမယ့် အခုတော့ သူက ကျွန်တော့်အပေါ် အချစ်ပြယ်ချင်လာပါပြီ။ အဲဒါကို ကျွန်တော် သတိပြုမိပါတယ်။ သူဟာ အလွန်ငယ်သေးတဲ့ လူပါ။ ကျွန်တော့်အသက်တစ်ဝက်သာ ရှိသေးတဲ့ လူငယ် တစ်ယောက်ပါ။ သူရဲ့ ချွတ်ယွင်းချက်တွေကို ကျွန်တော် သိပါတယ်။ သူဟာ ကျွန်တော့်အတွက် အကျိုးထက်အပြစ်ကိုသာ ပေးနေတယ်ဆိုတာကိုလဲ ကျွန်တော် သိပါတယ်။

"ဒါပေမယ့် သူ့ကို ကျွန်တော် မခွဲနိုင်ပါဘူး။ သူ့ကို ကျွန်တော် အရူးအမူး ချစ်ပါတယ်။ သူနဲ့ခွဲရရင် ကျွန်တော့် အသည်းကွဲပြီး သေရပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်က တစ်နေ့ထက်တစ်နေ့ အရွယ်ကျလာပြီ။ တစ်နေ့ထက် တစ်နေ့ ရင့်ရော်လာပြီ။ နောက်ဆုံး သူက လုံးဝစွန့်ပစ်သွားတဲ့ ဘဝအထိ ရောက်လာပါတော့မယ်။ အခုဆိုရင် ... သူဟာ ကျွန်တော့်ကို ပေယျာလကန် ထားပြီး တခြားအရွယ်ရှိသေးတဲ့ လူငယ်တွေနောက် တစ်ကောက်ကောက် လိုက်နေပြီ။ မနေ့က အဖြစ်အပျက်ကိုပဲ ကြည့်ပါလား။ မြို့စားကတော်ကြီး သတိပြုမိရင် သိပါလိမ့်မယ်။ သူဟာ ကျွန်တော့်ကို ပစ်ပယ်ထားပြီးတော့ ... အဲဒီအီတာလျံထုတ်ဝေသူ ဆာဂျီယိုနားကပဲ မခွာနိုင်အောင် ဖြစ်နေပါတယ်။ ဒီအဖြစ်မျိုးတွေဟာ တစ်နေ့ထက်တစ်နေ့ ပိုများလာတယ်။

"ဒီအတိုင်းသာဆိုရင် ... ကျွန်တော်ဟာ ခါးကိုင်းဆံဖြူဘဝမျိုး မရောက်ခင်တောင် သူက ကျွန်တော့်ကို ကန်ထွက်သွားမှာ သေချာပါတယ်။ အဲဒီလိုဆိုရင် သူ့ကို ကျွန်တော်လက်လွှတ်ရပါတော့မယ်။ ကျွန်တော့်ဘဝတစ်ခု လုံး ဆုံးရှုံးရတော့မယ်။ အဲဒါကြောင့် ကျွန်တော့် ဒုက္ခကို သနားပါဦး ... မြို့ စားကတော်ကြီးရယ်။ ကျွန်တော့်ကို ကယ်ပါဦး"

သူ့မျက်နှာသည် တကယ်ပင် ငိုတော့မလို ဖြစ်နေသည်။ သူ၏ တဟဲဟဲ အသက်ရှူငွေ့သည် မြို့စားကတော်ကြီး မျက်နှာကိုပင် လာ၍ဟပ်သည်။

မြို့စားကတော်ကြီးသည် ကိုယ်ကိုနောက်သို့ မသိမသာမတ်လိုက်ပြီး

"ကျုပ်လဲ စိတ်မကောင်းပါဘူး စီးဒရစ်ရယ်။ မောင့်ဘဝကို ကျုပ် ကိုယ်ချင်းစာမိပါတယ်။ တကယ်လဲ ထပ်တူထပ်မျှ ခံစားမိပါတယ်"



BURMESE CLASSIC .com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်တော့်ကိုတော့ မကူညီနိုင်ဘူးပေါ့ ... ဟုတ်လား။ ကျွန်တော့် အသက်ကို မကယ်နိုင်ဘူးပေါ့ ဟုတ်လား'

"စဉ်းစဉ်းစားစားလဲ လုပ်ပါဦး စီးဒရစ်ရယ်။ ကျုပ်ဘက်ကလဲ လှည့်တွက်ကြည့်ပါဦး။ အဲဒီ ပါမောက္ခကြီးကို လူတစ်ယောက်က ကျုပ်ဆီ ခေါ်လာခဲ့တယ်။ သူ့ကို ခေတ္တ ဝှက်ထားပါလို့ မေတ္တာ ရပ်ခံတယ်။ ကျုပ်ကလဲ ဘယ်လိုမှ မတတ်သာလို့ လက်ခံလိုက်ရတယ်။ ဟုတ်ပါတယ်။ အခု သူ ဒီစံအိမ်တော်မှာပဲ ရှိပါတယ်။ ဒါပေမယ့် ကျုပ်က ကျုပ်မိတ်ဆွေတစ်ယောက် ဆီမှာ ကတိခံထားရတယ်။ ဘယ်သူမှ မသိစေရပါဘူးလို့ ကတိပေးထားရ တယ်။ အဲဒီတော့ မောင့်ကို ကျုပ်လေးစားသလို ကျုပ်ကတိကိုလဲ ကျုပ် လေး စားရပါဦးမယ်"

သည်အချိန်မှာတော့ စီးဒရစ်ဖော်စတာမှာ သွေးရူးသွေးတန်းနှင့် ဆောက်တည်ရာမရ ဖြစ်နေလေပြီ။

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ကယ်ပါ မြို့စားကတော်ကြီးရယ်။ ကျွန်တော့်ကို သနားပါ။ အဲဒီဆရာကြီးနဲ့ မတွေ့ရရင် ကျွန်တော့်ဘဝတော့ စုန်းစုန်းနစ်ရပါတော့မယ်။ လောကမှာ ကျွန်တော်အချစ်ဆုံးချစ်သူကို ဆုံးရှုံးရပါ တော့မယ်"

မြို့စားကတော်ကြီးမှာလည်း ဘာလုပ်ရမှန်း မသိတော့ဘဲ ယောင် ယောင်ကန်းကန်းဖြင့် ကော်ဖီခွက်ကို ကောက်ကိုင်လိုက်မိသည်။ လက်ကတုန် နေသဖြင့် ကော်ဖီခွက်ကို ပြန်ချလိုက်သည်။

"ပေါမောက္ခကြီးကို မကြာခင်တွေ့ရမှာပါ စီးဒရစ်။ ရှုရှုတွေက အဲဒီ ဆေးနည်းကို သူတို့နိုင်ငံအတွက် မောင်ပိုင် စီးချင်နေကြတယ်။ ကျုပ်တို့က လူသားတွေအားလုံးအတွက် သူ့ကို ဒီမြို့က ထွက်ပြေးနိုင်အောင် နည်းလမ်းရှာ နေကြတယ်။ ဆရာကြီး လွတ်မြောက်သွားတဲ့အခါ သူ့ကို ပါရီမှာပဲဖြစ်ဖြစ်၊ လန်ဒန်မှာပဲဖြစ်ဖြစ်၊ နယူးယောက်မှာပဲဖြစ်ဖြစ် ကိုယ်တိုင် သွားတွေ့နိုင်ပါလိမ့် မယ်။ ဒီအတွက် ကျုပ်ကတိပေးပါတယ်။ ဆရာကြီးနဲ့ မကြာမီ တွေ့ရအောင် ကျုပ်ဆောင်ရွက်ပေးပါ့မယ်"

"တစ်ကမ္ဘာလုံးက လူတွေအားလုံးနဲ့ အတူတူဝင်ပြီး တန်းစီနိုင်တဲ့ အချိန်ကို ပြောတာလား။ ကျွန်တော့်မှာ နေ့စဉ်နေ့တိုင်း သေချင်စိတ် ပေါက်နေ တဲ့အထဲ ဆရာကြီးရဲ့ အသက်ရှည်ဆေးတစ်လုံး မထိုးလိုက်ရခင် ကျွန်တော် သေသွားမယ့်အချိန်အထိ စောင့်ရမှာလား"

"အဲဒီလို မဖြစ်စေရပါဘူး စီးဒရစ်ရယ်။ ကျုပ်ကို ယုံကြည်စမ်းပါ။ မောင်လဲ သူများတွေလိုပဲ ခံစားခွင့်ရအောင် ကျုပ်ကူညီပါ့မယ် စိတ်သာချပါ"



BURMESE CLASSIC .com

www.burmeseclassic.com



"ဟင့်အင်း … မရဘူး။ အဲဒီအချိန်အထိ ကျွန်တော် မစောင့်နိုင်ဘူး။ ကျွန်တော် ချက်ချင်း သူနဲ့တွေ့ချင်တယ်။ သူဘယ်မှာရှိသလဲ။ ဘယ်အခန်းမှာလဲ ပြောစမ်းပါ။ ကျွန်တော် သူနဲ့ တွေ့ချင်တယ်။ ကျွန်တော့်ကို သူ့ဆီ ချက်ချင်း ခေါ်သွားစမ်းပါ"

"မခေါ်နိုင်ဘူး။ မခေါ်နိုင်ဘူး"

"ဒါဖြင့် ကျွန်တော် လိုက်ရှာမယ်။ ကိုယ့်ဘာသာကိုယ် လိုက်ရှာ မယ်" သူက ထိုင်ရာမှထရပ်လိုက်သည်။ "သူ့ကို တွေ့အောင် ရှာမယ်။ မတွေ့ တွေ့အောင်ရှာမယ်။ တံခါးတွေပိတ်ထားရင် ရိုက်ဖွင့်ပြီး ရှာမယ်"

မြို့စားကတော်ကြီးက ဖော်စတာရှေ့မှ ဆီးရပ်လိုက်သည်။ အတွင်းစိတ်က ကြောက်နေသော်လည်း ပြင်ပ အမူအရာကတော့ ဣန္ဒြေမပျက်။

"ဒီလိုမလုပ်ပါနဲ့၊ မောင်က ဘာဖြစ်နေတာလဲ ရူးနေပြီလား။ ကျုပ်လုံးဝ ခွင့်မပြုနိုင်ဘူး။ ကျုပ် ဧည့်သည်တွေ အခန်းထဲ ဘယ်သူမှ ဝင်ခွင့်မရှိဘူး"

"ကျွန်တော် ဝင်မယ်"

"သတ္တိရှိရင် ဝင်စမ်းပါ။ ကျုပ် လုံးဝ ခွင့်မပြုနိုင်ဘူး၊ လုံးဝ မဝင်ရဘူး။ အဲဒီလိုလုပ်ရင် ကျုပ် အိမ်တော်စေတွေ ခေါ်ရလိမ့်မယ်။ သူတို့က မောင့်ကို ဆွဲထုတ်သွားကြလိမ့်မယ်။ ဟုတ်တယ်၊ မောင့်ကို ကျုပ် ဆွဲထုတ်ခိုင်းရလိမ့်မယ်"

ဖော်စတာသည် တဟဲဟဲနှင့် ခက်ခက်ခဲခဲ အသက်ရှူနေရသည်။ သူသည် မြို့စားကတော်ကြီးကို စိုက်ကြည့်နေသည်။ နောက်ဆုံး သူ့စိတ်သူ အနိုင်နိုင်ထိန်းပြီးတော့မှ –

"ဒီလိုဆို ကောင်းပြီ။ မြို့စားကတော်ကြီးက ကျွန်တော့်ကို မကူညီရင်လဲ ကျွန်တော့်နည်းနဲ့ကျွန်တော် တစ်မျိုးကြံရတော့မှာပေါ့"

"ဘယ်လိုနည်းနဲ့လဲ"

"အဲဒါ … ကျွန်တော့်အလုပ်ပါ"

"ဒီမှာ စီးဒရစ်။ မောင့်ကို ကျုပ်က ယုံကြည်လို့ ပြောတာ။ ယုံကြည်မှုကို ဖောက်ဖျက်မယ်တော့ မကြံပါနဲ့။ အပြစ်မရှိတဲ့ သူတော်ကောင်းကြီးတစ်ယောက်ကို ပြစ်မှားမယ်တော့ မကြံလိုက်ပါနဲ့။ ကျုပ် ဒါပဲ ပြောပါရစေ"

ဖော်စတာက မြို့စားကတော်ကြီးကို တွန်းဖယ်ထွက်လိုက်ပြီးနောက်

"ကျွန်တော် လုပ်သင့်တာကိုတော့ လုပ်ရမှာပဲ။ ကျွန်တော့်အလုပ်ကို ဘယ်သူမှ တားလို့ မရဘူး" ထို့နောက် သူအခန်းထဲမှ ထွက်သွားသည်။

မြို့စားကတော်ကြီးသည် တုန်တုန်ယင်ယင်နှင့် တစ်ယောက်တည်း ရပ်ကျန်ရစ်သည်။

www.burmeseclassic.com



ဘုရား … ဘုရား။ သူ ရူးများ ရူးသွားပြီလား မသိဘူး။ ရူးတာတော့ မဟုတ်နိုင်ဘူး။ ရဲကို သွားတိုင်မှာပါ။ ရဲနဲ့အပေးအယူ လုပ်ပြီး ဖော်ကောင်လုပ်လိမ့်မယ်။ သူ့ကို ဒီဆေးနဲ့ အရင်ထိုးပေးရမယ်လို့ ကတိတောင်းပြီးမှ သူက ဖွင့်ပြောလိုက်မှာပါ။ ဘုရား … ဘုရား။ အဲဒါမှ ဒုက္ခပဲ။ အပြစ်မရှိတဲ့ သူတော်ကောင်းကြီးတစ်ယောက် ဒုက္ခရောက်ရတော့မယ်။

မရောက်ရဘူး … မရောက်ရဘူး။

ငါဟာ … ငါ့ကို ယုံကြည်တဲ့ မိတ်ဆွေကိုလည်း သစ္စာဖောက်မိခဲ့ပြီ။ စိတ်ရူးပေါက်နေတဲ့ လူတစ်ယောက်ကိုလည်း ယုံစားမိပြီ။ အခုတော့ လူသားအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းကြီးတစ်ခု သဲထဲရေသွန်ဖြစ်ရတော့မယ်။ အကျိုးမဲ့ ဆုံးရှုံးရတော့မယ်။

တစ်ခန်းလုံးသည် ချားရဟတ်လို ချာချာလည်နေသည်။

ဘာလုပ်ရမလဲ။ ဘယ်လိုလုပ်ရမလဲ။ ဖြစ်တဲ့နည်းနဲ့ ကာကွယ်ရမယ်။ ဖြစ်တဲ့နည်းနဲ့ ကာကွယ်ရမယ်။

စားပွဲကို လက်နှစ်ဖက်ဖြင့် လှမ်းကိုင်လိုက်သည်။ လက်တွေတုန်နေသည်။ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။

စိတ်ကို တင်းလိုက်သည်။ အာရုံကို ပြန်စုသည်။ ဘယ်လို တားဆီးရမလဲဟု အဖြေရှာနေသည်။

***

www.burmeseclassic.com

## [ ၆ ]

ပိုင်ယက်ဇာဆန်မာကို ရင်ပြင်က နေခြည်အောက်တွင် သစ်လွင်တောက်ပစွာ ရှိနေသည်။ ရင်ပြင်ကျယ်ကြီးထဲတွင် ခိုများနှင့် ကမ္ဘာလှည့်ခရီးသည်များ ပျားပန်းခပ်လျက် ရှိကြသည်။ ခရီးစဉ်များ ပိတ်ပင်မှုကို မကျေနပ်သော ကမ္ဘာလှည့်ဂျာမန်ခရီးသည်တစ်အုပ်သည် ပိုစတာများကို ကိုင်ဆောင်ကာ ရင်ပြင်အလယ်မှ ဖြတ်ပြီး ဆန္ဒပြ ချီတက်လာကြသည်။

ဂျော်ဒန်သည် သူတို့ရုံးအဆောက်အအုံ ဆင်ဝင်အောက်မှ ရပ်ကာ လှုပ်ရှားနေသော မြင်ကွင်းကျယ်ကြီးကို စိမ်ပြေနပြေ ကြည့်ရှုနေသည်။ အတော်လေးကြာတော့မှ နေ့လယ်စာစားရန် ချိန်းထားသော အဖော်ကို လိုက်ရှာရန် လမ်းကြားကလေးအတိုင်း ကွာဒရီ စားသောက်ဆိုင်ရှေ့သို့ လျှောက်လာခဲ့သည်။ လက်ဝဲဘက်ရှိ တီးဝိုင်းဇာတ်ခုံနားမှ ဖြတ်လျှောက်လာပြီး ကိုယ်ရှိန်သတ်ကာ ရွက်ဖျင်မိုးရုံအောက်သို့ ချောင်းကြည့်လိုက်သည်။ တယောဆရာကလေး အိုရက်စတီမီမိုသည် ပခုံးရစ် အနီတပ်အဖြူရောင် အပေါ် အင်္ကျီနှင့် အဖြူရောင်လည်စင်းတို့ကို ဝတ်ဆင်ကာ တယောကိုပိုက်ပြီး အကော်ဒီယံဆရာတစ်ယောက်နှင့် စကားပြောနေသည်။ ဂျော်ဒန်ကို မြင်တော့ သူက တယောကို မြှောက်ပြပြီး နှုတ်ဆက်သည်။ ဂျော်ဒန်ကလည်း လက်မြှောက်ပြီး ပြန်လည်နှုတ်ဆက်လိုက်သည်။ ထို့နောက် သူ့အဖော်ကို ရှာရန် ကုလားထိုင်တန်းရှေ့မှ ဖြတ်လျှောက်လာခဲ့သည်။

www.burmeseclassic.com



ရှေ့တန်း စားပွဲတစ်နေရာတွင် ထိုင်ခုံရှာနေသော ဖဲလစ်ဟူဘားကို လှမ်းမြင်လိုက်ရသည်။ သူမဆီသို့ ဆက်လျှောက်လာခဲ့သည်။

"အချိန်မှန်ပါပဲလား"

သူက ပြောလိုက်သည်။

"ကျွန်မက ဆွစ်အမျိုးသမီးပဲ''

ဖဲလစ်က ပြန်ပြောသည်။

ဂျော်ဒန်က ကိုယ်ကိုကိုင်းကာ သူမအား အနမ်းဖြင့် နှုတ်ဆက်လိုက်သည်။ ပြီးတော့ မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"တော်တော် ဆာနေပြီလား"

"ဆာနေပြီ"

ဂျော်ဒန်က စားပွဲထိုးကို လက်ယပ်ခေါ်လိုက်သည်။ ဖဲလစ်က ဝက်သားသွတ်မုန့်တစ်ခုနှင့် လက်ဖက်ရည်မှာသည်။

ဖဲလစ်က ပိုက်ဆံအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်သည်။ ဂျော်ဒန်က ဆေးတံကို ဆေးစာဖြည့်ပြီး မီးညှိသည်။ ထို့နောက် ဒီလစ်၏ ပါးစပ်မှ စီးကရက်ကို မီးခြစ်ခြစ်ပေးလိုက်သည်။

"ဒါနဲ့ ... အလုပ်အကိုင် အခြေအနေ ကောင်းရဲ့လား" သူက မေးသည်။

"အခုထက်တော့ ပိုဆိုးစရာ မရှိတော့ပါဘူး"

သူမက ပြန်ဖြေသည်။

"စိတ်ဓာတ်ရေးရာလား၊ ငွေရေး ကြေးရေးလား"

"အမြဲတမ်း ငွေရေး ကြေးရေးပဲပေါ့။ ဒါကို ရှင်လဲ အသိသားပဲ တင်။ ငွေရေးကြေးရေး မပြေလည်ရင် အခြားကိစ္စတွေလည်း မပြေလည်နိုင်ဘူး ပေါ့။ အရေးထဲ အခုလို မြို့ကို ပိတ်လိုက်ပြန်တော့ လဲရာ ဖိထောင်းသလို ဖြစ်တော့တာပေါ့။ ကမ္ဘာလှည့် ခရီးသည်တွေ ဝင်ခွင့်မရလို့ ကျွန်မတို့ စီအိုင်တီဌာန အပါအဝင် အမေရိကန် အိက္ခစ်ပရက်စ်၊ ဘွတ်ခ် ခရီးသွားဌာန၊ အီတာလျံ ခရီးသွားဌာနနဲ့ ဆဗက်ဌာနတွေပါ အားလုံးထိခိုက်ကုန်တာပေါ့။ ပိုပြီး ခံရတာကတော့ ကျွန်မတို့လို အောက်တန်းစားခရီးသွားလမ်းညွှန် စကားပြန်တွေပါပဲ။ မြို့ထဲဝင်ချင်တဲ့ ခရီးသည်တွေက ထောင်သောင်းချီပြီးရှိပါတယ်။ ဒါပေမယ့် အစိုးရက ဝင်ခွင့်မပေးဘူး။ မြို့ထဲမှာ သောင်တင်နေတဲ့ ခရီးသည်တွေကလဲ ကြည့်စရာရှိသမျှ လျှောက်ကြည့်ကြပြီး။ ထုံးစံအတိုင်းဆိုရင် ကမ္ဘာလှည့်ခရီးသည်တစ်ယောက်အနေနဲ့ ဗင်းနစ်မြို့မှာ တစ်ရက်တစ်မွန်းတည့် လျှောက်ကြည့်ရင် အားလုံးစုံပါတယ်။ ခုတော့ ... တစ်ပတ်လုံးလုံး သောင်တင်နေတာ



BURMESE CLASSIC .com

www.burmeseclassic.com



ရှိတဲ့ ပိုက်ဆံမကုန်ဘဲ ခံနိုင်ရောလား။ အဖြစ်ကတော့ တော်တော်ပဲ စိတ်ပျက်စရာကောင်းပါတယ် တင် ...”

ဂျော်ဒန်က ဆေးတံကို ဖွာရင်း ဖဲလစ်ကို အကဲခတ်နေသည်။

“ဒီတော့ ... ဒီဝဋ်က မကျွတ်ချင်ဘူးလား”

“ဘယ်နှယ့်ပြောပါလိမ့် ... တင်။ ကျွတ်ချင်လိုက်တာမှ ဟိုဘက်တောင် လွန်သွားပါသေးရဲ့။ ဒါပေမယ့် ဘယ့်နှယ်လုပ်ရမလဲ။ ဘယ့်နှယ်မှ မလုပ်တတ်ဘူး။ ကျွန်မရဲ့ အဓိက ဝါသနာက အနုပညာပဲ။ ဒါကို ရှင်သိပါတယ်။ ဒုတိယ ကျွန်မ ဝါသနာပါတာက ခရီးသည်တွေကို လိုက်ပြတာ။ အားတဲ့ အချိန်မှာ ပြင်သစ်အနုပညာကို လေ့လာပြီး ဆောင်းပါးတွေ ရေးချင်တယ်။ ဒါပေမယ့် ဝင်ငွေက မကောင်းတော့ လေ့လာချင်သလောက် မလေ့လာနိုင်ဘူးပေါ့။ ဒီကြားထဲ ပိုက်ဆံမလောက်လို့ ‘ခရီးသွား လမ်းညွှန်သင်တန်းကျောင်း’ တောင် ဆက်မတက်နိုင်တော့ဘူး”

“အခု တစ်နေ့ ဘယ်လောက်ရသလဲ”

“ဖွန်လကနေပြီး စက်တင်ဘာလအထိ ခရီးသွားရာသီချိန်မှာဆိုရင် တစ်နေ့ နှစ်သုတ်လောက် လိုက်ပြရတယ်။ အဲဒါဆိုရင် ... လိုင်ရာတစ်သိန်းလောက်ရတယ်။ အမေရိကန် ဒေါ်လာနဲ့ဆိုရင် ဘယ်လောက်ရှိမလဲ”

“တစ်နေ့ ဒေါ်လာ ၁၂၀”

“တစ်နေ့ ဒေါ်လာ ၁၂၀ ဆိုတာ သိပ်ကောင်းတဲ့ ဝင်ငွေလို့ ထင်မှာပဲ။ မကောင်းပါဘူး။ ဟိုတုန်းကလဲ မကောင်းဘူး ... အခုလဲ မကောင်းဘူး။ ရှင်သိတဲ့အတိုင်း ဒီမှာက အစစအရာရာ သိပ်ဈေးကြီးတယ် မဟုတ်လား။ ဒီဝင်ငွေလောက်က အခြေမပျက် နေလောက်ရုံပဲရှိတာ။ အခု ဒီအလုပ်လုပ်တာ သုံးနှစ်ရှိသွားပြီ၊ တစ်ပြားမှ မစုမိဘူး။ ပိုက်ဆံစုမိရင် ပြင်သစ်က ဂရီနိုဘယ်မြို့သွားပြီး အနုပညာကျောင်းတက်မယ်။ ပြီးတော့ ... အနုပညာဆရာမအလုပ်နဲ့ပဲ အရိုးထုတ်တော့မယ်လို့ စိတ်ကူးထားတာလဲ လေထဲ တိုက်အိမ်ဆောက်သလို ဖြစ်နေပြီ။ ဒီအတိုင်း ဆိုရင်တော့ စိတ်ဓာတ်ကျပြီး သေရုံပဲရှိတော့တယ်”

“မင်း ရုပ်က သေမယ့်ရုပ် မဟုတ်သေးပါဘူး”

“ဒီမြို့က ထွက်ပြီး ဂရီနိုဘယ်ကို မသွားရရင် သေမှာပဲ။ ဘဏ်တိုက်ဝင်စီးရမလား မသိဘူး။ ရှင် ကူညီမှာလား”

ဂျော်ဒန်က ရယ်ပြီး – “ပိုက်ဆံရတော့ကော မင်းက ဘယ်သွားနိုင်မှာမို့လဲ။ ဒီမြို့က ဘယ်သူမှ ထွက်လို့ရတာမှ မဟုတ်တာ။ ဒါနဲ့ မနက်ဖြန်မှာ မင်းတို့ အဖွဲ့တစ်ဖွဲ့ မြို့ပြင်ထွက်မယ်ဆို ...”

ဖဲလစ်က အံ့သြသွားဟန်ဖြင့် –



BURMESE CLASSIC .com

www.burmeseclassic.com



"ဒီမြို့က အကျဉ်းကလေးပဲ။ အပ်ကျတာတောင် လူတိုင်းသိသလား မသိဘူး။ ဒီအကြောင်း ရှင်ဘယ်လိုလုပ်သိတာလဲ"

"ငါလဲ မနေ့က အဖွဲ့တစ်ဖွဲ့ လိုက်ပြခဲ့ရတယ်။ နာမည်ကျော် သတင်းစာဆရာ ရှူလာမိုးကို ပဒုမာမြို့ပြင်က ဆည်ကိုလိုက်ပြရတာ။ မနက်ဖြန်မှာ မင်းက ဦးဆောင်ပြီး မက်စထရီက စက်ရုံတစ်ရုံကို သွားဖို့ ရှိတယ်ဆိုတာ သူပြောလို့ သိရတယ်"

"အဲဒါ ဟုတ်ပါတယ်"

"အဲဒီလို သွားခွင့်ရအောင် မင်းတို့ ဘယ်လိုလုပ် စီစဉ်တာလဲ"

"လွယ်တော့ မလွယ်ဘူး။ ဒါပေမယ့် ကျွန်မတို့ 'ဘော့စ်' ကလဲ ရှင်တို့ လုပ်သလို လုပ်တာပဲ ဖြစ်မှာပေါ့။ အမျိုးသားဂုဏ်သိက္ခာတက်မယ့် လုပ်ရပ်ဆိုတော့ မြို့တော်ဝန်ကလည်း ရှောရှောရှူရှူ ခွင့်ပြုလိုက်တာပေါ့'

"လူဘယ်နှစ်ယောက်ပါမှာလဲ"

"၁၁ ယောက်ထင်တာပဲ။ ရှူလာမိုးနဲ့ ဆိုရင် ၁၂ ယောက်ပေါ့"

"လုံခြုံရေး အစီအစဉ် တော်တော်ကျပ်သလား"

"သိပ်တော့ မကျပ်ပါဘူး။ ရဲအစောင့်အရှောက် သုံးယောက်ပါပဲ။ ကျွန်မတို့ကို နှစ်နာရီတိတိ လည်ပတ်ခွင့်ပြုတယ်"

"မင်းတို့ အဖွဲ့ထဲ နောက်တစ်ယောက် ထပ်ထည့်လို့ဖြစ်မလား"

"ဖြစ်မယ် မထင်ဘူး၊ တရားဝင်တော့ မရနိုင်ပါဘူး။ ဒါပေမယ့် ကျွန်မအနေနဲ့ ခွင့်ပြုချက်စာရင်းထဲ တစ်ယောက် ထပ်ထည့်ရင်တော့ ဖြစ်ပါတယ်။ ဘယ်သူမှ သိမှာ မဟုတ်ပါဘူး။ ဒါပေမယ့် အန္တရာယ်တော့ ရှိတယ်။ သိသွားရင်တော့ အလုပ်ပြုတ်မှာ ကျိန်းသေပဲ။ ဒါပေမယ့် ယုံကြည်လောက်တဲ့လူဆိုရင်တော့ ဖြစ်အောင်လုပ်လို့ ရပါတယ်"

"ငါ့လိုလူ ဆိုရင်လား"

"ဒါပေါ့။ ဒါနဲ့ ... ရှင်က ဘာကိစ္စမို့လို့လဲ"

"ဩော် ... ငါက လိုရမည်ရ မေးကြည့်တာပေါ့။ ဖြစ်နိုင်ရင် တစ်ယောက်လောက်ရမလားလို့ပါ"

"ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ ရှင်လိုက်မှာလား"

"မဟုတ်ပါဘူး။ ဒါပေမယ့် အခြေအနေအရပေါ့။ စကားစပ်လို့ မေးကြည့်တာပါ"

"ဒါနဲ့ ညတုန်းက ရှင်ဖုန်းဆက်တော့ ကျွန်မကို အလုပ်ကိစ္စနဲ့ရော၊ အပျော်သဘောနဲ့ရော တွေ့ချင်တယ်ဆို။ အခုပြောတာ အဲဒီအလုပ်ကိစ္စလား"

"ဟုတ်ပါတယ်"

www.burmeseclassic.com



"သိပ်အရေးကြီးလို့လား"

"သိပ်တော့ အရေးမကြီးလှပါဘူး။ ဒါပေမယ့် လောလောဆယ် ဒါလောက် မဟုတ်ပါဘူး။ မနက်ဖြန်ကျတော့မှ လိုရမည်ရပေါ့"

ထိုအခိုက် ... တစ်ယောက်ယောက်က သူ့နာမည် ခေါ်သလို ကြားလိုက်ရသဖြင့် ဂျော်ဒန်က နောက်ပြန်လှည့်ကြည့်လိုက်သည်။ သူတို့ဆီသို့ ရေးကြီးသုတ်ပျာ လျှောက်လာနေသော အယ်လီဆင်ကို တွေ့လိုက်ရသည်။

ဂျော်ဒန်က အဆန်းပါပဲလားဟု စိတ်ထဲက တွေးလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

"ကျွန်မကြောင့် ရှင်တို့ စကားဝိုင်းပြတ်သွားတာ ခွင့်လွှတ်ပါ" အယ်လီဆင်က ခပ်မြန်မြန် ကလေးပြောလိုက်သည်။ "ဒါပေမယ့် အခြေအနေအရ လိုအပ်လို့ပါ။ ရှင် ... ဟိုတယ်ကို မြန်မြန်ပြန်မှ ဖြစ်မယ်"

"ကောင်းပြီလေ။ ဩော် ... မိတ်ဆက်ပေးရဦးမယ်။ ဖဲလစ် သူက ဒေါက်တာ အယ်လီဆင်အက်ဒွပ်တဲ့။ အမေရိကက ငါ့မိတ်ဆွေဟောင်းပါ။ ကဲ ... ခွင့်ပြုပါဦး။ ငါ ဟိုတယ် သွားလိုက်ဦးမယ်"

"ကောင်းပါပြီ။ ကျေးဇူးပါပဲ ... ဖဲလစ်"

ဖဲလစ် ပြန်ထွက်သွားသည်။

ဂျော်ဒန်က အယ်လီဆင်ဘက် ပြန်လှည့်လိုက်ပြီး –

"ကဲ ... ဆိုပါဦး။ ဘာများဖြစ်ကုန်ပြီလဲ"

"ဟိုတယ် မြန်မြန်ပြန်မှ ဖြစ်မယ်။ ပြောစရာရှိတာ လမ်းသွားရင်း ကျွန်မ ပြောပြမယ်"

အယ်လီဆင်သည် ဂျော်ဒန်၏ တံတောင်ဆစ်ကို ဆုပ်ကိုင်ရင်း ဂျော်ဒန်က နေ့လယ်စာအတွက် ပိုက်ဆံရှင်းပေးသည်ကို ရပ်စောင့်နေသည်။

ထို့နောက် နှစ်ယောက်သား ပိုက်ယက်ဇာ ရင်ပြင်ကို ဖြတ်ကာ ခပ်သုတ်သုတ်ကလေး လျှောက်လာခဲ့ကြသည်။

"တစ်ခုခုတော့ ဖြစ်နေပြီ"

အယ်လီဆင်က ပြောလိုက်သည်။

"လုပ်စမ်းပါဦး ... ဘာဖြစ်နေတာလဲ"

"ဘာဖြစ်မှန်း ကျွန်မလဲ အတိအကျတော့ မသိဘူး။ ကျွန်မ သိရသလောက်ကတော့ လွန်ခဲ့တဲ့ ၁၅ မိနစ်လောက်တုန်းက မြို့စားကတော်ကြီးဆီက ဖုန်းလာတယ်။ သူက ရှင့်ကို တွေ့ချင်နေတယ်။ ရှင် ပိုင်ယက်ဇာမှာ မိတ်ဆွေတစ်ယောက်နဲ့ နေ့လယ်စာ သွားစားနေတယ်လို့ ကျွန်မက ပြန်ပြောလိုက်တော့ ... သူက ချက်ချင်းသွားခေါ်ပါတဲ့။ ရှင့်ကို သွားခေါ်ပြီး ဟိုတယ်က



BURMESE CLASSIC .com

www.burmeseclassic.com



စောင့်နေခိုင်းပါတဲ့။ သိပ်ပြီး အရေးကြီးတယ်လို့ ပြောတယ်။ အဲဒါ အခု သူ ဟိုတယ်ဧည့်ခန်းက စောင့်နေလိမ့်မယ်"

"ဒါကတော့ တကယ် ထောင်ဖမ်းတာပဲ။ ဘယ်လိုများဖြစ်တာပါလိမ့်"

ဟိုတယ်ဧည့်ခန်းထဲ ဝင်လာခဲ့ကြသည်။ မနက်ဆေရျာစားပွဲတွင် လူတွေ ဝိုင်းနေကြသည်။ သို့သော် မြို့စားကတော်ကြီးကိုတော့ မတွေ့။

ဂျော်ဒန်က အယ်လီဆင်အား သူ့နောက်သို့ လိုက်ခဲ့ရန် မျက်ရိပ်မျက်ခြည်ပြလိုက်သည်။

"တကယ့် ဧည့်ခန်းက ဟိုတယ် နောက်ဘက်မှာ ရှိတာ။ မြို့စားကတော်ကြီး ရောက်နေရင် ... အဲဒီမှာပဲ ရှိနိုင်တယ်"

မြို့စားကတော်ကြီး တကယ်ရောက်နေပြီ။ အခန်းထောင့်စားပွဲတွင် ထိုင်နေသည်။ သူတို့ကို မြင်မြင်ချင်း ထရပ်သည်။ ထို့နောက် သုံးယောက်စလုံး ပြန်ထိုင်ကြသည်။

မြို့စားကတော်ကြီး မျက်နှာပျက်နေသည်ကို ဂျော်ဒန်က ချက်ချင်း သတိပြုလိုက်မိသည်။

"ဘယ်လိုဖြစ်တာပါပဲ" ဂျော်ဒန် မေးလိုက်သည်။

"စီးဒရစ်ဖော်စတာ သိသွားပြီ။ ပါမောက္ခကြီး စံအိမ်တော်မှာ ရှိတယ်ဆိုတာ သူသိသွားပြီ"

"ဘယ်လိုလုပ် သိတာလဲ"

"ကျုပ်အပြစ်ပါပဲ။ ကျုပ် ပြောလိုက်မိလို့" ဟု အစချီကာ မြို့စားကတော်ကြီးက အဖြစ်အပျက်ကို အစအဆုံး ပြန်လည်ပြောပြသည်။

ဂျော်ဒန် တော်တော် စိတ်ဓာတ်ကျသွားသည်။

"ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပြုထားပါလျက်နဲ့ ဘာကြောင့်များ ပြောလိုက်ရတာလဲ မယ်တော်ကြီးရယ်"

"ကျုပ် အပြစ်ပါ ... တီမိုသီ။ ကျုပ်အပြစ်ပါ။ ကျုပ်တောင်းပန်ပါတယ်။ ကျုပ်ကလဲ သတိလွတ်သွားပြီး အမှတ်မထင် ပြောလိုက်မိတာပါ။ အခု သူ စံအိမ်တော်မှာ မရှိတော့ဘူး။ သွေးရူးသွေးတန်းနဲ့ အိမ်တော်က ဆင်းပြေးသွားပြီ"

"ဒါဖြင့် ... သူ ရဲကို သွားတိုင်မယ် ထင်သလား"

"တိုင်မယ် ထင်တာပဲ"

"ဒါပေမယ့် ဖော်စတာက မယ်တော်ကြီးရဲ့ မိတ်ဆွေပဲ။ ဒီလောက်တော့ ရက်စက်မယ် မထင်ပါဘူး"



BURMESE CLASSIC .com

www.burmeseclassic.com



"မထင်ပါဘူး မလုပ်နဲ့၊ သူက တကယ်လုပ်မှာ။ သူ တော်တော် စိတ်ဆိုးသွားတယ်။ အရူးလိုကယောင်ချောက်ချား ဖြစ်နေတယ်။ ဒါကြောင့်မို့ ကျုပ်က စိုးရိမ်ပြီး ချက်ချင်း ဖုန်းကောက်ဆက်တာ"

ဂျော်ဒန်သည် ခြေကုန်လက်ပန်းကျသူလို ဖြစ်သွားသည်။

"ဒီအတိုင်းဆိုရင် ... ခုအချိန်မှာတော့ ဘာမှလုပ်လို့ မရနိုင်တော့ပါဘူး။ နောက်ကျသွားပြီ။ ဆရာကြီးကို ကယ်ဖို့ အချိန်မရှိတော့ပါဘူး။ ရဲတွေတောင် လာနေကြလောက်ပြီ"

မြို့စားကတော်ကြီးက ခါးဆန့်ပြီး မတ်မတ်ပြန်ထိုင်လိုက်သည်။

"ရဲတွေလာလဲ လာရုံပါပဲ။ ဆရာကြီးကို သူတို့ မတွေ့နိုင်ပါဘူး"

"ဘာဖြစ်လို့"

"ဆရာကြီးကို ကျုပ် ခေါ်လာခဲ့ပြီ"

'အခု သူဘယ်မှာလဲ"

"စီပရယ်နီ ကူးတို့ဆိပ်မှာ။ ဒီက သိပ်မဝေးဘူး။ ကျုပ် မော်တော်ထဲမှာ ထားခဲ့တယ်"

"အမယ်လေး ... ခုမှပဲ သက်မကြီးချနိုင်တော့တယ်။ ဘုရားသခင် ကျေးဇူးပါပဲ ... မယ်တော်ကြီးရယ်။ ဒီတော့ ... အဲဒီမှာ စိတ်ကောချရပ့ါမလား"

"ခဏတော့ စိတ်ချရပါတယ်။ ဒါပေမယ့် ... ရဲတွေက ကျုပ်ကို လိုက်ရှာရင်တော့ မော်တော်ကို အနေးနဲ့အမြန် တွေ့တော့မှာပဲ"

"မော်တော်စက်ဆရာ သိသွားပြီလား"

"သူ ဘာမှ မသိသေးပါဘူး၊ သူက လူအေးကြီးပါ။ ဘယ်သူတွေ ဘာပဲလုပ်နေလုပ်နေ ဘာမှ သိတဲ့လူ မဟုတ်ဘူး။ အဲဒီတော့ ပါမောက္ခကြီးကို စိတ်ချရတဲ့ တစ်နေရာကို အမြန်ဆုံး ရွှေ့ရလိမ့်မယ်။ အချိန်မရှိတော့ဘူး ... မြန်မြန်လုပ်စမ်းပါ"

ဂျော်ဒန်က အယ်လီဆင်၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"ဘယ်များသွားရ ကောင်းလိမ့်မလဲ။ ကျွန်တော်လဲ ဘယ်သူ့ နေရာမှ စဉ်းစားလို့ မရပါလား"

မြို့စားကတော်ကြီးက ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး –

"တီမိုသီ ... မောင့်မှာ မိတ်ဆွေတွေ အများကြီး ရှိတယ် မဟုတ်လား။ ယုံကြည်ရမယ့် တစ်ယောက်ယောက် အမြန်ဆုံး တွေးကြည့်စမ်းပါဦး"

"ယုံကြည်ရတဲ့ မိတ်ဆွေတွေလဲ ကုန်သလောက် ဖြစ်နေပြီ။ သူတို့ဆီက အကူအညီတွေယူခဲ့ပြီးပြီ။ အဲဒါမှ ခက်တော့တာပဲ။ ဘယ်လိုလုပ်ရပ့ါမလဲ"

www.burmeseclassic.com



သုံးယောက်စလုံး ငြိမ်သက်နေကြသည်။ ကမန်းကတန်း အကြံ ထုတ်နေကြသည်။ အတန်ကြာတော့မှ မြို့စားကတော်ကြီးက ခေါင်းထောင်လာပြီး –

"ကျုပ်တစ်ယောက်ကိုတော့ စဉ်းစားမိတယ်။ အဲဒီလူက မောင့်ကို တော်တော်ခင်ပုံရတယ်။ သူ့ပါးစပ်ကလဲ ကျုပ်ကို ထုတ်ပြောဖူးပါတယ်"

"ဘယ်သူများပါလဲ"

"အိုရက်စတီ မီမို"

"ဟုတ်ပြီ။ ဖြစ်နိုင်တယ်။ ဒါပေမယ့်"

"သူက မောင့်ကို အလွန်ခင်မင်ပါတယ်။ ဒီသူငယ်က စိတ်ချရတဲ့ သူငယ်ပါ။ သူ့အကြောင်း ကျုပ်ကောင်းကောင်းသိပါတယ်။ သူ့ကို ပြောကြည့်ပါလား"

ဂျော်ဒန်က ကုလားထိုင်မှ ထရပ်လိုက်သည်။

"လောလောဆယ် အကောင်းဆုံး အကြံပါပဲ။ တခြား ရွေးစရာလမ်းလဲ ဘာမှ မရှိတော့ဘူး။ ကျွန်တော် ခုချက်ချင်း သူ့ဆီသွားလိုက်မယ်။ မယ်တော်ကြီးနဲ့ အယ်လီဆင်က မော်တော်ဆီကိုသွားနှင့်ကြ။ ကျွန်တော် အမြန်ဆုံး လာခဲ့မယ်။ သတင်းကောင်းနဲ့ ပြန်လာနိုင်ပါစေလို့သာ မေတ္တာပို့နေကြပေတော့"

"မြန်မြန်လဲ ပြန်ခဲ့ပါ ... မောင်"

"စိတ်ချ။ အမြန်ဆုံး ကျည်ဆန်ထက် မြန်မြန်ပြန်ခဲ့ပါမယ်"

*

ဂျော်ဒန်အဖို့ ကံကောင်းသည်ဟုပင် ဆိုရပေတော့မည်။ အဘယ်ကြောင့်ဆိုသော် သူရောက်သွားသော အချိန်တွင် ကွာဒရီစားသောက်ဆိုင် တီးဝိုင်းသိမ်းပြီး၍ ဘေးချင်းကပ် လာဗီနာ စားသောက်ဆိုင် တီးဝိုင်းသို့ ပြောင်းရန် ပြင်ဆင်နေကြဆဲဖြစ်သည်။

ဂျော်ဒန်သည် တီးဝိုင်းဇာတ်ခုံဘေးမှ လမ်းကြားထဲတွင် ရပ်ကာ အိုရက်စတီမီမိုကို လှမ်းကြည့်လိုက်သည်။ မီမိုသည် တယောကို ဘေးတွင်ချထားပြီး မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်နေသည်။

ဂျော်ဒန်က လှမ်းခေါ်လိုက်သည်။

"အိုရက်စတီ၊ ခဏ ... ခဏ"

တယောဆရာကလေးက ဂျော်ဒန်ဆီသို့ လှမ်းကြည့်ပြီးနောက် အပေါ်အင်္ကျီကို ချွတ်ကာ ကုလားထိုင်ပေါ် တင်လိုက်သည်။ ထို့နောက် ဇာတ်ခုံပေါ်မှ ဆင်းလာသည်။

www.burmeseclassic.com



"ကျွန်တော်က ရင်ပူတာနဲ့ အခုပဲ အအေးသွားသောက်တော့မလို့ လုပ်နေတာ၊ အေးအေးဆေးဆေး သွားထိုင်ကြတာပေါ့။ လာပါ ... တစ်ခုခု သောက်ပါဦး"

ဂျော်ဒန်က အချိန်မရှိတော့၍ ငြင်းလိုက်ချင်သော်လည်း အခြေအနေ အရ သူ့ဆန္ဒလိုက်လျောလိုက်တာက မိမိအတွက် ပို၍ အကျိုးရှိနိုင်သည်ဟု တွေးလိုက်မိသည်။

"အကောင်းဆုံးပေါ့။ ကျုပ်လဲ တော်တော် ရေဆာနေတာ"

ထို့နောက် နှစ်ယောက်သား ဇာတ်ခုံရှေ့နားကလေးမှ စားပွဲတစ်လုံး တွင် ဝင်ထိုင်ကြသည်။

'မနေ့ညက မြို့စားကတော်ကြီးပွဲမှာ ခင်ဗျားနဲ့ တွေ့ရတာ ဝမ်းသာပါ တယ်။ တော်တော်လဲ ပျော်စရာကောင်းပါတယ်" မီမိုက ပြောသည်။

"မြို့စားကတော်ကြီး လုပ်ဇာတ်ပုံပြင်ကို နားထောင်ရလို့လား"

မီမိုက ပြုံးပြီ – "မဟုတ်ပါဘူး။ တီရီဆာ့ လည်တိုင်အောက်ကို ခိုးကြောင်ခိုးဝှက် ချောင်းကြည့်ခွင့် ရလို့ပါ ... ဟဲ ... ဟဲ။ ဟုတ်တယ် ... တော်တော်ကို ပြည့်တဲ့မယ်ပဲဗျို့"

"ဟုတ်ပါတယ်။ သူကတော့ ... စံတင်လောက်ပါရဲ့"

စားပွဲထိုး ဖြတ်လျှောက်သွားသည်။ မီမိုက ဖျော်ဂျီသဘာဝ ရေအေး တစ်ပုလင်းမှာလိုက်သည်။ ပြီးတော့ စားသောက်ဆိုင်ထဲ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး .... "တစ်နေ့တာကလဲ ကုန်ခဲလိုက်တာဗျာ"

"ခင်ဗျား ဘယ်အချိန်က ဘယ်အချိန်အထိလဲ"

"၁၀ နာရီမှာစတယ်၊ ၁၂ နာရီမှာ ပြီးတယ်။ ၁၅ မိနစ်တိုင်း တစ်ကြိမ် စီ နားရတယ်။ အခုလိုပေါ့။ ၁၀ မိနစ်က ၁၅ မိနစ်စီ နားခွင့်ရတယ်။ အမှန်က ဒီနေ့ဟာ ကျွန်တော့်အတွက် အချိန်အတိုဆုံးနေ့ပဲ။ ညနေပိုင်း ကျွန်တော် ခွင့်ယူ ထားတယ်"

"ဒီမှာ တော်တော် ဟန်ရဲ့လား"

"မဆိုးပါဘူး။ တစ်လမှာ လိုင်ရာ ခုနစ်သိန်းတော့ ရပါတယ်။ ဒေါ်လာ ၈၅၀ ကျော်တာပေါ့။ ဒီလောက် ရတာကြောင့်မို့လို့လဲ ဆောင်းတွင်းမှာ ခံသာတာပေါ့။ ပြီးတော့ ကျွန်တော် အဓိက အလုပ်ကိုလဲ လုပ်နိုင်တာပေါ့"

"အဓိက အလုပ် ဟုတ်လား။ သြော် ... ဟုတ်ပြီ၊ ပြဇာတ်ရေးတဲ့ အလုပ်ကို ပြောတာ မဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော် တီးဝိုင်းထဲမှာပဲ တစ်သက်လုံး မနေချင် ဘူးဗျ။ ဒါ ကျွန်တော့်အလုပ် မဟုတ်ဘူး။ ကျွန်တော်က အီတာလျံ စာပေလုပ်

www.burmeseclassic.com



သားအဖွဲ့ဝင် တစ်ယောက်ပဲ။ အခုလောလောဆယ် တေးသံစုံ ပြဇာတ်တစ်ပုဒ် ရေးနေတယ်။ ပြဇာတ်နာမည်က 'အီလီယိုနိုရာ' တဲ့။ နာမည်ကျော် ရုပ်ရှင် မင်းသမီးကြီး အီလီယိုနိုရာ ဂျူးစ်အကြောင်းပါ။ သူနဲ့စာရေးဆရာကြီး ဂါဘရယ်ဒါနွန်ဇီယိုတို့ရဲ့ အချစ်ဇာတ်လမ်းပေါ့။ ဇာတ်လမ်းက တော်တော် ကောင်းတယ်ဗျ။ စွံမယ်လို့တော့ မျှော်လင့်တာပဲ။ ဒါပေမယ့် ခင်ဗျားကော အရင်လိုပဲ အလုပ်တွေ ရှုပ်နေတာပဲလား"

အအေးပုလင်း ရောက်လာသည်။ မီမိုက ဖန်ခွက်နှစ်လုံးမှ ထည့် သည်။

"အရင်လိုပါပဲ။ အလုပ်ကတော့ ပြတ်တယ် မရှိဘူး။ အခုလဲ အလုပ် ကိစ္စနဲ့ ချိန်းထားတာရှိလို့ ထွက်လာတာ။ ဒါပေမယ့် ခင်ဗျားနဲ့လဲ တွေ့ချင်တာနဲ့ ဒီကို အရင်ဝင်လာခဲ့တာပဲ"

"ဘာလဲ။ ပိုက်ဆံချေးမလို့လား ... ဟဲ ... ဟဲ"

"ရ ရင် ဘယ်တုန်းက ငြင်းဖူးလို့လဲ ... ဟဲ ... ဟဲ။ ပိုက်ဆံ မချေး သေးပါဘူးဗျာ။ တခြားကိစ္စတစ်ခု ရှိလို့ပါ။ မနေ့တုန်းက ခင်ဗျား အိပ်ခန်းမှာ ကျွန်တော့်ကို ထမင်းစားဖိတ်ကျွေးတာ မမေ့ပါဘူးဗျာ"

"ဟုတ်တယ်။ ကျွန်တော့် အခန်းက ကျယ်လဲ ကျယ်တယ်။ ကျယ် ဆို ကျွန်တော့် အရှေ့တိုင်း ကော်ဇောတွေ အပြည့်ခင်းနိုင်အောင် တမင် ရွေးပြီး ငှားထားတာကိုး။ ကျွန်တော်က အရှေ့တိုင်း ကော်ဇော်ဆိုရင် အရူးအမူး ကြိုက် တာပဲဗျ"

"အခုလဲ အဲဒီမှာပဲလား"

"ဟုတ်တယ်"

"ဒီကဆို သိပ်မဝေးပါဘူးနော်"

"နီးနီးကလေးပါ"

"တူးမြောင်းထဲက မော်တော်နဲ့ သွားလို့ကော ရသလား"

"မော်တော်ဆိပ်နဲ့ ကပ်နေတယ်"

"ဒါတွေ ကျွန်တော် လျှောက်မေးနေတာက အလကား မဟုတ်ဘူး ဗျ။ ခင်ဗျားဆီက အကူအညီတစ်ခု တောင်းမလို့ပဲ။ အားတော့ နာပါတယ်ဗျာ။ ဒါပေမယ့် မတောင်းမဖြစ်လို့ပါ။ ခင်ဗျား ငြင်းလိမ့်မယ်လို့တော့ မထင်ပါဘူး"

"ပြောနေရမယ့် လူတွေလားဗျာ။ ကူညီနိုင်တာရှိရင် ကူညီရမှာပေါ့။ ပြောပါ ... ဘာအတွက်လဲ"

"မိတ်ဆွေတစ်ယောက်အတွက်ပါ။ သူ့ကို ဟိုတယ်က ကျွန်တော့် အခန်း ခေါ်သွားလို့လဲ မဖြစ်ဘူး။ တခြားတစ်ယောက်နဲ့ တူနေတာကြောင့်

www.burmeseclassic.com



မို့လို့။ ဒါကြောင့် ကျွန်တော်တို့ နှစ်ယောက်အတွက် တစ်ညတာ အိပ်စရာ နေရာလိုချင်လို့ပါ။ အခန်းထောင့်မှာပဲ အိပ်ရအိပ်ရဗျာ။ ကျောချစရာ နေရာရယင် တော်ပါပြီ”

“ခင်ဗျားလိုချင်တာက ဒါပဲလား။ ဒီအကူအညီမျိုးတော့ အချိန်မရွေး ပေးပါတယ်ဗျာ။ ဟို ... စပိန်စကားပုံရှိတယ် မဟုတ်လားဗျ။ ဘာတဲ့၊ အဲ ... ကျွန်တော့် အိမ်လဲ ခင်ဗျားအိမ်ပါပဲဆိုတာလေ။ တကယ်တော့ ခင်ဗျားကံပဲဗျ။ ဒီည ကျွန်တော့်မှာ ချိန်းပွဲရှိတယ်။ ဘယ်သူနဲ့လဲ သိရဲ့လား။ တီရီဆာဗျာ၊ တီရီဆာ”

သူက အားရပါးရ ပြုံးလိုက်ပြီး –

“ဒီလိုပဲ ချစ်တဲ့သူနဲ့ ညတိုင်းချစ်ရပါစေသားလို့ ဆုတောင်းပါတယ်ဗျာ ... ဟားဟား”

“ဟုတ်ရဲ့လားဗျ၊ နောက်တော့ မနောက်ပါနဲ့”

မီမိုက ဘောင်းဘီအိတ်ထဲ လက်နှိုက်လိုက်သည်။

“ကဲ ... မယုံရင် ဟောဒီမှာ အပိုသော့။ ဒါယူသွား၊ စက္ကူကလေး တစ်ရွက်လောက်များ ပါသလား”

ဂျော်ဒန်က အပေါ်အင်္ကျီအိတ်ထဲမှာ စက္ကူတစ်ရွက်နှိုက်ပေးလိုက်သည်။ မီမိုက ဖောင်တိန်ယူပြီး စက္ကူပေါ်တွင်ရေးရင်း –

“ဒါ ကျွန်တော့် အိမ်လိပ်စာပဲ။ ခင်ဗျား အဆင်ပြေရင် အခု ချက်ချင်း သွားလို့ရတယ်”

“ဒါနဲ့ ... ခင်ဗျား အခန်းကို ကျွန်တော် ဘာကြောင့်လိုချင်တယ်ဆိုတာ ခင်ဗျားက လုံးဝမမေးသေးပါဘူး”

“အမယ်လေး ... မေးနေစရာ လိုသေးလို့လားဗျာ။ မိတ်ဆွေတစ်ယောက်က မိတ်ဆွေတစ်ယောက်အခန်း ခဏငှားတာ ဘာလုပ်ဖို့လဲဗျ။ ကျွန်တော် သိပါတယ်ဗျာ။ စိတ်ချမ်းချမ်းသာသာနဲ့ သွားမှာသာ သွားစမ်းပါ”

သူထင်သလို မဟုတ်ကြောင်း မီမိုကို ပြောပြလိုက်ချင်သည်။ သို့သော် ပြောလို့မဖြစ်၊ ဘာပဲဖြစ်ဖြစ် ဂျော်ဒန်ကတော့ အကြီးအကျယ် ဝမ်းသာသွားပြီ။ ထို့ကြောင့် စားပွဲမှ ထလိုက်ပြီး –

“ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးဗျာ”

“ဒီည ကျွန်တော် ကံကောင်းပါစေလို့သာ ဆုတောင်းပေးပါဗျာ။ ခင်ဗျားလဲ ကျွန်တော် မျှော်လင့်သလို ပျော်ရတဲ့ည ဖြစ်ပါစေဗျား”

*



BURMESE CLASSIC .com

www.burmeseclassic.com



အိုရက်စတီမီမိုသည် ည ခုနစ်နာရီတွင် သူ့အစား တခြားတစ်ယောက်ကို ထားပစ်ခဲ့ပြီးနောက် တီးဝိုင်းမှ ထပြန်ခဲ့သည်။ သို့သော် သူ့အခန်းသို့မပြန်ဘဲ ကွာဒရီ စားသောက်ဆိုင်ထဲဝင်ကာ စကော့ချ်ဝီစကီနှစ်ခွက်ဖြင့် အင်အားဖြည့်ပြီးနောက် ဂရစ်တီနန်းတော် ဟိုတယ်သို့ လျှောက်လာခဲ့သည်။

သူသည် ကိုယ့်အတွေးနှင့်ကိုယ် အလွန်ပျော်နေသည်။ သူ့ကိုယ်သူ လောကတွင် အပျော်ဆုံး လူတစ်ယောက်ဟုပင် ထင်မိသည်။ တကယ်ဆိုတော့ ပျော်လည်း ပျော်စရာပင်။ ကမ္ဘာပေါ်တွင် အချောဆုံး၊ အလှဆုံး ရုပ်ရှင်မင်းသမီး တစ်ဦးနှင့် နှစ်ယောက်ချင်းသွားတွေ့ဖို့ အခွင့်အရေးကို ရလျှင် အဘယ်သူသည် မပျော်ဘဲရှိပါမည်နည်း။ ကံကောင်းလျှင် တွေ့ရုံမျှသာမဟုတ်။ သူမ၏ ရင်ခွင်ထဲသို့ပင် ဝင်ကောင်းဝင်နိုင်သေးသည်ဆိုလျှင်ကား ပြောဖွယ်ရာပင်မရှိတော့။

မနေ့ညက သူမနှင့်တွေ့ခွင့်ရခဲ့ခြင်းမှာ သူ့အဖို့ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ သည်အတွက် မြို့စားကတော်ကြီးကို ကျေးဇူးတင်ရမည်။ မြို့စားကတော်ကြီးက အောင်သွယ်လုပ်ကာ ဆက်သွယ်ပေးခဲ့လို့သာ ယခုလို တီရီဆာနှင့် သိကျွမ်းခွင့်ရခဲ့ခြင်းဖြစ်သည်။ မြို့စားကတော်ကြီးက မီမို၏ အစွမ်းအစကို သိသည်။ တစ်နေ့တွင် အနုပညာလောက၌ ထင်ပေါ်ကျော်ကြားလာနိုင်မည့် လူငယ်တစ်ယောက်ဖြစ်ကြောင်း ယုံကြည်သည်။

မနေ့ည ညစာစားပွဲတုန်းက တီရီဆာကို သူမ၏ အနားသို့ ခေါ်ကာ မီမို၏ ပြဇာတ်အကြောင်းကို ပြောပြခဲ့သည်။ သို့သော် အသေးစိတ်တော့ မဟုတ်။ မီမိုသည် လောလောဆယ်တွင် ဇာတ်ကွက်ဇာတ်လမ်းကောင်းသည့် တေးသံစုံ ပြဇာတ်တစ်ပုဒ်ရေးသားနေကြောင်း၊ မင်းသမီးတစ်ယောက်အနေဖြင့် ပါဝင်သရုပ်ဆောင်ရန် မက်မောလောက်သည့် ပြဇာတ်ဖြစ်ကြောင်း၊ ထို့ကြောင့် သည်ကိစ္စအတွက် အသေးစိတ်ကို မီမိုနှင့် တွေ့ဆုံပြီး ဆွေးနွေးသင့်ကြောင်း လောက်ကိုသာ ပြောခဲ့ခြင်းဖြစ်သည်။ သို့ဖြင့် တီရီဆာကလည်း မြို့စားကတော်ကြီး၏ တိုက်တွန်းချက်ကို လေးစားသောအားဖြင့်လည်းကောင်း၊ မိမိ၏အကျိုးကို ထောက်ရှု၍လည်းကောင်း မီမိုနှင့်တွေ့ဆုံရန် ကြည်ကြည်ဖြူဖြူပင် သဘောတူ လက်ခံခဲ့သည်။

ညစာစားပြီး၍ ဧည့်ခန်းထဲ ပြောင်းကြတော့ မီမိုက ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးနှင့် တမင်တကာ ဘေးချင်းကပ်နေရာ ရအောင်ယူခဲ့သည်။ ရည်ရွယ်ရင်းကတော့ သူ့ပြဇာတ်အတွက် သူမ၏ ဟန်အမူအရာကို အနီးကပ် အကဲခတ်လေ့လာဖို့ ဖြစ်သည်။

သို့ပေမယ့် ... မီမိုမှာ အလှဘုရင်မကို တစိမ့်စိမ့်ကြည့်နေရင်း ကြည့်နေရင်းမှ သူမ၏ မှဲ့ပြုံးလွှမ်းထားသော နှုတ်ခမ်းလွှာ၊ ဖွံ့ထွားပြည့်ဖောင်းသော

www.burmeseclassic.com



ရင်သားအစုံ၊ သွယ်ပျောင်းအိညွတ်သော ခြေထောက်များ၏ ညို့အားကို မခံနိုင် တော့ဘဲ သူမ၏ ရမ္မက်လွှမ်းသော အလှဒီရေထဲတွင်သာ အတောမသတ် မျောပါသွားလေတော့သည်။

ထို့ကြောင့်လည်း သူ့ပြဇာတ်အတွက် သူမ၏ အမှုအရာကို ယူရုံ မဟုတ်ဘဲ သူ့နှလုံးသားအတွက် သူမ၏အချစ်ကိုပါ ရယူလိုစိတ်မှာ ကျိတ်မနိုင် ခဲမရအောင် ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

ကံအားလျော်စွာပင် ထိုနေ့ညက တီရီဆာထံမှ ဖိတ်ကြားချက်ကို ရတောင့်ရခဲရရှိခဲ့သည်။ နောက်တစ်နေ့ည ၈ နာရီတွင် ဂရစ်တီနန်းတော် ဟို တယ် လေသာဆောင်၌ စားရင်းသောက်ရင်း စကားပြောကြရန် တီရီဆာက လိုလိုချင်ချင်ပင် ဖိတ်ခေါ်ခဲ့သည်။ မီမိုမှာ ဝမ်းသာလုံးဆို့ကာ နေမထိ ထိုင်မရ အောင်ပင် ဖြစ်ခဲ့ရသည်။ သူ့ပြဇာတ်တွင် သူမ ပါဝင်ရမည့် အခန်းများကို သူမ သိရလျှင် သူမ၏ ရမ္မက်အလှအတွက် မီးပွင့်မတတ် ပြင်းပြင်းပြပြ ခံစား နေရသော သူ၏ အချစ်ဝေဒနာကို သူမ သိရလျှင် ဟိုတယ်လေသာဆောင် မှတစ်ဆင့် အပေါ်ထပ်ရှိ သူမ၏အိပ်ခန်းသို့ ကူးပြောင်းရန် ခရီးလမ်းမှာ လက် တစ်လှမ်းသာ ရှိတော့သည်ဟူ၍ မီမိုက ကျိန်းသေပေါက် တွက်ထားပြီး ဖြစ် သည်။

သူသည် ဟိုတယ်ဧည့်ခန်းထဲသို့ ဝင်လိုက်စဉ်မှာပင် တီရီဆာ ဓာတ် လှေကားမှ ထွက်လာသည်ကို မြင်လိုက်သည်။ သူသည် ခေတ္တခြေလှမ်းတုံ့ ကာ ရပ်ကြည့်နေမိသည်။ ပါးလွှာသော အဖြူရောင် ပိုးသားဝတ်စုံကို ဝတ်ထား သဖြင့် သူမ၏ နတ်ပန်းချီတမျှ အချိုးအဆစ်၊ အဖုအထစ်၊ အနိမ့်အမြင့်၊ အမို့ အမောက်၊ အကောက်အကွေးပြေပြစ်လှပသော ကိုယ်နေပုံဟန်သည် သဘာဝ အတိုင်း ပီပြင်ပေါ်လွင်နေသည်။ သူမသည် ဓာတ်လှေကားမှ လှည့်ထွက်သွား စဉ်တွင် သူမ၏ တင်သားအလှကို မြင်ရသူ ရမ္မက်ကြွအောင် တမင်ပြသွား သလားဟု ထင်လိုက်ရသည်။

မီမိုက အလောကလေးလိုက်သွားပြီး သူမ၏လက်ကို လှမ်းကိုင်ကာ လက်ခုံနုနုကလေးကို ဖွဖွကလေး နမ်းလိုက်သည်။

"လေသာဆောင်မှာ စားပွဲပြင်ခိုင်းထားတယ်" သူမက နန်းဆန်ဆန် ဟန်နှင့်ပြောသည်။ "ဂရင်းတူးမြောင်းပေါ်က လေသာဆောင်မှာထိုင်ပြီး အရက် သောက်ရတာ ဗင်းနစ်မြို့မှာတော့ ကြည့်နူးစရာ အကောင်းဆုံး နေရာပါပဲ"

အင်း ... သူ့ပုံကြည့်ရတာ မလှမ်းခင်က ညွှတ်ချင်နေပုံပဲ။ ပြီးတော့ အဝတ်အစား ဝတ်ဆင်ထားပုံကလည်း ငါ့အတွက်တမင်ရွေးပြီး ဝတ်လာသလို၊ မီမိုက ပြင်းပြသော ဆန္ဒရမ္မက်ဖြင့် ကိုယ့်ဘက်ယက်ပြီး တွေးလိုက်သည်။

www.burmeseclassic.com



အရက်ခန်းနှင့် တံခါးကိုဖြတ်ပြီး လျှောက်လာစဉ် တီရီဆာအား ဟိုတယ်မန်နေဂျာနှင့်တကွ စားပွဲထိုးများပါ မကျန်အမှုထမ်းအားလုံးကပင် ဦးညွှတ်၍ တလေးတစား နှုတ်ဆက်ကြသည်။ မီမိုမှာတော့ 'ငါ့လိုလူ ဇမ္ဗူမှာ ရှိသေးရော့လား' ဟန်မျိုးဖြင့် မသိမသာ ရင်ကော့ရင်း သူမနောက်မှ ဖဝါးခြေထပ် ကပ်လိုက်လာသည်။

သူတို့သည် ရေစပ်ပေါ်သို့ မိုထွက်နေသော လေသာဆောင်ထဲမှာ စားပွဲတစ်လုံးတွင် နေရာယူလိုက်ကြသည်။ အဆောင်ထဲတွင် ခပ်လှမ်းလှမ်း စားပွဲတစ်လုံး၌ ထိုင်နေသော သူတို့လို အတွဲတစ်တွဲမှတစ်ပါး အခြား မည်သူမျှ မရှိ။

သူမက မာတီနီအရက်ချိုကိုမှာပြီး သူက စကော့ချ်ဝီစကီကို မှာသည်။ ထို့နောက် သူမက ရှည်လျားသော ရွှေစီးကရက်စွပ်တံတွင် စီးကရက်တစ်လိပ်စွပ်သည်။ မီမိုက ပျာပျာသလဲ မီးခြစ်ခြစ်ပေးလိုက်သည်။

သူက စကားစပြောရန် အစကို စိတ်ကူးနေသည်။ သူမကို ဆွဲဆောင်နိုင်မည့် အဓိပ္ပာယ်ရှိရှိ စကားဖြင့် စမှကောင်းမည်။ သို့သော် ... သူသည် စကားစ လုံးဝရှာမရနိုင်အောင် ဖြစ်နေသည်။ သူ၏ စိတ်နှင့် မျက်လုံးများက သူမ၏ ရင်သားဝန်းကျင်တွင်သာ တရစ်ဝဲဝဲဖြစ်နေကြသည်။ သူမသည် ဘရာစီယာမပါတာလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ်၊ တစ်ဝက်ဘရာစီယာကို သာ ဝတ်ထားတာလည်း ဖြစ်နိုင်သည်။

မီမိုက သူ့မျက်လုံးများကို တီရီဆာ၏ ရင်ညွှန့်တစ်ဝိုက်မှ ပြန်သိမ်းလျက် တူးမြောင်းဘက်သို့ လှမ်းကြည့်လိုက်သည်။

"မမ ... ပြောတာ ဟုတ်ပါတယ်။ တကယ့် ဘဝင်ချမ်းမြေ့စရာ ကောင်းတဲ့ ရှုခင်းပါပဲ"

တီရီဆာက သူမ၏ အိမှည့်နေသော အနီရောင် ဆံပင်များကို တွယ်ညှပ်ထားသော ဆံညှပ်ကို လက်ချောင်းကလေးများဖြင့် ရွရွကလေး ဖိနေရင်းမှ

"ဗင်းနစ်မြို့မှာ ဒီနေ့အထိ ရှိနေသေးတဲ့ စိတ်ကြည်နူးစရာ ရှုခင်းသာ နည်းနည်းကလေးထဲက စိတ်ကြည်နူးစရာ ရှုခင်းတစ်ခုပေါ့။ အမှန်အတိုင်းပြော ရရင် ဗင်းနစ်မြို့မှာ ကျွန်မအဖို့ နောက်ထပ်ခံစားစရာရယ်လို့ ဘာမှမရှိတော့ ပါဘူး။ ဗင်းနစ်မြို့ကို ကျွန်မ ငြီးငွေ့နေပြီ။ လီဒိုကမ်းခြေသွားချင်လို့၊ ဒါမှမဟုတ် မိတ်ဆွေတွေနဲ့ တွေ့ချင်လို့သာ ကျွန်မ ဗင်းနစ်မှာ တစ်ရက်နှစ်ရက်လောက်စီ လာလာနေတတ်တာ။ ကြာကြာနေဖို့တော့ တစ်သက် စိတ်မကူးပါဘူး။ ဒီမြို့ မှာ နေရတာ အကျဉ်းသားတစ်ယောက်လိုပဲ။ ကိုယ်လုပ်ချင်တာကို လုပ်ချင် သလောက် လုပ်လို့မရဘူး။ ကျွန်မ ရောမကို မကြာခင်ပြန်မှာပါ။ အဲဒီမှာ

www.burmeseclassic.com



ရုပ်ရှင်ရိုက်စရာလဲ ရှိတယ်။ တခြားလုပ်ချင်တာတွေလဲ အများကြီး ရှိသေးတယ်”

အလှမိဖုရား နှုတ်ခမ်းကြားမှ သည်စကားတွေ ထွက်လာတာ ကြားရတော့ မီမိုမှာ ရင်ထဲဆို့နင့်သွားသလို ခံစားမိသည်။ သူက ဗင်းနစ်ကို အလွန်မြတ်နိုးသည်။ သူမြတ်နိုးသော ပုဂ္ဂိုလ်ကလည်း သူ့လိုပင် မြတ်နိုးစေချင်သည်။

“မမအချိန်ရရင် ဗင်းနစ်မြို့အနှံ့ ကျွန်တော် လိုက်ပြပါရစေလား။ မမ မတွေ့ဖူးသေးတဲ့ ရှုခင်းသာတွေ ရှိပါသေးတယ်”

“ဒါနဲ့ မနေ့ညက မြို့စားကတော်ကြီး ညှော့ခံပွဲကို တော်တော်သဘောကျရဲ့လား။ ကျွန်တော်ကတော့ ...”

“အလကား ငြီးငွေ့စရာကြီးပါ။ ကျွန်မတော့ ထပြန်ချင်လိုက်တာ သေချင်စော် နံနေတာပဲ။ မြို့စားကတော်ကြီးကိုတော့ သဘောကျပါတယ်။ သူနဲ့ ကျွန်မနဲ့ ရင်းနှီးတာကြာပြီ။ သူ့ကို ကျွန်မ တော်တော်ပဲ လေးစားပါတယ်။ ဒါပေမယ့် သူက ကြောက်စရာကောင်းတဲ့ အိမ်ရှင်မပဲ။ သူ့စံအိမ်တော်မှာ လုပ်တဲ့ ပွဲတွေဟာ အမြဲတမ်း ငြီးငွေ့စရာ ကောင်းတယ်။ သက်သောင့်သက် သာ မရှိဘူး။ သဘာဝအတိုင်း အလိုက်သင့် မဖြစ်ဘူး။ ပျော်စရာ မကောင်း ဘူး။ မနေ့ညကပွဲကို ကြည့်ပါလား။ ညှော့သည်တွေ ပျော်မှပျော်ပါစေတော့ဆို ပြီး သူက စေတနာနဲ့ အသက်ရှည်ဆေးဓာတ်လမ်း ပြောလိုက်တာနဲ့ပဲ ပွဲပျက် ရော မဟုတ်လား”

“အဲဒီအကြောင်း မမ မယုံဘူးလား။ ကျွန်တော်တော့ တကယ်ယုံတယ်”

“မဟုတ်က ဟုတ်က ယုံတမ်းပုံပြင်ပါပဲ။ အဲဒီဆေးကို တစ်ယောက် ယောက်ကသာ တကယ်ရှာတွေ့ရင် ခုချက်ချင်း တစ်ကမ္ဘာလုံး ပြန့်သွားမှာ ပေါ့။ ဒါမျိုးတွေအကြောင်း ကျွန်မ အများကြီးဖတ်ဖူးပါတယ်။ ဗီဇမျိုးစေ့နဲ့ ပတ်သက်ပြီး သိပ္ပံပညာရှာဖွေတွေ့ရှိချက်တွေ ပေါ်ပေါက်ခဲ့တာကတော့ အမှန်ပဲ ရှိခဲ့ပါတယ်။ ဒါပေမယ့် အခုလို အသက်ရှည်နုပျိုဆေးရှာဖွေတွေ့ရှိဖို့ဆိုတာ ကတော့ သိပ္ပံပညာအဆင့်အတန်း အလွန်နိမ့်နေပါသေးတယ်” သူမက မာတီနီကို တစ်စုပ် စုပ်သောက်လိုက်သည်။

“ဆိုးမှ ဆိုးပဲ”

မီမိုက ‘ဓာခန်းဆီးနောက်ကွယ် စစ်ဆင်ရေး’ ကို စတင်ရန် အချိန်တန်ပြီဟု ဆုံးဖြတ်လိုက်သည်။

“ဒါပေမယ့် မမကတော့ ကမ္ဘာပေါ်မှာ သံအကောင်းဆုံး ပုဂ္ဂိုလ်တစ်ဦး

www.burmeseclassic.com



ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သဘာဝမိခင်ရဲ့ ထာဝရ အလှလက်ဆောင်ကို ရထားလို့ပဲပေါ့"

သူမက မကျေနပ်သလိုဟန်ဖြင့် ကြည့်လိုက်ရင်း –

"မစ္စတာမီမို ရှင့်ပြဇာတ်တွေကို မြှောက်ဖို့လဲ ချန်ထားပါဦး"

"ကျွန်တော်က နှလုံးသား ခံစားချက်နဲ့ အမှန်တရားကို ပြောတာပါ မမရယ်။ မမဟာ နုပျိုနေတယ်။ အမြဲတမ်း နုပျိုနေလိမ့်မယ်"

"ဇီဝဗေဒ သဘောတရားနဲ့ပြောရင် ရှင်ပြောတာ လုံးဝ မှားတယ်။ ဒါပေမယ့် ရှင်စိတ်ချမ်းသာသလို ပြောနိုင်ပါတယ်။ ကျွန်မတော့ နောက်ထပ် မာတီနီတစ်ခွက် ထပ်မှာရဦးမယ်"

တီရီဆာက သူမအတွက်ရော မီမိုအတွက်ပါ တစ်ခွက်စီ ထပ်မှာလိုက်သည်။ ပြီးတော့ ခနဲ့သလိုလို လေသံဖြင့် –

"ဒါနဲ့ ရှင်ရေးနေတယ်ဆိုတဲ့ ပြဇာတ်အကြောင်းလဲ ပြောပါဦးလေ။ ကျွန်မစရိုက်နဲ့ လိုက်ဖက်တဲ့ ပြဇာတ်တစ်ပုဒ် ရှင်ရေးနေတယ်လို့ မြို့စားကတော်ကြီးက ပြောတယ်။ အဲဒါဟုတ်သလား"

"တကယ်ဟုတ်ပါတယ်။ ကျွန်တော် အဲဒီပြဇာတ်ကို ရေးနေတုန်းမှာလဲ မမကို မျက်စိထဲမှာ မြင်ယောင်လာအောင် ကြည့်ပြီးတော့မှ ရေးခဲ့ပါတယ်"

"ဇာတ်လမ်း ပြောပြပါဦး။ အားလုံး ပြောဖို့ မလိုပါဘူး။ ဘယ်လို သဘောဆိုတာ ကျွန်မ ငုံမိရုံလောက်ဆိုရင် တော်ပါပြီ"

မီမိုက လည်ချောင်းရှင်းလိုက်သည်။

"ဇာတ်လမ်းက အီလီယိုနိုရာဂျူးစ်အကြောင်းပါ"

"တကယ်ပြောတာလား"

"အီတလီနိုင်ငံရဲ့ ကမ္ဘာကျော် ခေတ်ဟောင်း မင်းသမီးကြီးနေရာမှာ အီတလီနိုင်ငံရဲ့ ကမ္ဘာကျော် ခေတ်သစ်မင်းသမီးက သရုပ်ဆောင်မှ သဘာဝ ကျမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

"ဘယ်ဆိုးလို့လဲ။ ငါ့မောင်က တော်တော်မြှောက်တတ်သားပဲ"

"နှလုံးသားနဲ့ပါ"

"ရပါတယ်၊ အဲဒီတော့ အီလီယိုနိုရာဂျူးစ်နဲ့ ပတ်သက်ပြီး ဘယ်လို ဇာတ်လမ်းမျိုးလဲ"

"စိတ်သည်စာဆို ဝတ္ထုရေးဆရာကြီး ဂရယ်ဘယ်ဒါနွန်ဇီယိုနဲ့ ချစ်ကြိုက်ကြတဲ့ နောက်ဆုံး ရက်များကနေပြီး ဇာတ်လမ်းဖွင့်ထားတယ်။ နောက်ပိုင်းတော့ အီလီယိုနိုရာရဲ့ ဘဝကို ဇာတ်ကွက် ဆင်ထားတယ်။ အထီးကျန် အမျိုးသမီး ဖြစ်နေရပေမယ့် ရဲရင့်သူ၊ တိုက်ခိုက်ရဲသူ၊ ပုဂ္ဂလိက လွတ်လပ်မှုကို

www.burmeseclassic.com



မြတ်နိုးသူ၊ ပတ်ဝန်းကျင်ကို ဆန့်ကျင်ရဲသူအဖြစ် ဇာတ်ကွက်ဖွဲ့ထားတယ်။ အမေရိကကို ခရီးထွက်ပုံ၊ ဒါနွန်ဇီယိုရဲ့ ဝတ္ထုဇာတ်ညွှန်းတွေထဲမှာ သရုပ်ဆောင်ရပုံတွေလဲ ပါတယ်။ ပြီးတော့ မကျန်းမာလို့ ရုပ်ရှင်လောကကို စွန့်လွှတ်လိုက်ပုံ ... နောက် ၁၂ နှစ်ကြာတော့ ပိုက်ဆံအခက်အခဲကြောင့် ရုပ်ရှင်လောကကို ပြန်ဝင်လာပုံ။ အဲဒီလို ပြန်လာတော့ ... အဲဒီအချိန်က ကမ္ဘာကျော် မင်းသမီး ဆာရာဘန်းဟတ်ကို ကျော်တက်လာခဲ့ပုံ၊ ဒါနွန်ဇီယိုရဲ့ လောင်းရိပ်အောက်က ရုန်းထွက်ပုံ။ အဲဒီအချိန်ကစပြီး ပြည်သူ့အသည်းစွဲ ရုပ်ရှင်မင်းသမီး ပြန်ဖြစ်လာပုံတွေနဲ့ နောက်ဆုံးမှာ အမေရိကန်က ပစ္စဘတ်မြို့မှာ ကွယ်လွန်သွားပုံတွေကို အကွက်စေ့စေ့ ဖော်ထားတယ်။ စိတ်ထိခိုက်စရာ အခန်းတွေ အများကြီးပါတယ်။ ပြီးတော့လဲ ...."

တီရီဆာက လက်ကိုကာပြလိုက်သည်။ မိမိမှာ ပြောလက်စနှင့် တန်းလန်းကြီး ရပ်လိုက်ရသည်။

"ဒီမယ် ... မစ္စတာ မိမို၊ ပြဇာတ်ရေးနည်း အတတ်ပညာမှာ ရှင်ဟာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ သိလိမ့်မယ်ဆိုတာ ကျွန်မ အကြွင်းမရှိ ယုံကြည်ပါတယ်။ ဒါပေမယ့် ဣတ္ထိယသျှတ္တရ ပညာမှာတော့ ရှင်ဟာ နလပိန်းတုံးပဲ ရှိပါသေးတယ်"

မိမိုက အောင့်သက်သက်နှင့် ဝန်ခံလိုက်ရသည်။

"ဟုတ် ... ဟုတ်ပါတယ်။ ကျွန်တော် မသိသေးပါဘူး"

"သိရပါစေ့မယ်။ ကျွန်မပြောတာ နားထောင်။ အီလီယိုနိုရာဟာ ဘယ်တုန်းက မွေးသလဲ၊ ၁၈၅၉ ခုနှစ်မှာ မွေးတယ်။ သူ့ဇာတ်လမ်းကို ဒါနွန်ဇီယိုနဲ့ ပြတ်စဲသွားတဲ့ နေရာကနေပြီး ရှင်က ဖွင့်ထားတယ်။ အဲဒါက ၁၈၉၉ ခုနှစ်။ အဲဒီတော့ ရှင်က အသက် ၄၀ အရွယ် အီလီယိုနိုရာကို ပရိသတ်နဲ့ စတင် မိတ်ဆက်ပေးထားတယ်။ ဟုတ်ရဲ့လား"

"ဟုတ်တာပေါ့ ... ဟုတ်ပါတယ်'

"ကောင်းပြီ။ ပြီးတော့ ... အမေရိကန်ကို ခရီးထွက်တာ ဆက်ဖော်ပြတယ်။ အဲဒါက ၁၉၀၂ ခုနှစ်။ သူ့အသက် ၄၃ နှစ်ရှိပြီ။ သူ ရုပ်ရှင်လောက က အနားယူသွားတာက ၁၉၀၉ ခုနှစ်၊ သူ့အသက်က ၅၀။ သူပြန်ပြီး ရုပ်ရှင်လောက ဝင်လာတာက အသက် ၆၂ နှစ်အရွယ်။ သူသေတာက ၁၉၂၄ ခုနှစ်။ အသက်က ၆၅ နှစ်" သူမက ခဏရပ်ပြီး မိမိုကို စိုက်ကြည့်နေသည်။ ပြီးတော့မှ "အဲဒီတော့ ရှင်က ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး တီရီဆာဖန်တိုနီကို အသက် ၄၀ က ၆၅ နှစ်အရွယ် မင်းသမီးကြီးနေရာမှာထားပြီး သရုပ်ဆောင်ခိုင်းဖို့ လာပြောနေတာလား ... မစ္စတာမိမို"

www.burmeseclassic.com



"ဒါပေမယ့် ... မမက ဒီဇာတ်ကွက်ကို နိုင်နိုင်နင်းနင်း သရုပ်ဆောင်နိုင်ပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်မ သရုပ်ဆောင်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်မ ပြောချင်တာကတော့ ... ရှင့်ဇာတ်လမ်းမှာ ကျွန်မ သရုပ်မဆောင်ချင်ဘူး။ ကျွန်မ အသက်အရွယ်ရှိတဲ့ ဘယ်မိန်းမမှ အဲဒီလို အသက် ၄၀ က ၆၅ နှစ် အရွယ်အဘွားကြီး ဇာတ်ဆောင်နေရာမှာ သရုပ်ဆောင်မှာ မဟုတ်ဘူး။ ကျွန်မရဲ့ ဒီဘဝ ဒီအချိန်မှာ အဲဒီလို ဘဝမျိုးကို ကျွန်မ မက်မောနေတယ်လို့ ရှင်က ထင်သလား။ ရုပ်ရှင်ဇာတ်ခုံပေါ်မှာ ဆံဖြူသွားကြွေ အဘွားအိုဘဝနဲ့ ကျွန်မ တက်ပြလိမ့်မယ်လို့ ရှင် ထင်သလား ဝေးပါသေးတယ်။ အဲဒီဘဝမျိုး အိပ်မက်တောင် မမက်ဖူးပါဘူးတော်"

"ပရိသတ်က မမ နုပျိုနေတုန်းဆိုတာ သိပါတယ်။ ဇာတ်ကွက်အလိုက် သရုပ်ဆောင်ရတယ်ဆိုတာ သိပါတယ်"

"ကျွန်မ အရွယ်ကျနေပြီ ဆိုတာလောက်ပဲ ပရိသတ်က သိပါစေ။ ကျွန်မ အရွယ်ကျနေပြီဆိုတာ ဟုတ်ပါတယ်လို့ လူတောထဲ ဖွင့်ပြောသလို သရုပ်ဆောင်တာမျိုးကတော့ လုံးဝ အဓိပ္ပာယ် မရှိပါဘူး"

"ဒါပေမယ့် ... မမက နုပျိုနေသေးတာပဲ"

"ဟုတ်လား၊ ဘယ်လောက် နုပျိုနေသေးလဲ"

"ကျွန်တော်ကတော့ ၃၅ နှစ်လောက်ပဲ ထင်တယ်"

တီရီဆာက မျက်နှာကို ရှုံ့မဲ့မဲ့ လုပ်လိုက်ပြီး –

"ကျေးဇူးတင်ပါတယ် ရှင်။ ဒါပေမယ့် ... ရှင့်မြှောက်ပံ့မျိုးက တစ်ခါတစ်လေပဲ ကောင်းတတ်ပါတယ်။ ဒီမယ် ... မစ္စတာ မီမို၊ ကျွန်မ ရှင်းရှင်းပဲ ပြောပါရစေတော့။ ရှင့်ပြဇာတ်ဟာ ကျွန်မအတွက် မဟုတ်ဘူး။ အဲဒီပြဇာတ်မှာသာ ကျွန်မ သရုပ်ဆောင်ရင် ကျွန်မ ခွေးကျဝက်ကျ ကျသွားမှာ သေချာတယ်။ ကျွန်မကို ဦးစားပေးပြီး စဉ်းစားတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်။ ကဲ ... ဒီအကြောင်း မေ့လိုက်ကြပါစို့။ ပျော်စရာတွေပဲ ပြောကြရအောင်လား"

ထို့နောက် သူမက ရောမမြို့တွင် မကြာမီ ရိုက်ကူးတော့မည့် သူမ၏ ဇာတ်ကားအကြောင်း ပြောပြသည်။ ထိုဇာတ်ကားတွင် သူမသည် အသက် ၂၈ နှစ်အရွယ် သီလရှင်မကလေးအဖြစ် သရုပ်ဆောင်ရမည်။ သီလရှင်မကလေး တစ်ယောက်သည် သီလရှင်ဘဝနှင့် လူဝတ်ကြောင်လဲပြီး ဘုန်းကြီးလူလွတ် တစ်ယောက်နှင့် ချစ်ကြိုက်သည့် ဇာတ်လမ်းဖြစ်သည်။ ပြီးတော့ ... ဇာတ်ရေးဆရာ၊ ဒါရိုက်တာ၊ ကုမ္ပဏီပိုင်ရှင်တို့နှင့် သူမ ပြဿနာဖြစ်ပုံများကို မိနစ် ၂၀ လောက် ပြောပြသည်။

www.burmeseclassic.com



မီမိုမှာတော့ မရှောင်သာ၍သာ နားထောင်နေရသည်။ ဖြစ်နိုင်လျှင် ထွက်သာပြေးသွားချင်တော့သည်။

တကယ်တော့ သူမ၏ 'ဇာခန်းဆီးနောက်ကွယ်မှ စစ်ဆင်ရေး' သည် သည်အချိန်မှစ၍ တပ်ဆုတ်သွားခဲ့ရပြီဖြစ်သည်။ သူ့ရည်မှန်းချက် ပန်းတိုင်ကြီး သည် လုံးဝ ယိုင်လဲသွားခဲ့ရပြီ ဖြစ်သည်။

သို့ပေမယ့် သူက သည်းခံပြီး နားထောင်နေသည်။ သူမ၏ ရင်သား အစုံသည် အဖြူရောင် ပိုးသားအင်္ကျီအောက်တွင် ထွန့်ထွန့်လူးနေသည်။

သူမက စကားပြောရပ်၍ ဒုတိယမြောက် မာတီနီခွက်ကို ကောက် ကိုင်လိုက်သည်။

"ကျွန်တော့် ဘဝမှာတော့ ကြည့်နူးစရာ အကောင်းဆုံးနေ့ပါပဲ ... မမရယ်။ ဒါနဲ့ ဒီနေ့ည မမကို ညစာစားပွဲနဲ့ ကျွန်တော် ဂုဏ်ပြုပါရစေလား"

"ကျေးဇူးတင်ပါတယ်၊ နေပါစေ။ ကျွန်မ ပင်ပန်းနေလို့ပါ" သူမက ဖန်ခွက်ကို ပြန်ချလိုက်သည်။ "ကျွန်မ အခန်းကို ပြန်ဖို့ သင့်ပြီထင်တယ်။ အဲဒီ ရောက်တော့မှ အခန်းထဲ တစ်ခုခု မှာစားတော့မယ်။ ပြီးတော့ စောစောစီးစီး အိပ်ပစ်လိုက်တော့မယ်။ စိတ်ပျက်စရာကောင်းတဲ့ ဒီမြို့က မနက်ဖြန်ပဲ ထွက် သွားရတော့မှာပဲ ထင်ပါရဲ့"

"မမအခိန်း ကျွန်တော် လိုက်ခဲ့ပါရစေလား"

သူမက သူ့ကို စိုက်ကြည့်လိုက်သည်။

"ဘာလုပ်ဖို့လဲ ... မလိုအပ်ပါဘူး"

သူတစ်ချက်မှားသွားကြောင်း ချက်ချင်းသတိပြုလိုက်မိသည်။ သတ္တိ လိုသည်။ သတ္တိလိုသည်။

"ဒါပေမယ့် ... ကျွန်တော့်အတွက် လိုအပ်လို့ပါ"

"ရှင် ဘာကို ဆိုလိုတာလဲ"

"ကျွန်တော်ဆိုလိုတာက ဒီလိုပါ။ ကျွန်တော့် ဘဝမှာ မမနဲ့ အခုလို အတူတူနေနေရတဲ့ ခဏတိုင်း ခဏတိုင်းဟာ အင်မတန်မှ တန်ဖိုးရှိပါတယ်။ မမကို ကျွန်တော် ဟိုတုန်းကတည်းတက စွဲနေခဲ့မိပါတယ်။ မမဟာ ကျွန်တော့် ခေါင်းထဲမှာရော၊ ကျွန်တော့် နှလုံးသားထဲမှာရော အမြဲပဲ ကိန်းအောင်းနေခဲ့ပါ တယ်။ အဲဒီတော့ အခုလို မမနဲ့ ရတောင့်ရခဲ တွေ့ရတဲ့ အခွင့်အရေးကို ကျွန် တော့်အနေနဲ့ လက်လွှတ်မခံနိုင်ပါဘူး"

သူမက သူ့ကို မသတီဟန်ဖြင့် ကြည့်လိုက်ပြီး –

"ရှင့်စကား ... ရှင့်စကားက 'ပီရန်ဒယ်လို' ပြဇာတ်ထဲက ဝရမ်းပြေး ပြောတဲ့ စကားနဲ့တစ်ထပ်တည်း ပါပဲလား" သူမက စားပွဲမှ ထရပ်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



“ဝမ်းနည်းပါတယ် ... ငါ့မောင်။ ငါ့မောင်ရဲ့ ပြဇာတ်နဲ့ တဏှာနှလုံးသားကို တခြားသာ ယူသွားပါတော့။ ကဲ ... ကံကောင်းပါစေ။ မင်္ဂလာညပါ”

သူ နေရာမှ ချာခနဲ လှည့်ထွက်သွားသည်။

*

သူသည် သူအမြတ်နိုးဆုံး၊ အချစ်ဆုံးသူ၏ အနိမ်ခံလိုက်ရသောကြောင့် အကြီးအကျယ် စိတ်ဓာတ်ကျစွာဖြင့် ခြေထောက်ကို အနိုင်နိုင်သယ်ကာ သူ့တိုက်ခန်းသို့ ပြန်လာခဲ့သည်။

ငါးမိနစ်လောက် လျှောက်လာပြီးမှ တိုက်ခန်းသို့ ပြန်ရောက်လာသည်။ ခြေထောက်ကို မသယ်ချင့် သယ်ချင် သယ်ပြီး လှေကားအတိုင်း ပထမထပ်သို့ တက်လာခဲ့သည်။ အခန်းတံခါးကို ဖွင့်ပြီးဝင်သည်။ အပေါ် အင်္ကျီကို ချွတ်မလို့ လုပ်တော့ ထူးဆန်းသော အရာတစ်ခုကို တွေ့လိုက်ရသည်။ သူသည် တီးဝိုင်းသို့လာခါနီးတွင် ဧည့်ခန်းမှ မီးကို ဖွင့်ထားခဲ့သည်။ ယခုမူ ဧည့်ခန်းတွင် မှောင်မည်းနေသည်။ နောက်ထူးခြားချက်တစ်ခုမှာ အိပ်ခန်းတံခါးပွင့်နေပြီး မီးလင်းနေခြင်းဖြစ်သည်။

ထို့နောက် အိပ်ခန်းထဲမှ လူသံကြားရသည်။ စိတ်ထဲတွင် ကြောက်သလိုလို မသိုးမသန့်ဖြစ်လာမိသည်။ နောက်ထပ် အသံကြားရပြန်သည်။ သည်တော့မှ သူမှတ်မိသွားသည်။

ဂျော်ဒန်၏ အသံ။

တီရီဆာအပေါ် ရမ္မက်ဇောဖြင့် အစွဲအလမ်းလွန်ခဲ့မှုကြောင့် ညနေပိုင်းက ဂျော်ဒန်နှင့်တွေ့ပြီး သူ့အခန်းကို ခေတ္တငှားခဲ့ကြောင်းကိုပင် လုံးဝ မေ့သွားခဲ့မိရသည်။ ကိုယ့်အဖြစ် ကိုယ်တွေးပြီး ရှက်ပင်ရှက်မိသည်။

သည်အတိုင်းဆိုလျှင် သူ့အနေဖြင့် တစ်နေရာသွား၍ အချိန်ဖြုန်းမှ သင့်တော်တော့မည်။ ဂျော်ဒန်သည် သူ့အိပ်ရာထဲတွင် သူ့အတွဲတစ်ယောက်နှင့် အကြည်ဆိုက်နေလိမ့်မည်။ သူ ဒီအခန်းထဲရှိနေလျှင် ဂျော်ဒန်နှင့် သူ့အဖော်အတွက် အနှောင့်အယှက် ဖြစ်နေလိမ့်မည်။ သူက အိပ်ခန်းဘက်သို့ မျက်နှာညိုးငယ်ငယ်ဖြင့် ကြည့်လိုက်သည်။ ဂျော်ဒန်က သူ့ထက်တောင် ကံကောင်းနေပါရောလား။

သူက အခန်းထဲမှ ထွက်ရန် ပြန်လှည့်လိုက်သည်။ ဒုတိယ အသံတစ်သံကို ကြားလိုက်ရသည်။ ပထမ အသံထက် နက်သည်။ သြသည်။ ပြီးတော့ ယောက်ျားသံ။

www.burmeseclassic.com



ဆက်လက်ပြီး နှစ်သံစလုံး ကြားရသည်။ နှစ်သံစလုံး ယောကျ်ားသံ။

ဘယ့်နှယ်။ တော်တော်ဆန်းတာပဲ။ ဂျော်ဒန်က ဒီလောက်တော့ မကြောင်သေးပါဘူး။ ဒီလူက သူ့လက်ထောက် မာရီဆာနဲ့ မပြတ်တွဲနေတာပဲ။ မာရီဆာ အသံလည်း မကြားရပါလား။ ဘယ့်နှယ်ဟာပါလိမ့်။

မီမိုသည် အိပ်ခန်းနားသို့ အမှတ်မထင် အလိုအလျောက် ကပ်သွားသည်။ အသံတွေ ပို၍ ပြတ်သားလာသည်။

သူတို့သည် ခရီးသွားဖို့ကိစ္စကို ဆွေးနွေးနေကြသည်။

မီမိုက ဒါ ... ငါ့အလုပ် မဟုတ်ပါဘူးဟု တွေးလိုက်သည်။ သူများ ပုဂ္ဂလိက အခွင့်အရေး မနှောင့်ယှက်သင့်ပါဘူး။ ကိုယ့်အခန်းဆိုပေမယ့် မိတ်ဆွေက ယုံကြည်လို့ ခဏလာငှားတာ။

သို့ဖြင့် သူက ပြန်ထွက်တော့မလို့ စိတ်ကူးတုန်းရှိသေး။ နောက်ထပ်ကြားလိုက်ရသော စကားသံများက သူ့ခြေထောက်ကို တုံ့ခနဲ ပြန်ဆွဲထားလိုက်ကြသည်။

"အဲဒီအချိန်ဆိုရင် ... ဆရာကြီး ပါရီကို ရောက်သွားပြီ။ ဘာမှ ပူစရာ မလိုတော့ဘူး" ဂျော်ဒန်၏အသံ။

"ဒီနောက်ပိုင်း ဘာလုပ်မယ် ဆုံးဖြတ်သလဲ။ ဇရာဗေဒအသင်း ညီလာခံကို စောင့်နေဦးမှာလား။ ဒါမှမဟုတ် ဆရာကြီးက ဒီဆေးနည်းကို ရှာဖွေတွေ့ရှိထားပြီဆိုတာ ရောက်ရောက်ချင်း တစ်ကမ္ဘာလုံးကို ထုတ်ပြန်ကြေညာလိုက်မှာလား"

"ဟိုရောက်ရောက်ချင်း ကျုပ် သတင်းစာဆွေးနွေးပွဲလုပ်မယ်' လူကြီးသံ၊ ပြီးတော့ 'စီ – ၉၈' ဆေးနည်းကို ကျုပ်ရှာဖွေတွေ့ရှိထားပြီးပြီဆိုတာ ကြေညာချက် ထုတ်ပြန်မယ်။ ဇရာဗေဒအသင်း ညီလာခံကို မစောင့်တော့ဘဲ တစ်ကမ္ဘာလုံးသိအောင် ထုတ်ပြန်ကြေညာလိုက်တော့မယ်။ မိတ္တူပွားပြီး သတင်းစာတိုက်တွေက တစ်ဆင့် ဖြန့်လိုက်ရုံပါပဲ။ နောက်ပြီးတော့ ... သတင်းစာဆရာတွေ မေးတဲ့ မေးခွန်းတွေကို ကျုပ်က ပြန်ပြီးဖြေမယ်။ ဒါပေမယ့် တို့က မဖြစ် သေးတာတွေ ကြိုတွေးနေကြတာ။ လောလောဆယ် အရေးအကြီးဆုံးက ဒီမြို့ က ထွက်ပြေးနိုင်ဖို့ပဲ"

"ဘာမှ မပူပါနဲ့ ဆရာကြီး" ဂျော်ဒန်က ပြန်ပြောသံ။ ပြီးတော့ စာရွက်များ ထိခိုက်လှုပ်ရှားသံ။ "တကယ်လို့ ဘရူနိုနဲ့ အလုပ်ဖြစ်မယ်ဆိုရင် ဒီမြေပုံ အရေးကြီးတယ်။ ပါရီကို ရောက်အောင် ဘယ်လို သွားရမယ်ဆိုတာ ကျွန်တော် ပြမယ် ... ဒီမှာ ... ကြည့်"

www.burmeseclassic.com



မီမိုက ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်နေသည်။ သူ့တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်နေသည်။ သူက ဆက်ပြီး နားထောင်နေလိုက်သည်။

သူတို့နှစ်ယောက်သည် ဗင်းနစ်မြို့မှ ထွက်ပြေးပြီး ပါရီသို့ ရောက်အောင်သွားရမည့် ခရီးစဉ်တစ်လျှောက် ... မြို့ရွာများ၊ စခန်းများအကြောင်းကို အသေးစိတ် ဆက်လက်ဆွေးနွေးကြသည်။

မီမိုသည် အခိုက်အတန့်အားဖြင့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားသလို ခံစားလိုက်ရသည်။ တစ်ချိန်တည်းတွင် သူသည် ဖြစ်ကြောင်းရယ် ကုန်စင်ကို ကောင်းကောင်းကြီး သဘောပေါက်နားလည်လိုက်သည်။

သူသည် တအားတက်သွားပြီးနောက် ချာခနဲ လှည့်လျက်ခြေဖျားထောက်ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

သူ့အနေဖြင့် အခုချက်ချင်း ဘာလုပ်ရမည်ဆိုတာကို သူသိလိုက်ပြီ။ သူကား 'အလှရတနာသိုက်' တံခါးကိုဖွင့်ရန် 'သော့' ကို ရသွားခဲ့လေပြီ။

*

သူမသည် 'ဂရစ်တီ နန်းတော်' ဟိုတယ်မှ သူမ၏အခန်းတံခါးကို သော့ဖွင့်လိုက်သည်။ ပါးလွှာသည့် အပြာနုရောင် ညအိပ်ဝတ်ရုံကြီးကို ဝတ်ထားသော သူမကို မြင်ရသည်မှာ အိုရက်စတီမီမိုအဖို့ ရမ္မက်ဇောကြွစေသော ရိုမန်နတ်မိမယ် တစ်ပါးလို ထင်မှတ်မိသည်။

တီရီဆာဖန်တိုနီသည် မီမိုအား မယုံသင်္ကာမျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ သူ့အရက်များ မူးနေတာလား။ အရက်မမူးမှန်းသိတော့မှ အသံပြတ်ပြတ်ဖြင့် –

"ဝင်လေ၊ အဲဒီမှာ ... ဘာလို့ရပ်နေတာလဲ။ ဟိုတယ် တစ်ခုလုံးက ဒီအခြေအနေမျိုး မြင်သွားမှာကို ကျွန်မ မကြိုက်ဘူး"

မီမိုက အမိန့်အတိုင်း အခန်းထဲ ဝင်လိုက်သည်။ ဧည့်ခန်းထဲတွင် မှုန်ဝါးဝါး မီးလုံးတစ်လုံးသာ ထွန်းထားသည်။ သူက သူမတစ်ကိုယ်လုံးကို စိုက်ကြည့်လိုက်သည်။ မီးရောင်မှိန်မှိန်အောက်တွင် တစ်ကိုယ်လုံး ထိုးဖောက်မြင်ရလောက်အောင် ပါးလှပ်သော ဝတ်စုံဖြင့် လှချင်တိုင်း လှနေသည်။ သူမက တံခါးကို ပြန်ပိတ်လိုက်သည်။ သူ ရှေ့သို့ လျှောက်လာသည်။

"တကယ်တော့ ... ဒါဟာ ရူးတာပဲဖြစ်မယ်။ ကျွန်မတော့ လုံးဝ မယုံနိုင်ဘူး။ ရှင်က ကျွန်မကို နောက်နေတာလား။ ဒါမှမဟုတ် ကျွန်မဆီလာချင်လို့ တမင်အကွက်ဆင်တာလား ... မှန်မှန်ပြောစမ်းပါ"

www.burmeseclassic.com



"ကျွန်တော် မနောက်ပါဘူး အကွက်ဆင်တာလဲ မဟုတ်ပါဘူး။ အဖြစ်မှန်ကို အမှန်အတိုင်း ပြောတာပါ။ ကျွန်တော် ဖုန်းဆက်ပြောတဲ့ စကားတိုင်း တစ်လုံးမကျန် အမှန်ချည်းပါ"

သူက သူ့အခန်းမှ ပြန်ထွက်လာပြီး အနီးဆုံးတယ်လီဖုန်းရုံသို့ ပြေးကာ 'ဂရစ်တီနန်းတော်' သို့ ဖုန်းဆက်ခဲ့သည်။ ထိုအချိန်တွင် တီရီဆာမှာ အိပ်ရာထဲရောက်နေပြီ။ သူမက ဘယ်သူ့ဆီကပါလိမ့်ဟု တွေးပြီး အိပ်ရာထဲမှာ ကမန်းကတန်းထကာ တယ်လီဖုန်း ကောက်ကိုင်လိုက်သည်။

ဤတွင် သူက လွန်ခဲ့သောညက မြို့စားကတော်ကြီး ပြောပြသော ဖြစ်ရပ်မှာ အမှန်တကယ်ဖြစ်ကြောင်း၊ အသက်ရှည်နုပျိုဆေးကို တွေ့ရှိသူ သိပ္ပံပညာရှင်ကြီးကို လွန်ခဲ့သော မိနစ်ပိုင်းအတွင်းက သူကိုယ်တိုင် တွေ့ခဲ့ရပြီ ဖြစ်ကြောင်း၊ လောလောဆယ်တွင် တယ်လီဖုန်းရုံနား၌ လူတွေ ပြုံနေသဖြင့် သည်လောက်သာပြောနိုင်ကြောင်း၊ သဘောတူပါလျှင် သူမ၏ အခန်းသို့လာ၍ အကြောင်းစုံကို ပြောပြလိုကြောင်း ဖုန်းနှင့် လှမ်းပြောလိုက်သည်။

ပထမတော့ သူမက အင်တင်တင် ဖြစ်နေသေးသည်။ နောက်တော့မှ လာခဲ့ရန်ပြောလိုက်သည်။

ဤသို့ဖြင့် အိုရက်စတီမီမိုသည် တီရီဆာဖန်တိုနီ၏ အခန်းသို့ ညကြီးမင်းကြီး အချိန်မတော် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်သည် ဧည့်ခန်းတွင်ထိုင်ကာ တစ်ယောက်မျက်နှာ တစ်ယောက် အကဲခတ်ကြည့်ရှုနေကြသည်။

သူမက စတင်ပြောသည်။

"ကျွန်မတော့ ခုထိ မယုံသေးဘူး။ ရှင်က တမင်လုပ်ကြံ လုပ်တာပဲ ဖြစ်မယ်"

"အမှန်ပါဆိုတာ ကျွန်တော်ပြောပြီးပြီပဲ။ ကျွန်တော် မမနဲ့ ခွဲပြီးနောက် အမှတ်မထင် သူနဲ့ သွားတိုးတယ်။ သူက အဲဒီအသက်ရှည် နုပျိုဆေး ရှာဖွေတွေ့ရှိပြီးတာ အမှန်ဆိုတာကို ပြောတယ်။ အဲဒီသိပ္ပံပညာရှင် နာမည်က ပါမောက္ခ မက္ကဒေါ်နယ်တဲ့။ သူ့ဆေးနာမည်က 'စီ – ၉၈' တဲ့"

"ရှင် တကယ်ပြောနေတာလား"

"တကယ်ပြောနေတာပါ"

"ဟုတ်တယ်၊ ဒီမှာ ရှိနေတယ်။ ဝရမ်းပြေးအဖြစ် ရှိနေတာ။ ကျွန်တော် သိရသလောက်ဆိုရင် အတိအကျတော့ မဟုတ်ဘူးပေါ့ ... ခန့်မှန်းကြည့်ရတာပါ။ သူဟာ ဒီဆေးနည်းကို ဆိုဗီယက်ယူနီယံမှာ ရှာဖွေတွေ့ရှိတာ ဖြစ်ရမယ်။ ပြီးတော့ ... ဗင်းနစ်ကို ထွက်ပြေးလာတယ်။ အဲဒီအချိန်မှာ ရုရှအာဏာ

www.burmeseclassic.com



ပိုင်တွေက မေတ္တာရပ်ခံတာနဲ့ ဗင်းနစ်ရဲအဖွဲ့က သူ့ကို ပြန်ဖမ်းမိအောင် ကူညီနေတာ ဖြစ်မယ်။ ပါမောက္ခကြီးဟာ အခု ဒီမြို့ထဲက တစ်နေရာရာမှာ ပုန်းနေတယ်။ အခွင့်သာရင် ထွက်ပြေးဖို့ အကြံထုတ်နေတယ်"

"ဒီလိုဆိုရင် ... သူ့ဒီမှာ ရှိနေတာကိုး။ သူက အဲဒီလို နုပျိုဆေးကို လူတိုင်းကို ပေးပါ့မလား"

"ဒီမေးခွန်းကို မေးစရာတောင် မလိုပါဘူး"

သူမသည် မီမိုအနားသို့ တိုးလာသည်။

"အဲဒီတော့ အခု သူဘယ်မှာလဲ"

မီမိုက တံတွေးမျိုချလိုက်ပြီး –

"ကျွန်တော် ... ကျွန်တော် ပြောလို့ မဖြစ်ဘူး။ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးခဲ့ရလို့ပါ။ ဒါပေမယ့် သူ့ကို ကျွန်တော် ပြောလို့ရပါတယ်။ အဲဒီဆေးကို ဘယ်သူမှ မထိုးခင် မမကို အရင်ထိုးပေးဖို့ ကျွန်တော် ပြောရင် သူက ထိုးပေးမှာပါ"

ဤတွင် တီရီဆာမှာ ဝမ်းသာလုံး ဆို့သွားပြီး ....

"သြော် ... အိုရက်စတီရယ်။ ငါ့မောင်ရယ် ... တယ်တော်တဲ့ မမ မောင်လေးပါလားကွယ်" သူမက မီမို၏လည်ပင်းကို သိုင်းဖက်လိုက်ရင်း –

"ကျေးဇူးတင်လိုက်တာ မောင်လေးရယ်"

ပြီးတော့ ... သူမ၏နွေးထွေးရွှန်းအိသော နှုတ်ခမ်းအစုံကို မီမို၏ နှုတ်ခမ်းပေါ်သို့ ဖိကပ်ထားလိုက်၏။

အိုရက်စတီမီမိုသည် သူ့အဖြစ်ကို သူ မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိသည်။ သူ အချိန်ရှိသရွေ့ စိတ်ကူးနေခဲ့ရသော သူ့ဘဝတွင် အတောင့်တဆုံး၊ အလိုချင်ဆုံး ဖြစ်သောအရာကို ယခု သူရရှိခဲ့လေပြီ။

သူ့တစ်ကိုယ်လုံးသည် ရမ္မက်ဇော အဟုန်ဖြင့် တခိုက်ခိုက်တုန်နေသည်။

တီရီဆာက သူ့ကို တင်းကျပ်စွာ ဖက်ထားသည်။ သူမ၏ နှုတ်ခမ်းများဖြင့် သူ့နားရွက်ကို နမ်းစုပ်သည်။ သူ့ပါးကို နမ်းစုပ်သည်။ ပြီးတော့ ... စမ်းရေ စီးသံပမာ အေးမြသံလွင်ကလေးဖြင့် –

"မမ မောင်လေးက ... တော်ရုံတင်မကဘူး ... ချစ်စရာလဲ သိပ်ကောင်းတာပဲကွယ်"

သူမ၏ သင်းပျံ့သော ကိုယ်နံ့နှင့် အိစက်သော အတွေ့အထိကြောင့် မီမိုမှာ ချိုမြိန်လှသော ချစ်အရသာကို ထွန့်ထွန့်လူးမျှ ခံစားနေရသည်။ သူက တံတွေးကို အနိုင်နိုင် မျိုချကာ သူမကို ကျုံးဖက်လိုက်ပြီး –



BURMESE CLASSIC .com

www.burmeseclassic.com



"ဒီလောကမှာ ကျွန်တော့်အဖို့ မမထက် တန်ဖိုးရှိတာ ဘာမှ မရှိတော့ပါဘူး ... မမရယ်"

"လာပါ ... မောင်လေးရယ်၊ အခန်းထဲကို သွားကြပါစို့ကွယ်"

*

"မောင်လေးရယ် ... သူ ဘယ်မှာလဲကွယ်။ မမကို ပြောပြပါလား မောင်ရယ်"

"ဘယ်သူလဲ"

"ပါမောက္ခကြီးလေ၊ သူ ဘယ်မှာရှိသလဲကွယ်။ ပါမောက္ခကြီးနဲ့ တွေ့ရင် မောင့်မမ ဒီထက် ပိုလှလာမှာပေါ့ မောင်လေးရယ်"

"ပြောလို့ မဖြစ်လို့ပါ ... မမရယ်"

"ဖြစ်ပါတယ်ကွယ်"

"မဖြစ်လို့ပါ မမရယ်"

"မဖြစ်ရင် ... မမကို ချစ်တာ တရားသလားကွယ်"

"ချစ်ပါရစေ မမရယ်"

"မဖြစ်ရင် ... မချစ်နဲ့ကွယ်"

"ဒါဖြင့်လဲ ပြောပါတော့မယ် ... မမရယ်။ သူ အခု ကျွန်တော့်အခန်းမှာ ပုန်းနေပါတယ် ... မမရယ်"

"ချစ်လိုက်တာ မောင်လေးရယ်။ ချစ်ချင်သလောက် ချစ်လိုက်စမ်းပါကွယ်"

"ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါနဲ့ မမရယ်"

"စိတ်ချပါ မောင်လေးရယ်"

"မမကို ပါမောက္ခကြီးနဲ့ တွေ့ရအောင် မောင်လေးပြောပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ... မောင်လေးရယ်"

*

အိုရက်စတီမီမိုသည် တီရီဆာ၏အခန်းမှ ဆင်းလာခဲ့ပြီးနောက် သူ့အခန်းသို့ လမ်းလျှောက်ပြန်ရင်း ပိုင်ယက်ဇာရင်ပြင်သို့ပင် ရောက်လာခဲ့ပြီ။

သူသည် စိုးရိမ်စိတ်ဖြင့် တစ်ခေါင်းလုံး ကျပ်ခဲနေသလို ခံစားနေရသည်။

တီရီဆာက ဖွင့်ပြောလိုက်လျှင် ဘယ်လိုလုပ်မလဲ။ အားလုံး ဒုက္ခရောက်ကုန်ကြတော့မည်။ တီရီဆာကို စိတ်ချ၍မရ။ သူကလည်း သေသေချာချာ ရှင်းပြပြီး ပိုင်ပိုင်နိုင်နိုင် ကတိခံဝန်ချက် ယူခဲ့သည်မဟုတ်။ တစ်ခဏ တစ်ဒင်္ဂမျှသာ ရမ္မက်ဆန္ဒကလေး ပြည့်ဝရေးအတွက် လူတစ်ယောက်အနေဖြင့် မလုပ်

www.burmeseclassic.com



သင့်သော အလုပ်တစ်ခုကို ပေါ့ပေါ့တန်တန် လုပ်ခဲ့မိသည်မှာ ရှက်စရာကောင်းလေစွ။

သူ့ခြေလှမ်းများသည် ရှေ့သို့ ဆက်မသွားတော့ဘဲ ရုတ်တရက် ရပ်သွားကြသည်။

မဖြစ်ဘူး။ ဒီအတိုင်းနေလို့ မဖြစ်ဘူး။ တီရီဆာဆီပြန်သွားမှ ဖြစ်မယ်။ ဒီကိစ္စဟာ ပါမောက္ခကြီး အတွက်ရော၊ ဂျော်ဒန်အတွက်ရော၊ ငါ့အတွက်ရော သေရေးရှင်ရေး ကိစ္စကြီး ဖြစ်ကြောင်း သူမကို အလေးအနက် ပြောပြမှ ဖြစ်မယ်။

ထို့နောက်တွင်တော့ သူ့ခြေလှမ်းများက ဂရစ်တီနန်းတော်ဘက်သို့ ဦးတည်ကာ သုတ်ခြေတင်လေတော့သည်။

ရင်ပြင်အစွန်သို့ ရောက်တော့ ရှေ့ခပ်လှမ်းလှမ်းမှ လမ်းပေါ်တွင် တစ်ယောက်တည်း လျှောက်လာသော လူရိပ်သဏ္ဌာန်တစ်ခုကို ရုတ်တရက် မြင်လိုက်ရသည်။

မြင်ရသည်မှာ အမျိုးသမီးတစ်ယောက်၊ အနားကျယ်ဦးထုပ်ကြီးကို ဆောင်းထားသည်။ အနွေးထည် အပေါ်အင်္ကျီနှင့် ဘောင်းဘီရှည်ကို ဝတ်ထားသည်။ လက်တစ်ဖက်က သားရေအိတ်ဆွဲထားသည်။ သူမသည် သူ့တည့်တည့်သို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာနေသည်။

တီရီဆာမှ တီရီဆာ အစစ်။

မီမိုက နောက်သို့ ဆုတ်ကာ မှောင်ရိပ်ထဲ ဝင်ခိုနေလိုက်သည်။

သူမ မည်သည့်ဘက်သို့ ဦးတည်သွားမလဲဆိုသည်ကို စောင့်ကြည့်နေလိုက်သည်။ သူမသည် ရိုင်ယယ်လတို တံတားဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားနေသည်။

သူမ ဘယ်နေရာသို့ သွားမည်ဆိုတာကို သူသိလိုက်ပြီ။

*

မြို့တော်ခန်းမ ပထမထပ်ရှိ မြို့တော်ဝန် ရုံးခန်းထဲတွင် မီးထိန်ထိန်လင်းကာ အစည်းအဝေးကျင်းပလျက် ရှိသည်။ အစည်းအဝေးမှာ တစ်နာရီကျော်ကျော်မျှ အကြိတ်အနယ် ဖြစ်ခဲ့ပြီးနောက် တဖြည်းဖြည်း အရှိန်လျော့လာခဲ့သည်။ အချိန်တစ်နာရီကျော်ခဲ့ပြီးသည့်တိုင်အောင် မည်သည့် ဆုံးဖြတ်ချက်ကိုမှ ပြတ်ပြတ်သားသား မချမှတ်နိုင်ကြသေး။

မြို့တော်ဝန် အက္ကာဒီသည် သူ၏ အိဖောင်းဖောင်း လက်ချောင်းများဖြင့် စားပွဲထိပ်ကို ဗုံတီးသလို တဘုတ်ဘုတ်နှင့် တီးနေရင်းမှ သူ့စားပွဲရှေ့တွင် ထိုင်နေသော ပုဂ္ဂိုလ်များကို အကဲခတ်ကြည့်ရှုလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ပြည်ထောင်စုရဲတပ်ဖွဲ့မှူး ဗိုလ်မှူးကြီးကတ်ထရုန်း၊ ဗင်းနစ်မြို့တော်ရဲဝန်ထောက် ကွက်စရိုထရီဗီဆန်နှင့် ရုရှကေဂျီဘီအရာရှိ ဗိုလ်မှူးကက်ဒရော့။ အားလုံးငြိမ်သက်နေကြသည်။

နောက်ဆုံးတော့ မြို့တော်ဝန်က စိတ်ပျက်လက်လျှော့ အမူအရာဖြင့် ပခုံးတစ်ချက်တွန့်လိုက်ပြီး –

"ဒီလောက် ဖိဖိစီးစီး လိုက်နေတာတောင်မှ ဒီလူ့ကို မမိနိုင်သေးတာ အံ့သြစရာပဲ။ ကျုပ်အထင်တော့ မက္ကဒေါ်နယ်ဟာ တစ်နေရာတည်းမှာ အမြဲတမ်း ပုန်းနေတာ ဖြစ်ရမယ်။ အဲဒီနေရာကလဲ ကျုပ်တို့ရှာဖွေရေးတွေ မျက်စိလျှမ်းသွားနိုင်တဲ့ မထင်မရှားနေရာမျိုးဖြစ်မယ်။ သူက အဲဒီနေရာမှာ အမြဲတမ်း ပုန်းနေပြီး ကျုပ်တို့က မြို့ကို ပြန်ဖွင့်တော့မှ အထင်သေ ကလေးနဲ့ အသာကလေး လစ်ထွက်သွားလိမ့်မယ်"

ဗိုလ်မှူးကြီး ကတ်ထရုန်းက ဦးခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်ဘူး။ အဲဒီလို မဖြစ်နိုင်ဘူး။ ဒီလူ့မှာ အကူအညီပေးမယ့် မိတ်ဆွေတစ်ယောက် ရှိနေတယ်ဆိုတာ ကျွန်တော်တို့ သိထားပြီးပြီ။ အဲဒီလူကပဲ သူ့ကို ဆန်လက်ဇာရိုကျွန်းက ခိုးထုတ်သွားတာပဲ။ အဲဒီလူဟာ ဗင်းနစ်မြို့အကြောင်း ကောင်းကောင်းသိတယ်။ ဒါကြောင့် သူ့မှာ ဒီမြို့မှာ မိတ်ဆွေအပေါင်းအသင်းတွေလဲ တစ်ပုံကြီးရှိမယ်။ သက်သေခံအထောက်အထား မပြနိုင်သေးပေမယ့် အဲဒီမိတ်ဆွေတွေဟာ ကျွန်တော်တို့ ဝရမ်းပြေးကို တစ်ယောက်လက်က တစ်ယောက် လက်ဆင့်ကမ်းပြီး အကာအကွယ် ပေးထားတယ်ဆိုတာ ထင်ရှားနေပါတယ်"

"ဘာကြောင့် အဲဒီလို ယူဆရသလဲ" ထရီဗီဆန်က စောဒကတက်လိုက်သည်။

"ဘာကြောင့် အဲဒီလို ယူဆရသလဲဆိုရင် … အများအားဖြင့်တော့ ကျွန်တော်ရဲ့ မှန်းဆချက်အရပဲ။ ပြီးတော့ တခြားအချက်တစ်ခုခုလဲ ရှိချင်ရှိမှာပေါ့။ ဒါပေမယ့် သဲလွန်စကိုတော့ ပြီးခဲ့တဲ့ နေလယ်တုန်းကပဲ ရခဲ့တယ်။ ဟိုအမေရိကန် စာရေးဆရာ ဘာတဲ့ … သူ့နာမည်က"

"စီးဒရစ်ဖော်စတာ" မြို့တော်ဝန်က ဖြည့်စွက်ပေးသည်။

"အေး … အဲဒီဖော်စတာပဲ။ သူက မက္ကဒေါ်နယ် ပုန်းနေတဲ့ နေရာကို သိတယ်။ သူ့ကို အသက်ရှည်ဆေး ပထမဆုံး ထိုးပေးမယ်ဆိုရင် သူပြောပြမယ်ဆိုပြီး ကျွန်တော်တို့ဆီ လာပြောတယ်။ ကျွန်တော်တို့ကလဲ စိတ်ချ၊ ဖြစ်ရစေမယ်ဆိုပြီး ကတိပေးတယ်။ ဒီတော့ … သူက မက္ကဒေါ်နယ်ဟာ မြို့စားကတော်ကြီးစံအိမ်တော်မှာ ရှိနေတယ်လို့ ပြောတယ်။ ဒါနဲ့ … ကျွန်တော်တို့

www.burmeseclassic.com



လိုက်သွားတော့ အဘွားကြီးနဲ့ ဧည့်သည်တချို့ပဲ တွေ့ရတယ်။ မက္ကဒေါ်နယ်တော့ မရှိဘူး”

“မြို့စားကတော်ကြီးနဲ့ ပတ်သက်နိုင်စရာ အကြောင်း မရှိဘူး ထင်တယ်” မြို့တော်ဝန်က ထင်မြင်ချက်ပေးသည်။

ဗိုလ်မှူးကြီး ကတ်ထရုန်းက နှုတ်ခမ်းကို စူလိုက်ပြီး –

“ဒါကတော့ ကျွန်တော်လဲ အတိအကျ မပြောတတ်ပါဘူး။ ဒါပေမယ့် ... ဖော်စတာအနေနဲ့ လုပ်ကြံပြောစရာအကြောင်း မရှိဘူးလို့ ယုံကြည်တယ်။ မြို့စားကတော်ကြီးက သူနောက်ပြောင်ပြီး ပြောတာပါလို့ ထွက်ဆိုတယ်။ ဒါဟာ ယုတ္တိမရှိတဲ့စကားပဲ။ သူ သိကိုသိရမယ်၊ မက္ကဒေါ်နယ်ကို လည်းသိရမယ်။ မက္ကဒေါ်နယ်ကို ကျွန်တော်တို့ လိုက်ရှာနေတဲ့အကြောင်းရင်းကိုလည်း သိရမယ်”

ရဲဝန်ထောက် ထရီဗီဆန်က ဖြတ်ပြီး –

“ဒီအမှုမှာ ဒီအဘွားကြီး ပါဝင်နိုင်တယ်။ မကြာခင် ပေါ်လာလိမ့်မယ်။ ဗင်းနစ်မြို့မှာ ကောလာဟလတွေက အပြန့်လွယ်ပါတယ်။ လျှို့ဝှက်ချက်တစ်ခုကို ကြာကြာ မြုံထားလို့ မရပါဘူး”

“ဘာပဲပြောပြော ... မက္ကဒေါ်နယ်ကို မြို့စားကတော်ကြီး အကာအကွယ်ပေးထားတာ ဖြစ်နိုင်တယ်။ ဖော်စတာက သွေးရူးသွေးတန်းလုပ်တော့ အဘွားကြီးက မက္ကဒေါ်နယ်ကို တခြားမိတ်ဆွေတစ်ယောက်ဆီ ရွှေ့ထားလိုက်တာ ဖြစ်ရမယ်”

ဟု ကတ်ထရုန်းက ပြောသည်။

“ဒီတော့ ... အဘွားကြီးကို ကျွန်တော်တို့ မျက်ချေမပြတ် စောင့်ကြည့်နေဖို့ လိုမလား” ဟု ထရီဗီဆန်က မေးသည်။

“မလိုပါဘူး ... နောက်ကျသွားပြီ။ ဒီအချိန်ကျတော့မှတော့ အဘွားကြီးက ဘာလုပ်တော့မှာလဲဗျ။ အသာကလေး ငြိမ်နေတော့မှာပေါ့။ ဒါပေမယ့် ဒါတွေ အားလုံး ခြုံပြီး သုံးသပ်လိုက်ရင် အချက်တစ်ချက်တော့ ပေါ်လာတယ်။ အဲဒီအချက်က တခြားမဟုတ်ဘူး။ ကျွန်တော်တို့ဘက်က မျက်စိလျှံနေတဲ့ အချက်၊ ကျွန်တော်တို့ဘက်က မေ့နေတဲ့ အချက်ပဲ။ အခု ကျွန်တော်တို့က လူသားတွေ အများကြီးနဲ့ ဆက်ဆံနေရတယ်၊ မမြင်ရတဲ့ မြေအောက်လူသားတွေနဲ့ ဆက်ဆံနေရတယ်။ ဒီတော့ ... ကျွန်တော် စိတ်ကူးတစ်ခု ရလာတယ်။ လူသားတွေဟာ လောဘကြီးတယ်၊ ပိုက်ဆံမက်တယ်။ ဒါကို ဘယ်သူမှ မငြင်းနိုင်ဘူး။ လူသားတစ်ယောက်က ပိုက်ဆံလောဘကြောင့် ခရစ်တော်ကို ရောင်းစားခဲ့ဖူးတဲ့သာဓကရှိတယ်။ အဲဒီတော့ ... မက္ကဒေါ်နယ်ကို ကူညီနေတဲ့

www.burmeseclassic.com



မိတ်ဆွေကလဲ ပိုက်ဆံကို အသုံးချပြီး အခုလို လှည့်ပတ်ရှောင်ပြေး နေနိုင်တာပဲ ဖြစ်မယ်"

"ဒီတော့ ... ကျွန်တော့်အနေနဲ့ အကြံတစ်ခု ပေးချင်တာက ဆုငွေထုတ်ဖို့ ကိစ္စပါပဲ။ ဒီကိစ္စကို အစကတည်းက ကျွန်တော်တို့ လုပ်ခဲ့ဖို့သင့်တာ။ ကျွန်တော်တို့က အရာရာမှာ ပိုက်ဆံကုန်မှာ ကြောက်လွန်းအားကြီးလို့ ဒီလိုဖြစ်ခဲ့ရတယ်။ ဒါပေမယ့် အဲဒါကိုအခုလုပ်မယ်ဆိုရင် အချိန်ရှိပါသေးတယ်။ နောက်မကျသေးပါဘူး။ ဆုငွေ ထိုက်ထိုက်တန်တန်ထုတ်ပြီး ကြေညာလိုက်ရင် ကျွန်တော်တို့ရည်မှန်းချက်ကျိန်းသေအောင်မြင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"

တစ်ခန်းလုံး ငြိမ်သွားသည်။ မည်သူမှ စကားမပြောကြ။ ကတ်ထရန်း၏ အဆိုပြုချက်ကို အားလုံးစဉ်းစားနေကြသည်။

မြို့တော်ဝန်က စပြောလိုက်သည်။

"ဆုငွေက ဘယ်လောက်လဲ။ ဘယ်လောက်ပေးရမလဲ ... ခင်ဗျားက ဘယ်လောက်ပေးမယ် စိတ်ကူးထားသလဲ"

"ပေးရင်လဲ ထိုက်ထိုက်တန်တန်ပေးမှ ဖြစ်မှာပေါ့"

"ဒီတော့ ... လိုင်ရာ ရှစ်သန်း၊ လိုင်ရာ သန်း ၄၀၊ ဟုတ်ရဲ့လား"

"နေစမ်းပါဦး" ဗိုလ်မှူး ကက်ဒရော့က ကုလားထိုင်ကို လှည့်ထိုင်လိုက်သည်။ "အီတာလျံ လိုင်ရာကို ကျုပ် နားမလည်ဘူး၊ ရုရှရူဘယ်ငွေကိုလဲ ခင်ဗျားတို့ နားမလည်ဘူး။ အဲဒီတော့ အမေရိကန် နယ်ချဲ့တွေက တစ်ကမ္ဘာလုံးသုံးအောင် အတင်းတွန်းနေတဲ့ သူတို့ အမေရိကန် ဒေါ်လာငွေနဲ့ပဲ တွက်စမ်းပါ။ မြို့တော်ဝန် ... လိုင်ရာကို ဒေါ်လာနဲ့ တွက်ကြည့်ပါ"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"ကျုပ်က ဗိုလ်မှူးကြီး ကတ်ထရန်းကို သူ့ခေါင်းထဲမှာ ဒေါ်လာ ၁၀,၀၀၀ တွက်ထားသလား။ ဒါမှမဟုတ် ဒေါ်လာ ၅၀,၀၀၀ တွက်ထားသလားလို့ မေးနေတာပါ"

"အဲဒါ ... အဓိပ္ပာယ်မရှိဘူး" ဗိုလ်မှူးကက်ဒရော့က အော်ပြောလိုက်သည်။

"ကျုပ်တို့က ... ကျုပ်တို့ ဝရမ်းပြေးကို သစ္စာရှိနေတဲ့လူကို ဆွဲဆောင်နိုင်ဖို့ လိုတယ်။ မျှားစာကို စားချင်အောင်ကျွေးမှ ငါးက လာဟပ်မှာပေါ့။ အဲဒီတော့ ... ဝရမ်းပြေးကို သတင်းပေးနိုင်တဲ့လူကို ဒေါ်လာ ၁,၅၀,၀၀၀ ပေးမယ်ဗျာ"

"ဒေါ်လာ တစ်သိန်းနဲ့ငါးသောင်း" မြို့တော်ဝန်က မျက်လုံးမျက်ဆံပြူးသွားသည်။

www.burmeseclassic.com



"ဗိုလ်မှူး ... စဉ်းစဉ်းစားစားလုပ်ပါဦး။ ကျုပ်တို့က ကုဋေ ရှစ်ဆယ် သူဌေးသားတွေ မဟုတ်ပါဘူး၊ ဆင်းရဲသားတွေပါ'

"ကိစ္စမရှိဘူး ... မပူပါနဲ့။ ဆိုဗီယက်အစိုးရကိုယ်စား ကျုပ်တာဝန်ယူပါတယ်။ ကျုပ်တို့ ပေးပါ့မယ်။ ဟုတ်တယ် ... ဒီဆုငွေကို ကျုပ်တို့ကပဲ ပေးပါ့မယ်။ ဒီပိုက်ဆံက ကျုပ်တို့လုပ်ငန်းနဲ့စာရင် မဖြစ်စလောက်ကလေးပါ"

"ဒါ ... ဗိုလ်မှူး တကယ်ပြောတာလား"

"ကျုပ် အာမခံတယ်"

မြို့တော်ဝန်က သူ၏ ရဲအရာရှိနှစ်ဦးကို အကဲခတ် ကြည့်ရှုလိုက်သည်။ နှစ်ဦးစလုံးပင် ခေါင်းညိတ်ပြကြသည်။ မြို့တော်ဝန်က သူ၏ပြည့်ဖောင်းနေသော လက်နှစ်ဖက်ကို ဆွဲညှစ်လိုက်ပြီး –

"ဒီလိုဆို ... ဟုတ်ပါပြီ။ ဆုငွေကို အားလုံးသဘောတူပါပြီ။ ဒေါ်လာငွေတစ်သိန်းနဲ့ငါးသောင်း။ အီတာလျံ လိုင်ရာနဲ့ဆိုရင် စုစုပေါင်း ၁၃၀,၀၀၀,၀၀၀"

"အခုချက်ချင်း ကြော်ငြာမှ ဖြစ်မယ်" ဗိုလ်မှူးကက်ဒရော့က ပြောလိုက်သည်။

"အခုချက်ချင်း ကြော်ငြာပါ့မယ်" မြို့တော်ဝန်က ကတိပေးလိုက်သည်။ ပြီးတော့ ရဲဝန်ထောက် ထရီဗီဆန်ဘက်သို့ လှည့်ကာ ...

"ပိုစတာသစ်တွေ အမြန်ဆုံး ရိုက်ပါ။ ကြော်ငြာဟောင်းစာရွက်အပေါ်မှာ နေရာလွတ်ကျန်နေသေးတယ်။ အပိုစာရွက်တွေ ပုံနှိပ်တိုက်မှာ အများကြီးရှိတယ်။ တစ်ယောက်ယောက်ကို နှိုးပြီး ပုံနှိပ်တိုက်ကို ခုချက်ချင်း လွှတ်လိုက်။ ပြီးတော့ စာလုံးမည်းကြီးနဲ့ ထင်ထင်ရှားရှား ပေါ်အောင် .... 'သူလျှိုကို သတင်းပေးနိုင်သူ ဆုငွေ လိုင်ရာ ၁၃,၀၀,၀၀,၀၀၀' လို့ ရိုက်ထည့်ဖို့ ပြောလိုက်။ တစ်နာရီအတွင်း ပြီးအောင်လုပ်ပါ။ ပြီးတော့ ခင်ဗျားလူတွေကို တစ်မြို့လုံးဖြန့်ပြီး အဓိကနေရာတွေမှာ ပိုစတာတွေကပ်ခိုင်း။ ကျန်တာတော့ မိုးလင်းတော့မှပဲ ဖြန့်ကြတာပေါ့"

ရဲဝန်ထောက် ထရီဗီဆန် နေရာမှ ခပ်သုတ်သုတ်ကလေး ထသွားသည်။ မြို့တော်ဝန်က ပြောလိုက်သည်။

"ကောင်းတယ်၊ ပြီးသွားပြီ။ အလုပ်တစ်ခုတော့ ပြီးသွားပြီ''

ဗိုလ်မှူးကြီး ကတ်ထရန်းက ကျေနပ်သွားဟန်ဖြင့် –

"တစ်ခုခုတော့ အဖြေထွက်လာမှာပါ"

ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်းမြည်လာသည်။

"ဟင် ... မစ္စက် ရီနယ်လ်ဒိုလဲ အိမ်မပြန်သေးဘူးနဲ့တူတယ်"

www.burmeseclassic.com



မြို့တော်ဝန်က ပြောလိုက်သည်။ သူက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

“အင်း”

သူက နားစွင့်နေသည်။ ပြီးတော့ –

“ဟုတ်လား၊ တကယ်လား။ တကယ်ပြောတာလား။ အဲဒီ အမျိုးသမီးကို ဧည့်ခန်းက စောင့်နေပါလို့ ပြောပါ။ အခု ငါ လာခဲ့မယ်။ မင်း အိမ်ပြန်ချင်ရင် ပြန်နိုင်ပါပြီ”

မြို့တော်ဝန်က တယ်လီဖုန်းကို ပြန်ချလိုက်သည်။

“အချိန်မတော် အမျိုးသမီးဧည့်သည်တစ်ယောက် အပြင်မှာ ရောက်နေတယ်။ အရေးကြီးတဲ့ကိစ္စ ပြောချင်လို့ အာဏာပိုင်တစ်ယောက်ယောက်နဲ့ တွေ့ချင်တယ်တဲ့။ သူက ရဲစခန်းကို ဖုန်းဆက်တော့ ကျုပ်တို့ ဒီမှာရှိတယ်ဆိုတာ စခန်းကပြောလိုက်လို့ ဒီကိုလိုက်လာတာ။ ကဲ ... ဒီတော့ ... ကျုပ်ကို ခဏခွင့်ပြုပါဦး။ စားပွဲပေါ်မှာ ဘရန်ဒီတွေ ရှိပါတယ်။ သုံးချင်ရင် သုံးကြပါ”

မြို့တော်ဝန်သည် သူ၏ ကော်ဇောအပြည့်ခင်း ရုံးခန်းကို ဖြတ်ကာ ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ သူ့အတွင်းရေးမှူး စာရေးမ မစ္စက်ရီနယ်လ်ဒို အိမ်ပြန်သွားပြီ။

ဧည့်သည်အမျိုးသမီးမှာ ကုလားထိုင်တွင် မထိုင်ဘဲ အခန်းအလယ်တွင် ရပ်နေသည်။

မြို့တော်ဝန်က ဧည့်သည် အမျိုးသမီးအနီးသို့ လျှောက်လာသည်။ တော်တော့်ကို လှတဲ့ မိန်းမပဲဟု စိတ်ထဲက မှတ်ချက်ချလိုက်သည်။ သည်မျက်နှာကို သူမျက်မှန်းတန်းမိသလိုလို ရှိသည်။ သို့သော် ... ဘယ်အချိန်က ဘယ်မှာ တွေ့ဖူးမှန်း စဉ်းစားလို့မရ။

“ကျုပ် မြို့တော်ဝန်ပါ။ မစ္စ ...”

“တီရီဆာ ဖန်တိုနီပါ”

“သြော် ... ဖြစ်မှ ဖြစ်ရလေ၊ ဟုတ်သားပဲ။ အခုမှပဲ မှတ်မိတော့တယ်။ ဂုဏ်ယူပါတယ် ... မစ္စဖန်တိုနီ။ အခုလို တွေ့ရတာ ဗင်းနစ်မြို့မှာ တွေ့ရတာ အများကြီး ဝမ်းသာပါတယ်။ ကျုပ် ဘာအကူအညီများ ပေးရပါမလဲ။ မစ္စဖန်တိုနီမှာ အခက်အခဲ တစ်ခုခု ကြုံနေရတယ် ထင်ပါတယ်”

“မြို့တော်ဝန်မင်းတို့မှာသာ အခက်အခဲ ကြုံနေရတာပါ။ အဲဒါကို အခု ကျွန်မ ဖြေရှင်းပေးဖို့ လာတာ”

“ဟုတ်လား”

“မြို့တော်ဝန်မင်းတို့က ဒီမြို့ကို ပိတ်ထားတာဟာ သူလျှိုတစ်

www.burmeseclassic.com



ယောက်ကို ဖမ်းချင်လို့ဆိုပြီး ကျွန်မ သိရတယ်။ တကယ်တော့ အဲဒီသူလျှိုဆိုတဲ့ လူဟာ အသက်ရှည်နုပျိုဆေးကို ရှာဖွေတွေ့ရှိတဲ့ ပါမောက္ခ မက္ကဒေါနယ် ဆိုတဲ့ သိပ္ပံပညာရှင်တစ်ယောက် ဖြစ်တယ်ဆိုတာကိုလည်း ကျွန်မ သိခဲ့ရပါတယ်"

မြို့တော်ဝန်က အံ့အားသင့်သွားပြီး –

"ခင်ဗျား ဘယ်လိုလုပ်သိတာလဲ။ ခင်ဗျားကို ဘယ်သူပြောတာလဲ"

"အဲဒါ ထားလိုက်ပါ၊ ဒါ အရေးမကြီးပါဘူး။ အရေးကြီးတာက မြို့တော်ဝန်မင်းတို့က အဲဒီလူကို ဖမ်းမိဖို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ သူ့ကို ကျုပ်တို့ အလွန်လိုအပ်နေပါတယ်။ ဒါ ကြောင့်မို့ အခုပဲ လိုင်ရာ ၁၃,၀၀,၀၀,၀၀၀ ဆုငွေတောင် ထုတ်လိုက်ပြီးပြီ"

"သူရှိတဲ့နေရာ ကျွန်မ ပြောနိုင်ပါတယ်"

မြို့တော်ဝန်က သည်အထိ တွက်မထားသောကြောင့် –

"တကယ်လား။ ခင်ဗျား တကယ်ပြောတာလား"

"တကယ်မှ တကယ်အစစ်ပါ။ ဒါပေမယ့် ပါမောက္ခ မက္ကဒေါနယ် ဘယ်မှာရှိတယ်ဆိုတာ မပြောပြခင် ကျွန်မ တစ်ခုမေးပါရစေ။ အဲဒီလို ပြောပြရင် ကျွန်မအတွက် ဘာလုပ်ပေးနိုင်မှာလဲ"

"ဟာ ... လုပ်ပေးနိုင်တာပေါ့။ သတင်းပေးတဲ့အတိုင်း တကယ်မှန်ခဲ့ ရင်၊ ပြီးတော့ ... သူ့ကို ကျုပ်တို့ လက်ရဖမ်းမိခဲ့ရင် ခင်ဗျားအနေနဲ့ ဆုငွေ လိုင်ရာ ၁၃,၀၀,၀၀,၀၀၀ ရမှာပေါ့"

"အဲဒီဆုငွေ ထားလိုက်စမ်းပါ၊ ကျွန်မ မလိုချင်ပါဘူး။ ကျွန်မက အဲဒါထက် ပိုပြီးတော့ လိုချင်တာရှိတယ်"

"ပိုပြီးတော့ ဟုတ်လား"

"ဟုတ်တယ် ... ပိုပြီးတော့ လိုချင်တယ်။ မြို့တော်ဝန်တို့က ကျွန်မ ကို ကတိဝန်ခံချက်တစ်ခု ပေးရမယ်။ အဲဒါက တခြား မဟုတ်ဘူး။ သူ့ကို ဖမ်းမိပြီးတဲ့နောက် ရှရှကို ပြန်မပို့ခင် ဒါတွေ ကျွန်မ အားလုံးသိပြီးပါပြီ။ သူ့ကို ပြန်မပို့ခင် ကျွန်မကို အသက်ရှည်ဆေးနဲ့ ပထမဆုံး ထိုးပေးပါ့မယ်လို့ ကတိ ဝန်ခံချက် လိုချင်တယ်။ ဒါ ကျွန်မ တောင်းတဲ့ဈေးပဲ။ မလျှော့ဈေးပဲ"

"ကျုပ် သဘောပေါက်ပါပြီ။ ကျုပ် ကတိပေးပါတယ်"

"ကျွန်မ ပါးစပ်ကတိ မလိုချင်ဘူး။ စာရွက်ပေါ်မှာ အဖြူအမည်း ရေးပေးမှ ဖြစ်မယ်"

"စာရွက်ပေါ်မှာ ... ဟုတ်လား။ ဒါကတော့"

"စာရွက်ပေါ်မှာ မြို့တော်ဝန်မင်းကိုယ်တိုင် လက်မှတ်ထိုးပေးရမယ်။ ဘာမှ မခက်ပါဘူး။ ရိုးရိုးကလေးပါ။ စာတစ်ကြောင်းတည်းပဲ ရေးရမှာပါ။



BURMESE CLASSIC .com

www.burmeseclassic.com



သူ့ကို ဖမ်းမိပြီး တစ်ပတ်အတွင်းမှာ ကျွန်မကို နုပျိုဆေးထိုးပေးပါ့မယ်လို့ ကတိပေးရုံလောက်ပါ”

“ကောင်းပြီ ... ဒီကတိကိုတော့ ကျုပ်ပေးလို့ ဖြစ်နိုင်ပါတယ် ထင်ပါတယ်။ ကဲ ... ဒီတော့ အခုပဲ အလုပ်စကြတာပေါ့” သူက အတွင်းရေးမှူးစားပွဲ အံဆွဲထဲမှ စာတစ်ရွက်သွားယူသည်။ ပြီးတော့ ... အပေါ်အင်္ကျီအိတ်ထဲမှ ရွှေဖောင်တိန်ကို ထုတ်ပြီး စားပွဲပေါ် စာရွက်တင်ကာ ကတိဝန်ခံချက်ကို ရေးသည်။ ရေးပြီးတော့ လက်မှတ်ထိုးလိုက်သည်။

တီရီဆာဖန်တိုနီက စာရွက်ကိုကြည့်ပြီး “နေ့စွဲတပ်ပါဦး”

မြို့တော်ဝန်က နေ့စွဲတပ်လိုက်သည်။

ထို့နောက် ... စာရွက်ကို သူမအား ပေးမလို့ လက်လှမ်းလိုက်စဉ်မှာပင် စိတ်ကူးတစ်ခု ရုတ်တရက် ဝင်လာပြီး “စိတ်တော့ မရှိပါနဲ့ ... မစ္စဖန်တိုနီ။ ခင်ဗျားဘက်ကလဲ ကျန်ပါသေးတယ်”

“ပါမောက္ခမက္ကဒေါ်နယ်ဟာ အခုလောလောဆယ် အိုရက်စတီမီမိုဆိုတဲ့ ဂီတပညာရှင်ကလေးရဲ့ အခန်းမှာ ရှိနေပါတယ်။ သူက ဗင်းနစ်မြို့က ကွာဒရီကဖေးတီးဝိုင်းမှာလုပ်တဲ့ တယောဆရာတစ်ယောက်ပါ”

“အိုရက်စတီမီမို၊ ကျုပ်တော့ မသိဘူး”

“ဟုတ်ပါတယ်။ သူ တကယ်ရှိပါတယ်။ ပါမောက္ခ မက္ကဒေါ်နယ်ကို သူ့အိမ်မှာ ဝှက်ထားတာ သေချာပါတယ်”

“အိုရက်စတီမီမို ... ဟုတ်ပြီ။ ခင်ဗျား သူ့လိပ်စာသိသလား”

“ဟင့်အင်း ... ကျွန်မ မသိဘူး။ ဘုရားရေ ... ဒါကလေးများ ဘာခက်လို့လဲ”

“မခက်ပါဘူး ... မခက်ပါဘူး။ စိတ်မရှိပါနဲ့ မစ္စဖန်တိုနီ။ ဒီအတွက် ဘာမှ ပြဿနာမရှိပါဘူး။ သူ့လိပ်စာကို ရဲအဖွဲ့က ခဏကလေးနဲ့ ရနိုင်ပါတယ်။ ကျုပ်တို့ သူ့ကို တစ်နာရီအတွင်း ဖမ်းမိမှာပါ”

တီရီဆာက အလှဆုံး ပြုံးလိုက်ပြီး မြို့တော်ဝန်လက်ထဲမှ စာရွက်ကို လှမ်းယူလိုက်သည်။

“အများကြီး ကျေးဇူးတင်ပါတယ် ... အများကြီး ကျေးဇူးတင်ပါတယ်” မြို့တော်ဝန်က တံခါးဆီသို့ လျှောက်သွားသော တီရီဆာ နောက်မှ ကပ်လိုက်သွားရင်း ပြောလိုက်သည်။ “ခင်ဗျားဟာ ဒီညမှာတော့ အံ့သြစရာကောင်းတဲ့ တိုင်းပြုပြည်ပြု အလုပ်ကြီးတစ်ခုကို တာဝန်ကျေကျေ ထမ်းဆောင်လိုက်တာပဲ ... မစ္စဖန်တိုနီ”

တီရီဆာက သမင်လည်ပြန်လှည့်ကာ ပြုံးလိုက်ပြီး –



BURMESE CLASSIC .com

www.burmeseclassic.com



"မြို့တော်ဝန်မင်းတို့လည်း အတူတူပါပဲ ... အတူတူပါပဲ"

နောက် မိနစ်ပိုင်းအတွင်းတွင် တီရီဆာသည် မြို့တော်ခန်းမ အဆောက်အအုံထဲမှ ပြန်ထွက်လာပြီး၊ ဂရင်းတူးမြောင်းဘေးမှ လမ်းမကြီးပေါ်သို့ ရောက်လာသည်။ သူမသည် လမ်းပေါ်တွင် ခေတ္တရပ်ကာ စာရွက်ကို သေသေသပ်သပ် ခေါက်ပြီးနောက် ပိုက်ဆံအိတ်ထဲတွင် ထည့်လိုက်သည်။

သူမသည် ကျေနပ်မှု အပြည့်ဖြင့် ဂရစ်တီ နန်းတော်ဟိုတယ်သို့ သက်သောင့်သက်သာ ပြန်လျှောက်လာခဲ့သည်။

လမ်းမကြီးပေါ်မှ တီရီဆာ ထွက်သွားချိန်တွင် မြို့တော်ခန်းမဘေးရှိ အဆောက်အအုံတစ်ခု၏ ထောင့်ကွယ်အမှောင်ရိပ်ထဲတွင် လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်သွားသည်။ အိုရက်စတီမီမို ...။

သူသည် အမှောင်ရိပ်ထဲမှ လရောင်ထဲသို့ လှမ်းထွက်လိုက်သည်။ ထို့နောက် ... မိုးလင်းဝါ လရောင်အောက်တွင် တစ်ယောက်တည်း လှုပ်လှုပ်လှုပ်လှုပ်ဖြင့် လျှောက်ထွက်သွားသော တီရီဆာကို နာကြည်းစွာဖြင့် ရပ်ကြည့်နေသည်။ အပြစ်ကျူးလွန်ခြင်း၊ မိမိကိုယ်ကို ရွံရှာမုန်းတီးခြင်း စိတ်တို့သည် သူ့ရင်ထဲတွင် တဖြည်းဖြည်းနှင့် တရိပ်ရိပ် တက်၍တက်၍ လာကြသည်။

*

အိုရက်စတီမီမို၏ အိပ်ခန်းထဲမှ တယ်လီဖုန်း အဆက်မပြတ် မြည်နေသည်။ ဂျော်ဒန်က သွားကိုင်ရကောင်းမလား၊ မကိုင်ဘဲသည်အတိုင်းထားလိုက်ရ ကောင်းမလား ချီတုံချတုံ ဖြစ်နေသည်။

သည်အခန်းထဲတွင် သူနှင့် ပါမောက္ခမက္ကဒေါ်နယ်တို့ရှိကြောင်း မီမိုကလွဲပြီး ဘယ်သူမှမသိ။ အို ... ဟုတ်သေးပါဘူး။ ဂျော်ဒန်က ခုမှ သတိရမိသည်။ သူတို့နှစ်ယောက် သည်မှာရှိတာကို အယ်လီဆင်လည်း သိသည်။

နေ့လယ်တုန်းက သူအလစ် ထွက်သွားပြီး ဒင်နီယယ်လီဟိုတယ်သို့ ခဏပြန်လိုက်သေးသည်။ သူက မီမို၏အခန်းတွင် ပါမောက္ခကြီး လုံလုံခြုံခြုံ ရှိကြောင်း အယ်လီဆင်အား ပြောပြပြီး မီမို၏ တယ်လီဖုန်းနံပါတ်ကိုလည်း လိုရမည်ရ ပေးထားခဲ့သည်။ ပြီးတော့ ... သူ့ဆီ တယ်လီဖုန်းဆက်လျှင် သုံးကြိမ်မြည်ပြီးနောက် ဖုန်းကိုပြန်ချ။ ထို့နောက် ဆက်ခေါ်၊ သုံးကြိမ်မြည်ပြီးနောက် ပြန်ချ။ ထိုအခါ ဖုန်းဆက်သူမှာ အယ်လီဆင်ဖြစ်ကြောင်း သူက တစ်ထစ်ချသိမည်။

သည်တော့မှ သူက ပြန်ဆက်မည်ဟုလည်း ပြောခဲ့သေးသည်။

သို့သော် ယခုမူ မီမို၏ ခုတင်ဘေးမှ တယ်လီဖုန်းမှာ အနည်းဆုံး ရှစ်ကြိမ် ကိုးကြိမ်လောက်ပင် ဆက်တိုက်မြည်ပြီးလေပြီ။



BURMESE CLASSIC .com

www.burmeseclassic.com



သူ့ကို ဆက်တာဆို လျှင် မီမိုဆက်တာပဲဖြစ်မည်။ သည်လို မဟုတ်ဘဲ မီမိုဆီ ဆက်တာဆိုလျှင် သူသိသော မီမို့မိတ်ဆွေ တစ်ယောက်ယောက်ထံမှ ဖြစ်နိုင်သည်။ အဲဒီလိုသာ ဆိုလျှင် ... တယ်လီဖုန်းနံပါတ် မှားနေပြီဟု သူက လိမ်ပြောလို့လည်း ရသည်။

သို့သော် ... ဘယ်သူ့ဆီကပဲ ဆက်ဆက်၊ အရေးကြီးသော ကိစ္စတော့ ဖြစ်နိုင်သည်။ သည်လို ညကြီးသန်းခေါင် အချိန်မတော် တယ်လီဖုန်းခေါ်ခြင်းမှာ သာမန်ကိစ္စတော့ မဖြစ်နိုင်။

တယ်လီဖုန်းသံက ဆက်တိုက်ပေါ်ထွက်နေတုန်းပင်။

ဂျော်ဒန်သည် ဖတ်လက်စ သတင်းစာကို ဘေးသို့ချထားလိုက်ပြီး၊ ပါမောက္ခကြီးကို စောင်းကြည့်လိုက်သည်။ ပါမောက္ခကြီးသည် အိပ်ရာဝင်ရန် ရုပ်အင်္ကျီကို ချွတ်နေသည်။

ဂျော်ဒန်သည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"တင်လား ... ကျွန်တော် အိုရက်စတီပါ" သူ့အသံက မောဟိုက်နေသလို ထင်ရသည်။ "တော်ပါသေးရဲ့။ ခင်ဗျားနဲ့ တည့်တည့်ကျတာ ဘုရား မတာပဲ"

"ဘာဖြစ်လို့လဲဗျ''

ဂျော်ဒန်က အလောကလေး ပြန်မေးလိုက်သည်။

"ဒီမှာ ... ခင်ဗျားတို့ အဲဒီနေရာက အခုချက်ချင်းထွက်သွားပါ။ အချိန်မရှိဘူး။ မြန်မြန်လုပ်ပါ။ မဟုတ်ရင် ... အားလုံး ဒုက္ခရောက်ကုန်တော့မယ်။ ခင်ဗျားတို့ အဲဒီမှာရှိတာ ရဲက သတင်းရသွားပြီ။ လောလောဆယ် အချိန်မရှိတော့ဘူး ... နောက်မှ ကျွန်တော် ရှင်းပြမယ်။ ကျွန်တော်က ခင်ဗျားနဲ့ ပါမောက္ခကြီး အဲဒီမှာရှိတာကို လူတစ်ယောက်ကို ပြောလိုက်မိတာဗျ"

"ပါမောက္ခကြီး ဒီမှာရှိတာ ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ" ဂျော်ဒန်က ကမန်းကတန်း မေးလိုက်သည်။

"အဲဒါ ထားစမ်းပါဦး။ ခင်ဗျားနဲ့တွေ့တော့မှ ကျွန်တော် ပြောပြမယ်။ အဓိက အချက်ကတော့ ... ခင်ဗျားတို့ အဲဒီနေရာက အမြန်ဆုံး ထွက်သွားဖို့ပဲ။ မြန်မြန်လုပ်ပါ အချိန်မရှိတော့ဘူး။ ရဲတွေလိုက်လာနေပြီ။ ခုချက်ချင်း မြန်မြန်ထွက်သွားပါ"

တစ်ဖက်မှ တယ်လီဖုန်း ပြန်ချသွားသည်။

ဂျော်ဒန်သည် ဓာတ်လိုက်ခံရသူလို ဖြစ်သွားပြီး ရုတ်တရက် ခုန်ထလိုက်သည်။

www.burmeseclassic.com



"ဆရာကြီး … ဆရာကြီး။ ကျွန်တော်တို့ကို ရဲကသိသွားပြီ။ ဘယ်လိုလုပ်သိမှန်းတော့ မပြောတတ်ဘူး။ အခု သူတို့လာနေကြပြီတဲ့။ ဒီတော့ … အင်္ကျီပြန်ဝတ်၊ အပေါ်အင်္ကျီပါဝတ်။ မှတ်စုတွေလဲ မမေ့နဲ့ဦး။ ကဲ … ကဲ … မြန်မြန်လုပ်။ သွားမယ် … သွားမယ်"

"ဘယ်ကိုသွားမလဲ"

"ကျွန်တော့် ရုံးကို သွားမယ်။ ကဲ … မြန်မြန် … မြန်မြန်"

တစ်မိနစ် မပြည့်ခင်မှာပင် ပါမောက္ခကြီးမှာ အဆင်သင့်ဖြစ်နေပြီ။ ဂျော်ဒန်က တစ်ခန်းလုံး မျက်လုံးကစားကြည့်လိုက်သည်။ ဟုတ်ပြီ … ဘာမှ မကျန်တော့။

ထို့နောက် သူသည် ပါမောက္ခကြီးကို လက်ဆွဲပြီး တံခါးဝသို့ လာခဲ့သည်။ တံခါးဖွင့်ပြီး အပြင်သို့ ခြေလှမ်းလိုက်စဉ်မှာပင် တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာပြန်သည်။

ဂလင် … ဂလင်။

ဂလင် … ဂလင်။

ဂလင် … ဂလင်။

ထို့နောက် အသံရပ်သွားသည်။

"အယ်လီဆင်ဆီက ဖြစ်မယ်" ဂျော်ဒန်က အသက်အောင့်ထားသံဖြင့် ပြောလိုက်သည်။

"အရေးကြီးလို့ ထင်တယ်။ နို့မဟုတ်ရင် သူ မဆက်"

"ထားလိုက်စမ်းပါ။ ကဲ … လာ" သူက ပါမောက္ခကြီးအား အတင်းတွဲပြီး အခန်းကို ဖြတ်လျှောက်လာသည်။

"လောလောဆယ် အရေးကြီးတာ တစ်ခုပဲ ရှိတယ် … ဆရာကြီးကို ဒီနေရာက အမြန်ဆုံး ထုတ်သွားဖို့ပဲ"

သူတို့သည် လှေကားမှ မြန်မြန်ထက်ထက် ဆင်းခဲ့ကြပြီးနောက် လမ်းမပေါ်သို့ ရောက်လာကြသည်။ ဂျော်ဒန်က ပိုင်ယက်ဇာဆန်မာကို ရင်ပြင်ဘက်သို့ လက်ညှိုးထိုးပြလိုက်ပြီး နှစ်ယောက်သား ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့ကြသည်။ လမ်းဆုံတစ်ခုရောက်တော့ ဂျော်ဒန်က ဂျိုးဂျိုးဂျောက်ဂျောက် အသံလိုလို ကြားလိုက်ရသည်။ သူက ပါမောက္ခကြီး၏လက်မောင်းကို လှမ်းဆွဲပြီး ရပ်လိုက်သည်။ သူတို့ရှေ့မှ ကမ္ဘာလှည့်ခရီးသည်များကိုကျော်ပြီး ရှေ့သို့ လှမ်းကြည့်လိုက်ရာ ရဲသားတစ်အုပ်ကို မြင်လိုက်ရသည်။ စုစုပေါင်း ခြောက်ယောက် သို့မဟုတ် ရှစ်ယောက်လောက်ရှိမည်။ ရဲသားများသည် သူတို့ဘက်သို့ ချီတက်လာကြသည်။

www.burmeseclassic.com



ဂျော်ဒန်က သွေးရူးသွေးတန်းဖြင့် ပါမောက္ခကြီးအား လမ်းဘေးချောင်ကြားထဲသို့ ကမန်းကတန်း တွန်းကပ်လိုက်ရာ အားလွန်သွားပြီး နှစ်ယောက်စလုံး လဲကျတော့မလို ဖြစ်သွားသည်။ ထို့နောက် ... အနီးရှိ ဈေးဆိုင်တစ်ခု၏ အရှေ့ခန်းထဲသို့ ဝင်နေလိုက်ကြသည်။ ခဏကြာတော့ ဂျော်ဒန်ဆိုင်ထဲမှ ထွက်ကြည့်လိုက်သည်။

ရဲသားတွေ ၁၀ ကိုက်ခန့် ကျော်တက်သွားကြပြီ။ သူက ပါမောက္ခကြီးအား ဆိုင်ထဲတွင်ပင်နေရန် လက်ကာပြလိုက်ပြီးနောက် လမ်းထောင့်အထိ ထွက်လာကာ လှမ်းကြည့်လိုက်သည်။ ရဲသားတွေ မီမိုတို့တိုက်ရှေ့ ရောက်သွားကြပြီ။ အထဲဝင်သွားကြပြီ။ ဂျော်ဒန်သည် ဈေးဆိုင်ရှေ့သို့ ပြန်ပြေးလာကာ ပါမောက္ခကြီးအား လက်ယက်ခေါ်လိုက်သည်။ ထို့နောက် ဆက်လက်ပြီး ခပ်သုတ်သုတ်ကလေး လျှောက်လာခဲ့ကြသည်။

လမ်းမပေါ်သို့ ရောက်သောအခါ ခြေလှမ်းမှန်မှန်ဖြင့် ရောက်လာခဲ့ကြသည်။ လျှောက်လာရင်း ကုန်ပစ္စည်း အလှပြမှန်ပြတင်းများကို လျှောက်ကြည့်နေသူ အချို့နှင့် တွေ့သော်လည်း ၎င်းတို့က သူတို့အား လှည့်၍ပင် မကြည့်ကြ။

ပိုင်ယက်ဇာ ရင်ပြင်ရောက်တော့ ဂျော်ဒန်၏ ရုံးအဝင်ဝဘက်သို့ သွားသော စင်္ကြံဆောင်ထဲသို့ လှည့်ဝင်လိုက်ကြသည်။

ဂျော်ဒန်က လေသံဖြင့် "ဆရာကြီး လက်ကိုင်ပဝါထုတ်ပြီး နှပ်ညှစ်သလို သုတ်နေလိုက်ပါ။ ဟိုမှာ ရဲတွေဘာတွေနဲ့ တိုးနေခဲ့ရင် မျက်နှာ မမြင်နိုင်အောင်လို့ပါ။ သိပ်မဝေးတော့ပါဘူး။ ရောက်တော့မှာပါ"

ထို့နောက် သူတို့သည် လာဗင်နာစားသောက်ဆိုင်တီးဝိုင်း ဇာတ်ခုံနောက်မှ ဖြတ်လျှောက်လာခဲ့ကြသည်။ တီးဝိုင်းတွင် လူတစ်ဝက်သာပြည့်သည်။ လမ်းသွားလမ်းလာများကြားမှ ဖြတ်ပြီး စင်္ကြံဆောင်အလယ်သို့ ခပ်မြန်မြန် ဆက်လျှောက်လာခဲ့ကြသည်။

နောက်မိနစ်ပိုင်း အတွင်းမှာပင် ဂျော်ဒန်၏ ရုံးခန်းထဲသို့ ဘေးမသီရန်မခ ရောက်ရှိလာကြသည်။ သည်တော့မှ နှစ်ယောက်စလုံး ဟင်းခနဲ သက်မချနိုင်ကြတော့သည်။

"ထိုင်ပါ ... ဆရာကြီး၊ အေးအေးဆေးဆေး အနားယူပစ်လိုက်ပါ။ ကျွန်တော် အယ်လီဆင်ဆီ ဖုန်းပြန်ဆက်ဦးမယ်။ ပြီးတော့မှ မနက်ပိုင်း ဘယ်မှာ သွားပုန်းရမလဲဆိုတာ စဉ်းစားကြတာပေါ့"

ထို့နောက် ဂျော်ဒန်သည် ဒင်နီယယ်လီဟိုတယ်သို့ ဖုန်းဆက်သည်။ ဒေါက်တာ အယ်လီဆင်အက်ဒွပ်ကို ခေါ်ပေးရန် ပြောလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ဖက်မှ တယ်လီဖုန်းကိုင်တော့ သူက 'အယ်လီဆင်လား၊ တင်ဂျော်ဒန်ပါ"

"ခုနကပဲ ရှင့်ဆီ ကျွန်မ ဆက်သေးတယ်"

"ဟုတ်တယ်။ တို့ တံခါးဝရောက်တော့ မင်း … ဖုန်းခေါ်သံကြားရတယ်။ တို့ဘယ်မှာရှိတယ်ဆိုတာ ရဲတွေ သိသွားပြီလို့ မီမိုက ငါ့ဆီဖုန်းဆက်တယ်။ ဒါကြောင့် တို့ ကမန်းကတန်း ထွက်ပြေးလာခဲ့ရတာ"

"အခု … ရှင်တို့ ဘယ်မှာလဲ"

"ငါ့ ရုံးခန်းထဲမှာ၊ တို့တော့ ပြောင်ပြောင်ကြီးကို လုပ်လာခဲ့ကြတာပဲ။ ဒါနဲ့ … ဆိုပါဦး။ ဘာထူးသေးသလဲ"

"ဘရူနိုဆီက ဖုန်းလာတယ်။ အဲဒါကြောင့် ရှင့်ကို ကျွန်မ ဖုန်းခေါ်တာ။ သူက ရှင်နဲ့ စကားပြောချင်တယ်တဲ့။ ဒီည … ၁၁ နာရီမထိုးခင် 'ဗင်းနစ်ဂေဇက်' သတင်းစာတိုက်ကို ခေါ်ပါတဲ့"

ဂျော်ဒန်က တယ်လီဖုန်းကို ပါးစပ်မှ ခွာကာ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ၁၀ နာရီ၊ ၃၅ မိနစ်။

"အိုကေ … ငါ သူ့ဆီ ဆက်လိုက်မယ်။ သူက ဘယ်လို အခြေအနေရှိတယ်ဆိုတာ နည်းနည်းပါးပါးများ ပြောမသွားဘူးလား"

"ဘာမှ မပြောသွားဘူး။ ရှင်နဲ့ ၁၁ နာရီမှာ စကားပြောချင်တယ်ဆိုတာလောက်ပဲ ပြောသွားတယ်။ ဒါနဲ့ ရှင်လိုချင်တဲ့အဖြေကို ရမယ်လို့ကော ထင်လို့လား တင်"

"ငါတော့ မျှော်လင့်တာပဲ။ တစ်ခုခုတော့ ထူးခြားမယ် မျှော်လင့်တာပဲ။ တို့က တစ်ခုခုတော့ အပြောင်းအလဲ ရှိမှဖြစ်မယ်။ ဘာမှ ထွက်ပေါက်မရှိဘဲ အခုလို တစ်ပြေးတည်း ပြေးနေရတာ မကောင်းဘူး။ ဒီအတိုင်းသာဆိုရင် တစ်နေ့ထက်တစ်နေ့ အခြေအနေ ဆိုးလာလိမ့်မယ်"

"ရှင်စကားပြောတာ သတိထားပြီး ပြောစမ်းပါ"

"ကိစ္စမရှိပါဘူး၊ ဒီလိုင်းမှာ ဘယ်သူမှ မရှိပါဘူး။ သူတို့က ရပ်ဝေးဖုန်းလိုင်းလောက်ပဲ ဖြတ်နားထောင်တာ။ ကဲ … အဲဒီတော့ ငါ … ဘရူနိုဆီ ဆက်ကြည့်ဦးမယ်။ ပြီးတော့ … မင်းဆီ ပြန်ဆက်မယ်"

ဂျော်ဒန်က တယ်လီဖုန်းကို ပြန်ချပြီး ပါမောက္ခကြီးကို စောင်းကြည့်လိုက်သည်။ ပါမောက္ခကြီးက စိတ်ပျက်အားငယ်နေသော အမူအရာဖြင့် ဂျော်ဒန်ကို ကြောင်ကြောင်ကြီး လှမ်းကြည့်နေသည်။ သူ၏အပြာရောင် မျက်လုံးများများမှာ အရည်ရွှန်းလဲ့နေကြသည်။

"ဘာဖြစ်လို့လဲ …ဆရာကြီး၊ နေထိုင်မကောင်းတော့ မဖြစ်ပါဘူးနော်"

www.burmeseclassic.com



"နေကောင်းပါတယ်၊ နည်းနည်း စိုးရိမ်လို့ပါ။ စီးကရက်များ ရှိသလား။ ငါ့မှာ စီးကရက် ကုန်သွားပြီ"

"ကျွန်တော်က ဆေးတံသမားပဲ။ ဒါပေမယ့် နေဦး"

ဂျော်ဒန်သည် အတွင်းရေးမှူး စာရေးမအခန်းထဲ ဝင်သွားပြီး စားပွဲအံ့ဆွဲကို ဖွင့်ကြည့်သည်။ စီးကရက်ဗူးတစ်ဝက် တွေ့ရသည်။ ပါမောက္ခကြီးအတွက် တစ်လိပ် ယူခဲ့သည်။ သူက ပါမောက္ခကြီးအား မီးခြစ် ခြစ်ပေးလိုက်သည်။

"ဘရူနိုက ကျွန်တော်နဲ့ စကားပြောချင်တယ်တဲ့"

ပါမောက္ခကြီးက ဆေးလိပ်ဖွာရင်း မျက်မှောင်ကြုတ်ပြီး –

"သတင်းကောင်း ကြားရပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

"ဟုတ်တယ်။ ဆုတောင်းရမှာပဲ"

ထို့နောက် စားပွဲတွင် ဝင်ထိုင်ပြီး တယ်လီဖုန်းကို လှမ်းယူလိုက်သည်။ ချက်ချင်းပင် ဘရူနိုနှင့် ဆက်မိသည်။

"ဘရူနိုလား၊ ငါ တင်ဂျော်ဒန်ပါ။ မင်း ငါ့ဆီ ဖုန်းဆက်တယ်ဆို။ ဘယ်လိုလဲ။ အခြေအနေကောင်းတယ် မဟုတ်လား"

"မီးစိမ်းတော့ ပြနေပြီ ... တင်။ ကျွန်တော့် မိတ်ဆွေတွေက သူ့မိန်းမဆီက သဘောတူညီချက်ရပြီ။ မိတ်ဆွေ နာမည်က ဗိုလ်ကြီး ဆီဗက်စထရီတဲ့။ သူက လုပ်စရာရှိတာ ဆက်လုပ်ဖို့ အဆင်သင့်ပဲ"

ဂျော်ဒန်က အားတက်သွားကာ ပါမောက္ခကြီးအား ဝမ်းသာစွာဖြင့် လက်ပြလိုက်ပြီး ... တယ်လီဖုန်းထဲသို့ ပြောလိုက်သည်။

"ဟန်ကျပြီ၊ ကျေးဇူးပါပဲ ... ငါ့ညီ။ ဒီတော့ ... ဘယ်တော့ လုပ်ငန်းစမလဲ"

"ဒီည စမယ်။ ည ၁၂ နာရီမှာ စမယ်"

"ဟာ ... တော်တော် မြန်တာပဲ။ တစ်နာရီကျော်ကျော်ပဲ ကျန်တော့တယ်။ မြန်မြန်လုပ်မှ ဖြစ်မယ်။ အဲဒီတော့ ... ဘယ်မှာ ဆုံကြမလဲ"

ဘရူနိုက အသံတိုးတိုးဖြင့် .... "ခင်ဗျားတို့ မော်တော်နဲ့ လာပြီးတော့ ပိုင်ယာဇလေရှိမာထဲကို ဝင်လာပါ။ အဲဒီမှာ လက်ယာဘက်မှာ ကားစခန်းရှိတယ်။ ခင်ဗျား ရောက်ဖူးပါတယ်"

"ရောက်ဖူးပါတယ်"

"ကျွန်တော်က ဂိတ်ဝတစ်နေရာက စောင့်နေမယ်။ ကျွန်တော်တို့ အားလုံး ဆုံပြီးတော့ ဝင်းထဲဖြတ်ပြီး အတွင်းထဲက စားသောက်ဆိုင်ကို သွားမယ်။ အဲဒီဆိုင်က သန်းခေါင်ကျော်အထိ ဖွင့်တယ်။ ဗိုလ်ကြီး ဆီဗက်စထရီက

www.burmeseclassic.com



အဲဒီမှာ ခင်ဗျားတို့ကို ဘယ်နေရာက ဘယ်လို သွားရမယ်ဆိုတာ အားလုံး ပြောပြလိမ့်မယ်"

"သွားတော့ ဘာနဲ့သွားရမှာလဲ"

"ကျွန်တော် 'ဖီးယက်' ကလေးတစ်စင်း ငှားထားပြီးပြီ။ ကားစခန်းမှာ အဆင်သင့် တက်စီးသွားရုံပဲ"

"ကောင်းတယ် ... ဘရူနို၊ သိပ်ကောင်းတယ်"

"အဲဒီတော့ ပိုက်ဆံက ဘယ်လိုလဲ ... ဒေါ်လာ တစ်သောင်းဆိုတာ"

"ဩော် ... ဒါလား၊ မပူပါနဲ့ ... ရရပါစေမယ်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ ငါ့မှာ အခု အဲဒီလောက်အထိ ငွေသားမရှိပါဘူး။ ခရီးသွား ချက်လက်မှတ်နဲ့ ဒီလောက် များများကြီး သွားလဲဖို့နေရာလဲ မရှိဘူး။ အဲဒီတော့ ... ဒီလိုလုပ်ပါလား။ ဒီည တစ်သုတ် အရင်ပေးမယ်။ ဒေါ်လာ ၂၀၀၀ လောက်ပေါ့။ ကျန်တာကို မနက်ဖြန် အကုန်ပေးမယ်။ မင်းနဲ့ မင်းဗိုလ်ကြီးက ငါ့ကို ယုံပါ့မလား"

တစ်ဖက်မှ ဘာသံမှ ပေါ်မလာ။ အတော်ကလေး ကြာတော့မှ –

"ကောင်းပြီလေ။ ကျွန်တော် ခင်ဗျားကို ယုံပါတယ်။ ကျွန်တော့်မိတ်ဆွေလဲ ယုံပါလိမ့်မယ်။ ပထမအရစ် ၂၀၀၀ ကိုသာ ယူလာဖို့ မမေ့ပါနဲ့။ ဒါမှ ... ဗိုလ်ကြီးက ယုံမှာ"

"စိတ်ချပါ။ ငါ ဆက်ဆက် ယူခဲ့ပါ့မယ်"

ဂျော်ဒန်က ခဏမျှ စဉ်းစားနေပြီးမှ –

"ဒါနဲ့ ... အလုပ်က ဖြစ်နိုင်ပါ့မလား။ ငါဆိုလိုတာက လမ်းခရီးမှာ အန္တရာယ်ရှိသလားလို့ပါ"

"ဒီည အန္တရာယ်မရှိဘူး။ ဒါကြောင့်မို့ ဒီည ဖြစ်အောင်လုပ်ရတာ။ ဒီနေ့ညမှာ ဗိုလ်ကြီးက ပွန်တီဒယ်လာ စခန်းမှာ တာဝန်ကျမယ်။ နောက်နေ့ဆိုရင် တခြားလူတွေ တာဝန်ကျမယ်။ ဒီတော့ ဒီနေ့ည စိတ်အချရဆုံးပဲ"

"အိုကေ ... ၁၂ နာရီတိတိနော်"

"၁၂ နာရီတိတိ"

ဘရူနိုက တယ်လီဖုန်း ပြန်ချသွားသည်။

ဂျော်ဒန်သည် စားပွဲကို ကျော်ပြီး ပါမောက္ခကြီးကို ပြုံးပြုံးကြီး ကြည့်လိုက်သည်။

"အင်း ... ကျွန်တော်တို့တော့ အလုပ်စပြီ ဆရာကြီး။ မနက်ဖြန်ဆိုရင် ဆရာကြီး ပါရီရောက်နေပြီ"

*

www.burmeseclassic.com



ည ၁၂ နာရီ မထိုးမီ မိနစ်ပိုင်းခန့်တွင် တင်ဂျော်ဒန်သည် လူသူကင်းမဲ့ပြီး တိတ်ဆိတ်နေသော ပိုင်ယာဇလေရီမာ နယ်မြေထဲ ဝင်လာခဲ့ပြီးနောက် ကားစခန်းဘက်ဆီသို့ တစ်ယောက်တည်း လျှောက်လာခဲ့သည်။

လွန်ခဲ့သော တစ်နာရီကျော်ကျော်ခန့်က ဘရူနိုနှင့် တယ်လီဖုန်းဖြင့် စကားပြောပြီးနောက် ပါမောက္ခကြီးကို သူ့ရုံးခန်းထဲတွင် ကော်ဖီပူပူ တိုက်ထားခဲ့ကာ ဒင်နီယယ်လီ ဟိုတယ်သို့ ထွက်လာခဲ့သည်။ ဟိုတယ်တွင် တာဝန်ကျငွေကိုင်စာရေးသည် ကောင်တာ၌ အလုပ်များနေဆဲ။ ဂျော်ဒန်သည် ငွေကိုင်ထံတွင် ဒေါ်လာ ၂,၀၀၀ တန်ခရီးသွားချက်တစ်စောင်ကို ငွေစက္ကူဖြင့် လဲလိုက်သည်။ ထို့နောက် သူ့အခန်းသို့ တက်လာခဲ့သည်။ အယ်လီဆင်သည် အိပ်ရာပေါ်တွင် လှဲရင်း သတင်းစာဖတ်နေသည်။ သူက ယနေ့ည ၁၂ နာရီတိတိတွင် မလွဲမသွေ ထွက်ပြေးကြရတော့မည့်အကြောင်းကို ပြောပြသည်။ ပြီးတော့ ... နောက်ဆုံးအဆင့်အဖြစ် တယ်လီဖုန်းဆက်ရန် သူ့အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

လောလောဆယ် ပြဿနာမှာ ပိုင်ယာဇလေရီမာသို့ အနှောင့်အယှက်မရှိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိဖို့ ဖြစ်သည်။ ယုံကြည်စိတ်ချရသော သမ္မန်သမားနှင့် မော်တော်သမားကလည်း စုစုပေါင်းမှ လူဂျီစီပိုလာတေး တစ်ယောက်သာရှိသည်။ ညကြီးမင်းကြီး အချိန်အခါမဟုတ်သော်လည်း လူဂျီကို ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြလျှင် မလွှဲမသွေ ကူညီလိမ့်မည်ဟု ယုံကြည်သည်။ ပြီးတော့ ... ယခု သွားရမည့် ခရီးက ဂရင်းတူးမြောင်းကြီး အဆုံးအထိ ခရီးရှည်သွားရမည့် ခရီး။ သမ္မန်နှင့်သွား၍ မဖြစ်နိုင်။ သမ္မန်က နှေးသည်။ မော်တော်ဘုတ်နှင့်မှ ဖြစ်မည်။ လူဂျီကိုပြောလျှင် မော်တော်ဘုတ်လည်း ရနိုင်မည်ပင်။ သူ့ပိုင် မရှိသော်လည်း သူ့သားမှာ ရှိသည်။ ယခင်က ဂျော်ဒန် ခဏခဏ ငှားစီးခဲ့ဖူးသည်။

တယ်လီဖုန်းကို လူဂျီ၏ မိန်းမ လာကိုင်သည်။ သူမက 'ကျွန်မတို့ မအိပ်ကြသေးပါဘူး။ သူလည်း မီးဖိုထဲမှာ ဘီယာစုပ်တုန်းရှိသေးတယ်' ဟု ပြောသည်။

လူဂျီရောက်လာတော့ ... ဂျော်ဒန်က အဆင်ပြေအောင် ပြောပြရသည်။ သူက ဒီည ၁၂ နာရီတွင် သူ၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ယောက်အား ပိုင်ယာဇလေရီမာသို့ အရောက်ပို့ရန်ရှိကြောင်း၊ နောက်တစ်နေ့စောင့်ပြီး အစိုးရရေယာဉ်တစ်ခုခုဖြင့် သွားမည်ဆိုလျှင် အချိန်နောက်ကျသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖြစ်တဲ့နည်းနှင့် ဖြစ်အောင် ကူညီစေလိုကြောင်း ပြောပြသည်။ ထုံးစံအတိုင်းပင် လူဂျီက လုံးဝမငြင်း။ အချိန်မီရောက်နိုင်အောင်

www.burmeseclassic.com



မော်တော်တစ်စင်း ရဖို့သာ လိုသည်ဟု သူက ပြောသည်။ သည်တော့ … သူ့သား မော်တော်ကို သွားငှားမည်။ ပြီးတော့ … ဂျော်ဒန်နှင့် သူ့မိတ်ဆွေတို့က ဒင်နီယယ်လီဟိုတယ် ရှေ့နားကလေးက ကူးတို့ဆိပ်မှ စောင့်နေရမည်။ သူ ထိုနေရာသို့ ၁၁ နာရီခွဲတိတိတွင် ရောက်မည်။

ထို့နောက်တော့ … ဂျော်ဒန်သည် စိတ်ချလက်ချဖြစ်သွားပြီး သူ့ရုံးခန်းသို့ ပြန်လာခဲ့သည်။

၁၁ နာရီ မိနစ် ၂၀ တွင် ရုံးခန်းမှ သူတို့ စတင်ထွက်ခွာဖို့ ပြင်ဆင်ကြသည်။ ထိုအခိုက် ဂျော်ဒန်က တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရလိုက်မိသည်။ သို့ဖြင့် သူက ပါမောက္ခကြီးဘက်သို့ လှည့်ကာ – "ဒါနဲ့ … ဆရာကြီး။ 'စီ – ၉၈' ဆေးနည်းကို စာရွက်ပေါ်မှာ ရေး ပြီးပြီလား"

"ပြီးသလောက်ရှိနေပါပြီ"

"ဆရာကြီး … ပိုင်ယာဇလေရီမာက ထွက်သွားတဲ့ အချိန်မှာ အဲဒီ စာရွက် ကျွန်တော့်ကို ပေးထားခဲ့ဖို့ မမေ့ပါနဲ့။ ဆရာကြီး တစ်ခုခုဖြစ်ခဲ့ရင် လိုရမည်ရ သဘောပါ"

ပါမောက္ခကြီးက များစွာ မကြည့်သောမျက်နှာဖြင့် ဂျော်ဒန်အား ဆတ်ခနဲ ပြန်ကြည့်လိုက်ပြီး –

"စိတ်ချပါ … ငါ မမေ့ပါဘူး"

ထို့နောက် သူတို့သည် ရုံးခန်းထဲမှ ထွက်ခွာလာခဲ့ကြသည်။ လှေကားအတိုင်း ဆင်းလာကြပြီး စင်္ကြံလမ်းပေါ်မှ လျှောက်လာကြသည်။ လမ်းပေါ်တွင် လူသွားလူလာ ခပ်ကျဲကျဲသာ ရှိသည်။ ရဲသားအစောင့်အရှောက် လည်း တစ်ယောက်မှ မတွေ့ရ။ ဂျော်ဒန်နှင့် ပါမောက္ခ မက္ကဒေါ်နယ်တို့ နှစ်ယောက်သားသည် လူသွားလူလာပြတ်သော ကွာဒရီ စားသောက်ဆိုင်လမ်းကြားဘက်သို့ လျှောက်လာခဲ့ကြသည်။

ပိုင်ယက်ဇာ ရင်ပြင်တွင် လူသွားလူလာ ခပ်ကျဲကျဲပင်ရှိသည်။ အများစုမှာလည်း လူငယ်လူရွယ်များသာ ဖြစ်ကြသည်။ ရင်ပြင်အလယ်သို့ ရောက်လာသောအခါ ဂျော်ဒန်သည် လက်ဝဲဘက်အခြမ်းကို အကဲခတ်ကြည့်လိုက်သည်။ ဘာစီလီကာတိုက်ကြီးရှေ့မှ လူအုပ်ကြားတွင် ကာကီယူနီဖောင်းဝတ် ရဲသားနှစ်ယောက်ကို မြင်လိုက်ရသည်။ ရဲသားတစ်ယောက်က နိုင်ငံခြားခရီးသည် မိန်းကလေးတွေကို လိုက်စနေသည်။

"ဆရာကြီး … ခေါင်းကို ကျွန်တော့်ဘက်လှည့်ပြီး ငုံ့ထား၊ ဆရာကြီးက ကျွန်တော့်ကို စိတ်ပါလက်ပါ စကားပြောနေသလိုပေါ့။ ဒါမှ … သူတို့က ကျွန်တော်တို့ မျက်နှာကို မမြင်ရဘဲ နေမှာ"

www.burmeseclassic.com



"ကျုပ် ... ကျုပ်က ဘာစကားပြောရမှာလဲ"

"ဘာမှ မပြောတတ်ရင်လည်း ... ဘုရားရှိခိုးပဲ ရွတ်နေလိုက်ပေါ့"

ပါမောက္ခကြီးက ဂျော်ဒန်ခိုင်းသည့်အတိုင်း ခေါင်းငုံ့ပြီး ဂျော်ဒန်ဘက်သို့ ကပ်လိုက်သည်။ သို့သော် သူက ဘုရားရှိခိုးမရွတ်ဘဲ ခက်ခဲသော သိပ္ပံပုံသေနည်းတစ်ခုကိုသာ ပါးစပ်တလှုပ်လှုပ်ဖြင့် ရွတ်နေသည်။ သည်လိုနှင့် သူတို့သည် 'တမ်ပါနယ်လီ' မိုးထိတိုက်ကြီးရှေ့မှ ဖြတ်ပြီး တရားလွှတ်တော်ချုပ် အဆောက်အအုံဘက်သို့ လာခဲ့သည်။ ထိုမှတစ်ဆင့် ဒင်နီယယ်လီ ဟိုတယ်ဘက် ဆက်လျှောက်ခဲ့ကြသည်။ ဟိုတယ်ရှေ့နားမှ ကူးတို့ဆိပ်တွင် လူတစ်ယောက်က သူတို့အား ရပ်ကြည့်နေသည်။ ထိုသူမှာ ကူးတို့သမားကြီး လူဂျီစီပိုလာတေးဖြစ်သည်။ လူဂျီက ဂျော်ဒန်အား ရေစပ်မှ မော်တော်ဘက်သို့ လက်ညှိုးထိုးရင်း ပြေးဆင်းလာသည်။

ထို့နောက်တွင် ဂျော်ဒန်က ပါမောက္ခကြီးအား မော်တော်နောက်ပိုင်းတွင် နေရာချပေးသည်။ သူကတော့ လူဂျီ၏ ဘေးတွင် သွားရပ်သည်။လူဂျီသည် မော်တော်ကို ချက်ချင်း စက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

ဂရင်းတူးမြောင်းတစ်လျှောက် ခုတ်မောင်းလာစဉ်တွင် ဂျော်ဒန်မှာ ရင်တဖိုဖိုနှင့် ဖြစ်နေသည်။ သို့သော် ... ကံကောင်းပါသည်။ တစ်လမ်းလုံး ဘာအနှောင့်အယှက်မျှ မတွေ့ရ။ တစ်နေရာတွင် ရေကြောင်းကင်းလှည့် မော်တော်ကလေး တစ်စင်းနှင့် မလှမ်းမကမ်းမှ ကြုံရသော်လည်း ရဲတွေက သူတို့အား လှည့်၍ပင် မကြည့်ကြ။

ဤသို့ဖြင့် လူဂျီ၏ မော်တော်သည် ပိုင်ယာဇလေရိမာကူးတို့ဆိပ်သို့ ချောချောမောမော ရောက်ရှိခဲ့သည်။ ထိုအချိန်တွင် ၁၂ နာရီထိုးရန် လေးမိနစ်သာ လိုတော့သည်။

ဂျော်ဒန်က ပါမောက္ခကြီးအား မိမိနေရာတွင်ပင် ငြိမ်ငြိမ်ထိုင်နေရန် မျက်ရိပ်မျက်ခြည် ပြလိုက်သည်။

"သူတို့ကို ကျွန်တော် တစ်ယောက်တည်း အရင်သွားတွေ့မယ်" သူက ပါမောက္ခကြီးအား ပြောလိုက်သည်။ "ကျွန်တော် အမြန်ဆုံး ပြန်လာခဲ့ မယ်" ထို့နောက် သူက လူဂျီဘက်သို့လှည့်ပြီး .... ""မော်တော်ကို ဒီမှာပဲ ဆိုက်ထားပါ။ တကယ်လို့ မသင်္ကာစရာ တစ်ယောက်ယောက် ရောက်လာရင် ကျွန်တော် မြင်သာအောင် ကမ်းက ခွာထွက်ပြ၊ ကျွန်တော် ၁၀ မိနစ် ၁၅ မိနစ် အတွင်း အရောက်ပြေးခဲ့မယ်"

ထို့နောက် သူသည် မော်တော်ပေါ်မှ ဆင်းပြီး ကားစခန်းဘက်သို့ လျှောက်လာခဲ့သည်။ စခန်းဂိတ်ဝတွင် လူတစ်ယောက်ရပ်နေသည်။ အရပ်ပုပု



BURMESE CLASSIC .com

www.burmeseclassic.com



ပြတ်ပြတ်နှင့် ပခုံးပေါ်တွင် ကင်မရာလွယ်ထားသည်။ ဘရူနိုဖြစ်မည်မှာ သေချာသည်။

ဂျော်ဒန်က သက်မချလိုက်သည်။ သူတော်တော် စိတ်ချမ်းသာသွားသည်။ ဒီအတိုင်းဆိုလျှင် အားလုံး အစီအစဉ်အတိုင်း ချောချောမောမော အောင်မြင်နိုင်စရာရှိသည်။

"ဟိုင်း ... ဘရူနို၊ အချိန်ကိုက်ပါပဲ"

"ကောင်းတယ် ... တင်၊ ဒါနဲ့ ခင်ဗျားတစ်ယောက်တည်းပါလား။ ဘယ်မှာလဲ ခင်ဗျား မိတ်ဆွေ"

"သူ ရှိပါတယ်၊ ဒီနားတင် ကလေးပါ။ ငါက ဗိုလ်ကြီး ဆီဗင်စထရီနဲ့ တွေ့ပြီး အစီအစဉ် ဆွဲပြီးမှ သူ့ကို ပြန်ခေါ်မလို့"

"အားလုံး စီစဉ်ပြီးသားပါ" ဘရူနိုက တစ်ဘက်သို့လက်ညှိုးထိုးပြရင်း –

"သူ ညလုံးပေါက် စားသောက်ဆိုင်က ထိုင်စောင့်နေတယ်။ သူက သူ့လူတွေကို လက်ဖက်ရည် သွားသောက်မယ်လို့ ပြောလာခဲ့တာ။ ကိုင်း ... သူ့ဆီ သွားကြစို့"

သူတို့သည် ကွက်လပ်ကို ဖြတ်ပြီး စားသောက်ဆိုင်သို့ လျှောက်လာကြသည်။

ဆိုင်ထဲတွင် အဖြူရောင် သတ္တုစားပွဲများ ခင်းကျင်းထားသည်။ ဆိုင်ထဲတွင် စားပွဲထိုး အမျိုးသမီးတစ်ဦးသာ တွေ့ရသည်။ တခြားဘယ်သူမှ မရှိ။ သူမသည် စားပွဲပေါ်တွင် ဇရုတ်ကောင်းမှုန့်များနှင့် ဆားပုလင်းများ လိုက်ချနေသည်။

ဘရူနိုက လက်ပတ်နာရီကို ကြည့်လိုက်ပြီး –

"သူက ဒီမှာ စောင့်နေမယ်လို့ သေသေချာချာ ပြောသွားတာပဲ"

"သူက စိတ်များ ပြောင်းသွားပြီလား ... ငါ့ညီ"

"ဟာ ... သူ ဒီလို မလုပ်ပါဘူး"

ဘရူနိုက ပိုင်ပိုင်နိုင်နိုင် ပြောလိုက်သည်။

"ကျွန်တော်အားလုံး သိပြီးပါပြီ။ သူ ဒီကို လာကိုလာမှာပါ။ ဒေါ်လာ ၅၀၀၀ အတွက် သူလာကို လာရမှာပါ။ ကျွန်တော်တို့ တစ်နေရာထိုင်ကြရင် ကောင်းမယ် ထင်တယ်"

သို့ဖြင့် နှစ်ယောက်သား စားပွဲတစ်လုံးတွင် သွားထိုင်ကြသည်။ ဘရူနိုက ကော်ဖီကြမ်းမှာသည်။ ဂျော်ဒန်က လက်ဖက်ရည်မှာသည်။

ဘရူနိုက ကင်မရာကို ပခုံးမှဖြုတ်ကာ စားပွဲတွင် တင်လိုက်သည်။

www.burmeseclassic.com



"ခင်ဗျား မိတ်ဆွေ နာမည်က ဘယ်သူတဲ့လဲ"

ဂျော်ဒန်က ကမန်းကတန်း စဉ်းစားပြီး .... "ပီယာဆင်"

"ကျွန်တော်က သူ့နာမည် မသိတော့ ... ခင်ဗျား နာမည်နဲ့ပဲ ငှားလာခဲ့ရတာ။ သူတို့က ကျွန်တော်နဲ့ ရင်းပါတယ်။ စပေါ်ငွေတော့ ကျွန်တော့်ကို ပြန်ပေးပါ"

"ရပါတယ်"

"စာရွက်စာတမ်းတွေကို ကားရှေ့ပိုင်းမှာပဲ ထည့်ထားလိုက်တယ်။ အဲဒီအထဲမှာ လိပ်စာတွေ အပြည့်အစုံပါတယ်။ ပါရီရောက်တော့ ကားကို လိပ်စာမှာပါတဲ့ ကုမ္ပဏီကို သွားအပ်လိုက်ရုံပါပဲ"

"သိပ်ကောင်းပါတယ်"

စားပွဲထိုး အမျိုးသမီးသည် ကော်ဖီနှင့် လက်ဖက်ရည်ယူလာသည်။

အမျိုးသမီး ပြန်ထွက်သွားတော့မှ ဘရူနိုက –

"ဒါနဲ့ ခင်ဗျား မိတ်ဆွေက သူသွားရမယ့် ခရီးစဉ်ကို သိသလား"

"သိပ်တော့ မသိဘူး။ ဒီလမ်းက သူတစ်ခါမှ မသွားဖူးသေးဘူး။ ငါက သူ့ကို မက်စထရီထိလိုက်ပို့ဖို့ စီစဉ်ထားတယ်။ အဲဒီကနေ ပြီးတော့မှ သူ့ဘာသာသူ မောင်းသွားလိမ့်မယ်။ ငါက သူ့ကို လမ်းညွှန်မြေပုံနဲ့ အတိ အကျ ပြောပြထားပြီးပြီ"

ဘရူနိုက ကော်ဖီခွက်ကို ယူသောက်ရင်း –

"ဒါဖြင့် ခင်ဗျားလဲ မက်စထရီထိ လိုက်မှာပေါ့"

"ဗိုလ်ကြီးက သဘောတူရင်တော့ လိုက်ချင်တယ်"

"သူ သဘောတူမှာပါ။ ချက်ချင်း ပြန်လာမှာလား"

"ဟုတ်တယ်။ ညချင်းပြန်လာမယ်"

"ဘယ်လို ပြန်မလဲ"

"အဲဒါ ... ငါ လုံး၀ မစဉ်းစားရသေးဘူး။ ဟိုက ပထမဆုံးထွက်တဲ့ ဘတ်စ်ကားနဲ့ ပြန်လာရင် ရမလားလို့"

"တင်ကလဲဗျာ။ ဒီအချိန်မှာ ဘယ့်နှယ်လုပ်ပြီး ဘတ်စ်ကား ရှိနိုင်မှာတဲ့လဲ။ ဗင်းနစ်မြို့ထဲမှ ကားဝင်ခွင့်မရှိတာဘဲ"

"အေး ... ဟုတ်သားပဲ။ ငါ မေ့သွားလို့ပါ။ အဲဒီလိုဆိုရင်လဲ ခြေကျင်လျှောက်ပြန်မယ်ကွာ"

ဘရူနိုက ခေါင်းကို တယမ်းယမ်း လှုပ်ခါရင်း –

"မရဘူး၊ အဲဒီလိုလုပ်လို့ မရဘူး တင်။ ကျွန်တော် ဒီမှာ မော်တော်ဆိုင်ကယ် ငှားလို့ရတယ်။ နှစ်ယောက်စီးလို့ရတယ်။ အဲဒီတော့ ကျွန်တော်

www.burmeseclassic.com



လဲ မက်စထရီထိ လိုက်မယ်။ ခင်ဗျားမိတ်ဆွေ ပီယာဆင် ပါရီကို ထွက်တော့မှ ကျွန်တော်က ခင်ဗျားကို မော်တော်ဆိုင်ကယ်နဲ့ ပြန်ခေါ်လာမယ်”

“ဟာ … ဒီအကြံကောင်းလိုက်တာ ငါ့ညီ။ ကျေးဇူးပါပဲ”

ဘရူနိုက ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ပြီး –

“ကျွန်တော်က ခင်ဗျားကို အစ်ကိုကြီးလိုခင်ပါတယ်။ ခင်ဗျားက လည်း ကျွန်တော့်အပေါ်မှာ စေတနာရှိတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော် က စေတနာနဲ့ ကူညီတာပါ။ ဒါနဲ့ ပိုက်ဆံတော့ ခုပေးမှ ဖြစ်လိမ့်မယ်။ ခင်ဗျား သိတဲ့အတိုင်း ကျွန်တော်တို့ မောင်နှမမှာ မေမေကြောင့် ပိုက်ဆံ အကြီး အကျယ် အကုန်အကျများနေတယ်။ ဆေးရုံကြွေးတွေပဲ မနည်းဘူး”

“ဟုတ်ပါတယ်။ မာရီဆာက ပြောပြလို့ ငါလဲ သိပါတယ်။ ဒါနဲ့ မင်းမေမေက ဘာရောဂါတဲ့လဲ”

“အဲဒါ ခက်နေတာပေါ့၊ ဘာရောဂါမှန်း ဘယ်သူမှ မသိဘူး။ ဆရာ ဝန်တွေကလဲ ရောဂါရှာနေတုန်းပဲ။ လောလောဆယ်ကတော့ အားမရှိဘူး။ အစာအိမ်ထဲက နာနာနေတယ်။ ဒါနဲ့ သူတို့က ထပ်တလဲလဲ စစ်ဆေးနေကြ တာပဲ” ဘရူနိုက တံခါးဝသို့ လှမ်းကြည့်လိုက်ပြီး “ဒါနဲ့ ဘယ့်နှယ်ပါလိမ့်။ ဒီလူ ဒီလောက်ထိ ဘာကြောင့်များ ကြာနေရပါလိမ့်”

“သူလာဦးမှာလို့ကော မင်းက ယုံကြည်နေသေးသလား”

“သူလာမှာပေါ့။ လာကိုလာမှာပါ။ ဒီတော့ သူမလာခင် အစီအစဉ်ကို ကျွန်တော် ပြောပြမယ်။ သူလာတော့မှ ပြန်ပြီး ညှိကြတာပေါ့”

“ဆိုပါဦး”

“ရိုးရိုးကလေးပါ။ ပထမအဆင့်က ခင်ဗျားက ပထမအရစ် ပိုက်ဆံ ပေးရမယ်။ အဲဒါကို ကျွန်တော်က ဗိုလ်ကြီးဆီ ဇက်စထရီကို ပေးလိုက်မယ်။ ဒီတော့မှ သူက ကျွန်တော်တို့ကို ယုံကြည်သွားမယ်”

“အဲဒါ … ကောင်းပါတယ်”

“ဒုတိယအဆင့်ကတော့ ကျွန်တော်တို့အားလုံး ဆုံပြီးတော့ ခင်ဗျား က ပီယာဆင်ကို ကားစခန်းထဲ ခေါ်လာခဲ့ပါ။ ကျွန်တော်က အဲဒီမှာ စောင့်နေ မယ်။ ခင်ဗျားတို့ကို ကားဆီကို ခေါ်သွားမယ်။ အဲဒီနောက်တော့ ဗိုလ်ကြီး ဆီဇက်စထရီက သူ့စခန်းသူပြန်မယ်။ ပြီးတော့ တတိယဆင့်၊ ကျွန်တော်က မော်တော်ဆိုင်ကယ် ငှားပြီး ခင်ဗျားတို့နောက်ကို လိုက်လာမယ်။ ခင်ဗျားတို့က ပွန်တီဒယ်လာက စောင့်နေပါ။ လမ်းမကြီးရောက်တော့ ဗိုလ်ကြီးနဲ့ တွေ့မယ်။ သူနဲ့အတူ ရဲသားသုံးလေးယောက်လဲ ရှိနေမယ်။ အဲဒီမှာ ခင်ဗျားတို့ ရပ်ရလိမ့် မယ်။ အဲဒီအချိန်မှာ ဗိုလ်ကြီးက သူ့လူတွေမခိုင်းဘဲ သူကိုယ်တိုင် စစ်ဆေးမယ်

www.burmeseclassic.com



ဆိုပြီး ထွက်လာမယ်။ ပြီးတော့ ဗိုလ်ကြီးက ခင်ဗျားတို့ဆီက မြို့ပြင်ထွက်ခွာခွင့် စာရွက်စာတမ်းတွေ စစ်ဆေးသလို လုပ်ပြီး ခရီးဆက်ခွင့်ပြုမယ်။ ကျွန်တော်က ခင်ဗျားတို့ နောက်က ကပ်လိုက်လာမယ်"

"အဲဒီနောက်တော့ကော စစ်ဆေးရေးစခန်းတွေ တွေ့ဦးမှာလား"

"လမ်းမကြီးဆုံးတော့ နောက်ထပ် ကင်းတစ်ခု ထပ်တွေ့ဦးမယ်။ အဲဒီမှာ အစောင့် နှစ်ယောက်ရှိမယ်။ ဒါပေမယ့် ဘာမှ မစိုးရိမ်ပါနဲ့။ သူတို့က ခင်ဗျားတို့ကို မစစ်တော့ပါဘူး။ ဆက်မောင်းသွားရုံပါပဲ။ သူတို့က ဗင်းနစ်မြို့ထဲ ဝင်လာမယ့် ကားတွေကို တားဖို့ စောင့်နေကြတာပါ။ ကျွန်တော်တို့မှာက မြို့ထဲပြန်ဝင်ခွင့် ပါမစ်လဲ ပါပြီးသား၊ အဲဒါ ကားထဲမှာ အဆင်သင့်ပြီးသား"

"ဒါဖြင့် ... တို့က မက်စထရီကို ဒါရိုက် တန်းမောင်းသွားရုံပဲပေ့ါ။ ဒါပဲ မဟုတ်လား"

"ဟုတ်တယ် ... ဒါပါပဲ" ဘရူနိုက ရုတ်တရက် ထရပ်လိုက်ပြီး အပြင်သို့ လှမ်းခေါ်လိုက်သည်။ "ဖရန်ကို ... ဖရန်ကို ... ဒီမှာ ..."

ဂျော်ဒန်က သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။ တံခါးဝမှ ပိန်ပိန်သွယ်သွယ် ရဲအရာရှိတစ်ယောက် ဝင်လာသည်။ ယူနီဖောင်းအပြည့်အစုံနှင့် ခါးတွင် ခြောက်လုံးပြူးချိတ်လျက်။ လူပုံက မျက်ပေါက် ကျဉ်းကျဉ်း၊ နှာခေါင်း ရှည်ရှည်နှင့် မြေခွေးရုပ်မျိုး။

"ဒါ ... ဗိုလ်ကြီး ဖရန်ကို ဆီဗက်စထရီ ဆိုတာပဲ" ဘရူနိုက မိတ်ဆက်ပေးသည်။ "သူက ကျွန်တော့်မိတ်ဆွေ မစ္စတာ တီမိုသီ ဂျော်ဒန်ပါ။ ဗင်းနစ်မြို့ရဲ့ မွေးစားသားတစ်ယောက် ဆိုရင်လဲ မမှားပါဘူး"

"တွေ့ရတာ ဝမ်းသာပါတယ်" ဗိုလ်ကြီးက ညာဘက်ထဲမှ စက္ကူလိပ်ကို ဘယ်လက်နှင့် ပြောင်းကိုင်လိုက်ပြီး လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် စားပွဲတွင် ဝင်ထိုင်လိုက်ပြီး ကျုပ်နောက်ကျသွားတာ ခွင့်လွှတ်ပါ" သူက စက္ကူလိပ်ကို စားပွဲပေါ် တင်လိုက်သည်။ "ကျွန်တော်ထွက်မလို့ လုပ်နေ တုန်း ဌာနချုပ်က ဆက်သားရောက်လာပြီး ဟောဒီ ပိုစတာအသစ်တွေ လာပေးနေလို့ပါ။ ရဲဝန်ထောက် ထရီဗီဆန်က ဒီစာရွက်တွေ ချက်ချင်းလိုက်ကပ်ရမယ်လို့ အမိန့်ပေးလိုက်တာ" သူက စက္ကူလိပ်မှ သားရေကွင်းကိုဖြုတ်ရင်း ဘရူနိုဘက်သို့ လှည့်လျက် "ဒီမှာ အားလုံး ပြေလည်တယ် မဟုတ်လား"

"ကျွန်တော်က မစ္စတာ ဂျော်ဒန်ကို အစီအစဉ် ပြောပြနေတယ်။ ကျွန်တော်ပါ မော်တော်ဆိုင်ကယ်နဲ့ လိုက်သွားဖို့ စီစဉ်ထားတယ်။ ဒါမှ မစ္စတာ ဂျော်ဒန်ကို ပြန်ခေါ်လာနိုင်မှာ။ အဲဒီလို ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ်"



BURMESE CLASSIC .com

www.burmeseclassic.com



“ကျွန်တော်က မစ္စတာ ဂျော်ဒန်ကို ပြောပြတယ်။ သူနဲ့ သူ့မိတ်ဆွေတို့က စစ်ဆေးရေးကင်း ရောက်တဲ့အခါ ဗိုလ်ကြီးကိုယ်တိုင် ထွက်လာပြီး စစ်လိမ့်မယ်လို့ ပြောပြထားတယ်”

“ဟုတ်တယ်။ အဲဒါကို ကျုပ်ကိုယ်တိုင် လုပ်မယ်” သူက ဂျော်ဒန်ဘက်သို့ စောင်းကြည့်ပြီး “ခင်ဗျားတို့ ကံကောင်းတယ်။ ဒီနေ့ည တာဝန်ကျအရာရှိဆိုလို့ ကျွန်တော်ပဲ ရှိတာ။ ဘာမှ ပြဿနာ မရှိပါဘူး”

“ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး”

“ဘရူနိုက ကျုပ်ကိုပြောတယ်။ ပထမအသုတ်ကို ချက်ချင်း ပေးမယ်လို့ ပြောတယ်။ ပြီးတော့ ကျန်ငွေလိုင်ရာ ၄၀,၀၀, ၀၀၀ ကို သူ့ကို ပေးလိုက်ပါ”

“စိတ်ချပါ၊ အတိအကျပေးပါ့မယ်”

“ဒါနဲ့ ... ဗိုလ်ကြီးက ကော်ဖီနော်” ဘရူနိုက မေးလိုက်သည်။

“နေပါဦး ... ခဏ” သူက စက္ကူလိပ်ကို စားပွဲပေါ် ဖြန့်ရင်း “ကျုပ်က ဒီစာရွက်တွေ အားလုံး လိုက်ကပ်ရဦးမယ်။ ကျုပ်တို့က ဒီမဂ္ဂရီဂါဆိုတဲ့ သူလျှိုကို လိုက်ရှာနေစရာ မလိုတော့ပါဘူး။ အခုလည်း အတူတူပဲ မဟုတ်လား။ ဘာမှ မထူးပါဘူး”

ဂျော်ဒန်သည် ရုတ်တရက် လည်ချောင်းစိသွားသလို ခံစားလိုက်ရသည်။ ပိုစတာပေါ်တွင် ပါမောက္ခ မက္ကဒေါ်နယ်၏ ဓာတ်ပုံကြီးကို မျက်ဝါးထင်ထင် မြင်လိုက်ရသောကြောင့်ဖြစ်သည်။ ပြီးတော့ သူက နောက်တစ်ခုကိုလည်း မြင်လိုက်ရသေးသည်။ တစ်ချိန်တည်းတွင် ဗိုလ်ကြီးကလည်း ထိုအရာကို မြင်လိုက်ရသည်။

“ဟာ ... မဟုတ်သေးဘူး၊ မဟုတ်သေးဘူး” ဗိုလ်ကြီးက ဆက်ပြောသည်။ “အတူတူ မဟုတ်ဘူး။ ကျုပ် မှားသွားတယ်။ ဒီမှာ သူတို့က စာရွက်အပေါ်ပိုင်းမှာ ဆုငွေအသစ်ထပ်ရိုက်ထားသေးတယ်” သူက အသံတိုးတိုးဖြင့် “ဒီလူကိုတွေ့လျှင် ဆုတော်ငွေ လိုင်ရာ သန်းပေါင်း ၁၃၀ တဲ့။ အားပါး နည်းနည်း နောနော ပိုက်ဆံမဟုတ်ပါဘူး။ ရလိုက်ရင်တော့ တစ်ချီတည်းနဲ့ သူဌေးကြီး ဖြစ်ကရောပဲ” သူက ပိုစတာပေါ်မှ ပါမောက္ခ မက္ကဒေါ်နယ်၏မျက်နှာကို လက် ညှိုးနှင့်ထောက်ပြီး “ဒီလူကို ကျုပ်သာတွေ့လိုက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲဗျာ။ ခင်ဗျားရဲ့ လိုင်ရာငွေ လေးသန်းကိုတော့ ကျုပ်တန်ဖိုးထားပါတယ် ... မစ္စတာ ဂျော်ဒန်။ ဒါပေမယ့် ဒီငွေသန်းပေါင်း ၁၃၀ ကိုတော့ ရနိုင်ရင် ရတဲ့နည်းနဲ့လိုချင်သေးတာပဲဗျ။ ဩော် ... အဲခုမှ သတိရလို့” သူက စာရွက်ကို ပြန်လိပ်ရင်း “ခဏကလေးပါ။ ကျွန်တော် သွားစရာရှိသေးလို့။ ၁၀ မိနစ်အတွင်း ကျွန်တော် ပြန်လာခဲ့ပါ့မယ်။ ခွင့်ပြုပါဦး မစ္စတာ ဂျော်ဒန်”



BURMESE CLASSIC .com

www.burmeseclassic.com



ဗိုလ်ကြီးဆီဗက်စထရီ ထွက်သွားပြီးနောက် ဘရူနိုကလည်း စားပွဲမှ ထရပ်လိုက်သည်။ ဂျော်ဒန်က စားပွဲထိုးအမျိုးသမီးအား ပိုက်ဆံရှင်းပေးလိုက်သည်။ နောက်ဆုံး သူလည်း ကုလားထိုင်မှ တဖြည်းဖြည်း ထလိုက်ပြီး ဘရူနို၏နောက်သို့ လိုက်လာခဲ့သည်။ ဂျော်ဒန်က ဘရူနိုနောက်မှ လိုက်လာရင်း ထူးခြားသော အခြေအနေတစ်ရပ်ကို ဆင်ခြင်လိုက်မိသည်။ ဗိုလ်ကြီးဆီဗကက်စထရီနှင့် တွေ့လိုက်ခြင်းကြောင့် သူ့အဖို့ အားတက်စရာ လုံးဝမရှိသည့်အပြင် မဝေးသော အနာဂတ်တွင် အန္တရာယ်တစ်ခုခုနှင့် မလွဲမသွေ ရင်ဆိုင်ရတော့မည့် အခြေအနေပင် ရှိနေပြီဖြစ်ကြောင်း သူ့စိတ်ထဲက အလိုလိုသိလိုက်မိသည်။

ပိုင်ယာဇလေရှိမာ အလယ်သို့ ရောက်တော့ ဂျော်ဒန်က ဘရူနို၏လက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်ပြီးနောက် .... "ခဏနေပါဦး ... ဘရူနို"

"ဘာလုပ်မလို့လဲ ကျွန်တော် မော်တော်ဆိုင်ကယ်သွားယူမယ်လေ။ ခင်ဗျားက ခင်ဗျားမိတ်ဆွေ သွားခေါ်ပါ။ အချိန် မရှိတော့ဘူး"

"နေပါဦး၊ အဲဒါထားစမ်းပါဦး။ ငါ ... စိတ်ပြောင်းသွားပြီ။ တို့ ဒီအတိုင်းလုပ်လို့ မဖြစ်တော့ဘူး"

ဘရူနိုက ဂျော်ဒန်၏စကားကို အပြည့်အစုံ မကြားလိုက်။

"ဘာ ... ဘာကိုလဲ။ ခင်ဗျား ဘာကို လုပ်လို့ မဖြစ်တာလဲ"

"အခု အလုပ်ကို မလုပ်တော့ဘူးပြောတာ။ မင်းတို့ အခုလို အချိန်ကုန်ရတဲ့အတွက် အလကားမဖြစ်စေရပါဘူး။ ငါ ကြည့်ပေးပါမယ်"

ဘရူနိုက မယုံနိုင်အောင် ဖြစ်သွားပြီး –

"ခင်ဗျားက စစ်ဆေးရေး ကင်းတွေကို မကျော်နိုင်ဘူး ထင်လို့လား"

"မဟုတ်ပါဘူး။ ငါက ဒီကိစ္စ ဒီနေ့မလုပ်တော့ဘူးလို့ ပြောတာပါ။ လုပ်စရာတွေက အများကြီးရှိသေးတယ်။ ငါ မနက်ဖြန်အထိ ပြန်ပြီး အချိန်ယူစီစဉ်ချင်သေးတယ်။ ဒီတော့ ... အခု ငါ ပြန်တော့မယ်"

ဂျော်ဒန်က နေရာမှ လှည့်ထွက်ပြီး ကူးတို့ဆိပ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားသည်။

"တင် ... ခဏ ... ခဏ နေပါဦး"

ဘရူနိုက လှမ်းခေါ်လိုက်သည်။

"ဒါ ... လုံးဝ အဓိပ္ပာယ်မရှိဘူး"

"ကိစ္စ မရှိပါဘူး။ မနက်ဖြန်မှပေါ့၊ မနက်ဖြန် ငါ ဖုန်းဆက်မယ်"

ဂျော်ဒန်က နောက်လှည့်ပြန်ပြောလိုက်ပြီး ဆိပ်ကမ်းသို့ သုတ်ခြေတင်ပြေးလာခဲ့သည်။

www.burmeseclassic.com



လူဂျီသည် မော်တော်ဦးပိုင်းတွင် ထိုင်ရင်း ဆေးလိပ်ဖွာနေသည်။ ပါမောက္ခကြီးက မော်တော်ပဲ့ပိုင်းအမှောင်ထဲတွင် ခွေခွေကလေး ထိုင်နေသည်။

ဂျော်ဒန်က မော်တော်ပေါ် ခုန်တက်လိုက်ပြီး –

"ကဲ ... ကမ်းကခွာ ... ကမ်းကခွာ။ ကျွန်တော်တို့ ဒီနေရာက မြန်မြန် ထွက်ကြမယ်။ အစီအစဉ် တစ်မျိုးပြောင်းသွားပြီ"

လူဂျီက ကျောက်ဆူးကြိုးကို သံလက်ရန်တန်းမှ သွားဖြေရင်း –

"ဘယ်သွားမှာလဲ"

"ဘယ်သွားရမှန်းတောင် မသိသေးဘူး။ အဲ ... ဒီလိုလုပ်။ ဆန်မာကို ဘက်ကို ခပ်ဖြည်းဖြည်း မောင်းသွားပါ။ ဒီကြားထဲ ကျွန်တော့် မိတ်ဆွေနဲ့ ဆွေးနွေးကြည့်ဦးမယ်"

ဂျော်ဒန်က မော်တော်ပဲ့ပိုင်းဘက်သို့ လျှောက်လာပြီး ပါမောက္ခကြီး ဘေးတွင် ထိုင်ချလိုက်သည်။ ပါမောက္ခကြီး မျက်နှာတွင် စိုးရိမ်ရိပ်တွေ ပေါ်လွင်နေသည်။

"ဘယ်လိုဖြစ်တာလဲ ... အခြေအနေမကောင်းဘူးလား"

"သောက် ... အဲဒါမှ တစ်ခါတည်းသေတာပဲ။ နောက်ဆုံးအဆင့်မှာမှ ကပ်ပြီးလာတစ်နေရသေးတယ်။ အစတုန်းကတော့ ချောနေတာပဲ။ နောက်ဆုံး ကျတော့ ဆင်ပြောင်ကြီး အမြီးကျမှ လာတစ်နေတယ်။ ကျွန်တော်တို့ အားလုံး ညှိထားပြီးသား ... နောက်ပိုင်း အဲဒီ ဗိုလ်ကြီးရောက်လာတယ်။ သူ့လက်ထဲမှာလည်း ဆရာကြီးဓာတ်ပုံပါတဲ့ ပိုစတာတွေပါလာတယ်။ သူလဲ ဌာနချုပ်က ခုနကပဲ ရသေးတာတဲ့။ သူတို့က ဆရာကြီးကို ဆုငွေထုတ်ထားတယ်။ ပိုစတာ တစ်ရွက်လုံးကို ပြည့်နေတာပဲ"

"ဘာတဲ့ ... ကျုပ်ကို ဆုငွေထုတ်တယ် ဟုတ်လား"

"ဆုငွေမှ နည်းတာ မဟုတ်ဘူး။ လိုင်ရာ သန်းပေါင်း ၁၃၀၊ ယုံတောင် မယုံနိုင်စရာပဲ။ အမေရိကန်ငွေနဲ့ဆိုရင် ဒေါ်လာတစ်သိန်းနဲ့ ငါးသောင်း တောင်မှ"

"ဘုရားရေ ... တစ်ခါဖြင့် သောက်ကျိုးနည်းပြီ ထင်ပါရဲ့"

"ဗိုလ်ကြီးက ဆရာကြီးပုံကို လက်ညှိုး တငေါက်ငေါက်ထိုးပြီး သူ ကိုယ်တိုင်တွေ့ရင် သိပ်ကောင်းမှာပဲဆိုပြီး တပြောတည်း ပြောနေတယ်။ ကျွန် တော်တို့ ပေးတဲ့ လိုင်ရာက ၄၀,၀၀,၀၀၀ အစား ဆုငွေလိုင်ရာ ၁၃,၀၀,၀၀,၀၀၀ ကိုသာ ယူလိုက်ချင်တယ်တဲ့။ အဲဒီလို သူပြောလိုက်တဲ့အချိန်က စပြီး ကျွန် တော်တို့ အကြံပျက်ပြီဆိုတာ ကျွန်တော် ချက်ချင်းသိလိုက်တယ်။ ကျွန်တော် ပြောတာ ဆရာကြီး စဉ်းစားမိရဲ့လား။ ကျွန်တော်က စစ်ဆေးရေးကင်းကို

www.burmeseclassic.com



ဆရာကြီးခေါ်သွားမယ်။ ဗိုလ်ကြီးက သူကိုယ်တိုင် လာစစ်မယ်။ အဲဒီအချိန်မှာ ဆရာကြီးမျက်နှာမြင်တော့ သူက မှတ်မိသွားတော့မှာပေါ့။ အဲဒီတော့ ... သူက ဆရာကြီးကို ကျိန်းသေဖမ်းတော့မှာပေါ့။ ဒါကြောင့် ... ကျွန်တော်က အလုပ်မဖြစ်တော့ဘူးလို့ ဘရှုနိုကို ပြောလိုက်တယ်။ ဘာဖြစ်လို့ မဖြစ်ဘူးဆိုတာတော့ မပြောလိုက်ပါဘူး။ ပြီးတော့ ... ကျွန်တော် သူ့ဆီက ချက်ချင်းထွက်လာခဲ့တာပဲ။ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး ... ဆရာကြီး"

ပါမောက္ခကြီးက အဆိုးထဲမှ အကောင်းရှာသည့် သဘောဖြင့် –

"ကိစ္စမရှိပါဘူး။ အနည်းဆုံးတော့ ... ကျုပ် ဘယ်လောက်ထိ ပေါက်ဈေးရှိတယ်ဆိုတာ သိရတာပဲ ဝမ်းသာလှပါပြီ"

ဂျော်ဒန်ကတော့ သူ့အဖြစ်သူ မကျေနပ်နိုင်သလိုဖြင့် ....

"တောက် ... ကပ်ပြီးလွဲသွားတာ။ မိနစ်ပိုင်းကလေးမှာမှ ဒီလိုဖြစ်သွားရတာ။ ကျွန်တော်တို့က ပန်းတိုင်ရောက်ဖို့ လက်တစ်လုံးခြားကလေးပဲ လိုတော့တာ။ မဟုတ်ဆိုရင် ဆရာကြီး တစ်ခါတည်း လွတ်ပြီ ... ကျွတ်ပြီ"

"ကဲ ... ဒီတော့ ... အဲဒါတွေ ထားလိုက်ပါတော့ ... တင်။ နောက်တစ်ဆင့် ဘာလုပ်မယ်ဆိုတာသာ စဉ်းစားစမ်းပါဦး"

"နောက်တစ်နည်းရှိပါသေးတယ်။ မနက်ကျတော့"

"မောင် ... ဆိုလိုတာက"

"ဟုတ်ပါတယ်။ ဒီည ဆရာကြီးကို ဝှက်ထားဖို့ နေရာ ကျွန်တော် စဉ်းစားထားပြီးပြီ" သူက တူးမြောင်းထဲမှ ရေစီးများကို တစ်ချက်ကြည့်လိုက်ပြီး မော်တော်ဆရာ လူဂျီကို နောက်ကျောဘက်မှ လှမ်းကြည့်လိုက်ရင်း "ခဏနေပါဦး ... ဆရာကြီး"

ထို့နောက် သူသည် လူဂျီဆီသို့ လျှောက်လာပြီး လူဂျီ၏ဘေးတွင် ရပ်လိုက်သည်။ သူက ခဏ တုံ့ဆိုင်းနေပြီးမှ – "ဒီမှာ ... လူဂျီ။ ခင်ဗျားဆီက အကူအညီတစ်ခုလောက် တောင်းချင် တယ်ဗျာ"

"ဟာ ... ပြောပါ ဆရာလေး။ ဖြစ်နိုင်ရင် ကူညီမှာပေါ့"

"အခု ကျွန်တော့်မိတ်ဆွေ ကိစ္စပါ။ သူက မနက်ဆိုရင် ဗင်းနစ်မြို့က ထွက်သွားတော့မယ်။ ဒါကြောင့် သူ့အတွက် ဒီညတည်းစရာ တစ်နေရာလောက် လိုချင်တယ်။ သူ့ကို ဟိုတယ် ပြန်ခေါ်သွားလို့ မဖြစ်တော့ဘူး။ သီးသီးသန့်သန့် တစ်နေရာရမှ ဖြစ်မယ်။ ခင်ဗျားအိမ်မှာ တစ်ညလောက် မသိပ်နိုင်ဘူးလား။ သိပ်မကြာတော့ပါဘူး။ နောက် ခုနှစ်နာရီလောက်ပါ။ အဲဒီအချိန်မှာ ကျွန်တော် လာခေါ်ပါ့မယ်။ ကျွန်တော် တောင်းတဲ့ အကူအညီ ခင်ဗျားအတွက် သိပ်ပြီး ဝန်လေးနေမှာလည်း ကျွန်တော် စိုးရိမ်တယ်"



BURMESE CLASSIC .com

www.burmeseclassic.com



လူဂျီက ပခုံးတစ်ချက် တွန့်လိုက်ပြီး အားရပါးရပြုံးလိုက်ရင်း –

"ဟာ ... ဘယ့်နှယ်ပြောပါလိမ့် ဆရာလေးရာ။ ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ ဥစ္စာ။ ဆရာလေးအတွက် ဆိုရင် တတ်နိုင်သလောက် ကူညီရမှာပေါ့။ ဆရာလေးမိတ်ဆွေက ကွပ်ပျစ်ပေါ်မှာ အိပ်ရတာ လက်ခံမယ်ဆိုရင်တော့ ... ကျုပ်က ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်ပါတယ်ဗျာ"

*

ဂျော်ဒန်သည် ဒင်နီယယ်ဟိုတယ်မှ သူ့အခန်းဆီသို့ သုတ်သီးသုတ်ပျာ ဝင်လာသည်။ အယ်လီဆင်က ထိုင်ရာမှ ကမန်းကတန်း ထွက်လာပြီး မေးခွန်းတွေ ဆက်တိုက်မေးသည်ကို ဂျော်ဒန်က လုံးဝ ဂရုမစိုက်ဘဲ တယ်လီဖုန်း စားပွဲသို့သာ တန်းတန်းမတ်မတ် လျှောက်သွားပြီး တယ်လီဖုန်းနံပါတ်ကို လှည့်လိုက်သည်။

တစ်ဖက်မှ ဖုန်းမြည်သံသည် ပျင်းတိပျင်းနွဲ့ ပေါ်ထွက်လာသည်။ ထို့နောက် အိပ်ချင်မူးတူး အသံတစ်သံ ပေါ်လာသည်။

"ဖဲလစ် ... ငါ တင်ဂျော်ဒန်ပါ။ အခုလို အချိန်မတော် မင်းကို အိပ်ရာက နှိုးမိတာ ငါအများကြီး ဝမ်းနည်းပါတယ်။ တကယ်ပါ၊ ခွင့်လွှတ်ပါ ဖဲလစ်"

"အမယ်လေး ... တောင်းပန်နေရသေးသတဲ့လား ... တင်ရယ်။ ဒီက အမြဲတမ်း ခွင့်လွှတ်ပြီးသားပါ။ ဆိုပါဦး ... ဘာကိတ်"

"ကိစ္စက ဒီနေ့မနက် မင်း ဦးဆောင်ပြီး မက်စထရီကို ခရီးသွားအဖွဲ့ လိုက်ပြဖို့ ကိစ္စပါ"

"အဲဒါ ... ရှင်က နာမည်စာရင်း ထပ်ဖြည့်ချင်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ရှင့်အတွက် တော်တော် အရေးကြီးနေလို့လား"

"အလွန်ကို အရေးကြီးနေလို့ပါ"

"ဘယ်သူလဲ၊ လိုက်မယ့်လူ နာမည်က ..."

'ဒေးဗစ်ပီယာဆင်"

"ကောင်းပြီ။ မနက်ရှစ်နာရီ တိတိမှာ ... သူ့ကို 'ဘောဝါးဂရန်ဝေါလ်' ဟိုတယ်ဧည့်ခန်းထဲ ခေါ်လာခဲ့ပါ"

တစ်ဘက်မှ တယ်လီဖုန်း ပြန်ချသွားသည်။

***

www.burmeseclassic.com

## [ ၇ ]

'ဘောဝါးဂရန်ဝေါလ်' ဟိုတယ်သည် ပိုင်ယက်ဇာဆန်မာကို ရင်ပြင်မှ များစွာမဝေးသော 'ကမ်ပိုဆန်မွိုင်ဆယ်' ရင်ပြင်ကလေးနှင့် မျက်နှာချင်းဆိုင်မှာ ရှိသည်။ ရင်ပြင် အလယ်မှ ရပ်ကာ လက်ဝဲဘက်သို့ ကြည့်လိုက်လျှင် ရှေးဟောင်းဆန်မွိုင်ဆယ် ဘုရားရှိခိုးကျောင်းကြီးကို မြင်ရသည်။ လက်ယာဘက်တွင်မူ တူးမြောင်းကျဉ်းကျဉ်းကလေးကို မြင်ရသည်။ တူးမြောင်းပေါ်မှ ကျောက်တံတား ဖြတ်ထိုးထားသည်။ တံတားပေါ်တွင် လူသွားလူလာ အမြဲတမ်း ရှုပ်နေတတ်သည်။

ယနေ့မနက်အစောကြီးတွင် ဂျော်ဒန်သည် ပါမောက္ခ မက္ကဒေါ်နယ်အား လူဂျီ၏ အခန်းကလေးမှ ပြန်ခေါ်လာခဲ့ပြီးနောက် ဆန်မွိုင်ဆယ် ရင်ပြင်ထောင့်သို့ သတိနှင့်လာခဲ့သည်။ သည်ရင်ပြင်ကလေးမှာ ဧရိယာ ကျဉ်းကျဉ်းကလေး ဖြစ်သော်လည်း မနက်ပိုင်းတွင် အမြဲတမ်း လူများနေတတ်သည်။ မတော်လျှင် ရဲသားတွေပင် ရှိချင်ရှိနိုင်သည်။ သည်နေ့မနက်ဆိုလျှင် ပို၍ပင် လူများနိုင်သေးသည်။ အကြောင်းကတော့ ... ပါမောက္ခမက္ကဒေါ်နယ်ကို ဖမ်းဆီးရမိရန် သတင်းပေးနိုင်သူအား ဆုငွေဒေါ်လာ ၁,၅၀,၀၀၀ ချီးမြှင့်မည်ဟူသော ပိုစတာသစ်ကို သည်နေ့မနက်တွင် စတင် ကပ်လိုက်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပါမောက္ခကြီးအား ဘယ်သူမှ မမှတ်မိအောင် သည်ကွက်လပ်ကို ဖြတ်သွားဖို့ကိစ္စမှာ အတော်ကလေး မလွယ်ဖြစ်နေသည်။ စင်စစ်ဆိုလျှင် သူတို့အခြေအနေမှာ ကြိုးတန်းလျှောက်သူလို ဖြစ်နေသည်။ မတော်လျှင်၊ ကံမသင့်လျှင် တစ်ချက်တည်းနှင့် ရဲလက်တန်းရောက် သွားနိုင်သည်။

www.burmeseclassic.com



ဂျော်ဒန်က ပါမောက္ခကြီး လက်မောင်းကို ဖမ်းကိုင်ကာ နောက်သို့ ဆွဲထားလိုက်သည်။ ထို့နောက် ရင်ပြင်ထဲမှ လူသွားလူလာ အခြေအနေကို မျက်လုံး ကစားကြည့်လိုက်သည်။ ဗင်းနစ်မြို့ ရှုခင်းပို့စကတ်ပုံများကို ခြေထောက်တပ် ဗန်းကလေးနှင့် တင်ရောင်းနေသော လမ်းဘေးဈေးသည် တစ်ယောက်တွေ့ရသည်။ ပြီးတော့ ဘောဝါးဟိုတယ်သို့ ဝင်သွားသူများနှင့် ပြန်ထွက်လာသူ လေးငါးယောက် မြင်ရသည်။ ကျောက်တံတားပေါ်တွင်မူ ဈေးသွားဈေးပြန်များနှင့် မိသားစု ဓာတ်ပုံရိုက်နေသူ တစ်စုရှိသည်။

သို့သော် အစောင့်ရဲသားများကိုတော့ အရိပ်အယောင်ပင် မမြင်ရ။

"ကမ်းခြေလမ်းဘက်ကတော့ ရှင်းနေတယ်"

ဂျော်ဒန်က သူ့ဘာသာသူ ပြောသလို ပြောလိုက်ပြီးနောက် ပါမောက္ခကြီးကို ပြန်ကြည့်လိုက်သည်။ ပါမောက္ခကြီးသည် အယ်လီဆင်၏ နေကာမျက်မှန်ကြီးကို ငှားတပ်လာသည်။ မုတ်ဆိတ်ကျင်စွယ်များ မရှိတော့သော်လည်း သူ့မျက်နှာမှာ ပိုစတာထဲက မျက်နှာနှင့် တစ်ထေရာတည်း ဖြစ်နေသည်။ အားလုံးကို ခြုံ၍ကြည့်လျှင် သူ့ရုပ်သွင်မှာ အတော်ကလေး ကပိုကယို နိုင်နေသည်။ အင်္ကျီနှင့် ဘောင်းဘီတွေက တွန့်ကြေနေသည်။ ဘယ်လိုပဲ ကြည့်ကြည့် မက်စထရီမြို့မှ ရေနံဓာတု စက်ရုံကြီးကို သွား၍လေ့လာမည့် စက်မှုလုပ်ငန်းပိုင်ရှင် သူဌေးကြီး ရုပ်မျိုးလုံးဝ မပေါက်။ သို့သော် ယခုမှတော့ မထူးတော့။ နောက်ပြန်လမ်း မရှိတော့။ အစီအစဉ်အတိုင်း ခပ်တည်တည်နှင့်ပင် လုပ်ရတော့မည်။ လောလောဆယ်တွင်လည်း ဖဲလစ်ဟူးဘား၏ လေ့လာရေး ခရီးဆိုသော ထွက်ပေါက် တစ်ခုတည်းသာလျှင် အားထားရာ ဖြစ်နေသည် မဟုတ်ပါလား။

"ကဲ ... ဆရာကြီး။ အဆင်သင့်ပဲ မဟုတ်လား"

"ကျုပ် မျက်စိတွေ ဝါးနေတယ်၊ နေကာမျက်မှန်ကြောင့်။ ကျုပ်က ဆေးမျက်မှန်နဲ့မှ မြင်တာ"

"လမ်းလောက်တော့ မြင်ရတယ် မဟုတ်လား"

"အဲသလောက်တော့ ရပါတယ်"

"နေကာမျက်မှန်က ပိုကောင်းပါတယ်။ ဒါမှ မျက်နှာကို ပြည့်ပြည့်ဝဝ မမြင်နိုင်မှာ။ ဆရာကြီး မက်စထရီရောက်တော့ လူအုပ်နောက်က ချန်နေလိုက်၊ အစောင့်ရဲတွေနဲ့ ခပ်ဝေးဝေးနေ၊ အဲဒီတော့မှ ကိုယ့်မျက်မှန် ပြန်တပ်တာပေါ့။ ရဲသားတွေအနား လုံးဝမကပ်ဖို့ကို အထူးသတိထားပါ။ ပြီးတော့ ... အဲဒီမှာ တွေ့တဲ့လူတစ်ယောက်ယောက်ကို ဘူတာရုံ ဘယ်လိုသွားရမလဲမေး။ ဘယ့်နှယ်လဲ ... ဖြစ်နိုင်မယ် ထင်ရဲ့လား"

"ဖြစ်နိုင်ပါလိမ့်မယ်" သို့သော် သူ့လေသံက ခပ်ပျော့ပျော့။



BURMESE CLASSIC .com

www.burmeseclassic.com



"ကိုင်း … ဟိုတယ်ကို သွားကြမယ်။ အခုလောက်ဆို ဖဲလစ်ရဲ့ အဖွဲ့ဝင်တွေ ရောက်နေရော့မယ်။ သူတို့အထဲ ဆရာကြီးဝင်ရောလိုက်ရုံပါပဲ။ အမူအရာ မပျက်ပါစေနဲ့။ သူတို့ သတိမထားမိအောင် မှင်သေသေကလေးနဲ့ နေပါ။ သူတို့မမေးဘဲနဲ့ ဘာစကားမှ မပြောမိဖို့ အရေးကြီးတယ်။ အမေရိကန် တောင်ပိုင်းမှာ ဆရာကြီးပိုင်တဲ့ အထည်စက်ရုံတွေရှိတယ်ဆိုတာ သတိရပါ။ ဌာနချုပ်က နယူးယောက်လို့ပြော၊ ဖဲလစ်က နာမည်ခေါ်ရင် ဆရာကြီးနာမည်က ဒေးဗစ်ပီယာဆင်"

ပါမောက္ခကြီးက ခေါင်းညိတ်လိုက်ပြီး –

"ဒေးဗစ်ပီယာဆင်၊ ပီယာဆင်"

"အခု ဆရာကြီးတို့အဖွဲ့က ပထမမော်တော်စီးမယ်။ ပြီးတော့ ဘတ်စ်ကားနဲ့သွားမယ်။ မက်စထရီ ရောက်တော့ ဖြစ်နိုင်သမျှ နောက်ချန်ပြီးလိုက်၊ သူတို့လစ်တာနဲ့ တစ်ပြိုင်နက် အသာကလေး ရှောင်ထွက်သွားတော့"

ပါမောက္ခကြီးက ခေါင်းညိတ်လိုက်သည်။

"အခု ဘောဝါးဂရန်ဝေါလ် ဟိုတယ်ကို သွားမယ်။ ကျွန်တော်က ရှေ့က ခပ်မြန်မြန်ကလေး လျှောက်သွားမယ်။ ဆရာကြီးက ကျွန်တော့်ကိုသာ အမီလိုက်လာပါ"

ထို့နောက် ရင်ပြင်ထဲ ဖြတ်လျှောက်ကြသည်။ ဘုရားရှိခိုးကျောင်းကြီးဘေးမှ ဖြတ်ပြီး ဟိုတယ်ဘက်သို့ သတိဝီရိယနှင့် ဆက်လျှောက်လာကြသည်။

ဟိုတယ်ရှေ့ရောက်တော့ ဂျော်ဒန်က ခန်းလုံးပြည့် မှန်တံခါးကြီးကို တွန်းဖွင့်ပြီး ပါမောက္ခကြီးကို အထဲသို့ အရင်ဝင်စေသည်။ သူက နောက်မှ လိုက်ဝင်သွားသည်။

ဟိုတယ်ဧည့်ခန်းထဲတွင် စက်မှုလုပ်ငန်းရှင်ကြီးတွေ ရောက်နေကြပြီ။ ဟိုနေရာတစ်ယောက် သည်နေရာတစ်ယောက် ထိုင်သူထိုင်လျက်၊ ရပ်သူ ရပ်လျက်။ အချို့က ဆေးလိပ်သောက်နေကြသည်။ အချို့က စကားပြောနေကြသည်။ သူတို့အားလုံးမှာ အသက်အရွယ် ခပ်ကြီးကြီးတွေချည်း ဖြစ်ကြသည်။ အားလုံးပင် ဝတ်ကောင်းစားလှများကို ဝတ်ထားကြသည်။

အစွန်ဘက်တစ်နေရာတွင် သတင်းစာ ဆရာ ရှုလာမိုးကို ဂျော်ဒန် တွေ့လိုက်ရသည်။ သူက ရှုလာမိုး မမြင်အောင် ပါမောက္ခကြီးနှင့် ကွယ်နေလိုက်သည်။

ဂျော်ဒန်က ပါမောက္ခကြီးအား လေသံဖြင့် –

"ဒီလူအုပ်ထဲသာ အသာကလေး ဝင်ရောလိုက်တော့။ ကျွန်တော်

www.burmeseclassic.com



သွားတော့မယ်။ ကျွန်တော် အပြင်က မယောင်မလည်နဲ့ စောင့်ကြည့်နေမယ်။ ဆရာကြီးကို ဘုရားမ,ပါစေ၊ ကံကောင်းပါစေ"

ဂျော်ဒန်သည် ဟိုတယ်ထဲမှ ထွက်ခဲ့ပြီး အပြင်ဘက်နေပူထဲတွင် ရပ်ကာ ဘာလုပ်ရမှန်း မသိဘဲ မရေမရာ ဖြစ်နေမိသည်။ သူ့ခေါင်းပေါ် တော်တော်အမြင့်ကြီးမှ ဟယ်လီကော်ပတာ တစ်စီး တဝေါဝေါ အော်မြည်ရင်း ဖြတ်ပျံသွားသည်။ ဟယ်လီကော်ပတာအမြီးတွင် ကန့်လန့်ကာလို အဝတ်စရှည်ရှည်ကြီးတစ်ခု တွဲလောင်းချပြီး ယင်းအဝတ်ပေါ်တွင် 'အရေးပေါ်' ဟူသော စာတန်းကို ထင်ထင်ရှားရှားကြီး ရေးထားသည်။

အရေးပေါ်ပေါ် မပေါ်ပေါ် လုပ်စရာရှိတာကိုတော့ လုပ်ရမှာပဲ ဟူ၍ ဂျော်ဒန်က တွေးလိုက်မိသည်။

ထို့နောက် ပါမောက္ခ မက္ကဒေါ်နယ်တို့အဖွဲ့ ထွက်သွားလျှင် ထင်ထင်ရှားရှား မြင်နိုင်မည့် နေရာတစ်နေရာကို မျက်စိဖြင့် လှည့်ပတ်ရှာကြည့်သည်။

ဟိုတယ်ရှေ့ လမ်းတစ်ဖက်တွင် ဈေးဆိုင်တွေ အစီအရီမြင်ရသည်။ အီတာလျံ လေကြောင်းဌာန 'အယ်လိတာလိယ' လက်မှတ်ရုံးလည်းရှိသည်။ လက်မှတ်ရုံးရှေ့တွင် မျက်နှာစာမှန်ပြတင်းကျယ်ကြီးများကို နေမထိုးနိုင်အောင် အစိမ်းရောင် ကင်းဗတ်လိပ်ကို ဖြန့်မိုးထားသည်။

ဂျော်ဒန်သည် ကင်းဗတ်မိုးအောက်သွားပြီး တံခါးကို ဖွင့်ကာ ရုံးခန်းထဲဝင်လိုက်သည်။ ရုံးခန်းထဲတွင် အမှုထမ်းများမှတစ်ပါး အပြင်လူမရှိသလောက် ခြောက်ကပ်နေသည်။ ဗင်းနစ်မြို့မှ အထွက်ခရီးစဉ်များ ပိတ်ထား၍ လေကြောင်းဌာနတိုင်းလိုပင် ခရီးသည် အဝင်အထွက် နည်းနေခြင်းဖြစ်သည်။ လက်ယာဘက်ကောင်တာတွင် စုံတွဲတစ်တွဲ စာရေးနှင့် စကားပြောနေသည်။ ရုံးအမှုထမ်းများမှာ မိမိတို့ဆိုင်ရာ စားပွဲအသီးသီးတွင် လုပ်ရိုးလုပ်စဉ် အလုပ်များဖြင့် အလုပ်ရှုပ်နေကြသည်။ ဂျော်ဒန်သည် မျက်နှာစာ မှန်ပြတင်းပေါက်ကို တွန်းဖွင့်ပြီး ဝရန်တာခန်းသို့ ထွက်လာခဲ့သည်။ သူ့ရှေ့တည့်တည့် လမ်းတစ်ဝက်တွင် ဘောဝါးဂရန်ဝေါလ်ဟိုတယ် မျက်နှာစာကို မြင်ကွင်းကျယ် မြင်နေရသည်။

ပထမ လူခြောက်ယောက်၊ နောက် ... တစ်ယောက်ဟိုတယ်ထဲဝင်သွားကြသည်။ တစ်ယောက်မျှ ပြန်ထွက်မလာကြ။

ထို့နောက် မြင်နေကျ အမျိုးသမီးတစ်ယောက် တူးမြောင်းဘက်မှ လျှောက်လာနေသည်ကို လှမ်းမြင်လိုက်ရသည်။ ထိုအမျိုးသမီးမှာ ဖဲလစ်ဟူးဘားပင် ဖြစ်သည်။ သူမသည် အနားကျယ်ဦးထုပ်ကြီးကို ဆောင်းလာသည်။ ဘလောက်အင်္ကျီနှင့် အပြာရောင်ဘောင်းဘီကို ဝတ်ထားသည်။ လက်ထဲတွင်



BURMESE CLASSIC .com

www.burmeseclassic.com



လည်း လက်ဆွဲအိတ်လောက်ရှိသော သားရေအိတ်ကြီးကို ကိုင်လို့။ ဖဲလစ်သည် ဟိုတယ်ထဲသို့ အပြေးကလေး ဝင်သွားသည်။

ဂျော်ဒန်သည် မက်စထရီ လေ့လာရေးအဖွဲ့ ဟိုတယ်ထဲ ထွက်လာမည့်အချိန်ကို ရင်တဖိုဖိုနှင့် စောင့်ရင်း သူ့ရှေ့တွင် သွားလာနေကြသည့် ခရီးသည်များနှင့် မြို့သူမြို့သားများအား ရည်ရွယ်ချက်မရှိဘဲနှင့် မတ်တတ်ကြီး ရပ်ကြည့်နေသည်။

ထိုအခိုက် နှုတ်ခမ်းမွေးကားကားနှင့် လူလတ်ပိုင်းအရွယ် အလုပ်သမားတစ်ယောက် လက်တွန်းလှည်းတစ်စီး တွန်းလာနေသည်ကို အမှတ်မထင် မြင်မိသည်။ ထိုသူသည် လက်တွန်းလှည်းကို ဘုရားရှိခိုးကျောင်းဘေးမှ လမ်းအတိုင်း တွန်းလာခဲ့ပြီး တစ်နေရာတွင် ရပ်လိုက်သည်။ ထို့နောက် လှည်းထောက်ကိုယူကာ လှည်းကို ဘုရားရှိခိုးကျောင်း တံတိုင်းဘေးတွင် ကပ်၍ ထောက်လိုက်သည်။ တံတိုင်းနံရံတွင် ပေါက်ပြဲစုတ်ပြတ်နေသော ပြဇာတ်ကြော်ငြာများ၊ ပန်းချီပြပွဲ ကြော်ငြာများဖြင့် ပြည့်နေသည်။

ဘောဝါးဂရန်ဝေါလ် ဟိုတယ်ရှေ့တွင် လူတွေ လှုပ်လှုပ်ရွရွ မြင်လိုက်သည်။ မှန်တံခါးပွင့်သွားပြီး အပြင်သို့ ဖဲလစ် ထွက်လာပြီ။ သူမ၏လက်ထဲတွင် ကလစ်ညှပ် ဂျပ်ပြားတစ်ခုကို ကိုင်ထားသည်။ ဆက်တိုက်လိုပင် မက်စထရီ လေ့လာရေးအဖွဲ့ဝင်တွေ အပြင်သို့ အောထွက်လာကြသည်။ သူတို့အားလုံး နေရောင်အောက်တွင် လူစုကြသည်။

ဂျော်ဒန်က ပါမောက္ခကြီးအား မျက်ကလူးဆန်ပျာ မျက်လုံးကစားကြည့်လိုက်သည်။

ဟော ... တွေ့ပြီ။ သူက နောက်ဆုံးမှ ထွက်လာသည်။

ဒီအတိုင်းဆို မဆိုးဘူး။ ဒီအချိန်အထိတော့ အားလုံး အိုကေပဲ။

ဂျော်ဒန်က စိတ်ထဲက ကျိတ်ပြီး ဝမ်းသာနေမိသည်။

ဒါနဲ့ ... ရဲသားတွေလည်း မတွေ့ပါလား။ ဘယ်များ ရောက်နေကြပါလိမ့်။ ဩော် ... ဟုတ်ပြီ။ သတိရပြီ။ သူတို့က ကူးတို့ မော်တော်ထဲက စောင့်နေကြမှာကိုး ...။

ဖဲလစ်သည် လူစုံအောင် စောင့်နေရင်းမှ ဘုရားရှိခိုးကျောင်းဘက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်သည်။ သူဘာများတွေ့လို့ပါလိမ့်ဆိုပြီး ဂျော်ဒန်ကလည်း ဖဲလစ် ကြည့်ရာဘက်သို့ လိုက်ကြည့်လိုက်သည်။

ဖဲလစ်က လှည်းတွန်းလာသော အလုပ်သမားကို လှမ်းကြည့်နေသည်။ အလုပ်သမားသည် တံတိုင်းနံရံတွင် ကပ်ရန် ပိုစတာစာရွက် တစ်ရွက်ကို ကော်သုတ်နေသည်။

www.burmeseclassic.com



ရုတ်တရက်အားဖြင့် ဂျော်ဒန်မှာ အံ့အားသင့်ကာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။ နံရံတွင် ကပ်ထားသော ပိုစတာကို သူရပ်နေရာမှ ထင်ထင်ရှားရှားကြီး မြင်နေရသည်။ ယင်း ပိုစတာမှာ တိုက်တိုက်ဆိုင်ဆိုင် ပါမောက္ခမက္ကဒေါ်နယ်အတွက် ဆုငွေထုတ်ထားသော ပိုစတာပင် ဖြစ်နေသည်။

ဂျော်ဒန်သည် အသက်ပင် မရှူမိအောင် ဖြစ်နေသည်။ ဖဲလစ်ကို ပြန်ကြည့်လိုက်သည်။

သူမသည် လူအုပ်အနီးမှ ထွက်လာပြီး ဘုရားရှိခိုးကျောင်းဆီသို့ လျှောက်သွားသည်။ အလုပ်သမားအနီးသို့ ရောက်တော့ ပိုစတာကို ရပ်ပြီးဖတ်နေသည်။ သူမသည် နေရာတွင် အတော်ကြာကြာပင် မတုန်မလှုပ်ရပ်နေသည်။ ခေါင်းကို မသိမသာ ခါယမ်းလိုက်သည်။ ထို့နောက် လူအုပ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

သူမက ဟိုတစ်စု သည်တစ်စု ဖြစ်နေသော ခရီးသည်များအား တစ်စုတည်း စုရန်ပြောလိုက်သည်။ ပြီးတော့ … တစ်ယောက်ချင်း နာမည်ခေါ်သည်။ ဂျပ်ပြားတွင် ညှပ်ထားသော စာရင်းစာရွက်ပါ နာမည်နှင့်တိုက်ကြည့်သည်။ သူမသည် အမည်စာရင်းခေါ်ရင်း လူအုပ်ဘေးမှပတ်ကာ ဖြည်းဖြည်းချင်း လျှောက်လာသည်။ ပါမောက္ခမက္ကဒေါ်နယ်က လက်ယာဘက်အစွန်မှ ဒုတိယနေရာတွင် ရပ်နေသည်။ ဖဲလစ်သည် တဖြည်းဖြည်းနှင့် ပါမောက္ခကြီး အနီးအနားသို့ ကပ်၍ကပ်၍လာသည်။

ဖဲလစ်က ပါမောက္ခကြီး အနားသို့ တန်းတန်းမတ်မတ်ကြီး လျှောက်သွားချိန်တွင် ဂျော်ဒန်မျက်လုံးများက ဖဲလစ်ဆီသို့သာ စူးစူးဝါးဝါးကြီး စိုက်ကြည့်နေမိသည်။

ဖဲလစ်က စာရင်းကို တစ်ချက်ကြည့်ပြီး တစ်စုံတစ်ရာကို ပြောသည်။ ထို့နောက် ပါမောက္ခကြီး၏ မျက်နှာကို မော့ကြည့်လိုက်သည်။ ပါမောက္ခကြီးက ပါးစပ်လှုပ်သည်။ သူ့နာမည်ကို ပြောလိုက်တာ ဖြစ်မည်။ သူ့နာမည် ပီယာဆင် ဟု ပြောလိုက်တာ ဖြစ်မည်။

ဖဲလစ်က ခေါင်းညိတ်သည်။ ပြီးတော့ စာရင်းစာရွက်ကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် ခေါင်းထောင်လာပြီး ပါမောက္ခကြီးကို အကြာကြီး စိုက်ကြည့်နေသည်။

ဂျော်ဒန်သည် ရင်ထဲ ဒိတ်ခနဲ ခံစားလိုက်ရပြီး ပါးစပ်ဝသို့ နှလုံးသားရောက်လာသလို ထင်လိုက်ရသည်။ တစ်ခါဖြင့် သောက်ကျိုးနည်းပြီ။ ဖဲလစ်ဘာလုပ်ဦးမှာလဲ မသိဘူး။ အားလုံး သူ့အပေါ်မှာ တည်နေပြီ။ ဘုရား … ဘုရား … ဘုရား … ကယ်တော်မူပါ။



BURMESE CLASSIC .com

www.burmeseclassic.com



ဖဲလစ်က နောက်ပြန်ဆုတ်လိုက်သည်။ စစ်ဆေးရန် သုံးလေးယောက် ကျန်နေသည်ကို ဆက်မစစ်တော့။ သူမက ပိုစတာဘက်သို့ မသိမသာ မျက်လုံးထောင့်ကပ်ကြည့်လိုက်သည်။ ပြီးတော့ ... ပါမောက္ခကြီးကို အမှတ်မထင် ကြည့်လိုက်ပြန်သည်။

သူမက နောက်ကို ထပ်ဆုတ်ပြန်သည်။ ပြီးတော့ ... လက်ကို အပေါ်မြှောက်ရင်း တစ်စုံတစ်ရာကို ပြောလိုက်သည်။ သူမ ဘာပြောမှန်း ဂျော်ဒန် မကြားရ။ သို့သော် သူမ ဘာပြောမည်ဆိုတာကို သူမှန်းကြည့်လိုရသည်။ သူမက သူတို့အား ခဏနေပါဦးဟု ပြောလိမ့်မည်။ တစ်ခုခု လုပ်စရာရှိသေးလို့ပါ။ ခုချက်ချင်း ပြန်လာခဲ့ပါမယ်ဟု ပြောလိမ့်မည်။

ဂျော်ဒန် ထင်သည့်အတိုင်း တကယ်လည်း မှန်နေသည်။

ဖဲလစ်သည် လူအုပ်နားမှ ခွာကာ တံတားဆီသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်ထွက်သွားသည်။ သူမသည် ခြေတစ်လှမ်းကို နှစ်လှမ်းစာလောက် လှမ်းကာ ခပ်မြန်မြန် လျှောက်နေသည်။

ဂျော်ဒန်သည် လေယာဉ်ရုံးတံခါးဝမှ ကမန်းကတန်း ထွက်ပြီး တံတားဘက်သို့ အပြေးကလေး လိုက်သွားသည်။ တံတားထိပ်ဆီတွင် ဖဲလစ်ကို မျက်ခြည်ပြတ်သွားသည်။ သူက အပြေးနှုန်းကို နှစ်ဆမြှင့်လိုက်သည်။ တံတားထိပ်ရောက်တော့ ရပ်လိုက်သည်။

ဖဲလစ်ကို လှမ်းကြည့်လိုက်သည်။

သိပြီ။ သူသိပြီ။ ဖဲလစ် ဘယ်ကိုသွားနေကြောင်း သူသိလိုက်ပြီ။ ကြည့်နေရင်းမှပင် သူမသည် သူထင်သည့် နေရာသို့ ဝင်သွားသည်။

တံတားတစ်ဖက် ကိုက် ၂၀ လောက်အကွာ လမ်းဘေးမှ အစိမ်းရောင် သတ္တုပြားကာ ရုံကလေးတစ်ခု၊ အရေးပေါ် တယ်လီဖုန်းရုံကလေး၊ အပေါ်တွင် စာလုံးကြီးတစ်လုံးတည်းသာ ထင်ထင်ရှားရှားကြီး ရေးထားသည်။ 'ရဲ'

ဂျော်ဒန်သည် သည်တော့မှ ဇာတ်လမ်းကို ပြည့်ပြည့်စုံစုံ လိပ်ပတ်လည်သွားတော့သည်။

ဖဲလစ်မှာ အမြဲတမ်းငွေလိုနေသည်။ လမ်းညွှန်စကားပြန် အလုပ်က ထွက်နိုင်အောင် သွေးရူးသွေးတန်း ငွေရှာနေသည်။ ပြင်သစ်ပြည်၊ ဂရီနိုဘယ်မြို့က အနုပညာသင်ကျောင်း တက်ချင်သည်မှာ တစ်ပိုင်းသေနေသည်။ သို့သော် သူ့မှာ ပိုက်ဆံမရှိ။

အခုတော့ နာရီပိုင်းအတွင်း သူဌေးမကြီးဖြစ်မယ့် နည်းလမ်းကို သူတွေ့သွားပြီ။

www.burmeseclassic.com



သူမသည် ရဲအဖွဲ့ပိုစတာထဲက ဝရမ်းပြေး သူလျှို မဂ္ဂရီဂါနှင့် ယခု သူ့အဖွဲ့ထဲပါလာသော စက်မှုလုပ်ငန်းရှင်ကြီး ဒေးဗစ်ပီယာဆင်တို့မှာ တစ်ယောက်တည်းဖြစ်ကြောင်း အထင်အရှား သိသွားပြီ။

တိရစ္ဆာန်မ … သစ္စာဖောက်မ။ ငါ့မျက်နှာတောင် တစ်စက်လေးမှ မငဲ့ဘူး။

ဘယ်ငဲ့တော့မှာလဲ၊ အခုပဲ သူက သူဌေးမကြီး ဖြစ်တော့မှာကိုး။ သူ့ ရည်မှန်းချက်ကြီး အောင်မြင်တော့မှာကိုး။

ဖဲလစ်က တယ်လီဖုန်း ကောက်ကိုင်လိုက်သည်။ အနီးအနားမှ ရဲစခန်းကို သူသတင်းပေးတော့မည်။

အချိန်မရှိတော့ဘူး။ တစ်စက္ကန့်တောင် အချိန်ကုန်ခံလို့ မဖြစ်တော့ဘူး။

ဂျော်ဒန်သည် ချာခနဲ နောက်ပြန်လှည့်ပြီး တအားကုန် ပြေးလာခဲ့သည်။ ရင်ပြင်ရောက်တော့ တခြားလူတွေ အာရုံမစိုက်မိအောင် ကိုယ်ရှိန်သတ်လိုက်ပြီး ဟန်မပျက် ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

ဟိုတယ်ရှေ့တွင် လေ့လာရေး အဖွဲ့ဝင်တွေ စုရုံးစုရုံးနှင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ဂျော်ဒန်က ပါမောက္ခကြီးနောက်နားသို့ အသာကပ်သွားပြီး လက်မောင်းကို ဆွဲကာ လူအုပ်ထဲမှ မသိမသာခေါ်ထုတ်လာခဲ့သည်။

ပါမောက္ခကြီးက ဘုမသိဘမသိဖြင့် ကြောင်အမ်းအမ်းဖြစ်နေသည်။ ဂျော်ဒန်မှာ ရှင်းပြနေရန် အချိန်မရ။ သူက ပါမောက္ခကြီး၏ လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ရင်ပြင်နှင့် ဆန့်ကျင်ဘက် တူရူသို့သာ ခပ်သုတ်သုတ် ဆွဲခေါ်လာခဲ့သည်။ သူသည် ပါမောက္ခကြီးအား တံတားနှင့်ဝေးရာသို့ ဖဲလစ် တယ်လီဖုန်းဆက်နေသည့် အရပ်နှင့် ဝေးရာသို့သာ ဆွဲခေါ်လာခဲ့သည်။

စိတ်ချလောက်သည့် နေရာရောက်တော့မှ ဂျော်ဒန် သက်မကြီးချလိုက်ပြီး –

“ဆရာကြီးကို သိသွားပြီ၊ ဖဲလစ်က မှတ်မိသွားပြီ။ အခု သူ ရဲကို သွားပြီး အကြောင်းကြားနေတယ်။ သူက ဆုငွေကို လိုချင်တယ်။ ကျွန်တော်တို့ ဒီနေရာက မြန်မြန်ပြေးမှဖြစ်မယ်။ ခဏကြာရင် ရဲသားတွေ ပလူပျံသလို ရောက်လာကြတော့မယ်။ အဲဒါဆိုရင် တစ်ခါတည်း လမ်းဆုံးရောက်ပြီပဲ။ ကိုင်း … ခပ်မြန်မြန်ကလေး လျှောက်လိုက်ကြရအောင် လမ်းဘေးချောင်ကြိုချောင်ကြားတွေက ကပ်သွားကြမယ်။ ဒီနားတစ်ဝိုက်မှာ ပုန်းစရာနေရာ ရအောင်ရှာရမယ်”

www.burmeseclassic.com



နောက် ၁၅ မိနစ်အတွင်းတွင် ဆန်မာကို ရင်ပြင်တစ်ဝိုက်သို့ ပြည်ထောင်စုရဲနှင့် မြို့စောင့်ရဲများ အရပ်လေးမျက်နှာမှ စုပြုံရောက်ရှိလာကြတော့သည်။ ရဲသားများသည် သေနတ်ကြီးတွေ တကားကားဖြင့် လူးလားခေါက်ပြန် ဟိုလျှောက် ဒီလျှောက်ရင်း ပျားပန်းခပ်နေကြသည်။

ထိုအချိန်တွင် ဂျော်ဒန်နှင့် ပါမောက္ခကြီးတို့မှာတော့ နှစ်ယောက်သားဘေးချင်းကပ်လျက် သွေးရူးသွေးတန်းဖြင့် တိုက်ကြိုတိုက်ကြား လမ်းသေးလမ်းမွှားနှင့် နောက်ဖေးလမ်းကြားကလေးများအတိုင်း တစ်လမ်းဝင် တစ်လမ်းထွက် အသက်လု၍ ပြေးလွှားနေကြရသည်။

ဂျော်ဒန်သည် ပြေးရင်း လွှားရင်း ဦးနှောက်ကိုလည်း အနားမပေးဘဲ စဉ်းစားခန်းထုတ်နေရသည်။ ဗင်းနစ်မြို့တွင်းရှိ သူနှင့်ရင်းနှီးသမျှ မိတ်ဆွေအပေါင်းအသင်းတွေကို စိတ်မှန်းဖြင့် စာရင်းချကြည့်သည်။ ပါမောက္ခကြီးအားတစ်နေရာတွင် ခဏတာမျှ စိတ်ချလက်ချ ဝှက်ထားပြီး သူ့အနေဖြင့် နောက်တစ်ဆင့် စီမံကိန်းဆွဲရန် အချိန်နည်းနည်းတော့ လိုသည်။ ထို့ကြောင့် ဘယ်သူ့ဆီများသွားပြီး အပူကပ်လျှင် ရနိုင်မှာလဲဟု ဦးနှောက်ကိုညှစ်၍ စဉ်းစားကြည့်သည်။ စိတ်ချလက်ချ ပုန်းနိုင်မည့်နေရာ တစ်နေရာမျှမမြင်၊ စိတ်ချလက်ချ ယုံကြည်ရမည့် မိတ်ဆွေဟူ၍လည်း တစ်ယောက်မျှ မတွေ့။

မာစီရီလမ်းမကြီးနှင့် တစ်လမ်းကျော်လောက် ရောက်တော့ သူ့ဦးနှောက်ထဲ အသိတစ်ခု ဖျတ်ခနဲ ဝင်ရောက်လာသည်။ အလုပ်ဖြစ်နိုင်မည့် နေရာကို သူ ရုတ်တရက် စဉ်းစားမိလိုက်သည်။ ယခု သူ သတိရသည့် ပုဂ္ဂိုလ်မှာ အရင်တစ်ခါကလည်း သူ့ကို ကူညီခဲ့ဖူးပြီ။ ယခုတစ်ခါ ဒုတိယမိ အကူအညီတောင်းရပြန်ဦးမည်။ သည်ပုဂ္ဂိုလ်သည် သူ့အပေါ် စေတနာရှိသူဖြစ်၍ သူ့အကူအညီကို ငြင်းမည်မထင်။

ဂျော်ဒန်က သူ့စိတ်ကူးနှင့်သူ ဝမ်းသာသွားပြီး ပါမောက္ခကြီးရှေ့မှ ခပ်သုတ်သုတ် လျှောက်ကာ၊ ခပ်မှောင်မှောင် နောက်ဖေးလမ်းကြားကလေးတစ်ခုထဲသို့ ဝင်လာခဲ့သည်။ ထို့နောက် လမ်းကြားထဲမှထွက်ပြီး ကမ်ပိုဆန်ဇူလီယံ ရင်ပြင်လေးထဲသို့ ရောက်လာကြသည်။

"ဒါနဲ့ ... ဆရာကြီးကို ဆန်လက်ဇာရိုကျွန်းက ကျွန်တော် ဆွဲထုတ်လာပြီးတဲ့နောက် ... အလုပ်ဖြစ်မယ့် လူတစ်ယောက်ရှိတယ်လို့ ကျွန်တော် ပြောခဲ့ဖူးတယ်။ အဲဒါ ... ဆရာကြီး မှတ်မိသေးရဲ့လား။ အဲဒီလူက ဆရာကြီးကို ဘုန်းကြီးကျောင်းမှာတုန်းက စောင့်ရှောက်ခဲ့တဲ့ ကိုယ်တော်ကလေးရဲ့ ဦးလေး ဆိုတာပေါ့"

"အေး ... ဟုတ်တယ်၊ ကျုပ်မှတ်မိတယ်"



BURMESE CLASSIC .com

www.burmeseclassic.com



“ကျွန်တော်တို့ အခု သူ့ဆီသွားမယ်။ တခြားလဲ ဘယ်သူမှ စဉ်းစားလို့ မရတော့ဘူး။ သူ့နာမည်က ဆင်းဘတ်နူရီခန်တဲ့။ သူက ကမ်ပိုဆန် ဇူလီယံမှာ ဆိုင်ပိုင်ရှိတယ်။ သူ့ဆိုင်က မုန့်ဆိုင်၊ နောက်ဘက်မှာ ရုံးခန်းရှိတယ်။ အဲဒီမှာ တစ်နေ့လောက် နေခွင့်တောင်းရမှာပဲ”

“တစ်နေ့လောက် … ဟုတ်လား”

“ဟုတ်တယ်။ တစ်နေ့လောက်ဆိုရင် တော်ပါပြီ။ ဒီည ဖြစ်ဖြစ်၊ ဒါမှမဟုတ် မနက်ဖြန်ညဖြစ်ဖြစ် ဆရာကြီးကို ပြန်ခေါ်ပြီး တစ်နေရာသွားဖို့ ကျွန်တော် စိတ်ကူးရထားပြီးပါပြီ”

သူသည် ယင်းစိတ်ကူးကို လွန်ခဲ့သော မိနစ်ပိုင်းအတွင်းကမှ ရခဲ့ခြင်းဖြစ်သည်။ ပထမတုန်းကတော့ ယင်းစိတ်ကူးမှာ မဖြစ်နိုင်သလို ထင်ခဲ့ရသည်။ နောက်တော့ တဖြည်းဖြည်း စဉ်းစားရင်း အလုပ်ဖြစ်နိုင်မည့် အခြေအနေများကို တွေးမိလာသည်။ သို့သော် … ယင်းစိတ်ကူးကို အကောင်အထည် မဖော်ခင် လောလောဆယ်တွင် ပါမောက္ခကြီးအား တစ်နေရာမှာ လုံလုံခြုံခြုံ ဝှက်ထားနိုင်ဖို့က အရေးကြီးနေသည်။

ဂျော်ဒန်က ပါမောက္ခကြီးအား နောက်ချန်ထားခဲ့ပြီး ဇူလီယံရင်ပြင်ထဲ သူတစ်ယောက်တည်း ဝင်ကြည့်သည်။ လမ်းဘေးမုန့်ပြတင်းလျှောက်ကြည့်နေသူ အနည်းငယ်မှတစ်ပါး လူများများမရှိ။ အစောင့်ရဲများလည်း တစ်ယောက်မျှ မတွေ့။

သူက ပါမောက္ခကြီးအား အရိပ်အခြည်ပြကာ လှမ်းခေါ်လိုက်သည်။ ထို့နောက် နှစ်ယောက်သား မုန့်ဆိုင်ဘက်သို့ ခပ်သုတ်သုတ်ကလေး လျှောက်လာခဲ့ကြသည်။ ဆိုင်ထဲ သူတို့ ဝင်လိုက်တော့ လူခေါ်ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ သို့သော် ဆိုင်ထဲတွင် ဘယ်သူမှမရှိ။ ခဏကြာတော့မှ သူ့အခန်းကလေးနောက်မှ ဆိုင်ရှင်ဆင်းဘတ်နူရီခန် ပေါ်လာသည်။ ဂျော်ဒန်ကို မြင်တော့ သူက ပြုံး၍ နှုတ်ဆက်သည်။

“ဘယ့်နှယ် … တင်။ ဘာဖြစ်လာပြန်တာလဲ”

“မစ္စတာ နူရီခန်ဆီက အကူအညီလိုနေပြန်ပြီ။ ရုံးခန်းထဲသွားကြရင် ကောင်းမယ် ထင်တယ်”

နူရီခန်က ရွှေကိုင်းမျက်မှန်နောက်မှ မျက်လုံးများဖြင့် ပေါမောက္ခမက္က ဒေါ်နယ်အား တစ်ချက်စောင်းကြည့်လိုက်သည်။ ပြီးတော့ လည်စည်းကို ဆွဲချည်လိုက်ပြီး – “လာကြလေ”

နူရီခန်၏ ရုံးခန်းမှာ ရုံးခန်းဟု ခေါ်ရန်ပင် မလွယ်။ မီးချောင်းနှစ်ချောင်းကို ထိန်နေအောင် ထွန်းထားပြီး စားပွဲတစ်လုံး။ သံဘက်ဘီနက် ဗီရို



BURMESE CLASSIC .com

www.burmeseclassic.com



တစ်လုံး၊ ခေါက်ခုတင် တစ်လုံးနှင့် လက်တင်ကုလားထိုင် နှစ်လုံးတို့ဖြင့် ပိတ်ကျပ် ပြွတ်သိပ်နေသည်။

နူရီခန်၏ သူ့ရုံးခန်းအတွက် တောင်းပန်စကား ဆိုသည်။

"အခန်းကတော့ မြင်တဲ့အတိုင်းပါပဲ၊ ဒါပေမယ့် ... လွတ်လွတ်လပ်လပ်တော့ ရှိပါတယ်"

"မစ္စတာ နူရီခန် ... ပါမောက္ခဒေးဗစ် မက္ကဒေါ်နယ်နဲ့ မိတ်ဆက်ပေးပါ ရစေ။ ဆရာကြီးက ကြီးကျယ်တဲ့ ရှာဖွေစူးစမ်းမှုကြီးတစ်ခုကို ဖော်ထုတ်နိုင်ခဲ့တဲ့ ဇရာတားဆီးရေး သိပ္ပံပညာရှင်ကြီးပါ။ ဆန်လက်ဇာရိုကျွန်းက ထွက်ပြေးနိုင်အောင် မစ္စတာ နူရီခန်ကပဲ ကူညီခဲ့တဲ့ ပုဂ္ဂိုလ်ပေါ့"

ပါမောက္ခကြီးက လက်ကို ကမ်းပေးရင်း –

"ကျေးဇူးကြီးလှပါတယ် ... မစ္စတာ နူရီခန်"

"ဂုဏ်ယူပါတယ် ... ဆရာကြီး"

"လိုရင်းပြောရရင်တော့ ဆရာကြီးကို ခဏ ဝှက်ထားချင်လို့ အကူအညီလာတောင်းတာပဲ ... မစ္စတာ နူရီခန်။ မနက်ဖြန်လောက်ကျတော့ သူ့ကို မြို့ပြင်ထွက်သွားနိုင်အောင် ကျွန်တော် ကြိုးစားနေပါတယ်။ ဒီကြားထဲ ဘယ်သူမှ မမြင်အောင် မစ္စတာ နူရီခန်ကပဲ ကျေးဇူးပြုပြီး စောင့်ရှောက်ပေးပါဦး"

နူရီခန်က မျက်နှာပျက်သွားပြီး –

"မ ... မဖြစ်ဘူးထင်တယ် ... တင်။ အားလုံး ဒုက္ခရောက်ကုန်ပါလိမ့်မယ်။ စဉ်းစဉ်းစားစားလဲ လုပ်ပါဦး"

"ဘယ်သူမှ မသိနိုင်ဘူး၊ နောက်ပြီး ကျွန်တော် အရင်တစ်ခေါက်တုန်းက ကတိပြုထားခဲ့တဲ့အတိုင်း မစ္စတာ နူရီခန်ရဲ့ အစ်ကိုကြီးကို ဆရာကြီးက ကယ်တင်ပါလိမ့်မယ်"

"ကျုပ် ... အစ်ကိုကြီး" ဆိုင်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းမြည်သံ ပေါ်ထွက်လာသဖြင့် နူရီခန် စကားပြတ်သွားသည်။ သူက အပြင်သို့ လှမ်းကြည့်ရင်း "ဈေးဝယ်သူ လာတယ် ထင်တယ်။ ကျုပ် ဈေးသွားရောင်းရဦးမယ်"

"ခဏနေပါဦး ... မစ္စတာ နူရီခန်"

နူရီခန်က သက်မ တစ်ချက်ချလိုက်ပြီးနောက် –

"ကိုင်း ... ဒီလိုဆိုလဲ ပြီးရောပေါ့" သူက ပါမောက္ခကြီးဘက်သို့ လှည့်ပြီး "ဆရာကြီး ဒီမှာနေနိုင်ပါတယ် ... ခဏတော့ ရပါတယ်"

နူရီခန် ထွက်သွားတော့ ပါမောက္ခကြီးက ခေါက်ကုတင်တွင် ထိုင်ချလိုက်ပြီး –

www.burmeseclassic.com



"မနက်ဖြန်ကျတော့ ဘယ်လိုလုပ်ကြမလဲ"

"တစ်ခုခုတော့ လုပ်ရမှာပေါ့၊ ဒီအတွက် အပူပါနဲ့။ အခုလောလော ဆယ် ဆရာကြီး နားနားနေနေ ခုတင်ပေါ် လှဲနေလိုက်ပါ။ အားရှိလာအောင် အိပ်ချင်အိပ်ပစ်လိုက်၊ ဒီနေ့ နေ့ခင်းပိုင်းအထိ ကျွန်တော် အပြင်သွားနေရလိမ့် မယ်။ အဆင်ပြေရင် ... အယ်လီဆင်ကို ကျွန်တော် လွှတ်လိုက်မယ်။ ဒီနေ့ ဆိုင်မပိတ်ခင်တော့ ဆရာကြီးဆီ ဖြစ်တဲ့နည်းနဲ့ ကျွန်တော် လာခဲ့ပါ့မယ်။ မနက်ဖြန် ဆိုရင်တော့ ဆရာကြီးပါရီ ရောက်နိုင်လိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

*

ဂျော်ဒန်သည် အတွင်းရေးမှူး စာရေးမရုံးခန်းထဲ ဝင်လာခဲ့သည်။ ဂလိုရီယာမှာ လက်နှိပ်စက်စားပွဲတွင် ထိုင်ကာ အလုပ်များနေသည်။ 'ဗင်းနစ် မြို့ ကယ်တင်ရေးအဖွဲ့' အတွက် လစဉ်ထုတ်သတင်းလွှာ နောက်လတွင် အချိန်မီထုတ်ဝေနိုင်ရန် တက်သုတ်ရိုက်နေရသောကြောင့် ဖြစ်သည်။ ဂျော်ဒန် က ဂလိုရီယာအား နှုတ်ဆက်ပြီးနောက် မာရီဆာ၏ ရုံးခန်းကို ကြည့်လိုက် သည်။ မာရီဆာ မရှိ။

"မာရီဆာကော ... ဂလိုရီယာ"

"ခုတင်ပဲ နေ့လယ်စာစား ထွက်သွားပါတယ်"

"ဘယ်မှာ သွားစားတာလဲ"

"အဲဒါတော့ သူပြောမသွားပါဘူး။ နှစ်နာရီမှာ ပြန်ရောက်မယ် လောက်ပဲ ပြောသွားပါတတယ်"

'အဲဒါမှ ... ခွပဲ။ အေးလေ ... ဒီကပဲ စောင့်ရတော့မှာပေါ့'

ထို့နောက် သူ့ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။ မာရီဆာ တင်ထား သော အရေးပေါ်လုပ်ငန်းတွေများ ရှိနေသလား။

သူကိုယ်ရေးကိုယ်တာ လိပ်စာစာအုပ်ကို လှန်ကြည့်သည်။ ပြီးတော့ ... စားပွဲ အံဆွဲတွေ ဖွင့်ကြည့်သည်။ လောလောဆယ် ဆောင်ရွက်စရာ ဘာ အလုပ်မျှ မရှိ။ မာရီဆာကို ထိုင်စောင့်ရုံပဲ ရှိသည်။

သူက ဆေးတံထုတ်ပြီး ညှိသောက်သည်။ ထို့နောက် သူစိတ်ကူး မိသော ထွက်ပေါက်တစ်ခုနှင့် ပတ်သက်၍ ဖြစ်နိုင်ခြေရှိမရှိ အခြေအနေအရပ်ရပ် ကို တစ်နာရီကျော်ကျော်ခန့်ထိုင်ကာ လေးလေးနက်နက် ပြန်လည်သုံးသပ် သည်။ ပြီးလျှင် နောက်ထပ်ဖြစ်နိုင်မည့် အလားအလာရှိသော နည်းလမ်းများ ကို ကြံဆကြည့်သည်။

နှစ်နာရီထိုးရန် ၁၀ မိနစ်အလိုတွင် ရုံးခန်းတံခါးပွင့်သွားပြီး တံခါးဝ တွင် မာရီဆာ လာရပ်သည်။

www.burmeseclassic.com



သူမသည် သူ့ဆီသို့လျှောက်လာပြီး သူ့ကို နမ်းရှုတ် နှုတ်ဆက်သည်။

"ရှင် ... ကျွန်မကို တွေ့ချင်တယ်ဆို ... ဂလိုရီယာ ပြောလို့"

ဂျော်ဒန်က သူမကို လှျပ်တစ်ပြက် အကဲခတ် လိုက်သည်။

သူမ၏ မျက်လုံးအစုံတွင် မျက်ရည်တွေရွှန်းနေသည်။ မျက်နှာကလည်း ညှိုးရော်ရော် ....

"ဘယ်လိုဖြစ်လို့လဲ"

"အမှန်က ကျွန်မ နေ့လည်စာ သွားစားတာ မဟုတ်ပါဘူး။ မေမေ့ကို ဆေးရုံသွားကြည့်တာပါ။ မေမေ့ အခြေအနေ တော်တော့်ကို ဆိုးနေတယ်။ အနာကလဲ လုံးဝမရပ်ဘူး။ ဆရာဝန်တွေ စမ်းသပ်နေတာ ဒီနေ့ပဲ ပြီးသွားပြီ။ မကြာခင် ဆေးစစ်ချက် ထွက်လာတော့မယ်"

"အေးကွာ ... ကြားရတာ ငါလဲ စိတ်မကောင်းပါဘူး"

သူမက စိတ်ကိုထိန်းပြီး မျက်ရည်တွေကို လက်ခုံနှင့် သုတ်လိုက်သည်။ ပြီးတော့ ... ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကျွန်မ ဘာမှမဖြစ်ပါဘူး။ ဒါနဲ့ ကံကောင်းထောက်မလို့ ရှင့် စီမံကိန်းမှာ ဘရူနိုမပါဝင်မိတာ ကျွန်မ ရှင့်ကိုပဲ ကျေးဇူးတင်မိပါတယ်။ ရှင်က စိတ်ပြောင်းသွားတာကို သူ အတော်ကလေး မကျေမချမ်း ဖြစ်နေတယ်။ ဒါပေမယ့် ကျွန်မကတော့ ဝမ်းသာပါတယ်"

"သူ လုပ်ကိုင်ပေးတာတွေကို ငါ အသိအမှတ် ပြုပါတယ် မာရီဆာ။ အဲဒီအတွက်လဲ သူ့ကို ငါ ပိုက်ဆံနဲ့ ကျေးဇူးဆပ်မှာပါ။ ဒါပေမယ့် အလုပ်က အောင်မြင်ခါနီးမှ တော့ပြီး လွဲသွားရတယ်။ အဲဒီလိုဖြစ်ရတာကလဲ သူ ဆက်သွယ်ပေးတဲ့လူကို ငါ မယုံလို့ပဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်မတော့ အခုမှပဲ စိတ်ချမ်းသာရတော့တယ်"

ဂျော်ဒန်က ဆုံလည် ကုလားထိုင်တွင် ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။

"မာရီဆာ ... မင်းကို ငါတွေ့ချင်တာ တခြားမဟုတ်ပါဘူး။ ဒီမြို့ထဲက ဟယ်လီကော်ပတာ ငှားတဲ့လူရဲ့ နာမည်ကို သိချင်လို့ပါ။ သူက ကြော်ငြာကိစ္စတို့ ဘာတို့အတွက် သူ့ကိုယ်ပိုင် ဟယ်လီကော်ပတာကို ငှားတယ်လေ။ မနှစ်ကတောင် တို့ လီဒိုတူးမြောင်း လေ့လာရေးအတွက် ကောင်းကင် ဓာတ်ပုံရိုက်ဖို့ သူ့ကို ငှားခဲ့သေးတယ် မဟုတ်လား။ မင်း မှတ်မိပါသေးတယ်။ ဒီလူက အလောင်းအစား လုပ်ပြီး ပိုက်ယက်ဇာဆန်မာကို ရင်ပြင်မှာတောင် ဟယ်လီကော်ပတာကို ဆင်းပြခဲ့သေးတယ်လေ"



BURMESE CLASSIC .com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သူပါပဲ။ သူ့နာမည်က ဆီညော်ဖိုလင်တဲ့။ သူနဲ့ ဘာအလုပ်ရှိလို့လဲ'

"ဩော် ... ဟယ်လီကော်ပတာသုံးချင်တဲ့ ရန်ပုံငွေရှာဖွေရေး ကိစ္စတစ်ခုအတွက် စိတ်ကူးရလို့ပါ။ အဲဒါ ... ငါ သူနဲ့ စကားပြောချင်တယ်။ သူ့လိပ်စာ သိသလား"

"သူက အမေရိကန် အိတ္ထစ်ပရက်စ် ကုမ္ပဏီမှာ ရုံးဖွင့်ထားတယ်။ ရုံးခန်းငှားခ ကျေအောင်ဆိုပြီး အဲဒီမှာလဲ အချိန်ပိုင်း အလုပ်လုပ်တယ်။ ကျန်တဲ့အချိန်မှာတော့ သူ ဟယ်လီကော်ပတာ အငှားလုပ်ငန်းပဲ လုပ်တယ်"

ဂျော်ဒန်က ကုလားထိုင်မှ ထလိုက်သည်။

"ဟုတ်ပြီ၊ ဒီတော့ သူ့ကို ဖုန်းဆက်ကြည့်စမ်းပါ။ သူ အဲဒီမှာ ရှိသလား မရှိဘူးလား။ သူရှိရင် ငါတွေ့ချင်လို့ သူ့ဆီ လာခဲ့မယ်လို့ပြောလိုက်"

*

ဆီညော်ဖိုလင်သည် မျက်လုံးပြူးသည်၊ ပါးစပ်ပေါက် ကျဉ်းသည်၊ နှုတ်ခမ်းအလယ်တွင် ဆေးပြင်းလိပ်ကိုက်ထားသည်။ သူ့ ရင်ဘတ်နှင့် ဗိုက်ပေးတွင် ဆေးလိပ်ပြာတွေ ပြန့်ကျဲနေသည်။

သူက စားပွဲမှထပြီး ဂျော်ဒန်နှင့် လက်ဆွဲနှုတ်ဆက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျား နာမည် ကျွန်တော် မှတ်မိပါတယ်။ တစ်ခါကတောင် ခင်ဗျားလက်ထောက်နဲ့ ဆက်သွယ်ပြီး ခင်ဗျားနဲ့ ကျွန်တော် အလုပ်လုပ်ခဲ့သေးတာပဲ။ အဲဒီတုန်းက ကျွန်တော် တော်တော်ကျေနပ်ပါတယ်။ အခုလဲ အလုပ်ဖြစ်အောင်လုပ်ကြတာပေါ့"

"ဖြစ်မှာပါ"

"ကဲ ... ထိုင်ပါဦး၊ ဘယ်လိုများ လုပ်ချင်လို့လဲ"

ဂျော်ဒန်က ရုံးခန်းကို စောင်းကြည့်လိုက်သည်။ မလှမ်းမကမ်းတွင် ရုံးအမှုထမ်းများနှင့် အပြင်လူများရှိနေသဖြင့် အတွင်းရေးစကားများ ပြောလို့မဖြစ်။

"ခင်ဗျားနဲ့ အေးအေးဆေးဆေး နှစ်ယောက်တည်းပြောချင်တယ်၊ အတွင်းရေး ပြောချင်လို့ပါ။ အဲဒီတော့ အပြင်ထွက်ပြီး လမ်းလျှောက်ရင်း ပြောကြရင် မကောင်းဘူးလား"

"ဟာ ... ကောင်းတာပေါ့၊ မစ္စတာ ဂျော်ဒန် ကြိုက်သလိုလုပ်ပါ"

သည်လိုလုပ်ရပ်မျိုးမှာ ဖိုလင်အဖို့ အဆန်းမဟုတ်။ သူက ဟယ်လီကော်ပတာ ငှား၍ စီးပွားရှာရသူ ဖြစ်သောကြောင့် ဘာလုပ်ငန်းအတွက် ဘယ်နေရာသို့ပင် ခေါ်ခေါ် လိုက်မည်သာ ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



အပြင်ရောက်တော့ ဂျော်ဒန်က အသံနှိမ့်လျက် – “ဒီတော့ ခင်ဗျားမှာ အခုထိ ဟယ်လီကော်ပတာ အပိုင်ရှိသေးတာပေါ့”

“နှစ်စင်းတောင်ရှိတယ်” သူက ဂုဏ်ယူစွာဖြင့် ပြန်ပြောလိုက်သည်။

“ဘယ်မှာရှိတာလဲ၊ ဗင်းနစ်မြို့မှာပဲလား”

“ဗင်းနစ်မြို့မှာ ထားလို့ မဖြစ်ဘူး။ မက်စထရီနဲ့ မာဂီရာကြားမှာ ကွင်းရော ဂိုဒေါင်ရောရှိတယ်”

“ဒါနဲ့ ဒီမနက်က ဟယ်လီကော်ပတာတစ်စင်း ပျံသွားတာ ခင်ဗျား လေယာဉ်နဲ့ တူတယ်”

“အစစ်ပေါ့၊ ဒီနယ်မြေမှာ ဟယ်လီကော်ပလာ ငှားတာက ကျုပ်တစ်ယောက်တည်းပဲ ရှိတာ။ ဒီနေ့မနက် အရေးပေါ် ကြော်ငြာအတွက် ကျွန်တော်တို့ လုပ်ပေးရတာ။ ပိုက်ဆံလဲ တော်တော်တော့ ရပါတယ်”

“ဒါဖြင့် အခုလို သယ်ယူပို့ဆောင်ရေး ယာဉ်မျိုးစုံ ပိတ်ထားတဲ့အချိန်မှာ ခင်ဗျားလေယာဉ်က မြို့ကို ဖြတ်ပျံလို့ ရပ့ါမလား”

“ရတာပေါ့။ ဒီကိစ္စက ကျွန်တော့်လုပ်ငန်းနဲ့ မပတ်သက်ပါဘူး။ ကျွန်တော်က သူတို့ကို ဘယ်လိုဒုက္ခပေးမှာမို့လဲ”

“ဘာလို့ မပေးနိုင်ရမှာလဲ။ ခင်ဗျားက လူတစ်ယောက်ကို မြို့ထဲတင်ခေါ်လာမယ်။ ဒါမှမဟုတ် မြို့ပြင်ကို တင်ခေါ်သွားမယ်ဆိုရင်”

ဖိုလင်က ရယ်လိုက်သည်။

“အဲဒါ လုံးဝ မဖြစ်နိုင်ဘူး။ ကျုပ် ဘယ်မှာ သွားဆင်းမလဲ။ ဂရင်းတူးမြောင်းထဲ ဆင်းရမှာလား”

ဂျော်ဒန်က ဖိုလင်အား အကဲခတ်ရင်း လျှောက်လာသည်။ သူက ဘာမှ ပြန်မပြောဘဲ အတန်ကြာအောင် စဉ်းစားနေသည်။ အင်း … ပြောကို ပြောရမယ့် အတူတူတော့ ပြောလိုက်တာပဲ ကောင်းတယ်။

“ဒီတော့ ကျွန်တော် တစ်ခု သိချင်လို့ပါ ဆီညော်ဖိုလင်။ ခင်ဗျား လေယာဉ် ပိုင်ယက်ဇာဆန်မာကို ရင်ပြင်မှာ ဆင်းလို့ ဖြစ်ပ့ါမလား”

ဖိုလင်က ဒီလူ ငါ့များ လာနောက်နေတာလားဟူသော သဘောဖြင့် ဂျော်ဒန်မျက်နှာကို ကြည့်လိုက်ပြီး –

“ဒီအလုပ်မျိုး ကျွန်တော် လုပ်လိမ့်မယ်လို့ ဘယ်သူကများ မျှော်လင့်ပ့ါမလဲ ကိုယ့်လူရာ”

“ဟုတ်တော့ ဟုတ်ပါတယ်။ ခင်ဗျား လုပ်လိမ့်မယ်လို့တော့ ဘယ်သူကမှ မျှော်လင့်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် … ခင်ဗျား လုပ်မယ်ဆိုရင်တော့ လုပ်နိုင်ပါတယ်’



BURMESE CLASSIC .com

www.burmeseclassic.com



"ဒါနဲ့ ... ခင်ဗျား တကယ်ပြောနေတာလား"

"တကယ်ပြောနေတာပါ"

"ဒီကိစ္စက မစဉ်းစားသင့်တဲ့ အလုပ်တော့ မဟုတ်ပါဘူး"

"တစ်ခါတုန်းကလဲ ခင်ဗျား စဉ်းစားခဲ့ပြီးပါပြီ။ အဲဒီတုန်းက ရင်ပြင် အလယ်မှာ ခင်ဗျားက တကယ့်ကို ဟယ်လီကော်ပတာနဲ့ ဆင်းပြခဲ့တယ်ဆို"

"အင်း ... လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပါ။ ဟဲ ... ဟဲ ... အဲဒီတုန်းက တော့ တစ်မျိုးပေါ့ဗျာ။ အဲဒီတုန်းက လုပ်တာက အလောင်းအစား နိုင်ချင်လို့ ပါ။ အပျော်သက်သက်လုပ်တာပါ။ ဒါတောင်မှ ဒဏ်တပ်ခံလိုက်ရလို့ တော် တော်ကလေး ထိသွားသေးတယ်။ ဒါပေမယ့် ခံရကျိုးနပ်ပါတယ်"

ဂျော်ဒန်က ရှေ့ဆက်မသွားဘဲ ရပ်လိုက်သည်။ ဖိုလင်ကလည်း ရပ်လိုက်သည်။

"ဒါဖြင့် ... ခုတစ်ခါ ထပ်လုပ်ရင် ခံရကျိုးနပ်ဦးမလား"

"ခင်ဗျားက တကယ်ပြောနေတာလား"

"ယုံပါ ... တကယ်ပါ"

"အဲဒီလိုဆိုရင် ... ကျုပ် လိုင်စင်တော့ အသိမ်းခံချင်ခံရမှာပဲ။ မသိမ်း ချင်လည်း မသိမ်းဘဲနေမှာပဲ။ မြို့တော်ဝန်က ကျုပ်နဲ့ ညီအစ်ကို ဝမ်းကွဲဗျ။ ဒါပေမယ့် ... ဒဏ်ငွေတော့ မှတ်မှတ်ရရ အတပ်ခံရမှာ သေချာတယ်။ ဒါက လဲ ဟယ်လီကော်ပတာကို ခင်ဗျား ဘာ့အတွက် အသုံးချတယ်ဆိုတာပေါ်မှာ တည်ပါတယ်"

"ဗင်းနစ်မြို့ထဲက ခရီးသည်တစ်ယောက် တင်သွားမယ်။ မာရာဂီမြို့ ကို မောင်းမယ်။ အဲဒီမှာ အငှားကား အဆင်သင့် စောင့်နေမယ်"

"ဒီအလုပ်က ဥပဒေနဲ့ မကိုက်ညီဘူး။ အရေးပေါ် ဥပဒေထုတ်ထား တာ ခင်ဗျားလဲ သိသားပဲ ... မစ္စတာ ဂျော်ဒန်"

"ဘယ်သူက သိမှာမို့လဲ။ မနက် နှစ်နာရီဆိုရင် ပိုင်ယက်ဇာရင်ပြင် တစ်ခုလုံး လူပြတ်နေတာပဲဟာ ... ဘယ်သူမှ မရှိတော့ဘူး။ ရဲလဲ တစ်ယောက် မှရှိမှာ မဟုတ်ဘူး။ ဒီတော့ ... ခင်ဗျား ဆင်းတာကိုရော၊ လူတင်ပြီး ပြန်ထွက် တာကိုရော ဘယ်သူမှ မသိနိုင်ပါဘူး။ တကယ်လို့ တစ်ယောက်ယောက်က မြင်သွားလို့ ရဲကို တိုင်ရင်လဲ အဲဒီလူ အရက်မူးပြီး ထင်ရာ လျှောက်ပြောတာပါ။ ဘယ်သူမှလဲ တင်မသွားပါဘူး၊ အင်ဂျင်ချွတ်ယွင်းလို့ ကြုံတဲ့နေရာ ဆင်းရ တာပါ၊ နောက်မှ အင်ဂျင်ပြန်ကောင်းသွားလို့ ပြန်ထွက်နိုင် တာလို့ ပြောရင် ဖြစ်ပါတယ်"

"ဒီတော့ ... ခင်ဗျားက တကယ်ဖြစ်နိုင်တယ်ပေါ့"



BURMESE CLASSIC .com

www.burmeseclassic.com



"ဟုတ်တယ် ... တကယ်ဖြစ်နိုင်တယ်လို့ ယုံကြည်တယ်"

"ဒီလိုဆို ကောင်းပြီ။ ကျုပ်လဲ ဖြစ်နိုင်မယ်ထင်တာပဲ။ အဲဒီတော့ ပိုပြီး စိတ်ချရအောင် ပဒူအာမြို့က ကျုပ်နဲ့ စီးပွားပြိုင်တစ်ယောက်ဆီက လေယာဉ်ငှားကြည့်မယ်" သူက ဆေးပြင်းလိပ်တိုကို လမ်းပေါ် ပစ်ချလိုက်ပြီး ခြေထောက်ဖြင့် နင်းချေလိုက်သည်။ "စရိတ်တော့ ကြီးလိမ့်မယ် ... မစ္စတာ ဂျော်ဒန်"

"ဒေါ်လာ ၁၀,၀၀၀ တော့ ပေးနိုင်ပါတယ်"

"မလုံလောက်ဘူး။ ဒေါ်လာ ၂၀,၀၀၀ လောက်မှ ဖြစ်လိမ့်မယ်"

ဂျော်ဒန်က စဉ်းစားနေသည်။ လောလောဆယ် သူနှင့် အယ်လီဆင်တို့ လက်ထဲတွင် ရှိသော ပိုက်ဆံ၊ ပြီးတော့ ... နယူးယောက်ဘဏ်ရှိ သူ့ပိုက်ဆံ၊ ဗင်းနစ်မြို့ဘဏ်တိုက် နှစ်တိုက်ရှိ သူ့ပိုက်ဆံတွေကို တွက်ကြည့်သည်။ ဟုတ်ပြီ၊ ဖြစ်သည်။ လိုအပ်ငွေကို ယနေ့ညနေတွင် ရနိုင်သည်။

"အိုကေ ... ပေးမယ်"

"ဟ ... မြန်လှချည်လားဗျ။ ခဏနေပါဦး။ ကျုပ်က ရောမမြို့က ပိုင်းလော့ဆီ ဖုန်းဆက်ကြည့်ရဦးမယ်။ သူက သဘောတူမှ ဖြစ်မှာ"

"ခင်ဗျားက ဘယ်လိုလုပ်ဆက်မှာလဲ။ ရပ်ဝေးဖုန်းလိုင်းတွေ အားလုံး ဖြတ်နားထောင်နေတယ် မဟုတ်လား"

ဖိုလင်က ပြုံးလိုက်ပြီး –

"ကျုပ်မိန်းမက ဗင်းနစ်မြို့က တယ်လီဖုန်း အော်ပရေတာဗျ။ သူက ကျုပ်ခေါ်ရင် အားလုံးဆက်ပေးတယ်။ ဖြတ်နားထောင်ဖို့လဲ မကြောက်ရဘူး။ သူက ၆ နာရီဆိုရင် အလုပ်ဆင်းပြီ။ ခင်ဗျားက ဒီညနေ ၇ နာရီမှာ ကျုပ်ဆီလာခဲ့ပါ။ ကျုပ် 'အမေရိကန် အိတ္တစ်ပရက်စ်' မှာ ရှိနေမယ်။ အဲဒီအချိန်မှာ ဘယ်သူမှ မရှိတော့ဘူး။ ကျုပ်တစ်ယောက်တည်းပဲ ရှိမယ်"

"ကျွန်တော်တို့အလုပ် အောင်မြင်နိုင်ပါ့မလား" ဂျော်ဒန်က ကြေးကြီးပေး၍ သဘောတူပြီးမှ စိုးရိမ်စိတ်ဝင်လာသည်။

ဖိုလင်က ပြုံးလိုက်ပြန်သည်။ ပြီးတော့မှ .... "ခင်ဗျား ကျုပ်ဆီလာတော့ ပိုက်ဆံတစ်ဝက် ယူလာခဲ့ပါ။ ကျန်တစ် ဝက်ကိုတော့ ခင်ဗျားလူ လေယာဉ်ပေါ် တက်တော့မှ ပိုင်းလော့ကို ပေးလိုက်ပါ။ ကိုင်း ... ဒီည ၇ နာရီမှာ ဆက်ဆက်တွေ့ကြမယ်။ မင်္ဂလာရှိတဲ့နေ့ပဲ မစ္စတာ ဂျော်ဒန်"

*

ဒင်နီယယ်လီဟိုတယ်သို့ ဂျော်ဒန်ပြန်ရောက်သွားတော့ အယ်လီဆင်က စိုးရိမ်တကြီးဖြင့် စောင့်မျှော်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ရှင့်ဆီက တယ်လီဖုန်းမလာလို့ တမျှော်မျှော်နဲ့ စောင့်ရတာ ကျွန်မမှာ တယ်လီဖုန်းနားကတောင် မထနိုင်အောင်ပဲ။ ဖဲလစ်နဲ့ အလုပ်ဖြစ်ရဲ့လား။ ဆရာကြီး အခု ပြည်ပရောက်သွားပြီလား" ဟု အယ်လီဆင်က ခရီးရောက်မဆိုက်ပင် အလောသုံးဆယ် မေးလိုက်သည်။

ဂျော်ဒန်က ခေါင်းကို ခါယမ်းလိုက်ပြီး –

"ဖဲလစ်နဲ့ အလုပ်မဖြစ်ပါဘူး။ မဖြစ်ရုံတင်ဆိုရင် တော်သေးတာပေါ့။ အခုတော့ ... အသက်လုပြီး ပြေးလိုက်ရတာ မင်းဆီကို ဖုန်းဆက်ချိန်တောင် မရခဲ့ဘူး"

"ဒါဖြင့် ... အခု ဆရာကြီး ဘယ်မှာလဲ။ သူ ဘာမှ မဖြစ်ပါဘူးနော်"

"လောလောဆယ်မှာတော့ ဘာမှ မဖြစ်ပါဘူး။ နောက်တော့သာ ဘာဖြစ်မယ်ဆိုတာ မသိနိုင်ဘူး။ အခု သူ့ကို ဆုငွေထုတ်လိုက်ပြီ။ ဒေါ်လာ တစ်သိန်းခွဲတောင်မှ"

အယ်လီဆင် မျက်လုံးပြူးသွားသည်။

"တစ်သိန်းခွဲတောင်မှ ဟုတ်လား"

"မနေ့ညကတည်းက မင်းကို ငါပြောသားပဲ"

"အဲဒီတုန်းက ငွေဘယ်လောက်ဆိုတာ မပြောဘူး၊ ဘုရားရေ ... တစ်သိန်းခွဲတောင်မှတဲ့လား။ နည်းတဲ့ ပိုက်ဆံတွေ မဟုတ်ဘူး"

"အဲဒါကြောင့် တို့ ဒီနေ့မနက် ပြဿနာတွေ တက်ကုန်တာပေါ့။ သူတို့က ဆုငွေပိုစတာတွေ လိုက်ကပ်တယ်။ အဲဒါကို ဖဲလစ်က မြင်တယ်။ ဒီတော့ သူက ဆရာကြီးကို မှတ်မိသွားတာပေါ့။ ဒါနဲ့ ... သူက ရဲကို ဖုန်းဆက်ဖို့သွားတုန်း ဆရာကြီးနဲ့ ငါတို့ သွေးရူးသွေးတန်း ထွက်ပြေးကြရတာပေါ့။ ခုတော့ စိတ်ချရတဲ့နေရာ ရောက်နေပါပြီ။ ဒီည ထွက်ပြေးနိုင်မယ့် နည်းလမ်း တစ်ခုခုတော့ ရနိုင်မယ် ထင်တာပဲ"

ထို့နောက် သူက ဆရာကြီးအား ဆင်းဘတ်နူရီခန်ဆိုင်တွင် ဒုတိယအကြိမ် တောင်တောင်းပန်ပန်နှင့် ထားခဲ့ရပုံ၊ ဆီညော်ဖိုလင်နှင့် အဆက်အသွယ်ရ၍ ဟယ်လီကော်ပတာနှင့် ထွက်ပြေးရန် စီစဉ်ခဲ့ပုံတို့ကို ရှင်းပြလိုက်သည်။

"ဒီလူက စိတ်ချရပါ့မလား"

"ဒေါ်လာ နှစ်သောင်းတောင် ပေးရတာပဲ၊ ဖြစ်ပါလိမ့်မယ်"

"ဒီတော့ ... အောင်မြင်မယ်ထင်တယ်ပေါ့"

"မျှော်လင့်ရတာပဲ။ ကဲ ... ဒီတော့ ငွေနှစ်သောင်းကိစ္စစီစဉ်မှ ဖြစ်မယ်။ ဆရာကြီးရဲ့ ချက်လက်မှတ်ကတော့ ပိုက်ဆံလဲလို့ မရဘူး။ တို့နှစ်ယောက်မှာ



BURMESE CLASSIC .com

www.burmeseclassic.com



ရှိတာပဲ အားလုံးလဲကြတာပေါ့။ မင်းအတွက် ခြေစောင့်လက်စောင့် လေးငါးရာ လောက်တော့ ချန်ထားပါ။ ငါ့မှာရှိတာတော့ အကုန်လုံးလဲ လိုက်မယ်။ ပြီး တော့မှ နယူးယောက်ဘဏ်က ပိုက်ဆံပြန်ထုတ်ယူတော့မယ်"

"လောလောဆယ် ကျွန်မက ဘာလုပ်ပေးရမှာလဲ"

"မင်းမှာရှိတဲ့ ချက်လက်မှတ်တွေကို အောက်ထပ်သွားပြီး ငွေလဲ လိုက်ပါ။ ပြီးတော့ ... နူရီခန်မှန်ဆိုင်ကိုသွား။ ဆိုင်နောက်ဘက် ရုံးခန်းထဲကို ဝင်သွား။ အဲဒီမှာ ဆရာကြီးနဲ့ သွားစောင့်နေ။ မင်း သွားတတ်ပါ့မလား"

"ကျွန်မ သိပ်မမှတ်မိဘူး"

"သိပ်မဝေးပါဘူး ... ငါ မြေပုံဆွဲပြမယ်"

ကျော်ဒန်က မြေပုံဆွဲ၍ လမ်းညွှန်ပြသည်။

"ငါတော့ ... ရေမိုးချိုးပြီး အဝတ်အစားလဲဦးမှ ဖြစ်မယ်"

သူက အင်္ကျီကြယ်သီးကိုဖြုတ်ရင်း "ပြီးတော့ ... ဘဏ်တိုက်ပြေးရ ဦးမယ်။ အဲဒီကပြီးတော့ ... ငါ ရုံးခဏဝင်မယ်။ နောက် ဆီညော်ဖိုလင်နဲ့ ည ၇ နာရီမှာ တွေ့မယ်။ အဲဒါတွေပြီးတော့မှ မင်းတို့ဆီ လာခဲ့မယ်။ ဟယ်လီကော် ပတာ အချိန်ရောက်အောင်ထိ၊ ဟယ်လီကော်ပတာလာရင်ပေါ့လေ ... အဲဒီကပဲ စောင့်ကြရမှာပဲ။ ကဲ ... ညကျတော့မှ တွေ့ကြတာပေါ့"

*

ယခုတော့ ... ဗိုလ်မှူးကက်ဒရော့သည် ဗင်းနစ်မြို့တွင် အတော် ကလေး လမ်းသိနေပြီ။

သူသည် ရီဗာဒီဂလီရှီယာဗိုနီ လမ်းအတိုင်း ကမ်းနားဘက်မှ လျှောက်လာပြီး လမ်းကူးတံတားကိုတက်သည်။ တံတားပေါ်မှ ကြည့်လိုက် လျှင် တရားရုံးချုပ်နှင့် အကျဉ်းထောင်ကို ဆက်သွယ်ထားသော ကုန်းမြင့် တံတားကြီးကို လှမ်းမြင်ရသည်။ တံတားပေါ်မှဆင်းလာပြီး ဒင်နီယယ်လီ ဟိုတယ် ရှေ့မှ ဖြတ်ကာ နောက်ထပ် တံတားကလေးတစ်ခုကို ကျော်ရသေး သည်။

ထို့နောက်တွင် လမ်းတိုကလေး တစ်ခုထဲသို့ ချိုးဝင်ပြီး 'ကမ်ပိုဆန် ဇကာရီယာ' ဟု ခေါ်သောအရပ်သို့ ရောက်လာခဲ့သည်။ လက်ယာဘက်သို့ ကြည့်လိုက်သောအခါ လောလောဆယ် သူသွားရမည့် အဆောက်အအုံကို မြင်ရသည်။

ယင်းအဆောက်အအုံမှာ တခြားမဟုတ်။ 'ပြည်ထောင်စု ရဲဌာနချုပ်' အဆောက်အအုံဖြစ်သည်။ ရဲဌာနချုပ်က အနီရောင်အုတ်တိုက်ကြီး။ ဂိတ်ဝ

www.burmeseclassic.com



တံခါးကို ကျောက်တုံးများဖြင့် အခိုင်အမာ ခုံးတံတားကြီးအဖြစ် တည်ဆောက်ထားသည်။

ဗိုလ်မှူးကက်ဒရေ့သည် ရဲဌာနချုပ် အဆောက်အအုံထဲသို့ မဝင်သေးဘဲ တိတ်ဆိတ်အေးချမ်းသော ပန်းခြံထဲတွင် လျှောက်သွားရင်း သူ့စိတ်ကူးများကို ကောက်သင်းကောက်နေသည်။

သူသည် ဗင်းနစ်မြို့သားများကို အားမလိုအားမရ ဖြစ်မိသည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စားပြီး တက်ကြွ ဖျတ်လတ်မှု မရှိဟု သူက ယူဆသည်။ သို့သော် ... ဗိုလ်မှူးကြီး ကတ်ထရန်းတစ်ယောက်ကတော့ ရာခိုင်နှုန်းပြည့် မဟုတ်သည့်တိုင် တခြားလူတွေထက်တော့ သာသေးသည် ဆိုနိုင်သည်။

ဝရမ်းပြေးတစ်ယောက်ကို ဗင်းနစ်တစ်မြို့လုံးမှ ရဲတပ်ဖွဲ့ဝင်ပေါင်းထောင်သောင်းချီ၍ လိုက်သော်လည်း ယနေ့တိုင်မဖမ်းမိနိုင်သေးခြင်းမှာ တော်တော်ပင် ရယ်စရာကောင်းသည်။ မကျေနပ်စရာလည်း ကောင်းသည်။ ရုရှမှာသာဆိုလျှင် (ကေဂျီဘီမှ သူ့လူများကို လွှတ်ပေးလိုက်မည်ဆိုပါက) ပါမောက္ခ မက္ကဒေါနယ်အား ၂၄ နာရီအတွင်း လက်ရဖမ်းဆီးနိုင်မည်မှာ သေချာသည်။

ဗင်းနစ်မြို့တွင် ဖြစ်ပေါ်ရင်ဆိုင်နေရသော အခြေအနေအရပ်ရပ်ကို ဗိုလ်မှူးကက်ဒရေ့ကမော်စကိုရှိ ကေဂျီဘီဗိုလ်ချုပ်ကြီးထံသို့ ယနေ့နံနက်ပိုင်းကပင် တယ်လီဖုန်းဖြင့် အစီရင်ခံခဲ့ပြီး ဖြစ်သည်။ ဗင်းနစ်မြို့သူ မြို့သားများသည် ပါတီအပေါ်တွင် ယုံကြည်မှုနည်းပြီး စည်းကမ်းလိုက်နာမှုမရှိကြောင်း၊ ထို့ကြောင့်လည်း ရဲတပ်ဖွဲ့တစ်ခုလုံး ဘာမှ ထိထိရောက်ရောက် စွမ်းဆောင်နိုင်မှုမရှိခြင်းဖြစ်ကြောင်း၊ အတော်ဆုံးဟု သတ်မှတ်ထားသော ပြည်ထောင်စုရဲများမှာလည်း မိမိတို့၏အလုပ်ကို အလုပ်တစ်ခုလောက်သာ သဘောထားပြီး တာဝန်ဝတ္တရားတစ်ခုဟု မယူဆကြောင်း စသဖြင့် ဗိုလ်မှူး ကက်ဒရေ့က အစီရင်ခံခဲ့သည်။

သို့သော် ကေဂျီဘီ ဗိုလ်မှူးကြီးကတော့ "ဒီမှာ ... ကက်ဒရေ့၊ မင်းအဲဒီကို ရောက်နေပြီ။ မင်းဟာ ကေဂျီဘီအရာရှိ၊ ဒီလုပ်ငန်း အရေးကြီးကြောင်းကို သူတို့သဘောပေါက်အောင် မင်းက လုပ်နိုင်ရမယ်။ မင်းကိုယ်တိုင်က ထိထိရောက်ရောက် လုပ်ပြရမယ်။ ဒီကိစ္စကို တို့ခေါင်းဆောင်ကြီးတွေ ဘယ်လောက်ထိ စိတ်ဝင်စားနေတယ်ဆိုတာ ငါ အထူးပြောဖို့ မလိုဘူး။ ပါမောက္ခ မက္ကဒေါနယ်နဲ့ သူ့ဖော်မြူလာကို တို့နိုင်ငံက ပိုင်ရမယ်။ နယ်ချဲ့အရင်းရှင်တွေ လက်ထဲရောက်သွားပြီး သူတို့ခေါင်းပုံဖြတ်တာ မခံနိုင်ဘူး။ ကက်ဒရေ့ ... မင်းကို တို့ခေါင်းဆောင်ကြီးတွေ သိနေကြပြီ။ မင်းကို သူတို့အထူးစိတ်ဝင်စားနေကြပြီ။ ဒီကိစ္စမှာ မင်းကသာ ထူးထူးချွန်ချွန် လုပ်ပြနိုင်မယ်



BURMESE CLASSIC .com

www.burmeseclassic.com



ဆိုရင် အကျိုးခံစားမှုတွေက တစ်ပုံကြီးပဲ။ ရာထူးတက်ဖို့ကတော့ မေးစရာမလို ဘူး။ ပြီးတော့ မော်စကိုမှာ နေခွင့်ရမယ်။ မင်းရဲ့ သားမယားတွေနဲ့ အပန်းဖြေ နေနိုင်မယ့် ကမ်းခြေနေအိမ်ရမယ်။ ဒါကြောင့်မို့ သူ့ကို တွေ့အောင်ရှာစမ်းပါ။ မြန်မြန် ပြန်ခေါ်လာခဲ့စမ်းပါ။ ဒီအဘိုးကြီးကိုများ မင်း ရအောင် မဖမ်းနိုင်ရင် ရှက်ဖို့လည်း ကောင်းမယ်။ တာဝန်မကျေရာလဲ ရောက်မယ်။ နောက်တစ်ကြိမ် အစီရင်ခံရင် သတင်းကောင်း ကြားရပါစေ ... ဒါပဲ”

ဗိုလ်ချုပ်ကြီး၏ အားပေးစကားကြောင့် ဗိုလ်မှူးကက်ဒရော့မှာ အလွန်အားတက်လာပြီး ဗိုလ်မှူးကြီး ကက်ထရုန်းအား လုပ်ငန်းအရှိန်ပိုမြင့်ကာ ပြင်းပြင်းထန်ထန် ပိုလုပ်ရန် မီးထိုးပေးခဲ့ရသည်။ ထို့ကြောင့်ပင် သတင်းပေးများ အား ခေါ်ယူပြီး တိတိကျကျ စေ့စေ့စပ်စပ် စစ်ဆေးရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

သတင်းပေးသုံးဦးတို့က ရဲအဖွဲ့သို့ လာရောက်ပြီး ကိုယ်နည်းကိုယ့် ဟန်ဖြင့် လာရောက်သတင်းပေးခဲ့ကြသည်။ သို့သော်လည်း တစ်ယောက် ယောက် ပူးပေါင်းဆက်စပ်မှု လုံးဝမရှိခဲ့ကြ။

အမေရိကန် စာရေးဆရာကြီးက ပါမောက္ခမက္ကဒေါ်နယ်ကို မြို့စား ကတော်ကြီး အယ်လ်ဗီရာဒီမာချီ၏ စံအိမ်တော်တွင် ဝှက်ထားပါသည်ဟု လာ ရောက်တိုင်ကြားသည်။ ရဲအဖွဲ့က လိုက်သွားသည့်အခါ မက္ကဒေါ်နယ်ကို မတွေ့ရ။

တစ်ဖန် အီတာလျံ ရုပ်ရှင်မင်းသမီး တီရီဆာ ဖန်တိုနီ ရောက်လာပြီး ပါမောက္ခကြီးအား အိုရက်စတီမီမိုအမည်ရှိ ဂီတဆရာကလေးတစ်ဦး အိမ်တွင် ဝှက်ထားပါသည်ဟု သတင်းပို့ပြန်သည်။ သည်အကြိမ်တွင်လည်း ရဲဘက်မှ တိုက်ခန်းကို ဝိုင်းရှာသော်လည်း မက္ကဒေါ်နယ်နှင့် ပတ်သက်သော သဲလွန်စ တစ်ပိုင်းတစ်စကိုပင် မတွေ့ကြရ။

နောက်ဆုံး ... ယနေ့နံနက်ပိုင်းတွင်ပင် ဖဲလစ်ဟူးဘားဆိုသူ ခရီး သည်လမ်းညွှန်စကားပြန် အမျိုးသမီးတစ်ဦးက ဘောဝါးဂရန်ဝေါလ်ဟိုတယ် ရှေ့တွင် ပါမောက္ခ မက္ကဒေါ်နယ်အား မိမိ မြင်လိုက်ရပါသည်ဟု တိုင်ကြားလာ ပြန်သည်။ သို့ဖြင့် ရဲအဖွဲ့က ချက်ချင်းလိုက်သွားရာ မက္ကဒေါ်နယ် မရှိတော့။

ဤသို့ဖြင့် မီးခိုးတွေကတော့ နေရာအနှံ့အပြားမှ တလူလူထွက်ပေါ် နေကြသည်။ သို့သော် မီးကို ရှာမတွေ့သည်က ဆိုးသည်။ ဗိုလ်မှူးကက်ဒရော့ က သည်အတိုင်းပင် မှတ်ချက်ချမိသည်။

စင်စစ် သတင်းပေးလာသူများမှာ နာမည်လိုချင်သူများလည်း မဟုတ်၊ စိတ်ဖောက်ပြန်နေသူများလည်း မဟုတ်။ သူတို့သည် ဂုဏ်သရေရှိ နိုင်ငံသားကောင်းများဖြစ်ကြောင်း သံသယဖြစ်စရာ လုံးဝမရှိ။

www.burmeseclassic.com



သို့သော် တစ်ခုတော့ သိသာထင်ရှားသည်။ မက္ကဒေါနယ်တွင် အကူအညီပေးမည့် ပုဂ္ဂိုလ်များရှိရမည်။ ယခုကဲ့သို့ ကြာကြာပုန်းနေနိုင်ခြင်းမှာ တစ်ဦးတစ်ယောက်တည်း၏ အစွမ်းအစကြောင့် မဖြစ်နိုင်။ သူ့အပေါ် စေတနာရှိကြသော မိတ်ဆွေများ၏ စုပေါင်းကူညီမှုကြောင့်ပင် ဖြစ်မည်။

ပြဿနာတော့ ယင်းသံကွင်းဆက် ပူးပေါင်းကြံစည်မှုကို ဘယ်လိုတွေ့အောင်ရှာမလဲဟူသော အချက်ပင် ဖြစ်သည်။

သတင်းပေးသူများ၏ ထွက်ဆိုချက်များကို လေ့လာကြည့်သောအခါ စစ်ဆေးပုံ စစ်ဆေးနည်းမှာ ကေဂျီဘီ အဆင့်အတန်းနှင့်ကြည့်လျှင် ကလေးကစားသလိုသာ ဖြစ်နေသည်။ အထူးသဖြင့် နောက်ဆုံး လာရောက်တိုင်ကြားသူ ဖဲလစ်ဟူးဘားကို စစ်ဆေးရာတွင် အမှုကြီးတစ်ခုကို စစ်ဆေးခြင်းနှင့် လုံးဝမတူ။ ကရော်ကမည်နိုင်လှသည်။ စတိသဘောလောက်သော လေးငါးခွန်းမေးမြန်းပြီးနောက် သူမအား ခရီးသည်အဖွဲ့ကို လမ်းညွှန်ရန် ပြန်လွှတ်လိုက်ကြသည်။

ထို့ကြောင့်လည်း ဗိုလ်မှူးကက်ဒရေ့မှာ မော်စကိုမှ ဗိုလ်ချုပ်ကြီး၏စကားကို ဦးထိပ်ထားလျက် သတင်းပေးများ ဒုတိယအကြိမ် သေသေချာချာ ပြန်လည် စစ်ဆေးရန် ဗိုလ်မှူးကြီး ကတ်ထရန်းအား တိုက်တွန်းခဲ့ရခြင်း ဖြစ်သည်။ ဗိုလ်မှူးကြီး ကက်ထရန်းက သတင်းပေးများအား ယနေ့ညနေ ၅ နာရီတိတိတွင် သူ့ရုံးသို့ မပျက်မကွက် လာရောက်ကြရန် ဆင့်ခေါ်ထားမည် ဖြစ်သည်။

ယခုပင် ၅ နာရီထိုးနေပြီ။

ဗိုလ်မှူး ကက်ဒရေ့သည် ပန်းခြံထဲမှထွက်ကာ ရဲဌာနချုပ်အဆောက်အအုံထဲသို့ ဝင်လာခဲ့သည်။ အစောင့်ရဲသားက လျှပ်စစ်အတွင်း တံခါးကို ဖွင့်ပေးပြီး ဗိုလ်မှူးကက်ဒရေ့အား ရုံးခန်းသို့ကြွရန် ညွှန်ပြသည်။ ဗိုလ်မှူး ကက်ဒရေ့သည် သမိုင်းဝင် ရဲအဖွဲ့လှုပ်ရှားမှု ဓာတ်ပုံများ၊ သစ်ထွင်းပန်းချီကားများ ချိတ်ဆွဲထားသော အနီရောင် စင်္ကြံဆောင်အတိုင်း လျှောက်လာခဲ့ပြီးနောက် ရုံးခန်းသို့ရောက်လာသည်။

ဗိုလ်မှူးကြီး ကတ်ထရန်း၏ရုံးခန်းမှာ ခမ်းနားကျယ်ဝန်းခြင်းမရှိ။ ခပ်ကျဉ်းကျဉ်းနှင့် သာမန် ရုံးခန်းတစ်ခန်းသာ ဖြစ်သည်။ အခန်းနံရံတွင် ကတ်ထရန်း၏ ဓာတ်ပုံကားချပ် တစ်ချပ်နှင့် စစ်ရေးပြ ရဲအဖွဲ့ဓာတ်ပုံတစ်ပုံကိုသာ ချိတ်ဆွဲထားသည်။ ရုံးခန်းထဲတွင် လူခြောက်ယောက်သာရှိသည်။ ဗိုလ်မှူးကြီး ကတ်ထရန်းက သူ့စားပွဲတွင်ထိုင်ရင်း စာရွက်စာတမ်းပုံကြီးကြား အလုပ်များနေသည်။ သူ့ဘေးတွင် အစောင့်ရဲသားတစ်ယောက် ရပ်နေသည်။

www.burmeseclassic.com



စားပွဲရှေ့တွင် ထိုင်နေသူ လေးယောက်ကို ဗိုလ်မှူး ကက်ဒရော့က သေသေချာချာ မမှတ်မိ။ သို့သော် သူတို့၏ ရုပ်ရည်ကိုကြည့်ခြင်းအားဖြင့်တော့ အရပ်ရှည်ရှည် ပိန်ပိန်သွယ်သွယ်နှင့် ပွင့်ရိုက်ပိုးသား ဝတ်စုံပွကြီးကို နန်းဆန်ဆန် ဝတ်ထားသော အဘွားကြီးမှာ မြို့စားကတော်ကြီးဆိုတာ ဖြစ်နိုင်သည်။ သူ့ဘေးမှ ကိုယ်လုံးကိုယ်ပေါက် အရမ်းတောင့်ပြီး ရုပ်ရည်အလွန်ချောသော မျက်နှာထားတင်းတင်းနှင့် အမျိုးသမီးကတော့ ရုပ်ရှင်မင်းသမီး တီရီဆာဖန်တိုနီ ဖြစ်မည်။ ပြီးတော့ … လူပုံထောင်ထောင်မောင်းမောင်းနှင့် မိန်းမလျာရုပ်ပေါက်နေသူကတော့ စာရေးဆရာကြီး စီးဒရစ်ဖော်စတာ ဖြစ်နိုင်သည်။ အစွန်ဆုံးတွင် ထိုင်နေသော ရုပ်ရည်သနားကမားနှင့် အနုပညာသည်ရုပ်ပေါက်နေသူမှာမူ တယောဆရာကလေး အိုရက်စတီမီမိုဖြစ်နိုင်သည်။

ဗိုလ်မှူး ကက်ဒရော့သည် ရုံးခန်းထဲမှ ပုဂ္ဂိုလ်များအား ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး စားပွဲဆီသို့ လျှောက်လာသည်။

ဗိုလ်မှူးကြီး ကတ်ထရန်းက ကုလားထိုင်မှ တစ်ဝက်ထရင်း ဗိုလ်မှူး ကက်ဒရော့အား ကြိုဆိုနှုတ်ဆက်ပြီးနောက် သူ့နောက်ဘက်ရှိ နောက်မြင့်ကုလားထိုင်ကို ညွှန်ပြလိုက်သည်။

"အားလုံး အဆင်သင့်ပါပဲ။ ဖဲလစ် ဟူးဘားကလွဲပြီး လူစုံရောက်နေပါပြီ။ သူက မက်စထရီက ပြန်လာပြီးတော့ နောက်ထပ် လေ့လာရေးခရီးတစ်ခု ဆက်ထွက်ရလို့တဲ့။ သူ့နေရာမှာ လူစားထိုးပြီး အမြန်ဆုံးလွှတ်လိုက်မယ်လို့ သူ့ရုံးက ကတိရပြီးပါပြီ။ မကြာခင်ရောက်လာပါလိမ့်မယ်။ ကျုပ်တို့ သူ့ကို စောင့်နေဦးမှာလား။ ဒီလူနဲ့ပဲ စနှင့်မလား"

"စပါ" ဗိုလ်မှူး ကက်ဒရော့က ပြောလိုက်သည်။

ဗိုလ်မှူးကြီး ကတ်ထရန်းသည် လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးနောက် သူ့ရှေ့မှ ထိုင်နေသူများကို မရယ်မပြုံးအကဲခတ် ကြည့်လိုက်သည်။

"ခင်ဗျားတို့ကို အခုလို ခေါ်ယူတွေ့ဆုံရတာကတော့ ကျုပ်တို့ရဲ့အဖွဲ့က အလိုရှိနေတဲ့ ဝရမ်းပြေးကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းစရာရှိနေလို့ပဲ။ ကျုပ်တို့က အဲဒီဝရမ်းပြေးကို မဂ္ဂရီဂါဆိုတဲ့ နိုင်ငံခြားသူလျှိုအနေနဲ့ သတင်းထုတ်ပြန်ကြော်ငြာခဲ့တယ်။ ဒါပေမယ့် ခင်ဗျားတို့က အဲဒီပုဂ္ဂိုလ်ဟာ ဗြိတိသျှ အမေရိကန် သိပ္ပံပညာရှင်ကြီး ပါမောက္ခ မက္ကဒေါ်နယ်ဖြစ်တယ်ဆိုတာကို ကိုယ့်နည်းကိုယ့်ဟန်အရ သိခဲ့ကြရတယ်။ သူဟာ ကျုပ်တို့ မိတ်ဆွေ နိုင်ငံတစ်နိုင်ငံကို ဆန့်ကျင်ပြီး ကြီးလေးတဲ့ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့တယ်။ ကျုပ်တို့ မိတ်ဆွေနိုင်ငံက ပိုင်ဆိုင်သင့်တဲ့ သိပ္ပံပညာဆိုင်ရာ စူးစမ်းတွေ့ရှိချက်ကြီး တစ်ခုကို ယူပြေးလာပြီး အခုအချိန်မှာ ဒီမြို့ထဲက တစ်နေရာရာမှာ ပုန်းအောင်းနေတယ်။



BURMESE CLASSIC .com

www.burmeseclassic.com



“အားလုံး သိကြတဲ့အတိုင်း သူ့ကို ဖြစ်တဲ့နည်းနဲ့ ရအောင်ဖမ်းပြီး တရားဥပဒေအရ ရုံးတင်တရားစွဲရမှာပဲ။ ကျုပ်တို့က တာဝန်သိတဲ့ ဗင်းနစ်မြို့ သူမြို့သားတွေရဲ့ အကူအညီကို မျှော်လင့်ခဲ့တဲ့အတိုင်း ပုဂ္ဂိုလ်သုံးယောက်က ကျုပ်တို့ကို အကူအညီပေးခဲ့ကြတယ်။ နောက်ထပ်လည်း အခုလို အကူအညီ ပေးကြဖို့ ကျုပ်တို့က လေးလေးနက်နက် မေတ္တာရပ်ခံပါတယ်။

“ဒီတော့ ပါမောက္ခ မက္ကဒေါ်နယ်ကို လက်ခံပြီး ဝှက်ထားခဲ့သူတွေ အဖြစ် စွပ်စွဲခံရတဲ့ ပုဂ္ဂိုလ်နှစ်ယောက်အနေနဲ့လဲ ပထမအကြိမ် စစ်ဆေးတုန်းက အမှန်အတိုင်း မထွက်ဆိုခဲ့မိခဲ့ကြရင် အခုအကြိမ်မှာ မကွယ်မဝှက်ဘဲ အမှန် အတိုင်း ထွက်ဆိုကြဖို့ သတိပေးချင်တယ်။ ပထမအကြိမ် စစ်ဆေးတုန်းက မေ့ကျန်ခဲ့တာတို့၊ မှားပြောမိတာတို့ ရှိခဲ့ရင်လဲ အခုအကြိမ်မှာ အမှန်အတိုင်း ပြန်ပြင်ပြီး ထွက်ဆိုနိုင်ပါတယ်။ ပထမအကြိမ် မှားယွင်းထွက်ဆိုမှုအတွက် အပြစ်လုံးဝ မယူဘူးဆိုတာ ကတိပေးပါတယ်”

“နောက်တစ်ချက် သိထားဖို့က” ဗိုလ်မှူး ကက်ဒရော့က သံမြှင့်ပြီး နောက်ဘက်မှ လှမ်းပြောသည်။ “ရဲအဖွဲ့အတွက် လိုအပ်တဲ့ သတင်းမှန်ကို ထိန်ချန်ထားတဲ့ လူတွေကိုလဲ ကြံရာပါအဖြစ် သတ်မှတ်ရလိမ့်မယ်။ အမှန် တရားဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး။ မမှန်တာလုပ်ရင်တော့ ထောင်ထဲ တန်းဝင်ရမှာပဲ”

“ဟုတ်ကဲ့။ ကျေးဇူးပဲ ဗိုလ်မှူး”

ဗိုလ်မှူးကြီး ကတ်ထရန်းက နောက်သို့ လှည့်၍ပြောလိုက်သည်။ ပြီးတော့ ရှေ့သို့ ပြန်လှည့်ပြီး –

“ကဲ … ဒီအချိန်က စပြီး တစ်ယောက်စီ စစ်ဆေးတော့မယ်။ ပထမ စစ်ဆေးတုန်းက အချက်အလက်တွေနဲ့ မထပ်အောင် စစ်ဆေးမယ်။ တကယ် လို့ ကျုပ်မေးတာဟာ ပထမအကြိမ်တုန်းက မေးခွန်းအတိုင်း ဖြစ်နေရင်လည်း အမှန်အတိုင်း ပြောကြစေချင်တယ်။ ဒီတော့ မစ္စတာ ဖော်စတာကို အရင်မေး မယ်။ လူကြီးမင်းက ပါမောက္ခ မက္ကဒေါ်နယ် ဘယ်မှာရှိနေတယ်ဆိုတာကို ပထမဆုံး သတင်းလာပေးတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်တယ်။ မြို့စားကတော်ကြီးက တရားခံကို သူ့စံအိမ်တော်မှာ ဝှက်ထားတယ်လို့ လူကြီးမင်းက ဘာကြောင့် ယူဆရတာလဲ”

“ယူဆတာ မဟုတ်ပါဘူး။ ဒါက တကယ့်အဖြစ်မှန်ပါ။ မြို့စား ကတော်ကြီးက ကျုပ်အတွက် ဂုဏ်ပြုညစာ စားပွဲတစ်ခု လုပ်တယ်။ ဒီက မစ္စဖန်တိုနီနဲ့ မစ္စတာ မီမိုတို့လဲ တက်ရောက်ပါတယ်။ ကျုပ်ပြောတာတွေ မှန် ကန်ကြောင်း သူတို့ကလဲ ထောက်ခံကြပါလိမ့်မယ်။ ညစာစားပြီးလို့ ဧည့်ခန်း



BURMESE CLASSIC .com

www.burmeseclassic.com



ထဲထိုင်ကြတော့ မြို့စားကတော်ကြီးက မကြာခင်က လူထူးလူဆန်း တစ်ယောက်ကို တွေ့ခဲ့ရကြောင်း စပြီး ပြောပြတယ်"

"ဘယ်မှာ တွေ့တာလဲ"

"ဗင်းနစ်မြို့ထဲမှာပါ။ အဲဒီလူဟာ ကမ္ဘာကျော် သိပ္ပံဆရာကြီးတစ်ယောက်ဖြစ်ပြီး အသက်ရှည်ဆေးကို ရှာဖွေတွေ့ရှိထားပြီးပြီလို့ သူက ပြောပါတယ်။ ကျုပ်က မဟုတ်နိုင်ကြောင်းပြောတော့ သူက မကြာခင် ကိုယ်တိုင်ကြားသိရပါလိမ့်မယ်လို့ ပြောပါတယ်။ အဲဒီအချိန်အထိ ကျုပ်က မယုံသေးပါဘူး။ ဒါပေမယ့် စိတ်တော့ တော်တော်ကလေး ဝင်စားနေတယ် ... ဒါနဲ့ မနက်ကျတော့ မြို့စားကတော်ကြီးနဲ့ နှစ်ယောက်တည်း ဆုံတဲ့အခါ ကျုပ်က အဲဒီအကြောင်း ထပ်မေးပါတယ်။ နောက်ဆုံးတော့ အဲဒီသိပ္ပံပညာရှင်ကြီးဟာ သူ့စံအိမ်တော်ထဲမှာ လောလောဆယ် ရှိနေတယ်လို့ ဖွင့်ပြောပါတယ်"

"ဒီတော့ ပါမောက္ခ မက္ကဒေါ်နယ်ကို လူကြီးမင်း မျက်စိနဲ့ အတပ်မြင်တွေ့ရသလား"

"ကျုပ်က တွေ့ချင်ပါတယ်။ ဒါနဲ့ ... တွေ့ပါရစေလို့ မြို့စားကတော်ကြီးဆီမှာ ခွင့်တောင်းတော့ သူက ငြင်းပါတယ်။ လုံးဝ တွေ့ခွင့်မရှိဘူးဆိုပြီး အကျောက်အကန် ငြင်းဆန်တယ်။ ဒါကြောင့် ကျုပ်က စိတ်ဆိုးဆိုးနဲ့ ထွက်လာခဲ့ပြီး ရဲအဖွဲ့ကို လာတိုင်တာပဲ"

ဗိုလ်မှူးကြီး ကတ်ထရန်းက မြို့စားကတော်ကြီးကို ကြည့်လိုက်သည်။

"ဒီတော့ ... မြို့စားကတော်ကြီးက ဘာပြောစရာရှိပါလဲ ... မစ္စတာဖော်စတာကို ပါမောက္ခ မက္ကဒေါ်နယ်နဲ့ ဘာကြောင့် တွေ့ခွင့်မပေးပါသလဲ"

မြို့စားကတော်ကြီးက စိတ်မရှည်သလိုဖြင့် လက်ကို ဝှေ့ယမ်းလိုက်ပြီးနောက် – "ဗိုလ်မှူးကြီးတို့ကို ကျုပ်က တစ်ကြိမ်၊ နှစ်ကြိမ်၊ ၁၀ ကြိမ်အထိ ပြောခဲ့ပြီးပြီပဲ။ ကျုပ်က မစ္စတာ ဖော်စတာကို ပါမောက္ခ မက္ကဒေါ်နယ်နဲ့ တွေ့ခွင့်မပေးဘူးဆိုတာ မှန်ပါတယ်။ အဲဒီလို တွေ့ခွင့်မပေးတာကလဲ ပါမောက္ခ မက္ကဒေါ်နယ်ဆိုတာ ရှိကို မရှိလို့ပါပဲ။ သူ ရှိတယ်ဆိုတာက တကယ်မဟုတ်ပါဘူး။ ကျုပ်က စိတ်ကူးနဲ့ တမင်ထွင်ပြီး ပြောမိတာပါ။ တကယ်တော့ ... ပါမောက္ခ မက္ကဒေါ်နယ် ဇာတ်လမ်းတစ်ခုလုံးဟာ ကျုပ် ဧည့်သည်တွေ ပျော်ရွှင်ပါစေတော့လို့ ကျုပ်က လုပ်ဇာတ်ခင်းပြီး ပြောလိုက်မိတာပါ"

"လုပ်ဇာတ်ခင်းတိုင်း ရရောလား"

"ရပါတယ်။ ရတာက ဒီလိုပါ။ ဒီအကြောင်းက ပြီးခဲ့တဲ့ တစ်ပတ်လောက်ကတည်းက မြို့ထဲပြန့်နေတာ။ ကျုပ်လည်း ဒီလိုပဲ တစ်ဆင့်စကား

www.burmeseclassic.com



တစ်ဆင့်နားနဲ့ မိတ်ဆွေတစ်ယောက်ဆီက တစ်ဆင့်သိရတာပါ။ အဲဒီ မိတ်ဆွေကလည်း မြို့တော်ဝန်ကတော်ဆီက တစ်ဆင့် ကြားခဲ့ရတယ်ဆိုလား ... ဘာလေးတော့ ကျုပ် အတိအကျ မမှတ်မိတော့ပါဘူး။ အခုလိုက်ဖမ်းနေတဲ့ ဝရမ်းပြေးဟာ သူလျှိုမဟုတ်ဘူး။ အသက်ရှည်ဆေးကို ရှာဖွေတွေ့ရှိတဲ့ နာမည်ကျော်သိပ္ပံပညာရှင်ကြီး တစ်ယောက်ဖြစ်တယ်ဆိုတာ အဲဒီမိတ်ဆွေက ကျုပ်ကိုပြောလို့ သိရပါတယ်။

"ဒါနဲ့ ... ကျုပ်က ဒီအကြောင်းကို ညစာစားပွဲမှာ တစ်ဆင့် ဖောက်သည်ချလိုက်တာ။ ကျုပ်ပြောတာကို မစ္စတာ ဖော်စတာက မယုံနိုင်ပါဘူးလို့ အတင်းငြင်းနေတာနဲ့ ကျုပ်ကလဲ ကျုပ်ရဲ့လုပ်ဇာတ် ပိုပြီး ခိုင်လုံအောင်ဆို ပြီး အဲဒီ ပုဂ္ဂိုလ်ကြီး ကျုပ် အိမ်တော်မှာ ရှိနေတယ်လို့ သူ့ကို မုသာဝါဒ ပြောလိုက်မိတယ်။ ကျုပ်ရဲ့ အတင်းအဖျင်းကြောင့် အခုလို လူတွေ ဒုက္ခရောက်ရတာ ကျုပ် အများကြီး ဝမ်းနည်းမိပါတယ်။ ဒါပေမယ့် အဖြစ်ကတော့ အတင်းအဖျင်းပါပဲ။ ကျုပ်က ပါမောက္ခ မက္ကဒေါ်နယ်ဆိုတာ ဖြူသလား မည်းသလား လုံးဝ မမြင်ဖူးပါဘူး။ ပိုစတာ ကြော်ငြာမှာပဲ မြင်ဖူးတာပါ"

ဗိုလ်မှူး ကက်ဒရေ့က မြို့စားကတော်ကြီးကို သေသေချာချာ အကဲခတ်နေသည်။ သည်အဘွားကြီး အမှန်ကို ပြောနေတာလား၊ လိမ်ပြောနေတာလား။

ခပ်ကြမ်းကြမ်းကလေးသာ စစ်ဆေးလိုက်ရလျှင် တစ်ချက်တည်း အဖြေထွက်လာနိုင်မည်မှာ သေချာသည်။ သို့သော် ... သူ့လို အထက်တန်းလွှာ ဆွေတော်မျိုးတော်၊ အမျိုးသမီးကြီးတစ်ဦးအား အကြမ်းနည်းဖြင့် စစ်ဆေးခြင်းကို ဗင်းနစ်မြို့မှ အာဏာပိုင်များက မည်သည့်နည်းနှင့်မျှ သဘောတူနိုင်မည် မဟုတ်။

ထို့ကြောင့် ဗိုလ်မှူးကက်ဒရေ့က "ကောင်းပြီလေ။ တခြားလူတွေ ထွက်ဆိုချက် ဆက်ပြီး နားထောင်ကြည့်ရသေးတာပေါ့" ဟုသာ မကျေမနပ်ဖြင့် ငြိမ်နေလိုက်ရတော့သည်။

ထို့နောက် ... ဗိုလ်မှူးကြီး ကတ်ထရန်းက ရုပ်ရှင်မင်းသမီးကို ဆက်လက် စစ်ဆေးသည်။

"မေးစရာတွေကတော့ အများကြီးပဲ ... မစ္စဖန်တိုနီ"

ဗိုလ်မှူးကြီး ကတ်ထရန်း၏အသံသည် အရင်နှင့် မတူဘဲ ပျော့သွားသည်ဟု ဗိုလ်မှူးကက်ဒရေ့က တွေးလိုက်သည်။

"မေးပါ ဗိုလ်မှူးကြီး။ ကျွန်မ ဖြေဖို့ အသင့်ရှိပါတယ်"

"ခင်ဗျားက ရဲကိုလာတိုင်တော့ ရဲက မြို့တော်ဝန်ဆီ လွှတ်လိုက်

www.burmeseclassic.com



တယ်။ မြို့တော်ဝန်ဆီရောက်တော့ ခင်ဗျားက ပါမောက္ခ မက္ကဒေါ်နယ် ဘယ်မှာ ရှိတယ်ဆိုတာ သိပါတယ်လို့ ပြောတယ်။ အဲဒီတော့ ... ဘယ်လိုလုပ်သိတာပါလဲ"

"သူ့ဆီက သိရတာပါ" သူမက အိုရက်စတီမီမိုအား လည်ညွှန်းထိုးပြသည်။

"အိုး ... မစ္စတာမီမိုဆီက သိရတာကိုး။ ဒီတော့ ... ခင်ဗျားတို့က မိတ်ဆွေတွေလား"

"မဟုတ်ပါဘူး ... လုံးဝ မဟုတ်ပါဘူး။ ကျွန်မက သူ့ကို မြို့စားကတော်ကြီးပါတီပွဲမှာ သိခဲ့ရတာပါ။ မြို့စားကတော်ကြီးက ထူးဆန်းတဲ့ သိပ္ပံပညာရှင်ကြီးအကြောင်း ပြောပြတော့ ကျွန်မတို့ နှစ်ယောက်စလုံး ရှိနေကြပါတယ်။ ဒီအကြောင်းကြားရတော့ ကျွန်မအနေနဲ့ အတော်ပဲ စိတ်ဝင်စားပါတယ်။ တစ်ချိန်တည်းမှာ မယုံကြည်နိုင်အောင်လဲ ဖြစ်မိပါတယ်။ နောက်တစ်နေ့မှာ ကျွန်မဆီ မစ္စတာ မီမို လာလည်ပါတယ်။ ကျွန်မတို့ နှစ်ယောက် ဂရစ်တီဟိုတယ်မှာ အရက်သောက်ကြပါတယ်။ သူက သူရေးနေတဲ့ ပြဇာတ်ထဲမှာ ကျွန်မကို ပါဝင်စေချင်တယ်။ ကျွန်မက စိတ်မဝင်စားပါဘူး။ ဒါနဲ့ ... သူ့ကို ကျွန်မ ပြန်လွှတ်လိုက်ပါတယ်။

"ဒါပေမယ့် အဲဒီနေ့ ညဉ့်ဦးပိုင်းကျတော့ ကျွန်မအခန်းကို သူ ပေါက်ချလာပြန်ပါတယ်။ သူ့ကြည့်ရတာ တော်တော်ပဲ စိတ်လှုပ်ရှားနေပုံ ရပါတယ်။ ကျွန်မက မြို့စားကတော်ကြီး ဇာတ်လမ်းထဲက သိပ္ပံပညာရှင်ကြီးရဲ့ အသက်ရှည်နှပ်ဆေးကို စိတ်ဝင်စားကြောင်း သူသတိပြုမိတယ်လို့ သူက ပြောပါ တယ်။ ပြီးတော့ သူဟာ စောစောကပဲ အဲဒီ သိပ္ပံပညာရှင်ကြီးကို တကယ်တွေ့ခဲ့ရတယ်။ ဒီတော့ သူ့ပြဇာတ်မှာ ကျွန်မ ပါဝင် သရုပ်ဆောင်မယ်ဆိုရင် ကျွန်မကို သိပ္ပံပညာရှင်ကြီးနဲ့ တွေ့ပေးမယ်လို့ ပြောပါတယ်။ ဒါနဲ့ ... ကျွန်မတို့ ဆက်လက်ဆွေးနွေးကြပါတယ်။ နောက်ဆုံးတော့ အဲဒီသိပ္ပံပညာရှင်ကြီးဟာ သူ့အခန်းထဲမှာ ရှိပါတယ်လို့ သူက ဖွင့်ပြောပါတယ်။ မစ္စတာ မီမိုပြန်သွားတော့ ကျွန်မ စိတ်ထဲ မှန်တယ်လို့ ထင်တာကို ကျွန်မ ချက်ချင်းပဲ လုပ်လိုက်ပါတယ်။ အဲဒါက တခြား မဟုတ်ပါဘူး။ ရဲကို ချက်ချင်း သွားတိုင်တာပဲ ဖြစ်ပါတယ်"

ဗိုလ်မှူးကြီး ကတ်ထရန်းက မစ္စဖန်တိုနီအား ကျေနပ်ပြုံးပြုံးကြည့်လိုက်ပြီးနောက် အိုရက်စတီမီမိုဘက်သို့ လှည့်လိုက်သည်။

"ကဲ ... မစ္စတာမီမို ... ဆိုပါဦး၊ မစ္စဖန်တိုနီပြောတာ အမှန်ပဲလား"

"တစ်ဝက်ပဲ မှန်ပါတယ်"

"ဒါဖြင့် ... ဘယ်အပိုင်းက မမှန်တာလဲ"

www.burmeseclassic.com



"မက္ကဒေါ်နယ်ကို ကျွန်တော် သိတယ်ဆိုတာ မမှန်ပါဘူး။ ကျွန်တော် သူ့ကို လုံးဝ မမြင်ဖူးပါဘူး။ မြို့စားကတော်ကြီး ဇာတ်လမ်းအရသာ သူ့အကြောင်း ပထမဆုံး အကြိမ် ကြားဖူးတာပါ"

"ဒါပေမယ့် ... ခင်ဗျားက သူ့ကို သိပါတယ်လို့ မစ္စဖန်တိုနီကို ပြောခဲ့တယ်ဆို"

"ဟုတ်ကဲ့ ... ပြောခဲ့ပါတယ်။ သူက တစ်ယောက်ယောက်ဆီက နပိုျဆေး လိုချင်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က အဲဒီပုဂ္ဂိုလ်နဲ့ မိတ်ဆက်ပေးပါမယ်လို့ သူယုံအောင် ပြောခဲ့မိပါတယ်"

ဗိုလ်မှူးကြီးက မျက်မှောင်ကြုတ်လိုက်သည်။

"အဲဒီလိုပြောတာက ခင်ဗျား ပြဇာတ်ထဲမှာ သူပါဝင်စေချင်လို့လား"

"အဲဒီလို လုံးဝ မဟုတ်ပါဘူး ဗိုလ်မှူးကြီး၊ အမှန်က ကျွန်တော်က သူ့ကို ချစ်ချင်လို့ပါ"

"ဘာ ... ဘာ ... ချင်လို့"

"သူနဲ့ အိပ်ချင်လို့ပါ။ ခွင့်လွှတ်ပါ ခင်ဗျား" မီမိုက ပြုံးလိုက်ပြီး ... "ဖြစ်လဲ ဖြစ်ခဲ့ပါတယ်"

ဤတွင် တီရီဆာ ဖန်တိုနီမှာ ယမ်းပုံမီးကျ ဒေါသအိုးပေါက်ကွဲသွားပြီး ဖနောင့်ဆောင့်ကာ ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်သည်။

"ဟေ့ ... ခွေးစုတ်မသား၊ နင့်ပါးစပ်နဲ့ စော်ကား မော်ကား ဘာစကားတွေ ပြောလိုက်တာလဲ ...ဟင်။ တောက် ... ဟင်း ... ရာရာသသ ... သူတောင်းစားလက်က ရွှေခွက်မှ အားမနာ။ နင့်ကိုငါ အသေသတ်မယ်။ ဟေ့ ... အယုတ် တမာ မုသားကောင် နင့်ကို ငါ အသေသတ်မယ် သိရဲ့လား"

တီရီဆာက တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ မီမိုအပေါ်သို့ စီးမိုးပြီး လက်ကိုင်သားရေအိတ်ဖြင့် တအား လွှဲရိုက်လိုက်ရာ မစ္စတာ ဖော်စတာက ကမန်းကတန်း ခုန်အုပ်ပြီး သူမ၏လက်ကို ဆုပ်ဖမ်းထားလိုက်သောကြောင့်သာ မီမိုမှာ ခေါင်းမပေါက်ဘဲ သက်သာရာရသွားသည်။

တီရီဆာက အခဲမကျေနိုင်ဘဲ ပါးစပ်မှ တတွတ်တွတ် ကျိန်ဆဲရင်း မစ္စတာ ဖော်စတာ၏ လက်ထဲတွင် အကျောက်အကန် ရုန်းနေသဖြင့် ဗိုလ်မှူးကြီး ကတ်ထရန်းက အစောင့်ရဲသားများအား မျက်ရိပ်ပြလိုက်သည်။ ရဲသားက မြန်မြန်ကလေး ထွက်လာပြီး တီရီဆာအား ဖေးမကာ ကုလားထိုင်တွင် ပြန်ထိုင်ခိုင်းလိုက်သည်။ တီရီဆာက မီမိုအား ဝါးစားတော့မတတ် မျက်စောင်းတခဲခဲ လုပ်ရင်း တဖျစ်ဖျစ်ဖြင့် ကျိန်ဆဲနေတုန်း ဖြစ်သည်။

ဗိုလ်မှူးကြီး ကတ်ထရန်းက သူ့ကိုယ်သူ ဣန္ဒြေဆည်လိုက်ပြီးနောက်



BURMESE CLASSIC .com

www.burmeseclassic.com



"ကဲ ... ဒီတော့ လုပ်ငန်းကလေး ပြန်စလိုက်ကြရအောင်။ ဒီပြဿနာကို ကျုပ်တို့က အရင်းအမြစ်အထိ လိုက်ရမယ်။ နောက်ထပ် ဆက်မေးစရာ နည်းနည်းကျန်သေးတယ်"

နောက်ထပ် စစ်ဆေးချက်များကို ဗိုလ်မှူး ကက်ဒရော့က မျက်နှာရှစ်ခေါက်ချိုးဖြင့် မကျေမနပ်နှင့် ဆက်လက်နားထောင်နေသည်။

အလကားပဲ၊ ဘာမှမထူးဘူး။ မေးတဲ့ လူကလည်း အကွက်စေ့စေ့နဲ့ ထွက်ပေါက်မရှိအောင် မမေးတတ်။ ဖြေတဲ့လူကလည်း မလည်ရှုပ်၊ နားယောင်ပက်ကားတွေ။

သည်ကြားထဲ ဗိုလ်မှူးကြီး ကတ်ထရန်းက ၎င်းတို့အား တရားခံနှင့် ကြံရာပါတွေလို မဆက်ဆံဘဲ အိမ်နီးချင်းတွေလို ဆက်ဆံနေလိုက်သေးသည်။ သည်အတိုင်းသာဆိုလျှင် သူပြောသလို ပြဿနာ၏ အရင်းအမြစ်ရဖို့ မဆိုထားဘိ၊ အကိုင်းအဖျားတောင် မရမည်မှာ သေချာပေါက်ဖြစ်သည်။

ဗိုလ်မှူး ကက်ဒရော့သည် မြင်နေရသော အခြေအနေကို ကြည့်ပြီး အတော်ပင် စိတ်ပျက်သွားသည်။

ထို့နောက် သူသည် ကုလားထိုင်လွတ်တစ်လုံးကို သတိပြုလိုက်မိသည်။ တော်ပါသေးရဲ့၊ ငါးယောက်မြောက် သတင်းပေးတစ်ယောက် ကျန်နေသေးသည်။ သူက ခရီးသည် လမ်းညွှန်စကားပြန် အမျိုးသမီး။ သူမအနေဖြင့် တစ်ခုခုတော့ ပြောစရာ ရှိနိုင်သည်။ သူမဆီက တစ်ခုခုတော့ မျှော်လင့်နိုင်သေးသည်။

ကံကောင်းလျှင် သူ့အဖို့ မနက်ဖြန် မော်စကိုသို့ အစီရင်ခံရန် သတင်းကောင်းတစ်ခုတော့ ရကောင်းရနိုင်သေးသည်။

*

ဖဲလစ်ဟူးဘားသည် မိမိနောက်ကျနေပြီ ဆိုသည်ကို စိတ်ထဲက စွဲနေသောကြောင့် အမောတကောဖြင့် အလောကလေး လျှောက်လာခဲ့သည်။ ရီဗာဒီဂလီရိုယာဗိုနီ လမ်းထောင့်ရောက်တော့ ကမ်ပိုဆန် ဇကာရီယာ လမ်းမကြီးဘက် ချိုးဝင်လိုက်သည်။

သူမသည် ရဲချုပ်ရုံးမှ ဆင့်ခေါ်ခြင်းခံရတာကိုလည်း ကြောက်မိသည်။ စစ်ဆေးမေးမြန်းခြင်း ခံရမည်ကိုလည်း ကြောက်မိသည်။ ကမ္ဘာလှည့်ခရီးသည်များအား လိုက်လံပြသရင်း နေရာတကာတွင် ရဲသားပေါင်းများစွာနှင့် အကြိမ်ပေါင်းများစွာ တွေ့ဖူးခဲ့ပါ၏။ တချို့ရဲသားများနှင့် ဆိုပါလျှင် ရင်းနှီးကျွမ်းဝင် ခင်မင်သော မိတ်ဆွေဘဝသို့ပင် ရောက်ခဲ့ဖူးပါ၏။

www.burmeseclassic.com



သို့ပေမယ့် … ရဲချုပ်ရုံးကိုတော့ သူမ တစ်သက်တာတွင် တစ်ခါမှ မရောက်ခဲ့စဖူး။ ထို့ကြောင့်လည်း သူမသည် လောလောဆယ်တွင် ရဲအရာရှိကြီးများ ရှေ့၌ ဘယ်လိုနေ၍ ဘယ်လိုပြောရမှန်း မသိသဖြင့် တွေးပြီး ကြောက်စိတ်နေမိခြင်း ဖြစ်သည်။

သူမသည် အကြောင်းနှစ်ရပ်ကြောင့် ပို၍ ကြောက်မိသည်။

ပထမအကြောင်းက သူမအနေဖြင့် ဗင်းနစ်မြို့ကို ဇာတိမြို့လို သဘောထားသည့်တိုင်အောင် မိမိမှာ သူစိမ်းတစ်ရံ ဖြစ်နေသည်။ နိုင်ငံခြားသူ ဖြစ်နေသည်။ ဆွစ်ဇာလန်သူ ဖြစ်နေသည်။ ထို့ကြောင့် သူမအား ဗင်းနစ်မြို့သူ မြို့သားတစ်ဦးထက် ပို၍ ရက်ရက်စက်စက်ဆံမည်ကို တွေးကြောက်မိသည်။

ဒုတိယအကြောင်းကိုတော့ ပထမ အကြောင်းထက်ပင် ပို၍ကြောက်မိသည်။ ထို့ကြောင့် ထိုအကြောင်းကို မိမိအား မမေးကြပါစေနဲ့ ဟူ၍ စိတ်ထဲမှ အကြိမ်ကြိမ် ဆုတောင်းနေမိသည်။

ရဲချုပ်ရုံး အဆောက်အအုံ ဂိတ်ဝသို့ ရောက်လာခဲ့သည်။ အဝတွင် ခေတ္တရပ်ကာ အသက်မှန်မှန်ရှူလိုက်ပြီးတော့မှ ဂိတ်ဝနားသို့ ကပ်လာခဲ့သည်။ လျှပ်စစ် ဂိတ်တံခါးတွင် ကျောက်ရုပ်မျက်နှာနှင့် အစောင့်က သူမ၏နာမည်နှင့် အလုပ်အကိုင်ကို မေးသည်။ သူမက နှစ်ခုစလုံးကို ပြောလိုက်သည်။

ထို့နောက် ဂိတ်တံခါးပွင့်လာပြီး သူမကို အထဲသို့ ဝင်ခွင့်ပြုသည်။ အစောင့်ရဲသားက သူ့နောက်သို့ လိုက်ခဲ့ရန်ပြောသည်။ စင်္ကြံဆောင်အတိုင်း လျှောက်လာခဲ့ပြီးနောက် အစောင့်ရဲသားက ရုံးခန်းတစ်ခု ရှေ့တွင်ရပ်ကာ တံခါးဖွင့်ပေးသည်။ သူမသည် ရုံးခန်းထဲဝင်လာခဲ့သည်။

သူမအပြင် မည်သူမျှ ရှိလိမ့်မည်မဟုတ်ဟု ထင်ခဲ့မိသဖြင့် စိတ်ထဲ တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။

ရဲအရာရှိ တစ်ဦးသည် စားပွဲတွင် ထိုင်ကာ လူတစ်ယောက်အား မေးမြန်းနေရာမှ သူမကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"ဖဲလစ်ဟူးဘား"

ရဲအရာရှိက မေးလိုက်သည်။

သူမက ပါးစပ်ဖြင့် မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ကျုပ်က ဗိုလ်မှူးကြီး ကတ်ထရန်းပါ။ မင်းကို တို့စောင့်နေကြတာ။ ထိုင်ပါ"

သူက အစွန်ဆုံး ကုလားထိုင်ကို ညွှန်ပြလိုက်သည်။

"ခဏနေရင် တို့အလုပ်စမယ်"

ဖဲလစ်က ကုလားထိုင်ပေါ်တွင် တောင့်တောင့်ကြီး ထိုင်ချလိုက်ပြီး



BURMESE CLASSIC .com

www.burmeseclassic.com



နောက် သူမဘေးမှ လူများကို အကဲခတ်ကြည့်လိုက်သည်။ သူမနှင့် ဘေးချင်းကပ်ထိုင်နေသူမှာ ကွာဒရီကဖေးတီးဝိုင်းမှ တယောဆရာ အိုရက်စတီမိမို ဖြစ်သည်။ သူမသည် မိမိုနှင့် သွားရင်းလာရင်း မကြာခဏ ဆုံဖူး၍ ကောင်းစွာ မှတ်မိနေသည်။

သူမသည် ကြားနေရသော စစ်ဆေးထွက်ဆိုချက်များကို ဂရုမစိုက်ဘဲ အခန်းထဲမှ ပုဂ္ဂိုလ်များကိုသာ တစ်ယောက်ပြီးတစ်ယောက် လိုက်ကြည့်မိသည်။ မြို့စားကတော်ကြီးကိုတော့ ဗင်းနစ်မြို့တွင် မသိသူမရှိ။ မြို့စားကတော်ကြီးဘေးမှ အမျိုးသမီး ချောချောကိုလည်း ရင်းရင်းနှီးနှီး မြင်ဖူးသလိုရှိသည်။ သို့သော် နာမည်ကိုတော့ မမှတ်မိ။ ထောင်ထောင်မောင်းမောင်း ဝဝခန့်ခန့် ပုဂ္ဂိုလ်ကတော့ အမေရိကန်ရုပ် ပေါက်နေသည်။ သူ့ကို သူမ လုံးဝ မသိ။

ဒီပုဂ္ဂိုလ်တွေ ဒီအခန်းထဲ ဘာလို့ ရောက်နေကြတာပါလိမ့်ဟု သူမက တွေးလိုက်သည်။

သူမ နာမည်ကို ခေါ်သံ ကြားလိုက်ရသည်။ တစ်ကိုယ်လုံးတောင့်တင်း သွားသလို ခံစားလိုက်ရသည်။ စားပွဲနောက်မှ ထိုင်နေသူ ဗိုလ်မှူးကြီး ကတ်ထရုန်းကို လေးလေးစားစားကြည့်လိုက်သည်။

"မစ္စဟူးဘား၊ မင်းကို အခုလို ဘာကြောင့် ခေါ်ရတယ်ဆိုတာ သိသလား"

"ဒီမနက်က အဖြစ်အပျက်နဲ့ ပတ်သက်လို့ပါ။ သူလျှိုမဂ္ဂရီဂါကို ကျွန်မ တွေ့တဲ့အကြောင်း ရဲကို အကြောင်းကြားခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်လို့ပါ"

"အေး ... ဟုတ်ယ် ... ဖဲလစ်ဟူးဘား။ လုံခြုံရေးကိစ္စကြောင့် သူ့ကို တို့က မဂ္ဂရီဂါလို့ နာမည်ပေးလိုက်ရတယ်။ သူ့နာမည်အမှန်က ပါမောက္ခ မက္ကာဒေါ်နယ်တဲ့ ဒေးဗစ်မက္ကာဒေါ်နယ်တဲ့။ သိပ္ပံပညာရှင်၊ ဥပဒေကို ဆန့်ကျင်ပြီး ထွက်ပြေးနေတဲ့ ဝရမ်းပြေးတစ်ယောက်ပဲ။ ဒါ ... ထားလိုက်ပါ။ တို့ စစ်ဆေးချက်နဲ့ မပတ်သက်ပါဘူး။ ဒီနေ့မနက် မင်းက တို့ဆီကို တယ်လီဖုန်းဆက်တော့ တို့က မင်းကို မေးချင်တာတွေ မေးဖို့ အချိန်မရခဲ့ဘူး။ နောက်ပိုင်း မင်းကို စုံစမ်းကြည့်တော့လဲ မက်စထရီကို လေ့လာရေးအဖွဲ့နဲ့ ထွက်သွား ကြောင်း သိရတယ်။ ဒါကြောင့် ... အခု မင်းကို တို့ မေးချင်တာကလေးတွေ မေးချင်တယ်"

"မေးပါရှင်"

"ငါသိရသလောက်ဆိုရင် မင်းကို မက်စထရီက စက်ရုံတစ်ရုံကို လေ့လာရေးထွက်မယ့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းပိုင်ရှင်ကြီးတွေကို ကြိုးကြပ်ခေါ်သွားဖို့ တာဝန်ပေးထားတယ်လို့ သိရတယ်။ အဲဒီလူတွေကို ဘောဝါးဂရန်

www.burmeseclassic.com



ဝေါလ် ဟိုတယ်ဧည့်ခန်းမှာ လူစုတယ်။ မင်းနဲ့ လိုက်ပါသွားမယ့် လူရဲ့တွေ နာမည်စာရင်းလဲ မင်းဆီမှာရှိတယ်"

"အဲဒါ မှန်ပါတယ်"

"ဒီတော့ ... မဂ္ဂရီဂါဆိုတဲ့နာမည်ရော၊ မက္ကဒေါ်နယ်ဆိုတဲ့ နာမည်ရော မင်းစာရင်းထဲမှာ လုံးဝမပါဘူး"

"မပါပါဘူး"

"ဒါပေမယ့် ... မင်းက နာမည်ခေါ်ပြီး တစ်ယောက်ချင်း လိုက်စစ်တဲ့ အခါမှာ ဝရမ်းပြေးမက္ကဒေါ်နယ် ဆိုတဲ့လူ ပါဝင်နေတာကို သိရတယ်"

"ဟုတ်ပါတယ်"

"မင်းက သူ့ကို ဘယ်လိုလုပ်ပြီး မှတ်မိသလဲ"

"အမှတ်မထင်ပါပဲ။ ဆုငွေပိုစတာမှာ သူ့ဓာတ်ပုံကို မြင်ပြီး သူ့ မျက်နှာ မှတ်မိတာပါ"

"ဒီတော့ ... သူ့ကို မြင်မြင်ချင်း သူဟာ မက္ကဒေါ်နယ်ဆိုတာ မင်းက သေချာပေါက် ပြောနိုင်သလား"

"ပြောနိုင်ပါတယ်။ သူ့မှာ အမွှာပူးညီအစ်ကို မရှိရင်ပေါ့"

"ဒါနဲ့ ... မင်းက အရေးပေါ် တယ်လီဖုန်းဌာနသွားပြီး တို့ဆီဆက် တာပေါ့ ... ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ ကျွန်မ ချက်ချင်းပဲ ဆက်ပါတယ်။ ဒါဟာ ကျွန်မ အနေနဲ့ လုပ်သင့်တဲ့တာဝန်လို့ ထင်ပါတယ်"

"ပြီးတော့ ... ဆုငွေကိုလဲ လိုချင်တယ်ပေါ့ ... ဟုတ်လား။ ဒါကောင်း ပါတယ်။ ဒီတော့ ... မင်းတို့ဆီ ဖုန်းဆက်တယ်။ ပြီးတော့ မင်းနေရာမင်း ပြန်သွားတယ်။ နောက်တော့ ဘယ်လိုကြုံရသေးသလဲ"

"နောက်တော့ ... သူမရှိတော့ဘူး၊ သူထွက်ပြေးသွားပြီ။ သူ့ကို ဘယ်မှာမှ မတွေ့တော့ပါဘူး"

"မင်း အဖွဲ့ထဲက တစ်ယောက်ယောက်များ မမြင်လိုက်မိဘူးလား"

"ရဲတွေက သူတို့ကို မေးပါတယ်။ သူထွက်သွားတာ ဘယ်သူမှ မမြင်လိုက်မိကြပါဘူး"

ဗိုလ်မှူးကြီး ကတ်ထရန်းက စားပွဲပေါ်မှ မှတ်စုစာအုပ်ကို ခဲတံနှင့် ခေါက်ရင်း စိုက်ကြည့်နေသည်။ ခဏကြာတော့မှ ခေါင်းမော့လာပြီး –

"တို့ ... မရှင်းတာတစ်ခုရှိတယ် ... မစ္စဟူးဘား။ အဲဒါကို တို့ဖြေရှင်း နိုင်ရင် အားလုံးကို ဖြေရှင်းနိုင်ပြီ။ မင်းရဲ့ မက်စထရီ လေ့လာရေးခရီး ဘယ်နေ့ ထွက်မယ် ဆိုတာရယ်။ ဘောဝါးဂရန်ဝေါလ်ဟိုတယ်မှာ စုရပ်စီစဉ်ထားတာကို

www.burmeseclassic.com



ရယ်။ ဒီခရီးစဉ်တစ်ခုလုံးနဲ့ ပတ်သက်ပြီး ဘယ်နေ့ရက်၊ ဘယ်နေရာ၊ ဘယ်အချိန်ဆိုတာကို လျှို့ဝှက်ကိစ္စအဖြစ် သတ်မှတ်ထားတယ်လို့ တို့သိရတယ်။ ဒါပေမယ့် ... မက္ကဒေါ်နယ်က အချိန်ကိုရော၊ ဘယ်နေရာက စထွက်မယ်ဆိုတာကိုရော သိနေတယ်။ သူဟာ ဗင်းနစ်မြို့က ထွက်ပြေးဖို့အတွက် သတ်မှတ်ထားတဲ့အချိန်မှာ အဲဒီစုရပ်ကို ရောက်လာတယ်။ ဒီလို ဖြစ်ရတာဟာ တစ်ယောက်ယောက်က သူ့ကို ပြောလို့ ကူညီလို့ပဲ ဖြစ်ရမယ်။ တကယ်တော့ မင်းက တစ်ယောက်ယောက်ကို ပြောလိုက်မိပြီး အဲဒီလူကတစ်ဆင့် မက္ကဒေါ်နယ်ကို ပြောတာဖြစ်နိုင်တယ်။

"ဒီတော့ ... မင်းကို ငါ အချိန်ပေးမယ်။ မင်း ပြန်ပြီးစဉ်းစားကြည့်ပါ။ ပြီးတော့ တို့ကို အမှန်အတိုင်း ပြောပါ။ မင်းအဖြေဟာ တို့အတွက် အရေးအကြီးဆုံး အဖြေပဲ။ ကိုင်း ... လုပ်စမ်းပါ။ မက်စထရီကို လေ့လာရေးခရီး ထွက်မယ်၊ မက္ကဒေါ်နယ်လဲ ပါမယ်ဆိုတာ ဒီမြို့ထဲမှာ ဘယ်သူသိသလဲ"

ဘယ်သူလဲ။ ဘယ်သူသိသလဲ။

သည်မေးခွန်းသည် ဖဲလစ် အကြောက်ဆုံးမေးခွန်းပင် ဖြစ်သည်။ အဖြေကတော့ လွယ်ပါသည်။ တီမိုသီဂျော်ဒန်။

သို့သော် ... သို့သော် ... သူမက အမှန်အတိုင်း ဖွင့်ပြောလိုက်လျှင်၊ သူ့နာမည်ကို ထုတ်ဖော်ပြောလိုက်လျှင် သူ့ဘဝတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွားလိမ့်မည်။ သူမသည် ဟိုတုန်းက ဂျော်ဒန်အပေါ် သစ္စာဖောက်ခဲ့ဖူးပါသည်။ သို့သော် အဲဒီတုန်းက ကိစ္စကတစ်မျိုးဖြစ်သည်။ ယခုကိစ္စနှင့် မတူ။ သည်နေ့ မနက်တုန်းကလည်း သူမအနေနှင့် ဂျော်ဒန်အပေါ် ထိခိုက်နစ်နာအောင် ဘာမျှမလုပ်ခဲ့။ သူ့မိတ်ဆွေက မြို့ပြင်ထွက်ပြေးရန် ကြံစည်နေကြောင်းကိုသာ ရဲသို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ သည်လို လုပ်ခဲ့ရသည်မှာလည်း ငွေကြေးကို အကြောင်းပြု၍ လုပ်ခဲ့ရခြင်းသာဖြစ်သည်။ ဂျော်ဒန်ကိုသော် လည်းကောင်း၊ သူ့မိတ်ဆွေကိုသော် လည်းကောင်း အကျိုးစီးပွားထိခိုက်စေလိုသော စိတ်ထား စိုးစဉ်းမျှမရှိ။ တစ်နည်းအားဖြင့်မူ ဂျော်ဒန်အတွက် ဘာမှ ထိခိုက်စရာမရှိ။ သူ့မိတ်ဆွေမှာသာ ထိခိုက်စရာရှိသည်။ ထို့ကြောင့်လည်း သူမက မိမိ၏လုပ်ရပ်ကို အခြေအနေအရ မှန်ကန်သည်ဟု ယုံကြည်ခဲ့ခြင်းဖြစ်သည်။

သို့သော် ... ယခု ကိစ္စတွင်မူ သူမက အမှန်အတိုင်း ထွက်ဆိုလိုက်လျှင် ဂျော်ဒန်ကို သစ္စာဖောက်ရာ ရောက်တော့မည်။ ဂျော်ဒန်၏ အကျိုးစီးပွားကို တိုက်ရိုက်ကြီး ထိခိုက်တော့မည်။ ထို့ကြောင့် ... သည်ကိစ္စသည် ယခင်ကိစ္စတုန်းကနှင့် လုံးဝ မတူ။ ထို့ကြောင့် သူမအနေနှင့် ပေါ့ပေါ့တွေး၍ မဖြစ်၊ လေးလေးနက်နက် စဉ်းစားရမည်။ လေးလေးနက်နက် စဉ်းစားရမည်။

www.burmeseclassic.com



သူမက ဖွင့်ပြောလိုက်လျှင် ဘာဖြစ်မလဲ၊ ဂျော်ဒန်အတွက် ဘယ်လို ထိခိုက်မှာလဲ။

သူတို့က ဂျော်ဒန်အား မက္ကဒေါ်နယ်ကို ရှာပေးရန် အတင်းအကျပ် ခိုင်းကြမ်၊ ဂျော်ဒန်၏ သဘောထားကို သူမ ကောင်းကောင်းကြီးသိသည်။ သူ့အနေဖြင့် မိတ်ဆွေတစ်ယောက်အပေါ် ဘယ်တော့မှ သစ္စာဖောက်လိမ့်မည် မဟုတ်။

သူသည် ဗင်းနစ်မြို့သားတစ်ယောက် မဟုတ်သည့်အတွက် သူတို့ က သူ့အား ဖြောင့်ချက်မပေးမချင်း ရိုက်နှက်စစ်ဆေးကြမည်။ နည်းအမျိုးမျိုး ဖြင့် ညှဉ်းဆဲကြမည်။ မက္ကဒေါ်နယ် ပြဿနာကြောင့် တစ်မြို့လုံး ပိတ်ထားရ၍ လူတွေ အားလုံး ဒုက္ခရောက်ကြရခြင်း၏ အဓိကတရားခံမှာ ဂျော်ဒန်ပင်ဖြစ် သည်ဆိုပြီး သူ့ကို လူစဉ်မမီ အင်္ဂါချွတ်ယွင်းသည်အထိ အကြမ်းဖက်နှိပ်စက် ကြလိမ့်မည်။

သို့သော်လည်း သူတို့အနေဖြင့် ဂျော်ဒန်ဆီက ဘာအဖြေမှ ရမည် မဟုတ်။ သူက အသေသာခံမည်။ ဖြောင့်ချက်တော့ ဘယ်တော့မှ ပေးလိမ့်မည် မဟုတ်။

ယင်းသို့ဆိုလျှင် အာဏာပိုင်များမှာလည်း အကျိုးမရှိနိုင်။ မိမိအနေ ဖြင့်လည်း ဆုငွေကို မရနိုင်။ ရခြင်းရလျှင် တစ်သက်လုံး ဖြေသော်လည်း မပြေနိုင်မည့် နောင်တတရားကိုသာ ရဖို့ရှိသည်။

ထို့ကြောင့် စဉ်းစား ... ဖဲလစ်၊ စဉ်းစား ... သေသေချာချာ စဉ်းစား။

သူမနာမည်ကိုခေါ်သံ ကြားရပြန်သည်။ အသံမှာ ယခင်အသံ မဟုတ်။ ဝဲတဲတဲ အသံ၊ နိုင်ငံခြားသားအသံ။ ထိုသူသည် နောက်မီ ကုလားထိုင် တွင်ထိုင်ကာ သူမ၏မျက်နှာကို စိန်းစိန်းကြီးကြည့်နေသည်။

“ကိုင်း ... မစ္စဟူးဘား၊ မင်းကို စဉ်းစားဖို့ အချိန်ပေးပြီးပြီ။ မင်းကြီး ကြပ်ပြီးသွားခဲ့တဲ့ မက်စထရီလေ့လာရေးခရီးအကြောင်းကို မင်း ဘယ်သူ့ကို ပြောခဲ့သလဲ။ အမှန်အတိုင်း ပြောစမ်းပါ”

သူမသည် ဆုံးဖြတ်ချက်တစ်ခုကို ရုတ်ခြည်းချလိုက်သည်။ သူမ အဖြေရပြီ။ နောင်ခါလာ နောင်ခါစျေး။ ဘာပဲဖြစ်ဖြစ် ဆုံးဖြတ်ချက်အတိုင်းပဲ ပြောလိုက်တော့မည်။

“ကျွန်မ ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး” သူမ အသံသည် မာသည်။ ပြတ်သည်။ “ဘယ်သူ့ကိုမှ မပြောခဲ့တာ အမှန်ပါ။ ကျွန်မတို့ အုပ်စုထဲ မက္က ဒေါ်နယ် ဘယ်လိုလုပ်ပြီး ဝင်လာတယ်ဆိုတာ ကျွန်မ လုံးဝမသိပါဘူး။ သူ့ဟာ သူ ဘယ်သူမှ မသိဘဲ ခိုးဝင်လာတယ်။ အဲဒါပဲ ကျွန်မသိပါတယ်။ ဗိုလ်မှူးကြီး



BURMESE CLASSIC .com

www.burmeseclassic.com



တို့ကို ကျွန်မ အများကြီး ကူညီချင်ပါတယ်။ ဒါပေမယ့် ကျွန်မက ဒါလောက်ပဲ သိလို့ ဒါလောက်ပဲ ကူညီနိုင်ပါတယ်"

ထို့နောက် သူမသည် ရင်ထဲတွင် ကျိတ်ပြီး ဂျော်ဒန်အား အသံတိတ် စကားပြောလိုက်သည်။

အိုကေ ... တင်။ ရှင့်မိတ်ဆွေကြီး မက္ကဒေါ်နယ်သို့ ရဲလက် ဝကွက် အပ်ဖို့ ကြိုးစားတဲ့အတွက် ရှင့်အနေနဲ့ ကျွန်မကို တစ်သက်လုံး ကျေနပ်စရာ မရှိပါဘူး။ လူတွေဟာ ငွေအတွက်ကြောက်စရာကောင်းတဲ့ ပြစ်မှုတွေကို ကျူး လွန်တတ်ကြပါတယ်။ ဒါပေမယ့် အခုတော့ ရှင့်ကို ကျွန်မ ကယ်တင်လိုက်ပါ ပြီ တင်။ ရှင့်ကို ကျွန်မ ရဲလက်က ကယ်တင်လိုက်ပါပြီ။ ကျွန်မ ဒီလို ဘာ ကြောင့် လုပ်လိုက်တာလဲ ... ရှင်စဉ်းစားမိရဲ့လား။ တခြားကြောင့် မဟုတ်ပါဘူး တင်။ ရှင်ဟာ တစ်ချိန်က ကျွန်မအပေါ် စေတနာ ထားခဲ့တဲ့ မိတ်ဆွေကောင်း တစ်ယောက် ဖြစ်လို့ပါပဲ။ ကျွန်ကို ခွင့်လွှတ်ပါ ... တင်။

*

ဗင်းနစ်မြို့ တစ်ခွင်တစ်ပြင်လုံးတွင် လျှပ်စစ်မီးရောင် ထိန်ထိန်လင်း လျက်ရှိသည်။ ကမ်းခြေအိုင်များ လမ်းကြိုလမ်းကြားများ၊ လူတွေ ပြည့်ကျပ်နေ သော ကဖီးဆိုင်များနှင့် စားသောက်ဆိုင်များတွင်လည်း နေ့လယ်နေ့ခင်း အတိုင်း လင်းထိန်လျက်ရှိသည်။

ဂျော်ဒန်သည် ည ၈ နာရီ မထိုးခင်ကလေးတွင် နူရီခန်မှန်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ သူသည် တစ်နေ့လုံး စိတ်လှုပ်ရှားနေခဲ့ရသော်လည်း ယခု အချိန်တွင်မူ စိတ်ရောကိုယ်ရော ပေါ့ပါးလန်းဆန်းသွားသလို ခံစားမိသည်။ သူ့အဖို့ ကြံစည်လုပ်ကိုင်ခဲ့သမျှ တော့လွဲတော့လွဲချည်း ဖြစ်ခဲ့ရသည်အထဲမှ ယခု တစ်ဖန်မျှော်လင့်ချက်ရောင်ခြည် သမ်းလာခဲ့ပြန်ပြီ။

သူသည် ဖောက်သည်များအား တံခါးဝအထိ ပျာပျာသလဲ လိုက်ပို့ နှုတ်ဆက်နေသော ဆင်းဘတ်နူရီခန်အား တရင်းတနှီး လက်ပြနှုတ်ဆက်လိုက် ပြီးနောက် ဆိုင်နောက်ဖေး ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

ပါမောက္ခ မက္ကဒေါ်နယ်က မကြာမီကမှ အိပ်ရာမှ နိုးလားသည့် ပုံ မျိုးဖြင့် ခေါက်ခုတင်ပေါ်တွင် ထိုင်ပြီး အယ်လီဆင်က သူ့ဘေးနားတွင် ထိုင်ကာ တစ်စုံတစ်ရာကို လေးလေးနက်နက် ဆွေးနွေးနေကြသည်။

ဂျော်ဒန်ကို မြင်လိုက်ရတော့ စကားပြော ရပ်သွားပြီး နှစ်ယောက် စလုံးက မျှော်လင့်တကြီးနှင့် ကြည့်လိုက်ကြသည်။

"သတင်းကောင်းပါတယ်" ဂျော်ဒန်က ရွှင်ရွှင်ပျပျဖြင့် ပြောလိုက် သည်။ "ကျွန်တော် ဘာပြောတယ်ဆိုတာ ဆရာကြီး သိရဲ့လား"



BURMESE CLASSIC .com

www.burmeseclassic.com



"ခုတင်ပဲ အယ်လီဆင်ပြောလို့ သိပြီးပါပြီ။ သိပ်တော့ ဖြစ်နိုင်စရာ မမြင်ပါဘူး"

"ဖြစ်နိုင်ရုံတင် မကဘူး။ ဒီညမှာကို ဖြစ်မှာ၊ ဒါမှမဟုတ် မနက်ဖြန် မနက်မှာ ဖြစ်မှာပဲ။ ဟယ်လီကော်ပတာ ငှားတဲ့ ဆီညော်ဖိုလင်က ငွေလက်ငင်း ဒေါ်လာ ၂၀,၀၀၀ ကောင်းတယ်။ ဒါပေမယ့် ကျွန်တော်က ၅၀၀၀ ပဲ ပေးထား ခဲ့သေးတယ်။ ဟယ်လီကော်ပတာပေါ် ဆရာကြီးဖက်တော့မှ ကျန်ငွေ ၁၅,၀၀၀ ကို ပေးတာပေါ့"

"ဒီအလုပ်က ဘယ်တော့ စမှာတဲ့လဲ"

"မနက်ဖြန်မနက် ၂ နာရီတိတိမှာ စမယ်။ ဒီနေ့ည သန်းခေါင်ကျော် ၂ ချက်တီးအချိန်ပဲ။ ဖိုလင်တစ်နေရာက ငှားလာတဲ့ ဟယ်လီကော်ပတာတစ် စင်းက ပိုင်ယက်ဇာပန်းခြံပေါ်ကို ပျံလာပြီး အဲဒီမှာ မြန်မြန်ထက်ထက် ဆင်း မယ်။ ဟယ်လီကော်ပတာ မြေကြီးထိတာနဲ့ တစ်ပြိုင်နက် တံခါးပွင့်လာမယ်။ အဲဒီအချိန်မှာ ဆရာကြီးက ပန်းခြံကိုဖြတ်ပြီး ဟယ်လီကော်ပတာဆီအမြန်ပြေး။ ပြီးတော့ လှေကားကတက်ပြီး စက်ခန်းထဲဝင်၊ ပြီးရင် လေယာဉ်တစ်ခါတည်း ပြန်ထွက်သွားမယ်။ ဒီတစ်ခါတော့ ဆရာကြီး တကယ်လွတ်ပြီ ကျွတ်ပြီပဲ"

ထို့နောက် သူသည် အေးအေးဆေးဆေး ဆေးတံခဲရင် အညောင်း ပြေ ခြေဆန့်ရန်အတွက် နူရီခန်၏ စားပွဲနောက်မှ ဆုံလည်ကုလားထိုင်တွင် ထိုင်မည်အလုပ်တွင် တံခါးဝ၌ နူရီခန်ကို ရုတ်တရက်မြင်လိုက်ရသဖြင့် ကြောင် တောင်တောင် ဖြစ်သွားရသည်။

"ခုတင်က မောင်ရင်ပြောတာ ကျုပ် အမှတ်မထင် ကြားလိုက်ရ တယ်။ အဲဒီအတိုင်း တကယ်ပဲ လုပ်ကြတော့မှာလား"

"ဟုတ်တယ်။ အဲဒီအတိုင်း လုပ်တော့မယ်"

"ဟာ ... ဒါက သူများအလုပ် မဟုတ်ပါဘူး ... မစ္စတာ နူရီခန်အား လုံးနဲ့ ပတ်သက်နေတဲ့အလုပ်ပါ"

"ကဲလေ ... ဘာပဲဖြစ်ဖြစ်။ ကျုပ်ကတော့ မိုက်ရူးရဲအလုပ်လို့ပဲ ထင် တာပဲ"

"ဟုတ်ပါတယ်။ ထင်မယ်ဆိုတာလည်း ထင်စရာပါ။ သာမန်ကြည့် ရင်တော့ စိတ်ကူးယဉ်တယ်လို့ ထင်နိုင်ပါတယ်။ ဒါပေမယ့် အခြေအနေ တကယ် ဖြစ်နိုင်တဲ့ ယုတ္တိရှိတဲ့ အလုပ်ပါ။ ပြီးတော့ သူတို့ကလဲ တစ်နေ့ထက် တစ်နေ့ အကျပ်ကိုင်လာပြီ မစ္စတာ နူရီခန်။ ဒါကြောင့် အခွင့်သာရင် သာသလို အမြန်ဆုံးထွက်ပြေးနိုင်မှ ဖြစ်တော့မယ်။ ကျွန်တော်တို့မှာက တခြား ရွေး စရာလမ်း မရှိတော့ဘူး"

www.burmeseclassic.com



"အေးပေါ့လေ … ကောင်းသလို ကြည့်လုပ်ကြပေါ့"

ဂျော်ဒန်က နူရီခန်အနားသို့ ကပ်သွားကာ ပခုံးပေါ်သို့ လက်တင်လိုက်သည်။

"စိတ်ချပါ … မစ္စတာ နူရီခန်။ ဒီတစ်ခါတော့ တကယ်အလုပ်ဖြစ်မှာပါ။ အံ့သြစရာ ကောင်းလောက်တဲ့ ဖြစ်နိုင်ခြေတွေက ကျွန်တော်တို့အတွက် တမင်ဖန်တီးပေးသလို ဖြစ်နေတယ်။ လောလောဆယ် ပြဿနာက အခုအချိန်ကနေပြီး ပိုင်ယက်ဇာ ပန်းခြံကို သွားရမယ့်အချိန်အတွင်းမှာ လုံလုံခြုံခြုံရှိနေဖို့ပဲ။ ဒါနဲ့ ခင်ဗျားက ဆရာကြီးကို ဒီမှာ ဘယ်အချိန်အထိ လက်ခံထားနိုင်မှာလဲ"

"ပုံမှန်ဆိုရင် ကျုပ်က ၉ နာရီ ဆိုင်ပိတ်တယ်။ ဒါပေမယ့် မောင်ရင်တို့အတွက် ငဲ့ပြီး ဒီနေ့တော့ ၁၀ နာရီမှပဲ ပိတ်ပါ့မယ်"

"ဒီမှာ မစ္စတာ နူရီခန်။ ကျွန်တော်တို့က မနက် ၁ နာရီခွဲအထိ ပုန်းနေဖို့ လိုပါတယ်။ အဲဒီတော့ ခင်ဗျားဆိုင်ကို ၁၂ နာရီအထိ ဖွင့်ပေးပါလား။ ပြီးတော့ ကျွန်တော်တို့ ထွက်သွားမယ့် အချိန်အထိ နေခွင့်ပြုစေချင်ပါတယ်။ ဆိုင်ပိတ်ဖို့ကိစ္စ မစိုးရိမ်ပါနဲ့။ ကျွန်တော်တို့ ပိတ်ပစ်ခဲ့ပါ့မယ်။ မနက်ကျတော့မှ သော့လာပေးမယ်"

"မဖြစ်လို့ပါ … တင်။ ဒီလိုပြောရတာ ကျုပ် စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဘယ်လိုမှ မဖြစ်နိုင်လို့ပါ။ ဒီဆိုင်ဟာ ကျုပ်အတွက် အသက်ပါပဲ။ ကျုပ်အနေနဲ့ ဘယ်သူ့ကိုမှ ဆိုင်သော့ကို တစ်ညလုံးပေးထားလို့ မဖြစ်ပါဘူး။ မောင်ရင့်လိုရင်းနှီးတဲ့ မိတ်ဆွေကိုလဲ မပေးနိုင်ပါဘူး။ ကျုပ်ပြောနေတာက အန္တရာယ်ရှိလို့ပါ။ ကျုပ်မှာ ညစောင့် ဒရဝမ်ရှိတယ်။ ဒီတစ်ဝိုက်က ဆိုင်တိုင်း ဒရဝမ် ရှိကြတာချည်းပဲ။ ဒရဝမ်တွေက ညနက်ပိုင်းမှာ ဆိုင်ကိုလှည့်ပတ်ပြီး စစ်ကြတယ်။ ကျုပ်တစ်သက်မှာ ဒီဆိုင်ကို ၁ နာရီကျော်အောင် ဘယ်တော့မှ မဖွင့်ပါဘူး။ ဒီတော့ ဒရဝမ်က မသင်္ကာရ ဆိုင်ထဲဝင်စစ်မယ်။ အဲဒီတော့ … ခင်ဗျားတို့ကို တွေ့မယ်။ ဆရာကြီးကို မှတ်မိသွားမယ်။ အဲဒီလိုဆိုရင် အကျိုးမနည်းပါရောလား။ အဲဒါတော့ သည်းခံပါ … မောင်ရင်ရာ။ ကျုပ် တတ်နိုင်သလောက်လဲ အစွမ်းကုန် ကူညီခဲ့ပြီးပါပြီ။ အဲဒီတော့ ၁၀ နာရီတိတိမှာ ဆက်ဆက် ထွက်ဖြစ်အောင်သာ ကြိုးစားကြပါတော့။ ကျုပ် တောင်းပန်ပါရစေ"

"ခင်ဗျား ကူညီခဲ့သမျှကို ကျွန်တော် ကျေးဇူးတင်လို့မဆုံးပါဘူးဗျာ"

ဆိုင်ရှေ့မှ လူခေါ်ခေါင်းလောင်းသံ ကြားရသည်။ နူရီခန် ပြန်ထွက်သွားသည်။

အယ်လီဆင်က စိုးရိမ်သည့် မျက်နှာဖြင့် ….



BURMESE CLASSIC .com

www.burmeseclassic.com



'ဘယ်လိုလုပ်မလဲ ... တင်။ ဆိုင်က ထွက်သွားရမယ့် အချိန်နဲ့ လေယာဉ်ထွက်မယ့် အချိန်ကြားမှာ သုံးနာရီခွဲတောင် အချိန် နေသေးတယ်။ အဲဒီအချိန်ကို ဘယ်လိုဖြုန်းကြမှာလဲ ... တင်"

"ကောင်းတဲ့ မေးခွန်းပဲ"

သူက မျက်ခုံးတွန့်ပြီး စဉ်းစားနေသည်။ ခဏကြာတော့မှ သူ့မျက်နှာ ကြည်သွားပြီး –

"ဟုတ်ပြီ။ ငါ အကြံရပြီ။ တို့ ထမင်းစားကြမယ်။ ငါနေရာကို သိတယ်။ ခုပဲ ဖုန်းဆက်လိုက်မယ်"

သူက စားပွဲပေါ်မှာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

*

ည ၁၀ နာရီတိတိ။

ဂျော်ဒန်၊ ပါမောက္ခမက္ကဒေါ်နယ်၊ အယ်လီဆင်နှင့် နူရီခန်တို့ လေးယောက်သား မုန်ဆိုင် တံခါးဝသို့ လျှောက်လာကြသည်။ နူရီခန်က တံခါးကို ဖွင့်ပေးသည်။ ဧည့်သည်များအတွက် ဆုမွန်တောင်းသည်။

ထို့နောက် ဆီးနှင်းတွေဆိုင်းပြီး မှောင်မည်းနေသော ပန်းခြံထဲသို့ ဧည့်သည် သုံးယောက် ဝင်ရောက်ပျောက်ကွယ်သွားသည်။

နူရီခန်က တံခါးကို ပြန်ပိတ်ပြီးနောက် ဆိုင်ခန်းထဲမှ မီးတွေကို လိုက်ပိတ်နေသည်။ အားလုံးပြန်ပိတ်ပြီးတော့ သူ့ရုံးခန်းထဲ ပြန်ဝင်လာခဲ့သည်။

လက်ဆွဲသေတ္တာကို စားပွဲပေါ်တင်လိုက်သည်။ အဖုံးကို ဖွင့်သည်။ စာရွက်စာတမ်းများကို ထည့်သည်။ ဒါတွေကို အိမ်ကျတော့ ညစာစားရင်းမှ ကြည့်တော့မည်။

ထို့နောက် ဖျတ်ခနဲ သတိရသဖြင့် ယနေ့ထုတ် 'ဗစ်နင်းဂေဇက်' သတင်းစာကို လိုက်ရှာသည်။

သူသည် အလုပ်ချိန်အတွင်းတွင် သတင်းစာကို ကောက်ကိုင်ရန်ပင် လုံးဝအချိန်မရ။ သည်နေ့ တော်တော် ကံကောင်းသည်။ ဂျော်ဒန်နှင့် သူ့မိတ်ဆွေ နှစ်ယောက်အတွက် ဘာတာဝန်မှ အထွေအထူးမရှိသော်လည်း သူ့အလုပ်နှင့် သူ လက်မလည်အောင် အလုပ်များနေခဲ့သည်။ အလုပ်များသလောက်လည်း ကုန်ပစ္စည်းတွေ တော်တော်စွံပြီး အမြတ်ငွေ ထိုက်ထိုက်တန်တန် ရခဲ့သည်။

သူသည် အလုပ်များသော်လည်း သတင်းစာကိုတော့ အိပ်ရာမဝင်မီ နေ့စဉ်ဖတ်သည်။ တစ်နေ့ သတင်းစာ မဖတ်လိုက်လျှင် တစ်ခေတ်နောက်ကျ



BURMESE CLASSIC .com

www.burmeseclassic.com



သွားသည်ဟု သူက ခံယူသည်။ ထို့ကြောင့် … ပြည်တွင်းနှင့်ပြည်ပ သတင်းများကို မျက်ခြည်မပြတ်ဖတ်သည်။

သတင်းစာခေါက်ကို ခေါက်ခုတင် ဘေးတွင် တွေ့သည်။ လက်ဆွဲသေတ္တာတွင် ထည့်ရန်ယူလာခဲ့သည်။ အမှတ်မထင် ဖြန့်ကြည့်ပြီး ရုတ်တရက် မြင်လိုက်ရသော ခေါင်းစီးစာတန်းကြောင့် ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။ ဆက်မလျှောက်ဘဲ ရပ်မြဲရပ်နေသည်။

သူသည် သတင်းခေါင်းစီး စာတန်းမည်းကြီးကို ကြောင်ကြောင်ကြီး စိုက်ကြည့်နေသည်။

**ဆုငွေ လိုင်ရာ ၁၃,၀၀,၀၀,၀၀၀**

စာတန်းအောက်မှ ကိုယ်တစ်ပိုင်းဆိုက်ပြည့် ဓာတ်ပုံကြီးဆီသို့ မျက်စိရောက်သည်။ ပါမောက္ခ မက္ကဒေါ်နယ်၏ပုံ။

စားပွဲသို့ လျှောက်လာပြီး လက်ဆွဲသေတ္တာကို အောက်သို့ ချထားလိုက်သည်။ ပြီးတော့ … သတင်းစာကို စားပွဲပေါ်တွင် ဖြန့်လိုက်သည်။

ကုလားထိုင်တွင် ဖြည်းဖြည်းချင်း ထိုင်၍ ဖတ်သည်။

အစအဆုံး ဖတ်ပြီးသွားသောအခါ ထိပ်စီးတန်းမည်းကြီးကို ပြန်ကြည့်လိုက်သည်။

**ဆုငွေ လိုင်ရာ ၁၃,၀၀,၀၀,၀၀၀။**

သူ့မျက်လုံးသည် စားပွဲပေါ်မှ တယ်လီဖုန်းဆီသို့ ရောက်သွားသည်။ ထို့နောက် ခေါင်းစီး စာတန်းကို ကြည့်လိုက်ပြန်သည်။

**ဆုငွေ လိုင်ရာ ၁၃၀,၀၀၀,၀၀၀။**

ကိုယ်ကို ကုလားထိုင်နောက်မှီပေါ်သို့ ဖြည်းဖြည်းကလေး လှဲမှီလိုက်သည်။ ပြီးတော့ … ရုံးခန်းမျက်နှာကြက်ကို ကြောင်ကြောင်ကြီး စိုက်ကြည့်ရင်း စဉ်းစားခန်းထုတ်နေသည်။

*

ဗင်းနစ်မြို့တွင် 'ဒိုဖော်နီ' စားသောက်ဆိုင်ကို ကမ္ဘာလှည့် ခရီးသည်များ အသိနည်းသည်။ သို့သော် အထက်တန်းလွှာဗင်းနစ်ရှန်းများနှင့် ဂျော်ဒန်တို့လို ဗင်းနစ်မြို့သားတစ်ပိုင်းဖြစ်နေပြီးသော နိုင်ငံခြားသားများအတွက်တော့ 'ဖေးဘရိတ်' ဆိုင်တစ်ဆိုင်ပင်ဖြစ်သည်။

ဂျော်ဒန်၊ ပါမောက္ခမက္ကဒေါ်နယ်နှင့် အယ်လီဆင်တို့သည် လမ်းမကြီးများကို ရှောင်ကွင်းပြီး ဆီးနှင်းတွေ ဝေနေသည့် လမ်းကြိုလမ်းကြားများမှ ကွေ့ပတ်ဖြတ်လျှောက်ရင်း … ၁၀ နာရီ၊ မိနစ် ၂၀ တွင် 'ဒိုဖော်နီ' စားသောက်ဆိုင်သို့ ရောက်ရှိလာကြသည်။ ဂျော်ဒန်သည် လောလောဆယ်တွင် တခြား



BURMESE CLASSIC .com

www.burmeseclassic.com



ဘယ်နေရာမှ စဉ်းစား၍ မရတော့သည့်အဆုံး သည်နေရာကိုပင် သူတို့၏ ယာယီ ခိုအောင်းစခန်းအဖြစ် ရွေးချယ်လိုက်ရသည်။ သီးသန့်နေရာမရ၍ ယခုလို အများပြည်သူနှင့် သက်ဆိုင်သော နေရာဌာနများတွင် ခိုအောင်းရတော့မည့် အတူတူမှာတော့ သည်ဆိုင်ထက် ကောင်းသောဆိုင် မရှိနိုင်တော့။ သည်ဆိုင်က အဝင်အထွက်လည်း လွယ်ကူသည်။ ဗင်းနစ်မြို့လယ်မှ ဆန်မာကိုနယ်မြေတွင် ချောင်အကျဆုံး နေရာလည်းဖြစ်သည်။ ပြီးတော့ စားပွဲထိုးမှူးကလည်း ဂျော်ဒန်အပေါ်တွင် အမြဲတမ်း စေတနာထားသည်။

သူတို့သည် ထောင့်စွန် အမှောင်ကျကျ သစ်သားစားပွဲတစ်လုံးတွင် နေရာယူကြသည်။ ဂျော်ဒန်နှင့် အယ်လီဆင်တို့က မျက်နှာချင်းဆိုင် ထိုင်ကြသည်။ ပါမောက္ခကြီးက ဗဟိုစားသောက်ခန်းကို ကျောပေးလျက် သူတို့ နှစ်ယောက်အကြား စားပွဲထိပ်တွင် ထိုင်သည်။ အလင်းရောင်ဖျော့ဖျော့ မီးလုံးများကို ခပ်မြင့်မြင့်မှ ထွန်းထားသဖြင့် သည်ဆိုင်ကို ရွေးမိခြင်းအတွက် ဂျော်ဒန်က သူ့ကိုယ်သူ ကျေးဇူးတင်မိသည်။

၁၀ နာရီခွဲသွားပြီ။

ဗဟိုစားသောက်ခန်းကြီးထဲတွင် လူမရှိသလောက်ရှင်းသွားပြီ။ ခပ်လှမ်းလှမ်း အစွန်တစ်နေရာတွင် စုံတွဲနှစ်တွဲသာ စားသောက်နေကြသည်။

ဂျော်ဒန်သည် ကြိုတင်စီစဉ်မှုကို အဆင်ပြေပြေ ဆောင်ရွက်နိုင်ခဲ့သည်။ သူက စားသောက်ဆိုင်ကို ဖုန်းဆက်လျက် ချောင်ကျကျ စားပွဲတစ်လုံး ပြင်ဆင်ထားရန် ကြိုတင်မှာထားခဲ့သည်။

ဆိုင်ထဲရောက်ကြတော့ ပါမောက္ခကြီးက သူ့မျက်နှာကို လူမမြင်နိုင်အောင် နာစေးဟန်ဆောင်ကာ နှာခေါင်းကို လက်ကိုင်ပဝါနှင့်အုပ်ပြီး ခဏခဏ နှပ်ညှစ်သည်။ ဂျော်ဒန်က စားပွဲထိုးမှူးကို သူ့အနီးသို့ခေါ်ကာ ဆိုင်ပိတ်ချိန်ကို မေးသည်။ သန်းခေါင်ကျော် တစ်နာရီထိုးမှ ပိတ်မည်ဟု စားပွဲထိုးမှူးက ပြန်ပြောသည်။

ဤတွင် ဂျော်ဒန်က စားပွဲထိုးမှူးလက်ထဲ လိုင်ရာ ၁၅,၀၀၀ ထည့်ပေးလိုက်ပြီး မိမိတို့အား တစ်နာရီခွဲအထိ စားပွဲတွင်ထိုင်နေခွင့်ပြုရန် ပြောလိုက်သည်။ စားပွဲထိုးမှူးက ကျေနပ်သွားပြီး ကြည်ကြည်ဖြူဖြူ သဘောတူသည်။

အစားအသောက်စာရင်း ရောက်လာသောအခါ အယ်လီဆင်နှင့် ပါမောကြီးတို့က သူတို့မဆာ၍ ဘာမှ မစားချင်ဟု ဆိုသည်။

“ကျွန်တော်တို့က ဒီမှာ သုံးနာရီလုံးလုံး ထိုင်နေရာမှာ၊ အဲဒီတော့ အစားအသောက် လုံးဝ မမှာလို့ မဖြစ်ဘူး။ မှာပေမယ့် မစားချင်ရင် ထားပစ်ခဲ့လို့ ရပါတယ်။ နည်းနည်းပါးပါးတော့ စားဟန်ဆောင်မှ ဖြစ်မယ်”



BURMESE CLASSIC .com

www.burmeseclassic.com



သို့ဖြင့် သူက ဟင်းခုနစ်မျိုးပါသည့် ညစာတစ်ဝိုင်း မှာလိုက်သည်။ အရက်ကတော့ ဝိုင်နီနှင့် ဝိုင်ဖြူ။ နောက် နှစ်နာရီကြာတော့ စားပွဲပေါ်က ဟင်းခွက်တွေ အားလုံး ပြောင်သလင်းခါသွားတော့သည်။ သို့သော် ပါမောက္ခကြီးကတော့ နည်းနည်းသာ စားသည်။

စားသောက်ပြီးတော့ အလုပ်ကိစ္စနှင့် ပတ်သက်၍ အစီအစဉ်ကို စားပွဲထိုးများ မရှိခိုက် တိုးတိုးတိတ်တိတ် ဆွေးနွေးကြသည်။

စားသောက်ဆိုင်မှ ပိုင်ယက်ဇာပန်းခြံသို့ ဘယ်လိုသွားပြီး လေယာဉ်ပေါ် ဘယ်လိုတက်ရမည်ဆိုသည်များကို သုံးကြိမ်သုံးလီ ပြန်ပြီး ဇာတ်တိုက်ကြသည်။

ထို့နောက် ဂျော်ဒန်က ပါမောက္ခ မက္ကဒေါ်နယ်အား သူ့ဆေးနည်းနှင့် ပတ်သက်၍ ပါရီရောက်လျှင် သတင်းဘယ်လိုထုတ်ပြန်မလဲ၊ ဘယ်သူတွေနှင့် သွားတွေ့မှာလဲ၊ ဆေးနည်းကို ဘယ်လိုဖော်စပ်မလဲ၊ ဘယ်လိုဖြန့်ချီမလဲ စသည်တို့ကို အသေးစိတ် မေးမြန်းသည်။ ထိုမျှသာမက သည်ဆေးနည်းကို တစ်ကမ္ဘာလုံးသို့ ဖြန့်ချိလျှင် ကမ္ဘာသူ ကမ္ဘာသားများအတွက် ကောင်းကျိုးက များလာမှာလား၊ ဆိုးကျိုးက များလာမှာလား၊ အကယ်၍ ဆိုးကျိုးက များလာခဲ့သော် ယင်းပြဿနာကို ဘယ်လိုနည်းဖြင့် ဖြေရှင်းမှာလဲ … ဆိုသည်တို့ကိုလည်း အကျယ်တဝင် မေးမြန်းဆွေးနွေးဖြစ်ကြသည်။

"ဟယ်လီကော်ပတာ ရောက်လာရင်တော့ ကျုပ်စီမံကိန်းကြီး အောင်မြင်ပါတယ်။ ဒါနဲ့ မောင့်လူက စိတ်ချရပါတယ်နော်"

ဆရာကြီးက လက်ရှိအခြေအနေကို ပိုင်ပိုင်နိုင်နိုင် မပြောနိုင်သေးသဖြင့် သံသယစိတ်တွေ ဝင်နေတုန်းပင် ရှိနေသေးသည်။

"စိတ်ချရမှာပါ ဆရာကြီး။ အခုဟာက လျှို့ဝှက်လုပ်ငန်းပါ။ ဖိုလင်နဲ့ သူ့ပိုင်းလော့ကလွဲပြီး ဘယ်သူမှ မသိပါဘူး။ ကျွန်တော်တို့နှစ်ယောက် စီစဉ်ထားတာ ပိုင်ပါတယ်။ သေချာပေါက်အလုပ်ဖြစ်မှာပါ"

"ဒါနဲ့ … ဒီကိစ္စ နူရီခန်လဲ သိသွားပြီပဲ"

"ဩော် … ဟုတ်သားပဲ။ သူလဲ သိသွားပြီ။ ဒါပေမယ့် ကိစ္စ မရှိပါဘူး။ သူက ကျွန်တော်တို့ ဘက်တော်သားပါ။ အစကတည်းက ကျွန်တော်တို့ကို တစ်လျှောက်လုံး အကူအညီပေးလာတဲ့လူပါ။ ပြီးတော့ သူက ကျွန်တော်တို့အပေါ် ရက်ရက်စက်စက် လုပ်နိုင်စရာ အကြောင်းလဲ မရှိပါဘူး။ ရင်းနှီးတဲ့ မိတ်ဆွေလဲ ဖြစ်တယ်။ သူ့ကျေးဇူးကို ပြန်ဆပ်ပါ့မယ်လို့လဲ ကျွန်တော်တို့က ကတိပေးထားခဲ့ပြီပဲ။ သူ့အစ်ကိုကြီးက သေလုမျောပါး ဖြစ်နေတော့ သူက ကျွန်တော်တို့အပေါ် အားကိုးရမယ့် အကြောင်းကလဲ ရှိနေတယ် မဟုတ်လား"



BURMESE CLASSIC .com

www.burmeseclassic.com



ပါမောက္ခကြီးက ဂျော်ဒန်အား အတော်ကြာကြာ စိုက်ကြည့်နေပြီးတော့မှ –

"သူ့အစ်ကိုကြီးက ဆုံးသွားပြီ တင်"

"ဟင် ... ဘယ်လို ... ဘယ်လို"

"သူ့အစ်ကိုကြီး ဆုံးသွားပြီ၊ သုံးရက်တောင် ရှိသွားပြီ"

"ဆရာကြီး ဘယ်လိုလုပ် သိတာလဲ"

"သူပြောလို့သိတာ။ ညနေက ရုံးခန်းထဲ သူဝင်ပြီး ကျုပ်နဲ့ စကားပြောဖြစ်ကြတယ်။ ကျုပ်က ကျုပ်ကို ကူညီတဲ့အတွက် သူ့ကိုရော၊ သူ့တူကိုယ်တော်ကလေးကိုရော အလွန်ကျေးဇူးတင်ကြောင်း၊ ပေးထားတဲ့ ကတိကိုလဲ မမေ့ကြောင်း၊ ကျုပ် ပါရီကို ရောက်ရောက်ချင်း ဆေးနည်းကို ဖော်စပ်ပြီး အမြန်ဆုံး ပို့ပေးမယ့်အကြောင်း ပြောပြတော့ သူက ဘာပြန်ပြောသလဲဆိုတော့ 'နောက်ကျသွားပြီ ဆရာကြီး။ ကျွန်တော့်အစ်ကိုကြီး ဆုံးသွားတာ သုံးရက်တောင်ရှိပါပြီ' ... တဲ့"

"ဘုရားရေ ... အဲဒါမှ ဒုက္ခပဲ"

"ဒီကိစ္စကြောင့် အခြေအနေ ပြောင်းသွားနိုင်သလား"

"အတတ်တော့ မပြောနိုင်ဘူး။ ဒါပေမယ့် ပြောင်းချင်လဲ ပြောင်းသွားနိုင်တယ်။ ပြောင်းနိုင်တဲ့ အခြေအနေရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က သူ့ကို ချုပ်ကိုင်ထားနိုင်တဲ့ အခြေအနေမှာ မရှိတော့ဘူး။ သူက ကျွန်တော်တို့ကို မလိုအပ်တော့ဘူး။ ဒါပေမယ့် သူ့ဂုဏ်သိက္ခာနဲ့ မိတ်ဆွေဘဝကိုတော့ စောင့်ထိန်းလိမ့်မယ်ထင်တာပဲ"

ဤတွင် အယ်လီဆင်က ကြားဖြတ်ပြီး –

"ဘာလဲ၊ ဆုငွေ လိုင်ရာ ၁၃,၀၀,၀၀,၀၀၀ ကို သူမမြင်သေးတဲ့ အချိန်အထိကို ပြောတာလား"

"ဟုတ်တယ်။ အဲဒါ သူ့အတွက် အကြိတ်အနယ်တိုက်ပွဲပဲ။ ငါ့အတွက်လဲ သေရေးရှင်ရေး ပြဿနာကို စိန်ခေါ်လိုက်တာပဲ"

*

နံနက် ၁ နာရီ၊ ၄၅ မိနစ်။

ဗင်းနစ်တစ်မြို့လုံး နှစ်ခြိုက်စွာ အိပ်မောကျနေဆဲ။

သူတို့သည် လမ်းကြိုလမ်းကြားများမှ ဖြည်းဖြည်းလျှောက်ရင်း ပိုင်ယက်ဇာဆန်မာကို ပန်းခြံရှေ့ရှိ နာရီစင်ဘက်သို့ လာခဲ့ကြသည်။

ဂျော်ဒန်က သူ့ကိုယ်သူ လမ်းအဖြစ်ရော ကင်းစောင့်အဖြစ်ရော ခန့်ထားပြီး ပါမောက္ခကြီးနှင့် အယ်လီဆင်တို့ ရှေ့ ၁၀ ကိုက်ခန့်အကွာမှ လျှောက်

www.burmeseclassic.com



လာခဲ့သည်။ ယခုအချိန် အထိတော့ ဘာအခက်အခဲမျှ မရှိသေး။ ဆီးနှင်းကလည်း သိပ်သည်းမှုမရှိလှသောကြောင့် သူတို့အဖို့ အဆင်ပြေနေသည်။ ပင့်ကူအိမ်တင်းတိမ်ပါးလို မှုန်ပျပျ ဆီးနှင်းလွှာများက လမ်းတကာကို ကာရံထားကြသည်။ သူတို့သည် ၁၅ မိနစ်အတွင်း ဘယ်သူ့ကိုမှ မတွေ့ကြရ။

လမ်းလျှောက်လာရင်း ဂျော်ဒန်၏ စိတ်က နူရီခန်ထံ ရောက်နေသည်။ သူစိုးရိမ်နေသည်။ နူရီခန်သည် သူ့အဖို့ မိတ်ဆွေကောင်းတစ်ယောက်ဖြစ်သည်။ အစမ်းသပ်ခံ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်ခဲ့သည်။ ပါမောက္ခကြီးအား ဆန်လက်ဇာရိုက္ကျွန်းမှ ထွက်ပြေးနိုင်အောင် သူပင် ကူညီခဲ့သည်။ သို့သော် ထိုစဉ်က သူ့အနေဖြင့် ပါမောက္ခကြီး၏ အကူအညီကို လိုနေသည်။ သူ့အစ်ကို၏အသက်ကို ကယ်တင်နိုင်ရန် ပါမောက္ခကြီး၏ အကူအညီကို လိုနေသည်။ ယခုသော် … သူ့အစ်ကိုကွယ်လွန်သွားခဲ့ပြီ။ ထို့ကြောင့် ပါမောက္ခကြီး၏ အကူအညီကို မလိုတော့။ ဆုငွေ ဒေါ်လာ ၁,၅၀,၀၀၀ အကြောင်းကို သူသိသွားလျှင် မလိုချင်ဘဲ နေနိုင်ပါ့မည်လား။ ‘သူလည်းလေ လောကီသား’ ပေမို့ ဆိုသလို သူ လိုချင်ပေလိမ့်မည်။

ဂျော်ဒန်သည် တစ်ကိုယ်လုံး တင်းကျပ်နေသလို ခံစားရသည်။ သူတို့ရှေ့ ခပ်လှမ်းလှမ်းတွင် လူတစ်ယောက် လျှောက်လာနေသည်ကို ဆီးနှင်းမှုန်မှုန်ကြားမှ ထိုးဖောက်မြင်ရသည်။ ပထမတော့ ဂျော်ဒန်က သူတောင်းစားဖြစ်မှာပါဟု ထင်လိုက်မိသည်။ အနီးရောက်တော့မှ ဂျီနိုဖြစ်နေသည်။ ဂျီနိုက နေ့ခင်းပိုင်းတွင် ပိုင်ယက်ဇာ ပန်းခြံ၌ သတင်းစာရောင်းသည်။ ယခု … အရက်ဆိုင်မှ ပြန်လာဟန်တူသည်။ သူ အတော်ကလေး ‘ထွေ’ နေသည်။

ဂျော်ဒန်က ရပ်နေလိုက်သည်။ ဂျီနိုက သူတို့ဘေးမှ ခေါင်းငိုက်စိုက်နှင့် ဖြတ်လျှောက်သည်။ ဂျော်ဒန်ခေါင်းထဲ အကြံတစ်ခုပေါ်လာသည်။

ဂျီနိုနှင့် ပါမောက္ခ မက္ကဒေါ်နယ်တို့သည် တိုက်တိုက်ဆိုင်ဆိုင် အရပ်အမောင်းရော၊ ကိုယ်လုံးကိုယ်ထည်ရော တူနေကြသည်။

ဟုတ်ပြီ၊ အကြံရပြီ။ တကယ်လို့ နူရီခန်က သစ္စာဖောက်ခဲ့လို့ရှိရင် ဆရာကြီးအတွက် ထွက်ပေါက်တစ်ခုတော့ တွေ့ပြီ။

“ဂျီနို”

ဂျော်ဒန်က လေသံအေးအေးနှင့် ခေါ်လိုက်သည်။

ဂျီနိုခြေလှမ်းများ ရပ်သွားသည်။ ရီဝေဝေ မျက်လုံးများဖြင့် ကြည့်သည်။ ချက်ချင်းပင် သူမှတ်မိသွားသည်။

“ဟာ … မစ္စတာ ဂျော်ဒန်” သူက အာလေးလျှာလေးဖြင့် ပြောသည်။

“ဘယ့်နှယ် … ညဉ့်နက်လှချည်လား”

www.burmeseclassic.com



“ဒါနဲ့ ... ဂျီနို။ လွယ်လွယ်နဲ့ ပိုက်ဆံရလမ်းတစ်ခု ခင်ဗျား မလုပ်ချင်ဘူးလား”

“ဟာ ... ဘယ့်နှယ်ပြောပါလိမ့် ... ဆရာရယ်၊ သိပ်လုပ်ချင်တာပေါ့။ ဘာလုပ်ရမှာလဲ”

“အလုပ်က နည်းနည်းတော့ ယုံစရာမရှိဘူးဗျ။ ဒါပေမယ့် ကျုပ်တကယ်ပြောတာ၊ ယုံပါ။ နောက် ၁၀ မိနစ်လောက်ဆိုရင် ပိုင်ယက်ဇာပန်းခြံထဲကို ဟယ်လီကော်ပတာတစ်စင်းကျလာလိမ့်မယ်။ ဟောဟိုက ... ကျုပ် မိတ်ဆွေကို လာခေါ်တာ”

ဂျီနိုက အံ့ဩသည့် အမူအရာမပြ။ အရက် မူးနေလို့လား၊ ဘာကြောင့်မသိ။ ဒါပေမယ့် ပိုင်ယက်ဇာ ပန်းခြံတစ်ဝိုက်တွင် ခိုနှင့် ဟယ်လီကော်ပတာ ဆိုတာက သိပ်ပြီး ခွဲလို့ရတဲ့အရာတွေမှ မဟုတ်ဘဲ။

“ဒီတော့ ... ဟယ်လီကော်ပတာ မြေကြီးပေါ်ကျတာနဲ့ တစ်ပြိုင်နက် ခင်ဗျားက ဟယ်လီကော်ပတာဆီ တစ်ကြိုးတည်း ပြေးသွား။ အဲဒီရောက်တော့ လေယာဉ်နဲ့ လိုက်မယ့် ခရီးသည် လာနေပါပြီလို့ ပိုင်းလော့ကိုပြော။ ဘယ့်နှယ်လဲ လုပ်နိုင်ပါမလား။ ရော့ ... ဒီမှာ”

သူက ပိုင်ဆံအိတ်ထုတ်ပြီး လိုင်ရာငွေ ၁၅,၀၀၀ ယူတာ ဂျီနိုလက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။

“ဒါ ... ခင်ဗျား ကူညီတဲ့အတွက်”

ပိုက်ဆံမြင်လိုက်ရတာ ဂျီနို၏မျက်လုံးတွေ ပွင့်လာသည်။ လူလည်း သွက်သွက်လက်လက် ဖြစ်သွားသည်။

“ထပ်ပြောပါဦး ... ဆရာ။ ကျွန်တော် ဘာလုပ်ပေးရမှာလဲ”

ဂျော်ဒန်က ဖြည်းဖြည်းချင်း ပြန်ပြောပြလိုက်သည်။

“ဒါပဲ မဟုတ်လား”

“ဒါပဲ၊ ဟယ်လီကော်ပတာ ကျတာနဲ့ တစ်ပြိုင်နက် ကျုပ်က ခင်ဗျားကို အသာကလေး တွန်းလိုက်မယ်။ ခင်ဗျားက ပန်းခြံထဲ စွတ်ပြေးသွားပြီး ... ဟိုရောက်တော့လိုက်မယ့် ခရီးသည်လာနေပါပြီလို့ ပိုင်းလော့ကိုပြော ... ဘယ့်နှယ်လဲ”

“မှတ်မိပါပြီ ... ဆရာ၊ စိတ်ချပါ။ ကျွန်တော်ဖြစ်အောင်လုပ်ပါ့မယ်” ဟု ပြန်ပြောရင်း ပိုက်ဆံတွေကို အိတ်ထဲ သိပ်ထည့်လိုက်သည်။

“အိုကေ ... လာ ... ကျုပ်နဲ့လိုက်ခဲ့။ နာရီစင်အောက်သွားမယ်။ အဲဒီကနေပြီး ဟယ်လီကော်ပတာ စောင့်မယ်။ နောက် ၇ မိနစ်၊ ၈ မိနစ်လောက်ဆိုရင် ရောက်ပြီ”



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်က ဂျီနီအား အယ်လီဆင်နှင့် ပါမောက္ခကြီးရပ်နေသော နေရာသို့ ခေါ်လာပြီး ပိုင်ယက်ဇာပန်းခြံသို့ ဆက်လက်လျှောက်လာကြသည်။

ဂျော်ဒန်က လေသံဖြင့် –

"လိုရမည်ရ သိထားဖို့ပါ၊ အဝေးကဆိုရင် ကျွန်တော်တို့ မိတ်ဆွေကို ဆရာကြီးလိုပဲ ထင်လိမ့်မယ်။ လေယာဉ်ပျံကျကျချင်း ကျွန်တော်တို့ သူ့ကို အရင်လွှတ်လိုက်မယ်။ 'တည်ငှက်' သဘောပေါ့။ တကယ်လို့ နူရီခန်ကသာ သစ္စာဖောက်ထားပြီ၊ ဖြစ်လို့ရှိရင်ဖြင့် ရဲသားတွေ ပြေးထွက်လာပြီး ဂျီနီကို ဝိုင်းဖမ်းကြလိမ့်မယ်။ အဲဒီအချိန်မှာ ဘာမှ အနှောင့်အယှက် မရှိဘူးဆိုရင် ဆရာကြီးက အမြန်ပြေးသွားပြီး လေယာဉ်ပျံပေါ် တက်လိုက်ရုံပဲ"

သူတို့သည် ပိုက်ယက်ဇာပန်းခြံနားသို့ ရောက်လာကြသည်။ အလိုလို ခြေလှမ်းတုံ့ပြီး စိုးရိမ်စိတ်ဝင်လာကြသည်။

ပန်းခြံနှင့် ၁၂ ပေခန့်အကွာသို့ ရောက်တော့ ဂျော်ဒန်က သူ့အဖော်များအား ရပ်နေကြရန် အရိပ်အခြည်ပြလိုက်သည်။ ထို့နောက် သူသည် ရှေ့သို့ တစ်ယောက်တည်း ခပ်သုတ်သုတ် လျှောက်သွားသည်။ သူသည် ပန်းခြံထဲသို့ မျက်လုံးကစားကြည့်လိုက်သည်။ ပန်းခြံထဲတွင် ဆီးနှင်းတွေ ဝေနေသည်။ လူသူတစ်ယောက်မျှမရှိ။ တစပြင်ကဲ့သို့ တိတ်ဆိတ်နေသည်။

ထိုအခိုက် အမြင့်ဆီမှ ဟယ်လီကော်ပတာသံ ကြားလိုက်ရသည်။

သူက လမ်းဘေးအုတ်တိုင်ကြီးတွင် မှီရပ်ရင်း ဆက်လက် နားထောင်နေလိုက်သည်။

လေယာဉ်ပျံ အသံ ပို၍ နီးကပ်လာသည်။ ကျယ်သည်ထက် ကျယ်လာသည်။ သူက ပန်းခြံအစွန်းဆုံးသို့ မျှော်ကြည့်လိုက်သည်။ အဆောက်အအုံတွေပေါ်မှာ ဆီးနှင်းလွှာကို ခွဲကာ ဟယ်လီကော်ပတာ ပေါ်ထွက်လာသည်။ ဟယ်လီကော်ပတာသည် ပန်းခြံတည့်တည့်သို့ ဦးတည်လာနေသည်။ ကြည့်နေရင်းတွင်ပင် တဖြည်းဖြည်း နိမ့်၍နိမ့်၍ ဆင်းလာသည်။

ထို့နောက် ... ပန်းခြံအလယ်တွင် ဆင်းလိုက်သည်။

"အိုကေ ... ဂျီနီ"

ဂျော်ဒန်က နောက်ဘက်သို့ လှမ်းအော်လိုက်သည်။ ဂျီနီရှေ့သို့ ထွက်လာတော့ သူက ပြေးလိုက်သွားပြီး ဂျီနီကို ဖမ်းကိုင်လိုက်သည်။ ထို့နောက် ပန်းခြံဘက်သို့ တွန်းလိုက်သည်။

ဂျီနီက ကုတ်အင်္ကျီကြီးတဖားဖားနှင့် ဒယီးဒယိုင် ပြေးသွားသည်။ လေယာဉ်တံခါးပွင့်လာသည်။ လှေကားကျလာသည်။

ဂျီနီ လမ်းတစ်ဝက်သို့ ရောက်သွားပြီ။

www.burmeseclassic.com



ဂျော်ဒန်က အသက်ကို ရှိုက်သွင်းလိုက်သည်။ သူ့ရင်သည် တဒိတ်ဒိတ် ခုန်နေသည်။

ဂျီနီ ခရီးလေးပုံ သုံးပုံရောက်သွားပြီ။

ပန်းခြံထဲတွင် တိတ်ဆိတ်နေသည်။

ဂျော်ဒန် အကြီးအကျယ် စိတ်လှုပ်ရှားလာသည်။

နောက် စက္ကန့်ပိုင်းအတွင်းဆိုလျှင် လေယာဉ်ထွက်ခွာနိုင်တော့မည်။ လွတ်တော့မည်။ ကျွတ်တော့မည်။

ထိုအခိုက် တစ်ကမ္ဘာလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်တော့သည်။

ပန်းခြံတစ်ဖက်ခြမ်းရှိ အဆောက်အအုံတွေ ကြားထဲမှ ရဲသားတွေ ညာသံပေးကာ တစ်ဖွတ်ထိုးပြေးထွက်လာကြသည်။ သေနတ်သံတွေ တရစပ် ပေါ်ထွက်လာသည်။

ရုတ်တရက်မို့ ဂျော်ဒန်မှာ ကြက်သေသေကာ ကျောက်ရုပ်ကြီးလို မတုန်မလှုပ် ရပ်နေမိသည်။ ထို့နောက် ရဲသားတွေက လေယာဉ်ဆီသို့ မသွားဘဲ ဂျီနီဆီသို့ ပြေးလာနေသည်ကို မြင်လိုက်ရသည်။

ဤတွင် လေယာဉ်စက်နှိုးသံ ပေါ်လာပြီး စက္ကန့်ပိုင်းအတွင်းမှာပင် မြေကြီးပေါ်မှခွာကာ ကောင်းကင်သို့ ပျံတက်သွားသည်။

ရဲသားများ ရုတ်ရုတ်သဲသဲဖြင့် ဂျီနီအား ဝိုင်းဖမ်းနေကြသည်။

ဂျော်ဒန်က နူရီခန်အား ကျိန်ဆဲလိုက်ပြီးနောက် မြန်မြန်ထက်ထက် ပြန်လှည့်လာပြီး ပါမောက္ခကြီး၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"အယ်လီဆင်က ဟိုတယ်ပြန်ပြေးပေတော့။ တို့နှစ်ယောက်တော့ ကြံရာပဲ။ ဒီနေရာက လွတ်ရင် တော်ပြီ ..."

ထို့နောက် သူနှင့် ပါမောက္ခမက္ကဒေါ်နယ်တို့သည် မာစီရီဈေးလမ်းကြားဘက်သို့ ထွက်ပြေးလာခဲ့ကြသည်။ သူတို့သည် ဦးတည်ရာသို့ စွတ်ပြီး တပြေးတည်း ပြေးလာခဲ့ကြသည်။ အတော်ကလေးကြာတော့ ပါမောက္ခကြီးမှာ အမောဆို့ပြီး ဟောဟဲလိုက်လာသည်။

သူတို့ရပ်လိုက်ကြသည်။ ဂျော်ဒန်က ပါမောက္ခကြီးကို ဖက်ပြီး ဖေးမထားလိုက်သည်။

"ကျုပ် မပြေးနိုင်တော့ဘူး၊ ကျုပ် မောနေပြီ။ လက်လျှော့လိုက်ပါတော့" ပါမောက္ခကြီးက စိတ်ပျက်အားငယ်စွာဖြင့် ပြောလိုက်သည်။

"မပူနဲ့ ဆရာကြီး၊ နည်းနည်းပဲ ကျန်တော့တယ်။ ဟိုမှာ ... တံတားတစ်ခုမြင်ရပြီ။ အဲဒီရောက်ရင် တံတားအောက် ပုန်းနေကြမယ်။ ကဲ ... ကြိုးစားလိုက်ပါဦး ... ခဏကလေးပါ"

www.burmeseclassic.com



သို့ဖြင့် ပါမောက္ခကြီးအား ချိုင်းကြားမှ တွယ်ပြီး တံတားဆီသို့ လျှောက်လာခဲ့ကြသည်။ တံတားထိပ်ရောက်တော့ တံတားတစ်ဖက်ထိပ်တွင် မိန်းမတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ ထိုမိန်းမသည် တံတားမီးတိုင်အောက် တည့်တည့်သို့ ရောက်လာသည်။

ဂျော်ဒန်က သူမကို ချက်ချင်းမှတ်မိလိုက်သည်။ သူ ဗင်းနစ်မြို့သို့ ရောက်ပြီး ပထမအပတ်အတွင်း သူမနှင့် ဆုံတွေ့ခဲ့ရသည်။ နောက်တော့လည်း မကြာခဏ တွေ့ခဲ့ကြသည်။

သူမ နာမည်က ကလာရာ။ လူသိများတဲ့ လမ်းပေါ်က မိန်းမကလေးတစ်ယောက်။ မာစီရီဈေးဝန်းကျင်နှင့် ရီယယ်လတို ရပ်ကွက်တစ်ဝိုက်တွင် အမြဲတမ်းတွေ့ရတတ်သော ပြည့်တန်ဆာမကလေး။

ကလာရာသည် တံတားလွန်တော့ လမ်းမကြီးကို မလျှောက်ဘဲ တူးမြောင်းဘေး လမ်းကြားဘက်သို့ ချိုးဝင်လိုက်သည်။

"ကလာရာ"

ဂျော်ဒန်က လှမ်းခေါ်လိုက်သည်။

သူမက ရပ်သွားသည်။ ဘယ်သူများပါလိမ့်ဟု လှမ်းကြည့်နေ သည်။

"ဩော် ... ရှင်ကိုး၊ ကျွန်မရဲ့ ရှားရှားပါးပါး ဖောက်သည်ပါလား"

သူမက ရင်းရင်းနှီးနှီးလေသံဖြင့် နောက်သလိုပြောင်သလို ပြောလိုက်သည်။

"မင်းတော့ ... ရွှေအိုးနဲ့လာတိုးတာပဲ ကလာရာ။ ဒီည ... ငါ့ မင်းဖောက်သည်အဖြစ် တည်းခိုချင်တယ်။ ဒီက ငါ့မိတ်ဆွေကြီးလဲ အတူတူပါပဲ"

"ဩော် ... ရှင်တို့က ပျော်ချင်တယ်ပေါ့။ နှစ်ယောက်စလုံးပဲလား"

"နှစ်ယောက်စလုံးပဲ၊ ဘယ်လောက်လဲ"

"တစ်နာရီလား၊ ညလုံးပေါက်လား"

"အမှန်အတိုင်းပြောရရင် ... တို့က ဒီည တစ်ညလုံးအတွက် နေရာတစ်နေရာလိုချင်တယ် ... ကလာရာ"

ကလာရာ စဉ်းစားနေသည်။ ခဏကြာတော့မှ –

"တစ်ညလုံး နှစ်ယောက်တွက်၊ အချိန်က သိပ်နောက်ကျနေပြီဆိုတော့ ... ကျွန်မ ဈေးတော့ နည်းနည်းဆစ်ချင်တယ်။ လိုင်ရာ ၂၀,၀၀၀ ပဲပေးပါ"

"အိုကေ ... စိန်လိုက်"

သူမက မျက်စတစ်ချက်ပစ်ရင်း –

"ကျွန်မ နောက်လိုက်ခဲ့"



BURMESE CLASSIC .com

www.burmeseclassic.com



သူတို့သည် တူးမြောင်းဘေး အဆောက်အအုံများဆီသို့ လျှောက်လာခဲ့သည်။ တိုက်အိုကြီးတစ်လုံးရှေ့ ရောက်သောအခါ သူမက တံခါးဖွင့်လိုက်သည်။ သုံးယောက်သား အထဲသို့ဝင်လာခဲ့ကြသည်။ မှောင်မည်းနေသော အခန်းကြီး တစ်ခန်းထဲ ရောက်လာကြသည်။ သူမ၏ အခန်းက သုံးခန်းတွဲ။

သူမက မီးဖွင့်လိုက်သည်။ အခန်းအစွန်တွင် ခုတင်တစ်လုံးရှိသည်။ ကပ်လျက်အဆောင်က မီးဖိုခန်း။

သူမသည် တံခါးအတွင်းသော့ကို ပိတ်လိုက်သည်။ ပြီးတော့ လက်ထဲမှ ပိုက်ဆံအိတ်ကို စင်ကလေးပေါ်တင်လိုက်ပြီး ဂျော်ဒန် အနီးသို့ လျှောက်လာသည်။ သူမက လက်ဝါးဖြန့်ရင်း –

“ပွဲမစခင် ပိုက်ဆံအရင်ပေးပါ”

“အို ... ဟုတ်သားပဲ၊ ရပါတယ်”

သူက လိုင်ရာ ၂၀,၀၀၀ ရေပြီး ကမ်းပေးလိုက်သည်။

သူမသည် စင်ကလေးဆီသို့ လျှောက်သွားပြီး ပိုက်ဆံတွေကို အိတ်ထဲ ထည့်ထားလိုက်သည်။ ပြီးတော့ ဘလောက်အင်္ကျီကြယ်သီးတွေ ဖြုတ်ရင်း ပြန်လျှောက်လာသည်။ ထို့နောက် အင်္ကျီကိုချွတ်ချလိုက်သည်။ ဂျော်ဒန်က ဘာမှ ပြန်မပြောနိုင်မီမှာပင် သူမသည် ဂါဝန်ကို ချွတ်ချလိုက်ပြန်သည်။ သူက တစ်ကိုယ်လုံးတွင် အဝတ်အစားဆို၍ အတွင်းခံ ဘောင်းဘီကျပ်ကလေးသာ ကျန်တော့သည်။

“ကဲ ... ရှင်တို့ ချွတ်ကြလေ၊ ပြီးတော့ ရေချိုးခန်း သွားမယ်။ ရှင်တို့ နှစ်ယောက်ကို ကျွန်မ အရင် ရေချိုးပေးဦးမယ်။ ဒါနဲ့ ရှင်က ဘယ်လိုဖြစ်လာတာလဲ။ မလာပြန်တော့လဲ တမေ့တလျော့၊ လာမယ့်လာပြန်တော့လဲ တစ်ယောက်တည်း မဟုတ်ဘူး။ နှစ်ယောက်တောင်မှ”

“နေပါဦး၊ ခဏနေပါဦး ... ကလာရာ။ ငါ ရှင်းပြပါရစေဦး”

“ဘာဖြစ်ရပြန်တာလဲ”

“တို့က ဒီညအိပ်ဖို့အတွက်လောက်ပဲ နေရာလိုတာပါ။ အဲဒါလောက်ပါ။ အဲဒီအတွက် မင်းကို ပိုက်ဆံပေးတာပါ”

သူမက ကိုယ့်နားကိုယ်မယုံနိုင်အောင် ဖြစ်နေသည်။

“ဒါဖြင့် ကျွန်မနဲ့ မအိပ်ဘူးပေါ့”

“ဟုတ်ပါတယ်၊ တို့က တစ်ညတာ အိပ်ရုံကလေးတင်ပါ။ မင်းက မင်းအိပ်ရာမှာ သွားအိပ်ပါ။ ငါနဲ့ ငါ့ မိတ်ဆွေကြီးက ဒီနေရာမှာ ဖြစ်သလို အိပ်ပါမယ့်။ မနက်ကျတော့ တို့ ပြန်ထွက်သွားရုံပဲ”

ကလာရာက ခေါင်းကို ခါယမ်းလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ကြားပဲကြားဖူးပါဘူးတော်။ အဲလေ ... လူတွေက သူ့စရိုက်နဲ့သူ တစ်မျိုးစီပါပဲ။ ကောင်းပြီလေ ... ရှင်တို့ စိတ်ချမ်းသာသလိုသာ နေကြပါ။ ကျွန်မတော့ မောလှပြီ။ သွားအိပ်တော့မယ်"

ဆိုဖာကုလားထိုင်ပေါ်တွင် သူတို့နှစ်ယောက်တည်း ထိုင်ကျန်ရစ်ကြသည်။ ဂျော်ဒန်က ပါမောက္ခကြီးအား ဆိုဖာပေါ်တွင် သက်သောင့်သက်သာ နေနိုင်အောင် ဖေးမပြီး လှဲပေးလိုက်သည်။

"အင်း ... ဆိုးတော့မဆိုးပါဘူး" ပါမောက္ခကြီးက တိုးတိုးကလေး ပြောလိုက်သည်။ "ဒီတော့ ... မောင်ကကော"

"ရပါတယ်။ ကျွန်တော် ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်မယ်"

"ဒီသူငယ်က တော်တော်ရင်းနှီးရဲ့လား"

"အရင်းနှီးဆုံးပဲ" ဂျော်ဒန်က ဂျာကင်အင်္ကျီကို ချွတ်ရင်းပြန်ပြော လိုက်သည်။

"ဒါနဲ့ ... တင်"

"ဆိုပါ ... ဆရာကြီး"

"တို့ လက်လျှော့လိုက်ဖို့သင့်ပြီ ထင်တယ်။ တို့အတွက် တစ်နေ့ ထက်တစ်နေ့ မြေကြောက ကျုံ့ကျုံ့လာပြီ။ ဘယ်မှ သွားစရာ မရှိတော့ဘူး"

ဂျော်ဒန်က ပါမောက္ခကြီးကို စိုက်ကြည့်လိုက်သည်။ ပြီးတော့ တည်ငြိမ်အေးဆေးစွာဖြင့် –

"အဲဒီအတွက် ကျွန်တော် ကြိုးစားနေတာပါ ဆရာကြီး။ မနက်ကျ တော့ ဘယ်သွားရမလဲဆိုတာ ကျွန်တော် စိတ်ကူးထားပြီးပါပြီ။ အဲဒီနေရာဟာ ကျွန်တော်တို့အတွက် နောက်ဆုံး မျှော်လင့်ချက်ပါပဲ"

***

www.burmeseclassic.com

## [ ၉ ]

သူက ပါမောက္ခ မက္ကဒေါနယ်ကို သည်နေရာသို့ လုံးဝခေါ်မလာချင်။ တကယ်တော့ နောက်က ကျားလိုက်ခံနေရသလို အသက်ဆံဖျား ပြေးလွှားနေခဲ့ရသည့် လွန်ခဲ့သော တစ်ပတ်လုံးအတွက် သူက သည်နေရာကို မကြာခဏ သတိရနေခဲ့သည်သာ ဖြစ်သည်။ သို့သော် ... သူက သည်နေရာကို မတတ်သာတော့သည့်အဆုံး နောက်ဆုံးကွန်းခိုရာအဖြစ်သာ အသုံးချချင် သည်။ အဘယ်ကြောင့်ဆိုသော် သည်နေရာသည် တစ်နည်းအားဖြင့် ကောင်းသော်လည်း တစ်နည်းအားဖြင့် မကောင်းသောကြောင့်ဖြစ်သည်။ ပါမောက္ခကြီးအား သည်နေရာတွင် ဝှက်ထားလျှင် အပြင်ရန်အတွက် လုံခြုံစိတ်ချရသော်လည်း အတွင်းရန်အတွက် စိတ်မချရသောကြောင့် ဖြစ်သည်။ သည်နေရာတွင် မာရီဆာ၊ ဘရူနိုနှင့် သူတို့၏ မိခင်ကြီး အဒါဂီရာဒီတို့ နေထိုင်ကြပြီး ခန်းခွဲလမ်းကြားဖြင့် ဟိုဘက်တစ်ခန်း သည်ဘက်တစ်ခန်းမျက်နှာချင်းဆိုင် နေထိုင်ကြသောကြောင့် ဖြစ်သည်။

သို့သော်လည်း မာရီဆာတို့ တိုက်ခန်းမှာ ပိုင်ယက်ဇာ ပန်းခြံမှ လျှောက်သွားလျှင် ၁၀ မိနစ်ခရီးသာဝေးပြီး ကလာရာ အခန်းမှဆိုလျှင်လည်း ၅ မိနစ်၊ ၆ မိနစ်ခရီးသာရှိရာ ထွက်မိထွက်ရာ ထွက်လာရင်း နီးရာ စိတ်ကူးရပြီး သည်နေရာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

လမ်းတွင် သူတို့ဘက်သို့ တည့်တည့်ကြီးလျှောက်လာသော ရဲသားနှစ်ယောက်နှင့် သွားတိုးနေ၍ အနီးမှ ဆေးတံသောက်ဆေးနှင့် လက်ဆောင်



BURMESE CLASSIC .com

www.burmeseclassic.com



ပစ္စည်း ဆိုင်ကလေးထဲ ကမန်းကတန်း ဝင်ပုန်းနေခဲ့ရသေးသည်။ ယင်းနောက် ပိုင်းတွင်တော့ ဘာပြဿနာမှ မတွေ့ရတော့။

ဂျော်ဒန်သည် သံပန်းတံခါးကို တွန်းဖွင့်လိုက်ပြီး ပါမောက္ခကြီးအား လှပသော ခြံဝင်းတစ်ခုထဲသို့ ခေါ်လာခဲ့သည်။

ထို့နောက် မတ်စောက်သော ခရုပတ် လှေကားအတိုင်း သုံးထပ်တိုက် အပေါ်ဆုံးထပ်သို့ တက်ခဲ့ကြပြီး မာရီဆာတို့ အိမ်ခန်းသို့ ရောက်လာခဲ့ကြသည်။

အချိန် နံနက် ၈ နာရီ၊ ၁၅ မိနစ်။

သည်အချိန်တွင် မာရီဆာ ရုံးကို မသွားသေး။ သူမက ၉ နာရီခွဲမှ ရုံးတက်သည်။

"ကလင် ... ကလင် ... ကလင်"

ဂျော်ဒန်က ဘဲလ်ကို နှိပ်လိုက်သည်။ အတွင်းဘက်မှ ခြေသံကြားရသည်။ တံခါးတစ်ဖက် ပွင့်လာသည်။ မာရီဆာ။

သူမသည် ဘလောက်စ်နှင့် စကတ်ဝတ်ထားပြီး ဆံပင်ဖြီးနေရင်း တန်းလန်းက အပြင်သို့ ချောင်းကြည့်သည်။

"ဩော် ... တင်။ ဘယ့်နှယ်" သူမက ပါမောက္ခကြီးကို ကြည့်ရင်း "ဝင်ကြပါ"

သူတို့သည် ခန်းခွဲလမ်းကြားသို့ ရောက်လာခဲ့ကြသည်။ သည်တော့မှ နှစ်ယောက်စလုံး ဖြည်းဖြည်းသက်သာ အသက်ရှူနိုင်ကြတော့သည်။

မာရီဆာက ဂျော်ဒန်ကို ကြည့်လိုက်ပြီး –

"ရှင့်ကိုကြည့်ရတာ တစ်မျိုးကြီးပဲ။ ရှင်ဘာတွေ ဖြစ်နေတာလဲ"

"အို ... ဇာတ်လမ်းက အရှည်ကြီးပဲ ... မာရီဆာ။ ဒါနဲ့ ... မာရီဆာ ဂီရာဒီ။ ဒီက မိတ်ဆွေကြီးနဲ့ ငါမိတ်ဆက်ပေးပါရစေ။ မင်းကို ငါပြောဖူးတဲ့ ပါမောက္ခ ပီယာဆင် ဆိုတာပေါ့"

မာရီဆာက ပါမောက္ခကြီးအား လှေ့လာသလို ကြည့်လိုက်ပြီး "တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ ကဲ ... လာကြပါ၊ ဒီမှာ ရပ်မနေကြပါနဲ့"

ထို့နောက် သူမသည် ဧည့်သည်နှစ်ယောက်အား ခန်းခွဲကြားလမ်း အတိုင်း ခေါ်သွားပြီး မီးဖိုခန်းနှင့် ထမင်းစားခန်းတို့ကို ဖြတ်ကာ လှပသော ဧည့်ခန်းအတွင်းသို့ ခေါ်လာခဲ့သည်။ ဧည့်ခန်းတွင် အနီရောင် 'ဘူခါရာ' ကော်ဇောခင်းထားသည်။ ရှေးဟောင်း 'တိုင်ရိုလီယန်' စားပွဲနှင့် လက်တင် ကုလားထိုင်လေးလုံး၊ ရှေးဟောင်း ကြွေထည်မြေထည် ပန်းကန်ခွက်ယောက်များ ထည့်ထားသော နံရံကပ် 'တပ်စကန်' မှန်ဗီရိုတစ်လုံး၊ ဆိုဖာရှည်ကြီးတစ်

www.burmeseclassic.com



လုံးနှင့် ပက်လက်ကုလားထိုင် နှစ်လုံးရှိသည်။ ခန်းလယ် ပြတင်းပေါက်တွင် အဖြူရောင်လိုက်ကာ တပ်ထားသည်။ ပြတင်းပေါက်အောက်နားတွင် သစ်ချသားသေတ္တာတစ်လုံး ချထားသည်။ ဆိုဖာခုံရှည်နောက်တွင် ထပ်ခိုးခန်းသို့တက်သော သစ်သားလှေကားရှိသည်။ ထပ်ခိုးတွင် သီးခြားတံခါးပေါက်တစ်ခုစီနှင့် အိပ်ခန်းသုံးခန်းရှိသည်။

"ဒီမှာ မင်းတစ်ယောက်တည်းပဲ ရှိသလား" ဂျော်ဒန်က မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဘရူနိုက အခုပဲ အလုပ်သွားတယ်။ မေမေကတော့ ရှင်သိတဲ့အတိုင်းပဲ။ ဆေးရုံက မဆင်းရသေးဘူး"

"အခု ဘယ်လိုနေသေးသလဲ"

"အစာအိမ်ထဲက နာနာနေတာကတော့ လုံးဝမသက်သာပါဘူး။ ဒါပေမယ့် ... သူတို့က နာကျင်ပျောက်ဆေး ပြင်းပြင်းပေးထားပါတယ်။ သူတို့စမ်းသပ်စစ်ဆေးပြီး ရောဂါရှာနေတာ ဒီနေ့ပြီးပြီ။ မနက်ဖြန်ထက် နောက်မကျစေပဲ အဖြေသိရမယ်လို့ ဒေါက်တာစကာပါက ပြောတယ်။ ကျွန်မတော့ မေမေ့အတွက် သိပ်ပြီး စိုးရိမ်နေတာပဲ ... တင်"

"သိပ်ပြီးလဲ မစိုးရိမ်ပါနဲ့လေ။ အကောင်းဆုံး ဖြစ်ဖို့ကိုပဲ မျှော်လင့်ကြတာပေါ့ ဟုတ်လား။ ဒါနဲ့ ... မာရီဆာ၊ တို့ ဒီကို ဘာကြောင့် လာတယ်ဆိုတာ မင်းကို မပြောပြရသေးဘူး။ ငါက ဆရာကြီးအတွက် ဒီမှာတည်းဖို့ နေရာလိုချင်လို့လာတာ။ ဒီတစ်ည ... ဟုတ်ပါတယ်။ ဒီတစ်ညတည်းပါ။ မနက်ဖြန်ဆိုရင် သူ့ကို ငါ မြို့ထဲက ထွက်သွားနိုင်အောင် ကြံရမယ်။ ဒါလောက်ကလေးတော့ မင်းအတွက် ဝန်မလေးပါဘူး"

သူမက ခေတ္တငြိမ်နေပြီးမှ –

"ရပါတယ်။ ဟိုမှာ မေမေ့အခန်းရှိတာပဲ။ သူ မေမေ့ အခန်းမှာနေရင် ရပါတယ်"

ဂျော်ဒန်က သူမ၏ပါးပြင်ကို မွေးမွေးပေးလိုက်သည်။

"ကျေးဇူးပါပဲ ... မာရီဆာ၊ မင်းကူညီမယ်ဆိုတာ သိလို့ ငါလာခဲ့တာ"

"ဒါနဲ့ ... ရှင်တို့ မနက်စာ စားခဲ့ကြပြီးလား။ ရှင်တို့ နှစ်ယောက်စလုံး ကော်ဖီသုံးဆောင်ကြမှာလား"

ဤတွင် ပါမောက္ခကြီးက –

"ကျုပ်တော့ အားမနာနိုင်အောင်ဖြစ်နေပြီ မစ္စဂီရာဒီ။ ကျုပ် မနေ့က တစ်ညလုံးတစ်မှေးမှ မအိပ်ခဲ့ရသေးဘူး။ ဖြစ်နိုင်ရင် တစ်မှေးကလေးလောက်"

www.burmeseclassic.com



“ဩော် ... ရပါတယ် ... ဆရာကြီး။ လာပါ” သူမက ထပ်ခိုး လှေကားဆီသို့ လျှောက်သွားရင်း “မေမေ့အခန်းကို ပြပါ့မယ်” ပြီးတော့ နောက်သို့ သမင်လည်ပြန်လှည့်ကြည့်လိုက်ပြီး “တင် ... ကော်ဖီသောက်ချင်ရင် မီးဖိုထဲမှာ ရှိတယ်။ ပြီးတော့ ... ကျွန်မလာခဲ့မယ်”

ဂျော်ဒန်က မီးဖိုခန်းထဲ ဝင်လာခဲ့သည်။ ကော်ဖီနှစ်ခွက် ထည့်ကာ ဧည့်ခန်းထဲ ပြန်လာခဲ့ပြီး ခုံရှည်ရှေ့ရှိ စားပွဲတွင် ထိုင်သည်။

မာရီဆာ ပြန်ဆင်းလာကာ ဂျော်ဒန်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ သူမသည် ကော်ဖီပန်းကန်ကို ဇွန်းနှင့်မွှေရင်း အတွေးနက်နေသည်။ ခဏကြာတော့မှ –

“တကယ်တော့ ... ကျွန်မအနေနဲ့ ရှင့်ကို ကူညီချင်ပါတယ် ... တင်။ ဒါပေမယ့် အားလုံး ဒုက္ခရောက်မယ့် အလုပ်မျိုးမှာတော့ ကျွန်မ ဝင်မပါချင်ဘူး”

“ငါ ကတိပေးပါတယ် ... မာရီဆာ၊ ဘယ်သူမှ ဒုက္ခမရောက်စေရပါဘူး”

သူမက ဂျော်ဒန်အား ဖျတ်ခနဲ မော်ကြည့်လိုက်သည်။

“ရှင့် ပါမောက္ခကြီးကို ကျွန်မ မှတ်မိပါတယ် ... တင်။ ရှင်က သူ့ကို ကျွန်မနဲ့ မိတ်ဆက်ပေးကတည်းက ကျွန်မ မှတ်မိလိုက်တယ်။ တကယ်တော့ ... သူဟာ ရှင်ပြောသလို မြေအောက်လှုပ်ရှားမှုနဲ့ ဆက်သွယ်နေတဲ့ ဆက်သား မဟုတ်ပါဘူး။ သူဟာ ပိုစတာတွေ၊ သတင်းစာတွေမှာ လူတိုင်း ထပ်တလဲလဲ မြင်နေရတဲ့ သူလျှိုတစ်ယောက်ပဲ။ သူ့နာမည်က မဂ္ဂရီဂါ”

ဂျော်ဒန်က သူ ဘယ်အတိုင်းအတာထိ ပြောပြရပါ့မလဲဟု စဉ်းစားကြည့်သည်။ နည်းနည်းပြောတာ အကောင်းဆုံးပဲဟု ဆုံးဖြတ်လိုက်သည်။

“မာရီဆာ ... ငါ့ကိုယုံပါ၊ ငါ မင်းကို ကျမ်းကျိန်ပြီး ပြောရဲပါတယ်။ သူဟာ သူလျှိုမဟုတ်ပါဘူး၊ မင်းပြောတာ မှန်ပါတယ်။ မြေအောက် ဆက်သားဆိုတာလဲ လုံးဝ မဟုတ်ပါဘူး။ သူဟာ လူကောင်းတစ်ယောက်ပါ။ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးပါ။ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးတစ်ယောက်ပါ။ သူဟာ ဘယ်ပြစ်မှုမှလဲ မကျူးလွန်ခဲ့ပါဘူး။ ဘယ်သူ့ကိုမှလဲ မကောင်းတာ မလုပ်ခဲ့ပါဘူး။ အမှန်က သူ့ကို အကြောင်းတစ်ခုကြောင့် ရုရှကေဂျီဘီအဖွဲ့က လိုချင်နေတာ။ သူတို့က အကူအညီတောင်းလို့ ဒီက သူတို့ မဟာမိတ်တွေက ကူညီပြီး သူ့ကို ဖမ်းမိအောင် မီးကုန်ယမ်းကုန် ကြိုးစားနေကြတာ။ တစ်နေ့ကျတော့ မင်းကို ဖြစ်ကြောင်းရယ် ကုန်စင် ငါ ပြောပြပါ့မယ်။ ခုတော့ ... ခဏ သည်းခံပါဦး၊ ဒါဆိုရင် ... မင်း ကျေနပ်လောက်ပါပြီ”

မာရီဆာက ပြုံးလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ကျေနပ်ပါတယ် … တင်"

"ဒါနဲ့ လက်စနဲ့တစ်ခုတော့ ကူညီပါဦး။ ဒီည ဘရူနိုကို တခြားမှာ သွားအိပ်ပါလို့ ပြောပေးပါလား။ သူသိသွားရင် တစ်မျိုးဖြစ်သွားမှာ စိုးလို့ပါ။ သူ့ကို ပြောင်ပြောင်ပဲ ပြောလိုက်ပေါ့။ မင်းနဲ့ ငါနဲ့ ဒီည ဒီမှာ အိပ်ချင်တယ်လို့"

"ဟုတ်ပြီလေ၊ ကျွန်မ ရုံးရောက်တော့ သူ့ကို ဖုန်းဆက်လိုက်မယ်။ သူက မိတ်ဆွေပေါပါတယ်။ ဘယ်နေရာ သွားအိပ်အိပ် ဖြစ်ပါတယ်'

သူမက ကော်ဖီပန်းကန်ကို မှောက်လိုက်ပြီး စားပွဲမှ ထလိုက်သည်။

"ကျွန်မ ရုံးသွားတော့မယ်။ ဆေးရုံကိုလဲ သွားရဦးမှာ။ မေမေက မျှော်နေလိမ့်မယ်၊ ရှင် ရုံးလိုက်ဦးမှာလား"

သူက ခေါင်းခါလိုက်သည်။

"ဟင့်အင်း … မလိုက်သေးပါဘူး။ နောက်တော့ ဝင်လာခဲ့ပါမယ်။ အခုတော့ ဒီမှာထိုင်ပြီး အေးအေးဆေးဆေး စိတ်ကူးထုတ်လိုက်ဦးမယ်"

"ဒါဖြင့် … နေရစ်တော့၊ ကျွန်မ သွားမယ်"

သူမသည် နံရံကပ်ဗီရိုဆီသို့ လျှောက်သွားပြီး လက်ကိုင်အိတ်ကို ယူလိုက်သည်။ ပြီးတော့ စာအိတ်ရှည်ကြီး တစ်လုံးကို ယူကာ လက်ကိုင်အိတ်ထဲထည့်သည်။ ထို့နောက် ဂျော်ဒန်အနီးသို့ ပြန်လျှောက်လာခဲ့သည်။

သူမသည် စာအိတ်ထဲမှ ရှစ်လက်မ၊ ဆယ်လက်မ အရွယ်ဓာတ်ပုံများကို ဆွဲထုတ်လိုက်ပြီးနောက် –

"ဒီပုံတွေ ရှင် မကြည့်ရသေးဘူး မဟုတ်လား၊ ရှင့် ခွင့်ပြုချက်ရရင် ကျွန်မ ထုတ်ပေးလိုက်မလို့။ ရှုလာမိုးက ပီရယ်လီဆည်နဲ့ ပတ်သက်တဲ့ပုံ တွေ တောင်းနေတယ်၊ ဒါနဲ့ ကျွန်မ ရနိုင်သမျှ ရှာထားတာ။ သူက ကျွန်မတို့ ဆည်ကြီးရှိတဲ့ လီဒိုတူးမြောင်းနဲ့ ပတ်သက်တဲ့ ဓာတ်ပုံတွေလဲ လိုချင်သတဲ့။ ကျွန်မ ဘရူနိုဆီမှာလဲ တောင်းထားတယ်။ သူတို့ သတင်းစာတိုက်မှာ နောက်ဆုံး ရိုက်ထားတဲ့ ဓာတ်ပုံတွေရှိတယ်။ ရှုလာမိုးက သူ ဒီနေ့လာယူမယ်လို့ ချိန်းထားတယ်။ ဒါတွေ ကြည့်ပါဦး"

တကယ်တော့ ဂျော်ဒန်က ဓာတ်ပုံတွေကို လုံးဝစိတ်မဝင်စား၊ ကြည့်လည်း မကြည့်ချင်။ သို့ပေမယ့် မကောင်းတတ်၍ ၄ – ၅ – ၆ ပုံ ယူကြည့်သည်။ အများစုမှာ ဗင်းနစ်မြို့ကမ်းမြောင်ရေအိုင်မှတစ်ဆင့် အေဒရီအာတစ်ပင်လယ်ထဲသို့ ဆက်သွားသော လီဒို တူးမြောင်း၏ အဝင်ဝကို ရိုက်ကူးထားသော ကောင်းကင်မြေပုံများ ဖြစ်ကြသည်။ တချို့ပုံများမှာ လေမှုတ်စက်တပ်ဆည်ကြီး၏ ရေစုပ်စက်ရုံကို အနီးကပ်ရိုက်ထားသည့် ပုံများဖြစ်သည်။

www.burmeseclassic.com



သူသည် နောက်ဆုံးတစ်ပုံကို ကြည့်လိုက်သည်။ လီဒိုတူးမြောင်းမှ တစ်ဆင့် အေဒရီအာတစ်ပင်လယ်ကို ဖြတ်ကျော်ပြီး ကမ်းမြောင်ရေအိုင်ထဲမှ ဝင်လာသော ကုန်သင်္ဘောတစ်စင်းကို ရိုက်ကူးထားသော ဓာတ်ပုံဖြစ်သည်။

သူက ဓာတ်ပုံများကို မာရီဆာအား ပြန်ပေးလိုက်သည်။

"ကောင်းတယ်၊ ကောင်းတယ်။ ရှုလာမိုးအတွက် မင်းအများကြီး ကြိုးစားပေးလိုက်တာပဲ"

မာရီဆာက ဓာတ်ပုံများကို ပြန်ယူပြီး အိတ်ထဲသို့ ပြန်ထည့်နေ သည်။ ထိုအခိုက် ဂျော်ဒန်၏ ဦးနှောက်ထဲသို့ စိတ်ကူးတစ်ခု ဖျတ်ခနဲ ဝင်လာ သည်။

သူက မာရီဆာ၏ လက်ထဲမှ ဓာတ်ပုံများကိုကြည့်လိုက်သည်။ ထို့နောက် သူနောက်ဆုံး ကြည့်လိုက်သော သင်္ဘောဓာတ်ပုံကို မာရီဆာ၏ လက်ထဲမှ ဆတ်ခနဲ လှမ်းဆွဲလိုက်သည်။

"ခဏ ... ခဏ၊ မာရီဆာ။ ဒီပုံ ... ဒီပုံ ဘယ်တုန်းက ရိုက်တာလဲ"

"နောက်မှာ ရေးထားတယ်။ အရေးပေါ် မကြေညာခင် တစ်ရက်က။ ဒီသင်္ဘောက ဂရိ ကုန်သင်္ဘောပဲ။ မြို့ကို မပိတ်ခင် နောက်ဆုံးရောက်တဲ့ သင်္ဘောပဲ"

"ဒီသင်္ဘော အခုထိ ရှိနေသေးသလား"

"အဲဒါတော့ ကျွန်မ မသိဘူး"

"တခြားပုံတွေ ပေးစမ်းပါဦး"

သူက ဓာတ်ပုံတွေကို သေသေချာချာ ကြည့်သည်။ ဗင်းနစ်မြို့ပြင်သို့ ထွက်သွားသော တူးမြောင်းဓာတ်ပုံများကို ကြည့်သည်။ လုံးဝ အသုံးမပြုရ သေးသော ရေစုပ်စက်ရုံကို ကြည့်သည်။ ပင်လယ်သို့ ထွက်သော လမ်းများကို ကြည့်သည်။ သူက ဓာတ်ပုံများကို မာရီဆာအား ပြန်ပေးရင်း –

"ပုံတွေက သိပ်ကောင်းတယ်။ ရှုလာမိုးတော့ သိပ်ဝမ်းသာမှာပဲ"

မာရီဆာက လက်ဆွဲအိတ်ကို ဖွင့်ပြီး ဓာတ်ပုံစာအိတ်ကို ထည့်လိုက် သည်။ ပြီးတော့ လက်ဆွဲအိတ်ထဲမှ ပိုက်ဆံအိတ်ကို ယူသည်။ ထို့နောက် ပိုက်ဆံအိတ်ထဲမှ သော့ကိုယူပြီး ဂျော်ဒန်အား ကမ်းပေးသည်။

"ဒါ မေမေ့ အခန်းသော့ပဲ။ အပြင်ထွက်ချင်ရင် ပိတ်သွားနိုင်အောင် ယူထားလိုက်ပါ"

"ကျေးဇူးပါပဲ ... မာရီဆာ"

သူက မတ်တတ်ရပ်ပြီး မာရီဆာအား နမ်းလိုက်သည်။

"ငါလဲ မကြာခင် အပြင်သွားမှာပဲ"



BURMESE CLASSIC .com

www.burmeseclassic.com



မာရီဆာက ခေတ္တစဉ်းစားနေသည်။ ပြီးတော့မှ –

“ရှင့် မိတ်ဆွေကြီးအတွက် ထွက်ပေါက် တွေ့နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်”

“တွေ့မှာပါ၊ တွေ့ကိုတွေ့မှာပါ”

မာရီဆာ အခန်းထဲမှ ထွက်သွားသည်။ ယခုမှ ဂျော်ဒန်အဖို့ နေသာထိုင်သာ ရှိသွားသည်။ သူက တစ်ယောက်တည်း ထိုင်ပြီး အကြံထုတ်ချင်သည်။ ဖြစ်နိုင်မည့် နည်းလမ်းတွေကို ရှာကြည့်ချင်သည်။ စိတ်ကူးမဟုတ်ဘဲ လက်တွေ့ဖြစ်နိုင်မည့် ထွက်ပေါက်ကို သုံးသပ်ကြည့်ချင်သည်။

အံ့သြစရာတော့ တော်တော် ကောင်းသည်။ မယုံနိုင်အောင်ပင် ဖြစ်ရသည်။ လွန်ခဲ့သော တစ်ပတ်တာလုံး ဂျော်ဒန်၏ခေါင်းထဲတွင် ထွက်ပေါက်တွေ တော်တော်များများကို စိတ်ကူးရခဲ့သည်။ ယခု မာရီဆာတို့အခန်းလည်း ပါဝင်သည်။ သို့သော် ... သည်အခန်းကို သူက သိပ်ပြီး အားမကိုးခဲ့။ အဆိုးအကောင်းနှစ်မျိုးစလုံး ကြုံတွေ့နိုင်သည်ဟု ထင်သောကြောင့် ဖြစ်သည်။ အခုတော့ ယခင်က သူသိပ်ပြီး အထင်မကြီးခဲ့သော သည်နေရာသည် သူ့အတွက် တန်ဖိုးအရှိဆုံး နေရာအဖြစ်သို့ အမှတ်မထင် ရောက်နေခဲ့ပြီ။

မထင်ရှားသော သာမန်မျှသာ ဓာတ်ပုံကလေး တစ်ပုံကို မြင်ရသည်မှ စ၍ ကြီးကျယ်သော စိတ်ကူးတစ်ခုသည် သူ၏ဦးနှောက်ထဲတွင် ဖျတ်ခနဲ ပေါ်ပေါက်လာခဲ့သည်။ စာရေးဆရာများ ဇာတ်ကွက်စဉ်းစားသလို သူသည် ဓာတ်ပုံကလေးကို အရင်းတည်ကာ စီမံကိန်းကြီးတစ်ခုကို ကြံစည်ကြည့်သည်။ သူသည် သူ ကြုံဖူးခဲ့သမျှ၊ မြင်ဖူးခဲ့သမျှ၊ ကြားဖူးခဲ့သမျှ အတွေ့အကြုံ၊ အတွေ့အမြင် ဗဟုသုတများကို စုစည်းပြီး သူ့စီမံကိန်းကြီးကို ရုပ်လုံးဖော်ကြည့်သည်။

သူ့ စီမံကိန်းသည် စိတ်ကူးထဲတွင် ရုပ်လုံးပေါ်လာသည်။ ဖြစ်နိုင်ခြေ အလားအလာတွေကို မြင်လာရသည်။

ဝမ်းသာစိတ်ကြောင့် သူ ဂနာမငြိမ် ဖြစ်နေသည်။ သူ စိတ်လှုပ်ရှားနေသည်။ သူ လုပ်ရမည့် အလုပ်ကို ပြက်ပြက်ထင်ထင် မြင်ရပြီ။ နောက်ဆုံးအလုပ်၊ နောက်ဆုံး မျှော်လင့်ချက်။

ဒီအကြံကို အစောကြီးကတည်းက ဘာဖြစ်လို့ မစဉ်းစားခဲ့မိတာပါလိမ့်။ သူက သူ့ကိုယ်သူ အပြစ်တင်လိုက်မိသည်။

သည်အကြံသည် သူကြံခဲ့သမျှ အကြံတွေအနက် အလွယ်ဆုံးအကြံ၊ အကောင်းဆုံးအကြံ။

သို့သော် ... သို့သော် ... တစ်ချိန်တည်းတွင် အန္တရာယ်အများဆုံး အကြံလည်း ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဒီအကြံမျိုးကို နောက်တစ်ကြိမ်ကြံ၍ မရနိုင်တော့။ တစ်ခါသာကြံ ပြီး တစ်ကြိမ်သာလုပ်ရမည့် အလုပ်မျိုး။

အယ်လီဆင်ကို ဖုန်းဆက်ရမည်။

တယ်လီဖုန်းစားပွဲသို့ လျှောက်လာခဲ့သည်။

လတ်ပတ်နာရီကို ကြည့်လိုက်သည်။

လုပ်စရာအချိန်တွေ တစ်နေ့လုံး ရှိသေးသည်။

စီမံကိန်း အောင်မြင်ရေးအတွက် စက္ကန့်တိုင်းကို အသုံးချရမည်။ မိနစ်တိုင်းကို အသုံးချရမည်။

*

ပိုင်ယက်ဇာပန်းခြံတစ်ဖက်ရှိ ဖလိုရီယံ မြက်ခင်းပြင် ကဖေးဆိုင်သို့ ဂျော်ဒန် ရောက်သွားချိန်တွင် အယ်လီဆင်သည် ဒုတိယ ခုံတန်းတွင်ထိုင်ကာ သခွားသီး ဌာပနာမုန့်နှင့် ကော်ဖီသောက်လျက်ရှိသည်။

ဂျော်ဒန်က စားပွဲတွင် ဝင်ထိုင်ရင်း –

“ဆရာကြီးတော့ ကပ်ကျော်သွားပြန်ပြီ”

အယ်လီဆင်က သက်မ ချသည်။

ဂျော်ဒန်က ခြေတစ်ဖက်ကို ဒူးပေါ်တင်လိုက်ပြီး ဆေးတံကို မီးညှိသည်။

“အမှန်က ကြိုးစာမှုလဲ ပါတယ်။ ကံလဲပါတယ်။ တို့နှစ်ယောက် ဦးတည်ရာစွတ်ပြေးရင်း ... ကံကောင်းချင်တော့ ‘ညငှက်မလေး’ တစ်ယောက်နဲ့ သွားတိုးတယ်။ ဒါနဲ့ ... တို့က သူ့အခန်းလိုက်အိပ်ပါရစေဆိုပြီး ပိုက်ဆံပေး လိုက်တယ်”

“တကယ်လား၊ ညအိပ်ရုံပဲလား”

“တကယ်ပါ၊ ညအိပ်ရုံပါပဲ”

“ဒီတော့ ... အခု ဆရာကြီးက သူ့အိမ်မှာပဲ ရှိနေသေးတာပေါ့”

“မရှိတော့ပါဘူး၊ ဒီအမျိုးသမီးမှာက အိမ်ကို အမြဲတမ်းလာနေတဲ့ ဖောက်သည်တွေ ရှိတယ်။ ဒါကြောင့် တို့နေလို့ မဖြစ်ဘူး။ ဒါနဲ့ ဒီနေ့မနက်ပဲ ဆရာကြီးကို အဲဒီက ဆွဲထုတ်လာပြီး ငါနောက်ဆုံး စဉ်းစားလို့ရတဲ့ တစ်နေရာမှာ ထားပစ်ခဲ့တယ်”

ကျန်အပိုင်းကို ဘယ်လိုပြောပြရမလဲဟု ဂျော်ဒန်က စဉ်းစားနေသည်။ သူက စဉ်းစားချိန်ရအောင် စားပွဲထိုးကို ခေါ်ပြီး လက်ဖက်ရည်နှင့် ပေါင်မုန့်ထောပတ်သုတ် မှာလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



နောက်ဆုံးတော့ အမှန်အတိုင်းပဲ ဖွင့်ပြောလိုက်ရန် ဆုံးဖြတ်လိုက်သည်။

"တို့နှစ်ယောက် လီဒိုကမ်းခြေမှာ ရေသွားချိုးတုန်းက ငါ့ရှက်ထည်တဲ ထဲမှာ မိန်းမရေကူးဝတ်စုံနှစ်ခုတွေ့တာ မင်းမှတ်မိဦးမှာပေါ့"

"ဟုတ်ပါတယ်။ ရေကူးဝတ်စုံက ကျွန်မနဲ့တောင် အများကြီး ပွနေသေးတယ်လေ။ ရှင်နဲ့ ဗင်းနစ် 'အချစ်တော်ကလေး' မဟုတ်လား"

"အချစ်တော်ကလေး မဟုတ်ပါဘူး၊ မိတ်ဆွေပါ။ ရုံးက ငါ့ရဲ့လက်ထောက်အရာရှိ၊ သူ့နာမည်က မာရီဆာဂီရာဒီတဲ့။ သူက သူ့မောင် ဘရူနိုရယ်၊ သူ့အမေရယ်နဲ့ နေတယ်။ သူ့မောင် ဆိုတာက ... ဟို ဗိုလ်ကြီးကို လာဘ်ထိုးဖို့အတွက် တို့နဲ့ ဆက်ပေးတဲ့ ဓာတ်ပုံသတင်းထောက်ကလေးပေါ့။ သူတို့အခန်းက ဒီနေရာက သိပ်မဝေးပါဘူး။ ဒါနဲ့ ... ဒီနေ့မနက် ငါ သူ့ဆီလှည့်ဝင်လိုက်တယ်"

"ဟိုတုန်းက သူ့အခန်းမှာ ဘာလို့ မထားခဲ့တာလဲ"

"အဓိက အကြောင်းကတော့ ဘရူနိုကို ကြောက်လို့ပဲ။ ဒီကောင်က ရဲတွေနဲ့ လုံးနေတယ်။ ဆရာကြီးကို ဖမ်းဆီးရေးလုပ်ငန်းမှာ ရဲတွေနောက်က တကောက်ကောက် လိုက်နေရတာ။ ဒါ ထားလိုက်ပါ။ အဲဒါနဲ့ မာရီဆာက ဆရာကြီးကို လက်ခံလိုက်တယ်။ အခု ဆရာကြီး အဲဒီမှာ ကျန်နေရစ်တယ်။ ဒါနဲ့ မနေ့က မင်းအဖြစ်ကိုလဲ ပြောစမ်းပါဦး။ ဘာပြဿနာတွေများ ကြုံရသေးသလဲ"

"ပြဿနာတော့ ထွေထွေထူးထူး မကြုံရပါဘူး။ ကျွန်မက ရဲတွေကို လုံးဝ ဂရုမစိုက်ဘူး။ ဟိုတယ်ပြန်လာတဲ့ ခရီးသည်တစ်ယောက်လို ပန်းခြံဘေးက ဖြတ်ပြီး ခပ်တည်တည်နဲ့ လျှောက်လာတယ်။ အဲဒီမှာ ... ရဲသားနှစ်ယောက်က ကျွန်မကို ရပ်ခိုင်းပြီး မေးလားမြန်းလား လုပ်သေးတယ်"

"အင်း ... ဆိုပါဦး။ ဘာတွေမေးလဲ"

"ကျွန်မ ဘယ်သူလဲ။ ဘယ်ကလဲ၊ ဘယ်ကိုသွားမှာလဲ ဘာဘာညာညာနဲ့ပေါ့။ ဒီတော့ ... ကျွန်မက ဒေါသထွက်သလို ဟန်ဆောင်ပြီး ကျွန်မက ဗင်းနစ်ကို တစ်နေ့တာ လာလည်ရင်း မပြန်နိုင်ဘဲ ဖြစ်နေကြောင်း၊ အခု မိတ်ဆွေတစ်ယောက်ဆီ သွားလည်တာက ပြန်လာပြီး ဒင်နီယယ်လီ ဟိုတယ်ကို ပြန်မယ့်အကြောင်း ခပ်မာမာနဲ့ ပြန်ပြောလိုက်တယ်။ ပြီးတော့ ပန်းခြံထဲမှာ ရုတ်ရုတ်သဲသဲနဲ့ ဘာတွေဖြစ်နေတာလဲလို့ မေးကြည့်တော့ သူတို့က ဘာမှ ပြန်မပြောဘူး။ မာစရီလမ်းပေါ် တစ်ယောက်ယောက် ဖြတ်သွားတာကိုများ မြင်လိုက်သလားလို့ ကျွန်မကို မေးတယ်။ ကျွန်မက ပြေးသွားတဲ့လူလဲ

www.burmeseclassic.com



မတွေ့ခဲ့ဘူး။ လမ်းလျှောက်သွားတဲ့ လူလဲ မတွေ့ခဲ့ဘူးလို့ ပြန်ပြောလိုက်တယ်။ အဲဒီနောက် ... သူတို့က ကျွန်မကို သွားခွင့်ပြုလိုက်တယ်"

"သိပ်ကောင်း ... သိပ်ကောင်း"

"ဒါပေမယ့် ... တင်။ မနေ့ညက ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ စိုးရိမ်မိတာ တစ်ခုရှိတယ်။ ဟယ်လီကော်ပတာဆီကို ဘာကြောင့် ပြေးသွားရတာလဲလို့ ရဲက ဂျီနီကို မေးမယ်လို့ ရှင်ယူဆသလား။ ကျွန်မတော့ အဲဒီလို မေးခဲ့ရင် အဲဒီလို လုပ်ခိုင်းတာ ဘယ်သူ ဘယ်ဝါဆိုတာ ဂျီနီက ဖြောင့်ချက်ပေးလိမ့်မယ်ထင်တာပဲ" ဂျော်ဒန်က ခေါင်းကို ခါယမ်းလိုက်သည်။

"ငါလဲ အစတုန်းကတော့ စိုးရိမ်မိတယ်။ ဒါပေမယ့် ဂျီနီအကြောင်းကို ငါသိပါတယ်။ ရဲက မေးလာရင် သူ အခိုင်အမာ ပြောနိုင်တဲ့ အကြောင်းရှိတယ်။ သူ အရက်မူးလာတုန်း ပန်းခြံထဲ ဟယ်လီကော်ပတာ ဆင်းတာမြင်တာနဲ့ ဘာများပါလိမ့်ဆိုပြီး သိချင်လို့ ပြေးသွားတာပါလို့ ပြောနိုင်တယ်။ တကယ်လို့ သူက ငါ့နာမည်ကို ရဲကို ဖွင့်ပြောမယ်ဆိုရင် ရဲက ငါ့ကိုလာဖမ်းမှာပေါ့။ ငါ ဟိုတယ်မှာ စုံစမ်းကြည့်ပြီးပါပြီ။ ဘယ်သူမှ မလာပါဘူး"

အယ်လီဆင်က ဝမ်းသာသွားသည်။

"ဒီတော့ ... ဆရာကြီးအတွက် မာရီဆာအခန်းမှာစိတ်ချရပ့ါမလား"

"သိပ်ကြာကြာထားလို့တော့ မဖြစ်ဘူး။ ငါက ဒီည ဘရူနို တခြားမှာ သွားအိပ်ပါစေလို့ မာရီဆာကို ပြောထားခဲ့တယ်။ ဒါပေမယ့် သူ့ကို ဒီလိုပဲ နေ့တိုင်း သွားအိပ်ခိုင်းလို့တော့ ဘယ်ရမလဲ။ ဆရာကြီးကို သူမြင်ရင် ချက်ချင်း မှတ်မိသွားမှာ သေချာတယ်" လက်ဖက်ရည်နှင့် မုန့်များ ရောက်လာသည်။ ဂျော်ဒန်က မုန့်ကို တစ်ကိုက်ကိုက်ကာ လက်ဖက်ရည်တစ်ကျိုက် သောက်လိုက်ပြီးမှ "တို့ အဲဒီနေရာက အမြန်ဆုံးရွှေ့ရမယ်"

အယ်လီဆင်၏ မျက်နှာတွင် စိုးရိမ်ရိပ်တွေ ပေါ်လာသည်။

"အဲဒီတော့ ... နောက် ဘာလုပ်မလဲ ... တင်။ ဘယ်နေရာများ ကျန်သေးသလဲ"

အယ်လီဆင် စိတ်သက်သာမှု ရအောင် ဂျော်ဒန်က ပြုံးလိုက်သည်။

"ဆရာကြီးကို ဒါမှမဟုတ် မင်းနဲ့ ဆရာကြီးတို့ နှစ်ယောက်စလုံးကို ဒီမြို့က ထွက်သွားနိုင်အောင် လုပ်ရမယ်။ ဒါဟာ ငါအကောင်းဆုံးစဉ်းစားလို့ ရတဲ့အကြံပဲ။ ဒီအကြံကို ငါစိတ်ကူးမိတာ တော်တော်ကြာပြီ။ ပြီးခဲ့တဲ့ တစ်နာရီလောက်ကမှ ပြည့်ပြည့်ဝဝ ရုပ်လုံးပေါ်လာခဲ့တယ်။ ဒါပေမယ့် အခက်အခဲတွေတော့ တော်တော်ရှိတယ်။ အဲဒီ ... အခက်အခဲတွေကို ဘယ်လိုရှင်းရမလဲဆိုတာ ဒီနေ့တစ်နေ့လုံး ငါ အဖြေရှာရမယ်"

www.burmeseclassic.com



"ဒီအကြံကို ကျွန်မ ပြောပြလို့ ဖြစ်မလား"

"အခု မပြောပါရစေနဲ့ဦး၊ ဒီအကြံ အောင်မြင်ရင် မနက်ဖြန် မနက်မှာ မင်းတို့နှစ်ယောက် ဗင်းနစ်မြို့က ထွက်သွားရတော့မယ်။ ဒါလောက်ပဲ ငါ ပြောပါရစေ"

"တကယ်လို့ မအောင်ရင်တော့"

"တို့အားလုံး သေပြီ" သူက ပိုက်ဆံကို စားပွဲပေါ်တွင် လိုက်သည်။ "လုပ်စရာရှိတာ အခုက စလုပ်မှ ဖြစ်မယ်။ ငါလည်း ဟိုတယ်ဘက် လိုက်ခဲ့ဦးမယ်"

နှစ်ယောက်သား စကားမပြောဘဲ ငြိမ်သက်စွာဖြင့် ပြန်လျှောက်လာခဲ့ကြသည်။ သူတို့သည် ခိုတွေကို အစာကျွေးရင်း ဓာတ်ပုံရိုက်နေသော ကမ္ဘာလှည့်ခရီးသည်များ အနီးမှ ဖြတ်လျှောက်လာကြရာ မိနစ်အနည်းငယ်အတွင်း ဒင်နီယယ်လီဟိုတယ်ရှေ့သို့ ရောက်လာခဲ့ကြသည်။ ဟိုတယ် မှန်တံခါးများရှေ့တွင် ရဲသားရှစ်ယောက် ရပ်ကာ အဝင်အထွက် ပုဂ္ဂိုလ်များကို စစ်ဆေးနေကြသည်။

"ကိုင်း ... မင်း သွားပေတော့"

သူမက ဟိုတယ်ထဲသို့ မဝင်သေးဘဲ –

"ရှင့်ဆီက ဘယ်တော့ အကြောင်းပြန်မလဲ ... တင်"

"ဒီနေ့ည။ စိတ်ချပါ။ တစ်နည်းမဟုတ် တစ်နည်းပေါ့"

ဟိုတယ်ထဲ သူမ ဝင်သွားသည်အထိ သူက ရပ်ကြည့်နေသည်။ ထို့နောက် သူက နောက်ပြန်လှည့်ထွက်လာခဲ့သည်။

သူသည် ဟိုတယ်ရှေ့ရှိ တံတားဘက်ဆီသို့ လျှောက်လာခဲ့ပြီး ရေအိုင်ကမ်းစပ်အထိ ဆင်းလာခဲ့သည်။

သူက နေရှိန်မထိုးနိုင်အောင် မျက်လုံးကို လက်ဝါးကာလျက် လက်ဝဲဘက်ရှိ ရေအိုင်ကွေ့ဆီသို့ မျှော်ကြည့်လိုက်သည်။ သူမြင်ချင်သော သူမျှော်လင့်ထားသော အရာကို မြင်လိုက်ရသည်။

တော်တော် ခပ်လှမ်းလှမ်း 'အာဒရီယာ တစ်ပင်လယ် လေ့လာရေးသိပ္ပံ' အနီးရှိ ပင်လယ်ပြင်ပေါ်တွင် အဖြူရောင် သင်္ဘောကြီးတစ်စင်းသည် အရောင်တလက်လက် ထွက်ကာ ထီးထီးကြီး ရပ်လျက်ရှိသည်။

သူသည် ရွက်တိုင်ပေါ်၌ တလူလူလွင့်နေသော အလံပေါ်မှ အမှတ်အသားကို စူးစိုက်ကြည့်သော်လည်း အလှမ်းဝေး၍ ကွဲကွဲပြားပြား မမြင်ရ။ သို့သော် ဤသင်္ဘောမှာ လီဒိုဆိပ်ကမ်းမှ သူ့မိတ်ဆွေ အသက်ကယ်လုပ်သား ဒန်တီ ပြောခဲ့သည့်အတိုင်း အရေးပေါ် မကြေညာမီ တစ်နေ့က ကမ်းခြေရေအိုင်



BURMESE CLASSIC .com

www.burmeseclassic.com



တွင်းသို့ ဝင်လာခဲ့သော သင်္ဘောပင်ဖြစ်မည်ဟု သူက ကျိန်းသေပေါက် တွက်လိုက်သည်။ မာရီဆာထံတွင် တွေ့ခဲ့ရသော ဓာတ်ပုံမှာလည်း ဤသင်္ဘောဓာတ်ပုံပင် ဖြစ်သည်။

ဘယ်လိုပင်ဖြစ်ဖြစ် သူ့အတွက် အဓိက အရေးအကြီးဆုံး အချက်ကတော့ ဤသင်္ဘော ဤနေရာတွင် ရှိနေဖို့ပင်ဖြစ်သည်။

ဂျော်ဒန်သည် အတော်ကလေး စိတ်ချမ်းသာသွားပြီး ဒင်နီယယ်လီ ဟိုတယ်သို့ ပြန်လှည့်လာကာ ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

ကြီးကြပ်ရေးမှူးစားပွဲတွင် ဧည့်သည်တစ်ယောက်မျှ မရှိ။ ဟိုတယ်ကြီးကြပ်ရေးမှူး ဖေးဘရစ်သည် ကောင်တာအစွန်တွင် တယ်လီဖုန်းဆက်နေသည်။ တင်ဂျော်ဒန်ကို မြင်တော့ သူက လက်မြှောက်ပြရင်း နှုတ်ဆက်လိုက်သည်။ ထို့နောက် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

"ဟယ်လို ... မစ္စတာ ဂျော်ဒန်။ မတွေ့တာ ကြာပါရော့လား။ အားလုံး အဆင်ပြေပါတယ်နော်"

"အလုပ်နည်းနည်းများနေလို့ပါ။ ဒါနဲ့ စကားမစပ် ကျွန်တော် ရီဗာဒီဂလီရှိယာဗိုနီ လမ်းဘက်က လျှောက်လာတော့ ပင်လယ်ထဲမှာ သင်္ဘောတစ်စင်း လှမ်းမြင်ခဲ့တယ်ဗျ။ အရေးပေါ် ကြေညာထားတဲ့အထဲ ဒီသင်္ဘောက ဘယ်လိုက ဘယ်လိုရောက်လာရတာလဲ"

"သြော် ... ဟို ... ဂရိသင်္ဘောလား။ 'ဆုကြီးပန်' သင်္ဘောပါ။ ဒီသင်္ဘောက အရေးပေါ် မကြေငြာခင် တစ်ရက်က ရောက်လာတာပါ။ အဲဒီတုန်းက ဆိပ်ကမ်းတွေမှ မပိတ်သေးဘဲ။ ဒီကောင်က ခရီးသွားသင်္ဘော မဟုတ်ပါဘူး။ ပြင်စရာရှိတာ ပြင်ပြီး အေသင်ကို ပြန်ထွက်မှာပါ"

"သင်္ဘောပေါ် သွားလည်လို့ မရဘူးလားဗျ။ ကျွန်တော်က ပင်လယ်ထဲ ရပ်ထားတဲ့ သင်္ဘောတွေပေါ် တက်ကြည့်ရတာ သိပ်သဘောကျတာပဲ"

"မရပါဘူး မစ္စတာ ဂျော်ဒန်။ အရေးပေါ် ကြေညာတဲ့အချိန်ကစပြီး သင်္ဘောကိုလဲ ပိတ်ပစ်လိုက်တယ်။ ခရီးသည်တွေကို လုံးဝ ဆင်းခွင့်မပြုဘူး။ ဘယ်သူမှလဲ သွားမလည်ရဘူး။ သူတို့က သူလျှိုပြဿနာအတွက် တစ်ကွက်မှ အလစ်မပေးနိုင်ဘူးလေ။ ကက်ပတိန်နဲ့ ဘဏ္ဍာစိုးတို့ကလွဲပြီး တခြားသင်္ဘောအမှုထမ်းတွေတောင် ဆင်းခွင့်မရကြပါဘူး"

"ဒါဖြင့် ဒီသင်္ဘော ဗင်းနစ်က ပြန်ထွက်ခွင့်ရမှာပေါ့"

"ရမှာပေါ့။ အမှန်က မနေ့ကတည်းက ထွက်ဖို့ပဲ။ ဒါပေမယ့် ပြင်စရာတစ်ခု ကျန်နေသေးလို့ မထွက်ဖြစ်တာ။ မနက်ဖြန်တော့ ထွက်ဖြစ်မယ်ထင်တာပဲ"

www.burmeseclassic.com



"ကက်ပတိန်နဲ့ ဘဏ္ဍာစိုးတို့က ကုန်းပေါ် တက်ခွင့်ရတယ် ဟုတ်လား"

"ဟုတ်တယ်၊ ရတယ်။ သူတို့က ကျုပ်တို့ ဘားခန်းမှာ နေ့တိုင်း အရက်လာသောက်ကြတယ်။ ခုနကပဲ ကက်ပတိန် ပြန်သွားသေးတယ်။ ဘဏ္ဍာစိုးတော့ ဘားခန်းထဲမှာ ရှိနေတုန်းပဲ ထင်တယ်။ ဒီလူက မဆိုးပါဘူး။ ပေါင်းသင်းဆက်ဆံရေး တော်တော်ပြေပြစ်တယ်။ သူ့နာမည်က ပါပါဒိုပိုလိုတဲ့"

"ကျေးဇူးပဲ မစ္စတာ ဖေးဘရစ်"

ဂျော်ဒန်သည် ဧည့်ခန်းထဲမှ ပြန်ထွက်ပြီး ဘားခန်းထဲဝင်လာခဲ့သည်။ မနက်ပိုင်းဖြစ်၍ ဘားခန်းထဲတွင် လူမရှိသေး။ သတင်းစာဖတ်နေသော အရက်စပ်လက်ထောက်လူငယ်နှင့် ယူနီဖောင်းဝတ်ထားသော ဧည့်သည်တစ်ယောက်သာ ရှိသည်။ ဧည့်သည်က ပက်လက်ကုလားထိုင်တစ်လုံးတွင် ဇိမ်ကျကျထိုင်ရင်း ဘယ်လီနီအရက်ခွက်ကို စုပ်သောက်နေသည်။

ဂျော်ဒန်က ထိုသူ့အနီးသို့ ကပ်သွားပြီး –

"မစ္စတာ ပါပါဒိုပိုလိုထင်ပါရဲ့"

ထိုသူက ဂျော်ဒန်ကို မော်ကြည့်သည်။

"ဩော် ... ကျွန်တော့်မိတ်ဆွေ ဟိုတယ်ကြီးကြပ်ရေးမှူးက ညွှန်လိုက်လို့ပါ။ ဖြစ်နိုင်မယ်ဆိုရင် ကိစ္စတစ်ခုအတွက် စကားနည်းနည်း ပြောချင်ပါတယ်"

ဘဏ္ဍာစိုးက အဖော်ရပြီဟူသော သဘောဖြင့် ဝမ်းသာသွားဟန်နှင့်

"ထိုင်ပါ ... ထိုင်ပါ။ ဒါနဲ့ တစ်ခုခုသုံးဆောင်ပါလား"

"နေပါစေ၊ ကျေးဇူးပါပဲ" ဂျော်ဒန်က သူ့ဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ "ကျွန်တော့် နာမည်က တီမိုသီ ဂျော်ဒန်ပါ။ အမေရိကန် အမျိုးသားပါ။ 'ဗင်းနစ်မြို့ ကယ်တင်ရေးအဖွဲ့' မှာ လုပ်ပါတယ်"

'အိုး ... ဒီလိုဆို ခင်ဗျားက ဗင်းနစ်မြို့ ရေထဲ မြုပ်မသွားအောင် ကြိုးစားနေတဲ့ အင်ဂျင်နီယာပေါ့'

"ဟိုတုန်းကတော့ အင်ဂျင်နီယာပါ။ အခုတော့ စာရေးဆရာ လုပ်နေပါတယ်။ လက်ရှိတာဝန်ကတော့ အဖွဲ့ရဲ့ ပြည်သူ့ဆက်သွယ်ရေး လုပ်ငန်းပါပဲ။ ဒါနဲ့ ခင်ဗျားတို့ သင်္ဘောက ပင်လယ်ထဲမှာပဲ ရှိနေသေးတာပါပဲလား"

"ဟာ .... မပြောပါနဲ့တော့ဗျာ။ ခရီးသည်တွေဆိုတာ သေချင်စော်နံအောင် ညည်းနေကြတာပဲ။ သူတို့က ကုန်းပေါ်လုံးဝတက်ခွင့်မရဘူးဗျ။ တော်တော်မိုက်ကန်းတဲ့အလုပ်ပဲ။ အဲလေ ... မလုပ်ရင်လဲ မဖြစ်ပဲကိုး။ ကျွန်တော့်အထင်တော့ ခရီးသည်တွေကို ကုန်းပေါ်တက်ခွင့်ပြုရင် ဂနာမငြိမ်သွေးရူးသွေးတန်းတောင် ဖြစ်ကုန်ကြပြီ။ ဒါပေမယ့် သူလျှိုဆိုတဲ့ လူနဲ့ ဆက်သွယ်မှာ



BURMESE CLASSIC .com

www.burmeseclassic.com



ကြောက်လို့နဲ့ တူတယ်ဗျ။ သင်္ဘောပေါ်မှာပဲ နေ့ဆက်ရက်ဆက် နေနေရတော့ တချို့ဆိုရင် မကြာတော့ပါဘူး။ မနက်ဖြန်ဆိုရင် ထွက်နိုင်တော့မယ် ထင်တာပဲ။ အမှန်က မနေ့ကတည်းက ထွက်မလို့ဟာ ပြင်တာလက်စမသတ်သေးတာနဲ့ မထွက်ဖြစ်တာဗျ။ ဗင်းနစ်ရှန်းတွေက တော်တော်နေးကွေးတဲ့ လူတွေပဲဗျာ"

"ဒါဖြင့် ... 'ဆုကြီးပန်' ထွက်မှာက ဘယ်အချိန်ပါလဲ"

"မနက်ပိုင်း၊ မနက်ပိုင်းတော့ သေချာပါတယ်"

"ဘယ်နှစ်နာရီမှာလဲ"

"၁၀ နာရီ"

"တစ်ယောက်ယောက် သင်္ဘောပေါ် တင်ပေးလို့ ဖြစ်နိုင်မလား။ ကျွန်တော့် မိတ်ဆွေတွေပါ"

ဘဏ္ဍာစိုးက ဂျော်ဒန်အား အကြာကြီး စိုက်ကြည့်နေသည်။

"ဆိပ်ကမ်းမှာတော့ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ကတော့ ရပါတယ်။ ဒါပေမယ့် အာဏာပိုင်တွေက ခွင့်ပြုမှာမဟုတ်ဘူး။ ဆိပ်ကမ်းမှာ လုပ်လို့တော့ မရဘူး"

"ဆိပ်ကမ်းမှာ မလုပ်ပါဘူး။ ပင်လယ်ထဲမှာ လုပ်မှာပါ"

ဘဏ္ဍာစိုးက ဂျော်ဒန်အား စိုက်ကြည့်နေပြန်သည်။

"ပင်လယ်ထဲမှာ ဟုတ်လား"

"အရင်ကလဲ ဒီလိုပဲ လုပ်ခဲ့ဖူးတာပဲ"

ဘဏ္ဍာစိုးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်။ အရင်က အကြိမ်ပေါင်းများစွာ လုပ်ခဲ့ဖူးပါတယ်။ အထူးသဖြင့် ခရီးသည်တစ်ယောက်ယောက် ကျန်နေတဲ့အခါမျိုးမှာပေါ့"

"အခုက ခရီးသည် တစ်ယောက်ဖြစ်ချင်လည်း ဖြစ်မယ်။ နှစ်ယောက်ဖြစ်ချင်လဲ ဖြစ်မယ်။ ဒါပေမယ့် သူတို့က ကျသလောက် ပေးမှာပါ"

ဘဏ္ဍာစိုးက စဉ်းစားနေသည်။

"သင်္ဘောကို စက်အရှိန်သတ်ထားရင် အဆင်ပြေမှာ မဟုတ်ဘူး။ အို ... ဘာလို့ မရရမှာလဲ၊ ရအောင်လုပ်ရင် ရပါတယ်။ ကျွန်တော်တို့က ဗင်းနစ်မြို့ရဲ့ ပင်လယ်ရေပြင်ပိုင်နက် နယ်နိမိတ်အပြင်ဘက် ရောက်ဖို့သာ အရေး ကြီးတာပါ။ အဲဒီတော့ ခင်ဗျားက ကျွန်တော်တို့ သင်္ဘောဆီ အရောက်လာနိုင် အောင် လုပ်ဖို့ လိုလိမ့်မယ်"

"အဲဒါက လုပ်လို့ ဖြစ်ပါတယ်"

"ကျွန်တော့်အနေနဲ့တော့ ငြင်းစရာ မမြင်ပါဘူး ကျန်တာကတော့ ... ခင်ဗျား တာဝန်ပဲ"

www.burmeseclassic.com



ဂျော်ဒန်က ဝမ်းသာသွားပြီး –

"ကျေးဇူးပါပဲ ... မစ္စတာ ပါပါဒိုပိုလို။ အလုပ်စကားတော့ နောက်မှ ပြောကြတာပေါ့ ... ဟုတ်လား"

*

ဟယ်ရီဘားဆိုင်၏ အညိုရောင်တံခါးကြီးကို ဂျော်ဒန်တွန်းဖွင့်ပြီး ဝင်လာတော့ နေတော်တော်မြင့်နေပြီ။ သို့သော် ... နေ့လယ်စာစားချိန်တော့ မရောက်သေး။

သူသည် ဆိုင်ထဲတွင် တွေ့ရသော အရာများကို အတော်ကလေး ကျေနပ်မိသည်။ ဆိုင်ထဲတွင် သစ်စေးသုတ် စားပွဲဝိုင်းကလေးနှစ်လုံးနှင့် သားရေနက်ဖုံး ကုလားထိုင် နိမ့်နိမ့်ကလေးများမှတစ်ပါး တခြား ဘာပစ္စည်းမျှ ထွေထွေထူးထူး မရှိ။ လက်ဝဲဘက် နံရံတွင် အမေရိကန် စာရေးဆရာကြီး ဟဲမင်းဝေးနှင့် ဟယ်ရီဘားဆိုင်ကို စတင်တည်ထောင်ခဲ့သူ စီပရီယာနီတို့ တွဲရိုက်ထားသော မှန်ပေါင်သွင်း ဓာတ်ပုံကြီးကို ချိတ်ဆွဲထားသည်။ ငွေကိုင်စာရေးက ကောင်တာတွင် ထိုင်ကာ ပိုက်ဆံတွက်နေရင်းမှ အရက်စပ်ဆရာ အယ်လ်ဘာတိုနှင့် စကားပြောနေသည်။ အယ်လ်ဘာတိုသည် ဆံပင်ကို အရောင်တလက်လက် ထွက်ပြီး ပြားပိနေအောင် ဖြီးထားသည်။ သူ့မျက်နှာက ဆယ့်နှစ်ရာသီ အမြဲတမ်းပြုံးနေသည်။ သည်ဆိုင်ကို ဂျော်ဒန် ပထမဆုံး စတင်ခြေချသည့်နေ့မှစ၍ အယ်လ်ဘာတိုနှင့် အဖွဲ့ကျပြီး ရင်းနှီးခဲ့ကြသည်။

ဂျော်ဒန်သည် ကောင်တာဆီသို့ တန်းလျှောက်လာသည်။

အယ်လ်ဘာတိုနှင့် ငွေကိုင်စာရေးတို့ စကားပြော ရပ်သွားကာ ဂျော်ဒန်အား အပြုံးဖြင့် ကြိုဆိုလိုက်ကြသည်။

"အယ်လ်ဘာတို၊ ကျုပ်ကို 'ကမ္ပရီ' ပေးစမ်းဗျာ။ ပြီးတော့ ခင်ဗျားနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်"

"ထိုင်ပါ ဆရာ။ ကျွန်တော် လာခဲ့ပါ့မယ်"

ဂျော်ဒန်သည် အခန်းကို ဖြတ်လျှောက်လာခဲ့ပြီးနောက် နောက်ဘက်နံရံနားမှ စားပွဲလွတ်တွင် ဝင်ထိုင်လိုက်သည်။ နံရံတွင် စီပရီယာနီ ဟိုတယ်ပုံတူ ဆီဆေးပန်းချီကားချပ်ကြီးကို ချိတ်ထားသည်။

ကမ္ပရီအရက်ဖန်ခွက်နှင့် အယ်လ်ဘာတို ရောက်လာသည်။ သူက ဖန်ခွက်ကို စားပွဲပေါ်တင်လိုက်သည်။ ပြီးတော့ ... လက်နှစ်ဖက်ကို စားပွဲပေါ် ထောက်ကာ ကိုယ်ကို ရှေ့သို့ကိုင်းလျက် –

"ကိုယ်ရေးကိုယ်တာလား ဆရာ"

"ဟုတ်ပါတယ်"

www.burmeseclassic.com



ဂျော်ဒန်က လေသံဖြင့် ပြောသည်။

"ခင်ဗျား မှတ်မှားမှတ်မိသေးသလား မသိဘူး။ အရင်တစ်လ နှစ်လ လောက်တုန်းက ခင်ဗျားရယ်၊ ကျုပ်ရယ်၊ ပြီးတော့ ... တခြားဧည့်သည်နှစ်ယောက်ရယ်လေ ... အဲဒီအချိန်က တော်တော်ညဉ့်နက်နေပါပြီ။ အဲဒီတုန်းက ကျုပ်တို့ ရောက်တတ်ရာရာ ပြောနေကြရင်း မှောင်ခိုတွေအကြောင်း ခင်ဗျား ပြောတယ် မဟုတ်လား။ မှောင်ခိုတွေက ဗင်းနစ်မြို့ထဲကို ခဏခဏ ခိုးဝင်ခိုးထွက် လုပ်နေကြတဲ့အကြောင်း ခင်ဗျားကပဲ ပြောသေးတယ်လေ။ အဲဒါ ခင်ဗျား တကယ်ပြောတာလား"

"ဟာ ... တကယ်ပြောတာပေါ့ ဆရာ။ ကျွန်တော်က ဆရာတို့ကို အလကား ညာပြောပါ့မလား"

"ဒီတော့ ... မှောင်ခို တစ်ယောက်ယောက်နဲ့များ ခင်ဗျား မသိဘူးလား"

"တစ်ယောက်တော့ သိတယ် ဆရာ၊ မှောင်ခိုဘုရင်ပဲ။ ကျွန်တော်နဲ့ သိပ်ပြီး ရင်းနှီးပါတယ်"

"သူက ဘာပစ္စည်းတွေ မှောင်ခိုလုပ်လို့လဲ"

"နိုင်ငံခြားသွင်းကုန် ပစ္စည်းမျိုးစုံပဲ။ အဲဒီပစ္စည်းတွေကို အခွန်အကောက် မရှိ ဝယ်ယူပြီး ဈေးပေါပေါနဲ့ ပြန်ရောင်းတယ်။ သိပ်ပြီး ပွတဲ့ လုပ်ငန်းပေါ့ ဆရာ"

"သူက အဲဒီပစ္စည်းတွေကို ဘယ်လိုခိုးသွင်းသလဲ"

အယ်လ်ဘာတိုက ပခုံးတွန့်လိုက်သည်။

"ဟာ ... ဒါတော့ ဘယ်သူသိမလဲ ဆရာ။ သူ့မှာလဲ သူ့နည်းတွေတော့ ရှိမှာပေါ့။ သူက ကမ်းခြေရေအိုင်အကြောင်း တစ်လက်မ မကျန် အကုန်သိတာ။ ချောင်ကြိုချောင်ကြား၊ လမ်းကွေ့လမ်းကောက် အားလုံးသိတာ။ ပြီးတော့ သူ့မော်တော်ကလဲ ဒီတစ်ဝိုက်မှာတော့ အမြန်ဆုံး မော်တော်ပဲ။ နောက်တစ်ခုက ဒါကတော့ ကျွန်တော့် အထင်ပြောရတာပါ။ သူက ထမ်းစောင့်ရဲတွေကိုလဲ လာဘ်ထိုးပုံရတယ် ဆရာ"

"ဒီပုဂ္ဂိုလ်နဲ့ ခင်ဗျား အဆက်အသွယ် ရှိသေးသလား"

"ခဏခဏ တွေ့ရပါတယ်။ သူနဲ့ အရက်သောက်ရင် သိပ်ပျော်ရတာပဲ"

"ကျုပ် သူနဲ့တွေ့ချင်တယ်၊ ဖြစ်မလား"

"ဟာ ... ဖြစ်တာပေါ့ ဆရာ။ ဆရာက စာရေးဆရာတစ်ယောက်အနေနဲ့ တွေ့မှာလား။ ဒါမှ မဟုတ် အလုပ်သဘောနဲ့ တွေ့မှာလား"

www.burmeseclassic.com



"ကျုပ်မှာ သူနဲ့တွဲပြီး လုပ်စရာကိစ္စတစ်ခုရှိတယ်။ အဲဒါ ... သူနဲ့ ဆွေးနွေးချင်လို့"

"ဘယ်တော့လဲ"

"ဒီနေ့ပဲ။ မြန်လေ ကောင်းလေပဲ"

အယ်လ်ဘာတိုက ခေါင်းညိတ်လိုက်ပြီး ကိုယ်ကိုမတ်မတ် ရပ်လိုက်သည်။

"အခုပဲ ကျွန်တော် ဖုန်းလုပ်လိုက်ပါမယ်။ သူ ရှိမရှိ ချက်ချင်း သိရမှာပါ"

အယ်လ်ဘာတိုသည် ကောင်တာနောက်သို့ ပြန်လျှောက်သွား သည်။ ပြီးတော့ တယ်လီဖုန်းကို ကောက်ကိုင်ကာ နံပါတ်လှည့်သည်။ ဂျော်ဒန် က ကမ္ဘရီကို သောက်ရင်းစောင့်နေသည်။

ခဏကြာတော့ အယ်လ်ဘာတိုက တယ်လီဖုန်းကို ပြန်ချလိုက် သည်။ ဂျော်ဒန်ဆီသို့ ပြန်လျှောက်လာသည်။ သူ့မျက်နှာ ပြုံးရွှင်နေသည်။

"ကျွန်တော် သူနဲ့ ချိန်းလိုက်ပြီးပြီ ဆရာ၊ ဒီနေ့ညနေ သုံးနာရီမှာ သူ့ကို သွားတွေ့ရုံပဲ"

"သူ့နာမည်က ဘယ်သူလဲ"

"ရိုကို၊ ရိုကိုပဲ ခေါ်ကြတာပဲ။ ချိန်းပြီးမသွားဘဲတော့ မနေပါနဲ့ ဆရာ။ ဒီလူက လူကြမ်းကြီး၊ ဒါပေမယ့် ... အင်မတန် မှန်ကန်တယ်။ ပုဂ္ဂိုလ် ရေးအရ ဆက်ဆံရာမှာ အလွန်ရိုးသားတယ်။ စိတ်သဘောကောင်းတဲ့ ပင်လယ်ဓားပြ တစ်ယောက်ပဲ ဆိုပါတော့။ ဒေါင်ကလည်း အင်မတန် ကောင်း တယ်။ အကြောက်ကလည်း တစ်ရွေးသားမှ မရှိဘူး။ ဒါပေမယ့် ကတိတော့ အင်မတန် တည်တဲ့လူ၊ သူနဲ့ဆက်ဆံရင် ဖြောင့်ဖြောင့်သာ ဆက်ဆံပါ။ ယုံယုံ ကြည်ကြည် ဆက်ဆံပါ"

"ကျုပ်က အဲဒီ ရိုကိုကို ဘယ်မှာ သွားတွေ့ရမှာလဲ"

"အို ... ဟုတ်သားပဲ၊ 'မှောင်ခိုစခန်း' လို့ ခေါ်တဲ့နေရာတစ်နေရာပဲ။ အဲဒါက ဘီယံနယ်ရပ်ကွက် အလွန်က တူးမြောင်းတစ်နေရာမှာ။ မှောင်ခိုတွေ အားလုံး ဒီနေရာမှာပဲ စခန်းချပြီး အလုပ်လုပ်ကြတာပဲ"

"ဘယ်နေရာမှာ တွေ့မယ်ဆိုတာ သေသေချာချာ ချိန်းခဲ့သလား"

"ချိန်းခဲ့ပါတယ်။ သူက ... ရီယိုစိန့်အယ်လီနာ တံတားပေါ်က စောင့်နေလိမ့်မယ်။ ပန်းခြံနောက်နားကလေးတွင်ပါ။ ဆရာက ဗီယာလေဇစ်တို ရီယိုဗင်နီတိုကို သမ္ဘန်စီးသွားလို့လဲ ဖြစ်တယ်။ ဒါမှမဟုတ် ... အဲဒီကို တောက် လျှောက် ခြေကျင်လျှောက်သွားလို့လဲ ရတယ်။ ဆရာ သူ့ကို မြင်မြင်ချင်း



BURMESE CLASSIC .com

www.burmeseclassic.com



မှတ်မိမှာပါ။ သူက နည်းတဲ့လူကြီး မဟုတ်ဘူး၊ သံကိုးမောင်းပဲ။ မေးစေ့မှာ အမာရွတ်နဲ့ ... ဆရာ မလွဲနိုင်ပါဘူး”

*

ဂျော်ဒန်သည် ဟယ်ရီဘားဆိုင်တွင် အယ်လ်ဘာတိုနှင့် စကားပြော ခဲ့ပြီးနောက် ဒင်နီယယ်ဟိုတယ်ရှိ သူ့အခန်းသို့ လာခဲ့သည်။ အယ်လီဆင်သည် ဝတ်စုံအပြည့် ဝတ်ကာ ခုတင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိ သည်။ အင်း ... ဒါမဆိုးဘူးဟု ဂျော်ဒန်က တွေးလိုက်မိသည်။ ထို့နောက် တယ်လီဖုန်း အော်ပရေတာအား တယ်လီဖုန်းမြည်သံပေး၍ သူ့ကို အိပ်ရာမှ နိုးရန် ပြောလိုက်ပြီးနောက် ခုတင်ပေါ် ခြေပစ်လက်ပစ်လှဲချလိုက်သည်။

မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် အိပ်ရာမှ နိုးလာသည်။

၂ နာရီ မိနစ် ၂၀ တွင် ဟိုတယ်မှ ထွက်ကာ လမ်းမပေါ်ရောက်နေပြီ။

သူသည် ကမ်းခြေ ရေအိုင်လေး လမ်းတစ်လျှောက် သုတ်ခြေတင် ခဲ့သည်။

မိနစ် ၂၀ ခန့် လျှောက်လာခဲ့ပြီးသောအခါ တူးမြောင်းဖြတ်တံတား ခြောက်ခု တိတိကို ကျော်ဖြတ်ပြီးနောက် ‘ဆုကြီးပန်’ သင်္ဘောကြီးတည့်တည့် ကမ်းနားတစ်နေရာသို့ ရောက်လာခဲ့သည်။ ကုန်းပေါင်ပေါ်တွင် လက်နက် ကိုင်ရဲသားသုံးယောက် ရပ်နေသည်ကို မြင်ရသည်။ သင်္ဘောကြီး၏ အပေါ်နှင့် အောက် ကုန်းပတ်နှစ်ခုစလုံးပေါ်တွင် ခရီးသည်တွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြ သည်။

သူသည် ကမ်းနားတွင် ရပ်ကာ ရစ်သီရစ်သီ လုပ်မနေတော့ဘဲ ဆက်လျှောက်လာခဲ့သည်။

ကွန်ကရစ်တံတားရှည်ကြီးတစ်ခုပေါ်သို့ တက်လာခဲ့သည်။ တစ် နေရာတွင် ရပ်ပြီး မျက်လုံးစကြာဖြန့်ကြည့်လိုက်သည်။ လက်ဝဲဘက်တွင် တစ် ကွင်းလုံးစိမ်းနေသော ပန်းခြံကို မြင်ရသည်။ လက်ယာဘက်တွင်မူ ရေထဲမှ ပေါ်ထွက်လာသော ရုပ်တုကြီးတစ်ခုကို မြင်ရသည်။ ဤရုပ်တုမှာ ပထမကမ္ဘာ စစ် အတွင်းက ကျဆုံးသွားခဲ့သော စစ်သည်တော်များအတွက် ဂုဏ်ပြုအထိမ်း အမှတ်ဖြစ်ကြောင်း အယ်လ်ဘာတို ပြောပြ၍ သိခဲ့ရသည်။

သူသည် တံတားကြီးပေါ်မှ အပြေးကလေးဆင်းပြီး လူသူပိုများ သော ပန်းခြံတစ်နေရာသို့ ဦးတည်လာခဲ့သည်။ ပန်းခြံထဲတွင် သစ်ပင်များ ကျိုးတိုးကျဲတဲ ပေါက်နေကြသည်။ တစ်နေရာတွင် ပတ်လည်စကိတ်ကွင်း တစ်ခုပေါ်၌ ကလေးတွေ ပြေးလွှားအော်ဟစ်ရင်း စကိတ်စီးနေကြသည်။ သူ သည် အီတာလျံဂီတစာဆိုကြီး ဂျူးဆက်ဗီဗာဒီနှင့် ဂျာမန် ဂီတစာဆိုကြီး



BURMESE CLASSIC .com

www.burmeseclassic.com



ရစ်ချတ်ဝဂ္ဂ နားတို့၏ ကိုယ်တစ်ပိုင်းရုပ်တုကြီးများ ရှေ့မှဖြတ်ကာ ပန်းခြံထဲသို့ ဝင်လာခဲ့သည်။

ပန်းခြံအဆုံးသို့ ရောက်သောအခါ တူးမြောင်းကလေးတစ်ခုကို တွေ့ရသည်။ ဤနေရာကား ရီယိုစိန့်အယ်လီနာပင် ဖြစ်သည်။ သူ၏ခရီးပန်းတိုင်ပင် ဖြစ်သည်။ ကျောက်တံတားကို လှမ်းမြင်လိုက်သည်။ ဆိုဒါပုလင်းသေတ္တာများ တင်လာသော လှေတစ်စင်းက တံတားအောက်မှ ဖြတ်သွားသည်။

အပေါ်ဘက်သို့ မျက်လုံးပင့်ကြည့်လိုက်သည်။

တံတားလက်ရန်းတန်းကိုမှီရင်း ရေအောက်သို့ စိုက်ကြည့်နေသော လူထွားကြီးတစ်ယောက်။

သူ့အနီးသို့ ဂျော်ဒန်ရောက်လာတော့ ထိုသူက နောက်ပြန်လှည့်ကြည့်သည်။ သူ့မျက်နှာမှာ လက်ဝှေ့သမားတစ်ယောက်၏ မျက်နှာလို ထူအမ်းအမ်းနှင့် ပြန့်ကျယ်ပြားချပ်နေသည်။ မေးစေ့မှ အမာရွတ်ကလည်း အရှည်ကြီး။ အပေါ်နှုတ်ခမ်း လန်နေပြီး ရွှေသွားကြီးနှစ်ချောင်းက ဝင်းလက်နေသည်။

“ရီကိုလား”

“ဟုတ်တယ်။ ဂျော်ဒန်ဆိုတာ ခင်ဗျားလား”

“အယ်လ်ဘာတိုနဲ့ မိတ်ဆွေပါ”

“ကျုပ်လဲ သူ့မိတ်ဆွေပါပဲ။ ဒီလိုဆို ... ကျုပ်တို့ တစ်ယောက်ကို တစ်ယောက် ယုံကြည်နိုင်တာပေါ့”

ဂျော်ဒန်က ဘာစကားပြောရမှန်းမသိ ဖြစ်နေသည်။ ပြောမယ့်ပြောတော့လည်း သူ့စကားသူ နားမဝင်အောင်ဖြစ်မိသည်။

“ခင်ဗျား ... ခင်ဗျား ... မှောင်ခိုလုပ်ငန်းလုပ်နေတယ်။ ဗင်းနစ်မြို့ပြင်ထွက်ပြီး လုပ်နေတယ်လို့ ကျွန်တော် သိရတယ်”

“အဲဒါ ကျုပ်အလုပ်ပဲ။ လွန်ခဲ့တဲ့ အပတ်ကတော့ ဘာမှ မလုပ်ဖြစ်ဘူး။ ကျုပ်က ကင်းကိုတော့ ကျော်နိုင်ပါတယ်။ ဒါပေသိ ... တော်တော်အန္တရာယ်များတယ်။ ကင်းလှည့်မော်တော်တွေက မနည်းဘူး။ သူတို့က အငြိမ်ကို မနေကြဘူး။ ဒါပေသိ ... အလုပ်ကောင်းမယ်ဆိုရင်တော့ ကျုပ်က တာဝန်ယူရဲပါတယ်။ ခင်ဗျားက ဗင်းနစ်မြို့ထဲ ဘာပစ္စည်း သွင်းချင်လို့လဲ။ ဒါမှမဟုတ် ... မြို့ပြင်ထုတ်ချင်တာလား”

“မြို့ပြင်ပါ”

“ဘာပစ္စည်းတုန်း”

“လူနှစ်ယောက်။ ကျွန်တော့်မိတ်ဆွေတွေပါ။ သူတို့က မနက်ဖြန်ဒီကထွက်မှ ဖြစ်မယ်။ သူတို့ ...”

www.burmeseclassic.com



ရိုကိုက လက်ဝါးကာပြလိုက်ပြီး –

"ထား ... ထား။ ကျုပ်က အကြောင်းပြတာ စိတ်ဝင်စားတဲ့ကောင် မဟုတ်ဘူး။ သူတို့ကို ဘယ်ကိုသွားပို့ရမလဲ"

"ပင်လယ်ထဲက သင်္ဘောတစ်စီးဆီကို၊ ဂရိသင်္ဘော 'ဆုကြီးပန်' ပင်လယ်ထဲမှာ ရပ်ပြီးပြင်နေတယ်"

"ကျုပ်သိပါတယ်"

"မနက်ဖြန် ၁၀ နာရီမှာ ပြန်ထွက်မယ်။ ပင်လယ်ရေပြင်ပိုင်နက် လွန်သွားတဲ့အချိန်မှာ သင်္ဘောဆီ အရောက်သွားရမယ်။ ပိုင်နက်ကျော်ဖို့ အတွက် တစ်နာရီ ခုတ်မောင်းရမယ်လို့ ပြောတယ်။ ပြီးတော့ ... ဒီသင်္ဘောကို လီဒိုကျွန်းက ကြည့်ရင် မြင်ရတယ်လို့လဲ သိရတယ်။ အဲဒါ ဟုတ်သလား"

"ဟုတ်ပါတယ်၊ ရေပြင်ပိုင်နက်က ၁၂ မိုင်မှာ စတယ်"

"သင်္ဘောက ဘဏ္ဍာစိုးနဲ့တွေ့ပြီး အစီအစဉ်တွေ လုပ်ထားပြီးပြီ။ သူတို့က ခင်ဗျားလာပို့မယ့် ခရီးသည်တွေကို အဆင်သင့်စောင့်နေကြပြီး သင်္ဘောပေါ် တက်ခွင့်ပြုကြပါလိမ့်မယ်။ အရေးကြီးတာက ကင်းကို ခင်ဗျား ကျော်နိုင်ပ့ါမလား"

ရိုကိုက တံတားအောက် ရေပြင်ကိုကြည့်ရင်း စဉ်းစားနေသည်။ ခဏကြာတော့မှ ဆတ်ခနဲ ခေါင်းလှည့်လိုက်ပြီး .... "နေ့ပိုင်းဆိုရင် ပိုပြီး မလွယ်ဘူး။ ကျုပ်တို့က ညပိုင်းပဲ လုပ်ကြတာ။ ဒါပေသိ ... ဖြစ်နိုင်ပါတယ်၊ ဖြစ်မှာပါ"

"ဘယ်လိုဖြစ်နိုင်မှာလဲ"

"ကျုပ်တို့က ကမ်းခြေကိုမြောင်ပြီး လီဒိုရေလက်ကြားကို မောင်းသွားမယ်။ ကမ်းခြေရေအိုင် လွန်တော့ ကြောက်စရာ မလိုတော့ဘူး။ ဒါ ... သွားရိုး သွားစဉ်ပဲ။ အဲဒီမှာ ကင်းလှည့်ရဲမော်တော်နဲ့တိုးမယ်။ သူတို့က ကျုပ်ဆီက ပါမစ်တောင်းကြည့်ဖို့ ကပ်လာတဲ့အချိန်မှာ ကျုပ်က သူတို့ကို လျှပ်တစ်ပြက် လန့်သွားအောင်လုပ်ပြီး ရေလက်ကြားဘက်ကို စက်ကုန်ဖွင့်ပြီး မောင်းပြေးမယ်။ ရဲမော်တော်တွေက ကျုပ်မော်တော်ကို ချေးတစ်ပိုင်းတောင် မမီပါဘူး။ ကျုပ်မော်တော်က ဗင်းနစ်တစ်မြို့လုံးမှာ အမြန်ဆုံး မော်တော်ပဲ။ ကျုပ်က သူတို့ကို လွယ်လွယ်ကလေးနဲ့ မျက်ခြည်ဖြတ်ပစ်လို့ ရပါတယ်။ အဲ ... တစ်ချက်တော့ ပြဿနာတွေ့နိုင်တယ်"

ဂျော်ဒန်က ရိုကို၏စကားကို စောင့်နေသည်။ နောက်ဆုံး သူက မေးလိုက်သည်။

"အဲဒါက ဘာပြဿနာလဲဗျ"

"ရဲအဖွဲ့မှာ မော်တော်ကြီးကြီး တစ်စင်းရှိတယ်။ အဲဒီမော်တော်က

www.burmeseclassic.com



ကျုပ်မော်တော်ထက်မြန်တယ်။ အဲဒီအကောင်ကို ကျုပ်မယုဉ်နိုင်ဘူး။ အဲဒီတော့ ဒီကိစ္စကို ရဲအဖွဲ့က ကြိုတင်မသိမှ ဖြစ်မယ်"

"သိနိုင်ဖို့ အကြောင်းမရှိပါဘူး"

"အဲဒီလိုဆိုရင်တော့ ကျုပ်လုပ်လို့ ဖြစ်တယ်။ ကျုပ်ကို သူတို့ မတားနိုင်ပါဘူး။ ကျုပ်က ခင်ဗျား မိတ်ဆွေတွေကို အေဒရီယာတစ် ပင်လယ်ထဲက သင်္ဘောပေါ်ရောက်အောင် ခေါ်သွားနိုင်ပါတယ်"

"အဲဒါ အကောင်းဆုံးပဲ ဖြစ်မှာပါ' သူက စိတ်အားတက်ကြွစွာ ပြောလိုက်သည်။ သို့သော် တစ်ခုကိုတော့ ကောင်းကောင်းစိတ်မချသေး။ "ဒါနဲ့ တစ်ခုမေးပါရစေဦး။ သိရုံသက်သက်ပါ။ ရဲတွေက ခင်ဗျားကို မှတ်မိသွားရင် ဘယ်လိုလုပ်မလဲ။ ခင်ဗျား ဗင်းနစ်ကို ပြန်လာလို့မရဘဲ ဖြစ်နေတော့မှာပေါ့"

ရိုကိုက ပြုံးလိုက်သည်။ ရွှေသွားကြီးတွေ ဝင်းခနဲ လက်သွားသည်။

"ကျုပ်ကို သူတို့ မမှတ်မိပါဘူး။ ကျုပ်က ရုပ်ဖျက်ထားမှာပဲဟာ။ နှာခေါင်းတု၊ မုတ်ဆိတ်တု၊ နှုတ်ခမ်းမွေး အတုတွေ တပ်ထားမှာပေါ့။ ကျုပ်က ကျုပ်ကုန်ကို သင်္ဘောတင်ပြီးတော့ တောင်ဘက်လှည့်ပြီး ချီယိုဂီယာကို သွားမယ်။ အရေးပေါ် ပြန်ဖွင့်တဲ့အထိ အဲဒီမှာပဲ အပန်းဖြေ အနားယူနေမယ်။ ပြီးတော့ တခြားပုံစံသစ် မော်တော်တစ်စီးနဲ့ လဲပြီး ဗင်းနစ်မြို့ကို ပြန်လာမယ်"

"နိပ်ပါ့ဗျာ" ဂျော်ဒန်က ဝမ်းမြောက်ဝမ်းသာ ပြောလိုက်သည်။ "ကိုင်း ... ဒီတော့ လုပ်ငန်းအစီအစဉ်ကို ပြန်သွားကြရအောင်။ ကျွန်တော်တို့ ဘယ်နေရာမှာ ဆုံကြမလဲ။ ဒီအထိလာဖို့တော့ မဖြစ်နိုင်ဘူး"

"ဆုံမယ့်နေရာ ခင်ဗျားပဲပြောပါ"

"ဒင်နီယယ်လီဟိုတယ်ရှေ့က သမ္ဗန်ဆိပ်။ အဲဒီနားကလေး ဘယ့်နှယ်လဲ။ သူတို့ အရိပ်များကျနေမလား"

"အဲဒီအချိန်ဆိုရင်တော့ ကိစ္စမရှိပါဘူး"

"ဘယ်အချိန်လဲ"

"ကျုပ်တို့က သင်္ဘောကိုမီအောင် မနက် ၁၀ နာရီထက် နောက်မကျဘဲ ထွက်ခွာရမှာ မဟုတ်ဘူးလား"

"မနက် ၁၁ နာရီ။ ဒါဆိုရင် သိပ်ပြီး ကမန်းကတန်း ဖြစ်နေမယ်ထင်တယ်"

"မဖြစ်ပါဘူး။ ဒါနဲ့ နောက်တစ်ခု"

"ပြောပါဦး"

"ပိုက်ဆံ"

"ဟုတ်ပြီ။ ကျွန်တော်တို့ ပိုက်ဆံကိစ္စ ပြောကြရအောင်"



BURMESE CLASSIC .com

www.burmeseclassic.com



သူသည် ထိုနေ့တစ်နေ့လုံး အပူတပြင်း ပိုက်ဆံ လိုက်ရှာရသည်။

ဟယ်လီကော်ပတာနှင့် ထွက်ပြေးရန်အတွက် ဒေါ်လာ ၂၀,၀၀၀ ရှာဖွေစုဆောင်းထားခဲ့သည့်အနက် ပိုင်းလော့ကို စရန်အဖြစ် ဒေါ်လာ ၅၀၀၀ ပေးခဲ့ရသဖြင့် ယခု သူ့လက်ထဲတွင် ဒေါ်လာ ၁၅,၀၀၀ သာ ကျန်တော့သည်။ လောလောဆယ် လိုအပ်နေတာက ထိုငွေနှစ်ဆလောက်ရှိသည်။

ထို့ကြောင့် အယ်လီဆင်နှင့် အပူတပြင်း ခေါင်းချင်းဆိုင်တိုင်ပင်ရသည်။ ဒင်နီယယ်လီဟိုတယ်မှ ငွေကိုင်ဆီသွားရသည်။ သူ ငွေအပ်နှံထားသော ဘဏ်တိုက်တွေကို ပြေးရသည်။ ညစားစားချိန်လောက်ကျတော့ ရိုကိုတောင်းသော အရေအတွက်ကို ကံကြီးကံမ အပြည့်အဝ ရရှိနိုင်ခဲ့သည်။

ယခုတော့ သူ့အဖို့ လည်ချောင်းထဲဆို့နေသော အလုံးကြီးကျသွားပြီး မနက်ဖြန်ကိစ္စအတွက် စိတ်ချလက်ချ ဖြစ်ခဲ့ရပြီ။

သူသည် မနက်ဖြန် စွန့်စားမှုကြီးအတွက် ဖြစ်နိုင်ခြေရှိသော အလားအလာများအပေါ် ကြံပြီး ဝမ်းသာအားရစိတ်နှင့် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များအပေါ် စိုးရိမ်စိတ်တို့ဖြင့် မာရီဆာတို့ တိုက်ခန်းသို့ လျှောက်လာခဲ့သည်။

တိုက်ခန်း ခြံဝင်းနားရောက်တော့ တစ်ဖက်လမ်းမှ အုတ်တံတိုင်းနားတွင် အလုပ်သမား တစ်ယောက်ရပ်ပြီး ပိုစတာ ကော်ငြာကပ်နေသည်ကို မြင်လိုက်ရသည်။

သူက ပိုစတာကို တစ်ချက်စောင်းကြည့်လိုက်သည်။ ပြီးတော့ ခပ်လှမ်းလှမ်းသို့ ကပ်သွားပြီး ကြည့်လိုက်ပြန်သည်။

သူသည် ကြက်သေသေပြီး ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

ပိုစတာကို ကြည့်ရသည်မှာ မှန်ကို ကြည့်ရသလိုဖြစ်နေသည်။

ပိုစတာပေါ်တွင် သူ့မျက်နှာကို မြင်လိုက်ရသည်။ တကယ့် သူ့မျက်နှာမှ သူ့မျက်နှာအစစ်။ နိုင်ငံကူး ပတ်စပို့စာအုပ်ထဲမှ ဓာတ်ပုံ၊ ပိုစတာပေါ်မှ သူ့မျက်နှာက သူ့ကို မပြုံးမရယ်ပြန်ကြည့်နေသည်။

ပိုစတာ စာရွက်ထိပ်တွင် အီတာလျံလို ရေးထားသော စာလုံးမည်း ခေါင်းစီးစာတန်းကို ဖတ်ကြည့်ပြီး အလိုအလျောက် အင်္ဂလိပ်လို ဘာသာပြန်ကြည့်လိုက်သည်။

**ဤဓာတ်ပုံရှင် တီမိုသီ ဂျော်ဒန်အား ဖမ်းဆီးနိုင်ရန် သတင်းပေးပို့သူအား ဆုငွေ ဒေါ်လာ ၅၀,၀၀၀ ချီးမြှင့်မည်။**

သူသည် နောက်သို့ သုံးလေးလှမ်း ပြန်ဆုတ်လိုက်သည်။

ယခုအချိန်တွင် ဝရမ်းပြေးက တစ်ယောက်တည်း မဟုတ်တော့။



BURMESE CLASSIC .com

www.burmeseclassic.com



နှစ်ယောက်ဖြစ်သွားပြီ။ သူသည် ပါမောက္ခ မက္ကဒေါနယ်နှင့် ကြံရာပါတစ်ဦး ဖြစ်ကြောင်း ဘယ်သူကများ ရဲကိုသွားတိုင်လိုက်တာပါလိမ့်။ လူတွေ အများကြီးထဲက တစ်ယောက်ယောက်တော့ ဖြစ်မည်။ သို့သော် ... လောလောဆယ် ဆက်စပ်တွေးကြည့်လို့ ရသမျှတော့ သတင်းစာရောင်းသမားကြီး ဂျိုနီလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် မှန်ဆိုင်ပိုင်ရှင် အာမေနီယံလူမျိုး ဆင်းဘတ်နူရီခန်လည်း ဖြစ်နိုင်သည်။

ဘယ်သူလဲဖြစ်ဖြစ် ... အတူတူတော့ အတူတူပင်။

သူက လမ်းပေါ်လျှောက်သွားနေသူများကို မသိမသာ စောင်းကြည့်လိုက်သည်။

သူ့အား ရဲတပ်ဖွဲ့မှ အလိုရှိနေကြောင်း လူတိုင်းသိသွားကြပြီ။ တစ်ကမ္ဘာလုံးက သိသွားကြပြီ။ ထွက်ပေါက် မရှိတော့။

သို့သော် ... အသက်ရှူပေါက် တစ်ပေါက်တော့ ကျန်သေးသည်။ မနက်ဖြန်မနက်တော့ ကျန်သေးသည်။

သူသည် သူ့ကိုယ်သူ ပြန်လည်ထိန်းချုပ်နိုင်လိုက်သည်။

ပြီးတော့ ... ပြစ်မှု ကျူးလွန်ထားသော ရာဇဝတ်ကောင် တစ်ယောက်လို လိပ်ပြာမလုံစွာဖြင့် နောက်ပြန်လှည့်ကာ ခြံဝင်းသံတခါးဂိတ်ဆီသို့ ခိုးကြောင်ခိုးဝှက် လျှောက်လာခဲ့သည်။

တံခါးကို ဖွင့်လိုက်သည်။ ခြံဝင်းထဲ ကမန်းကတန်းဝင်ပြီး တိုက်ခန်းလှေကားဆီသို့ အတင်းစွတ်ပြေးလာခဲ့သည်။ ပြီးတော့ လှေကားထစ်များကို ပြေးတက်လာခဲ့သည်။ အခန်းထဲရောက်တော့ အသက်မရှူနိုင်အောင်ပင် မောဟိုက်နေမိသည်။

သူက မာရီဆာကို လိုက်ရှာသည်၊ မတွေ့။ ပါမောက္ခကြီးကိုသာ တွေ့သည်။ အဘိုးကြီးသည် ဆိုဖာပေါ်ထိုင်ကာ စာဖတ်နေသည်။

"မာရီဆာ ဘယ်သွားသလဲ"

"သူ ခုတွင်ပဲ အပြင် ပြန်ထွက်သွားတယ်။ ဆေးရုံမှာ သူ့အမေကို သွားကြည့်မယ် ပြောတာပဲ"

ဂျော်ဒန်က သက်မချလိုက်ပြီး –

"တော်ပါသေးရဲ့၊ ကျွန်တော် ဆရာကြီးနဲ့ နှစ်ယောက်တည်း ပြောစရာရှိတယ်"

ပါမောက္ခကြီး ဂျော်ဒန်မျက်နှာကို အကဲခတ်သလို ကြည့်နေသည်။ ပြီးတော့မှ –

"ဘာများလဲ ... တင်၊ သတင်းကောင်းလား။ သတင်းဆိုးလား"



BURMESE CLASSIC .com

www.burmeseclassic.com



"ကျွန်တော် တွေးပြီး ကြောက်တော့ ကြောက်မိတယ် … ဆရာကြီး။ ဒါပေမယ့် မပူပါနဲ့။ သတင်းကောင်းပါ။ ဆရာကြီး မနက်ဖြန် … ဒီမြို့က ထွက်ရတော့မယ်။ ကျွန်တော်လဲ ထွက်ရမယ်။ ရဲအဖွဲ့က ကြေငြာချက် ထုတ်လိုက်ပြီ။ ကျွန်တော်တို့ မနက်ဖြန် မနက် ၁၁ နာရီမှာ ဒီနေရာက ထွက်ပြေးကြရတော့မယ်။ အဲဒါ … အတိအကျပဲ။ တစ်မိနစ်မှ နောက်ကျလို့ မရဘူး"

*

နောက်တစ်နေ့ နံနက်။

တိမ်ညိုမိုလ္လာ တိမ်စုကာတွေ ပိတ်ဖုံးလျက် တစ်မိုးလုံးအုံ့မှိုင်းနေ သောနေ့။

ဂျော်ဒန်သည် အိပ်ရာမှ နိုးလာခဲ့သည်။

သူ့ဘဝတွင် အကြီးအကျယ်ဆုံးသော စွန့်စားမှုကြီးတစ်ခုကို ဆောင်ရွက်ရန် နာရီပိုင်းမျှသာ လိုတော့သည်။

သူသည် ၉ နာရီတိတိတွင် အဝတ်အစား လဲပြီးနောက် မာရီဆာနှင့် ပါမောက္ခကြီးတို့ကို တွေ့ရန်းဖြင့် ထပ်ခိုးအိပ်ခန်းမှ အောက်ထပ်ဧည့်ခန်းသို့ ဆင်းလာခဲ့သည်။ မာရီဆာကိုကား မတွေ့ရ။ ပါမောက္ခကြီးတစ်ယောက်တည်းသာ ရှိနေသည်။

"သူ့ကို ဆေးရုံက မိသားစု ဒေါက်တာ ဖုန်းဆက်တယ်။ ဒေါက်တာက မာရီဆာနဲ့ ဘရူနိုတို့ကို ဆေးရုံကို အမြန်ဆုံး လိုက်လာဖို့ ပြောတယ်။ ခုလောက်ဆို သူ အဲဒီရောက်နေရောပေါ့" ဟု ပါမောက္ခကြီးက အကျိုးအကြောင်း ရှင်းပြသည်။

"အင်း … မကောင်းသတင်းမကြားပါရစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ။ ကျွန်တော်တို့ ထွက်မသွားခင် သူ ပြန်လာနိုင်ပါစေလို့ ဆုတောင်းရမှာပဲ။ ကျွန်တော် သူ့ကို နှုတ်ဆက်သွားချင်သေးတယ်" ဂျော်ဒန်က စဉ်းစဉ်းစားစား အမူအရာဖြင့် လေးလေးနက်နက် ပြောလိုက်သည်။

ဘာလိုလိုနှင့် ၁၀ နာရီ ၃၅ မိနစ်တောင် ရှိသွားပြီ။ နောက် ၁၀ မိနစ်ဆိုလျှင် သူတို့အခန်းထဲက ထွက်သွားကြရတော့မည်။ လူသူ အသွားအလာနည်းသော ချောင်ကြိုချောင်ကြား လမ်းသေးလမ်းမွှားကလေးထဲက လျှောက်သွားပြီး ဒင်နီယယ်လီဟိုတယ် အနီးတစ်နေရာတွင် အယ်လီဆင်နှင့် ဆုံကာ ရိုကို၏ မော်တော်ဘုတ်ပေါ်သို့ တက်ကြရတော့မည်။

"ဒါနဲ့ ဆရာကြီး၊ အားလုံး အဆင်သင့်ဖြစ်ပြီလား။ ဘာတွေ ကျန်သေးသလဲ၊ ကြည့်ပါဦး"

"အားလုံး အသင့်ပါပဲ။ ဘာမှ မကျန်တော့ပါဘူး"



BURMESE CLASSIC .com

www.burmeseclassic.com



“ဆေးနည်း အရေးကြီးတယ်နော်။ မေ့လဲ မေ့ကျန်နေရစ်ပါဦးမယ်”

“စိတ်ချပါ။ စာရွက်တစ်ရွက်ထဲမှာ ကျုပ်အပြည့်အစုံ ရေးထားပြီးပါပြီ’ သူက အပေါ်အင်္ကျီကို လက်နှင့်ပုတ်ပြရင်း .... “ဒီမှာ အိတ်ထဲမှာ”

ထိုအခိုက် ရှေ့ခန်းတံခါးမှ သော့ဖွင့်သံ ကြားလိုက်ရသည်။ တံခါးပွင့်သွားသံ ထပ်ကြားရသည်။ တံခါးပြန်ပိတ်သံ ကြားရသည်။ ပြီးတော့ ခန်းခွဲလမ်းကြားစင်္ကြံမှ ခြေသံကြားရသည်။

ဧည့်ခန်းထဲသို့ မာရီဆာ ဝင်လာသည်။

ဂျော်ဒန်က ခပ်မြန်မြန်ကလေး ပြောလိုက်သည်။

“မင်းပြန်လာတာ ငါ ဝမ်းသာလိုက်တာ။ ငါက လာမှလာနိုင်ပါ့မလားလို့ တွေးပြီး ပူနေတာ။ တို့က ခဏကြာရင်သွားကြရတော့မယ်။ ငါ့ကိုပါရဲက ဝရမ်းထုတ်ထားပြီးပြီ။ မြို့ထဲက ဖြစ်တဲ့နည်းနဲ့ အမြန်ဆုံး ထွက်သွားနိုင်မယ့် ထွက်ပေါက်တစ်ခုလဲ တွေ့ထားပြီးပြီ။ အဲဒါ ... ငါ ...”

သူပြောနေတာတွေကို မာရီဆာ စိတ်မဝင်စားကြောင်း ဂျော်ဒန်က ချက်ချင်း သိလိုက်သည်။ သူမက စက်ရုပ်တစ်ရုပ်လို သူ့ရှေ့မှ ဖြတ်သွားပြီး ပါမောက္ခကြီးမျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ဂျော်ဒန်က သူမအနားသို့ ကပ်သွားသည်။ သူမမျက်လုံးတွေ မှိုအစ်နေပြီး မျက်ရည်တွေ ဝိုင်းနေသည်ကို မြင်ရသည်။ သူမ ငိုခဲ့ကြောင်း သိသာသည်။

ဂျော်ဒန်က သူမ၏ပခုံးကို ဆုပ်ကိုင်ကာ မျက်နှာကို သူ့ဘက်သို့ လှည့်လိုက်သည်။

“မာရီဆာ ဘာဖြစ်လို့လဲ ဟင်၊ မင်းအမေ ဘာဖြစ်လို့လဲ။ ပြောစမ်းပါဦး’

“မေမေ့မှာ အစာအိမ်ကင်ဆာ ဖြစ်နေတယ်။ ရောဂါကျွမ်းနေပြီ။ မကြာခင် သေတော့မယ်။ ဒေါက်တာ စကာပါက ဘရူနိုနဲ့ ကျွန်မကိုခေါ်ပြီး ပြောပြတယ်။ မေမေ ဒီတောင်က မကျော်နိုင်တော့ပါဘူး။ မေမေ သေရတော့မယ်”

“အို ... ဘုရားရေ ... ငါ စိတ်မကောင်းလိုက်တာ မာရီဆာ” သူက မာရီဆာအား ကြင်နာစွာ ဖက်လိုက်ပြီး .... “ဟုတ်တယ် ... မာရီဆာ။ ငါ မင်းကို ကိုယ်ချင်းစာမိပါတယ်။ ငါ ဘယ်လောက်အထိ ဝမ်းနည်းမိတယ်ဆိုတာ ပြောပြဖို့တောင် မတတ်နိုင်တော့ပါဘူး”

သူမက သူ့လက်ကို ဖယ်လိုက်ရင်း –

“ရှင်တို့ တကယ်သွားကြတော့မှာပေါ့”

“ဟုတ်တယ်။ မိနစ်ပိုင်းအတွင်း သွားကြတော့မယ်”



BURMESE CLASSIC .com

www.burmeseclassic.com



"ရှင်တို့ မသွားရဘူး။ ဒေါက်တာစကာပါက ကျွန်မကို အားလုံးပြောပြထားပြီးပြီ။ သူက ကျွန်မကို ပြောတယ်။ မေမေဟာ မလွဲမသွေ သေရတော့မှာတဲ့။ ဒါပေမယ့် မျှော်လင့်ချက်တစ်ခုတော့ ရှိတယ်တဲ့။ သူက ရှင့်ကိုရော ကျွန်မကိုပါ ကောင်းကောင်းသိတယ်လို့ ပြောတယ်။ ပြီးတော့ ကျွန်မက ရှင်နဲ့ သိပ်ပြီးရင်းနှီးတဲ့အတွက် ကျွန်မကို ရှင့်အနေနဲ့ ကူညီနိုင်ကောင်းပါရဲ့လို့လဲ သူက ပြောတယ်။ ပြီးတော့ သူက ရှင်နဲ့ ပါမောက္ခမက္ကဒေါ်နယ်တို့ကိုလဲ အကူအညီပေးခဲ့ဖူးတယ်လို့ ပြောသေးတယ်။ ပါမောက္ခမက္ကဒေါ်နယ် ... ဟုတ်ပါတယ်။ ကျွန်မ အခု သူ့နာမည်ကို သိပြီ။ ဒေါက်တာ စကာပါက ပါမောက္ခမက္ကဒေါ်နယ်ရဲ့ ရှာဖွေတွေ့ရှိချက်အကြောင်းကိုလဲ ကျွန်မကို အားလုံးပြောပြတယ်။ ဆရာကြီးရဲ့ တွေ့ရှိချက်ဟာ အမှန်တကယ် ဖြစ်ခဲ့လို့ရှိရင် အဲဒီဆေးနဲ့ မေမေ့အသက်ကို ကယ်နိုင်တယ်တဲ့။ 'တီမိုသီကို အမြန်ဆုံး သွားတွေ့ပါ။ သူက ပါမောက္ခကြီးကို ပြောပေးရင် မင်းအမေမသေနိုင်သေးဘူး' ဆိုပြီး သူက ကျွန်မကို ပြောတယ်။ အဲဒါ အခု ရှင့်ကို ကျွန်မ တောင်းပန်ပါတယ် ... တင်။ ရှင့် ကျေးဇူးကိုလဲ ကျွန်မ တစ်သက်မမေ့ပါဘူး။ ကျွန်မ မေမေ မသေနိုင်အောင် ကျေးဇူးပြုပြီး ကုပေးပါလို့ ဆရာကြီးကို ပြောပေးပါနော် တင်"

"မာရီဆာ ... ငါ့ကို ယုံပါ။ မင်းအမေကို ငါ တကယ်ကူညီချင်တာ အမှန်ပါ။ ငါ့အဖေ အခုထိ အသက်ရှင်နေသေးရင် သူ့ကိုလဲ ငါ ကူညီချင်ပါတယ်။ ဒါပေမယ့် အခု ငါတို့ရင်ဆိုင်နေရတဲ့ အခြေအနေအရဆိုရင် တို့ရဲ့သက်စွန့်ဆံဖျားစီမံကိန်းကြီးကို လုံးဝမစွန့်လွှတ်နိုင်ဘူး။ လူ့အသက်ကိုသာ စွန့်လွှတ်ရမလို ကြုံနေရပြီ။ မင်းအမေကို ကူညီဖို့အတွက် ဒီမှာ ဆက်နေရမယ်ဆိုရင် အချိန်တွေ အများကြီး ကြာသွားလိမ့်မယ်" သူက ဘယ်လိုမှ မလုပ်တတ်တော့ဟန်ဖြင့် ပါမောက္ခကြီးအား လှည့်ကြည့်ပြီး အကူအညီ တောင်းလိုက်သည်။

"အနည်းဆုံး တစ်ပတ်တော့ကြာမယ်" ပါမောက္ခကြီးက ပြောသည်။ "ပြီးတော့ ပစ္စည်းကိရိယာတွေလည်း လိုသေးတယ်"

"လိုတာတွေအားလုံး ကျွန်မ ရှာပေးမယ်"

"ရှာတာတွေမရခင် ကျုပ်ကို ရဲက ဆွဲသွားလိမ့်မယ်။ သူတို့က ကျုပ်ကို ရုရှကိုပြန်ပို့မယ်။ အဲဒီလိုဆိုရင် ကျုပ်က မင်းအမေအတွက်လဲ ဘာမှ လုပ်မပေးနိုင်တော့ဘူး။ အခြား ဘယ်သူအတွက်မှလဲ ဘာမှ လုပ်မပေးနိုင်တော့ဘူး။ ဒါပေမယ့် အခုနည်းနဲ့ ကျုပ် လွတ်မြောက်သွားခဲ့ရင်တော့ ကျုပ်ဆေးကို မင်းဆီအချိန်မီရောက်အောင် ပို့ပေးနိုင်မယ်"

"အချိန်မရှိတော့ဘူး ... ဆရာကြီး။ ဆရာကြီး ... အခု ချက်ချင်း ကူညီရမယ်" မာရီဆာက အော်ပြောလိုက်သည်။

www.burmeseclassic.com



ဤတွင် ဂျော်ဒန်က ဝင်ပြီး မာရီဆာကို ဖျောင်းဖျသည်။

"ခဏနေပါဦး ... မာရီဆာ၊ ငါ ပြောပြပါဦးမယ်။ ဒီနေရာက ဆရာကြီး လွတ်မြောက်နိုင်ဖို့အတွက် နည်းလမ်းအမျိုးမျိုးနဲ့ တို့ ကြိုးစားခဲ့ရတယ်။ ဒါပေမယ့် ... ဘာတစ်ခုမှ အကောင်အထည် မပေါ်ခဲ့ဘူး။ အခု တို့လုပ်မယ့် အလုပ်ဟာ တို့အတွက် နောက်ဆုံး အခွင့်အရေးပဲ။ ဒီအခွင့်အရေးမျိုးကို နောင်ဘယ်တော့မှ မရနိုင်တော့ဘူး။ အခု လောလောဆယ် ဂရိသင်္ဘောတစ်စင်း ထွက်မလို့ လုပ်နေတယ်။ အဲဒီသင်္ဘောက တို့ကို စောင့်နေတယ်။ တို့က အထူး မော်တော်ဘုတ်တစ်စင်းနဲ့ မြို့ထဲက ထွက်ပြေးပြီး သင်္ဘောဆီသွားဖို့ အကုန်လုံး စီစဉ်ထားပြီးပြီ။ အဲဒါဆိုရင် ဆရာကြီးအနေနဲ့ တစ်ခါတည်း ကျွတ်ပြီ လွတ်ပြီ။ သူ့ရဲ့ ဆေးနည်းကိုလဲ တစ်ကမ္ဘာလုံးက ပိုင်ပြီ။ မင်းအမေ အသက်ကိုလဲ ကယ်နိုင်ပြီ။ အဲဒါကြောင့် ဒီအလုပ်ကို တို့အနေနဲ့ လုပ်ကို လုပ်ရမယ် မာရီဆာ။ မင်း မတားပါနဲ့။ ငါ တောင်းပန်ပါတယ်"

"ဟင့်အင်း ... ဟင့်အင်း၊ မရဘူး ... မရဘူး။ ရှင် ကျွန်မ မေမေ့ အသက်ကို အရင်ကယ်ရမယ် ... ကယ်ကို ကယ်ရမယ်။ ဒါဟာ ရှင့်အနေနဲ့ ကျွန်မအပေါ်မှာ မလုပ်မဖြစ်တဲ့ တာဝန်ပဲ။ ရှင်နဲ့ ကျွန်မဟာ မိတ်ဆွေရင်းတွေပါ ... တင်။ အခုမှ တွေ့ကြတဲ့ လူတွေ မဟုတ်ပါဘူး။ အကြာကြီး ပေါင်းလာခဲ့တဲ့ မိတ်ဆွေရင်းတွေပါ။ ရှင့်ကို ကျွန်မ အများကြီး ကူညီခဲ့ဖူးပါတယ်။ ရှင်က ဒီတစ်ခုတော့ ကျွန်မကို ဖြစ်အောင် ကူညီပါ။ ရှင့်ဆီမှာ ကျွန်မ ဘာအကူအညီမှ မတောင်းခဲ့ဖူးပါဘူး။ အခု ဒီအကူအညီကိုတော့ တောင်းပါရစေ။ ကျေးဇူးပြုပြီး ကျွန်မကို ကူညီပါ ... တင်"

ဂျော်ဒန်မှာ အခိုက်အတန့်အားဖြင့် အကြီးအကျယ် စိတ်မကောင်း ဖြစ်သွားမိသည်။ သူက သူ့စိတ်သူ ထိန်းလိုက်ပြီး –

"မဖြစ်နိုင်လို့ပါ မာရီဆာရယ်။ ဖြစ်နိုင်ရင် ငါ ကူညီပါတယ်။ အခုတော့ ..."

"ဒီလိုဆိုရင် ရှင်တကယ်မကူညီနိုင်တော့ဘူးပေါ့"

"မဖြစ်ကို မဖြစ်နိုင်လို့ပါ မာရီဆာ"

"ကောင်းပြီ ... ဒီလိုဆိုလဲ ပြီးရောပေါ့"

သူမသည် စားပွဲဆီသို့ ကမန်းကတန်း လျှောက်သွားပြီး အံဆွဲကို တအားဆွဲဖွင့်လိုက်သည်။ ထို့နောက် "ဒီလိုဆိုလဲ ပြီးရောပေါ့" ဟု ထပ်ပြောလိုက်ပြီး ဂျော်ဒန်အနီးသို့ ပြန်လျှောက်လာသည်။ "ကဲ ... ရှင်မလုပ်ချင်ရင် လုပ် ချင်အောင် လုပ်ရတော့မှာပေါ့။ လုပ်မလား မလုပ်ဘူးလား၊ တစ်ခွန်းပဲ ပြော"



BURMESE CLASSIC .com

www.burmeseclassic.com



သူမ၏ ညာဘက်လက်ထဲတွင် အီတလီလုပ် ဘရက်တာခြောက်လုံးပြူးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ဂျော်ဒန်၏ ရင်ဝကို ချိန်ထားလိုက်သည်။

"ရှင်တို့ ဒီနေရာက ဘယ်မှမသွားရဘူး" သူမက ဒေါသနှင့် တအားအော်ပြောလိုက်သည်။

"မမိုက်စမ်းပါနဲ့ ... မာရီဆာရယ်"

သူက သူမအနားသို့ ဖြည်းဖြည်းချင်း တိုးကပ်သွားသည်။

သူမ၏ လက်ထဲမှ သေနတ်ပြောင်းသည် လှုပ်ခါနေသည်။

သူက အလစ်ကိုချောင်းကာ သူမ၏လက်ကို ဆတ်ခနဲ ဖမ်းကိုင်လိုက်သည်။ ပြီးတော့ သေနတ်ကို လက်ထဲမှ ဖြုတ်ယူပြီး သူ့ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ မာရီဆာမှာ မျက်ရည်တွေ သွန်ကျလာသည်။ မျက်နှာကို လက်ဝါးအုပ်လျက် ရှိုက်ကြီးတငင်ငိုနေသည်။

ဂျော်ဒန်က သူမကို တွေတွေကြီးစိုက်ကြည့်နေသည်။ သူ့ရင်ထဲတွင် ဆို့တက်လာသလို ခံစားရသည်။ သူမအတွက် သူတော်တော် စိတ်မကောင်းဖြစ်သွားသည်။ ထို့နောက် သူက သူမအနားသို့ကပ်သွားပြီး နမ်းမည် ပြုလိုက်လိုက်သည်။ သူမက အနမ်းမခံ၊ တွန်းပစ်လိုက်သည်။ ပြီးတော့ ရှိုက်၍ရှိုက်၍ ငိုနေပြန်သည်။

"တို့ သွားရတော့မယ် ... မာရီဆာ၊ ငါ တကယ် စိတ်မကောင်းပါဘူးကွယ်" ဂျော်ဒန်က လေသံအေးအေးနှင့် ပြောသည်။

ထို့နောက် သူက ပါမောက္ခကြီးအား မျက်ရိပ်ပြလိုက်ပြီး တံခါးဆီသို့ လျှောက်ထွက်လာခဲ့သည်။

နောက်ဘက်ဆီမှ မာရီဆာ၏အသံကို ကြားလိုက်ရသည်။

"ကျွန်မလဲ စိတ်မကောင်းပါဘူးရှင်"

သူမ၏အသံတွင် ထူးခြားချက်တစ်ခု သိသိသာသာ ပါဝင်နေသည်ဟု ဂျော်ဒန်က သတိပြုလိုက်မိသည်။

ယင်းထူးခြားချက်သည် အချစ်မှ အမုန်းသို့ ပြောင်းလဲသွားခြင်း၏ လက္ခဏာဖြစ်ကြောင်း နောင်အခါကျမှ ဂျော်ဒန်သိရတော့သည်။

*

နံနက် ၁၁ နာရီ၊ ၅ မိနစ်။

အယ်လီဆင်၊ ပါမောက္ခမက္ကဒေါနယ်နှင့် ဂျော်ဒန်တို့သည် 'မှောင်ခိုဘုရင်' ရိုကို၏ စက်အားကောင်းလှသော သစ်ချသားရောင် 'ပင်လယ်ဒုံးပျံ' မော်တော်ဘုတ်ကြီးကိုစီးကာ ရေပြင်ပေါ်တွင် ခရီးနှင်နေကြဖြစ်သည်။

www.burmeseclassic.com



မော်တော်သည် ကမ်းခြေအိုင်ထဲတွင် ရေလှိုင်းကို ခွဲကာရှေ့သို့ တအား ပြေးနေသည်။ သည်အချိန်၊ သည်နေရာအထိ အနှောင့်အယှက် အတားအဆီး တစ်စုံတစ်ရာမရှိဘဲ ရောက်လာနိုင်ခဲ့သည်မှာ ပင်လယ်စောင့် နတ်သမီး၏ မေတ္တာအဟုန်ကြောင့်ပေလားဟူ၍ ဂျော်ဒန်က အံ့သြမဆုံး ဖြစ်နေ မိသည်။

မာရီဆာတို့ တိုက်ခန်းမှ ဒင်နီယယ်ဟိုတယ်အနီးရှိ ကမ်းခြေအိုင်ဆိပ် ခံတံတားအထိ ခြေကျင်လျှောက်လာခဲ့ရသော ခရီးမှာ သက်စွန့်ဆံဖျား ခရီးပင် ဖြစ်သည်။ ဟိုထောင့်က ပေါ်လာမည်လား၊ သည်ထောင့်က ထွက်လာမည် လား ဟူသော ကြောက်စိတ်ဖြင့် ကျိုးကန်းတောင်းမှောက် မျက်ကလူးဆန်ပျာ သုတ်ခြေတင်လာခဲ့ကြရသည်။ သည်ကြားထဲ လမ်းတစ်လျှောက်တွင် ဆုငွေ ကြော်ငြာပိုစတာကပ်ထားသော နေရာများကို ငါးကြိမ်တိတိ ဖြတ်လာခဲ့ရသဖြင့် နဂိုကမှ ကြောက်နေရသည့်အထဲ ဖြဲခြောက်ခံရသလို ဖြစ်နေပြန်သည်။ လက်ဆွဲ အိတ် ကိုင်ကာ ဂနာမငြိမ်ရပ်စောင့်နေသော အယ်လီဆင်ထံသို့ ရောက်လာကြ သည်အထိ သည်းထိတ်ရင်ဖိုဖြင့် လျှောက်လာခဲ့ကြရသည်။

ဆိပ်ခံတံတားရောက်တော့ ခပ်လှမ်းလှမ်းမှ မော်တော်ဘုတ်အနီးတွင် ရပ်နေသော လူတစ်ယောက်က သူတို့အား လက်မြှောက်ပြသည်။ ပထမတွင် ဂျော်ဒန်က ထိုလူ့ကို လုံးဝမမှတ်မိ။ နောက်တော့မှ ရိုကို ရုပ်ဖျက်ထားမည်ဆို သည်ကို သတိရမိသည်။

ထို့ကြောင့် မော်တော်နားတွင် ရပ်နေသော သူသည် ရိုကိုပင် ဖြစ်ရ မည်ဟု သူက ကျိန်းသေပေါက် တွက်လိုက်သည်။

ထိုသူသည် အရောင်ရင့်ရင့် နေကာမျက်မှန်ကြီးကို တပ်ထားသည်။ နှာခေါင်းက ရှည်ရှည် ကောက်ကောက်ကြီး။ ဧကန္တမြေဖြူပွဲ့လျက်ကို လုပ်ထား ဟန်တူသည်။ နှုတ်ခမ်းမွေးက အစွယ်နှစ်ချောင်းလို ဘေးတစ်ဖက် တစ်ချက် သို့ ကားထွက်နေသည်။ မုတ်ဆိတ်မွေးကလည်း ပွရောင်းရောင်းနှင့် တစ်ပြုံတစ် သိုက်ကြီး။

“ဟိုမှာ ... သူပေါ့”

ဂျော်ဒန်က ပါမောက္ခကြီးနှင့် အယ်လီဆင်တို့အား ဝမ်းသာအားရ ပြောလိုက်သည်။

သုံးယောက်သား ရိုကိုဆီသို့ ပြေးလာခဲ့ကြသည်။ မော်တော်ပေါ်သို့ တက်ရာတွင် ရိုကိုက သူတို့ကို ဖေးမကူညီပေးသည်။ ရိုကိုက ပါမောက္ခကြီး နှင့် အယ်လီဆင်တို့အား နောက်ပိုင်းတွင် ထိုင်စေပြီး ဂျော်ဒန်ကိုတော့ သူ့ နောက်တွင် နေစေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



"စိတ်ချရပ့ါမလားဗျ" ဂျော်ဒန်က ရိုကိုအား မေးလိုက်သည်။

ရိုကိုက မော်တော်ကို နောက်ဆုတ်ပြီး ကမ်းမှ ခွာကာ တဖြည်းဖြည်း နှင့် ဦးလှည့်ရင်း ရယ်လိုက်သည်။

"ရိုကိုဗျ၊ ရိုကို။ မယုံရင် လောင်းကြည့်ပါလား။ ပိုက်ဆံ ဒီလောက် ယူထားပြီးမှတော့ စိတ်မချရဘူးဆိုရင် ရိုကို ရာဇဝင် ရိုင်းတော့မှာပေ့ါဗျ"

ရိုကိုအနေဖြင့် ပြောမည်ဆိုလျှင်လည်း ပြောလောက်ပါပေသည်။ လောလောဆယ်တွင် သူတို့အဖို့ အစစအရာရာ အစီအစဉ်အတိုင်း ချောမောပြေပြစ်လျက်ရှိနေသည် မဟုတ်ပါလား။ သူတို့သည် အောင်မြင်မှု ပန်းတိုင်းဆီသို့ ချီတက်လာခဲ့ကြပြီ။ ပန်းတိုင်မှာ လက်တစ်ကမ်းသာ ကွာလှမ်းတော့သည်။

ရိုကို၏မော်တော်သည် ဗင်းနစ်မြို့၏ မြို့ပတ် တူးမြောင်းဘေး နူတ်ခမ်းမှ ကပ်မောင်းလာခဲ့သည်။ မကြာမီတွင်ပင် လွန်ခဲ့သော တစ်နာရီခန့်က 'ဆုကြီးပန်' သင်္ဘောကြီး ရပ်နေခဲ့ရသော နေရာကို ဖြတ်သည်။ မနေ့က ဂျော်ဒန် သွားရောက်ခဲ့သော ပန်းခြံကိုကျော်သည်။ ထို့နောက် မြို့ကိုပတ်၍ ခုတ်မောင်းလာခဲ့သည်။ ခဏကြာတော့ မော်တော်သည် မြောက်ဘက် 'မူရန်ကို' ကျွန်းဆီသို့ ဦးတည်ခုတ်မောင်းသည်။ ထို့နောက် ကမ်းခြေအိုင်ကို ကွေ့ပတ်ကာ တောင်ဘက်ဆီသို့ တဖြည်းဖြည်း ဦးတည်လာပြီး ကျွန်းစုများရှိရာ ရေလက်ကြားအတိုင်း ခုတ်မောင်းလာခဲ့သည်။

သူတို့သည် မည်သူမျှ စကားမပြောဘဲ ကိုယ့်အာရုံနှင့် ကိုယ် ငြိမ်၍ လိုက်ပါလာကြသည်။ ဤသို့ဖြင့် မိနစ် ၂၀ တိတိ ခုတ်မောင်းလာခဲ့သည်။

ထို့နောက် ရိုကိုက အင်ဂျင်စက်သံကြားမှ ရှေ့သို့ လက်ညှိုးထိုးကာ အော်ပြောလိုက်သည်။

"ဟောဟိုမှာ ... မြင်ရပြီ၊ ပိုတိုဒီလီဒို ရေလက်ကြား အဝမြင်ရပြီ"

ဂျော်ဒန်က ကြောက်စိတ်ဝင်လာသည်။ သူ့နောက်မှ ပုဂ္ဂိုလ်နှစ်ယောက်လည်း သူ့လိုပင် ရှိကြလိမ့်မည်ဟု ထင်သည်။

ရိုကို၏ ဘေးမှ ကြမ်းပြင်တွင် သားရေအိတ်တစ်လုံးကို သတိပြုမိလိုက်သည်။

"ဒါက မှန်ပြောင်းလားဗျ"

"ဟုတ်တယ်"

ဂျော်ဒန်က သားရေအိတ်ကို လှမ်းယူလိုက်ပြီး မှန်ပြောင်းကို ထုတ်ယူလိုက်သည်။ မျက်စိရှေ့တွင် ကပ်ပြီး အမြင်ပီပြင်အောင် ညှိလိုက်သည်။ အေဒရီယာတစ်ပင်လယ်ဆီသို့ ဦးတိုက်နေသော လီဒိုရေလက်ကြားကို အလျားလိုက် ထိပ်စီမြင်နေရသည်။

www.burmeseclassic.com



လက်ဝဲဘက် ကမ်းပါးပေါ်တွင် လေစုပ်ဆည်ကြီးနှင့် ရေအောက် ကြေးနန်းကြိုး ဆက်သွယ်ထားသော သံကြိုးတိုင်များကို မြင်ရသည်။ လက်ယာဘက်တွင်မူ အီလက်ထရွန်းနစ် ရေစုပ်စက်ရုံဘက်သို့ ခြေသွားလမ်းဖြင့် ဦးတည်နေသော ဆိပ်ခံတံတားကလေး တစ်ခုကို မြင်ရသည်။

ဂျော်ဒန်က မှန်ပြောင်းကြီးဖြင့် အာဒရီယာတစ် ပင်လယ်ဘက်ဆီသို့ ကြည့်လိုက်ပြန်သည်။ ဟော ... တွေ့ပြီ။

ကောင်းကင်သို့ တလူလူတက်နေသော မီးခိုးတွေကို ပထမ မြင်ရသည်။ ပြီးတော့ ဘော်ငွေရောင် တောက်နေသော ဂရိသင်္ဘောကြီးသည် မိုးကုပ်စက်ဝိုင်း တစ်နေရာတွင် တအိအိတရွေ့ရွေ့ သွားနေသည်။

ထိုအခိုက် မှန်ပြောင်းမျက်စိပေါက် နှစ်ပေါက်စလုံးထဲသို့ အခြား မော်တော်နှစ်စင်း ဝင်ရောက်လာသည်။ ၎င်းတို့မှာ အဖြူရောင်နှင့် အပြာရောင် ဆေးသုတ်ထားသော ကင်းလှည့်မော်တော်ဘုတ်များ ဖြစ်သည်။ ဦးပိုင်းတွင် 'ရဲ' ဟူ၍ ရေးထားသည်။ မော်တော်နှစ်စင်းလုံးတွင် လက်နက်ကိုင်ရဲသားလေးယောက်စီပါလာသည်။

ဂျော်ဒန်က မှန်ပြောင်းကို မျက်စိမှ ခွာလိုက်သည်။ မော်တော်သည် စက်ရှိန်လျှော့သွားသည်။

ရိုကိုက အော်ပြောလိုက်သည်။

"ရဲမော်တော်တွေလာနေပြီ၊ ကျုပ်တို့ဆီက ပါမစ်တောင်းကြလိမ့် မယ်။ ပါပစ်မပြနိုင်ရင် ... ရေလက်ကြားထဲ မဝင်ရဆိုပြီး ပြန်ပြီး မောင်းထုတ်ကြလိမ့်မယ်။ အခု ကျုပ်မော်တော်ကို စက်ရှိန်လျှော့ထားလိုက်ပြီ။ သူတို့က ကျုပ်ကို လှမ်းအော်တဲ့အချိန်မှာ ကျုပ်က မော်တော်ကို စက်ကုန်ဖွင့်မောင်းပြီး သူတို့ကို ကျော်တက်ပြေးမယ်။ အဲဒီအချိန်မှာ ခင်ဗျားတို့ သုံးယောက်က မော်တော်ကို မြဲမြဲကိုင်ထားပြီး အောက်ကို ဝပ်နေလိုက်ကြ။ သူတို့က သေနတ်နဲ့ ပစ်ချင်ပစ်မယ်။ ပစ်ချိန်တော့ရမယ် မထင်ပါဘူး။ ဒါပေမယ့် ကြိုတင်ကာကွယ်ထားတာက မပိုပါဘူး။ အဲဒီနောက် ကျုပ်တို့က စက်ကုန်ဖွင့်မောင်းပြီး ပင်လယ်ပြင်ထွက်သွားမယ်။ သူတို့က ကျုပ်တို့ကို မမီနိုင်ပါဘူး။ အဲဒါဆိုရင် ကျုပ်တို့ ကွင်းလုံးကျွတ် လွတ်ပြီ"

ရဲမော်တော်နှစ်စင်းသည် သူတို့ရှေ့ဘက်မှ လက်ဝဲလက်ယာ နှစ်ဘက်ညှပ်ကာ စက်ကုန်မောင်းလာနေသည်။ ရိုကို၏ မော်တော်က စက်ရှိန်သတ်ကာ သူတို့ဆီသို့ ဖြည်းဖြည်းပင် မောင်းသွားသည်။

လက်ဝဲဘက် ရဲမော်တော်ဦးပိုင်းတွင် ရဲသားတစ်ယောက် ထရပ်လိုက်ပြီး သူတို့ဘက်သို့ လက်ကာပြလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ရိုကိုက နောက်ပြန်လှည့်ရင်း ခပ်မြန်မြန် ပြောလိုက်သည်။

"အဆင်သင့် ပြင်ထားကြ"

ရိုကိုက သူ့မော်တော်ကို ရဲမော်တော် နှစ်စင်းကြားသို့ ဦးတည်ကာ ဖြည်းဖြည်းကလေး ရွေ့လျားမောင်းဝင်လာခဲ့သည်။

""ရပ် ... လီဒိုတူးမြောင်း ပိတ်ထားတယ်။ မြို့တော်ဝန်လက်မှတ် မပါရင် ဘယ်သူမှ မဝင်ရဘူး" စောစောက ရဲသားက အော်ပြောလိုက်သည်။

ရိုကို ခေါင်းတညိတ်ညိတ် လုပ်ကာ လက်ကိုင်ဘီးပေါ်သို့ ကိုယ်ကို ငုံ့လိုက်ပြီး စက်ရှိန်ကို ထိပ်ဆုံးထိ မြှင့်တင်လိုက်သည်။ ထို့နောက် ရဲမော်တော် နှစ်စင်းကြားသို့ စွတ်ဝင်ပြီး မီးကုန်ယမ်းကုန် မောင်းပြေးတော့သည်။ သူ့မော် တော်သည် ရေပြင်မှ ဦးထောင်ကာ ဒုံးပျံလိုပြေးသွားပြီး စက္ကန့်ပိုင်းတွင်ပင် ရေလက်ကြားအဝသို့ ရောက်လာခဲ့သည်။ ဂျော်ဒန်က ဝပ်နေရာမှ ခေါင်းကို အသာဖော်ပြီး နောက်ပြန်ကြည့်လိုက်သည်။ ရဲမော်တော်များမှာ ရိုကို၏ 'ရေဒုံး ပျံ' နောက်တွင် အပြတ်အသတ် လူးလိမ့်ကျန်နေရစ်ခဲ့ကြသည်။

ရိုကို၏မော်တော်နှင့် ရဲမော်တော်တို့၏ အကွာအဝေးမှာ တစ်ချိန် ထက်တစ်ချိန် ကျယ်၍ကျယ်၍လာသည်။

သူတို့ မော်တော်သည် ရေလက်ကြားထဲသို့ မြားတစ်စင်းပမာ ပြေး ဝင်လာနေသည်။ ဘေးတစ်ဖက်တစ်ချက်တွင် ကမ်းပါးများကို မြင်နေရသည်။ ဂျော်ဒန်သည် တုန်ခါလူးလိမ့်နေသော မော်တော်ထဲတွင် ကိုယ်ကိုထိန်းလျက် မှန်ပြောင်းကို မျက်စိရှေ့သို့ ပြန်ကပ်လိုက်သည်။

ရဲမော်တော်ပေါ်မှ ရဲသားများသည် သူ့မျက်စိရှေ့လက်တစ်ကမ်းသို့ ရောက်လာကြသည်။ သူတို့သည် တစ်ယောက်ကို တစ်ယောက် ဆဲဆိုကြိမ်း မောင်းရင်း အပြစ်တင်နေကြသည်။

သူတို့မော်တော်နှင့် ရဲမော်တော်များ ကြားမှ အကွာအဝေးသည် ကျယ်သည်ထက် ကျယ်လာသည်။ မိနစ်ပိုင်းအတွင်း သူတို့ လွတ်မြောက်နိုင် ကြတော့မည်။

ဂျော်ဒန်သည် မှန်ပြောင်းကို မျက်စိမှ ပြန်ခွာမည်လုပ်တုန်း တစ်စုံ တစ်ရာကို မသဲမကွဲ ဖျတ်ခနဲ မြင်လိုက်မိသည်။ မှန်ပြောင်းကို မျက်လုံးနှင့် နေသားတကျ ပြန်ကပ်သည်။ ပြီးတော့ မြင်ကွင်းကို ညှိသည်။

အဝေးကြီးမှ မသဲမကွဲအရာသည် တဖြည်းဖြည်းနှင့် သဲကွဲလာ သည်။ ကြီး၍ကြီး၍လာသည်။ ထိုအရာကား တခြားမဟုတ်။

ဦးပိုင်းတွင် အမြောက်ကလေးတစ်လက် ဆင်ထားသော မဟော်ဂနီ ရောင် မော်တော်ကြီးတစ်စင်းပင်ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



မော်တော်ကြီးသည် ရေလွှာပေါ်တွင် ရှပ်တိုက်ပြီး တအားပြေးလာနေသည်။ စက်ကုန်ဖွင့်ကာ ကမ်းခြေအိုင်ကို ကျော်လွှားတက်လာသည်။

"ရိုကို''

ဂျော်ဒန်က အော်ပြောလိုက်သည်။ "နောက်တစ်စင်း လိုက်လာပြန်ပြီ။ အကြီးကြီးပဲဗျ"

သူက မှန်ပြောင်းကို ရိုကိုထံသို့ ကမန်းကတန်း ကမ်းပေးလိုက် သည်။ ရိုကိုက လက်ကိုင်ဘီးကို လက်တစ်ဖက်နှင့် ထိန်းထားပြီး ကျန်တစ် ဘက်ဖြင့် မှန်ပြောင်းကို လှမ်းယူလိုက်သည်။

သူသည် မှန်ပြောင်းကို မျက်စိရှေ့ ကပ်ပြီး ကြည့်လိုက်သည်။ ထို့နောက် ... ဂျော်ဒန်ဆီသို့ ပြန်ပေးရင်း အီတာလျံစကားဖြင့် ကျိန်ဆဲလိုက်ပြီး

"အဲဒါ ... ကျုပ်ပြောခဲ့တဲ့ ရဲမော်တော်ကြီးပေါ့ဗျ။ အီတလီတစ်နိုင်ငံလုံးမှာ သူ့လောက်မြန်တာ မရှိတော့ဘူး"

'ခင်ဗျား သူမမီအောင် မလုပ်နိုင်ဘူးလား'

"ဘယ်တော့မှ မလုပ်နိုင်ဘူး၊ ကျုပ်မော်တော်ထက် နှစ်ဆမြန်တယ်။ ကျုပ်တို့ ပင်လယ်ဝ မရောက်ခင် သူမီမှာပဲ။ ရဲဘက်က မသိပါစေနဲ့လို့ ခင်ဗျားကို ကျုပ်သတိပေးခဲ့သားပဲ။ တစ်ယောက်ယောက်က သွားပြီး လက်ထောက်ချလိုက်တာ ဖြစ်မယ်"

တစ်ယောက်ယောက်က လက်ထောက်ချလိုက်တာ ဖြစ်မယ်။

ဂျော်ဒန်သည် လက်တွေတုန်ရင်ရင်ဖြင့် မှန်ပြောင်းကို မြှောက်ကိုင်ကာ မျက်စိရှေ့သို့ ကပ်လိုက်ပြန်သည်။ တစ်ဟုန်ထိုး စွတ်ပြေးလာသော မော်တော်ကြီးကို သူ့ရှေ့နားတွင် ထင်ရှားစွာ ပီပြင်စွာ မြင်နေရသည်။

မော်တော်ပေါ်တွင် လူလေးယောက်ပါလာသည်။

ရဲအရာရှိ သုံးယောက်နှင့် အရပ်သား တစ်ယောက်။

ရဲအရာရှိ နှစ်ယောက်ကို သူမမြင်ဖူး။ မျက်နှာကြောတင်းတင်းနှင့် တစ်ယောက်သော ရဲအရာရှိကတော့ ဗိုလ်မှူးကြီး ကတ်ထရန်း၊ ပြည်ထောင်စု ရဲတပ်ဖွဲ့မှူး။

ပြီးတော့ ... ပြီးတော့ ... ကျန်တစ်ယောက်အရပ်သားကတော့ ... သူ ... သူမှသူအစစ်။ ဟုတ်ပါတယ် ... မမှားပါဘူး။ ဘရူနို ... ဘရူနို ဂီရာဒီ။

ဂျော်ဒန်က မှန်ပြောင်းကို ပြန်ချလိုက်သည်။

သွားပြီ။ အားလုံးသွားပြီ။

တစ်ယောက်ယောက်သွားပြီး လက်ထောက်ချလိုက်တာ ဖြစ်မယ်။ ရိုကိုက သည်လိုပဲ ပြောသည်။

www.burmeseclassic.com



မှန်သည်။ တစ်ယောက်ယောက် လက်ထောက်ချလိုက်ပြီ။

"ငါ စိတ်မကောင်းပါဘူး ... မာရီဆာ"

ဂျော်ဒန်က တိုက်ခန်းမှ ထွက်ခါနီး ယင်းသို့ပြောခဲ့သည်။ သည်တော့ – '

'ကျွန်မလဲ စိတ်မကောင်းပါဘူးရှင်"ဟု မာရီဆာက ပြန်ပြောခဲ့သည်။

ဟုတ်ပါပြီ။ သူ နားလည်လိုက်ပါပြီ။

သူမက သူတို့အား ရဲလက်ကို အပ်လိုက်ခြင်းအတွက် စိတ်မကောင်းမိခြင်းပင် ဖြစ်မည်။

ဟုတ်ပါပြီ။ သံသယဖြစ်စရာ လုံးဝမရှိတော့။

သူမထံမှ ပါမောက္ခကြီးနှင့် သူတို့ ထွက်ခွာလာပြီးတော့ ... သူမသည် ဘရူနိုကို သွားပြီး အကြောင်းစုံ ဖွင့်ပြောမည်။ ဘရူနိုက ရဲကို သွားတိုင်မည်။

သည်တော့ သူမအတွက် ဘာအကျိုးရှိမည်နည်း။

အများကြီးရှိတာပေ့ါ။ အများကြီးရှိတာပေ့ါ။

ပါမောက္ခကြီးအား ဖမ်းဆီးမိလျှင် ရှရှသို့ပြန်မပို့မီ သူမ၏ မိခင်ကြီးကို သေမင်းလက်မှ ကယ်တင်ပေးခဲ့ရမည်။

သည်ကတိကို ရဲအဖွဲ့မှ သူမက ရကောင်းရလိမ့်မည်။

ဂျော်ဒန်သည် အကြီးအကျယ် စိတ်ဓာတ်ကျသွားပြီး လှုပ်ခါနေသော မော်တော်ဘုတ်ပေါ်သို့ မှန်ပြောင်းကို ပြန်ချလိုက်သည်။

ယခုအချိန်တွင် ရေလှိုင်းကိုခွဲကာ သူတို့ဆီက သွေးရူးသွေးတန်းပြေးလာနေသော မော်တော်ကြီးကို သူ့မျက်စိဖြင့် ထင်ထင်ရှားရှားကြီး မြင်နေရပြီ။ မော်တော်ကြီးသည် သွေးဆာနေသော သားရဲတိရစ္ဆာန်တစ်ကောင်လို သူတို့ကို ဝါးမျိုရန် တစ်ဟုန်ထိုး ဒုန်းစိုင်းလာနေပြီ။

မာရီဆာ၏ သစ္စာဖောက်လုပ်ရပ်ကြောင့် ရင်ထဲတွင် မချိအောင် နာကျင်လှသော်လည်း ဂျော်ဒန်အဖို့ လောလောဆယ်တွင် ယင်းကိစ္စကို တွေးနေချိန်မရ။ သူတို့ဆီသို့ ညာသံပေးကာ ပြေးလွှားလိုက်လာနေသော သေမင်း တမန် မော်တော်ကြီးဆီသို့သာ စက္ကန့်မလပ် စိတ်ရောက်လျက်ရှိသည်။

ရီကိုက မကျေမချမ်းဖြင့် ကျိန်ဆဲလိုက်ပြီးနောက် –

"အလကားပဲ၊ မရတော့ပါဘူး။ သွားပြီ ... သူတို့ မီတော့မယ်။ နောက် ၁၀ မိနစ်ဆိုရင် ကျုပ်တို့ကို မီပြီ"

သူတို့သည် လေမှုတ်ဆည်ကြီးရှိရာ ရေလက်ကြား၏ အကျယ်ပိုင်းသို့ ရောက်လာကြသည်။ လက်ယာဘက်တွင် အီလက်ထရွန်နစ် ရေစုပ်စက်

www.burmeseclassic.com



ရုံကြီးကို မြင်ရသည်။ ဤစက်ရုံကြီးမှာ စက်ပစ္စည်းကိရိယာ အစုံအလင် တပ်ဆင်ပြီးဖြစ်သည်။ သို့သော် ... တစ်ကြိမ်မှ တော့ အသုံးမပြုရသေး။

သေဘေးနှင့် ကြုံတွေ့ရသော 'လိုလျှင်ကြံဆ နည်းလမ်းရ' သည်ဟု ပင် ဆိုရတော့မည်မလားမသိ။ သည်ခဏတွင် ဂျော်ဒန်သည် ဆောက်တည်ရာ မရဖြစ်ကာ ရောက်တတ်ရာရာ အဖြေရှာရင်း တစ်ချိန်က သူ့ဦးနှောက်တစ်နေရာ တွင် ဖွဲမီးပမာ တငွေ့ငွေ့ ရှိနေခဲ့သော စိတ်ကူးတစ်ခု ဘွားခနဲ ပေါ်လာခဲ့သည်။

သူသည် ရုတ်တရက် ထရပ်လိုက်သည်။ အားလွန်ပြီး ယိုင်လဲတော့ မလို ဖြစ်သွားသဖြင့် ရှေ့မှ လေကာမှန်ကို လှမ်းကိုင်ပြီး ထိန်းထားလိုက်ရသည်။

"ရိုကို"

သူက အော်ပြောလိုက်သည်။

"ညာဘက်လှည့်မောင်းလိုက်၊ ရေစုပ်စက်ရုံမှာ ကပ်ပါ။ ကျွန်တော် အဲဒီမှာ ဆင်းမယ်။ ခင်ဗျားတို့ စောင့်နေကြ။ ကျွန်တော် စက်မောင်းတတ်ပါ တယ်။ အလုပ်ဖြစ်မဖြစ်တော့ မသိဘူး။ ဒါပေမယ့် စမ်းကြည့်တာပေါ့။ ဒါဟာ ကျွန်တော်တို့အတွက် နောက်ဆုံး မျှော်လင့်ချက်ပဲ"

ရိုကိုက ပြန်မေးမနေတော့။ သူ အလိုလို သိလိုက်ပြီးဖြစ်သည်။

သူက မော်တော်ကို စက်ရှိန်လျှော့ချလိုက်သည်။ ပြီးတော့ လက်ကိုင် ဘီးကို တစ်ပတ်လှည့်ကာ မော်တော်ကို ရေစုပ်စက်ရုံဆီသို့ ဦးတည်လိုက် သည်။

ရိုကိုက မော်တော်ကို ပီရယ်လီဆိပ်ခံ တံတားတွင် ဆောတိုက်တိုး ကပ်ပြီး ရပ်လိုက်သည်။

"ဒီမှာပဲ အဆင်သင့် စောင့်နေကြ"

ဂျော်ဒန်က အော်ပြောလိုက်ပြီး ဆိပ်ခံတံတားပေါ်သို့ လွှားခနဲ ခုန် ဆင်းလိုက်သည်။

"ဘာဖြစ်နေကြတာတုန်း"

ပါမောက္ခကြီးက လှမ်းမေးလိုက်သည်။

"ရိုကို ပြောလိမ့်မယ်"

ဂျော်ဒန်က ပြန်အော်လိုက်သည်။ ထို့နောက် ဆိပ်ခံတံတားအတိုင်း စက်ရုံဆီသို့ ပြေးတက်လာခဲ့သည်။

ကံအားလျော်စွာပင် သော့တွဲကို အသင့်တွေ့ရသည်။ အနီရောင် သော့ကို ရှာသည်။ တံခါးကို ဖွင့်လိုက်သည်။ တံခါးပွင့်သွားပြီ။

စက်ရုံတွင်းရှိ အီလက်ထရွန်နစ် စက်ကိရိယာများ၊ မောင်းတံများ နှင့် ထိန်းချုပ်ခလုတ်များမှာ ဂျော်ဒန်အဖို့ အထူးအဆန်း မဟုတ်တော့။ သည်



BURMESE CLASSIC .com

www.burmeseclassic.com



စက်ကိရိယာတွေကို ဖော်လတာ ဘာရိုဗိုနမူနာ စက်ရုံတွင် သတင်းစာ ဆရာတွေကို ပြသရင်း သူ အကြိမ်ကြိမ်အခါခါ ကိုင်တွယ်စမ်းသပ်ဖူးခဲ့ပြီး ဖြစ်သည်။

ရေလက်ကြား နောက်ဆွယ်ရှိ ဗင်းနစ်ကမ်းခြေအိုင်ကြီးဆီသို့ တစ်ချက် စောင်းကြည့်လိုက်သည်။ ရဲမော်တော်ဘုတ်ကြီးသည် မူလ မော်တော်ကလေးနှစ်စင်းကို အပြတ်အသတ်ကျော်တက်ပြီး ရေလက်ကြားဆီသို့ လွန်းထိုးကာ ပြေးလွှားလာနေသည်။

ဂျော်ဒန်၏ လက်ချောင်းများသည် မောင်းတံများနှင့် စက်ခလုတ်များဆီသို့ ရောက်ရှိသွားပြီး ဟိုကိုင်သည်စမ်းဖြင့် မရပ်မနား အလုပ်များနေကြသည်။

စက္ကန့်ပိုင်းအတွင်းတွင်ပင် စက်သံများသည် တဂျုံးဂျုံး မြည်ဟည်းပေါ်ထွက်လာကြသည်။ ရေစုပ်စက်ကြီးကား အောင်မြင်စွာ လည်ပတ်ခဲ့လေပြီ။ သည်စက်ကြီးသာ အနှောင့်အယှက် မရှိဘဲ ဖြောင့်ဖြောင့်တန်းတန်း လည်ပတ်မည်ဆိုပါက ရေမျက်နှာပြင်အောက် ၁၂ မီတာတွင် တည်ဆောက်ထားသောလေစုပ်ဆည်ကြီးမှာ ခဏအတွင်း ရေများ ပြည့်လျှံလာပြီး တဖြည်းဖြည်းဖြင့် ရေမျက်နှာပြင်ပေါ်သို့ ပေါ်တက်လာမည် ဖြစ်သည်။

ဂျော်ဒန်သည် စက္ကန့်ကို ရေတွက်ရင်း ... ရင်တထိတ်ထိတ်ဖြင့် တစ်ကိုယ်လုံး ဇောချွေးတွေ ပြန်လာသည်။

သေမင်းတမန် မော်တော်ကြီးသည် တဒီးဒီးအော်မြည်ရင်း ရေလက်ကြားထဲသို့ ဝင်ရောက်လာခဲ့လေပြီ။

ရေစုပ်စက်ကြီးကလည်း တဂျုံးဂျုံး မြည်ဟည်းလာကာ လည်ပတ်လျက်ရှိလေပြီ။

အချိန် ၅ မိနစ်ခန့် ကုန်လွန်သွားခဲ့သည်။

မော်တော်ကြီးသည် ဘေးတစ်ဖက် တစ်ချက် ရေပန်းတွေ ဖြာထွက်နေသည့်ကြားမှ အန္တရာယ် ငါးမန်းကြီး တစ်ကောင်ပမာ ရှေ့သို့ တစ်ဟုန်ထိုးပြေးတက်လာနေသည်။

ရှည်လျားသော ရာဘာပိုက်လုံးကြီးဖြင့် ပြုလုပ်ထားသော ရေအောက်ဆည်ကြီးဆီသို့ တစ်ချိန်ထက်တစ်ချိန် နီးကပ်လာနေသည်။

စက်ကြီးအလုပ် မလုပ်သေးဘူး။ စက်ကြီး အလုပ်မလုပ်သေးဘူး။

ဂျော်ဒန်က စိုးရိမ်စိတ်ဖြင့် နားထင်ကြောတွေ ထောင်းခနဲ တင်းလာသလို ခံစားနေရင်းမှ စိတ်ထဲက ကျိတ်ပြီး ရေရွတ်နေမိသည်။

သူတို့မိတော့မယ်။ သူတို့မိတော့မယ်။ ဆရာကြီးတော့ သွားပြီ။ သွားပါပြီ။ ထိုအခိုက် –

www.burmeseclassic.com



ထို့နောက်တွင် ရေလက်ကြားထဲမှ ရာဘာရေပိုက်လုံးကြီးသည် ပြုးကျယ်သွားသော သူ့မျက်လုံးများ ရှေ့မှောက်တွင် ဘွားခနဲ ထွက်လာသည်။

ရေအပြည့်နှင့် ရာဘာ ပိုက်လုံးကြီးသည် ရန်သူကို အသေအလဲ တိုက်ခိုက်တော့မည် ငါးကြီးတစ်ကောင်ပမာ ရေပေါ်တွင် ရှည်လျားစွာ တစ်ကိုယ်လုံး ပေါ်ထွက်လာပြီး ရေလက်ကြားနှင့် ပင်လယ်ပြင်ကြားတွင် ကျောက်တံတိုင်းကြီးတစ်ခုလို ထီးထီးကြီး ကာဆီးထားလိုက်သည်။

ကြည့်နေရင်း တစ်ခဏတွင်ပင် မော်တော်ဘုတ်ကြီးသည် စက်ကုန်ဖွင့်လျက် ရေပိုက်လုံးကြီးကို အရှိန်ဖြင့် ဝင်တိုက်လေတော့သည်။

ဤတွင် မော်တော်ကြီးသည် 'ဝုန်း' ခနဲ အသံမြည်ကာ အပေါ်သို့ မြောက်တက်သွားပြီး ရေပေါ်သို့ ပြန်ကျသွားသည်။ မော်တော်ကြီး နှစ်ပိုင်းကျိုးသွားပြီး မော်တော်ပေါ်က လူတွေမှာ တချို့က အပေါ်မြောက်သွားပြီး တချို့က ရေထဲလွင့်စဉ်ကုန်ကြသည်။

ဂျော်ဒန်သည် စက်ရုံဝတွင် မတ်တတ်ရပ်ကာ မယုံကြည်နိုင်စရာ ကောင်းလှသော အံ့ဖွယ်မြင်ကွင်းဆန်းကြီးကို ငေးကြည့်ရင်း ကြက်သေ သေနေမိသည်။

ထိုအခိုက် သူ့ခေါင်းထဲသို့ အချက်ပြ အသိတစ်ခု ဖျတ်ခနဲ ဝင်ရောက်လာသည်။

အောင်ပြီ၊ အောင်ပြီ၊ တို့အောင်ပြီ။

သူသည် စက်ရုံရှေ့မှ ကမန်းကတန်း ပြေးထွက်လာကာ ဆိပ်ခံတံတားအတိုင်း ဒယီးဒယိုင်ဖြင့် သူတို့ မော်တော်ဆီသို့ ပြေးဆင်းလာခဲ့သည်။

မော်တော်ရှေ့ ရောက်တော့ ပါမောက္ခကြီးက ဂျော်ဒန်ကို မော်တော်ပေါ်သို့ ဆွဲတင်ရန် ထိုင်ရာမှ ထလိုက်သည်။

"အံ့စရာပါပဲဗျာ၊ တစ်ခါမှ မမြင်ဖူးပါဘူး" ရိုကို ဝမ်းမြောက်ဝမ်းသာဖြင့် အော်သံကြွေးလိုက်သည်။

ဂျော်ဒန်က မော်တော်ပေါ် လှမ်းတက်ရင်း သူတို့၏အသက်သခင် ကျေးဇူးရှင် ဆည်ကြီးဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုအခိုက် အယ်လီဆင်က အလန့်တကြား အော်လိုက်သည်။ ဂျော်ဒန်က ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူမြင်လိုက်ရသည်။

ရဲမော်တော်ကြီးမှ လူတစ်ယောက်သည် ရေပိုက်လုံးကြီးပေါ်သို့ တွယ်တက်လိုက်၊ လျှောကျသွားလိုက်ဖြင့် အကျောက်အကန် ကြိုးစားနေရာမှ နောက်ဆုံးတွင် အပေါ်သို့ ရောက်လာပြီး သူ့ကိုယ်သူ ဟန်ချက်ယူကာ ပိုက်လုံးကြီးပေါ်တွင် ထိုင်ချလိုက်သည်။

www.burmeseclassic.com



ထိုသူသည် ယူနီဖောင်းဝတ်စုံနှင့် ဖြစ်သည်။ သူသည် ပိုက်လုံးပေါ်တွင် ဒူးတစ်ဘက်ကို ထောက်ကာ ပြင်ထိုင်လိုက်သည်။ ထို့နောက် ပခုံးသိုင်းသားရေအိတ်မှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။

ထိုသူကား ဗိုလ်မှူးကြီး ကတ်ထရန်း။

ထိုသူသည် သေနတ်ကို ဂျော်ဒန်တို့ဘက်သို့ ချိန်လိုက်သည်။

ထိုအချိန်တွင် ပါမောက္ခကြီးက ဂျော်ဒန်၏လက်ကို ဖမ်းကိုင်ကာကာ မော်တော်ပေါ်သို့ ဆွဲတင်နေသဖြင့် ဂျော်ဒန်က လက်ကိုဖြုတ်ပြီး ကမန်းကတန်း အော်ပြောလိုက်သည်။

"ဆရာကြီး၊ ထိုင်ချလိုက်၊ ထိုင်ချလိုက်"

"ဒက် …"

"ဒက် …"

"ဒက် …"

ကတ်ထရန်းက သုံးချက်ဆင့် ပစ်ထည့်လိုက်သည်။

ပထမအချက်တွင် ဂျော်ဒန်က မော်တော်ပေါ်သို့ ကိုယ်ကို ပစ်လှဲချလိုက်သည်။ ပါမောက္ခကြီးကို တိုက်မိပြီး ပါမောက္ခကြီး နောက်လန် လဲကျသွားသည်။ ဂျော်ဒန်မှာ ပါမောက္ခကြီး ကိုယ်ပေါ်တွင် မှောက်လျက်သားကြီး ဖြစ်နေသည်။

ရိုကိုက မော်တော်ကို ဆိပ်ခံတံတားမှ အလျင်အမြန်ဦးလှည့်ကာ ရေပြင်သို့ မောင်းထွက်စဉ်တွင် ကတ်ထရန်းက နှစ်ချက်ဆင့်ပစ်လိုက်သည်။

မော်တော်သည် စက်ကုန်ဖွင့်ကာ လီဒိုရေလက်ကြားကို တစ်ဟုန်ထိုး ဖြတ်ကျော် ခုတ်မောင်းလာခဲ့သည်။

သူတို့ကား ရဲတွေကို အနိုင်ယူခဲ့လေပြီ။

ပိတ်ထားသော ဗင်းနစ်မြို့မှာလည်း သူတို့နောက်တွင် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ပြီ။

ဂျော်ဒန်သည် ပါမောက္ခကြီးပေါ်တွင် ထပ်လျက်ကြီးလဲနေရာမှ ပြန်ထရင်း ပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်လိုက်သည်။ ဗင်းနစ်မြို့သည် သူတို့နောက်တွင် သေး၍သေး၍ ကျန်ခဲ့သည်။ မိုးကုပ်စက်ဝိုင်းနားဆီမှ 'ဆုကြီးပန်' သင်္ဘောကြီးက သူတို့ရှေ့တွင် ကြီး၍ကြီး၍ လာသည်။ သူသည် ကြီးစွာသော ဝမ်းသာခြင်း ပီတိကို အသည်းခိုက်မျှ တလှိုက်လှိုက်ခံစားရသည်။

သူတို့ လွတ်မြောက်ခဲ့ပြီ။

သူတို့ အောင်ပွဲခံခဲ့ပြီ။

"ဟင် … ဟင် … ဟိုမှာ"



BURMESE CLASSIC .com

www.burmeseclassic.com



အယ်လီဆင်က အလန့်တကြား အော်လိုက်သည်။ ဂျော်ဒန်က သူမ လက်ညှိုးညွှန်ရာသို့ ကမန်းကတန်း ငုံ့ကြည့်လိုက်သည်။

သူ့ရင်ဘတ်။ သူ့အင်္ကျီရင်ဘတ်တွင် သွေးတွေ စွန်းနေသည်။

ဂျော်ဒန်က ဇဝေဇဝါ ဖြစ်သွားသည်။

နေရာတွေ ခွေခွေကလေး လဲနေသော ပါမောက္ခကြီးဘက်သို့ စောင်း ကြည့်လိုက်သည်။ ပြီးတော့ ပါမောက္ခကြီးကို ဖေးဖေးမမ ဆွဲထူလိုက်သည်။

ဘုရား ... ဘုရား။

ပါမောက္ခကြီး ရင်ဘတ်တွင် သေနတ်ဒဏ်ရာ။

ဒဏ်ရာမှ သွေးတွေ တစိမ့်စိမ့်ထွက်နေသည်။

သူသည် မျက်ကလူးဆန်ပျာ ဖြစ်သွားပြီး ပါမောက္ခကြီးကို ပွေ့ထူ လိုက်သည်။

တစ်ကိုယ်လုံး ပျော့ခွေနေပြီ။ ခြေတွေ လက်တွေ မလှုပ်နိုင်တော့။ သတိက မရတစ်ချက် ရတစ်ချက်။

ဂျော်ဒန်သည် စက်သံတဒီးဒီး အော်မြည်ကာ လူးလိုမ့်တုန်ခါနေ သော မော်တော်ပေါ်တွင် ပါမောက္ခကြီးကို ရင်ခွင်ပိုက်လျက် ခြေပစ်လက်ပစ် ဖြစ်သွားသည်။ တစ်ကိုယ်လုံး အကြောတွေ သေပြီး ပျော့ခွေသွားသလို ခံစား လိုက်ရသည်။

သူတို့တိုက်ပွဲ အောင်နိုင်သည်ဟု ဆိုရမှာလား။

ရှုံးနိမ့်သည်ဟု ဆိုရမှာလား။

*

နောက်နှစ်နာရီအကြာ။

'ဆုကြီးပန်' သင်္ဘောကြီးသည် အေဒရီယာတစ်ပင်လယ်ပြင်သို့ ဖြတ်ကာ ဂရိနိုင်ငံ အေသင်မြို့ရှိ ပီရေရီးယပ်ဆိပ်ကမ်းသို့ ဦးတည်ကာ တောင် ဘက်စူးစူးသို့ တငြိမ့်ငြိမ့် ခုတ်မောင်းလျက်ရှိသည်။

ဂျော်ဒန်သည် ကုန်းပတ်စင်္ကြံလမ်းတွင် စိတ်လှုပ်ရှားစွာဖြင့် ခေါက် တုံ့ခေါက်ပြန်လျှောက်နေသည်။ အယ်လီဆင်က သင်္ဘောဆေးကုခန်း အပြင် ဘက်နံရံတွင် မှီရင်း မှိုင်နေသည်။

ဆေးခန်းထဲတွင် သင်္ဘော သမားတော်ကြီး ဒေါက်တာကာနယ်လို နှင့် သူနာပြုဆရာမတို့က ပါမောက္ခ မက္ကဒေါ်နယ်အား အရေးပေါ်ပြုစုကုသ လျက် ရှိသည်မှာ ၄၅ မိနစ်မျှပင်ကြာသွားခဲ့ပြီ။

ဂျော်ဒန်နှင့် အယ်လီဆင်တို့မှာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် အပြင်ဘက်က စောင့်ဆိုင်းနေကြရသည်။ ယခုအချိန်အထိ သမားတော်ကြီးထံ



BURMESE CLASSIC .com

www.burmeseclassic.com



မှ ဘာစကားမှမကြားရသေး။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် စကားလုံးဝ မပြောကြ။ တစ်ယောက်မျက်နှာကိုပင် တစ်ယောက် မကြည့်ရဲကြ။

မကြာမီ ဆေးခန်းတံခါး ပွင့်လာသည်။

သူနာပြု ဆရာမ ထွက်လာသည်။ ဆရာမသည် သူတို့မျက်နှာကိုပင် မကြည့်ဘဲ စင်္ကြံဆောင်အတိုင်း ရှေ့ဘက်သို့သာ သုတ်သုတ်ကလေး လျှောက်ထွက်သွားသည်။

ထို့နောက် ဒေါက်တာကာနယ်လို ထွက်လာသည်။ သူ့မျက်နှာ သုန်မှုန်နေသည်။ ဒေါက်တာသည် သူတို့ဆီသို့ လျှောက်လာနေသည်။ သူတို့က အပြေးကလေး ကပ်သွားသည်။

ဒေါက်တာ ကာနယ်လိုက ဂျော်ဒန် မျက်နှာကို တစ်လှည့်၊ အယ်လီဆင်မျက်နှာကို တစ်လှည့် ကြည့်သည်။ ပြီးတော့ ... ညှိုးငယ်သော အသွင်ဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

"ဒေါက်တာ အက်ဒ္ဒပ်၊ မစ္စတာ ဂျော်ဒန် ... ကျုပ် အမှန်ကိုပဲ ပြောပါရစေတော့။ မျှော်လင့်ချက်မရှိတော့ပါဘူး၊ ဒဏ်ရာက အလွန်ပြင်းထန်ပါတယ်"

ဂျော်ဒန်က သမားတော်ကြီး၏ လက်ကို လှမ်းကိုင်ကာ ကျစ်ကျစ်ပါအောင် ဖျစ်ညှစ်လိုက်သည်။

"ဒေါက်တာပြောတာ ကျွန်တော် မယုံနိုင်ပါဘူး။ ဒါ ... မဖြစ်နိုင်ပါဘူး။ တစ်ခုခုတော့ လုပ်မှဖြစ်မယ်။ အေသင်မြို့ကို သံကြိုးသတင်းပို့လို့ ရနိုင်ပါ့မလား။ တစ်ပြည်လုံးက အကောင်းဆုံးသမားတော်ကြီး တစ်ယောက်ယောက်ကို ရေကြောင်းလေယာဉ်ပျံနဲ့ အမြန်ဆုံး ပို့ပေးဖို့ အကြောင်းကြားရင် စစ်တပ်က ချက်ချင်းဆောင်ရွက်ပေးမှာပါ"

"ကျုပ် တစ်ခုပြောပါရစေ၊ မစ္စတာ ဂျော်ဒန်။ သူ အသက်ထွက်ခါနီးနေပါပြီ။ ကျုပ်လဲ တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားပြီးပါပြီ။ ဒါပေမယ့် မရတော့ပါဘူး၊ မိနစ်ပိုင်းပဲ ကျန်ပါတော့တယ်။ ကျုပ်ပြောတာ ယုံပါ၊ ခင်ဗျားတို့အတွက် ကျုပ် အများကြီး စိတ်မကောင်းပါဘူး"

အယ်လီဆင်က ရှိုက်ကြီးတငင် ငိုပါလေတော့သည်။ ဂျော်ဒန်က သူမ ပခုံးပေါ်သို့ အသာအယာ လက်တင်လိုက်ပြီး သူ့အနီးသို့ ဆွဲကပ်လိုက်သည်။ ဒေါက်တာ ကာနယ်လိုက ပြောပြန်သည်။

"ပါမောက္ခကြီးဟာ အခု သတိရတစ်ချက် မရတစ်ချက်ဖြစ်နေပြီ။ ပါးစပ်ကလဲ စကားတွေ တတွတ်တွတ် ပြောနေတယ်။ ဒါပေမယ့် ... မပီတော့ပါဘူး။ သူ ဘာပြောမှန်း ကျုပ်လဲ တစ်လုံးမှ နားမလည်ဘူး။ 'တင်' ဆိုပြီး

www.burmeseclassic.com



ခေါ်နေတာကိုတော့ ကြားရတယ်။ အဲဒါ … ခင်ဗျားနာမည်လား။ ဒါဆိုရင် ခင်ဗျားကို သူတွေ့ချင်နေပုံရတယ်။ သိပ်နောက်ကျ သွားလိမ့်မယ်။ မြန် မြန်သာ သွားတွေ့လိုက်ပါ။ ဒေါက်တာ အက်ဒွပ်က အပြင်မှာပဲ ကျုပ်နဲ့ နေခဲ့တာပေါ့"

ဂျော်ဒန်က အယ်လီဆင်အား လက်က လွှတ်လိုက်ပြီး လူနာခန်းထဲသို့ ဝင်လာခဲ့သည်။ သူသည် ဧည့်ခန်းကို ဖြတ်ကာ ပွင့်နေသော တံခါးအတိုင်း လျှောက်လာခဲ့သည်။ ပါမောက္ခကြီးသည် အစိမ်းနုရောင် လူနာဝတ်စုံကြီးကို ဝတ်ကာ ခုတင်မြင့်ကြီးပေါ်တွင် ပက်လက်ကြီးစန့်နေသည်။ ခုတင်တွင် ပလတ်စတစ်ပိုက်တပ်ကာ ပုလင်းတစ်လုံးချိတ်ဆွဲထားသည်။ ပါမောက္ခကြီးအား သွေးသွင်းထားခြင်း ဖြစ်သည်။ သူ့အသားရောင်မှာ သွေးမရှိသလို ဖြူရော်နေသည်။ သူ့ရုပ်သွင်မှာ အရိုးအကြောမရှိတော့သလို ပျော့အိညှိုးရော်နေသည်။ ရီဝေညှိုးကျနေသော သူ့မျက်လုံးများက အခန်းမျက်နှာကြက်ဆီသို့ စိုက်ကြည့်နေကြသည်။

သူ့ခုတင် ဘေးနားတွင် ကုလားထိုင်တစ်လုံး ရှိသည်။ ကုလားထိုင်နောက်မှီပေါ်တွင် သူ့အပေါ်အင်္ကျီကို တင်ထားသည်။

ဂျော်ဒန်က ခြေဖျားထောက်ကာ ဖော့လျှောက်လာပြီး ကုလားထိုင်တွင် အသာဝင်ထိုင်လိုက်သည်။ ပြီးတော့ … သူ့မျက်နှာကို ပါမောက္ခကြီးမျက်နှာအနီးသို့ ကပ်ကာ –

"ဆရာကြီး … ဆရာကြီး … ကျွန်တော် ခေါ်တာကြားရသလား"

ဘာသံမှ ထွက်မလာ။

"ဆရာကြီး … ကျွန်တော် တင်ဂျော်ဒန်လေ။ တင် … ဂျော်ဒန်ပါ"

ပါမောက္ခကြီး ဦးခေါင်းလှုပ်လာသည်။ သိသာရုံမျှသာ လှုပ်နိုင်ရှာသည်။ မျက်တောင်တွေ ခတ်လာသည်။ နှုတ်ခမ်းတွေ တရွရွ လှုပ်လာသည်။

ဘာသံမှ ထွက်မလာ။

ခြောက်သွေ့နေသော နှုတ်ခမ်းတွေ ပွင့်လာပြန်သည်။

ဂျော်ဒန်က ကုလားထိုင်မှ ထလိုက်သည်။ ပြီးတော့ … ကိုယ်ကိုရှေ့သို့ ကုန်းကာ ခေါင်းကို ဆရာကြီးမျက်နှာနားသို့ တိုးကပ်လိုက်သည်။

ပါမောက္ခကြီးသည် အားတင်းပြီး တစ်စုံတစ်ရာကို ပြောရန် ကြိုးစားနေသည်။ ဂူးဂူးဝါးဝါး စကားသံတွေ ပေါ်လာသည်။ ထို့နောက် ပီပီသသပြောသည်။ "တင် … ဆေးနည်း …" ပြီးတော့ ရပ်သွားသည်။ အတော်ကြာတော့မှ "ငါ့ … ငါ့ … အင်္ကျီအိတ် … ထဲ"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ကျွန်တော် နားလည်ပါပြီ"

"အဲဒါ … အဲဒါ … ယူ … ယူ … ပါ"



BURMESE CLASSIC .com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဆရာကြီး၊ ကျွန်တော် ယူပါ့မယ်။ စိတ်ချပါ ဆရာကြီး"

ဂျော်ဒန်က နေရာမှ ချက်ချင်းပြန်လှည့်ပြီး ပါမောက္ခကြီး၏ အပေါ်အင်္ကျီကို ယူလိုက်သည်။ ပြီးတော့ အိတ်ထဲသို့ လက်နှိုက်လိုက်သည်။

အင်္ကျီအိတ်ထဲတွင် စာရွက်ခေါက်တစ်ရွက်တွေ့သည်။ သူက သေချာအောင် စာရွက်ကို ဖြန့်ကြည့်သည်။ ရေးထားသော ဖော်မြူလာများကို သူ လုံးဝနားမလည်။

သို့သော် ယင်းအရာများသည် 'စီ-၉၈' ဆေးနည်းအမှန်တကယ် ဖြစ်ကြောင်းကိုတော့ သူက သံသယ ကင်းစွာ ယုံကြည်သည်။

ထို့နောက် စာရွက်ကို ပြန်ခေါက်ပြီး သူ့အပေါ်အင်္ကျီအိတ်ထဲသို့ သေသေချာချာ ထည့်လိုက်သည်။

ခုတင်နားသို့ ပြန်လာခဲ့သည်။ သူ့မျက်နှာကို ဆရာကြီးမျက်နှာနားသို့ ကပ်လိုက်သည်။

"ရခဲ့ပါပြီ ဆရာကြီး၊ အဲဒါကို ဆရာကြီးက ဘယ်လိုလုပ်စေချင်ပါသလဲ။ ဘယ်လိုလုပ်စေချင်ပါသလဲ"

"လုပ်'ခ

ဂျော်ဒန်က မရိုးမရွဖြစ်ကာ စောင့်ဆိုင်းနေသည်။

ပါမောက္ခကြီး၏ နှုတ်ခမ်းတွေ ပြန်လှုပ်လာသည်။

"လုပ်ပါ ... မောင် ... မောင် ... အကောင်း ... ဆုံး ... ထင်တာ လုပ် ... ပါ"

မျက်တောင်တွေ စင်းလာပြီး မျက်လုံးတွေ ပြန်မှိတ်သွားသည်။

ခေါင်းက ဆတ်ခနဲ လည်သွားပြီး ဘေးသို့ အနည်းငယ် စောင်းကျသွားသည်။

ဂျော်ဒန်က ပါမောက္ခကြီး၏လက်ကို ကမန်းကတန်း လှမ်းကိုင်လိုက်သည်။

လက်ကောက်ဝတ်မှ သွေးခုန်နှုန်းကို စမ်းကြည့်သည်။ လုံးဝ သွေးမခုန်တော့။

ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် နှစ်ကာလ ကြာညောင်းစွာ ပင်ပန်းခံလျက် 'အာယုဿသခ' အသက်ရှည်နုပျိုဆေးကြီးကို အသက်နှင့်လဲ၍ ရှာဖွေ ဖော်ထုတ်ပေးခဲ့သူ ကမ္ဘာကျော် သိပ္ပံပညာရှင် ပါမောက္ခကြီး ဒေးဗစ်မက္ကဒေါနယ်ကား လူတို့ရွာမှ ထာဝရ စွန့်ခွာသွားခဲ့လေပြီတည်း။

***

BURMESE CLASSIC .com

www.burmeseclassic.com

## [ ၉ ]

ပြင်သစ်နိုင်ငံ။

ပါရီမြို့တော်။

နေဝင်ရီတရောအချိန် …။

“ဒီမှာပဲ ရပ်လိုက်ပါ … ပီယာ” ဂျော်ဒန်က ကားဒရိုင်ဘာကို ပြောလိုက်သည်။ “ဒီမှာရပ်လို့ ဖြစ်တယ် မဟုတ်လား”

“ဖြစ်ပါတယ် … မွန်စီယာ” ပြင်သစ်ဒရိုင်ဘာ ပီယာက မာစီဒီးကားကို လမ်းဘေးတွင် ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

ဂျော်ဒန်က ကားနောက်တံခါးကို ဖွင့်လိုက်သည်။

“ကျုပ်တို့ … လေကောင်းလေသန့်ကလေး နည်းနည်းရှုလိုက်ချင်လို့”

“ရပါတယ် … မွန်စီယာ၊ ကျွန်တော် စောင့်နေပါ့မယ်”

ဂျော်ဒန်က အယ်လီဆင်အား တံခါးဖွင့်ပေးသည်။ နှစ်ယောက်သားကားဘေးတွင် ရပ်လိုက်ကြသည်။

ဂျော်ဒန်သည် ပတ်ဝန်းကျင်ကို မျက်လုံး ကစားကြည့်လိုက်သည်။

သူတို့သည် ‘ကွိုင်ဒီမွန်တီဘဲလ်လို’ လမ်းမကြီးပေါ်သို့ ရောက်နေကြသည်။ လမ်းတစ်ဖက်တွင် ‘လာဘောက်တယ်လီဒအော်’ စားသောက်ဆိုင်ရှိသည်။ ခပ်လှမ်းလှမ်းတွင် ‘စိန်း’ မြစ်သည် တသွင်သွင် စီးဆင်းနေသည်။

www.burmeseclassic.com



"လမ်းလျှောက်ကြရင် ကောင်းမယ် ထင်တယ်" ဂျော်ဒန်က အကြံပြုသည်။

"ကောင်းပါတယ်" အယ်လီဆင်က ထောက်ခံသည်။

နှစ်ယောက်သား စကားမပြောဘဲ လျှောက်လာကြသည်။

အယ်လီဆင်၏မျက်နှာတွင် သောကစိတ်၏ အရိပ်လက္ခဏာတွေ ကင်းစင်သွားကြပြီ။ ပါရီမြို့တော်၏ နွေးထွေးသာယာသော ညဥ့်လွှာရုံအောက်တွင် အယ်လီဆင်သည် တည်ငြိမ်နေသည်။ အေးဆေးနေသည်။ ပြီးတော့ ... လှနေသည်။

ပါမောက္ခ မက္ကဒေါ်နယ် ကွယ်လွန်ခဲ့သည်မှာ ရက်သတ္တတစ်ပတ်ပင် ရှိခဲ့ပြီ။ ထိုကာလအတွင်း သူတို့နှစ်ယောက်သည် ဘယ်သောက၊ ဘယ်ပူဆွေးမှု၊ ဘယ်ဝေဒနာနှင့်မျှ ယှဉ်၍ မရနိုင်သော ဝမ်းနည်းကြေကွဲမှုမျိုးကို ရင်နင့်အောင် ခံစားခဲ့ကြရသည်။ ထိုရက်များအတွင်း သူတို့သည် လောကဓံတရား၏ အရက်စက်ဆုံး နှိပ်စက်မှုကို ခံစားသွားရရှာသော ပါမောက္ခကြီး၏ အသုဘကိစ္စ ချောမောအောင်မြင်ရေးအတွက် မနေမနား အလုပ်များခဲ့ကြရသည်။ အေသင်မြို့တော်မှ 'ဟစ်လ်တန်' ဟိုတယ်တွင် ခြေရာချင်းထပ်မျှ ထွက်လိုက်ဝင်လိုက် ဖုတ်ပူမီးတိုက် အလုပ်ရှုပ်ခဲ့ကြရသည်။

နောက်ဆုံးတော့ ပါမောက္ခကြီး၏ လန်ဒန်မြို့ရှိ ညီမထံသို့ ခက်ခက်ခဲခဲဖြင့် တယ်လီဖုန်းဆက်၍ အကြောင်းကြားနိုင်ခဲ့သည်။

ယင်းသို့ အကြောင်းကြားနိုင်ရန်အတွက် သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်ကာ မဟုတ်မမှန်သော 'လုပ်ဇာတ်' တစ်ခုကိုလည်း အခြေအနေအရ မလွှဲမရှောင်သာဘဲ ဖန်တီးခဲ့ကြရသည်။

ပါမောက္ခကြီးသည် ပါရီမြို့သို့လာရင်း ဗင်းနစ်မြို့တွင် ခရီးတစ်ထောက်နားပြီး ဂရိသင်္ဘောတစ်စင်းဖြင့် အေသင်မြို့သို့ ခရီးဆက်ခဲ့သည်။ သင်္ဘောပေါ်တွင် ရှေးဟောင်းသေနတ်လက်နက်များ စုဆောင်းသူတစ်ဦးနှင့် တွေ့ဆုံရင်းနှီးရာမှ ပါမောက္ခကြီးသည် ရှေးဟောင်းစစ်သုံးလက်နက်များကို ကြည့်ရှုရန် စိတ်ဝင်စားလာသည်။ သို့ဖြင့် တစ်နေ့တွင် သေနတ်တစ်လက်ကို စစ်ဆေးကြည့်ရှုနေရင်း မတော်တဆ ကျည်ဆန်ထွက်ပြီး ပါမောက္ခကြီးအား ထိမှန်ရာ ပါမောက္ခကြီးမှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံး သွားခဲ့ခြင်း ဖြစ်သည်။

ဤသို့လျှင် သူတို့နှစ်ယောက်သည် ပါမောက္ခကြီး၏ညီမအား ယုံကြည်လောက်သည့် အကြောင်းပြချက်ဖြင့် တယ်လီဖုန်းဆက်၍ သတင်းပို့ကြရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ညီမဖြစ်သူက ပါမောက္ခကြီး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို မိသားစု သင်္ချိုင်းတွင် မိခင်ဖြစ်သူ၏ သင်္ချိုင်းဂူဘေး၌ မြေမြှုပ်သင်္ဂြိုဟ်လိုသော ဆန္ဒရှိသဖြင့် အလောင်းကို လန်ဒန်သို့ လေယာဉ်ဖြင့် ပို့ရန်စီစဉ်ခဲ့ကြရသည်။

ထို့ပြင် ... အေသင်မြို့၌ အေပီကမ္ဘာ့သတင်း ဖြန့်ချိရေးဌာနမှ ဗျူရိုမှူး နှင့် တွေ့ဆုံကာ ပါမောက္ခကြီး၏ အသုဘသတင်းကို ထုတ်ပြန်ခဲ့ရသေးသည်။ အယ်လီဆင်က ပါမောက္ခကြီး၏ နောက်ကြောင်း ရာဇဝင်ကို အသေးစိတ် ပြောပြရာ ဗျူရိုမှူးက လိုက်ရေးပြီး ချက်ချင်းပင် ကြေးနန်းဖြင့် သတင်းဖြန့်ချိ လိုက်သည်။

သို့သော် ... နောက်တစ်နေ့မနက် သတင်းစာများ၌ ပါမောက္ခကြီး၏ အသုဘသတင်းကို ပါရုံမျှသာ မည်ကာမတ္တဖော်ပြကြသဖြင့် ဂျော်ဒန်မှာ အံ့သြ မဆုံးဖြစ်မိသည်။ သည်အတိုင်းဆိုလျှင် ပါမောက္ခမက္ကဒေါ်နယ်မှာ မထင်ရှား သော သာမန်သိပ္ပံပညာရှင်တစ်ဦးလိုဖြစ်နေပြီး သူကွယ်လွန်ခြင်း သတင်းမှာ လည်း သာမန်သတင်းကလေးတစ်ပုဒ်မျှသာ ဖြစ်နေသည်။

သို့သော် ... ကိစ္စမရှိ။ မကြာမီတွင်ပင် သတင်းက တစ်မျိုးတစ်ဖုံ အပြောင်းလဲကြီး ပြောင်းလဲသွားပေလိမ့်မည်။

သည်အတွေးကြောင့် ဂျော်ဒန် ဝမ်းသာသွားမိသည်။

ပါမောက္ခကြီး၏ အံ့ဘနန်း ရှာဖွေတွေ့ရှိချက်ကြီးကို တစ်ကမ္ဘာလုံး ကို ထုတ်ပြန်ကြေညာလိုက်လျှင် သူ့အသုဘသတင်းကို ကမ္ဘာ့သတင်းစာအား လုံးက ပထမ သတင်းထက် အဆတစ်ရာ အထောင်မက ချဲ့ထွင်ရေးသားပြီး ဝေဝေဆာဆာ ဖော်ပြကြလိမ့်မည်။ သူ့နာမည်မှာလည်း လူတိုင်းပါးစပ်ဖျားသို့ ရောက်သွားပြီး သူသည် လူပင်သေသော်လည်း နာမည်မသေသော ကမ္ဘာ့ သမိုင်းဝင် ပုဂ္ဂိုလ်ကျော်ကြီးတစ်ဦး ဖြစ်သွားလိမ့်မည်။

ပါမောက္ခကြီး၏ အသုဘသတင်း ပါလာသောနေ့က သူသတိ မထားခဲ့မိသော အချက်တစ်ချက်ကို ဂျော်ဒန် သတိရမိသည်။ ယခုတိုင်အောင် ထိုအကြောင်းကို တွေးပြီး စိတ်ထဲတွင် မရိုးမရွ ဖြစ်နေတုန်းရှိသေးသည်။

ထိုအချက်မှာ အခြားမဟုတ်။ ဗင်းနစ်မြို့ ...။

သူတို့ ထွက်ပြေးလာခဲ့ပြီးနောက် ဗင်းနစ်မြို့တွင် ဘာတွေဖြစ်ကျန် ရစ်ခဲ့သလဲ။

ဗိုလ်မှူးကြီး ကတ်ထရန်းနှင့် မြို့တော်ဝန် အက္ကာဒီတို့က မြို့ဝင်မြို့ ထွက် ခရီးသွားလာမှုနှင့် သတင်းဖြန့်ချိရေးတို့ကို ပြန်လည်ဖွင့်ပေးမည်မှာ သေချာသည်။ ယင်းသို့ ပြန်လည်ဖွင့်ပေးခြင်းအတွက် သူတို့က ဘာဘာညာ ညာ အကြောင်းပြချက်တစ်ရပ်ကို မလွဲမသွေ ထုတ်ပြန်ပေလိမ့်မည်။

www.burmeseclassic.com



ထို့ကြောင့် ဂျော်ဒန်သည် အေသင်မြို့မှ အေပီသတင်းဖြန့်ချိရေးဌာနသို့ သွားကာ 'အင်တာနယ်ရှင်နယ်ဟယ်ရယ်လ်ဒ်ထရီဗျွန်း' သတင်းစာကြီး၏ ဖိုင်တွဲဟောင်းကို တောင်းကြည့်သည်။ သူထင်သည့်အတိုင်းပင် မလွဲမသွေ တကယ်တွေ့ရသည်။ ထိုသတင်းကို သူတို့ ထွက်ပြေးလာခဲ့ပြီးနောက် နှစ်အကြာတွင် ထုတ်ဝေသော သတင်းစာ၏ မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြထားသည်။

ယင်းသတင်းမှာ အခြားမဟုတ်။ မြို့တော်ဝန် အက္ကာဒီ၏ ထုတ်ပြန်ကြေငြာချက်ဖြစ်သည်။ ကြေညာချက်တွင် ရေးထားလိုက်ပုံကတော့ –

**သူလျှိုကိုဖမ်းလိုက်ပြီ။ ဗင်းနစ်မြို့ကိုလည်း အသွားအလာ အတားအဆီး မရှိ ပြန်ဖွင့်လိုက်ပြီ။ သယ်ယူပို့ဆောင်ရေးယာဉ်တွေ ပုံမှန်အတိုင်း ပြန်လည်လှုပ်ရှားနေကြပြီ။ အရေးပေါ် ကြော်ငြာချက်မိ၍ မထွက်နိုင်ဖြစ်နေခဲ့ကြရသော ခရီးသည်များလည်း ပြန်ထွက်သွားကြပြီ။ ခရီးသည်သစ်တွေ ဝင်လာမစဲ တသဲသဲ ရှိနေကြသည်။ အစိုးရရုံးများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေ အရှိန်မပျက် ဆက်လက်ဆောင်ရွက် နေကြပြီ။ သူလျှိုကို ထိန်းသိမ်းထားသည်။ ပျောက်သွားသော ကာကွယ်ရေးလျှို့ဝှက်ချက်ကို ပြန်လည်တွေ့ရှိပြီ။ ယခုအခါ သူလျှိုအား စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ စစ်ဆေးမှုမပြီးမချင်း တစ်စုံတစ်ရာ ထုတ်ပြန်ကြေညာခြင်း ပြုမည် မဟုတ်သေး။ ဖမ်းဆီးထားသော သူလျှိုသည် အမေရိကန်နိုင်ငံသား အမှန်တကယ် ဟုတ်မဟုတ်ကို အမေရိကန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက သိလိုသောကြောင့် ဆက်လက်စစ်ဆေးလျက်ရှိသည်...။**

မြို့တော်ဝန်၏ ကြေညာချက်ကတော့ ယင်းအတိုင်းပင် ဖြစ်သည်။

ဂျော်ဒန်က သတင်းစာကို ကြည့်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။

အီတာလျံတွေက တော်တော် စိတ်ကူးယဉ်တတ်ကြသည်။ ဇာတ်လမ်းလည်း ဆင်တတ်ကြသည်။ ဒါက သူတို့၏စရိုက်။

သည်အချက်ကို ဂျော်ဒန်က ကောင်းကောင်းနားလည်သည်။

သို့သော် သည်မျှနှင့် မပြီးသေး။ နောက်ထပ် ကြေညာချက်တစ်ရပ် ထွက်ပေါ်လာပြန်သေးသည်။

သည်နေ့နံနက် အေသင်မြို့တွင် နံနက်စာ စားနေတုန်း ဂျော်ဒန်သည် နောက်ဆက်တွဲ သတင်းတစ်ပုဒ်ကို ထပ်မံတွေ့လိုက်ပြန်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



သတင်းက ဗင်းနစ်မြို့မှ လာသောသတင်း။ တိုတိုနှင့်လိုရင်းလောက်ကိုသာ ရေးထားသည်။ 'အင်တာနယ်ရှင်နယ် ဟယ်ရယ်လ်ဒ်ထရီဗွန်း' သတင်းစာ စာမျက် (၃) တွင် ပါလာသည်။ ရေးထားပုံက ....

**ဗင်းနစ်မြို့ကို ပိတ်ထားရလောက်အောင် ဒုက္ခအကြီးအကျယ် ပေးခဲ့သော သူလျှိုသည် သေဆုံးသွားခဲ့ပြီ။ သူသည် အချုပ်ခန်းထဲတွင် ၎င်း၏ ခါးပတ်ကို အသုံးပြု၍ ဆွဲကြိုးချသတ်သေသွားခြင်း ဖြစ်သည်။ (အင်း ... တော်တော်လည်း တော်တဲ့ တော်တော်တော်တွေပါပဲ။ '၎င်း၏ခါးပတ်ကို အသုံးပြု၍' တဲ့။ ဂျော်ဒန်က သတင်းကိုဖတ်ပြီးနောက် ဟားတိုက်၍သာ ရယ်ချလိုက်ချင်တော့သည်။) သူ့ကိုယ်သူ မဂ္ဂရီဂါ ဟူ၍ နာမည်ပေးထားသော သူလျှိုမှာ အမေရိကန်နိုင်ငံသား လုံးဝ မဟုတ်။ လိမ်ညာ၍ ဟန်ဆောင်ခြင်းမျှသာ ဖြစ်သည်။ စင်စစ် သူ ၏နာမည်ရင်းမှာ ဒေါက်တာအိန်ဂျယ်လိုပါဖက်တီ ဖြစ်သည်။ သူသည် ဘိုလိုဂနာမြို့မှ တီထွင်သူတစ်ဦးဖြစ်ပြီး တစ်ချိန်က စစ်ဘက်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ သူသည် အီတလီနိုင်ငံ၏ စစ်ရေးဆိုင်ရာ လျှို့ဝှက်ချက်ကို ခိုးယူပြီးနောက် ဗင်းနစ်မြို့တစ်နေရာတွင် ပုန်းအောင်းနေခဲ့သည်။ ရည်ရွယ်ချက်မှာ အဆိုပါ လျှို့ဝှက်ချက်ကို အီတလီ အစိုးရက ပြန်လိုချင်ပါက ထိုက်ထိုက်တန်တန် တန်ဖိုးပေးမှသာလျှင် ပြန်ပေးမည်။ သို့မဟုတ်ပါက နိုင်ငံခြားတိုင်းပြည်တစ်ပြည်သို့ ရောင်းချပစ်မည်။**

**မည်သို့ပင် ဖြစ်စေ ယခုအချိန်တွင် ဗင်းနစ်မြို့သူမြို့သားများနှင့် ကမ္ဘာလှည့်ခရီးသည် အများစုတို့ ကြုံတွေ့ခဲ့ရသော အနိဋ္ဌာရုံကပ်ဆိုးတစ်ခုမှာ လုံးဝကင်းစင်ပပျောက်သွားပြီဖြစ်ကြောင်းဖြင့် ဗိုလ်မှူးကြီးကတ်ထရန်းက သတင်းစာ ဆရာများအား ရှင်းလင်းပြောကြားသည်။**

**ထို့ကြောင့် ... ယခုအခါ ဗင်းနစ်မြို့သည် ယခင်အတိုင်းပင် အသက်ပြန်ဝင်လာပြီ ဖြစ်သည်။ သာယာစည်ပင်လာပြီဖြစ်သည်။ ဗင်းနစ်မြို့က ကမ္ဘာသူကမ္ဘာသာအားလုံးကို ဝမ်းသာလှိုက်လှဲ ကြိုဆိုနေပြီဖြစ်သည်။**

အင်း ... တော်ကြပါပေ့ ... ဗင်းနစ်ရှင်းသားတို့ရယ် ဟု ဂျော်ဒန်က ကျိတ်၍ ချီးကျူးလိုက်မိသည်။

ပြတ်သွားသော ကြိုးမှန်သမျှ နေသားတကျ ပြန်ဆက်လိုက်ကြပြီ။ အရှုံးကြီး ရှုံးပေးမယ့် ပြုံးပြုံးကြီး အနိုင်ယူနိုင်သော ဘာသာစကားတစ်ခုကို တီထွင်လိုက်ကြပြီ။



BURMESE CLASSIC .com

www.burmeseclassic.com



ဂျော်ဒန်နှင့် အယ်လီဆင်တို့မှာ ပါမောက္ခဆရာကြီး မက္ကဒေါ်နယ်၏ 'အာယုဩသဓ' အသက်ရှည် နုပျိုဆေးကြီးအကြောင်းကို ယခု အေသင်မြို့တော် ရောက်တော့မှသာ ပထမဆုံးအကြိမ်အဖြစ် စကားဟနိုင်ကြတော့သည်။

ဂျော်ဒန်က မေးလိုက်သည်။

"ဒီတော့ ... ပါရီမှာ ကျင်းပမယ့် 'နိုင်ငံတကာ ဇရာတားဆီးရေးဗေဒ အသင်း' ညီလာခံမှာ ... ဒီ 'စီ-၉၈' ဆေးနည်းအကြောင်းကို မင်းက စာတမ်းဖတ်ဖို့ ရည်ရွယ်သလား"

"မရည်ရွယ်ပါဘူး၊ ညီလာခံက ပြီးခဲ့တဲ့ နှစ်ရက်လောက်ကတည်းက ရွှေ့ဆိုင်းလိုက်ပြီပဲ"

"ဒါပေမယ့် ... ကိစ္စမရှိပါဘူး။ တခြားနည်းလမ်းတွေ အများကြီး ရှိပါတယ်"

"ရှိပါတယ်"

ပါမောက္ခ မက္ကဒေါ်နယ်၏ အမွေဆက်ခံရေး ကိစ္စကို နောက်ထပ်ဘာမှ မပြောကြတော့။

အယ်လီဆင်က ပါရီတွင် သူမအသုံးပြုခဲ့သော ဒရိုင်ဘာထံသို့ သူတို့ရောက်လာမည့်အကြောင်းကို ကြိုတင် သံကြိုးရိုက်လိုက်သည်။ သို့ဖြင့် ... အိုလံပစ်လေကြောင်း ကုမ္ပဏီပိုင် ဂျက်လေယာဉ်ပျံကြီးသည် သူတို့အား ဒီဂေါလေယာဉ်ကွင်းသို့ သုံးနာရီအတွင်း အရောက်ပို့ပေးခဲ့သည်။

လေဆိပ်တွင် သူမ၏ဒရိုင်ဘာ ပီယာနှင့် မာစီဒီးကားတို့က အသင့်စောင့်ကြိုနေကြသည်။

အယ်လီဆင်အား 'ပလာဇာအက်သင်နီး' ဟိုတယ်သို့သွားပို့ရန် အလာလမ်းခုလတ်တွင် ဂျော်ဒန်က အချိန်ဆွဲထားလိုက်သည်။ သူက ပြင်သစ်ဒရိုင်ဘာအား 'စိန်း' မြစ်နားဘက်သို့ ကားကို မောင်းသွားရန် ပြောလိုက်သည်။

ယခုတော့ သူတို့နှစ်ယောက်သည် စိန်းမြစ်ပေါ်တွင် အေးအေးလူလူ လမ်းလျှောက်နေကြပြီ။ ဂျော်ဒန်သည် မပြီးဆုံးသေးသော လုပ်ငန်းကြီး၏ အဓိက ကဏ္ဍတစ်ခုအတွက် သူ့စိတ်ထဲတွင် အားမလိုအားမရ ဖြစ်နေမိသည်။

ယခုအချိန်တွင် ပါမောက္ခ မက္ကဒေါ်နယ်၏ သမိုင်းဝင် အမွေကြီးသည် သူတို့နှစ်ယောက်၏ လက်ဝယ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ဂျော်ဒန်က ဆေးတံကိုထုတ်၍ မီးညှိသည်။

သူတို့သည် စာအုပ်ဆိုင်တစ်ဆိုင်ကို ဖြတ်ကျော်လာခဲ့ပြီးနောက် စိန်းမြစ်ဆီသို့ ဆင်းသွားသော ကျောက်လှေကားကမ်းကို ဂျော်ဒန်က ညွှန်ပြရင်း-

www.burmeseclassic.com



"တို့ အဲဒီဘက် လျှောက်ကြရအောင်။ မြစ်ကမ်းနားလမ်း လျှောက်ရတာ ကောင်းပါတယ်"

အယ်လီဆင်က ခေါင်းညိတ်လိုက်သည်။

သူတို့သည် မြစိမ်းရောင် တလက်လက် တောက်နေသော 'စိန်း' မြစ်ဆီသို့ ဦးတိုက်ဆင်းသွားသည်။ ကျောက်ခင်းဆိပ်ခံတံတားအတိုင်း လျှောက်ဆင်းလာခဲ့သည်။

ခါးလယ်သာသာမြင့်သော တံတားလက်ရန်းအနား ကပ်သွားပြီး ရေထဲသို့ စိုက်ကြည့်နေကြသည်။

ထောင်ပေါင်းများစွာသော ပြိုးပြိုးပြက်ပြက်အလင်းရောင်များသည် ရေလှိုင်းတွေကြားတွင် ယိမ်းထိုးကခုန်နေကြသည်။ လမ်းမတစ်ဖက်ရှိ 'နော်တာဒိန်း' ဘုရားရှိခိုးကျောင်းတော်ကြီးက မီးရောင် ထိန်ထိန်လင်းနေသော ဘုံဆောင်ပြာသာဒ်များသည် စိန်းမြစ်ထဲတွင် ရောင်ပြန်လာဟပ်နေကြသည်။

ဂျော်ဒန်က တံတားလက်ရန်းကို ကိုင်ပြီး အယ်လီဆင်၏မျက်နှာကို ကြည့်လိုက်သည်။

"တို့နှစ်ယောက် လုံးဝ မဆွေးနွေးရသေးတဲ့ ပြဿနာတစ်ရပ် ကျန်နေသေးတယ်"

သူက သူ့အင်္ကျီအိတ်ကို လက်ဖြင့်ပုတ်ပြရင်း –

"ဆရာကြီးရဲ့ဆေးနည်းကို ပြောတာပါ။ အဲဒါ ... မင်းဘယ်လိုလုပ်ချင်သလဲ။ ဘယ်လိုစိတ်ကူးထားသလဲ"

"ကျွန်မ ဘာမှမစဉ်းစားရသေးဘူး၊ ဒါက ... ရှင်နဲ့ဆိုင်တာပဲ။ ဆရာကြီးက ရှင့်ကို ပေးထားခဲ့တာပဲ ... တင်။ သူက ရှင်အကောင်းဆုံး ထင်တာကို လုပ်ပါလို့ မှာသွားခဲ့တယ် ... မဟုတ်လား"

"အဲဒါက ... သူမရေမရာ ပြောသွားတာပါ။ သူလဲ ဘာလုပ်ရမှန်း အတိအကျ သိပုံမရပါဘူး။ တစ်ကမ္ဘာလုံး သိအောင်ဖော်ထုတ်ဖို့ဆိုတာကိုတော့ သူ့စိတ်ထဲမှာ အမြဲတမ်းထည့်ထားထားခဲ့တယ်။ ဒါပေမယ့် ဗင်းနစ်မြို့မှာ အရေးအခင်းတွေကြုံရပြီးတဲ့နောက်တော့ သူ့စိတ်ကူးဟာ သိပ်မရေရာတော့ဘူးလို့ ငါထင်မိတယ်"

"ဟုတ်ပါတယ် ... တင်။ ကျွန်မလဲ မရေရာတော့ပါဘူး။ ဒါနဲ့ ရှင်ကရော ဘယ်လိုစိတ်ကူးထားသလဲ"

ဂျော်ဒန်က ချက်ချင်းမဖြေ။ သူ ပြန်လည်စဉ်းစားနေသည်။ တကယ်တော့ သူချစ်မြတ်နိုးလှသော ပါမောက္ခကြီးကွယ်လွန်သွားပြီးကတည်းက သည်အကြောင်းကို သူ လုံးဝ မစဉ်းစားတော့။ စိတ်လည်း မဝင်စားတော့။

www.burmeseclassic.com



သည်ဆေး၏ ကောင်းကျိုး၊ ဆိုးကျိုး အလားအလာကို ဗင်းနစ်မြို့တွင် လူသားတွေနှင့် လက်တွေ့ စမ်းသပ်ခဲ့ရပြီ မဟုတ်လား။

အချို့ ပုဂ္ဂိုလ်တွေကတော့ စိတ်စေတနာ မှန်ကန်စွာဖြင့်၊ ဂုဏ်သိက္ခာရှိစွာဖြင့် တုံ့ပြန်ကြပါ၏။ ဥပမာ ... ဆန်လက်ဇာရိုကျွန်းမှ ကိုယ်တော်ကလေးပါရှယ်လို ပုဂ္ဂိုလ်မျိုး၊ မြို့စားကတော်ကြီး ဒီမာချီလို ပုဂ္ဂိုလ်မျိုး။ ပြီးတော့ ... ဂီတဆရာကလေး အိုရက်စတီမီမိုလို ပုဂ္ဂိုလ်မျိုး။

သူတို့သည် စိတ်ကောင်း စေတနာကောင်း ရှိကြသူများဖြစ်ကြပါ၏။ သို့သော် သူတို့အထဲကတောင်မှ နှစ်ယောက်သော ပုဂ္ဂိုလ်များမှ တစ်စုံတစ်ခုသော အတိုင်းအတာအထိသာ ကောင်းကြသူများဟု ဆိုရမလို ဖြစ်နေပါသေး၏။

ကျော်ဒန်သည် သူကြုံခဲ့၊ တွေ့ခဲ့ရသမျှ အနိဋ္ဌာရုံ အတွေ့အကြုံများနှင့် လူသားတွေ၏စိတ်စေတနာများကို ပြန်လည်ဆန်းစစ်ကြည့်မိသည်။ သမ္မာကျမ်းထဲက ဂျူဒါ့စ်လို ပုဂ္ဂိုလ်များ(မိမိအသက်ရှင်ရေးအတွက်၊ မိမိကောင်းစားရေးအတွက်၊ မိမိ၏ ဆွေမျိုးမိတ်ဆွေများ ကောင်းစားရေးအတွက် မိမိ၏ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများ အပေါ် ရက်ရက်စက်စက် သစ္စာဖောက်သူများ)ကိုလည်း အများအပြား တွေ့ခဲ့ကြုံခဲ့ရသည်။ ဥပမာ – ဘုန်းတော်ကြီးပီယက်ထရိုလို ပုဂ္ဂိုလ်မျိုး၊ ဒေါက်တာ စကာပါလို ပုဂ္ဂိုလ်မျိုး၊ ဖဲလစ်ဟူးဘားလို ပုဂ္ဂိုလ်မျိုး၊ စီးဒရစ်ဖော်စတာလို ပုဂ္ဂိုလ်မျိုး၊ တီရီဆာဖန်တိုနီလို ပုဂ္ဂိုလ်မျိုး၊ ဆင်းဘတ်နူရီခန်လို ပုဂ္ဂိုလ်မျိုး၊ ဘရူနိုလို ပုဂ္ဂိုလ်မျိုးနှင့် မာရီဆာလို ပုဂ္ဂိုလ်မျိုး။

ယင်းတို့အနက် မာရီဆာလို ပုဂ္ဂိုလ်မျိုးကတော့ စံတင်လောက် သည်။ လူသားမေတ္တာ ကင်းမဲ့သည့် အဆိုးရွားဆုံး သစ္စာဖောက် ဟူ၍ ဆိုရ လိမ့်မည်။ ပြီးတော့ ... ဆိုးကျိုး၊ ဆိုးကျိုး၊ ဆိုးကျိုးကို သူသိပါသည်။

ပါမောက္ခ မက္ကဒေါ်နယ် ရှာဖွေတွေ့ရှိသော အံ့ဖွယ်ဆေးနည်းကြီး၏ ဆိုးကျိုးကို ကျော်ဒန် ကောင်းစွာသိပါသည်။ သဘောပေါက်ပါသည်။ နားလည်ပါသည်။

ဤဆေးနည်း၏ ဆိုးကျိုးသည် ကမ္ဘာ့လူသားအားလုံးအား (အင်္ဂလိပ်စာရေးဆရာကြီး ရောဘတ်လူဝီစတီဗင်ဆင်၏ 'ဒေါက်တာ ဂျက်ကယ်နှင့် မစ္စတာဟိုက်' ဝတ္ထုထဲမှ) မစ္စတာ ဟိုက်လို လူစားမျိုးတွေချည်း ဖြစ်အောင် ဖန်တီးဖြစ်နိုင်သည့် အလားအလာကို ကျော်ဒန် ကောင်းစွာ သဘောပေါက်ပါသည်။

သို့သော် ကျော်ဒန်က ထို့ထက်လည်း ပို၍ သိပါသေးသည်။ သဘောပေါက်ပါသေးသည်။ နားလည်ပါသေးသည်။

www.burmeseclassic.com



မည်သည့်အရာတွင်မဆို အဆိုးရှိသလို အကောင်းလည်း ရှိပါသေးသည်။ ထို့ကြောင့် ... အဆိုးကို ဆန်းစစ်သလို အကောင်းကိုလည်း ဆန်းစစ်ရမည်သာ ဖြစ်သည်။

သူက ပါမောက္ခ မက္ကဒေါ်နယ်၏ ဆေးနှင့် ပတ်သက်၍ ကောင်းသော အချက်များ၊ သို့မဟုတ် ကောင်းကျိုးများကို အကျဉ်းရုံး၍ သုံးသပ်ကြည့်မိသည်။

ဤဆေးသည် လူသားတို့၏ ရောဂါဘယ ဟူသမျှကို ချုပ်တည်းတားဆီးနိုင်သည်။ ပျောက်ကင်းစေနိုင်သည်။

သေခြင်းတရားကြောင့် လူသားတို့ဘဝ အရွယ်မတိုင်မီ ဆုံးခန်းတိုင်ရခြင်း၊ အချိန်စောစွာ နိဂုံးချုပ်ရခြင်းတို့ကိုလည်း အချိန်ဆွဲထားနိုင်သည်။

ဤဆေးနည်း၏ အဓိက အနှစ်သာရ၊ အဓိက တန်ဖိုးသည် လူသားမျိုးနွယ် အားလုံးတို့က အာသာဆန္ဒ ပြင်းပြစွာဖြင့် နေ့စဉ်မပြတ် တစ်ရံမလတ် အမြဲတမ်းရှာဖွေနေသော လူသားတို့အတွက် အဖိုးထိုက်ဆုံး ရတနာဖြစ်သော 'အချိန်' ကို ပေးစွမ်းနိုင်ခြင်းပင်ဖြစ်သည်။

ဝသန္တ မိုးရာသီ၏အလှကို လူသားတို့ ခံစားနိုင်သော 'အချိန်'။ ဟေမန္တ ဆောင်းရာသီ၏အလှကို လူသားတို့ခံစားနိုင်သော 'အချိန်' ဂိမ္ဟန္တရာသီ၏အလှကို လူသားတို့ခံစားနိုင်သော 'အချိန်' ချစ်သူတို့အတွက် ချစ်ခွင့်ပေးနိုင်သော 'အချိန်'။ စက်မှုတီထွင်သူတို့ အတွက် တီထွင်ခွင့်ရနိုင်သော 'အချိန်'၊ အနုပညာ ဖန်တီးသူတို့အတွက် ဖန်တီးခွင့်ရနိုင်သော 'အချိန်'၊ ပညာရှာသူ၊ ပညာပေးသူတို့အတွက် ပညာရှာနိုင်သော၊ ပညာပေးနိုင်သော 'အချိန်'၊ အထူးအားဖြင့် ... ထာဝရ နုပျိုနေလိုသူတို့အတွက် နုပျိုစွာ နေစေ နိုင်သော 'အချိန်'။

သို့သော် ... သို့သော်။

တစ်ဖက်က ကြည့်ပြန်လျှင်ကား ဤဆေး၏ ဆိုးကျိုးမှာ အတိုင်းမသိ ကြောက်မက်ဖွယ်အတိ ပြည့်နှက်လျက်ရှိသည်ကို တွေ့ရပြန်သည်။

လူသားတို့အား သဘာဝထက်ကျော်လွန်သော သက်တမ်းရှည်အောင်လုပ်ခြင်းသည် လူသားတို့အား ကြောက်စရာသားရဲတိရစ္ဆာန်ဘဝသို့ ရောက်အောင်လုပ်ခြင်းပင်ဖြစ်သည်။

ဤကမ္ဘာမြေပြင်တွင် လူသားတွေ ခြေချစရာကွက်လပ်မကျန်အောင် လူဦးရေတိုးပွားလာမည်။ အစာငတ်မွတ်ခြင်း ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်မည်။ အလုပ်လက်မဲ့ ပြဿနာမှာ ဖြေရှင်းမရအောင် ကြီးမားလာမည်။

ရာဇဝတ်မှုများ၊ အကြမ်းဖက်မှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများ ဒီရေအလား တိုးပွားလာမည်။



BURMESE CLASSIC .com

www.burmeseclassic.com



တားမနိုင် ဆီးမရဖြစ်လာသော ကလေးမွေးဖွားနှုန်းကြောင့် လူဦးရေ မနိုင်ရင်ကန် အလျှံပယ် တိုးပွားလာခြင်းကို 'ဟန်ချက်ညီရန်' ပြည်တွင်းစစ် ကြီးတွေ၊ ကမ္ဘာစစ်ကြီးတွေ မကြာခဏ ဖြစ်ပွားကာ လူသားတွေ အချင်းချင်း ရက်ရက်စက်စက် သတ်ဖြတ်လာကြမည်။

တော်လှန်ပေါက်ကွဲမှုတွေ၊ ကျူးကျော်ဖျက်ဆီးမှုတွေ မလွဲမသေ ပေါ်ပေါက်လာမည်။

လူ့ဂုဏ်ရည်တွေ ပျက်သုဉ်းလာမည်။

သက်ကြီးဂုဏ်ကြီးရည်တိုး တက်ပြီး သက်ငယ်တို့၏ အာဃာတ စိတ်တွေ တိုးပွားလာမည်။

နောက်ဆုံး … သက်တမ်းရှည်လွန်းသောကြောင့် လူ့ဘဝသည် မဆုံးနိုင်သော၊ ဇာတ်သိမ်းမရှိသော ရုပ်ရှင်ကားတစ်ကားလို ဖြစ်လာပြီး လူသားတွေဘဝကို ငြီးငွေ့လာကြမည်။

ထိုအခါ လုပ်အားတွေ၊ စေတနာတွေ၊ မေတ္တာတရားတွေ ဆိတ်သုဉ်း လာမည်။

ဂျော်ဒန်သည် 'ယနေ့' ညတွင် ရပ်တည်ကာ 'မနက်ဖြန်' ကို ကြည် လင်စွာ မြင်ရသည်။ သူသည် 'အသက်ရှည်နှပျိုဆေး' ၏ ဆိုးကျိုးကောင်း ကျိုးကို လက်ဝါးပြင်ပေါ် တင်ကြည့်သကဲ့သို့ ပြက်ပြက်ထင်ထင်မြင်ရသည်။ အပေါ်ယံ ရွှေမှုန်ကြဲထားသော်လည်း အထဲတွင် နောက်ချေးခံနေသော အဖြစ်ကို လေးနက်စွာ သဘောပေါက်မိသည်။

သူက အယ်လီဆင်ကို ကြည့်လိုက်သည်။

"မင်းက ငါ့ကိုစောစောက မေးခဲ့တယ်။ ဒီဆေးနဲ့ ပတ်သက်ပြီး ရှင် ဘယ်လိုစိတ်ကူးထားသလဲ၊ ဘယ်လိုလုပ်မလို့ ရည်ရွယ်ထားသလဲလို့ မင်း မေးခဲ့တယ်။ အခု ငါ စိတ်ကူးရပြီ။ ငါ ဆုံးဖြတ်လိုက်ပြီ။ လုပ်သင့်တယ်လို့ ထင်တဲ့အတိုင်း ငါလုပ်ရင် မင်းက ကျေနပ်ပါ့မလား"

"ဆရာကြီးကိုယ်တိုင်က သဘောတူ ဆန္ဒပေးခဲ့ပြီးပြီပဲ။ ကျွန်မအနေ နဲ့ သဘောမတူနိုင်စရာ မရှိပါဘူး။ ရှင်က အကောင်းဆုံးလို့ ထင်တာကိုသာ လုပ်ပါ"

ထို့နောက် အယ်လီဆင်ကို ကျောခိုင်းပြီး ဆိပ်ခံတံတားအစွန်သို့ လျှောက်လာခဲ့သည်။

သူသည် ခေတ္တမျှ ချီတုံချတုံဖြစ်နေသည်။ ထို့နောက် … ထို့နောက် သွေးအေးအေးဖြင့် … သန္နိဋ္ဌာန် ပိပြင်စွာဖြင့် စာရွက်ခေါက်ကို အလယ်မှနေပြီး နှစ်ခြမ်းကွဲအောင် ဆုတ်ဖြဲလိုက်သည်။ ပြီးတော့ … ဆုတ်ပြီးရင်း ဆုတ်ရင်း



BURMESE CLASSIC .com

www.burmeseclassic.com



ထပ်ကာ ထပ်ကာ အစိတ်စိတ် အမွှာမွှာ ဆုတ်ဖြဲပစ်လိုက်သည်။ နောက်ဆုံး စာရွက်ခေါက်တစ်ခုလုံး အပိုင်းအစကလေးများ ဖြစ်သွားသည်။

ပြီးလျှင် သူသည် စာရွက်အပိုင်းအစကလေးများကို စိန်းမြစ်ထဲသို့ လက်လွှဲကာ တအားပစ်ကြဲလိုက်သည်။

သူသည် ရေပြင်တွင် ပေါလောပေါ်နေသော စာရွက် အပိုင်းအစ ကလေးများကို ဆိပ်ခံတံတားပေါ်မှ ရပ်ကြည့်နေသည်။ မကြာမီတွင်ပင် စာရွက် အပိုင်းအစကလေးများမှာ တခြားစီ ပြန့်ကျဲပြီး ရေစီးနှင့်အတူ အမှောင်ထဲသို့ မျောပါသွားကြတော့သည်။

သူသည် အယ်လီဆင်ဆီသို့ ပြန်လျှောက်လာခဲ့သည်။

"ကိုင်း ... မင်းကို ဟိုတယ် လိုက်ပို့မယ်။ ငါ့အတွက်လဲ အခန်း တစ်ခန်းရှာရဦးမယ်"

အယ်လီဆင်က နေရာမှ မရွေ့သေး။

"ရှင့်အတွက် အခန်းရှာနေစရာ မလိုတော့ပါဘူး။ ရှင့်မှာ အခန်းရှိပြီး သားပဲ။ ကျွန်မအခန်းလည်း ရှင့်အခန်းပဲပေါ့၊ ကျွန်မ ခံစားသလို ရှင်ခံစားရင် ပြောတာပါ"

သူက သူမ၏ လက်မောင်းကို ဆုပ်ကိုင်ပြီး နမ်းလိုက်သည်။

ရှည်လျားသော အနမ်း။ နွေးထွေးလှိုက်လှဲသော ချစ်မေတ္တာ အနမ်း။

သူ့ဘဝတွင် ယခုအချိန်လောက် ပျော်ရွှင်ချမ်းမြေ့ခြင်းနှင့် တက်ကြွ လန်းဆန်းခြင်းမျိုးကို ဘယ်တုန်းကမှ မခံစားခဲ့ရစဖူး။

ချစ်သူနှစ်ဦးတို့သည် နှစ်ကိုယ်တူ လက်ချင်းယှက်ကာ ကျောက်ခင်း တံတားအတိုင်း လျှောက်ရင်း ပါရီမြို့ဘက်သို့ ပြန်တက်လာကြသည်။

"ပြီးတော့ ... ဘာလုပ်မလဲ ... ဟင်"

ဂျော်ဒန်က ပြုံးလိုက်သည်။

"ဘာလုပ်ရမှာလဲ၊ ပါရီမှာ ပျားရည်ဆမ်း ခရီးပဲပေါ့။ ပြီးတော့ ... ကိုယ် စာရေးတော့မယ်၊ ဒီအကြောင်းကိုပဲ ရေးမယ်။ ဖြစ်ရပ်မှန် စိတ်ကူး ဝတ္ထုဆိုပါတော့" သူက ခေတ္တရပ်နေပြီးတော့မှ "လူ့လောကမှာ ဒီလိုဖြစ်ရပ်မျိုး နောက်ထပ်ပေါ်ပေါက်လာဦးမယ်လို့ မင်း ထင်သလား ... အယ်လီဆင်"

"တစ်နေ့သောအခါမှာတော့"

"အဲဒီတော့ ... လူသားတွေအတွက် တကယ်အကျိုးရှိနိုင်ပါ့မလား"

"အဲဒါတော့ ကျွန်မ မပြောတတ်ဘူး ... တင်။ ကျွန်မတို့ရဲ့ သားသမီး တွေက လေ့လာစူးစမ်းကြပါလိမ့်မယ်။ ဒါမှမဟုတ် ... သူတို့ရဲ့သားသမီးတွေက လေ့လာစူးစမ်းကြပါလိမ့်မယ်။ အဲဒီအခါမှာ လူသားတွေအတွက် အကျိုးရှိ

www.burmeseclassic.com



အောင် သူတို့အနေနဲ့ အဖြေရှာ ဖြေရှင်းနိုင်ကောင်းပါရဲ့လို့ မျှော်လင့်ရတော့မှာပါပဲ။ အခုအချိန်မှာတော့ ... ကျွန်မတို့အနေနဲ့ နောက်ထပ် အချိန်ဖြုန်းမနေပါနဲ့တော့၊ လုပ်စရာရှိတာတွေသာ ဆက်လုပ်ကြပါစို့။ ကျွန်မတို့မှာက သက်တမ်း ၁၅၀ အထိ မနေနိုင်ကြဘူး ... မဟုတ်လား'


ချစ်သူနှစ်ဦး ကြည်နူးပျော်ရွှင်စွာဖြင့် ဆက်လက်လျှောက်လာကြသည်။

**မောင်ပေါ်ထွန်း**



BURMESE CLASSIC .com

www.burmeseclassic.com




BURMESE CLASSIC .com